www.burmeseclassic.com

စာပေလောက ဘာသာရေး-ဓမ္မစာအုပ်

# ဦးနု

# ကာမတဏှာ



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာပေလောကစာအုပ် အမှတ် ၂၉၇

# ကာမတဏှာ

ဦးနု

BURMESE CLASSIC .com

စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ဖုန်း–၂၈၅၁၄၄]

[ တစ်အုပ် ၂၈၀၀ ကျပ် ]

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း ပုံနှိပ်ထုတ်ဝေ ခွင့်ပြုအမှတ်
[ ၆၅၉/၉၈ (၁၂) ]
စာအုပ်စာတမ်း မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေ ခွင့်ပြုအမှတ်
[ ၁၇၀/၂၀၀၀ (၂) ]

●

မျက်နှာစုံ
စံတိုး

---

ပုံနှိပ်ခြင်း
၁၉၆၇
ပထမအုပ် ပ-ကြိမ်
ဒုတိယအုပ် ပ-ကြိမ်
၁၉၆၈
ပထမအုပ် ဒု-ကြိမ်
ဒုတိယအုပ် ဒု-ကြိမ်
၁၉၈၂
နှစ်တွဲပေါင်း၊ ပထမအကြိမ်
အောင်လောက-စာပဒေသာ
ဧပြီ၊ ၂၀၀၀
နှစ်တွဲပေါင်း၊ ဒုတိယအကြိမ်
(၁၀၀၀)

---

မျက်နှာဖုံးပုံနှိပ်
ဦးမြသိန်း (၀၁၄၂၇)၊ သိန်းမြင့်ဝင်း အော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

---

စာအုပ်ချုပ်
ကိုမြင့်

●

ဒေါ်စန်းစန်းနု (၀၂၉၈၀)၊ ပဒေသာစာပေ
အမှတ် ၁၃/၂၉၆၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (မြဲ ၀၁၅၇၈)၊ စာပေလောက-ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
အတွင်းစာသားများကို ပုံနှိပ်သည်။

BURMESE CLASSIC .com

## မာတိကာ


| | | |
|---|---|---|
| -။ | ဥပစာနိဒါန်း | ၁ |
| -။ | ပဏာမ | ၄ |
| -။ | ဝတ္ထုပြောမယ် လာကြဟေ့ | ၆ |
| | နိဒါန်း | ၇ |
| | ဗိယစာတသုတ် | |
| ၁။ | ဦးမြကြီးတို့ မိသားစု | ၁၅ |
| ၂။ | ဦးဖိုးခင်တို့ မိသားစု | ၂၁ |
| ၃။ | လက်သုတ်သည် ညီအစ်မ | ၄၀ |
| ၄။ | မြို့ပိုင်မင်း ဦးရွှေကြိုင် | ၆၃ |
| ၅။ | သူဌေး ဦးထွန်း | ၈၂ |
| ၆။ | မောင်သိန်းမောင်၏ အချစ်တိုက်ပွဲ | ၉၂ |
| ၇။ | ဒေါ်လှမေနှင့် မောင်သိန်းမောင် | ၁၀၄ |
| ၈။ | နေလဝိဇ္ဇာ ဆေးပညာ | ၁၁၆ |
| ၉။ | မောင်သိန်းမောင်နှင့် မခင်မေ | ၁၃၂ |
| ၁၀။ | အရိယာတို့၏ အရပ်ခြောက်မျက်နှာ | ၁၅၂ |


www.burmeseclassic.com

www.burmeseclassic.com


၁၁။ ခမ္မကထိက မခင်မေ ၁၆၉
၁၂။ ပဋ္ဌာစာရီ ရဟန္တာမကြီး ၁၉၄
၁၃။ နကုလပိတုသုတ် ၂၁၄
၁၄။ မောင်ပေတင့် နှင့် မတင်မေ ၂၃၄
၁၅။ ဒေါ်မြစ် နှင့် မောင်ဘမောင် ၂၄၉
၁၆။ ဒေါ်မြစ်ကို ချွတ်ခန်း ၂၆၃
၁၇။ ပုဏ္ဏောဝါဒ ကထာ ၂၇၆
၁၈။ မခင်ဆုံ၏ ကံကြမ္မာ ၃၀၃
၁၉။ မောင်မြင့်ဆွေ နှင့် မခင်လှ ၃၁၃
၂၀။ ဆရာကျော်မောင် နှင့် ရင်ရင် ၃၂၈
၂၁။ အမြတ်ဆုံးတရား ခြောက်ပါး ၃၃၈
၂၂။ နာရဒသုတ် ၃၅၇
၂၃။ ချမ်းသာတစ်ပဲ ဆင်းရဲတစ်ပိဿာ ၃၇၄
၂၄။ အနာဂတ်ဘေးကြီး ၅မျိုး ၃၈၉
၂၅။ မမေကြည်၏ ဒိုင်ယာရီ ၄၀၂
၂၆။ မိတ်ဆွေကောင်းတို့ကျင့်ဝတ် ၄၂၃
၂၇။ ကိုမြင့်ဆွေ နှင့် မမေကြည် ၄၄၅
၂၈။ အကြည်၏ အချစ်ဒိုင်ယာရီ ၄၅၈
၂၉။ ဦးသုမြ နှင့် ကိုမြင့်ဆွေ ၄၇၃
၃၀။ ဝိဉာဉ်ထင်လင်း သက်ရှင်ခြင်းကား ၄၈၄


## ဥပစာနိဒါန်း

အထိန်းအသိမ်းခံနေရစဉ် အတောအတွင်း ကျွန်တော်ဟာ လောကုတ္တရာစာပေတွေကို အတော်များများဖတ်ဖို့ အချိန်ရခဲ့တယ်။ ဒီစာပေတွေဟာ ဖတ်ရှုရသူမှန်သမျှကို ယခုမျက်မှောက်ဘဝမှာလဲ အများကြီး အကျိုးပေးနိုင်တယ်၊ နောင်တမလွန်ဘဝအဆက်ဆက်မှာလဲ နိဗ္ဗာန်စံဝင်ရတဲ့အထိ အများကြီး အကျိုးပေးနိုင်တယ်၊ အဲဒါကြောင့် ဒီလောကုတ္တရာစာပေတွေကို လူအများသိအောင် ဖြန့်ဝေပေးဖို့ဆန္ဒတွေ ကျွန်တော့်မှာ ပြင်းပြင်းပြပြ ဖြစ်လာတယ်။

အဲဒီလိုဖြစ်လာတဲ့အတွက် ဘာသာရေးသက်သက် အဖြစ်နဲ့ စာအုပ် ၃ အုပ် ရေးတယ်။ ဘာသာရေးစာပေဆိုရင် ပျင်းစရာစာပေတွေလို့ မှတ်ထင်ပြီး နောက်တွန့်နေတဲ့ စာဖတ်ပရိသတ်ကိုလဲ ဆွဲချင်တဲ့အတွက် ဝတ္ထု ၃ ပုဒ် ရေးတယ်။ အဲဒီ ဝတ္ထုတွေထဲမှာမှ လောကုတ္တရာစာပေတွေကို စေတနာအများကြီး ရှေ့ထားပြီး အင်မတန် အပင်ပန်းခံပြီး သင့်တော်တဲ့နေရာတွေမှာ ကြားညှပ် ထည့်ပေးလိုက်တယ်။

www.burmeseclassic.com



ဘာသာရေးစာပေနဲ့ အကျွမ်းတဝင် မဖြစ်ကြသေးတဲ့ စာဖတ်ပရိသတ်တွေအတွက် ဝတ္ထုထဲမှာတွေ့ရမယ့် ဘာသာရေးအပိုင်းတွေဟာ ဖတ်စမှာတော့ ငြီးငွေ့စရာတွေလို့ ထင်ရပေလိမ့်မယ်၊ ဒါပေမယ့် အားလုံးသော အရသာတွေထဲမှာ တရားအရသာဟာ အထူးကဲအမွန်မြတ်ဆုံး ဖြစ်တယ်လို့ ရှင်တော်မြတ်ဘုရားဟောကြားထားတော်မူတဲ့အတိုင်း ဖွဲကို နည်းနည်း အသုံးပြုပြီး ဆက်ဖတ်သွားကြမယ်ဆိုရင် အင်မတန် ထူးတဲ့ အရသာတွေကို တွေ့လာကြပါလိမ့်မယ်၊ ဒါ့ကြောင့် ဒီလောကုတ္တရာစာပေအပိုင်းတွေကို ရောက်လာကြရင် ပျင်းစရာတွေလို့ သဘောထားပြီး ကျော်မသွားကြပါနဲ့၊ မိမိတို့အတွက် အခုဘဝမှာရော နောင်တမလွန် ဘဝတွေမှာပါ အထူးအကျိုး ဖြစ်စေနိုင်မယ့် စာပေတွေကို အထူးကြိုးစားပြီး ဖတ်ကြစေချင်ပါတယ်။

ဝတ္ထုတွေဟာ ဘယ်လောက်ကောင်းတဲ့ ဝတ္ထုတွေပဲ ဖြစ်ဖြစ် ဖတ်ပြီးလို့ သုံးလေးငါးရက်လောက်ကြာရင် ရိုးသွားတာပဲ၊ လောကုတ္တရာစာပေတွေကတော့ ဒီလို မဟုတ်ဘူး၊ ဘယ်တော့မှ မရိုးနိုင်ဘူး၊ ဒီဘဝမှာလဲ အထက်တန်းကို ရောက်ချင် အိန္နာသေကွဲဆိုတဲ့ သံသရာ ဝဋ်ဆင်းရဲတွေကလည်း မြန်မြန် လွတ်မြောက်ပြီး ချမ်းသာခြင်းအစစ်ရဲ့ တည်ရာဖြစ်တဲ့ နိဗ္ဗာန်ရွှေပြည်ကိုလဲ ဖြစ်နိုင်ရင် အခုဘဝမှာပဲ မျက်မှောက်ပြုချင်၊ မဖြစ်နိုင်ရင်လဲ ဘဝတိုတိုနဲ့ မျက်မှောက်ပြုချင်သူများအတွက် ပြန်ဖတ်လေ ကောင်းလေ အရသာရှိလေဖြစ်နေကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဝတ္ထုတွေကို မိသားစုအား ပုံပြောသလို ရေးထားပါတယ်။

၂၊ ၁၂၊ ၆၆ မောင်နု

BURMESE CLASSIC .com

ဒီဝတ္ထုကို ၁၃၂၅ ခု၊ တန်ခူးလဆုတ် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ (၁၇၊ ၄၊ ၆၃) နံနက် ၇ နာရီ ၅ မိနစ်တွင် စ၍ ရေးသည်။

၁၇၊ ၄၊ ၆၃ မောင်နု

www.burmeseclassic.com

www.burmeseclassic.com

## ပဏာမ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

လွှမင်း နတ်မင်း ဗြဟ္မာမင်း စသော အမင်းမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်၍ အလုံးစုံသော တရားတို့ကို မဖောက် မပြန် သယမ္ဘူဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းသိမြင်တော်မူသော ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရှိသေမြတ်နိုး လက်စုမိုး၍ ရှိခိုးပါ၏ဘုရား။

နာညတြ ဗောဇ္ဈ တပသာ၊
နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိ ပါဏိနံ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု တုမှာကံ ဇယမင်္ဂလံ။

ဗောဓိဉာဏ်၏အကြောင်း ကောင်းမြတ်သော ဗောဇ္ဈင်ဟုဆိုအပ်သော အကျင့်မြတ်ကို ကြဉ်ထား၍၊ ခပ်သိမ်းဥဿုံလုံးစုံများစွာ သတ္တဝါတို့၏ ဘေးရန်မသင့် ချမ်းသာခွင့်ကို ငါဘုရားသည် မြင်တော်မမူ၊ ဣန္ဒြေခြောက်ခု စောင့်ထိန်းမှုကို ကြဉ်ထား၍ ခပ်သိမ်း ဥဿုံ လုံးစုံများစွာ သတ္တဝါတို့၏ ဘေးရန်မသင့် ချမ်းသာခွင့်ကို ငါ ဘုရားသည် မြင်တော်မမူ၊ ခပ်သိမ်းသော ဥပဓိတို့၏ကင်းလွတ်ရာ နိဗ္ဗာန်တရားကို ကြဉ်ထား၍ သတ္တဝါတို့၏ ဘေးရန်မသင့် ချမ်းသာခွင့်ကို ငါဘုရား မြင်တော်မမူ။



ဤသို့သော သစ္စာစကားကြောင့် ဤဝတ္ထုဖတ်သူအပေါင်းတို့အား အောင်အပ်သောမင်္ဂလာသည် အောင်ပါစေသတည်း။ ဤဝတ္ထုထဲတွင်ပါသော သူတော်ကောင်း တရားများကို ကျင့်ကြံကြိုးစား အားထုတ်နိုင်ပါစေသတည်း။ ။

မောင်နု

www.burmeseclassic.com

www.burmeseclassic.com

## ဝတ္ထုပြောမယ် လာကြဟေ့

မမြရီ၊ သမီးကြီး မိစန်း၊ သားကြီး ဖိုးထိုက်၊ သားငယ် ဖိုးအောင်၊ သမီးငယ် သန်းသန်း၊ သမီးကလေး ချိုချိုနဲ့ မြေးကြီး ဖြိုးတို့

မင်းတို့ကို ဖေဖေ ဝတ္ထုတစ်ပုဒ် ပြောချင်နေတာ ကြာပြီ။ အကြောင်းကို မညီညွတ်နိုင်ဘူး။ အဲဒီတော့ အခုလို အခွင့်ကောင်းရတဲ့အခါ ဖေဖေ ဝတ္ထုတစ်ပုဒ် ပြောမယ်။

ကောင်းကောင်း နားထောင်ကြနော်။

ဝတ္ထုကို မပြောခင် နိဒါန်းကို ဖေဖေ စပြီး ပြောမယ်။

## နိဒါန်း

### ပီယဇာတိကာသုတ်

အခါတစ်ပါး မြတ်စွာဘုရားဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါ သူကြွယ်တစ်ယောက်ရဲ့ အင်မတန် ချစ်မြတ်နိုးတဲ့ တစ်ဦးတည်းသော သား သေဆုံးသွားပါတယ်။ ဒါ့ကြောင့် သူကြွယ်ဟာ အလုပ်လဲ မလုပ်နိုင်ဘူး၊ ထမင်းလဲမစားနိုင်ဘူး၊ သုသာန်ကိုသာ သွားသွားပြီး 'တစ်ဦးတည်းသော သားရေ၊ လူကလေးရေ၊ မင်း ဘယ်မှာလဲကွယ်၊ အဖေ့ကို မျက်နှာကလေးများ ပြလှည့်ပါဦးကွယ်'လို့ ငိုပါတယ်။ တစ်နေ့တော့ ဒီသူကြွယ်ဟာ မြတ်စွာဘုရားဆီကို ရောက်လာပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက 'သူကြွယ်၊ သင့် မျက်စိ မျက်နှာတွေ မကောင်းဘူး၊ သိပ်စိတ်မချမ်းသာပုံပေါ်နေတယ်'လို့ မိန့်တော်မူပါတယ်။ ဒီလို မိန့်တော်မူတဲ့အခါ သူကြွယ်က 'အရှင်ဘုရား၊ အကျွန်ုပ်ရဲ့ မျက်စိမျက်နှာတွေ ဘယ်မှာ ကောင်းနိုင်ပါ့မလဲ၊ အကျွန်ုပ်ရဲ့ တစ်ဦးတည်းသောသား သေဆုံးသွားပါတယ်၊ ဒါကြောင့် အကျွန်ုပ်ဟာ အလုပ်ကိုလဲ မလုပ်ချင်တော့ဘူး၊ ထမင်းကိုလဲ

www.burmeseclassic.com

www.burmeseclassic.com



ခစားချင်တော့ဘူး၊ သုသာန်ကို သွားသွားပြီး ငိုနေပါတယ်'လို့ လျှောက်ထားပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက 'သူကြွယ်၊ ဒီလိုဟာမျိုးဟာ ဒီအတိုင်းပဲ ဖြစ်တယ် သူကြွယ်၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းဆိုတာတွေဟာ ချစ်ခြင်းကြောင့် ဖြစ်တာပဲ၊ ချစ်ခြင်းဟာ အနုပြောခဲ့တဲ့ ဆင်းရဲဒုက္ခတွေရဲ့ အမွန်အစ ဖြစ်တယ်'လို့ မိန့်တော်မူပါတယ်။ သူကြွယ်ဟာ ဒီမိန့်တော်မူသံကို ကြားရတဲ့အခါ 'အရှင်ဘုရား၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်း ဆိုတာတွေဟာ ချစ်ခြင်းကြောင့် ဖြစ်တယ်၊ ချစ်ခြင်းဟာ အနုပြောခဲ့တဲ့ ဆင်းရဲဒုက္ခတွေရဲ့ အမွန်အစဖြစ်တယ်လို့ အရှင်ဘုရား မိန့်တော်မူပါတယ်၊ အရှင်ဘုရား မိန့်တော်မူတဲ့အတိုင်း ဘယ်သူများဖြစ်ဖူးသလဲ အရှင်ဘုရား၊ ချစ်ခြင်းကြောင့် နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့သာ ဖြစ်ပေါ်ရမယ်၊ ချစ်ခြင်းဟာ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းတို့ရဲ့ အမွန်အစပဲ'လို့ မြတ်စွာဘုရားရဲ့ စကားတော်ကို ကန့်ကွက်ပြီး မနှစ်မြို့တဲ့အတွက် ကျောင်းတော်က ထွက်သွားတယ်။

အဲဒီလို ကျောင်းတော်ကထွက်သွားပြီး သူကြွယ်ဟာ အန်ကစားနေကြတဲ့ ကစားဝိုင်းတစ်ခုကို ရောက်သွားပါတယ်။ သူကြွယ်ဟာ စိတ်မကျေမချမ်းဖြစ်နေသေးတဲ့အတွက် အောင့်မထားနိုင်ဘဲ မြတ်စွာဘုရားကို ကန့်ကွက်ခဲ့တဲ့အကြောင်း ဒီကစားသမားတွေကို အလုံးစုံ ပြောပြပါတယ်။ သူကြွယ်ရဲ့ စကားကို ကြားရတဲ့အခါ ကစားသမားတွေက 'သူကြွယ် ဟုတ်တာပေါ့၊ ချစ်ခြင်းကြောင့် နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းသာ



ဖြစ်ရမယ်၊ ချစ်ခြင်းဟာ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းရဲ့ အမွန်အစပဲ၊ သူကြွယ်ပြောတာမှန်တယ်'လို့ ဆိုပြီး ကစားသမားတွေက သူကြွယ်ကို ထောက်ခံကြပါတယ်။ သူကြွယ်ကလဲ သူ့ဝါဒနဲ့ ကစားသမားတွေရဲ့ဝါဒ တူတယ်၊ သူ့ကို ကစားသမား တွေကတောင် ထောက်ခံကြတယ်ဆိုပြီး အကျေနပ်ကြီး ကျေနပ်သွားပါတယ်။ ဒီစကားဟာ တစ်ဆင့် တစ်ဆင့်နဲ့ နန်းတော်ထဲအထိ ပျံ့နှံ့သွားပါတယ်။

အဲဒီစကားကို အကြောင်းပြုပြီး ကောသလမင်းကြီးက သူ့မိဖုရားကြီး မလ္လိကာကို 'မလ္လိကာ သင်ရဲ့ ရဟန်းဂေါတမက ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့ဟာ ချစ်ခြင်းကြောင့်ဖြစ်တယ်၊ ချစ်ခြင်းလျှင် အမွန်အစရှိတယ်လို့ ပြောတယ်ဆိုပါလား'လို့ မိန့်ကြားပါတယ်။ မလ္လိကာမိဖုရားကြီးကလဲ 'အရှင်မင်းကြီး၊ အကယ်၍ ဒီစကားကို မြတ်စွာဘုရား မိန့်တော်မူတယ်ဆိုရင် ဒီစကားအတိုင်း မှန်ရမယ်'လို့ သံတော်ဦးတင်ပါတယ်။ ဒီအခါ ကောသလမင်းကြီးက နှစ်သက်တော်မမူဘဲ 'မလ္လိကာ ဆရာပြောသမျှကို ဆရာ၊ ဆရာပြောတာ အကုန်မှန်ပါတယ်လို့ လိုက်ပြောတဲ့တပည့်လို မင်းလဲ ရဟန်းဂေါတမ ပြောသမျှကို အကုန်မှန်ပါတယ်လို့ လိုက်ပြောနေတာပဲ၊ မုန်းစရာ(မ)တွေ၊ သွားကြ၊ သေကြ'လို့ ကောသလမင်းကြီးက ဒေါသနဲ့ အော်ငေါက်လွှတ်လိုက်ပါတယ်။

မလ္လိကာ မိဖုရားကြီးလဲ နာဠိဇင်္ဃပုဏ္ဏားကို မြတ်စွာဘုရားဆီလွှတ်ပြီး ဒီစကားကို မြတ်စွာဘုရား မိန့်တော်မူသလား၊ မိန့်တော်မမူဘူးလားဆိုတာ စုံစမ်းခိုင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ မြတ်စွာဘုရားက ပုဏ္ဏားကို အောက်ပါအတိုင်း ဟောကြားတော်မူပါတယ်။

'ပုဏ္ဏား၊ ဒီလိုဟာမျိုးဟာ ဒီအတိုင်းပဲဖြစ်တယ် ပုဏ္ဏား၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းဆိုတာတွေဟာ ချစ်ခြင်းကြောင့်ဖြစ်တယ်၊ ချစ်ခြင်းလျှင် အမွန်အစရှိတယ်၊ ဒီအတိုင်း မှန် မမှန်ကို ဒီလို သိသင့်တယ်။

'အရင်တုန်းက သာဝတ္ထိပြည်မှာ မိန်းမတစ်ယောက်ရဲ့ မိခင်ဟာ သေဆုံးတယ်၊ ဒီမိန်းမဟာ အမိသေဆုံးတဲ့အတွက် ရူးသွားတယ်၊ ဒီမိန်းမဟာ ရွာရိုးလျှောက်ပြီး 'ငါ့အမိကို မြင်ကြသလား၊ ငါ့အမိကို မြင်ကြသလား'လို့ အော်ဟစ်ပြီးသာ နေတော့တာပဲ၊ ပုဏ္ဏား၊ ဒီအဖြစ်အပျက်ကိုကြည့်ပြီး ပူဆွေးခြင်း အစရှိတဲ့ ဆင်းရဲတွေဟာ ချစ်ခြင်းကြောင့် ဖြစ်တယ်၊ ချစ်ခြင်းလျှင် အမွန်အစရှိတယ်ဆိုတာကို သိနိုင်တယ်။

'ပုဏ္ဏား၊ အရင်တုန်းက ဒီသာဝတ္ထိပြည်မှာ မိန်းမတစ်ယောက်ရဲ့ အဖေ၊ မောင်ကြီး၊ မောင်ငယ်၊ ညီမ၊ အစ်မ၊ သား၊ သမီး၊ လင်ယောကျ်ား သေကြတယ်၊ အဲဒီမိန်းမဟာ ရူးသွားတယ်၊ ဒီလို သေသွားတဲ့အတွက် 'ငါ့လင်ကို မြင်ကြသလား၊ ငါ့လင်ကို မြင်ကြသလား'လို့ ရွာရိုးမှာ လျှောက်အော်နေတော့တာပဲ၊ ပုဏ္ဏား၊ ဒီအဖြစ်အပျက်ကိုကြည့်ပြီးတော့လဲ ဆိုခဲ့တဲ့အတိုင်း မှန် မမှန်ကို သိနိုင်တာပဲ။

'ပုဏ္ဏား၊ အရင်တုန်းက ဒီသာဝတ္ထိပြည်မှာ ယောကျ်ားတစ်ယောက်ရဲ့ အမေ သေတယ်၊ ဒီယောကျ်ားဟာ ရူးသွားပြီး



'ငါ့အမေကို မြင်ကြသလား၊ ငါ့အမေကို မြင်ကြသလား'လို့ ရွာရိုးမှာ လျှောက်အော်နေတယ်၊ ပုဏ္ဏား၊ ဒီအဖြစ်အပျက်ကို ကြည့်ပြီးတော့လဲ ဆိုခဲ့တဲ့အတိုင်း မှန် မမှန် သိနိုင်တာပဲ။

'ပုဏ္ဏား၊ အရင်တုန်းက သာဝတ္ထိပြည်မှာ ယောကျ်ားတစ်ယောက်ရဲ့ အဖေ၊ ညီ၊ အစ်ကို၊ အစ်မ၊ နှမ၊ သားသမီး၊ မယား သေဆုံးတယ်၊ ဒီယောကျ်ားဟာ ရူးသွားပြီး 'ငါ့မယားကို မြင်ကြသလား၊ ငါ့မယားကို မြင်ကြသလား'လို့ ရွာရိုးမှာ လျှောက်အော်နေတယ်၊ ပုဏ္ဏား၊ ဒီအဖြစ်အပျက်ကိုကြည့်ပြီးတော့လဲ ဆိုခဲ့တဲ့အတိုင်း မှန် မမှန်ကို သိနိုင်တာပဲ။

'ပုဏ္ဏား၊ အရင်တုန်းက သာဝတ္ထိပြည်မှာ မိန်းမတစ်ယောက်ရှိတယ်၊ ဒီမိန်းမဟာ သူ့မိဘတွေအိမ်မှာ ခဏသွားနေတုန်း မိဘ ဆွေမျိုးတွေက သူ့ယောကျ်ားနဲ့ဖြတ်ပြီး နောက်ယောကျ်ားနဲ့ ပေးစားဖို့ စီစဉ်ကြတယ်၊ ဒီမိန်းမက သူ့ယောကျ်ားကိုသာမေတ္တာရှိတဲ့အတွက် သူ့မိဘဆွေမျိုးတွေ ဒီလိုပဲ ကြံစည်နေတယ်ဆိုတာ သူ့ယောကျ်ားကို အကြောင်းကြားလိုက်တယ်၊ သူ့ယောကျ်ားဖြစ်သူဟာ လိုက်လာပြီး သူ့မိန်းမကို နှစ်ပိုင်းပိုင်းတယ်၊ ပြီးတော့မှ နောင်ဘဝမှာ သူတို့လင်မယား ပေါင်းမယ်ဆိုပြီး သူ့ကိုယ်သူ ဓားနဲ့ထိုးသေတယ်၊ ဒီအဖြစ်အပျက်ကိုကြည့်ပြီးတော့လဲ ဆိုခဲ့တဲ့အတိုင်း မှန် မမှန်ဆိုတာ သိနိုင်တာပဲ'လို့ မြတ်စွာဘုရားက မိန့်တော်မူပါတယ်။

နာဠိဇင်္ဃပုဏ္ဏားလဲ မြတ်စွာဘုရား မိန့်တော်မူသမျှ မလ္လိကာ မိဖုရားကြီးကို သံတော်ဦးတင်ပါတယ်။ ပုဏ္ဏားကြီး သံတော်ဦးတင်ပြီးတဲ့အခါ မလ္လိကာမိဖုရားကြီးဟာ ကောသလ မင်းကြီးဆီကို သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကြီး၊ ကျွန်ုပ်မေးတာကို ဘယ်လို သဘောရသလဲ၊ ဝဇီရီသတို့သမီးကို သင်မင်းကြီး ချစ်တယ်မဟုတ်ဘူးလား'

'မလ္လိကာ မှန်တယ်၊ ဝဇီရီ သတို့သမီးကို ငါချစ်တယ်'

'မင်းကြီး၊ အကျွန်ုပ်မေးတာကို ဘယ်လို သဘောရသလဲ၊ ဝါသဘခတ္တိယာ မင်းသမီးကို အသင်မင်းကြီး ချစ်တယ်မဟုတ်လား'

'မလ္လိကာ မှန်တယ်၊ ဝါသဘခတ္တိယာကို ငါချစ်တယ်'

'မင်းကြီး၊ သားတော်ကြီး ဝိဋူဍဘကို သင်မင်းကြီး ချစ်တယ်မဟုတ်လား'

'မလ္လိကာ မှန်တယ်၊ သားတော်ကြီး ဝိဋူဍဘကို ငါချစ်တယ်'

'မင်းကြီး၊ အကျွန်ုပ်ကိုကော သင်မင်းကြီး ချစ်တယ်မဟုတ်လား'

'မလ္လိကာ၊ မှန်တယ် သင့်ကိုလဲ ငါချစ်တယ်'

'မင်းကြီး၊ အကျွန်ုပ်မေးတာကို ဘယ်လို သဘောရသလဲ၊ ဝဇီရီသတို့သမီး၊ ဝါသဘခတ္တိယာမင်းသမီး၊ သားတော်ကြီး ဝိဋူဍဘနဲ့ အကျွန်ုပ်ဟာ တစ်ဦးဦးသေဆုံးမယ်၊ ဒီလိုမှ မသေဆုံးရင်လဲ တစ်မျိုးမျိုး ဖောက်ပြန်မယ်ဆိုရင် သင်မင်းကြီးဟာ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းတို့ ဖြစ်မလား'

'မလ္လိကာ ငါသေရင်တောင် သေသွားနိုင်တယ်၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းဆိုတာတော့ ဘယ်မှာ မဖြစ်ဘဲ နေနိုင်ပါ လိမ့်မလဲ'



'မင်းကြီး၊ အကျွန်ုပ်မေးတာကို ဘယ်လို ထင်သလဲ၊ သင်မင်းကြီးဟာ ကာသိတိုင်း ကောသလတိုင်းတို့ကို ချစ်တယ်မဟုတ်လား'

'မလ္လိကာ မှန်တယ်၊ ကာသိတိုင်း ကောသလတိုင်းတို့ကို ငါ ချစ်တယ်၊ ကာသိတိုင်း ကောသလတိုင်းတို့ရဲ့ အာနုဘော်ကြောင့် ကာသိတိုင်းမှာဖြစ်တဲ့ စန္ဒကူးကို ခံစားသုံးဆောင်ရတယ်၊ ပန်း နံ့သာပျောင်းတို့ကို သုံးဆောင်ရတယ်'

'မင်းကြီး၊ အကျွန်ုပ်မေးတာကို ဘယ်လို ထင်သလဲ၊ ကာသိတိုင်း ကောသလတိုင်းတို့ ဖောက်ပြန်ခြင်း၊ တစ်မျိုးတစ်မည် ပြောင်းလဲခြင်းကြောင့် သင်မင်းကြီးဟာ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့ ဖြစ်မလား'

'မလ္လိကာ၊ ငါသေရင်တောင် သေနိုင်တယ်၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းဆိုတာတွေတော့ ဘယ်မှာမဖြစ်ဘဲ နေနိုင်ပါလိမ့်မလဲ'

'မင်းကြီး သိတော်မူ မြင်တော်မူတဲ့၊ ပူဇော်အထူးကို ခံတော်မူထိုက်တဲ့၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တိုင် မှန်စွာ သိတော်မူတဲ့ ရှင်တော်မြတ်ဘုရားဟာ ဒီအကြောင်းတွေကို ရည်ရွယ်ပြီး ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းဆိုတာတွေဟာ ချစ်ခြင်းကြောင့် ဖြစ်တယ်၊ ချစ်ခြင်းလျှင် အမှန်အစ ရှိတယ်လို့ မိန့်တော်မူခြင်း ဖြစ်ပါတယ်'လို့ သံတော်ဦးတင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ ကောသလမင်းကြီးက 'မလ္လိကာ၊ အံ့ဖွယ်ရှိစွတကား၊ မလ္လိကာ မဖြစ်ဖူးမြဲ ဖြစ်ပေစွတကား၊ မြတ်စွာဘုရားဟာ ပညာနဲ့ ထိုးထွင်းပြီး ပညာနဲ့ အလွန်တရာ မြင်တတ်ပါပေစွ၊ မလ္လိကာ လာစမ်း နှုတ်ဆေးရေပေးစမ်း'ဟုဆိုပြီး ရေရတဲ့အခါ ပလုတ်ကျင်းပါတယ်။ ပါးစပ်ကို ဆေးပါတယ်။ အဲဒီနောက် ပသေနဒီ ကောသလမင်းကြီးဟာ မြတ်စွာဘုရားရှိရာဘက်ကို လက်အုပ်ချီပြီး 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'လို့ သုံးကြိမ် ဥဒါန်းကျူးရင့်ပါတယ်။ ။

၁

# ဦးမြကြီးတို့ မိသားစု

ရန်ကုန်က ပုသိမ်ကို မြစ်လမ်းခရီးနဲ့သွားရင် ဝါးခယ်မဆိုတဲ့ မြို့ကလေးကို ဖြတ်သွားရတယ်။ ဝါးခယ်မဟာ ရန်ကုန်က မိုင် ၁၁၂ မိုင် ဝေးတယ်။

အခုပြောမယ့် အဖြစ်အပျက်တွေဟာ ပထမကမ္ဘာစစ်ကြီး မဖြစ်ခင် ၁၅ နှစ်လောက်က စပြီး အဲဒီ ဝါးခယ်မမြို့ကလေးမှာ ဖြစ်ပျက်ခဲ့တယ်။

အဲဒီအချိန်အခါက ဝါးခယ်မမြို့မှာ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးနှစ်ယောက်ရှိတယ်။ တစ်ယောက်က ဦးဖိုးခင် ဖြစ်တယ်။ တစ်ယောက်က ဦးမြကြီး ဖြစ်တယ်။ ဦးဖိုးခင်နဲ့ ဦးမြကြီးတို့ဟာ ငယ်ငယ်က ကျောင်းနေတက်သူငယ်ချင်းတွေ ဖြစ်တယ်။ ဒါပေမယ့် ဦးမြကြီးဟာ သိပ်ပြီးဆိုးတယ်။ ခဏခဏ ကျောင်းပြေးတယ်။ မကောင်းတဲ့ အပေါင်းအဖော်တွေနဲ့ တွေ့ပြီး နောက်တော့ အိမ်ကပါ ထွက်ပြေးတယ်။ ဦးမြကြီးဟာ လေးတန်းတောင် မအောင်ဘူး။ အိမ်က ထွက်ပြေးပြီး ဆယ်နှစ်လောက်ဟာ ဦးမြကြီးမှာ အိမ်ခြေရာခြေ မရှိဘူး။ တစ်နေ့ကုန် တစ်နေ့ခန်း ဖဲဝိုင်းမှာနေ ဖဲသမားတွေ ခိုင်းရာကိုလုပ် ဖဲသမားတွေကျွေးတာစား၊ ဖဲသမားတွေတိုက်တဲ့အရက်သောက်၊ ဖဲသမားတွေဆီကရတဲ့ ပိုက်ဆံကလေးနဲ့ တစ်ခါတစ်ရံ ဖဲဝင်ရိုက်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဖဲဝိုင်းကြမ်းပိုး လုပ်နေတယ်။ နောက်တော့ ကံအား လျော်စွာပဲ သူ့ထက် အသက် ငါးနှစ်လောက်ကြီးတဲ့ ဝါးခယ်မ တစ်ဖက်ကမ်း သော်ကရွာသူ မရွှေမဆိုတဲ့ မုဆိုးမတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ အဲဒီ မုဆိုးမမှာ လွှစင်တစ်ခုရှိတယ်။ အဲဒီ လွှစင်ကို အုပ်ချုပ်ရတဲ့အခါ ကျတော့မှ ဦးမြကြီးရဲ့ ကလိမ်ဉာဏ်ဟာ ရှိသရွေ့ အစွမ်းကုန်ပြဖို့ အခွင့်ကောင်းရတယ်။ သစ်တောဘက်ဆိုင်ရာ အမှုထမ်း အရာထမ်း အချို့ထဲက အောက်ကျို့ပေါင်းသင့်တဲ့လူကို အောက်ကျို့ပေါင်း၊ ငွေကြိုက်တဲ့လူကို ငွေပေး၊ မိန်းမကြိုက်တဲ့လူကို မိန်းမပေး၊ လက်ဆောင်ကြိုက်တဲ့လူကို လက်ဆောင်ပေးပြီး၊ သစ်တွေကို ရနိုင်သလောက် ခိုးထုတ်တာပဲ။ အဲဒီလို လုပ်လိုက်တာ ၂ နှစ် အတွင်း နောက်ထပ် လွှစင်တစ်ခု တည်နိုင်တယ်။ နောက် လွှစင်က ပထမ လွှစင်ထက် ငါးဆလောက်ကြီးတယ်။ သော်ကဘက်ကိုသွားရင် (ဦးမြကြီး ဒေါ်ရွှေမ လွှစင်) ဆိုတဲ့ ဆိုင်းဘုတ်ကြီးကို ဝါးခယ်မ မြစ်အလယ်လောက် ကတည်းက မြင်ရတယ်။

ဦးမြကြီးဟာ ပစ္စည်းနည်းနည်းစုမိလာတော့ စိန်ရွှေ အပေါင်ခံတယ်။ အဆမတန်နဲ့ အပေါင်ထားတဲ့ ပစ္စည်းဆိုရင် ဦးမြကြီးဆီက ပြန်ရွေးလို့ မရဘူး။ ဥပမာ ငါးရာတန်စိန်လက်စွပ်တစ်ကွင်း ငါးဆယ်နဲ့ ပေါင်ရင် ဦးမြကြီး ဆီက ပြန်ရွေးလို့ မရဘူး။ လာပေါင်ကတည်းက ပေါင်တဲ့ လူဟာ အပေါင်စာချုပ် ဖြတ်ပိုင်းတွေမှာ လက်မှတ်ထိုးသွားရတယ်။ သူ လိုချင်တဲ့ပစ္စည်း လာပေါင်ရင် အဲဒီ ပေါင်တဲ့လူ အိမ်ပေါ်က ဆင်းသွားတာနဲ့ တစ်ပြိုင်နက် ဖြတ်ပိုင်းမှာ သူထိုးပစ်ခဲ့တဲ့လက်မှတ်ရဲ့ အပေါ်နားမှာ **ဘယ်နေ့က ဒီပစ္စည်းကို** ပြန်ရွေးပြီးပြီဆိုတာ ရေးထားလိုက်တာပဲ။ ဟိုတုန်းကတော့ ရုံးတို့ ဂါတ်တို့ကို ပေါက်ပေါက်ရောက်ရောက် သွားရဲတဲ့ လူတွေ သိပ်မများပါဘူး။ အဲဒီတော့ အပေါင်ဆုံးတဲ့လူတွေဟာ ဦးမြကြီးရဲ့ အိမ်ပေါ်က ငိုပြီး ဆင်းသွားရတာလောက်နဲ့ပဲ တင်းတိမ် ကျေနပ်ကြရတော့ တာပါပဲ။ စိန်ရွှေ ပြီးတော့ တစ်ဆင့်တိုးပြီး လယ် အပေါင်ခံတယ်။ လယ်တွေကိုလဲ စိန်ရွှေတွေလိုပဲ လုပ်တာပဲ။



နောက် နှစ်နှစ်လောက်ကြာတဲ့အခါ ဦးမြကြီးဟာ ဆန်စက်တစ်လုံး တည်နိုင်ပါတယ်။ တပည့်တွေ မွေးထားပြီး ပိုင်ရှင် မသိဘဲ တလင်းထဲက ခိုးရောင်းတဲ့စပါး၊ စပါးကျီထဲက ခိုးရောင်းတဲ့ စပါးတွေကို ဈေးပေါပေါနဲ့ လျှောက်အဝယ်ခိုင်းတယ်။ အဲဒီစပါးတွေကို သူ့စက်မှာ ဆန်ခွဲပြီး ရောင်းတယ်။

တစ်ခါတလေ သူ့စိတ်ကြိုက်နဲ့တွေ့ရင် ခိုးရာပါ တိုက်ခိုက်ရာပါ ပစ္စည်းကိုပါ လက်ခံလိုက်သေးတယ်။

နောက်နှစ်နှစ်လောက်ကြာတဲ့အခါ မူလ ဆန်စက်ထက်ကြီးတဲ့ ဆန်စက်ကြီးတစ်လုံးကို နောက်ထပ် တည်နိုင်ပါတယ်။

ပစ္စည်းအတော်ချမ်းသာလာတဲ့အခါ ဝါးခယ်မဘက်မှာတိုက်တစ်လုံး ဆောက်ပြီး သူ့မိန်းမ ဒေါ်ရွှေမကို အဲဒီတိုက်မှာ ပို့ထားတယ်။ ဦးမြကြီး ကတော့ သော်ကဘက်စက်ဝင်းကြီးထဲမှာ သူ့အတွက်ရော၊ အာဏာပိုင် တွေကို လာဘ်ထိုးဖို့အတွက်ရော မွေးထားတဲ့ ကောင်မလေးတွေနဲ့ အပျော် အပါးလိုက်၊ အရက်သောက်လိုက်၊ ဖဲချလိုက်နဲ့ တစ်နေ့တစ်နေ့ အချိန်ကုန် တာပဲ။ မယားကြီး ဒေါ်ရွှေမဆီကို တစ်လ နှစ်ကြိမ် သုံးကြိမ်လောက်ပဲ သွားတော့တယ်။

ဦးမြကြီးဟာ မယားကြီး ဒေါ်ရွှေမနဲ့ သားတစ်ယောက် သမီး တစ်ယောက်ပဲ ရတယ်။ သားကို မောင်ထွန်းလို့ ခေါ်တယ်။ သမီးကို အေးထွေးလို့ ခေါ်တယ်။ မယားငယ်တွေနဲ့ရတဲ့ ကလေးတွေကတော့ သူ ကိုယ်တိုင် ဘယ်လောက်ရှိမှန်း မသိဘူး။ မွေးထားတဲ့ကလေးမလေးတစ် ယောက်ယောက် ကိုယ်ဝန်ရှိလာရင် စက်မှာလုပ်တဲ့ အလုပ်သမားတစ် ယောက်ယောက် လွှစင်မှာလုပ်တဲ့ အလုပ်သမားတစ်ယောက်ယောက်နဲ့ ပေးစားလိုက်တာပဲ။ တခြားမှာ သူတို့ရဲ့ အစွမ်းအစနဲ့ သူတို့ရှာပြီးယူချင်လဲ ဦးမြကြီးက လိုတဲ့ငွေ ထုတ်ပေးလိုက်တာပဲ။ တချို့ ခပ်မိုက်မိုက်ရှင်ရဲ ကြောက်တာကလေး တွေကျတော့ ကိုယ်ဝန်ကို ဖျက်ချစ်လိုက် တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ့မယားငယ်တွေဟာ သော်ကစက်ဝင်းကြီးထဲမှာသာ ရှိတာ မဟုတ်ဘူး။ သူ့လယ်တွေရှိတဲ့ ရွာတွေမှာလဲ ရှိတာပဲ။ တစ်ခါတစ်ခါ ဦးမြကြီးဟာ လယ်တွေ သွားကြည့်ဦးမယ်ဆိုပြီး ဒီမယားငယ်တွေဆီမှာ သုံးလေးရက်စီလောက် သွားသွားပြီး ပျော်ပါးတတ်ပါတယ်။

ဦးမြကြီးဟာ ဒီလို အကျင့်ဆိုးပေမယ့် ငွေပေးတဲ့ နေရာမှာ အင်မတန် ရက်ရောတဲ့အတွက် လူတွေဟာ သူ့ကို ဝိုင်းမပယ်ရဲဘူး။ ဝါးခယ်မဘက်မှာပဲဖြစ်ဖြစ်၊ သော်ကကဘက်မှာပဲဖြစ်ဖြစ် သာရေးနာရေးရှိလို့ ဦးမြကြီး ငွေဘယ်လောက်ထည့်လိုက်ပါဆိုရင် ဈေးမဆစ်ဘူး၊ အလှူခံ သလောက် ထည့်လိုက်တာပဲ။

တစ်နေ့ကျတော့ ဦးမြကြီးဟာ အုန်းပင်စုရွာကို သွားပါတယ်။ အုန်းပင်စုဟာ ဝါးခယ်မရဲ့ အနောက်တောင်ထောင့် ဆယ်မိုင်လောက် ဝေးပါတယ်။ အဲဒီ အုန်းပင်စုမှာ မကြာသေးခင်ကမုဆိုးမဖြစ်ခဲ့တဲ့ မအုံးတင်ဆိုတဲ့ မယားငယ်တစ်ယောက် ရှိတယ်။ မအုံးတင်ဟာ ငယ်တယ်။ အသက် ဆယ့်ခုနစ်နှစ်ဆိုတော့ သူ့သမီး ထွေးထွေးနဲ့မှ ရွယ်တူပဲ။ ရုပ်က သိပ်ချော တာပဲ။ အဲဒီတော့ အဲဒါလေးကိုရဖို့အတွက် အောင်သွယ်ကို ငွေငါးရာ၊ မအုံးတင်ရဲ့ မိဘသုံးဖို့က ငွေတစ်ထောင်၊ မအုံးတင်အတွက်က ငွေငါးထောင်၊ ရွှေဒင်္ဂါးဆယ်ပြားစီး ရွှေလက်ကောက်ငါးရုံ၊ စိန်ခြယ်လက်စွပ်တစ်ကွင်း၊ တစ်ဖက် တစ်ရတီစီရှိတဲ့ စိန်နားကပ်က တစ်ရံပေးရတယ်။ ဒါတွေတင် မကသေးဘူး၊ ယောက္ခမဖြစ်သူက အုန်းပင်စုရွာမှာ သူကြီးလုပ်ချင်တယ် ဆိုလို့ မူလသူကြီးကို လည်ဆယ်မှုတစ်ခုနဲ့ ဖြုတ်ချပြီး သူ့ယောက္ခမကို သူကြီးဖြစ်အောင် အာဏာပိုင်တွေနဲ့ ငွေထိုးရတဲ့အတွက် နောက်ထပ် ငွေ သုံးထောင်လောက် ကုန်သွားသေးတယ်။

အဲဒီ မအုံးတင်ကလေးကိုတော့ တခြား မိန်းမတွေထက် ဦးမြကြီး ဟာ ပိုပြီးမက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမအုံးတင်ကိုရတာ ခြောက်လ လောက်ပဲ ရှိသေးတယ်။ မအုံးတင်ဆီကို ဦးမြကြီးလာတာ အခေါက်နှစ်ဆယ် ထက် မနည်းဘူး။ ဒီလို မကြာခဏလာတတ်မှန်းသိတော့ အဲဒီအခေါက်



မှာ ပြုတ်သွားတဲ့ သူကြီး ဦးဖေအောင်ရယ်၊ မအုံးတင်ကို ဦးမြကြီးက ယူသွားတဲ့အတွက် ကျန်ရစ်ဖြစ်နေတဲ့ မအုံးတင်ရဲ့ရည်းစားဟောင်း ဘတုတ် ရယ်၊ လယ်ဧကသုံးရာ ဦးမြကြီးဆီမှာ အဆမတန်နဲ့ အပေါင်ဆုံးသွားတဲ့ အတွက် စိတ်နာနေတဲ့ ဦးဖိုးခရယ် ပေါင်းပြီး ဦးမြကြီးကို သကြောင်း ကြံကြပါတယ်။ ဦးမြကြီးဟာ မအုံးတင်ကလေးနဲ့ အိပ်နေတုန်း သူကြီးကျ ဖေအောင်၊ ကျန်ရစ်ဘတုတ်နဲ့ အပေါင်ဆုံးဖိုးခတို့ ခိုင်းထားတဲ့ ထောင်ပြန် လူဆိုး စိန်လှဟာ နောက်ဖေးတံခါးကိုဖောက်ပြီး အိမ်ထဲဝင်ပါတယ်။ အိပ်ရာနားရောက်တော့ ဦးမြကြီးရဲ့ လည်မျိုကို မှိန်းနဲ့ တအားဆောင့်ထိုး လိုက်တာ ဦးမြကြီးလဲ အိပ်ရာပေါ်တင်ပဲ ပွဲချင်းပြီး သေပြီး သူ့ကလိန်ခြံ စာတ်ကို သိမ်းသွားရရှာပါတယ်။ စိန်ရွှေမက်ပြီး ဖအေအရွယ်ကြီးကို ယူလိုက်ရတဲ့ မအုံးတင်ကလေးလဲ မုဆိုးမကလေးဖြစ်ပြီး ကျန်ရစ်ရှာပါ တယ်။ ဦးမြကြီးရဲ့ ယောက္ခမ သူကြီးနဲ့ မယားငယ်မအုံးတင်ကလွဲလို့ တစ်ရွာလုံးမှာ ဦးမြကြီးကို မေတ္တာရှိတဲ့လူ မရှိတဲ့အတွက် လူသတ်မှုကို ဘယ်လိုစစ်လို့မှ မပေါ်ဘူး။ အဲဒါကြောင့် ဒီအမှုကို စုံစမ်းလို့မရတဲ့ အမှုအဖြစ်နဲ့ ပုလိပ်က ပိတ်လိုက်ရပါတယ်။

ပစ္စည်းဟာ မီးနဲ့တူတယ်၊ မီးဟာ သုံးတတ်ရင် လူတွေမှာအကျိုး အများကြီးဖြစ်နိုင်တယ်။ မသုံးတတ်ရင် လူတွေမှာ ဒုက္ခအများကြီးဖြစ် နိုင်တယ်။ ပစ္စည်းလဲ ဒီလိုပဲ။ ပစ္စည်းဟာ သုံးတတ်ရင် ပစ္စည်းရှင်မှာ အကျိုးအများကြီးဖြစ်နိုင်တယ်။ ဒီပစ္စည်းကို အကြောင်းပြုပြီး ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တွေကိုသာ လုပ်မယ်ဆိုရင် ဒီပစ္စည်းရှင်ဟာ လူနတ်ဗြဟ္မာအဖြစ်နဲ့ ဘုံစဉ်စံရပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရတဲ့အထိ အကျိုးဖြစ်နိုင်တယ်။ ပစ္စည်းဟာ မသုံးတတ်ရင် ပစ္စည်းရှင်မှာ ဒုက္ခအများကြီး ဖြစ်နိုင်တယ်။ ဒီပစ္စည်းတွေနဲ့ မိန်းမလိုက်၊ ဖဲရိုက်၊ အရက်သောက်၊ လူတွေ နှိပ်စက်နေမယ်ဆိုရင် ဒီပစ္စည်းရှင်ဟာ သေပြီးတဲ့နောက် တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ ငရဲဆိုတဲ့ အပါယ်လေးဘုံကို ဖောက်ထိုးဆင်းမှာပဲ။ ဦးမြကြီးဟာ ပစ္စည်းရှင်ဖြစ်သော်လည်း ပစ္စည်းကို သုံးတတ်တဲ့ ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ရှင်မျိုး မဟုတ်ဘူး။ မသုံးတတ်တဲ့ ပစ္စည်းရှင်ဖြစ်တယ်။ အခုနေများ ဒီဗွစကွူအာဘီညာဥ်ရတဲ့ သူတော်သူမြတ်တစ်ဦးကို တွေ့ရလို့ သေပြီးတဲ့နောက် ဦးမြကြီးဟာ ဘယ်ဘုံကို ရောက်သွားပါသလဲလို့များ လျှောက်ထားကြည့်ရရင် အရက်သောက်၊ ဖဲရိုက်၊ မိန်းမလိုက် လူတွေကို နှိပ်စက်သွားတဲ့ အကုသိုလ်ကံတွေကြောင့် ဦးမြကြီးတစ်ယောက်ဖြင့် အဝီစိကို ဓောက်ထိုးဆင်းရရှာပြီလို့ ဖြေမှာ ကေန်မုချ မလွဲတော့ဘူး။ ။

## ၂

## ဦးဖိုးခင်တို့ မိသားစု

ဦးဖိုးခင်ဟာ မြန်မာလို ခုနစ်တန်းအောင်ပြီးတဲ့နောက် မိဘများကို ကူပြီး ပရိက္ခရာဆိုင်ထွက်ပါတယ်။ အဲဒီလို ဆိုင်ထွက်နေတုန်း အားတဲ့အခါ တံဦးကျောင်း ဆရာတော်ကြီးဆီမှာ မေးပြီး လောကုတ္တရာစာပေများကို လေ့လာခဲ့တာ ဆယ်နှစ်လောက်ရှိတဲ့အခါ ပရိယတ္တိဘက်မှာ အတော်ကလေး ပေါက်ရောက်လာတယ်။ အဲဒီလို ပရိယတ္တိနဲ့သာ မတင်းတိမ်သေးဘဲ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကိုယူပြီး ပဋိပတ္တိကိုလဲ ကမ္မဋ္ဌာန်းကျောင်းမှာ အပြင်းအထန် အားထုတ်တဲ့အတွက် သူ့တစ်သက်မှာ တစ်ခါမှ မတွေ့ခဲ့ရဖူးတဲ့ တရားထူးတွေကိုလဲ ရခဲ့ဖူးပါတယ်။ အဲဒီလိုရပြီး တရားအရသာတွေ့တဲ့အတွက် ရဟန်းဘောင်ကိုဝင်ဖို့ ဦးဖိုးခင်ဟာ မိဘတွေဆီမှာ ခွင့်ပန်ပါသေးတယ်။ ခွင့်မရရှာဘူး။ မိဘတွေ ပေးစားသွားတဲ့ နီးသည် ဒေါ်လှမေကိုသာ ရလိုက်ပါတယ်။ ဦးဖိုးခင်ဟာ ဒေါ်လှမေနဲ့ သမီးကလေးနှစ်ယောက် ရပါတယ်။ သမီးအကြီးကို မခင်မေလို့ ခေါ်တယ်။ အငယ်ကိုတော့ မတင်မေလို့ ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မခင်မေနဲ့ မတင်မေဟာ မြန်မာလို ခုနစ်ဘန်းအောင်ပြီး ကျောင်းထွက်ရပါတယ်။ ကျောင်းထွက်ပြီး အိမ်မှာပဲ မိဘတွေကို လုပ်ကျွေးပြုစုနေရပါတယ်။ ဦးဖိုးခင်ဟာ သမီးကလေးနှစ်ယောက်ကို ညစဉ်ညတိုင်း လောကုတ္တရာစာပေများ သင်ကြားပေးပါတယ်။ မခင်မေက ဝါသနာလဲပါတယ်၊ ဝီရိယလဲရှိတယ်ဆိုတော့ ငါးနှစ် ခြောက်နှစ် အတွင်းမှာပဲ အတော်ကြီး ပေါက်ရောက်သွားတယ်။ မတင်မေကတော့ ဝါသနာမပါရှာတဲ့အတွက် ဘယ်လိုသင်လို့မှ မရဘူး။ အဲဒါနဲ့ မတင်မေကို ဖအေကြီးဟာ လက်လျှော့လိုက်ရပါတယ်။

အဲဒီလို သမီးတွေကို စာသင်ရင်း တခြားကလေးတွေလဲ ဒီလိုပဲ သင်ကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ မင်္ဂလာစာမေးပွဲ၊ ဓမ္မစကြာစာမေးပွဲ၊ သတိပဋ္ဌာန်စာမေးပွဲ၊ သင်္ဂြိုဟ်စာမေးပွဲ၊ ပထမငယ်စာမေးပွဲ၊ ပထမလတ် ပထမကြီး စာမေးပွဲတွေအထိ ဘာသာရေးစာမေးပွဲတွေကို တစ်ဆင့်စီတက်ပြီး နှစ်စဉ်ကျင်းပပါတယ်။ စာမေးပွဲဝင်ချင်သူတွေပေါ်အောင် သဒ္ဒါ တက်ကြွစေတဲ့ နှီးဆော်စာတွေကိုလည်း သူကိုယ်တိုင် ရိုက်ပြီးဝေတယ်။ ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ငွေ၊ စာအုပ်အစရှိသဖြင့် ဆုကောင်းကောင်း ပေးနိုင် အောင်လဲ သူကိုယ်တိုင် တတ်နိုင်သလောက် ရက်ရက်ရောရော လှူတယ်။ အများဆီကလဲ အလှူခံပေးတယ်။ သမီးကြီး မခင်မေဟာ မင်္ဂလာစာမေးပွဲမှာ ပထမ၊ ဓမ္မစကြာစာမေးပွဲမှာ ပထမ၊ သတိပဋ္ဌာန်စာမေးပွဲမှာ ပထမ၊ သင်္ဂြိုဟ်စာမေးပွဲမှာ ပထမ၊ ပထမလတ်စာမေးပွဲမှာ ပထမ ရခဲ့ဖူးတယ်။ ဒီလို ပထမရတိုင်း ဦးဖိုးခင်ဟာ သမီးမျက်နှာ စေ့စေ့စပ်စပ်ကြည့်ပြီး 'မိခင်မေ မိန်းကလေးဖြစ်တာ နှာသကွယ်'လို့ တောက်တခေါက်ခေါက်နဲ့ ညည်းပါတယ်။ ဦးဖိုးခင်ရဲ့ သဘောကတော့ သမီး မခင်မေဟာ သမီး မိန်းကလေးမဟုတ်ဘဲ သားယောကျ်ားကလေးသာဆိုရင် မိဘတွေဆီက ခွင့်မရလို့ သူမဝင်ခဲ့ရတဲ့ ရဟန်းဘောင်ကို အဝင်ခိုင်းမှာ အမှန်ပဲ။ အဲဒါကြောင့် မခင်မေဟာ လောကုတ္တရာစာမှာ တော်ပြီး မိန်းကလေးဖြစ်နေတဲ့အတွက် ဦးဖိုးခင်ဟာ အားမလိုအားမရဖြစ်ပြီး တောက်တခေါက်ခေါက်နဲ့ ဖြစ်နေတာပဲ။



ဦးဖိုးခင်ဟာ ပရိယတ္တိပြည့်စုံရုံနဲ့ မလုံလောက်သေးဘူး။ ဘုရားအလိုတော်ကျဖြစ်အောင် ပဋိပတ္တိဆိုတဲ့ ကမ္မဋ္ဌာန်းအလုပ်ကိုလဲ လုပ်ရဦးမယ်ဆိုတာကို နှစ်နှစ်ကာကာ ယုံကြည်တဲ့အတွက် အခုတစ်ဖက်က ပရိယတ္တိ ပြန့်ပွားတိုးတက်ရေးကို အားပေးပြီး အခြားတစ်ဖက်မှာလဲ ကမ္မဋ္ဌာန်းလုပ်ငန်းကို လူတွေ စိတ်ဝင်စားလာအောင် ကြိုးစားပါတယ်။ ဦးဖိုးခင်ရဲ့ ကြိုးပမ်းချက်အရ မြို့ပေါ်က ပိုက်ဆံတတ်နိုင်တဲ့လူတွေ စုပေါင်းပြီး ဘုရားကြီးအနောက်ဘက် မြေကွက်လပ်တစ်ခုမှာ တစ်ကြိမ်ကို လူသုံးဆယ်လောက် တရားအားထုတ်နိုင်တဲ့ ကမ္မဋ္ဌာန်းရိပ်သာတစ်ခုကို ထူထောင်ကြပါတယ်။ အဲဒီလို ထူထောင်ပြီးမှ ကံဦးဆရာတော်ရဲ့ သြဝါဒအရ ပဲခူးမှာ တောရကျောင်း ဆောက်တည်နေတဲ့ ပရိယတ္တိ၊ ပဋိပတ္တိ နှစ်မျိုးစလုံးမှာ စွယ်စုံဖြစ်တဲ့ ဆရာတော်ကြီးရဲ့ တပည့် ဦးဝိမလကိုယ်တော်ကို ပင့်ကြပါတယ်။ ဆရာတော် ရောက်လာတဲ့အခါ ဦးဖိုးခင်နှင့်အတူ ရိပ်သာဒါယကာထဲက လူကြီးခုနစ်ဦးဟာ စံနမူနာအဖြစ်နဲ့ စပြီး ကမ္မဋ္ဌာန်းထိုင်ကြပါတယ်။ ဦးဖိုးခင်ဟာ ရှေးအခါကလဲ ကမ္မဋ္ဌာန်းတစ်ကြိမ် ထိုင်ဖူးတယ်။ နောက်ပြီးတော့လဲ အိမ်မှာနေရင်း နေ့စဉ်နေ့တိုင်း ဘာဝနာလုပ်ငန်းကို အပြတ်မခံဘူး။ အဲဒါကြောင့် အရင်က တွေ့ပြီးခဲ့တဲ့ တရားထူးကို လျင်လျင်မြန်မြန်ပဲ ပြန်ပြီးရပါတယ်။ ကမ္မဋ္ဌာန်းဆရာတော်ကလဲ ဦးဖိုးခင်ရဲ့ ဉာဏ်စဉ်နဲ့ ပတ်သက်ပြီး လျှောက်ထားချက်တွေကို အင်မတန် သဘောကျပါတယ်။ ကမ္မဋ္ဌာန်းဆရာတော်ရဲ့ သီလစင်ကြယ်မှု၊ တည်ကြည်မှု၊ ပရိယတ္တိ၊ ပဋိပတ္တိ နှစ်ခုစလုံးမှာ ပြည့်စုံမှုတွေကြောင့် ကမ္မဋ္ဌာန်းရိပ်သာဟာ တစ်နေ့တခြား တိုးတက်စည်ကားလာပါတယ်။

ဦးဖိုးခင်ဟာ ဘာသာရေးမှာသာ ခေါင်းဆောင်ရတာ မဟုတ်ဘူး။ အရပ်ကိစ္စ၊ မြို့ကိစ္စတွေမှာလဲ ဦးဖိုးခင် မပါရင် မပြီးဘူး။ ဘာပဲဖြစ်ဖြစ် သူ့ကို လာတိုင်ပင်တာပဲ။ သူ့ကို ခေါင်းဆောင်တင်တာပဲ။ သူ့ရဲ့ တည်ကြည်မှု အမြော်အမြင်ရှိမှုတွေကို မြို့သူမြို့သားတွေက အင်မတန်အားကိုးကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးခင်မှာ သွေးဝမ်းရောဂါရှိတယ်။ ဒီရောဂါက ခဏခဏ ဒုက္ခပေးတယ်။ ဦးဖိုးခင်လဲ ဒီရောဂါ အင်မတန် ပြင်းပြင်းထန်ထန်ဖြစ်နေတဲ့အခါလောက်ပဲ အိမ်မှာနားနေတယ်။ သက်သာတာနဲ့ တစ်ပြိုင်နက် ပရိက္ခရာဆိုင်ကိုလဲ ထွက်လိုက်သေးတယ်။ အားတဲ့ အချိန်တွေမှာလဲ အိမ်မှာ နားမနေဘူး။ အရပ်ကိစ္စ၊ မြို့ကိစ္စ၊ သာရေး နာရေး၊ ဘာသာရေး ကိစ္စတစ်ခုခုကို မြို့လည်ပြီး လုပ်နေတာပဲ။ အဲဒီလို လောကီ လောကုတ္တရာအကျိုးကို ဆောင်ရင်း နောက်ဆုံးမှာ သွေးဝမ်းရောဂါဟာ အင်မတန်ဆိုးလာပြီး မထနိုင်အောင် အားအင်ကုန်ခန်းတဲ့ အခြေအနေရောက်တော့မှ ဦးဖိုးခင်ဟာ အိမ်မှာ လဲတော့တာပဲ။

ဒေါ်လှမေကလဲ ဒူးနာရောဂါကြောင့် အိမ်ထဲက အိမ်ပြင်ကို မထွက်နိုင်ဘူး။ သမီးကြီး မခင်မေကလဲ ဖအေ့အနားမှာ ကပ်ပြီး ပြုစုနေရတယ်။ မတင်မေကလဲ ဘာမှ နားမလည်ရှာဘူး။ အဲဒီလို ဆုံပြီးဖြစ်နေတဲ့အတွက် တစ်နှစ်လောက်ကြာတော့ ပရိက္ခရာဆိုင် တစ်ဆိုင်လုံးတခြားသူတစ်ဦးကို ရောင်းလိုက်ရတဲ့ အဖြစ်ကို ရောက်ခဲ့ရပါတယ်။

ရှိတဲ့ငွေကလေးကို မိသားတစ်စု ထိုင်စားလာခဲ့ကြတာ ဆေးဖိုးဝါးခ၊ ဆရာဝန်ခ၊ ဓာတ်စာခဆိုတဲ့ အဖိုးအခ။ ဒီအခတွေက တန္နတ်ထဲသာ နှုတ်ပြီး၊ အဝင်က တစ်ပြားမှမရှိတဲ့အတွက် တစ်နှစ်မကြာခင် ရှိစုမဲ့စုကလေး ကုန်တာပါပဲ။ ဦးဖိုးခင် တတ်နိုင်တုန်းက ကျေးဇူးပြုထားတဲ့ လူတွေထဲက အလိုက်သိကြတဲ့လူတွေက လက်ဝါးဖြန့် မတောင်းရဘဲ အလိုက်သိစွာ နည်းနည်းပါးပါး ဝိုင်းပြီးထောက်ပံ့ကြတဲ့အတွက်သာ ဦးဖိုးခင်တို့ မိသားစုမှာ အသက်ကလေး ချောင်ချောင် ရှူနိုင်ပေတော့တယ်။

တစ်နေ့ကျတော့ ဦးဖိုးခင်ဟာ မခင်မေကို အနားခေါ်လိုက်တယ်။

'ဘယ့်နှယ်လဲ သမီးကြီး မခင်မေရေ၊ ဖေဖေ့ကို ပြုစုရတာ အတော်ဖားနေပြီထင်တယ်'

'မဖားပါဘူး ဖေဖေ'



'တစ်နေ့လဲမဟုတ်၊ တစ်လလဲမဟုတ်၊ နှစ်လလဲမဟုတ်၊ ညလဲ မအိပ်ရ၊ နေ့လဲ မနားရ၊ အမြဲတမ်း ပြုစုနေရတယ်ဆိုတော့ ဖားကြရောပေါ့ကွယ်'

'ပင်ပန်းတယ်လို့ မအောက်မေ့ပါဘူး ဖေဖေ၊ မာတာပိတုဂုဏော အနန္တောလို့ ဆိုထားတာပဲ၊ ဒီလောက်ကလေး ပင်ပန်းရတာ ဖေဖေတို့ရဲ့ ကျေးဇူးကို အပုံတစ်သိန်းပုံ တစ်ပုံတောင် မဆပ်နိုင်သေးပါဘူး ဖေဖေ'

'သာဓုကွယ် သာဓု သာဓု၊ ဖေဖေလဲ သေတော့မှာပါပဲကွယ်၊ ဖေဖေ့ဟာ ဖေဖေ သိပါတယ်၊ ခဲလှရင် အလွန်ဆုံး နောက်တနင်္ဂနွေ နှစ်ပတ်ပဲ'

မခင်မေဟာ ဒီစကားကိုကြားရတဲ့အခါ မျက်ရည်တွေ စီးကျလာပြီး 'စိတ်မလျှော့လိုက်ပါနဲ့ ဖေဖေ'လို့သာ ပြောနိုင်တယ်၊ ဆို့တက်လာတာနဲ့ သူ့အဖေရဲ့ မျက်နှာကို သနားတဲ့စိတ်နဲ့ ကြည့်နေပါတယ်။

'မငိုနဲ့သမီး၊ မငိုနဲ့ မငိုနဲ့၊ ဖေဖေတို့ သမီးတို့ဟာ အစမထင်အောင် ရှည်လျားလှတဲ့ သံသရာကြီးထဲမှာ ကိုယ်ချစ်တဲ့ အဖေတွေ အမေတွေသေလို့၊ လင်တွေသေလို့၊ မယားတွေသေလို့၊ ညီအစ်ကို မောင်နှမတွေသေလို့၊ ဆွေမျိုးညာတကာတွေသေလို့၊ မိတ်ဆွေ ရင်းချာတွေသေလို့ အကြိမ်ကြိမ် ကျခဲ့ရတဲ့ မျက်ရည်တွေဟာ ပင်လယ် သမုဒ္ဒရာတွေထဲက ရေတွေထက် မနည်းဘူး၊ ဖေဖေတို့ သမီးတို့ဟာ ဒီသံသရာကြီး တစ်လျှောက်လုံးမှာ ဘုရားနဲ့ မတွေ့ခဲ့ရတဲ့အတွက် တွေ့ပြန်လဲ ဘုရားစကား ကို နားမထောင်ဘဲ ရှောင်လွှဲပြီးနေခဲ့တဲ့အတွက် ဒီလို တငိုတည်းငိုငိုနေရတာ ကိုပဲ အပတ်ကြီးထင်ပြီး ငိုခဲ့တဲ့လမ်းကို လိုက်ခဲ့တဲ့အတွက် အကြိမ်ကြိမ် ငိုခဲ့ရတဲ့ ငိုပွဲတွေဟာလဲ မရေမတွက်နိုင်တော့ဘူး၊ အခု ဘုရားနဲ့တွေ့ရပြီ၊ ဘုရားကို ယုံကြည်တဲ့ သဒ္ဓါတရားတွေလဲ သမီးတို့မှာ ရှိနေပြီ၊ မငိုနဲ့တော့၊ ငိုရတဲ့ လမ်းကို မလိုက်နဲ့တော့၊ မငိုရတဲ့လမ်းကို ဘုရားဟောထားပြီ၊ ဘုရားဟောအတိုင်း ကျင့်ရင် အခုဘဝမှာပဲ မငိုရတဲ့ တရားထူးတွေကို မျက်မှောက်ပြုရမယ်လို့ ရှင်တော်မြတ်ဘုရား ရဲရဲကြီး အာမခံထားပြီ၊ အဲဒီတော့

www.burmeseclassic.com

www.burmeseclassic.com



ငိုမနေနဲ့တော့ သမီး၊ မျက်ရည်သုတ် မျက်ရည်သုတ်၊ ဖေဖေ့ကို တကယ်ချစ်ရင် မငိုနဲ့၊ သမီးကိုယ်ကို သမီးတကယ်ချစ်ရင်မငိုနဲ့၊ ဘုရားစကားကို နားထောင် ပြီးတော့ မငိုရတဲ့တရားကို ဒီဘဝမှာပဲငါ မျက်မှောက်ပြုနိုင်အောင်ကြိုးစား မယ်လို့ အဓိဋ္ဌာန်ပြု ကြားရဲ့လားသမီး၊ မျက်ရည်သုတ် မျက်ရည်သုတ်'

'ဟုတ်ကဲ့ ဖေဖေ'လို့ ပြန်ဖြေပြီး အင်္ကျီလက်စနဲ့ မျက်ရည်တွေကို သုတ်ပါတယ်၊ မခင်မေဟာ ပါရမီထူးတဲ့ မိန်းကလေးဖြစ်တဲ့အတွက် သူ့အဖေက ဒီလောက်ပြောရုံနဲ့ အများကြီး သဘောပေါက်သွားပါတယ်၊ ဘုရား တရား သံဃာအပေါ်မှာ ယုံကြည်မှုတွေလဲ တဖွားဖွားပေါ်လာပါတယ်၊ ဒီသဒ္ဒါတရားတွေရဲ့ အာနုဘော်ကြောင့် မခင်မေဟာ စိုးရိမ်မှု ပူဆွေးမှုတွေက အများကြီးသက်သာရာရသွားပါတယ်'

'သမီး၊ ဖေဖေ့ကို သံဝေဂလင်္ကာလေး ရွတ်ပြစမ်းပါဦး'

မခင်မေဟာ သူ့အဖေကို အောက်ပါသံဝေဂလင်္ကာကို ရွတ်ပြပါတယ်။

၁။ နနယ်ရုပ်ဆင်း၊ ပျိုမြစ်ခြင်းကား၊ အိုခြင်းနောက်ဆုံး ရှိချေ၏။

၂။ ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်းနောက်ဆုံး ရှိချေ၏။

၃။ ခုံမင်ခယ၊ ချစ်လွန်းကလည်း သောကနောက်ဆုံး ရှိချေ၏။

၄။ ဝိညာဉ်ထင်လင်း၊ သက်ရှင်ခြင်းကား သေခြင်းနောက်ဆုံး ရှိချေ၏။

'သမီးရယ်၊ တစ်ကြိမ် ထပ်ဆိုပါဦး'လို့ ခိုင်းတဲ့အတွက် မခင်မေဟာ တစ်ကြိမ်ထပ်ပြီး ရွတ်ရပါတယ်။ ဦးဖိုးခင်ဟာ သာဓု သုံးကြိမ် လေးလေးပင်ပင်ကြီး ခေါ်ပါတယ်။

ဒီလို သာဓုခေါ်ပြီးတော့ ဇနီးဒေါ်လှမေနဲ့ သမီးကလေး မတင်မေကိုပါ ခေါ်နိုင်းတဲ့အတွက် မခင်မေ သွားခေါ်ပါတယ်။ အတော်ကလေး



ကြာတဲ့အခါ ဒေါ်လှမေကို မခင်မေနဲ့ မတင်မေ တွဲပြီး သုံးဦးသား ဦးဖိုးခင်ဆီကို လာကြပါတယ်။

အားလုံးထိုင်မိကြတဲ့အခါ သမီးကြီး မခင်မေကို ခပ်စောစောက ပြောသလို ဦးဖိုးခင်ဟာ သူသေခါနီးတဲ့အကြောင်းကို ပြောပါတယ်။ ဒေါ်လှမေက မျက်ရည်ကျပါတယ်။ သမီးငယ် မတင်မေကတော့ အသံထွက်ပြီး ငိုပါတယ်။ အဲဒီအခါ ဦးဖိုးခင်ဟာ ခပ်စောစောက သမီးကြီး မခင်မေကို ဟောသလိုပဲ တရားဟောပြီး မျက်ရည်အသုတ်ခိုင်းပါတယ်။ ပြီးတော့မှ ဇနီးနဲ့ သမီးတွေကို ဒီလို ဆက်ပြီး ပြောပါတယ်။

'ငါ့အတွက် မင်းတို့ ဘာမှ မပူကြနဲ့၊ ငါဟာ ကမ္မဋ္ဌာန်းမထိုင်ခင်တုန်းက ဘုရား၊ တရား၊ သံဃာကို ယုံကြည်တယ်ဆိုတာ မတုန်မလှုပ်ယုံကြည်တာ မဟုတ်သေးဘူး၊ တစ်ခါတစ်ခါ ယုံကြည်တယ်၊ တစ်ခါတစ်ခါကျရင် ဘုရား တရား သံဃာဆိုတာ ဟုတ်မှ ဟုတ်ကြရဲ့လား ဆိုတဲ့ သို့လော သို့လော စိတ်တွေ ငါ့မှာပေါ်တယ်၊ အဲဒီစိတ်တွေ ပေါ်တုန်းကလဲ ပေါ်တယ်ဆိုတာ ထင်ထင်ရှားရှား သိတယ်၊ ဝိုးတိုးဝါးတား မဟုတ်ဘူး၊ ကမ္မဋ္ဌာန်းထိုင်ပြီး တရားထူးကို မျက်မှောက်ပြုပြီးနောက် ဒီလို သို့လော သို့လော စိတ်တွေဟာ ငါ့မှာ မရှိတော့ဘူး၊ သို့လော သို့လောတွေ ဖြစ်တုန်းက ထင်ထင်ရှားရှား ငါသိသလို ဒီစိတ်တွေ အလျဉ်းမရှိတော့လဲ မရှိကြတော့ဘူးဆိုတာ ငါ ထင်ထင်ရှားရှား သိတယ်။

'နောက်ပြီးတော့လဲ ကမ္မဋ္ဌာန်း မထိုင်ခင်တုန်းက ငါဟာ ငါးပါးသီလကို လုံတယ်ဆိုပေတဲ့ လုံးလုံးလျားလျားကြီး လုံတာမဟုတ်ဘူး၊ ဒီငါးပါးကို မကျိုးရအောင် ငါဟာ အတော်သတိထားပြီး ထိန်းနေရတယ်၊ အဲဒီလို သတိထားပြီး ထိန်းနေတဲ့ အထဲက ငါးပါးသီလဟာ ကျိုးတဲ့အခါ ကျိုးတယ်၊ ပေါက်တဲ့အခါ ပေါက်တယ်၊ ပျောက်တဲ့အခါ ပျောက်တယ်၊ ကျားတဲ့အခါ ကျားတယ်၊ ဒီလို မကျိုးမပေါက် မပြောက်မကျားသည့်တိုင်အောင် ရံဖန်ရံခါ ငါးပါးသီလထဲက တစ်ပါးပါးဟာ ညှိုးတယ် … အဲဒီ ငါးပါးသီလကို မကျိုးမပေါက် မပြောက်မကျားရအောင်

www.burmeseclassic.com

www.burmeseclassic.com



မညှိုးမနွမ်းရအောင် ငါ့ သတိထားပြီး ထိန်းနေရတယ်ဆိုတာလဲ ငါထင်ထင်ရှားရှားကြီး သိခဲ့တယ်၊ အဲဒီ ထိန်းနေတဲ့အထဲက ကျိုးပေါက်ပြောက်ကျားသွားတာ ညှိုးသွားတာ နွမ်းသွားတာကိုလဲ ငါ ထင်ထင်ရှားရှားကြီး သိခဲ့တယ်။

'ကမ္မဋ္ဌာန်းထိုင်ပြီး တရားထူးကို မျက်မှောက်ပြုပြီးတဲ့နောက် ငါးပါးသီလကို ငါဟာ သတိထားပြီး မထိန်းရတော့ဘူး၊ ငါးပါးသီလဟာ ခါးဝတ်ပုဆိုးလို ငါ့မှာ မြဲနေပြီ၊ ငါ့ငါးပါးသီလဟာ ကျိုးပေါက် ပြောက်ကျားတုန်းက ညှိုးနွမ်းတုန်းက ငါထင်ထင်ရှားရှားကြီး သိရသလို၊ အခု ခါးဝတ်ပုဆိုးလို ငါ့မှာ မြဲနေတဲ့အခါလဲ ငါ ထင်ထင်ရှားရှားကြီးသိရတယ်၊ ငါ့ငါးပါးသီလဟာ မကျိုးမပေါက် မပြောက်မကျားတော့ဘူး၊ မညှိုးနွမ်းတော့ဘူး၊ အဲဒီလို ရတနာသုံးပါးမှာ သို့လောသို့လောမဖြစ်ဘဲ မတုန်မလှုပ် ယုံကြည်တဲ့ အခြေကိုရောက်ရင် ငါးပါးသီလ ခါးဝတ်ပုဆိုးလို မြဲတဲ့ အခြေအနေကိုရောက်ရင် အဲဒီသူဟာ သေပြီးတဲ့နောက် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို မရောက်ရတော့ဘူး၊ ကိလေသာတွေ မကုန်သေးတဲ့အတွက် သံသရာကြီးထဲမှာ လည်ရသည့်တိုင်အောင် ခုနစ်ဘဝထက် ပိုပြီး မလည်ရတော့ဘူးဆိုတာ ကိုယ့်ဟာကိုယ် ဆုံးဖြတ်နိုင်ပြီလို့ မြတ်စွာဘုရား ဟောထားတယ်၊ အဲဒီတော့ မင်းတို့ ငါ့အတွက် မပူကြနဲ့တော့၊ စိတ်ချကြတော့၊ ငါဟာ ဒီအခြေအနေကို ရောက်နေပြီ၊ ငါသေသွားရင် ကြေးခွက်အစုတ်အပဲ့ကြီးနဲ့တူတဲ့ ဒီရောဂါဗလပွဖြစ်နေတဲ့ ကိုယ်ကြီးကို စွန့်ပြီး ရွှေခွက်နဲ့တူတဲ့ ဒါထက်ကောင်းတဲ့ ဘဝကို ငါရောက်မှာပဲ၊ အဲဒါကြောင့် ငါ့အတွက် မပူကြနဲ့တော့။

'မင်းတို့အတွက်ကတော့ အမေကြီးကလဲ ဝေဒနာသည်ဖြစ်ပြီး ဘာမှ မတတ်နိုင်၊ အဲဒီအထဲ သားယောကျ်ားကလဲ တစ်ယောက်မှမရှိ၊ သမီးနှစ်ယောက်နဲ့ဆိုတော့ မင်းတို့ရဲ့ နောင်ရေးကို တွေးမိတိုင်း မင်းတို့တော့ ကြောက်ကြမှာပဲ၊ အဲဒီတော့ ဘုရားပေးခဲ့တဲ့ ဂါထာတစ်ပုဒ်ကို မင်းတို့ကို ပေးရမယ်၊ ဒီဂါထာကို နေ့စဉ် ခဏခဏ ရွတ်ပေး၊ ရွတ်တဲ့



အခါ သဘောပေါက်အောင်လဲ ရွတ်ကြ၊ အဲဒီလို သဘောပေါက်ပြီဆိုရင် မင်းတို့ ဆင်းရဲပြီး ကြောက်နေကြတဲ့ အခါမှာလဲ ကြောက်စိတ်တွေကို ပျောက်နိုင်မယ်၊ မင်းတို့ ချမ်းသာပြီး အောက်ခြေလွတ်နေရင်လဲ စိတ်ကို ထိန်းပေးနိုင်မယ်။

'ကဲ ငါ့သမီးကြီးမခင်မေက အဘိဏှသုတ်ရဲ့ 'ကမ္မသကောမှိ' အပိုဒ်ကို ရွတ်စမ်းပါ'

မခင်မေဟာ သူ့အဖေပြောတဲ့အတိုင်း ရွတ်ပါတယ်။

'ကမ္မသကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော ယံကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံဝါ တဿဒါယာဒေါ ဘဝိဿာမိတိ အဘိဏှ ပစ္စဝေက္ခိတဗ္ဗံ'

'အေး တော်ပြီ သာစုကွယ် သာစု၊ အဲဒါကို အနက်နဲ့ ဆိုလိုက်စမ်းပါဦး'

မခင်မေဟာ သူ့အဖေပြောတဲ့အတိုင်း အနက်နဲ့ ဆိုပါတယ်။

'အဟံ– ငါသည်၊ ကမ္မသကော– ကံသာလျှင် မိမိဉစ္စာရှိသည်၊ ကမ္မဒါယဒေါ– ကံသာလျှင် အမွေခံရှိသည်၊ ကမ္မယောနိ– ကံသာလျှင် အကြောင်းရင်းရှိသည်၊ ကမ္မဗန္ဓု– ကံသာလျှင် အဆွေအမျိုး ရှိသည်၊ ကမ္မပဋိသရဏော– ကံသာလျှင် ကိုးကွယ်ရာ လဲလျောင်းရာရှိသည်၊ အမှိ– ဖြစ်၏၊ ကလျာဏံဝါ– ကောင်းသည်လည်းဖြစ်သော၊ ပါပကံဝါ– မကောင်းသည်လည်း ဖြစ်သော၊ ယံကမ္မံ– အကြင်ကံကို၊ ကရိဿာမိ– ပြုအံ့၊ တဿကမ္မဿ–ထိုကောင်းမှုကံ မကောင်းမှုကံ၏၊ ဒါယဒေါ– ကောင်းမွေခံ ဆိုးမွေခံသည်၊ ဘဝိဿာမိ– ဖြစ်ရအံ့၊ ဣတိ– ဤသို့၊ အဘိဏှံ– နေ့ညဥ့်မပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ– ဆင်ခြင်အပ်၏'

'တော်ပြီ၊ သာစုကွယ် သာစု သာစု၊ အဲဒီအတိုင်းသာ နှလုံးသွင်းနေကြ၊ ငါ့ယောကျ်ား မရှိတော့ဘူး၊ ငါတို့အဖေ မရှိတော့ဘူးဆိုပြီး မင်းတို့ စိတ်ငယ်မနေကြနဲ့၊ ငါဟာ မလှမေရဲ့ ယောကျ်ား၊ မခင်မေတို့

www.burmeseclassic.com

www.burmeseclassic.com



မတင်မေတို့ရဲ့ ဖေဖေလို့ လောက ဝေါဟာရအားဖြင့် ခေါ်ရပေမယ့် အမှန်စင်စစ် မင်းတို့ရဲ့ ဆွေမျိုးအစစ် အဖေအစစ် ကိုးကွယ်ရာ လဲလျောင်းရာအစစ် ဥစ္စာအစစ်ကတော့ ငါ မဟုတ်ဘူး၊ မင်းတို့ရဲ့ ကုသိုလ်ကံတွေပဲ၊ အဲဒါကြောင့် ငါမရှိတဲ့အခါ ငါရှိတုန်းကထက် အကုသိုလ်တွေကို ပိုပြီးရှောင်ကြ၊ ကုသိုလ်တွေကို တိုးပြီး လုပ်ရစ်ကြပေတော့၊ ကဲ ကောင်းပြီ သွားကြတော့'လို့ ပြောတာနဲ့ မခင်မေနဲ့ မတင်မေဟာ သူတို့အမေ ဒေါ်လှမေကို တွဲပြီး ထုတ်သွားကြပါတယ်။

နောက်ဆယ်ရက်လောက်ကြာတဲ့အခါ တစ်မနက်မှာ မခင်မေဟာ သူ့အဖေ အိပ်ရာဆောင်မှာထိုင်ပြီး ဓမ္မပဒအထဲက သန္တတိ အမတ်ကြီးဝတ္ထုကို ဖတ်ပြနေတယ်။ ပြီးတဲ့အခါ ဦးဖိုးခင်က သာဓုသုံးကြိမ်ခေါ်ပြီး 'သမီးရယ်၊ ဖေဖေတော့ အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးပြီးမှပဲ နိဗ္ဗာန်ဝင်ချင်တဲ့ ဆန္ဒ ဖေဖေ့မှာ ရှိတယ်၊ မြတ်စွာဘုရားတိုင်းမှာ အဆင်းတော်၊ ဉာဏ်တော်၊ စကားတော်၊ တန်ခိုးတော်ဆိုတဲ့ အစိန္တေယျလေးပါးရှိတယ်၊ ဒီအဆင်းတော် ဉာဏ်တော် စကားတော် တန်ခိုးတော်တွေဟာ ဘယ်လိုလဲဆိုတာ ကြံစည်လို့ကိုမရအောင် နှိုင်းယှဉ်လို့မရအောင် ကြီးကျယ်လွန်းလို့ အစိန္တေယျလို့ ခေါ်တယ်၊ ရှင်တော်မြတ်ဘုရားရဲ့ အဲဒီအဆင်းတော်ကိုလဲ ဖေဖေ ဖူးချင်တယ်၊ ဉာဏ်တော်တွေကိုလဲ ဖေဖေ ဖူးချင်တယ်၊ စကားတော်တွေကိုလဲ ဖေဖေ နာချင်တယ်၊ တန်ခိုးတော်တွေကိုလဲ ဖေဖေ ကြည့်ချင်တယ်၊ အခု သမီးဖတ်သွားတဲ့ သန္တတိအမတ်ကို ကြည့်ပါလား၊ မနက်ဖက်မှာ မူးရူးနေတုန်းပဲ ရှိသေးတယ်၊ ညနေကျရင် ငါဘုရားရဲ့ လေးပါဒရှိတဲ့ ဂါထာတစ်ပုဒ်ကိုကြားပြီး ရဟန္တာဖြစ်မယ်လို့ ရှင်တော် မြတ်ဘုရား မိန့်တော်မူတယ်၊ အဲဒီ မိန့်တော်မူတဲ့အတိုင်း ညနေကျတော့ ရဟန္တာ ဖြစ်တာပဲ၊ ဉာဏ်တော်တွေ တန်ခိုးတော်တွေ ဘယ်လောက် ကြီးကျယ်သလဲဆိုတာကို ကြည့်စမ်း၊ ကဲ သမီးရေ၊ သမီးမေမေနဲ့ ညီမကလေးကို ခေါ်ပါဦး'

မခင်မေဟာ သူ့အဖေပြောတဲ့အတိုင်း သူ့မေမေနဲ့ သူ့ညီမကလေးကို ခေါ်ရအောင် ထွက်သွားတယ်၊ တအောင့်လောက်ကြာတဲ့အခါ



ဒေါ်လှမေကို ညီအစ်မနှစ်ယောက်တွဲပြီး ခေါ်လာတယ်။ အားလုံးထိုင်မိကြတဲ့အခါ 'ငါတော့ သွားရခါနီးပြီကွယ်၊ မင်းတို့ အသီးသီးဆီက ငါ ကတိတွေတောင်းချင်တယ်'လို့ ဦးဖိုးခင်က ပြောပါတယ်။ အဲဒီအခါ ဒေါ်လှမေက 'ကိုဖိုးခင်ရယ်၊ ဒီစကားတွေ မပြောပါနဲ့၊ ကိုဖိုးခင်ကို ကြည့်ရတာ အရင်တစ်ခါတုန်းကနဲ့တောင် မတူဘူး၊ မျက်နှာတွေ သိပ်ပြီး လန်းလန်းဆန်းဆန်း ရှိတာပဲ'လို့ ပြောပါတယ်။ မခင်မေကလဲ 'ဟုတ်တယ်ဖေဖေ၊ ဖေဖေ့မျက်နှာတွေဟာ အခု တစ်ရက်နှစ်ရက်အတွင်း အင်မတန်လန်းလာတယ်လို့တောင် မနက်က မေမေ့ကို သမီး ပြောပြရသေးတယ်'လို့ ဝင်ပြီး ပြောပါတယ်။

အဲဒီအခါ ဦးဖိုးခင်က ပြုံးပြီး 'ဒါကတော့ မင်းတို့ နားမလည်ပါဘူးကွယ်၊ တရားသဘောတွေပဲ၊ ဖေဖေ တရားထူးတွေကို နောက်ထပ်တွေ့ပြီး ဝမ်းထဲမှာ လှိုက်လှိုက်လှဲလှဲဖြစ်နေတယ်၊ အဲဒီ ဝမ်းမြောက်တဲ့စိတ်ရဲ့ အရှိန်အဝါတွေဟာ မျက်နှာမှာ လာပေါ်တဲ့အတွက် လန်းဆန်းတယ်လို့ မင်းတို့ထင်ရတာပဲ၊ အေးကွယ်၊ ဘာပဲဖြစ်ဖြစ် မင်းတို့ဆီက ကတိတွေ ဖေဖေလိုချင်တယ်၊ မင်းတို့ သားအမိသုံးယောက်စလုံး သေတဲ့နေ့အထိ ဗုဒ္ဓဘာသာကို မစွန့်ပါဘူးဆိုတဲ့ ကတိပေးနိုင်မလား မလှမေ'လို့ ဒေါ်လှမေကို စပြီး မေးပါတယ်။ 'ပေးပါတယ်'လို့ ဒေါ်လှမေက ဖြေတယ်။ ဦးဖိုးခင်ဟာ သာဓုသုံးကြိမ် ခေါ်ပါတယ်။ ဒီနောက် 'မခင်မေ'လို့ နာမည်ခေါ်ပြီး မခင်မေကို မေးပါတယ်။ 'ကတိပေးပါတယ် ဖေဖေ'လို့ မခင်မေက ဖြေပါတယ်။ ဦးဖိုးခင်က သာဓုသုံးကြိမ်ခေါ်ပါတယ်။ ဒီနောက် 'မတင်မေ'လို့ မတင်မေရဲ့ နာမည်ကိုခေါ်ပြီး မေးပါတယ်။ 'ကတိပေးပါတယ် ဖေဖေ'လို့ မတင်မေက ဖြေပါတယ်။ ဦးဖိုးခင်က သာဓုသုံးကြိမ် ခေါ်ပါတယ်။

ဒီနောက် ဦးဖိုးခင်ကဆက်ပြီး 'အခုပြောမယ့်ဟာက ကတိရယ်လို့ မဟုတ်ပါဘူး၊ တတ်နိုင်ရင် လုပ်ကြဖို့ပါပဲ၊ လူဆိုတာ သုံ့ထွက်လာတာကိုသာ မြင်ရတယ်၊ ကံထမ်းလာတာကို မမြင်ရဘူး၊ အဲဒီတော့ မင်းတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကံတွေကများ အကျိုးပေးလို့ တတ်နိုင်ကြရင် ဖေဖေ စပစ်ခဲ့တဲ့ ပရိယတ္တိ စာပြန်ပွဲတွေကို ပျက်မသွားရအောင် စောင့်ရှောက်လိုက်ကြပါ၊ သာသနာ့ရိပ်သာကိုလဲ တတ်နိုင်သလောက် စောင့်ရှောက်လိုက်ကြပါ'လို့ ထပ်ပြီး မှာပြန်ပါတယ်။ သားအမိသုံးယောက်စလုံးက 'တတ်နိုင်သလောက် ကြိုးစားပါ့မယ်'လို့ ဖြေကြပါတယ်။ ဦးဖိုးခင်က ဆက်ပြီး 'အေး ဒါက တော့ မင်းတို့အတွက်ပဲ၊ တစ်သံသရာလုံး မင်းတို့ဟာ ငိုရတဲ့လမ်းကို ချည်းပဲ လိုက်ခဲ့ကြဖူးပြီ၊ မငိုရတဲ့ လမ်းကြီးဟာ အခု ကိုယ့်ရှေ့မှာ ဖြူး နေအောင် ပေါ်နေရက်သားနဲ့ မင်းတို့မလိုက်ရင် လမ်းရဲ့အပြစ်လား၊ မင်းတို့ရဲ့အပြစ်လား'လို့ မေးတဲ့အခါ သားအမိသုံးဦးစလုံးက 'ကျွန်မတို့ရဲ့ အပြစ်ပါ'လို့ ပြောကြတယ်။

အဲဒီတော့ ဦးဖိုးခင်က သမီးကြီး မခင်မေကိုကြည့်ပြီး 'သမီးရေ ဘုရားကို နေ့စဉ်ကပ်နေကျ ဆွမ်း ရေချမ်း ဆီမီး ပန်းကိုစွ နိုင်သလောက် ကြိုးစားကွယ်'လို့ ပြောတဲ့အခါ မခင်မေက 'ကြိုးစားပါ့မယ်ဖေဖေ'လို့ ပြန်ဖြေပါတယ်။ အဲဒီနောက် ဆက်ပြီး ဦးဖိုးခင်က 'ဒီတစ်ခါတော့ သမီး နှစ်ယောက်ဆီက ကတိတောင်းရမယ်၊ မခင်မေနဲ့ မတင်မေ၊ သမီးတို့ နှစ်ယောက်စလုံး သမီးတို့မေမေ စိတ်မချမ်းသာအောင် ဘယ်တော့မှမလုပ် ပါဘူးလို့ ဖေဖေ့ကို ကတိပေးနိုင်မလား'လို့ မေးတဲ့အခါ နှစ်ယောက်စလုံး ကပဲ 'ကတိပေးပါတယ် ဖေဖေ'လို့ ပြန်ဖြေပါတယ်။ ဦးဖိုးခင်လဲ သာဓု ခေါ်ပြီး အားလုံးကို သွားခွင့်ပြုပါတယ်။ ဒီလို အခွင့်ပြုပြီး မခင်မေကို လှမ်းပြီး 'သမီးရေ၊ ဦးဝိမလ ဆရာတော်ဘုရားကို ညနေ ဖူးချင်တယ်၊ တစ်ယောက်ယောက်ကို ပင့်ခိုင်းပေးပါကွယ်'လို့ ပြောပါတယ်။ 'ဟုတ်ကဲ့ ဖေဖေ'ဆိုပြီး ညီအစ်မနှစ်ယောက် အမေကြီးကို တွဲပြီး ခေါ်သွားကြပါတယ်။

ညနေဘက်မှာ ဆရာတော်ဦးဝိမလ ကြွလာပါတယ်။ ဦးဖိုးခင်က မထနိုင်တဲ့အတွက် အိပ်လျက်ကပဲ နေပါရစေလို့ လက်အုပ်ချီပြီး ခွင့်တောင်း တယ်။ ဆရာတော်ကလဲ ခွင့်ပြုတယ်။ မခင်မေက ဆရာတော်ရဲ့ နောက် ဘက်ကထိုင်ပြီး ယပ်ခတ်ပေးနေပါတယ်။ ဦးဖိုးခင်က ဆရာတော်ကို



လက်အုပ်ချီပြီး 'ဆရာတော်သိတဲ့အတိုင်းပဲ တပည့်တော်ဟာ ပထမအကြိမ် တရားအားထုတ်ပြီးကတည်းက ဘာဝနာအလုပ်ဟာ နေ့စဉ် တစ်ခါမှ ပျက်ခဲ့ဘူး၊ ဘယ့်လောက် အလုပ်များများ ည အိပ်ရာမဝင်ခင်တော့ အားထုတ်ဖြစ်အောင် ထုတ်တာပဲ၊ အခု မမာတော့ တပည့်တော်မှာ သည့်ပြင်အလုပ် မရှိပါဘူး၊ တရားအားထုတ်တဲ့ အလုပ်တစ်ခုပဲ ရှိပါတယ်၊ လွန်ခဲ့တဲ့ အင်္ဂါနေ့ည သန်းကောင်ကျော်လောက်မှာ တပည့်တော် တရားထူး ရပါတယ်၊ တရားထူးမရခင်တုန်းက ဝေဒနာတွေ ပြင်းထန်လာတဲ့အခါ တပည့်တော် စိတ်တိုချင်တယ်၊ ဒေါသထွက်ချင်တယ်၊ ပါးစပ်က မြန်မြန် သဝါတော့ကွယ်၊ မသေသေးဘူးလားဆိုတဲ့ ဒေါသနဲ့ယှဉ်နေတဲ့ စကား တွေကို မြည်တမ်းမိပါတယ်၊ အခု တရားထူးရပြီးမှ ဝေဒနာပြင်းလို့ အခါရခက်တာသာရှိတယ်၊ စိတ်တိုချင်တာတွေ စိတ်ဆိုးချင်တာတွေ မရှိ တော့ဘူး၊ အရင်ကလို ဒေါသနဲ့ ယှဉ်နေတဲ့ စကားတွေကို မမြည်တမ်း တော့ဘူး၊ အဲဒါက ထူးခြားချက်တစ်ရပ်ပါ ဘုရား'

'နောက်တစ်ချက်ရှိပါသေးတယ်၊ တရားထူးမရခင်က အိမ်သူ အိမ်သားတွေရဲ့ နောင်ရေးကို တစ်ခါတစ်ခါ စိတ်ကူးမိတဲ့အခါ စိတ်ထဲမှာ အောက်ကျိုကျိုလိုလို ဖြစ်ချင်တယ်၊ ချက်ချင်း တရားနဲ့ ဖျောက်ပစ်ရတယ်၊ အခု အိမ်သူအိမ်သားတွေရဲ့ နောင်ရေးကို စိတ်ကူးမိတဲ့အခါ စိတ်ထဲမှာ ဘာမှ မဖြစ်တော့ဘူး၊ အဲဒါက ထူးခြားချက်တစ်ရပ်ပါ ဘုရား။

'နောက်တစ်ချက် ရှိပါသေးတယ်၊ တရားထူး မရခင်က တပည့် တော်ရဲ့ အာရုံဟာ ရုံဖန်ရံခါ တာဝတိံသာနတ်ပြည်ကို ရောက်ပါတယ်၊ နတ်တွေရဲ့ ကာမဂုဏ်တွေ စဉ်းစားမိတဲ့အခါ စဉ်းစားမိပါတယ်၊ တရားထူး ရပြီးတဲ့နောက် ကာမဂုဏ်တွေရဲ့ စက်ဆုတ်ဖွယ်ရာကိုပဲမြင်ပြီး တာဝတိံသာ ကို စိတ်မရောက်တော့ဘူးဘုရား၊ ဗြဟ္မာ့ဘုံမှာပဲ စိတ်ရောက်နေပါတယ် ဘုရား၊ ဒီထူးခြားချက် သုံးရပ်ဟာ လွန်ခဲ့တဲ့ အင်္ဂါနေ့ည တရားထူးရပြီး ကတည်းက တပည့်တော်မှာ အစဉ်ဖြစ်ပေါ်နေပါတယ်ဘုရား၊ အဲဒါ ဆရာတော်ဘုရားကို လျှောက်ထားချင်လို့ တပည့်တော် ပင့်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ပါပဲဘုရား'လို့ ဦးဖိုးခင်က ဆရာတော် ဦးဝိမလကို လျှောက်ထားပါတယ်။

ဆရာတော်က သာဓုသုံးကြိမ်ခေါ်ပြီး 'ဒီလိုအခါမျိုးဆိုတာ တရားကို မရပ်မနား အားထုတ်နိုင်မယ်ဆိုရင် တရားထူးရတတ်တာပဲ၊ လူတွေခပ်များများကတော့ မမာလို့ အသည်းအသန်ဖြစ်ပြီဆိုရင် သေရမှာတွေကြောက်ပြီး တရားကို နှလုံးမသွင်းနိုင်ဘူး၊ ကယောင်ကတမ်းတွေ ဖြစ်နေတာပဲ၊ ဒါဟာ ကုသိုလ်နည်းပြီး အကုသိုလ်များတဲ့လူတွေရဲ့ ဓမ္မတာပဲ၊ အခု ဒကာကြီးကတော့ သေရမှာ မကြောက်ဘူး၊ သတိမလစ်ဘူး၊ တရားကို အမြဲနှလုံးသွင်းတယ်၊ အဲဒါ ကုသိုလ်များများ အားထုတ်ခဲ့တဲ့လူတွေရဲ့ ဓမ္မတာပဲ၊ ဓမ္မပဒမှာ မြတ်စွာဘုရား ဟောတော်မူထားတာ အရှိသားပဲ။

အတ္တမှိ ဓာတမှိ သုခါ သဟာယာ၊
တုဋ္ဌီ သုခါ ယာ ဣတရီတရေန၊
ပုညံ သုခံ ဇီဝိတသင်္ခယမှိ၊
သဗ္ဗဿ ဒုက္ခဿ သုခံ ပဟာနံ။

'အဆွေခင်ပွန်းရှိခြင်းသည် အရေးကိစ္စ ပေါ်ပေါက်လာသောအခါ ချမ်းသာ၏၊ ရရသမျှသော ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏၊ ကုသိုလ်ကောင်းမှုရှိခြင်းသည် အသက်ကုန်ခါနီး၌ ချမ်းသာ၏၊ ဆင်းရဲအလုံးစုံကို ပယ်ခြင်းသည် ချမ်းသာ၏၊ ဒကာကြီးရတဲ့တရားဟာ တော်တော်ထူးတယ်၊ ဒါ့ကြောင့် ဘုန်းကြီး သာဓုခေါ်တယ်၊ လေးလေးနက်နက် ခေါ်တယ်၊ အချိန်ရှိသရွေ့ အခုလိုပဲ ဆက်ပြီး အားထုတ်ပါ၊ ကမ္မဋ္ဌာန်းကို ချမထားနဲ့၊ ဒကာကြီးဟာ အခု မျက်မှောက်ဘဝတွင်ပဲ အရဟတ္တဖိုလ်ကို ထူးတဲ့ဉာဏ်နဲ့ မျက်မှောက်ပြုနိုင်စရာ အကြောင်းရှိတယ်၊ (ဒီစကားကိုကြားရတဲ့အခါ ဦးဖိုးခင်ဟာ ပီတိတွေ ဖြစ်လာပြီး ဆရာတော်ကို လက်အုပ်ချီပါတယ်။) အခုလို အခွင့်ကြုံတဲ့အခါ ကမ္မဋ္ဌာန်းကို ဘယ်တော့မှ ချမထားတဲ့အတွက် သေခါနီး ခဏကလေး အားထုတ်လိုက်



တာနဲ့ ရဟန္တာဖြစ်သွားတဲ့ မထေရ်ကြီးတစ်ပါး အကြောင်းကို ဘုန်းကြီး ဟောမယ်၊ ဒကာကြီး နာပါ'လို့ ဆရာတော်က မိန့်တော်မူပါတယ်။

'တင်ပါ့ဘုရား၊ ဟောတော်မူပါ'ဆိုပြီး ဦးဖိုးခင်ဟာ လက်အုပ်ချီကာ တရားနာပါတယ်။

## တရား

'ဝါတော်ခြောက်ဆယ်ကျော်လွန်ပြီး သေရာညောင်စောင်းမှာ လဲလျောင်းနေတဲ့ မဟာသံဃရက္ခိတ မထေရ်ကြီးကို ရဟန်းသံဃာတော်တွေက ဘယ် မဂ်ဖိုလ်တရားကိုရပြီးပြီလဲလို့ မေးလျှောက်ကြတယ်၊ မထေရ်ကြီးက ငါ ဘယ်မဂ်ဖိုလ်မှ မရသေးဘူးလို့ ပြန်ဖြေတယ်၊ ဒီစကားကိုကြားတော့ မထေရ်ကြီးကို ပြုစုနေတဲ့ ရဟန်းငယ်တွေက 'အရှင်ဘုရား၊ အရှင်ဘုရားဟာ ရဟန္တာဖြစ်ပြီ၊ ဒါ့ကြောင့် ပရိနိဗ္ဗာန်စံတော်မူတာကို ဖူးရအောင်ဆိုပြီး တစ်ဆယ့်နှစ်ယူဇနာ ပတ်ဝန်းကျင်အရပ်က ဒကာ ဒကာမတွေဟာ စုဝေးရောက်လာနေကြပါပြီဘုရား၊ အကယ်၍ အရှင်ဘုရားဟာ ရဟန္တာ မဟုတ်သေးဘူး၊ ပုထုဇဉ်ပဲဆိုတာကို ဒီဒကာဒကာမတွေ သိသွားကြရင် အင်မတန်စိတ်မချမ်းမသာ ဖြစ်ကုန်ကြမှာပဲဘုရား'လို့ လျှောက်ထားကြတယ်။

အဲဒီအခါ မထေရ်ကြီးက 'ငါ့ရှင်တို့ ငါဟာ မေတ္တေယျ မြတ်စွာဘုရားကို ဖူးမြင်ချင်သေးတဲ့အတွက် ဝိပဿနာတရားကို အားမထုတ်ဘဲနေခဲ့တယ်၊ အခု ဒကာ ဒကာမတွေကို ငဲ့ပြီး ငါ ဝိပဿနာတရားကို အားထုတ်တော့မယ်၊ ငါ့ကို ထူပေးကြ'လို့ ရဟန်းငယ်တွေကို အမိန့်ရှိတယ်၊ ရဟန်းငယ်တွေလဲ မထေရ်ကြီးကို ထူပေးပြီး အပြင်ဘက်ထွက်ဖို့ အခန်းပြင်ဘက်ကို ခြေတစ်ဖက်လှမ်းရုံရှိသေးတယ်၊ မထေရ်ကြီးဟာ အရဟတ္တဖိုလ်ကို ရတယ်၊ အဲဒီလိုရတာနဲ့ ရဟန်းငယ်ကလေးတွေကို လက်ဖျောက်တီးပြီး ပြန်ခေါ်လိုက်တယ်၊ ရဟန်းငယ်ကလေးတွေက အကြောင်းကြားတာနဲ့ ကျောင်းတိုက်ထဲက ရဟန်းသံဃာတော်တွေ စုဝေးလာကြပြီး 'အရှင်ဘုရား သေခါနီးမှာ အရဟတ္တဖိုလ်ကို တစ်ခဏချင်း

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုရအောင် အားထုတ်နိုင်တာဟာ အင်မတန် အံ့သြစရာကောင်းလှပါတယ်'လို့ လျှောက်ထားကြတယ်။ အဲဒီအခါမှာ မထေရ်ကြီးက 'ငါ့ရှင်တို့၊ ငါဟာ ရဟန်းပြုတဲ့အခါကစပြီး သတိမထား၊ ဉာဏ်နဲ့ မပိုင်းခြားဘဲ ဘယ်အရာကိုမှ မပြုမိဖူးဘူး'လို့ မိန့်တော်မူပါတယ်။ ဒကာကြီးလဲ သတိအစဉ်ရှိပြီး ဉာဏ်နဲ့ ဆင်ခြင်နေမယ်ဆိုရင် အရဟတ္တဖိုလ်ကို အခုလိုအခါမျိုးမှာ ရနိုင်စရာ အကြောင်းရှိတယ်'

တရားဟောအပြီးမှာ ဦးဖိုးခင်ဟာ သာဓုတွေ အကြိမ်ပေါင်းများစွာ ခေါ်ပါတယ်။ သဒ္ဓါတရားတွေ တစ်ကိုယ်လုံး ပျံ့နှံ့ပြီး ပီတိတွေဖြစ်နေပါတယ်။ ဆရာတော်လဲ နောက်ထပ် စကားတစ်ခွန်းနှစ်ခွန်းပြောပြီး ပြန်ကြွသွားပါတယ်။ ဦးဖိုးခင်လဲ ဆရာတော်ကို လက်အုပ်ချီ ကန်တော့ပြီး မျက်စိတစ်ဆုံးကြည့်ရင်း ကြည်ညိုနေပါတယ်။

နောက်တစ်နေ့ညနေမှာ ဦးဖိုးခင်ဟာ ဒေါ်လှမေနဲ့ သမီးအငယ် မတင်မေတို့ကို အခေါ်ခိုင်းပါတယ်။ အားလုံး စုံစုံညီညီရောက်တဲ့အခါ 'ကဲ မင်းတို့အားလုံး ငါ့ကို ကန်တော့ကြ၊ သံသရာတစ်လျှောက်လုံးမှာ ကာယကံ ဝစီကံ မနောကံတွေနဲ့ ပစ်မှားမိခဲ့သမျှ အပြစ်တွေကို ခွင့်လွှတ်ပါ၊ သည်းခံပါလို့ဆိုပြီး ကန်တော့ကြ' ဦးဖိုးခင်ပြောတဲ့အတိုင်း ဆိုပြီး သားအမိသုံးဦး ကန်တော့ကြပါတယ်။ ဒေါ်လှမေမှာ မျက်ရည်တွေ စီးကျနေပါတယ်။ မတင်မေကလေးကတော့ ရှိုက်ကြီးတငင် ငိုနေပါတယ်။ မခင်မေကတော့ မငိုတော့ဘူး။ သူ့အဖေ တရားထူးတွေရပြီး ကောင်းရာမွန်ရာကို ရောက်တော့မယ်ဆိုတာ သဘောပေါက်နေဟန် လက္ခဏာရှိတယ်။ သားအမိသုံးယောက် ကန်တော့ပြီးတော့ ဦးဖိုးခင်က 'မင်းတို့အပြစ်တွေအားလုံးကို ငါ သည်းခံတယ်၊ ခွင့်လွှတ်တယ်'လို့ သုံးကြိမ်ဆိုပါတယ်။ သုံးကြိမ်ဆိုပြီးမှ 'ကဲ မင်းတို့ သာဓုခေါ်ကြ'လို့ သားအမိသုံးဦးကို ပြောပါတယ်။ သားအမိသုံးဦးကလဲ သာဓု သုံးကြိမ် ခေါ်ပါတယ်။

အဲဒီလို သာဓု ခေါ်ပြီးတဲ့နောက် ဦးဖိုးခင်က 'ကဲ ငါ့အလှည့်ရောက်လာပြီ၊ သံသရာကြီးတစ်လျှောက်လုံး ငါက မင်းတို့ သုံးယောက်စလုံးအပေါ်



[illegible] ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ပြစ်မှား ကျူးလွန်မိခဲ့သမျှ အပြစ်[illegible]ကို မင်းတို့ကလဲ သည်းခံပါ၊ ခွင့်လွှတ်ကြပါ'လို့ မေတ္တာရပ်ပါတယ်။ [illegible]အမိသုံးယောက်စလုံးက 'သည်းခံပါတယ်၊ ခွင့်လွှတ်ပါတယ်' လို့ဆိုပါ[illegible]။ ဦးဖိုးခင်လဲ သာဓု သုံးကြိမ်ခေါ်ပါတယ်။ ဦးဖိုးခင် သာဓုခေါ်ပြီးတဲ့[illegible] ဒေါ်လှမေက 'ကိုဖိုးခင်၊ ဘယ့်နှယ်နေ သေးသလဲ'လို့ မေးပါတယ်။ [illegible]ခင်က 'ငါ့အတွက် မစိုးရိမ်ပါနဲ့ကွယ် မင်းတို့ သွားကြတော့၊ သွားကြ[illegible] မနေ့က ငါပေးထားတဲ့ 'ကမ္မ သကောမှိ' ဂါထာကလေးကို ရွတ်ပြီး [illegible]ခြင်နေကြ'လို့ ပြောတာနဲ့ သားအမိသုံးဦးစလုံး ဦးဖိုးခင်ကို ကန်တော့ပြီး [illegible]လှမေနဲ့ မတင်မေတို့ဟာ မျက်ရည်စက်လက်နဲ့ ထွက်သွားကြပါတယ်။ [illegible]ခင်မေလဲ သူ့အမေကိုလိုက်ပို့ပြီး သူ့အဖေဆီကို ပြန်လာပါတယ်။

အဲဒီအခါ ဦးဖိုးခင်က 'သမီးကြောက်သလား'လို့ မေးပါတယ်။ [illegible]ကြောက်ပါတယ် ဖေဖေ'လို့ မခင်မေက ပြန်ပြီး ဖြေပါတယ်။ 'သမီး [illegible]ကို ကြောက်တာလဲ'လို့ ဦးဖိုးခင်က ဆက်ပြီး မေးပါတယ်။ 'သံသရာ [illegible]ဆင်းရဲကို ကြောက်ပါတယ်ဖေဖေ'လို့ မခင်မေက ဖြေပါတယ်။ [illegible]ခင်လဲ အင်မတန် နှစ်သက်တဲ့အတွက် သာဓုသုံးကြိမ် ခေါ်ပါတယ်။ [illegible]လို့ ခေါ်ပြီး 'သံသရာဝဋ်ဆင်းရဲဆိုတာ ကြောက်ရမယ်၊ ကြောက်မှ [illegible]ဆင်းရဲတွေက လွတ်မှာပဲ၊ မကြောက်သရွေ့ ဘယ်တော့မှ လွတ်မှာ [illegible]ဘူးသမီး၊ အဲဒီတော့ ကြောက် ကြောက် ကြောက်၊ သံသရာဝဋ်[illegible]ရဲကို ကြောက်၊ ဒီသံသရာ ဝဋ်ဆင်းရဲကိုကြောက်တာကောင်းတယ်' [illegible] ပြောပြီး သာဓုခေါ်ပြန်တယ်။

အဲဒီလို သာဓုခေါ်ပြီးမှ 'သမီးရေ၊ ခြင်ထောင်ချပေးတော့ကွယ်၊ [illegible]သရွေ့ တရားအားထုတ်လိုက်ဦးမယ်'လို့ ဦးဖိုးခင်က ပြောပါတယ်။ [illegible]ဟာ ခြင်ထောင်ချပေးနေရင်း ဦးဖိုးခင်က 'သမီးရေ၊ သမီးအမေ [illegible]လေးကို တရားချပါကွယ်၊ ဆူဆူညံညံ မလုပ်ကြဖို့၊ ဆူညံ[illegible] သူတော်ကောင်းတွေ မနှစ်သက်ဘူး'လို့ ပြောပါတယ်။ ဒီ[illegible]ကား[illegible]ရတဲ့အခါ အင်မတန်ဉာဏ်ရှိတဲ့ မခင်မေရဲ့ စိတ်ထဲမှာ ဖေဖေက

www.burmeseclassic.com

www.burmeseclassic.com



သူသေရင် မငိုအောင် မေမေနဲ့ မတင်မေကို တရားအံချခိုင်းတယ်ဆိုတာ သဘောပေါက်ပါတယ်။ အဲဒီလို သဘောပေါက်တဲ့အတွက် 'ဟုတ်ကဲ့ ဖေဖေ'လို့ မခင်မေက ပြန်ပြောပါတယ်။ အဲဒီတော့ ဦးဖိုးခင်ကဆက်ပြီး 'သမီးရေ သမီး ဖေဖေ့ကို အခုလိုပြုစုရတာ အချိုးနှိမ့်မဖြစ်ပါဘူးကွယ်၊ သမီးကြောက်တဲ့ သံသရာဝဋ်ဆင်းရဲတွေက လွတ်မြောက်ရာ လွတ်မြောက် ကြောင်းအတွက် အထောက်အပံ့ ဖြစ်ပါလိမ့်မယ်'လို့ ပြောပြီး ဦးဖိုးခင် ဟာ စကားဆက်မပြောတော့ဘူး။ မခင်မေကလဲ 'ဖေဖေပေးတဲ့ဆုနဲ့ တစ်လုံးတစ်ဝတည်း ပြည့်စုံရပါစေ'လို့ ဆုတောင်းလိုက်ပါတယ်။

အဲဒီလိုပြောပြီး သမီးလိမ္မာ မခင်မေလဲ သူ့အမေနဲ့ ညီမကလေးကို သွားပြီး တရားချပါတယ်။ မခင်မေပြောတဲ့ စကားအတိုချုပ်ကတော့ တခြားမဟုတ်ပါဘူး။ 'ငိုတယ်ဆိုတာ မကောင်းတာဖြစ်မှ ငိုရတာ၊ သူ့ အဖေဟာ ကောင်းရာသုဂတိကိုရောက်မယ်ဆိုတာ သေချာနေမှပဲ၊ ဘာဖြစ်လို့ ငိုရမလဲ'ဆိုတာပဲ ဖြစ်ပါတယ်၊ ဒေါ်လှမေနဲ့ မတင်မေဟာလဲ 'မငိုတော့ ပါဘူး'လို့ မခင်မေကို ကတိပေးပါတယ်။

မခင်မေဟာ ခါတိုင်းလိုပဲ သူ့ဖေဖေရဲ့ ခုတင်နားမှာ စောင့်အိပ် ပါတယ်။ ခါတိုင်းဆိုရင် တစ်ညကို သုံးခါလောက်ထပြီး သူ့အဖေကို ထူ တယ်။ အဲဒီညမှာတော့ မထူရဘူး။ သူ့အဖေ ခေါ်နိုး ခေါ်နိုးနဲ့ မခင်မေဟာ အိပ်မပျော်နိုင်ဘူး။ မနက်လင်းလို့မှ ခေါ်သံမကြားတဲ့အတွက် တထိတ်ထိတ် ခြင်ထောင်ကို မကြည့်လိုက်တဲ့အခါ မခင်မေထင်တဲ့ အတိုင်း ဦးဖိုးခင် အသက်မရှိတော့ဘူး။ မခင်မေလဲ သူ့အမေနဲ့ ညီမကလေးကို အကြောင်း ကြားပါတယ်။ ဒေါ်လှမေက ကတိအတိုင်း မငို တော့ပါဘူး။ မတင်မေ ခဏကလေး ငိုလိုက်သေးတယ်။ မခင်မေက ဖေဖေ ဘာမှာသွားသလဲ သတိပေးလိုက်တော့မှ သတိရပြီး အငိုတိတ်သွားပါတယ်။

ဦးဖိုးခင်ဟာ သူများရဲ့ သာရေးနာရေးကိစ္စတွေမှာ အများကြီး ဆောင်ရွက်ခဲ့ဖူးတဲ့အတိုင်း သူ့အသုဘကိစ္စမှာလဲ အများက ဝိုင်းပြီး ကူညီဆောင်ရွက်ကြတဲ့အတွက် သိုက်သိုက်မြိုက်မြိုက် ပြီးဆုံးသွားပါတယ်။



ဦးဖိုးခင်မသေခင်က အကြိမ်ကြိမ် မှာထားတဲ့အတိုင်း မသာအိမ်မှာ ကစားဝိုင်း မရှိပါဘူး။ မသာချတဲ့အခါမှာလဲ အတီးအမှုတ်မပါဘဲ ကြေးစည်ရိုက်ပြီး ချပါတယ်။ သူ့ဆန္ဒအရ အောက်ပါ သံဝေဂလင်္ကာကို ခေါင်းတောင်မှာကပ်ပြီး မသာပို့သူတွေကို ဝေပါတယ်။

၁။ နနယ်ရုပ်ဆင်း၊ ပို့မျှစ်ခြင်းကား၊ အိုမင်းနောက်ဆုံး ရှိချေ၏။

၂။ ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်းနောက်ဆုံး ရှိချေ၏။

၃။ ခံ့မင်ခယ၊ ချစ်လွန်းကလည်း၊ သောကနောက်ဆုံး ရှိချေ၏။

၄။ ဝိညာဉ်ထင်လင်း၊ သက်ရှင်ခြင်းကား၊ သေခြင်းနောက်ဆုံး ရှိချေ၏။ ။

www.burmeseclassic.com

# ၂

# လက်သုပ်သည် ညီအစ်မ

ဦးဖိုးခင်ရဲ့ အသုဘတုန်းက မိတ်ဆွေတွေက ငွေအတော်ကူကြပါတယ်။ ဒါပေမယ့် ဦးဖိုးခင်ကို ကူတာ သူတို့ ကြားကဖြတ်ပြီး မစားကောင်းဘူးလို့ သားအမိသုံးဦး တိုင်ပင်ပြီး အကုန်လှူပစ်ပါတယ်။ အဲဒီတော့ ဦးဖိုးခင်အတွက် ရက်လည်ဆွမ်းကို ကျွေးပြီးတဲ့အခါ သူတို့ရဲ့လက်ထဲမှာ သူတို့ပိုင်ငွေဟာ ခုနစ်ကျပ်ခွဲလောက်ပဲ ရှိတော့တယ်။ ဒီခုနစ်ကျပ်ခွဲနဲ့ ဘယ်လိုစခန်းသွားကြမယ်ဆိုတာ သားအမိသုံးယောက် ထိုင်ပြီး တိုင်ပင်ကြပါတယ်။ နောင်ရေးနဲ့ပတ်သက်ပြီး ဒေါ်လှမေက တစ်မျိုးစဉ်းစားထားတယ်။ မခင်မေက တစ်မျိုးစဉ်းစားထားတယ်။ မတင်မေကတော့ အမေနဲ့ အစ်မကြီးတို့ ကြည့်ပြီး စီစဉ်ကြလိမ့်မယ်ဆိုပြီး ဘာမှ စဉ်းစားမထားဘူး။

သားအမိသုံးဦး ဆွေးနွေးပွဲမှာ အမေကြီး ဒေါ်လှမေကစပြီး 'မယ်ထင်တို့ဆီမှာ ငွေတစ်ထောင်လောက် သွားပြီးလှည့်ပါလားသမီးရယ်' လို့ မခင်မေကို ပြောတယ်။ မထင်ဆိုတာ ဦးဖိုးခင်ရဲ့ ညီမအထွေးဆုံးဖြစ်တယ်။ အတော်ကလေး ချောင်ချောင်လည်လည်ရှိတယ်။ ငွေတစ်ထောင်လောက်တော့ အခဲအယဉ်းမရှိဘဲနဲ့ ပေးနိုင်ပါတယ်။



ဒေါ်လှမေက ဒီလောက်နဲ့ပဲ ရပ်နေတဲ့အတွက် 'မေမေ စကားဆုံးအောင်ပြောပါဦး' လို့ မခင်မေက ပြောပါတယ်။

'အေးလေ၊ မယ်ထင်တို့ဆီမှာ ငွေတစ်ထောင်သွားလှည့်ပေါ့'

'ငွေတစ်ထောင်ရလာတော့ ဘယ်လိုလုပ်မလဲ'

'ငွေတစ်ထောင်ရလာတော့ ညည်းကြိုက်တဲ့ ဆိုင်ကလေးတစ်ဆိုင်ဈေးထဲမှာ ဖွင့်ပေါ့၊ ငါတော့ ဒါပဲ ပြောတတ်တယ်'

'မယ်တင်ပေကကော ဘာများ စဉ်းစားထားသလဲ' လို့ မခင်မေက သူ့ညီမကို မေးပါတယ်။

'မေမေတို့ မမတို့ ခိုင်းပေါ့၊ ခိုင်းတာလုပ်မှာပေါ့' လို့ မတင်မေက ခြိန်ပြီး ဖြေပါတယ်။

အဲဒီအခါ မခင်မေက 'မေမေတော့ သဘောတူမလား မဆိုနိုင်ဘူး၊ ကျွန်မ စဉ်းစားထားတာက တစ်မျိုးဖြစ်နေတယ်' လို့ ပြောပြီး ရပ်နေပါတယ်။

'ပြောစမ်းပါဦး ညည်းစဉ်းစားထားတာ' လို့ ဒေါ်လှမေက မေးပါတယ်။

'ကျွန်မအနေနဲ့ကတော့ ဘယ်သူ့ဆီမှာမှ ငွေမချေးချင်ဘူး'

'ငွေချေးချင်လို့ရယ် ဘယ်ဟုတ်မလဲ သမီးရယ်၊ ကိုယ့်မှာ မတတ်သာတဲ့အခါမို့ ချေးရတာပေါ့၊ မေမေ့မှာလဲ မာနရှိပါတယ်'

'ကျွန်မဟာက မာနမဟုတ်ဘူး မေမေ၊ ကျွန်မတို့ဟာ ရှေ့ကို ဘယ်လောက်သွားရဦးမှန်း မသိဘူး၊ စထွက်ကတည်းက သူများအားကိုးနဲ့ ပေးပါဆိုပြီး လက်ဖြန့်ထွက်လာတာကို ကျွန်မ မကြိုက်ဘူး၊ တတ်နိုင်သလောက် ကိုယ့်ကိုယ်ကို အားကိုးရမယ်၊ ကိုယ့်ကိုယ်ကို အားကိုးတာဟာ သူများကို အားကိုးတာထက် ပိုပြီး သေချာတယ်၊ ပိုပြီးတော့လဲ စိတ်ချမ်းသာရတယ်၊ ပိုပြီးတော့လဲ လွတ်လပ်တယ်၊ ဘယ်နေရာသွားသွား လိပ်ပြာလုံလုံနဲ့လဲ သွားရတယ်'

www.burmeseclassic.com



'ညည်းကိုယ်ညည်း အားကိုးနိုင်တဲ့နည်းရှိရင် လုပ်ပါ၊ မေမေ ကြိုက်ပါတယ်၊ ဘာများလဲ ညည်းဥစ္စာက'

'မေမေ စိတ်ကူးထားသလိုတော့ ကြီးကြီးကျယ်ကျယ် တစ်ထောင်နဲ့ စရတာမျိုး မဟုတ်ဘူး မေမေ'

'ဘယ်လိုဟာမျိုးလဲအေ'

'လက်သုပ်ဆိုင်ကလေးတစ်ဆိုင် ကျွန်မ ထွက်ချင်တယ်၊ နေ့ခင်း ဈေးထဲမှာ သွားရောင်းမယ်'

ဒေါ်လှမေက ရယ်ပါတယ်။ ဒါပေမယ့် မတင်မေကတော့ 'မမ ရောင်းရင် ကျွန်မလဲ ကူမှာပေါ့'လို့ ထောက်ခံပါတယ်။ ဒေါ်လှမေက ရယ်သေမယ့် ဖွဲ့ကောင်းတဲ့ မိခင်မေဟာ စိတ်ပျက်မသွားဘူး။ 'မေမေ သဘောတူရင် ဒီကနေ့ပဲ ကျွန်မ စီစဉ်တော့မယ်၊ ကျွန်မတို့ဟာ ထိုင်နေလို့ မဖြစ်ဘူး'လို့ ပြောပါတယ်။ ဒေါ်လှမေက 'လက်သုပ်ဆိုင်ထွက်ချင်တောင် ညည်းရဲ့ ခုနစ်ကျပ်ခွဲနဲ့ ထွက်လို့မရပါဘူး၊ သူများဆီမှာ သွားလှည့်ရဦးမှာပဲ'လို့ ဆက်ပြောပါတယ်။ 'မလှည့်ရပါဘူး မေမေ၊ ကျွန်မမှာ ရွှေဆွဲကြိုးကလေးတစ်ကုံး ရှိသေးတယ်၊ အရေးကြုံလာရင် သုံးဖို့ဆိုပြီး ကျွန်မ သိမ်းထားတယ်၊ အဲဒါကလေးနဲ့ အရင်းလုပ်ရမယ်'လို့ မခင်မေက ပြောပါတယ်။ 'ညည်းတို့လုပ်နိုင်ရင် လုပ်ကြပါအေ၊ ငါမကန့်ကွက်ပါဘူး'လို့ အမေကြီးက ပြောလိုက်တာနဲ့ တစ်ပြိုင်နက် မခင်မေဟာ ညီမလေး မတင်မေနဲ့ နှစ်ယောက် စီစဉ်စရာရှိတာတွေကို စီစဉ်ပါတယ်။ အမေကြီးက 'ညည်းတို့ဟာ ရက်ရာဇာကလေး ဘာလေး ရွေးပါဦးကွယ်'လို့ လှမ်းပြောတဲ့ အခါ၊ 'ဒါတွေကို အယုံအကြည်မရှိပါနဲ့ မေမေ၊ ရက်ရာဇာရွေးပြီး လုပ်တဲ့ အလုပ်တွေ ပျက်ပျက်သွားတာ တပုံကြီးပဲ မဟုတ်ဘူးလားမေမေ၊ ဖေဖေပေးခဲ့တဲ့ ဂါထာထဲမှာပါတဲ့အတိုင်း ကံကိုသာ ယုံပါမေမေ၊ ကျွန်မတို့တော့ ဒီနေ့ စီစဉ်ပြီး မနက်ဖြန် ထွက်မှာပဲ'လို့ မခင်မေက ပြောတဲ့ အတွက် ဒေါ်လှမေလဲ ဘာမှ ဆက်မပြောတော့ဘူး၊ သူ့အင်မတန်ကြိုက်တဲ့ ပြောင်းဖူးဖက် ဆေးလိပ်ကြီးကိုသာ ဖွာနေတော့တယ်။



နောက်နေ့ဆိုင်ထွက်ဖို့အတွက် အားလုံး စီစဉ်စရာရှိတာတွေကို စီစဉ်ပြီးတဲ့အခါ မခင်မေဟာ ညီမလေး မတင်မေကို သူ့အနားမှာ အထိုင်ခိုင်းပြီး 'ကဲ မတင်မေရေ၊ မနက်ဖြန်ကျရင် လူပေါင်းစုံရှုပ်ထွေးနေတဲ့ ဈေးထဲမှာ တို့ညီအစ်မ ဆိုင်ထွက်ရတော့မယ်၊ အဲဒီတော့ တို့ညီအစ်မနှစ်ယောက် စလုံးဟာ ဣန္ဒြေအထူးရှိရလိမ့်မယ်ဟော့၊ ညည်းမေ့သွားပြီလားကွယ်၊ မမပြောအားတာ၊ မမပြန်ပြီး မေးစမ်းပါရစေကွယ်၊ ဣန္ဒြေဆိုတာဘာလဲ'လို့ မေးပါတယ်။ 'ဣန္ဒြေဆိုတာ စောင့်ထိန်းတာ'လို့ မယ်တင်မေက ပြန်ပြီးပြောပါတယ်။ 'ဘာကို စောင့်ထိန်းရမလဲ'လို့ မခင်မေက ဆက်ပြီးမေးပါတယ်။ 'မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ ကိုယ်ရယ်၊ စိတ်ရယ် စောင့်ထိန်းရမယ်'လို့ မတင်မေက ပြန်ပြီးဖြေပါတယ်။ မခင်မေက သာဓု သုံးကြိမ်ခေါ်ပြီး 'ဒါတွေကို ဘယ်လိုစောင့်ထိန်းရမလဲ'လို့ ဆက်ပြီး မေးပါတယ်။ အဲဒီအခါ မတင်မေက 'မျက်စိနဲ့ တောင်ကြည့် မြောက်ကြည့် မကြည့်နဲ့၊ ဘယ်သူနဲ့ပဲ စကားပြောရ ပြောရ မျက်စိက မကလက်နဲ့၊ တည်တည်ကြည်ကြည်ကြည့်ပြီးတော့ အကုသိုလ်ဖြစ်မယ့်ဟာတွေဆိုရင် မကြည့်မိအောင်၊ နား မထောင်မိအောင် မရှူရှိုက်မိအောင်၊ မစားမသောက်မိအောင်၊ မထိမတွေ့မိအောင်၊ စိတ်မကူး မိအောင် အစွမ်းကုန်ထိန်းရမယ်'လို့ ပြန်ဖြေပါတယ်။ အစ်မကြီး မခင်မေက 'သာဓုကွယ်၊ သာဓု သာဓု၊ ဒီအတိုင်း ထိန်းနိုင်ရင် မိန်းမလဲ မိန်းမကောင်း၊ ယောကျ်ားလဲ ယောကျ်ားကောင်းပဲ၊ ဒီအတိုင်း ထိန်းနိုင်ရင် ယောကျ်ားလဲ ဣန္ဒြေရှိတဲ့ ယောကျ်ားပဲ၊ မိန်းမလဲ ဣန္ဒြေရှိတဲ့ မိန်းမပဲ၊ မထိန်းနိုင်ကြရင်တော့ ဣန္ဒြေမဲ့တဲ့၊ မကောင်းတဲ့၊ ဆိုးတဲ့ ယောကျ်ားတွေ မိန်းမတွေ ဖြစ်ကုန်ကြမှာပဲ၊ အဲဒါကိုတော့ ညီမကလေးရေ ရွှတ်ပြရုံလောက်သာ သဘောမထားဘဲ တကယ်တမ်း ကျင့်နိုင်အောင်လဲ အစွမ်းကုန်ကြိုးစား ပါကွယ်'လို့ ညီမကလေးအတွက် စိတ်ပူပြီး အစ်မကြီး မခင်မေက မှာနေရှာပါတယ်။

ဉာဏ်ရှိတဲ့ မခင်မေဟာ လက်သုပ်ဆိုင်ကလေးပဲဆိုပြီး ပေါ့ပေါ့ဆဆ မလုပ်ဘူး။ စာရင်းစာအုပ်တစ်ခုထားပြီး ထွက်သမျှ အကုန်မှတ်ထား

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဝင်သမျှ အကုန်မှတ်ထားတယ်။ အဲဒီတော့ နေ့စဉ် ဘယ်လောက် ဝင်တယ်၊ ထွက်တယ်ဆိုတာ အမြဲသိနေတာပေါ့။ အဲဒီ အဝင်အထွက်ကို ကြည့်ပြီး အိမ်သုံးစရိတ်ကို ပြုပြင်သွားတယ်။ စုငွေကိုလဲ ကြည့်ပြီး စုသွားတယ်။

ပွဲလမ်းသဘင်ဟာ အကျင့်စာရိတ္တ ပျက်စေတယ်။ ပိုက်ဆံကုန်တယ်၊ အချိန်ကုန်တယ်၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ မမေ့မလျော့သတိရဲ့ ဆန့်ကျင်ဖက်ဖြစ်တယ်ဆိုတဲ့ လောကီကြောင်း လောကုတ္တရာကြောင်းတွေကို ပြပြီး မခင်မေဟာ ညီမကလေး ပွဲလမ်းသဘင်ဆိုလို့ ဘယ်ပွဲလမ်းသဘင်ကိုမှ မသွားအောင် နားချထားတယ်။ မိတ်ဆွေသင်္ဂဟတွေက သူတို့ ညီအစ်မတွေအတွက် ရုံဝင်ခခံမယ်ဆိုပြီး ခေါ်တဲ့အခါ ကိန်းခန်းကြီးတယ်လို့ အထင်မခံရအောင် မခင်မေကိုယ်တိုင် ပဆစ်ဒူးတုပ်ပြီး လာခေါ်တဲ့လူတွေကို နားဝင်အောင် ပြောပါတယ်။ အမေကြီးခေါ်လှမေကိုတော့ အထူး ပြောစရာမလိုဘူး။ ဒူးနာနေတာနဲ့ အိမ်ထဲက အိမ်ပြင်ကို မထွက်နိုင်ဘူး။

အဝတ်အစားဆိုပြန်ရင်လဲ တစ်နှစ်အတွင်း ရှိသမျှ အဟောင်းတွေကိုပဲ ဝတ်ကြမယ်။ အသစ်တစ်ထည်မှ မဝယ်တမ်းလို့ သားအမိသုံးယောက် တိုင်ပင်ထားပါတယ်။

အစားအသောက်ကျတော့လဲ ဒီလိုလုပ်တယ်။ အမေကြီးမှာ ကြိုက်တာ သုံးခုရှိတယ်။ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ဖွာနေချင်တယ်။ ညအိပ်တဲ့အခါ ကရက်မက်ကို ခြေဆုံးခေါင်းဆုံး လိမ်းပြီး အိပ်ချင်တယ်။ မနက် အိပ်ရာကထတဲ့အခါ ကော်ဖီတစ်ခွက် သောက်ချင်တယ်။ အဲဒီ သုံးခုကို ဖြတ်မပစ်ဘူး။ ရှေးကအတိုင်း ဝတ်မပျက်ရအောင် မခင်မေ စီမံထားတယ်။

သူတို့ ညီအစ်မနှစ်ယောက်အတွက်ကတော့ ညကကျန်တဲ့ ထမင်းကြမ်းနဲ့ အမြဲတမ်းကြော်ထားတဲ့ ငါးပိကြော်နဲ့ အိမ်မှာ အမြဲအချဉ်ထည့်ထားတဲ့ ချဉ်ဖတ်တစ်ခုခုနဲ့ စားလိုက်တာပဲ။ တစ်ခါတလေ ပဲပြုတ်ကလေး၊



တစ်ခါတလေငါးခြောက်ဖုတ်ကလေး၊ တစ်ခါတလေ ညကကျန်တဲ့ ဟင်းကျန်ကလေးကိုလဲ စားရတယ်။ အဲဒါဟာ မနက်စာအတွက် ပြီးရော။ ကော်ဖီမသောက်ဘူး၊ လက်ဖက်ရည်မသောက်ဘူး။ တခြား ဘာမှမစားဘူး။

အမေကြီးတစ်ယောက်စာအတွက်ကတော့ ထမင်းလက်သုပ်လုပ်ဖို့ ချက်တဲ့ ထမင်းထဲက နည်းနည်းခွဲပေးတယ်။ နံနက်ဖက်မှာ အမေကြီးလဲ ငါးခြောက်ဖုတ်နဲ့ ငါးပိကြော်နဲ့ ချဉ်ဖတ်နဲ့ စားရတာပဲ။ လက်သုပ်ရောင်းတာက နေ့လည် ၁၂ နာရီက စရင် နာရီပြန် နှစ်ချက်လောက်မှာ ကုန်တယ်။ ဆိုင်သိမ်းတဲ့အခါ တစ်ခါတစ်ရံ ငါးစိမ်းတန်းကိုဝင် အမေကြီး တစ်ယောက်စာအတွက် သားစိမ်း ငါးစိမ်းကလေးဝယ်ပြီး အမေကြီးကို ချက်ကျွေးတယ်။ ဒါက အမေကြီးတစ်ယောက်အတွက် တစ်ခါတစ်ရံ အထူးကျွေးတာ။ နေ့တိုင်း ညစာအတွက်ကတော့ ငါးခြောက်နဲ့ ဟင်းသီးဟင်းရွက် ရောချက်တဲ့ဟင်း။ တစ်ခါတစ်ခါ ပုစွန်ခြောက်နဲ့ ဟင်းသီးဟင်းရွက် ရောချက်ထားတဲ့ဟင်း။ တစ်ခါတစ်ခါ ငါးရှူငါးပိကောင်နဲ့ ဟင်းသီးဟင်းရွက် ရောချက်ထားတဲ့ဟင်း။ အဲဒီဟင်းမျိုးတွေ နေ့စဉ် တစ်ခွက်ကောင်းပဲ စားတယ်။

အဲဒီ ဟင်းတစ်ခွက်ကောင်းမှာ တစ်ခါတစ်ရံ ချဉ်ဖတ်၊ တစ်ခါတစ်ရံ တို့စရာ သစ်သီးသစ်ရွက် အစိမ်း၊ တစ်ခါတစ်ရံ အမြဲတမ်းကြော်ပြီး ပုလင်းထဲထည့်ထားတဲ့ ငါးပိကြော်၊ တစ်ခါတစ်ရံ ရေတ်သီးထောင်း၊ တစ်ခါတစ်ရံ ရေတ်သီးငံပြာရည်ဖျော်။ အဲဒါကလေးနဲ့ပဲ ပြီးစလွယ် စားလိုက်တယ်။ နေ့စဉ်နဲ့အမျှ ဒီဟင်း ဒီတို့စရာ ဒီငရုတ်သီးထောင်းကိုချည်းပဲ ထပ်ခါတလဲလဲ စားနေရတဲ့အတွက် ညီမကလေး မယ်တင်မေ စိတ်များ မချမ်းမသာ ဖြစ်နေမလားလို့ သံသယဖြစ်တဲ့အခါ 'မယ်တင်မေရေ၊ အခုလို အဆင်းရဲ ခံပြီးစားနေတာ ကပ်စေးနဲ့တာ မဟုတ်ဘူးနော်၊ တို့မှာအလုပ် အထည်ကြီးရှိတာ မဟုတ်ဘူးဟော့၊ အဲဒီတော့ ဘယ်သူ့ရှေ့မှာမှ မျက်နှာအောက်မချရဘဲ ထမင်းလုပ်ကလေးတစ်လုပ်ကို တစ်သက်လုံးမှန်မှန်စားသွားနိုင်အောင် တို့အင်မတန်ခြိုးခြံရမယ်၊ အင်မတန်ကြီးခြိုးခြံနိုင်မှ တို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



တော်ရုံပဲရှိမယ်၊ အဲဒီတော့ မယ်တင်မေရေ၊ ကပ်စေးနှဲတာနဲ့ ခြိုးခြံတာဟာ မတူကြဘူးဆိုတာ သဘောပေါက်နော် ညီမလေး’လို့ မခင်မေက သတိပေးပါတယ်။ အဲဒီအခါ ညီမကလေး မတင်မေက ‘ဒီဟင်းတွေကို ကျွန်မ မစားနိုင်ဘူးထင်ပြီး မမက သတိပေးနေတာပါ၊ ကျွန်မ သိပါတယ်၊ စားနိုင်ပါတယ် မမရယ်၊ တစ်နေ့လုံး ဘာမှ မစားရလို့ ဆာနေတာပဲ၊ စာတဲ့အခါ ဘာနဲ့စားရ စားရ ဝင်တာပဲ မမရဲ့’လို့ ပြန်ပြောပါတယ်။

သူတို့ကိုယ်တိုင် ဒီလို အဆင်းရဲခံပြီးစား၊ အဆင်းရဲခံပြီး ဝတ်နေပေမယ့် လှူဖို့ကိုတော့ မခင်မေဟာ မမေ့ဘူး။ သူတို့ ဆင်းရဲတာဟာ သူတို့ဟာ လွန်ခဲ့တဲ့ ဘဝတွေတုန်းက မလှူခဲ့လို့ပဲဆိုတာ မခင်မေ ကောင်းကောင်းသိတယ်။ ဒါကြောင့် ဘုရားကို ကော်ဖီ၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ ပန်း နေ့စဉ်ကပ်တဲ့ဒါန၊ မိခင်အိုကြီးကို ကောင်းကောင်းမွန်မွန် ကျွေးမွေးပြုစုတဲ့ဒါနတွေအပြင် နေ့စဉ် အဝင်အထွက်ကိုကြည့်ပြီး တတ်နိုင်သလောက် စုဘူးကလေးတစ်ခုထဲမှာ စုသွားပါတယ်။ အတော်ကလေး စုမိတဲ့အခါ ဖောက်ဖောက်ပြီး စာပြန်ပွဲနဲ့ သာသနာ့ရိပ်သာအတွက် လှူပါတယ်။

အစားအသောက်၊ အဝတ်အစား၊ အပျော်အပါးတွေမှာသာ မခင်မေဟာ စည်းကမ်းလုပ်ထားတာ မဟုတ်ဘူး။ တခြားကိစ္စတွေမှာလဲ စည်းကမ်းလုပ်ထားသေးတယ်။ ညစာ ထမင်းစားပြီး တအောင့်လောက် နားတယ်။ နားပြီးတော့ မခင်မေဟာ ဓမ္မပဒဖြစ်ဖြစ်၊ ဇာတ်ကြီးဆယ်ဘွဲ့ကိုဖြစ်ဖြစ်၊ ဗုဒ္ဓဝင်ကိုဖြစ်ဖြစ်၊ တခြား ကျမ်းစာအုပ်တစ်ခုခုကိုဖြစ်ဖြစ် အမေကြီးနဲ့ ညီမကလေးကို လေးဆယ့်ငါးမိနစ်၊ တစ်နာရီလောက် ဖတ်ပြပါတယ်။ တစ်ခါတစ်ခါလဲ သူ့အဖေ မသေခင်က ဟောသွားတဲ့ တရားတွေကို ပြန်ပြောပြပါတယ်။ တစ်ခါတစ်ခါလဲ သူကိုယ်တိုင် ဖတ်ကြား သင်ယူထားတဲ့ တရားတွေကို ဟောပါတယ်။

ဒီလို ဖတ်ပြ ပြောဟောပြီးတော့ ညီမကလေး မယ်တင်မေဟာဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တွေကို အိမ်ထဲမှာ စင်္ကြံလျှောက်ရင်း တစ်နာရီထက်မနည်း ပွားများရပါတယ်။ အဲဒီလို ပွားများတဲ့



အခါမှာ ပါးစပ်ကချည်းပဲ ပွားများနေတာမဟုတ်ဘဲ ရွတ်နေတဲ့ ပါဠိတွေကို စိတ်ထဲမှာ အနက်ထင်အောင် သတိထားပြီးရွတ်ရမယ်ဆိုတာနဲ့ တစ်နာရီထက်မနည်း စင်္ကြံလျှောက်ရင်းရွတ်ရမယ်ဆိုတဲ့ အချက်နှစ်ချက်ကို မခင်မေဟာ မကြာခဏ သတိပေးပါတယ်။ မယ်တင်မေကလေးဟာ စင်္ကြံတစ်နာရီလျှောက်ပြီးတဲ့အခါ ဘုရားရှိခိုးတာနဲ့ ဗြဟ္မစရိယ ငါးပါးသီလယူတာကို ပြီးအောင် အတော် စိတ်တင်းထားရပါတယ်။ ဘုရားရှိခိုး၊ သီလယူပြီး အိပ်ရာထဲဝင် ခေါင်းအုံးပေါ်ခေါင်းချလိုက်တာနဲ့ တစ်ချက်တည်း အိပ်ပျော်သွားတာပဲ။

အမေကြီးနဲ့ ညီမကလေးကို ဖတ်ပြ ဟောပြောပြီးတဲ့အခါ ခင်မေ ကိုယ်တိုင်လဲ တစ်နာရီလောက် စင်္ကြံလျှောက်ရင်း ရတနာသုံးပါးဂုဏ်တော်များ ပွားများပါတယ်။ ဒီနောက် ဘုရားရှိခိုး၊ ဗြဟ္မစရိယ ငါးပါးသီလကို ယူပြီးတော့ သူ့အဖေသင်ထားတဲ့အတိုင်း ခန္ဓာငါးပါးမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးတင်ပြီး နာရီဝက်လောက် ဆင်ခြင်ပါတယ်။ ဒီလိုဆင်ခြင်ပြီးတော့မှ အမေကြီးကိုတွဲပြီး အိပ်ရာထဲသို့ ပို့ပါတယ်။ ဒေါ်လှမေဟာ ခြေထောက်နာကြောင့် ထိုင်ပြီးဘုရားရှိမခိုးနိုင်ဘူး။ အိပ်ရင်း ဘုရားရှိခိုး၊ ဗြဟ္မစရိယ ငါးပါးသီလကို ယူရတယ်။ အမေကြီးကို ခြင်ထောင်ချပေးရင်း ညစဉ်ညတိုင်း မခင်မေလုပ်နေကျ ဝတ်သုံးခုရှိတယ်။ တစ်ခုက သူ့အမေကြီးကို သူပြုခဲ့တဲ့ ကုသိုလ်တွေ သူရွတ်ခဲ့တဲ့ ပရိသတ်တွေ၊ သူပွားခဲ့တဲ့ ဂုဏ်တော်တွေကို ဖော်ပြပြီး အမျှဝေတဲ့ ဝတ်ဖြစ်တယ်။ နောက်တစ်ခုက သူ့အမေက ပြန်ပြီး ဝေတဲ့အမျှကို သာဓုသုံးကြိမ်ခေါ်တဲ့ဝတ်ဖြစ်ပါတယ်။

နောက်တစ်ခုက သူသင်ပေးထားတဲ့အတိုင်း ခန္ဓာငါးပါးမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးတင်ပြီး အိပ်မပျော်ခင် ရှုနိုင်သလောက် ရှုပါမေမေလို့ သူ့အမေကို သတိပေးတဲ့ဝတ်ပဲ ဖြစ်ပါတယ်။ အဲဒါပြီး သူလဲ အိပ်တာပဲ။ သူတို့ အိမ်သားအားလုံးဟာ ည ကိုးနာရီမထိုးခင် အိပ်ရာထဲ အသီးသီးဝင်ပြီးသား ဖြစ်နေကြပြီ။ ဒီလို စောစောစော အိပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် သားအမိသုံးယောက် ဟိုရောက် သည်ရောက်တဲ့ တွေ့ကရာ သိမ် ဖျင်းတဲ့စကားတွေကို မပြောရတော့ဘူး။ အဲဒီအတွက် သမ္မလာပဝါစာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိဆိုတဲ့ သိက္ခာပုဒ်ကိုလဲ သားအမိ သုံးယောက်စလုံး လုံလုံခြုံခြုံ စောင့်ထိန်းပြီးသားဖြစ်သွားတယ်။

စောစောအိပ်တဲ့အတွက် ရေနံဆီ အကုန်လဲသက်သာတယ်။ ဒါတင် မကသေးဘူး။ ဒီလို စောစောအိပ်တဲ့အတွက် နောက်တစ်နေ့ စောစောထနိုင်တယ်။ ဒီလို စောစောအိပ် စောစောထတဲ့အတွက် 'စောစောအိပ်ထ ပြုကျင့်က တွင်းပကိုယ်ခန္ဓာ၊ ရောဂါခပ်သိမ်း ရှောင်ခွာတိမ်း၊ ကင်းငြိမ်း လွန်ချမ်းသာ'ဆိုတဲ့ ကျန်းမာရေးဆောင်ပုဒ်နဲ့လဲ ညီညွတ်တယ်။ နတ်ကောင်းနတ်မြတ်တွေကလဲ ဒီလို စောစောအိပ် စောစောထတဲ့လူတွေကို ချစ်မြတ်နိုးကြတယ်။

မခင်မေဆိုတဲ့ သူငယ်မလေးဟာ အသက် တွက်ကြည့်လိုက်တော့ နှစ်ဆယ်တောင် မပြည့်သေးဘူး။ ဒါပေမယ့် သူ စီစဉ်ထားတာတွေကို ကြည့်လိုက်ရင် အကျိုးမဲ့ဆိုတာ တစ်ခုမှ မရှိဘူး။ အခု မျက်မှောက်အကျိုး၊ လောကအကျိုးရင်လဲ ရှိရမယ်။ လောကုတ္တရာအကျိုးရင်လဲ ရှိရမယ်။ နှစ်ခုစလုံး အကျိုးရှိရင်လဲ ရှိရမယ်။ ကဲလေ ကြည့်ပါလား၊ ညီမလေး မတင်မေဟာ အိပ်ရာထဲဝင်ပြီး တောင်စိတ်ကူး မြောက်စိတ်ကူးကူးနေတာတွေမလုပ်စေချင်တော့ တစ်နာရီ စကြ်လျှောက်ရင်း ဂုဏ်တော်ကို အပွားခိုင်းထားတယ်။ လမ်းလျှောက်ရတာမောပြီး မယ်တင်မေကလေးဟာ ခေါင်းအုံးပေါ် ခေါင်းချလိုက်တာနဲ့ တစ်ချက်တည်း အိပ်မောကျသွားတာပဲ။ မခင်မေ စီစဉ်ရင် ဒီလို အကြောင်းလေးတွေဟာ အနည်းဆုံး တစ်ခုတော့ ပါတာပဲ။

နံနက်ဘက်ဆိုရင် မခင်မေဟာ လေးနာရီထက်နောက်မကျဘဲ နေ့စဉ် အိပ်ရာကထပါတယ်။ ညီမကလေးကိုတော့ နံနက် ငါးနာရီအထိ အိပ်စေပါတယ်။ မခင်မေဟာ မျက်နှာသစ်ပြီး သူ့အဖေမှာထားတဲ့အတိုင်း ဘုရားရှိခိုး၊ ဗြဟ္မစရိယငါးပါးသီလကိုယူ၊ ရေချမ်းကပ်၊ မေ္တစကြာနဲ့ အနတ္တလက္ခဏာသုတ်ကို ရွတ်တဲ့အခါရွတ်၊ ပရိသတ်ကြီး ဆယ့်တစ်သုတ်ကို



ရွတ်တဲ့အခါ ရွတ်၊ သတိပဋ္ဌာန်ကို ရွတ်တဲ့အခါ ရွတ်၊ ပဋ္ဌာန်းကို ရွတ်တဲ့အခါ ရွတ်၊ တစ်ခါတစ်ခါ သူအလွတ်ရထားတဲ့ တရားတော်တွေကို ရွတ်တဲ့အခါ ရွတ်၊ အရပ်ဆယ်မျက်နှာဖြန့်ပြီး ငါးရာ့နှစ်ဆယ့်ရှစ်သွယ် မေတ္တာပို့အမျှအတမ်းဝေပြီးမှ ဘုရားအတွက်နဲ့ သူ့အမေအတွက် ကော်ဖီ ဖျော်တယ်။ ဘုရားကို ကော်ဖီအရင်ကပ်လိုက်တယ်။ ဘုရားကို ရေချမ်းမကပ်ရသေးရင် သူတို့အိမ်သားတွေ ဘယ်သူမှ ရေမသောက်ကြဘူး။ ဘုရားကို ကော်ဖီမကပ်ရသေးရင် သူ့အမေကြီးကလဲ ကော်ဖီမသောက်ဘူး။ ဘုရားကို ဆွမ်းတော်ကပ်ရသေးရင် သူတို့ ညီမနှစ်ယောက်ကလဲ နံနက်တိုင်း စားနေကျ ထမင်းကြမ်းကို မစားဘူး။ ဒါတွေလဲ သမီးကြီးမခင်မေရဲ့ အစီအစဉ်တွေချည်းပဲ။

အဲဒီလို ဘုရားကို ကော်ဖီကပ်ပြီးမှ အမေကိုနှိုး၊ သူအဆင်သင့်ထုပ်ပေးထားတဲ့ သွားတိုက်စရာတို့၊ ရေတို့နဲ့ သွားတိုက်၊ မျက်နှာသစ်စေပါတယ်။ ဒီနောက်မှ ကရားကို ဂွမ်းအုပ်ကလေးနဲ့ အုပ်ထားလို့ အေးမသွားသေးတဲ့ ကော်ဖီပူပူနွေးနွေးကလေးကို သူ့အမေကို တိုက်ပါတယ်။

သူ့အမေ ကော်ဖီသောက်ပြီးတဲ့အခါ အမေကို အိမ်ရှေ့ထုတ်ထားခဲ့ပြီး ညီအစ်မနှစ်ယောက် ဆိုင်ထွက်ဖို့ ကိစ္စတွေကို စီစဉ်ကြပါတယ်။ နံနက် ကိုးနာရီလောက်မှာ အားလုံးစီစဉ်ပြီးတဲ့အခါ ညီအစ်မနှစ်ယောက်စလုံး ရေမိုးချိုးပြီး သနပ်ခါးရေကျဲကလေးကို မျက်နှာနဲ့ ကိုယ်ကို လူးကြပါတယ်။ သူတို့ ပေါင်ဒါကို အကျင့်မလုပ်ဘူး။ အဲဒီလို လူးပြီးတဲ့နောက်မှ မခင်မေဟာ ဆွမ်းတော်ကပ်ပါတယ်။ ဆွမ်းတော်ကပ်ပြီးတာနဲ့ ညီအစ်မနှစ်ယောက် စားနေကျ ထမင်းကြမ်းကို စားကြတာပဲ။ အမေကြီးကိုတော့ ထမင်းကြမ်းမကျွေးဘူး။ ထမင်းလက်သုပ်အတွက်ချက်တဲ့ ထမင်းအိုးထဲက နည်းနည်းယူပြီး ဦးဦးဖျားဖျား ဆွမ်းတော်ကပ်လိုက်ပါတယ်။ နောက် အမေကြီးတစ်ယောက်စာအတွက် နည်းနည်းယူပြီး ဦးချထားလိုက်ပါတယ်။ နံနက်ဆယ်နာရီခွဲလောက်မှာ အမေကြီးကို နံနက်စာပြင်ကျွေးပါတယ်။ ဆယ့်တစ်နာရီခွဲလောက်ကျတော့ အမေကြီးကို ပက်လက်ကုလားထိုင် တစ်လုံးပေါ်မှာ တင်၊ စိတ်ပုတီးကို ပက်လက်ကုလားထိုင်

www.burmeseclassic.com

www.burmeseclassic.com



အစွန်းမှာချိတ်၊ သူအင်မတန်ကြိုက်တဲ့ ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို အနားမှာ ချထားပေးခဲ့ပြီး ညီအစ်မ နှစ်ယောက် လက်သုပ်ရောင်းရအောင် ထွက်ခဲ့တာပါပဲ။

ဒီလိုထွက်တဲ့အခါ မခင်မေက လက်သုပ်ဗန်းကြီးကို ရွက်တယ်။ မခင်မေလေးဟာ ဆွေမျိုးကိုပဲဖြစ်ဖြစ် သူစိမ်းကိုပဲဖြစ်ဖြစ် မျက်နှာအောက်ကျပြီး လက်ဖြန့်တောင်းရမှာ ရှက်တယ်။ ဒီလို ရိုးရိုးသားသားလုပ်စားဖို့အတွက် ဘာလုပ်ရမှာကိုမှ မရှက်ဘူး။ ဒီသူငယ်မကလေးဟာ မိန်းမတန်မဲ့ ဣန္ဒြေမရှိဘူး။ ပျံလွှားတွေလို ဟိုပျံဒီပျံနဲ့ တပျံထဲ ပျံနေတာပဲလို့ သူများ မေးငေါ့ခံရမှာကို ရှက်တယ်။ ဒီလို ရိုးရိုးသားသား လုပ်စားဖို့အတွက် ဘာလုပ်ရမှာကိုမှ မရှက်ဘူး။ ပစ္စည်းရှာတဲ့နေရာမှာ မရိုးမသား၊ မစင်မကြယ် ရှုပ်ရှုပ်ပွေပွေ ရှာရမှာကို ရှက်တယ်။ ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ်၊ တည်တည်ကြည်ကြည်၊ စင်စင်ကြယ်ကြယ်၊ ဣန္ဒြေရရရှာရတဲ့ အလုပ်ဆိုရင် ဘာလုပ်ရမှာကိုမှ မရှက်ဘူး။

အမေကြီးက သမီးတွေ ဒီလို ဆင်းဆင်းရဲရဲလုပ်ရတာ မကြည့်ရက်လို့ ဝမ်းနည်းပက်လက်ဖြစ်ပြီး မချိတင်ကဲဖြစ်ပြီး 'သမီးရယ် ညည်းဒီဗန်းကြီးရွက်တာကို မေမေ မကြည့်ရက်ပါဘူး၊ မေမေ ဆေးလိပ်လဲဖြတ်ပါ့မယ်၊ ကော်ဖီလဲ ဖြတ်ပါ့မယ်၊ ကရမက်လဲ ဖြတ်ပါ့မယ်၊ အဲဒီပိုက်ဆံနဲ့ ဗန်းရွက်တဲ့ ကူလီတစ်ယောက်ငှားပါ'လို့ မျက်ရည်ကလေးစစ ငိုသံကလေးပါပါနဲ့ ပြောရှာပါတယ်။ အဲဒီအခါ မခင်မေက 'မေမေရယ် ဒီလိုကိုယ်တိုင်လုပ်ပြီး မွေးသမိခင် ကျေးဇူးရှင်ကို ကျေးဇူးဆပ်ရတယ်ဆိုတာ အင်မတန်ကြီး ကုသိုလ်ရပါတယ်၊ သမီးတို့ ကုသိုလ်တွေ နေ့စဉ်ရနေတာ မေမေက မရစေချင်လို့လား'လို့ တစ်ခါသာပြောရတယ် အမေကြီးလဲ 'မဟုတ်ရပါဘူးအေ' ဆိုပြီး နောက်ထပ် မပြောရဲတော့ဘူး။

အဲဒါကြောင့် မခင်မေက နေ့တိုင်း ဗန်းရွက်တယ်။ ညီမကလေး မတင်မေက ပန်းကန်တွေထည့်ထားတဲ့ သံပုံးကို ဆွဲတယ်။ အစ်မကြီးက မကြည့်ရက်လို့ ညီမကလေး မတင်မေက လက်သုပ်ဗန်းကြီးကို အတင်



ရွက်ဖို့ကြတယ်။ ဒါပေမယ့် မရဘူး။ အစ်မကြီး မခင်မေက 'တရားမစောင့်တဲ့လူဟာ ဒီဘဝမှာပဲဖြစ်ဖြစ် နောင်ဘဝမှာပဲဖြစ်ဖြစ် ဆင်းရဲကြာရှည်တတ်တယ်၊ တရားမစောင့်တဲ့လူဆိုတာ ဘယ်လိုလူမျိုးလဲ၊ အကြီးအကဲဖြစ်ပြီး စားစရာရှိရင်တော့ ကိုယ့်ထက်ငယ်သူတွေကို ပိုခိုင်းပြီး ရေသာခိုနေတယ်၊ သားနဲ့ ရင်ဆိုင်တွေ့ရရင်တော့ ကိုယ့်ထက်ငယ်သူတွေကို ပစ်ပြီး ကဆုန်ပေါက်ပြေးတယ်။ အဲဒီလူမျိုးကို တရားမစောင့်တဲ့လူလို့ ခေါ်တယ်၊ အဲဒီတော့ ဒီဗန်းကို မမ မရွက်နိုင်တဲ့အခါ ညည်းရွက်ရမယ်၊ မမ ရွက်နိုင်သရွေ့ ညည်း မရွက်ရဘူး'လို့ တရားချပါတယ်။ အဲဒီအခါ မတင်မေကလေးက 'မမကိုတော့ စကားပြိုင်ပြောလို့ ဘယ်သူမှနိုင်မှာ မဟုတ်ဘူး၊ မေမေလဲ နိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် တစ်ခုတော့ပြောချင် သေးတယ်၊ တစ်ခါတလေ မမ နေထိုင်မကောင်းတဲ့အခါ ကျွန်မ ဆိုင်ထွက်ရမယ် မဟုတ်လား၊ အဲဒီအခါမျိုးမှာ ကျင့်သားရနေအောင် အမြဲမဟုတ်တောင် တစ်ခါတစ်ခါ ရွက်ဖို့ခွင့်ပေးပါမမ'လို့ ပြောပါတယ်။ မယ်တင်မေပြောတာ တရားနည်းလမ်းကျတဲ့အတွက် အစ်မကြီးမခင်မေဟာ သဘောတူလိုက်ပါတယ်။

မခင်မေဟာ အခွင့်ရတဲ့အခါ တစ်ခါတလေမမ္မပဒထဲမှာမြတ်စွာဘုရား ဟောထားတဲ့ ဒီဆုံးမစာကိုလဲ ညီမကလေးကို ရွတ်ရွတ်ပြလေ့ရှိတယ်။

'ရှက်ဖွယ်မဟုတ်ရာ၌ ရှက်တတ်၍ ရှက်ဖွယ်ဟုတ်ရာ၌ မရှက်တတ်ကုန်သော မှားသော အယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

'ကြောက်ဖွယ် မဟုတ်သည်၌ ကြောက်ဖွယ်ဟု ရှုလေ့ ရှိကြကုန်၍ ကြောက်ဖွယ်ဟုတ်သည်၌ ကြောက်ဖွယ်မဟုတ်ဟု ရှုလေ့ရှိကြကုန်သော မှားသော အယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

'အပြစ်မဟုတ်သည်၌ အပြစ်ဟု အယူရှိကြကုန်၍ အပြစ်ဟုတ်သည်၌လည်း အပြစ်မဟုတ်ဟု ရှုလေ့ရှိကုန်သော မှားသော အယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



'အပြစ်ကို အပြစ်ဟု အပြစ်မဟုတ်သည်ကို အပြစ်မဟုတ်ဟု သိကြကုန်သောကြောင့် ကောင်းသောအယူရှိကုန်သော သတ္တဝါတို့သည် သုဂတိဘဝသို့ ရောက်ရကုန်၏။။'

'အဲဒီတော့ ညီမကလေးရယ်၊ ကျေးဇူးရှင် အမေအိုကြီးကို နဖူးက ချွေး ခြေမ ကျအောင် ပင်ပင်ပန်းပန်း ပစ္စည်းရှာပြီး လုပ်ကျွေးရတာ၊ ကျေးဇူးဆပ်ရတာကို မရှက်ရဘူး၊ ကိုယ့်မှာရှိတဲ့ပစ္စည်းအင်အားနဲ့ သင့်တော်အောင် ခြိုးခြိုးခြံခြံနေရ၊ စားရ၊ ဝတ်ရတာကို မရှက်ဘူး၊ တရားနဲ့ အညီ စင်စင်ကြယ်ကြယ်၊ ရိုးရိုးသားသားနဲ့လုပ်ရမယ်ဆိုရင် ဘယ်လောက်ပဲ အောက်ကျတဲ့ အလုပ်ဖြစ်ပေစေ လုပ်ရမှာကို မရှက်ရဘူး၊ ကျေးဇူးရှင် မိဘတွေကို ကျေးဇူးပြန်မဆပ်ဘဲ ပစ်ထားရမှာကို ရှက်ရမယ်၊ ကိုယ့်မှာ ရှိတာထက် ပိုဝတ် ပိုစား ပိုသုံးပြီး မရှိတော့မှ သူများဆီမှာ မျက်နှာ အောက်ချ လက်ဖြန့်ပြီးတောင်းရမှာကို ရှက်ရမယ်၊ တရားတော်နဲ့ ဆန့်ကျင်တဲ့ အလုပ်ဆိုရင် ပစ္စည်း ဘယ်လောက်ပဲရရ လုပ်ရမှာကို ရှက်ရမယ်'

'လူဖြစ်ရင် အနည်းဆုံး ငါးပါးသီလလောက်တော့ မြဲရမယ်၊ ဣန္ဒြေရှိရမယ်၊ အဲဒါကြောင့် သီလမရှိတဲ့လူ ဖြစ်ရမှာကို ရှက်ရမယ်၊ ဣန္ဒြေမရှိတဲ့လူ ဖြစ်ရမှာကို ရှက်ရမယ်၊ ငါးပါးသီလကိုတော့ ညည်း သိတယ်၊ ဒီငါးပါးသီလလောက်မြဲရင်ပဲ မိန်းကလေးတစ်ယောက်ဟာ မိန်းမကောင်းကလေးတစ်ယောက် ဖြစ်နေပါပြီ၊ ဒါပေမယ့် ကောင်းသထက် ကောင်းအောင် ဒီမိန်းကလေးဟာ ကုန်းတိုက်ပေးတာ၊ ကြမ်းကြမ်းတမ်းတမ်း ပြောတာ၊ အကျိုးမရှိတဲ့ တွေ့ကရာရှစ်သောင်းစကားတွေကို လျှောက်ပြောတာဆိုတဲ့ ဝစီကံသုံးပါးကိုပါ ရှောင်နိုင်ရမယ်။

'နောက်ပြီးတော့ ဣန္ဒြေကို ငါနည်းနည်းပြောချင်တယ်၊ မိန်းကလေး တစ်ယောက်မှာ မျက်စိဣန္ဒြေ၊ ကိုယ်ဣန္ဒြေ၊ စိတ်ဣန္ဒြေဆိုတာတွေဟာ သိပ်အရေးကြီးတယ်၊ မျက်စိက တောင်ကြည့် မြောက်ကြည့် မကြည့်မိအောင် မျက်စိကိုထိန်းထားတာ၊ နောက်ပြီးတော့ ပြောစရာဆိုစရာရှိလို့



ယောက်ျားတွေနဲ့ တွေ့ရတဲ့အခါ မျက်စိကို မကလက်ပဲ တည်တည်ကြည် ကြည်ဖြစ်နေအောင် ထိန်းထားတာကို မျက်စိဣန္ဒြေလို့ ခေါ်တယ်။

'မိန်းကလေးတစ်ယောက်ဟာ ရပ်တဲ့အခါ၊ လျှောက်တဲ့အခါ၊ ထိုင်တဲ့အခါ၊ လှဲတဲ့အခါ ခြေလက် ကိုးယိုးကားယား၊ ထိုးထိုးထန့်ထန့်၊ ပျက်တီးပျက်ချော်မဖြစ်ဘဲ သိမ်သိမ်မွေ့မွေ့၊ ပိပိရိရိ၊ ကျစ်ကျစ်လျစ်လျစ် ဖြစ်အောင် ခြေလက်ကိုယ်ကို ထိန်းသိမ်းထားတာကို ကိုယ်ဣန္ဒြေလို့ ခေါ်တယ်၊ ရယ်စရာရှိရင်တောင် ခြေပစ်လက်ပစ် ကျယ်ကျယ်လောင်လောင်ကြီး ရယ်မပစ်လိုက်ဘဲ မိမိကိုယ်ကို ထိန်းသိမ်းထားတာကိုလဲ ကိုယ်ဣန္ဒြေလို့ ခေါ်တယ်၊ နောက်ပြီးတော့လဲ မိန်းကလေးတွေမှာ သူတစ်ပါးမမြင်စေအောင် ဖုံးထားရမယ့် အင်္ဂါအစိတ်အပိုင်းတွေရှိတယ်၊ အဲဒီအစိတ်အပိုင်းတွေကို ကျစ်ကျစ်လျစ်လျစ် ဖုံးဖိထားရမယ့်အစား သူတစ်ပါး မမြင် မြင်အောင်၊ အကျီပါး လုံချည်ပါးကို ဝတ်မယ်၊ ဝတ်ပြန်တော့လဲ မပေါ့ ဆေါ်ဖြစ်နေအောင် ဝတ်မယ်ဆိုရင် ကိုယ်ဣန္ဒြေမဲ့တယ်လို့ ခေါ်တယ်၊ လုံလုံခြုံခြုံ၊ ကျစ်ကျစ်လျစ်လျစ် ဖုံးဖိထားရင် ကိုယ်ဣန္ဒြေ ရှိတယ်လို့ ခေါ်တယ်။

'စိတ်တွေကို လွှတ်ချင်တိုင်း လွှတ်ထားရင် တံခါးမရှိတဲ့အိမ်ကို သူခိုးဓားပြတွေဟာ ဝင်ချင်တိုင်း ဝင်လို့ရသလို ရာဂစိတ်တွေ၊ လောဘစိတ်တွေ၊ ဒေါသစိတ်တွေဟာ ကိုယ်ထဲကို ဝင်ချင်တိုင်း ဝင်လာကြလိမ့်မယ်၊ ဒီစိတ်တွေဟာ လူတွေကို ကောင်းကျိုးပေးတဲ့စိတ်တွေ မဟုတ်ဘူး၊ အဲဒီတော့ ဒီစိတ်တွေ မဝင်နိုင်အောင် ကိုယ့်စိတ်ကို လွှတ်မထားဘဲ၊ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်တွေကို အာရုံပြုပြီး စိတ်ကို ထိန်းထားတာကို စိတ်ဣန္ဒြေလို့ခေါ်တယ်။

'အဲဒီတော့ ဆင်းရဲရမှာကို မရှက်ရဘူး၊ ဒါကတော့ အရင်ဘဝ တွေက ဒါနတွေကောင်းကောင်းမလုပ်ခဲ့မိလို့ ဆင်းရဲရတာပဲ၊ နောက်ကို နိဗ္ဗာန်မရောက်မချင်း မဆင်းရဲရအောင်သာ ဒါနကို တတ်နိုင်သလောက် ကြိုးစားပြီးလုပ်ပေး၊ ဆင်းရဲရတာဟာ ရှက်စရာမဟုတ်ဘူး၊ သီလမရှိတဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရတာ၊ ဣန္ဒြေမရှိတဲ့သူဖြစ်ရတာသာ ရှက်စရာဆိုတာ ညည်းတစ်သက်လုံး မှတ်ထား၊ အဲဒီလို မှတ်ထားပြီး ကျေးဇူးရှင်မိဘတွေကိုလဲတတ်နိုင်သလောက် ကျေးဇူးပြန်ဆပ်ရမယ်၊ ကိုယ့်မှာရှိသလောက်နဲ့ပဲ ခြိုးခြံနေမယ်၊ တရားတော်နဲ့ မဆန့်ကျင်တဲ့ အလုပ်တွေဆိုရင် ရှက်စရာကောင်းတဲ့၊ အောက်ကျနောက်ကျဖြစ်တဲ့ အလုပ်တွေလို့ သဘောမထားဘဲ ကြိုးကြိုးစားစား လုပ်နေမယ်၊ သီလမပျက်ရအောင်၊ ဣန္ဒြေမပျက်ရအောင် စောင့်ထိန်းနေမယ်ဆိုရင် အတိတ်က ဒါနမျိုးစေ့မပါလို့၊ ပစ္စည်းဥစ္စာရှားပါးပြီး ကိုယ်ဆင်းရဲရသည့်တိုင်အောင် စိတ်မဆင်းရဲရဘူး၊ နာမည်မပျက်ရဘူး၊ သေရင် အပါယ်မကျရဘူး၊ ကောင်းရာဘဝကို ရောက်မယ်' လို့လဲ မခင်မေဟာ ညီမကလေး မတင်မေကို ခဏခဏ ဆုံးမလေ့ရှိတယ်။

ဒီညီအစ်မနှစ်ယောက်ဟာ အင်မတန် ချစ်စရာကောင်းတဲ့ဟာမကလေးတွေပဲ။ အစ်မကြီး မခင်မေကပိုပြီး ချစ်စရာကောင်းတယ်။ သူ့မျက်နှာက လှရုံတင် မဟုတ်ဘူး။ ကြည်လဲ ကြည်လင်တယ်။ တချို့အင်မတန်လှတဲ့ မိန်းမတွေရှိပါတယ်။ ဒါပေမယ့် သူတို့ရဲ့ အတွင်းစိတ်ရဲ့ဖောက်ပြန်မှုတစ်ခုခုကြောင့်ပဲ ထင်ပါရဲ့။ မျက်ခုံးကောင်း မျက်လုံးကောင်းနှာတံကောင်း၊ မေးရိုးကောင်း၊ နှုတ်ခမ်းကောင်း၊ အသားအရေကောင်းဆိုတဲ့အကောင်းတွေ အကုန်လုံးစုံပြီးကျနေတဲ့ သူတို့ရဲ့ မျက်နှာဟာ ငိုမဲ့မဲ့လိုလို ဖြစ်နေတယ်။ တချို့ကျတော့လဲ ကျောက်ကျော ရေပက်ထားသလိုပြောင်ချော်ချော် ကလက်တက်တက် ဖြစ်နေတယ်။ တချို့ကျတော့လဲ သိပ်ချောပြီး အသက်မရှိတဲ့ ရွှေရုပ်လိုဖြစ်နေတယ်။ တချို့ကျတော့လဲ သောင်းကြမ်းနေတဲ့ ရာဂတွေရဲ့ အလွှမ်းအမိုးကို ခံနေရတဲ့အတွက် သူတို့ရဲ့ မျက်နှာချောကလေးတွေဟာ ရာဟုအဖမ်းခံနေရတဲ့ ရွှေလမင်းနဲ့ တူနေတယ်။ တချို့ကျတော့လဲ အလှဂုဏ်တွေမောက်၊ သွေးနထင်ရောက် နေတဲ့အတွက် ချောချင်ပါလျက်သားနဲ့ အကြွေးယူမှာစိုးလို့ ဝယ်သူတွေရှေ့မှာ မျက်နှာတင်းထားရတဲ့ ဆိုင်ရှင်အမယ်ကြီးနဲ့ တူနေတယ်။ အဲဒီလို မျက်နှာမျိုးတွေကိုတော့ ချောသော်လည်း မကြည်သောမျက်နှာလို့ ခေါ်တယ်။



မခင်မေရဲ့ မျက်နှာက ဒီလိုမဟုတ်ဘူး။ မျက်လုံးကလေးတွေကိုက ချောလို့လဲ ချောတာပဲ။ မျက်ခုံးကလေးတွေကိုက ချောလို့လဲ ချောတာပဲ။ နှာတံကလေးကိုက ချောလို့လဲ ချောတာပဲ။ မေးရိုးကျပုံကလေးကိုက ချောလို့လဲ ချောတာပဲ။ နှုတ်ခမ်းပါးကလေးတွေကိုက ချောလို့လဲ ချောတာပဲ။ ဖြူစင်ပြီး အရောင်တောက်နေတဲ့ သွားကလေးတွေကိုက ချောလို့လဲ ချောတာပဲ။ အသားအရေကိုက ချောလို့လဲ ချောတာပဲ။ အဲဒီ အချောတွေထဲမှာ စိတ်ကပါဝင်ပြီး ချောပေးလိုက်တော့ မခင်မေရဲ့ မျက်နှာဟာ ချောရုံတင် မဟုတ်တော့ဘူး။ ကြည်လဲ ကြည်နေတယ်။ ဒီလိုမျက်နှာမျိုးကို ချော၍ ကြည်လင်နေသော မျက်နှာလို့ ခေါ်တယ်။

မခင်မေဟာ မျက်နှာတင် လှတာမဟုတ်သေးဘူး။ ကိုယ်ကလဲ အင်မတန်လှတယ်။ အရပ်က ငါးပေလေးလက်မလောက်ရှိတယ်။ ဘဝကုသိုလ်ကြောင့်ပဲထင်တယ်။ မခင်မေဟာ သူ့ခါးကို မသေးသေးအောင် အဝတ်တွေ၊ ခါးပတ်တွေနဲ့ အတင်းမစည်းရဘူး။ နဂိုကကို ခါးကလေးဟာ သေးနေတယ်။ မခင်မေဟာ သူ့ရင်ကို ချီနေအောင် ဟိုဟာဒီဟာတွေ လုပ်ရဘူး။ နဂိုကကို ရင်ချီနေတယ်။

မခင်မေနဲ့ မတင်မေဟာ လက်သုပ်ကို ဈေးမှာ သွားပြီး ရောင်းတယ်လို့သာ ဆိုရတယ်။ အမှန်စင်စစ်တော့ ဈေးမရောက်ခင် လမ်းမှာကတည်းက တစ်ဝက်လောက် ကုန်နေပြီ။ ဆာလှတယ် မဟုတ်ပေမယ့် သူတို့ ညီအစ်မကို သနားကြတာနဲ့ မျက်နှာကို ကြည့်ချင်ကြတာနဲ့ သူတို့ကို မြင်ရရင် စိတ်ထဲမှာ ကြည်လင်သွားတာနဲ့ လမ်းက အိမ်တွေက ဖိတ်ခေါ်ပြီး ဝယ်စားကြတာ။ တစ်နေ့တစ်နေ့ မနည်းပါဘူး။ ကျန်တဲ့ဟာကို ဈေးမှာ တစ်နာရီလောက် ရောင်းရင် ကုန်တာပဲ။ ကုန်တာနဲ့ ညီအစ်မနှစ်ယောက်ဟာ အမေကြီးအတွက် သားစိမ်းငါးစိမ်းကလေး ခင်ပြီး ဝယ်ချင်ဝယ်၊ အိမ်မှာသုံးဖို့ ငါးပိငါးခြောက် အစရှိတာတွေကို ခင်ပြီး ဝယ်ချင်ဝယ်၊ ဝယ်ပြီးတာနဲ့ ဟိုဟိုသည်သည် မဝင်ဘဲ အိမ်ကိုသာ ဦးတည်ပြီး ပြန်လာတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တဲ့အခါ လည်ပင်းတရှည်ရှည်နဲ့ မျှော်နေတဲ့ အမေကြီး အနားမှာ ဆယ့်ငါးမိနစ်လောက် ညီအစ်မနှစ်ယောက်ထိုင်ပြီး မေမေ နေကောင်းလား၊ ဒူးနာ ဘယ်လိုနေသေးသလဲ၊ ဒီနေ့ ပုတီးစိပ်လို့ စိတ်တွေ တည်ငြိမ်ရဲ့လား အစရှိတဲ့ အမေကြီး သည်းခြေကြိုက်စကားလုံးကလေးတွေ ပြောတဲ့သူက ပြော၊ အမေကြီးသောက်ဖို့ ရေခပ်ပေးတဲ့လူက ပေးပြီး မွေးသမိခင် ကျေးဇူးရှင်ကြီးကို နှစ်သိမ့်ကြပါတယ်။

တစ်ခါတလေ အမေကြီးဖို့ အထူးစားစရာကလေးတွေ ဝယ်လာတဲ့အခါ 'မေမေ၊ မေမေစားဖို့ ငါးကြင်းခေါင်းဝယ်လာတယ်၊ ငါးကြင်းခေါင်းကို ရေချိုချက်မယ်၊ ငါးပိရေကျိုနဲ့ ဖန်းခါးသီးနဲ့ တို့ရမယ်မေမေ' လို့ သမီးအကြီးက ပြောတဲ့အခါ ကျလာတဲ့ သရေတွေကို မျိုချပြီး 'ငါ တစ်ယောက်တည်း မစားရက်ပါဘူးကွယ်၊ မစားရက်ပါဘူးကွယ်'လို့ အမေကြီးက ညည်းညူရှာပါတယ်။ အဲဒီလို ညည်းညူပြီးတော့ အူထဲ အသည်းထဲက လှိုက်လှိုက်လှဲလှဲ ထွက်လာတဲ့ မေတ္တာစိတ်တွေကို သမီးနှစ်ယောက်အပေါ်မှာ ဖြန့်ရင်း 'ချမ်းသာပါစေ၊ ချမ်းသာပါစေ'လို့ လေးငါးဆယ်ကြိမ်လောက် တတွတ်တွတ်နဲ့ ရွတ်နေပါတယ်။ အဲဒီလို အမေကြီးကို ညီအစ်မနှစ်ယောက် ယုယုယယ ဖျော်ဖြေပြီးတဲ့အခါ မခင်မေက ဘုရားညောင်ရေအိုး ရေလဲဖို့ သောက်တော်ရေချမ်းကပ်ဖို့ သွားပါတယ်။ မတင်မေကတော့ ညဘက်စားဖို့ မီးဖိုထဲဝင်ပြီး ထမင်းချက်ပါတယ်။ အမေကြီးဖို့ အထူးဟင်းကို ချက်စရာရှိရင် မခင်မေ ဝင်ပြီး ချက်ပါတယ်။ မရှိရင် မတင်မေ တစ်ယောက်တည်း ချက်ပါတယ်။

ညောင်ရေအိုးရေလဲ သောက်တော်ရေချမ်း ကပ်ပြီးရင် မခင်မေဟာ အမေကြီး ညနေဘက်လူးဖို့ ကရမက်သွေးတယ်။ ဒီနောက် အမေကြီးကို ရေချိုးပေး။ သွေးထားတဲ့ ကရမက်တွေ အမေကြီးကို ခြေဆုံးခေါင်းဆုံးလူးပေးပြီး အမေကြီးနဲ့ သူတို့ရဲ့ ဖွပ်စရာရှိတဲ့ အဝတ်တွေကို ဖွပ်ပါတယ်။ ပြီးတော့ ညီအစ်မနှစ်ယောက် ရေမိုးချိုး သနပ်ခါးလူးကြပြီး အမေကြီးကို အရင် ထမင်းကျွေးတယ်။ ပြီးတော့မှ သူတို့စားကြတယ်။ ထမင်းစားပြီးတဲ့



နောက် ခပ်စောစောက ပြောခဲ့တဲ့အတိုင်း ညအိပ်တဲ့အထိ သူတို့ရဲ့ နေ့စဉ်လုပ်ငန်းဟာ တစ်ခုပြီးတစ်ခု ဆက်သွားတာပါပဲ။

အဲဒီလိုနေလာလိုက်ကြတာ သုံးလကြာတဲ့အခါ အရင်းအနှီးအတွက် ပေါင်ထားရတဲ့ ဆွဲကြိုးကလေးကို ပြန်ရွေးနိုင်ပါတယ်။ ဆွဲကြိုးကလေး လက်ထဲ ပြန်ရောက်လာတဲ့အခါ ဆွဲကြိုးကိုကြည့်ရင်း မခင်မေဟာ ဆွဲကြိုး လုပ်ပေးတဲ့ သူ့ဖေဖေကို ပြေးပြီး သတိရနေပါတယ်။ အဲဒီလို သတိရပြီးတဲ့နောက်မှ ဖေဖေလုပ်ပေးတဲ့ ဆွဲကြိုးကလေးရေ၊ နောင်တော့ ဖြင့် ညည်းနဲ့ ငါဟာ ငါသေမှပဲ ခွဲပါတော့မယ်ကွယ်လို့ မခင်မေဟာ ဆွဲကြိုးကလေးကိုကြည့်ရင်း စိတ်ထဲက တလိုက်မိပါတယ်။

တစ်နေ့မှာ ညီအစ်မနှစ်ယောက် ဆိုင်ထွက်ပြီး ပြန်လာတဲ့အခါ တက်လက်ကုလားထိုင်ပေါ်ထိုင်နေတဲ့ သူ့အမေရဲ့ ခြေရင်း ကြမ်းပေါ်မှာ ထိုင်ပြီး သူ့အမေနဲ့ စကားပြောနေတဲ့ အသက်လေးဆယ်ခန့်ရှိတဲ့ လူတစ်ယောက်ကို မခင်မေနဲ့ မတင်မေတို့ဟာ တွေ့ရပါတယ်။ သူတို့လဲ ခါတိုင်းဝင်ပြုနေကျအတိုင်း ပြုကြဖို့ အမေကြီးအနားမှာ လာထိုင်ကြပါတယ်။ အမေကြီးကပဲ စပြီး 'သမီးတို့ သူ့ကို သိသလား'လို့ လူသစ်ကို လက်ညှိုးနဲ့ထိုးပြပြီး မေးပါတယ်။ 'မသိဘူးမေမေ'လို့ သမီးတွေက ပြန်ပြောတဲ့အခါ 'ညည်းတို့ ဘယ်မှတ်မိမလဲ၊ ဖိုးအေး ထောင်ကျသွားတော့ မခင်မေဟာ နှစ်နှစ်သမီးတောင် မပြည့်သေးဘူး၊ မယ်တင်မေ မွေးတောင် မမွေးသေးဘူး'လို့ အမေကြီးကပြောပြလို့ ဖိုးအေးဆိုတဲ့နာမည်ကို ကြားတဲ့အခါကျတော့မှ လူသတ်မှုတစ်ခုနဲ့ တစ်သက်တစ်ကျွန်းကျသွားတဲ့ သူ့အမေ့ မောင်အငယ်ဆုံး၊ သူတို့ရဲ့ဦးလေး ဦးဖိုးအေးဆိုတာ သူတို့ သိကြပါတယ်။ ဖိုးအေးဟာ အသက် နှစ်ဆယ်လောက်တုန်းက သူ့ရည်းစား ခိုးခင်ကို လက်ဆွဲပြီး လူပျိုစကားပြောတဲ့ မောင်ကြီးကို ဓားနဲ့ထိုးလိုက်တာ ပွဲချင်းပြီး သေသွားတယ်။ အဲဒီအတွက် တစ်သက်တစ်ကျွန်းကျတယ်။ တစ်ကျွန်းရောက်ပြန်တော့လဲ ရိုက်မှုတွေ၊ ခုတ်မှုတွေထပ်ဖြစ်တော့ တစ်ကျွန်းမှာချည်းပဲ ဆယ့်ရှစ်နှစ်လောက် ကြာသွားတယ်။ ခုမှ လွတ်လာတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



မခင်မေနဲ့ မတင်မေတို့ဟာ ဦးလေးဖိုးအေးနဲ့ ဝမ်းမြောက်ဝမ်းသာ စကားပြော။ အမေကြီးကို နေ့စဉ်ပြုနေကျ ဝတ်အတိုင်း ပြုစုမေးမြန်းပြီး သူတို့ နေ့စဉ်လုပ်နေကျ အလုပ်တွေကို လုပ်ဖို့ ထသွားကြပါတယ်။ မခင်မေဟာ ဈောင်ရေအိုးကို လဲနေရင်း သူ့ဦးလေးရောက်လာတာကို တွေးပြီး လှိုက်လှိုက်လှဲလှဲ ဝမ်းသာနေပါတယ်။ သူဝမ်းသာစရာအကြောင်း နှစ်ကြောင်းကို သူတွေးမိတယ်။ သူဝမ်းသာတဲ့ ပထမအကြောင်းကတော့ ဒီလို။ သူ့ဖေဖေသေပြီးကတည်းက အိမ်မှာမားမားမတ်မတ်ရပ်ဖို့ ယောကျ်ား ဆိုလို့ တစ်ယောက်မှ မရှိဘူး။ ဦးလေးအရင်းတစ်ယောက် ရောက်လာ တယ်ဆိုတဲ့အတွက် မားမားမတ်မတ် ရပ်ဖို့ ယောကျ်ားတစ်ယောက်ရ တယ်။ အဲဒီအတွက် သိပ်ဝမ်းသာတယ်။ သီလသမ္မနော ဝိသာရဒေါ၊ သီလနဲ့ ပြည့်စုံတဲ့သူဟာ ရဲရင့်တယ်လို့ ဆိုတဲ့အတိုင်း မခင်မေလေးမှာ ကြောက် တတ်တဲ့စိတ် မရှိပါဘူး။

ဒါပေမယ့် လောကဓမ္မတာကို မခင်မေ ကောင်းကောင်း သဘော ပေါက်တယ်။ လူတွေမှာ များသောအားဖြင့် မြေနိမ့်ရာ လှံစိုက်ချင်တဲ့ သဘောတွေရှိတယ်။ မျက်နှာမရှိတဲ့လူ၊ ပစ္စည်းမရှိတဲ့လူ၊ အားမရှိတဲ့လူ၊ ဆွေမျိုး တောင့်တောင့်တင်းတင်းမရှိတဲ့ လူမျိုးကိုဆိုရင် လူတွေဟာ ဝိုင်းပြီး နှိပ်စက်ချင်ကြတယ်။ အဲဒီတော့ သူတို့သားအမိ သုံးယောက်သာ ဆိုရင် တစ်နေ့မဟုတ် တစ်နေ့ မဟားတရားလုပ်ချင်တဲ့လူတွေ၊ အနိုင်ကျင့် ချင်တဲ့လူတွေ ပေါ်လာနိုင်တယ်ဆိုတာ မခင်မေ ကောင်းကောင်းတွက်ထား ပါတယ်။ သူ့ဦးလေးသာ ရောက်မလာဘူးဆိုရင် ဒီလို အနိုင်ကျင့်ချင်တဲ့ လူတွေ၊ မဟားတရားလုပ်ချင်တဲ့လူတွေ ပေါ်လာတဲ့အခါမျိုးမှာ သူပဲ ရင်ဆိုင်ရမယ်ဆိုတာ မခင်မေ အမြဲတန်း တွက်ထားပြီး အမြဲတန်း သတိ ထားနေပါတယ်။ အခုလို ဦးလေးအရင်း ရောက်လာတဲ့အတွက် ဝန်ထုပ် ကြီးတစ်ခု ကျသွားသလို ဖြစ်သွားတယ်။

သာမန် မိန်းကလေးမျိုးသာဆိုရင် တစ်ကျွန်းပြန်ရဲ့ တူမတွေဆိုပြီး တို့ကိုကြိုက်တဲ့လူမှ ရှိပါဦးမလား။ ကြိုက်ပြီးသားရှိနေပြန်ရင်လဲ တို့ရည်းစား



တွေက တို့ကိုများ ပစ်ပြေးသွားမလားလို့ တွေးကြမှာပေါ့။ မခင်မေက ဒီလို မတွေးဘူး။ သူ့မှာ တစ်ကျွန်းပြန်နဲ့ ဘုရားဒကာဟာ ခြားနားခြင်း မရှိပါဘူး။ မခင်မေရဲ့ သဘောအရဆိုရင် လူဆိုတာ ဆိုးတဲ့အခါ ဆိုးတာ ပဲ။ အဲဒီလို ဆိုးပြီးရင် ဆက်တော့ ဆိုးမနေနဲ့။ ဆိုးတာဟာ မျက်မှောက် ဘဝအတွက်ရော နောင်ဘဝအတွက်ရော မကောင်းဘူးဆိုတာကို သိအောင် လုပ်၊ အဲဒီလိုလုပ်ပြီး နောင် မဆိုးအောင် ကိုယ့်ကိုယ်ကို ထိန်းသိမ်း။ အဲဒါ မခင်မေရဲ့ သဘောပဲ။ အဲဒီ သဘောအရ တစ်ကျွန်းပြန်ဦးလေး ရောက်လာတဲ့အတွက် သူ့စိတ်မှာ ဘာမှ အနှောင့်အယှက် မရှိဘူး။ အနှောင့်အယှက် မရှိတဲ့အပြင် ပြောခဲ့တဲ့အတိုင်း ဝမ်းတောင်သာသေးတယ်။

မခင်မေ ဝမ်းသာတဲ့ ဒုတိယအကြောင်းကလဲ ဒီလို။ ဦးလေးတော် တစ်ယောက်ကို လုပ်ကျွေးဖို့ ခွင့်ရတဲ့အတွက် သူတို့တော့ ကုသိုလ်တွေ အများကြီးတိုးပြီးရဦးတော့မှာပဲ ဆိုတဲ့အကြောင်းပဲ ဖြစ်ပါတယ်။ မခင်မေဟာ လူကိုယ်တိုင်ကသာ ချစ်စရာကောင်းတာမဟုတ်ဘူး။ သူ့အတွေးအခေါ် ကလေးတွေကလဲ ချစ်စရာကောင်းတယ်။ သာမန်မိန်းကလေးတစ်ယောက် ဆိုရင် ဒီလို ဘယ်တွေးနိုင်မလဲ၊ တို့ ဆင်းဆင်းရဲရဲ ကျပ်ကျပ်တည်းတည်း နေရတဲ့အထဲ စားမယ့်ပါးစပ်ပေါက် တိုးလာပြန်ပြီ။ ရှေ့လမှာ ပဒုမ္မာ တစ်ထည်ချုပ်ဖို့ဟာ အခုလိုဆိုတော့ ချုပ်နိုင်တော့မှာ မဟုတ်တော့ပါဘူး ဆိုတဲ့ အတွေးမျိုးတွေကို တွေးမှာပေါ့။ မခင်မေကတော့ ပဒုမ္မာထက် ကုသိုလ်ကို ပိုပြီး လိုချင်တယ်။

ညနေထမင်းစားချိန်ရောက်တဲ့အခါ အမေကြီးနဲ့ ဦးလေးဖိုးအေးကို အရင်ပြင်ကျွေးတယ်။ ဦးလေးဖိုးအေးက လက်ဆေးပြီး ထမင်းစားတော့ မယ်လုပ်ပြီးမှ ပန်းကန်ပြားနှစ်ချပ်ထဲ ပြင်တဲ့အတွက် 'ဟဲ့ နင်တို့ကော လာကြလေ'လို့ မခင်မေတို့ကို လှမ်းပြီး မေးပါတယ်။ 'မေမေနဲ့ဦးလေး အရင်စားနှင့်ပါ'လို့ မခင်မေက ပြောတဲ့အခါ 'ငါလဲ နင်တို့နဲ့မှ အတူတူ စားမယ်' ဆိုပြီး အိမ်ရှေ့ထွက်သွားပါတယ်။ မခင်မေက တစ်ခုခုပြောမလို့ 'ဦးလေး'လို့ ခေါ်လိုက်ပါသေးတယ်။ ဦးလေးဖိုးအေးက လှည့်မကြည့်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



'ဟင် နင်တို့နဲ့မှ ငါအတူတူစားမယ်' ဆိုပြီး ထွက်မြဲ ထွက်သွားပါတယ်။ မတင်မေကလေးက သူ့အစ်မကြီးကိုကြည့်ပြီး အူတက်အောင် ရယ်ပါတယ်။ နောက်ပြီးတော့မှ 'မမကို စကားပြိုင်ပြောလို့ ဘယ်သူမှ နိုင်မှာ မဟုတ်ဘူး၊ နောက်ကို လုပ်ချင်တာရှိရင် ဦးလေးလို ဇွတ်လုပ်မှပဲရမယ်'လို့ ပြောပါတယ်။ မခင်မေကလဲ သူ့ညီမကလေးကို ကြည့်ပြီး ပြုံးနေပါတယ်။

ဦးလေးဖိုးအေးလဲ အိမ်ရှေ့ထွက်ပြီး အကြံထုတ်နေတယ်။ ဒီတူမကလေးနှစ်ယောက် လက်သုပ်ဇန်းကြီးရွက်ပြီး ရာကျေးတာကို ထိုင်စားဖို့ သူ့အတွက် အများကြီးကျပ်နေပြီ။ တစ်ကျွန်းမှာတတ်ခဲ့တဲ့ လက်မှုပညာကလေးကိုပဲ ဝမ်းစာအတွက် အသုံးချရမလား၊ ဒီလိုမှမဟုတ်ရင်လဲ တစ်ယောက်ယောက်ဆီမှာ အလုပ်ကြမ်းတစ်ခုခု ဝင်လုပ်ရရင် ကောင်းမလား။ ဘာလုပ်ရမလဲဆိုတာကို အိမ်ရှေ့မှာထိုင်ရင်း အကြံထုတ်နေပါတယ်။

နောက်တစ်နေ့ လက်သုပ်ဇန်းကြီးကို မခင်မေ ရွက်မလို့လုပ်တဲ့အခါ မရွက်ရဘူး၊ သူရွက်မယ်ဆိုပြီး ဦးလေးဖိုးအေးဟာ ဇန်းကြီးကို အတင်းဆွဲထားတယ်။ မခင်မေကလဲ သူ့ဦးလေးအကြောင်းကို ကောင်းကောင်းမသိသေးတာနဲ့ ဘာမှတော့ မပြောဘူး။ သူ့ဇန်းကိုသာ မြဲမြဲကိုင်ထားတယ်။ အဲဒီတော့မှ အမေကြီးဒေါ်လှမေက ကြားဝင်ပြီး 'ဖိုးအေးရေ၊ မင်းလုပ်ဖို့အတွက် ငါဒီလိုစိတ်ကူးထားတယ်၊ ဇန်းကြီးလွှတ်လိုက်၊ ဇန်းကြီးလွှတ်လိုက်'လို့ ပြောတော့မှ ဇန်းကိုလွှတ်လိုက်ပြီး ဦးလေးဖိုးအေးဟာ သူ့အစ်မကြီးကို ကြည့်နေပါတယ်။ အဲဒီအခါ ဒေါ်လှမေကဆက်ပြီး 'မင်းက အိမ်မှာသုံးဖို့ ရေထမ်း၊ ထင်းခွဲထား၊ ညစာထမင်းအိုးတစ်လုံးကို တည်ပေး၊ ဒီလောက်ဆိုရင် မင်းအတွက် တော်ပြီ'လို့ ပြောပါတယ်။ 'ဒါတွေလဲ လုပ်ပါ့မယ်၊ ဒီဇန်းကြီးကိုလဲ ရွက်ပါရစေမမရယ်၊ ဒီကောင်မကလေးတွေ ဒီလိုလုပ်နေတာကိုမြင်ရတာ ကျွန်တော့်အသည်းထဲ ကျွဲဝင်ခတ်သလို ဖြစ်နေတယ်'လို့ ဦးလေးဖိုးအေးက ပြန်ပြောပါတယ်။ ဒေါ်လှမေကလဲ ဒီဇန်းကြီးကို ဦးလေးဖိုးအေးရွက်စေချင်တယ်။ ဒါပေမယ့် မခင်မေပြောလို့ရမှာ မဟုတ်ဘူးဆိုတာ သိတာနဲ့ 'ဖိုးအေးရေ၊ ငါပြောတာသာ လုပ်ပါကွယ်'လို့ ထပ်ပြီး ပြောပါတယ်။ ကိုဖိုးအေးဟာ သူ့အစ်မကြီးကိုတော့ ယယ်ယယ်က အရှိန်နဲ့ ကြောက်တုန်းပဲ ရှိသေးတယ်။ နောက်ထပ် ဘာမှ ပြန်မပြောဘဲ ဒေါ်လှမေအနားမှာ လာထိုင်နေတယ်။



တူမလေးနှစ်ယောက် ထွက်သွားတော့မှ 'မမရယ်၊ ကိုကြီးခင်ဆုံးပြီး မမတို့လက်ထဲမှာ တစ်ပြားမှ မကျန်တော့ဘူးလား'လို့ ကိုဖိုးအေးကမေးတယ်။ ဒေါ်လှမေက ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကိုဖွာရင်း 'သူမမာလိုက်တာက ငွေအတော်ကုန်တယ်' လို့ ပြောပြီး ရပ်နေပါတယ်။ ဦးဖိုးခင်အတွက် ရည်လည်ဆွမ်းကျွေးပြီးတဲ့အခါ ငွေခုနစ်ကျပ်ခွဲသာကျန်တဲ့အတွက် မခင်မေရဲ့ ဆွဲကြိုးကလေးကိုပေါင်ပြီး နားမနေနိုင်ဘဲ အဖေကြီးကွယ်လွန်လို့ ရှစ်ရက်အကြာမှာ ဒီလက်သုပ်ဆိုင်ကလေး ထွက်ရတယ်ဆိုတဲ့အထိ မပြောသေးဘူး။ နောက်မှ တဖြည်းဖြည်းပြောတော့မယ်ဆိုပြီး အခုပြောခဲ့တာတွေကို ဒေါ်လှမေဟာ ခဏမြှုပ်ထားပါသေးတယ်။

ကိုဖိုးအေးလဲ တအောင့်လောက် သူ့အစ်မကြီးနဲ့ စကားပြောပြီး သူ့လက်ထဲမှာ အနည်းအကျဉ်း ရှိနေသေးတဲ့ ငွေကလေးနဲ့ ရေနံဆီပုံးလွတ်နှစ်လုံးနဲ့ဝါး၊ ဒေါ်လှမေသောက်ဖို့ ပြောင်းဖူးဖက်ဆေးလိပ်တွေကို ထွက်ဝယ်ပါတယ်။ ဝယ်ပြီးတဲ့နောက် သံပုံးဖောက်၊ ထမ်းပိုးလုပ်နဲ့ ညနေရေထမ်းမီအောင် အတင်း ဒုန်းစိုင်းပြီးလုပ်နေပါတယ်။ ညနေ ရေထမ်းတဲ့အခါ တူမတွေရဲ့ ချိုးရေအိုးထဲပါ ထမ်းထည့်တာပဲ။ မခင်မေ ကလဲ သူတို့ရဲ့ ချိုးအိုးထဲကို မထည့်ပါနဲ့လို့ ပြောချင်တယ်။ ဒါပေမယ့် ဦးလေးဖိုးအေး ရောက်ခါစ နည်းနည်းစိမ်းနေသေးတဲ့အတွက် ချက်ချင်း မပြောသေးဘဲ နောင်တော့မှ တရားနဲ့ပြပြီး ပြောတော့မယ်လို့ ဆုံးဖြတ် ထားလိုက်ပါတယ်။

နောက် ဆယ့်ငါးရက်လောက်ကြာတဲ့အခါ ပင်လယ်ကို ငါးပိဝယ်သွားမယ့် လှေတစ်စင်းမှာ ဦးလေးဖိုးအေးဟာ အလုပ်ရလာပါတယ်။ ဒါပေမယ့် အစ်မကြီးကရော တူမတွေကရော အိမ်က တခြားသွားရတဲ့ အလုပ်ဆိုရင် ဘယ်အလုပ်ကိုမှ မလုပ်ပါနဲ့လို့ ဝိုင်းပြီးတားတဲ့အတွက် အဲဒီအလုပ်ကို လက်လွှတ်လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို သားအမိ တူအရီးလေးယောက် နေလိုက်တာ ခြောက်လလောက် ကြာသွားတယ်။ အဲဒီအတွင်း တူမကြီးမခင်မေရဲ့ နေပုံထိုင်ပုံ လုပ်ပုံကိုင်ပုံ ပြောပုံဆိုပုံတွေကိုကြည့်ပြီး ဦးလေးဖိုးအေးဟာ အတော်ကြည်ညိုလာတယ်။ အဲဒီ ကြည်ညိုတဲ့ အချိန်ကစပြီး ဦးဖိုးအေးလဲ ရှောက်ခါစလို ကြွပ်ဆတ်ဆတ် မဟုတ်တော့ဘူး။ မခင်မေပြောရင် တစ်စတစ်စ နားထောင်လာတယ်။ အဲဒီအခါ အချိန်ကောင်းပဲဆိုပြီး တူမတွေရဲ့ ချိုးရေအိုးထဲကို ရေထမ်းမထည့်ဖို့ မခင်မေက ဦးလေးဖိုးအေးကို မေတ္တာရပ်ပါတယ်။ ဦးလေးဖိုးအေးဟာ အရင်တုန်းကလို မျက်မှောင်ကြီးကုပ်ပြီး အော်ငေါက်မပစ်တော့ဘူး။ ဒီလိုပြန်ပြောတယ်။ 'မခင်မေ၊ နင်ဟာ ငါ့အစ်မ သမီးမို့ ငါ့တူမဆိုပေမယ့် ငါ့ကို ဘုရားနဲ့ တရားနဲ့ ဖြစ်နေအောင် နင် ဆုံးမပေးတာပဲ၊ အခု ဂုဏ်တော်ကိုးပါးကိုလဲ ပုတီးတစ်ပတ်မစိပ်ရရင် အိပ်လို့ကိုမရဘူး၊ အဲဒါ နင်ဆုံးမလို့ပဲ၊ ဒီမယ်ခင်မေ၊ ဒီတော့ နင်ဟာ ငါ့တူမဆိုပေမယ့် ငါ့ဆရာဖြစ်နေပြီ၊ ဆရာချိုးဖို့ ငါ ရေထမ်းပေးတာပဲ၊ ကိစ္စမရှိဘူး'လို့ ဦးလေးဖိုးအေးက ပြောတယ်။ ။

၄

## မြို့ပိုင်မင်း ဦးရွှေကြိုင်

တစ်နေ့ကျတော့ ဝါးခယ်မကို မြို့ပိုင်အသစ်တစ်ဦး ပြောင်းလာတယ်။ အဲဒီမြို့ပိုင်ဟာ မုဆိုးဖို။ အသက်က သုံးဆယ့်ငါးနှစ်လောက်ပဲ ရှိသေးတယ်။ နာမည်က ဦးရွှေကြိုင်တဲ့။ သူ့မှာ သမီးကလေးတစ်ယောက်ပါလာတယ်။ ဒီသမီးကလေး အခါလယ်လောက်ကတည်းက သူ့မိန်းမ ဆုံးသွားတယ်။ သမီးကလေးဟာ ခုနစ်နှစ်သမီးလောက် ရှိနေပြီဆိုတော့ မိန်းမဆုံးသွားတာ ခြောက်နှစ်လောက်ရှိပြီပေါ့။ ဒီလောက်ကြာအောင် နောက်အိမ်ထောင်မပြုသေးတာက သူ့စိတ်တိုင်းကျ မတွေ့သေးလို့ပဲ။ သူက ရိုက်ဆဲတော့ မမက်ဘူး။ သူလိုချင်တဲ့ မိန်းမဟာ ချောရမယ်။ စိတ်သဘောကောင်းရမယ်။ ရတနာသုံးပါး ကိုင်းရှိုင်းရမယ်။ ဒါပေမယ့် အရေးအကြီးဆုံးကတော့ သူ့ကလေးရဲ့သည်းညည်းကိုခံနိုင်ရည်ရှိရမယ်။ အဲဒီ ဂုဏ်အင်္ဂါတွေနဲ့ ပြည့်စုံတာကို မတွေ့သေးတဲ့အတွက် နောက်အိမ်ထောင်မပြုသေးဘဲ နေခဲ့တယ်။ ဝါးခယ်မကို ပြောင်းလာတော့ မြို့ပိုင်ရုံးစာရေးကြီးနဲ့ တော်ပတ်ခင်ခင်မင်မင်ရှိတယ်။ စာရေးကြီးကတစ်ဆင့် စာရေးကတော်နဲ့ ခင်ခင်ခင်မင် ရှိသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ အဲဒီ မုဆိုးဖိုမြို့ပိုင်ရယ်၊ စာရေးကြီးရယ်၊ စာရေးကြီးကတော်ရယ် ထိုင်ပြီး စကားပြောနေတုန်း အာသွက်သွက် စာရေးကြီးကတော်က 'မြို့ပိုင်မင်း နောက်အိမ်ထောင်ပြုဖို့များ ရည်ရွယ်သေးသလား' လို့ မေးလိုက်ပါတယ်။ မြို့ပိုင်မင်းကလဲ သူလိုချင်တဲ့ ဂုဏ်အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ မိန်းမမျိုးနဲ့များတွေ့ရရင် နောက်အိမ်ထောင်ပြုဖြစ်စရာ အကြောင်းရှိတယ်လို့ ပြန်ဖြေတယ်။ အဲဒီအခါ စာရေးကြီးကတော်က 'မယ်ခင်မေကလေးကို ပြကြည့်ရရင် ဘယ်နှယ်နေမလဲ'လို့ သူ့ယောကျ်ား စာရေးကြီးကို လှမ်းမေးလိုက်တယ်။ စာရေးကြီးကလဲ ပြဖို့ သဘောတူတယ်။ အဲဒါနဲ့ မခင်မေတို့ ညီအစ်မ ဈေးကိုသွားနေကျ လမ်းမှာရှိတဲ့ အမိန့်တော်ရရှေ့နေ ဦးလှမောင်အိမ်မှာ ထမင်းသုပ်ဝယ်စားရင်း မြို့ပိုင်မင်းကို ပြဖို့ စီစဉ်ကြပါတယ်။ မုဆိုးဖို မြို့ပိုင်မင်းဟာ မခင်မေကိုမြင်တာနဲ့ ကြိုက်တာပါပဲ။ ကြိုက်တာမှ သိပ်ပြီး ကြိုက်တာပဲ။ ရုပ်ကိုလဲ သိပ်ကြိုက်တယ်။ ဣန္ဒြေကိုလဲ သိပ်ကြိုက်တယ်။ စကားပြောပုံဆိုပုံကိုလဲ သိပ်ကြိုက်တယ်။ မြို့ပိုင်မင်း အကြိုက်တကာ့ အကြိုက်ဆုံးကတော့ မခင်မေရဲ့ မျက်လုံးတွေပဲ။

တခြားအရပ်မှာ ဒီလိုပဲ။ မိန်းမရွေးရအောင် အဲဒီ မုဆိုးဖိုမြို့ပိုင်ဟာ မိန်းမတွေကို လိုက်ကြည့်ပေါင်းများလှပြီ။ တော်တော်များများဟာ မျက်လုံးကြည့်ပုံကို မကြိုက်တာနဲ့ ရှေ့ဆက်ပြီး မစုံမက်တော့ဘူး။ တစ်ခါတည်း ပယ်တာပဲ။ ဒီမုဆိုးဖို မြို့ပိုင်မကြိုက်တဲ့ မျက်လုံးကြည့်ပုံမျိုးက ဘယ်လိုကြည့်ပုံမျိုးလဲ။

မိန်းမတွေဟာ သူနဲ့ မျက်လုံးချင်းဆုံမိတဲ့အခါ တည့်တည့်ကြည့်ကြည့် ရိုးရိုးသားသားမကြည့်ဘဲ သူ့ကို ညို့သလိုလို မျက်လုံးကစားသလိုလို လုပ်ရင် သူမကြိုက်ဘူးလို့ပြောတယ်။ သူ့အလိုအားဖြင့်ဆိုရင် မျက်လုံးဟာ လူတစ်ယောက်ရဲ့ ပြဒါးတိုင်ပဲတဲ့။ လူကောင်းဆိုရင်လဲ ကောင်းတာ မျက်လုံးမှာ လာပေါ်နေတာပဲတဲ့။ မကောင်းရင်လဲ မျက်လုံးမှာ လာပေါ်နေတာပဲတဲ့။ အဲဒီတော့ မျက်လုံးမှာ ကလက်တာတွေ ပေါ်နေတဲ့ မိန်းမဟာ



...အားဖြင့်လဲ ကလက်ရမယ်လို့ သူဟာ... ...ကလက်တဲ့ ...မျက်လုံးနဲ့ကြည့်တဲ့ မိန်းမဟာ သူနဲ့ရပြီး တခြား ယောကျ်ားတွေကိုလဲ ဒီလိုပဲ ...လက်တဲ့ မျက်လုံးနဲ့ ကြည့်နေမှာပဲလို့ သူဆုံးဖြတ်ထားတယ်။

အဲဒါကြောင့်ပဲ အဲဒီ မုဆိုးဖိုမြို့ပိုင်မင်းဟာ တခြားအင်္ဂါတွေကို ကြိုက်တဲ့တိုင်အောင် မျက်လုံးကို မကြိုက်ရင် ပယ်တာပဲ။ ရှေ့ဆက်မလိုက်တော့ဘူး။ သူကလဲ မိန်းမတွေရဲ့ မျက်လုံးကို အထူးလေ့လာထားတဲ့ အတွက် သူ့ကိုယ်သူ မိန်းမမျက်လုံးပါရဂူလို့ ထင်နေတယ်။ ဘယ်မိန်းမရဲ့ မျက်လုံးကိုမဆို သူသာ တစ်ခါလောက်ကြည့်ရမယ်ဆိုရင် ဘယ်လောက်ပဲ ...နှုပ်နေနေ ကလက်တယ် မကလက်ဘူးဆိုတာ သူတပ်အပ်သေချာ ...ပြောနိုင်တယ်လို့လဲ သူ့ကိုယ်သူ ထင်နေတယ်။ အဲဒီ ပါရဂူမုဆိုးဖိုကြီး ...ဟာ မခင်မေရဲ့ မျက်လုံးကို မြင်ပြီးကတည်းက ဒီမျက်လုံးများပိုင်ရှင် ...သည်ကားဆိုလျှင် မြတ်သောမိန်းမပေတည်းလို့ လေးနက်စွာ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါတယ်။

မြို့ပိုင်ရဲ့အိမ်ကို ပြန်ရောက်တဲ့အခါ မုဆိုးဖိုမြို့ပိုင်က 'ကြိုက်ပြီ' လို့ မှန်မှန်ပဲ ဖြောင့်ချက်ပေးပြီး 'ရအောင် ဘယ်လိုလုပ်မလဲ'လို့ မေးပါတယ်။ မျက်နှာလို မျက်နှာရ အင်မတန် လုပ်ချင်နေတဲ့ စာရေးကြီးကတော်က 'ဒီကနေ့ညနေ မခင်မေကို ကျွန်မတို့အိမ် ခေါ်လိုက်မယ်၊ လာတဲ့အခါ အကျိုးအကြောင်းပြောပြပြီး မင်္ဂလာဆောင်ရုံပဲရှိတာပေါ့'လို့ ပြောလိုက်တယ်။ မြို့ပိုင် မုဆိုးဖိုက ခေါင်းကိုခါပြီး 'ဒါကလေးမျိုးဟာ ဒီလောက် လွယ်လွယ်နဲ့ မရတဲ့ဘူး'လို့ ပြန်ပြောတယ်။ ထိုအခါက မြို့ပိုင်တစ်ယောက်ဟာ အခု ခရိုင်ဝန်ထက် ကန်ခိုးသြဇာရှိတယ်၊ အဲဒါကြောင့်လဲ စာရေးကြီးကတော်က လွယ်လွယ်တွေးလိုက်တာပဲ။ မိန်းမမျက်လုံး ပါရဂူကြီးဖြစ်တဲ့ မုဆိုးဖိုကြီးကလဲ မျက်လုံးကြည့်လိုက်တာနဲ့ ဒီကိစ္စကို ဒီလိုလွယ်လွယ်နဲ့ မရဘူးလို့တွေးပြီး ခေါင်းခါပြတာပါပဲ။

မြို့ပိုင်ရဲ့ဆန္ဒကတော့ စာရေးကြီးကတော်ကိုယ်တိုင် မခင်မေရဲ့ ...မေမေဆီကိုသွားပြီး နားဖောက်စေချင်တယ်။ ဒါပေမယ့် စာရေးကြီးကတော်

www.burmeseclassic.com

www.burmeseclassic.com



က အင်မတန် စိတ်အားထက်သန်ပြီး 'ကြည့်ပါ မြို့ပိုင်မင်း ကျွန်မလုပ်ပြပါ့မယ်၊ ခြေထောက်နဲ့မဟုတ်ဘူး၊ ခေါင်းနဲ့ ဆင်းလာရမယ်' လို့ အကြိမ်ကြိမ်ပြောတဲ့အတွက် စာရေးကြီးကတော်ကို အနိုင်ပေးလိုက်ပါတယ်။ အဲဒီတော့ စာရေးကြီးကတော်ရဲ့ အစီအစဉ်အရ ညနေလေးနာရီလောက် သူ့အိမ်ကိုလာဖို့ မခင်မေကို ခေါ်လိုက်မယ်။ ညခုနစ်နာရီထက် နောက်မကျဘဲ ရပြီဆိုတဲ့သတင်းကို မြို့ပိုင် မှဆိုးဖိုကြီးဆီ သူကိုယ်တိုင် လာပို့မယ်လို့ပြောပြီး အိမ်ပြန်သွားပါတယ်။

အိမ်ရောက်ရောက်ချင်း မခင်မေ ညနေလေးနာရီအိမ်ကိုလာဖို့ ပျာတာတစ်ယောက်ကိုလွှတ်ပြီး ပြောခိုင်းတယ်။ စာရေးကြီးကတော်လဲ ညနေ သုံးနာရီခွဲလောက်ကတည်းက လည်ပင်းတရှည်ရှည်နဲ့ ဖြစ်နေတယ်။ ခပ်လှမ်းလှမ်းက မိန်းကလေးတစ်ယောက်ဖြစ်ဖြစ် နှစ်ယောက်ဖြစ်ဖြစ် သူ့အိမ်ဘက်ဆီကို လျှောက်လာတာမြင်ရင် မခင်မေလာပြီဆိုပြီး ဝမ်းသာလိုက်၊ အနားရောက်လို့ မဟုတ်တော့မှ စိတ်ပျက်လိုက် ဖြစ်နေတယ်။ အဲဒီလို စောင့်ရင်း ရှမ်းဖက်ဆေးလိပ်ကြီးကိုသောက်ပြီး 'ဒီကောင်မကလေး မြို့ပိုင်ကတော်ဖြစ်ရင် ငါတော့ ဘုန်းကြီးဦးမှာပဲ၊ မြို့ပိုင်ဆီက လိုချင်တာတွေရှိရင် လူတွေက ငါ့ကိုလာပြော၊ ငါက မခင်မေကိုပြော၊ မခင်မေက မြို့ပိုင်ကိုပြော၊ စာရေးကြီးကတော် စာရေးကြီးကတော်နဲ့ ငါ့အိမ်တော့ လူဝင်လူထွက်တွေရှုပ်ဦးမှာပဲ၊ အဲဒီတော့မှ ကြည့်နေ၊ လူပါးဝတဲ့ မိလှရင်တို့ကို ငါ အကြောင်းပြလိုက်ဦးမယ်' ဆိုတဲ့ စိတ်ကူးတွေ သောင်းခြောက်ထောင်ကို စိတ်ကူးရင်း စာရေးကြီးကတော် ဒေါ်ဖွားဟာ တစ်ယောက်တည်း လေဟုန်စီးနေပါတယ်။

အဲဒီလို စောင့်နေရင်း တိုင်ကပ်နာရီကို ကြည့်လိုက်တဲ့အခါ လေးနာရီခွဲကျော်နေပြီဆိုတာကို ဒေါ်ဖွား တွေ့လိုက်ရပါတယ်။ ဒီလို တွေ့တဲ့အခါ စိတ်ထက်သန်နေတဲ့ စာရေးကြီးကတော်ဟာ စိတ်မပျက်ပါဘူး။ ဒီကောင်မကလေး ဒီနေ့ ဆိုင်သိမ်းတာ နောက်ကျနေပြီထင်တယ်လို့ စာရေးကြီးကတော်က ရှမ်းဖက်ဆေးပေါ့လိပ်ကိုဖွာရင်း တွေးမိပါတယ်။



ဆယ်မိနစ်လောက်ကြာတော့ ယောကျ်ားတစ်ယောက် အိမ်ထဲဝင်လာတာကို စာရေးကြီးကတော် တွေ့ရတယ်။ ဘာကိစ္စလဲလို့ မေးတဲ့အခါ ဦးလေးဖိုးအေးက 'ကျွန်တော် မခင်မေရဲ့ဦးလေး မောင်ဖိုးအေး ဆိုတာပါပဲ' လို့ ပြန်ဖြေတယ်။ အဲဒီအခါ စာရေးကြီးကတော်က 'မခင်မေကိုမှာထားတာ၊ ဘာဖြစ်လို့ မလာသလဲ' လို့ မေးပါတယ်။ 'ဒီကလေးမကလေးဟာ အိမ်မှာ မလည်တတ်ဘူး' လို့ ဦးလေးဖိုးအေးက ရိုးရိုးပဲ ဖြေပါတယ်။ စာရေးကြီးကတော်က သူခေါ်တာ မလာရကောင်းလားဆိုပြီး စိတ်တိုနေတဲ့ အတွက် 'ကျုပ်က အိမ်လည်ရအောင်ခေါ်တာ မဟုတ်ဘူး၊ ဒင်းကို မြို့ပိုင် ကတော် ဖြစ်အောင် လုပ်ပေးမလို့ခေါ်တာ' လို့ ဘောက်ပြန်ပြောတယ်။ ဦးလေးဖိုးအေးကလဲ ဒီကိစ္စဆိုရင် ဒီကလေးမကလေး ခေါ်ပြောလို့ အပိုပေါ့ အစ်မကြီးရယ်၊ သူ့အမေရှိသားပဲ၊ သူ့အမေကို သွားပြောပေါ့' လို့ ရိုးရိုးပဲ ပြန်ဖြေပါတယ်။ စာရေးကြီးကတော်လဲ ကတိတွေ အကြီးအကျယ်ပေးခဲ့ပြီး ဘာမှ မဖြစ်တဲ့ အတွက် မြို့ပိုင်ကို ဒီနေ့ညခုနစ်နာရီမှာ ဘယ်လို ရင်ဆိုင်ရပါ့မလဲလို့ တွေးပြီး အင်မတန် စိတ်အိုက်နေပါတယ်။ အနားမှာ ထိုင်နေတဲ့ ဦးလေးဖိုးအေးကိုတောင် သတိမရဘူး။ ဦးလေးဖိုးအေးက 'ကျွန်တော် ပြန်ရတော့မလား' လို့ မေးတော့မှ 'သွား၊ သွား' လို့ ခပ်ဆတ်ဆတ် ပြန်ဖြေပါတယ်။

မခင်မေခေါ်တာ မလာတဲ့အကြောင်းကို စာရေးကြီးကတော်ဆီက ကြားရတဲ့အခါ မြို့ပိုင် မှဆိုးဖိုဟာ စိတ်ပျက်သွားရမယ့်အစား ဝမ်းတောင် အများကြီးသာသွားတယ်။ မိန်းမတွေနဲ့ပတ်သက်ရင် သူ့ဟောကိန်းဟာ မှန်တာချည့်ပဲလို့ တွေးပြီး သွေးလဲ အတော်ကြီးသွားတယ်။ နောက်ပြီး တော့မှ မြို့ပိုင်မှဆိုးဖိုက 'စာရေးကြီးကတော် စိတ်ဆိုးမနေနဲ့၊ ဒီကိစ္စမျိုး ဆိုတာ စိတ်ရှည်ရမယ်၊ အဲဒီတော့ ဒီကိစ္စကို တစ်လလောက် ခဏမေ့ထားလိုက်ပါ၊ ကျွန်တော် ကြည့်စီစဉ်ပါ့မယ်' လို့ ပြောပြီး စာရေးကြီးကတော်ကို ပြန်လွှတ်လိုက်ပါတယ်။

စာရေးကြီးကတော် ပြန်သွားတဲ့အခါ မြို့ပိုင် ဦး[illegible]ဟာ လက်ကုလားထိုင်ပေါ်မှာ ထိုင်ပြီး စဉ်းစားနေပါတယ်။ မခင်မေဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကျက်သရေရှိတဲ့ မိန်းကလေးပဲ၊ ဒီလိုဟာမျိုး တစ်ခါမှ မတွေ့ဖူးဘူး။ သဘောကောင်းတယ်ဆိုတာ မျက်နှာမှာကို ပေါ်နေတယ်။ သမီးကလေး ရင်ရင်နဲ့ တည့်မှာပဲ။ မိထွေးဆိုပေမယ့် အမေလို စောင့်ရှောက်မှာပဲ။ ကျက်သရေရှိတဲ့ မိန်းမရရင် ယောကျ်ားမှာလဲ ကျက်သရေတိုးတတ်တယ်။ မခင်မေနဲ့ အိမ်ထောင်ကျပြီးရင် ရာထူးများတိုးမလား မသိဘူး။ ဒါတွေဟာ ဖြစ်နိုင်တယ်။

စာရေးကြီးကတော်ဟာ ဘာမှ လူပါးမဝဘူး။ ဒီကိစ္စမျိုးမှာ အာဏာမပြရဘူး။ သူ့သမီးမရခင် သူ့အမေကြီးကို ဖျာလိပ်လိပ် ထိပ်ပေါ်တင်ဆိုတဲ့စကား ရှိသားပဲ။ ဒီစကားအတိုင်း ကျင့်သုံးရင် အောင်ရမှာပေါ့။ ဒီလိုလဲ နည်းမှန်လမ်းမှန်နဲ့ ချဉ်းကပ်တတ်တယ်။ ငါကလဲ မြို့ပိုင်တစ်ယောက် ဖြစ်နေတယ်ဆိုတော့ နှစ်နဲ့ နှစ်ပေါင်းရင် ငါး ဖြစ်ချင်ဖြစ်သွားမယ်။ မခင်မေကလေးကို ငါရဖို့ကတော့ မလွဲနိုင်တော့ဘူးလို့ စဉ်းစားရင်း ဘယ်ရက်လောက် လက်ထပ်ရရင် ကောင်းမလဲဆိုတဲ့သဘောနဲ့ ပြက္ခဒိန်ကို ချိတ်ထားတဲ့နေရာကဖြုတ်ပြီး ရက်တွက်နေပါတယ်။

သူ့စိတ်ထဲမှာ နတ်တော်လဆန်း ခုနစ်ရက်ကို အတော်သဘောကျနေတယ်။ အဲဒီနေ့ဟာ ရက်ရာဇာလဲဖြစ်တယ်။ တနင်္ဂနွေလဲ ဖြစ်တယ်။ နားဖောက်ဖို့ မင်္ဂလာဆောင်အတွက် အစီအစဉ်တွေလုပ်ဖို့ တစ်လခွဲလောက် အချိန်လဲရတယ်။ အဲဒီလို ရက်တွက်ပြီး ကုလားထိုင်ပေါ်ပြန်ထိုင်ရင်း ဆက်ပြီး စဉ်းစားပြန်တယ်။ နားဖောက်ကြောင်းလမ်းပြီးရင် မခင်မေတို့ မိသားစုကို သူ့အိမ်ဖိတ်ပြီး ထမင်းကျွေးမယ်။ ရည်ရွယ်ချက်ကတော့ သူ့သမီးနဲ့လဲ ရင်းနှီးသွားအောင် သူလဲ မခင်မေကို ကြည့်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်ပါပဲ။ အဲဒီလို စဉ်းစားရင်း ဗန်းကြီးကိုရွက်နေတဲ့ မခင်မေကို မျက်စိထဲမှာ မြင်လာပြီး မြို့ပိုင်မင်း ဦးရွှေကြိုင်ဟာ သနားသွားတယ်။ အဲဒီလို သနားသွားတဲ့အတွက် ကြောင်းလမ်းပြီးတာနဲ့ ထမင်းသုပ်အရောင်းမခိုင်းတော့ဘူးလို့ မြို့ပိုင်မင်း ဦးရွှေကြိုင် ဆုံးဖြတ်ချက်ချလိုက်ပါတယ်။



နောက်ပြီးတော့ သူတို့မှာလဲ လက်သုပ်ကလေး ရောင်းစားနေ[illegible]ယ်ဆိုတော့ ပိုက်ဆံရှိရှာမှာ မဟုတ်ပါဘူး။ မင်္ဂလာဆောင်စရိတ်အတွက် [illegible] အကုန်ခံရမှာပါပဲ။ မင်္ဂလာဆောင်တော့ ကြီးကြီးကျယ်ကျယ် [illegible]ဘူး။ နောင်ကို ကလေးတွေ ဘာတွေနဲ့ ဖြစ်လာဦးမယ်ဆိုတော့ [illegible]လာဆောင်မှာ ငွေတွေ အရမ်းဖြုန်းပစ်လို့ မဖြစ်ဘူး။ လက်ဆောင်[illegible]တော့ လာကြမှာပါပဲ။ ဒါပေမယ့် အရက်ဆိုင်တို့၊ ဘိန်းဆိုင်တို့၊ [illegible]တို့၊ အင်းသူကြီးတို့ဆီက လက်ဆောင်တွေတော့ လက်မခံဘူး။ ဒါ[illegible]တော့ အစောကြီးကတည်းက စာရေးကြီးကို အမိန့်ပေးထားရမှာပဲလို့ [illegible]သုံးပါး ကိုင်းရှိုင်းတဲ့ မြို့ပိုင်မင်း ဦးရွှေကြိုင်က စဉ်းစားမိပါတယ်။ [illegible]နောက် ဟင်္သာတမှာ အမိန့်တော်ရရှေ့နေလုပ်နေတဲ့ သူ့အစ်ကိုကြီး [illegible]လှိုင်ဆီကို စာရေးဖို့ သတိရတာနဲ့ စာရေးစားပွဲခုံဆီသွားပြီး

'စာအားဖြင့် အစီရင်ခံပါသည် အစ်ကိုကြီး ခင်ဗျား၊ ကျွန်တော် ရှာနေတဲ့ မိန်းကလေးကို ဝါးခယ်မမှာ တွေ့ပါပြီ၊ ဒီမိန်းကလေးဟာ အတော်ထူးသော မိန်းကလေး ဖြစ်ပါသည်၊ အစ်ကိုကြီး မြင်ရလျှင်လဲ အလွန် သဘောကျပါ လိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်၊ မင်္ဂလာကိစ္စကို နတ်တော်လဆန်း ခုနစ်ရက်နေ့လောက်လုပ်ရန် ကျွန်တော် အကြမ်းအားဖြင့် စိတ်ကူးထားပါသည်၊ အဲဒီနေ့မှာ အစ်ကိုကြီး လာနိုင်ပါလျှင် ကျွန်တော် အလွန် ဝမ်းသာပါမည်၊ အကယ်၍ မလာနိုင်ပါလျှင် ဆုတောင်းမေတ္တာ ပို့သသည့် စာတစ်စောင်လောက် ကျေးဇူးပြု၍ မစ စေချင်ပါသည်၊ ၎င်းဆုတောင်းမေတ္တာစာထဲမှာ သတို့သမီး၏နာမည်ကိုပါ ထည့်ဖို့ မမေ့ရန် ကျွန်တော် မေတ္တာရပ်ပါသည်၊ သတို့သမီး၏ နာမည်မှာ မခင်မေ ဖြစ်ပါသည်၊ နောက်တစ်ပတ် စာထဲမှာ မခင်မေ၏ဓာတ်ပုံနှင့်တကွ အတ္ထုပ္ပတ္တိကိုပါ ကျွန်တော်ရေးပြီး ပို့လိုက်ပါမည်၊ အစ်ကိုကြီး အစ်မကြီးနှင့် အိမ်သားအားလုံး ကျန်းမာချမ်းသာကြပါစေ'လို့ စာရေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးပြီးတဲ့နောက် သူ့အစ်ကိုကြီး ပြောသွားတာ စဉ်းစားမိပါတယ်။ မြို့ပိုင်ဦးရွှေကြိုင်ရဲ့ ပထမဇနီးဆုံးတုန်းက အစ်ကိုကြီးဦးဘိုးလှိုင်ရောက်လာပြီး 'ဒီမိန်းမနဲ့ မယူခင် သူ့ဇာတာကို ငါ မကြည့်လိုက်မိလို့ မင်းယူရတာ၊ ကြည့်လိုက်ရရင် မင်း မယူရဘူး၊ သူ့ဇာတာဟာ မခိုင်ဘူး၊ အိုအောင်မင်းအောင် နေရတဲ့ ဇာတာမျိုး မဟုတ်ဘူးလို့ ဗေဒင်ပညာကို တကယ်လဲ ယုံကြည်၊ အတော်လဲလိုက်စားနေတဲ့ အစ်ကိုကြီး ဦးဘိုးလှိုင်က ညီ ဦးရွှေကြိုင်ကို ပြောဖူးပါတယ်။ အဲဒါကို ဦးရွှေကြိုင် စဉ်းစားမိပြီး အစ်ကိုကြီးက မခင်မေရဲ့ ဇာတာကို ပို့လိုက်စမ်းပါလို့များ အမိန့်ချဦးမလား၊ ပို့ရတာက မခက်ဘူး။ မခင်မေရဲ့ ဇာတာလဲ မခိုင်ဘူးလို့များ ဆိုလိုက်မှဖြင့် ခက်မှာပဲ။ စားရက်ကြုံလို့ မုတ်ဆိတ်လာ ပျားစွဲပြီးမှ ဒီလောက် ကြီးကျယ်တဲ့ လာဘ်ကြီးနဲ့ လွဲရမယ်ဆိုရင် ခက်မှာပဲ။ အလကားပါကွာ၊ ဗေဒင်ဆိုတာ ဘုရားဟော မဟုတ်ဘူး၊ ဇာတာ ဘယ်လောက်ကောင်းကောင်း၊ သေချင်တဲ့လူ သေတာပဲ၊ ရှင်ချင်တဲ့လူ ရှင်တာပဲလို့ စိတ်ကူးတွေ လွန်သွားပြီး မြို့ပိုင်မင်း ဦးရွှေကြိုင်ဟာ တစ်ယောက်တည်း ရန်ဖြစ်နေပါတယ်။

နောက်ပြီးတော့ မြို့ပိုင်မင်းဦးရွှေကြိုင်ဟာ နားဖောက်ကြောင်းလမ်းဖို့ကိစ္စကို ဆက်ပြီး စဉ်းစားပါတယ်။ ဒီနားဖောက်တဲ့ကိစ္စမှာ စာရေးကြီးကတော်ကို ထပ်လွှတ်လို့မဖြစ်ဘူး။ သူ့ကိုလွှတ်ရင် သူ့ခေါ်တာ မလာရကောင်းလားလို့ စိတ်နာနာနဲ့ ဘောက်တွေ လျှောက်ပြောရင် ဒီကိစ္စဟာ လန်သွားဦးမယ်။ လန်သွားလဲ စာရေးကြီးကတော်က ကိစ္စမရှိဘူး။ လွှမ်းတော့ ကိုယ်လွှမ်းရမှာ။ ဒီတစ်ခါ လန်လာရင်တော့ နောက်တစ်ခါ ပြန်စဖို့ မကောင်းတော့ဘူး။ အမိန့်တော်ရရှေ့နေကြီး ဦးလှမောင်ရဲ့ဇနီး ဒေါ်သန်းတင်ဟာ အနေအထိုင်လဲ ကျစ်လျစ်တယ်။ အပြောအဆိုလဲ ပျော့ပျောင်းတယ်။ အဲဒီတော့ ဒေါ်သန်းတင်ကိုပဲ လွှတ်ရမှာပဲ။ စာရေးကြီးကတော်ကတော့ စိတ်ဆိုးမှာပဲ။ စိတ်ဆိုးလဲ မတတ်နိုင်ဘူး။ လွှမ်းတော့ ကိုယ်လွှမ်းရမှာ၊ လွှမ်းတော့ ကိုယ်လွှမ်းရမှာ၊ လွှမ်းတော့ ကိုယ်လွှမ်းရမှာ



ထို့ ကုလားထိုင်လက်တန်းကို လက်ညှိုးနဲ့ ခေါက်ရင်း မကြားတကြား ဆေး သီချင်းလုပ်ပြီး ဆိုနေပါတယ်။

နောက်တစ်နေ့မနက် သမီးကလေးရင်ရင်နဲ့ မနက်စ ာစားရင်း မြို့ပိုင်မင်း ဦးရွှေကြိုင်က 'သမီးရေ၊ သမီးတော့ မေမေ တစ်ယောက် ရတော့မယ်'လို့ ပြောပါတယ်။ 'ဘယ်မှာလဲဖေဖေ'လို့ သမီးကလေး ရင်ရင်က မေးပါတယ်။ 'မြို့ထဲမှာရှိတယ်'လို့ ဦးရွှေကြိုင်က ပြန်ပြောပါတယ်။ 'အဲဒီမေမေက သမီးကို မရိုက်ဘူးနော်'လို့ သမီးကလေးက ဆက်ပြီး မေးပါတယ်။ 'မရိုက်ပါဘူးသမီးရယ်၊ သမီးကို ဒီမေမေက သိပ်ချစ်တယ်၊ သမီးကို အဲဒီမေမေက မုန့်တွေလဲ ဝယ်ပေးမယ်၊ ကစားစရာ ကလေးတွေလဲ ဝယ်ပေးမယ်'လို့ ဦးရွှေကြိုင်က သမီးကို ပြောပါတယ်။ 'အဲဒီမေမေ ဘယ်တော့ ဒီကိုလာမလဲ'လို့ သမီးကလေးက ထပ်ပြီး မေးပါတယ်။ 'မကြာခင် လာပါလိမ့်မယ် သမီးရယ်'လို့ ဦးရွှေကြိုင်က ပြန်ဖြေပါတယ်။

မနက်စာစားပြီးတဲ့နောက် အမှုတစ်ခုကို စစ်စရာရှိတဲ့အတွက် ဦးရွှေကြိုင်ဟာ ရုံးကို ထွက်လာခဲ့ပါတယ်။ တစ်လမ်းလုံးလဲ ရှေ့နေကတော် ဒေါ်သန်းတင်တို့ကို မခင်မေတို့ဆီ ဘယ်လိုလုပ်ပြီး လွှတ်ရပါ့မလဲ၊ ဘယ်တော့လောက် လွှတ်ရပါ့မလဲဆိုတာတွေကို အပြန်ပြန်အလှန်လှန် စဉ်းစားလာပါတယ်။ ရုံးရောက်ခါနီးမှာ အဖြေရပါတယ်။ အဲဒီနေ့ အမှုစစ်ပြီးရင် အမိန့်တော်ရရှေ့နေ ဦးလှမောင်ကို အိမ်ကို ခေါ်လာမယ်။ အိမ်ရောက်မှ ဦးလှမောင်ကတစ်ဆင့် သူ့ဇနီး ဒေါ်သန်းတင်ကို အပြောခိုင်းမယ်။ ဒေါ်သန်းတင် သဘောတူရင် နားဖောက်ကြောင်းလမ်းဖို့ နေ့ကောင်းရက်သာကို နောက်မှရွေးမယ်။ အဲဒီလို အဖြေရပြီး သိပ်အရင်လို နေတာနဲ့ သူ့ရုံးခန်းထဲမှာတောင် မထိုင်ဘူး။ ရောက်ရောက်ချင်း တရားခွင် ပေါ်ကိုတက်ပြီး မြို့ပိုင်မင်း ဦးရွှေကြိုင်က 'ကဲ စာရေးကြီး၊ မခင်မေကို ခေါ်'လို့ ပြောလိုက်ပါတယ်။ စာရေးကြီးလဲ ဗြုန်းခနဲ နားမလည်နိုင်ဘဲ မြို့ပိုင်မင်းကို ကြောင်တောင်တောင်ကြီး ကြည့်နေပါတယ်။ အဲဒီတော့

www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင်က 'အမှုသည်တွေ ခေါ်လိုက်ပါလေ'လို့ ထပ်ပြောပါတယ်။ အမှုကို တစ်နာရီလောက် စစ်ပြီး ရက်ချိန်းပေးလိုက်ပါတယ်။

အဲဒီနောက် မြို့ပိုင်ဟာ ရှေ့နေဦးလှမောင်ကို ခေါ်ပြီး အိမ်ပြန်လာပါတယ်။ မြို့ပိုင်မင်း ဦးရွှေကြိုင်နဲ့ အမိန့်တော်ရရှေ့နေကြီး ဦးလှမောင်တို့ နှစ်ဦးသဘောတူ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်ကို နားဖောက်ကြောင်းလမ်းဖို့ရက် အဖြစ်နဲ့ ရွေးလိုက်ပါတယ်။ ပြောဆိုတိုင်ပင်ပြီးတဲ့အတွက် အမိန့်တော်ရရှေ့နေကြီး ဦးလှမောင် အိမ်ပြန်တဲ့ခါ မြို့ပိုင်မင်း ဦးရွှေကြိုင်ဟာ ခြံဝအထိလိုက်ပြီး 'အာဏာသုံးလို့တော့ မဖြစ်ဘူး ဦးလှမောင်ရေ၊ အခုအခါတော့ သူ့အမေကြီးကို ဖျားလို့ဇိပ် ထိပ်ပေါ်တင်ရမယ့်အခါပဲလို့ စာရေးကြီးကတော်လို အာဏာတွေသုံးလိုက်မှာစိုးပြီး တတွတ်တွတ်နဲ့မှာနေပါတယ်။ ရှေ့နေဆိုတာကလဲ သူတို့ကသာ ဆရာလုပ်ချင်တယ်။ သူတို့ကို ဆရာလာလုပ်ရင် တယ်မကြိုက်ချင်ဘူး။ အဲဒါကြောင့် 'စိတ်ချပါ မြို့ပိုင်မင်း၊ ကျွန်တော် နားလည်ပါတယ်'လို့ ပြောပြီး ပြန်လာခဲ့ပါတယ်။ မြို့ပိုင်မင်းလဲ ပြောရတာ အားမရနိုင်တဲ့အတွက် 'လွမ်းတော့ကိုယ်လွမ်းရမှာ ဆရာလှရေ၊ စိတ်ချပါရစေ'လို့ နောက်ကနေပြီး လှမ်းပြောလိုက်ပါသေးတယ်။

ဦးလှမောင်လဲ ရုံးကအပြန် ဒေါ်လှမေရဲ့အိမ်ကို ဝင်ပါတယ်။ ဦးလှမောင်နဲ့ ဒေါ်လှမေတို့ဟာ တစ်မြို့တည်းသားချင်း ဖြစ်တဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် သိနေကြပါတယ်။ ဒါပေမယ့် တစ်ယောက်အိမ်ကို တစ်ယောက် ဝင်ထွက်သွားလာတဲ့အထိတော့ မကျွမ်းကြပါဘူး။ အဲဒါကြောင့် မလာစဖူး ဦးလှမောင်ဝင်လာတဲ့အခါ ဒေါ်လှမေက အံ့အားသင့်နေပါတယ်။ ဦးလှမောင်လဲ ဒေါ်လှမေရဲ့ဘေးက ပက်လက် ကုလားထိုင်ပေါ်မှာ ထိုင်ပါတယ်။ လိုရာစကားကို ပြောကြဖို့အတွက် လမ်းခင်းပေးတဲ့အနေနဲ့ ကျန်းမာရေးအကြောင်း၊ ဟိုအကြောင်း ဒီအကြောင်း ကလေးတွေကို ပြောပြီး ဒီလိုပဲ သားရေးသမီးရေး ပြောချင်တဲ့အတွက် ဒေါ်လှမေခွင့်ပြုမယ်ဆိုရင် ဒေါ်လှမေဆီကို သူ့မိန်းမ မသန်းတင် လာချင်တယ်။



သီတင်းကျွတ်လပြည့်ကျော် ဆယ်ရက်နေ့၊ မနက် ရှစ်နာရီလောက် အနိုင်ပါမလားလို့ မေးပါတယ်။ ဒေါ်လှမေရဲ့ သဘောတူချက်အရ ရက်ချိန်းသတ်မှတ်ပြီး ဦးလှမောင် ပြန်သွားပါတယ်။

သီတင်းကျွတ်လပြည့်ကျော် ဆယ်ရက်နေ့မှာ ချိန်းထားတဲ့အတိုင်း အမိန့်တော်ရကတော် ဒေါ်သန်းတင် ရောက်လာပါတယ်။ 'မခင်မေတို့ကော'လို့ ဒေါ်သန်းတင်က မေးတာနဲ့ အမေကြီးက အော်ခေါ်လိုက်လို့ ခင်မေ ထွက်လာပြီး ဒေါ်သန်းတင်ထိုင်နေတဲ့ ပက်လက်ကုလားထိုင်ချောင်းမှာ ပုဆစ်ဒူးတုပ် ရိုရိုသေသေထိုင်နေပါတယ်။ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်ပြီးတော့ 'အေး အေး ညည်းတို့လုပ်စရာရှိတာ သွားလုပ်ကြ၊ ညည်းတို့ အမေနဲ့ စကားပြောပြီးတော့မှ ညည်းတို့လက်သုပ်သုပ်တာ ငါလာကြည့်ဦးမယ်'လို့ ဒေါ်သန်းတင်က ပြောပြီး မခင်မေကို နောက်ဖေးလွှတ်လိုက်ပါတယ်။ ဒေါ်သန်းတင်လဲ လာရတဲ့အကြောင်းကို ရေရေလည်လည် ရှင်းပြပါတယ်။ အဲဒီအခါ ဒေါ်လှမေက 'ကျွန်မတို့အနေနဲ့ ကန့်ကွက်စရာ မရှိပါဘူး မသန်းတင်ရယ်၊ သမီးသဘောပါပဲ၊ သူ့သဘောကိုသာမေးပါ'လို့ ရိုးရိုးသားသား ပြန်ပြီးဖြေပါတယ်။

ဒေါ်လှမေနဲ့ စကားပြောပြီး ဒေါ်သန်းတင်ဟာ မခင်မေတို့ရှိတဲ့ မီးဖိုဆောင်ထဲသွားပါတယ်။ လက်သုပ်ဆိုင်အကြောင်း ဟိုကြောင်း ဒီအကြောင်းအလေးတွေကို စကားပလ္လင်အနေနဲ့ ပြောပြီး သူ့အိမ်မှာ လက်သုပ်ဝယ်စားတဲ့နေ့ကတည်းက ဖြစ်ပျက်ခဲ့တာတွေကို အကုန် ပြန်ပြောပါတယ်။ ဒေါ်သန်းတင်လဲ ငယ်ရာက ကြီးလာသူဖြစ်တဲ့အတိုင်း မိန်းကလေးများဟာ သနားအောင်ပြောနိုင်ရင် အပြောရလွယ်တယ်ဆိုတဲ့ သဘောကို နားကျေနေတဲ့အတွက် မြို့ပိုင် ဦးရွှေကြိုင်ဟာ မခင်မေကို မြင်တဲ့အခါကစပြီး ထယ်လို စွဲနေတယ်ဆိုတာတွေကို သူ့ယောကျ်ား ဦးလှမောင်ဆီက ကြားရသမျှ အကုန်ပြန်ပြီး ဖောက်သည်ချပါတယ်။

ဒီစကားတွေကိုကြားရရင် တော်ရုံတန်ရုံ မိန်းကလေးဟာ နေ့ထိတဲ့ဖယောင်းလို ပျော့ကျသွားမှာပဲ။ မခင်မေကတော့ ဒီလို မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင်လို လူစားတစ်ယောက်က သူ့ကို စွဲနေတယ်ဆိုတဲ့အတွက် ဝမ်းလဲ မသာဘူး။ သွေးလဲ ကြီးမသွားဘူး။ အဲဒီတော့ မခင်မေဟာ ဒေါ်သန်းတင်ကို ဘယ်လိုပြန်ပြောသလဲ။ 'ဒေါ်ဒေါ်ရယ်၊ ကျွန်မတို့ ကောင်းစားတာကို မြင်ချင်တယ်လို့ ကြားရတဲ့အတွက် ကျေးဇူး အင်မတန်တင်ပါတယ်၊ ဒါပေမယ့် ဒေါ်ဒေါ်ရယ် ကျွန်မရဲ့စိတ်ကတော့ သီလရှင်လုပ်ဖို့ပဲ ထက်သန်နေပါတယ်၊ ဖေဖေသာ ကျန်းကျန်းမာမာနဲ့ ရှိနေဦးမယ်ဆိုရင် အခု အချိန်မှာ ကျွန်မ သီလရှင်ဖြစ်နေပါပြီ၊ အိမ်ထောင်ပြုဖို့ဆိုတာ ဒီကနေ့အထိ ကျွန်မ စဉ်းစားလို့ မရပါဘူး'လို့ မခင်မေက ပြန်ပြောတယ်။ 'စဉ်းစားပါဦးကွယ်၊ သန်ဘက်ခါ ဒီအချိန်လောက် ဒေါ်ဒေါ်လာခဲ့ဦးမယ်'ဆိုပြီး ဒေါ်သန်းတင် ပြန်သွားပါတယ်။

ညီအစ်မနှစ်ယောက်တည်းရှိတဲ့အခါ 'မမကလဲ ယူလိုက်ပြီးရော၊ မမက ဒီမြို့ပိုင်ကိုယူရင် မေမေက မြို့ပိုင်ရဲ့ ယောက္ခမကြီး၊ ဦးလေးက မြို့ပိုင်ဦးလေး၊ ကျွန်မက မြို့ပိုင်ခယ်မ ဖြစ်မှာပေါ့'လို့ မတင်မေက သူ့အစ်မကြီးကို ရယ်ရယ်မောမော ပြောပါတယ်။ အစ်မကြီး မခင်မေက 'အိမ်ထောင်ဆိုတဲ့ ဒီထောင်ကြီးကို မမ သိပ်ကြောက်တယ်ကွယ်၊ ဒီထောင်ကြီးမှာ လွတ်ရက် မရှိဘူး၊ သေမှပဲလွတ်တော့တာပဲ၊ မေမေနဲ့ ညည်းကြောင့် မမ ခုလိုနေတာ၊ မမဟာ မမ တစ်ယောက်တည်းဆိုရင် သီလရှင်ဖြစ်နေတာ ကြာပြီ'လို့ ပြန်ပြောတယ်။

ညစာထမင်းစားပြီးတဲ့အခါ အမေကြီး၊ ဦးလေးဖိုးအေး၊ မခင်မေ၊ မတင်မေတို့ဟာ ဒီကိစ္စကို ဆွေးနွေးကြပါတယ်။ အမေကြီးရဲ့ သဘောကတော့ သမီးလိုချင်ယူ။ ဦးလေးဖိုးအေးရဲ့ သဘောကျတော့ တစ်ရွာသား ဘုမသိဘမသိ မြို့အုပ်ကိုယူတာထက် ကိုယ့်အရပ်ထဲက ဇာတ်သိ နပတ်သိ လေ့ထိုးသားတစ်ယောက်ကို ယူရတာက ပိုပြီး စိတ်ချမ်းသာရတယ်။ ဒါပေမယ့် မခင်မေဟာ ဉာဏ်ရှိတယ်။ မခင်မေရဲ့ သဘောပဲ။ မတင်မေကလေးကတော့ အတိအလင်းပဲ မြို့ပိုင်ကို ယူစေချင်တယ်။ အရွယ်ကောင်းတုန်း ယူချင်ယူ၊ အပျိုဟိုင်းကြီးဖြစ်မှဆိုရင် အကူစာရေးကိုတောင် ရဖို့ ခက်မယ်လို့



[illegible]တယ်။ မခင်မေက အိမ်ထောင်မပြုချင်ဘူးလို့ ပြောတယ်။ နောက်ဆုံးမှာ [illegible]မေကို ဘယ်သူမှ မလွန်ဆန်ကြဘဲ ဒေါ်သန်းတင် ချိန်းတဲ့နေ့မှာ လာတဲ့ [illegible] မခင်မေရဲ့ သဘောအတိုင်း စကားပြန်ဖို့ သဘောတူကြပါတယ်။

ဒေါ်သန်းတင်လာတဲ့အခါ မခင်မေကိုယ်တိုင် တွေ့ပြီး ဒေါ်သန်းတင် [illegible]င်အောင် တရားသံကလေးနဲ့ ရှင်းပြပါတယ်။ ဒေါ်သန်းတင်ဟာ [illegible]ပြောတာ မရတဲ့အတွက်တော့ စိတ်မကောင်းဘူးပေါ့။ ဒါပေမယ့် [illegible]တော်ကောင်းတစ်ယောက် ဖြစ်တဲ့အတိုင်း မခင်မေပြောသမျှတွေ မှန်တယ် [illegible]တာတော့ သူသဘောပေါက်တယ်။ ဒီလို သဘောပေါက်ပြီး မခင်မေကို [illegible]လဲ သနားတယ်၊ တယ်ပြီး မြင့်မြတ်တဲ့ သူတော်ကောင်းမကလေးပဲ [illegible] စိတ်ထဲက အကြိမ်ကြိမ်လဲ ချီးကျူးမိပါတယ်။

သိပ်ပြီး မျှော်လင့်ထားတဲ့ မြို့ပိုင်မင်း ဦးရွှေကြိုင်ဟာ ဒေါ်သန်းတင် [illegible] စကားကို ကြားလိုက်ရတဲ့အခါ ဘာမှ စကားပြန်မပြောနိုင်ဘဲ အတော် [illegible]ကြာ ငေးတေးတေးဖြစ်နေတယ်။ 'အမေကြီး မသေခင် ချွေးနဲ့စာ [illegible]လေးနဲ့ ကျေးဇူးဆပ်နေပါရစေ၊ အမေကြီးသေတဲ့အခါ သံသရာဝဋ် [illegible]င်းရဲက ထွက်မြောက်ရေးအတွက် သီလရှင်လုပ်ပါရစေဆိုတာ အစ်ကိုကြီး [illegible]ပိုင်မင်းကို ခြေထောက်ဦးခိုက် ရှိခိုးတောင်းပန်လိုက်ပါတယ်'လို့ ဒေါ်သန်း [illegible]င်ကတစ်ဆင့် ပြောလိုက်တဲ့ မခင်မေရဲ့ စကားဟာ အင်မတန်ကြီး [illegible]ောင်းနေတဲ့အတွက် စိတ်ဆိုးလို့လဲ မဖြစ်နိုင်ဘူး။ မခင်မေအပေါ်မှာ [illegible]မ်းတပ်မက်မှုဟာ အင်မတန်ကြီး ပြင်းထန်နေတဲ့အတွက်လဲ ရုတ်တရက် [illegible]က်လျှော့လိုက်လို့ မဖြစ်ဘူး။ အဲဒီလိုဖြစ်နေတဲ့အတွက် ဘယ်လိုလုပ်ရပါ့ [illegible]လဲလို့ အဖြေရှာရင်း မြို့ပိုင်မင်း ဦးရွှေကြိုင်ဟာ ငိုင်တိုင်တိုင်ကြီး ဖြစ်နေ [illegible]တယ်။ နောက်မှ နည်းနည်းစဉ်းစားလို့ရလာပြီး 'ဒီလို မိန်းကလေးမျိုး [illegible]ာ လိမ်မပြောတတ်ဘူး၊ သူတို့ရဲ့မျက်နှာကို ကြည့်တာနဲ့ ကျွန်တော် [illegible]ပါတယ်၊ အဲဒီတော့ သီလရှင်လောင်းကြီးကို ကျွန်တော်ကလဲ [illegible]တ် [illegible]ာ့ပြီး သွားကြိုက်မိတာ ကျွန်တော့်အပြစ်ပဲ'လို့ ခပ်ဖြည်းဖြည်းစဉ်းစား [illegible] ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင်မင်း ဦးရွှေကြိုင်ဟာ ဝါးခယ်မမှာ ဆက်ပြီးနေရင် မခင်မေ အပေါ်မှာ စွဲလမ်းမှုတွေဟာ တိုးသာနေမှာပဲ။ လျော့မှာ မဟုတ်ဘူး။ ဒီလို ဆိုရင် သူသိပ်ပြီး စိတ်ဆင်းရဲရမယ်။ နောက်ပြီးတော့လဲ ဝါးခယ်မမှာ နေရတာ သူမျက်နှာပူလာပြီ။ အဲဒီတော့ ခွင့်ယူပြီး ခွင့်စေ့တဲ့အခါ တခြား တစ်နေရာ ပြောင်းမှပဲလို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီ ဆုံးဖြတ်ချက် အရ နောက်တစ်နေ့ မြောင်းမြသွား၊ အရေးပိုင်နဲ့တွေ့၊ သူ့အဖြစ်အပျက် တွေကို အရေးပိုင် သနားလောက်အောင် ရှင်းပြ၊ ခွင့်ရတဲ့အခါ ဝါးခယ်မ ပြန်လာပြီး သူ့ဇာတိဖြစ်တဲ့ မြန်အောင်ကိုပြန်ဖို့ အထုပ်အပိုး ပြင်ပါတယ်။ ဦးရွှေကြိုင်လဲ သူတော်ကောင်းတစ်ဦး ဖြစ်တဲ့အတိုင်း ငါ့ကို ဒင်းလိုဟာက ငြင်းရက်လေခြင်းလို့ စိတ်မဆိုးနိုင်ဘဲ မခင်မေကို ချစ်ခင်စွဲလမ်းနေတဲ့ စိတ်ထဲမှာ သနားတဲ့စိတ်တွေ ထပ်ပြီး တိုးလာပြန်ပါတယ်။

အဲဒါကြောင့် ဝါးခယ်မက ထွက်မသွားခင် နှစ်ရက်လောက်မှာ

'ညီမကလေး မခင်မေ၊ အနှောင့်အယှက်ပေးမိတာ သည်းခံပါ၊ ညီမကလေးရဲ့ စိတ်ထားမြင့်မြတ်ပုံ၊ တည်ကြည်ပုံ၊ ခံ့ညားပုံ တွေကို အစ်ကိုကြီး တစ်သက်လုံး ချီးကျူးလို့ ကုန်တော့မှာမဟုတ် ပါဘူး၊ ကြောင်းလမ်းလို့ အောင်မြင်ရင် မင်္ဂလာဆောင်ဖို့အတွက် အစ်ကိုကြီး ငွေတစ်ထောင်ထားပါတယ်၊ ညီမကလေးရဲ့ သီလကို ပူဇော်တဲ့အနေနဲ့ ဒီငွေတစ်ထောင်ကို လှူပါရစေ၊ ကျေးဇူးပြုပြီး လက်ခံပါ၊ အစ်ကိုကြီးနဲ့ သင့်တော်မယ့် ဆုံးမစာကလေးတစ်ပုဒ် လောက် ချီးမြှင့်ပါ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ'

လို့ စာရေးပြီး 'အစ်ကိုကြီး ရွှေကြိုင်' လို့ လက်မှတ် ထိုးလိုက်ပါတယ်။ ငွေနဲ့ စာကို ဒေါ်သန်းတင်ကိုယ်တိုင် သွားပြီးပေးပါတယ်။ မခင်မေလဲ ဦးရွှေကြိုင်ဆီကို အောက်ပါအတိုင်း စာပြန်ပါတယ်။

ရှိသေစွာ အစီရင်ခံပါသည် အစ်ကိုကြီးရှင်။

အောက်ပါစာများမှာ ဓမ္မပဒထဲက ကောက်နုတ်ချက်များ ဖြစ်ပါသည်။

---



၈ 'ချစ်ခင်မှုကြောင့် စိုးရိမ်မှုဖြစ်ရ၏၊ ချစ်ခင်မှုကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ ချစ်ခင်မှုမှကင်းလွတ်သော သူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

'မြတ်နိုးမှုကြောင့် စိုးရိမ်မှုဖြစ်ရ၏၊ မြတ်နိုးမှုကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ မြတ်နိုးမှုမှ ကင်းလွတ်သော သူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

'မွေ့လျော်မှုကြောင့် စိုးရိမ်မှုဖြစ်ရ၏၊ မွေ့လျော်မှုကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ မွေ့လျော်မှုမှကင်းလွတ်သော သူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှုရှိတော့အံ့နည်း။

'ထို့ကြောင့် လူကိုဖြစ်စေ၊ ပစ္စည်းဥစ္စာကိုဖြစ်စေ၊ ချစ်ခင် စွဲလမ်းခြင်း မဖြစ်ရာ၊ ချစ်ခင်စွဲလမ်းဖွယ်ရာတို့နှင့် ကွေကွင်းရခြင်း သည် မကောင်းသည်သာတည်း၊ ချစ်ခြင်း မုန်းခြင်းမရှိသော သူတို့အား အနှောင်အဖွဲ့ (ဂန္ထ)တို့ မရှိကြကုန်။

'သံဖြင့်လုပ်သော သံခြေချင်း စသော အနှောင်အဖွဲ့၊ သစ်သားဖြင့်လုပ်သော ထိပ်တုံး စသော အနှောင်အဖွဲ့၊ မြက် လျှော် တို့ဖြင့်လုပ်သော ကြိုး စသော အနှောင်အဖွဲ့မျိုးကို ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ မဆိုကြကုန်၊ ပတ္တမြား နားတောင်း စသော ရတနာတို့၌လည်းကောင်း၊ သား သမီး မယားတို့၌လည်း ကောင်း အလွန် တပ်နှစ်သက်သော ငဲ့ကွက်မှု တဏှာအနှောင်အဖွဲ့ မျိုးကိုသာလျှင် ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ ဆိုကြ ကုန်၏။ ဖွဲ့မှန်းမသိ ဖွဲ့သဖြင့် လျော့ရဲဟန်ရှိသော်လည်း လွတ် မြောက်နိုင်ရန်ခဲယဉ်းသော အပါယ်လေးပါးတည်းဟူသော ယုတ်နိမ့် ရာသို့ ဆောင်တတ်သော ဤတဏှာတည်းဟူသော အနှောင်အဖွဲ့ကို ပညာရှိတို့သည် ရှုန်းဖြတ်၍ မငဲ့ကွက်ဘဲ ကာမ ချမ်းသာကို စွန့်လျက် တောထွက်ကြကုန်၏'

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ကောက်နုတ်ချက်များကို နေ့စဉ်အချိန်ရတိုင်း မကြာမကြာဖတ်ပြီး ၎င်းကောက်နုတ်ချက်တွေထဲမှာပါသည့် သဘောတရားတွေကို သဘောပေါက်လာအောင် ဆင်ခြင်နိုင်လျှင် ယခုဘဝမှာလဲ ချမ်းချမ်းသာသာနေနိုင်စရာ အကြောင်းရှိပါသည်။ နောင်တမလွန်ဘဝအတွက်လည်း အကျိုးများဖွယ်ရာရှိပါသည်။

အောက်ပါဂါထာများသည်လည်း ဓမ္မပဒထဲမှ ကောက်နုတ်ထားသော ဂါထာများဖြစ်ပါသည်။ ၎င်းတို့ကို အလွတ်ရအောင်ကျက်ပြီး မကြာခဏရွတ်နိုင်လျှင်လည်းကောင်း၊ ရွတ်တိုင်း သဘောပေါက်အောင် ရှုဆင်ခြင်နိုင်လျှင်လည်းကောင်း၊ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရေးအတွက် များစွာ အထောက်အပံ့ဖြစ်နိုင်စရာ အကြောင်းရှိပါသည်။

## အနိစ္စလက္ခဏဝတ္ထု

၂၇၇။ 'သဗ္ဗေသင်္ခါရာ အနိစ္စာ'တိ၊
ယဒါပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

အကြင် အခါ '(ရုပ်နာမ်ဓမ္မ) သင်္ခါရအားလုံးတို့သည် အမြဲမရှိကုန်'ဟု ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

## ဒုက္ခလက္ခဏဝတ္ထု

၂၇၈။ 'သဗ္ဗေသင်္ခါရာ ဒုက္ခာ'တိ၊
ယဒါပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။



အကြင်အခါ '(ရုပ်နာမ်ဓမ္မ) သင်္ခါရအားလုံးတို့သည် ဆင်းရဲကုန်၏'ဟု ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ရာနိဗ္ဗာန်၏ အကြောင်းဖြစ်၏။

## အနတ္တလက္ခဏဝတ္ထု

၂၇၉။ 'သဗ္ဗေဓမ္မာ အနတ္တာ'တိ၊
ယဒါပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

အကြင်အခါ 'သဘာဝတရားအားလုံးတို့သည် အတ္တ မဟုတ်ကုန်'ဟု ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် စင်ကြယ်ရာ နိဗ္ဗာန်၏အကြောင်းဖြစ်၏။

စေတနာရှေ့ထားပြီး ပို့လိုက်သော ငွေတစ်ထောင်ကို ဒေါ်ဒေါ်သန်း လက်ထဲမှ ကောင်းစွာရပါသည်။ ကျေးဇူးတင်ပါသည်။ သို့ရာတွင် ၎င်းငွေတစ်ထောင်ကို လက်ခံရန် အခက်အခဲရှိနေသည့်အတွက် ပြန်ပို့လိုက်ခြင်းကို ခွင့်လွှတ်ပါရန် ရိုသေစွာ တောင်းပန်ပါသည်။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေရှင့်'လို့ စာရေးပြီး ငွေနဲ့စာကို ဒေါ်သန်းတင်မှတစ်ဆင့် ဦးရွှေကြိုင်ဆီကို ပို့လိုက်တယ်။

ဦးရွှေကြိုင်ဟာ သူ့ငွေကိုလက်မခံတဲ့အတွက် စိတ်တော့မကောင်းဘူး။ ဒါပေမယ့် မခင်မေ ရေးပေးလိုက်တဲ့ ဆုံးမစာကိုတော့ သိပ်ကြိုက်တာပဲ။ ဒီစာကိုဖတ်ပြီး မခင်မေကို ချစ်နေတဲ့ ဦးရွှေကြိုင်ရဲ့ စိတ်တွေထဲမှာ ကြည်ညိုတဲ့စိတ်တွေ ထပ်ပြီး တိုးလာပြန်တယ်။ အဲဒါနဲ့ ဒေါ်လှမေထံမှာ ခွင့်အတောင်းခိုင်းပြီး ဦးရွှေကြိုင်ဟာ ဦးလှမောင် ဒေါ်သန်းတင်တို့နဲ့အတူ မခင်မေတို့ အိမ်ကို နောက်တစ်နေ့ သွားလည်ကြပါတယ်။ မခင်မေတို့

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မနှစ်ယောက်စလုံး သူ့အမေကြီးနဲ့အတူ ထွက်ပြီး ဧည့်ခံကြပါတယ်။ တစ်နာရီလောက် စကားပြောပြီး ပြန်ခါနီးမှာ ဦးရွှေကြိုင်ဟာ ဒေါ်လှမေကို ကန်တော့ပါတယ်။ မခင်မေကိုလဲ အပြစ်ရှိသမျှတွေ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ မခင်မေကလဲ ဒီလိုပဲ ပြန်ပြီးတောင်းပန်ပါတယ်။ အဲဒီလို တောင်းပန်လို့အပြီးမှ ဦးရွှေကြိုင်က ငွေတစ်ထောင်ကို ထုတ်ပြီး 'မခင်မေ၊ ဒီငွေကို မခင်မေအနေနဲ့ ပေးတာမဟုတ်ပါဘူး၊ ဆရာအနေနဲ့ ပူဇော်တာပါ၊ မခင်မေရဲ့စာကို ဖတ်ပြီးကတည်းက မခင်မေကို အစ်ကိုကြီးဟာ ဆရာအဖြစ်နဲ့ အသိအမှတ်ပြုလိုက်ပြီးပြီ၊ အဲဒီတော့ ဆရာအဖြစ်နဲ့ ပူဇော်တာကို လက်ခံပါ'လို့ အကြိမ်ကြိမ်ပြောပါတယ်။ မခင်မေကလဲ 'လက်မခံပါရစေနဲ့'လို့ အကြိမ်ကြိမ် ပြန်ပြီး တောင်းပန်ပါတယ်။ ဦးလှမောင် ဒေါ်သန်းတင်တို့ကလဲ ဝိုင်းပြီး တောင်းပန်ကြတယ်။ ဦးလှမောင်က 'မခင်မေ၊ သီလရှိတဲ့သူဟာ ဒီလိုပဲ၊ သူ့ဘုန်းကံအလျောက် ပူဇော်တာတွေဟာ ရောက်လာရတာပဲ၊ လက်ခံလိုက်ပါ'လို့ ပြောပါတယ်။ ဒါပေမယ့် မခင်မေကလဲ အမျိုးမျိုးငြင်းနေပါတယ်။ အမေကြီးဒေါ်လှမေက စိတ်ပေါက်လာပြီး 'ညည်းဟာ လူတစ်ဖက်သားကို နည်းနည်းကလေးမှ အားမနာတတ်ဘူး၊ ဒီလောက်ပေးနေတာပဲအေ၊ ညည်း ဒီလောက်ရိုင်းစိုင်းရသလား'လို့ ငေါက်လိုက်တော့မှ မခင်မေဟာ ငွေကို လှမ်းပြီးယူလိုက်ပါတယ်။ မခင်မေနဲ့ မတင်မေတို့ကလဲ ဦးရွှေကြိုင်၊ ဦးလှမောင် ဒေါ်သန်းတင်တို့ကို ကန်တော့ကြပါတယ်။

မြို့ပိုင်ဦးရွှေကြိုင်နဲ့ သမီးကလေး ရင်ရင်တို့ ဝါးခယ်မက ထွက်သွားပြီး နောက်တစ်နေ့မှာ သူနဲ့ မခင်မေတို့အကြောင်းဟာ တစ်မြို့လုံးနံ့သွားပါတယ်။ တချို့လူတွေကလဲ မခင်မေကလေးဟာ ဤဒ္ဓိရှိပါပေတယ်လို့ ချီးမွမ်းကြတယ်။ တချို့ကလဲ ဒီမခင်မေဟာ သူ့သီလတန်ခိုးကြောင့် ဒီလို နာမည်ကြီးပြီး ကျော်ကြားသွားဖို့ ကြံဖန်ဖြစ်လာရတာပဲလို့ သီလကို အမွှမ်းတင်ပြီး ပြောကြတယ်။ အချို့ကလဲ ဒီလို(မှု)တဲ့သူတွေဟာ အပျိုကြီး ဖြစ်တော့မှ ဘုန်းကြီးလူထွက်နဲ့ ညားမှာပဲလို့ ကဲ့ရဲ့ကြတယ်။ ဦးရွှေကြိုင်



[illegible]တော့ လူတွေ ခပ်များများက သနားကြတယ်။ နောက်ဆုံး မခင်မေတို့ [illegible]ကိုသွားပြီး အမေကြီးကို ကန်တော့၊ မိသားဖသားပီပီ မခင်မေတို့ကို [illegible]ဆက်ပြီး မခင်မေကို ငွေတစ်ထောင်လှူသွားတဲ့အတွက် သူတော်ကောင်း [illegible]ယောက် အဖြစ်နဲ့ မြင့်မြတ်တဲ့ လူတစ်ယောက် အဖြစ်နဲ့ ဦးရွှေကြိုင် [illegible] ဝါးခယ်မ မြို့သူမြို့သားတွေရဲ့ အသည်းထဲမှာ စွဲပြီး ကျန်ရစ်ခဲ့ပါ [illegible]ယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

## ၅

## သူဌေး ဦးထွန်း

သူဌေးဦးမြကြီး အသက်ခံရတဲ့အချိန်မှာ သူ့သား မောင်ထွန်းဟာ အသက် အစိတ်လောက်သာ ရှိသေးပေမယ့် ပိုက်ဆံရဲ့ အရှိန်ကြောင့် သူဌေးဦးထွန်း ဖြစ်လာတယ်။ သူဌေးဦးထွန်းဟာ သူ့အဖေဦးမြကြီးဆီက ငွေသာအမွေ ရလိုက်တာ မဟုတ်ဘူး။ သူ့အဖေရဲ့ ကလိန်ခြိုက်ကလွဲပြီး မိန်းမလိုက်တဲ့ အကျင့်ဆိုး၊ အရက်သောက်တဲ့ အကျင့်ဆိုး၊ အလောင်းအစား ကစားတဲ့ အကျင့်ဆိုးဆိုတဲ့ အကျင့်ဆိုးသုံးမျိုးစလုံးကိုပါ အမွေရလိုက်တယ်။

သူ သူဌေးဖြစ်လာတဲ့အခါ သူ့အဖေမွေးထားတဲ့ မိန်းကလေးတွေ ထဲက ကြင်ကြင်ဆိုတဲ့ သူငယ်မကလေးကိုသာ ဆက်လက်ပြီးသိမ်းပိုက် ပါတယ်။ ကျန်တာတွေကိုတော့ မလိုချင်ဘူးဆိုပြီးတော့ ပိုက်ဆံ ထိုက်သင့် သလောက်ပေးလွှတ်လိုက်ပါတယ်။ ဒါပေမယ့် သူဌေးမဖြစ်ခင် မောင်ထွန်း မှာ ရှိရင်းစွဲတွေနဲ့ နောက်ထပ် အသစ်ဖြစ်တာနဲ့ ဆိုရင် ခြောက်လအတွင်းမှာ သူဌေးကြီး ဦးမြကြီးရဲ့ စံချိန်ကို မီသလောက် ပြန်ဖြစ်သွားပါတယ်။

သူ သူဌေးဖြစ်လာတဲ့အခါ သူ့အမေ ဒေါ်ရွှေမ၊ ညီမလေးထွေးထွေး တို့နဲ့အတူ မနေတော့ဘူး။ တိုက်သစ်တစ်လုံးထပ်ဆောက်တယ်။



တိုက်သစ်မှာ မယားကြီး ဒေါ်မြရှင်နဲ့ သား မောင်လှိုင်ဖေတို့ကိုထားပြီး ...ကို တစ်ခေါက် နှစ်ခေါက်လောက် ပြန်ပါတယ်။ သူလဲ သူ့အဖေရဲ့ ...ကိုနင်းပြီး သော်ကစက်ဝင်းထဲမှာနဲ့ လယ်တောတွေက မယားငယ် ...ရဲ့အိမ်တွေမှာပဲ အနေများတယ်။

သူ့ညီမကလေးထွေးထွေးဟာ အဖေနဲ့ အစ်ကိုကြီးကလဲ အလေ ...နေရတာနဲ့ အချိန်ကုန်ပြီး ပြန်မကြည့်နိုင်။ မအေကြီး ဒေါ်ရွှေမ ...လဲ ရပ်ကွက်သူကြီးဖိုးဆင်နဲ့ တိတ်တိတ်ပုန်း ဖြစ်နေတာကို သမီးက ...တဲ့အတွက် သမီးကိုလဲ ဘာမှ မပြောရဲ။ သူ့ဇီဇကလဲ မကောင်းရတဲ့အထဲ ...အိမ်လုံးမှာ သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ်ကြီး ဗိုလ်ကျ ...ရတော့ ထမင်းချက်သမား ဖိုးမှိုတို့ ခြံစောင့်အေးမောင်တို့ တစ်ခါ ...ခါ စက်ဘက်ကကီစွနဲ့ လာရတဲ့ မောင်ညွန့်တို့နဲ့ဟာ တရုန်းရုန်း ...ချင်တိုင်း ဖြစ်နေတာပဲ။ သူ့အဖေ သူဌေးကြီးဦးမြကြီး မသေခင်တစ်နှစ် ...ပဲ ဒီအကောင် သုံးကောင်ထဲက ဘယ်သူ့လက်ချက်လဲတော့ မသိဘူး။ ...ထွေးမှာ ကိုယ်ဝန်ရှိလာလို့ အဖေကြီးသိရင်တော့ မိုးမီးလောင်တော့မှာပဲ ...ပြီး မအေကြီး ဒေါ်ရွှေမဟာ ကိုယ်ဝန်ကို တိတ်တိတ်ကျိတ်ဖျက်ပစ်ရသေး ...ယ်။ ဒီလို ဖျက်ရတဲ့အထိ ဖြစ်ခဲ့ပေမယ့် ထွေးထွေးဟာ အကမြင်းတော့ ...လျော့ပါဘူး။ သူ့အဖေနဲ့ အစ်ကိုကြီးကိုထွန်းတို့ကို အားကျလို့ပဲလား၊ ...တဂုဏ်ပြိုင်လုပ်ချင်လို့ပဲလား မသိပါဘူး။ စက်ဘက်က မောင်ညွန့် ...တိတ်တိတ်ဖော်ပေးထားတဲ့ ပဋိသန္ဓေတားဆေးအားကိုးနဲ့ ရှေ့ကအတိုင်း ...း သွားမြဲ သွားနေတာပါပဲ။ ထမင်းချက်သမား ဖိုးမှိုတို့ ခြံစောင့် အေးမောင်တို့ဟာ ထမင်းလဲ ကောင်းကောင်းစားရသေးတယ်။ ပိုက်ဆံလဲ ...သိသိ သုံးရတယ်ဆိုတော့ တခြားက လခဘယ်လောက်တိုးပေးပြီး ...ခေါ် ကိုယ်တော်တွေက မသွားတော့ဘူး။ ဒီမှာပဲ ပျော်နေကြတော့တာပဲ။

ဦးထွန်းရဲ့မယားကြီး မြရှင်ကျပြန်တော့လဲ မယားကြီး သူဌေး ...ဆိုတဲ့ ဆိုင်းဘုတ်သာ အချိတ်ခံရတာပဲ။ လင်ရယ် မယားရယ်ဆိုပြီး ...ပျော်ပါးပါး၊ ရွှင်ရွှင်ပျပျ၊ ပေါင်းသင်းနေထိုင်ရတာကို မရှိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



သားကလေး မောင်လှိုင်ဖေ မမွေးခင်က မဟုတ်သော်ငြားလည်း အိမ်မှာ တစ်လကို လေးငါးရက်လောက် အိပ်သေးတယ်။ မောင်လှိုင်ဖေ မွေးပြီးမှ ကိုထွန်းဟာ အိမ်ကို တစ်လ သုံးလေးခေါက် ပြန်လာတယ် ဆိုပေမယ့် တစ်ခေါက်တစ်ခေါက်ကို အိမ်မှာ ဆယ့်ငါးမိနစ်လောက်၊ မိနစ်နှစ်ဆယ် လောက်ပဲ နေတယ်။ 'မင်းတို့ နေကောင်းကြရဲ့လား၊ သုံးဖို့ ငွေရှိကြသေး ရဲ့လား၊ အင့် ငွေ ဟောဒီမှာ၊ ငါကိစ္စတွေ ရှိသေးတယ်၊ သွားလိုက်ဦးမယ်' ဆိုပြီး ထွက်သွားတာပဲ။ မမြရှင်ဟာ ညညကျရင် မအိပ်နိုင်ဘူး။ တောင် စိတ်ကူး မြောက်စိတ်ကူး ကူးပြီး ခုတင်ပေါ်မှာ ဟိုလိမ့်ဒီလိမ့်နဲ့ မိုးလင်းရ တာပဲ။ တစ်ခါတစ်ခါ စိတ်ပေါက်ပေါက်ရှိလာတာနဲ့ အိုးရွံ့သလို စလောင်း ကလဲ ရွံ့မှပဲဆိုပြီး ယောက္ခမကြီး ဒေါ်ရွှေမနဲ့ ယောက်မ ထွေးထွေးတို့ရဲ့ ခြေရာကို လိုက်နင်းဖို့အထိ စိတ်ကူးမိပါတယ်။ သားကလေး လှိုင်ဖေရဲ့ မျက်နှာကို ပြေးပြေးပြီး မြင်တဲ့အတွက် မမြရှင်ဟာ သူ့စိတ်ရိုင်းတွေကို လျှော့ပစ်ခဲ့ရပါတယ်။

မြို့ပိုင်မင်းဦးရွှေကြိုင်နဲ့ လက်သုပ်သည်ကလေး မခင်မေတို့ရဲ့ သတင်းဟာ တစ်မြို့လုံးပျံ့ပြီး နောက်တစ်နေ့မနက် ဆယ်နာရီလောက် မှာ သူဌေးဦးထွန်းဟာ စက်ဝင်းထဲက သူနေတဲ့ တိုက်အပေါ်ထပ်ကိုလာဖို့ မန်နေဂျာ ကိုသိန်းမောင်ကို ခေါ်လိုက်တယ်။ မန်နေဂျာကိုသိန်းမောင် ရောက်လာတဲ့အခါ သူဌေးဦးထွန်းက 'သိန်းမောင်ရေ၊ မြို့အုပ်နဲ့ လက်သုပ် သည် ခင်မေတို့အကြောင်းဟာ တယ်ကြီးကျယ်သွားပါလား၊ တစ်မြို့လုံး ဒီအကြောင်းပဲ ပြောနေတာပဲလို့ပြောပြီး မင်း ဒီအသုပ်သည် ခင်မေဆိုတာကို မြင်ဖူးသလား'လို့ မေးပါတယ်။ 'မမြင်ဖူးဘူး'လို့ မန်နေဂျာကိုသိန်းမောင် က ပြန်ဖြေပါတယ်။ 'ဒီလိုဆိုရင် မင်း ငါနဲ့လိုက်ခဲ့၊ ဖိုးရှင်းတို့အိမ်မှာ လက်သုပ် ခေါ်ဝယ်စားရင်း ကြည့်ရအောင်'လို့ သူဌေးက ပြောပါတယ်။ 'ဟုတ်ကဲ့'လို့ မန်နေဂျာ ကိုသိန်းမောင်က ပြန်ဖြေပြီး သူ့ရုံးခန်းထဲမှာ မပြီးမပြတ် ကျန်နေသေးတဲ့ အလုပ်ကလေးတွေကို လုပ်ရအောင် ရုံးခန်းထဲ ပြန်ဝင်လာပါတယ်။



မန်နေဂျာကိုသိန်းမောင်ဟာ သူဌေးဦးထွန်းနဲ့ အင်မတန် ခင်နေတဲ့ ကျောင်းနေဘက်သူငယ်ချင်း ဖြစ်တယ်။ ဦးထွန်း သူဌေးဖြစ်တဲ့နှစ်ပဲ သူလဲ ဆယ်တန်းအောင်တယ်။ ဆေးကျောင်းကို သွားမယ်လုပ်နေတုန်း သူဌေး ဦးထွန်းက မရမကခေါ်တာနဲ့ ဆေးကျောင်းကို လက်လွှတ်လိုက် ပြီး ဦးထွန်းဆီမှာ လက်ထောက်မန်နေဂျာလုပ်ပါတယ်။ သူ့ကုသိုလ်ကလဲ ကောင်းပါတယ်။ သူလုပ်လို့ ခြောက်လလောက်ရှိသေးတယ်။ မန်နေဂျာ ဦးစိန်ရဲ့ ဝါးခယ်မသူ မိန်းမဟာ အနိစ္စရောက်ရှာပါတယ်။ ဦးစိန်လဲ စိတ်မကောင်းဖြစ်ပြီး ဝါးခယ်မမှာ မနေချင်တော့ဘူး။ သူ့ဇာတိဖြစ်တဲ့ ရွာကိုပဲ ပြန်ပြီး ဟိုမှာ ဖြစ်သလို လုပ်စားဖို့ ဆုံးဖြတ်ပါတယ်။ ဒီ အကြောင်း သူဌေးကိုပြောတဲ့အခါ သူဌေးဦးထွန်းကလဲ ရင်းနှီးစားဖို့ ငွေလုံလောက်လောက်ပေးပြီး ထွက်ခွင့်ပြုလိုက်ပါတယ်။

အဲဒီအချိန်ကတည်းကစပြီး ကိုသိန်းမောင်ဟာ မန်နေဂျာဖြစ်လာ ပါတယ်။ ကိုသိန်းမောင်ဟာ ကြံရည်ဖန်ရည်လဲကောင်းပါတယ်။ အလုပ် ထဲ ကျွမ်းကျင်တယ်။ ငွေရေးကြေးရေးလဲ စိတ်ချရတယ်ဆိုတော့ သူဌေး ဦးထွန်းဟာ အလုပ်ကို လုံးဝ ပြန်မကြည့်တော့ဘူး။ ဖဲဝိုင်း၊ အရက်ဝိုင်းနဲ့ မိန်းမဝိုင်းမှာပဲ အချိန်ပြည့် အလုပ်ဆင်းနေတော့တာပါပဲ။ သူဌေး ဦးထွန်းဟာ သူ့နှမ ထွေးထွေးနဲ့ သူငယ်ချင်း မန်နေဂျာ ကိုသိန်းမောင်ကို ပေးစားချင် တာမှ အသည်းကိုယားနေတာပဲ။ ဒါပေမယ့် မန်နေဂျာသိန်းမောင်က ထွေးထွေးဆိုရင်တော့ နှစ်ထပ်ဆလန်ပဲ။ သူဌေးက 'ငါ့နှမကို မင်းက မယူဘဲ ငြင်းနေတာ ဘာဖြစ်လို့လဲကွ'လို့ မေးတဲ့အခါ သိန်းမောင်မှာ အင်မတန် အဖြေရခက်တယ်။ 'သူဌေးရယ် ထွေးထွေးကို ကျွန်တော် ညီမကလေးလို သဘောထားပါတယ်'လို့ မယုတ်မလွန် သိန်းမောင်က ဖြေလေ့ရှိပါတယ်။

မန်နေဂျာသိန်းမောင်ကို သူဌေး အင်မတန် သဘောကျတာတစ်ခု ရှိသေးတယ်။ မန်နေဂျာ သိန်းမောင်ဟာ သူဌေးရဲ့ သူငယ်ချင်းဆိုပြီး အခွင့်အရေးမယူဘူး။ မောင်ထွန်းသူဌေး မဖြစ်ခင်က မောင်ထွန်းနဲ့ သိန်း မောင်ဟာ တစ်ယောက်နဲ့တစ်ယောက် ဟော့ကောင်မောင်ထွန်း၊ ဟော့ကောင်

www.burmeseclassic.com

www.burmeseclassic.com



သိန်းမောင်၊ မင်းနဲ့ငါနဲ့ ပြောခဲ့ပေမယ့် သိန်းမောင်ဟာ မောင်ထွန်းဆီမှာ အလုပ်ဝင်တဲ့နေ့ကစပြီး မောင်ထွန်းကို သူဌေးလို့ ခေါ်ပါတယ်။ နာမည်ကို မခေါ်တော့ဘူး။ တခြားလူတွေရှေ့မှာပဲဖြစ်ဖြစ်၊ နှစ်ယောက်ချင်း တွေ့တဲ့အခါဖြစ်ဖြစ် အလုပ်သမားတစ်ဦးဟာ သူဌေးကို ပေးသင့်တဲ့ အရိုအသေ ပေးတာမျိုးပေးပြီး သိန်းမောင်ဟာ မောင်ထွန်းကို ဆက်ဆံပါတယ်။ သိန်းမောင်ဟာ ကျောင်းတုန်းကလို ငါ့ကို မရိုမသေများ လုပ်ဦးမလားလို့ အလုပ်ခန့်ဖို့ သူဌေးဦးထွန်း စိတ်ကူးတုန်းက တထင့်ထင့်နဲ့ ဖြစ်ခဲ့တဲ့ စိတ်တွေဟာ မောင်ထွန်း အလုပ်ဝင်တဲ့နေ့မှာပဲ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကုန်ကြပါတယ်။

သိန်းမောင်မှာ မုဆိုးမအမေကြီးနဲ့ အစ်မကြီး မအေးသန်းဆိုတာ ရှိပါတယ်။ သိန်းမောင်မန်နေဂျာဖြစ်လို့ လေးလလောက်အရမှာ အမေကြီး အနိစ္စရောက်ရှာပါတယ်။ အစ်မကြီး မအေးသန်းကလဲ အဆုတ်နာသည် ဖြစ်နေလို့ ဘယ်မှလဲမသွားနိုင်ရှာဘူး။ ဘာမှလဲ မလုပ်နိုင်ရှာဘူး။ အဲဒါကို မောင်လေး သိန်းမောင်ဟာ ကြင်ကြင်နာနာယုယုယယနဲ့တတ်နိုင်သလောက် ပြုစုကုသပေးနေပါတယ်။

သူဌေးဦးထွန်းနဲ့ မန်နေဂျာ သိန်းမောင်တို့ဟာ နာရီဝက်လောက် ကြာတဲ့အခါ မော်တော်ဘုတ်နဲ့ ဝါးခယ်မဘက်ကို ကူးသွားကြပြီး သူဌေး ဦးထွန်းရဲ့ သူငယ်ချင်း ကိုဖိုးရှင်းတို့အိမ်က စောင့်နေပါတယ်။ နေ့လယ် ၁၂ နာရီကျော်ကျော်လောက် ရှိတဲ့အခါ မခင်မေတို့ ညီအစ်မနှစ်ယောက် ဖိုးရှင်းတို့အိမ်ရှေ့ကို ရောက်လာကြပါတယ်။ အိမ်ထဲခေါ်ပြီး လက်သုပ် ဝယ်စားရင်း သူဌေး ဦးထွန်းဟာ မခင်မေကို စိမ်းနေအောင် ကြည့်ပါတယ်။ အဲဒီလိုကြည့်ပြီး ဒါကလေးတော့ မရ ရအောင် ချိုင်ဦးမှပဲလို့ ဆုံးဖြတ် လိုက်ပါတယ်။

မခင်မေတို့ညီအစ်မ ထွက်သွားကြတဲ့အခါ သူဌေးဦးထွန်းက 'ဟေ့ဖိုးရှင်း၊ ဒီကောင်မကလေးတွေနဲ့ ဘယ်သူ အဆက်အသွယ်ရှိသလဲ' လို့ မေးပါတယ်။ ဖိုးရှင်းကလဲ သူ့သူဌေးအကြောင်းကို သိပြီးဖြစ်နေတဲ့



အတွက် ဘာကြောင့် မေးတယ်ဆိုတာ သဘောပေါက်ပြီးဖြစ်နေပါတယ်။ အဲဒါကြောင့် ဖိုးရှင်းက 'သူဌေးတို့ကြည့်ထားရတဲ့ ဖိနပ်သည်ဒေါ်ဖြူဟာ ဒီကောင်မကလေးတွေနဲ့ဆိုရင် ဆွေမျိုးအရင်းကြီး ရှိသေးတာပဲ၊ ကောင်မ ကလေးတွေအမေနဲ့ ဒေါ်ဖြူဟာ ညီအစ်မ ဘစ်ဝမ်းကွဲလောက် တော်လိမ့် မယ်ထင်တယ်' လို့ ဖြေပါတယ်။ အဲဒီအခါ 'သိန်းမောင် ဒေါ်ဖြူကို သွားခေါ်၊ မင်းတို့ မော်တော်ဘုတ်ထဲက စောင့်နေ၊ ငါလာခဲ့မယ်'လို့ ပြောပြီး မန်နေဂျာ သိန်းမောင်ကို လွှတ်လိုက်ပါတယ်။

သော်ကစက်ဝင်းထဲက တိုက်ကိုပြန်ရောက်တဲ့အခါ သူဌေးက 'ဒေါ်ဖြူ တိုတိုပဲပြောပါရစေ၊ ဒေါ်ဖြူ့တူမ မခင်မေကို ကျွန်တော်လိုချင် တယ်၊ ရအောင် ပြောပေးပါ၊ ဒေါ်ဖြူအတွက်က အခု ကျွန်တော်တို့ဆီက ယူထားတဲ့ ကြွေးတွေ အကုန်လျှော်မယ်၊ နောက်ထပ် ငွေတစ်ထောင် အောင်သွယ်ခ၊ မခင်မေအတွက်က ဈေးနားက ကျွန်တော်တို့ငှားထားတဲ့ တိုက်ရှိတယ်မဟုတ်လား၊ အဲဒီ တိုက်က လူတွေ အဖယ်ခိုင်းပြီး အဲဒီ တိုက်တစ်လုံးပေးမယ်၊ လက်ဝတ်လက်စား တစ်သောင်းဖိုးထက်မနည်း ငွေက တစ်သောင်း၊ မင်္ဂလာမဆောင်ရသေးခင် သူသဘောတူတယ်ဆိုတဲ့ နေ့မှာ သူ့လက်ထဲ အဲဒါတွေ အကုန်ထည့်မယ်၊ ကဲ ခပ်တိုတိုပဲ ဒေါ်ဖြူ ရေ၊ အဲဒါကို သွားချေဗျာ'လို့ သူဌေးဦးထွန်းက ပြောပါတယ်။ 'ဒီကောင်မ ကလေးကို ပြောရမှာတော့ သိပ်မလွယ်ဘူး'လို့ ဒေါ်ဖြူက ပြန်ပြောပါ တယ်။ အဲဒီအခါ 'အောင်သွယ်ခနည်းနေလို့လား ဒေါ်ဖြူ၊ ကျွန်တော်နဲ့ စကားပြောရင် တည့်တည့်ပြောမှ ကျွန်တော် ကြိုက်တယ်'လို့ သူဌေး က ပြောပါတယ်။ 'မဟုတ်ပါဘူးသူဌေးရယ်၊ လေး ငါး ရက်ကပဲ မြို့အုပ် ဦးရွှေကြိုင်'လို့ ဒေါ်ဖြူက ပြောရုံရှိသေးတယ်၊ သူဌေးက ကြားဖြတ်ပြီး 'ဒါတွေ ကျွန်တော်သိပါတယ်၊ ဒီမြို့ပိုင်ကို ဒီကောင်မကလေးက ဘယ် ယူမလဲ ဒေါ်ဖြူရဲ့၊ ဒီလိုဟာမျိုးကလေးတွေဟာ ဝတ်ချင်တယ်၊ စားချင် တယ်၊ မော်ချင်တယ်၊ ကြွားချင်တယ်၊ မြို့ပိုင်က တစ်လမှ နှစ်ရာလောက် ရတယ်ဆိုတော့ ဒါတွေ ဘယ်တတ်နိုင်မလဲ၊ ရွှေလက်ကောက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ရုံတောင် ဆင်နိုင်မှာမဟုတ်ဘူး၊ ဒါတွေတတ်နိုင်တာက သူဌေးကမှ တတ်နိုင်တာ၊ အဲဒီတော့ သွားသာပြောချေပါ’လို့ သူဌေးဦးထွန်းက ဇွတ်အတင်း ပြောတဲ့အတွက် ဒေါ်ဖြူလဲ ပြန်မပြောရဲတော့ဘဲ ပြန်လာခဲ့ ရပါတယ်။

‘ဒေါ်ဖြူသွားတဲ့အခါ သူဌေးအထိုင်ခိုင်းထားလို့ အနားမှာ ထိုင်နေရတဲ့ မန်နေဂျာသိန်းမောင်ကို သူဌေးဦးထွန်းက ‘သိန်းမောင် ဈေးနားက တိုက်ကို ရှင်းထားကွာ၊ တိုက်ငှားတွေကို ဆယ်ရက်အတွင်း တခြားအိမ် ရှာဖို့ နို့တစ်ပေး၊ နောက်ပြီးတော့ တိုက်လဲ သပ်သပ်ရပ်ရပ်ဖြစ်နေအောင် လုပ်ခိုင်းထားဦးကွာ’လို့ အမိန့်ပေးပြီး ဖဲဝိုင်းကို အလုပ်ဆင်းသွားပါတယ်။

ဒေါ်ဖြူလဲ ငွေရှင်သူဌေးမင်းရဲ့ အမိန့်ကို ဦးထိပ်ရွက်ပန်ဆင်ပြီး မခင်မေနဲ့ လာတွေ့ရှာပါတယ်။ အကျိုးအကြောင်းကို ပြောပြီးတဲ့အခါ မခင်မေဟာ စိတ်ထဲမှာ အင်မတန် ထိခိုက်တဲ့အတွက် မျက်ရည်တစ်ပေါက် နှစ်ပေါက် ကျလာပြီးမှ စိတ်ကို ပြန်တင်းလိုက်ပါတယ်။ အဲဒီလိုတင်းပြီး တော့မှ ‘ဆက်မပြောပါနဲ့တော့ ဒေါ်ဒေါ်ရယ်၊ ဒီစကား ဒီမှာပဲ ရပ်ပါတော့၊ ဒီစကားမျိုးပြောရက်တာ ကျွန်မတော့ အတော်အံ့ဩမိပါတယ်’လို့ မခင်မေ က ပြောတဲ့အတွက် ဒေါ်ဖြူလဲ ဘာဆက်လုပ်ရမှန်းမသိဘဲ ကြောင်တောင် တောင် ဖြစ်နေပါတယ်။

ကျေးဇူးခံ ကျေးဇူးစားဖြစ်နေတဲ့အတွက် မငြင်းရဲလို့သာ ဒေါ်ဖြူ လာခဲ့ရတယ်။ ဒီလိုဖြစ်မယ်ဆိုတာတော့ အတွေးမိသားပဲ။ ဒေါ်ဖြူလဲ ဖြစ်သမျှ အလုံးစုံကို အကုန်ပြန်ပြောတဲ့အခါ သူဌေးဦးထွန်းဟာ အတော် ဒေါသဖြစ်ပါတယ်။ သူဌေးဦးထွန်း ဒေါသဖြစ်မယ်ဆိုလဲ ဖြစ်မှာပဲ။ သူ့ တစ်သက်မှာ သူပြောလို့ မရတဲ့ မိန်းမမျိုးကို တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ ဒါတင်မကသေးဘူး၊ သူဌေးကတော် အခေါ်ခံချင်လွန်းလို့ တော်တော် တန်တန် စားနိုင် သောက်နိုင် မိန်းကလေးတွေထဲကတောင် နံပါတ် ဆယ့်ကိုး ဖြစ်ချင်ဖြစ်ပါစေ၊ နှစ်ဆယ် ဖြစ်ချင်ဖြစ်ပါစေ၊ နှစ်ဆယ့်တစ် ဖြစ်ချင် ဖြစ်ပါစေ၊ ခေါ်သာ ခေါ်ပါတော့လို့ နားပူနားဆာ လုပ်တဲ့ဟာ



ကလေးတွေကလဲ မရှားဘူး။ သူသွားလေရာ မျက်နှာချိုလိုက်သွေးနေတာ ကလေးတွေကလဲမနည်းဘူး။ အဲဒီလိုဆိုတော့ မခင်မေဆိုတဲ့ ဟာမကလေးက ငြင်းပယ်လိုက်တဲ့အခါ သူဌေးမင်းမှာ စိတ်မဆိုးဘဲ၊ ဒေါသမဖြစ်ဘဲ၊ အမျက် မထွက်ဘဲ၊ သူဌေးမာန်မရှဘဲ ဘယ်နေပါ့မလဲ။ အဲဒီတော့ ‘ဒေါ်ဖြူတစ်ခေါက် ထပ်သွားချေဦး၊ ခင်ဗျားအတွက် အောင်သွယ်ခ သုံးထောင်၊ သူ့အတွက် သုံးသောင်း၊ ကဲ ဒီတစ်ခါတော့ ရလာတယ်ဆိုတာ ကြားပါရစေဗျာ’လို့ ပြောပြီး သူဌေးမင်းဟာ ဖဲဝိုင်းကို အလုပ်ဆင်းသွားပါတယ်။

အခန်းထဲမှာ ဒေါ်ဖြူနဲ့ မန်နေဂျာ သိန်းမောင်တို့နှစ်ယောက် တည်းရှိတဲ့အခါ ဒေါ်ဖြူက ‘မောင်သိန်းမောင်ရယ်၊ ငါတော့ လဲသေလိုက် ချင်တာပဲကွယ်၊ မိခင်မေအကြောင်း ငါကောင်းကောင်းသိပါတယ်ကွယ်၊ ဒီဟာမကလေးက ဂုဏ်လဲမက်တာ မဟုတ်ဘူး၊ ပိုက်ဆံလဲမက်တာမဟုတ် ဘူး၊ ဒီကောင်မကလေးဟာ ဖြူစင်သေပြီး ဝင်စားလာတာများလားမှ ဆိုနိုင်ဘဲ၊ အဲဒီတော့ ဒီတစ်ခေါက် သွားပြောဖို့ဆိုတာတော့ ငါ့အတွက် ခက်နေပြီ၊ ငါဖြင့် ကျားမြီးကိုသာ ဆွဲလိုက်ချင်တယ် မောင်သိန်းမောင်ရေ၊ မင်းကူနိုင်ရင် ကူစမ်းပါဦး’လို့ အကူအညီတောင်းပါတယ်။ မန်နေဂျာ မောင်သိန်းမောင်ကလဲ အကူအညီမပေးနိုင်တဲ့အတွက် မျက်နှာပူပူနဲ့ပဲ ခင်မေတို့ဆီကို တစ်ခေါက်ပြန်သွားရရှာပါတယ်။

ဒီတစ်ခါတော့ သူဌေးဟာ ပိုက်ဆံသိပ်ချမ်းသာတယ်။ သဘော ကောင်းပါတယ်။ ပိုက်ဆံ မနှမြောတတ်ဘူး။ မခင်မေနဲ့ ညားပြီးရင် ခင်မေလိုဟာမျိုးကို လက်ပေါ်တင်ပြီး ဖူးဖူးမှုတ်ထားမှာပဲဆိုတဲ့ အရင် တစ်ခေါက်တုန်းကပြောခဲ့တဲ့ စကားပိုတွေကို တစ်လုံးမှ မသုံးတော့ဘူး။ ဒေါ်ဖြူဟာ မခင်မေနဲ့ တွေ့တွေ့ချင်း ‘မခင်မေရေ၊ ညည်းဟာ ငါ့တူမ ဆိုမယ့် ညည်းစီးတဲ့ ဖိနပ်နဲ့ ငါ့ပါးကို ချချင်ချပါတော့ကွယ်၊ ငါ့မှာတော့ ရှောင်လွှတ်လို့ပ်ဘူးအေ့၊ သူတို့ရဲ့ငွေကိုပဲ လှည့်သုံးနေရတယ်ဆိုတော့ သူတို့ ခိုင်းတာ မလုပ်ဘဲ မနေရဲဘူး၊ ဒါကြောင့် ငါအခုတစ်ခေါက် ပြန်လာခဲ့ရ တာပဲ၊ အဲဒီတော့ ငါပြောပြီးရင် ညည်းကြိုက်သလိုသာပြောပေါ့၊ ငါ့အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ငါလာပြောပြီးတယ်ဆိုရင် ငါ့တာဝန်ကုန်ပြီ’လို့ စကားချီပြီး သူဌေးဦးထွန်း နောက်ထပ်ပြောတာကို ပြောပြပါတယ်။ ‘ဒေါ်ဒေါ်ရယ် ကျွန်မ ဘာမှ ဖြေစရာမရှိပါဘူး၊ ဒီစကားမျိုးကို နောက်တစ်ခါ ကျွန်မကို လာပြီး မပြောပါနဲ့တော့၊ ကျွန်မ ရှိခိုးတောင်းပန်ပါတယ်’လို့ တိုတိုပဲ ပြောလိုက်ပါတယ်။ ဒေါ်ဖြူပြန်သွားတဲ့အခါ မယ်တင်မေက ဒီအကြောင်း သူ့မေမေကို တိုင်ပါတယ်။ ဒေါ်လှမေလဲ စိတ်ဆိုးပြီး ‘ဒီကောင်မ နောက်တစ်ခါ အိမ်မလာစေနဲ့’လို့ ပြောတယ်။

ဒေါ်ဖြူလဲ ဖြစ်သမျှ အကုန်ပြန်ပြောတဲ့အခါ သူဌေးဦးထွန်းဟာ အရင်တစ်ခါထက်တောင် ဒေါသဖြစ်ပါသေးတယ်။ အဲဒါနဲ့ သူဌေးဦးထွန်းက ‘ခင်ဗျားကြီး ဘာမှ သောက်သုံးမကျဘူး၊ သွားတော့ဗျာ’လို့ ဒေါ်ဖြူကို ငေါက် လွှတ်လိုက်ပါတယ်။ ဒေါ်ဖြူလဲ မျက်ရည်တွေကျပြီး ပြန်သွားပါ တယ်။ အခန်းထဲမှာ မန်နေဂျာသိန်းမောင်နဲ့ နှစ်ယောက်တည်း ရှိတဲ့အခါ သူဌေးက ‘သိန်းမောင်ရေ ဒီလောက်လူပါးဝတဲ့ဟာတွေ အတင်းခိုးပြေးပြီးမှ ပစ်ထားရရင် ကောင်းမယ်၊ မင်း စီစဉ်နိုင်မလား၊ ပိုက်ဆံဘယ်လောက်ပဲ ကုန်ကုန်၊ ငါ အကုန်ခံမယ်’လို့ ပြောပါတယ်။ မန်နေဂျာ သိန်းမောင်က အတော်ကလေး စဉ်းစားပြီးမှ ‘မတော်ဘူး ထင်တယ်’လို့ ဖြေပါတယ်။ ‘ဘာဖြစ်လို့ မတော်တာလဲ’လို့ သူဌေးက မေးပါတယ်။ ဒီလို ဆင်းရဲသူမ ကလေးတွေကို အနိုင်ကျင့်တာ သိန်းမောင်က မကြိုက်ဘူး။ အဲဒီတော့ သူဌေး မေးတာကို ဖြုန်းခနဲ မဖြေသေးဘဲ ခဏလောက်စဉ်းစားပြီးမှ သူ့သူဌေးဟာ ပိုက်ဆံက မြှောက်ထားလို့သာ မြောက်နေတယ်၊ သတ္တိတော့ အတော်ကြောင် တယ်ဆိုတာ ငယ်ငယ်ကတည်းက သိလာတဲ့အတွက် မန်နေဂျာ သိန်းမောင် က ‘ဒီကောင်မကလေးတွေကတော့ ငုံ့ခံမယ့်အစားတွေ မဟုတ်ဘူး၊ ပိုက်ဆံ လဲ ဂရုစိုက်တာ မဟုတ်ဘူး၊ အဲဒီတော့ ဒီလိုဟာကလေးတွေနဲ့ အမှုဖြစ် လိုက်ရရင် သူဌေး နာမည်ပျက်သွားလိမ့်မယ်၊ သူဌေးအတွက် ကျွန်တော် စိုးရိမ်လို့ ပြောတာပါ’လို့ မန်နေဂျာကိုသိန်းမောင်က အလိမ္မာကလေးနဲ့ လှည့်ပြီးပြောပါတယ်။ ဒီစကားကြားတဲ့အခါ သူဌေးက ‘ငါထောင်ကျမှာ



နိုးတယ်လို့ မင်းက ပြောချင် တာလား၊ မှတ်ထား သိန်းမောင်၊ သူဌေးဟာ ဘယ်တော့မှ ထောင်မကျဘူး၊ ဆင်းရဲတဲ့ အကောင်တွေသာ ထောင်ကျတာ’ လို့ မာနသံ ကလေးနဲ့ပြောပါတယ်။ သိန်းမောင်လဲ ဘာမှ ပြန်မပြောနိုင်ဘူး။ ခေါင်းငုံ့ခံနေတယ်။

သူဌေးလဲ ပြန်စဉ်းစားကြည့်တဲ့အခါ ဒီလို အတင်းခိုးတာဟာ အခန့်မသင့်ရင် ထောင်ကျချင် ကျနိုင်တယ်။ သူ့ပိုက်ဆံက ကယ်ချင်မှ ကယ်နိုင်မယ်။ သိန်းမောင်ဟာ ဉာဏ်ရှိတဲ့အကောင် သူသိလို့ ပြောတာ ဖြစ်မှာပဲလို့ တွေးမိပြီး နည်းနည်း ကျောစိမ့်သွားတာနဲ့ ရှေ့ဆက်မပြော တော့ဘူး။ ဖဲဝိုင်းကို အလုပ်ဆင်းသွားပါတယ်။

မန်နေဂျာသိန်းမောင်ဟာ အခန်းထဲမှာ တစ်ယောက်တည်းကျန်တဲ့ အခါ တစ်နေ့က ထမင်းသုပ်ဝယ်စာရင်း မြင်ခဲ့ရတဲ့ မခင်မေမကလေးရဲ့ မျက်နှာကလေးဟာ သူ့မျက်စိထဲမှာ ဖြုန်းခနဲ ပေါ်လာပါတယ်။ အဲဒီ မျက်နှာကလေးကို အာရုံစိုက်ပြီးကြည့်နေတာ မိနစ်ဝက်လောက်အကြာမှာ မှိုပိုင်လဲ ကြံလို့မရ၊ သူဌေးလဲ ကြံလို့မရတဲ့ဟာကလေးကို မင်းလို မန်နေဂျာတစ်ယောက်က ကြံလို့ဖြစ်နိုင်ပါ့မလားကွာ။ နောက်ပြီးတော့လဲ မင်းမှာ အဆုတ်နာသည် အစ်မကြီးနဲ့ဆိုတော့ ဘယ်သူက မင်းကို ကြိုက် ဦးမှာလဲ။ စိတ်အဆင်းရဲမခံနဲ့ သိန်းမောင်၊ စိတ်ဆင်းရဲမခံနဲ့ သိန်းမောင် လို့ ကိုယ့်ဟာကိုယ် စိတ်ထဲက ဆုံးမပြီး မခင်မေကလေးကို မန်နေဂျာ သိန်းမောင်ဟာ မေ့ပစ်လိုက်ပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ၆

## မောင်သိန်းမောင်၏ အချစ်တိုက်ပွဲ

နှစ်နှစ်လောက်ကြာတဲ့အခါ မခင်မေတို့ရဲ့ လက်ထဲမှာ ပစ္စည်းကလေး အနည်းအကျဉ်း စုမိလာတယ်။ အဲဒီလိုစုမိတဲ့အချိန်မှာ သဘော်ဆိပ်နားက ကွက်လပ်ကြီးထဲမှာ မြေနေရာကလေးတစ်ခုရတာနဲ့ သွပ်ပြားအဟောင်း၊ ပျဉ်အဟောင်းကို ဝယ်၊ ဦးလေးဖိုးအေးကိုယ်တိုင် တပည့်တစ်ယောက် ငှားပြီး ဆောက်လိုက်တာ တော်တော် သပ်သပ်ရပ်ရပ်ရှိတဲ့ အိမ်ဆိုင်ကလေး တစ်ဆိုင် ဖြစ်သွားတယ်။ အားလုံး သုံးရာကျော်ကျော်လောက် ကုန်သွား တယ်။ စားပွဲကုလားထိုင် တစ်ပတ်ရစ်နဲ့ ဟင်းအိုး ထမင်းအိုး ပန်းကန်ခွက် ယောက်ကို ဝယ်တာကလဲ သုံးရာကျော်ကျော်လောက် ကုန်သွားတယ်။ အဲဒီဆိုင်ကလေးမှာ မခင်မေက ထမင်းရောင်းပါတယ်။ မတင်မေကတော့ လက်သုပ်ဆိုင်ပဲ ဆက်ထွက်ရတယ်။ မခင်မေ ထမင်းဆိုင်က အများ ထမင်း ဆိုင်တွေနဲ့ မတူဘူး။ တခြားဆိုင်တွေမှာ ဟင်းတွေဟာ ဘဲသား၊ ကြက် သား၊ ဝက်သား၊ ငါးမြင်းသား၊ ဆိတ်ကလီစာ၊ ဒီဟင်းတွေပဲ နေ့တိုင်း ချက်နေတာပဲ။ မခင်မေဆိုင်မှာတော့ ဒီလို မဟုတ်ဘူး။ သူတို့ ပစ္စည်းတတ်နိုင် တုန်းမှာ အိမ်မှာ ချက်စားသလို နေ့စဉ် ဟင်းလျာ ပြောင်းပြီး ဖွယ်ဖွယ်ရာရာ



ချက်ပါတယ်။ စားလို့ကလဲကောင်း၊ သန့်ကလဲ သန့်ရှင်း၊ သူ့ဆိုင်မို့ ဝင်သွားရင် စိတ်တွေကလဲ ကြည်လင်ကြတဲ့အတွက် စားသူတွေဟာ သိပ်များတာပဲ။

တချို့က ထမင်းလခပေးပြီး နေ့စဉ် ဆိုင်မှာစားရတယ်။ တချို့က ထမင်းလခပေးပြီး နေ့စဉ် အိမ်ကို ထမင်းဆွဲချိုင့်နဲ့ပို့ရတယ်။ ဦးလေး ဖိုးအေးက သူကိုယ်တိုင် ဆွဲချိုင့်တွေထမ်းပြီး မနက်တစ်ခေါက် ညတစ်ခေါက် လိုက်ပို့တယ်။ ဒီလို မှာစားတဲ့လူတွေဟာ များလာတော့ ဦးလေးဖိုးအေး ဟာ ဆိုင်မှာ နားရတယ်မရှိဘူး။ တစ်နေ့လုံးလိုလို အပြင်မှာ ထွက်နေရ တာပဲ။ ဆိုင်မှာလာစားတဲ့လူတွေကလဲ များလာတော့ မခင်မေတစ်ယောက် တည်းလဲ ဆိုင်မှာ မနိုင်ဘူး။ အဲဒါကြောင့် လက်သုပ်ဆိုင်ကိုဖြုတ်လိုက်ပြီး မတင်မေကို ထမင်းဆိုင်မှာ ခေါ်ထားရပါတယ်။

ဒီလို ရောင်းရပေမယ့် မခင်မေဟာ လောဘမကြီးဘူး။ ထမင်းဆိုင် ကို မနက် ကိုးနာရီတိတိမှာဖွင့်တယ်။ ညနေဆိုရင် ခြောက်နာရီခွဲ၊ အလွန် ဆုံး ခုနစ်နာရီထက် နောက်မကျဘဲ ကုန်အောင်တိုင်းပြီးချက်ပါတယ်။ ရောင်းရတိုင်း အများကြီးမချက်ဘူး။ အများကြီးချက်ပြီး ညဉ့်နက်ခံ ရောင်း ရင် ပိုက်ဆံတော့ ပိုရပါရဲ့။ ဒါပေမယ့် အိမ်မှာနေ့စဉ်လုပ်နေကျ ကုသိုလ် ဝတ်တွေ ပျက်ကုန်မယ်။ မခင်မေ အယူအဆမှာဆိုရင် ကုသိုလ်ဝတ်က ပိုက်ဆံထက် ပိုပြီး အရေးကြီးတယ်။ အဲဒါကြောင့် ပိုက်ဆံကို ထမင်းတစ်လုတ် မှန်မှန်စားသွားနိုင်အောင်ရှာ။ သူ့ကို ရှာရတာနဲ့ချည်းပဲ အချိန်ကုန်မသွား စေနဲ့။ နေ့စဉ်လုပ်နေကျ ကုသိုလ်ဝတ်ကိုတော့ မပျက်ရအောင် နေ့စဉ် ဆောင်ရွက်သွားရမယ်။ အဲဒါ မခင်မေရဲ့ ယူဆချက်ပဲ။ အဲဒီအတိုင်း ထမင်းကို ညနေခြောက်နာရီခွဲထက် ပိုမရောင်းဘူး။ အလွန်တကာ့အလွန်ဆုံး ခုနစ်နာရီမှာ ဆိုင်ပိတ်တယ်။ ဒီလိုဆိုင် စောစော ပိတ်မှန်းသိတော့လဲ စားချင်တဲ့လူတွေဟာ စောစောကြိုးစားပြီး လာစားကြတာပဲ။

ညဘက် ထမင်းစားအပြီးမှာ လုပ်နေကျ မိသားစုဟောပြောပွဲဟာ ထမင်းဆိုင်ဖွင့်ပေတဲ့လဲ ပျက်မသွားဘူး။ လုပ်နေကျအတိုင်း ဆက်လုပ်

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ဒါပေမယ့် ရှေးကလိုတော့ လေးဆယ့်ငါးမိနစ်၊ တစ်နာရီအထိ မကြာနိုင်တော့ဘူး။ ဆိုင်က ခြောက်နာရီခွဲမှာ သိမ်းတယ်ဆိုတော့ ရေမိုးချိုးတာနဲ့ ထမင်းစား တာနဲ့ အမေကြီးအတွက် ဝေယျာဝစ္စလုပ်တာနဲ့ တရားပွဲကို ရှစ်နာရီလောက်မှာမှ စနိုင်တယ်။ အဲဒီနောက် ပုတီးပတ်ကလဲ ရှိသေးတယ်ဆိုတော့ တရား ပွဲဟာ နေ့စဉ် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်၊ အလွန်ဆုံး မိနစ်သုံးဆယ်ပဲ ကြာနိုင်တယ်။

ဒီတရားပွဲကို ဦးလေးဖိုးအေး မတက်နိုင်တော့ဘူး။ ဦးလေးဖိုးအေး ဟာ ထမင်းဆိုင်စောင့်ဖြစ်သွားပြီ။ ဒါပေမယ့် လူသစ်တွေ တိုးလာတယ်။ ရှေ့နေဦးလှမောင် ဒေါ်သန်းတင်တို့နဲ့ဟာ မြို့ပိုင် ဦးရွှေကြိုင်ကိစ္စနဲ့ ပတ်သက်ပြီး ခင်သွားကြတဲ့အတွက် တစ်ခါတစ်ခါ ဦးလှမောင် ဒေါ်သန်းတင်နဲ့ သူတို့ရဲ့ဆယ့်လေးနှစ်သမီးကလေး တင်တင်တို့ သုံးဦး စလုံးလာကြတယ်။ တစ်ခါတစ်ခါ ဦးလှမောင် ပါမလာဘဲ ဒေါ်သန်းတင်နဲ့ သူ့သမီးကလေး တင်တင်တို့လာကြတယ်။ တစ်ခါတစ်ခါ တရားပွဲပြီးလို့ စကြီလျှောက်ရင်း ပုတီးစိပ်တဲ့အခါ ဒေါ်သန်းတင်နဲ့သမီး တင်တင်တို့ပါ ဝင်ပြီး စိပ်ကြ ပါတယ်။ အဲဒီလိုနဲ့ ဦးလှမောင် ဒေါ်သန်းတင် သမီးတင်တင်တို့ မိသားစု ဟာ မခင်မေတို့နဲ့ ဆွေမျိုးရင်းချာလို ရင်းနှီးသွားကြပါတယ်။

မြို့ပိုင် ဦးရွှေကြိုင်အတွက်ကတော့ ဝမ်းသာစရာပဲ။ မခင်မေ ပေးလိုက်တဲ့ ဓမ္မပဒ ကောက်နုတ်ချက်တွေကို အကြိမ်ကြိမ်ဖတ်ရင်း သံဝေဂတွေ အများကြီးရသွားတယ်။ ရှေးက ပါရမီရှိခဲ့တဲ့ လူတွေဆိုတာ ဒီလိုပဲ ဖြစ်တတ်တယ်။ အဲဒီလို သံဝေဂရပြီး ဦးရွှေကြိုင်ဟာ သမီးကလေးကို သူ့အမေဘက်က အဘိုးအဘွားတွေဆီ ပို့လိုက်တယ်။ သူ့မှာရှိတဲ့ပစ္စည်း တွေ အားလုံးကိုလဲ သမီးကလေးကို လွှဲပေးလိုက်ပြီး ရဟန်းပြုပါတယ်။ ရဟန်းဘဝနဲ့ပဲ ကမ္မဋ္ဌာန်းတရား အားထုတ်တာ သူ့ဟာဖြင့် အပါယ်လေးဘုံ ကို မကျရတော့ဘူးလို့ သူ့ဟာသူ ယုံကြည်နေတဲ့ ယုံကြည်ချက်တွေရတဲ့ အထိ အောင်မြင်ခဲ့ပါတယ်။ တရားအားထုတ်ပြီးလို့ သုံးလလောက်အရ မှာ ဦးလှမောင်ရဲ့ ဖိတ်ကြားချက်အရ ဦးရာဇိန္ဒခေါ် ဦးရွှေကြိုင်ဟာ



ပျောန်းအဖြစ်နဲ့ ဝါးခယ်မကို တစ်ခေါက် ရောက်လာပါသေးတယ်။ ဦးလှ မောင် ဒေါ်သန်းတင် မခင်မေတို့ တိုင်ပင်ပြီး ကမ္မဋ္ဌာန်းရိပ်သာမှာ ထား ပါတယ်။ သုံးရက်လောက်နေပြီး ပြန်သွားပါတယ်။ သူလှူပစ်ခဲ့တဲ့ ငွေ တစ်ထောင်ကို ပရိယတ္တိ စာပြန်ပွဲအကျိုးဆောင်အဖွဲ့နဲ့ ကမ္မဋ္ဌာန်းရိပ်သာ ထိန်းသိမ်းရေးအဖွဲ့ကို ငါးရာစီခွဲပြီး မခင်မေ လှူလိုက်ပါတယ်။

မခင်မေ ထမင်းဆိုင်ဖွင့်ပြီးလို့ သုံးလလောက်အကြာ မခင်မေရဲ့ ထမင်းဆိုင်မှာ ညစာကို ထမင်းလခပေးပြီးစားတဲ့ လူသစ်တစ်ယောက် တိုးလာတယ်။ ဒီလူသစ်ဟာ တခြားလူမဟုတ်ပါဘူး။ မန်နေဂျာ ကိုသိန်း မောင် ဖြစ်ပါတယ်။ မန်နေဂျာ ကိုသိန်းမောင်ရဲ့ အဆုတ်နာသည်အစ်မကြီး ဆုံးသွားတာ ဆယ့်ငါးရက်လောက် ရှိပြီ။ အိမ်မှာ သူ့အစ်မကြီးကိုလဲ ပြုစုစောင့်ရှောက်ဖို့နဲ့ ထမင်းချက်ဖို့အတွက် ခေါ်ထားတဲ့အပျိုကြီး ဒေါ်သိန်း လဲ ရက်လည်ဆွမ်း ကျွေးပြီးတာနဲ့ တောပြန်သွားတယ်။ အဲဒီတော့ တစ်အိမ် လုံးမှာဆိုရင် စက်ဝင်းထဲက ခဏခေါ်ထားတဲ့ အလုပ်သမားကလေး စံမြနဲ့ မန်နေဂျာ ကိုသိန်းမောင်ပဲရှိတယ်။ စံမြလဲ ကြိုက်ရာ ဆိုင်မှာ ဝယ်စားဖို့ ပိုက်ဆံပေးထားပြီး မန်နေဂျာ ကိုသိန်းမောင်ကတော့ မခင်မေတို့ဆိုင်မှာ ညစာကို ထမင်း လခပေးပြီး စားပါတယ်။ မနက်ဘက်တော့ သရေစာ လောက်၊ ကော်ဖီလောက်နဲ့ပဲ ပြီးသွားတာပဲ။

မန်နေဂျာကိုသိန်းမောင်ဟာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က သူ့သူဌေးနဲ့ အတူတူ လက်သုပ်ဝယ်စားရင်း ဖိုးရှင်းတို့အိမ်မှာ မခင်မေကို မြင်ခဲ့ဖူး တယ်။ သူ့သူဌေးဟာ မခင်မေကို ငွေနဲ့ပေါက်ပြီး ကြံတာမရတဲ့အတွက် အောင်သွယ် ဒေါ်ဖြူကို မာန်မဲ အော်ငေါက်လွှတ်လိုက်ပြီး ဖဲဝိုင်းကို သွားတဲ့အခါ တစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့ မန်နေဂျာ ကိုသိန်းမောင် ဟာ သူ့မျက်စိထဲ ပေါ်လာတဲ့ မခင်မေရဲ့ မျက်နှာကလေးကို မိနစ်ငါးဆယ် လောက် စိုက်ကြည့်နေမိတယ်ဆိုတာ သတိရကြပါလိမ့်မယ်။ နောက်ပြီး တော့လဲ မြို့ပိုင်နဲ့ သူဌေးတောင် ကြံလို့မရတဲ့ မခင်မေကို သူ့လို မန်နေဂျာကလေးက စွဲလမ်းနေလို့ စိတ်ပန်းရုံသာရှိမှာပဲ။ အဆုတ်နာသည်

www.burmeseclassic.com

www.burmeseclassic.com



အစ်မကြီးရှိနေတဲ့ မောင်တစ်ယောက်ကို တော်တော် ဟန်ဟန်ပန်ပန် မိန်းကလေးထဲက ကြိုက်ဝံ့မှာ မဟုတ်ဘူးဆိုပြီး သူ့စိတ်ကိုသူ ဆုံးမခဲ့တာကိုလဲ သတိရကြပါလိမ့်မယ်။ အဲဒီအချိန်ထဲကစပြီး နှစ်နှစ်လုံး မန်နေဂျာကိုသိန်းမောင်ဟာ မခင်မေကို တစ်ခါမှ မတွေ့ဘူး၊ သူ့အလုပ် သူလုပ်ရင်းကြာတော့ မခင်မေကို မေ့သွားပါတယ်။

ဒါပေမယ့် မခင်မေရဲ့ ထမင်းဆိုင်မှာ ထမင်းစားရင်း ပထမအကြိမ်မြင်လိုက်ရတဲ့အခါ မခင်မေရဲ့ အသားအရေတွေဟာ ဝင်းနေသလိုဖြစ်ပြီး လွန်ခဲ့တဲ့ နှစ်နှစ်တုန်းကထက်တောင် ပိုပြီး လှလာသေးတယ်လို့ မန်နေဂျာကိုသိန်းမောင် ထင်လိုက်မိတယ်။ အဲဒီလို ထင်လိုက်တဲ့ အချိန်ကစပြီး ကိုသိန်းမောင်ရဲ့ အသည်းနှလုံးမှာ မခင်မေရဲ့ နှောင်ကြိုးတစ်ချောင်း ချည်မိရက်သား ဖြစ်သွားပါတယ်။

နောက်ဆယ်ရက်လောက် ထမင်းစားပြီးတော့ မခင်မေ စကားပြောတဲ့နေရာမှာ အသံသာယာတာတွေ၊ ပျော့ပျောင်းတာတွေ၊ လိမ္မာတာတွေကို ကြားရပြန်တဲ့ အခါ ကိုသိန်းမောင်ရဲ့ အသည်းနှလုံးမှာ မခင်မေရဲ့ ဒုတိယ နှောင်ကြိုးတစ်ချောင်း ထပ်ပြီး ချည်မိလျက်သား ဖြစ်သွားပြန်တယ်။

နောက်ထပ်ဆယ်ရက်လောက် ကြာတော့ မခင်မေဟာ ထမင်းလာစားကြတဲ့သူတွေကို ထမင်းသည်တစ်ယောက် ဝတ်ကျေတမ်းကျေ ရောင်းတာမျိုးမဟုတ်ဘဲ အိမ်ရှင်မတစ်ယောက်က အမိအဖတွေ၊ ဦးကြီးမိကြီးတွေ၊ ဘထွေး ဒေါ်လေးတွေ၊ အစ်ကို အစ်မတွေ၊ မောင်ကလေး ညီမကလေးတွေ၊ တူကလေး တူမကလေးတွေ၊ သားကလေး သမီးကလေးတွေကို ပြုစုသလို ထမင်းလာစားတဲ့လူတွေကို သူကိုယ်တိုင် လုပ်ပေးသင့်တဲ့နေရာလုပ်ပေး၊ ညီမကလေးကို ခိုင်းသင့်တဲ့ နေရာခိုင်းပြီး သူ့မျက်နှာကို တစ်ဖက်သား မြင်ရအောင် ကြည်ကြည်လင်လင်ပေါ်နေတဲ့ စေတနာကောင်းတွေနဲ့ ပြုစုနေတာကို မြင်ပြန်ရတဲ့အခါ ကိုသိန်းမောင်ရဲ့ အသည်းနှလုံးမှာ မခင်မေရဲ့ တတိယ နှောင်ကြိုးတစ်ချောင်း ထပ်ပြီး ချည်မိလျက်သား ဖြစ်သွားပြန်ပါတယ်။



အဲဒီလို သူ့အသည်းနှလုံးကို တတိယနှောင်ကြိုးနဲ့ အချည်ခံရတဲ့အချိန်လောက်ကစပြီး ကိုသိန်းမောင်ဟာ သူ့ကိုယ်ကိုသူ မေးခွန်းနှစ်ခုနဲ့ အပြန်အလှန် မေးနေပါတယ်။ မင့်စိတ်ဟာ မခင်မေရဲ့ ရုပ်ရည်ကိုမက်ပြီး ဆော့ချင်ပါးချင်တဲ့ ကာမရာဂစိတ်လား။ တကယ့်ကို ချစ်တဲ့စိတ်လား။ အဲဒီ မေးခွန်းနှစ်ခုဟာ ကိုသိန်းမောင်ရဲ့ ဦးနှောက်ထဲမှာ မကြာခဏ ပေါ်နေပါတယ်။ ဒီမေးခွန်းတွေပေါ်တိုင်း တကယ်ချစ်တဲ့စိတ်လို့ အဖြေထွက်တာချည်းပါပဲ။ ဒါပေမယ့် သေချာသည်ထက် သေချာအောင် ကိုသိန်းမောင်ဟာ ဒီမေးခွန်းတွေနဲ့ သူ့ကိုယ်ကိုသူ သေသေချာချာ အချိန်ယူပြီး မေးနေပါတယ်။ သူ့ကိုယ်ကိုသူ ဒီလိုမေးနေတယ်ဆိုတာ မခင်မေဖြစ်ဖြစ်၊ တခြားတစ်ယောက်ယောက်ဖြစ်ဖြစ် သိများသွားရင် ကိုသိန်းမောင်ဆိုတဲ့လူဟာ မုန့်ဆီကြော်ကို ရမလား မရဘူးလားဆိုတာ မသိရသေးဘူး။ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားလို့ တွေးပြီး ပူနေတယ်လို့ ကြေ၍ အဆိုခံရတာပဲ။ ဘယ်သူက ဘာပဲဆိုဆို ကိုသိန်းမောင်ရဲ့ တွက်ကိန်းထဲမှာတော့ သူနဲ့ မခင်မေတို့ရဲ့ကိစ္စမှာ မခင်မေဟာ ပဓာနမဟုတ်ဘူး။ သူသာ ပဓာနဖြစ်တယ်လို့ သူ ယုံကြည်နေတယ်။ အဲဒီတော့ ပဓာနဖြစ်တဲ့ သူကိုယ်တိုင်က သူ့စိတ်ဟာ တကယ့်ချစ်စိတ်ဆိုတာ သေချာမှ မခင်မေကို ရအောင် ကြိုးစားဖို့ဆိုတဲ့ နောက်တစ်ဆင့်ကို သူတက်ချင်တယ်။ အဲဒီလို တကယ့်ချစ်စိတ်ဆိုမှ မခင်မေကို ရအောင် ကြိုးစားတဲ့နေရာမှာ သည်းခံစရာရှိရင် ခံမယ်။ အောက်ချခံစရာရှိရင် ခံမယ်။ ခွဲကောင်းစရာရှိရင် ကောင်းမယ်။ ဆတ္တိကောင်းစရာရှိရင် ကောင်းမယ်။ စွန့်စားစရာရှိရင် စွန့်စားမယ်။ အနာခံစရာရှိရင် ခံမယ်။

ဒါတင်မကသေးဘူး။ အိမ်ထောင်ဘက် ဘုရားတည်၊ ဆေးမင်ရည် ဆော်ထိုးဆိုတဲ့ စကားကိုလဲ ကိုသိန်းမောင်ဟာ သေသေချာချာ သဘောပေါက်နေပါတယ်။ အကယ်၍ သူ့စိတ်ဟာ တကယ့်ချစ်စိတ်မဟုတ်ဘဲ ကာမရာဂစိတ်ဆိုရင် အိမ်ထောင်ကျပြီး အတော်ကလေးကြာလို့ မခင်မေဟာ အိုသွားတဲ့အခါ လင်မယား ကွဲနိုင်တယ်။ မကွဲရင်လဲ အိမ်ထောင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်တဲ့၊ ပြေပြစ်တဲ့၊ ပျော်ရွှင်စရာ၊ စိတ်ချမ်းမြေ့စရာကောင်းတဲ့အိမ်ထောင် မဖြစ်နိုင်တော့ဘူး။ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ချင်တဲ့၊တကျက်ကျက်နဲ့ ဖြစ်နေရတဲ့ ငိုပွဲခဏခဏဆင်နေရတဲ့ အိမ်ထောင်ဖြစ်မှာပဲ။ အဲဒီလို ကိုသိန်းမောင်က တွက်တယ်။

အဲဒါကြောင့် ကိုသိန်းမောင်ဟာ သူ့ကိုယ်ကိုသူ ဒီမေးခွန်းတွေနဲ့ အချိန်အတော်ကလေးယူပြီး မေးနေပါတယ်။ ဒီအတောအတွင်းမှာလဲ မခင်မေအပေါ် စိတ်ပျက်သွားနိုင်စရာအကြောင်းတွေ တွေ့မလား။ တွေ့ရရင်လဲ ကိုယ်ရှိန်သတ်ပြီး နောက်အသာဆုတ်ရမယ်ဆိုတဲ့စိတ်နဲ့ မခင်မေကို တတ်နိုင်သမျှ အကဲခတ်နေပါတယ်။ သုံးလလောက်ကြာတော့မှ မခင်မေအပေါ်မှာ စိတ်ပျက်စရာအကြောင်းလဲ ရှာမတွေ့ဘူး။ သူ့စိတ်ဟာလဲ တကယ့် ချစ်စိတ်ပဲဆိုတာ သူဆုံးဖြတ်ချက်ချလိုက်ပါတယ်။

ဆုံးဖြတ်ချက်ချတာကတော့ လွယ်ပါတယ်။ ဘယ်လိုရအောင် လုပ်မလဲ။ လုပ်ဖို့ဟာ မလွယ်ဘူးဆိုတာ ကိုသိန်းမောင်သဘောပေါက်ပါတယ်။ အခုရေတွင်းတူး အခု ရေကြည်သောက်ဆိုတာမျိုး မဖြစ်နိုင်ဘူး ဆိုတာလဲ ကိုသိန်းမောင် သဘောပေါက်ပါတယ်။ အဲဒါကြောင့် ပထမ အဆင့်အနေနဲ့ ကိုသိန်းမောင်ဟာ မခင်မေတို့ရဲ့ အိမ်တွင်းအခြေအနေကို စုံစမ်းပါတယ်။ အဲဒီလို စုံစမ်းတဲ့အခါ မခင်မေမှာ ဒူးနာနေတဲ့ အမေကြီး ရှိတယ်။ တစ်ကျွန်းပြန်ဦးလေး ရှိတယ်။ ညီမကလေး မယ်တင်မေရှိတယ် ဆိုတာ ကိုသိန်းမောင် သိရတယ်။ သူတို့အိမ်မှာ ဆွေမျိုးလိုဖြစ်ပြီး ဝင်ထွက်သွားလာနေတဲ့ ရှေ့နေဦးလှမောင် ဇနီး ဒေါ်သန်းတင်တို့ရှိတယ်ဆိုတာလဲ သိရတယ်။

အဲဒီ အတွင်းသတင်းကိုရတော့မှ အချစ်တိုက်ပွဲအတွက် သေနင်္ဂဗျူဟာကို ကိုသိန်းမောင် ရေးဆွဲပါတယ်။ ဒီသေနင်္ဂဗျူဟာရဲ့ ပထမအဆင့်အရ တစ်ကျွန်းပြန်ဦးလေး ဖိုးအေးနဲ့ ခင်ခင်မင်မင်ဖြစ်အောင်လုပ်ရမယ်။ ဒီကိစ္စဟာ မလွယ်ပါဘူး။ မလုပ်တတ်ဘဲ အလျင်စလို သွားလုပ်လိုက်ရင် ဒီကောင် ငါ့တူမကိုလိုချင်လို့ ငါ့ကို လာကပ်တာပဲဆိုပြီး တစ်ကျွန်းပြန်ကြီးက နားရင်းအုပ်လိုက်မယ့် ဘေးအန္တရာယ်ရှိတယ်။ အဲဒါကြောင့်



တစ်ကျွန်းပြန်ကြီးနဲ့ ခင်ခင်မင်မင်ဖြစ်အောင်လုပ်ဖို့ဆိုတဲ့ ကိစ္စကို အချိန်ယူပြီး လုပ်ဖို့ ကိုသိန်းမောင် ဆုံးဖြတ်တယ်။ အဲဒီလို ဆုံးဖြတ်ပြီး တစ်ကျွန်းပြန်ကြီးရဲ့ အသွားအလာကို စုံစမ်းတဲ့အခါ တစ်ကျွန်းပြန်ဦးလေး ဖိုးအေးဟာ ဆိုင်မှာ သိမ်းစရာ ဆေးစရာကိစ္စတွေပြီးရင် ည ကိုးနာရီလောက်မှာ ဆိုင်တံခါးပိတ်ပြီး မိုးသီးလို့ခေါ်တဲ့ ကာကာကုလားဆိုင်မှာ လက်ဖက်ရည် တစ်ခွက်တစ်ခွက် လာသောက်တယ်။ အဲဒီဆိုင်မှာလဲ ဟိုနေရာဒီနေရာမှာ မထိုင်ဘူး။ ဆိုင်ရဲ့ ချောင်ကျလို့ လူအထိုင်နည်းတဲ့ နေရာတစ်ခုမှာ အမြဲ ထိုင်လေ့ရှိတယ်ဆိုတာ ကိုသိန်းမောင် သိရတယ်။

အဲဒါကြောင့် တစ်ညမှာ ဦးလေးဖိုးအေး ဆိုင်ထဲကို ဝင်သွားလို့ အအောင့်လောက်အကြာ သူလဲ ဆိုင်ထဲကိုဝင်သွားပြီး ဦးလေးဖိုးအေးထိုင်တဲ့ စားပွဲခုံမှာပဲ ဝင်ထိုင်တယ်။ ဘာမှစကားမပြောဘူး။ ကော်ဖီတစ်ခွက် မှာသောက်ပြီး သူက အရင်ထပြန်တယ်။ အဲဒီလိုချည်းပဲ သုံးည လောက်လုပ်ပြီး လေးရက်မြောက်ညမှာ ကိုသိန်းမောင်ကစပြီး 'ဦးနဲ့ ကျွန်တော်နဲ့ ဒီနေရာမှာ ချည်းပဲ ညတိုင်းလာဆုံတာပဲ၊ ကျွန်တော် ဦးတို့ဆိုင်မှာ ထမင်းလခပေးစားနေတယ်' လို့ ပြောပြီး ဦးလေးဖိုးအေးရဲ့စကားပြန်ကို မစောင့်ဘူး။ 'မိုးသီးသာဒီမှာတို့နှစ်ယောက်အတွက်ပိုက်ဆံ' လို့အော်ပြောပြီး ထွက်သွားပါတယ်။

နောက်တစ်ည တွေ့တဲ့အခါ 'ဦးက ကော်ဖီနဲ့ လက်ဖက်ရည် ဘယ်ဒင်းကို ကြိုက်သလဲ' လို့ ကိုသိန်းမောင်ကစပြီး မေးပါတယ်။ 'ဦးလေးက လက်ဖက်ရည်ကို ကြိုက်တယ်' လို့ ဦးလေးဖိုးအေးက ပြောတယ်။ ကိုသိန်းမောင်ဟာ ဦးလေးဖိုးအေးကို ဦးလေးလို့ ခေါ်ချင်တယ်။ ဒါပေမယ့် ဦးလေးလို့ စခေါ် လိုက်ရင် မယုံသင်္ကာဖြစ်သွားမှာစိုးတဲ့အတွက် ဦးလို့ စပြီး ခေါ်လိုက်တာပဲ။ အခုတော့ ဦးလေးဖိုးအေးကိုယ်တိုင်က သူ့ကိုယ်သူ ဦးလေးလို့ခေါ်ပြီး ပြောတဲ့အတွက် ကိုသိန်းမောင်အတွက် လွယ်သွားပြီ။ အဲဒါကြောင့် ကိုသိန်းမောင်က နောက်ထပ်ပြီး 'ဦးလေးရေ၊ ကျွန်တော်တော့ ညဘက် လက်ဖက်ရည် မသောက်ရဲဘူး၊ လက်ဖက်ရည် သောက်ရင် မျက်လုံးကြောင်ပြီး တစ်ညလုံး မအိပ်နိုင်ဘူး' လို့ ပြောပြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးလေး ဖိုးအေးရဲ့ စကားအပြန်ကိုမစောင့်ဘဲ ဦးလေးဖိုးအေးရဲ့ လက်ဖက်ရည် အတွက်ပါ ပိုက်ဆံပေးပြီး ထသွားပါတယ်။

နောက်တစ်ည တွေ့တဲ့အခါ 'ဦးလေးကိုတော့ ကလေး လူကြီး ဆိုသလိုပါပဲ၊ တစ်မြို့လုံးက ကြည်ညိုပါတယ်၊ တချို့လူတွေက တစ်ကျွန်းက ပြန်လာရင် ဦးလေးတို့လို ဘုရားနဲ့ တရားနဲ့ ပျော့ပျော့ပျောင်းပျောင်း မဟုတ်ဘူး၊ ကြွပ်ဆတ်ဆတ်နဲ့ သူတို့ကိုပဲ ကြောက်ရဦးတော့မလိုလို၊ ဦးလေးကိုတော့ ကျွန်တော်သိသမျှ လူတွေအားလုံး ချစ်ကြပါတယ်'လို့ ပြောပြီး အရင်အတိုင်းပဲ ဦးလေးဖိုးအေးအတွက်ပါ ပိုက်ဆံပေးပြီး ထသွားပါတယ်။ ဦးလေးဖိုးအေးလဲ အတော်သဘောတွေကျပြီး စကားပြန်ပြောချင်တယ်။ ကိုသိန်းမောင်ထသွားတာနဲ့ မပြောလိုက်ရဘူး။

နောက်တစ်ညတွေ့တဲ့အခါ ဦးလေးဖိုးအေးကစပြီး 'နေစမ်းပါဦး၊ စိတ်မရှိပါနဲ့ကွယ်၊ မေးစမ်းပါရစေ၊ မောင်က ဘယ်သူလဲ'လို့ မေးပါတယ်။ 'ကျွန်တော့်နာမည်က သိန်းမောင်တဲ့၊ သော်က ဆန်စက်မှာ မန်နေဂျာလုပ်ပါတယ်'လို့ ပြန်ပြောပြီး မောင်သိန်းမောင်ဟာ နောက်ထပ် ဘာမှဆက်မပြောဘဲ ကော်ဖီကိုသာ ငုံ့သောက်နေတယ်။ သောက်ပြီးတာနဲ့ တစ်ပြိုင်နက် 'ဦးလေးဟာ ဝါးခယ်မမှာရှိတဲ့လူတွေနဲ့ နတ်တွေကို ညတိုင်း မေတ္တာပို့တယ်ထင်တယ်'လို့ ပြောပြီး ခါတိုင်းလိုပဲ နှစ်ယောက်အတွက် ပိုက်ဆံပေးတယ်။ ပေးပြီးတာနဲ့ ထွက်သွားတယ်။ အတော်ကလေးရင်းနှီး လာပြီဖြစ်တဲ့အတွက် ဒီညတော့ ဦးလေးဖိုးအေးက ကိုသိန်းမောင်ကို 'ခဏ ထိုင်ပါဦး မောင်ရင်'လို့ တားလိုက်ပါတယ်။ ကိုသိန်းမောင် ပြန်ထိုင်တဲ့အခါ 'သွားစရာ အရေးတကြီးကိစ္စများ ရှိသလား'လို့ ဦးလေးဖိုးအေးက မေးပါတယ်။ ကိုသိန်းမောင်က 'မရှိပါဘူး'လို့ ဖြေပါတယ်။ အဲဒီအခါမှာ ဦးလေး ဖိုးအေးက 'မောင်ရင် ခုနကပြောတာ တယ်မှန်တယ်၊ ဦးလေးက ညဘက် ဆိုရင် ဂုဏ်တော်ကိုးပါးကို ယောဒီပုတီးတစ်ပတ်မစိပ်ဘဲနဲ့ မအိပ်ဘူး'လို့ အိတ်ထဲက ဂုဏ်တော်ပုတီးကို ထုတ်ပြရင်း ပြောပါတယ်။ 'ဂုဏ်တော်စိပ်ပြီး တော့မှ လူတွေနတ်တွေ အကုန်လုံးကို မေတ္တာပို့တယ်'လို့ ဆက်ပြီးပြောပါ



ဦးလေးဖိုးအေး ပြောပြီးတဲ့အခါ ကိုသိန်းမောင်က 'ဦးလေးရေ၊ ဒီဝတ် ...ကျက်စေနဲ့၊ ဂုဏ်တော်ကိုးပါးစိပ်ပြီး မေတ္တာမှန်မှန်ပို့ရင် လူတွေနတ်တွေ ...ကန် ကြည်ညိုတယ်၊ အခု ဦးလေးတို့ ထမင်းဆိုင်မှာ ထမင်းလာစားတဲ့ ...တွေထဲက အတော်ခပ်များများဟာ ဦးလေးကို ကြည်ညိုလို့ လာကြတာ ...ဆိုတာ ကျွန်တော်ပြောရဲတယ်၊ ကျွန်တော်ဆိုလဲ ဦးလေး ဒီလို ခပ်အေး ...နေတာကို မြင်ရတာနဲ့ပဲ အလကားကြည်ညိုနေတယ်၊ တစ်ကျွန်းပြန် ... များသောအားဖြင့် သိပ်ရမ်းတယ်ဦးလေး'လို့ ကိုသိန်းမောင်က ပြော ...တယ်။ ဦးလေးဖိုးအေးက 'ဒါကတော့ ဒီလိုရှိပါတယ် မောင်ရင်၊ တစ်ကျွန်း ... နေရတယ်ဆိုတာ ဒီလောက်ပဲ ပြောရသေးတယ်၊ ကိုသိန်းမောင်က ...တော်လဲ တစ်ကျွန်းအကြောင်းကို ကြားချင်နေတာကြာပြီ၊ အားနာ ...လို့ မမေးဘဲနေတာ၊ အတော်ပဲ၊ ကဲ၊ ဦးလေး အညောင်းပြေ လမ်း ...ကတ်ရင်း ပြောရအောင်'ဆိုပြီး အပြင် ခေါ်သွားပါတယ်။

ဦးလေးဖိုးအေးဟာ တစ်ကျွန်းအကြောင်းကို ပြောချင်တာကြာပြီ။ ...ဆိုရင် တူမကလေးတွေက သူ့တစ်ကျွန်းအကြောင်းမှာ စိတ်မဝင်စား။ ...ကြီးကိုလဲ သူက မပြောရဲ။ အပေါင်းအဖော်ကလဲ မရှိဆိုတော့ သူ ...ချင်တဲ့ တစ်ကျွန်းအကြောင်းဟာ သူ့လည်မျိုမှာ တစ်ဆို့ကြီးဖြစ်နေ ...။ ဒီနေ့ညမှာ အကုန် အန်ထုတ်ရတော့မှာပဲဆိုပြီး ဦးလေးဖိုးအေးဟာ ...သာအားရနဲ့ တစ်ကျွန်းအကြောင်းကို လျှောက်ပြောနေတာပဲ။ ကိုသိန်း ...င်လဲ 'ဟုတ်ကဲ့၊ ဟုတ်ကဲ့'လို့သာ လိုက်နေရတယ်။ နောက်တစ်ဆင့် ...လိုတက်ရမယ်ဆိုတာ စဉ်းစားခန်းထုတ်နေရတာနဲ့ ဦးလေးဖိုးအေး ...သမျှစကားတွေဟာ သူ့နားထဲ အကုန်မဝင်ဘူး။ အသာကလေး မသိ ... ခေါ်သွားလိုက်တာ၊ ကုန်းလမ်းက ကိုသိန်းမောင်တို့အိမ်ရှေ့ကို ရောက် ...ယ်။ အဲဒီလိုရောက်တဲ့အခါ အိမ်ထဲကိုမခေါ်ဘဲ 'မနက်ဖြန်ကျမှ ဦးလေး ...မှာဆတ်သားခြောက်ကင်နဲ့ လက်ဖက်ရည်ကြမ်းနဲ့တိုက်ပြီး တစ်ကျွန်း ...ကြောင်းတွေ အပြောခိုင်းရမယ်'လို့ဆိုပြီး ဆက်လျှောက်သွားပါတယ်။ ...ကိုခေါ်ရင် မိန်းမ မရှိဘူး၊ လူပျိုဆိုတာ ပေါ်တော့မယ်။ အဲဒီလိုပေါ်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဖိုးအေးဟာ သူ့အပေါ်မှာ သံသယ ဖြစ်ချင်ဖြစ်နိုင်တယ်ဆိုတာ ကိုသိန်းမောင် တွက်ပြီးပြီ။ အဲဒီ ပြဿနာပေါ်လာရင်လဲ ဘယ်လို ဘယ်လို ဖြေရမယ်ဆိုတာ ကိုသိန်းမောင်ကတော့ စဉ်းစားထားပြီးပြီ။

နောက်တစ်ညမှာ ခါတိုင်းလိုပဲ မိုးသီးလက်ဖက်ရည်ဆိုင်မှာတွေ့၊ လက်ဖက်ရည်ဆိုင်က ကိုသိန်းမောင်တို့အိမ်ကိုလာ။ လက်ဖက်ရည်ကြမ်းနဲ့ ဆတ်သားခြောက် သောက်စားရင်း ဦးလေးဖိုးအေးက တစ်ကျွန်းအကြောင်း လေတွေလျှောက်ပန်း၊ ကိုသိန်းမောင်ကလဲ 'ဟုတ်ကဲ့ ဟုတ်ကဲ့' လို့သာ လိုက်နေတယ်။ တစ်ခါတစ်ခါမှ ဦးလေးဖိုးအေးပြောတာ ကြားတယ်။ တစ်ခါတစ်ခါ မကြားဘူး။ သူလဲ နောက်အဆင့်တွေအတွက် အကြံထုတ်နေပါတယ်။

ကိုသိန်းမောင်ရဲ့အိမ်မှာ တတိယည ရောက်လာတဲ့အခါတော့ ဦးလေးဖိုးအေးက 'ဒီအိမ်ဟာ တယ်တိတ်ဆိတ်ပါလား၊ အိမ်သူအိမ်သားတွေ ဘယ်သွားသလဲ'လို့ မေးပါတယ်။ အဲဒီအခါ ကိုသိန်းမောင်က 'ဦးလေးကို ကျွန်တော့်အကြောင်း မပြောရသေးဘူး၊ ကျွန်တော်ငယ်ငယ်ကတည်းက ဘုန်းကြီးလုပ်ဖို့ပဲ၊ အမေအိုကြီးနဲ့ အစ်မကြီးလူမမာသည်တစ်ယောက်ကို လုပ်ကျွေးနေရတာနဲ့ ဟိုတုန်းက ဘုန်းကြီးမလုပ်ဖြစ်ဘူး၊ အခုတော့ နှစ်ယောက်စလုံး မရှိတော့ပါဘူး၊ အမေကြီးဆုံးသွားတာ သုံးနှစ်လောက်ရှိပြီ၊ အစ်မကြီးဆုံးသွားတာ လေးလလောက်ရှိပြီ၊ သူ့ရွှေးဆိုက် အလုပ်ထွက်ခွင့်ရတာနဲ့ ကျွန်တော်လဲ သက်န်းဆီးမှာပဲ'လို့ ပြန်ပြောတယ်။ ဦးလေးဖိုးအေးက သူနဲ့ ကိုသိန်းမောင်နဲ့ တူတယ်။ သူလဲ သူ့အစ်မကြီးမရှိရင် ဘုန်းကြီးလုပ်မှာပဲလို့ ပြောတယ်။ အစ်မကြီးဆိုတဲ့စကား ပါလာတာနဲ့ ဘာပြီးရင် ဘာပြောမယ်ဆိုတာ စဉ်းစားထားပြီးသားဖြစ်နေတဲ့ ကိုသိန်းမောင်က ဒေါ်လှမေဟာ ဒူးနာလို့ ဘယ်ကိုမှ မထွက်နိုင်ဘူးဆိုတာ သိလျက်နဲ့ 'ဦးလေးရဲ့ အစ်မကြီးဆိုတာ ဘယ်သူလဲ၊ ဆိုင်မှာလဲ တစ်ခါမှ မတွေ့ဖူးပါလား'လို့ မေးပါတယ်။ ဦးလေးဖိုးအေးက 'ဒူးနာနေလို့ မမက ဘယ်မှမထွက်နိုင်ဘူး'လို့ ပြန်ဖြေပါတယ်။ ကိုသိန်းမောင်က



ဒေါ်လှမေ ဒူးနာအကြောင်းကို ဆက်မေးပြီး 'ဒီဒူးနာမျိုးဟာ မကုတတ်ရင် သက်သာရပါရော၊ ကုတတ်တော့လဲ အလွယ်ကလေးပါ၊ ကျွန်တော်တစ်နေ့ ဆေးကြည့်ဦးမယ်'လို့ စကားစလိုက်တယ်။ အဲဒီအခါ ဦးလေးဖိုးအေးက ဝမ်းသာအားရနဲ့ 'ကြည့်ရင်လဲ မြန်မြန်ကြည့်ပေးပါ မောင်သိန်းမောင်ရယ်၊ မမမှာ ဒီဒူးနာအတွက် ဘယ်မှလဲ မသွားနိုင်ဘူး၊ သူများထူမှ ထနိုင်တယ်၊ ဘုရားရှိခိုးတာတောင် အိပ်လျက် ရှိခိုးရတယ်၊ ဒီဒူးနာတော့ မြန်မြန် ပျောက်ချင်လှပါပြီကွယ်'လို့ ပြောပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

## ၇

## ဒေါ်လှမေနှင့် မောင်သိန်းမောင်

နောက်တစ်နေ့မနက် ခပ်စောစော ဦးလေးဖိုးအေးဟာ သူ့အစ်မကြီးဆီကို သွားပြီး ဒူးနာကုပေးမယ့် သူငယ်တစ်ယောက်တွေ့ခဲ့တဲ့အကြောင်း၊ ညကျရင် ခေါ်လာခဲ့မယ့်အကြောင်းတွေကို ဝမ်းသာအားရနဲ့ ပြောပါတယ်။ အဲဒီ အချိန်က မခင်မေလဲ အနားမှာရှိတဲ့အတွက် 'အဲဒီသူငယ်က ဘယ်သူလဲ' လို့ ဦးလေးဖိုးအေးကို မေးပါတယ်။ ဦးလေးဖိုးအေးက ဘယ်သူဆိုတာ ပြောပြပါတယ်။ မခင်မေဟာ တစ်စုံတစ်ခုကို သတိရပြီး 'မန်နေဂျာတော့ မပြောတတ်ဘူး၊ ဒီစက်ကသူဌေးကတော့ ကြားရတာ မကောင်းပါဘူး' လို့ ပြောပါတယ်။ အဲဒီအခါ ဦးလေးဖိုးအေးက သူ့လူကို ထိရမလားဆိုပြီး ဒေါကလေးခပ်ပွပွနဲ့ 'နင်တို့ ဒီသူငယ်ကို စိတ်နဲ့တောင် မပြစ်မှားနဲ့၊ နင် သီလရှင်လုပ်ချင်သလို ဒီသူငယ်ကလဲ ဘုန်းကြီးလုပ်ချင်နေတာ' လို့ ခပ်ဆတ်ဆတ် ပြန်ပြောပါတယ်။

မခင်မေကလဲ စိတ်ထဲမှာ နည်းနည်းသံသယရှိတာနဲ့ 'ဦးလေးရယ် သူက ဆေးဆရာလဲ မဟုတ်ဘူး၊ စက်မှာ မန်နေဂျာလုပ်ပြီး မေမေ့ ခြေထောက်ကို ဘယ်လိုများ ကုမှာလဲ' လို့ မေးပါတယ်။ ဦးလေးဖိုးအေးက



ခင်ထိုင်းထိုင်းဆိုတော့ ဖြန်းခနဲ မဖြေနိုင်သေးခင် ဒေါ်လှမေကကြားဖြတ်ပြီး 'သမီးရေ၊ ဒါတော့ မပြောနဲ့၊ တစ်ခါတစ်ခါ အရပ်သားကုတာက ဆရာတွေကုတာထက် ကောင်းသေးတယ်၊ ညည်းတို့တော့ ငယ်သေးလို့ မှတ်မိမှာ မဟုတ်ပါဘူး၊ ညည်း လေးနှစ်သမီးလောက်မှာ ငါ့မှာ ဝမ်းဖောဝမ်းရောင်ရောဂါ ဖြစ်ဖူးသေးတယ်၊ ဘယ်ဆရာနဲ့မှ ကုလို့မရဘူး၊ နောက်တော့ ညည်းအဖေရဲ့ သူငယ်ချင်း လှေသူကြီး ဦးစရဲ့ လှေထိုးသားတစ်ယောက် ပေးတဲ့ ဆေးမီးတိုကလေးနဲ့ပဲ ငါ့မှာ ပျောက်သွားဖူးတယ်' လို့ ပြောပြီး 'ဖိုးအေးရယ်၊ ဒီသူငယ်ကို မြန်မြန်ခေါ်ခဲ့စမ်းပါကွယ်' လို့ သူ့မောင်ကို ဆက်မှာပါတယ်။ ဒီနောက် လက်နှစ်ဖက်ကို သူ့နဖူးပေါ်မှာ လက်အုပ်ချီပြီး 'ဘုရားသိကြား မ-လို့ မောင်မင်းကြီးသား ပျောက်အောင် ကုနိုင်ပါစေတော်' လို့ တိုင်တည်ဆုတောင်းပါတယ်။

ကိုသိန်းမောင်ဟာ သူကုရင် ဒူးနာပျောက်ရမယ်လို့ ယုံကြည်ချက်နဲ့ ကုမှာမဟုတ်ဘူး။ ဒူးနာကိုတော့ အမှားအယွင်းမရှိရအောင် ဘေးဥပါဒ်အန္တရာယ် မဖြစ်နိုင်တဲ့နည်းတွေနဲ့ သူတတ်သရွေ့ ကုမယ်။ ဒီလိုကုနေတုန်း အမေကြီးကို သားအရင်းပြုစုသလို ပြုစုဖို့ အခွင့်အလမ်း သူရမယ်။ အဲဒီ အခွင့်အလမ်းကလေးကိုပဲ သူလိုချင်တယ်။ အဲဒီ အခွင့်အလမ်းရလို့ သားက အမေကို ပြုစုသလို သူသာ ပြုစုလိုက်ရရင် အမေကြီးဟာ သူ့ကို သားကလေးလို ချစ်လာမယ်။ သနားလာမယ်။ အဲဒီအခြေအနေ ရောက်လာရင် သူ့တိုက်ပွဲဟာ တစ်ဝက်လောက် အောင်ပြီလို့ သူ တွက်ထားတယ်။ အဲဒီတွက်ကိန်းနဲ့ နောက်တစ်ည ကိုးနာရီခွဲလောက်မှာ ဦးလေးဖိုးအေးနဲ့ ကိုသိန်းမောင်တို့ ရောက်လာကြတယ်။ မခင်မေတို့ တားထားတဲ့အတွက် ဒေါ်သန်းတင်နဲ့ သမီးကလေးလဲ မပြန်သေးဘူး။ ဒူးနာကုမယ့် ဆရာကို အကဲခတ်ရအောင် စောင့်နေကြတယ်။ ကိုသိန်းမောင်တို့ ရောက်လာတဲ့ အခါ ဆရာအနေနဲ့ ကုလားထိုင်ပေါ်မှာ အထိုင်ခိုင်းပေမယ့် ကိုသိန်းမောင် မထိုင်ဘူး။ ကြမ်းပြင်ပေါ်မှာပဲ ထိုင်ပြီး အမေကြီးကို စကားပြောပါတယ်။ ကိုသိန်းမောင်ဟာ ဝင်လာကတည်းက မခင်မေကို တစ်ချက်မှ မကြည့်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အမေကြီးကိုသာကြည့်ပြီး စကားပြောတယ်။ ရယ်ခြင်းပြုံးခြင်း အလျဉ်းမရှိဘူး။ နာနေတဲ့ ခြေထောက်ရဲ့ ခြေမကို လှုပ်အပြခိုင်းတယ်။ အမေကြီးက လှုပ်ပြတယ်။ အဲဒါကိုကြည့်ပြီး ကိုသိန်းမောင်က 'ကြီးကြီး ခြေထောက်နာ ပျောက်ရမယ်ဆိုတာ တစ်ထစ်ချသာ စိတ်ချထားပါတော့'လို့ စိတ်ကိုပါကုတဲ့ နည်းတစ်မျိုးနဲ့ ကုလိုက်တယ်။

အဲဒီနောက် ကိုသိန်းမောင်က 'ကြီးကြီး ကျွန်တော်ကုရရင် ကြီးကြီး ဥပုသ်ရက်ရှည်စောင့်ရလိမ့်မယ်၊ လေးဆယ့်ငါးရက် စောင့်နိုင်ပါ့မလား'လို့ မေးပါတယ်။ အဲဒီအခါ မခင်မေက ကြားဝင်ပြီး 'မေမေက ကြီးလှပါပြီဆရာရယ်၊ လေးဆယ့်ငါးရက်ဆိုတော့ အားတွေ လျော့သွားလိမ့်မယ် ထင်ပါတယ်'လို့ ပြောပါတယ်။ ကိုသိန်းမောင်က မခင်မေကို မကြည့်ဘဲ အမေကြီးကိုပဲ ကြည့်မြဲကြည့်ပြီး 'ဝေဒနာသည်မဟုတ်တဲ့လူတွေ သည်းခံပါ၊ ကျွန်တော် မေတ္တာရပ်ပါတယ်၊ ကြီးကြီးကိုယ်တိုင် ဖြေပါစေ'လို့ ကိုသိန်းမောင်က ပြောပါတယ်။ ဒေါ်လှမေက 'လေးဆယ့်ငါးရက် များလွန်းပါတယ်'လို့ ဖြေပါတယ်။ 'ဒီလိုဆိုရင် တစ်လကော စောင့်နိုင်ပါ့မလား ကြီးကြီး'လို့ မောင်သိန်းမောင်က ထပ်မေးပါတယ်။ မခင်မေက အမေကြီးအတွက် စိတ်ပူပြီး ကိုသိန်းမောင်က မပြောပါနဲ့ ဆိုပေမယ့် 'တစ်လလဲ များလွန်းပါတယ်ဆရာရယ်'လို့ ဝင်ပြီး ပြောပြန်ပါတယ်။ ကိုသိန်းမောင်ကလဲ 'ဝေဒနာသည်မဟုတ်တဲ့လူတွေ သည်းခံပါ၊ ကျွန်တော် မေတ္တာရပ်ပါတယ်'လို့ မခင်မေကို လှည့်မကြည့်ဘဲ အမေကြီးကို ကြည့်ပြီး ပြောပါတယ်။ ဒေါ်လှမေက 'တစ်လလဲ များလွန်းပါတယ်'လို့ ဖြေပါတယ်။ 'ဒီလိုဆိုရင်ကြီးကြီးရေ ကိုးရက်တော့ စောင့်ရလိမ့်မယ်၊ ကျွန်တော့်နည်းက စောင့်မှဖြစ်မယ်'လို့ ကိုသိန်းမောင်က ပြောပါတယ်။ အမေကြီးကလဲ 'ကိုးရက်တော့ စောင့်မယ်'လို့ ပြောတယ်။

'ဥပုသ်စောင့်တဲ့အခါ သက်သတ်လွတ်စားပါ ကြီးကြီး၊ ဥပုသ်ကထွက်တော့ ကျွန်တော် ဓာတ်စာကောင်းကောင်း ကျွေးပါ့မယ်၊ သက်သတ်လွတ်စားတဲ့အခါ မျှစ်၊ ချဉ်ပေါင်ရွက်၊ ကြက်ဟင်းခါးသီး၊ ပြောင်းဖူး၊



ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ တရုတ်ပဲပြား၊ ငှက်ပျောသီးဖီးကြမ်း၊ ပဲကြီး၊ ကုလားပဲခြမ်း၊ အာလူး၊ ခဝဲသီး၊ အဲဒါတွေထဲက ကြိုက်ရာကိုစားပါ၊ ငရုတ်သီးနဲ့ မတည့်ဘူး၊ ဒါပေမယ့် ကြိုက်ရင် နည်းနည်းပါးပါးတော့ စားပါ၊ ရှောင်ရမယ့်ဟာတွေက သံပုရာသီး၊ ကန်စွန်းရွက်၊ ရွှေဖရုံသီး၊ ဒညင်းသီး၊ ခရမ်းသီး၊ စားတော်ပဲ၊ ပုံးရည်ကြီး၊ ပဲပိုးတီ၊ ပဲနောက်၊ ရုံးပတီသီး၊ ဒူးရင်းသီး၊ ကြောင်လျှာသီး၊ အဲဒါတွေကိုတော့ ရှောင်ရမယ်' လို့ ပြောပါတယ်။

သိန်းမောင်ဟာ ကိုယ်တိုင်ကတော့ တစ်သက်လုံး ဥပုသ်လဲ မစောင့်ဖူးဘူး။ ရှစ်ပါးသီလဟာ ဘာတွေလဲဆိုတာလဲ မသိဘူး။ သက်သတ်လွတ်လဲ မစားဖူးဘူး။ သူ့ဆေးပညာထဲမှာ ဒါတွေလုပ်ရမယ်ဆိုတာလဲ မပါဘူး။ ဒါပေမယ့် အမေကြီးလဲ သူ့ကို ယုံကြည်အောင် မခင်မေကလဲ အထင်ကြီးအောင် သက်သက် ဂိုက်ထုတ်လိုက်တာပဲ။ အဲဒီအခါ မခင်မေက 'ဆရာရယ်၊ ပြန်ပြောပါဦး၊ ကျွန်မ ရေးပြီး မှတ်ထားပါရစေ'လို့ ပြောပြီး ခဲတံနဲ့စက္ကူ ယူရအောင် ထမလို့လုပ်ပါတယ်။ အဲဒီအခါ ကိုသိန်းမောင်ဟာ အမေကြီးကိုပဲ ကြည့်ပြီး 'မှတ်ဖို့မလိုဘူး၊ အခုပြောတာတွေ မစုံသေးဘူး၊ အိမ်မှာ ဓာတ်စာတွေ ရေးထားတာရှိတယ်၊ မနက်ဖြန်မှ ယူခဲ့မယ်၊ မနက်ဖြန် ကြီးကြီး ဥပုသ်စောင့်ရင်းစားဖို့ကတော့ ခဝဲသီးဟင်းချိုရယ်၊ ရှောက်သီးသုပ်ရယ်၊ အားလူးဆီပြန်ရယ်၊ ပဲကြားကြော်ရယ်ဆိုရင်တော်ပြီ၊ အဲဒါပဲ ကျွေးနှင့်ဦး'လို့ မခင်မေကို မကြည့်ဘဲပြောတယ်။ မခင်မေက ခဲတံနဲ့ စက္ကူယူလာပြီး အဲဒါပြန်ပြောပါဦးဆိုတာနဲ့ ကိုသိန်းမောင်ဟာ တစ်ခါ ထပ်ပြောရတယ်။

ဒီနောက် ကိုသိန်းမောင်က 'ကြီးကြီး မနက်စောစော ဘာစားတတ်သလဲ'လို့ မေးတယ်။ 'ဘာမှမစားပါဘူး၊ ကော်ဖီတစ်ခွက်ပဲသောက်တယ်'လို့ ဒေါ်လှမေက ဖြေတယ်။ 'ကြီးကြီးရယ် မေတ္တာရပ်ပါရစေ၊ ကော်ဖီနဲ့ သကြားနဲ့ပဲ သောက်ပါ၊ နို့ဆီတို့ နွားနို့တို့ မထည့်ပါနဲ့'လို့ ကိုသိန်းမောင်က ပြောပါတယ်။ အဲဒီအခါ မခင်မေက 'ဆရာရယ်၊

www.burmeseclassic.com

www.burmeseclassic.com



နို့ဆီနဲ့ နွားနို့ဟာ သက်သတ်လွတ်ပဲ'လို့ ဝင်ပြောတယ်။ ကိုသိန်းမောင်က လှည့်မကြည့်ဘဲ 'ကျွန်တော်သိပါတယ်'လို့ ဖြေလိုက်တယ်။ မခင်မေလဲ ရှေ့ဆက် မမေးရဲတာနဲ့ ရပ်နေတယ်။ အဲဒီအခါ အမေကြီးက 'ကြီးကြီး သောက်တာတော့ နို့ဆီနဲ့ သောက်တာပဲ၊ နို့ဆီနဲ့ မတည့်ဘူးလား'လို့ မေးပါတယ်။ 'နို့ဆီတို့ နွားနို့တို့ နွားသားတို့နဲ့ ကြီးကြီးနဲ့ မတည့်ဘူး။ ကျွဲနို့ရရင်တော့ သောက်နိုင်တယ်၊ ဒါပေမယ့် နို့ဆီနဲ့ မနက်ဖြန်တစ်ရက် လောက်တော့ သောက်ပါဦးလေ'လို့ ပြောပါတယ်။

မောင်သိန်းမောင်က ဆက်ပြီး 'ကြီးကြီး ဓာတ်ချုပ်သလား'လို့ မေးတယ်။ 'ဓာတ်ချုပ်တယ်'လို့ ဖြေပါတယ်။ 'ကြီးကြီး ခြေထောက်ကို ရေနွေးနဲ့စိမ်သလား'လို့ မေးပါတယ်။ 'ဆရာဝန်က ရေနွေးနဲ့ နေ့တိုင်း စိမ်ရမယ်ဆိုလို့ နေ့တိုင်းစိမ်လာတာ ခုဆိုရင် နှစ်နှစ်ကျော် သုံးနှစ်ထဲ ရောက်လာပြီ'လို့ ပြောတဲ့အခါ ကိုသိန်းမောင်က သူ့ရင်ပတ်ကိုပုတ်ပြီး 'ဖြစ်မှဖြစ်ရလေ ကြီးကြီးရယ်၊ ဒီရောဂါဟာ ပျောက်ဖို့ကောင်းတာကြာပြီ၊ ဒီရေနွေးကြောင့် ဒီလိုဖြစ်နေတာပဲ၊ အခုကစပြီးတော့ ရေနွေးဆိုရင် ကြီးကြီး တစ်ကိုယ်လုံးကို နည်းနည်းမှ မထိပါစေနဲ့၊ ကနေ့ည စမ်းကြည့်တဲ့ အနေနဲ့ ကြီးကြီးခြေထောက်နှစ်ဖက်စလုံးကို နာရီဝက်လောက် ရေအေးနဲ့ စိမ်ပါ၊ ပြီးတော့ ထုံးနှင်းကို နာနေတဲ့ခြေထောက် လူးပေးပါ၊ မနက်ဖြန် ကျတော့ ကန်စွန်းရွက်နဲ့ ဟင်းနုနယ်ရွက်တွေကို ကျွန်တော် ပို့လိုက်မယ်၊ အဲဒီအရွက်တွေကို ထောင်းပြီး ရေအေးနဲ့ ရောပြီးတော့မှ ခြေထောက်စိမ်ပါ၊ စိမ်နိုင်လေ ကောင်းလေပဲ ကြီးကြီး'လို့ ပြောပြီးတာနဲ့ မခင်မေတို့ကို နှုတ်မဆက်ဘဲ အမေကြီးတစ်ဦးတည်းကိုသာ နှုတ်ဆက်ပြီး ပြန်ပါတယ်။

မခင်မေဟာ တောင်ကြည့်မြောက်ကြည့် မကြည့်မိအောင်သာ မျက်လုံးကို ထိန်းပါတယ်။ ဒါပေမယ့် စကားပြောစရာရှိတဲ့အခါတော့ ယောကျ်ားနဲ့ပဲဖြစ်ဖြစ်၊ မိန်းမနဲ့ပဲဖြစ်ဖြစ် မျက်နှာကို ကြည့်သင့်တဲ့အခါ ကြည့်ပြီး ပြောပါသေးတယ်။ ဒီကိုသိန်းမောင်ကျတော့ ရောက်ကတည်းက ပြန်သာသွားရော သူ့ကို တစ်ခါမှ ကြည့်လဲ မကြည့်ဘူး၊ နှုတ်လဲ မဆက်



တဲ့အတွက် ဝမ်းနည်းတာတော့ မဟုတ်ဘူး။ အံ့အားသင့်နေတယ်။ ဒီ ကိုသိန်းမောင်ဟာ လူထူးပဲလို့ ထင်နေတယ်။ ကိုသိန်းမောင်ဟာ သူ့မျက်နှာကို ကြည့်ချင်လိုက်တာမှ တစ်ပိုင်းသေနေတာပဲ။ ဒါပေမယ့် သူ့ရဲ့ သေနင်္ဂဗျူဟာအရ စိတ်ကို အတော်တင်းပြီး မကြည့်ချင်ယောင်ဆောင်နေရတယ် ဆိုတာတော့ မခင်မေ မသိရှာဘူး။

ကိုသိန်းမောင်ဟာ ညဘက် အိမ်ပြန်ရောက်တာနဲ့ တပည့်စံမြကို မနက်အစောကြီးထပြီး ဟင်းနုနယ်သုံးစည်းနဲ့ ကန်စွန်းရွက်သုံးစည်း ဝယ်အလာခိုင်းတယ်။ မနက် ခုနစ်နာရီခွဲလောက်မှာ စံမြဟာ ဟင်းနုနယ် သုံးစည်း ကန်စွန်းရွက်သုံးစည်းကိုယူပြီး ပြန်လာတယ်။ ကိုသိန်းမောင်လဲ သေသေချာချာကြည့်ပြီး မခင်မေတို့အိမ်ကို သွားပို့ဖို့ စံမြကို ဘယ်လိုသွားရ တယ်ဆိုတာ သေသေချာချာပြောပြီး လွှတ်လိုက်ပါတယ်။

ရှစ်နာရီလောက်မှာ အိမ်တံခါး ပိတ်ပြီး ဈေးထဲမှာ ရှောက်သီး ဆယ်လုံး၊ ဂျင်း၊ သကြား၊ ဆားခါးဝယ်တယ်။ နောက်ပြီး သံဖြူတန်းက ဆိုင်တစ်ဆိုင်မှာ ခြေထောက်စိမ်ဖို့ အမေကြီး ဒူးခေါင်းထက် နည်းနည်း မြင့်တဲ့ သွတ်စည်ပိုင်း ခပ်မြင့်မြင့်တစ်ခုကို သူလိုချင်တဲ့အတိုင်း ပုံစံ သေသေချာချာ ဆွဲပြီးမှာတယ်။ ဒီနောက် ပန်းကန်ဆိုင်မှာ ဖန်ဘူးခြောက်ဘူး၊ ထမင်းစား ဇွန်းတစ်ချောင်း လက်ဖက်ရည်ဇွန်းတစ်ချောင်း ဝင်ဝယ်တယ်။ ဒီနောက် အိုးဆိုင်မှာ ဆေးကျိုဖို့ ဟင်းအိုးကြီးနှစ်လုံးနဲ့ ကျပ်ထုပ်ထိုးဖို့ ထမင်းအိုးကြီးတစ်လုံး ဝယ်ပါတယ်။ ဒီနောက် တရုတ်လက်သမားဆိုင် မှာ အမေကြီးခြေထောက်ရေစိမ်းရင် ထိုင်ဖို့ ကုလားထိုင် ခပ်မြင့်မြင့်တစ်ခုကို သူ့စိတ်တိုင်းကျမှာတယ်။ အမေကြီးတစ်ကိုယ်လုံး ရေစိမ်ဖို့ ကျွန်းသား စည်ပိုင်းကြီးတစ်ခုကို မှာတယ်။ ဒီလိုမှာပြီး ရုံးချိန်ရောက်တာနဲ့ ကမ်းနား မှာ မနက်တိုင်း အသင့်စောင့်နေတဲ့ မော်တော်ဘုတ်နဲ့ သော်ကာဘာင်ကို ကူးသွားပါတယ်။

မော်တော်ပေါ်မှာ စိတ်လျှော့ပြီး ထိုင်လိုက်တော့မှ ဟိုဟာ ဒီဟာတွေ ကို လျှောက်ဝယ်နေတုန်းက ခဏာမေ့နေတဲ့ မခင်မေရဲ့ မျက်နှာကလေးဟာ

www.burmeseclassic.com

www.burmeseclassic.com



သိန်းမောင်ရဲ့ မျက်စိထဲမှာ ပြန်ပေါ်လာတယ်။ ဒီမျက်နှာကလေးကို စိတ်ထဲကမှန်းပြီးကြည့်နေရင်း အချစ်စိတ်တွေက မွှေပေးနေတဲ့အတွက် သိန်းမောင်ရဲ့ ရင်ထဲမှာ ဖိုခနဲ ဖိုခနဲ ဖြစ်ဖြစ်သွားတယ်။ သိန်းမောင်ဟာ အသက်အစိတ်ရှိပြီ။ ဒီလို ဖိုခနဲ ဖိုခနဲဖြစ်နေတဲ့ အရသာမျိုးကို အရင်တုန်းက တစ်ခါမှ မခံစားခဲ့ရဖူးဘူး။ မခင်မေရဲ့ နှောင်ကြိုးသုံးခုနဲ့ သူ့ အသည်းကို အချည်နှောင်ခံရတဲ့နေ့တွေကမှစပြီး ခံစားဖူးတယ်။ အဲဒီတော့ ဒီလို ရင်ထဲမှာ ဖိုခနဲ ဖိုခနဲ ဖြစ်နေတာတွေကို အရသာခံရင်း ဒီအချစ်အရသာဟာ တယ်ထူးတဲ့ အရသာပါလားလို့ သူ့ဟာသူ အဆုံးအဖြတ်ပေးလိုက်ပါတယ်။

ကာမတဏှာဆိုတဲ့ အပိတ်အပင်၊ အတားအဆီး၊ အနှောင်အဖွဲ့တွေက ဖုံးလွှမ်းထားတဲ့အတွက် ချစ်မိလို့ စိတ်တွေဟာ ရေးကထက် ပိုပြီး ပင်ပန်းလာရပြီဆိုတာကိုရော ကိုယ်တွေ ပိုပြီး ပင်ပန်းလာရပြီဆိုတာကိုရော အချစ်အောင်မြင်သွားတဲ့အခါ အိမ်ထောင်အတွက် သားတွေ သမီးတွေအတွက် စိတ်တွေ ကိုယ်တွေဟာ ဒါ့ထက် အဆပေါင်းအများကြီး တိုးပြီး ပင်ပန်းရဦးမယ် ဆိုတာကိုရော ဒီမယား၊ ဒီသား၊ ဒီသမီး၊ ဒီစည်းစိမ်ဥစ္စာပစ္စည်းဆိုတဲ့ အတွယ်အတာတွေကြောင့် အဖန်ဖန်အိုရတဲ့ဘေး၊ အဖန်ဖန်နာရတဲ့ဘေး၊ အဖန်ဖန် သေရတဲ့ ဘေးတွေက လွတ်မြောက်အောင် ရှင်တော်မြတ်ဘုရားဟာ လေးဆယ့်ငါးဝါပတ်လုံး မနေမနား တည်ဆောက်ထားပစ်ခဲ့တဲ့ လွတ်မြောက်ရေး လမ်းမကြီးက သူဟာဖြင့် တဖြည်းဖြည်း ဝေးသထက် ဝေးရတော့မယ်ဆိုတာကိုရော ကိုသိန်းမောင် မမြင်နိုင်ရှာတော့ဘူး။

မော်တော်ဘုတ် သော်ကဘက်ကို ဆိုက်ဆိုက်ချင်း ကိုသိန်းမောင်ဟာ စက်စာရေးကြီး ကိုပြန့်တို့အိမ်ကို တန်းပြီး သွားပါတယ်။ စာရေးကြီးကတော် မလေးကိုခေါ်ပြီး 'ရှောက်သီးတစ်လုံးကို အခွံပါ နူးနေအောင် ကျို၊ နူးပြီဆိုရင် အစေ့တွေကို ထုတ်ပစ်၊ ပြီးတော့မှ ဆားခါးက ကြွေဖွန်းနဲ့ ကိုးဖွန်းထည့်၊ သကြားကတော့ အခါးအရသာ အတော်ကြီးမြုပ်သွားပြီး အချိုအရသာပေါ်လာတဲ့အထိ ကြည့်ထည့်၊ ဆေးကို မာလကာသား



ယောက်မနဲ့ မွှေရမယ်။ ယောက်မလုပ်ဖို့ သော်ကရွာထဲက အိမ်တစ်အိမ်မှာ မာလကာကိုင်းတစ်ကိုင်းဝယ်၊ ပိုင်ရှင်က အလကားပေးလဲ မယူခဲ့နဲ့၊ ဆားခါးနဲ့ သကြားထည့်ပြီးရင် သူ့ကို လာခေါ်လှည့်၊ သူခဏ လာကြည့်မယ်'လို့ ကိုသိန်းမောင်ဟာ စာရေးကြီးကတော် မလေးကို အသေးစိတ်အထိ သေသေချာချာ မှာနေပါတယ်။ 'ကျန်တဲ့ သကြားအားလုံးထဲကို ယူလာတဲ့ ဂျင်းတွေ ပါးပါး ပါးပါးလှီးထည့်၊ အဲဒါကို ကျို၊ ဆူပွက်လာပြီဆိုတော့ ရှောက်သီးကိုးလုံးစလုံး အရည်ညှစ်ထည့်၊ ဘယ်ဆေးကို ဘယ်ဇန်ဘူးထဲမှာ ထည့်ရမယ်'ဆိုတာအထိ ကိုသိန်းမောင်ဟာ အသေးစိတ်မှာပါတယ်။

ဒီနောက် ပိတောက်ရွက်၊ အုန်းရွက်၊ သံပရာရွက်၊ ကြောင်လျှာရွက်၊ ခရမ်းရွက်၊ အုန်းရွက်တွေ နည်းနည်းစီလောက် သော်ကရွာထဲမှာ အရှာခိုင်းပြီး ကျပ်ထုပ်အိုးထဲ ထည့်ထားဖို့ မှာပါတယ်။ ဒီနောက် 'ညနေတိုင်း ကျွဲနို့စစ်စစ် တစ်ပုလင်းလိုချင်တယ်၊ ဆယ့်ငါးရက်တစ်ကြိမ် ငွေရှင်းမယ်'လို့ မှာပါတယ်။ အဲဒီလိုမှာပြီးတော့မှ လက်အောက်ငယ်သားတွေ အပေါ်မှာပဲဖြစ်ဖြစ်၊ သူဌေးအပေါ်မှာပဲဖြစ်ဖြစ် တန်းတူလူတွေအပေါ်မှာပဲဖြစ်ဖြစ် ဘယ်သူ့အပေါ်မှာမှ တင်စီးချင်တဲ့စိတ် မရှိတဲ့ ကိုသိန်းမောင်ဟာ ထင်းခ ကျိုခအတွက် စာရေးကြီးကတော် မလေးကို ငွေတစ်ဆယ် ထုတ်ပေးပါတယ်။ 'ဒီဆေးတွေအားလုံး ညနေ လေးနာရီထက် နောက်မကျဘဲ ဆက်ဆက်လိုချင်တယ်'လို့ အကြိမ်ကြိမ်မှာပြီး ကိုသိန်းမောင်ဟာ သူ့ရုံးခန်းကို ထွက်သွားပါတယ်။

ရုံးခန်းရောက်ရောက်ချင်း စားပွဲခုံအံဆွဲထဲက ကြည့်မှန်ကလေးကို ထုတ်ပြီး သူ့မျက်နှာကို သေသေချာချာ ကြည့်နေတယ်။ ဒီလိုကြည့်နေတာက တခြားကြောင့် မဟုတ်ဘူး။ ကိုသိန်းမောင်ဟာ မခင်မေနဲ့တွေ့တဲ့အခါ မခင်မေကို ဂရုမစိုက်သလိုလဲ ဖြစ်ရမယ်၊ ဒါပေမယ့် သပ်ပြီး တင်းတဲ့ မျက်နှာထားလဲ မဟုတ်ရဘူး။ အဲဒီ မျက်နှာမျိုးကို သူလိုချင်တာကြောင့် မှန်ကိုကြည့်ပြီး မျက်နှာ ထားနေတာဖြစ်ပါတယ်။ ရုံးခန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ကတည်းက ကိုသိန်းမောင်ဟာ အလုပ်လုပ်ရင်း မှန်ကို ခဏခဏ ထုတ်ကြည့်နေတယ်။

တစ်ချိန်မှာ မှန်ကိုကြည့်ပြီး မျက်နှာထားကျင့်နေတုန်း စာရေးမကလေး မခင်ဆုံဟာ လက်မှတ်ထိုးဖို့ စာရွက်တွေယူပြီး အခန်းထဲဝင်လာတာနဲ့ သွားတိုးပါတယ်။ ကိုသိန်းမောင်လဲ ရှက်ရမ်း ရမ်းပြီး 'ဘာလဲ ဒီကောင်မကလေးတွေဟာ ဣန္ဒြေရရနေတာလဲမဟုတ်ဘူး၊ နင်တို့ကြည့်ရတာ'ဆိုပြီး ဘာဆက်ရမှန်းမသိတာနဲ့ 'စာရွက်တွေယူခဲ့'လို့ ပြောပြီး အဆုံးသတ်လိုက်ပါတယ်။ စာရေးမကလေး မခင်ဆုံဟာ အခန်းထဲကို ခါတိုင်းနေ့တွေ ဝင်သလို ဝင်လာတာပဲ၊ ဘာမှ ထူးခြားခြင်း မရှိပါဘူး။ ဒါပေမယ့် ဒီနေ့မှ ထူးထူးခြားခြား အငေါက်ခံရတဲ့အတွက် အံ့အားသင့်နေပါတယ်။ ကိုသိန်းမောင် လက်မှတ်ထိုးပြီးလို့ စာရေးမကလေး ပြန်ထွက်သွားခါနီးမှာ ကိုသိန်းမောင်ဟာ မခင်ဆုံကို အော်ငေါက်မိတဲ့ သူ့အမှားကို ပြန်ပြင်တဲ့အနေနဲ့ရော၊ သူမှန်ကြည့်နေတာဟာ သွားကြောင့် ကြည့်နေတာလို့ စာရေးမကလေး အထင်ရောက်သွားစေချင်တဲ့အနေနဲ့ရော 'မခင်ဆုံရေ၊ ငါ့သွားတွေ အခု တစ်ရက်နှစ်ရက်အတွင်း ဘယ်လိုဖြစ်တယ် မဆိုနိုင်ဘူး၊ ဘတုတ်ကို တွေးခံတစ်လုံးယူခဲ့ဖို့ ပြောလိုက်စမ်းကွယ်'လို့ မှာပါတယ်။ စာရေးမကလေးက 'သွား ဘယ်လိုဖြစ်တာလဲ အစ်ကိုကြီး'လို့ မေးတဲ့အခါ ဘာမှမဖြစ်တဲ့အတွက် အဖြေရခက်ပြီး ကိုသိန်းမောင်ဟာ 'မသိဘူး' လို့ ပြန်ဖြေလိုက်ပါတယ်။ စာရေးမကလေး ထွက်သွားတော့မှ ကိုသိန်းမောင်ဟာ သူ့ဟာသူ အူတက်အောင် တစ်ယောက်တည်းရယ်နေပါတယ်။ စာရေးမကလေး မခင်ဆုံလဲ သူ့နေရာပြန်ရောက်တဲ့အခါ အနားက စာရေးမကလေးတွေကို 'ဒီနေ့သတိနဲ့နေကြဟေ့၊ မန်နေဂျာ သွားကိုက်ပြီး သူ့ရုံးခန်းထဲမှာ မှန်တစ်ချပ်နဲ့ ပါးစပ်ကြီး ဖြဲလိုက် စေ့လိုက်လုပ်နေတယ်၊ စိတ်တိုတိုနဲ့ ငါ့ကိုတောင် အရမ်းဖမ်းငေါက်လိုက်သေးတယ်'လို့ပြောပါတယ်။

ညနေလေးနာရီထိုးတဲ့အခါ ကျွဲနို့ပုလင်း၊ ဆေးဘူးတွေနဲ့ ကျပ်ထုပ်အိုးကိုယူပြီး ကိုသိန်းမောင် ရုံးဆင်းသွားပါတယ်။ မနေ့ညက မခင်မေတို့



အိမ်ကို ဝင်တဲ့အခါ မှောင်နေလို့ ကိစ္စမရှိဘူး။ ညနေ လေးနာရီခွဲလောက်ဆိုတော့ သိန်းမောင် မခင်မေတို့အိမ်ကိုလာတာ အိမ်နီးနားချင်းတွေ မြင်ရာပဲ၊ မြင်ရင် ဒီကောင် နောက်ပိုးရအောင်လာတာလို့ ထင်ကြမှာပဲ ဆိုပြီး သူ့စိတ်က သူ့ကိုခြောက်တဲ့အတွက် မော်တော်ပေါ်မှာ အိမ်ကိုဝင်ဖို့ကိစ္စ အားမိတိုင်း ကြောင်တက်တက် ဖြစ်နေပါတယ်။ မော်တော် ဝါးခယ်မဆိပ်ကမ်းကို ကပ်တဲ့အခါ ဟယ် အိမ်နီးနားချင်းတွေ ငါ့ကို ပြောနိုင်လှအစ်ရက်ပေါ့ကွယ်၊ ငါ ဂရုမစိုက်ဘူးလို့ စိတ်ကို တင်းပြီး ကျွဲနို့ပုလင်း၊ ဆေးဘူးတွေ၊ အိုးတွေ သယ်တဲ့ တပည့်ကလေးနဲ့ မခင်မေတို့ အိမ်ကို ဝင်သွားပါတယ်။

ကိုသိန်းမောင် အိမ်ထဲကို ဝင်လာတာနဲ့ အမေကြီး ဒေါ်လှမေက ဝမ်းသာအားရ ဆီးပြီး 'ဆရာရယ်၊ သိပ်ဝမ်းသာစရာပဲ၊ ဒီခြေထောက်နာဟာ အိုးနှစ်ကျော်သွားပြီ၊ ညက တစ်ညပဲ အကိုက်သက်သာဖူးပါတယ်'လို့ ပြောတယ်။ 'ကြီးကြီး ညက ထုံးနှစ်ခွင်း လူးသေးသလား'လို့ မေးတယ်။ 'လူးပါတယ်ဆရာ'လို့ ဖြေတယ်။ ဘယ်သူမှ အနားမှာ မရှိတဲ့အခါ အခွင့်ကောင်းပဲဆိုပြီး မောင်သိန်းမောင်က ဒီလို ချွဲပါတယ်။ 'ကြီးကြီးရယ်၊ ကျွန်တော့်မှာ အဖေရော အမေရော မရှိပါဘူး၊ ဦးလေးဖိုးအေးနဲ့ အတူနေတာ့် ကြီးကြီးကိုလဲ ကျွန်တော့်အမေအရင်းလို မြင်မြင်ချင်း ကျွန်တော် ချစ်ပါတယ်၊ အဲဒီတော့ ကျွန်တော်ဟာ အမေအရင်းကို ပြုစုသလို ပြုစုပါရစေ၊ ကျွန်တော့်ကို ဆရာလို့ မခေါ်ပါနဲ့ ကြီးကြီးရယ်၊ ကျွန်တော့်ကို မောင်သိန်းလို့ ခေါ်ပါ'လို့ ပြောပါတယ်။ မောင်သိန်းမောင်ကို ခေါ်တာထက် မောင်သိန်းလို့ ခေါ်တာက ပိုပြီး ရင်းနှီးရာရောက်တယ်လို့ယူဆပြီး သိန်းမောင်ဟာ သူ့အကြံနဲ့သူ မောင်ဆိုတဲ့ စကားတစ်လုံးကို သူ့နာမည်က ဖြုတ်ပစ်လိုက်တာ ဖြစ်တယ်။ အမေကြီးကလဲ ဒီစကားကို ကြားရတာ ဝမ်းသာတယ်။

ဒီနောက် 'ရှောက်ရည်၊ သကြားနဲ့ ချင်းကျိုထားတဲ့ အရည်ကို ထမင်းအစာစားစား စားပြီးတိုင်း အနည်းဆုံး ကြွေဇွန်းနဲ့ တစ်ဇွန်းသောက်

www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ ဆားခါးနဲ့ ကျိုထားတဲ့ ရှောက်သီးဆေးကိုတော့ ညတိုင်း အိပ်ရာဝင်ခါနီးမှာ ကြွေဇွန်းနဲ့ တစ်ဇွန်းစားပါ၊ ဓာတ်ချုပ်နေသေးရင် တိုးစားပါ၊ ဓာတ်များများသွားရင် လျှော့စားပါ၊ ညအိပ်ရာဝင်ခါနီး တစ်နာရီထက်မနည်း ကန်ဇွန်းရွက် ဟင်းနုနယ်ရွက်ရောထားတဲ့ ရေအေးမှာ ခြေထောက်စိမ်ပါ၊ အဲဒီလို စိမ်ပြီးရင် ကျပ်ထုပ်အိုးထဲမှာ ပါလာတဲ့ အရွက်တွေနဲ့ ဆားနဲ့ထောင်း၊ ကျပ်ထုပ်ကလေးတွေလုပ်ပြီး ခပ်ပူပူကလေး ထိုးပေးပါ၊ ပြီးတော့မှ ထုံးနနွင်းလူးပါ၊ စလောင်းဖုံးထဲ မီးခဲကလေးတွေ ထည့်ပြီး ဟောဒီ အစကလေးတွေကို မီးခဲတွေပေါ်မှာ ချပေးပါ၊ အဲဒီက ထွက်လာတဲ့ အနံ့ကို ရှူပါ'လို့ ပြောပြီး သော်က လွယ်စင်ကယူလာတဲ့ ကျွန်းသားနဲ့ ပျဉ်းကတိုးသား ပါးပါးပါးပါး လှီးထားတဲ့ အစကလေးတွေ ထုပ်ထားတဲ့ အထုပ်ကို အမေကြီးပြပါတယ်။ ပြီးတော့ 'ကြေးစည်ကိုလဲ နားဝမှာ ခပ်သာသာကလေး တီးပေးပါစေ၊ ကြေးစည်သံကို ခဏခဏ နားထောင်ပါ'လို့ လူးစရာ၊ လိမ်းစရာ၊ စားစရာ၊ ရှူစရာ၊ နားထောင်စရာတွေကို အသင့်ရေးထားတဲ့ စာရွက်နဲ့ ဓာတ်စာ စာရွက်တွေကို အမေကြီး လက်ထဲထည့်ပါတယ်။

ဒီနောက် 'နို့ဆီကိုဖြတ်လိုက်ပြီး ကော်ဖီကို ကျွဲနို့နဲ့ သောက်ပါ'လို့ ပြောရင်း ကျွဲနို့ပုလင်းကို အမေကြီး ခြေထောက်နားမှာ ချပါတယ်။ ယူလာတဲ့ပစ္စည်းတွေ အားလုံးကို အမေကြီးနားမှာ တိုးထားပြီး သိန်းမောင်ဟာ အမေကြီးကို ကြင်နာတဲ့မျက်နှာနဲ့ ကြည့်ရင်း 'ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရားသခင်တို့နှင့်တကွ ထိုရှင်တော်မြတ်စွာဘုရားများရဲ့ တရားတော်များ၊ တပည့်သံဃာတော်များ၊ အမိအဖဆရာသမားများ၊ သမာဒေဝနတ်ကောင်းနတ်မြတ်များရဲ့ ကျေးဇူးတော်ဂုဏ်တော် တန်ခိုးတေဇော် အာနုဘော်တို့ကြောင့်လည်းကောင်း၊ ကျွန်တော်ပြုခဲ့သမျှသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်လည်းကောင်း၊ ကြီးကြီးရဲ့ ခြေနာရောဂါသည် ပိန်းကြာဖက်ပေါ်တွင် ရေမတင်နိုင်ဘိသကဲ့သို့ လျင်မြန်လျှောကျပျောက်ကင်းပါစေသတည်း'လို့ မေတ္တာပို့ပြီး ပြန်ဖို့ ခွင့်တောင်းပါတယ်။



တဖြည်းဖြည်း သိန်းမောင်ရဲ့ ထောင်ချောက်ထဲကို ဝင်မှန်းမသိခင်နေတဲ့ အမေကြီး ဒေါ်လှမေဟာ ဝမ်းသာလုံးတွေဆို့ပြီး မျက်နှာတစ်ခုလုံး ရွှင်ပြုံးနေတာပဲ။ အဲဒီလို ရွှင်ပြုံးပြီး 'မောင်သိန်းရေ၊ ညကို လာဦးမလားကွယ်'လို့ အမေကြီး ဒေါ်လှမေက မေးပါတယ်။ သိန်းမောင်လဲ ညာချင်လိုက်တာမှ အူထဲ အသည်းထဲကကို ယားကျိယားကျိ ဖြစ်နေတယ်။ ဒါပေမယ့် သူ့သေနင်္ဂဗျူဟာအရ အောင့်နိုင်လေ အကျိုးရှိလေလို့ တွက်ပြီး 'မလာတော့ဘူး ကြီးကြီး၊ အရေးရှိရင် ဦးလေးဖိုးအေးကို အခေါ်လွှတ်လိုက်ပါ'လို့ မှာပြီး မခင်မေရဲ့ ထမင်းဆိုင်ကို ညစာ စားရအောင် သွားပါတယ်။

အရင်နေ့တွေက သိန်းမောင်ဟာ ဆိုင်ကို လာပေမယ့် လူအများကြီးထဲမှာဆိုတော့ ဘယ်သူဘယ်ဝါရယ်လို့ မမှတ်မိဘူး။ ဒါပေမယ့် ညက တွေ့ပြီးတဲ့နောက် မျက်မှန်းတန်းနေတဲ့အတွက် မခင်မေဟာ သိန်းမောင်ကို မှတ်မိပါတယ်။ သိန်းမောင်လဲ ဆိုင်ထဲဝင်လာတဲ့အခါ ဘယ်သူ့ကိုမှ မကြည့်ဘူး။ သူထိုင်နေကျစားပွဲမှာ ထိုင်တယ်။ ထမင်းစားလို့ တအောင့်လောက်ကြာတဲ့အခါ မခင်မေကိုယ်တိုင် တရိုတသေ ချဉ်ရေဟင်း နောက်ထပ်ထည့်ပေးဖို့ သိန်းမောင်အနားလာပါတယ်။ မခင်မေက ဟင်းထည့်မလို့ လုပ်တဲ့အခါ သိန်းမောင်ဟာ မခင်မေကို မော့မကြည့်ဘဲ သူ့ဟင်းခွက်ကို လက်နဲ့အုပ်ထားပြီး ခပ်တိုတိုပဲ 'တော်ပြီ'လို့ ပြောလိုက်တယ်။ မခင်မေဟာ ဟင်းလဲထည့်ပေးရင်း ကျေးဇူးတင်စကားလဲ ပြောရင်း သိန်းမောင်အနားကို လာတာဖြစ်တဲ့အတွက် သိန်းမောင်က ဟင်းတော်ပြီဆိုတဲ့အခါ ထွက်မသွားဘဲ သိန်းမောင်အနားမှာရပ်ပြီး 'ကျေးဇူးတင်ပါတယ် ဆရာရယ်၊ မေမေ့ရောဂါဟာ တစ်ညတည်းကုရသေးတယ် အတော် သက်သာသွားပါတယ်'လို့ မခင်မေက ပြောတယ်။ သိန်းမောင်က 'ကျွန်တော် သိပြီးပါပြီ၊ အခုပဲ ကြီးကြီးဆီက ပြန်လာတယ်'လို့ ထမင်း ဆက်စားရင်း ပြောပါတယ်။ ဆရာ နောက် မေမေ့ကိုကြည့်ရအောင် လာဦးမလားလို့ မခင်မေက ဆက်မေးပါတယ်။ သိန်းမောင်ဟာ မခင်မေရဲ့ အမေးကို မဖြေသေးဘဲ ထမင်းပန်းကန်ပြားကို စိုက်ကြည့်ရင်း 'မခင်မေ၊ ကျွန်တော်ဟာ ဆရာ မဟုတ်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရဲ့ဂိုဏ်းက ဆရာမဟုတ်သေးဘဲ ဆရာလို့ အခေါ်ခံရရင် ကိုယ်မကုနိုင်ဘဲ ကုနိုင်တယ်လို့ လိမ်ရင်၊ ဝေဒနာသည်ဆီက ပိုက်ဆံတောင်းရင် အထက်ဆရာတွေရဲ့ ပြစ်ဒဏ်ခံရတယ်၊ နောက်ပြီး ဆေးကုတဲ့နေရာမှာလဲ ဆေးမလိုက်တတ်ဘူး၊ ကျွန်တော် အခု ကြီးကြီးကို ကုနေတာ ဆေးအစွမ်းနဲ့ချည်းပဲ မဟုတ်ပါဘူး၊ သီလတန်ခိုးလဲပါတယ်၊ အဲဒီတော့ ကျွန်တော်ဆရာ မဟုတ်သေးတဲ့အခါ ကျွန်တော့်ကို ဆရာလို့ မခေါ်ပါနဲ့ မခင်မေ၊ ကျွန်တော့်အမည် မောင်သိန်းတဲ့၊ နောက်ကို မောင်သိန်းလို့ပဲ ခေါ်ပါ'လို့ ပြောပြီး ထမင်းဆက်စားနေပါတယ်။

အဲဒီလို ထမင်းစားရင်း သူ့မျက်နှာထား သိပ်ပြီးများ တင်းနေသလားလို့ တွေးမိပါတယ်။ အဲဒီလို တွေးမိတာနဲ့ နေ့ခင်းတုန်းက ရုံးခန်းထဲမှာ မခင်ဆုံနဲ့ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကို ပြေးပြီး သတိရပါတယ်။ အဲဒီလို သတိရလာတာနဲ့ သိပ်ပြီး ရယ်ချင်လာတယ်။ ချောင်းဆိုးလိုက်၊ အံကြိတ်လိုက်နဲ့ အတော်ကြီး တင်းထားရပါတယ်။ မခင်မေဟာ သိန်းမောင်ကို ဆရာလို့ မခေါ်ဘူး။ ဒါပေမယ့် နာမည်ကိုခေါ်ရမှာ နည်းနည်းစိမ်းနေသေးတာနဲ့ နာမည်ကိုလဲ မခေါ်ဘူး။ နာမည်မပါဘဲ စကားပြောတယ်။ သိန်းမောင်က ငုံ့ပြီး ထမင်းစားနေတဲ့အခါ မခင်မေက 'မနေ့ကပြောတဲ့ ဓာတ်စာ စာရွက်တွေရပြီလား'လို့ မေးတယ်။ 'ကြီးကြီးကို ပေးပြီးပြီ မခင်မေ'လို့ သိန်းမောင်က ပြန်ပြောတယ်။

သူ့ကိုလဲ နာမည်ခေါ်အောင် သိန်းမောင်ဟာ စကားပြောတဲ့အခါ မခင်မေရဲ့ နာမည်ကို ခဏခဏ ခေါ်ပါတယ်။ မခင်မေက သူ့နာမည်ကို ခေါ်ရင် မောင်သိန်းလို့တော့ ခေါ်မှာမဟုတ်ဘူး။ ကိုသိန်းလို့ ခေါ်မှာပဲ။ အဲဒါကို သူလိုချင်တယ်။ နှစ်ယောက်စလုံး ခဏကလေး ငြိမ်ပြီးတဲ့နောက် 'မခင်မေတို့အိမ်မှာ ကြေးစည်ရှိသလား'လို့ သိန်းမောင်က မေးပါတယ်။ မခင်မေ 'ရှိပါတယ်'လို့ ဖြေပါတယ်။ အဲဒီလိုဖြေပြီး 'ဒီ ကြေးစည်က ဘာလုပ်ဖို့လဲ'လို့ မခင်မေက မေးပါတယ်။ 'ကြေးစည်သံကို ကြီးကြီး ခဏခဏ နားထောင်ရမယ်၊ သိပ်ကောင်းတယ်၊ မခင်မေ ကျွန်တော့်ပညာကို



အထင်မသေးပါနဲ့၊ မကြာခင် မခင်မေတို့ မြင်ရပါလိမ့် မယ်'ဆိုပြီး မခင်မေကို မကြည့်ဘဲ ထသွားတယ်။ မခင်မေ မေးထားတဲ့ မေးခွန်းကို သိန်းမောင် မဖြေသေးဘူး။ အဲဒါကို မခင်မေ သတိရတယ်။ အဲဒီတော့ သိန်းမောင်ကို နောက်ကနေပြီး ဆရာလို့ ခေါ်ပြန်ရင်လဲ သိန်း မောင်က မကြိုက်။ 'ဒီမှာ ဒီမှာ'လို့ ခေါ်ရမှာကလဲ သိပ်ပြီး ရိုင်းတဲ့အတွက် မတတ်နိုင်တော့ဘူး။ မခင်မေဟာ 'ကိုသိန်း'လို့ လှမ်းခေါ်လိုက်ပါတယ်။ အဲဒီအခါ သိန်းမောင်ဟာ နောက်ပြန်လှည့်လာပြီး မခင်မေအနားမှာ ရပ်ပါတယ်။

အဲဒီလိုရပ်ပြီး မျက်နှာထားကတော့ ခပ်တည်တည်ပဲ။ ဒါပေမယ့် ဝမ်းထဲကတော့ ငါဟန်လုပ်ခဲ့ရတာကြာပြီ။ အခု စားရက်ကြုံလို့ မုတ်ဆိတ် ပွားလာစွဲတဲ့အခါ အားရပါးရ ကြည့်လိုက်ဦးမှပဲဆိုတဲ့ စိတ်နဲ့ မခင်မေကို စိုက်ကြည့်နေပါတယ်။ အဲဒီအခါ မခင်မေက 'မေမေ့ကြည့်ရအောင် ညလာဦးမလား'လို့ မေးပါတယ်။ ဝမ်းထဲက လာချင်တာမှ ကလိကလိ ဖြစ်နေပေမယ့် အောင့်နိုင်လေ အကျိုးရှိလေလို့ တွက်ပြီး 'ညမလာသေးဘူး၊ ပြောစရာရှိတာတွေ အကုန်ပြောပြီးပြီ၊ အရေးကြီးရင်တော့ ဦးလေးကို အခေါ်လွှတ်လိုက်'လို့ ပြောပါတယ်။ မခင်မေလဲ စကားဆက်မပြောတာနဲ့ 'မခင်မေ ဒါပဲလား'လို့ မေးပြီး မခင်မေက 'ဟုတ်ကဲ့'လို့ ဖြေပြီးတဲ့အခါ ကိုသိန်းမောင်ဟာ ပြန်ထွက်သွားပါတယ်။

လေးငါးလှမ်းလောက် ဆိုင်အပြင်ဘက်ကိုထွက်ပြီး ဆိုင်ထဲ ပြန်လှည့်လာပါတယ်။ ဒါပေမယ့် ဆိုင်ထဲကို မဝင်ဘူး။ အဝကနေပြီး 'မခင်မေ'လို့ ခေါ်လိုက်ပါတယ်။ မခင်မေဟာ ဆိုင်ဝကို ထွက်သွားရပါတယ်။ မခင်မေ အနားကို ရောက်တဲ့အခါ 'မခင်မေ ကြီးကြီးကို ကျွန်တော် တစ်ခုပြောဖို့ မေ့သွားတယ်၊ ပုတီးစိပ်တဲ့အခါ စိပ်နေကြ ဂုဏ်တော်ကိုးပါးအပြင် [illegible]မေ သရဏံ အညံနတ္ထိ၊ ဓမ္မောမေသရဏံ အညံနတ္ထိ၊ သံ[illegible]မေ သရဏံ အညံနတ္ထိကို ပုတီးတစ်ပတ်၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိကို ပုတီးတစ်ပတ်၊ အနန္တော [illegible] ငါးပါးကို

www.burmeseclassic.com

www.burmeseclassic.com



ပုတီးတစ်ပတ်ပိုစိပ်ဖို့ သတိပေးလိုက်ပါ’လို့ ပြောပြီး ပြန်လှည့်ထွက်သွားတယ်။ မခင်မေကလဲ ‘ဟုတ်ကဲ့ သတိပေးလိုက်ပါ့မယ်’လို့ ဖြေလိုက်ပါတယ်။ ဆိုင်ကနေ အိမ်ကို ပြန်သွားတာ ဘယ်လိုလုပ်ပြီး ရောက်သွားမှန်း မသိလိုက်ဘူး။ သိန်းမောင် ဘယ်လောက် ဝမ်းအသာကြီး သာတယ်ဆိုတာ စဉ်းစားသာ ကြည့်ပေတော့။ ။

၈

## နေလဝိဇ္ဇာ ဆေးပညာ

ညကိုးနာရီသာသာလောက် ရှိတော့ တွေ့နေကျ မိုးသီးလက်ဖက်ရည်ဆိုင်မှာ သိန်းမောင်ဟာ ဦးလေးဖိုးအေးကို တွေ့ပါတယ်။ ဦးလေးဖိုးအေးလဲ သူ့အစ်မကြီးရဲ့ ဝေဒနာသက်သာတာနဲ့ အင်မတန့် ဝမ်းသာနေတယ်။ လက်ဖက်ရည်သောက်ပြီး အိမ်လိုက်ဖို့ခေါ်တဲ့အခါ ‘ကနေ့တစ်ည သည်းခံပါ၊ အိမ်မှာ အလုပ်ကလေး နည်းနည်းပါလာတယ်’ဆိုပြီး သိန်းမောင် အိမ်ပြန်သွားပါတယ်။

နောက်တစ်နေ့မှာ သိန်းမောင်ဟာ တပည့်တစ်ယောက်နဲ့ အမေကြီးဆီကို ကွဲနို့ပို့လိုက်ပါတယ်။ သူကိုယ်တိုင် မသွားဘူး။ အဲဒီနေ့ညနေ မခင်မေတို့ဆိုင်မှာ ထမင်းစားတဲ့အခါ မခင်မေ ဒီည မေမေ့ကြည့်ရအောင် လာဦးမလားလို့ သိန်းမောင်ကို မေးချင်ပါတယ်။ ဒါပေမယ့် မမေးရဲဘူး။ ကိုသိန်းလို့ ခေါ်ရမှာလဲ သိပ်ပြီး လျှာမရဲသေးဘူး။ အဲဒါကြောင့် သိန်းမောင် အနားကို မသွားဘူး၊ သိန်းမောင်ဟာ မနေ့ကလို ခေါ်လိမ့်မယ်၊ ခေါ်မှပဲ အနားကို သွားတော့မယ်လို့ စိတ်ကူးပြီး သိန်းမောင်ရဲ့အခေါ်ကို ဆောင့်နေပါတယ်။ သိန်းမောင်ဟာ ထမင်းစားပြီး ဘယ်သူ့ကိုမှ မကြည့်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတယ်။ စကား မပြောလိုက်ရတာ မခင်မေ စိတ်မကောင်းဘူး။ ငါ့အမေအတွက် ဒီလောက်ဂရုစိုက်တဲ့လူဟာ ငါ့ဆိုင်ကိုလာတာ ငါ နှုတ်တောင် မဆက်လိုက်ဘူး။ ရိုင်းရာများ ကျမလားဆိုပြီး သူ့ကိုယ်သူ အပြစ်တင်ပါတယ်။

သိန်းမောင်ဟာ ဦးလေးဖိုးအေးနဲ့ တွေ့ဖို့တော့ ဝတ်မပျက်ဘူး။ တွေ့တယ်။ အမေကြီး ဝေဒနာထူးထူးခြားခြားကြီး သက်သာတယ်ဆိုတာကို ဦးလေးဖိုးအေးဆီက သိရတယ်။ ဒါပေမယ့် အဲဒီညမှာလဲ ဦးလေးဖိုးအေးနဲ့ မခင်မေအိမ်ကို လိုက်မသွားသေးဘူး။ သူမှာခဲ့တာတွေကို မပျက်မကွက် ဆက်ဆက်လုပ်ဖို့ ဦးလေးဖိုးအေးကို တတွတ်တွတ်နဲ့ မှာတယ်။ ဒီနောက် အိမ်မှာ အလုပ်ကလေးတွေပါတယ်ဆိုပြီး ပြန်သွားတယ်။

နောက်တစ်နေ့လဲ ကျွဲနို့ကို တပည့်ကလေး တစ်ယောက်နဲ့ အပို့လွှတ်လိုက်တယ်။ သိန်းမောင် မသွားဘူး။ အဲဒီနေ့ မခင်မေရဲ့ဆိုင်မှာ ထမင်းစားတဲ့အခါ မခင်မေဟာ သိန်းမောင် အနားကို လာပါတယ်။ သိန်းမောင်ကတော့ ဘယ်မှမကြည့်ဘဲ ထမင်းစားမြဲတိုင်း စားနေပါတယ်။ အဲဒီအခါ မခင်မေက 'ကိုသိန်း'လို့ ခေါ်လိုက်ပါတယ်။ သိန်းမောင်က ဒီတော့မှ မခင်မေကို မော့ကြည့်တယ်။ အဲဒီအခါ မခင်မေက 'မေမေ့ရောဂါဟာ ထူးထူးခြားခြား သက်သာသွားပါပြီ၊ မေမေလဲ သိပ်ပြီး ဝမ်းသာနေပါတယ်'လို့ ပြောတယ်။ သိန်းမောင်က သူ့ထမင်းပွဲကိုကြည့်ရင်း 'ကျွန်တော်လဲ ဝမ်းသာပါတယ်'လို့ ပြန်ဖြေတယ်။ မခင်မေကဆက်ပြီး 'မေမေက ကိုသိန်းကို မနေ့ကတည်းက မျှော်နေပါတယ်'လို့ ရေလာမြောင်းပေးစကား ပြောပေမယ့် သိန်းမောင်က မသိချင်ယောင်ဆောင်ပြီး 'ကြီးကြီး သက်သတ်လွှတ်နဲ့ ထမင်းစားနိုင်ရဲ့လား၊ ကျွန်တော်ပြောတဲ့ ဓာတ်စာအတိုင်း ကျွေးရဲ့လား'လို့ မေးတယ်။ 'ကျွေးပါတယ်'လို့ ဖြေတယ်။ သိန်းမောင်လဲ စကားဆက်မပြောဘူး။ ထမင်းကိုသာ ဆက်ပြီး စားနေတယ်။ မခင်မေလဲ ရပ်နေရတာ အတော်ကလေးကြာတော့ 'ကိုသိန်းရဲ့ ဆေးအကြောင်းကို မေးချင်လို့၊ ရှေ့နေဦးလှမောင်တို့တောင် မနေ့က



အိမ်မှာ ကိုသိန်းကို မျှော်နေကြသေးတယ်'လို့ ပြောပါတယ်။ သိန်းမောင်ကလဲ ဘာမှမပြောဘူး။ ထမင်းစားမြဲ ဆက်စားနေပါတယ်။

အဲဒီအခါ မခင်မေက ဒီလူကို ဒီလိုသွယ်ဝိုက်ပြီးပြောလို့ အလကားပဲ။ ဆိုက်ရိုက်မေးမှ ဖြစ်မယ်လို့ သဘောပေါက်ပြီး 'ကိုသိန်း ဒီနေ့ည အိမ်ကို မလာတော့ဘူးလား၊ လာနိုင်ရင်လာပါဦးလို့ မေမေက မှာလိုက် ပါတယ်'လို့ ပြောပါတယ်။ သိန်းမောင်က မခင်မေကိုမော့ကြည့်ပြီး 'ကြီးကြီးက တကယ်ပဲ မှာလိုက်သလား မခင်မေ'လို့ မေးတယ်။ 'ကျွန်မ လိမ်မပြောတတ်ပါဘူး၊ အဟုတ် မှာလိုက်ပါတယ်' လို့ ဖြေပါတယ်။ သိန်းမောင်က 'အဲဒီည ဦးလေးဖိုးအေးနဲ့အတူ လာခဲ့မယ်'လို့ ဖြေတယ်။ ဒီနောက် 'မခင်မေတို့အိမ်မှာ ဒန်းဆင်ဖို့ နေရာကောင်းကောင်းကြည့်ထား၊ ကျွန်တော် ဒီနေ့ည ဒန်းယူမယ်၊ ကြီးကြီး ဒန်းစီးရမယ်'လို့ ပြောပြီး ထသွားပါတယ်။

မခင်မေတို့အိမ်မှာ အဲဒီည ဦးလှမောင်တို့ လင်မယားပါ စောင့်နေတယ်။ ဦးလှမောင်ကလဲ ဒေါ်လှမေရဲ့ ဝေဒနာပျောက်ပုံ ထူးဆန်းလွန်းလို့ သိန်းမောင်ကို ဆေးအကြောင်း မေးချင်တယ်။ သိန်းမောင်နဲ့ ဦးလေးဖိုးအေးတို့ဟာ ညကိုးနာရီကျော်ကျော်လောက် ရောက်လာကြတယ်။ တွေ့တွေ့ချင်း အမေကြီးကစပြီး 'မောင်သိန်းရယ်၊ မနေ့က လာမလားလို့ ကြီးကြီးမျှော်နေတယ်'လို့ ဝမ်းသာအားရ နှုတ်ဆက်ပါတယ်။ အဲဒီလို နှုတ်ဆက်ပြီး အမေကြီးကပဲ 'ကြီးကြီးရောဂါလဲ ထူးထူးခြားခြား သက်သာသွားပြီ၊ ဥပုသ်ထွက်ရင် ဆိုင်ကိုတောင် သွားနိုင်လိမ့်မယ်လို့ ကြီးကြီး ထင်တယ်'လို့ ပြောရင်း သူ့ခြေထောက်ကို လှုပ်ပြပါတယ်။ သူ့မေမေက သိန်းမောင်ကို မောင်သိန်းလို့ ခေါ်လိုက်တာ မခင်မေ ကြားတယ်။ အဲဒီတော့ နာမည်ကိုခေါ်တာ ငါတစ်ယောက်တည်း ထူးထူးဆန်းဆန်း ခေါ်တာ မဟုတ်ဘူး။ ငါ့အမေလဲ ခေါ်တာပဲဆိုပြီး ကိုသိန်းလို့ ခေါ်ရမှာ စိတ်နည်းနည်း သွားတယ်။

သိန်းမောင်ဟာ အမေကြီးခြေရင်းနားမှာ ထိုင်တယ်။ ဒီနောက် အမေကြီးခြေထောက်ကို သူ့လက်ဖဝါးနှစ်ခုပေါ်မှာ တင်ထားပြီး ကြင်ကြင်

www.burmeseclassic.com

www.burmeseclassic.com



နာနာ ယုယုယယ အထက်အောက် အပြန်အလှန် ကြည့်နေပါတယ်။ အမေကြီးဟာ တော်တော် ပီတိဖြစ်နေပါတယ်။ ဦးလှမောင်တို့ လင်မယားကလဲ ဒီသူငယ် တယ်တော်တယ်။ မာနမရှိဘူးလို့ စိတ်ထဲက ချီးမွမ်းနေပါတယ်။ အဲဒီလို ကြင်ကြင်နာနာ ယုယုယယကြည့်ပြီးတော့မှ ခြေထောက်ကို ကိုင်ထားရင်း 'ကြီးကြီး ဥပုသ်စောင့်တဲ့အတွက် အားလျော့သလား၊ သက်သတ်လွတ်ကော စားနိုင်ရဲ့လား၊ ရှောက်သီးဆေးကော ည အိပ်ရာဝင်ခါနီးတိုင်း စားရဲ့လား၊ ဓာတ်မှန်မှန် သွားရဲ့လား၊ ရှောက်ဖျော်ရည်ကော မှန်မှန်သောက်ရဲ့လား၊ ရှူဆေးကော မှန်မှန်ရှူရဲ့လား၊ ကြေးစည်သံကော နားထောင်ရဲ့လား၊ ကန်စွန်းရွက်၊ ဟင်းနုနယ်ရွက်တွေနဲ့ ရေစိမ်တာကော တော်တော်ကြာရဲ့လား၊ ကြီးကြီးနဲ့ လေနဲ့ မတည့်ဘူး၊ လေတိုက်မခံရဘူး၊ လေလုံလုံအခန်းထဲမှာ ရေစိမ်၊ ရေစိမ်ပြီးတာနဲ့ ရေကို ခြောက်အောင်သုတ်၊ ခြေထောက်ကို လေအေးနည်းနည်းမှ မထိပါစေနဲ့'ဆိုတဲ့ စကားတွေကို သားက သူချစ်တဲ့ အမေကို ကြင်ကြင်နာနာ ယုယုယယ မေးနေတဲ့ လေသံမျိုးနဲ့ ခြေထောက်ကို ကိုင်ထားရင်း တတွတ်တွတ် မေးလိုက်ပြောလိုက် လုပ်နေပါတယ်။ အမေကြီးကလဲ သူမေးသမျှကို ဖြေပါတယ်။ မှတ်ပါဆိုတာတွေကိုလဲ မှတ်ပါ့မယ်လို့ ကတိပေးပါတယ်။

ဒီနောက် ခြေထောက်ကို အသာချထားပြီး သူယူလာတဲ့ ဒန်းကို ဆင်ရအောင် ထပါတယ်။ မခင်မေပြတဲ့နေရာမှာ ဦးလေးဖိုးအေးနဲ့ သူနဲ့ ဒန်းဆင်ကြတယ်။ ပြီးတဲ့အခါ အမေကြီးကို ဒန်းဆီခေါ်ဖို့ သူကိုယ်တိုင် တွဲပါတယ်။ မခင်မေက တစ်ဖက်က တွဲမယ်လုပ်တဲ့အခါ အမေကြီးနားမကပ်နဲ့ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ သုံးလေးကြိမ် လက်ခါပြပါတယ်။ ပြီးတော့ သူတစ်ယောက်တည်း အမေကြီးကို ဒန်းဆီခေါ်သွားပြီး ဒန်းအစီးခိုင်းပါတယ်။ သူကိုယ်တိုင် လွှဲပေးပါတယ်။ ဦးလှမောင်တို့ လင်မယားကလဲ ဒီသူငယ်ဟာ အတော်ထူးတဲ့ သူငယ်ပဲလို့ ကြည့်ပြီး စိတ်ထဲက ချီးမွမ်းနေကြပါတယ်။ မခင်မေကလဲ သူ့အမေကို ဒီလောက်ပြုစုတဲ့အတွက် ဝမ်းထဲက ကျေးဇူးတင်နေပါတယ်။ ငါးမိနစ်လောက် သူကိုယ်တိုင်



လွှဲပြီးတော့ ဆက်လွှဲပေးနေဖို့ လက်ဟန်နဲ့ပြပြီး သိန်းမောင်ဟာ ဦးလှမောင် အနားမှာ ရိုရိုသေသေ လာထိုင်ပါတယ်။

နောက်ပြီးတော့မှ 'ဦးရယ်၊ ဒီဆေးပညာဟာ ဦးတို့ မျက်စိထဲ နားထဲမှာ တော်တော်ဆန်းသလိုလို ဖြစ်နေမှာပဲ၊ ဒီပညာကို ကျွန်တော် ဘယ်လိုရတယ်ဆိုတဲ့အကြောင်း ကျွန်တော် အစီရင်ခံပါရစေ၊ ကျွန်တော် ဆယ်တန်းအောင်တော့ ဆေးကျောင်းသွားဖို့ ပြင်ဆင်နေတုန်း ကျွန်တော်တို့ အရပ်ထဲမှာ ဆရာမြဆိုတဲ့ ဆရာကြီးတစ်ဦးနဲ့ တွေ့ရပါတယ်။ ဒီဆရာမြဟာလဲ ရန်ကုန်က ဆရာကြီးတစ်ဦးဆီက ဒီပညာကိုရလာတာ မကြာသေးဘူး၊ အဲဒီ ပညာကတော့ နေလဝိဇ္ဇာ ဆေးပညာလို့ ခေါ်ပါတယ်၊ ကျွန်တော်လဲ ဆေးကု ဝါသနာပါတာနဲ့ အဲဒီ ဆရာမြဆီမှာ သင်တာ တစ်လလောက် သင်လိုက်ရပါတယ်၊ ပညာတော့ မစုံသေးပါဘူး၊ မူလတန်းလောက်ပဲ ရှိပါသေးတယ်၊ သူဌေးဦးထွန်းက သူ့ဆီမှာ လုပ်ဖို့ခေါ်တာနဲ့ ဆေးကျောင်းလဲ မသွားရဘူး၊ ဒီ နေလဝိဇ္ဇာ ဆေးပညာကိုလဲ ဆက်လက်မသင်ရတော့ဘူး၊ ပြတ်သွားတယ်'လို့ အစချီပြီး နေလဝိဇ္ဇာ ဆေးပညာကို သင်ရသလောက် လျှောက်ပြောပါတယ်။ ဦးလှမောင်လဲ အတော် သဘောကျသွားတယ်။ နာရီဝက်လောက် စကားပြောပြီး ဒန်းဆီ ကိုသိန်းမောင် ယူသွားပါတယ်။ ဒန်းအရပ်ခိုင်းပြီး အမေကြီးကို သူကိုယ်တိုင် ပြန်တွဲခေါ်လာတယ်။

ဒီနောက် အမေကြီးရဲ့ ခြေရင်းမှာထိုင်၊ ခြေထောက်ကို လက်ဝါးပေါ်တင်ပြီး သေသေချာချာကြည့်ပြန်တယ်။ ကြည့်ပြီးမှ 'ကြီးကြီး ဒန်းစီးရတာ ပင်ပန်းသလား၊ ဒန်းကိုလဲ ဂရုစိုက်ပြီး အခွင့်ရတိုင်း စီးပေးနော်၊ ကျွန်တော် မှာထားတာတွေလဲ တစ်ခုမှ မမေ့စေနဲ့ ကြီးကြီးရယ်၊ ကျွန်တော် အစိပ်ခိုင်းတဲ့ ပုတီးစိပ်ကော စိပ်ရဲ့လား၊ ကြီးကြီး ရေစိမ်ဖို့ စည်ပိုင်းကြီးတစ်ခု ကျွန်တော် လုပ်ခိုင်းထားတယ်၊ ဒီစည်းပိုင်းပြီးရင် မနက်တစ်ခါ ညတစ်ခါ နာရီဝက်လောက် စည်ပိုင်းထဲမှာ ရေစိမ်ရမယ်'လို့ ရှေးကလိုပဲ တတွတ်တွတ်နဲ့ ကြင်ကြင်နာနာ ပြောပြန်တယ်။ ပြောပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



'အနန္တောအနန္တ ငါးပါးတို့ရဲ့ အတိုင်းမသိ ကြီးမားတော်မူသော ကျေးဇူးတော် ဂုဏ်တော်တွေကြောင့် ကြီးကြီးရဲ့ ခြေထောက်နာဟာ ပိန်းကြာဖက်ပေါ် ရေမတင်ဘိသကဲ့သို့ လျင်မြန်စွာ ပျောက်ပါစေ'လို့ တစ်နေ့က ဆုတောင်းသွားတဲ့အတိုင်း လိုက်လိုက်လှဲလှဲ ဆုတောင်းမေတ္တာပို့ပါတယ်။

ဘေးကရပ်ကြည့်နေတဲ့ မခင်မေဟာ ဒီဆုတောင်းမေတ္တာကို နားထောင်နေရင်း ကြက်သီးတဖျန်းဖျန်းထနေပါတယ်။ ပြီးတော့မှ လက်ထဲမှာကိုင်ထားတဲ့ ခြေထောက်ကို အသာ ယုယုယယချတယ်။ အမေကြီးကို ကြည့်ရတာ ဝမ်းသာတဲ့အနေနဲ့ စကားမပြောဘဲ ပြုံးပြီး ကြည့်နေပါတယ်။ ပြီးတော့ 'ပျောက်ပါပြီ ကြီးကြီးရယ်၊ ကျွန်တော် ပြန်မယ်'ဆိုပြီး ဦးလှမောင်တို့ကိုသာ နှုတ်ဆက်တယ်။ မခင်မေကို နှုတ်မဆက်ဘဲ ထပြန်သွားပါတယ်။ သိန်းမောင် အိမ်ထဲက ထွက်သွားတာ အတော်ကလေး ကြာသည့်တိုင်အောင် ဒေါ်လှမေဟာ သူ့နဖူးပေါ် လက်အုပ်ချီပြီး 'ကြီးကြီးသားကြီး ချမ်းသာပါစေ၊ ကြီးကြီးသားကြီး ချမ်းသာပါစေ'လို့ အကျယ်ကြီးဆုတောင်းနေပါတယ်။

ဦးလှမောင် ဒေါ်သန်းတင်တို့လဲ ဒေါ်လှမေကို နှုတ်ဆက်ပြီး ပြန်ကြတယ်။ လမ်းမ ရောက်တဲ့အခါ ရှေ့နေ ဦးလှမောင်က 'ဒီသူငယ်ဟာ အမေကြီးကို ဆေးကုတာတင် မကဘူး၊ ရှေ့ကိုကြံထားတာ ရှိလိမ့်ဦးမယ်ထင်တယ်၊ ဒါပေမယ့် အခုတော့ စောသေးတယ်၊ တစ်ခါတည်းတွေ့ရုံနဲ့ ဆုံးဖြတ်ချက်ချလို့ မကောင်းဘူး'လို့ ပြောပါတယ်။ မသန်းတင်က 'ဘာလဲ ရှင်ဆိုချင်တာက မခင်မေကို မှန်းပြီး အမေကြီးကို ဆေးကုနေတယ်လို့ ဆိုချင်တာလား'လို့ မေးပါတယ်။ ဦးလှမောင်က လောကမှာ ဘယ်သူဖြစ်ဖြစ် ရည်ရွယ်ချက်မရှိဘဲ ဒီလောက် အပင်ပန်းမခံဘူး'လို့ ပြန်ဖြေတယ်။ မသန်းတင်က 'ကုသိုလ်လိုချင်တာ သူ့ရည်ရွယ်ချက်ဆိုရင်ကော မဖြစ်နိုင်ဘူးလား' လို့ မေးပါတယ်။ 'ဖြစ်နိုင်တာပေါ့ဗျာ၊ ဒါပေတဲ့ ကုသိုလ်အပြင် တခြားရည်ရွယ်ချက်တစ်ခု ရှိလိမ့်ဦးမယ်ထင်တယ်၊ ဒီသူငယ်ကို အကဲခတ်ရတာ ဘာပဲဖြစ်ဖြစ် ကြံရင် အင်မတန် သေသေချာချာ



ကြံမယ်၊ ပိပိရိရိ ကြံမယ်ဆိုတဲ့ သူငယ်အစားမျိုးပဲ၊ ဒါပေမယ့် ကြည့်ရတာ အခုတော့ ရိုးရိုးသားသားနဲ့ တူပါတယ်'လို့ ရှေ့နေလုပ်သက်ကြာလာတဲ့ အတွက် လူကဲခပ်အလွန်ကောင်းတဲ့ ဦးလှမောင်က ပြောတယ်။ မသန်းတင် က 'ကျွန်မက ဒီသူငယ်ဟာ ကောင်မကလေးကြောင့် အမေကြီးကို ဒီလို လာကုပေးနေတယ်လို့ မထင်ဘူး၊ သူ့မှာ အဖေအမေ မရှိဘူး၊ အဲဒီတော့ အမေကြီးကို သူ့အမေလိုချစ်ပြီး ကုပေးနေတာပါ၊ ဒီသူငယ်က ဒီအတိုင်း ဒေါ်လှမေကို ပြောပြီးပြီ၊ ဒေါ်လှမေက ပြန်ပြောပြလို့ ကျွန်မ သိရတယ်' လို့ ပြောပါတယ်။

ဦးလှမောင်က 'မင်းတို့မိန်းမတွေဆိုတာ ဘယ်သူပြောပြော ယုံဖို့ လောက်ပဲ စိတ်ကူးနေတာပဲ၊ ဒီအတိုင်းပြောရမှာပေါ့ကွ၊ ဒီအတိုင်းမပြောဘဲ အမေကြီး၊ ခင်ဗျားသမီးကို လိုချင်လို့ ကျွန်တော် ဆေးလာကုပေးနေတယ် ဆိုရင် ခုံဖိနပ်နဲ့ အရိုက်ခံရမှာပေါ့၊ ဒါပေမယ့် ဒီသူငယ်အကြောင်းကို ဆုံးဖြတ်ချက်ချဖို့ စောပါသေးတယ်၊ နောက် လေးငါးဆယ်ခါလောက် တွေ့ပြီးရင် အတော်ကလေး သေသေချာချာ ပြောနိုင်ပါလိမ့်မယ်ကွာ'လို့ ပြောပါတယ်။ ဒေါ်သန်းတင်က 'ဒီသူငယ်ဟာ ကောင်မလေးကို အရောလဲ မဝင်ဘူး၊ ပထမနေ့ကတည်းက ကျွန်မလဲ မသင်္ကာတာနဲ့ အကဲခပ်နေတယ်၊ ကောင်မလေးက စကားပြောလဲ သူက လှည့်မကြည့်ဘူး၊ ပြောစရာရှိလဲ အမေကြီးကိုပဲ ကြည့်ပြီးပြောတာပဲ'လို့ပြောပါတယ်။ ဦးလှမောင်က 'ဒီလို သေလရှင်တစ်ပိုင်းဖြစ်နေတဲ့ ကောင်မလေးမျိုးကိုကြံရင် ဒီအတိုင်းကြံရမှာပဲ၊ ကောင်မလေးဟာ သူ့ကိုသွားပြီး ပြည်တည်တည်လုပ်လို့ မရဘူး၊ ဉာဏ်နွေ့ ကြီးတဲ့နေရာမှာ သူ့ထက်ပိုပြီး ကဲနိုင်ရမယ်၊ ဒါကြောင့်မို့ ဒီသူငယ်ဟာ ဘာပဲကြံကြံ သေသေချာချာ ပိပိရိရိ ကြံတတ်တဲ့ သူငယ်စားမျိုးပဲလို့ ငါ အစကတည်းက ပြောထားတယ်မဟုတ်လား'ဆိုတဲ့ စကားတွေကိုလင်မယား နှစ်ယောက် အပြန်အလှန်ပြောရင်း သူတို့အိမ်ကို ပြန်ရောက်ပါတယ်။

နောက်တစ်နေ့မနက် ခုနစ်နာရီလောက် မခင်မေတို့ ဆိုင်မဖွင့်ခင် အမေကြီး ရေစိမ်ဖို့ စည်ပိုင်းကြီးတစ်လုံး၊ ခြေထောက် ရေစိမ်ဖို့ သွတ်

www.burmeseclassic.com

www.burmeseclassic.com



စည်ပိုင်းတစ်ခု၊ ခြေထောက်ရေစိမ်းရင်း ထိုင်ဖို့ ရေ့ကို နည်းနည်းနိမ့်လျော လျောဖြစ်နေတဲ့ ကုလားထိုင်မြင့်မြင့်တစ်လုံး၊ ကန်စွန်းရွက် ခြောက်စည်း၊ ဟင်းနုနယ်ခြောက်စည်းကို တပည့်ကလေးစံမြနဲ့ အပို့ခိုင်းလိုက်တယ်။ မှာစရာရှိတာကို နှုတ်က မှာလိုက်ရင်လဲ ဖြစ်တယ်။ ဒါပေမယ့် ရတဲ့အခွင့်ကို မလွတ်စေရဆိုတဲ့ ထုံးကို နှလုံးသွင်းပြီး 'မခင်မေ၊ ဒီနေ့မနက် ဆိုင်မထွက်ခင် သစ်သားစည်ပိုင်းထဲ ရေထည့်ခဲ့ပါ၊ ကန်စွန်းရွက်သုံးစည်းနဲ့ ဟင်းနုနယ်သုံးစည်းကို ညနေအတွက် ချန်ထားပါ၊ အကုန်ထောင်းမပစ်လိုက်ပါနဲ့၊ ပို့လိုက်တဲ့ ပစ္စည်းတွေရကြောင်း စာပြန်ပါ'လို့ စာကလေးတစ်စောင်ကို ရေးပါတယ်။ လက်မှတ်ထိုးတဲ့အခါ သိန်းလို့ ထိုးရကောင်းမလား၊ မောင်သိန်းလို့ ထိုးရင်ကောင်းမလားလို့ သိန်းမောင် စဉ်းစားတယ်။ အခုအခြေအနေမှာ မောင်သိန်းပဲ ကောင်းတယ်။ သိန်းလို့ထိုးရင် မခင်မေ လန့်သွားမယ်လို့ ဆုံးဖြတ်ပြီး မောင်သိန်းလို့ လက်မှတ်ထိုးလိုက်တယ်။ မခင်မေဆီက ပစ္စည်းရကြောင်း စာပြန်တဲ့ စာကလေးကို အခေါက်ခေါက် အခါခါ ဖတ်ပြီး သိန်းမောင်လဲ သံသေတ္တာထဲမှာ ထည့်ထားလိုက်တယ်။

ညနေ လေးနာရီခွဲလောက်မှာ ကျွဲနို့တစ်ပုလင်းကို လက်ကဆွဲပြီး သိန်းမောင်ဟာ အမေကြီးဆီကို ရောက်လာပါတယ်။ ရောက်တဲ့အခါ ခြေထောက်ကို ယုယုယယကိုင်ပြီး အထက်အောက် အပြန်အလှန်ကြည့်နေပါတယ်။ ပြီးတော့မှ ထုံးစံအတိုင်း ရောဂါနဲ့ပတ်သက်တဲ့ မေးခွန်းတွေ မေးပါတယ်။ အဲဒီလို မေးပြီးတော့မှ 'ကြီးကြီး စည်ပိုင်းထဲမှာ ရေစိမ်ရမယ်'လို့ ပြောပြီး အမေကြီးကို ရေချိုးခန်းထဲတွဲပြီး ခေါ်သွားပါတယ်။ အမေကြီးဟာ ရေချိုးခန်းထဲမှာ အဝတ်အစားလဲနေတုန်း သိန်းမောင်ဟာ ကန်စွန်းရွက်နဲ့ ဟင်းနုနယ်ရွက်တွေ ထောင်းတယ်၊ ထောင်းပြီးတော့ ဒီ အဖတ်တွေကို စည်ပိုင်းထဲထည့်တယ်။ ဒီနောက် အမေကြီးကို သူကိုယ်တိုင်ဖွေ့ပြီး စည်ပိုင်းထဲထည့်တယ်။ ဒီလိုစိမ်နေရင်း သိန်းမောင်က သူအဆင်သင့် ယူလာတဲ့ ကြေးစည်ကလေးကို အမေကြီးအနားမှာ ခပ်သာသာကလေး တီးပေးနေတယ်။



နာရီဝက်လောက်စိမ်ပြီးတဲ့အခါ အမေကြီးကို သူကိုယ်တိုင် ဖွေ့ထုတ်တယ်။ အဝတ်အစားလဲဖို့ ရေချိုးခန်းထဲမှာထားခဲ့ပြီး သူကတော့ မီးဖိုထဲမှာ မီးခဲသွားရှာတယ်။ မီးခဲမတွေ့တာနဲ့ မီးခဲကလေး လေးငါးခဲ ရအောင် မီးမွှေးနေတယ်။ မီးခဲရတော့မှ အမေကြီးကို တွဲခေါ်ပြီး သူ့နေရာမှာ ပြန်ထားတယ်။ ဒီနောက် သုံးနေကျ စလောင်းဖုံးထဲ မီးခဲတွေထည့်။ အဲဒီ မီးခဲကလေးတွေအပေါ်မှာ တစ်နေ့က သူယူလာခဲ့တဲ့ ဘွန်းစကလေးတွေနဲ့ ပျဉ်းကတိုးစလေးတွေ ချပေး။ အငွေ့ထွက်လာတော့မှ သူကိုယ်တိုင် စလောင်းဖုံးနဲ့ အမေကြီးရဲ့ နှာခေါင်းဝမှာ အသာကိုင်ထားတယ်။ အမေကြီးက ရှူရတယ်။ အဲဒီလို လေးငါးကြိမ်လောက်ရှူပြီးတော့မှ ခန့်ဘူးတစ်ခုထဲက ကျိုထားတဲ့ ရှောက်ရည်နှစ်ခွန်းယူပြီး တိုက်ပါတယ်။

ဒီလိုတိုက်ပြီး အတော်လေးကြာအောင် ကြီးကြီးနဲ့ သိန်းမောင်တို့ဟာ ထိုင်ပြီး စကားပြောနေကြတယ်။ အဲဒီလိုပြောနေရင်း သိန်းမောင်ဟာ တစ်ခါတစ်ခါ အမေကြီးရဲ့ ခြေထောက်ကို လက်တစ်ဖက်ပေါ်တင်ပြီး တခြားလက်တစ်ဖက်က ခြေဖနောင့်ကြောကို အသာကလေး လျှော့လျှော့ ပေးနေပါတယ်။ အဲဒီလို လျှော့ပေးရင်း 'ကြီးကြီးရယ်၊ ကျွန်တော့်မေမေကို ကျွန်တော် ပြုစုဖို့ ခွင့်မရလိုက်ဘူး၊ မေမေဟာ သုံးရက်ထဲ အပြင်းဖျားပြီး ဆုံးသွားရှာတယ်၊ အခုလိုပြုစုဖို့ အမေစားရတာ ကျွန်တော် သိပ်ဝမ်းသာတာပဲ၊ ကြီးကြီးနဲ့ တွေ့ရအောင်လုပ်ပေးတဲ့ ဦးလေးဖိုးအေးကိုလဲ ကျွန်တော် သိပ်ပြီး ကျေးဇူးတင်တာပဲ'လို့ ဘယ်သူမှ အနားမှာ မရှိတဲ့ အခါတိုင်း ချွဲနေကျပုံစံအရ တစ်ခါတစ်ခါ အမေကြီးကို သိန်းမောင်ဟာ ချွဲပါတယ်။ အမေကြီးကလဲ ပြုံးပြုံး ပြုံးပြုံးနဲ့ အရမ်းသဘောကျနေတာပဲ။ ဖြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို သောက်ရမှန်းတောင် သတိမရဘူး။ သိန်းမောင်က ညှိပြီး လက်ထဲထည့်ပေးတော့မှပဲ သောက်မိတော့တယ်။

ညနေ ခြောက်နာရီလောက်ကျတော့ သိန်းမောင်ဟာ အမေကြီးကို ခန်းအစီးခိုင်းပြီး သူကိုယ်တိုင် လွှဲပေးတယ်။ ခြောက်နာရီခွဲလောက်မှာ အမေကြီးရဲ့ နေရာကိုပြန်ပို့ပြီး ထုံးစံအတိုင်း ဆုတောင်းမေတ္တာပို့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေကြီးကလဲ သူ့နဖူးပေါ် လက်အုပ်ချီပြီး 'ငါ့သားကြီး ချမ်းသာပါစေ၊ ချမ်းသာပါစေ'လို့ မေတ္တာပို့တယ်။ တအောင့်လောက်ကြာတဲ့အခါ မခင်မေတို့ ပြန်လာတာနဲ့ သိန်းမောင်ဟာ အမေကြီးကို ပြန်ဖို့ ခွင့်တောင်းပြီး ပြန်သွားပါတယ်။

အမေကြီးကလဲ သိန်းမောင် ဘယ်လိုပြုစုတယ်ဆိုတာ သမီးတွေကို မြိန်ရေရှက်ရေ ပြန်ပြောပြပါတယ်။ အတော်ကလေးကြာမှ မခင်မေက သိန်းမောင် ထမင်းမစားရသေးဘူးဆိုတာ သိတယ်။ အဲဒီတော့မှ 'မေမေ ဆရာထမင်းမစားရသေးဘူး၊ ဆိုင်လဲပိတ်ပြီ၊ ဒီနေ့တော့ ဘယ်မှာ ထမင်းစားမလဲ မသိဘူး'လို့ ပြောပါတယ်။ အမေကြီးလဲ 'ဖြစ်မှဖြစ်ရပလေကွယ်၊ ငါလဲ သတိလစ်သွားတယ်'လို့ ပြောပြီး ဝမ်းနည်းပက်လက် ဖြစ်နေရှာပါတယ်။

နောက်နေ့ကျတော့ အမေကြီးနဲ့ မခင်မေတို့က အတင်းတားတာနဲ့ မခင်မေတို့အိမ်မှာပဲ ညစာထမင်းစားရတယ်။ အဲဒီနေ့ကစပြီး ညနေဖက် ထမင်းစားချိန်အထိ အမေကြီးကိုပြုစုရတဲ့ အခါတိုင်း သိန်းမောင်ဟာ မခင်မေတို့အိမ်မှာ ထမင်းစားပါတယ်။ သူ့ကို တစ်ယောက်တည်း အရင် ခူးကျွေးပြီးမှ မခင်မေတို့ ညီအစ်မ စားကြပါတယ်။

ဥပုသ်ရက်ရှည် ကိုးရက်စေ့သွားတဲ့အခါ အမေကြီးဟာ ဘယ်သူမှ မတွဲရတော့ဘဲ ဝါးလုံးတောင်ဝှေးနဲ့ အိမ်ထဲမှာ ဖြည်းဖြည်း ဖြည်းဖြည်း လျှောက်နိုင်ပါတယ်။ ညနေဘက် သိန်းမောင်လာတဲ့အခါ ဝါးလုံးတောင်ဝှေးကိုကိုင်လျှောက်နေတာကို တွေ့ရတယ်။ အမေကြီးကလဲ သူလျှောက်နိုင်ပြီဆိုတာကို ဝမ်းသာအားရပြချင်လို့ သိန်းမောင်လာနေကျအချိန်မှာ လျှောက်နေတာပဲ။ သိန်းမောင်ဟာ အမေကြီးလက်ထဲက ဝါးတောင်ဝှေးကို အသာယူလိုက်ပြီး 'ကြီးကြီး၊ ဒီဝါးတောင်ဝှေးကို ဘယ်သူပေးတာလဲ'လို့ မေးပါတယ်။ 'မခင်မေပေးတာ'လို့ ဖြေတဲ့အခါ သိန်းမောင်က 'ကြီးကြီး ဝါးလုံးကို မကိုင်ရဘူး'ဆိုပြီး အမေကြီးကို ကုလားထိုင်ဆီ တွဲခေါ်လာပါတယ်။ 'ကြီးကြီးကိုင်ဖို့ ရင်းတိုက်သားတောင်ဝှေးတစ်ချောင်း မနက်ဖြန်



ကျွန်တော်ယူခဲ့မယ်၊ ဒီနေ့တော့ လမ်းမလျှောက်ပါနဲ့ဦး၊ သည်းခံပါ'လို့ တောင်းပန်ပါတယ်။

ခါတိုင်းလိုပဲပြုစုရင်း စကားပြောရင်း ညနေ ခြောက်နာရီခွဲတာနဲ့ မခင်မေတို့ညီအစ်မ ပြန်လာပါတယ်။ ဒီနေ့တော့ ဥပုသ်ထွက်တဲ့အတွက် အမေကြီးနဲ့ သိန်းမောင်တို့ နှစ်ယောက်စားဖို့အတွက် ပြင်ပြီးကျွေးပါတယ်။ သိန်းမောင်ဟာ လက်ဆေးပြီး မစားဘူး။ ငါးဖတ်ကို သူ့ပန်းကန်ထဲထည့်၊ ငါးရိုးထွင်ပြီး အမေကြီးပန်းကန်ထဲ ထည့်ပေးတယ်။ ဟင်းရည်ဆမ်းပေးတယ်။ တို့စရာကို တစ်ခါတို့လောက်ရုံလုပ်ပြီး အမေကြီးပန်းကန်ထဲထည့်ပေးတယ်။ သမီးအရင်း မခင်မေတောင် ထမင်းပြင်ကျွေးရုံပဲ ပြင်ကျွေးဖူးတယ်။ ဒီလို မပြုစုမိဘူး။ ဒါကြောင့် အံ့အားသင့်ပြီး အနားက ရပ်ကြည့်နေတယ်။

အဲဒီအခါ သိန်းမောင်ဟာ တစ်ခုခုကို ပြေးပြီး သတိရပါတယ်။ အဲဒါကြောင့် 'မခင်မေ'လို့ခေါ်ပြီး စကားဆက်မပြောသေးဘူး၊ ရပ်ထားတယ်။ အဲဒီတော့ မခင်မေက 'ရှင်'လို့ ထူးရတယ်။ အဲဒီလိုထူးတော့မှ သိန်းမောင်က 'စိတ်လဲမရှိနဲ့နော် မခင်မေ'လို့ မခင်မေကို မကြည့်ဘဲ အမေကြီးအတွက် ငါးထွင်ပေးရင် ပြောတယ်။ မခင်မေက 'ဟုတ်ကဲ့'လို့ ဖြေပါတယ်။ အဲဒီတော့မှ 'ကြီးကြီးကို ဆေးကုနေတာ ကျွန်တော်လား၊ မခင်မေလား'လို့ မေးပါတယ်။ မခင်မေလဲ ဘာမှန်းမသိတာနဲ့ အံ့အားသင့်သင့်နဲ့ပဲ 'ကိုသိန်းကုတာပါ'လို့ ပြန်ပြောတယ်။ 'အဲဒီလိုဆိုရင် ကျွန်တော်တစ်ယောက်ပဲ ကုပါရစေ၊ မခင်မေတို့က ဘာမှမတတ်ဘဲ ကြီးကြီးကို ဟိုဟာဝင်ကု ဒီဟာဝင်ကုနဲ့ မလုပ်ပါနဲ့'လို့ သိန်းမောင်က ပြောတယ်။ မခင်မေကလဲ အံ့အားသင့်ပြီး 'ကျွန်မလဲ ဘာမှ မကုရပါလား ကိုသိန်း'လို့ ပြန်ဖြေတယ်။ သိန်းမောင်က 'ဝါးလုံးတောင်ဝှေး ကြီးကြီးကို ပေးတာ မခင်မေ မဟုတ်လား'လို့ မေးပါတယ်။ 'ဟုတ်ပါတယ်၊ ဒါမှားသွားသလား ကိုသိန်း'လို့ ပြန်မေးပါတယ်။ 'ကျွန်တော်တို့ ဆေးပညာအရ ဆိုရင်မှားတာပဲ၊ ဒီဝါးလုံးကိုကိုင်ပြီး လျှောက်နေရင် ကြီးကြီးဟာ ပြန်တောင်

www.burmeseclassic.com

www.burmeseclassic.com



လဲသွားနိုင်တယ်'လို့ သိန်းမောင်က ပြောပါတယ်။ မခင်မေက 'ဒီလောက်ဆိုးမှန်း ကျွန်မတို့ မသိပါဘူး'လို့ ပြောတယ်။ အဲဒီအခါ အမေကြီးက 'ဟုတ်သားပဲအေ၊ ညည်းတို့နားမလည်ဘူး၊ နောက်ကို မောင်သိန်း မေးပြီးမှ လုပ်'လို့ အမေကြီးက အမိန့်ပေးပါတယ်။ သိန်းမောင်ဟာ အမေကြီး ထမင်းစားပြီးတဲ့အခါ ကျိုထားတဲ့ ရှောက်ရည်ကိုယူပြီး နှစ်ဖွန်း တိုက်တယ်။ ဒီလိုတိုက်ပြီးမှ သူထမင်းစားတယ်။

သိန်းမောင်ဟာ အခုလိုပဲ နေ့စဉ်ရက်ဆက် လာပြီး ပြုစုလိုက်၊ တစ်ရက်ခြား နှစ်ရက်ခြား လာပြီး ပြုစုလိုက်နဲ့ ပြုစုလာခဲ့တာ လေးလကျော်လောက်ရှိတဲ့အခါ အမေကြီးဟာ အိမ်အပြင်ဘက်ကိုထွက်ပြီး လျှောက်နိုင်တဲ့အထိ ခြေနာပျောက်သွားပါတယ်။ အဲဒါကြောင့် ပထမဆုံး ထွက်နိုင်တဲ့နေ့မှာ ဘုရားကြီးကို သွားပြီး သမီးတွေနဲ့ ဖူးပါတယ်။ နောက်ကို သာသနာ့ရိပ်သာကို သွားပါတယ်။ ထမင်းဆိုင်ကို သွားတယ်။ ဦးလှမောင်တို့ အိမ်ကို သွားတယ်။ ဈေးသွားတယ်။ ဟိုနားဒီနားသွားတယ်။ သူ့ခြေထောက်ဟာ ဒီတစ်သက်တော့ဖြင့် မသုံးရတော့ဘူးလို့ စိတ်နှလုံး တုံးတုံးကြီးချထားရာက အခုကို လျှောက်နိုင်လာတယ်ဆိုတော့ ဒေါ်လှမေဟာ သိပ်ပြီး ဝမ်းသာတာပဲ။ သိန်းမောင်လဲ ဝတ်မပျက်ပါဘူး။ မှန်မှန်ဝင်ထွက်သွားလာနေပါတယ်။ မခင်မေတို့အိမ်မှာ နေ့တိုင်းထမင်းစားဖို့ ပြောလို့မရဘူး။ အိမ်ကို ထမင်းပို့ပေးမယ်ဆိုတာလဲ လက်မခံဘူး။ အရင်ကလိုပဲ တစ်ခါတစ်ခါ မခင်မေတို့အိမ်မှာ စားတယ်။ တစ်ခါတစ်ခါ ဆိုင်မှာ စားတယ်။

သိန်းမောင်ဟာ ဦးလှမောင်တို့လင်မယားနဲ့လဲ ခင်သွားတဲ့အတွက် မခင်မေတို့အိမ်လိုပဲ တစ်ခါတစ်ခါ အလည်ရောက်ပါတယ်။ မခင်မေတို့အိမ်ကို စက်ဖက်က ကျွဲနို့၊ ငှက်ပျောသီးခိုင်၊ ဘူးသီး၊ ကြက်ဟင်းခါးသီး အစရှိတဲ့ စားစရာ သောက်စရာတွေ ပို့တဲ့အခါ ဦးလှမောင်တို့အိမ်ကိုလဲ မမေ့ဘူး ပို့တယ်။ သိတင်းကျွတ်လတုန်းက အမေကြီးနဲ့ ဦးလေးဖိုးအေးကို ကန်တော့တဲ့အခါ ဦးလှမောင်၊ ဒေါ်သန်းတင်တို့ကိုလဲ ပိုးလုံချည်၊ ဖိနပ်၊



ဆီး အစရှိတဲ့ အဖိုးတန်ပစ္စည်းတွေနဲ့ ကန်တော့ပါတယ်။ ဦးလှမောင်တို့ လင်မယားကလဲ သိန်းမောင်ကို ခင်ပြီး မောင်သိန်း၊ မောင်သိန်းနဲ့ ဖြစ်နေကြပါတယ်။ အကင်းပါးတဲ့ ဦးလှမောင်ကတော့ 'ဒါတွေဟာ မခင်မေရဲ့ မျက်နှာနဲ့ ရတာပဲဟော့'လို့ သိန်းမောင်ဆီက လက်ဆောင်တွေရတိုင်း သူ့မိန်းမ ဒေါ်သန်းတင်ကို ရယ်ရယ်ပြီး ပြောလေ့ရှိပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

၉

## မောင်သိန်းမောင် နှင့် မခင်မေ

တစ်ညမှာ ဒေါ်လှမေဟာ ဦးလှမောင်တို့အိမ်ကို သွားလည်ပါတယ်။ ဟိုစကားဒီစကားပြောပြီး ဦးလှမောင်က 'ဒေါ်လှမေရေ၊ ကျွန်တော် မောင်သိန်းနဲ့ မခင်မေကို ပေးစားချင်တယ်'လို့ ပြောလိုက်တယ်။ ဒေါ်လှမေက ခဏစဉ်းစားပြီး 'မောင်သိန်းက ယူပါ့မလား၊ ပိုက်ဆံရှိတာတွေ သူရနိုင်သားပဲ'လို့ ဖြေတယ်။ ဦးလှမောင်က 'ဒေါ်လှမေကို ဒါလောက် အနှံ့အတာခံပြီးပြုစုတာ ဒေါ်လှမေကိုလဲ ချစ်လို့ပါပဲ၊ နောက်ပြီးတော့ မခင်မေကိုလဲ မေတ္တာရှိနေတာကြောင့် ဒီလောက်ပြုစုတယ်လို့ ကျွန်တော်တော့ တစ်ထစ်ချ ယူဆထားတာပဲ'လို့ ပြောတယ်။ ဒေါ်လှမေက ခဏစဉ်းစားပြီး 'ဟုတ်မယ်မထင်ဘူး ဦးလှမောင်၊ မခင်မေကို မောင်သိန်းဟာ ဘယ်တော့မှ အရေးမဝင်ဘူး၊ စကားပြောရင်တောင် မျက်နှာကြည့်ပြီး မပြောဘူး၊ ဒီတော့ မခင်မေကို မေတ္တာရှိနေတယ်ဆိုတာတော့ ဟုတ်မယ် မထင်ပါဘူး၊ ကျွန်မဟာ မောင်သိန်းကို ဘယ်လောက်ချစ်တယ်ဆိုတာလဲ ဦးလှမောင်တို့ အသိသားပဲ၊ အဲဒီတော့ မောင်သိန်းကသာ မေတ္တာရှိတယ်၊ လိုချင်တယ်ဆိုပါစေ၊ ကျွန်မသမီးကို ကျွန်မကိုယ်တိုင် ခေါင်းနဲ့ရွက်ပြီး



ပို့ရမယ်ဆိုလဲ ပို့ပါ့မယ်၊ ဒီသူငယ်ကိုတော့ ကျွန်မ ဒီလောက်မေတ္တာရှိပါတယ်'လို့ ပြောပါတယ်။ ဦးလှမောင်က 'ဒေါ်လှမေ မေတ္တာရှိတာတော့ ဟုတ်ပြီ၊ သမီးကကော ဘယ့်နှယ်လဲ၊ ဒေါ်လှမေရဲ့သမီးက ဒီကိစ္စမှာ ခင်မတန် အပြောရကျပ်တယ်နော်'လို့ ပြောပါတယ်။ ဒေါ်လှမေက 'ကိစ္စမရှိပါဘူး၊ ကျွန်မတာဝန်ထားပါ'လို့ ပြောပါတယ်။

ဒေါ်သန်းတင်က 'မြို့ပိုင်ဦးရွှေကြိုင်တုန်းကလို ဖြစ်နေဦးမယ်' လို့ သတိပေးတယ်။ ဒေါ်လှမေက 'မြို့ပိုင်ဦးရွှေကြိုင်တုန်းက မှန်မှန်ပြောရရင် ကျွန်မ ကိုယ်တိုင်ကလဲ ဒီလောက် စိတ်မပါပါဘူး၊ ဖိုးအေးကလဲ စိတ်မပါပါဘူး၊ စိတ်ပါတာ တင်မေတစ်ယောက်ပဲရှိတယ်'လို့ ပြန်ပြောပါတယ်။ အဲဒီအခါ ဦးလှမောင်က 'ဒီလိုဆိုရင် ဒေါ်လှမေရဲ့ သမီးကို ဒေါ်လှမေ မေးကြည့်စမ်းပါလား'လို့ အကြံပေးပါတယ်။ ဒေါ်လှမေက ခဏလောက် စဉ်းစားပြီး 'မောင်သိန်းဘက်က မသေချာဘဲ မေးလို့မကောင်းဘူးထင်တယ်၊ ခင်မေကိုမေးလို့ သဘောတူပါတယ်ဆိုပြီးမှ သိန်းမောင်က မလိုချင်ဘူး ဆိုရင် တစ်ယောက်နဲ့တစ်ယောက် မျက်နှာကြည့်ရဲမှာမဟုတ်ဘူး၊ အဲဒီတော့ မောင်သိန်းဘက်ကသာ သေချာပါစေ၊ ခင်မေ့ဘက်က ကျွန်မတာဝန်ထားပါ ဦးလှမောင်'လို့ ဒေါ်လှမေက ပြောတယ်။ အဲဒီအခါ ဒေါ်သန်းတင်က 'ဟုတ်သားပဲ ကိုလှမောင်ရဲ့၊ ဒေါ်လှမေ သူ့သမီးကို သူနိုင်တယ်ဆိုရင် မောင်သိန်းကို အရင်မေးဖို့ ကောင်းတယ်၊ မခင်မေကို အခုသွားမေးရင် သူယောကျ်ားမလိုချင်ဘူး၊ သီလရှင်လုပ်မယ်ပဲ ပြောမှာပဲ၊ အဲဒီအခါ မောင်သိန်းဘက်က ဘယ်လိုမှန်းမသိသေးဘဲနဲ့ ညည်းသီလရှင်မလုပ်ရဘူး၊ မောင်သိန်းကို ယူရမယ်လို့ ဘယ့်နှယ်တိုက်တွန်းမလဲ၊ မောင်သိန်းဘက်က သေချာတော့ မခင်မေ ယောကျ်ားမလိုချင်ဘူး၊ သီလရှင်လုပ်မယ် ပြောတောင် ဒေါ်လှမေရော၊ ဦးလေးဖိုးအေးရော၊ ရှင်ရော၊ ကျွန်မရောက ဝိုင်းပြီး တိုက်တွန်းနိုင်တယ်၊ မောင်သိန်းကို အရင်မေးပြီး မောင်သိန်းက ကြိုက်ဘူးဆိုတော့ မခင်မေလဲ ဂုဏ်မငယ်ရဘူး၊ သူတို့ဟာ သူတို့လဲ မျက်နှာမပူရဘူး၊ အခုလိုပဲ ဝင်ထွက် သွားလာနေနိုင်တာပေါ့၊ မောင်သိန်းကို

www.burmeseclassic.com

www.burmeseclassic.com



အရင်မေးပါ၊ အဲဒါက နည်းလမ်းပိုကျတယ်’လို့ ဒေါ်လှမေကို ထောက်ခံပါတယ်။ အဲဒီနည်းလမ်းကို အားလုံး သဘောတူပြီး ဦးလှမောင် ဒေါ်သန်းတင်တို့ကို သိန်းမောင်ကိုခေါ်မေးဖို့နဲ့ သိန်းမောင်ဆီက အဖြေရတဲ့အခါ ဒေါ်လှမေကို စကားပြန်ဖို့ ဆုံးဖြတ်ကြပါတယ်။

နောက်တစ်နေ့ ဦးလှမောင်တို့ဆီကို သိန်းမောင်လာပါတယ်။ ဦးလှမောင်က ‘မောင်သိန်းရေ မင်း မခင်မေကို မေတ္တာရှိသလား၊ ငါ့ကို မှန်မှန်ပြောစမ်း’လို့ မေးပါတယ်။ မောင်သိန်းက ပြုံးပြီး ‘ဘာဖြစ်လို့လဲ ဦးရယ်၊ ကျွန်တော် မခင်မေကို မမုန်းပါဘူး’လို့ ဖြေပါတယ်။ ဦးလှမောင်က ဟား ဟား ဟား ဟားနဲ့ ရယ်ပါတယ်။ ဒီလိုရယ်ပြီး ရှေ့နေတို့ရဲ့ ဝါသနာအတိုင်း ‘မမုန်းဘူးဆိုတာ မေတ္တာရှိတယ်လို့ ဆိုချင်တာပဲမဟုတ်ဘူးလား’လို့ နိမိတ်ပြမေးခွန်းကို ဆင့်ပြီး မေးပါတယ်။ အဲဒီတော့ သိန်းမောင်က ‘ဦး ဘာဖြစ်လို့ ကျွန်တော့်ကို ဒီမေးခွန်း မေးတာလဲ’လို့ ပြန်မေးပါတယ်။ ဦးလှမောင်က ‘မောင်သိန်းကိုလဲ တို့သားကလေးလို ချစ်နေတယ်၊ မခင်မေကိုလဲ သမီးကလေးလို ချစ်နေတယ်၊ အဲဒီတော့ မင်းက မေတ္တာရှိတယ်ဆိုရင် တို့အနေနဲ့ကတော့ ပေးစားချင်တာပဲကွာ’လို့ ပြောပါတယ်။ သိန်းမောင်က ‘ဦးရယ် မခင်မေဟာ ပစ္စည်းကိုသာ မက်တဲ့သူ အတွက်ဆိုရင်တော့ ယူဖို့ မကောင်းပါဘူး၊ ဒါပေမယ့် အရည်အချင်း အကျင့်စာရိတ္တကို မက်တဲ့လူအတွက်ဆိုရင်တော့ မခင်မေထက်သာတာ တစ်နိုင်ငံလုံးမှာ ရှာတွေ့နိုင်မယ် မဟုတ်ပါဘူး၊ ကျွန်တော် ပစ္စည်းမမက်ပါဘူး၊ ကျွန်တော့်မှာ မိဘမရှိပါဘူး၊ ဦးနဲ့ ဒေါ်ဒေါ်တို့ဟာ ကျွန်တော်ရဲ့ အဖေနဲ့ အမေပါပဲ၊ ဦးနဲ့ ဒေါ်ဒေါ်တို့ ပြောစကား ကျွန်တော် နားထောင်ပါ့မယ်’လို့ ဖြေတယ်။ ဦးလှမောင်က ‘ဒီလိုကြားရတာ ဝမ်းသာတယ်ကွယ်၊ သူ့အမေကြီးကို တို့ ကနေ့ည ဖြစ်ဖြစ်၊ မနက်ဖြန်ည ဖြစ်ဖြစ် ချက်ချင်း ပြောမယ်’လို့ စိတ်အား ထက်သန်စွာနဲ့ ပြောပါတယ်။ အဲဒီအခါ သိန်းမောင်က ‘ကျွန်တော် ပြောခွင့်ရှိရင် စကားတစ်ခွန်းလောက် ပြောချင်တယ်ဦး’လို့ ပြောပါတယ်။ ဦးလှမောင်က ‘ပြောပါ’လို့ ဆိုတဲ့အခါ



ဒီကိစ္စဟာ သူ့အမေကြီးနဲ့ပဲ ပြီးနိုင်ပါ့မလား၊ မခင်မေကို အပြောရ ခင်မတန် ခက်လိမ့်မယ် ထင်တယ်’လို့ သတိပေးပါတယ်။ ဦးလှမောင်က ကိစ္စမရှိပါဘူးကွာ’လို့ ပြောတာနဲ့ သိန်းမောင်လဲ ရှေ့ဆက် မပြောတော့ဘူး။

အဲဒီညပဲ ဦးလှမောင် ဒေါ်သန်းတင်တို့ဟာ ဒေါ်လှမေဆီကို သွားကြတယ်။ ဒေါ်လှမေနဲ့ တွေ့တဲ့အခါ ဦးလှမောင်က ‘မောင်သိန်းနဲ့ တွေ့ပြီးပြီ၊ မေးပြီးပြီ၊ သူ ပစ္စည်းကို မမက်ပါဘူးတဲ့၊ အရည်အချင်း စာရိတ္တကိုသာ မက်ပါတယ်တဲ့၊ ကျွန်တော်နဲ့ မသန်းတင်တို့ဟာ သူ့အဖေ နဲ့ အမေပါပဲတဲ့၊ အဲဒီတော့ ကျွန်တော်တို့ စီမံတဲ့အတိုင်း သူနားထောင် ပါ့မယ်တဲ့’လို့ ဒေါ်လှမေကို ပြန်ပြောပါတယ်။ ဒေါ်လှမေဟာ အများကြီး ဝမ်းသာသွားတယ်။ အနားမှာလဲ မခင်မေ ထိုင်နေပါတယ်။ ဒေါ်လှမေက သူ့သမီးကိုကြည့်ပြီး ‘သမီးရေ ငါ့သမီးဟာ အရှည်ကြီး လျှောက်ပြောနေ မယ့် သမီးမျိုး မဟုတ်ပါဘူး၊ အဲဒီတော့ တိုတိုပဲပြောပါရစေ သမီးရယ်၊ မောင်သိန်းနဲ့ သမီးကို ပေးစားချင်တယ်၊ ငါလဲ သေခါနီးပါပြီ၊ ငါမသေခင် သင်းတို့ တင့်တင့်တယ်တယ်နဲ့ နေထိုင်သွားကြတာကို မေမေ မြင်ချင်တယ်’ လို့ ပြောပါတယ်။ မခင်မေက ‘ကျွန်မယောကျ်ား မယူပါရစေနဲ့ မေမေ ရယ်’လို့ ဖြေတယ်။ အဲဒီအခါ ဦးလှမောင်က ‘သီလရှင် လုပ်ပါရစေလား’ လို့ ဝင်ပြီး ရယ်စရာပြောပါတယ်။ ဒေါ်လှမေ၊ ဦးလှမောင်၊ ဒေါ်သန်းတင် တို့က ဝိုင်းပြီးပြောပါတယ်။ မခင်မေ တစ်ယောက်တည်းက ‘ကျွန်မ ယောကျ်ား မယူပါရစေနဲ့၊ ကျွန်မ ယောကျ်ား မယူချင်ဘူး’ဆိုတဲ့ စကား နှစ်ခွန်းနဲ့ပဲ ငြင်းနေတာပဲ၊ တစ်နာရီခွဲ နှစ်နာရီလောက် ပြောလို့မရတာနဲ့ ဦးလှမောင် ဒေါ်သန်းတင်တို့လဲ အိမ်ပြန်သွားကြပါတယ်။

ဒေါ်လှမေနဲ့ မခင်မေတို့ ညီအစ်မချည်းပဲ ကျန်တဲ့အခါ ဒေါ်လှမေက သမီးကို အမျိုးမျိုးနားချပါတယ်။ မခင်မေမှာလဲ သီလရှင်လုပ်မယ်ဆိုတဲ့ ဆန္ဒဟာ အင်မတန် ပြင်းထန်နေတဲ့အတွက် ဦးလှမောင်၊ ဒေါ်သန်းတင် တို့ ပြောတာတွေရော သူ့အမေပြောတာတွေရော ဘယ်သူပြောတာမှ နားထဲမဝင်ဘူး။ ဟိုစကားနှစ်ခွန်းနဲ့ပဲ မခင်မေဟာ ငြင်းဆန်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အတော်ကြီးကြာတော့ ဒေါ်လှမေဟာမျက်ရည်တွေကျလာပြီး ရှိုက်ကြီးတငင် ငိုပါတယ်။ တအောင့်လောက်ငိုပြီးတဲ့အခါ 'ညည်း ငါ့ကို နောက်တော့ အဆိုးမဆိုနဲ့'လို့ ပြောပြီး သူ့အခန်းထဲ ဝင်သွားပါတယ်။ သူ့အခန်းထဲ ရောက်တဲ့အခါ အထဲက ချက်ထိုးလိုက်သံကို မခင်မေတို့ ကြားရပါတယ်။

မခင်မေလဲ သူထိုင်နေတဲ့နေရာမှာပဲထိုင်ပြီး မျက်ရည်တွေတွေကျနေပါတယ်။ ညီမကလေးကလဲ မျက်ရည်ကျပြီး 'မေမေ စိတ်ညစ်အောင် မလုပ်ပါဘူးလို့ ဖေဖေ့ကို မမ ကတိပေးလိုက်ပြီး အခုလိုလုပ်တာ ကောင်းသလား၊ မိန်းမတိုင်း လင်ယူနေတာပဲ၊ မမတစ်ယောက်တည်းကျမှ လင်ယူရတာကိုပဲ ဘီလူးပါးစပ်ထဲ ခုန်ချရတာလို ဖြစ်နေတာ၊ ကျွန်မတော့ဖြင့် သိပ်အံ့သြတာပဲ၊ မမရဲ့ တွေးပုံခေါ်ပုံကို ကျွန်မလဲ နားမလည်ဘူး'ဆိုပြီး မအေကြီးအတွက် စိတ်မကောင်းတာနဲ့အမျှ သူ့မမကို ရန်တွေ့နေတာပဲ။ မခင်မေလဲ ဘာမှမပြောဘူး။ မျက်ရည်တွေသာ ကျနေတယ်။ မခင်မေဟာ အချိန်ကျလို့ နေ့စဉ် ဝေယျာဝစ္စအတွက် အခန်းထဲဝင်ဖို့ သူ့မေမေကို ခေါ်တဲ့အခါ သူ့မေမေက မထူးဘူး။ မတင်မေခေါ်တဲ့အခါ အမေကြီးက တံခါးမဖွင့်ဘဲ အထဲကနေပြီး 'မယ်တင်မေ အိပ်တော့၊ ညဉ့်နက်ပြီ'လို့ ပြန်ပြောတယ်။ မခင်မေရဲ့အသံကိုကြားရင် ဘာစကားမှ ပြန်မပြောဘူး။ အဲဒီတော့ ငါဟာဖြင့် မေမေ့အချစ်ဆုံးကြီးဟာ အခုတော့ အမုန်းဆုံး ဖြစ်သွားရပြီလို့ တွေးမိပြီး မခင်မေဟာ တစ်ခါမှ မဖြစ်စဖူး ထူးထူးခြားခြားကြီး ဝမ်းနည်းပက်လက်ဖြစ်တဲ့အတွက် ရှိုက်ရှိုက်ပြီး ငိုရှာပါတယ်။

မခင်မေလဲ သူ့အမေအခန်းနားက ဘယ်မှမသွားဘဲထိုင်နေပါတယ်။ မတင်မေလဲ အနားကတိုင်ကိုမှီပြီး ငိုက်နေပါတယ်။ မနက်ကိုးနာရီလောက် ရောက်တဲ့အခါ ဆိုင်ဖွင့်စရာရှိသေးတာနဲ့ မယ်တင်မေတစ်ယောက်တည်း ဆိုင်ထွက်ပါတယ်။ မခင်မေကတော့ အိမ်မှာပဲ စောင့်နေရစ်ပါတယ်။

ဆယ်နာရီလောက်မှာ သူ့အမေပဲ သေနေသလား၊ ရှင်ပဲရှင်နေသလားဆိုတာကို သိချင်တာနဲ့ သူ့အသံမပေးဘဲ တံခါးခေါက်နေပါတယ်။ အထဲကနေပြီး 'ဘယ်သူလဲ'လို့ မေးပါတယ်။ မခင်မေဟာ သူ့အသံကို



သေးရဲဘူး။ အဲဒီလိုနဲ့ ညဘက်ကိုရောက်လာတဲ့အခါ ဦးလေးဖိုးအေးလဲ ဆိုင်စောစောပိတ်ပြီး အိမ်မှာရှိနေတယ်။ ဦးလှမောင်တို့ လင်မယားလဲ ရောက်နေကြတယ်။ ဦးလေးဖိုးအေးလဲ တံခါးအဖွင့်ခိုင်းလို့ မရဘူး။ ဦးလှမောင်တို့လဲ တံခါးအဖွင့်ခိုင်းလို့ မရဘူး။ 'သူမြန်မြန်သေရင် ကောင်းတယ်၊ သူ့အတွက် စိတ်မပူကြပါနဲ့'လို့သာ အထဲက ပြန်ပြောတယ်။ အဲဒီတော့ ဦးလှမောင်က 'မောင်သိန်းတစ်ယောက်ပဲ ကျန်တော့တယ်၊ မောင်သိန်း အဖွင့်ခိုင်းလို့မှမရရင်တော့ လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး။ တံခါးကို ပေါက်ဆိန်နဲ့ပေါက်ပြီး ဖွင့်ရမယ်။ ဒီလိုသာ တစ်နေ့လုံး အစားမစားဘဲနေရင် ဒီအရွယ်ကြီးနဲ့ နှစ်ရက်မခံနိုင်ဘူးထင်တယ်'လို့ ပြောတယ်။

နောက်တော့ ဦးလှမောင်က တစ်ခုခုစဉ်းစားမိပြီး 'ဒေါ်လှမေ ဆေးမှ သောက်ရရဲ့လား၊ ရေမသောက်ရင်တော့ သန်းကောင်တောင်ခံမှာ မဟုတ်ဘူး'လို့ ဆိုတဲ့အခါ မခင်မေက 'အခန်းထဲမှာ ရေအိုးတစ်လုံးတော့ ရှိပါတယ်'လို့ ပြန်ဖြေတယ်။ ဦးလှမောင်ကပဲထပ်ပြီး 'ကဲ ကိုဖိုးအေးရေ၊ မောင်သိန်းကို မြန်မြန်သွားခေါ်ချေ၊ မောင်သိန်းလာရင် တံခါးဖွင့်လိမ့်မယ် ထင်တယ်'လို့ ပြောပါတယ်။ ဦးလေးဖိုးအေးလဲ စိတ်တိုနေတဲ့အတွက် 'ဒီလောက်တောင် အမေကို ဒုက္ခပေးတဲ့ဟာမတွေ ကျွန်တော် သောက်မြင်ကပ်တယ်ဗျာ၊ သွားမခေါ်ဘူး၊ သူတို့ဟာသူတို့ သွားခေါ်ပစေ'လို့ ခပ်ဆတ်ဆတ် ပြန်ပြောတယ်။

အမေကြီး သေမှာကို အင်မတန် စိုးရိမ်ပူပန်နေရှာတဲ့ မခင်မေဟာ မျက်ရည်သုတ်ပြီး မောင်သိန်းကို ခေါ်ဖို့ ထွက်သွားပါတယ်။ မယ်တင်မေလဲ သူ့အစ်မနောက်ကို ပြေးလိုက်သွားပါတယ်။ ဒေါ်သန်းတင်က 'အို မိန်းကလေးတွေ ဒီအချိန်ကြီး သွားခေါ်လို့ မတော်ပါဘူးရှင်၊ ကိုလှမောင် လား၊ ကျွန်မတို့လဲလိုက်သွားမယ်'ဆိုပြီး နောက်က လိုက်သွားပါတယ်။ မခင်မေဟာ သူ့အမေအတွက် စိတ်တွေသိပ်ဇောနေတာကြောင့် သိပ်မြန်မြန်ကြီး သွားနေတယ်။ ဦးလှမောင် ဒေါ်သန်းတင်တို့ လိုက်မမီနိုင်ဘူး။ သိန်းမောင်လဲ ဦးလှမောင်ဆီက စကားပြန်မရခင် ထမင်းဆိုင်ကိုလဲ မသွား

www.burmeseclassic.com

www.burmeseclassic.com



သေးဘူး။ အိမ်ကိုလဲ မသွားသေးဘူး။ ဦးဖိုးအေးနဲ့လဲ မတွေ့သေးဘူးလို့ ဆုံးဖြတ်ထားတဲ့အတွက် ဘယ်မှ မသွားဘူး။ သူ့အိမ်မှာပဲ ရှိနေတယ်။ ဒါကြောင့် မခင်မေတို့လာတဲ့အခါ သိန်းမောင် ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ပြီး စာဖတ်နေတာကို တွေ့ရတယ်။

မခင်မေတို့ ညီအစ်မနှစ်ယောက် မလာစဖူး အချိန်မတော်ကြီးမှာ မျက်ရည်စက်လက်နဲ့ ရောက်လာတာကို တွေ့ရတော့ လန့်သွားတယ်။ အားကြီး ခေါင်းကြီးသွားတယ်။ 'ဟာ ဘယ်လိုဖြစ်လာကြတာလဲ'လို့ ပျာပျာသလဲ မေးပါတယ်။ မခင်မေက 'ကိုသိန်းရယ် မေမေ့ကို ကယ်ပါဦး၊ မေမေ သေတော့မယ်'လို့ ပြောပါတယ်။ 'ဘယ်လိုဖြစ်တာလဲ၊ ကြီးကြီး လမ်းလျှောက်ရင်း လဲပြီထင်တယ်'လို့ မေးတဲ့အခါ 'မဟုတ်ပါဘူး၊ အိမ်ကိုသာ လိုက်ခဲ့ပါ၊ အိမ်ကျရင် အကုန်သိပါလိမ့်မယ်'လို့ ပြောတယ်။ သိန်းမောင်လဲ ပျာပျာသလဲ ရှပ်အင်္ကျီကို ထပ်ဝတ်တယ်။ ပုဆိုးလောင်ခတ်နေတာနဲ့ သူ့ဖိနပ်တစ်ဖက်နဲ့ စံမြဖိနပ်တစ်ဖက် ကျွဲတစ်ဖက် နွားတစ်ဖက် စီးပြီး ထွက်လိုက်သွားတယ်။ အိမ်နဲ့ ကိုက်အစိတ်လောက်မှာ ဦးလှမောင် ဒေါ်သန်းတင်တို့နဲ့ တွေ့တယ်။ မခင်မေတို့ အိမ်ဘက်ဆီကို လျှောက်လာရင်း လမ်းမှာ ဦးလှမောင်ကပြောပြတာနဲ့ သိန်းမောင်လဲ အဖြစ်အပျက်အားလုံးကို သိသွားတယ်။ အိမ်ရောက်တဲ့အခါ 'ကြီးကြီးရေ၊ ကျွန်တော် မောင်သိန်းပါ၊ တံခါးဖွင့်ပါဦး'လို့ဆိုပြီး နှစ်ချက်သုံးချက် တံခါးကိုပုတ်ပါတယ်။ ဒေါ်လှမေက အထဲကနေပြီး 'မောင်သိန်းရယ်၊ နေပါစေတော့ကွယ်၊ ကြီးကြီးမြန်မြန်သေရင် ကောင်းတယ်၊ ကြီးကြီးအတွက် မပူကြပါနဲ့'လို့ ပြန်ပြောတယ်။ 'မဟုတ်တာပဲ ကြီးကြီးရယ်၊ ဘာဖြစ်လို့သေရမှာလဲ၊ ဖွင့်ပါ၊ ဖွင့်ပါ'လို့ ပြောပြီး မောင်သိန်း တံခါးကို ထပ်ပြီးပုတ်ပါတယ်။ အထဲက 'နေပါစေတော့ မောင်သိန်းရယ်၊ ကြီးကြီး မြန်မြန်သေရင် ကောင်းတယ်'လို့သာပြန်ဖြေတယ်။ 'ကြီးကြီး ကျွန်တော် တောင်းပန်ပါတယ်၊ ရှိခိုးပြီး တောင်းပန်ပါတယ်၊ တံခါးခဏဖွင့်ပေးပါ'လို့ တံခါးကို နှစ်ချက်လောက် ပုတ်ပြီး တောင်းပန်ပြန်တယ်။ ဒီအခါ ဘာသံမှ မကြားရဘူး။ အထဲက



အသံမပြန်ဘူး။ အဲဒီအခါ မောင်သိန်းမောင်က 'ကြီးကြီး ရေ၊ ဒီတစ်ခါ ကျွန်တော် နောက်ဆုံးတောင်းပန်တာပါပဲ၊ ဒီတစ်ခါ တောင်းပန်လို့မှ မရရင်တော့ ကြီးကြီးဟာ ကျွန်တော့်ကိုလဲ မုန်းသွားပြီ၊ ကျွန်တော့်မျက်နှာကိုလဲ မကြည့်ချင်တော့ဘူးလို့ ကျွန်တော့်တစ်သက်မှာ တစ်ခါထဲ ကျွန်တော် မှတ်ထားလိုက်ပြီ'လို့ ပြောပြီး တံခါးကို နှစ်ချက် လောက် ထပ်ပုတ်တယ်။ တအောင့်လောက်ကြာတဲ့အခါ အထဲကတံခါးဖွင့်သံ ကြားရတယ်။ မောင်သိန်း အခန်းထဲဝင်သွားတဲ့အခါ အမေကြီးဟာ မောင်သိန်းကို ဖက်ပြီး ငိုပါတယ်။ မောင်သိန်းမောင်လဲ အမေကြီးကို အသာကလေး ဖက်ထားပြီး 'တိတ်ပါကြီးကြီးရယ်၊ ကျွန်တော် အားလုံး သိပြီးပါပြီ၊ ဒီကိစ္စ ကျွန်တော် ရှင်းပေးပါ့မယ်'ဆိုပြီး အမေကြီးကို အခန်း အပြင်ဘက် အသာခေါ်ခဲ့တယ်။

အပြင်ဘက် ရောက်တဲ့အခါ 'မခင်မေ ထမင်းသွားခူးချေ'လို့ သိန်းမောင်က ပြောတယ်။ မခင်မေလဲ ထမင်းသွားခူးတယ်။ ဦးလှမောင်က 'ဒေါ်လှမေ မောင်သိန်းအဖွင့်ခိုင်းလို့မှမရရင် ကျွန်တော်တို့ကတော့ တံခါးကို ဆိန်နဲ့ပေါက်ပြီး ဖွင့်ဖို့ စိတ်ကူးပြီးပြီ'လို့ ပြောတယ်။ ဒေါ်လှမေက ဘာမှ ပြန်မပြောဘူး။ ဒေါ်သန်းတင်ကလဲ 'ဒေါ်လှမေ တော်တော်စိတ်အကြီးသားပဲ' လို့ ပြောသေးတယ်။ ဒေါ်လှမေကလဲ ဘာမှ ပြန်မပြောဘူး၊ မျက်ရည်တွေသာ ကျနေတယ်။ သိန်းမောင်ဟာ ဒေါ်လှမေရဲ့ အခန်းထဲဝင်သွားပြီး မျက်နှာသုတ်စောင် ယူလာတယ်။ 'ကြီးကြီးရယ်၊ တိတ်ပါ'ဆိုပြီး အမေကြီးကို မျက်ရည်သုတ်ပေးနေပါတယ်။ တအောင့်ကြာတဲ့အခါ ထမင်းစားပွဲကို မခင်မေနဲ့ မတင်မေ မပြီး ယူလာပါတယ်။ သိန်းမောင်ဟာ အမေကြီးရဲ့ လက်ကိုယူပြီး လက်ဆေးဇလုံထဲမှာ သူကိုယ်တိုင် ပွတ်သပ်ဆေးပေးပါတယ်။ မခင်မေက ထမင်းထည့်မလို့ လုပ်တဲ့အခါ သိန်းမောင်က နောက်ဆုတ်ဖို့ လက်နဲ့ ပြလိုက်တယ်။ ပြီးတော့မှ သူကိုယ်တိုင် ထည့်ပေးတယ်။ ခါတိုင်း ကျွေးနေကျအတိုင်းပဲ အမေကြီး ပန်းကန်ထဲ ဟင်းရည်ဆမ်းပေးတယ်။ ငါးအရိုးထွင်ပေးတယ်။ တို့စရာ ကို တစ်ခါတို့ကလေးတွေ လုပ်ပေးတယ်။ ထမင်းစားနေတုန်းလဲ 'ကြီးကြီးက အပြင်ဘက်ကို ထွက်ရမှ အသား

www.burmeseclassic.com

www.burmeseclassic.com



အရေတွေ အရင်ကထက် ပိုကောင်းလာတယ်’ ဆိုတဲ့ စကားမျိုးတွေကို တစ်ခွန်းစနှစ်ခွန်းစပြောလိုက်၊ တစ်ခါတစ်ရံကျတော့လဲ ‘အိန္ဒိယခေါင်းဆောင်ကြီး ဂန္ဒီဆိုတာ ခဏခဏ အစာငတ်ခံတယ်၊ တစ်ခါတလေ အစာငတ်ခံတာ အရက်နှစ်ဆယ်ကျော် ကြာကယ်၊ ကြီးကြီးက ဂန္ဒီကြီးရဲ့ စံချိန်ချိုးမလို့ထင်တယ်’ဆိုတဲ့ ရယ်စရာ စကားတွေ ကြားညှပ်ပြောလိုက်နဲ့ အမေကြီး စိတ်ကြည်လာအောင် လုပ်ပေးနေပါတယ်။

ဒေါ်သန်းတင်က အမေကြီးနဲ့ သိန်းမောင်ကိုကြည့်ပြီး ‘ကြည့်စမ်းပါလားအေ၊ ညည်းအမေကို ဘယ်လောက် အနှံ့အတာခံသလဲ၊ ညည်းမို့ မသနားဘဲနေရက်တာ၊ တို့မဆိုင်တဲ့လူတောင် မောင်သိန်းမောင်ကိုကြည့်ပြီး သနားမိတယ်’လို့ သူ့အနားမှာထိုင်နေတဲ့ မခင်မေကို တိုးတိုးပြောနေပါတယ်။ မခင်မေက ဘာမှပြန်မပြောဘူး။ နားထောင်နေတယ်။ အမေကြီး ထမင်းစားပြီးတဲ့အခါ သူအမြဲကျိုပြီးပို့နေတဲ့ ရှောက်ရည်ကိုယူပြီး နှစ်ခွန်း တိုက်ပါတယ်။ ရှောက်ရည်ကိုတိုက်ပြီးမှ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးညှိပြီးပေးတယ်။ အမေကြီးလဲ စိတ်ချမ်းသာပြီး မျက်နှာတွေ ကြည်ကြည်လင်လင် ပြန်ဖြစ်လာတယ်။ တအောင့်လောက်ကြာတဲ့အခါ သိန်းမောင်က ‘ကြီးကြီးရေ အစာငတ်ခံခြင်းခံ ကျွန်တော်အငတ်ခံရမှာ၊ ဘယ့်နှယ် ကျွန်တော့်နေရာမှာ ကြီးကြီးကဝင်ပြီး အစာငတ်ခံနေရတာလဲ မသိဘူး’လို့ ရယ်ရယ်မောမော ပြောတယ်။ ဒီလိုပြောပြီးတော့မှ သိန်းမောင်က ‘ပြန်ပါဦးမယ်’လို့ အားလုံးနှုတ်ဆက်ပြီး ပြန်သွားတယ်။ ဦးလှမောင် ဒေါ်သန်းတင်တို့ကရော၊ ဦးလေးဖိုးအေးကရော၊ ညီမလေးမတင်မေကရော မခင်မေကို ဝိုင်းပြီး အပြစ်တင်ကြပါတယ်။ အမေကြီးကတော့ ဘာမှ မပြောဘူး။ ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကိုသာ ဖွာနေပါတယ်။

ဦးလှမောင်က ‘မခင်မေ၊ ဦးမိဘတွေဟာ ဆင်းရဲတယ်၊ ဦးကို မသန်းတင်တို့ မိဘတွေက ကျောင်းထားရတယ်၊ ကျောင်းကထွက်တော့ မသန်းတင်ရဲ့အဖေဆီမှာ ရှေ့နေစာရေးလုပ်ရတယ်၊ မသန်းတင်ရဲ့ အမေကြီးရဲ့ အကူအညီနဲ့ဘဲ ဦးဟာ ရှေ့နေစာမေးပွဲ အောင်ခဲ့တယ်၊ အဲဒီလောက်



မသန်းတင်ရဲ့ မိဘတွေဟာ ဦးအပေါ်မှာ ကျေးဇူးကြီးခဲ့တာတောင် ဦးဟာ မသန်းတင်ရဲ့ မိဘတွေကို မောင်သိန်းမောင်က မခင်မေရဲ့ အမေကို ပြုစုတာလောက် တစ်ခါမှ မပြုစုခဲ့ဖူးဘူး၊ မောင်သိန်းဟာ ဒေါ်လှမေကို ဒီလောက်အထိ အနှံ့အတာခံပြီးပြုစုတာ၊ ဒေါ်လှမေကိုလဲ အမေအရင်းလို ချစ်လို့ပါပဲ၊ ဒါကို မငြင်းနိုင်ပါဘူး၊ ဒါပေမယ့် မခင်မေကိုလဲ အင်မတန် မေတ္တာရှိလို့ ဒီလောက်အနှံ့အတာခံတယ်ဆိုတာ မခင်မေတို့ သိဖို့ကောင်းတယ်၊ မောင်သိန်းဟာ မခင်မေကို အင်မတန် မေတ္တာရှိနေတယ်၊ ကုန်ကုန်ပြောမယ်ကွယ်၊ မခင်မေကြောင့် ဦးတို့တောင် မောင်သိန်းအပေါ်မှာ သိပ်ပြီး မျက်နှာကြီးနေတာပဲ’လို့ ပြောတယ်။ ဦးလေးဖိုးအေးက ‘ငွေထုပ်ကြီး ခေါင်းပေါ်ရွက်ရှာတောင် ဒီသူငယ်မျိုး မတွေ့နိုင်ပါဘူး၊ ဒီကောင်မလေးဟာ လိမ္မာမလိုလိုနဲ့ သိပ်မိုက်တယ်’လို့ ပြောပြီး ဦးလှမောင်ကို ထောက်ခံပါတယ်။ ဒေါ်သန်းတင်က ‘မခင်မေ ညည်းမို့ မသနားဘဲနေရက်တယ်ကွယ်၊ တို့ မဆိုင်တဲ့လူတောင် မောင်သိန်းကိုကြည့်ပြီး သနားနေတယ်၊ တော်ရုံတန်ရုံ မေတ္တာနဲ့ ဒီလောက်အနှံ့အတာမခံပါဘူးအေ၊ ကိုလှမောင်ပြောတာကို ညည်း ယုံပါ’လို့ မခင်မေကို ခုတင်က တိုးတိုးပြောပြီးသား စကားကို ထပ်ပြောတယ်။

ညီမကလေး မတင်မေကလဲ ‘မမဟာ ယောကျ်ားယူရမှာကို ဘီလူးပါးစပ်ထဲ ခုန်ချရမှာလောက် ကြောက်နေတယ်’လို့ ပြောပါတယ်။ မခင်မေက ဘာမှ မပြောဘူး။ ဩော် လူတွေဟာ အတော်ခက်တယ်၊ ဘုန်းကြီးလုပ်ချင်တယ်၊ သီလရှင်လုပ်ချင်တယ်ဆိုရင် ရယ်စရာလို့ ထင်နေတဲ့ခေတ်ကို ရောက်နေပြီ။ ငါ ဘယ်လိုပြောပြော ငါပြောတာကို သူတို့ နားလည်မှာ မဟုတ်တော့ပါဘူး။ ငါ့အမေကစပြီး နားမလည်တော့ဘူးလို့ သူ့ဟာသူ စဉ်းစားနေပါတယ်။ အဲဒီလိုစဉ်းစားရင်း မနေ့ညသန်းကောင်လောက်ကတည်းက ယိမ်းယိုင်စပြုလာတဲ့ သီလရှင်လုပ်မယ်ဆိုတဲ့ သူ့ အဓိဋ္ဌာန်ဟာ ဒီအချိန်မှာ လေထဲ အကုန်အစင် လွင့်ပါကုန်ပြီဖြစ်တဲ့ အတွက် ဒီတစ်သက်မှာတော့ဖြင့် သူနဲ့ သီလရှင်ဘဝဟာ လက်လှမ်းမမီနိုင်

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင်ကို အဝေးကြီး ဝေးရလေပြီလို့ စိတ်နှလုံး တုန်းတုန်းချ လိုက်ပါတယ်။

သိန်မောင်ဟာ အိမ်ပြန်ရောက်တဲ့အခါ တစ်ညလုံး အိပ်မပျော်ဘူး။ အစက သူတွက်ကြည့်တုန်းက မခင်မေကိစ္စဟာ ခက်တော့ခက်မယ်။ ဒီလောက် ခက်လိမ့်မယ်ဆိုတာတော့ သူတစ်ခါမှ မတွေးမိခဲ့ဘူး။ အခုဆိုရင် အမေကြီးဟာ သူ့ကိုယ်သူ အဆုံးစီရင်ပစ်မယ့် အခြေအနေ အထိ ရောက်သွားခဲ့တယ်။ မခင်မေလဲ မျက်ရည်နဲ့မျက်ခွက် ဖြစ်ခဲ့ရတယ်။ ဦးလေးဖိုးအေးလဲ စိတ်ဆင်းရဲရတယ်။ သူ့ကို သားသမီးလိုခင်နေကြတဲ့ ဦးလှမောင်တို့ လင်မယားလဲ စိတ်ဆင်းရဲရတယ်။ အဲဒီတော့ ဒီအလုပ်ကို ရှေ့တိုးပြီး ဇွတ်အတင်းလုပ်ရရင် ကောင်းမလား။ ရပ်တန်းမှာ ရပ်ပြီး နောက်ကို အသာဆုတ်ရရင် ကောင်းမလား။ အဲဒါကို သိန်းမောင် အကြာကြီး စဉ်းစားပါတယ်။ ရှေ့အတင်း ဇွတ်တိုးရင် မခင်မေဆိုတဲ့ ဟာမကလေးဟာ စိတ်အကြီးသား။ ဒီတစ်ခါဆိုရင် သူ့အမေ မသေခင် သူ့ကိုယ်သူ သတ်သေရင် သေမယ်။ ဒီလိုမှ မသေလို့ သူ့အမေသနားပြီး ငါ့ကို မချစ်ဘဲယူရပြန်ရင်လဲ သူတစ်သက်လုံး စိတ်ချမ်းသာတော့မှာ မဟုတ်ဘူး။ ငါလဲ စိတ်ချမ်းသာတော့မှာ မဟုတ်ဘူး။ ဒီလို တစ်သက်လုံး စိတ်မချမ်းသာရမယ့် ကိစ္စကို ဘာဖြစ်လို့ ဇွတ်အတင်းတိုးပြီး လုပ်မလဲ၊ နောက်ပြီးတော့လဲ ကိုယ့်မချစ်တဲ့ မိန်းကလေးတစ်ယောက်ကို အမေကြီး ကပ်ပြီး ဇွတ်အတင်းယူတယ်ဆိုတာ အနိုင်ကျင့်တာမျိုးပဲ။ သူဌေး မောင်ထွန်းဟာ ပိုက်ဆံနဲ့ပေါက်ပြီး မိန်းကလေးတွေ ဖျက်ဆီးတာကိုတော့ မင်း မကြိုက်ဘူး။ အမေကြီးကပ်ပြီး ကိုယ့်မကြိုက်တဲ့ မခင်မေကို ဇွတ်အတင်း ရအောင် ယူမယ်ဆိုတာဟာ မောင်ထွန်း ငွေနဲ့ပေါက်ပြီး မိန်းကလေးတွေကို အနိုင်ကျင့်တာနဲ့ ဘာထူးသေးသလဲ။ နောက်ပြီးတော့လဲ ငါ့ကို မလိုချင် ပါဘူးလို့ ဒီလောက်ဖြစ်နေတဲ့ဟာကို ငါက လိုချင်ပါတယ်၊ လိုချင်ပါ တယ်နဲ့ဖြစ်နေရင် မကောင်းဘူး၊ ယောက်ျားပီသရာ မကျဘူးဆိုတဲ့အချက် တွေကို အပြန်ပြန်အလှန်လှန် စဉ်းစားနေပါတယ်။



အကယ်၍သာ မောင်သိန်းဟာ လူ့ပညာရှိ ရဟန်းပညာရှိတွေနဲ့ တွေ့ရ ဆွေးနွေးရပြီး လောကုတ္တရာ ဗဟုသုတရှိသလောက် ရှိနေမယ် ဆိုရင် ဒီလောက်အထိ သူကိုယ်ပင်ပန်း စိတ်ပင်ပန်း ဖြစ်ရတဲ့ဒုက္ခတွေနဲ့ တွေ့နေရတာဟာ ချစ်မိလို့ပဲဆိုတာကို သူကောန်တွေးမိမှာပဲ။ တွေးမိပြီး သံဝေဂ ရသလောက်ရမှာပဲ။ ဒါပေမယ့် သိန်းမောင်မှာ ဒီလောကုတ္တရာ ဗဟုသုတ မရှိရှာဘူး။ ဒါကြောင့် ဒီလို သံဝေဂရတဲ့အထိ သူမရောက် နိုင်ရှာဘူး။ မနက် လေးနာရီလောက်ကျတော့ သိန်းမောင်ဟာ ကြီးကြီးဆီ စာတစ်စောင် ရေးပါတယ်။ ကြီးကြီးရဲ့ စာထဲမှာ

ကျွန်တော့်အား သားအရင်းပမာချစ်လှစွာသော ကြီးကြီးထံ ရှိသေစွာ စာအားဖြင့် အစီရင်ခံပါသည်။ ကျွန်တော့်အတွက် ဆိုရင် ကြီးကြီးဟာ အသက်ကိုပင် စွန့်တော့မယ်ဆိုတာကို မြင်ရ တဲ့အတွက် ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်တော့် အတွက်နှင့် တစ်သက်လုံး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးရှိလာ ခဲ့တဲ့ မိသားစုဟာ အခုလို စိတ်ဝမ်းကွဲပြားရတာ၊ မျက်ရည်ကျရ တာ၊ အသက်ကိုတောင် အဆုံးစီရင်ရန် ဆုံးဖြတ်ခဲ့ရတဲ့အထိ ဖြစ်ရတာတွေကို မြင်ရတဲ့အခါ ကျွန်တော် စိတ်မချမ်းသာပါ။ အကယ်၍ ကြီးကြီး စိတ်ချမ်းသာအောင် မခင်မေက ကျွန်တော့်ကို မေတ္တာမရှိဘဲ ယူရလျှင် သူလဲ တစ်သက်လုံး စိတ်ချမ်းသာမှာ မဟုတ်ပါ။ ကျွန်တော်လဲ တစ်သက်လုံး စိတ်ချမ်းသာမှာ မဟုတ် ပါ။ ဒီလိုယူရတာမျိုးကို ကျွန်တော့်အနေနှင့် အားမပေးချင်ပါ။ ဒါ့ကြောင့် ဒီကိစ္စကို ရှေ့မဆက်ဘဲ မေ့ပစ်ပါရန် ကျွန်တော် ရှိခိုး တောင်းပန်ပါသည်။

ကျွန်တော့်ကို ရှေးကလိုပဲ သားအရင်းအနေနှင့် ဆက်ပြီး ချစ်ပါ။ မေတ္တာမပျက်ပါနှင့်။ ကျွန်တော်ကလဲ ကြီးကြီးကို တစ် သက်လုံး အမေအရင်းလိုပဲ ဆက်ပြီး ချစ်ပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



အခုအတောအတွင်း ကျွန်တော့်စိတ်တွေ မကြည်လင်သေးတဲ့အတွက် ကြီးကြီးဆီကို ကျွန်တော် မလာနိုင်လျှင် ခွင့်လွှတ်စေချင်ပါသည်။ စိတ်တွေ ချမ်းချမ်းသာသာဖြစ်တဲ့အခါ ကျွန်တော် လာခဲ့ပါမည်။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။

မောင်သိန်း

လို့ ရေးထားတယ်။ ဒီစာရေးပြီးတဲ့နောက် သူ့သူဌေးဆီမှာ ခွင့်သုံးရက် တောင်းတဲ့ စာတစ်စောင် ရေးပါတယ်။ စာရေးပြီး တပည့်စံမြကို နှိုးပါတယ်။ မနက် ကိုးနာရီ ထွက်နေကျ စက်မော်တော်ဘုတ်နဲ့ လိုက်သွားပြီး သူဌေးကို စာပေးဖို့ မှာပါတယ်။ ငါးနာရီလောက်မှာမှ သိန်းမောင် အိပ်ပျော်သွားပါတယ်။

မခင်မေလဲ သူ့အိမ်မှာ တစ်ညလုံး အိပ်မပျော်ဘူး။ အရင်တုန်းက ဆိုရင် ဇာတ်လိုက်မင်းသားကြီး ကိုသိန်းဟာ အက်တင်တွေကောင်းလွန်းလို့ မခင်မေဟာ ကိုသိန်းကို ဣန္ဒြေကြီးတဲ့ ဆေးဆရာတစ်ယောက်လို့သာ သဘောထားပြီး အိမ်နဲ့ ဆိုင်ကို လာတဲ့အခါလောက်သာ ကိုသိန်းကို သတိရတယ်။ အခုတော့ ဒီလိုမဟုတ်တော့ဘူး။ 'မောင်သိန်းဟာ မခင်မေကို အင်မတန် မေတ္တာရှိလို့ ဒီလောက် အနှံ့အတာခံတယ်ဆိုတာ မခင်မေ သိဖို့ကောင်းတယ်'လို့ ဦးလှမောင်ပြောသွားတဲ့ စကားတွေ 'ညည်းမို့ မသနားဘဲနေရက်တယ်ကွယ်၊ တို့ မဆိုင်တဲ့လူတွေတောင် မသနားဘဲ မနေနိုင်ဘူး'လို့ ဒေါ်သန်းတင် ပြောသွားတဲ့ စကားတွေဟာ မခင်မေရဲ့ စိတ်ကို အတော်ထိခိုက်သွားတယ်။ အဲဒါကြောင့် သူ့အမေကို ကိုသိန်း ကြင်ကြင်နာနာ နှံ့နှံ့တာတာ ရိုရိုသေသေပြုစုတာတွေကို တရေးရေး ပြန်မြင်ပြီး ကိုသိန်းကို သနားတဲ့စိတ်တွေဟာ မခင်မေရဲ့ရင်ထဲမှာ ထူးထူးဆန်းဆန်း ငုပ်ချီပေါ်ချီဖြစ်နေတာကို မခင်မေကိုယ်တိုင် တွေ့နေရတယ်။



သူ့လက်ထဲရောက်မှ ငါ့အပေါ်မှာ ဆိုးမယ့်လက္ခဏာတော့ မရှိပါဘူး။ [illegible]လဲ ငါ့အကုသိုလ်ကံနဲ့ ငါပေါ့၊ ဘယ်တတ်နိုင်မလဲ။ ကိုသိန်းဟာ [illegible]မျှားသောက်တတ်မလား၊ အလောင်းအစားကော ရှိသလား၊ အပျော်[illegible]ါးကော လိုက်တတ်သလား မပြောတတ်ပါဘူး။ ဒါတွေရှိရင်လဲ အိမ်ထောင်ကျပြီးတော့မှ တတ်နိုင်သလောက် ကြည့်ပြင်ရမှာပဲ။ သမ္ဘွ[illegible]ဘွာ ကမ္ဘာသကာပေါ့ကွယ်လို့ ရှုပ်လာတဲ့စိတ်တွေကို ဖြေလိုက်ပါတယ်။

နောက် အတော်ကလေးကြာတဲ့အခါ ကိုသိန်းဟာ လူဆိုးတော့ ဟုတ်မယ်မထင်ပါဘူးဆိုတဲ့ အတွေးဟာ မခင်မေရဲ့ ခေါင်းထဲရောက်လာ[illegible]ပါတယ်။ ခဏလောက်စဉ်းစားပြီးမှ ဆိုးလဲ ငါ့ကံနဲ့ ငါပေါ့ကွယ်လို့ ပြောလိုက်ပါတယ်။ ကိုသိန်းဟာ လူဆိုးတော့ ဟုတ်မယ်မထင်ပါဘူး။ [illegible]လဲ ငါ့ကံနဲ့ ငါပေါ့ကွယ်ဆိုတဲ့ အတွေးဟာ ခဏခဏ ပေါ်နေပါတယ်။ ဒီအတွေး နောက်ဆုံးပေါ်လာတဲ့အကြိမ်ကျတော့ တချို့ သားသမီး[illegible]ောင်းတွေဟာ မိဘတွေကို အသက်ပေးပြီးတောင် ကျေးဇူးဆပ်ကြသေး[illegible]ဝဲ။ ငါ့မှာတော့ အသက်စွန့်ရတာ မဟုတ်သေးပါဘူး။ ဘာပဲဖြစ်ဖြစ် [illegible]ချင်တာ ဖြစ်ပေစေ၊ သူဆိုးရင်လဲ ခံရမှာပဲ။ မေမေ စိတ်ချမ်းသာရင် [illegible]ရော။ ဒီလိုမှမဟုတ်ရင် မေမေဟာ ဒီစိတ်နဲ့ သေမှာပဲလို့ တွေးရာလေးပါး[illegible]ကို တွေးရင်း ကိုသိန်းကို သနားမိလို့ ဘယ်တုန်းကမှ သူ့မှာ မဖြစ်[illegible]ခဲ့တဲ့ အတွေးတွေကို သူတွေးရပြီ။ ဘယ်တုန်းကမှ သူ့မှာ မဖြစ်ဖူးခဲ့တဲ့ သန်းကောင်ကျော်အထိ အိပ်ရာပေါ်မှာ ဟိုဘက်လှိမ့် ဒီဘက်လှိမ့် လှိမ့်နေ[illegible]တဲ့အဖြစ်အပျက်တွေနဲ့လဲ သူတွေ့နေရပြီလို့ ဆင်ခြင်မိပြီး သံဝေဂတွေ[illegible]သွားပါတယ်။ အဲဒါနဲ့ ခန္ဓာငါးပါးကို လက္ခဏာရေးသုံးပါးတင်ပြီး [illegible]ရင်း အိပ်ပျော်သွားပါတယ်။

မနက် လေးနာရီကျော်ကျော်လောက်မှာ ခါတိုင်းလိုပဲထပြီး ဘုရား[illegible]ယာဝစ္စတွေ လုပ်ပါတယ်။ ဘုရားရှိခိုးပါတယ်။ အားလုံးပြီးတော့ [illegible]ဆေလို့ သူ့အဖေကို တိုင်တည်ပါတယ်။ 'ဖေဖေ၊ မေမေစိတ်ဆင်းရဲ[illegible]င် ဘယ်တော့မှ မလုပ်ပါဘူးလို့ သမီး ဖေဖေ့ကို ကတိပေးလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မေမေစိတ်ဆင်းရဲအောင် သမီးလုပ်မိပါတယ်၊ ကတိပျက်သွားတဲ့အတွက် သည်းခံပါ ဖေဖေ၊ ကတိပျက်သွားတဲ့ အတွက် သည်းခံပါဖေဖေ၊ ကတိပျက်သွားတဲ့အတွက် သည်းခံပါဖေဖေ’လို့ တောင်းပန်ရှာပါတယ်။ ဘုရားရှိခိုးပြီးတဲ့အခါ သူ့မေမေဆီသွားပြီး နေ့စဉ်လုပ်နေကျ ဝေယျာဝစ္စတွေ လုပ်ပေးပါတယ်။ အားလုံးပြီးတဲ့အခါ ကော်ဖီတိုက်ရင်း သူ့အမေနားကပ်ပြီး ‘မေမေ စိတ်ဆင်းရဲအောင်လုပ်မိတာ သည်းခံပါမေမေ၊ သမီး မေမေ့စကားနားထောင်ပါ့မယ်၊ မေမေကြိုက်တဲ့အတိုင်း စီစဉ်ပါတော့ မေမေ’လို့ ပြောပါတယ်။ အမေကြီးလဲ ဝမ်းသာအားရဖြစ်ပြီး မနက် ခုနစ်နာရီခွဲလောက်မှာ ဦးလှမောင် ဒေါ်သန်းတင်တို့ အိမ်ကို အကြောင်းကြားရအောင် ထွက်သွားပါတယ်။

သိန်းမောင်လဲ မနက် ကိုးနာရီခွဲလောက်မှာ နိုးတယ်။ ရေမိုးချိုး အဝတ်အစားလဲ၊ ညက ရေးထားတဲ့စာကို အိတ်ထဲထည့်ပြီး အပြင်ထွက်ခါနီးမှာ စိတ်လေးလာတာနဲ့ ခဏပြန်ထိုင်ပါတယ်။ မခင်မေကို သိန်းမောင်ဟာ တစ်မိုးအောက် တစ်ယောက်လို့ ထင်ထားတယ်။ ဒါပေမယ့် မခင်မေက သူ့ကို မလိုချင်ဘူးဆိုတော့ အမေကြီးကို အိတ်ထဲကစာပေးပြီး မခင်မေအပေါ်မှာ တပ်မက်စွဲလမ်းမှုတွေကို ဖြတ်ပစ်ရုံပဲ ရှိတော့တယ်။ သိန်းမောင်အတွက် ဒီလမ်းကလွဲပြီး တခြားလမ်းမရှိဘူး။ မခင်မေဟာ မျက်ရည်နဲ့မျက်ခွက်ဖြစ်ပြီး သူနဲ့ တစ်သက်လုံး စိတ်မချမ်းမသာ ပေါင်းနေရမှာကို သူနည်းနည်းမှ မလိုလားဘူး။ မခင်မေ သူ့ကို မယူချင်ဘူးဆိုတာ တခြားတစ်ယောက်ယောက်ကို လိုချင်လို့ မဟုတ်ဘူး။ လင်မယူချင်လို့ကို သူ မယူတာ ဖြစ်တဲ့အတွက် မခင်မေကို သူ စိတ်မနာဘူး။ မခင်မေကလေးဟာ သူ့အတွက် တစ်သက်လုံး စိတ်မချမ်းမသာဖြစ်နေမှာကိုသာ စိုးတယ်။ အဲဒီတော့ တအောင့်လောက် ထိုင်နေပြီး သက်ပြင်းချလိုက်တယ်။ ‘အေး၊ ဒီလမ်းပဲရှိတယ်ကွာ’လို့ သူ့ဟာသူပြောပြီး ထွက်သွားပါတယ်။ မခင်မေတို့ဆိုင် ရောက်တဲ့အခါ မခင်မေရှိရာကို သိန်းမောင်လျှောက်သွားတယ်။ အနားရောက်တဲ့အခါ ‘ကြီးကြီးကို ဒီစာပေးလိုက်ပါ’



လို့ ပြောပြီး စာပေးတယ်။ ပြီးတော့ မခင်မေကို တစ်ချက်ကြည့်တယ်။ ကြည့်ပြီး ဘာမျှ မပြောဘဲ ပြန်ထွက်လာတယ်။ မခင်မေက ‘ကိုသိန်း၊ ထမင်းစားသွားဦးလေ’လို့ ပြောပေမယ့် ပြန်လှည့်မကြည့်ဘဲ ‘မစားတော့ဘူး’လို့ ပြောပြီး ထွက်မြဲ ထွက်သွားတယ်။ မခင်မေဟာ ရှေးတုန်းက ယောက်ျားဆိုရင် ဒီလို တစ်ခါမှ မကြည့်ဖူးဘူး။ အခုတစ်ခါ မောင်သိန်းထွက်သွားတာကို ဆိုင်ထဲကနေပြီး မျက်စိတစ်ဆုံး ကြည့်နေတယ်။ မောင်သိန်း ကွယ်သွားတဲ့အခါ ညကလို သနားတဲ့စိတ်တွေ ထူးထူးဆန်းဆန်းကြီး ပေါ်နေပါတယ်။

ညနေ ဆိုင်သိမ်းတဲ့အခါ ကိုသိန်းပေးသွားတဲ့စာကို မခင်မေဟာ သူ့အမေကို ပေးပါတယ်။ သူ့အမေက ဖတ်ပြစမ်းပါဆိုတာနဲ့ မခင်မေဟာ ဖတ်ပြရပါတယ်။ စာဖတ်ပြီးတဲ့အခါ ကိုသိန်း ငါ့ကိုအထင်လွဲနေပြီလို့ တွေးမိပြီးတော့လဲဝမ်းနည်းပါတယ်။ ကိုသိန်းဟာ မြင့်မြတ်တဲ့ယောက်ျား တစ်ယောက်ပဲလို့ တွေးပြီးတော့လဲ ကိုသိန်းကို သနားတဲ့စိတ်ထဲမှာ ကြည်ညိုတဲ့စိတ်တွေ ထပ်တိုးလာပြန်ပါတယ်။ အမေကြီးက ‘သမီးရေ မေမေ့ကို ထမင်းမြန်မြန်ခူးကျွေးစမ်း၊ ဒီကိစ္စကို မေမေ ကနေ့ညပဲ ရှင်းပြလိုက်ပါ့မယ်’လို့ ပြောတာနဲ့ မခင်မေဟာ ထမင်းခူးရအောင် မီးဖိုထဲ ဝင်သွားပါတယ်။

ဒေါ်လှမေ ထမင်းစားပြီးတဲ့အခါ ဦးလှမောင် ဒေါ်သန်းတင်တို့ အိမ်ကိုသွားပြီး မောင်သိန်းရေးလိုက်တဲ့စာကို ပြပါတယ်။ စာဖတ်ပြီးတဲ့ အခါ ‘နောက်ဆုံး အခြေအနေကို မောင်သိန်း မသိရသေးဘူးလား’လို့ ဒေါ်သန်းတင်က မေးပါတယ်။ ‘မောင်သိန်းကို မပြောရသေးဘူး’လို့ ဒေါ်လှမေက ပြန်ပြောတယ်။ ဒီနောက် ဒေါ်လှမေနဲ့ ဒေါ်သန်းတင် တိုင်ပင်ပြီး မောင်သိန်းရဲ့အိမ်ကို လိုက်သွားပါတယ်။

မောင်သိန်းလဲ ကြီးကြီးနဲ့ ဒေါ်သန်းတင်တို့ကို ပျာပျာသလဲ ခရီးဦးကြိုပြုပါတယ်။ ထိုင်ပြီး စကားပြောကြတဲ့အခါ ဒေါ်လှမေက ‘ကိစ္စတွေ အားလုံးပြီးကုန်ပါပြီကွယ်၊ မောင်သိန်း စိတ်ချမ်းချမ်းသာသာ နေပါ၊ ကြီးကြီးနဲ့ ဒေါ်သန်းတင်နဲ့ ဦးလှမောင်နဲ့ အားလုံး စီစဉ်နေပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မနက်ကဆိုရင် မင်္ဂလာဆောင်ဖို့ရက်ကိုတောင် သုံးလေးရက် ရွေးပြီးပြီ၊ ဆရာရှိန်ကို ပြပြီး အကောင်းဆုံးရက်ကို ရွေးဖို့ပဲ ရှိတော့တယ်'လို့ ပြောပါတယ်။ အဲဒီအခါ မောင်သိန်းက 'ကြီးကြီးရယ် မခင်မေ ကျွန်တော့်ကို မေတ္တာရှိရဲ့လား၊ မေတ္တာမရှိဘဲနဲ့ ကြီးကြီးကြောင့်ယူရရင် တစ်သက်လုံး စိတ်မချမ်းမသာ ဖြစ်နေမှာပဲ၊ အဲဒါကို ကျွန်တော် ဘယ်နည်းနဲ့မှ မကြည့်ရက်ဘူး'လို့ ပြောတယ်။ 'ဒီလိုမဖြစ်စေရပါဘူးကွယ်'လို့ ဒေါ်လှမေက ပြောတဲ့အခါ မောင်သိန်းဟာ ဘာမှမပြောဘဲ ခေါင်းငုံ့ပြီး စဉ်းစားနေပါတယ်။ ဒေါ်သန်းတင်က 'ကဲ မောင်သိန်း၊ မခင်မေ မေတ္တာရှိတယ် မရှိဘူးဆိုတာ မင်းဟာမင်း မေး၊ အိမ်သွားမယ် လိုက်ခဲ့'လို့ ခေါ်တယ်။ 'အင်း အဲဒါကောင်းတယ်'လို့ ဒေါ်လှမေကလဲ ထောက်ခံတယ်။

မောင်သိန်းဟာ ရှပ်အင်္ကျီထပ်ဝတ်ပြီး လိုက်သွားပါတယ်။ လမ်းရောက်တဲ့အခါ ဒေါ်သန်းတင်က 'မခင်မေဟာ မင်းနဲ့ပတ်သက်ပြီး စိုးရိမ်တာတော့ရှိတယ်၊ မင်းကိုတော့ အတည့်အလင်း ဖွင့်ပြောမှပဲ၊ မင်း အရက်သောက်တတ်သလား'လို့ မေးတယ်။ 'ကျွန်တော် ဘုရားမှာလှူထားတယ်'လို့ သိန်းမောင်က ဖြေတယ်။ 'မင်း အလောင်းအစားတတ်သလား'လို့ ဒေါ်သန်းတင်က ထပ်မေးတယ်။ သိန်းမောင်က 'ဘုရားမှာ လှူထားတယ်'လို့ ဖြေတယ်။ 'မင်း အပျော်အပါး လိုက်စားတတ်သလား'လို့ ဒေါ်သန်းတင်က မေးတယ်။ 'ကျွန်တော် ဒါတွေ ဝါသနာမပါပါဘူး'လို့ သိန်းမောင်က ဖြေတယ်။ 'နောက်တစ်ခု မင်းကိုပြောရဦးမယ်၊ မင်းလဲ အိမ်ထောင်ကျပြီးရင် သူ့ကို စိတ်ဆိုးတဲ့အခါ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ငေါက်ပြီး သူ့ကို ရိုက်လားနှက်လား လုပ်မှာကို မခင်မေဟာ သိပ်ကြောက်တယ်'လို့ ပြောတယ်။ သိန်းမောင်က အသံထွက်အောင် ရယ်ပြီး 'ဒေါ်ဒေါ်ရယ်၊ တော်တော်ကြာ သူက ကျွန်တော့်ကို ရိုက်မှာပါ၊ ရိုက်ရင်တော့ ကျွန်တော် ကြီးကြီးနဲ့ ဒေါ်ဒေါ်ကို လာပြီး တိုင်ရမှာပဲ'လို့ ပြောပါတယ်။ အဲဒီလို စကားပြောရင်း ဒေါ်လှမေတို့အိမ်ကို ရောက်လာပါတယ်။



ဒေါ်လှမေ၊ ဒေါ်သန်းတင်၊ မောင်သိန်းတို့ ထိုင်မိကြတဲ့အခါ မခင်မေလဲ အနားမှာ လာထိုင်ပါတယ်။ အဲဒီအခါ ဒေါ်သန်းတင်က 'မခင်မေ၊ ညည်းကို မောင်သိန်းက မေးစရာတစ်ခုရှိနေတယ်၊ မီးဖိုထဲကို ခေါ်သွား' လို့ ပြောပါတယ်။ မခင်မေလဲ ကြောင်တက်တက်ဖြစ်နေပြီး ဆေးသေးဘူး။ ထိုင်မြဲ ထိုင်နေတယ်။ သူ့အမေကပါ 'မောင်သိန်း မေးစရာတစ်ခု ရှိနေတယ်၊ သွားပါ'လို့ နောက် ထပ်ပြီး ပြောတော့မှ မခင်မေက ရှေ့က သွားပါတယ်။ သိန်းမောင်က နောက်က လိုက်သွားပါတယ်။ မီးဖိုထဲရောက်တဲ့အခါ မခင်မေဟာ မောင်သိန်းကို ပြုံးပြီးကြည့်နေပါတယ်။ ရှေးတုန်းကဆိုရင် မခင်မေဟာ သူ့ကို ပြုံးပြီး ဒီလိုကြည့်တာ မောင်သိန်းဟာ တစ်ခါမှ မတွေ့ဖူးဘူး။ အဲဒါကြောင့် သိန်းမောင်ဟာ အင်မတန် ဝမ်းသာသွားပါတယ်။ မခင်မေဟာ သူ့ကို မေတ္တာရှိလို့သာ ဒီလို ပြုံးပြီးကြည့်နေတာဖြစ်မှာပဲလို့ တွေးပြီး အင်မတန်ကြီးလဲ ကျေနပ်သွားတယ်။

'မခင်မေ ကိုယ့်ကို မှန်မှန်ပြောနော်'လို့ သိန်းမောင်က စလိုက်တယ်။ 'ကျွန်မ လိမ်မပြောတတ်ပါဘူး ကိုသိန်း'လို့ မခင်မေက ပြန်ပြောတယ်။ 'အခု မေးမှာဟာ မခင်မေရဲ့ နောင်ရေး၊ ကိုယ့်ရဲ့ နောင်ရေးအတွက် အရေးကြီးတယ်၊ အဲဒါကြောင့် မမေးမဖြစ်လို့ မေးရမှာပါ၊ အနိုင်ကျင့်တယ် ဆိုလဲ မအောက်မေ့ပါနဲ့'လို့ မောင်သိန်းက စကားပလ္လင်ခံပြန်တယ်။ 'မေးသာမေးပါ ကိုသိန်းရယ်၊ အနိုင်ကျင့်တယ်လို့ ကျွန်မ မထင်ပါဘူး'လို့ မခင်မေက ပြန်ဖြေတယ်။ 'မခင်မေ၊ ကြီးကြီးဆီကို ကိုယ်ရေးလိုက်တဲ့စာ မခင်မေ ဖတ်ပြီးပလား'လို့ သိန်းမောင်က မေးတယ်။ မခင်မေက 'မေမေက သူ့ကို ဖတ်ပြနိုင်းလို့ စာကို ကျွန်မပဲ ဖတ်ရပါတယ်'လို့ ပြန်ဖြေပါတယ်။ သိန်းမောင်က အဲဒီတော့ 'မခင်မေ ကြီးကြီးကြောင့် မခင်မေဟာ ကိုယ့်ကို မေတ္တာမရှိဘဲ ယူရတယ်ဆိုရင် မခင်မေ တစ်သက်လုံး စိတ်မချမ်းမသာ ဖြစ်မှာပဲ၊ အဲဒါကို ကိုယ် မကြည့်ရက်ပါဘူး၊ ကိုယ်ဟာ သူတစ်ဖက်သား ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်စိတ်ချမ်းသာရရင်ပြီးရောဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူစားမျိုးမဟုတ်ပါဘူး၊ အမှန်အတိုင်း ပြောပါ့မယ်၊ ကိုယ်ဟာ မခင်မေကို သိပ်ချစ်တာပဲ၊ မခင်မေကို တစ်မိုးအောက်မှာ တစ်ယောက်ထဲရှိတယ်လို့ပဲ စိတ်ထဲမှာ စွဲနေတာပဲ၊ ဒါပေမယ့် အိမ်ထောင်ပြုတယ်ဆိုတာ တစ်ယောက်ထဲက တစ်ဖက်သတ် ချစ်နေလို့မပြီးဘူး၊ ယောကျ်ားကချည်းပဲ တစ်ဖက်သတ် ချစ်နေလို့ မပြီးဘူး၊ မိန်းမကချည်းပဲ တစ်ဖက်သတ် ချစ်နေလို့မပြီးဘူး၊ ဒီလို တစ်ဖက်သတ် ချစ်နေတဲ့ အိမ်ထောင်ရေးဟာ ပျော်စရာကောင်းတဲ့ အိမ်ထောင်မဖြစ်နိုင်ဘူး၊ ယောကျ်ားသော်လည်းကောင်း၊ မိန်းမသော်လည်းကောင်း မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေရမယ့် အိမ်ထောင်မျိုးသာ ဖြစ်မှာပဲ၊ ဒီလို တစ်ဖက်သတ် အိမ်ထောင်ဟာ ကြာရှည်ခံတဲ့ အိမ်ထောင်မဖြစ်နိုင်ဘူး၊ စလယ်ဝင် ဖင်မည်းခင်ကဆိုတဲ့ အိမ်ထောင်မျိုးသာ ဖြစ်မှာပဲ၊ ဒီအိမ်ထောင်မျိုးကို မခင်မေ လိုလားမှာ မဟုတ်ဘူး၊ ကိုယ်လဲ မလိုလားဘူး၊ လောကုတ္တရာအတွက်လဲ ကောင်းမှာ မဟုတ်ဘူး၊ ဒါကတော့ မခင်မေက ကိုယ့်ထက် ပိုသိပါတယ်၊ ကိုယ့်အတွက်ကတော့ သန္နိဋ္ဌာန်ချပြီးပြီ၊ မခင်မေ ကိုယ့်ကို မေတ္တာမရှိရင် မယူဘူး၊ ကြီးကြီးပြောပြော ဒေါ်သန်းပဲပြောပြော၊ ဦးပဲ ပြောပြော၊ ဘယ်သူပြောပြော မယူဘူး၊ အဲဒီတော့ မခင်မေ ကိုယ့်ကို မေတ္တာရှိသလား၊ မရှိဘူးလား၊ အဲဒါကိုပဲ ကိုယ်သိချင်တယ်၊ ကြီးကြီးကြောင့် ယူရတယ်ဆိုတာတော့ တစ်သက်လုံးမလုပ်ပါနဲ့ မခင်မေ၊ ကြီးကြီးကို ကိုယ်ကြည့်ပြီးပြောပါ့မယ်၊ ကိုယ့်တာဝန်ထားပါ၊ အားမနာပါနဲ့၊ ပြောသာပြောပါ၊ မခင်မေ ကိုယ့်ကို မေတ္တာရှိသလား၊ မရှိဘူးလား’လို့ မေးပါတယ်။

မခင်မေဟာ ခေါင်းငုံ့ပြီး နားထောင်နေရာက မော်မကြည့်ဘဲ ‘ကိုသိန်းရယ် ကျွန်မ မေတ္တာရှိပါတယ်’လို့ ဖြေပါတယ်။ သိန်းမောင်က ‘မခင်မေ’လို့ ခေါ်လိုက်ပါတယ်။ မခင်မေက မော့ကြည့်တယ်။ သိန်းမောင်ဟာ ပြုံးပြီး မခင်မေကို ကြည့်နေပါတယ်။ မခင်မေလဲ သိန်းမောင်ကို ပြုံးပြီး ကြည့်နေပါတယ်။ သိန်းမောင်လဲ ဝမ်းသာလုံးဆို့ပြီး ဘာမှ မပြောနိုင်ဘဲ မခင်မေရဲ့ ညာလက်ဝါးကို သူ့လက်နှစ်ဖက်နဲ့ ကိုင်ပြီး ခါနေ



ပါတယ်။ ပါးစပ်ကလဲ ‘ကျေနပ်ပြီ၊ ကျေနပ်ပြီ’လို့ သုံးလေးကြိမ် ရွတ်ဆိုက်ပါတယ်။ ပြီးတော့မှ ‘မခင်မေ၊ ကိုယ် အရက်နဲ့ အလောင်းအစားကို ဘုရားမှာလှူထားပါတယ်၊ စိတ်ချပါ၊ အပျော်မလိုက်တတ်ပါဘူး၊ စိတ်ချပါ၊ သစ္စာရေတိုက်ရင် အခုသောက်ပါ့မယ်၊ နောက်ပြီးတော့ ကိုယ်အလုပ်လုပ်တဲ့ နေရာမှာလဲ မခင်မေ သဘောကျအတိုင်းပါပဲ၊ သူ့ငွေရဲ့ ပစ္စည်းတွေဟာ သိန်းနဲ့ချီပြီး ကိုယ်ကိုင်နေရပါတယ်၊ အလုပ်ဝင်တဲ့နေ့ကစပြီး ဒီနေ့အထိ ရုံးက တွယ်အပ်တစ်ချောင်း အိမ်ကို ယူမလာဖူးဘူး၊ ရုံးက စက္ကူနဲ့ မိတ်ဆွေတွေဆီကို စာမရေးဖူးဘူး၊ သူများပစ္စည်းဆိုရင် ဒါလောက်အထိ ကိုယ်ရှောင်တယ်၊ ဒီ့အပြင် မခင်မေ ဘာမေးချင်သေးသလဲ မေးပါ၊ ကိုယ်ဖြေပါ့မယ်’လို့ ပြောတယ်။ ‘မေးဖို့ မလိုတော့ပါဘူး ကိုသိန်းရယ်’လို့ မခင်မေက ပြန်ပြောပါတယ်။ ‘ဒီလိုဆိုရင် မခင်မေဆီက ကိုယ် ကတိတစ်ခုလိုချင်တယ်၊ ပေးနိုင်ပါ့မလား’လို့ သိန်းမောင်က မေးတယ်။ မခင်မေက ‘ဘာကတိလဲ ကိုသိန်းရယ်’လို့ ပြန်မေးပါတယ်။ အဲဒီအခါ သိန်းမောင်က ‘အိမ်ထောင်ကျပြီးရင် ကိုယ့်ကို စိတ်ဆိုးတဲ့အခါ မခင်မေ ကိုယ့်ကို ခုနစ်အိမ်ကြား ရှစ်အိမ်ကြား မအော် မငေါက်ပါဘူး၊ ကိုယ့်ကို ရိုက်လား နှက်လား မလုပ်ပါဘူးဆိုတဲ့ ကတိကို ပေးနိုင်ပါ့မလား’လို့ ရယ်ပြီး မေးတယ်။ မခင်မေက ပြုံးပြီး ‘ပေးနိုင်ပါတယ် ကိုသိန်းရယ်’လို့ ပြန်ဖြေတယ်။ သိန်းမောင်ဟာ အကျေနပ်ကြီး ကျေနပ်နေတယ်။ အဲဒါကြောင့် တစ်ကြိမ်ထပ်ပြီး ‘မခင်မေ ကိုယ့်ကိုချစ်တယ်နော်’လို့ မေးပါတယ်။ ‘ချစ်ပါတယ် ကိုသိန်းရယ်’လို့ မခင်မေက ဖြေတယ်။ ‘မခင်မေ၊ ကိုယ့်ကို အဟုတ် မေတ္တာရှိတယ်နော်’လို့ ထပ်မေးပြန်ပါတယ်။ ‘အဟုတ် မေတ္တာရှိပါတယ်၊ ကိုသိန်းရယ်’လို့ မခင်မေက ဖြေပါတယ်။ ‘မခင်မေ ကိုယ့်ကို အူထဲ အသည်းထဲကပါ ချစ်တယ်နော်’လို့ သိန်းမောင်က ထပ်ပြီးမေးတယ်။ ‘မခင်မေကလဲ အူထဲ အသည်းထဲကပါ ချစ်ပါတယ် ကိုသိန်းရယ်’လို့ ဖြေပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

၁၀

## အရိယာတို့၏ အရပ် ၆ မျက်နှာ

မောင်သိန်းမောင်နဲ့ မခင်မေတို့ကို မခင်မေတို့အိမ်မှာ မင်္ဂလာဆောင်တယ်။ အမိန့်တော်ရ ရှေ့နေကြီး ဦးလှမောင် ဒေါ်သန်းတင်တို့က လက်ထပ်ပေးတယ်။ လက်ထပ်ပေးတဲ့ အခန်းအနားပြီးတဲ့အခါ အစီအစဉ်အရ မြန်မာအလယ်တန်းကျောင်းဆရာကြီး ဦးဖိုးစိန်က သူ့ဩဝါဒပေးရတဲ့ မင်္ဂလာဆောင်တိုင်းမှာ ဟောနေကျဖြစ်တဲ့ သိင်္ဂါလသုတ်ကို ဒီလိုဟောပါတယ်။

'မောင်သိန်းနဲ့ မခင်မေတို့ သိင်္ဂါလသုတ်ဟာ လူငယ်လူရွယ်တွေ လက်ထပ်ပြီးကာစ ဇနီးမောင်နှံတွေနဲ့ အထူးသင့်တော်တဲ့အတွက် မင်္ဂလာပွဲတိုင်းမှာ ဆရာဟောနေကျ သိင်္ဂါလသုတ်ကိုပဲ ဆရာဟောပြီး ဩဝါဒပေးရမှာပဲ၊ ကြိုးစားပြီး မှတ်ကြကွယ်။

'မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည်ထဲကို ဆွမ်းခံဝင်တော်မူတဲ့အခါ သိင်္ဂါလ သူကြွယ်သားဟာ အဝတ်တွေကလဲ ရေတွေစို၊ ဆံပင်တွေကလဲ ရေတွေစိုပြီး အရပ်ခြောက်မျက်နှာကို ရှိခိုးနေတာ မြင်တော်မူပါတယ်၊ အဲဒီအခါ မြတ်စွာဘုရားက 'သိင်္ဂါလ ဘာဖြစ်လို့ ဒီလိုရှိခိုးနေတာလဲ'လို့ မေးတော်မူပါတယ်။ သိင်္ဂါလကလဲ သူ့အဖေ မသေခင်မှာခဲ့တဲ့အတိုင်း



ရှိခိုးနေပါတယ်'လို့ လျှောက်ထားတယ်။ မြတ်စွာဘုရားကလဲ မဟာကရုဏာတော်ကြောင့် 'သိင်္ဂါလ၊ အရိယာတွေရဲ့ အဆုံးအမအတိုင်းဆိုရင် အရပ်ခြောက်မျက်နှာကို ဒီလို မရှိခိုးဘူး'လို့ မိန့်တော်မူတယ်။ သိင်္ဂါလက 'အရှင်ဘုရား၊ အရိယာတို့ရဲ့ အဆုံးအမမှာ အရပ်ခြောက်မျက်နှာကို ဘယ်လိုရှိခိုးရပါသလဲ၊ တပည့်တော်အား အစဉ်သနားသည်ကို အကြောင်းပြု၍ အရိယာတို့ရဲ့ အဆုံးအမကို ဟောကြားတော်မူပါဘုရား'လို့ လျှောက်ထားတဲ့အတွက် မြတ်စွာဘုရားက အရိယာတို့ရဲ့ အဆုံးအမကို ဒီလို ဟောကြားတော်မူတယ်။

'သိင်္ဂါလ အရိယာတို့ရဲ့ အဆုံးအမမှာ အရပ်ခြောက်ပါးဆိုတာ တခြား မဟုတ်ဘူး၊ (၁) အမိအဖဟာ အရှေ့အရပ် ဖြစ်တယ်။ (၂) ဆရာသမားဟာ တောင်အရပ်ဖြစ်တယ်။ (၃) သားမယားဟာ အနောက်အရပ်ဖြစ်တယ်။ (၄) မိတ်ဆွေကောင်းဟာ မြောက်အရပ်ဖြစ်တယ်။ (၅) အစေအပါး အလုပ်သမားတွေဟာ အောက်အရပ် ဖြစ်တယ်။ (၆) သမဏဗြာဟ္မဏတွေဟာ အထက်အရပ် ဖြစ်တယ်။

### အရှေ့အရပ် လုံခြုံရေး

'သိင်္ဂါလ, သားသမီးအဖြစ်နဲ့ ဆောင်ရွက်ရမယ့် ဝတ္တရားဟာ ငါးမျိုးရှိတယ်။

(၁) မိဘတွေဟာ ငါတို့ကို ကြီးပြင်းလာအောင် ကျွေးမွေးလာခဲ့ကြတယ်။ ငါတို့ကလဲ မိဘတွေကို ပြန်ပြီးလုပ်ကျွေးကြရမယ်။ အဲဒီလို နှလုံးသွင်းပြီး သားသမီးတွေဟာ မိဘတွေကို လုပ်ကျွေးကြရမယ်။

(၂) မိဘတွေရဲ့ အမှုကိစ္စကို ဆောင်ရွက်ပေးရမယ်။

(၃) မိဘတွေရဲ့ ဥစ္စာပစ္စည်းကို မပျောက်ပျက်ရအောင် စောင့်ထိန်းရမယ်။ မိဘတွေ အစဉ်အဆက်ပြုလုပ်လာတဲ့ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကို ပျက်မသွားရအောင် စောင့်ထိန်းခြင်းအားဖြင့် အမျိုးအနွယ်ကို တည်အောင် ဆောင်ရွက်ရမယ်။

(၄) အမွေခံထိုက်အောင် မိဘတွေရဲ့ အဆုံးအမအတိုင်း ကျင့်ကြံလိုက်နာရမယ်။

(၅) ကွဲကွာ သေလွန်သွားတဲ့ အမိအဖတွေအတွက် အလှူပေးရမယ်။

'သိင်္ဂါလ ဒီဝတ္တရားငါးပါးနဲ့ ပြည့်စုံတဲ့ သားသမီးတွေအပေါ်မှာ မိဘတွေက ပြန်ပြီး ဆောင်ရွက်ပေးရမယ့် ဝတ္တရားငါးပါးရှိတယ်။

(၁) မကောင်းမှုမှ တားမြစ်ရမယ်။

(၂) ကောင်းမှုကို ညွှန်ကြားရမယ်။

(၃) ပညာသင်ပေးရမယ်။

(၄) သင့်တော်တဲ့သူနဲ့ ထိမ်းမြားပေးရမယ်။

(၅) သင့်တော်တဲ့အချိန်အခါမှာ အမွေပေးရမယ်။

'သိင်္ဂါလ သားသမီးတွေကလဲ သူတို့ရဲ့ ဝတ္တရားငါးပါးနဲ့ ပြည့်စုံရမယ်၊ မိဘတွေကလဲ သူတို့ရဲ့ ဝတ္တရားငါးပါးနဲ့ ပြည့်စုံကြမယ်ဆိုရင် အရိယာတို့ရဲ့ အဆုံးအမအရ အရှေ့အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်လို့ ခေါ်တယ်။

## တောင်အရပ် လုံခြုံရေး

'သိင်္ဂါလ တပည့်အဖြစ်နဲ့ ဆောင်ရွက်ရမယ့် ဝတ္တရားဟာ ငါးမျိုးရှိတယ်။

(၁) ဆရာလာရင်၊ နေရာမှထပြီး ခရီးဦးကြိုရမယ်။

(၂) ဆရာကို ခစားဆည်းကပ်ရမယ်။

(၃) ဆရာ့စကားကို နာယူရမယ်။

(၄) ဆရာကို အရိုအသေလုပ်ကျွေးရမယ်။

(၅) အတတ်ပညာကို ရိုသေစွာ သင်ကြား လေ့ကျက်ရမယ်။



'သိင်္ဂါလ၊ ဒီဝတ္တရား ငါးပါးနဲ့ ပြည့်စုံတဲ့ တပည့်တွေအပေါ်မှာ ဆရာက ပြန်ပြီးဆောင်ရွက်ပေးရမယ့် ဝတ္တရားငါးပါး ရှိတယ်။

(၁) ကောင်းစွာ ဆုံးမသင့်တဲ့အရာကို ဆုံးမရမယ်။

(၂) ကောင်းစွာသင်သင့်တဲ့အရာကို သင်ပေးရမယ်။

(၃) ပညာကို ချန်မထားရဘူး၊ အားလုံးသင်ပေးရမယ်။

(၄) ကောင်းတဲ့အဆွေခင်ပွန်းတွေဆီမှာ တပည့်ကိုအပ်နှံရမယ်။

(၅) သွားလေရာရာမှာ တပည့်ကို ဘေးကင်းအောင် စောင့်ရှောက်ရမယ်။

'သိင်္ဂါလ၊ တပည့်တွေကလဲ သူတို့ရဲ့ ဝတ္တရားငါးပါးနဲ့ ပြည့်စုံမယ်၊ ဆရာတွေကလဲ သူတို့ရဲ့ ဝတ္တရားငါးပါးနဲ့ ပြည့်စုံကြမယ်ဆိုရင် အရိယာတို့ရဲ့ အဆုံးအမအရ တောင်ရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်လို့ ခေါ်တယ်။

## အနောက်အရပ် လုံခြုံရေး

'သိင်္ဂါလ၊ လင်ယောကျ်ား ဆောင်ရွက်ရမယ့်ဝတ္တရား ငါးပါးရှိတယ်။

(၁) မယားကို အမြတ်တနိုးခေါ်ရမယ်။

(၂) နှိမ့်ချပြီး မခေါ်ရဘူး။

(၃) မိမိမယားကို လွန်ပြီး၊ တခြားမိန်းမတွေနဲ့ မပျော်ပါးရဘူး။

(၄) မယားဟာ မီးဖိုချောင်ကိုအုပ်ချုပ်ဖို့ တာဝန်လွှဲပေးရမယ်။

(၅) ထိုက်တန်တဲ့ အဝတ်တန်ဆာကို ပေးရမယ်။

'သိင်္ဂါလ၊ ဒီဝတ္တရားငါးပါးနဲ့ ပြည့်စုံတဲ့ ယောကျ်ားတွေအပေါ်မှာ မယားကပြန်ပြီး ဆောင်ရွက်ပေးရမယ့် ဝတ္တရားငါးပါးရှိတယ်။

(၁) အမှုကြီးငယ်ကို ကောင်းစွာ စီရင်ရမယ်။

(၂) နှစ်ဖက်သော ဆွေမျိုးများကိုလဲ ချီးမြှောက်ရမယ်။

(၃) မိမိလင်မှတစ်ပါး အခြားယောကျ်ားတွေနဲ့ လွန်ကျူးတဲ့ အကျင့်တွေက ကင်းရမယ်။

www.burmeseclassic.com

www.burmeseclassic.com



(၄) ယောကျ်ားရှာဖွေပေးတဲ့ဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်ရမယ်။

(၅) ကိစ္စအားလုံးမှာ လိမ္မာပြီး ပျင်းရိခြင်းကင်းရမယ်။

'သိင်္ဂါလ၊ လင်ယောကျ်ားကလဲ သူ့ဝတ္တရားငါးပါးနဲ့ ပြည့်စုံမယ်၊ မယားကလဲ သူ့ဝတ္တရားငါးပါးနဲ့ ပြည့်စုံမယ်ဆိုရင် အရိယာတို့ရဲ့ အဆုံးအမအရ အနောက်အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်လို့ ခေါ်တယ်။

## မြောက်အရပ် လုံခြုံရေး

'သိင်္ဂါလ၊ အမျိုးကောင်းသားတစ်ဦးဟာ မိမိရဲ့ မိတ်ဆွေခင်ပွန်းတွေအပေါ်မှာ ပြုစုရမယ့် ဝတ္တရားငါးပါးရှိတယ်။

(၁) ပေးကမ်းစွန့်ကြဲရမယ်။

(၂) ချစ်ဖွယ်သောစကားကို ဆိုရမယ်။

(၃) မိတ်ဆွေခင်ပွန်းရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ရမယ်။

(၄) မိမိနဲ့ ထပ်တူညီမျှ ဆက်ဆံရမယ်။

(၅) ပေးကမ်းနေကျပစ္စည်းဥစ္စာများကို ပျက်ကွက်ခြင်းမရှိဘဲ ပေးကမ်းရမယ်။

'သိင်္ဂါလ၊ ဒီဝတ္တရားငါးပါးနဲ့ ပြည့်စုံတဲ့ အမျိုးကောင်းသားကောင်းအပေါ်မှာ မိတ်ဆွေခင်ပွန်းတွေက ပြန်ပြီး ဆောင်ရွက်ပေးရမယ့် ဝတ္တရားငါးပါးရှိတယ်။

(၁) မူးယစ်တဲ့မိတ်ဆွေကို စောင့်ရှောက်ရမယ်။

(၂) မူးယစ်တဲ့မိတ်ဆွေရဲ့ ပစ္စည်းဥစ္စာကို စောင့်ရှောက်ရမယ်။

(၃) ကြောက်တတ်တဲ့ မိတ်ဆွေရဲ့ အားကိုးရာဖြစ်ရမယ်။

(၄) ဘေးအန္တရာယ်နဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ မစွန့်ပစ်ရဘူး။

(၅) ဒီမိတ်ဆွေရဲ့ သားမြေးအဆက်ဆက်ကိုလဲ တုံ့ပြန်ချီးမြှောက်ရမယ်။



'သိင်္ဂါလ၊ အမျိုးကောင်းသားကလဲ သူ့ဝတ္တရားငါးပါးနဲ့ ပြည့်စုံမယ်၊ မိတ်ဆွေတွေကလဲ သူတို့ဝတ္တရားငါးပါးနဲ့ ပြည့်စုံမယ်ဆိုရင် အရိယာတို့ရဲ့ အဆုံးအမအရ မြောက်အရပ်ဟာ လုံခြုံတယ်။ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်လို့ ခေါ်တယ်။

## အောက်အရပ် လုံခြုံရေး

'သိင်္ဂါလ၊ အရှင်သခင်ဟာ မိမိရဲ့ အစေအပါးအလုပ်သမားတွေအပေါ်မှာ ဆောင်ရွက်ရမယ့် ဝတ္တရားငါးပါးရှိတယ်။

(၁) အလုပ်သမား အစေအပါးတိုင်းမှာရှိတဲ့ ခွန်အားအလျောက်သာ အလုပ်ခိုင်းရမယ်။

(၂) ထမင်းရိက္ခာပေးရမယ်။

(၃) မကျန်းမမာတဲ့အခါ ပြုစုရမယ်။

(၄) အရသာရှိတဲ့ အစားအစာများကို ခွဲဝေပေးရမယ်။

(၅) အခါအားလျော်စွာ အားလပ်ခွင့် ပေးရမယ်။ အဝတ်တန်ဆာစသည်တို့ကို ပေးရမယ်။

'မောင်သိန်းမောင်နဲ့ မခင်မေတို့ ဒီနေရာမှာ ဘုရားဟောကို ခဏလောက်ရပ်ထားပြီး ဆရာကြီးတွေ့ဖူးတဲ့ လက်တွေ့ကလေးတွေကို နည်းနည်း ပြောပါရစေ၊ တချို့အိမ်တွေမှာ အစေအပါးအလုပ်သမားတွေကို ဘယ်လိုထားတယ်ဆိုတာ ဆရာကြီးတွေ့ဖူးတယ်၊ အိမ်ကြီးရှင်တွေဟာ ဒီအစေအပါးအလုပ်သမားတွေအပေါ်မှာ သိပ်ရက်စက်တာပဲ၊ တချို့ အစေအပါး ယောကျ်ားကလေးတွေ မိန်းကလေးတွေဟာ ဆယ်နှစ် ဆယ့်တစ်နှစ်လောက်ပဲ ရှိဦးမယ်၊ သူတို့ရဲ့ မိဘတွေသာ ချောင်ချောင်လည်လည်နဲ့ စားနိုင်သောက်နိုင်ဆိုရင် ဒီအရွယ်တွေဟာ မိဘတွေနဲ့ ရင်အုပ်မကွာ အတူတူနေကြဦးမှာပေါ့၊ ဘယ်ခွဲလိမ့်မလဲ၊ သူတို့ရဲ့ မိဘတွေအပေါ်မှာ ချွဲဆိုးဆိုးလို့ ကောင်းတုန်းအရွယ်တွေပေါ့၊ အဲဒီလို စားစရာရှိလို့ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာလာပြီး ကပ်ရပ်နိုလှုံနေရတဲ့ အစေအပါး ကြီးငယ်တွေအပေါ်မှာ ဒီအိမ်ကြီးရှင်တွေပြုစုပုံဟာ ဘုရားဟောနဲ့တော့ ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေတာပဲ။

'ဒီအိမ်ကြီးရှင်တွေဟာ ဒီအစေအပါးတွေကို ခိုင်းစရာရှိလဲ ခွန်အား ရှိတာထက် ပိုခိုင်းတာပဲ၊ ထမင်းစားရပြန်တော့လဲ ဟင်းကောင်းဆိုရင် ဘယ်တော့မှ မစားရဘူး၊ အိမ်ကြီးရှင်မိသားစုတွေ စားပြီးလို့ ဟင်းပန်းကန် ထဲမှာ ကျန်နေတဲ့ အရိုးအရင်းလောက်ပဲ စားရတယ်၊ နေမကောင်းတဲ့ အခါ ပစ်ထားတာပဲ၊ အရသာရှိတဲ့ အစားအစာတွေကျပြန်ရင်လဲ အိမ်ကြီး ရှင်နဲ့ မိသားစုသာ အကုန်ကြိတ်ပစ်ကြတာပဲ၊ အစေအပါးကလေးတွေ ဆိုတာ အနားက ရပ်ကြည့်ပြီး အနံ့ခံရင်း သရေသာကျရရှာတာပဲ၊ အား လပ်ခွင့်ဆိုတာလဲ ဘယ်တော့မှမရဘူး၊ အဝတ်တန်ဆာကျပြန်တော့လဲ အစုတ်အပြတ်ကို ဖာထေးပြီး ဆင်ထားတာပဲ၊ ဒါတွေထက်ဆိုးတာက ဒီ အစေအပါးကလေးတွေမှာ အမှားအယွင်းရှိလို့ ဆုံးမစရာရှိရင် အညိုအမည်း ပေါက်ပြဲကုန်တဲ့အထိ မညှာမတာ ရက်ရက်စက်စက် ရိုက်နှက်ဆုံးမတာပဲ ဖြစ်တယ်၊ အိမ်ကြီးရှင်အဖေနဲ့ အမေကသာ နှိပ်စက်ရုံ မကသေးဘူး၊ သူတို့ရဲ့ သားသမီးတွေကပါ ဝိုင်းပြီး နှိပ်စက်လိုက်ကြသေးတယ်။

'မောင်သိန်းမောင်နဲ့ မခင်မေတို့ရေ အခုပြောခဲ့တဲ့ အိမ်ကြီးရှင် မျိုးတွေကိုတော့ အတုမခိုးပါနဲ့ကွယ်၊ မင်းတို့ကိုယ်ကို မင်းတို့ သနား ကြပါ၊ ကုသိုလ်နဲ့ အကုသိုလ်ဆိုတာ အတော်ထူးဆန်းတဲ့ တရားတွေပဲ၊ ကုသိုလ်ဘက်မှာလဲ ညောင်စေ့လောက်လုပ်လိုက်ရင် ညောင်ပင်ကြီးလောက် ရတယ်၊ ဇောတိကဟာ ဘဝဆက်တိုင်းမှာ အင်မတန်ကြီးကျယ်တဲ့သူဌေး ကြီးတွေ လျှောက်ဖြစ်လာတာ ကြံကလေးတစ်ချောင်းကို လှူခဲ့လို့ပဲ၊ အဲဒီ လိုပဲ အကုသိုလ်ဘက်မှာလဲ ညောင်စေ့လောက်လုပ်လိုက်ရင် ညောင်ပင် ကြီးလောက် ပြန်ခံရတယ်၊ ကောသလမင်းကြီးရဲ့ မိဖုရားကြီး မလ္လိကာဟာ လွန်ခဲ့တဲ့ ဘဝဟောင်းတစ်ခုတုန်းက ညီ့သည်ကျွေးဖို့အတွက် အောက်မှာ မွေးထားတဲ့ ဆိတ်တစ်ကောင်ကို လည်လှီးပြီး တစ်ခါတည်း သတ်မိတဲ့



…အတွက် သေတဲ့အခါ ငရဲကျပြီး နှစ်ပေါင်းသောင်းပေါင်းများစွာ ခံရတယ်၊ …ရဲက လွတ်လာတဲ့အခါလဲ မပြီးသေးဘူး၊ ဆိတ်သတ်တဲ့ ကံအကြွင်းအကျန် …လေး ရှိနေသေးတဲ့အတွက် ဆိတ်တစ်မွေးကို တစ်ဘဝစီနဲ့ ဆိတ်အမွေး …သမျှ ဘဝပေါင်းများစွာမှာ မလ္လိကာ အလောင်းအလျာဟာ ဆိတ်လိုပဲ …ည်လှီးပြီး အသတ်ခံခဲ့ရသေးတယ်။

'အကုသိုလ်ဟာ ဘယ်လောက်ကြောက်စရာကောင်းသလဲ၊ အိမ်မှာ …ပ်ရပ် မှီခိုနေရတဲ့ အစေအပါးကလေးတွေကို သားသမီးတွေလို ကြင် …ကြင်နာနာ မပြုစုဘဲ ဘုရားဟောနဲ့ ဆန့်ကျင်ဘက်လုပ်ပြီး ရက်စက်တဲ့ …အိမ်ရှင်ကြီးတွေ သေကြရင် ဘယ်သွားမလဲဆိုတာ သံသယဖြစ်မနေကြ …နဲ့တော့၊ ငရဲခေါက်ထိုးဆင်းမှာပဲ၊ ငရဲမှာ အကြာကြီးခံရပြီး လွတ်လာပြန် …ရင်လဲ ဒီအိမ်ကြီးရှင်တွေဟာ လူတွေဖြစ်ပြန်ရင်လဲ ဘဝပေါင်းများစွာ …သူများတွေအိမ်မှာ မှီခိုကပ်ရပ် စားကြွင်းစားတွေဖြစ်ပြီး အနှိပ်အစက် …ခံရဦးမယ်၊ တိရစ္ဆာန်တွေဖြစ်ပြန်ရင်လဲ ဘဝပေါင်းများစွာ အင်မတန် …ရက်စက်တဲ့ ပိုင်ရှင်တွေရဲ့ လက်ထဲကို ရောက်ရမယ်၊ နွားတွေ၊ ချိုစောင်း …တွေ၊ ခါးဆစ်တွေကို နံပါတ်တုတ်ကြီးတွေ၊ ကြိမ်လုံးခေါင်းကြီးတွေနဲ့ …ဗုန်းဗုန်း တအုန်းအုန်း အရိုက်ခံရင်း နေပူမရှောင် မိုးရွာမရှောင် အသက် …ငွေ့ငွေ့ကလေး ကျန်တဲ့အထိ အလုပ်လုပ်ပေးရဦးမယ်။

'အဲဒီတော့ မောင်သိန်းမောင်နဲ့ မခင်မေတို့ရေ၊ ဒါကလေးတွေ …တော့ ဆရာ အထူးမှာလိုက်ပါရစေကွယ်၊ မင်းတို့ ကိုယ်ကို မင်းတို့ …သနားပါ၊ အိမ်မှာလာပြီး ကပ်ရပ် မှီခိုနေရတဲ့ အစေအပါးကလေးတွေ …ကိုတော့ မနှိပ်စက်ပါနဲ့၊ ဒါကလေးတွေ မကောင်းရင် သူတို့မိဘတွေဆီကို …ပြန်ပို့၊ လုပ်စရာရှိတာတွေ ကိုယ့်ဟာကိုယ်လုပ်၊ အဲဒါက နည်းနည်းတော့ …ပင်ပန်းမယ်၊ ဒါပေမယ့် ငရဲမကျဘူး၊ ဝဋ်မလိုက်ဘူး၊ နှိပ်စက်တာက ငရဲ …ကျမယ်၊ ငရဲကလွတ်လာရင် အကြာကြီး ဝဋ်လိုက်နေဦးမယ်။

'ကဲ ဒါလောက်ဆိုရင် တော်ပါပြီ၊ မောင်သိန်းမောင်နဲ့ မခင်မေတို့ရေ …ဂါလသုတ်ကို ပြန်ဆက်လိုက်ကြဦးစို့၊ အရှင်သခင်တွေက အစေအပါး

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတွေကို ဘယ်လိုပြုစုရမယ်ဆိုတာ မြတ်စွာဘုရားဟောကြားပြီးတော့ အစေအပါးတွေကလဲ အရှင်သခင်တွေကို ဘယ်လိုပြန်ပြီး ပြုစုရမယ်ဆိုတာကို မြတ်စွာဘုရားဆက်ပြီး မိန့်ကြားတော်မူတယ်။

'သိင်္ဂါလ၊ ဝတ္တရားငါးပါးနဲ့ ပြည့်စုံတဲ့ အရှင်သခင်တွေအပေါ်မှာ အစေအပါးအလုပ်သမားများက ဆောင်ရွက်ပေးရမယ့်ဝတ္တရားငါးပါးရှိတယ်။

(၁) အရှင်မနိုးခင် အိပ်ရာမှ ထရမယ်။

(၂) အရှင်အိပ်ပြီးတဲ့နောက်မှ အိပ်ရမယ်။

(၃) အရှင်ကပေးတာကိုသာ ယူရမယ်။

(၄) အလုပ်ကို ကောင်းကောင်းလုပ်ရမယ်။

(၅) အရှင်ရဲ့ ကောင်းတဲ့သတင်းကိုသာ ပြောကြရမယ်။

'သိင်္ဂါလ၊ အရှင်သခင်တွေဟာ သူတို့ရဲ့ ဝတ္တရားငါးပါးနဲ့ပြည့်စုံမယ်၊ အစေအပါး အလုပ်သမားတွေကလဲ သူတို့ရဲ့ ဝတ္တရားငါးပါးနဲ့ ပြည့်စုံမယ်ဆိုရင် အရိယာတို့ရဲ့ အဆုံးအမမှာ အောက်အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်လို့ ခေါ်တယ်။

## အထက်အရပ် လုံခြုံရေး

'သိင်္ဂါလ၊ အမျိုးကောင်းသားတစ်ဦးဟာ သမဏ ဗြာဟ္မဏတွေအပေါ်မှာ ဆောင်ရွက်ရမယ့် ဝတ္တရားငါးပါးရှိတယ်။

(၁) မေတ္တာရှေ့ထားပြီး ကိုယ်နဲ့ ပြုစုရမယ်။

(၂) မေတ္တာရှေ့ထားပြီး နှုတ်နဲ့ ပြုစုရမယ်။

(၃) သာမဏ ဗြာဟ္မဏတွေအပေါ်မှာ မေတ္တာနဲ့ယှဉ်နေတဲ့စိတ်ကို သာထားရမယ်။

(၄) အမြဲမပြတ်လှူဒါန်းလိုတဲ့ စေတနာတံခါးကို ဖွင့်ထားရမယ်။

(၅) ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဆိုတဲ့ ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ရမယ်။



'သိင်္ဂါလ၊ ဒီဝတ္တရားငါးပါးနဲ့ ပြည့်စုံတဲ့ အမျိုးသား ဒါယကာအပေါ်မှာ သမဏ ဗြာဟ္မဏတွေ ဆောင်ရွက်ရမယ့် ဝတ္တရားခြောက်ပါးရှိတယ်။

(၁) မကောင်းမှုမှ တားမြစ်ရမယ်။

(၂) ကောင်းမှုကို ညွှန်ကြားရမယ်။

(၃) ကောင်းတဲ့စိတ်နဲ့ စောင့်ရှောက်ရမယ်။

(၄) မကြားဖူးတဲ့တရားစကားကို ဟောကြားရမယ်။

(၅) ကြားဖူးတဲ့ တရားစကားတွေထဲမှာလဲ အမှားမရှိရအောင် သုတ်သင်ပေးရမယ်။

(၆) နတ်ပြည်ရောက်ကြောင်း သူတော်ကောင်းတရားကို ဟောကြားရမယ်။

'သိင်္ဂါလ၊ အမျိုးကောင်းသား ဒါယကာဟာ သူ့ဝတ္တရားငါးပါးနဲ့ ပြည့်စုံမယ်၊ သာမဏ ဗြာဟ္မဏတွေကလဲ သူတို့ရဲ့ ဝတ္တရားခြောက်ပါးနဲ့ ပြည့်စုံမယ်ဆိုရင် အရိယာတို့ရဲ့ အဆုံးအမအရ အထက်အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်လို့ ခေါ်တယ်'လို့ မြတ်စွာဘုရားဟာ သိင်္ဂါလသူကြွယ်သားကို အရပ်ခြောက်မျက်နှာ လုံခြုံရေးတရား ဟောကြားတော်မူပါတယ်။

'ငါ့တူ မောင်သိန်းမောင်နဲ့ ငါ့တူမကြီး မခင်မေတို့လဲ အရပ်ခြောက်မျက်နှာ လုံခြုံအောင်၊ ငြိမ်းချမ်းအောင်၊ ဘေးကင်းအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပြီးလျှင် ချမ်းသာခြင်းအစစ်ရဲ့ တည်ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ မျက်မှောက် ပြုလွယ် ရလွယ် ရောက်လွယ်ကြသည် ဖြစ်ကြပါစေဗျား'

မောင်သိန်းမောင်နဲ့ မခင်မေတို့က သာဓုသုံးကြိမ်စီ ခေါ်ကြတယ်။

ဩဝါဒပေးပြီးတဲ့အခါ ဧည့်သည်တွေကို ကျွေးမွေး ဧည့်ခံပြီး မင်္ဂလာထပ်ပွဲဟာ ချောချောမောမောနဲ့ ပြီးဆုံးသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေကြီးရဲ့ အစီအစဉ်အရ အမေကြီးအိမ်မှာ လက်ထပ်မယ်။ လက်ထပ်ပြီးတာနဲ့ မောင်သိန်းနဲ့ မခင်မေဟာ မောင်သိန်းတို့အိမ်ကို ပြောင်းရမယ်။ ဥမကွဲ သိုက်မပျက်ရအောင် အမေကြီးတို့နဲ့ပဲ အတူတူ နေပါ့မယ်လို့ မောင်သိန်းက ပြောပေမယ့် ငယ်ရာက ကြီးလာခဲ့တဲ့ ဒေါ်လှမေက သဘောမတူဘူး။ 'မင်းတို့ လူငယ်တွေ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ် နေကြကွယ်လို့' ပြန်ဖြေတယ်။ ထမင်းဆိုင်ကိုလဲ ဖျက်ပစ်ပါ၊ သူလုပ်ကျွေးပါ့မယ်လို့ သိန်းမောင်က ပြောတာလဲ အမေကြီးက လက်မခံဘူး။ သမက်တစ်ယောက်တည်း ရှာတာကို ယောက္ခမတွေ၊ ဦးလေးတွေ၊ ခယ်မတွေ တရုန်းရုန်းနဲ့ ထိုင်စားတာကို မကြိုက်ဘူး။ သူတို့ ကျန်းကျန်းမာမာ ရှိသရွေ့ သူတို့ လုပ်ကိုင်စားသောက်ရေး၊ အိုမင်းမစွမ်းဖြစ်ပြီး အလုပ် မလုပ်နိုင်တော့မှပဲ ထောက်ပံ့နိုင်သရွေ့ ထောက်ပံ့ဖို့ အမေကြီးက ပြန်ပြောတယ်။

သိန်းမောင်၊ မခင်မေတို့ကို ညစာစားပြီးမှ ဒေါ်လှမေနဲ့ ဒေါ်သန်းတင်တို့က လိုက်ပို့ဖို့ စီစဉ်ထားတယ်။ အဲဒါကြောင့် နေ့လယ် နှစ်ချက်တီးလောက်ကျတော့ သိန်းမောင်ဟာ သူ့အဖို့ အင်မတန် အရေးကြီးတဲ့ ကိစ္စတစ်ခုအတွက် သူတစ်ယောက်တည်း သူ့အိမ်ကို ခဏပြန်လာပါတယ်။ အဲဒီ အရေးကြီးတဲ့ ကိစ္စဆိုတာ ဘာလဲ ပြောပြမယ်။ အခုလောက်ဆိုရင် သိန်းမောင်ဟာ ဘာလုပ်လုပ် သေသေချာချာ၊ ပိုင်ပိုင်နိုင်နိုင်၊ စနစ်တကျ လုပ်တတ်တယ်ဆိုတာတော့ သိပြီးကြရောပေါ့။ အဲဒီတော့ မခင်မေနဲ့ သူနဲ့ မင်္ဂလာဆောင်ဖို့ကိစ္စဟာ သေချာပြီဆိုတဲ့အခါ သူရန်ကုန်ကို လိုက်သွားတယ်။ ရန်ကုန်က စာအုပ်ဆိုင်တွေမှာလျှောက်ပြီး ကာမသုတ္တရ ကျမ်းစာအုပ်တွေကို ရှာတယ်။ သူအကြိုက်ဆုံးဖြစ်တဲ့ အင်္ဂလိပ်လိုရေးထားတဲ့ ကာမသုတ္တရ ကျမ်းစာအုပ်သုံးအုပ်ကို သူဝယ်လာတယ်။ ဒီစာအုပ်တွေကို ဝယ်ပြီးကတည်းက သိန်းမောင်ဟာ သေသေချာချာဖတ်တာပဲ။ ဒီစာအုပ်တွေထဲမှာ သူကြိုက်တဲ့အချက်တွေကို ခဲတံအနီနဲ့ သေသေချာချာ မျဉ်းသားထားတယ်။ အဲဒီလို မျဉ်းသားထားပြီးတော့မှ ဗလာစာအုပ်တစ်ခုထဲမှာ အဲဒီအချက်တွေကို ပြန်ပြီးရေးပါတယ်။ စာအုပ်တစ်အုပ်ကို



သုံးခေါက်စီ ဖတ်တယ်။ ထပ်ဖတ်တိုင်း သူကြိုက်တာထပ်တွေ့ရင် ခဲတံအနီနဲ့ ထပ်မှတ်တယ်။ ဗလာစာအုပ်ထဲမှာလဲ ထပ်ပြီးရေးတယ်။ ဗလာစာအုပ်ထဲမှာ ရေးထားတဲ့အချက်တွေထဲမှာလဲ အရေးအကြီးဆုံးလို့ သူထင်တဲ့အချက်တွေကို ခဲတံအနီနဲ့ထပ်ပြီး မျဉ်းသားထားတယ်။

ညကျရင် ဒီအချက်တွေကို သူလက်တွေ့ကျင့်သုံးရတော့မယ်။ အဲဒီလို လက်တွေ့ကျင့်သုံးတဲ့နေရာမှာ အလွဲလွဲအချော်ချော် မဖြစ်ချင်ဘူး။ တိတိကျကျ ဖြစ်စေချင်တယ်။ သူဖတ်ထားတဲ့ စာအုပ်တစ်အုပ်ထဲမှာ အိမ်ထောင်ပြုသူများအတွက် ပထမညဟာ သိပ်အရေးကြီးတယ်။ အဲဒီညမှာ အမှားအယွင်းမရှိစေရဘူး။ အမှားအယွင်းလုပ်မိလို့ မိန်းကလေးရဲ့ စိတ်ကို ထိခိုက်သွားရင် တော်တော်နဲ့ ဖျောက်လို့မရဘူးလို့ဆိုထားတာကို သူတွေ့ရတယ်။ အဲဒါကြောင့် သူနဲ့ မခင်မေတို့ရဲ့ ပထမညမှာ အမှားအယွင်း နည်းနည်းမှ မရှိရအောင် သူရေးထားတဲ့ မှတ်စုတွေကို သူတစ်ခေါက်ပြန်ကြည့်ချင်သေးတယ်။ အဲဒါဟာ သူ့အတွက် သိပ်အရေးကြီးတယ်။ အဲဒီ အရေးကြီးတဲ့ကိစ္စအတွက် နေ့လယ်လောက်မှာ သူ့အိမ်ကို ခဏ ပြန်လာတာဖြစ်တယ်။

အိမ်ရောက်တဲ့အခါ သော့နဲ့ပိတ်ထားတဲ့ စားပွဲခုံအံဆွဲကို ဖွင့်၊ မှတ်စုစာအုပ်ကို ထုတ်၊ ပက်လက်ကုလားထိုင်မှာ ထိုင်ပြီး သူ့မှတ်စုတွေကို သေသေချာချာ ပြန်ဖတ်နေပါတယ်။ အဲဒီ မှတ်စုတွေထဲမှာ အရေးတော်တော်ကြီးလို့ ခဲတံအနီနဲ့ ထပ်မှတ်ထားတဲ့ မှတ်စုတွေကို သူငယ်ငယ်ကျောင်းတုန်းက ပဌာန်းကျက်သလို အသံကလေးနည်းနည်းထွက်ပြီး ဖတ်နေပါတယ်။ အဲဒီလို အသံနည်းနည်းထွက်ပြီး ဖတ်နေတဲ့ မှတ်စုတွေထဲက အပိုဒ်တစ်ပိုဒ်မှာ သူ ဒီလိုရေးထားတယ်။

'ယောကျာ်းက မိန်းမယူတာလဲ ကာမရာဂကြောင့် ယူတာပဲ၊ မိန်းမက ယောကျာ်းယူတာလဲ ကာမရာဂကြောင့် ယူတာပဲ၊ အိမ်ထောင်ပြုကြတဲ့ ယောကျာ်းနဲ့ မိန်းမဟာ နှစ်ဦး စပ်တူထောင်ထားတဲ့ ဆိုင်ရဲ့ ပိုင်ရှင်နှစ်ဦးနဲ့ တူတယ်၊ ဒီပိုင်ရှင်နှစ်ဦးဟာ

www.burmeseclassic.com

www.burmeseclassic.com



အမြတ်ကို ညီတူညီမျှ ဝေခွဲပြီး ယူကြသလို၊ ကာမရာဂအတွက် အိမ်ထောင်ပြုသူ ယောကျ်ားနဲ့ မိန်းမလဲ ကာမရာဂ အရာမှာ ညီတူညီမျှ အကျိုးအမြတ် ခံစားရမယ်၊ အနောက်နိုင်ငံက ကာမရာဂ ပါရဂူတွေရဲ့ လေ့လာစုံစမ်းချက်အရ အိမ်ထောင်တွေမှာ ယောကျ်ားများကသာ ကာမရာဂအရသာကို ခံစားပြီး မိန်းမများမှာ ကာမရာဂအရသာကို အလျှင်းမခံစားရတာတွေ့ရတယ်၊ ဒီလို တစ်ဖက်သတ်ဖြစ်နေတဲ့အတွက် အိမ်ထောင်သည် မိန်းမအတော်ခပ်များများမှာ အင်မတန် ကြီးကျယ်တဲ့ စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းတွေကို ခံစားနေရတယ်။ တချို့အိမ်ထောင်သည် မိန်းမများမှာ မီးယပ်နာ၊ အကြောတက်နာ၊ ဇက်ကြောတင်းနာ၊ ရင်တုန်နာ၊ အစားအသောက်ပျက်နာ၊ အိပ်မပျော်နာ အစရှိတဲ့ ရောဂါတွေ စွဲကပ်လာတာကိုတောင် ခံရရှာတယ်။ အဲဒီအကြောင်းကို နားမလည်တဲ့ လင်ယောကျ်ားတွေဟာ သူတို့မိန်းမတွေကို ဆေးနီ ဆေးစိမ်းတွေတိုက်တိုက်ပြီး ကုသော်လည်း ဆေးတခြား ရောဂါတခြားဖြစ်နေတဲ့အတွက်ငွေကုန်လူပန်းရုံသာဖြစ်တော့တယ်၊ သနားစရာပင်၊ အမှန်စင်စစ် ဒီလိုဖြစ်တာဟာ တခြားကြောင့် မဟုတ်၊ မိန်းမနဲ့ ယောကျ်ား နှစ်ဦးအတူတူ ကာမရာဂ အရသာရှိစေနိုင်တဲ့နည်းတွေကို ယောကျ်ားတွေဟာ အရေးတကြီး သဘောထားပြီး အိမ်ထောင်မကျမီ ဂရုတစိုက် လေ့လာဆည်းပူးခြင်း မလုပ်ကြတာကြောင့်လဲ ဖြစ်တယ်။ ဂရုတစိုက် လေ့လာဆည်းပူးတဲ့ တချို့ယောကျ်ားတွေကျပြန်တော့လဲ ကိုယ့်ကိစ္စပြီးအောင်သာ ဆောင်ရွက်သွားချင်တယ်။ ကိုယ့်မိန်းမရဲ့ ကောင်းကျိုးအတွက် နည်းနည်းကလေးတိုးပြီး ပင်ပန်းခံရမှာကို အပင်ပန်း မခံချင်တာကြောင့်လဲ ဖြစ်တယ်။

နှစ်ဦးအတူတူ ကာမရာမ အရသာရှိဖို့နည်းဆိုတာကလဲ နည်းသိတော့ အလွယ်ကလေးပဲ၊ (၁) ယောကျ်ားက မိန်းမအပေါ်



မှာ ကိုယ်ချင်းစာစိတ် ရှိရမယ်၊ (၂) မိန်းမမှာ ရာဂစိတ် မပေါ်သေးဘဲ ယောကျ်ားမှာသာပေါ်ရုံနဲ့ ဒီကိစ္စကို မပြုအပ်၊ (၃) မိန်းမကိစ္စပြီးစီးမှ ယောကျ်ားကိစ္စ ပြီးစီးရမယ်၊ (၄) ကာမရာစိတ်ရှိအောင်နှိုးပေးဖို့အတွက် မိန်းမမှာ သော့ချက်နေရာကြီး သုံးခုရှိတယ်၊ အဲဒီ သော့ချက်နေရာကြီးသုံးခုဆိုတာ တခြားမဟုတ်ပါ'

ဆိုပြီး အရှည်ကြီးရေးထားတယ်။ အဲဒီမှတ်စုကို တစ်ခေါက်ဖတ်ပြီးတဲ့အခါ သိန်းမောင်ဟာ စာအုပ်ကို ပိတ်ထားပြီး စဉ်းစားကြည့်နေပါတယ်။ ခြော် စာဆိုအတိုင်း လျှောက်လုပ်ရမှာ ရှက်စရာကြီးပဲ။ တရားနဲ့ပြည့်ပြည့်ဝဝကြီးဖြစ်နေတဲ့ မခင်မေတော့ သိပ်ရှက်မှာပဲ။ ဟယ် မတတ်နိုင်တော့ပါဘူးလေ၊ ဝက်ဖြစ်မှ ချေးကြောက်နေလို့ အပိုပေါ့။ ဒီရှက်စရာဆယ်ထဲကို သူနဲ့ငါ ခြေစုံပစ်ဝင်လာပြီးပြီ။ ဒီအထဲရောက်မှ ရှက်တယ်ဆိုပြီး အူကြောင်ကြောင်လုပ်နေတာ မကောင်းပါဘူးလို့ သူ့စိတ်ကို သူဆင်းရင်း ပက်လက်ကုလားထိုင်ပေါ်မှာ တရေး အိပ်ပျော်သွားပါတယ်။ ညနေ ငါးနာရီလောက်မှာ အိပ်ရာကထ ရေမိုးချိုးပြီး မခင်မေတို့ဆီပြန်သွားပါတယ်။

သိန်းမောင်ဟာ လက်ဦးအစမှာတော့ အမေကြီးအပေါ်မှာ ဘယ်လိုမှ စိတ်မရှိဘူး။ မခင်မေကိုကြိုက်ပြီး အမေကြီးကို မခင်မေရစေနိုင်တဲ့ နည်းစနစ်ယာယီတစ်ခုအနေနဲ့ သုံးလိုက်တာပဲ။ ဒါပေမယ့် အမေကြီးကို ပြုစုလာရင်းက အမေကြီးကလဲ သူ့ကို သားလိုချစ်လာတယ်။ သူကလဲ အမေကြီးကို အမေလို ချစ်လာတယ်။ ဆုံးသွားတဲ့ သူ့အမေကို လွမ်းတဲ့စိတ်တွေဟာ အမေကြီးကို မြင်ရရင် ပြေသွားတယ်။ အမေကြီးကို ပြုစုရရင် ပြေသွားတယ်။ အဲဒါကြောင့် မခင်မေနဲ့ သူနဲ့ ယူဖို့သဘောပြီဆိုတဲ့အချိန်ကစပြီး သူက ကြီးကြီးလို့ မခေါ်တော့ဘူး။ မခင်မေတို့လိုပဲ မေမေလို့ ခေါ်တယ်။ အမေကြီးကလဲ သူ့ကို တစ်ခါတစ်ခါ မောင်သိန်းလို့ ခေါ်တယ်။ တစ်ခါတစ်ခါ လူကလေးလို့ ခေါ်တယ်။ တစ်ခါတစ်ခါ သားလို့ ခေါ်တယ်။ ညစာ ထမင်းစားပြီးတဲ့အခါ သိန်းမောင်နဲ့ မခင်မေတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှမေ ဒေါ်သန်းတင် မတင်မေတို့က လိုက်ပို့ကြပါတယ်။ သိန်းမောင်တို့အိမ်မှာလဲ သူငယ်ချင်းတချို့၊ မိတ်ဆွေရင်းချာတချို့ စောင့်နေကြပါတယ်။ သိန်းမောင်က ထိုင်ပြီးတော့သာ ဧည့်ခံနေရတယ်။ သူ့စိတ်ကတော့ သူ့မှတ်စုထဲမှာပဲ ရောက်နေတယ်။ သတိမလစ်ရအောင် အတော် ဂရုစိုက်နေရတယ်။

ည ကိုးနာရီလောက်မှာ ဒေါ်လှမေ၊ ဒေါ်သန်းတင်တို့ ပြန်ဖို့ နှုတ်ဆက်တယ်။ သိန်းမောင်နဲ့ မခင်မေတို့က ကန်တော့ကြတယ်။ မတင်မေက သူတို့ကို ကန်တော့တယ်။ ဒေါ်လှမေ၊ ဒေါ်သန်းတင်၊ မတင်မေတို့ ပြန်သွားပြီး နာရီဝက်လောက်အကြာမှာ ဧည့်သည်တွေလဲ အလိုက်သိစွာထပြီး ပြန်ကြတယ်။

သိန်းမောင်လဲ စံပြကို ဆယ်နာရီထိုးပြီးမှ တံခါးပိတ်ဖို့ မှာနေတယ်။ ဒီနောက် 'မခင်မေရေ၊ ဘုရားဝတ်ပြုကြစို့ကွယ်'လို့ ပြောပြီး မခင်မေကို အိမ်ပေါ်ခေါ်သွားတယ်။ လေးငါးရက်လောက်ကတည်းက မခင်မေ ကိုယ်တိုင်လာပြီး ပြုပြင်ထားတဲ့အတွက် ဘုရားစင်ကလေးလဲ သပ်သပ်ရပ်ရပ် ဖြစ်နေတယ်။ သိန်းမောင်လဲ တအောင့်လောက် ရှိခိုးပြီး အိပ်ခန်းထဲ ဝင်သွားတယ်။ အိပ်ခန်းထဲရောက်တဲ့အခါ ကာမသုတ္တရကျမ်းရဲ့ အညွှန်းအတိုင်း သူကိုယ်တိုင်ချုပ်ထားတဲ့ ခေါင်းအုံးအသေး ကလေးနဲ့ တူတဲ့ ပစ္စည်းတစ်ခုကို စားပွဲခုံ အံဆွဲထဲကဆွဲထုတ်ပြီး မခင်မေ အိပ်မယ့်ဘက် မွေ့ရာခြေရင်းမှာ ချထားလိုက်တယ်။ ပြီးတော့မှ သူ့မှတ်စုကိုပဲ လှေ့လာနေပါတယ်။ မခင်မေတစ်ယောက်ထဲ ဘုရားရှိခိုး ကျန်ရစ်တယ်။

အတော်ကလေးကြာတဲ့အခါ မခင်မေ ဝင်လာပြီး သူ့ကို အမှူးဝေတယ်။ ပြီးတော့မှ ကန်တော့တယ်။ သိန်းမောင်ကလဲ ဆုပေးတယ်။ မခင်မေ ခုတင်ပေါ်ရောက်တဲ့အခါ သိန်းမောင်တင်ထားတဲ့ ခေါင်းအုံးလိုဟာကလေးကို မြင်တယ်။ 'အို ဒီခေါင်းအုံးကလေးက ဘယ့်နှာကြောင့်ခြေရင်း ရောက်နေရသလဲ'လို့ ပြောရင်း ခေါင်းရင်းကို ရွှေ့မယ်လုပ်တယ်။ သိန်းမောင်က ပြုံးပြီး 'ခြေရင်းမှာပဲထား၊ ခြေရင်းမှာပဲ ထား'လို့ ပျာပျာ



သလဲ ပြောတယ်။ မခင်မေက အဓိပ္ပာယ်နားမလည်တဲ့မျက်နှာနဲ့ ကိုသိန်းကိုကြည့်နေတဲ့အခါ ကိုသိန်းက 'ဒါ ခေါင်းအုံးရတာ မဟုတ်ဘူး၊ တင်ပါးအုံးတာ၊ ဒါကို တင်အုံးလို့ ခေါ်တယ်၊ ခေါင်းအုံးလို့ မခေါ်ဘူး'လို့ ပြုံးပြီးပြောတယ်။ မခင်မေလဲ ကိုသိန်းကို ပြုံးကြည့်ပြီး တင်အုံးကို ခြေရင်းမှာပဲ ပြန်ချထားလိုက်တယ်။

သူတို့ ခုတင်ပေါ်ရောက်လို့ အတော်ကလေးကြာတဲ့အခါ 'မခင်မေ ရှက်သလား'လို့ သိန်းမောင်က မေးတယ်။ မခင်မေက ပြုံးပြီး 'ကိုသိန်းရယ် ရှက်နေလို့ကော ဒီကိစ္စ ပြီးမှာမှမဟုတ်ဘဲ၊ ကျွန်မအနေနဲ့ကတော့ အိမ်ထောင်ပြုဖို့ ဆုံးဖြတ်ကတည်းက အမျိုးစုံတော့ တွေ့ရတော့မှာပဲဆိုတာ တွေးပြီးသားပါပဲ'လို့ ပြန်ပြောတယ်။ သိန်းမောင် တစ်ရေးနိုးတဲ့အခါ ခင်မေဟာ သိပ်ပြီး အိပ်မောကျနေတယ်။ ဆေးတစ်ခွက်တိုက်ရုံနဲ့ လူးလှိမ့်နေရာက ငြိမ်ကျသွားတဲ့ ဝေဒနာသည်ကိုကြည့်ပြီး သူ့ဆေးစွမ်းပုံကို အင်မတန် ကျေနပ်နေတဲ့ ဆရာဝန်လို သိန်းမောင်လဲ မခင်မေကိုကြည့်ပြီး အကျေနပ်ကြီး ကျေနပ်နေတယ်။ သူ့ရဲ့ လက်တွေ့စမ်းသပ်ချက်ဟာ အောင်မြင်တာကိုတွေ့ရတဲ့ သိန်းမောင်ဟာ အင်မတန် အားတက်သွားတယ်။ သိန်းမောင်ဟာ မခင်မေရဲ့ လက်မောင်းကို အသာကလေး လှုပ်နှိုးပြီး ခင်မေရဲ့ နားဝနားမှာ 'မခင်မေ'လို့ တိုးတိုးခေါ်လိုက်ပါတယ်။ မခင်မေနိုးလာပြီး သိန်းမောင်ကို ပြုံးကြည့်နေပါတယ်။ အတော်ကလေးကြာတဲ့အခါ 'မခင်မေ၊ ရိုးသွားပြီနော်၊ မရှက်တော့ဘူး မဟုတ်လား'လို့ သိန်းမောင်က မေးပါတယ်။ မခင်မေကလဲ ပြုံးပြီး 'ဟုတ်ကဲ့'လို့ ပြန်ဖြေပါတယ်။

နောက်တစ်ကြိမ် သိန်းမောင်နိုးလာတဲ့အခါ သုံးနာရီလောက်ရှိနေပြီ၊ သိန်းမောင်ဟာ မခင်မေရဲ့ နားနားကိုကပ်ပြီး 'မခင်မေ'လို့ ခေါ်ပြန်တယ်။ မခင်မေ နိုးလာတယ်။ သိန်းမောင်က 'ပျော်ရဲ့လား'လို့ မေးတယ်။ မခင်မေ 'ပျော်ပါတယ်'လို့ ဖြေတယ်။ 'မခင်မေ သိပ်အိပ်ချင်နေတယ်ထင်တယ်၊ မျက်စိတွေ စင်းနေတယ်' လို့ သိန်းမောင်က ပြော

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မခင်မေကလဲ သိန်းမောင်ကို ပြုံးပြီး ကြည့်နေတယ်။ နောက် နာရီဝက်လောက်ရှိတော့ အတော်ကလေး အေးနေပြီ။ သိန်းမောင်ဟာ အိပ်မောကျနေတဲ့ မခင်မေကိုကြည့်ပြီး ပြုံးလိုက်တယ်။ အိပ်မောကျနေတဲ့ မခင်မေကို ပြုံးကြည့်နေပြီး အသာကလေး စောင်ခြုံပေးလိုက်တယ်။ မကြာခင် သိန်းမောင်လဲ အိပ်မောကျသွားတယ်။ ။

၁၁

## မမှုကထိက မခင်မေ

မခင်မေ နိုးတဲ့အခါ မိုးထိန်ထိန်လင်းနေပြီ။ အဲဒီအချိန်မျိုးထိ တစ်ခါမှ မအိပ်ဖူးတဲ့အတွက် မခင်မေဟာ စိတ်ထဲမှာ နောက်ကျိကျိဖြစ်သွားတယ်။ နာရီကို ကြည့်တဲ့အခါ ခြောက်နာရီနဲ့ ဆယ်မိနစ် ရှိနေတာကို တွေ့ရတဲ့ အတွက် ထိတ်ခနဲ ဖြစ်သွားတယ်။ မနက်တိုင်း ခြောက်နာရီ မထိုးခင် ဘုရားကို ရေချမ်းနှင့် ကော်ဖီကပ်ဖို့ သူငယ်ငယ်ကတည်းက သူ့အဖေက သွန်သင်ထားတယ်။ သူ့အဖေတစ်သက်မှာ သူဒီအတိုင်းကပ်လာတယ်။ သူ့အဖေ ဆုံးခါနီးမှာတောင် ဒီဝတ်မပျက်ဖို့ ထပ်မှာသွားတယ်။ မခင်မေကလဲ မပျက်စေရပါဘူးလို့ ကတိပေးလိုက်တယ်။ ဒီကနေ့မှာတော့ ခြောက်နာရီနဲ့ ဆယ်မိနစ်ရှိနေပြီ။ ရေချမ်းလဲ မကပ်ရသေးဘူး။ ကော်ဖီလဲ မကပ်ရသေးဘူး။ ဒီအချစ်ပြဿနာပေါ်မှ ငါဟာ ဖေဖေ့ကို ကတိဖျက်ရတာ နှစ်ခါရှိပြီလို့တွေးမိပြီး ငိုချင်သလိုလိုဖြစ်သွားတယ်။ ဒါပေမယ့် စိတ်တင်းလိုက်ပြီး ဘုရားဝေယျာဝစ္စကို ပြီးအောင်လုပ်တယ်။ သူ မနက်တိုင်းပြုနေကျဝတ်ကို ပြုတယ်။ ဝတ်ပြုပြီးတဲ့အခါ 'ဒီကနေ့ ရေချမ်းနဲ့ ကော်ဖီဝတ်

www.burmeseclassic.com

www.burmeseclassic.com



ချို့ယွင်းသွားတဲ့အတွက် သည်းခံပါဖေဖေ’လို့ သူ့အဖေကို တိုင်တည်ပြီး တောင်းပန်ပါတယ်။ ပြီးတော့မှ သူ့ယောကျ်ားနိုးလာရင် မျက်နှာသစ်ချင်လဲ သစ်ဖို့၊ ရေချိုးချင်လဲ ချိုးဖို့ အဆင်သင့်ဖြစ်အောင် စီစဉ်ပါတယ်။ ဒီလိုစီစဉ်ပြီး မနက်စာစားဖို့အတွက် ဟင်းရွက်ဟင်းသီးတွေကို လှီးနေပါ တယ်။ အဲဒီလို လှီးနေရင်း ညက အဖြစ်အပျက်တွေကို ပြန်တွေးမိပြီး ဩော် ဒီအရသာဟာ တယ်ထူးတဲ့ အရသာပါပဲ၊ ဒါကြောင့်မို့ နတ်တွေ၊ လူတွေ၊ တိရစ္ဆာန်တွေဟာ ဒီအရသာကိုမက်ပြီး အိုလိုက်၊ နာလိုက်၊ သေ လိုက်နဲ့ သံသရာဝဲကြီးထဲမှာ လည်နေရတာပဲလို့ တွေးနေပါတယ်။

မောင်သိန်းဟာ ခုနစ်နာရီခွဲလောက်မှာနိုးပြီး အိမ်ပေါ်က ဆင်းလာ ပါတယ်။ မီးဖိုထဲမှာ မခင်မေ ထိုင်တဲ့နောက်က ကပ်ပြီး ထိုင်တယ်။ ပြီးတော့မှ မခင်မေနားဝကို ကပ်ပြီး တိုးတိုး တိုးတိုးနဲ့ မေးနေပါတယ်။ မခင်မေကလဲ ပြုံးပြီး သုံးလေးခါ ခေါင်းညိတ်နေပါတယ်။ နောက်တစ်ခွန်း ကျတော့ မခင်မေက ပြုံးပြီး ‘ကိုသိန်း ရေချိုးချေဦး၊ ပြီးတော့မှ ကော်ဖီ သောက်ရင်း ဒီမေးခွန်းကို ကျွန်မ ဖြေပါ့မယ်’လို့ ပြောတယ်။ သိန်းမောင်လဲ ရေသွားချိုးတယ်။ ကော်ဖီသောက်နေတဲ့အခါ မခင်မေကစပြီး ‘ကိုသိန်းရယ်၊ ကျွန်မကို ကိုသိန်း ပိုင်ပါတယ်၊ အဲဒီတော့ ဒီကိစ္စတွေမှာ ကိုသိန်း ကြိုက် သလိုပဲ၊ ကျွန်မ သဘောတူသလား မတူဘူးလားဆိုတာ မေးနေဖို့ မလို ပါဘူး ကိုသိန်းရယ်၊ ဒါပေမယ့် ကိုသိန်းစဉ်းစားဖို့ ကျွန်မ တင်ပြချင်ပါတယ်၊ ကျွန်မ ထမင်းလက်သုပ်ရောင်းနေတုန်းက ထမင်းလက်သုပ် ဝိုင်းစားနေတဲ့ မိန်းမတွေဟာ ဘယ်နေ့က နေ့ခင်းတစ်ချိန်မှာ ဘယ်သူ့အိမ်ကို သွားတယ်၊ သူတို့သွားတော့မှ လင်မယား အူယားဖားယားနဲ့ အခန်းထဲက ထွက်လာ ကြတယ်၊ ဒီလင်မယားတော့ လွန်ပဲ လွန်လွန်းတယ်လို့ ပြောပြီး တဟား ဟားနဲ့ ဝိုင်းရယ်နေကြတာပဲ၊ ဒီမှာလဲ ကျွန်မတို့ အိမ်ခန်းထဲဝင်နေတုန်း ဧည့်သည်တစ်ယောက်ယောက် ရောက်လာရင် ဒီလိုပဲ ရှာရိုးလျှောက်ပြီး အပြောခံရမှာပဲ၊ ရိုးရိုး ဝင်နေရင်တောင် အပြောခံရမယ်၊ ဒီကိစ္စနဲ့ ဝင်နေ ရင်တော့ သာပြီး ပြောတော့မှာပေါ့၊ ဒီကိစ္စမျိုး ဆိုတာ သိသာသိစေ



ခြင်စေနဲ့ဆိုတဲ့ကိစ္စမျိုးပဲ၊ လျှို့ဝှက်တာမှ အင်မတန် လျှို့ဝှက်ရမယ်၊ အင်မယားဆိုတာ ဒါဘယ်ကင်းမလဲဆိုပြီး ပေါ့ပေါ့ဆဆ သဘောထားဖို့ ကောင်းဘူး၊ ပြီးတော့ ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် သိက္ခာဆိုတာ ရှိရမယ်၊ ဒီသိက္ခာရှိမှလဲ ကိုယ့်ပတ်ဝန်းကျင်က ရိုသေမယ်၊ ဒီကိစ္စမျိုးနဲ့ အပြောခံရတဲ့လူမှာ သိက္ခာဟာ မရှိတော့ဘူး၊ ဒါ ကိုသိန်း စဉ်းစားဖို့ ပါပဲ။

‘နောက်ပြီးတော့ ပြောလက်စနဲ့ ဆက်ပြီး ပြောရဦးမယ်၊ ဒီကနေ့ နက်ဆိုရင် ဖေဖေ့ကိုပေးထားတဲ့ ဝတ်တစ်ခု ချို့ယွင်းသွားတယ်၊ မနက် တိုင်း ခြောက်နာရီမထိုးခင် ဘုရားကို ရေချမ်းနဲ့ ကော်ဖီကပ်ဖို့ဟာ မနက် က ကျွန်မ အိပ်ရာကနိုးတော့ ခြောက်နာရီနဲ့ ဆယ်မိနစ် ရှိနေပြီ။ အပျိုတုန်း က ဘယ်လောက် အိပ်ပျက်ပျက် ကျွန်မ ဒီလောက်အထိ တစ်ခါမှ မအိပ် ဘူး၊ ဒီဟာဟာ ဘယ်လိုဟာမျိုးလဲ မဆိုနိုင်ပါဘူး၊ သုံးကြိမ်စလုံးဟာ ခြေပစ်လက်ပစ် ဖြစ်ပြီး သတိလစ်သလိုလို ဖြစ်ဖြစ်ပြီး အိပ်မောကျသွား တာပဲ၊ အဲဒီတော့ ဘုရားဝေယျာဝစ္စတွေလဲ မချို့ယွင်းရဘဲ နေ့စဉ် ဆောင်ရွက် သွားနိုင်အောင် မနက်တိုင်း ကျွန်မ ရွတ်နေကျပရိတ်၊ ပွားနေကျ ဘာဝနာ တွေကိုလဲ မှန်မှန်ပွားနိုင်အောင် နောက်ပြီးတော့ ကိုသိန်းရဲ့ ဝေယျာဝစ္စတွေ၊ အိမ့်ဝေယျာဝစ္စတွေမှာလဲ ချို့ယွင်းချက်မရှိရလေအောင် ဒါအတွက် ညဆယ်နာရီဟာ နောက်ဆုံးထား၊ ဆယ်နာရီကျော်ရင် ဒါကို ရှောင်ရမယ်၊ အဲဒါ ကိုသိန်း စဉ်းစားဖို့ပါပဲ၊ နောက်ပြီးတော့ ပြောလက်စနဲ့ ဆက်ပြီး တစ်ခါတည်း ပြောပါရစေ၊ အဖိတ်နေ့ညနဲ့ ဥပုသ်နေ့ညတိုင်း ဒါကို အရှင်းရှောင်ရမယ်၊ ဒါလဲကိုသိန်း စဉ်းစားဖို့ ကျွန်မ တင်ပြတာပါပဲ၊ ဒီကိစ္စမှာ ကိုသိန်းဟာ အရှင်သခင်ပဲ၊ ကိုသိန်း ကြိုက်သလို ဖြစ်ရမှာပဲ’လို့ မခင်မေက ပြောပါတယ်။ မောင်သိန်းလဲ ဘာမှ မပြောဘူး၊ ကော်ဖီကိုသာ ဆက်သောက်ရင်း မခင်မေပြောတဲ့ စကားတွေကို စဉ်းစားနေပါတယ်။

‘ကိုသိန်းရယ်၊ ယောကျ်ားနဲ့ မိန်းမ အိမ်ထောင်ပြုတယ်ဆိုတာ ဒီကာမရာဂကိစ္စအတွက်ပဲဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



လူ့ရယ်လို့ ဖြစ်လာရတာ ဒီကာမရာဂကိစ္စ တစ်ခုထဲအတွက်မှ မဟုတ်ဘဲ ကံအင်မတန်ကြီးကောင်းလို့ရတဲ့ လူ့ဘဝကလေးကို အခွင့်ကောင်းယူပြီး သံသရာ ဝဋ်ဆင်းရဲတွေကလွတ်အောင် ဒါနကုသိုလ်တွေ၊ သီလကုသိုလ်တွေ၊ ဘာဝနာကုသိုလ်တွေလုပ်ဖို့ လူတိုင်းမှာ လုပ်စရာတွေ အများကြီးရှိနေပါတယ်၊ အဲဒီတော့ ဒီကာမရာဂ ကိစ္စတစ်ခုတည်းနဲ့ အချိန်မကုန်စေချင်ဘူး၊ ဒီကာမရာဂကိစ္စဟာ အရသာတော့ အတော်ထူးတယ်၊ အဲဒီလို အရသာထူးသလောက် သတ္တဝါတွေကို နိဗ္ဗာန်မရောက်နိုင်အောင် နိဗ္ဗာန်နဲ့ ဝေးသထက်ဝေးအောင် လုပ်တဲ့နေရာမှာလဲ အင်မတန်ကြီး သတ္တိထူးပါတယ်၊ အဲဒါ ကိုသိန်း စဉ်းစားဖို့ပါပဲ’လို့ မခင်မေက ပြောပါတယ်။

မောင်သိန်းမောင်ဟာ ဘာမှ ပြန်မပြောဘူး။ မခင်မေပြောသွားတဲ့ အထဲမှာ ‘လူဆိုတာ ကာမရာဂကိစ္စနဲ့ချည်းပဲအချိန်မကုန်ပါစေနဲ့၊ သံသရာက လွတ်မြောက်ရေးအတွက် လုပ်စရာတွေ အများကြီးရှိပါတယ်’ ဆိုတဲ့ အချက်ကို သိန်းမောင် သိလာပြီး သဘောကျနေတယ်။ သူ့အတွက် ဒီတရားဟာ ဒီနေ့ ပထမဆုံး ကြားဖူးတာပဲ။ အဲဒါကြောင့် သိန်းမောင်က ‘မခင်မေရေ သိပ်ပြီး ကျေးဇူးတင်တယ်ကွယ်၊ ကိုယ့်ကို ဒီလိုပဲ ဟောဟော ပေးပါ၊ ကိုယ်က လူရှုပ်တော့ မဟုတ်ဘူး၊ ဒါပေမယ့် ဘုရားနဲ့ တရားနဲ့တော့ အတော်ဝေးတယ်၊ အခုလောက်ကြီးလာပြီ ဥပုသ်တစ်ခါမှ မစောင့်ဖူးဘူး၊ ရှစ်ပါးသီလဟာ ဘာတွေလဲဆိုတာ အခုထက်ထိမသိဘူး၊ ငါးပါးသီလကိုတောင် သိတာမကြာသေးဘူး၊ မေမေ့ကို ဆေးကုတုန်းက အနန္တော အနန္တ ငါးပါး တိုင်တည်ပြီး မေတ္တာပို့တာဟာ ကိုယ်တတ်သမျှ အစွမ်းကုန်ပဲ၊ ပုတီးစိပ်ဖို့ပေးတာလဲ အစွမ်းကုန်ပဲ၊ ဥပုသ်စောင့်ပြီး သက်သတ်လွတ် အစားနိုင်းတာလဲ မခင်မေ အထင်ကြီးအောင် ကြားဖူးတာတွေ အစွမ်းကုန် ထုတ်လိုက်တာပဲလို့ပြောပြီး သူတို့နှစ်ယောက် တိုင်ပင်ကြတယ်။

အဲဒီလိုတိုင်ပင်ပြီး သူတို့ တစ်ခုတင်တည်းမှာအတူတူအိပ်ရင် ရာဂစိတ်တွေပဲ ခဏခဏဖြစ်နေမယ်။ အဲဒါကြောင့် သိန်းမောင်က တစ်ယောက်အိပ် ခုတင်ကလေးတစ်လုံးနဲ့ တခြားအခန်းမှာ ခွဲအိပ်ဖို့နဲ့ ခုနစ်ရက်



သစ်ကြိမ်လောက် အလွန်ဆုံး နှစ်ကြိမ်လောက်သာ သိန်းမောင်က မခင်မေ အခန်းကို လာဖို့ နှစ်ဦးသဘောတူ ဆုံးဖြတ်ကြတယ်။ ငါဟာ မိန်းမတင်ရတာ မဟုတ်ဘူး၊ ငါ ဘဝကူးကောင်းဖို့အတွက် ငါ့ကို နည်းပေးလမ်းပြ သွန်သင်ဆုံးမဖို့ ဆရာကောင်းတစ်ယောက်လဲ ရပေတယ်လို့ တွေးပြီး သိန်းမောင်ဟာ ဝမ်းအသာကြီး သာနေပါတယ်။

မနက်စာထမင်းစားတဲ့အခါ စားပွဲခုံမှာ ပန်းကန်ပြားတစ်ချပ်ထဲချထားတယ်။ အဲဒါကိုကြည့်ပြီး မခင်မေဟာ သူနဲ့အတူတူ မစားဘူးဆိုတာ သိန်းမောင် သိတယ်။ သိန်းမောင်အနေနဲ့ကတော့ အတူတူ စားချင်တယ်။ ဒါပေမယ့် မခင်မေမှာ အကြောင်းတစ်ခုခုရှိလိမ့်မယ်လို့တွက်ပြီး သူနဲ့ အတူတူ ထမင်းစားရမယ်လို့ အတင်းမတိုက်တွန်းဘူး။ ထမင်းနှစ်လုတ်လောက်စားပြီးတော့မှ အနားမှာထိုင်ပြီး ယပ်တောင်ကလေးနဲ့ ယပ်ခပ်ပေးနေတဲ့ မခင်မေကို သိန်းမောင်က ‘ကိုယ်ကတော့ လင်ရယ် မယားရယ်ဆိုတာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး ရွှင်ရွှင်ပြုံးပြုံးနဲ့ ရယ်ရင်းမောရင်း စကားပြောရင်း ထမင်းအတူတူစားချင်တာပဲ၊ ဒါပေမယ့် ဒါကတော့ မခင်မေရဲ့ သဘောပါပဲ’လို့ စကားစလိုက်တယ်။ မခင်မေက ‘ကိုသိန်းရယ်၊ အလွန်မလဲ အနားမှာ အမြဲထိုင်နေမှာပဲ၊ အတူတူစားတာနဲ့ သိပ်မထူးပါဘူး၊ အလွန်မ ငွေသုံးထောင်စုလို့မရမချင်း ကိုသိန်းနဲ့ အတူတူ ထမင်းမစားသေးဘူးလို့ ဆုံးဖြတ်ထားတယ်’လို့ ပြောတယ်။ သိန်းမောင်လဲ ဒီအကြောင်းကို ဆက်မပြောတော့ဘူး။

သိန်းမောင်ဟာ သူစုထားသမျှငွေတွေရော၊ သူရတဲ့လခရောအကုန်လုံး တစ်ပြားမကျန်မခင်မေကိုအပ်တယ်။ မခင်မေဟာ စာရင်းစာအုပ်ကလေးတစ်အုပ်ထားပြီး လှူတာတန်းတာကအစ ငွေအဝင်အထွက်ကို အကုန်မှတ်တယ်။ သိန်းမောင်က ပြဖို့မလိုဘူးလို့ပြောပေတဲ့ မရဘူး။ တစ်လတစ်ကြိမ် သိန်းမောင်ကို ရှင်းပြတယ်။ ရသမျှငွေဟာ စားတာ ဝတ်တာနဲ့ချည်းပဲမကုန်ရအောင် အစားအသောက်မှာလဲ သူ့အိမ်တုန်းက စနစ်အတိုင်း စားတယ်၊ သောက်တယ်၊ အဝတ်အစားမှာလဲ သူ့အိမ်က စနစ်အတိုင်း တစ်နှစ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



သိန်းမောင်ရော သူရော အဝတ်သစ်အစားသစ် မဝယ်ဖို့ နှစ်ဦးသဘောတူ ဆုံးဖြတ်ထားတယ်။

သိန်းမောင်လဲ အိမ်ထောင်ကျပြီးတဲ့နောက် ဆယ်ရက်လောက် စီးကရက် သောက်သေးတယ်။ နောက်တော့ မခင်မေရဲ့ စနစ်ကြီးပုံကို မြင်ရပြီး မခင်မေက မပြောရဘဲ သူ့ဟာသူ ဖြတ်ပစ်လိုက်တယ်။ လင်မယားနှစ်ယောက်ဟာ အဝတ်အစား၊ အစားအသောက်တွေမှာ ဒီလို ခြိုးခြံပေတဲ့ အလှူအတန်းမှာတော့ မလျှော့ပါဘူး။ စာပြန်ပွဲနဲ့ သာသနာ့ရိပ်သာကို တတ်နိုင်သလောက် စောင့်ရှောက်ကြဖို့ သူ့အဖေသေခါနီး မှာသွားတဲ့အကြောင်း၊ အိမ်ထောင်ကျတဲ့နေ့ကတည်းက ကိုသိန်းကို ပြောပြတယ်။ အပျိုတုန်းက ထမင်းသုပ်နဲ့ ထမင်းရောင်းပြီး လှူရတာ အားမရဘူး။ ကိုသိန်း သဘောတူရင် လစဉ်မှန်မှန် လှူချင်တယ်လို့ ပြောတယ်။ ကိုသိန်းကလဲ သဘောတူတဲ့အတွက် သူ့ယောကျ်ားလခနဲ့ သူတို့ စားတာ သောက်တာနဲ့ စုဖို့နဲ့တွက်ပြီး လစဉ် မှန်မှန်လှူပါတယ်။ သူ့အဖေမှာခဲ့တဲ့ အလုပ်တစ်ခုကို ကျေကျေနပ်နပ်ကြီး လုပ်ရတဲ့အတွက် မခင်မေဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါတယ်။

ညစာစားပြီးတဲ့အခါ သိန်းမောင်နဲ့ မခင်မေတို့ဟာ အမေကြီးဆီကို သွားကြတယ်။ နောက်ပြီးတော့ ဦးလှမောင် ဒေါ်သန်းတင်တို့ဆီကို သွားကြတယ်။ အိမ်ပြန်ရောက်တဲ့အခါ သိန်းမောင်က မခင်မေ မပင်ပန်းဘူးဆိုရင် သူနဲ့ သင့်တော်တဲ့ တရားတစ်ပုဒ်လောက် ဟောစမ်းပါလို့ ပြောတဲ့အတွက် 'ကိုသိန်းရေ၊ ကျွန်မ မဟောခင် ကိုသိန်းကိုပဲ မေးခွန်း နည်းနည်း မေးပါရစေ၊ ကုသိုလ်ဆိုတာ ဘာလဲ၊ အကုသိုလ်ဆိုတာ ဘာလဲ' လို့ မခင်မေက မေးပါတယ်။ သိန်းမောင်က သူမသိဘူးလို့ ဖြေပါတယ်။ အဲဒီအခါ မခင်မေက 'လွယ်အောင် အကုသိုလ်ကစပြီး ကျွန်မ ပြောပါ့မယ်၊ သတ္တဝါတွေမှာ အကုသိုလ်ဖြစ်နိုင်တဲ့နေရာ သုံးခုရှိတယ်၊ ကိုယ်ဟာ အကုသိုလ်ဖြစ်နိုင်တဲ့နေရာတစ်ခု၊ နှုတ်ဟာ အကုသိုလ်ဖြစ်နိုင်တဲ့ နေရာတစ်ခု၊ စိတ်ဟာ အကုသိုလ်ဖြစ်နိုင်တဲ့ နေရာတစ်ခု၊ အဲဒီသုံးခုပဲ



ရှိတယ်၊ တခြားမရှိတော့ဘူး၊ ကိုယ်နဲ့ ဘယ်လိုအကုသိုလ်ဖြစ်နိုင်သလဲ၊ သူများအသက်ကိုသတ်ရင်၊ သူများဥစ္စာကို ခိုးရင်၊ ကိုယ့်ကာမပိုင်မဟုတ် သူများနဲ့ သွားလာကျူးလွန်ရင် ကိုယ်နဲ့ အကုသိုလ်ဖြစ်တယ်လို့ ခေါ်တယ်၊ နှုတ်နဲ့ ဘယ်လို အကုသိုလ်ဖြစ်နိုင်သလဲ၊ လိမ်ပြောရင်၊ တစ်ယောက်နဲ့ တစ်ယောက် မသင့်မတင့်ဖြစ်အောင် ကုန်းတိုက်ပေးရင်၊ ဆဲရေးတိုင်းထွာမယ် ကြမ်းကြမ်းတမ်းတမ်း ပြောမယ်ဆိုရင်၊ အကျိုးမရှိတဲ့ သိမ်ဖျင်းတဲ့ စကားကို ပြောမယ်ဆိုရင် နှုတ်နဲ့ အကုသိုလ်ဖြစ်တယ်လို့ ခေါ်တယ်၊ စိတ်နဲ့ ဘယ်လို အကုသိုလ်ဖြစ်နိုင်သလဲ၊ သူများတွေပိုင်တဲ့ စည်းစိမ်ဥစ္စာတွေဟာ ငါ့ဟာတွေ ဖြစ်ရင်ကောင်းမှာပဲလို့ ကြံစည်ရင်၊ သူတစ်ဖက်သားတွေ ပျက်စီးပါစေ၊ သေပါစေလို့ ကြံစည်ရင်၊ ဘုရား တရား သံဃာဟာ ရတနာသုံးပါးအစစ်မဟုတ်ဘူး၊ လှူရင် ကုသိုလ်မရဘူး၊ ဥပုသ်စောင့်ရင် ကုသိုလ်မရဘူး၊ ကမ္မဋ္ဌာန်းထိုင်ရင် မဂ်တရား ဖိုလ်တရားတွေ မရနိုင်ဘူးလို့ ကြံစည်ရင် စိတ်နဲ့ အကုသိုလ်ဖြစ်တယ်လို့ ခေါ်တယ်။

'အခုပြောခဲ့တဲ့ ကိုယ်နဲ့ဖြစ်နိုင်တဲ့ အကုသိုလ်တွေကို မဖြစ်ရအောင် ရှောင်ရင်၊ မိမိကိုယ်ကို စောင့်ထိန်းရင်၊ ကိုယ်နဲ့ ကုသိုလ်ဖြစ်တယ်လို့ ခေါ်တယ်၊ နှုတ်နဲ့ဖြစ်တဲ့ အကုသိုလ်တွေကို မဖြစ်ရအောင် ရှောင်ရင်၊ မိမိနှုတ်ကို စောင့်ထိန်းရင်၊ နှုတ်နဲ့ ကုသိုလ်ဖြစ်တယ်လို့ ခေါ်တယ်၊ စိတ်နဲ့ ဖြစ်နိုင်တဲ့ အကုသိုလ်တွေကို မဖြစ်ရအောင် ရှောင်ရင် မိမိစိတ်ကို စောင့်ထိန်းရင် စိတ်နဲ့ ကုသိုလ်ဖြစ်တယ်လို့ခေါ်တယ်၊ ဒီကနေ့ ဒီလောက်နဲ့ တော်ပြီ၊ အဲဒီ ကုသိုလ်၊ အကုသိုလ်ကို သဘောပေါက်အောင် ကိုသိန်း ကောင်းကောင်း မှတ်ထားပါ၊ ဒါဟာ လူတစ်ယောက်အတွက် အရေးအကြီးဆုံး အချက်ပဲ၊ ဒီလို ကုသိုလ်၊ အကုသိုလ်ကို သိနေတော့ ကုသိုလ်ကို တိုးပြီးလုပ်နိုင်တယ်၊ အကုသိုလ်ကို ရှောင်နိုင်တယ်ပေါ့၊ အဲဒါကို မသိရင်တော့ ကုသိုလ်လုပ်လို့ လုပ်မှန်းမသိဘူး၊ အကုသိုလ်လုပ်လို့လဲ လုပ်မှန်း မသိဘူး၊ အဲဒီလိုဖြစ်တတ်တယ်'လို့ မခင်မေက ပြောပါတယ်။ မောင်သိန်းမောင်လဲ အင်မတန် သဘောကျပါတယ်။ မခင်မေ ပြောပြီး

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ အံဆွဲထဲက ဗလာစာအုပ်တစ်အုပ် ထုတ်ပြီး သူ မှတ်မိသမျှကို အကုန် ရေးချနေပါတယ်။ မခင်မေလဲ စကြံလျှောက်ရင်း ဂုဏ်တော်ပွားနေပါတယ်။ မခင်မေ ဂုဏ်တော်ပွားပြီးတဲ့အခါ သူရေးထားတာကို ပြတယ်။ မခင်မေက နည်းနည်းပြင်ပေးတယ်။ သိန်းမောင်ဟာ ဘာကိုလုပ်လုပ် သေသေချာချာ လုပ်တတ်တဲ့ဝါသနာရှိတဲ့အတိုင်း သူရေးထားတာကို အခေါက်ခေါက် ပြန်ပြီးလေ့လာနေပါတယ်။

နောက်ညကျတော့လဲ ထမင်းစားပြီး သူတို့ ဘယ်ကိုမှ မသွားကြဘူး။ 'ဒီညမှာ ပုညကြိယာဝတ္ထု ဆယ်ပါးအကြောင်း ပြောမယ်'လို့ မခင်မေက စကားစလိုက်တယ်။ 'ပုညဆိုတာက မိမိရဲ့စိတ်ကို သန့်ရှင်းဖြူစင်စေတတ်တဲ့ ကောင်းမှုလို့ အဓိပ္ပာယ်ရတယ်၊ ကြိယာဆိုတာက ကေန်ပြုထိုက်တဲ့တရားလို့ အဓိပ္ပာယ်ရတယ်၊ ဝတ္ထုဆိုတာက ကောင်းကျိုးချမ်းသာရဲ့ တည်ရာလို့ အဓိပ္ပာယ်ရတယ်၊ အဲဒီတော့ ပုညကြိယာဝတ္ထုဆိုတာ ကောင်းကျိုးချမ်းသာ မင်္ဂလာရဲ့ တည်ရာဖြစ်သောကြောင့် ကေန်စင်စစ် ပြုထိုက်တဲ့ ကောင်းမှုများလို့ အဓိပ္ပာယ်ရပါတယ်။

'အဲဒီပုညကြိယာဝတ္ထုဆိုတာ ဆယ်ပါးရှိပါတယ်၊ အဲဒီ ဆယ်ပါးဆိုတာ ၁။ ဒါန၊ ၂။ သီလ၊ ၃။ ဘာဝနာ၊ ၄။ အပစာယန၊ ၅။ ဝေယျာဝစ္စ၊ ၆။ ပတ္တိဒါန၊ ၇။ ပတ္တာနုမောဒန၊ ၈။ ဓမ္မသာဝန၊ ၉။ ဓမ္မဒေသနာ၊ ၁၀။ ဒိဋ္ဌိဇုကမ္မ တို့ပါပဲ။

'ဒါနဆိုတာ ပေးကမ်းစွန့်ကြဲတာ။

'သီလဆိုတာ ကိုယ်နဲ့ မကောင်းတာ မလုပ်မိအောင်၊ နှုတ်နဲ့ မကောင်းတာ မလုပ်မိအောင် စောင့်ထိန်းနေတာ။

'ဘာဝနာဆိုတာ မရပ်မနားဘဲ ဟိုလွင့် ဒီလွင့်နေတဲ့စိတ်ကို တည်ငြိမ်နေအောင်လုပ်တာ၊ ဒီတည်ငြိမ်နေတဲ့စိတ်ကိုရတော့မှ မိမိက အစပြုပြီး သတ္တဝါမှန်သမျှဟာ မမြဲဘူး၊ ဒါ့ကြောင့် တပ်မက်စရာမဟုတ်ဘူး၊ ငါကောင် သတ္တဝါကောင်တွေ မဟုတ်ဘူးဆိုတဲ့ သဘောတရားတွေကို မြင်အောင် ကြည့်တာ။



'အပစာယနဆိုတာ မိမိထက်အသက်ကြီးသူ၊ သီလဂုဏ်၊ သမာဓိ[...]ဂုဏ်၊ ပညာဂုဏ်တွေမှာ မိမိထက် ကြီးမားသူတွေကို ရိုသေတာ။

'ဝေယျာဝစ္စဆိုတာ သူတစ်ဖက်သား စိတ်ချမ်းသာ ကိုယ်ချမ်းသာ [...]အောင် ကိုယ်ထိလက်ရောက်ကူညီတာ၊ ရောဂါဖြစ်နေတဲ့လူတွေ [...]ဂါက လွတ်မြောက်အောင် ငတ်နေတဲ့၊ ဝတ်စရာမရှိတဲ့၊ နေစရာ [...]တဲ့လူတွေကို အစားအသောက်ရအောင်၊ အဝတ်အထည်ရအောင်၊ [...]အိမ်ရအောင် လုပ်ပေးတာတွေဟာ ဝေယျာဝစ္စတွေပဲ။

'ပတ္တိဒါနဆိုတာ မိမိကုသိုလ်လုပ်ပြီးတိုင်း၊ ဒီကုသိုလ်ကို သူများ [...]လဲ ရအောင် အမျှဝေတာ။

'ပတ္တာနုမောဒနာဆိုတာ သူများက အမျှဝေတဲ့အခါ မိမိက [...]ဓု ခေါ်တာ။

'ဓမ္မသာဝနဆိုတာ သူတော်ကောင်းတရားကို နာတာ။

'ဓမ္မဒေသနာဆိုတာ မိမိကိုယ်တိုင်က သူတော်ကောင်းတရားကို [...]ဟောပြောတာ။

'ဒိဋ္ဌိဇုကမ္မဆိုတာ ဖြောင့်မှန်တဲ့ အယူရှိတာ၊ ကုသိုလ်ကံ အကုသိုလ်[...]တွေဆိုတာ ရှိတယ်၊ ဒီကံတွေရဲ့ ကောင်းကျိုး မကောင်းကျိုးဆိုတာ [...]တယ်၊ ဒီကံတွေကြောင့် ရောက်ရမယ့် နောင်ဘဝဆိုတာရှိတယ်၊ နတ်[...]ဘာဆိုတာ ရှိတယ်၊ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ကျင့်ရင် [...]၊ အဘိညာဉ်တွေလဲ ရနိုင်တယ်၊ ကိလေသာတွေ အမြစ်ပါမကျန် [...]အောင် ကုန်ခန်းတဲ့ ရဟန္တာတွေလဲ ဖြစ်နိုင်တယ်လို့ ယုံကြည်တာကို [...]ဖြောင့်မှန်တဲ့အယူရှိတယ်လို့ ခေါ်တာပဲ။

'အခုပြောခဲ့တာတွေဟာ ပုညကြိယာ ဝတ္ထုဆယ်ပါး အတိုချုပ်ပဲ၊ [...]တော့ ဒီလောက်နဲ့ပဲ တော်ပြီ၊ နောက်တော့မှပဲ အကျယ်ချဲ့ ဟောပြ[...]ယ်'လို့ မခင်မေက ပြောပါတယ်၊ ကိုသိန်းလဲ မှတ်စရာ ရေးစရာ[...]ကို ထုံးစံအတိုင်း ရေးမှတ်နေပါတယ်။ ပါးစပ်ကလဲ [...]ကို [...]ကြိမ်ကြိမ် ခေါ်နေပါတယ်။

www.burmeseclassic.com

နောက်နေ့ညမှာလဲ ထမင်းစားပြီးသူတို့ ဘယ်မှမသွားဘူး။ တရားပွဲ ဆက်ပြီးကျင်းပတယ်။ မခင်မေက မောင်သိန်းကို 'ကိုသိန်း၊ သေမင်းတမန် သုံးဦးဆိုတာ ဘယ်သူတွေလဲ'လို့ မေးပါတယ်။ မောင်သိန်းက 'မသိဘူး'လို့ ဖြေတယ်။ 'ဒီလိုဆိုရင် မြတ်စွာဘုရား ဟောထားတဲ့ ဒေဝဒူတသုတ်ကို ဒီနေ့ဟောမယ်'လို့ အစချီလိုက်တယ်။ အဲဒီလို အစချီပြီးတော့ 'ကိုယ်နဲ့ နှုတ်နဲ့ စိတ်နဲ့ အကုသိုလ်တွေလုပ်ခဲ့တဲ့သူတွေဟာ သေတဲ့အခါ ငရဲ ရောက်တယ်၊ ငရဲမှာ ယမမင်းဆိုတာ ရှင်ဘုရင်ပဲ၊ ငရဲကျတဲ့သူတွေကို သူက ဒီလိုစစ်တယ်၊ မင်းတို့ လူ့ပြည်မှာတုန်းက ခါးကုန်းနေတဲ့၊ တောင်ဝှေး ကို အားထားနေရတဲ့၊ တုန်တုန်ယင်ယင်သွားလာနေတဲ့၊ အိုနာ နှိပ်စက်နေတဲ့ အရွယ်လွန်နေတဲ့၊ သွားကျိုးတဲ့၊ ဆံဖြူတဲ့၊ ခေါင်းပြောင်နေတဲ့၊ ဦးခေါင်း တုန်လှုပ်နေတဲ့ အရေတွန့်လိပ်နေတဲ့ အသက် ရှစ်ဆယ် ကိုးဆယ် တစ်ရာ ရှိတဲ့ အဘိုးကြီး အမယ်ကြီးတွေကို တွေ့ဖူးသလားလို့ မေးပါတယ်၊ ငရဲကျတဲ့သူက တွေ့ဖူးပါတယ်လို့ ဖြေတယ်၊ အဲဒီ အဘိုးကြီး အမယ်ကြီး တွေကို ပထမ သေမင်းတမန်တွေလို့ ခေါ်တယ်၊ အဲဒီ ပထမ သေမင်းတမန် တွေကို မင်း တွေ့ပြီးတော့ မင်းလဲ ဒီလိုပဲ အိုရဦးမှာပဲ၊ ဒီအိုခြင်းသဘော တရားကို မင်းလဲမလွန်ဆန်နိုင်ဘူး၊ ဒါကြောင့် ကိုယ် နှုတ် စိတ်နဲ့ ကုသိုလ် တွေ လုပ်ဦးမှပဲလို့ မင်း တစ်ခါမှ မစဉ်းစားမိခဲ့ဖူးလားလို့ မေးပါတယ်၊ ငရဲကျတဲ့သူက မစဉ်းစားမိခဲ့ပါဘူး၊ စဉ်းစားဖို့ မေ့နေပါတယ်လို့ ဖြေတယ်၊ အဲဒီအခါ ယမမင်းက မင်း ဒီလိုမေ့နေတဲ့အတွက် ကိုယ်နဲ့ နှုတ်နဲ့ စိတ်နဲ့ ကုသိုလ်တွေမဖြစ်ဘဲ အကုသိုလ်တွေ ဖြစ်ခဲ့တယ်၊ ဒီအကုသိုလ်တွေဟာ မင်းအမိ၊ မင်းအဖ၊ မင်းညီအစ်ကို၊ မင်းအစ်မ နှမ၊ မင်း အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတွေ လုပ်ခဲ့တာ မဟုတ်ဘူး၊ မင်း လုပ်ခဲ့တာတွေပဲ၊ အဲဒါ ကြောင့် ဒီအကုသိုလ်တွေအတွက် အပြစ်ဒဏ်ကို သူတို့ခံမှာ မဟုတ်ဘူး မင်းပဲ ခံရမှာပဲလို့ ပြောတယ်။

'အဲဒီလို ပြောပြီးတော့ ယမမင်းက မင်း လူ့ပြည်တုန်းက အနာရဲ့ အနှိပ်စက်ခံနေရတဲ့၊ ဆင်းရဲဒုက္ခရောက်နေတဲ့၊ ပြင်းပြင်းထန်ထန် မကျန်း



ဖြစ်နေတဲ့၊ မိမိရဲ့ကျင်ကြီးကျင်ငယ်ထဲမှာ လူးနေရတဲ့၊ သူတစ်ပါး ပေးမှ ထနိုင်တဲ့၊ သူတစ်ပါး ချီပွေ့ပြီး တင်ပေးမှ အိပ်ရာပေါ်တက်နိုင် တဲ့ လူနာမိန်းမ၊ လူနာယောကျ်ားကို မင်း တွေ့ဖူးသလားလို့ မေးပါ တယ်၊ ငရဲကျတဲ့သူက တွေ့ဖူးပါတယ်လို့ ဖြေတယ်၊ အဲဒီလူနာတွေကို ဒုတိယ သေမင်းတမန်လို့ခေါ်တယ်၊ ဒီဒုတိယ သေမင်းတမန်တွေကို မင်း တွေ့ပြီးတော့ မင်းလဲ ဒီလိုပဲ နာရဦးမှာပဲ၊ ဒီနာခြင်းသဘောကို မင်းလဲ လွန်ဆန်နိုင်ဘူး၊ ဒါကြောင့် ကိုယ် နှုတ် စိတ်နဲ့ ကုသိုလ်တွေ လုပ်ဦးမှ ပဲလို့ မင်းတစ်ခါမှ မစဉ်းစားမိခဲ့ဘူးလားလို့ မေးပါတယ်၊ ငရဲ ကျတဲ့သူက မစဉ်းစားမိခဲ့ပါဘူး၊ စဉ်းစားဖို့ မေ့နေပါတယ်လို့ ဖြေပါတယ်၊ အဲဒီအခါ ယမမင်းက မင်းဒီလိုမေ့နေတဲ့အတွက် ကိုယ်နဲ့ နှုတ်နဲ့ စိတ်နဲ့ ကုသိုလ်တွေ မဖြစ်ဘဲ အကုသိုလ်တွေ ဖြစ်ခဲ့တယ်၊ ဒီအကုသိုလ်တွေဟာ မင့်အမိ၊ မင့်အဖ၊ မင့်ညီအစ်ကို၊ မင့်ညီမ၊ အစ်မ၊ မင့်ဆွေမျိုး ခင်ပွန်း ချစ်ကျွမ်း ဝင်သူတွေ လုပ်ခဲ့တာ မဟုတ်ဘူး၊ မင်းလုပ်ခဲ့တာတွေပဲ၊ အဲဒါကြောင့် ဒီအကုသိုလ်တွေအတွက် အပြစ်ဒဏ်ကို သူတို့ခံမှာ မဟုတ်ဘူး၊ မင်းပဲ ခံရမှာပဲလို့ ပြောတယ်။

'အဲဒီလိုပြောပြီးတော့ ယမမင်းက မင်း လူ့ပြည်တုန်းက သေပြီး တစ်ရက် နှစ်ရက် သုံးရက်ရှိတဲ့ ဖူးဖူးရောင်နေတဲ့ ရုပ်ပျက်ဆင်းပျက် ညိုမည်းနေတဲ့ ပြည်တွေယိုစီးနေတဲ့ မိန်းမသူသေကောင်၊ ယောကျ်ား သူသေကောင်တွေကို မင်းတွေ့ဖူးသလားလို့ မေးပါတယ်၊ ငရဲကျတဲ့သူက တွေ့ဖူးပါတယ်လို့ ဖြေတယ်၊ အဲဒီ သူသေတွေကို တတိယ သေမင်းတမန် လို့ ခေါ်တယ်၊ ဒီ တတိယသေမင်းတမန်တွေကို မင်း တွေ့ပြီးတော့ မင်းလဲ ဒီလိုပဲ သေရဦးမှာပဲ၊ သေခြင်းသဘောကို မင်းလဲ မလွန်ဆန်နိုင် ဘူး၊ ဒါကြောင့် ကိုယ်နှုတ် စိတ်နဲ့ ကုသိုလ်တွေ လုပ်ဦးမှပဲလို့ မင်း တစ်ခါမှ မစဉ်းစားမိခဲ့ဘူးလားလို့ မေးပါတယ်၊ ငရဲကျတဲ့သူက မစဉ်းစား မိခဲ့ပါဘူး၊ စဉ်းစားဖို့ မေ့နေပါတယ်လို့ ဖြေတယ်၊ အဲဒီအခါ ယမမင်းက မင်း ဒီလိုမေ့နေတဲ့အတွက် ကိုယ်နဲ့ နှုတ်နဲ့ စိတ်နဲ့ ကုသိုလ်တွေမဖြစ်ဘဲ

www.burmeseclassic.com



အကုသိုလ်တွေဖြစ်ခဲ့တယ်၊ ဒီအကုသိုလ်တွေဟာ မင့်အမိ၊ မင့်အဖ ညီအစ်ကို၊ မင့်နှမ၊ အစ်မ၊ မင့်အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတွေလုပ်တာ မဟုတ်ဘူး၊ မင်းလုပ်ခဲ့တာတွေပဲ၊ အဲဒါကြောင့် ဒီအကုသိုလ်တွေအတွက် အပြစ်ဒဏ်ကို သူတို့ခံမှာ မဟုတ်ဘူး၊ မင်းပဲ ခံရမှာပဲလို့ ပြောတယ် အဲဒီလို ပြောပြီး ဒိငရဲကျတဲ့လူဟာ ငရဲစပြီး ခံရတာပါပဲ။

'ဘဲတွေ၊ ကြက်တွေ၊ ဆိတ်တွေ၊ နွားတွေ လည်လှီးပြီး အသတ်ခံ ကြရတာတွေကိုရော၊ ဝက်တွေ လုံနဲ့ အထိုးခံရပြီး မသေမရှင် ပွက်ပွက်ဆူ နေတဲ့ ရေနွေးအိုးထဲ အပစ်ချခံရတာတွေကိုရော၊ ငါးကျည်း ငါးခူ ငါးရံ့ တွေ ပိဿာလေးနဲ့ခေါင်းထုပြီး အသတ်ခံရတာတွေရော ကိုသိန်း မြင်ဖူး မှာပေါ့၊ ငရဲမှာခံရတာဟာ ဒီဟာတွေနဲ့ မနှိုင်းယှဉ်နိုင်အောင်ကို အဆပေါင်း များစွာ ပိုပြီးဆိုးပါတယ်'လို့ မခင်မေက ပြောပါတယ်၊ အဲဒီလို ပြောပြီးတဲ့ အခါ သိန်းမောင်က 'မခင်မေ ငရဲကိုမရောက်အောင် လုပ်ပေးနိုင်တဲ့ တရားမရှိဘူးလား'လို့ မေးတယ်၊ 'ရှိပါတယ် တဖြည်းဖြည်းတော့ ရောက်လာ ပါလိမ့်မယ်'လို့ မခင်မေက ပြန်ပြီး ဖြေပါတယ်၊ သိန်းမောင်က ဆက်ပြီး 'မခင်မေရယ် ဒီသုတ်ကို နားထောင်နေတော့ ဒီသုတ်ဟာ မြတ်စွာဘုရား ငါ့အတွက် သက်သက်ဟောပစ်ခဲ့တာလို့တောင် အောက်မေ့မိတယ်၊ အခု များ ငါသေရင် ငရဲကျမှာ ကေန္တပဲ၊ ငရဲမှာ ယမမင်းနဲ့များ တွေ့လို့ ငါ့ကို မေးရင် ဒုတ်ထဲကလူအတိုင်း ငါဖြေရမှာပဲ၊ လူအိုတွေ လူနာတွေ၊ လူသေ တွေကို ငါခဏခဏ တွေ့နေရတာပဲ၊ တွေ့တိုင်း ငါလဲ အိုရဦးမယ်၊ နာရ ဦးမယ်၊ သေရဦးမယ်ဆိုတဲ့ စိတ်ဟာ တစ်ခါမှ မဖြစ်ဖူးဘူး၊ မအိုခင် မနာခင် မသေခင် ကိုယ်ကုသိုလ်တွေ နှုတ်ကုသိုလ်တွေ စိတ်ကုသိုလ်တွေ လုပ်ရဦးမယ်ဆိုတာလဲ တစ်ခါမှ မစဉ်းစားမိဘူး၊ အခု မင်းပြောမှပဲ ငါ စဉ်းစား မိတော့တယ်၊ စဉ်းစားမိတော့လဲ အိုရမယ့်အေး နာရမယ့်အေး၊သေရ မယ့်အေးကြီးဟာ တကယ့်ကြောက်စရာကြီးပါလား၊ မအိုရ မနာရ မသေရ တဲ့နေရာဟာ မရှိတော့ဘူးလားကွယ်'လို့ မေးပါတယ်။ 'ရှိပါတယ် ကိုသိန်း ရယ်၊ ရှင်တော်မြတ်ဘုရား ပွင့်တော်မူလာတာ ဒီမအိုရ၊ မသေရ၊ မနာရတဲ့



နေရာကြီးတွေကို သတ္တဝါတွေ သိအောင် မြင်အောင် ဒီနေရာရောက်ဖို့ ကြိုးစားအောင်ပြဖို့ တိုက်တွန်းဖို့ပဲ ကိုသိန်းရဲ့၊ ကဲ ဒီနေ့တော့ ဒီလောက်နဲ့ပဲ အောက်ကြဦးစို့၊ မနက်ဖြန်မှ ဆက်ရအောင်'လို့ မခင်မေက ပြောပါတယ်။ သိန်းမောင်လဲ မနေ့ကလိုပဲ သူမှတ်မိသမျှတွေကို ရေးချနေပါတယ်။ ရေးပြီး တော့လက်ကုလားထိုင် ပေါ်မှာထိုင်ရင်း အိုအေး၊ နာအေး၊ သေအေးကြီးရဲ့ ကြောက်စရာကောင်းပုံကို လေးလေးနက်နက် စဉ်းစားနေပါတယ်။

သိန်းမောင်ဟာ လူ့ဘဝကစပြီး အလုပ်ကို ဘယ်လို ကြိုးစား လုပ်မယ်။ ငွေဘယ်လိုစုမယ်။ သူကြိုက်တဲ့မိန်းမကို ဘယ်လိုရှာပြီး ယူမယ်။ မိန်းမကို ဘယ်လိုပျော်အောင်ထားမယ်။ သားသမီးတွေရလာရင် သူများအောက်ကို မကျရအောင် ဘယ်လိုလုပ်မယ်။ ဘယ်လို ပညာသင် ပေးမယ်။ သူ့အလုပ်က ပင်စင်ယူရင် သူ့မိန်းမနဲ့ သူနဲ့ မြန်မာတစ်နိုင်ငံ လုံးကို ဘယ်လို လျှောက်လည်မယ်။ အနောက်နိုင်ငံကို ဘယ်လိုသွားမယ် ဆိုတာလောက်ပဲ စဉ်းစားမိတယ်။ လောကမှာ လူတစ်ယောက်အနေနဲ့ လုပ်စရာဟာ ဒါလောက်ပဲ ထင်မှတ်ခဲ့တယ်။ အင်မတန်ရခဲတဲ့ လူ့ဘဝကို ရတဲ့အခါ တွေ့ကြုံရခဲ့တဲ့ သာသနာတော်ကြီးနဲ့ တွေ့ကြုံရတဲ့အခါ အိုအေး၊ နာအေး၊ သေအေးကြီးတွေက လွတ်မြောက်ရေးကို ကိုယ်စွမ်း ရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားရမယ်။ ပိုက်ဆံရဖို့ ကြိုးစားတာတွေ ထက် မယားရဖို့ ကြိုးစားတာတွေထက် အဆပေါင်း အများကြီးတိုးပြီး ကြိုးစားရမယ်ဆိုတာတွေကို သိန်းမောင် တစ်ခါမှ မစဉ်းစားမိခဲ့ဘူး။ သူ့အတွေးတွေထဲမှာ ဒီအတွေးမျိုးဟာ တစ်ခါမှ မပေါ်ခဲ့ဖူးဘူး။ အဲဒါ ကြောင့် သူ့ကို ဒီအတွေးမျိုးတွေ စပြီးတွေးအောင် လုပ်ပေးတဲ့ သူ့ဇနီးသည် ခင်မေကိုလဲ သိန်းမောင်ဟာ အကြီးအကျယ် ကျေးဇူးတင်နေပါတယ်။ ခင်မေ စကြံလျှောက်ရင်း ဘာဝနာပွားပြီးတဲ့အခါ သူရေးထားတာကို ပြတယ်။ မခင်မေက နည်းနည်းပြင်ပေးတယ်။ ညအိပ်ရာဝင်တဲ့အခါ သိန်းမောင်ဟာ တော်တော်နဲ့ အိပ်လို့မပျော်ဘူး။ သေမင်းတမန်သုံးဦး အကြောင်းကိုပဲ စဉ်းစားရင်း အကြောက်ကြီး ကြောက်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ညမှာ မခင်မေက 'ကိုသိန်းရေ၊ အမိနဲ့သား အချင်းချင်း မကာကွယ်နိုင်တဲ့ အမာတာပုတ္တိက ဘေးကြီးတွေဆိုတာ သိသလား'လို့ မေးပါတယ်။ မောင်သိန်းကလဲ 'မသိဘူး'လို့ ဖြေတယ်။ လောကုတ္တရာ စာပေ မသင်ဖူးတဲ့ လူအချို့ကို ဒီဘေးကြီးတွေ သိသလားလို့ မေးရင် သူတို့က သိတယ်ဆိုပြီး ဒီလိုဖြေတယ်။ မီး အကြီးအကျယ်လောင်တဲ့အခါ၊ ရေအကြီးအကျယ် လွှမ်းမိုးတဲ့အခါ၊ သူပုန်အကြီးအကျယ်ထတဲ့အခါ သားကလဲ အမိမကယ်နိုင်၊ အမိကလဲ သားကို မကယ်နိုင်ဘူးလို့ ဖြေကြ တယ်၊ ဒီအဖြေဟာ မမှန်ပါဘူး၊ မီးအကြီးအကျယ်လောင်ပေမယ့် သားကလဲ အမိကို ကယ်နိုင်တဲ့အခါမျိုး၊ အမိကလဲ သားကို ကယ်နိုင်တဲ့ အခါမျိုးဟာ တစ်ခါတလေ ရှိပါသေးတယ်၊ ဒီလိုပဲ ရေအကြီးအကျယ် လွှမ်းမိုးပေမယ့် သူပုန်အကြီးအကျယ်ထပေမယ့် သားကလဲ အမိကို ကယ်တင်နိုင်တဲ့အခါမျိုး အမိကလဲ သားကို ကယ်နိုင်တဲ့အခါမျိုး တစ်ခါတလေ ရှိပါသေးတယ်။

'ဒါပေမယ့် အိုဘေး၊ နာဘေး၊ သေဘေးဆိုတဲ့ ဘေးကြီးသုံးမျိုး ကျတော့ သားကလဲ အမိကို မကယ်နိုင်ဘူး၊ အမိကလဲ သားကို မကယ် နိုင်ဘူး၊ အမိက 'ငါသာ အိုပါရစေ၊ ငါ့သား မအိုပါစေနဲ့'လို့ သားကို မအိုအောင် မကာကွယ်နိုင်ဘူး၊ 'ငါသာ နာပါရစေ၊ ငါ့သား မနာပါစေနဲ့' လို့ သားကို မနာအောင် မကာကွယ်နိုင်ဘူး၊ 'ငါသာ သေပါရစေ ငါ့သား မသေပါစေနဲ့'လို့ သားကို မသေအောင် မကာကွယ်နိုင်ဘူး အဲဒီလိုပဲ သားကလဲ အမိကို မအိုအောင်၊ မနာအောင်၊ မသေအောင် မကာကွယ်နိုင်ဘူး၊ 'ဒီဘေးကြီးတွေက တကယ်တန်း လွတ်မြောက်အောင် လုပ်ပေးနိုင်တာကတော့ မဂ္ဂင်ရှစ်ပါးတရားပဲ ရှိတယ်၊ မဂ္ဂင်ရှစ်ပါးတရား လွဲလို့ ဘယ်တရားမှ လုပ်မပေးနိုင်ဘူး၊ မဂ္ဂင်ရှစ်ပါးဆိုတာ (၁) မှန်စွာ သိခြင်း၊ (၂) မှန်စွာ ကြံခြင်း၊ (၃) မှန်စွာ ပြောဆိုခြင်း၊ (၄) မှန်စွာ ပြုလုပ်ခြင်း၊ (၅) မှန်စွာ အသက်မွေးခြင်း၊ (၆) မှန်စွာအားထုတ်ခြင်း (၇) မှန်စွာ အောက်မေ့ခြင်း၊ (၈) မှန်စွာတည်ကြည်ခြင်းဆိုတဲ့ တရား ရှစ်ပါးပဲဖြစ်တယ်။ အဲဒီ ရှစ်ပါးကို အမှတ်ရလွယ်အောင် သီလ၊ သမာ



ပညာလို့ပဲ မှတ်ထားပါ၊ ဒီည ဒီလောက်နဲ့ပဲ တော်ပါပြီ'လို့ မခင်မေက ပြောပါတယ်။

နောက်တစ်နေ့ ညစာစားပြီးတဲ့အခါ မခင်မေက 'သီလ၊ သမာဓိ၊ ပညာဆိုတာ ကိုသိန်း သိသလား'လို့ မေးပါတယ်။ 'မသိဘူး'လို့ သိန်းမောင်က ဖြေတယ်။ အဲဒီအခါ မခင်မေက 'ကိုယ်အကုသိုလ်တွေ၊ နှုတ်အကုသိုလ်တွေ မဖြစ်ရအောင် ကိုယ်နဲ့ နှုတ်ကို စောင့်ထိန်းထားတာကို သီလလို့ ခေါ်တယ်။

'စိတ်အကုသိုလ်တွေ မဖြစ်ဖို့အတွက် စိတ်တွေကို ဟိုလွင့် ဒီလွင့် လွင့်စေဘဲ အာရုံတစ်ခုတည်းမှာ ငြိမ်နေအောင် ထိန်းထားတာကိုသမာဓိ လို့ ခေါ်တယ်။

'ခန္ဓာငါးပါးမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားတွေကို မြင်အောင် ရှုနိုင်တဲ့ဉာဏ်ကို ပညာလို့ ခေါ်တယ်။

'ကိုသိန်း၊ ခန္ဓာငါးပါးဆိုတာ သိသလား'လို့ မခင်မေက မေး တယ်။ မောင်သိန်းမောင်က 'မသိဘူး'လို့ဖြေတယ်။ ခန္ဓာငါးပါး ဆိုတာက (၁) ရုပ်ခန္ဓာ၊ (၂) ဝေဒနာခန္ဓာ၊ (၃) သညာခန္ဓာ၊ (၄) သင်္ခါရခန္ဓာ၊ (၅) ဝိညာဉ်ခန္ဓာ ဆိုတာတွေပဲ ဖြစ်တယ်။

'အဲဒါတွေကိုရှင်းအောင် ကျွန်မ ဒီလို ရှင်းပြမယ်၊ ကိုသိန်း ကျွန်မကို ကြည့်ကြည့်ခြင်း မခင်မေလို့ မသိသေးဘူး၊ ပုံသဏ္ဌာန်တစ်ခုကို မြင်လိုက်တာပဲ၊ နောက်မှ မခင်မေလို့ သိတယ်၊ စိတ်တွေဟာ လက်တစ်ဖျစ် အတွင်းမှာ ကုဋေ တစ်သိန်းလောက် ဖြစ်နေတော့ ပုံသဏ္ဌာန်ကိုမြင်တာနဲ့ ခင်မေလို့ သိတာဟာ တစ်ကြိမ်ထဲလို့ ထင်ရတယ်၊ အဲဒီလိုပုံသဏ္ဌာန်ကို မြင်အောင်လုပ်ပေးတာက ဝိညာဉ်ခန္ဓာပဲ၊ ဝိညာဉ်ခန္ဓာသာ မရှိဘူးဆိုရင် ကိုသိန်းဟာ ဒီပုံသဏ္ဌာန်ကို မြင်ကို မမြင်ရတော့ဘူး၊ မခင်မေလို့ သိအောင်လုပ်ပေးတာက သညာ ခန္ဓာပဲ၊ မခင်မေကို မြင်ပြီး ဝမ်းသာတာက ဝေဒနာခန္ဓာပဲ၊ ဝမ်းသာပြီး မခင်မေကို ပြုံးပြလိုက်၊ အနားသွားလိုက်လို့ ဆော်တွန်းတာက သင်္ခါရခန္ဓာပဲ၊ အသံကြားတဲ့အခါ အနံ့ရှူတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



အစားအစာ စားတဲ့သောက်တဲ့အခါ ကိုယ်နဲ့ အတွေ့နဲ့ ထိတွေ့တဲ့အခါ စိတ်ကူး ကြံစည်တဲ့အခါတွေမှာလဲ ဒီခန္ဓာ လေးပါးဟာ အကြမ်းအားဖြင့် ဒီအတိုင်းပဲ ဖြစ်နေကြတာပဲ၊ အဲဒီခန္ဓာ လေးပါးကို နာမ်ခန္ဓာလို့လဲ ခေါ်တယ်၊ အမှတ်ရလွယ်အောင် စိတ်လို့လဲ ခေါ်နိုင်ပါတယ်။

'ရုပ်ခန္ဓာကတော့ ကိုသိန်းတို့ ကျွန်မတို့ အခုမြင်နေရတဲ့ ကိုယ်ကြီးပါပဲ၊ အဲဒီခန္ဓာငါးပါးစလုံးဟာ မရပ်မနားဘဲ ပျက်နေပါတယ်၊ ပျက်တိုင်း အသစ်ပြန်ဖြစ်တာတွေကလဲ မြန်လွန်းတော့ ဒီရုပ်ကြီးဟာလဲ မွေးကတည်းက ဒီရုပ်၊ အခုလဲ ဒီရုပ်ပဲလို့ ထင်မှတ်နေကြပါတယ်၊ စိတ်တွေဟာလဲ မွေးကတည်းက ဒီစိတ်၊ အခုလဲ ဒီစိတ်ပဲလို့ ထင်မှတ်နေကြပါတယ်၊ အမှန်စင်စစ်တော့ ဒီရုပ်နဲ့ ဒီစိတ်တွေဟာ မျက်စိတစ်မှိတ်အတွင်း အကြိမ်ပေါင်း မရေတွက်နိုင်အောင်ကို ပျက်သွားပြီးပြီ၊ အဲဒီလို ရုပ်နဲ့ စိတ်တွေ ပျက်နေတာကို မြင်အောင် ရှုရမယ်၊ အဲဒီလို ပျက်နေတဲ့အတွက် ချမ်းသာဆိုတာ မရှိနိုင်ဘူး၊ ဆင်းရဲသာ ရှိတယ်ဆိုတာကိုလဲ မြင်အောင်ရှုရမယ်၊ ဒီ ပျက်နေတာကို မပျက်ပါနဲ့လို့ ဘယ်လိုပြောလို့မှ မရဘူး၊ အဲဒီလို ကိုယ်လိုချင်တဲ့အတိုင်း မဖြစ်တဲ့အတွက် ဒီခန္ဓာငါးပါးဟာ အလိုမလိုက်ဘူး၊ အစိုးမရဘူး၊ သတ္တဝါမဟုတ်ဘူးဆိုတာကို မြင်အောင် ရှုရမယ်၊ အဲဒီလို ခန္ဓာငါးပါးဟာ မမြဲဘူး၊ ဆင်းရဲတယ်၊ အလိုမလိုက်ဘူး၊ သတ္တဝါ မဟုတ်ဘူးဆိုတာကို မြင်အောင်ရှုနိုင်တဲ့ ဉာဏ်ကို ပညာလို့ ခေါ်တယ်၊ ဒီပညာဟာ လေးဆင့်ရှိတယ်၊ ပထမအဆင့်ကို သောတာပတ္တိပညာလို့ ခေါ်တယ်၊ ဒုတိယ အဆင့်ကို သကဒါဂါမိပညာလို့ ခေါ်တယ်၊ တတိယ အဆင့်ကို အနာဂါမိပညာလို့ ခေါ်တယ်၊ စတုတ္ထအဆင့်ကို အရဟတ္တ ဖိုလ်ပညာလို့ ခေါ်တယ်၊ အောက်ဆုံးအဆင့်ဆိုတဲ့ သောတာပတ္တိပညာ အဆင့်ကိုရရင်ပဲ ကိုသိန်းဟာ ကိုသိန်းကြောက်တဲ့ ယမမင်းနဲ့ ဘယ်တော့မှ မတွေ့ရတော့ဘူး။

'အဲဒီတော့ အလုပ်ဆင်းနေတဲ့အခါ ငါးပါးသီလကို လုံအောင်ထိန်းပေါ့၊ ကိုယ်တိုင်လဲ မသတ်နဲ့၊ သူများကိုလဲ အသတ်မခိုင်းနဲ့၊ သူများသတ်တာကိုလဲ သဘောမတူနဲ့။



'ကိုယ်တိုင်လဲ မခိုးနဲ့၊ သူများကိုလဲ အခိုးမခိုင်းနဲ့၊ သူများခိုးတာကိုလဲ သဘောမတူနဲ့။

'ကိုယ်တိုင် ကာမမှာ မှားမှားယွင်းယွင်း မကျင့်နဲ့၊ သူများကိုလဲ ကာမမှာ မှားမှားယွင်းယွင်းကျင့်အောင် မတိုက်တွန်းနဲ့၊ သူများကာမမှာ မှားမှားယွင်းယွင်း ကျင့်နေတာကိုလဲ သဘောမတူနဲ့။

'ကိုယ်တိုင်လဲ လိမ်မပြောနဲ့၊ သူများကိုလဲ လိမ်ပြောအောင် မတိုက်တွန်းနဲ့၊ သူများလိမ်ပြောတာကိုလဲ သဘောမတူနဲ့။

'ကိုယ်တိုင်လဲ အရက်မသောက်နဲ့၊ သူများကိုလဲ အရက်သောက်ဖို့ မတိုက်တွန်းနဲ့၊ သူများ အရက်သောက်တာကိုလဲ သဘောမတူနဲ့။

'အလုပ်ဆင်းရတဲ့အခါ ဒီလောက်လုံအောင် ထိန်းနိုင်ရင် အတော်လုံလောက်ပါပြီ၊ တနင်္ဂနွေနေ့ကျရင်တော့ ရှစ်ပါးသီလဖြစ်ဖြစ်၊ ကိုးပါးသီလဖြစ်ဖြစ် စောင့်ပါ၊ ရှစ်ပါးနဲ့ ကိုးပါး သီလအကြောင်းတွေကို နောက်နေ့တွေကျရင် ကျွန်မ ပြောပြပါ့မယ်၊ သမာဓိဖြစ်ဖို့အတွက်ကတော့ အဓိပ္ပာယ်သဘောနဲ့ နေ့စဉ် ဂုဏ်တော်တွေကို ပွားများပါ၊ ဘယ်လိုပွားရမယ်ဆိုတာ နောက်တော့ ကျွန်မ ပြောပြပါ့မယ်၊ ဂုဏ်တော်ပွားများလို့ အတော်အသေး သမာဓိဖြစ်လာပြီဆိုတော့ ခန္ဓာငါးပါးမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးတင်ပြီး တစ်နေ့ကို တစ်နာရီလောက် တစ်နာရီလောက် ရှုတာပေါ့'လို့ မခင်မေက ပြောပါတယ်။

မခင်မေပြောတာတွေကို နားထောင်ပြီးတော့ သိန်းမောင်ရဲ့စိတ်တွေထဲမှာ တစ်မျိုးဖြစ်နေတယ်။ တစ်သက်လုံး အိမ်တွင်းပုန်းနေရတဲ့ မိန်းကလေးတစ်ယောက်ကို အိမ်ထဲကထုတ်ပြီး တစ်မြို့လုံး၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး လှည့်လျှောက်ပြတဲ့အခါ အဲဒီ မိန်းကလေးရဲ့ စိတ်ထဲမှာ လောကကြီးဟာ တယ်ခန်းကြီးပါကလား၊ ငါမသိတာတွေ အများကြီးပါလား၊ ငါလုပ်စရာတွေလဲ အများကြီးပါလားလို့ တအံ့တသြကြီး ဖြစ်နေသလို သိန်းမောင်ရဲ့ စိတ်ထဲမှာလဲ တရားတော်ဟာ တယ်ခန်းကြီးပါလား၊ ငါမသိသေးတာတွေ အစုံကြီးပါလား၊ ငါလုပ်စရာတွေလဲ အများကြီးပါလားလို့ တအံ့တသြ

www.burmeseclassic.com

www.burmeseclassic.com



ကြီး ဖြစ်နေပါတယ်။ သေမင်းတမန်ကြီးသုံးဦးဟာလဲ သူ့ မျက်စိထဲကကို မထွက်တော့ဘူး။

နောက်တစ်ညရောက်တဲ့အခါ မခင်မေက 'ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှာ ဂုဏ်တော်တွေကတော့ မရေမတွက်နိုင်လောက်အောင် ရှိကြတာပေါ့၊ ဒါပေမယ့် လူသာမန်တွေ အမှတ်ရလွယ်အောင် မြတ်စွာ ဘုရားက ဘုရားရဲ့ဂုဏ်တော်ဟာကိုးပါး၊ တရားရဲ့ဂုဏ်တော်ဟာ ခြောက်ပါး၊ သံဃာတော်ရဲ့ ဂုဏ်တော်ဟာ ကိုးပါးလို့ ဟောကြားထားခဲ့ပါတယ်၊ ဘုရားဂုဏ်တော်ကိုးပါးကတော့ ၁။ အရဟံ၊ ၂။ သမ္မာသမ္ဗုဒ္ဓေါ၊ ၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ ၄။ သုဂတော၊ ၅။ လောကဝိဒူ၊ ၆။ အနုတ္တရောပုရိသ ဓမ္မသာရထိ၊ ၇။ သတ္ထာဒေဝမနုဿာနံ၊ ၈။ ဗုဒ္ဓေါ၊ ၉။ ဘဂဝါ ဆိုတဲ့ ဂုဏ်တော်တွေပဲ ဖြစ်တယ်။

၁။ တစ်ထောင့်ငါးရာကိလေသာတွေကို ဝါသနာနဲ့တကွအကြွင်းမဲ့ ပယ်ဖျက်တော်မူပြီးသော အကြောင်းကြောင့် မြတ်စွာဘုရားဟာ အရဟံ ဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

ပူဇော်အထူးကိုခံတော်မူထိုက်သော အကြောင်းကြောင့် မြတ်စွာ ဘုရားဟာ အရဟံဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၂။ အလုံးစုံသောတရားတွေကို ကိုယ်တော်တိုင် မှန်စွာသိတော် မူသော အကြောင်းကြောင့် မြတ်စွာဘုရားဟာ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၃။ အသိဉာဏ်နဲ့ရော ကောင်းသောအကျင့်နဲ့ရော ပြည့်စုံတော် မူသော အကြောင်းကြောင့် မြတ်စွာဘုရားဟာ ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော် နဲ့ ပြည့်စုံတော်မူပါပေတယ်။

၄။ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်း ကြောင့် မြတ်စွာဘုရားဟာ သုဂတဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေ တယ်။



၅။ လောကကို အလုံးစုံသော အခြင်းအရာအားဖြင့် သိတော် မူသောအကြောင်းကြောင့် မြတ်စွာဘုရားဟာ လောကဝိဒူဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားထက် ထူးချွန်လွန်ကဲသော သူ တစ်စုံတစ်ယောက်မျှ မရှိသောအကြောင်းကြောင့်လည်းကောင်း၊ ဆုံးမ ထိုက်သူကို ယဉ်ကျေးစေတတ်သော အကြောင်းကြောင့် လည်းကောင်း မြတ်စွာဘုရားဟာ အနုတ္တရော ပုရိသ ဓမ္မသာရထိ ဂုဏ်တော်နဲ့ ပြည့်စုံတော် မူပါပေတယ်။

၇။ နတ်လူတို့အား ပစ္စုပ္ပန်ဘဝဖြစ်သော အကျိုးကျေးဇူး၊ တမလွန်ဘဝ ဖြစ်သော အကျိုးကျေးဇူးတွေအတွက် ထိုက်သင့်သည် အားလျော်စွာ ဆုံးမ တတ်သော အကြောင်းကြောင့် မြတ်စွာဘုရားဟာ သတ္ထာဒေဝ မနုဿာနံ ဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၈။ သစ္စာလေးပါးကို ကိုယ်တော်တိုင်လဲသိတော်မူတယ်၊သူတစ်ပါး အားလဲ သိစေတော်မူတယ်၊ ဒီအကြောင်းကြောင့် မြတ်စွာဘုရားဟာ ဗုဒ္ဓ ဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၉။ ဘုန်းတော်ကြီးသောအကြောင်းကြောင့် မြတ်စွာဘုရားဟာ ဘဂဝါဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

'တရားဂုဏ်တော်ခြောက်ပါးကတော့ ၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော၊ ၂။ သန္ဒိဋ္ဌိကော၊ ၃။ အကာလိကော၊ ၄။ ဧဟိပဿိကော၊ ၅။ ဩပ နေယျိကော၊ ၆။ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ' ဆိုတဲ့ ဂုဏ်တော်ခြောက်ပါးပဲ ဖြစ်တယ်။

၁။ မြတ်စွာဘုရား ကောင်းစွာဟောတော်မူထားတဲ့တရားဖြစ်သော ကြောင့် တရားတော်ဟာ သွာက္ခာတဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါ ပေတယ်။

၂။ ကိုယ်တိုင် သိမြင်ထိုက်သောကြောင့် တရားတော်ဟာ သန္ဒိဋ္ဌိက ဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

www.burmeseclassic.com

www.burmeseclassic.com



၃။ အခါမလင့် အကျိုးပေးနိုင်သောကြောင့် တရားတော်ဟာ အကာလိကဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၄။ လိုက်ခဲ့စမ်းပါ၊ တရားတော်ကို ရှုလှည့်စမ်းပါလို့ ဖိတ်ခေါ်ထိုက်သောကြောင့် တရားတော်ဟာ ဧဟိပဿိကဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၅။ မိမိစိတ်မှာ ကပ်ပြီး ဆောင်ယူထိုက်သောကြောင့် တရားတော်ဟာ ဩပနေယျိက ဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၆။ ကိုယ်စီကိုယ်င သိအပ် ခံစားအပ်သောကြောင့် တရားတော်ဟာ ပစ္စတ္တံဝေဒိတဗ္ဗ ဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

'သံဃာဂုဏ်တော်ကိုးပါးကတော့ ၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော (ယဒိဒံ စတ္တာရိပုရိသ ယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ) ဧသဘဂဝတော သာဝကသံဃော၊ ၅။ အာဟုနေယျော၊ ၆။ ပါဟုနေယျော၊ ၇။ ဒက္ခိဏေယျော၊ ၈။ အဉ္ဇလိကရဏီယော၊ ၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဆိုတဲ့ ဂုဏ်တော်တွေပဲ ဖြစ်တယ်။

၁။ ကောင်းစွာကျင့်တော်မူသောကြောင့် သံဃာတော်ဟာ သုပ္ပဋိပန္နဂုဏ်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၂။ ဖြောင့်မတ်စွာ ကျင့်တော်မူသောကြောင့် သံဃာတော်ဟာ ဥဇုပ္ပဋိပန္နဂုဏ်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၃။ နိဗ္ဗာန်အလို့ဌာ ကျင့်တော်မူသောကြောင့် သံဃာတော်ဟာ ဉာယပ္ပဋိပန္နဂုဏ်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၄။ ရိုသေမှုနဲ့ လျော်အောင် ကျင့်တော်မူသောကြောင့် သံဃာတော်ဟာ သာမီစိပ္ပဋိပန္နဂုဏ်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၅။ အဝေးမှယူဆောင်၍ ပူဇော်အပ်တဲ့ပစ္စည်းကို ခံယူထိုက်သောကြောင့် သံဃာတော်ဟာ အာဟုနေယျဂုဏ်တော်နဲ့ ပြည့်စုံပါပေတယ်။



၆။ ဧည့်သည်တို့ဖို့ စီမံအပ်သောပစ္စည်းကို ခံယူထိုက်သောကြောင့် သံဃာတော်ဟာ ပါဟုနေယျဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၇။ နောင်တမလွန်ဘဝအတွက် ရည်ရွယ်ပြီး လှူတဲ့ အလှူကို ခံထိုက်သောကြောင့် သံဃာတော်ဟာ ဒက္ခိဏေယျဂုဏ်တော်နဲ့ ပြည့်စုံပါပေတယ်။

၈။ လက်အုပ်ချီမှုကို ပြုထိုက်သောကြောင့် သံဃာတော်ဟာ အဉ္ဇလိကရဏီယဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

၉။ ကောင်းမှုမျိုးစေ့ကို ကြဲချစိုက်ပျိုးဖို့ရာ မြတ်တဲ့လယ်ယာနဲ့ တူသောကြောင့် သံဃာတော်ဟာ အနုတ္တရပုညခေတ္တ ဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

'ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တွေကို ပွားတဲ့အခါ အများအားဖြင့် လူတွေဟာ ဂုဏ်တော်တွေကို နှုတ်ကသာ အကြိမ်ကြိမ်ရွတ်နေတာပဲ၊ စိတ်တွေကတော့ တခြားကို လွင့်ချင်တိုင်း လွင့်နေကြတယ်၊ ဒါဟာ မှုမမှန်ဘူး၊ နှုတ်ကရွတ်ရင်း အခုပြောခဲ့တဲ့ဂုဏ်တော်တွေရဲ့ အဓိပ္ပာယ်တွေကိုလဲ စိတ်ထဲမှာ ပေါ်နေအောင် ကြိုးစားရမယ်၊ ဒီဂုဏ်တော်တွေက တခြားကို စိတ်မလွင့်ရဘူး။ အဲဒီဂုဏ်တော်တွေကို ထိုင်ရင်း ထရင်း သွားရင်း လာရင်း ပွားနိုင်အောင် ကိုသိန်း သတိထားပြီး ကြိုးစားပါ'လို့ မခင်မေက ပြောပါတယ်။

နောက်တစ်ညရောက်တဲ့အခါ 'ရှစ်ပါးသီလအကြောင်း ဒီနေ့ည ပြောမယ်'လို့ မခင်မေက စလိုက်ပါတယ်။ သိန်းမောင်ကလဲ ဂရုစိုက်ပြီး နားနေပါတယ်။ 'ရှစ်ပါးသီလစောင့်ထိန်းတဲ့အခါ ငါးပါးသီလစောင့်ထိန်းတုန်းကထက် လေးခုပိုပြီး စောင့်ထိန်းရတယ်၊ ငါးပါးသီလစောင့်ထိန်းတဲ့အခါ လင်နဲ့မယား အချင်းချင်း ပေါင်းသင်းဆက်ဆံခွင့်ရှိတယ်၊ ဆက်ဆံနိုင်တယ်၊ ရှစ်ပါးသီလ စောင့်ထိန်းတဲ့အခါ ဒီမမြတ်တဲ့ မေထုန်မှုပြုခြင်းကို လုံးဝ ရှောင်ရမယ်၊ အဲဒါတစ်ခု ငါးပါးသီလထက် တိုးလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီးတော့ နေ့စဉ် ၁၂ နာရီကလွန်ရင် ဘာမှ မစားရဘူး၊ အင်မတန် ဆာလွန်းအားကြီးရင် အဖျော်ရည်လောက်၊ ဘိလပ်ရည်လောက်တော့ သောက်နိုင်ပါတယ်၊ ဒါပေမယ့် အောင့်နိုင်ရင် ကောင်းတယ်၊ အဲဒါတစ်ခုလဲ ငါးပါးသီလထက် ပိုလာတယ်။

'နောက်ပြီးတော့ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို ကိုယ်တိုင်လဲ မလုပ်ရဘူး၊ သူများလုပ်ဖို့လဲ မတိုက်တွန်းရဘူး၊ ပွဲ၊ အငြိမ့်၊ ရုပ်ရှင်အစရှိတဲ့ အကအဆို အတီးအမှုတ်တွေကို မကြည့်ရဘူး၊ နားမထောင်ရဘူး၊ ပန်းပန်ခြင်း၊ သနပ်ခါး ပေါင်ဒါ အစရှိသည်တို့ကို လူးခြင်း၊ ရေမွှေးဆွတ်ခြင်း ဆိုတာတွေကိုလဲ ရှောင်ရမယ်၊ အဲဒါတွေလဲ ငါးပါးသီလထက် ပိုလာတယ်။

'နောက်ပြီးတော့ မြင့်တဲ့မြတ်တဲ့နေရာတွေ၊ ခိမ်ခံတဲ့နေရာမျိုးတွေကို ရှောင်ရမယ်၊ အဲဒါတစ်ခုလဲ ငါးပါးသီလထက် ပိုလာတယ်။

'အားလုံးပေါင်း လေးခုပိုလာတယ်၊ အဲဒီတော့ ရှစ်ပါးသီလစောင့်တဲ့အခါ သူ့အသက်သတ်တာကို ရှောင်ရမယ်၊ သူ့ပစ္စည်းခိုးတာကို ရှောင်ရမယ်၊ မမြတ်တဲ့ မေထုန်မှီဝဲတာကို ရှောင်ရမယ်၊ လိမ်ပြောတာကို ရှောင်ရမယ်၊ သေရည်သေရက် သောက်တာကို ရှောင်ရမယ်၊ နေ့လွဲညစာစားတာကို ရှောင်ရမယ်၊ အက အဆို အတီးအမှုတ် ကိုယ်တိုင်လဲ မလုပ်ရဘူး၊ သူများတွေကိုလဲ အလုပ်မခိုင်းရဘူး၊ အက အဆို အတီး အမှုတ်လုပ်နေတဲ့ဆီကိုလဲ သွားပြီး မကြည့်ရဘူး၊ နားမထောင်ရဘူး၊ ပန်းမပန်ရဘူး၊ ပေါင်ဒါ သနပ်ခါး မလိမ်းရဘူး၊ ရေမွှေးမဆွတ်ရဘူး၊ ဒါတွေအားလုံးကို ရှောင်ရမယ်၊ ခိမ်ခံတဲ့နေရာမျိုးတွေကို ရှောင်ရမယ်။

'ကိုးပါးသီလဆိုတာကတော့ အခုပြောခဲ့တဲ့ ရှစ်ပါးသီလကို စောင့်ထိန်းပြီး သတ္တဝါတွေအားလုံး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းပါစေလို့ မေတ္တာပို့နေရမယ်၊ အဲဒီ ကိုးပါးသီလ စောင့်ထိန်းတဲ့နေ့မှာ ဒေါသမထွက်မိအောင် အထူး ဆင်ခြင်ရမယ်။



'အခုပြောခဲ့တာတွေကို ရှောင်ကြဉ်ပြီး မိမိစောင့်တဲ့ ဥပုသ်ဟာ စင်ကြယ်သည်ထက် စင်ကြယ်အောင် ဘယ်သူနဲ့မှ စကားမပြောနဲ့၊ ရတနာသုံးပါးဂုဏ်တော်တွေ ပွားနေ၊ နောက်ပြီးတော့ ရဟန္တာတွေဟာ သူများရဲ့အသက် မသတ်ဘူး၊ ငါလဲ မသတ်ဘူး၊ ရဟန္တာတွေဟာ သူများပစ္စည်းမခိုးဘူး၊ ငါလဲ မခိုးဘူး၊ ရဟန္တာတွေဟာ မမြတ်တဲ့ မေထုန်ကို မမှီဝဲဘူး၊ ငါလဲ မမှီဝဲဘူး၊ ရဟန္တာတွေဟာ လိမ်မပြောဘူး၊ ငါလဲလိမ်မပြောဘူး၊ ရဟန္တာတွေဟာ အရက် မသောက်ဘူး၊ ငါလဲ အရက် မသောက်ဘူး၊ ရဟန္တာ တွေဟာ နေ့လွဲညစာ မစားဘူး၊ ငါလဲ မစားဘူး၊ ရဟန္တာတွေဟာ ကတာ ဆိုတာ တီးတာ မှုတ်တာကို ရှောင်တယ်၊ ပွဲ၊ ရုပ်ရှင်၊ အငြိမ့်ကြည့်တာတွေကို ရှောင်တယ်၊ ပန်းပန်တာ၊ သနပ်ခါး၊ ပေါင်ဒါလိမ်းတာ၊ ရေမွှေးဆွတ်တာတွေကို ရှောင်တယ်၊ ငါလဲ ရှောင်တယ်၊ ရဟန္တာတွေဟာ ခိမ်ခံတဲ့ နေရာမျိုးကို ရှောင်တယ်၊ ငါလဲ ရှောင်တယ်၊ အဲဒါကြောင့် ဒီဥပုသ်စောင့်တဲ့နေ့မှာဖြင့် ငါဟာ ရဟန္တာတွေရဲ့ အကျင့်ကို အတုယူပြီး ကျင့်ရပြီဆိုတာကို မကြာခဏ နှလုံးသွင်းရမယ်။

'နောက်ပြီးတော့ နည်းနည်းဖြစ်ဖြစ်၊ များများဖြစ်ဖြစ် မိမိလှူခဲ့တဲ့ အလှူတွေကို ပြန်သတိရပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမယ်၊ နောက်ပြီးတော့ နတ်ပြည်ခြောက်ထပ် ဗြဟ္မာဘုံနှစ်ဆယ်မှာရှိကြတဲ့ နတ်ဗြဟ္မာတွေဟာ အစတုန်းက ငါလို လူ့ဘုံကပဲ၊ သူတို့မှာရှိကြတဲ့ ရတနာသုံးပါးကို ကြည်ညိုမှု၊ သီလစောင့်ထိန်းမှု၊ အကြားအမြင် ဗဟုသုတများမှု၊ ပေးကမ်းစွန့်ကြဲမှုဆိုတဲ့ ဂုဏ်တွေဟာ ငါ့မှာလဲရှိတာပဲ၊ အဲဒီလို နတ်ဗြဟ္မာတွေကို သက်သေထားပြီး မိမိရဲ့ သဒ္ဓါဂုဏ်၊ သီလဂုဏ်၊ သုတဂုဏ်၊ စာဂဂုဏ်တွေကို အဖန်တလဲလဲ အောက်မေ့ပါ။

'ကိုသိန်းရယ်၊ အခုပြောခဲ့သလို အလုပ်ဆင်းရတဲ့နေ့တွေမှာ ငါးပါးသီလမြဲအောင် စောင့်ထိန်းမယ်၊ အလုပ်ပိတ်တဲ့ရက်တွေမှာ ရှစ်ပါးသီလစောင့်မယ်၊ နေ့စဉ် ဂုဏ်တော်တွေ ပွားနေမယ်၊ ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးတင်ပြီး ရှုနေမယ်ဆိုရင် အတော်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တော့ ဖူလုံနေပါပြီ၊ ဒါပေမယ့် ပညာရဲ့ ပထမအဆင့်ကို မရောက်ရောက်အောင်တော့ အားထုတ်ရမယ်၊ အနည်းဆုံး ဒီအဆင့်ကိုရောက်မှ ကိုသိန်းကြောက်တဲ့ ယမမင်းနဲ့ တွေ့ရတဲ့ဘဝက လွတ်မယ်’လို့ မခင်မေက ပြောပါတယ်။

မောင်သိန်းဟာ မခင်မေကို သိပ်ချစ်တယ်။ ဆီးဖြူဖန်ခါးသာဆိုရင် ငံထားမှာ အမှန်ပဲ။ ဒါတင် မကသေးဘူး။ သူသာ သူကြောက်တဲ့ ယမမင်းနဲ့ မတွေ့ရအောင် သူ့အသည်းစွဲ မခင်မေဟာ လမ်းပြနိုင်မယ်ဆိုတာကိုလဲ သူယုံတယ်။ ဒါကြောင့် သူချစ်တဲ့ မခင်မေ ပြောသမျှ သိန်းမောင်ဟာ အကုန်လျှောက်လုပ်တာပဲ။ ငါးပါးသီလကိုလဲ ဂရုစိုက်ပြီး လုံအောင်ထိန်းတယ်။ အစက သိန်းမောင်ဟာ သူ့အသက်ဆိုရင် ပရွက်ဆိတ်တောင်မသတ်ဘူး။ သူ့ဥစ္စာဆိုရင့် တွယ်အပ်ကလေးတစ်ချောင်း၊ စက္ကူကလေးတစ်ရွက်တောင် မခိုးဘူး။ မခင်မေနဲ့ အိမ်ထောင်ကျတဲ့နေ့အထိ သိန်းမောင်ဟာ တစ်ခါဖူးမှ မေထုန်မမှီဝဲဘူး။ တစ်သက်လုံး အရက်မသောက်ဖူးဘူး။ ဒါပေမယ့် အလုပ်ကိစ္စနဲ့ ပတ်သက်ပြီးတော့ဖြစ်ဖြစ် တခြားကိစ္စနဲ့ဖြစ်ဖြစ် မုသားတော့ အနည်းအကျဉ်းပြောခဲ့တယ်။ မခင်မေရဲ့ တရားစကားတွေကို နားထောင်ပြီးတဲ့ အချိန်ကစပြီး မုသားမပြောမိဖို့ အထူး ဂရုစိုက်တယ်။ တစ်ခါတလေ သတိလစ်ပြီး မုသားပြောမိတယ်။ အဲဒီလိုပြောနေရင်း မုသားဆိုတာ သတိရတာနဲ့ စကားပြောရပ်ပစ်လိုက်တယ်။ ရှေ့ဆက်မပြောတော့ဘူး။ မုသားပြောမိပြီးသားဖြစ်ရင်လဲ သူမုသားပြောလိုက်တဲ့ လူဆီမှာ သူမုသားပြောမိတာ ခွင့်လွှတ်ဖို့ တောင်းပန်တယ်။

တနင်္ဂနွေနေ့တိုင်း သာသနာ့ရိပ်သာကို သွားတယ်။ ရှစ်ပါးသီလစောင့်တယ်။ ဆရာတော်ဟောတဲ့တရားကို နာတယ်။ ပြီးတော့ မခင်မေပြောထားတာတွေ အကုန်လျှောက်လုပ်တာပဲ။ အရင်က အိမ်ကစထွက်ပြီး အလုပ်ရုံရောက်တဲ့အထိ အလုပ်ရုံက ပြန်လာပြီး အိမ်ရောက်တဲ့အထိဟာ တောင်စဉ်းစား မြောက်စဉ်းစားနဲ့ အချိန်ကုန်သွားတာပဲ။ အခုတော့ ဒီလို မဟုတ်တော့ဘူး။ လမ်းလျှောက်ရင်းလဲ ဂုဏ်တော်ပွားသွားတာပဲ။



ညဘက်ဆိုရင် တစ်ခါတလေ အမေကြီးအိမ်ကို သွားတယ်။ တစ်ခါတလေ ဦးလှမောင် ဒေါ်သန်းတင်တို့အိမ်ကို သွားတယ်။ များသောအားဖြင့် မခင်မေပြောတာကို နားထောင်တယ်။ မှတ်တယ်။ ရေးတယ်။ အငြင်းနိုင်းတယ်။ ဘယ်ကိုပဲ သွားစရာရှိရှိ၊ ဘာကိုလဲလုပ်စရာရှိရှိ ဂုဏ်တော်တွေကို မပွားရဘဲ၊ ခန္ဓာငါးပါးမှာ အနိစ္စ ဒုက္ခ အနတ္တတင်ပြီး မရှုမှတ်ရဘဲ သိန်းမောင် မအိပ်။ တရားအရသာဟာ ဘယ်အရသာနဲ့မှ မတူဘူး။ အားလုံး အရသာတွေထက် မြတ်တယ်ဆိုတဲ့အတိုင်း သိန်းမောင်ဟာ တစ်သက်လုံး တစ်ခါမှ မတွေ့ရဘူးတဲ့ တရားအရသာတွေကို တွေ့နေပါတယ်။ ဒီလိုတွေ့တာနဲ့အမျှ သူဟာဖြင့် ယမမင်းကြီးနဲ့ တွေ့ရဖို့အကြောင်းတွေ တဖြည်းဖြည်း နည်းသွားလေပြီဆိုတဲ့ ယုံကြည်ချက်တွေ သူ့မှာ တိုးတက်လာပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

## ပဋ္ဌာစာရီ ရဟန္တာမကြီး

အချိန်အတော်ကလေးကြာတဲ့အခါ မခင်မေမှာ ကိုယ်ဝန်ရှိလာတယ်။ မခင်မေဟာ ကိုယ်ဝန်သုံးလလောက်ရတဲ့အခါ အိမ်က အိမ်ပြင်ကို မထွက်တော့ဘူး။ သာသနာ့ရိပ်သာကိုလဲ မသွားဘူး။ အိမ်မှာပဲ ဥပုသ်စောင့်တယ်။ အမေကြီးအိမ်နဲ့ ဦးလှမောင်တို့ရဲ့အိမ်ကိုလဲ မသွားတော့ဘူး။ စားစရာ သောက်စရာတွေကို ရံဖန်ရံခါ ချက်ပြီးတော့ပဲ ပို့တော့တယ်။ ကိုယ်ဝန်ကြီးတွေနဲ့ လမ်းသလားနေတဲ့ မိန်းမတွေ၊ သူတို့ရဲ့ သားမြတ်ကို ဖော်ပြီး လူတွေရှေ့မှာ ကလေးနို့တိုက်တဲ့ မိန်းမတွေကို မခင်မေကြည့်လို့ မရဘူး။ ဒါကြောင့် သူကိုယ်ဝန်ရှိလာတဲ့အခါ သူဘာယ်မှ မထွက်ဘဲ ဒီကိုယ်ဝန်ဟာ ရင့်လာတာနဲ့အမျှ အနေရ အထိုင်ရ အလှည့်ရ အသွားရ အအိပ်ရ ပိုပြီး လေးလာတယ်ဆိုတာ မခင်မေ သတိထားမိတယ်။ အဲဒီလို ကိုယ်ရဲ့ ဆင်းရဲခြင်းဖြစ်ရတဲ့ အထဲမှာ ဖောင်စီးမီးနေဆိုတာတွေဟာ အသက်ဘေးနဲ့ အင်မတန်နီးတဲ့ဟာတွေပဲ။ လွယ်လွယ်ကူကူနဲ့ မွေးလို့မှ ဖြစ်ပါ့မလားဆိုတဲ့ စိတ်ရဲ့ ဆင်းရဲခြင်းကဝင်ပြီး နှောင့်ယှက်ပြန်တယ်။



အဲဒီလို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ တွေ့တဲ့အခါ ငါဟာ သီလရှင် ... လုပ်ရင် ဒီဆင်းရဲတွေနဲ့ တွေ့ရမှာမဟုတ်ဘူးလို့ တွေးမိပြန်တယ်။ ...တော့မှ ချက်ချင်း သတိရလာပြီး၊ ဟယ် ပြီးတာတွေ ပြန်တွေးနေလို့ အပို ...ပဲလေ။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သဘောထားရမှာပဲ။ ...ရှင်ပဋ္ဌာစာရီ ရဟန္တာမကြီးတောင် ရဟန္တာမဖြစ်ခင် လင်သေ၊ သားသေ၊ ...ယ်တိုင် အရူးမကြီးဖြစ်သွားရတဲ့ ဒုက္ခတွေနဲ့တွေ့ရသေးတာပဲ။ ငါလိုဟာ ...ယ်မှာ လင်ဒုက္ခ သားသမီးဒုက္ခတွေက ကင်းနိုင်ပါ့မလဲလို့ အသင့်အတင့် ...ုံးသွင်းပါတယ်။ နောက်ပြီးတော့ ဆက်ပြီး မြို့ပိုင်ဦးရွှေကြိုင်ဟာအိမ်ထောင် ...ကြီးထဲ ထောင်ကျချင်လွန်းလို့ မိန်းမ လည်ရှာခဲ့တယ်။ သူဟာ ထောင်မကျ ...ူ ဘုန်းကြီးဖြစ်ပြီး လွတ်သွားတယ်။ ငါဟာ အိမ်ထောင်ကြီးကိုကြောက်ပြီး ...ထောင်ကြီးထဲ မကျရအောင် သီလရှင် လုပ်ဖို့ အမြဲကြိုးစားခဲ့တယ်။ ငါဟာ အိမ်ထောင်ကြီးထဲ ထောင်ကျရတယ်။ မကြာခင် သံခြေကျဉ်း တစ်ဆင့် ...ခတ်ခံရတော့မယ်။ လောကမှာ သတ္တဝါတွေဟာ ကိုယ်ဖြစ်ချင်တာလဲ ...ဖြစ်ဘူး။ မဖြစ်ချင်တာလဲ ကံစီမံတဲ့အတိုင်း လျှောက်ဖြစ်နေရတော့တာပဲလို့ ...ွေးပြီး သူရွတ်နေကျ မဂ္ဂါထာများကိုခပ်တိုးတိုးရွတ်ရင်း စကြံလျှောက် ...ပါတယ်။

ဒီလိုနဲ့ နေလာလိုက်ကြတာ မခင်မေ မျက်နှာမြင်မယ့်နေ့ကို ...ောက်လာပါတယ်။ ဒေါ်လှမေ၊ ဒေါ်သန်းတင်နဲ့ ဝမ်းဆွဲဆရာမလဲ ...ိမ်မှာ ရောက်နေတယ်။ 'မောင်သိန်း၊ မင်းအလုပ်သွားချင်သွား၊ ကိစ္စမရှိ ...ဘူး၊ တို့ရှိပါတယ်'လို့ ပြောပေမယ့် ကိုသိန်းဟာ အဲဒီနေ့မှာ အလုပ် ...ဆင်းဘူး။ ခွင့်ယူထားတယ်။ ကိုသိန်းဟာ သူချစ်တဲ့ မခင်မေအတွက် ...တနာတွေ လွန်နေတာကြောင့် မခင်မေ သင်ပေးထားတဲ့ အင်္ဂုလိမာလ ...တ်ကို အညွှန်းအတိုင်း ခုနစ်ခေါက်သာ ရွတ်ရမယ့်အစား မခင်မေရဲ့ ...က်စေ့ထက် သုံးခေါက်ပိုရွတ်ပြီး မနက်အစောကြီးကတည်းက မခင်မေကို ...ိုက်ထားတယ်။ ကိုသိန်းဟာ အိမ်ရှေ့ ပက်လက်ကုလားထိုင်ပေါ်မှာ ...ိုင်ရင် ဂုဏ်တော်တွေပွားတာ ပွားလို့မရဘူး။ ဂုဏ်တော်တွေကို ရွတ်နေ

www.burmeseclassic.com

www.burmeseclassic.com



ရင်း ဘယ်ရောက်လို့ ဘယ်ရောက်သွားမှန်း မသိဘူး။ အစကပြန်ပြင်ပြီး ခဏခဏ ရွတ်ရတယ်။

ဒီလိုရွတ်နေရင်း မခင်မေညည်းသံ အော်သံကလေး ကြားရရင် သိန်းမောင်ဟာ ကုလားထိုင်ပေါ်က ဖြုန်းခနဲ ထထပြီး မခင်မေရှိရာကို သွားတယ်။ မခင်မေမျက်နှာမြင်မယ့်နေရာကို ကန့်လန့်ကာနဲ့ ကာထားတယ်။ အဲဒီအထဲတော့ သိန်းမောင် မဝင်ပါဘူး။ ကန့်လန့်ကာ အပြင်ဘက်က နေပြီး 'မခင်မေ၊ မခင်မေ'လို့ ခေါ်တယ်။ မခင်မေကလဲ ဝမ်းနာနေရာက သူ့ယောကျ်ား ဗျာများနေတာကို တွေးပြီး ပြုံးတယ်။ ပြုံးပြီးမှ 'ကိုသိန်း'လို့ ပြန်ထူးတယ်။ သိန်းမောင်ဟာ ဝမ်းနာနေတဲ့ သူ့မိန်းမကို သိပ်နာသလား လို့ မေးချင်တယ်။ မေမေတို့ ဒေါ်သန်းတင်တို့ ရှေ့မှာ ဒီမေးခွန်းမေးလို့ မကောင်းဘူးဆိုပြီး ဘာလုပ်ရမှန်း ဘာပြောရမှန်း မသိဘဲ ကန့်လန့်ကာ အပြင်ဘက်မှာ ရပ်နေပါတယ်။ ဒေါ်သန်းတင်က 'ကိုရွှေသိန်း၊ အပြင်ဘက် ထွက်နေပါ၊ ရှင့်မိန်းမ ဘာမှမဖြစ်ပါဘူး'လို့ လှောင်လိုက်တော့မှ သိန်းမောင်လဲ အပြင်ဘက်ကို ထွက်သွားပြီး ပက်လက်ကုလားထိုင်ပေါ်မှာ ရှေးနည်း အတိုင်းပဲ ဂုဏ်တော်တွေကို ဟိုရောက်ဒီရောက်နဲ့ ပွားနေပါတယ်။

တအောင့်လောက်ကြာတဲ့အခါ အော်သံဟာ ပိုလဲပြင်းလာတယ်။ တစ်ခုနဲ့ တစ်ခုလဲ နီးလာတယ်။ ဒီအသံကိုကြားရတဲ့အခါ သိန်းမောင်ဟာ စိတ်မကောင်းဘူး။ သိန်းမောင်ဟာ မခင်မေနဲ့ မတွေ့ရဘဲ သူ့နဂိုအတိုင်းသာ ဆိုရင် ဒီလိုအော်သံမျိုးကြားရတဲ့အခါ ဝမ်းနာပြီး အော်နေတာပဲလို့သာ တွေးမှာပဲ။ အခုတော့ မခင်မေပြောတာတွေ နာရ ကြားရတာကတစ်မျိုး၊ မခင်မေရဲ့ ဩဝါဒအရ ခန္ဓာငါးပါးမှာ အနိစ္စ ဒုက္ခ အနတ္တတင်ပြီး နေ့စဉ် ရှုနေတာက တစ်ဖုံ့တို့ကြောင့် ဒီဟာဟာ ဝမ်းနာပြီးအော်တဲ့အသံလို့သာ မကဘူး သံသရာ ဝဋ်ဆင်းရဲတွေဆိုတာ ဒါတွေပဲဆိုတဲ့အထိ သိန်းမောင် တွေးမိပြီး သံသရာ ဝဋ်ဆင်းရဲတွေကို ကြောက်တဲ့စိတ်တွေ ပေါ်နေပါတယ်။ နောက်ပြီးတော့ သူဟာ နေမထိထိုင်မသာ သောကတွေ ဖြစ်နေရတာလဲ။ တခြား



ကြောင့် မဟုတ်ဘူး၊ မိန်းမရှိတာကြောင့် မိန်းမကို စွဲပြီး ဖြစ်ရတာပဲ ဆိုတာ သဘောပေါက်နေပါတယ်။

နောက်တစ်ချက်ထပ်ပြီး မခင်မေအော်လိုက်တဲ့ အသံဟာ တော်တော်ကလေး ပြင်းတယ်။ သိန်းမောင်လဲ ခေါင်းကြီးသွားပြီး နောက်ဖေးမီးနေခန်းကို မသွားပါဘူးလို့ စိတ်တင်းထားတာတွေ ဘယ်ရောက်သွားမှန်း မသိဘူး။ ကန့်လန့်ကာနား ဖြုန်းခနဲရောက်သွားတယ်။ အထဲမှာလဲ ဝမ်းဆွဲဆရာမနဲ့ ဒေါ်လှမေ ဒေါ်သန်းတင်တို့ တစ်ယောက်ကို တစ်ယောက် စကားပြောနေသံ ကြားတယ်။ ဒီစကားတွေထဲမှာ ရေမြွှာတို့ဘာတို့ဆိုတဲ့ စကားတွေကျတော့ သိန်းမောင် နားမလည်ဘူး။ ဒါပေမယ့် အားလုံးမြိုက်တဲ့အခါ ကလေးမွေးတော့မယ်ဆိုတာ သူသိတယ်။ သိန်းမောင်လဲ ကန့်လန့်ကာအပြင်ဘက်ကနေပြီး 'မေမေ မေမေ'လို့ နှစ်ခွန်းသုံးခွန်း ခေါ်လိုက်တယ်။ ဒေါ်လှမေ ထွက်လာတယ်။ 'ခုနက အော်တာ ဘာဖြစ်လို့လဲ'လို့ သိန်းမောင်က မေးတယ်။ အမေကြီးက 'အို ဒါမျိုးဟာ ဒီလိုပဲ ပေါ့ကွယ်၊ နည်းနည်းပါးပါးတော့ အော်ရတာပေါ့၊ သွားပါ အိမ်ရှေ့ထွက်နေချေပါ'လို့ ပြောပြီး ကန့်လန့်ကာထဲ ပြန်ဝင်သွားတယ်။ သိန်းမောင်လဲ ပက်လက်ကုလားထိုင်မှာ ထိုင်ပြီး နှုတ်ကတော့ ဂုဏ်တော်တွေ ဟိုရောက်ဒီရောက်နဲ့ ရွတ်နေပါတယ်။ စိတ်ကတော့ မီးနေခန်း ကန့်လန့်ကာရဲ့ နောက်မှာပဲ တဝဲလည်လည်ဖြစ်နေတယ်။

အတော်ကလေးကြာတဲ့အခါ မီးနေခန်းဆီက ကလေးငိုသံလဲ ကြားတယ်။ တခြားဆူဆူညံညံ အသံတွေလဲ ကြားတယ်။ အဲဒီအထဲက 'သိန်းမောင်ရေ ယောကျ်ားကလေးဟေ့၊ ယောကျ်ားကလေး'လို့ အော်ပြောတဲ့ ဒေါ်သန်းတင်ရဲ့ အသံကို သိန်းမောင် ကြားရတယ်။ သိန်းမောင်လဲ ကန့်လန့်ကာနား ရောက်သွားပြန်တယ်။ 'ကျွန်တော် အထဲဝင်ခဲ့ရမလား' လို့ သိန်းမောင်က လှမ်းမေးတယ်။ 'အပြင်မှာပဲနေ ငါ ကလေးယူခဲ့မယ်'လို့ ဒေါ်သန်းတင်က ပြန်ပြောတယ်။ ဒေါ်သန်းတင်လဲ ကလေးကို ပွေ့ပြီး ပါးစပ်ရှိတာ ပြုပြင်နေတယ်။ သိန်းမောင်ဟာ အပြင်ဘက်က စောင့်နေရင်း

www.burmeseclassic.com

www.burmeseclassic.com



သိပ်ကြာတယ်လို့ အောက်မေ့နေတယ်။ တအောင့်လောက်ကြာတဲ့အခါ ဒေါ်သန်းတင်ဟာ ကလေးကို အနှီးနဲ့ထုပ်ပြီး အပြင်ယူလာတယ်။ သိန်းမောင်က သူ့လက်ထဲထည့်ဖို့ လက်လှမ်းပေးလိုက်တယ်။ သူ့လက်ထဲ ရောက်တဲ့အခါ ကလေး လွတ်များကျသွားမလားလို့ တွေးပြီး တထိတ်ထိတ် ဖြစ်နေတဲ့အတွက် အင်မတန်ကြီး သတိထားချီနေတယ်။ သိန်းမောင်ဟာ ကလေးမျက်နှာကို သေသေချာချာကြည့်ပြီး 'မခင်မေရေ ကလေးက မင်းနဲ့ တူတယ်ဟေ့၊ သိပ်ချောတာပဲ'လို့ ကန့်လန့်ကာအတွင်းမှာရှိနေတဲ့ မိန်းမကို လှမ်းပြီး ကြည်စယ်ပါတယ်။ မခင်မေက ဘာမှပြန်မပြောဘူး။ ပြုံးနေပါတယ်။ ကလေးကိုချီနေရင်း သိန်းမောင်ဟာ သံသရာ ဝဋ်ဆင်းရဲ တွေကို သတိမရတော့ဘူး။

တအောင့်လောက်ကြာတဲ့အခါ ဝမ်းဆွဲဆရာမကြီးက ဝင်နိုင်ပြီလို့ ဆိုတာနဲ့ သိန်းမောင်ဟာ မီးနေခန်းထဲ ဝင်သွားပါတယ်။ သူ့ကို မြင်မြင်ချင်း မခင်မေက ပြုံးကြည့်နေပါတယ်။ သူ့မျက်စိထဲမှာလဲ နနွင်းတွေနဲ့ ဝါဝါဝင်းဝင်းဖြစ်ပြီး မခင်မေဟာ ပိုပြီးတောင် ချောလာတယ်လို့ ထင်တယ်။ မခင်မေအနားမှာ သိန်းမောင် ထိုင်ပါတယ်။ မခင်မေက 'အနားသိပ်မကပ်နဲ့နော် ကိုသိန်း၊ နနွင်းတွေ ပေကုန်လိမ့်မယ်'လို့ ပြောတယ်။ သိန်းမောင်က 'ကိစ္စမရှိပါဘူးကွယ်'လို့ ပြန်ပြောပြီး ကပ်ထိုင်မြဲတိုင်း ထိုင်နေပါတယ်။ 'နေကောင်းရဲ့လား မခင်မေ'လို့ သိန်းမောင်က မေးပါတယ်။ မခင်မေက အပေါ်လှန်ထားတဲ့ မျက်လုံးနဲ့ သိန်းမောင်ကိုကြည့်ပြီး ခေါင်းညိတ်ပါတယ်။ ပါးစပ်က ဘာမှ မပြောဘူး။ 'မခင်မေ တစ်ချက် သိပ်ပြီးအော်လိုက်ပါ ရောလား ငါဖြင့် အသည်းထဲမှာကို ထိတ်သွားတာပဲကွယ်'လို့ မခင်မေကို သူဟာ ဒီလောက်အထိ ချစ်ပါတယ်ဆိုတာ မခင်မေ သိစေချင်တဲ့သဘောနဲ့ သိန်းမောင်က ပြောပါတယ်။ 'ကိုသိန်း ဒီအနားရောက်လာတာ ကျွန်မ အသိလိုက်သားပဲ'လို့ မခင်မေက ပြန်ပြောတယ်။ သူလာတာ မခင်မေ သိတဲ့ အတွက် သိန်းမောင်ဟာ အတော်ကျေနပ်သွားတယ်။ မခင်မေလဲ နှမ်းထုပ် ကလေးကို ရှူနေပါတယ်။ သိန်းမောင်ဟာ မခင်မေလက်ထဲက နှမ်းထုပ်ကို



ယူပြီး သူကိုယ်တိုင် မခင်မေရဲ့ နှာခေါင်းဝမှာ တေ့ထားပါတယ်။ မခင်မေက 'တော်ပြီ ကိုသိန်း'ဆိုတော့မှ နှမ်းထုပ်ကို ချထားလိုက်ပါတယ်။

မီးနေထွက်တဲ့အခါ ဒေါ်လှမေနဲ့ ဒေါ်သန်းတင်တို့ဟာ သူတို့အိမ်ကို ပြန်သွားကြတယ်။ သိန်းမောင်လဲ ကလေးကို ကူထိန်းပေးဖို့ မလေးတင် ဆိုတဲ့ သူငယ်မကလေးတစ်ယောက်ကို အိမ်မှာခေါ်ထားပါတယ်။ မခင်မေ ကောင်းကောင်း ကျန်းကျန်းမာမာမဖြစ်သေးခင် သူနဲ့ တပည့်စံမြက အိမ်မှာ ထမင်းဟင်းချက်ကြပါတယ်။ ကလေးကူထိန်းပေးမယ့် မလေးတင် ကလေး ရှိနေပေမယ့် ကလေးကို ကောင်းကောင်းမှ ထိန်းပါ့မလား၊ ငေး မောနေမလား၊ ကလေးကို သေးစိုတွေနဲ့ ပစ်ထားမလား၊ ချီနေတုန်း လက်ထဲက လွတ်ကျများသွားမလားလို့ သူ့ဟာသူ တောင်တွေးမြောက်တွေး တွေးပြီး မလေးတင်ကလေးကို စိတ်မချတဲ့အတွက် မခင်မေဟာ ကလေးကို သူ့ဟာသူထိန်းတာကပဲ များနေတယ်။

ကလေးမရခင်တုန်းကဆိုရင် ကိုသိန်းအတွက် ကော်ဖီများ နောက်ကျနေမလား၊ ထမင်းများ နောက်ကျနေမလား၊ မြစ်ကို ကူးတဲ့ အခါ ဘေးတွေ ရန်တွေများ ရှိမလား၊ အလုပ်လုပ်နေတဲ့ နေရာမှာလဲ သူ့ဌေးနဲ့ တည့်မှတည့်ပါ့မလား၊ အောက်လူတွေက ငွေတွေ အံလွဲသုံးစား လုပ်ရင် ကိုသိန်းအပေါ် တာဝန်ကျမလား၊ ကိုသိန်း အလုပ်ပင်ပန်းပြီး နေထိုင်မကောင်းများ ဖြစ်နေမလားဆိုပြီး ကိုသိန်းတစ်ဦးအတွက်သာ မခင်မေ ပူရတယ်။ အခု ကလေးအတွက်ပါ တိုးပြီးပူလာရပြီ။ ကလေး ဗိုက်များဆာနေမလား၊ အနှီးဟာ နှာခေါင်းပေါ်အုပ်ပြီးနေတဲ့အတွက် ကလေး အသက်မရှူနိုင်ဘဲများ နေမလား၊ သေးစိုတွေ မလဲမိလို့ ကလေးများ အအေးမိမလား၊ ဒီနိုတာရဲကလေးကို အတင့်ရဲတဲ့ ကိုရွှေခြင်တွေဝင်ပြီးများ ကိုက်သွားမလား။ ကိုက်သွားရင်ဒုက္ခပဲဆိုတဲ့ သောကအသစ်တွေဟာ မခင်မေရဲ့ရင်ထဲမှာ တစ်ခုပြီးတစ်ခု ၄ုပ်ချီပေါ်ချီ ဖြစ်နေပါတယ်။

မခင်မေဟာ ကလေးညှော်မိမှာ အင်မတန်စိုးတယ်။ သူ့နှာခေါင်း နဲ့ အမြဲ ညှော်နံ့ခံနေတာပဲ။ တော်တော်ကြာရင်း ညှော်နံ့ရတယ်ထင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို စောင်ထူကြီးနဲ့ အုပ်ပြန်ပြီ။ တော်တော်ကြာရင်း ပိတ်ထူ ခြင်ထောင်ကြီးကို ဆွဲချပြန်ပြီ။ မခင်မေဟာ ဟင်းအိုးအနံ့ရတိုင်း ညှော်လို့ ထင်နေတယ်။ ဒါကြောင့် ဟင်းအိုးအနံ့ကလေး နည်းနည်းပဲရရ သူ့အမေ ပြောခဲ့တဲ့အတိုင်း ကလေးကို အုပ်ဆေးနဲ့ အုပ်အုပ်ပေးရတာလဲ အမောပဲ။ ကလေးသာ စကားပြောတတ်ရင်တော့ မေမေ့စောင်ထူကြီးတွေနဲ့ အုပ်ထား တာ အသက်ကို မရှူနိုင်ဘူးမေမေ၊ ပိတ်ခြင်ထောင်အထူကြီးကလဲ သိပ် မွန်းတာပဲ၊ အုပ်ဆေးတွေကလဲ ကြောင်သေးစော်နံ့ရနံ့နဲ့လို့ ကေန် ပြော မှာပဲ။ ဒါပေမယ့် ကလေးက ငယ်သေးတော့ ဘာမှန်းမှ မသိဘူး။ သူ့ကို အချစ်ကြီးချစ်နေတဲ့စိတ်တွေကြောင့် သောကတွေဖြစ်ပြီး ပျာလောင်ခတ် နေတဲ့ သူ့မေမေ မခင်မေလုပ်ပေးသမျှ ခံနေရရှာပါတယ်။

အမေကြီး ဒေါ်လှမေဟာ သူ့ခြေနာကုဖို့သာ သိန်းမောင်ကို ခွင့် ပေးတယ်။ ပိတ်ခြင်ထောင်အထူကြီးတို့၊ စောင်ထူကြီးတို့၊ ကြောင်သေးစော် နံ့နေတဲ့ အုပ်ဆေးတို့နဲ့ ပတ်သက်ပြီး သိန်းမောင်လုပ်ချင်တာလုပ်ဖို့ကို တော့ ခွင့်မပေးဘူး။ သိန်းမောင်ပြောတိုင်း မိခင်မေတို့ မိတင်မေတို့ ဒါတွေနဲ့ ကြီးလာခဲ့ရတာပဲဆိုဆိုပြီး သိန်းမောင်ပြောသမျှ ပယ်ချခဲ့ပါတယ်။ အစားအသောက်ဆိုရင်လဲ မခင်မေကို ဘာမှကျွေးလို့ မရဘူး။ ကလေးနဲ့ မတည့်မှာစိုးလို့ သူ့အမေပြောထားတဲ့အတိုင်း ငါးကျည်းခြောက်၊ ငါးကြင်း သားကြော်၊ ဆီဆားထမင်း၊ ပရုံနဝါဟင်းချို ဒါကိုပဲ နေ့စဉ်စားနေရတယ်။

နောက်ပြီး သူ့အမေကမှာသွားတာ တစ်ခုရှိသေးတယ်။ ကလေး အနားမှာ ဒုန်းဒိုင်းနဲ့ မဖြစ်စေနဲ့ ကလေး လန့်တတ်တယ်။ မတော်တဆ ဖြစ်ရင် မလန့်အောင် ရင်ပတ်ပေါ်မှာ စောင်ထူထူကလေး တင်ထားရ မယ်လို့ မှာသွားတယ်။ မခင်မေက ဒီအတိုင်း အထူးဂရုတစိုက်လုပ်ရှာ ပါတယ်။ အနားမှာ ဒုန်းဒုန်းဒိုင်းဒိုင်း မလုပ်မိအောင် ကလေးထိန်းမလေးတင် ကလေးကိုလဲ တတွတ်တွတ်နဲ့ မှာတယ်။ သူကိုယ်တိုင်လဲ အထူး ဂရုပြု တယ်။ ကလေးအိပ်နေတဲ့အခါ ခြေသံပြင်းပြင်းကြားရင် လန့်နိုးမှာစိုးလို့ မခင်မေဟာ ခြေဖျားအသာထောက်ပြီး လျှောက်ရှာပါတယ်။ အဲဒီလို



ရှိုက်နေတဲ့အထဲ မတော်တဆ တစ်ခုခုကျသံ၊ တစ်ခုခုနဲ့ ထိသံ၊ တစ်ခုခု လဲသံကို ကြားလိုက်ရင် ကလေးက မလန့်ဘူး၊ မခင်မေက လန့် ပါတယ်။ မခင်မေဟာ သားကလေးရကတည်းက အဲဒီလို သတိလစ်နေ တာတွေ များတယ်။ ဒါပေမယ့် တစ်ခါတလေ သတိရတဲ့အခါ ဒီမိးတွေကို ခင်မတန်ကြောက်တဲ့လူမှ ဒီမိးတွေနဲ့ အကြီးအကျယ် လာတိုးရတယ်လို့ တွေးမိပြီး တစ်ယောက်တည်း ပြုံးနေပါတယ်။

မခင်မေဟာ ကိုယ်ဝန်ခုနစ်လလောက်ကတည်းက နေ့စဉ်လုပ် နေကျ ဘုရားဝေယျာဝစ္စတွေကို မလုပ်ရတော့ဘူး။ သိန်းမောင်က သူ့ ကိုယ်စား လုပ်ပေးတယ်။ သိန်းမောင်ဟာ တာဝန်ယူရရင် တိတိကျကျ လုပ်တတ်တဲ့အတိုင်း မနက် ခြောက်နာရီမထိုးခင် ရေချမ်းနဲ့ ကော်ဖီ ကပ်ပြီးသား ဖြစ်အောင် မနက်တိုင်း လေးနာရီခွဲမှာ နှိုးစက်နဲ့ ထတယ်။ ကိုယ်ဝန် ခုနစ်လလောက်ကတည်းက မခင်မေဟာ ညစဉ် ပွားနေကျ ဘာဝနာကို ဘုရားရှေ့မှာ ကျကျနနထိုင်ပြီး မပွားနိုင်ဘူး။ အိပ်ရာပေါ်မှာသာ လှဲပြီး ပွားရတယ်။ မီးထွက်တဲ့အခါ သိန်းမောင်က ကလေးကို သူကြည့် နေမယ်၊ မခင်မေ ကမ္မဋ္ဌာန်းသွားထိုင်ချေလို့ ပြောတဲ့အတွက် မခင်မေဟာ ကမ္မဋ္ဌာန်းထိုင်ရပေမယ့် သူ့သမာဓိဟာ အရင်ကလို မကောင်းတော့ဘူး။ သူက ဘုရားရှေ့မှာ ထိုင်နေပေမယ့် စိတ်က ကလေးဆီမှာ ရောက်နေတယ်။

ညညမှာလဲ မခင်မေဟာ ကလေးအတွက် စိတ်တထင့်ထင့်ဖြစ်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ဘူး။ တစ်ခါတစ်ခါ သိပ်အိပ်ချင်လွန်းအားကြီး လို့ မှေးမှေး မှေးမှေးနဲ့ အိပ်ပျော်မယ်လဲလုပ်ရော ကလေးက ထငိုတာပဲ။ ကလေးဟာ အလိုက်ကန်းဆိုး ဘာမှမသိဘူး။ အဲဒီလိုဖြစ်တာ ခဏခဏ ပဲ။ သိန်းမောင်လဲ ကောင်းကောင်းမအိပ်ရပါဘူး။ တစ်ညကို အနည်းဆုံး နှစ်ခါလောက် မခင်မေဆီကိုသွားပြီး ကူပါတယ်။ မခင်မေက ကိုသိန်း မနက်အလုပ်သွားစရာရှိတယ်၊ အိပ်ပါ ပြောပေမယ့် မရဘူး။

ကလေး ငါးလသားလောက်ရှိတဲ့အခါ တစ်နေ့မှာ ကလေးဟာ ဘာ့ကြောင့်ကော့ပြီး ငိုပါတယ်။ တစ်ခါတစ်ခါ ငိုတာ တက်များသွားမလား

www.burmeseclassic.com

www.burmeseclassic.com



လို့တောင် ထင်ရပါတယ်။ သိန်းမောင် အလုပ်ကပြန်လာတဲ့အချိန်ကစပြီး လင်မယားနှစ်ယောက်လဲ တိုက်စရာဆေးတွေ တိုက်တာပဲ၊ လိမ်းစရာဆေးတွေလိမ်းတာပဲ၊ အုပ်စရာဆေးတွေအုပ်တာပဲ။ ဒါပေမယ့် မသက်သာဘူး။ ကလေးဟာ ငြိမ်သွားရင် ခဏပဲ။ ကော့ထိုးပြီး ငိုတာကများတယ်။ တစ်ခါတစ်ခါ တက်မတတ် ငိုတယ်။ လင်မယားနှစ်ယောက် တစ်ယောက်တစ်လှည့်စီ ချီပြီး လျှောက်နေရတယ်။ နှစ်ယောက်စလုံးဟာ တစ်ယောက်ကို တစ်ယောက် ဖွင့်တောင်မပြောဘူး။ ဒါပေမယ့် ကလေးတက်ရင်း အသက်များ ပါသွားရင်တော့ ခက်ရချေရဲ့ဆိုတဲ့ သောကမီးကြီးဟာ နှစ်ယောက်စလုံးရဲ့ ရင်ထဲမှာ တဟုန်းဟုန်းနဲ့ လောင်နေပါတယ်။ ည ၁၂ နာရီလောက်ကျတော့ မခင်မေက 'ကိုသိန်းရယ်၊ မေမေ့ကို သွားခေါ် ခိုင်းပါ'လို့ ပြောတယ်။ သိန်းမောင်လဲ စံမြကိုနှိုးပြီး ဒေါ်လှမေကို သွားအခေါ်ခိုင်းတယ်။ တစ်နာရီလောက်ကြာတော့ ဒေါ်လှမေ ရောက်လာတယ်။ မခင်မေကို ညည်းဘာတွေများစားသလဲ၊ လေစာတွေ စားမိပြီ ထင်တယ်၊ ကလေးကော ညည်းကော ညှော်များမိသလားဆိုတဲ့ မေးခွန်းတွေလဲ ပါးစပ်ကမေးရင်း လူးစရာ၊ လိမ်းစရာ၊ အုပ်စရာတွေကိုလဲ သူတတ်သလောက် မှတ်သလောက် လုပ်ပေးနေပါတယ်။ ဘယ်လို လုပ်လို့မှ မရဘူး။ ကလေးဟာ ကော့ကော့ပြီး ငိုမြဲတိုင်း ငိုနေတာပဲ။ မခင်မေလဲ ကလေးကိုကြည့်ပြီး မျက်ရည်တွေကျလာတယ်။

အဲဒီအခါ သိန်းမောင်က 'မေမေ၊ ကျွန်တော် ဆရာဝန်ကို သွားခေါ်ချင်တယ်'လို့ ငိုသံပါနဲ့ပြောတယ်။ ဒေါ်လှမေရဲ့ စိတ်ထဲကတော့သူအင်မတန်ယုံကြည်တဲ့ ကလေးဆရာ ဆရာလှကို ခေါ်စေချင်တယ်။ ဒါပေမယ့် ကလေးကလဲ သိပ်ပြီး အရေးကြီးနေရတဲ့အထဲ သိန်းမောင်ကလဲ ငိုသံပါနဲ့ ဖြစ်နေတယ်။ သမီးကလဲ မျက်ရည်တွေ ကျနေတယ်ဆိုတော့ မကန့်ကွက်ပါဘူး 'အေး၊ အေး'လို့ ပြောလိုက်တယ်။ သိန်းမောင်လဲ ဆရာဝန်ကို ချက်ချင်းသွားခေါ်တယ်။ သိန်းမောင် စိတ်ထဲမှာ သူပြန် လာရင် ကလေးရဲ့အသက်ရှိမှရှိပါ့မလားလို့ တထင့်ထင့်နဲ့ ဖြစ်နေတယ်။ ဒါကြောင့် ဆရာဝန်နဲ့အတူ အိမ်နားနီးလာတဲ့အခါ ငိုသံများ ကြားရမလားလို့ နားစွင့်ထောင်ပါတယ်။



အိမ်ထဲဝင်ခါနီးမှာ ကလေး သေနေတာကိုပဲတွေ့ရမလားလို့အသည်းတထိတ်ထိတ် ဖြစ်နေပါတယ်။ အိမ်ထဲရောက်ပြီး ကလေးကိုတွေ့ရတော့မှပဲ စိတ်ချသွားတယ်။ ဆရာဝန်လဲ စမ်းသပ်ကြည့်ရှုပြီး ဝမ်းချုပေးပါတယ်။ မခင်မေကသူ့ကလေး ဝမ်းချုတာကို မကြည့်ရဲလို့ အခန်းအပြင်ဘက်မှာ ထွက်ပြီးငိုနေတယ်။ ဝမ်းချုပြီးတဲ့ နောက် စမြင်းတုံးကလေးနှစ်တုံး ထွက်လာတယ်။ ကလေးလဲ အငိုသက်သာသွားတယ်။ ဆရာဝန်က သူ့မှာပါလာတဲ့ ဆေးမှုန့်တစ်ခွက်တိုက်တယ်။ နောက်ထပ် သုံးခွက်စာထုတ်ပေးပြီး နှစ်နာရီခြားတိုက်ဖို့ ပြောတယ်။ ဗိုက်ကိုလူးဖို့ ဆေးလဲပေးတယ်။ 'ကလေးအမေဝမ်းချုပ် မခံပါစေနဲ့၊ မနက်ကျရင် ကလေးဖို့ရော ကလေးအမေဖို့ရော ဆေးရုံမှာ ဆေးလာယူလှည့်ပါ'လို့ ပြောပြီး ပြန်သွားတယ်။

ကလေးလဲသက်သာပြီး အိပ်သွားပါတယ်။ သိန်းမောင်လဲ ဘုရားဆယ်ရာဝတ္တတွေလုပ်၊ ဘုရားရှိခိုး၊ အမေကြီးကို ကော်ဖီတိုက်ပြီး တစ်ရေးအိပ်ပါတယ်။ မနက် ကိုးနာရီလောက်မှ အိပ်ရာကနိုးတယ်။ အိပ်ရာကနိုးနိုးချင်း မျက်နှာမသစ်နိုင်သေးဘူး။ မယားနဲ့ သားရဲ့ အခန်းထဲကိုအယားဖားယား သွားလိုက်ရသေးတယ်။ မခင်မေဟာ ခေါင်းကိုက်လို့သူ့ခေါင်းကို အဝတ်တစ်ခုနဲ့ ပတ်ထားပြီး အိပ်ရာပေါ်မှာ လှဲနေတယ်။ ဘေးမှာ သားကလေးက ခြေကလန် လက်ကလန်နဲ့ ဆော့နေတယ်။ သိန်းမောင်လဲ သားကို ယူချီပြီး မျက်နှာကို စေ့စေ့စပ်စပ်ကြည့်နေတယ်။ ပြီးတော့မှ 'ခွေးကောင်ကလေး၊ မင်းသိပ်ဆိုးတာပဲ၊ ညက တစ်ညလုံး မေမေရော မေမေရော ဘွားဘွားကြီးရော ဘယ်သူမှ မအိပ်ရဘူး'လို့ ပြောတယ်။ သားကလေးကလဲ သူ့ဟာသူ ရယ်လိုက်တာနဲ့ သူပြောတာနဲ့ သွားကိုက်နေတဲ့အတွက် သိန်းမောင်က 'မခင်မေရေ၊ မင့်သားက ငါပြောတာကို သိသလိုပဲ၊ သူကများ ငါ့ကို ရယ်ပြလိုက်သေးတယ်'လို့ ပြောရင်းဝမ်းသာလုံးတွေဆို့ပြီး ညက ပင်ပန်းခဲ့ရတာတွေ၊ သောကမီးအလောင်ခံခဲ့ရတာတွေ၊ လောကကြီးငြီးငွေ့ပြီး သားစိတ် မယားစိတ် ကုန်ခန်းခဲ့တာတွေကို သားကြီးအဖေ သိန်းမောင်ဟာ အကုန်လုံး မေ့သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးဟာ တစ်နှစ်ကျော်ကျော်လောက် ရှိလာတဲ့အခါ အကော် ချစ်စရာကောင်းလာတယ်။ ရုပ်လေးကလဲ ချောလာတယ်။ ဖေဖေ မေမေ ဘွားဘွားလို့ ပီပီသသ ခေါ်နိုင်ပြီး တခြားစကားတွေကိုလဲ လေးငါး ဆယ်ခွန်းလောက် မပီကလာ ပီကလာ ပြောလာနိုင်ပြီး တစ်နှစ်ပြည့်တဲ့ နေ့မှာ သိန်းမောင်ဟာ ဘုန်းကြီးဆယ်ပါး ဆွမ်းကျွေး၊ မိတ်ဆွေသင်္ဂဟ တွေကို မုန့်ဟင်းခါးကျွေးပြီး သားကလေး နာမည်ပေးပွဲ လုပ်ပါတယ်။ သားကလေးဟာ တနင်္လာသားဖြစ်တဲ့အတွက် ဗေဒင်ဆရာ ဆရာစိန်က မောင်ကျော်ဆန်းလို့ မှည့်ဖို့ပြောတယ်။ ဒီနာမည်ကို အဖေရော အမေရော ကြိုက်တယ်။ အဲဒါကြောင့် တစ်နှစ်ပြည့်တဲ့နေ့မှာ သားကို ဒီနာမည် ပေးကြတယ်။

သိန်းမောင်ဟာ မနက်ဘက်မှာတော့ သားကလေးနဲ့ အချစ်နာလန် ထဖို့ အချိန်သိပ်မရဘူး။ အိပ်ရာကထ၊ ဘုရားရှိခိုး၊ ဘာဝနာပွား၊ ရေမိုးချိုး၊ မနက်စာစားပြီး အလုပ်ဘက်ကူးဖို့ စောင့်နေတဲ့ မော်တော်ပေါ်ကို တက်ရ တာပဲ။ ညနေဘက်ဆိုရင် များသောအားဖြင့် လေးနာရီ မိနစ်နှစ်ဆယ်နဲ့ လေးနာရီခွဲအတွင်း အိမ်ပြန်ရောက်တတ်တယ်။ အဲဒီအချိန်ကို မှတ်ထား ပြီး မခင်မေကလဲ ဒီအချိန်မတိုင်မီ ဖြီးလိမ်းပြီးသား ဖြစ်နေတယ်။ သား ကလေး မောင်ကျော်ဆန်းကိုလဲ အဝတ်သစ် အစားသစ်လဲ သနပ်ခါး ပေါင်ဒါတွေ လိမ်းပြီး အဆင်သင့်လုပ်ထားတယ်။ ကိုသိန်းဟာ အိမ်ရဲ့ တံတားပေါ်ကို တက်မိတာနဲ့ မခင်မေဟာ မောင်ကျော်ဆန်းကို ချီပြီး အိမ်ရဲ့ တံခါးဝမှာ အသင့်ရောက်နေပြီ။ ကိုသိန်းဟာ အနားကိုရောက်တဲ့ အခါ သားကလေး မောင်ကျော်ဆန်းကို ယူမချီသေးဘူး။ 'လူကလေး မောင်ကျော်ဆန်းရေ'လို့ ခေါ်လိုက်တယ်။ သားကလေးကလဲ သူ့အဖေဆီ ကိုလိုက်ဖို့ ခုန်ဆွခုန်ဆွဖြစ်နေရာက 'ဖေဖေ'လို့ ပြန်ထူးလိုက်တယ်။

ကိုသိန်းဟာ အဲဒီလိုခေါ်ပြီး အပေါ်အင်္ကျီကို ချွတ်တယ်။ သား ကလေးကလဲ သူ့အဖေ ဘာကြိုက်တယ်ဆိုတာသိလို့ လုပ်နေသလိုပဲ။ သူ့အဖေက အပေါ်အင်္ကျီချွတ်နေတုန်းကို သူ့ကို မြန်မြန်ခေါ်ပါ၊ သူ



အဖေ့ဆီကို လိုက်ချင်လှပြီဆိုတဲ့ အမူအရာမျိုးနဲ့ သူ့ကိုယ်ကလေးကို သူ့အဖေဘက် အသာယိုင်ထားတယ်။ ပြီးတော့မှ သူ့ခေါင်းကလေးနဲ့ ကိုယ်ကလေးကိုလှုပ်ပြီး သူ့အဖေကို လက်လှမ်းပေးနေတယ်။ ကိုသိန်းဟာ ခင်မေကို သူ့အပေါ်အင်္ကျီပေးလိုက်ပြီး မောင်ကျော်ဆန်းကို ခေါ်လိုက် တယ်။ သူ့လက်ထဲရောက်တာနဲ့ သားကလေးကို နဖူးရယ်၊ ပါးနှစ်ဖက် ရယ်၊ မေးစေ့ရယ် အားပါးတရ မွှေးပါတယ်။ သူ့ကလဲ သူ့နဖူး၊ ပါး၊ မေးစေ့ကို သားကလေးနှာခေါင်းနား ကပ်ပေးလိုက်တဲ့အခါ သားကလေး ကလဲ မွှေးပါတယ်။ အဲဒါပြီးတဲ့နောက်မှ သူထိုင်နေကျ ပက်လက်ကုလားထိုင် ပေါ်မှာ ကိုသိန်း ထိုင်တယ်။ သားကလေး မောင်ကျော်ဆန်းကို ဗိုက်ပေါ် မှာ တင်ထားတယ်။ မခင်မေဟာ ကိုသိန်းရဲ့အင်္ကျီကိုချိတ်ပြီး၊ ကိုသိန်းရဲ့ အနား ကြမ်းပေါ်မှာလာထိုင်ပါတယ်။ အဲဒီတော့မှ မောင်သိန်းက 'လူကလေး မောင်ကျော်ဆန်း၊ ဖေဖေ့ကို ချစ်သလား'လို့ မေးတယ်။ သားကလေးက 'ချစ်'လို့ ပြန်ဖြေတယ်။ အဲဒီအခါ 'မေမေ့ကို ချစ်သလား'လို့ ထပ်မေးတယ်။ 'ချစ်'လို့ပဲ သားကလေးကဖြေတယ်။ 'ဖေဖေနဲ့ မေမေကို ဘယ်အထဲက ချစ်သလဲ'လို့ ထပ်မေးပြန်တယ်။ 'ဗိုက်ထဲက ချစ်' လို့ သားကလေး မောင်ကျော်ဆန်းဟာ သူ့ဗိုက်ကလေးကိုပုတ်ပြပြီး ပြောပါတယ်။

'လူကလေးမောင်ကျော်ဆန်း၊ ဖေဖေနဲ့ မေမေကို ဘယ်လောက် ချစ်သလဲ'လို့ ထပ်မေးပြန်တယ်။ 'များကြီးချစ်'လို့ သားကလေးက သူ့ လက်ကလေးနှစ်ဖက်ကို ဆန့်ပြီး ပြောပါတယ်။ မောင်သိန်းဟာ ဒါကလေး တွေကြားရပြီး အမောတွေပြေ၊ အိုဘေး၊ နာဘေး၊ သေဘေးကြီးတွေကို အကုန်မေ့။ သူ့အင်မတန်ကြောက်တယ်ဆိုတဲ့ ယမမင်းကြီးဟာ ဘယ် ချောင်ကြိုချောင်ကြားကို ရောက်နေမှန်းတောင် မသိတော့ဘူး။ တစ်ကိုယ် လုံး ပီတိတွေဖြစ်ပြီး စိတ်တွေ အချမ်းသာကြီး ချမ်းသာနေပါတယ်။ အဲဒီလို မေးပြီးတော့မှ 'မခင်မေရေ၊ သားဒီနေ့ ချေးယိုရဲ့လား၊ ထမင်း ကော များများစားနိုင်ရဲ့လား'လို့ သူမေးနေကျ မေးခွန်းကို မေးပါတယ်။ ခင်မေက ဖြေရတယ်။ သားကလေးကလဲ စကားများများ မပြောနိုင်

www.burmeseclassic.com

www.burmeseclassic.com



သေးတော့ ပြောနိုင်သမျှကလေးနဲ့ပဲ ကိုသိန်းမှာ အကျေနပ်ကြီး ကျေနပ်နေပါတယ်။ တစ်နေ့လာလဲဒါပဲ တစ်နေ့လာလဲဒါပဲဆိုတော့ ဘေးကရပ်ကြည့်နေတဲ့ လူတွေအဖို့ ရိုးနေမှာပဲ။ ကိုသိန်းအဖို့ကတော့ မရိုးနိုင်ဘူး။ မော်တော်စီးသွားလဲ အရင်ကလို ဂုဏ်တော်ကိုတောင် ဖြောင့်ဖြောင့်မတ်မတ် မပွားနိုင်ဘူး။ သားကလေးနဲ့ ညနေတိုင်း ဒီလို အချစ်နာလန်ထနေရတာ ကလေးကိုပဲ ခဏခဏ မြင်နေပါတယ်။ အလုပ်လုပ်ရင်းလဲ ခဏခဏ မြင်နေပါတယ်။ မိတ်ဆွေသင်္ဂဟတွေနဲ့ စကားပြောရင်လဲ ခဏခဏမြင်နေတယ်။ ညဘက် ကမ္မဋ္ဌာန်းထိုင်ရင်းလဲ ခဏခဏ မြင်နေတယ်။

တစ်နေ့ညနေ နှစ်ချက်တီးလောက်အချိန်မှာ တပည့် စံမြ သော်တာဘက်ကို လိုက်လာပြီး ကလေးနေမကောင်းလို့ ခဏပြန်လာဖို့ ခေါ်တယ်။ ဒီစကားကြားရတဲ့အခါ သိန်းမောင်ဟာ ထိတ်ခနဲဖြစ်သွားပြီး ချက်ချင်းထပြန်သွားတယ်။ အိမ်မှာ ဒေါ်လှမေရောက်နေတယ်။ မခင်မေက ကလေးကို ပွေ့ချီထားတယ်။ သိန်းမောင်က 'ကလေးဘာဖြစ်သလဲ' လို့ မေးတယ်။ 'ဆယ်နာရီလောက်ကတည်းက ကလေးကိုကြည့်ရတာ မျက်စိတွေ စင်းနေတယ်။ အိပ်ချိန်လဲမဟုတ်ဘူး၊ ဘာများဖြစ်သလဲလို့ သူ့ကိုယ်ကို စမ်းကြည့်တော့ တော်တော်ပူနေတယ်၊ ဒါနဲ့ မေမေ့ကို သွားအခေါ်ခိုင်းရတယ်။ ဆယ့်နှစ်နာရီလောက်မှာ ကလေးဟာ ကိုယ်သိပ်ပူလာတယ်၊ တစ်ခါ တစ်ခါ မျက်လုံးဟာ အပေါ်လန်လန်ပြီး တက်ချင်သလိုလို ဖြစ်တယ်၊ ပြီးတော့လဲ ခဏခဏ လန့်တယ်' လို့ ပြောနေရင်းက ကလေးဟာ လန့်သလို ခြေတွေလက်တွေ လှုပ်တယ်။ အဲဒီအခါ မခင်မေက 'ဟော ဟော ကြည့်ပါလား အဲဒီလို လန့်လန့်နေတယ်၊ ဒါနဲ့ ကိုသိန်းကို ချက်ချင်း သွားအခေါ်ခိုင်းရတာပဲ' လို့ ပြောတယ်။ ကိုသိန်းဟာ သားကလေး မောင်ကျော်ဆန်းကို နဖူးစမ်းကြည့်ပြီး 'အင်း တော်တော်ပူတယ်' လို့ ပြောတယ်။ အဲဒီလို ပြောပြီးတော့မှ သူခေါ်နေကျအတိုင်း 'လူကလေး မောင်ကျော်ဆန်းရေ' လို့ ခေါ်ကြည့်တယ်။ ကလေးဟာ မျက်လုံးဖွင့်မကြည့်နိုင်ဘူး။ မောင်သိန်းက ဒေါ်လှမေဘက်လှည့်ပြီး 'မေမေ ကျွန်တော် ဆရာဝန်ခေါ်ချင်တယ်' လို့



ပြောတယ်။ ဒေါ်လှမေက 'ခေါ်လေ' လို့ ပြောတာနဲ့ သိန်းမောင်ဟာ ဆရာဝန်ကို ချက်ချင်းသွားခေါ်တယ်။

ဆရာဝန်ရောက်လာတဲ့အခါ စမ်းသပ်ကြည့်ရှုပြီး အဖျား တစ်ရာနှစ်ဒီဂရီလောက် ရှိနေတယ်လို့ ပြောတယ်။ ဒီလိုပြောပြီး ဝမ်းချုပေးပါတယ်။ နောက် သူ့မှာပါလာတဲ့ ဆေးတစ်ခွက်ကို တိုက်ပါတယ်။ 'ကလေးအမေက ဘာတွေစားသလဲ' လို့ မေးတယ်။ မခင်မေလဲ သူအစားမမှားပါဘူးဆိုတာ ပြောချင်တဲ့သဘောနဲ့ 'ဆရာရယ် ဒီကလေးကို မျက်နှာမြင်ကတည်းက ကလေးနဲ့ မတည့်မှာစိုးလို့ ကျွန်မ ငါးကျည်းခြောက်နဲ့ ဆီနဲ့ဆားနဲ့ စားနေတာများပါတယ်၊ သားငါးဆိုလို့ တစ်ခါတလေ ငါးမြင်းသားကြော်လောက်ပဲ စားပါတယ်' လို့ ပြန်ပြောတယ်။ ဆရာဝန်က ခေါင်းခါပြီး 'ခင်ဗျား ဒီလို စားနေလို့ ကလေး ဒီလိုဖြစ်တာ၊ ဒီလိုစားနေတဲ့ မိခင်ဟာ ဘယ်မှာ အားရှိမလဲ၊ အားမရှိတဲ့ မိခင်ရဲ့နို့ကို စို့နေရတဲ့ကလေးဟာ ဘယ်မှာ အားရှိမလဲ၊ ကျွန်တော် တွေ့ရတဲ့ သူငယ်နာဖြစ်တဲ့ ကလေး တစ်ရာမှာ ကိုးဆယ့်ရှစ် ယောက်ဟာ ဒီလို အားနည်းနေလို့ ဖြစ်ရတာ ချည်းပဲ၊ ဒီလို ကလေးကို နို့တိုက်နေရတဲ့ မိခင်ဟာ အားရှိတဲ့ အစာကို ပိုစားပေးပေါ့၊ ဆင်းရဲပြီး မစားနိုင်လို့ မစားတာတော့ မတတ်နိုင်ဘူးပေါ့၊ တတ်နိုင်တဲ့ သူတွေက များများစားပေးပါ၊ ကလေးတွေ ဒီအရွယ်မှာ အားရှိဖို့ သိပ်အရေးကြီးတယ်၊ အစာနဲ့ချည်းပဲ မလုံလောက်သေးလို့ ဗီတာမင် ဆေးပြားတွေကိုတောင် ထပ်ပြီးစားပေးရဦးမယ်၊ ကလေးကို ချီချီမထားနဲ့၊ အောက်မှာ ချထားတာက ကလေးအတွက် ပိုကောင်းတယ်' လို့ ပြောပြီး ပြန်သွားတယ်။

သိန်းမောင်လဲ ဆေးယူရအောင် ဆရာဝန်နဲ့ လိုက်သွားတယ်။ ဆရာဝန်က ဆေးတစ်ပုလင်း၊ ဆေးခြောက်ခွက်စာလောက်ပါတဲ့ ဆေးမှုန့်တစ်ထုပ်ပေးပြီး ဘယ်လိုတိုက်ရမယ်ဆိုတာ မှာတယ်။ နောက်ပြီးတော့ ရေခဲအိတ်တစ်ခုပေးပြီး ကလေးခေါင်းပေါ်မှာ ရေခဲအိတ်ခဏခဏတင်ပေးပါ၊ ကလေးဟာ အဖျားတော်တော်ကြီးနေတယ်လို့လဲ မှာလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ဆရာဝန်ရဲ့ ဆေးတော့ တိုက်ရဲတယ်။ ရေခဲအိတ်ကိုတော့ ဒေါ်လှမေက သဘောမတူတာနဲ့ ကလေးခေါင်းပေါ်ကို မတင်ရဘူး။

ည ရှစ်နာရီလောက်မှာ အတော်ကြီးဆိုးလာတာနဲ့ သိန်းမောင်လဲ ဆရာဝန်ကို သွားခေါ်ပြန်တယ်။ ဆရာဝန်နဲ့ တွေ့တဲ့အခါ 'ဆရာရေ ခဏလိုက်ခဲ့ပါဦး၊ ကလေးကတော့ သိပ်ဆိုးနေပြီ၊ မေးစေ့တွေ၊ ခြေတွေ လက်တွေဟာ အကြောဆွဲသလို ဖြစ်နေတယ်၊ တစ်ခါတစ်ခါ မျက်စိဟာ အပေါ်ကို လှန်လှန်ကြည့်တယ်၊ ကလေးဟာ ငိုတောင် မငိုနိုင်တော့ဘူး' လို့ သိန်းမောင်က ကလေးအကြောင်းကို ပြောပြပါတယ်။ ဆရာဝန်က 'ရေခဲအိတ်ကို ခဏခဏတင်ပေးရဲ့လား' လို့ မေးတယ်။ 'မခင်မေရဲ့ အမေကြီးက ရှေးရိုးကြီးပဲ၊ သူ့မြေးခေါင်းပေါ် ရေခဲအိတ်တင်တာ မကြိုက်ဘူး၊ ဒါနဲ့ တင်မပေးရဘူး ဆရာရေ့' လို့ သိန်းမောင်က ပြန်ပြောတယ်။ ဆရာဝန်က 'ရေခဲအိတ်ကို ခဏခဏတင်ပေးရမယ်၊ ကလေးဟာ ဒီလောက် အပူကြီးနေတဲ့အခါ ရေခဲအိတ်တင်မပေးရင် ခဏကလေးနဲ့ အသက်ပါသွားလိမ့်မယ်' ပြောပြီး သိန်းမောင်နဲ့ ဆရာဝန် အိမ်ကိုရောက်တဲ့အခါ သားကလေး မောင်ကျော်ဆန်း သေနေပြီ။ သိန်းမောင်လဲ ကလေးအလောင်းကိုကြည့်ရင်း 'ဟယ် မြန်လိုက်တာနော်' လို့ ပါးစပ်က လွှတ်ခနဲ ထွက်သွားပြီး တစ်မိနစ်လောက် ငိုင်နေပါတယ်။ ဆရာဝန်လဲ ခဏကလေးနေပြီး ပြန်သွားပါတယ်။ မခင်မေဟာ ပါးစပ်က ဖွဲ့နွဲ့ပြီးတော့လဲ မငိုတတ်ဘူး။ အသံထွက်ပြီးတော့လဲ မငိုတတ်ဘူး၊ သူ့သားကလေးကို ကြည့်ပြီးတော့ ရှိုက်ရှိုက်ပြီး ငိုရင်း မျက်ရည်တွေကျနေတယ်။ အမေကြီးလဲ ရှိုက်ပြီးတော့ မငိုဘူး။ သူ့မြေး အလောင်းကိုကြည့်ပြီး မျက်ရည်တွေ ပေါက်ပေါက် ပေါက်ပေါက်နဲ့ ကျနေတယ်။ သိန်းမောင်လဲ ဆို့တက်လာတဲ့ အပူလုံးတွေကို သက်မကြီး သုံးလေးကြိမ်ချပြီး ဖျောက်လိုက်တယ်။ ပြီးတော့မှ ကျနေတဲ့ မျက်ရည်တွေကို သုတ်ပြီး သားကလေး အသုဘအတွက် စီစဉ်ပါတယ်။

အသုဘပြီးလို့ သုသာန်က ပြန်လာကတည်းက သိန်းမောင်ဟာ ဘယ်သူ့မှ စကားမပြောဘူး။ အိမ်ပေါ်တက် သူ့အခန်းထဲက ခုတင်ပေါ်မှာ



စောင်ခေါင်းမြီးခြုံပြီး သားကလေး မောင်ကျော်ဆန်း ဆုံးကတည်းက ောင့်ထားခဲ့ရတာတွေကို အကုန်ထုတ်ပြီး ငိုချလိုက်တာပဲ။ မီးငြိမ်းခါနီး မ်းခါနီးမှာ ခေတ်ဆီထပ်ထပ်လောင်းတဲ့အတွက် မီးတောက်ပြန်ပြန်ထ လို ငိုလို့ဝခါနီးမှာ လူကလေးမောင်ကျော်ဆန်းရေလို့ သူက ခေါ်လိုက် အခါ ဖေဖေလို့ ထူးတာကလေး ပြန်ကြားရပြီး သိန်းမောင်ဟာ တစ်ချီ ပ်ငိုပြန်ပါရော၊ တစ်ခါငိုလို့ ဝခါနီးမှာ သားကလေး မောင်ကျော်ဆန်းက ကိုမွှေးတာကလေးတွေကို ပြန်မြင်ပြီး တစ်ချီထပ်ငိုပြန်ပါရော။ သူ့ဆီကို က်ချင်လွန်းလို့ သူ့အမေချီထားရာက သူ့ဘက်ကို ယိမ်းနေတဲ့ ကိုယ် လေးကို ခုန်ဆွခုန်ဆွလုပ်ပြီး သူ့ကို လက်လှမ်းပေးနေတာကလေးကို င်ပြီး တစ်ချီ ထပ်ငိုပြန်ပါရော။ ဖေဖေနဲ့ မေမေ့ကို လူကလေး ာင်ကျော်ဆန်း ချစ်သလားလို့ မေးလိုက်တဲ့အခါ ချစ်လို့ ခေါင်းကလေး တ်ပြီး ဆိုလိုက်တာကလေးတွေ၊ ဖေဖေနဲ့ မေမေကို ဘယ်အထဲက စ်သလဲလို့ မေးတဲ့အခါ ဗိုက်ထဲကချစ် ဆိုပြီး သူ့ဗိုက်ကိုပုတ်ပြတာကလေး တွေ၊ ဖေဖေနဲ့ မေမေကို ဘယ်လောက်ချစ်သလဲလို့ မေးတဲ့အခါ သူ့ က်နှစ်ဖက်ကို ဆန့်ပြီး များကြီးချစ် ဆိုတာကလေးတွေ မြင်ရ ကြားရ ပြီး တစ်ချီ ထပ်ငိုပြန်ပါရော။ ညအိပ်ခါနီးကျပြီဆိုရင် သူ့အမေနဲ့ ယောက် သူ့ဆီလာပြီး ဖေဖေ သားသားအိပ်အိပ်လို့ ဆိုတာကလေးတွေ လည်ပင်းကို အသာဖက်ပြီး မွှေးသွားတာကလေးတွေ ပြီးတော့မှ သူ့ မေ သင်ထားတဲ့အတိုင်း သူ့ကို ကန်တော့တာကလေးတွေကို မြင်ရ ကြားရပြန်ပြီး တစ်ချီ ထပ်ငိုပြန်ပါရော။

ထမင်းစားချိန်မှာ ထင်းစားရအောင်လာခေါ်ပေတဲ့လဲ ထမင်း ဆင်း ားဘူး။ ပို့လိုက်တဲ့ ကော်ဖီလဲ မသောက်ဘူး။ စောင်ကိုသာ ခေါင်းမြီးခြုံ ပြီး သူ့အိပ်ရာပေါ်မှာ လှဲနေတာပါပဲ။ မခင်မေဟာ သားကလေး င်ကျော်ဆန်း ဆုံးပြီးခါစပဲ နည်းနည်း သတိလစ်ပြီး ရှိုက်ကြီး င် တယ်။ နောက်တော့ တဖြည်းဖြည်း အသင့်အတင့် နှလုံးသွင်းနိုင်တာနဲ့ တ်သက်သာရာရသွားတယ်။ ဒါကြောင့် သိန်းမောင်ဟာ နောက်တစ်နေ့လုံး

www.burmeseclassic.com

www.burmeseclassic.com



လဲ အောက်ကို ဆင်းမလာတဲ့အခါ မခင်မေဟာ ကိုသိန်းဆီကို တက်သွားပါတယ်။ ကိုသိန်းရဲ့ ခုတင်ပေါ်မှာ တင်ပလ္လင် ထိုင်ပြီး ခေါင်းမြီးခြုံထားတဲ့ စောင်ကို ဖွင့်လိုက်တယ်။ ကိုသိန်းလဲ တစ်ချိုင့်ငိုပြီးစဖြစ်နေတာနဲ့ မျက်ရည်တွေ ကျတုန်းရှိသေးတယ်။ အဲဒီအခါ မခင်မေက 'ကိုသိန်းရေ၊ ကျွန်မ တရားတစ်ပုဒ်ဟောမယ်၊ နားထောင်နော်' လို့ အစချီပြီး ဒီအတိုင်းပြောပါတယ်။

'မြတ်စွာဘုရားလက်ထက်တော်တုန်းက အရှင်ပဋာစာရီဆိုတဲ့ ရဟန္တာမကြီး ရှိတယ်၊ ဒီရဟန္တာမကြီးအကြောင်းကို ကိုသိန်းလဲ သိမှာပါပဲ၊ ဒါကြောင့် ကျွန်မ မပြောတော့ဘူး၊ အဲဒီ အရှင်ပဋာစာရီ ရဟန္တာမကြီးမှာ တပည့်မကလေး ငါးရာရှိတယ်၊ သူတို့ဟာ ဘဝပေါင်းများစွာက ကုသိုလ် အတူတူလုပ်ခဲ့တာတွေကြောင့် ဒီဘဝမှာ အတူတူ တွေ့ကြရုံမကသေးဘူး အိမ်ထောင်ကျတော့လဲ တစ်ချိန်တည်း အတူတူကျကြတယ်၊ သားကလေး တစ်ယောက်စီလဲ သူတို့ တစ်ချိန်တည်း ရကြတယ်၊ သားကလေးတွေ သေတော့ အခု ကျွန်မတို့ ရှိုက်ကြီးတငင် ငိုတာမျိုး သူတို့လဲ ငိုကြရတာပေါ့၊ အဲဒီလိုငိုပြီး သူတို့ရဲ့ဆရာ အရှင်ပဋာစာရီ ရဟန္တာမကြီးဆီကို သွားကြတယ်၊ အရှင်ပဋာစာရီ ရဟန္တာမကြီးက တပည့်မတွေကို ဒီလို တရားဟောပါတယ်၊ 'သတ္တဝါတွေဟာ လက်ရှိဘဝကို ဘယ်ဘဝက ရောက်လာကြတယ်၊ ဒီဘဝပြီးရင် ဘယ်ဘဝကို သွားရဦးမယ်ဆိုတာ မသိကြဘူး၊ အခု သေသွားရှာကြတဲ့ သင်တို့ သားကလေးတွေဟာ ဘယ်ကလာတဲ့ သတ္တဝါကောင်ကလေးတွေလဲ၊ အဲဒီလို ဘယ်ကလာမှန်းမသိတဲ့ သတ္တဝါကောင်ကလေးတွေကို ငါ့သား ငါ့သားလို့ တစွဲစွဲတလမ်းလမ်း၊ ငိုကြွေးမြည်တမ်းနေတာ သင့်တော်ကြရဲ့လား၊ ဘာမှန်းမသိတဲ့ သတ္တဝါကလေးတွေကို အစွဲဖွဲ့ပြီး ဘာမှန်းမသိတဲ့ သတ္တဝါကြီးတွေက စိုးရိမ်ပူဆွေးငိုကြွေးမြည်တမ်းနေတာ သင့်တော်ကြရဲ့လား။

'အို ရှင်မတို့၊ သတ္တဝါတွေရဲ့ လာခဲ့တဲ့ လမ်းခရီး၊ သွားရမယ့် လမ်းခရီးကို တကယ် ကေန်အမှန်ပဲ သိဦးတော့ ဒီသတ္တဝါတွေအတွက် စိုးရိမ်ဖို့ မသင့်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူရော ငါပါ သတ္တဝါမှန်သမျှဟာ



ဘဝတစ်ခုကို လာခဲ့ကြရမယ်၊ ဘဝတစ်ခုက ဘဝတစ်ခုကို သွားကြရမယ်၊ ဒီသဘောအတိုင်းချည်း ဖြစ်နေကြတာပဲ၊ ဘယ်သူ့ကိုမှ ဘယ်သူက မပိုင်နိုင်ဘူး၊ ဒီလို မပိုင်ဆိုင်ပါဘဲနဲ့၊ ဘာ့ကြောင့် ငိုကြွေးနေကြပါသလဲ။

'အို ရှင်မတို့၊ ဒီဘဝကို လာကြပါလို့ ပင့်ဖိတ်တောင်းပန်ခြင်း မရှိဘဲနဲ့ ဒီသတ္တဝါတွေဟာ သူတို့ဟာသူတို့ ပေါ်ပေါက်လာကြတယ်၊ ဒီဘဝက သွားကြပါတော့လို့ ခွင့်မပြုဘဲနဲ့ သူတို့ဟာသူတို့ သွားကြတယ်၊ ဘယ်လိုဘဝမျိုးက ဒီဘဝကို ရောက်လာခဲ့ကြမှန်းလဲ မသိဘူး၊ ဘဝတစ်ခုတစ်ခုမှာလဲ အကြာကြီးမနေဘဲ ခဏကလေးနေပြီး ဘဝတစ်ပါး ပြောင်းသွားကြပြန်တယ်၊ ပြောင်းသွားတဲ့ဘဝမှာလဲ တည်တည်ငြိမ်ငြိမ် မနေဘူး၊ နောက်ဘဝတစ်ခုကို ပြောင်းသွားကြပြန်တယ်၊ ဒီလို ကယောင်ချောက်ချား သွားချင်ရာသွား လာချင်ရာလာနေကြတဲ့ သတ္တဝါတွေအတွက် ဘာဖြစ်လို့ စိုးရိမ်ကြရသလဲ၊ ဘာဖြစ်လို့ ပူဆွေးကြရသလဲ။

'အို ရှင်မတို့၊ ဒီလို သွားချင်ရာသွား လာချင်ရာလာနေတဲ့ သတ္တဝါအရိုင်းတွေကို သားရယ် သမီးရယ်နဲ့ တွယ်တာနေဖို့ မကောင်းဘူး၊ သူတို့အတွက် ပူဆွေးနေဖို့မကောင်းဘူး၊ အလောင်းကောင်ကို သုဿယင်ဖန်ဆင်းနေတာတွေကို ဘာကြောင့် တွယ်တာနေချင်ကြသလဲ၊ သွားချင်သလိုသွား၊ လာချင်သလိုလာ၊ စည်းကမ်းကလနားမရှိ ဖြစ်မိဖြစ်ရာ ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ သတ္တဝါတွေအတွက် တညိုးညိုးတပိန်ပိန် စိုးရိမ်ပူဆွေးနေလို့ ဘာအကျိုးရှိမှာလဲ' လို့ အရှင်ပဋာစာရီ ရဟန္တာမကြီးက တပည့်မတွေကို ဟောတော်မူပါတယ်။

'ဒီတရားကို ကြားနာရတဲ့အခါ တပည့်မတွေဟာ စိတ်ချမ်းသာရာ ကြပါတယ်၊ တယ်မှန်တာပဲ၊ သွားချင်ရာသွား လာချင်ရာလာနေကြတဲ့ ဒီအရိုင်းကောင်တွေကို ဘာမှ မဆိုင်ဘဲနဲ့ စွဲလမ်းတွယ်တာနေကြတယ်၊ အပူပူ တဆွေးဆွေးနဲ့ ငိုကြွေးနေကြတယ်၊ ဒီလို ရှိုက်ကြီးတငင် ငိုကြွေးကြရတာလဲ တခြားကြောင့် မဟုတ်ဘူး၊ အိမ်ထောင်ပြုမိတာကြောင့် ဖြစ်တာပဲ၊ ဒီလိုသောကမျိုးနဲ့ မတွေ့ချင်ရင် အိမ်ထောင်ကို စွန့်မှပဲလို့

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်ပြီး ရဟန်းပြုကြပါတယ်၊ မကြာခင် ရဟန္တာတွေ ဖြစ်ကုန်ကြတယ်၊ အရှင်ပဉ္စာစာရီ ရဟန္တာမကြီး ဟောတော်မူတာကို ကိုသိန်း ခဏခဏ နှလုံးသွင်းပြီး သားကလေးကို စွဲလမ်းနေတာတွေ ဖျောက်ပါ စွဲလမ်းနေတာတွေကို မဖျောက်ဘဲ တငိုထဲငိုငိုနေရင် သေတဲ့လူက ပြန်ရှင် မှာမဟုတ်ဘူး၊ ကိုသိန်းသာ ဆင်းရဲရမှာပဲ၊ ထ ထ'လို့ ဆိုပြီး ကိုသိန်းကို ထူပေးပါတယ်။ မျက်ရည်စကလေးတွေကိုလဲ စောင်နဲ့ သုတ်ပေးနေပါတယ်။

မခင်မေဟောတာကို နားထောင်ပြီးတဲ့အခါ သိန်းမောင်ဟာ စိတ် အတော်သက်သာရာရပါတယ်။ ဒါပေမယ့် သားကလေး မောင်ကျော်ဆန်း ကို စွဲလမ်းနေတာတွေကို လုံးဝ ဖျောက်လို့မရဘူး။ သူ့ကို ဆီးကြိုနေကျ ဖြစ်တဲ့ သားကလေး မောင်ကျော်ဆန်းကို သူမမြင်ရရင် ဘယ်လိုဖြစ်မလဲ ဒါကိုပဲ သိန်းမောင်က ခဏခဏ တွေးနေပါတယ်။ ဒါတင်မကသေးဘူး သားကလေး မောင်ကျော်ဆန်းမရှိတဲ့ အိမ်ကြီးဟာလဲ သူ့စိတ်ထဲမှာ ခြောက်ကပ်ကပ်ကြီး ဖြစ်လာတယ်။ ဒါကြောင့် စိတ်ပြေလက်ပျောက် ဆိုသလို ခွင့်တစ်လယူပြီး ဒေါ်လှမေ၊ ဒေါ်သန်းတင်၊ သိန်းမောင်နဲ့ မခင်မေတို့ဟာ ရန်ကုန်နဲ့ မန္တလေးကို ဘုရားဖူးထွက်သွားကြပါတယ်။ အိမ်ပြန်ရောက်ကြတဲ့အခါ စစ်ကိုင်းချောင်ဟာ သိန်းမောင်နဲ့ မခင်မေရဲ့ စိတ်ထဲမှာ အတော်ကြီးစွဲနေပါတယ်။ ချောင်ထဲမှာ ဖူးခဲ့တဲ့ ရဟန်းတော် တွေ၊ သီလရှင်တွေဟာ အိမ်ထောင်ကြီးထဲမှာ ကျနေကြတဲ့ သူတို့လင်မယား နှစ်ယောက်နဲ့ မတူဘူး။ တကယ်လွတ်လပ်ကြတာပဲ။ သူတို့မှာလို ဒီရဟန်းတွေနဲ့ သီလရှင်တွေမှာ သားဒုက္ခ၊ သမီးဒုက္ခ၊ လင်ဒုက္ခ၊ မယား ဒုက္ခတွေ မရှိကြဘူး။ ဒါကြောင့်မို့ သူတို့နဲ့ စာလိုက်ရင်တော့ ဒီရဟန်းတော် တွေနဲ့ သီလရှင်တွေဟာ အများကြီး ချမ်းသာကြမှာပဲလို့ လင်မယား နှစ်ယောက်စလုံး သဘောပေါက်နေကြပါတယ်။ အိမ်ပြန်ရောက်ပြီး ခုနစ် ရက်လောက်အကြာမှာ မခင်မေက 'ကိုသိန်း၊ အခုလို သားသမီးမရှိသေးတဲ့ အခါ သာသနာ့ရိပ်သာမှာ တရားအားထုတ်ချင်တယ်'လို့ ပြောတယ်။ သိန်းမောင်ကလဲ သဘောတူတာနဲ့ မခင်မေဟာ သာသနာ့ရိပ်သာသွားပြီး



တရားအားထုတ်ပါတယ်။ ဆရာတော်ညွှန်ကြားတဲ့အတိုင်း ပြင်းပြင်းထန်ထန် အားထုတ်တဲ့အတွက် နှစ်ဆယ့်တစ်ရက်အကြာမှာ ဉာဏ်စဉ်ကိုနာရတဲ့ အထိ မခင်မေ အောင်မြင်သွားပါတယ်။ သူ့အမေကို ပေးလိုက်တဲ့ကတိ တစ်ခု ကျေသွားပြီ။ သူလဲ အပါယ်လေးဘုံနဲ့ အိုးစားကွဲရတဲ့အတွက် သူဖြစ်ကျိုးနပ်ပြီလို့ တွေးပြီး မခင်မေဟာ အကျေနပ်ကြီး ကျေနပ်နေ ပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ၁၃

## နကုလပိတု သုတ်

ဘုရားဖူးပြန်လာတဲ့အချိန်ကစပြီး ခုနစ်နှစ်အတွင်း သိန်းမောင် မခင်မေတို့ရဲ့ အသိုင်းအဝိုင်းအတွင်းမှာ အပြောင်းအလဲတွေ အတော်ခပ်များများ ဖြစ် တယ်။ မခင်မေရဲ့မေမေ ဒေါ်လှမေ ကွယ်လွန်အနိစ္စရောက်တယ်။ အနိစ္စ မရောက်ခင် သာသနာ့ရိပ်သာမှာ တရားအားထုတ်ပြီး ဉာဏ်စဉ်နှာသွား ရတယ်။ ရွှေနေ ဦးလှမောင် ကွယ်လွန်အနိစ္စရောက်တယ်။ မတင်မေဟာ သူ့ဆိုင်မှာ ထမင်းလခပေးစားနေတဲ့ ရာဇဝတ်အုပ်ကလေး ဖေတင့်နဲ့ အိမ်ထောင်ကျတယ်။

ဦးလေးဖိုးအေးလဲ အဓိဋ္ဌာန်လုပ်ထားတဲ့အတိုင်း သူ့အစ်မ ဒေါ်လှမေ ဆုံးတာနဲ့ ရဟန်းပြုသွားတယ်။ ဆိုင်လဲ ဆက်ပြီး ထွက်မယ့်လူမရှိတာနဲ့ တခြားတစ်ယောက်ကို ရောင်းပစ်လိုက်ရတယ်။ ကိုသိန်းနဲ့ မခင်မေတို့ မှာလဲ မောင်မြင့်ဆွေဆိုတဲ့ သားကလေးတစ်ယောက်ရတယ်။ ငါးနှစ်တောင် ရှိနေပြီ။ မခင်မေဟာ ဒီကလေးကို ရတဲ့အခါ သားသမီး ဇဟုသုတတွေ အတော်ကလေး တိုးနေပြီ။ အရင်တုန်းကလို ငါးကျည်းခြောက်တစ်လှည်း ငါးကြင်းသားကြော်တစ်လှည့် မဟုတ်တော့ဘူး။ အိမ်မှာ နေ့စဉ်စားတဲ့



စားအသောက်ကို အကုန်လုံးလိုက်ပြီး စားတာ သောက်တာပဲ။ နေလ မှာ ဆေးပညာအရ နွားနို့ထက် မခင်မေနဲ့ ကျွဲနို့က ပိုတည့်တယ်ဆိုပြီး သူ့ယောကျ်ား သော်ကဘက်က မှာပေးတဲ့ ကျွဲနို့ကိုပဲ တစ်နေ့ ငါးဆယ်သား သောက် သောက်တာပဲ၊ အရင်ကဆိုရင် ကလေး ချွဲကျပ်မှာစိုးတယ်ဆိုပြီး ဘယ်သောက်လိမ့်မလဲ။ ဒါတွေတင် မကသေးဘူး။ ဆရာဝန်ပြောတဲ့ ဗီတာမင် ဆေးတွေကိုလဲ မှန်မှန်ဝယ်စားလိုက်သေးတယ်။ သူ့ဒီလိုစားရုံသာ ကသေးဘူး။ 'ကိုသိန်းရေ၊ သေတာဟာ ကံတစ်ခုတည်းကြောင့်ချည်းပဲ ဟုတ်ဘူး၊ သေခြင်းအကြောင်းတရားဟာ ကံ စိတ် ဥတု အာဟာရ ဆိုပြီး လေးပါးရှိတယ်၊ အသက်ရှည်ချင်ရင် အသက်ရှည်စေနိုင်တဲ့ ကုသိုလ်ကံလဲ ရှိရမယ်၊ အသက်ရှည်စေနိုင်တဲ့ စိတ်မျိုးကိုလဲ မွေးရမယ်၊ ဥတုမှာလဲ အပူအအေး ညီမျှအောင် နေရမယ်၊ အစားအသောက်မှာလဲ အာဟာရဖြစ်စေနိုင်တဲ့ သင့်တော်တဲ့ အစားအသောက်ကို စားပေးရမယ်'လို့ သူ့လင်တော်မောင်ကိုပဲ ပြန်ပြီး တရားဟောလိုက်သေးတယ်။

မခင်မေဟာ သားကလေး မောင်မြင့်ဆွေနဲ့ပတ်သက်ပြီး သူ့ဝမ်း ထဲမှာ ကျိတ်ကြံထားတာတစ်ခုရှိနေတယ်။ ဒီဟာကတော့ တခြားမဟုတ် ပါဘူး။ သူ့သားကလေး မောင်မြင့်ဆွေကို လူ့ဘောင်ထဲ ဆွဲမခေါ်ဘဲနဲ့ ရဟန်းဘောင်ထဲသွင်းပေးလိုက်ဖို့ အကြံပဲ ဖြစ်တယ်။ သူ့အဖေ ဦးဖိုးခင် ဟာ အင်မတန် ဘုန်းကြီးလုပ်ချင်တယ်။ သူ့မိဘတွေက သဘောမတူဘူး။ အဲဒါကြောင့် သူ့ခများမှာ အိမ်ထောင်ဆိုတဲ့ ထောင်ကြီးထဲကျ၊ ခင်မေနဲ့ တင်မေဆိုတဲ့ သံခြေချင်းနှစ်ဆင့် အခတ်ခံရပြီး အိမ်ထောင်ကြီးရဲ့ အကျဉ်း သမားဘဝနဲ့ပဲ အရိုးထုတ်သွားခဲ့ရရှာတယ်။ သူ့ဘုန်းကြီးမလုပ်ရပေမယ့် အိစ္စမရှိဘူး။ သူ့သားကျရင်တော့ သူကိုယ်တိုင်က အလုပ်ခိုင်းမယ်ဆိုတဲ့ ဦးဖိုးခင်ရဲ့ မျှော်မှန်းချက်ကြီးဟာ သူ့သေသာသွားရော မပြည့်ဝရှာဘူး။

မခင်မေကျတော့လဲ ဒီလိုပဲ။ အိုရတဲ့ဒုက္ခ၊ နာရတဲ့ဒုက္ခ၊ သေရတဲ့ ဒုက္ခ၊ မချစ်မနှစ်သက်တဲ့သူနဲ့ ပေါင်းသင်းရတဲ့ဒုက္ခ၊ ချစ်နှစ်သက်တဲ့သူနဲ့ ကွေကွင်းရတဲ့ ဒုက္ခတွေကို အကြောက်ကြီး ကြောက်လွန်းလို့ နောင်အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အနှောင်ခံနေရတဲ့ ငှက်ကလေးဟာ နေ့ရှိသမျှ၊ နာရီရှိသမျှ၊ မိနစ်ရှိသမျှ လွတ်ဖို့သာ ကြံစည်နေသလို မခင်မေလဲ ဒီဒုက္ခတွေက လွတ်မြောက်စေနိုင်တဲ့အလုပ်ကို ကျွတ်ကျွတ်လွတ်လွတ်ကြီးလုပ်ဖို့ နေ့ရှိသမျှ၊ နာရီရှိသမျှ၊ မိနစ်ရှိသမျှ ကြံစည်နေတာပဲ။ ဒါပေမယ့် သူကြံစည်တိုင်း မဖြစ်ရှာဘူး။ သူ့အဖေလိုပဲ အိမ်ထောင်ကြီးရဲ့ အကျဉ်းသားအဖြစ်နဲ့ပဲ အရိုးထုတ်ရမယ့်ဘဝကို ရောက်နေရတယ်။ အဲဒါကြောင့် သူ့သားကလေး မောင်မြင့်ဆွေကို သူသိပ်ပြီး ဘုန်းကြီးလုပ်စေချင်နေတယ်။ ခြေထောက်တစ်ဖက်မှာ မယားသံခြေချင်း၊ တခြားတစ်ဖက်မှာ သားသမီးသံခြေချင်းတွေဝတ်၊ ပခုံးနှစ်ဖက်ပေါ်မှာတော့ အဖန်ဖန် ပဋိသန္ဓေနေရတဲ့ ဒုက္ခ၊ အိုရတဲ့ဒုက္ခ၊ နာရတဲ့ဒုက္ခ၊ သေရတဲ့ဒုက္ခ၊ မချစ်မနှစ်သက်တဲ့လူတွေနဲ့ ပေါင်းသင်းရတဲ့ဒုက္ခ၊ ချစ်နှစ်သက်တဲ့လူတွေနဲ့ ကွေကွင်းရတဲ့ဒုက္ခ၊ ရတာမလို လိုတာမရတဲ့ ဒုက္ခဆိုတဲ့ ဒုက္ခဝန်ထုပ်ကြီးတွေကို ထမ်းပြီး အိမ်ထောင်ကြီးထဲမှာ သားကလေး မောင်မြင့်ဆွေဟာ အကျဉ်းသမားကြီးအဖြစ်နဲ့ ယိုင်တီးယိုင်တိုင် မနိုင့်တနိုင်သွားရင်းနဲ့ အရိုးထုပ်ရမှာကို မခင်မေဟာ မကြည့်ရက်နိုင်တော့ဘူး။

မခင်မေဟာ အခွင့်ကောင်းရတဲ့အခါ သူ့အကြံကို သူ့ယောကျ်ားပြောပြဖို့ ချိန်နေတုန်း ဖြုန်းခနဲ ကိုသိန်းဟာ အပြင်းအထန်ဖျားပါတယ်။ ဆရာဝန်လဲ တစ်နေ့ နှစ်ခေါက်လာပြီး ကုပေးနေရာက အဖျားကျမသွားဘဲ သုံးရက်ကြာတော့ ခါတ်တွေ လျှော့လာပြန်တယ်။ လေးရက်မြောက် လင်းအားကြီး ငါးနာရီလောက်မှာ မောလာတယ်။ အဲဒါနဲ့ ဆရာဝန်ကို ကပျာကယာ ခေါ်ရတယ်။ ဆရာဝန်လဲ စမ်းသပ်စစ်ဆေး၊ တိုက်စရာရှိတာတိုက်ပြီး ပြန်ဖို့ အိမ်ဝထွက်တဲ့အခါ မခင်မေလဲ ဆရာဝန်နဲ့လိုက်လာပါတယ်။ အိမ်ဝမှာ ဆရာဝန်ကို ခဏတားထားပြီး 'ကိုသိန်း မျှော်လင့်စရာများ ရှိပါသေးသလားဆရာ'လို့မေးပါတယ်။ ဆရာဝန်ကလဲ 'ကျွန်တော် သိပ်ပြီး အားမရဘူးဗျာ'လို့ ပြောပြီး ထွက်သွားပါတယ်။ မခင်မေလဲ သူ့ယောကျ်ား အခန်းထဲကို ပြန်ဝင်သွားပြီး အသံ ကြည်ကြည်လင်လင်နဲ့



'ကိုသိန်းရေ အင်္ဂုတ္တိုရ်ပါဠိတော်ထဲက နကုလပိတုသုတ်ကို ဟောမယ်၊ ကြိုးစားပြီး နားထောင်နော်'လို့ အစချီလိုက်တယ်။ မောင်သိန်းလဲ မောနေရာက ခေါင်းညိတ်တယ်။

'အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ ဘဂ္ဂတိုင်း သုသုမာရဂိရမြို့အနီး တိရစ္ဆာန်တို့ ဘေးမဲ့ပေးရာဖြစ်တဲ့ ဘေသကဠဆိုတဲ့ တောကြီးထဲမှာ သီတင်းသုံးနေပါတယ်၊ အဲဒီအခါမှာ နကုလပိတာဆိုတဲ့ သူကြွယ်ဟာအပြင်းအထန် ဖျားပါတယ်၊ အဲဒီလို ဖျားတဲ့အခါ နကုလမာတာဆိုတဲ့ သူကြွယ်မက သူ့ယောကျ်ား သူကြွယ်ကို ဒီလိုပြောပါတယ်၊ 'အရှင် အရှင်ဟာနောက်ဆံငင်ပြီး ငဲ့ကွက်တဲ့စိတ်နဲ့ မသေပါနဲ့၊ ငဲ့ကွက်တဲ့စိတ်နဲ့ သေတာဟာဆင်းရဲရှာပါတယ်၊ ငဲ့ကွက်တဲ့စိတ်နဲ့သေတာကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါတယ်။

'အရှင်၊ ငါ့မိန်းမဟာ ငါကွယ်လွန်တဲ့အခါ သားငယ် သမီးငယ်တွေကို ကောင်းကောင်းမွန်မွန် ထိန်းသိမ်းစောင့်ရှောက်နိုင်မှာ မဟုတ်ပါဘူး၊ အိမ်ထောင်မှုကိုလဲ ကောင်းကောင်း ထိန်းသိမ်းစောင့်ရှောက်နိုင်မှာမဟုတ်ပါဘူးလို့ အရှင့်စိတ်ထဲမှာ စွဲကောင်း စွဲနေပါလိမ့်မယ်။

'အရှင်၊ ဒီလို မစွဲလမ်းသင့်ပါဘူး၊ အရှင် ကျွန်မဟာ ဗိုင်းလဲငင်တတ်ပါတယ်၊ ရက်ကန်းလဲ ရက်တတ်ပါတယ်၊ အရှင်၊ အရှင်ကွယ်လွန်တဲ့အခါ ကျွန်မဟာ သားငယ်သမီးငယ်တွေလဲ ကောင်းကောင်း ထိန်းသိမ်းစောင့်ရှောက်နိုင်ပါတယ်၊ အိမ်ထောင်ကိုလဲ ကောင်းကောင်း ထိန်းသိမ်းစောင့်ရှောက်နိုင်ပါတယ်။

'ဒါ့ကြောင့် အရှင်ဟာ ငဲ့ကွက်တဲ့စိတ်နဲ့ မကွယ်လွန်ပါနဲ့၊ ငဲ့ကွက်တဲ့စိတ်နဲ့ ကွယ်လွန်တာဟာ အင်မတန် ဆင်းရဲပါတယ်၊ ငဲ့ကွက်တဲ့စိတ်နဲ့သေတာကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါတယ်။

'အရှင်၊ ငါ့မိန်းမဟာ ငါကွယ်လွန်တဲ့အခါ နောက်ထပ်အိမ်ထောင်ပြုလိမ့်မယ်လို့ အရှင့်စိတ်ထဲမှာ စွဲကောင်း စွဲနေပါလိမ့်မယ်၊ အရှင် ဒီလိုမစွဲလမ်းသင့်ပါဘူး၊ အရှင် ကျွန်မဟာ မြတ်သောအကျင့်ဖြစ်တဲ့ ဗြဟ္မစရိယ သီလကို စောင့်ထိန်းပြီး မေထုန်မှီဝဲခြင်းကို ရှောင်ကြဉ်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ တစ်ဆယ့်ခြောက်နှစ် ရှိသွားပါပြီ၊ ဒါကိုလဲ အရှင် သိပါတယ်၊ ကျွန်မလဲ သိပါတယ်၊ ဒါကြောင့် ငဲ့ကွက်တဲ့စိတ်နဲ့ မသေပါနဲ့၊ ငဲ့ကွက်တဲ့ စိတ်နဲ့ သေရတာ ဆင်းရဲလှပါတယ်၊ ငဲ့ကွက်တဲ့စိတ်နဲ့ သေတာကို မြတ်စွာ ဘုရား ကဲ့ရဲ့တော်မူပါတယ်။

'အရှင်၊ ငါကွယ်လွန်တဲ့အခါ ငါ့မိန်းမဟာ မြတ်စွာဘုရားကိုရော သံဃာတော်ကိုရော ဖူးမြော်ဆည်းကပ်မှာ မဟုတ်ဘူးလို့ အရှင့်စိတ်ထဲမှာ စွဲကောင်း စွဲနေပါလိမ့်မယ်၊ ဒီလို မစွဲလမ်းသင့်ပါဘူး၊ အရှင် အရှင် ကွယ်လွန်တဲ့အခါ မြတ်စွာဘုရားနဲ့ သံဃာတော်ကို ပိုပြီး ဖူးမြော် ဆည်းကပ်ပါ့မယ်၊ ဒါ့ကြောင့် အရှင်ဟာ ငဲ့ကွက်တဲ့စိတ်နဲ့ မသေပါနဲ့ ငဲ့ကွက်တဲ့စိတ်နဲ့ သေတာဟာ ဆင်းရဲလှပါတယ်၊ ငဲ့ကွက်ခြင်းနဲ့ သေတာကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါတယ်။

'အရှင်၊ ငါကွယ်လွန်တဲ့အခါ ငါ့မိန်းမဟာ သီလကို စောင့်ထိန်းမှာ မဟုတ်ဘူးလို့ အရှင့်စိတ်ထဲမှာ စွဲကောင်း စွဲနေပါလိမ့်မယ်၊ ဒီလို မစွဲလမ်းသင့်ပါဘူး၊ မြတ်စွာဘုရားရဲ့ တပည့်ဖြစ်တဲ့ သီလမြဲတဲ့ အဝတ် ဖြူဝတ် လူ့ဥပါသိကာမတွေထဲမှာ ကျွန်မလဲ တစ်ဦး အပါအဝင် ဖြစ်ပါ တယ်၊ မြတ်စွာဘုရားဟာ ဘေသကဠာတောထဲမှာ သီတင်းသုံး နေတော်မူပါ တယ်၊ ကျွန်မ ပြောတာမယုံရင် မြတ်စွာဘုရားကို လျှောက်ထား မေးမြန်း နိုင်ပါတယ်၊ ဒါကြောင့် အရှင်ဟာ ငဲ့ကွက်တဲ့စိတ်နဲ့ မသေပါနဲ့၊ ငဲ့ကွက်တဲ့ စိတ်နဲ့ သေတာဟာ ဆင်းရဲပါတယ်၊ ငဲ့ကွက်တဲ့ စိတ်နဲ့ သေတာကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါတယ်။

'အရှင်၊ ငါ့မိန်းမဟာ သမာဓိကမ္မဋ္ဌာန်းလို့ခေါ်တဲ့ စိတ်ရဲ့ ငြိမ်းအေး မှုကိုရရှိတဲ့သူ မဟုတ်ပါဘူးလို့ အရှင့်စိတ်ထဲမှာ စွဲကောင်း စွဲနေပါလိမ့်မယ် ဒီလို မစွဲလမ်းသင့်ပါဘူး၊ မြတ်စွာဘုရားရဲ့ တပည့်ဖြစ်တဲ့ သမာဓိကမ္မဋ္ဌာန်း လို့ခေါ်တဲ့ စိတ်ရဲ့ ငြိမ်းအေးမှုရရှိတဲ့ အဝတ်ဖြူဝတ် လူ့ဥပါသိကာမတွေ ထဲမှာ ကျွန်မလဲ တစ်ဦးအပါအဝင် ဖြစ်ပါတယ်၊ မယုံလျှင် မြတ်စွာဘုရားကို လျှောက်ထားမေးမြန်းနိုင်ပါတယ်၊ ဒါ့ကြောင့် အရှင်ဟာ ငဲ့ကွက်စိတ်နဲ့



သေပါနဲ့၊ ငဲ့ကွက်တဲ့စိတ်နဲ့ သေတာ အင်မတန် ဆင်းရဲလှပါတယ်၊ ငဲ့ကွက် တဲ့စိတ်နဲ့ သေတာကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါတယ်။

'အရှင် ငါ့မိန်းမဟာ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ဆောက် တည်ရာမရသေးဘူး၊ သို့လောသို့လော တွေးတောမှု မကင်းရှင်းသေးဘူး၊ ရဲရင့်ခြင်းသို့ မရောက်သေးဘူး၊ မြတ်စွာဘုရားမှတစ်ပါး တခြားမှာ အားထားရာ ရှိသူမဟုတ်သေးဘူးလို့ အရှင့်စိတ်မှာ စွဲကောင်းစွဲနေပါလိမ့် မယ်၊ ဒီလို မစွဲလမ်းသင့်ပါဘူး၊ မြတ်စွာဘုရားရဲ့ တပည့်ဖြစ်တဲ့ သာသနာ တော်မှာ ဆောက်တည်ရာရနေတဲ့ သို့လောသို့လော တွေးတောမှု ကင်းရှင်း နေတဲ့ ရဲရင့်ခြင်းသို့ရောက်တဲ့ မြတ်စွာဘုရားမှတစ်ပါး အားထားရာ မရှိတဲ့ အဝတ်ဖြူဝတ် လူ့ဥပါသိကာမ ဟူသမျှတွေထဲမှာ ကျွန်မဟာ တစ်ဦး အပါအဝင်ဖြစ်နေပါတယ်၊ မယုံရင် မြတ်စွာဘုရားကို လျှောက်ထား မေးမြန်း ကြည့်နိုင်ပါတယ်၊ ဒါကြောင့် အရှင်ဟာ ငဲ့ကွက်တဲ့စိတ်နဲ့ မသေပါနဲ့၊ ငဲ့ကွက်တဲ့စိတ်နဲ့သေတာဟာ ဆင်းရဲလှပါတယ်၊ ငဲ့ကွက်တဲ့ စိတ်နဲ့ သေတာကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါတယ်'လို့ သူကြွယ်ရဲ့ ဇနီး နကုလမာတာက ပြောပါတယ်။

'ဒီလိုပြောပြီးတာနဲ့ မကြာခင်ဘဲ သူကြွယ်ရဲ့ ရောဂါဟာ ပျောက် ကင်းပါတယ်၊ သူကြွယ်ဟာ ရောဂါပျောက်လို့ မကြာခင်ဘဲ တောင်ဝှေးကို ဆောက်ပြီး မြတ်စွာဘုရားကို ဖူးရအောင် သွားပါတယ်၊ မြတ်စွာဘုရားက သူကြွယ် နကုလမာတာဟာ သင့်ကို အစဉ်စောင့်ရှောက်တယ်၊ သင့် အကျိုး စီးပွားကို အလိုရှိတယ်၊ သွန်သင်တတ်တယ်၊ ဆုံးမတတ်တယ်၊ သူကြွယ် သင့်အား အရတော်ပေစွ၊ သင်ဟာ လူ့အဖြစ်ကို ကောင်းစွာ ရအပ်ပေစွ။

'သူကြွယ် ငါ့ရဲ့တပည့်ဖြစ်ကြတဲ့ သီလမြဲတဲ့ အဝတ်ဖြူဝတ် လူ့ဥပါသိကာမတွေထဲမှာ နကုလမာတာလဲ တစ်ဦး အပါအဝင်ဖြစ်တယ်။

'သူကြွယ် ငါ့ရဲ့တပည့်ဖြစ်ကြတဲ့ သမာဓိကမ္မဋ္ဌာန်းဆိုတဲ့ စိတ်နဲ့ ငြိမ်းအေးခြင်းကို ရရှိကြတဲ့ အဝတ်ဖြူဝတ် လူ့ဥပါသိကာမတွေထဲမှာ နကုလမာတာလဲ တစ်ဦး အပါအဝင် ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'သူကြွယ် ငါ့ရဲ့တပည့်ဖြစ်တဲ့၊ ငါ့ရဲ့ သာသနာဘော်မှာ ဆောက်တည်ရာရနေတဲ့ သို့လောသို့လော တွေးတောမှုကင်းရှင်းတဲ့ ရဲရင့်ခြင်းကို ရောက်နေတဲ့ မြတ်စွာဘုရားမှတစ်ပါး တခြားမှာ အားထားရာမရှိတဲ့ အဲဒီဝတ်ဖြူဝတ် လူဥပါသိကာမတွေထဲမှာ နကုလမာတာလဲ တစ်ယောက်အပါအဝင်ဖြစ်တယ်။

'သူကြွယ် နကုလမာတာဟာ သင့်ကို အစဉ် စောင့်ရှောက်တယ်၊ သင့်အကျိုးစီးပွားကို အလိုရှိတယ်၊ သွန်သင်တတ်တယ်၊ ဆုံးမတတ်တယ်၊ သူကြွယ် သင့်အား အရတော်ပေစွ၊ သင်ဟာ လူအဖြစ်ကို ကောင်းစွာရအပ်ပေစွ'လို့ မြတ်စွာဘုရားက မိန့်တော်မူပါတယ်'

မခင်မေ ဟောတာကို နာနေရင်း ကိုသိန်းရဲ့ တစ်ကိုယ်လုံးမှာ ပီတိတွေ ပျံ့နှံ့နေတယ်၊ တရားဟောစအထိ ရောဂါအရှိန် ပြင်းလွန်းလို့ မှုန်ကုပ်ကုပ်ဖြစ်နေတဲ့ ကိုသိန်းရဲ့ မျက်နှာပေါ်မှာ မှုန်ကုပ်ကုပ်ဖြစ်နေတာ တဖြည်းဖြည်း ပျောက်သွားပြီး ကြည်လင်လာတယ်။ အမောလဲ သက်သာသွားတယ်။ မခင်မေဟောပြီးတဲ့အခါ သူ့ခေါင်းကို အသာညိတ်ပြီး 'သာဓု၊ သာဓု၊ သာဓု'လို့ တိုးတိုးကလေး ဆိုနေပါတယ်။

'ကဲ ကိုသိန်းရေ၊ ကိုသိန်းပြုခဲ့တဲ့ ကုသိုလ်တွေအကြောင်းကို ကျွန်မ နည်းနည်း ဆက်ပြီး ပြောချင်သေးတယ်၊ နားထောင်ဦးနော်' လို့ အစချီလိုက်တဲ့အခါ ကိုသိန်းဟာ အသာကလေး သူ့ခေါင်းကို ညိတ်ပါတယ်။ 'ကိုသိန်းဟာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တွေကို နေ့စဉ်ပွားလာတာ အခုဆိုရင် ခုနစ်နှစ်နီးပါး ရှိနေပြီ၊ ဘယ်လောက် ကုသိုလ်တွေရနေသလဲဆိုတာ မြတ်စွာဘုရားဟောတော်မူတဲ့အတိုင်း ကျွန်မ ပြောပါရစေ၊ ဘုရားဂုဏ်တော်တွေကို နှုတ်ရော စိတ်ပါ ကောင်းစွာ ပွားများ အောက်မေ့နေတဲ့ သတိရဲ့ ကိန်းအောင်းရာဖြစ်တဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်ဟာ စေတီအိမ်လို အပူဇော်ခံထိုက်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ မရနိုင်သည့်တိုင်အောင် ဘုရားဂုဏ်တော်တွေကို အဖန်တလဲလဲ ပွားများနေတဲ့သူဟာ ကောင်းရာဘဝကိုသာ ရောက်ရမယ်၊ ကိုသိန်းရယ် အပူဇော်ခံထိုက်တဲ့ ကုသိုလ်ဆိုတာ နည်းနည်းနောနော ကုသိုလ်ကြီးလား'လို့ ပြောတဲ့အခါ ကိုသိန်းက ခေါင်းအသာညိတ်ရင်း သာဓု ခေါ်နေတယ်။



'တရားဂုဏ်တော်တွေကို နှုတ်ရော စိတ်ပါ ကောင်းစွာ ပွားများ အောက်မေ့နေတဲ့ သတိရဲ့ ကိန်းအောင်းရာဖြစ်တဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်ဟာ စေတီအိမ်လို အပူဇော်ခံထိုက်တယ်၊ မဂ်တရား ဖိုလ်တရားတွေ မရနိုင်သည့်တိုင်အောင် ဒီပုဂ္ဂိုလ်ဟာ ကောင်းတဲ့ဘဝကို ရောက်ရမယ်၊ (အဲဒီနေရာမှာလဲ ကိုသိန်းဟာ ခေါင်းအသာညိတ်ရင်း သာဓုခေါ်နေပါတယ်။)

'သံဃာ့ဂုဏ်တော်တွေကို နှုတ်ရော စိတ်ပါ ကောင်းစွာပွားများ အောက်မေ့နေတဲ့ သတိရဲ့ ကိန်းအောင်းရာဖြစ်တဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်ဟာ အညီအညွတ် စည်းဝေးနေတဲ့ သံဃာရှိတဲ့ ဥပုသ်အိမ်လို အပူဇော်ခံထိုက်တယ်၊ မဂ်တရား ဖိုလ်တရားတွေကို မရနိုင်သည့်တိုင်အောင် ဒီပုဂ္ဂိုလ်တွေဟာ ကောင်းတဲ့ဘဝကို ရောက်မယ်။ (ကိုသိန်းဟာ ဒီနေရာမှာလဲ ခေါင်းအသာညိတ်ရင်း သာဓုခေါ်နေပါတယ်။)

'ကိုသိန်းဟာ ခုနစ်နှစ်လုံးလုံး ဒီကုသိုလ်တွေ ရခဲ့ပြီးပြီ၊ (ကိုသိန်းဟာ ဒီနေရာမှာလဲ ခေါင်းအသာညိတ်ပြီး သာဓုခေါ်ပြန်တယ်။)

'ကိုသိန်းဟာ နေ့စဉ် ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းခဲ့တဲ့ ကုသိုလ်၊ တနင်္ဂနွေနေ့တွေမှာ ရှစ်ပါး၊ တစ်ခါတလေ ကိုးပါးသီလ စောင့်ထိန်းခဲ့တဲ့ ကုသိုလ်၊ နေ့စဉ် ခန္ဓာငါးပါးမှာ အနိစ္စ ဒုက္ခ အနတ္တ ဆင်ပြီး ရှုခဲ့တဲ့ ကုသိုလ်တွေဟာ ဘယ့်လောက် ကြီးကျယ်တယ်ဆိုတာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း ကျွန်မ ပြောပြဦးမယ်၊ ကိုသိန်း နားထောင်နော်။ (ကိုသိန်းဟာ ခေါင်းအသာညိတ်ပါတယ်။)

'ဘုရားလောင်းဟာ အင်မတန်ချမ်းသာတဲ့ ဝေလာမပုဏ္ဏားဖြစ်ခဲ့တယ်၊ ဒီပုဏ္ဏားကြီးဟာ သိပ်ပြီး လှူတာပဲ၊ သူလှူတဲ့ အလှူထဲမှာ ရွှေ၊ ငွေ၊ ဆင် မြင်း ရထား၊ အဝတ်အစားတွေတောင် ပါတယ်၊ ထမင်း အစား အသောက်တွေ လှူလိုက်တာလဲ ထမင်းရေချောင်းစီးပဲ၊ အဲဒီတုန်းက

www.burmeseclassic.com

www.burmeseclassic.com



သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုတဲ့ အရိယာ ပုဂ္ဂိုလ်တွေ မရှိဘူး၊ ပုဏ္ဏားကြီး လှူခဲ့ရတဲ့ပုဂ္ဂိုလ်တွေဟာ သာမန် အလှူခံတွေပဲ၊ အဲဒါကြောင့် ဒီဝေလာမ ပုဏ္ဏားကြီးလှူခဲ့တဲ့ အလှူအားလုံးဟာ သောတာပန်တစ်ဦးကို ဆွမ်းကျွေးတာလောက် အကျိုးမကြီးဘူး၊ သောတာပန်တစ်ဦးကို ဆွမ်းကျွေးတာက ဝေလာမပုဏ္ဏားလှူခဲ့တဲ့ အလှူအားလုံးထက် သာပြီး အကျိုးကြီးတယ်၊ သောတာပန်တစ်ရာကို ဆွမ်းကျွေးတာထက် သကဒါဂါမ်တစ်ဦးကို ဆွမ်းကျွေးတာက သာပြီးအကျိုးကြီးတယ်၊ သကဒါဂါမ် တစ်ရာကို ဆွမ်းကျွေးတာထက် အနာဂါမ်တစ်ဦးကို ဆွမ်းကျွေးတာက သာပြီး အကျိုးကြီးတယ်၊ အနာဂါမ်းတစ်ရာကိုဆွမ်းကျွေးတာထက် ရဟန္တာတစ်ပါးကို ဆွမ်းကျွေးတာက သာပြီးအကျိုးကြီးတယ်၊ ရဟန္တာတစ်ရာကို ဆွမ်းကျွေးတာထက် ပစ္စေကဗုဒ္ဓါတစ်ပါးကို ဆွမ်းကျွေးတာက သာပြီး အကျိုးကြီးတယ်၊ ပစ္စေကဗုဒ္ဓါတစ်ရာကို ဆွမ်းကျွေးတာထက် ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ အလုံးစုံသောတရားကို ကိုယ်တိုင် မှန်ကန်စွာ သိတော်မူတဲ့ မြတ်စွာဘုရားကို ဆွမ်းကျွေးတာက သာပြီးအကျိုး ကြီးတယ်၊ မြတ်စွာဘုရားကို ဆွမ်းကျွေးတာထက် မြတ်စွာဘုရား အမှူးရှိတဲ့ သံဃာတော်ကို ဆွမ်းကျွေးတာက သာပြီး အကျိုးကြီးတယ်၊ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကျွေးတာထက် အရပ် လေးမျက်နှာမှာရှိတဲ့ သံဃာတော်ကို ရည်ညွှန်းပြီး ကျောင်းဆောက် လှူဒါန်းတာက သာပြီးအကျိုးကြီးတယ်၊ ဒီလို ကျောင်းဆောက် လှူဒါန်းတာထက် ကြည်ညိုတဲ့စိတ်နဲ့ ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်တာက သာပြီး အကျိုးကြီးတယ်၊ ဒီလို ဆည်းကပ်တာထက် ကြည်ညိုစိတ်နဲ့ သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ ကာမဂုဏ်တို့မှာ မှားယွင်းစွာကျင့်ခြင်း၊ မဟုတ်မမှန်ပြောခြင်း၊ သေအရက်သောက်ခြင်းတို့မှ ရှောင်ကြဉ်တဲ့ သိက္ခာငါးပါးကို စောင့်ထိန်းတာက သာပြီးအကျိုးကြီးတယ်။

'ကဲ ကိုသိန်းရေ၊ ငါးပါးသီလကိုစောင့်တာဟာ မြတ်စွာဘုရား အမှူးရှိတဲ့ သံဃာတော်ကို ဆွမ်းကျွေးတာတွေ၊ သံဃာတော်ကို ရည်မှန်းပြီး ကျောင်းဆောက်လှူတာတွေထက် သာပြီး အကျိုးကြီးသေးတယ်လို့ ရှင်တော်



မြတ်ဘုရား ဟောကြားခဲ့ပါတယ်၊ ကိုသိန်းဟာ ဒီကုသိုလ်တွေကို ခုနစ်နှစ်တိုင်တိုင် ရခဲ့ပြီ၊ (ဒီနေရာမှာ ကိုသိန်းဟာ မျက်စိမှိတ်ပြီး နားထောင်နေရာက မခင်မေကို မျက်စိဖွင့်ကြည့်ပြီး ခေါင်းအသာညိတ်ရင်း သာဓုခေါ်နေပါတယ်။)

'ကိုသိန်းဟာ ငါးပါးသီလတင် မကပါဘူး၊ တနင်္ဂနွေနေ့တိုင်းလဲ ရှစ်ပါး၊ တစ်ခါတလေ ကိုးပါးသီလ အမြဲစောင့်တယ်၊ ရှစ်ပါးသီလ စောင့်တဲ့အတွက် ဘယ်လိုကုသိုလ်တွေ ရတယ်ဆိုတာ ရှင်တော်မြတ်ဘုရား ဟောကြားထားတာ ရှိပါတယ်၊ အရိယာဥပုသ်လို့ခေါ်တဲ့ ရှစ်ပါးသီလဟာ ကြီးမြတ်တဲ့ အကျိုးရှိတယ်၊ ကြီးမြတ်တဲ့ အာနိသင်ရှိတယ်၊ ကြီးမြတ်တဲ့ အရောင်အလင်း ရှိတယ်၊ ကြီးမြတ်တဲ့ ပျံ့နှံ့ခြင်းရှိတယ်၊ ဘယ့်လောက် ကြီးမြတ်တဲ့အကျိုးရှိသလဲ၊ ဘယ့်လောက် ကြီးမြတ်တဲ့ အာနိသင် ရှိသလဲ၊ ဘယ့်လောက် ကြီးမြတ်တဲ့ ပျံ့နှံ့ခြင်း ရှိသလဲ ကိုသိန်းရေ၊ တပ်မက်ဖွယ်ရာ ရတနာတွေနဲ့ ပြည့်စုံတဲ့ အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကာသိတိုင်း၊ ကောသလတိုင်း၊ ဝဇ္ဇီတိုင်း၊ မလ္လာတိုင်း၊ စေတီယတိုင်း၊ ဝံတိုင်း၊ ကုရုတိုင်း၊ ပဥ္စာလတိုင်း၊ ပစ္ဆာတိုင်း၊ သူရသေနတိုင်း၊ အဿကတိုင်း၊ အဝန္တိတိုင်း၊ ဂန္ဓာရတိုင်း၊ ကမ္ဘောဇတိုင်းဆိုတဲ့ တိုင်းကြီး တစ်ဆယ့် ခြောက်တိုင်းကို အုပ်ချုပ်ပြီး မင်းလုပ်ရတဲ့ အကျိုးဟာ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ ဥပုသ်ကို စောင့်လို့ရတဲ့ အကျိုးရဲ့ တစ်ဆယ့်ခြောက်စိတ် စိတ် တစ်စိတ်လောက်တောင် မမီနိုင်ဘူး၊ ဒီလိုမမီတာ ဘာ့ကြောင့်လဲ ကိုသိန်းရေ၊ လူမင်းရဲ့ စည်းစိမ်ဟာ နတ်ချမ်းသာနဲ့ စာလိုက်ရင် အင်မတန် ငယ်သွားတာကြောင့်ပဲ ဖြစ်တယ်။

'ကိုသိန်းရေ၊ လူတွေရဲ့ အနှစ်ငါးဆယ်ဟာ စတုမဟာရာဇ်နတ်တွေရဲ့ တစ်ညဥ့်နဲ့ တစ်နေ့သာဖြစ်တယ်၊ အဲဒီ ညဥ့်နဲ့ ညဥ့်သုံးဆယ်ဟာ တစ်လ ဖြစ်တယ်။ အဲဒီလနဲ့ တစ်ဆယ့်နှစ်လဟာ တစ်နှစ် ဖြစ်တယ်၊ အဲဒီ နှစ်နဲ့ နတ်တို့ရဲ့ အနှစ်ငါးရာဟာ စတုမဟာရာဇ် နတ်တွေရဲ့ အသက်တမ်း ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုသိန်းရေ၊ လူတွေရဲ့ အနှစ်တစ်ရာဟာ တာဝတိံသာနတ်တွေရဲ့ တစ်ညဥ့်နဲ့ တစ်နေ့သာ ဖြစ်တယ်၊ အဲဒီညဥ့်နဲ့ ညဥ့်သုံးဆယ်ဟာ တစ်လ ဖြစ်တယ်၊ ဒီလနဲ့ ဆယ့်နှစ်လဟာ တစ်နှစ်ဖြစ်တယ်၊ ဒီနှစ်နဲ့ နတ်တွေရဲ့ အနှစ်တစ်ထောင်ဟာ တာဝတိံသာနတ်တွေရဲ့ သက်တမ်းဖြစ်တယ်။

'ကိုသိန်းရေ လူတွေရဲ့ အနှစ်နှစ်ရာဟာ ယာမာနတ်တွေရဲ့ တစ်ညဥ့်နဲ့ တစ်နေ့သာ ဖြစ်တယ်၊ အဲဒီညဥ့်နဲ့ ညဥ့်သုံးဆယ်ဟာ တစ်လ ဖြစ်တယ်၊ ဒီလနဲ့ ဆယ့်နှစ်လဟာ တစ်နှစ်ဖြစ်တယ်၊ ဒီနှစ်နဲ့ နတ်တွေရဲ့ အနှစ် နှစ်ထောင်ဟာ ယာမာနတ်တွေရဲ့ သက်တမ်းဖြစ်တယ်။

'ကိုသိန်းရေ၊ လူတွေရဲ့ အနှစ်လေးရာဟာ တုသိတာ နတ်တွေရဲ့ တစ်ညဥ့်နဲ့ တစ်နေ့သာ ဖြစ်တယ်၊ အဲဒီညဥ့်နဲ့ ညဥ့်သုံးဆယ်ဟာ တစ်လ ဖြစ်တယ်၊ အဲဒီလနဲ့ တစ်ဆယ့်နှစ်လဟာ တစ်နှစ် ဖြစ်တယ်၊ အဲဒီနှစ်နဲ့ နတ်တွေရဲ့ အနှစ်ရှစ်ထောင်ဟာ နိမ္မာနရတိနတ်တွေရဲ့ သက်တမ်းဖြစ်တယ်။

'ကိုသိန်းရေ လူတွေရဲ့ အနှစ်တစ်ထောင့်ခြောက်ရာဟာ ပရနိမ္မိတ ဝသဝတ္တီနတ်တွေရဲ့ တစ်ညဥ့်နဲ့ တစ်နေ့သာ ဖြစ်တယ်၊ အဲဒီ ညဥ့်နဲ့ ညဥ့်သုံးဆယ်ဟာ တစ်လဖြစ်တယ်၊ အဲဒီလနဲ့ တစ်ဆယ့်နှစ်လဟာ တစ်နှစ် ဖြစ်တယ်၊ အဲဒီနှစ်နဲ့ နတ်တွေရဲ့ အနှစ် တစ်သောင်းခြောက်ထောင်ဟာ ပရနိမ္မိတဝသဝတ္တီ နတ်တွေရဲ့ သက်တမ်း ဖြစ်တယ်။

'ကိုသိန်းရေ မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ ဥပုသ်ကို ကျင့်သုံးတဲ့သူတွေဟာ သေလွန်တဲ့အခါ စတုမဟာရာဇ် နတ်တွေ၊ တာဝတိံသာနတ်တွေ၊ ယာမာနတ်တွေ၊ တုသိတာနတ်တွေ၊ နိမ္မာနရတိနတ်တွေ၊ ပရနိမ္မိတဝသဝတ္တီနတ်တွေ ဖြစ်နိုင်တယ်၊ ဒီလို ဖြစ်နိုင်တာတွေကို ရည်ရွယ်ပြီး လူမင်း စည်းစိမ်ဟာ နတ်ချမ်းသာနဲ့ စာလိုက်ရင် အင်မတန် သေးငယ်သွားတယ်လို့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တာပဲ ဖြစ်ပါတယ်၊ ကိုသိန်းဟာ ဒီကုသိုလ်တွေကို ခုနစ်နှစ် တိုင်တိုင် ရခဲ့ပြီ။ (ကိုသိန်းဟာ ခေါင်းညိတ်ရင်း သာဓုခေါ်နေ ပါတယ်။)



'ကိုသိန်းဟာ တစ်ခါတစ်ခါ ကိုးပါးသီလစောင့်ရင်း သတ္တဝါတွေ အပေါ် မေတ္တာပွားခဲ့တာ သတိရမှာပေါ့'လို့ မေးလိုက်တဲ့အခါ ကိုသိန်းက ခေါင်းအသာညိတ်ပါတယ်၊ အဲဒီတော့ မေတ္တာရဲ့ အကျိုးကြီးမားပုံကို ကျွန်မ ဆက်ပြီးပြောပါ့မယ်၊ ငါးပါးသီလ စောင့်ထိန်းတာထက် နို့သာတစ်ရှုခန့် အချိန်လောက် မေတ္တာပွားတာက သာပြီးအကျိုးကြီးတယ်၊ သီလကြောင့် နတ်အထိပဲ ဖြစ်နိုင်တယ်၊ မေတ္တာကြောင့် ဗြဟ္မာအထိဖြစ်နိုင်တယ်၊ ဘုရား လောင်းဟာ မေတ္တာဘာဝနာကို ခုနစ်နှစ်တိုင်တိုင် ပွားမှုတာကြောင့် ခုနစ် ကမ္ဘာတိုင်တိုင် လူ့ပြည်နဲ့ နတ်ပြည်ကို တစ်ခါမှ မရောက်ဖူး၊ အင်မတန် သန့်ရှင်းကြီးတဲ့ မဟာဗြဟ္မာကြီး ခုနစ်ကြိမ် ဖြစ်တယ်၊ ဒီလို ဗြဟ္မာ ဖြစ်ပြီး တော့မှ သိကြားမင်း သုံးဆယ့်ခြောက်ကြိမ် ဖြစ်ခဲ့တယ်၊ စကြာဝတေး မင်း အကြိမ်တစ်ရာမက ဖြစ်ခဲ့ဖူးတယ်၊ အဲဒါတွေဟာ မေတ္တာ ဘာဝနာ ရဲ့ အကျိုးတွေချည်းပဲ၊ ဒီမေတ္တာဘာဝနာကို ကိုသိန်းဟာ ခုနစ်နှစ်အတွင်း အကြိမ်ပေါင်းများစွာ ပွားခဲ့ဖူးပြီ'လို့ ပြောတဲ့အခါ ကိုသိန်းဟာ ခေါင်းအသာ ညိတ်ရင်း သာဓု ခေါ်နေပါတယ်။

'ဒီကုသိုလ်တွေတင်မကသေးပါဘူး၊ ကိုသိန်းဟာ ခန္ဓာငါးပါးမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာသုံးပါးတင်ပြီး ခုနစ်နှစ်ပတ်လုံး ညတိုင်း တစ်ညမှ မပျက်ဘဲ ဘာဝနာ ပွားခဲ့ဖူးပြီ၊ အနိစ္စကို နို့တစ်ညှစ်စာလောက် ပွားများတာဟာ မေတ္တာ ပွားများတာထက် သာပြီး အကျိုးကြီးတယ်လို့ မြတ်စွာဘုရား ဟောကြားထားတော်မူပါတယ်။

'ကိုသိန်းဟာ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ်တွေပဲရဖို့ လိုပါတော့တယ်၊ ကျန်တဲ့ကုသိုလ်တွေကတော့ လုပ်ခဲ့တာ မနည်းတော့ပါဘူး၊' ဒီလောက် ကုသိုလ်တွေလုပ်ခဲ့ဖူးတဲ့သူဟာ နောင်တမလွန်ဘဝအတွက် မျက်နှာမငယ် ပါဘူး။

'ဖေဖေ မမာတုန်းက ခဏခဏပြောဖူးတာ ကျွန်မ မှတ်မိပါ တယ်၊ ငါကုသိုလ်တွေအများကြီးလုပ်ခဲ့ဖူးပြီ၊ ငါရဲ့ အခုဘဝမှာ ငါရဲ့ နောင်ဘဝနဲ့ စာလိုက်ရင် အုန်းမှုတ်ခွက်အစုတ်နဲ့ ရွှေဖလားနဲ့ တူတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီအုန်းမှုတ်ခွက်အစုတ်ကြီးကိုစွန့်ပြီး ရွှေဖလားကိုယူရမှာ ငါ မကြောက်ဘူးလို့ ပြောဖူးပါတယ်။

'အဲဒီတော့ ကိုသိန်းရယ် လူတွေဟာ များသောအားဖြင့် ငါမှ သေနေရင် ဒုက္ခပဲလို့ နေကောင်းတဲ့အခါဖြစ်ဖြစ်၊ နေမကောင်းတဲ့အခါ ဖြစ်ဖြစ် သေရမှာကို တွေးပြီး ကြောက်ကြတယ်၊ အမှန်စင်စစ် ဘယ်သူ ဖြစ်ဖြစ် ကုသိုလ်ကောင်းမှု အများကြီးလုပ်ထားတဲ့လူဟာ ဒီလိုကြောက်စ မရှိပါဘူး၊ အုန်းမှုတ်ခွက်အစုတ်နဲ့ ရွှေဖလားနဲ့ လဲရတာ ဘာကြောက်စ ရှိသလဲ၊ ကိုသိန်းမှာ ကြောက်စိတ်များဝင်လာရင် နေကောင်းတဲ့အခါ ဝင် လာလာ၊ နေမကောင်းတဲ့အခါ ဝင်လာလာ၊ ဘယ်အခါ ဝင်လာလာ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်တွေ ပြန်သတိရပါတယ်၊ ကြောက်စိတ်ဟာ ဘယ် သူ့ကိုမှ ဘယ်သောအခါမှ ကောင်းကျိုး မပေးဘူး၊ ရဲရင့်တော်မူ ရှင်တော်မြတ်ဘုရားဟာ ကြောက်စိတ်ကို မမာတဲ့လူမှာပဲရှိရှိ၊ မာတဲ့ မှာပဲရှိရှိ အစဉ်ကဲ့ရဲ့တော်မူပါတယ်၊ (ကိုသိန်းဟာ ခေါင်းအသာညိတ်ရင်း သာဓုကို ရှေးအကြိမ် ရှေးအကြိမ်များထက် ပိုပြီး ကျယ်ကျယ် သုံးကြိမ် ခေါ်ပါတယ်။)

'နောက်ပြီးတော့ ကိုသိန်းရ ပြောလက်စနဲ့ ဆက်ပြီး ပြောလိုက် ဦးမယ်၊ ကိုသိန်းနဲ့ ကျွန်မနဲ့ အိမ်ထောင်ကျပြီးကတည်းက ငါများမရှိရင် မခင်မေဟာ ကလေးတွေနဲ့ သနားစရာကြီးဖြစ်နေမှာပဲ၊ ဘယ်လိုလုပ်ပြီးများ နေထိုင်ကြပါ့မလဲ၊ ငါများမရှိရင် မခင်မေဟာ အရွယ်ကလေးကလဲရှိသေး တယ်ဆိုတော့ နောက်အိမ်ထောင်ပြုဦးမှာပဲ၊ နောက် အိမ်ထောင်ပြု ငါ့ကလေးတွေတော့ မခင်မေကလဲ ပစ်ထားမှာပဲ၊ ပထွေးကလဲ နှိပ်စ မှာပဲလို့ တစ်ခါတစ်ခါ တွေးမိမှာပဲ၊ ဒီလိုမတွေးပါနဲ့ ကိုသိန်းရယ်၊ ကျွန်မ ဖေဖေဆုံးလို့ ရက်လည်ဆွမ်းကျွေးပြီးတော့ ကျွန်မတို့ သားအမိ သုံးယော ရဲ့လက်ထဲမှာ ငွေခုနစ်ကျပ်ခွဲပဲ ရှိတော့တယ်၊ အဲဒီအခြေအနေက ကျွန်မ ဘယ်သူ့ဆီမှာမှ မျက်နှာအောက်မချဘဲ ခြေနာနေတဲ့ အမေအို ကြီး ညီမကလေးကို တရားသဖြင့် ရှာဖွေ ကျွေးခဲ့ပါတယ်၊ ဒါကို ကိုသိန်း



ပါတယ်၊ ကျွန်မဟာ ဆင်းရဲမှာကို ရင်ဆိုင်ရမှာ မကြောက်ပါဘူး၊ နောက် တော့လဲ ကျွန်မဟာ တစ်သက်လုံး လိမ်မပြောခဲ့ဖူးပါဘူး၊ တရားအားထုတ် ဆိုတော့ လိမ်ပြောဖို့ဆိုတာ ကျွန်မအတွက် မဖြစ်တော့ပါဘူး၊ ဒါပေ ယ့် ကိုသိန်းက မယုံဘူးဆိုရင် ကျွန်မ ဘုရားရှေ့မှာ ကျိန်စာဆိုပြီး ပြော ပါမယ်။

'ကျွန်မဟာ ကျွန်မတစ်သက်မှာ ကိုသိန်း တစ်ဦးတည်းကိုပဲ မေတ္တာ ခဲ့ဖူးပါတယ်၊ ကိုသိန်း မရှိလို့ပဲဖြစ်ဖြစ် ကိုသိန်းက ကျွန်မကို မပေါင်း င်တာကြောင့် စွန့်ပစ်လိုက်လို့ပဲဖြစ်ဖြစ် ကျွန်မဟာ နောက်ထပ် အိမ်ထောင် ပြုချင်ပါဘူး၊ သားကလေးကို ကျွန်မ စိတ်တိုင်းကျ နေရာချပြီးရင် ကျွန်မ သီလရှင်လုပ်မှာပဲ၊ အဲဒီတော့ ကြောက်စရာ ပူစရာ မဟုတ်တာတွေကို တွေးတွေးပြီး သောက မဖြစ်ပါနဲ့ ကိုသိန်းရယ်၊ သောကဆိုတာ မာတဲ့ သူကိုပဲဖြစ်ဖြစ် မမာတဲ့လူကိုပဲဖြစ်ဖြစ် ဘယ်တော့မှ ကောင်းကျိုးမပေး ပါဘူး၊ သောက လုံးဝကင်းငြိမ်းတော်မူပြီးတဲ့ ရှင်တော်မြတ်ဘုရားဟာ မာတဲ့လူမှာပဲရှိရှိ မမာတဲ့လူမှာပဲရှိရှိ သောကကို ကဲ့ရဲ့တော်မူပါတယ်'လို့ ပြောတဲ့အခါ ကိုသိန်းဟာ မခင်မေကို စိုက်ပြီး ကြည့်နေပါတယ်။ ပြီးတော့မှ ရှေးကလိုပဲ ခေါင်းညိတ်ရင်း သာဓု သုံးကြိမ် ခပ်ကျယ်ကျယ် ကလေး ခေါ်ပါတယ်။ အဲဒီလို ခေါ်ပြီး ရေခဲတုံးကလေးတွေကို ဇွန်းနဲ့ အသာခပ်ပြီး သူ့ပါးစပ်ထဲ ထည့်ပေးဖို့ ကိုသိန်းက ပြောတယ်။ 'ရေခဲနဲ့ တည့်မှ တည့်ရဲ့လား ကိုသိန်း'လို့ မခင်မေက မေးတဲ့အခါ ကိုသိန်းက 'ကျေးဇူးရှင်မကြီး မခင်မေရေ စိတ်ချပြီး နေပေတော့၊ ဒီရောဂါနဲ့တော့ဖြင့် ငါ မသေရတော့ဘူး'လို့ ပြန်ပြောပါတယ်။

ဆယ်ရက်လောက်ကြာတဲ့အခါ အားအင် အတော်ကလေးပြည့်ဖြိုး လာတဲ့အတွက် ကိုသိန်းဟာ ခွင့်နှစ်လယူပြီး ကမ္မဋ္ဌာန်းထိုင်ဖို့ သာသနာ့ ရိပ်သာကို သွားပါတယ်။ မခင်မေလဲ ကိုသိန်းကို သာသနာ့ရိပ်သာ လိုက်ပို့ပြီးကတည်းက ကိုသိန်း ဖြောင့်ဖြောင့်တန်းတန်း တရားအားထုတ် ပါစေတော့ဆိုတဲ့ ဆန္ဒနဲ့ သာသနာ့ရိပ်သာကို တစ်ခေါက်မှ မသွားဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းလိုတဲ့ ပစ္စည်းတွေလဲ အပြည့်အစုံ ထည့်ပေးလိုက်တယ်၊ နောက်ထပ် အိမ်က ဘာမှ မပို့ဘူး။ ကိုသိန်းကလဲ မခင်မေဟာ သူ့ကို သာသနာ့ရိပ်သာမှာ တစ်ရက်ခြား နှစ်ရက်ခြားလောက်တော့ လာကြည့်လိမ့်မယ်လို့ ထင်နေတယ်။ မခင်မေ မလာတဲ့အခါ အပြင်က ခြေသံကြားတိုင်း ထွက် ထွက်ကြည့်နေတယ်။ နောက်ပြီးတော့လဲ သာသနာ့ရိပ်သာက အမေကြီး ဒေါ်သော့ ချက်ကျွေးတဲ့ဟင်းဟာ မခင်မေ ချက်ကျွေးနေကျဟင်းနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေလို့ မခင်မေဟာဖြင့် ဝက်သားကို သရက်သီးကုလားတည်နဲ့ အချဉ်ချက်ထားတဲ့ဟင်း၊ ကြက်ဟင်းခါးကို ပုစွန်နဲ့ ဆီပြန်ချက်ထားတဲ့ဟင်း၊ ငါးကြင်းခေါင်းရေချိုဟင်း အစရှိတဲ့ သူကြိုက်တတ်တဲ့ ဟင်းကလေးတွေ၊ စားစရာ သောက်စရာကလေးတွေ ပို့လိမ့်မယ်လို့ ကိုသိန်းက မျှော်လင့်ခဲ့တယ်။ မခင်မေကလဲ ဒီလိုသာ ပို့နေရင် ဒါတွေကို အကြောင်းပြုပြီး တရားအားမထုတ်နိုင်ဘဲ ကိုသိန်းရဲ့ စိတ်ဟာ အိမ်ကိုချည်းပဲ လည်နေလိမ့်မယ်လို့ယူဆပြီး ဘာမှမပို့ဘူး။ ညနေတိုင်း တရားစစ်တဲ့အခါ ဆရာတော်ကသာ မေးတာမဟုတ်ဘူး၊ ဆရာတော် မေးပြီးတဲ့အခါ ကိုသိန်းကလဲ 'ဆရာတော်ဘုရား၊ မခင်မေ မလာဘူးလား' လို့ မေးလေ့ရှိပါတယ်။ ဆရာတော်မေးတာလဲ ကောင်းကောင်း မဖြေနိုင်ဘူး။ မခင်မေကိုချည်းပဲ နေ့တိုင်း မေးနေတယ်ဆိုတော့ အကင်းပါးတဲ့ ဆရာတော်က ကိုသိန်းရဲ့ စိတ်ဟာ ကမ္မဋ္ဌာန်းကျောင်းမှာ မရှိဘူး၊ မခင်မေရဲ့ ပတ်ဝန်းကျင်မှာပဲ ရှိနေတယ်ဆိုတာ ဆုံးဖြတ်တယ်။

အဲဒါကြောင့် နောက်တစ်နေ့မနက် မခင်မေကို ကျောင်းကို ခေါ လာဖို့ ကျောင်းသားကလေးတစ်ယောက် အခေါ်လွှတ်လိုက်တယ်။ မခင်မေ လာတဲ့အခါ ကိုသိန်းကို ခေါ်လိုက်တယ်။ နှစ်ယောက်စလုံး မျက်နှာစုံညီမှာပဲ ဆရာတော်က 'ဒကာသိန်းရေ၊ တရားအားထုတ်မယ်ဆိုရင်လဲ ပေါက်ပေါက်ရောက်ရောက် အားထုတ်၊ ပေါက်ပေါက်ရောက်ရောက် အားမထုတ်ရင်လဲ သာသနာ့ရိပ်သာမှာ အနေအထိုင်ဆင်းရဲ၊ အစားဆင်းရဲနဲ့ ဆိုတော့ အိမ်ကိုသာ ပြန်လိုက်သွား၊ အခု သာသနာ့ရိပ်သာကို ဒကာသိန်း



ဘတာ ခြောက်ရက်ရှိသွားပြီ ဘာမှ တိုးတက်မှုမရှိသေးဘူး၊ နေ့တိုင်းမခင်မေ ကို့ လာသေးသလားပဲ ဒကာသိန်း မေးမေးနေတယ်' လို့ ဆရာ တော်က မိန့်ရှိပါတယ်။ မခင်မေနဲ့ ကိုသိန်း နှစ်ယောက်စလုံးက ပြုံးနေပါတယ်။ 'ပေါက်ပေါက်ရောက်ရောက် အားထုတ်မှာလား ဒကာသိန်း' လို့ ဆရာတော် က ထပ်ပြီး မေးတယ်။ 'အားထုတ်ပါ့မယ်ဘုရား' လို့ ကိုသိန်းက ဖြေတဲ့ အခါ ကဲ ဒီလိုဆိုရင် ဒကာမကြီးလဲ ဒီကိုအလျင်း မလာရဘူး၊ ဉာဏ်စဉ် ရတော့မှပဲ လာခေါ်လှည့်ကြားလား၊ ဒကာသိန်း ကလဲ မျှော်မျှော်မနေ နဲ့တော့၊ ပေါက်ပေါက်ရောက်ရောက် အားထုတ်၊ ဒီတရားဆိုတာမျိုးဟာ အခါခပ်သိမ်း တွေ့နိုင်တာမဟုတ်ဘူး၊ ဘုရား တစ်ဆူတစ်ဆူ ပွင့်တော်မူမှ တွေ့ရတာ၊ အဲဒီတော့ ကုသိုလ်ထူးလွန်းလို့ တရားနဲ့ တွေ့ရတဲ့အခါ ပေါက် ပေါက်ရောက်ရောက် ကြိုးစားအားထုတ်ကြ' လို့ ပြောပြီး မခင်မေကို အိမ်ပြန် လွှတ်လိုက်ပါတယ်။ ကိုသိန်းကို ကမ္မဋ္ဌာန်းခန်းကို ပြန်လွှတ်လိုက်ပါတယ်။

မခင်မေ မျှော်လို့လဲ အပိုပဲ၊ တရားအောင်မှပဲ တွေ့ရတော့မယ်လို့ စိတ်နှလုံး တုံးတုံးကြီးချပြီး ကိုသိန်းဟာ တရားကို ပြင်းပြင်းထန်ထန် အားထုတ်လိုက်တာ တစ်လနဲ့ တစ်ဆယ့်သုံးရက် အကြာမှာ ဉာဏ်စဉ် ရပါတယ်။ ကိုသိန်းနဲ့ မခင်မေတို့ သာသနာ့ရိပ်သာက အိမ်ကို ပြန် ရောက်တဲ့အခါ ကိုသိန်းက မခင်မေကို စေ့စေ့ကြည့်ပြီး 'မခင့်မေရေ မြတ်စွာဘုရားသာ သက်တော်ထင်ရှားရှိရင် သိန်းမောင် မခင်မေဟာ မင်း ကို အစဉ်စောင့်ရှောက်တယ်၊ မင်းအကျိုးစီးပွားကို အလိုရှိတယ်၊ သွန်သင် တတ်တယ်၊ ဆုံးမတတ်တယ်၊ သိန်းမောင် မင်းဟာ အရတော်ပေစွ၊ မင်းဟာ လူအဖြစ်ကို ကောင်းစွာရပေစွလို့ မိန့်တော်မူမှာ အမှန်ပဲ' လို့ မခင်မေကို ပြောပြလိုက်ပါတယ်။

ညစာထမင်းစားပြီးကြလို့ တရားဆွေးနွေးဖို့ အချိန်ရောက်လာတဲ့ အခါ မခင်မေရဲ့စိတ်ထဲမှာ ဒီအချိန်ဟာ အချိန်ကောင်းပဲလို့ ယူဆပြီး 'ကိုသိန်းရေ၊ အရေးကြီးတဲ့ စကားတစ်ခွန်းကို ပြောချင်တယ်' လို့ စကား ဆိုက်တယ်။ ကိုသိန်းက ခေါင်းညိတ်ပြလိုက်တဲ့အတွက် မခင်မေက

www.burmeseclassic.com

www.burmeseclassic.com



‘သားကလေး မောင်မြင့်ဆွေကို လူ့ဘောင်ထဲမှာ မထားချင်တော့ဘူး။ တစ်ခါတည်း ရဟန်းဘောင်ထဲ သွင်းလိုက်ချင်ပြီ’ လို့ပြောတယ်။ ကိုသိန်းက ရုတ်တရက် စကားမပြန်သေးဘူး။ စဉ်းစားနေတယ်။ အတော်ကလေးကြာမှ ‘မောင်မြင့်ဆွေ အသက် ဘယ်လောက်ရှိပြီလဲ’ လို့ ကိုသိန်းက မေးတယ်။ ‘ငါးနှစ်နဲ့ လေးလရှိပြီ’ လို့ မခင်မေက ဖြေတယ်။ ‘ဒီအရွယ်မှာ တစ်ခါတည်း ရဟန်းဘောင်ထဲ သွင်းလိုက်ဖို့ဆိုတာ မငယ်လွန်းဘူးလား။ နောင်တော့ ကလေးဟာ ရဟန်းဘောင်မှာ မပျော်ရင်တစ်သက်လုံး သူ့အတွက် ဒုက္ခရောက်နေမယ်၊ ငါ့သဘောကတော့ လူ့ဘောင်မှာ ဒုက္ခတွေ အင်မတန်များတဲ့အကြောင်း၊ ရဟန်းဘောင်မှာ ချမ်းသာတဲ့ အကြောင်းကို မင်းနဲ့ငါ တတ်နိုင်သလောက် ကလေးကို ပြောသွားမယ်၊ အရွယ်ရောက်လို့ သူ့ဟာသူ ဆုံးဖြတ်နိုင်တဲ့အခါ ရဟန်းပြုချင်တယ်လို့ သူလာပြောရင် ပြုပေးလိုက်တာပေါ့၊ အဲဒါက ပိုကောင်းလိမ့်မယ် ထင်တယ်၊ ဒီလိုမဟုတ်ရင် ကလေး ဒုက္ခရောက်နေမယ်’ လို့ ကိုသိန်းက ပြောပါတယ်။

‘ကိုသိန်းပြောတာလဲ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်မကတော့ ကာမတဏှာ ဆိုတဲ့ ဘီလူးကို ကြောက်တယ်၊ ကလေး အရွယ်ရောက်အောင် စောင့်နေရင် ဘုန်းကြီးမလုပ်ရခင် ဒီဘီလူး ဝင်ဆွဲသွားမှာစိုးတယ်၊ ဒီဘီလူး ပူးမိရင် အဖန်တလဲလဲ ပဋိသန္ဓေနေရတဲ့ဘေး၊ အိုရတဲ့ဘေး၊ နာရတဲ့ဘေး၊ သေရတဲ့ဘေးတွေ မကြောက်တော့ဘူး၊ ဒီဘဝမှာ ဒုက္ခ အမျိုးမျိုး တွေ့ရမှာကိုလဲ မကြောက်တော့ဘူး’ လို့ မခင်မေက ပြန်ပြောတယ်။ ‘ဒီ ကာမဘီလူးအကြောင်း ငါ့ထက် ဘယ်သူပိုသိဦးမလဲ မခင်မေ ရယ်၊ ဒီဘီလူးကို မိတ်ဆွေစစ်ထင်ပြီး ပေါင်းမိခဲ့တာနဲ့ သီလရှင်လောင်းကလေး တောင် သီလရှင်မလုပ်ရအောင် ဝင်ပြီး ဖျက်ဆီးခဲ့ဖူးသေးတာပဲ မဟုတ်လား၊ မခင်မေရေ့ အတုံ့အလှည့်မရှိနဲ့နော်၊ ငါလွန်သမျှ ဝန်ချ တောင်းပန်ပါတယ်’ လို့ ကိုသိန်းက ပြောတယ်။ ‘ကျွန်မ ဘယ်လိုမှ သဘော မထားပါဘူး ကိုသိန်းရယ်၊ ဒါကိုတော့ ကိုသိန်း တစ်ခါတည်း မေ့ပစ်လိုက်ပါတော့’ လို့ မခင်မေက ပြောတယ်။ ဒီလို ပြောပြီးတော့မှ ‘ကိုသိန်းနေ



ဒီလိုဆိုရင် ဒီကနေ့ည တခြားတရားကို မဟောဘူး၊ ကာမဘီလူးတရားကို ဟောမယ်၊ ကိုသိန်း နာနော်’ လို့ မခင်မေက အစချီလိုက်တယ်။ ‘ကောင်းပါပြီ မခင်မေ၊ ကာမဘီလူး တရားကို ဟောပါ’ လို့ ကိုသိန်းက ပြန်ပြောပါတယ်။

‘အခါတစ်ပါး မြတ်စွာဘုရားဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေပါတယ်၊ အဲဒီအခါမှာ သားကလဲ ရဟန်းဖြစ်၊ အမေကလဲ ရဟန်းမိန်းမ ဖြစ်နေကြတဲ့ ရဟန်းနဲ့ ရဟန်းမိန်းမ နှစ်ဦးတို့လဲ ဇေတဝန်ကျောင်းတိုက်ထဲမှာ ဝါကပ်နေကြပါတယ်၊ ဒီသားအမိနှစ်ဦးဟာ တစ်ဦးကိုတစ်ဦး အစဉ်မပြတ် တွေ့ချင်ကြပါတယ်၊ အမိကလဲ သားကို အစဉ်မပြတ် တွေ့ချင်တယ်၊ သားကလဲ အမိကို အစဉ်မပြတ် တွေ့ချင်တယ်၊ ဒီသားအမိဖြစ်တဲ့ ရဟန်းနဲ့ ရဟန်းမိန်းမ နှစ်ဦးဟာ အစဉ်မပြတ် တွေ့နေကြတဲ့အတွက် နီးနှောမိကြတယ်။ နီးနှောမိတဲ့တွက် အကျွမ်းဝင်လာကြတယ်၊ အကျွမ်းဝင်လာတဲ့အတွက် ရာဂစိတ်တွေ သောင်းကျန်းလာတယ်၊ ရာဂစိတ်တွေ သောင်းကျန်းလာတဲ့အတွက် ဒီသားအမိနှစ်ဦးဟာ လူမထွက်ဘဲ မေထုန်မှီဝဲကြတယ်။

‘ဒီအကြောင်းကို မြတ်စွာဘုရား သိတော်မူတဲ့အခါ ‘ရဟန်းတို့ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်တဲ့ ဒီသားအမိဟာ အမိကလဲ သားကို တပ်နှစ်သက်ခြင်း မဖြစ်နိုင်၊ သားကလဲ အမိကို တပ်နှစ်သက်ခြင်း မဖြစ်နိုင်လို့ အောက်မေ့ မှတ်ထင်များနေလေသလား။

‘ရဟန်းတို့ လောကမှာ မိန်းမအဆင်းလောက် စွဲမက်စေတတ်၊ နှစ်သက်စေတတ်၊ ယစ်မူးစေတတ်၊ နှောင်ဖွဲ့စေတတ်၊ တွေဝေစေတတ်ပြီး နိဗ္ဗာန်ရဲ့ အန္တရာယ်ဖြစ်တဲ့ အခြားအဆင်းတစ်ခုကို ငါဘုရား မြင်တော်မမူ။

‘ရဟန်းတို့ သတ္တဝါတွေဟာ မိန်းမအဆင်းမှာ စွဲမက်ကြတယ်၊ မက်မောကြတယ်၊ ရစ်ပတ်ကြတယ်၊ တွေဝေကြတယ်၊ သတ္တဝါတွေဟာ ဒီမိန်းမတွေရဲ့ အဆင်းနောက်ကို တကောက်ကောက် လိုက်နေကြတဲ့အတွက် သံသရာတစ်လျှောက်လုံးမှာ ပူဆွေးကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ရဟန်းတို့ လောကမှာ မိန်းမအသံလောက်၊ အနံ့လောက်၊ အရသာလောက်၊ အတွေ့အထိလောက်၊ စွဲမက်စေတတ်၊ နှစ်သက်စေတတ်၊ ယစ်မူးစေတတ်၊ နှောင်ဖွဲ့စေတတ်၊ တွေဝေစေတတ်ပြီး နိဗ္ဗာန်ရဲ့ အန္တရာယ်ဖြစ်တဲ့ တခြားအသံ၊ အနံ့၊ အရသာ၊ အတွေ့အထိကို ငါဘုရား မြင်တော်မမူ။

'ရဟန်းတို့ သတ္တဝါတွေဟာ မိန်းမအသံ၊ အနံ့၊ အရသာ၊ အတွေ့အထိမှာ စွဲမက်ကြတယ်၊ မက်မောကြတယ်၊ ရစ်ပတ်ကြတယ်၊ တွေဝေကြတယ်၊ သတ္တဝါတွေဟာ ဒီအသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ နောက်ကို တကောက်ကောက်လိုက်နေကြတဲ့အတွက် သံသရာတစ်လျှောက် လုံးမှာ ပူဆွေးကြရတယ်။

'ရဟန်းတို့ မိန်းမဟာ သွားနေတုန်းလဲ ယောကျ်ားစိတ်ကို ဆွဲဆောင်ထားနိုင်တယ်၊ ရပ်နေတုန်း၊ ထိုင်နေတုန်း၊ အိပ်နေတုန်း၊ ရယ်ရွှင်နေတုန်း၊ စကားပြောနေတုန်း၊ သီချင်းဆိုနေတုန်း၊ ငိုနေတုန်းလဲ ယောကျ်ားရဲ့စိတ်ကို ဆွဲဆောင်ထားနိုင်တယ်၊ သေပြီး ဖူးဖူးရောင်နေတဲ့အချိန်မှာတောင် ယောကျ်ားရဲ့စိတ်ကို ဆွဲဆောင်ထားနိုင်တယ်။

'ရဟန်းတို့ မာရ်နတ်ကြော့ကွင်းဆိုတာ ဘာလဲလို့ အဓိပ္ပာယ်ရှင်းပြချင်တဲ့ လူတစ်ဦးဟာ တခြား ထွေထွေထူးထူး ပြောနေဖို့ မလိုဘူး၊ မိန်းမတစ်ဦးဦးကိုသာ ဆွဲပြလိုက်ရုံနဲ့ ပြီးနိုင်တယ်။

'မိမိကိုသတ်ဖို့ သန်လျက်စွဲကိုင်ထားတဲ့သူနဲ့ စကားပြောလိုက ပြောနိုင်တယ်၊ မြွေဘုတ်ဘီလူးနဲ့ စကားပြောလိုက ပြောနိုင်တယ်၊ အဆိပ်ပြင်းတဲ့မြွေကို ကိုင်လိုက ကိုင်နိုင်တယ်၊ မိန်းမနဲ့ တစ်ယောက်ချင်းချင်း စကားမပြောမဆိုရဘူး။

'မိန်းမတွေဟာ သတိလွှတ်ကင်းနေတဲ့ ယောကျ်ားကို သူတို့မျက်လုံးနဲ့ စိုက်ကြည့်ပြီးတော့ပဲဖြစ်ဖြစ် ပြုံးရွှင်ပြီးတော့ပဲဖြစ်ဖြစ် မလုံ့တလုံဝတ်ဆင်ပြီးတော့ပဲဖြစ်ဖြစ်၊ သာသာယာယာ နူးနူးညံ့ညံ့ ပြောဆိုပြီးတော့ပဲဖြစ်ဖြစ် နှောင်ဖွဲ့တတ်တယ်၊ ဒါကြောင့် မိန်းမဆိုရင် သေပြီး ဖူးဖူးရောင်နေတဲ့ မိန်းမအလောင်းကိုတောင် မကိုင်တွယ်အပ်ဘူး။

BURMESE CLASSIC .com



'စိတ်နှလုံးပျော်မွေ့ဖွယ်ဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဆိုတဲ့ ကာမဂုဏ်ငါးပါးဟာ မိန်းမတွေရဲ့ ရုပ်မှာရှိတယ်။

'ကာမတဏှာရဲ့ဘေးကို မသိမြင်ကြတဲ့အတွက် ကာမဆိုတဲ့ ချိုင့်ကြီးထဲမှာ တဝဲလည်လည် ဖြစ်နေကြတဲ့သူတွေဟာ ဘဝကြီးငယ်တွေမှာ အမျိုးမျိုးဖြစ်ပြီး သံသရာရေယာဉ်ကြောမှာ မျောနေကြရမယ်။

'ကာမတဏှာရဲ့ ဘေးအန္တရာယ်တွေကို ပိုင်းပိုင်းခြားခြား သိပြီး ဒီဘေးတွေက ကင်းရှင်းအောင်နေတဲ့သူတွေဟာ အရဟတ္တဖိုလ်ကို ရမယ်။ လောကရဲ့ တစ်ဖက်ကမ်းဆိုတဲ့ အတုမရှိတဲ့ ယောဂကုန်ရာဖြစ်တဲ့ အဖန်ဖန်လဲလဲ ပဋိသန္ဓေနေရတဲ့ဘေး၊ အိုရတဲ့ဘေး၊ နာရတဲ့ဘေး၊ သေရတဲ့ဘေးတွေက ကင်းလွတ်ရာ ချမ်းသာခြင်းအစစ်ရဲ့ တည်ရာဖြစ်တဲ့ နိဗ္ဗာန်ရွှေပြည်မြတ်ကို ရောက်ကြမယ်'လို့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူပါတယ်။

တရားအဆုံးမှာ ကိုသိန်းဟာ သာဓုသုံးကြိမ်ခေါ်ပါတယ်။ ဒီနောက်သူ့နဖူးပေါ်မှာ လက်အုပ်ချီပြီး 'ဘုရားမှတစ်ပါး အခြားမှာ ကိုးကွယ်ရာမရှိပါဘုရား၊ တရားမှတစ်ပါး အခြားမှာ ကိုးကွယ်ရာမရှိပါဘုရား၊ သံဃာတော်မှတစ်ပါး အခြားမှာ ကိုးကွယ်ရာမရှိပါဘုရား'လို့ ရွတ်ဆိုလိုက်ပါတယ်။ အဲဒီလို ရွတ်ဆိုပြီး 'မခင်မေရေ သိပ်ကောင်းတဲ့တရားပဲကွယ်၊ အသည်းထဲမှာကို နင့်သွားတာပဲ၊ လူကလေးမောင်မြင့်ဆွေ အသက်ဆယ့်လေးနှစ်လောက်ကစပြီး ဒီတရားကို ခဏခဏ ဟောပေးဖို့ကောင်းတယ်၊ ငါ့ကို ဟိုတုန်းက မင်း ဘာဖြစ်လို့ ဒီတရား မဟောသလဲ၊ ဒီတရားသာ ဟိုတုန်းက ငါနာရရင် မင်းဟာ အခုလောက်ရှိ သီလရှင်ဖြစ်နေပြီ'လို့ ကိုသိန်းက ပြောပါတယ်။ 'ဒါကတော့ နဖူးစာကို ရှောင်လို့ဘယ်ရမလဲ ကိုသိန်းရယ်'လို့ မခင်မေက ပြန်ပြောပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

## မောင်ဖေတင့် နှင့် မတင်မေ

ဒီအချိန်ကစပြီး ဆယ်နှစ်အတွင်း ကိုသိန်း မခင်မေတို့ရဲ့ အသိုင်းအဝိုင်းထဲမှာ ကာမတကျော်ဆိုတဲ့ ဘီလူးကြီး ဝင်ပြီးသောင်းကျန်းတာ လေး ကြိမ်လောက် ခံလိုက်ရပါတယ်။ ပထမဆုံး ခံလိုက်ရတဲ့သူကတော့ တခြားမဟုတ်ပါဘူး။ မခင်မေရဲ့ညီမကလေး မတင်မေပဲဖြစ်ပါတယ်။ မတင်မေဟာ ရာဇဝတ်အုပ်ကလေး ဖေတင့်နဲ့ အိမ်ထောင်ကျပြီး ဂါ ဝင်းထဲ ပြောင်းနေပါတယ်။ ဖေတင့်ဟာ လူရိုးကလေးပဲ။ လာဘ်မစား တတ်ဘူး။ အရက်မသောက်တတ်ဘူး။ အလောင်းအစား မကစားတတ် ဘူး။ အပျော်အပါးမလိုက်တတ်ဘူး။ သူ့မယား မတင်မေကို သိပ်ချစ်တယ်။ လုပ်စရာရှိတဲ့အလုပ်တွေကို မလစ်ဟင်းရအောင် ကြိုးစားပြီးလုပ်တယ်။ လုပ်ပြီးလို့အားရင် မရီး မခင်မေတို့အိမ်ကို တစ်ခါတစ်ခါ အလည်သွား တယ်။ မယားမတင်မေက အပျိုတုန်းက အောင့်ထားရတဲ့အတွက် ရုပ်ရှင်ကို ခဏခဏကြည့်ချင်လို့ လိုက်ပြတယ်။ ဒါကလွဲရင် ဖေတင့်ဟာ ဘယ်မှ မသွားဘူး။ အိမ်မှာ မယားနားကပ်ပြီးနေတာပဲ။ တောကို အလုံ



ကိစ္စနဲ့သွားပြီး ပြန်လာတဲ့အခါတိုင်း သူ့မိန်းမကြိုက်တတ်တဲ့ အသီးအနှံ အစားအစာတွေကို အမြဲတမ်း ယူလာလေ့ရှိတယ်။ ဒီပစ္စည်းတွေကို သူ့ တပည့်တွေက အာဏာ အလွဲသုံးစားလုပ်ပြီး ယူပေးတာလဲ ဖေတင့် ကြိုက်ဘူး။ ပိုင်ရှင်တွေ မျက်နှာလိုမျက်နှာရပေးရင်လဲ လက်မခံဘူး။ တန်ရာတန်ဖိုးပေးရမှ သူယူတယ်။

သူ့မယား မတင်မေကတော့ ဖေတင့်လို မဟုတ်ဘူး။ အပျိုတုန်းက အစ်မကြီး မခင်မေကို ချစ်ကြောက်ရိုသေပြီး သူ့နဂိုတွေကို အပြင်ဘက် ထွက်ခွင့်မပေးဘဲ သူကြိုးစားပြီး ဖုံးဖိထားခဲ့တယ်။ အခု အိမ်ထောင်ပြု ပြီးတဲ့အခါ မတင်မေဟာ သူ့ကိုယ်သူ လွတ်လွတ်လပ်လပ်ဖြစ်ပြီလို့ ယူဆတဲ့အပြင် လင်တော်မောင်ကလဲ အလိုလိုက်ပြန်တယ်ဆိုတော့ သူ့နဂို တွေဟာ နှစ်ရှည်လများ အဖုံးအဖိခံနေရာက တစ်စတစ်စ ခေါင်းပြူထွက် လာကြတယ်။ အမေကြီးနဲ့နေတုန်းက မတင်မေဟာ ဆေးလိပ်မသောက် ဘူး။ အိမ်ထောင်ကျပြီးတဲ့အခါ စီးကရက်အသောက်သင်ပြီး နှစ်ရှည် လများ စွဲနေတဲ့လူတွေလို အမြဲတမ်း စီးကရက် လက်ကြားညှပ်ထားတဲ့ ဘဝကို ရောက်နေပြီ။ အစ်မကြီးနဲ့နေတုန်းက မတင်မေဟာ ရုပ်ရှင် ကြည့်ရဘူး။ ဘယ်ပွဲလမ်းသဘင်ကိုမှ မသွားရဘူး။ အိမ်ထောင်ကျပြီး ကတည်းက ဝါးခယ်မကိုရောက်လာတဲ့ ရုပ်ရှင်ကားသစ်မှန်သမျှ၊ အငြိမ့် မှန်သမျှ၊ ပွဲမှန်သမျှ မတင်မေ မကြည့်လိုက်ရတာ မရှိသလောက် ဖြစ်နေ တယ်။ အစ်မကြီးနဲ့ နေတုန်းက မတင်မေဟာ အင်္ကျီပါးကို ဘယ်တော့မှ မဝတ်ရဘူး။ အိမ်ထောင်ကျပြီးတဲ့အခါ အင်္ကျီအထူကြီးတွေကို အိုက်တယ် ဆိုပြီး မဝတ်တော့ဘူး။ အပါးဆုံးဆိုတာမှ ရှာဝတ်တယ်။ အစ်မကြီးနဲ့ နေတုန်းက မတင်မေဟာ ပေါင်ဒါ မလိမ်းဘူး။ သနပ်ခါးရေကျဲလောက် နဲ့သာ တင်းတိမ်ခဲ့ရတယ်။ အိမ်ထောင်ကျပြီးတော့ ပေါင်ဒါဆိုတာ အကောင်းဆုံးဟာတွေကိုမှ ဝယ်ပြီးလိမ်းတယ်။ မတင်မေ ဒီလိုလုပ်နေတာ တွေကိုကြည့်ပြီး လင်တော်မောင် ဖေတင့်ကလဲ ပြုံးပြုံး ပြုံးပြုံးနဲ့ သိပ် သဘောကျနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ်ရဲ့ ခေါင်းရင်းမှာ ရာဇဝတ်အုပ် ဖိုးသောင်းနဲ့ မအေးတင် ဆိုတာ နေတယ်။ မအေးတင့်ဟာ အလောင်းအစား ဝါသနာသိပ်ပါတယ်။ တစ်နေ့လုံး တစ်နေ့လုံး မြို့ထဲက ထောင်ဘီဆိုတဲ့ တရုတ်အိမ် ဖဲသွား ရိုက်နေတာပဲ။ သူ့ယောကျ်ားကလဲ သူ့ကို ကြောက်ရတယ်ဆိုတော့ ဘာမှ မပြောရဲဘူး။ အဲဒီ မအေးတင့်ဟာ ဂါတ်ဝင်း တစ်ဝင်းလုံးမှာရှိ ရာဇဝတ်အုပ်ကတော်တွေထဲက သူတစ်ယောက်တည်း ထူးထူးချွန်ချွန် နေ့တိုင်း မြို့ထဲဖဲသွားချတယ်ဆိုတာ မဖြစ်ချင်ဘူး။ အဲဒါကြောင့် ဘယ်သူ့မှာ အဖော်ရှာရရင် ကောင်းပါ့မလဲလို့ ကြည့်တဲ့အခါ ခြေရင်းအိမ်က ရာဇဝတ်အုပ် ကတော်ကလေး မတင်မေကို သူမြင်တယ်။ အဲဒါနဲ့ မတင်မေကလေးနဲ့ ရင်းနှီးအောင် ရာဇဝတ်အုပ် မတင့် မရှိတဲ့အခါ မတင်မေဆီကို ခဏ ခဏ အလည်သွားတယ်။ စားစရာ သောက်စရာကလေးကို မတင်မေ အတွက် ပို့တယ်။ မတင်မေအိမ်မှာ လုပ်စရာရှိတဲ့ အလုပ်တွေကို ကူပြီး လုပ်ပေးတယ်။

အဲဒီလို အားနာလာအောင်လုပ်ပေးပြီးတော့မှ တစ်နေ့ကျတော့ မအေးတင့်က 'မတင်မေရယ် အိမ်မှာ တစ်ယောက်တည်း ထိုင်ထိုင်နေ ရတာ ပျင်းစရာကြီး၊ ကျွန်မနဲ့ တစ်နေ့လောက် လိုက်ခဲ့စမ်းပါ'လို့ ခေါ် တယ်။ ပထမတစ်ကြိမ်နှစ်ကြိမ်မှာ မလိုက်ဘူး။ သုံးကြိမ်ကျတော့ အားနာပြီး ပါသွားတယ်။ ဖဲဝိုင်းရောက်ပြန်တော့လဲ ပထမ တစ်ကြိမ် နှစ်ကြိမ်မှာ ဝင်မကစားသေးဘူး။ ဘေးကနေပဲ ကြည့်နေတယ်။ အဲဒီလို ကြည့်နေရင်း အိမ်မှာ တစ်ယောက်တည်း ငုတ်တုတ်ကြီးထိုင်နေရတာထက် ပျော်စရာ ကောင်းသလိုလို မတင်မေကလေး စိတ်ထဲမှာ ထင်လာတယ်။ အဲဒီလို ထင်လာရာက ဝင်ကစားရော။ စပြီးကစားခါစ ကစားသမားတွေဟာ နိုင်တတ်တယ်ဆိုတဲ့အတိုင်း မတင်မေဟာ ပထမ တစ်ခါနှစ်ခါ နိုင်လိုက် ပြီး ဒီနှစ်ဆယ့်တစ်ပေါက် ကစားတာထဲမှာ အတော်ကလေး စိတ်ဝင်စား လာတယ်။ အဲဒီလို ကစားရင်းက ရှုံးလိုက် နိုင်လိုက်ဖြစ်ပြီး သူ့ရွှေ လက်ကောက်တွေကို သုံးရာနဲ့ပေါင်ပြီး ကစားရတဲ့ ဘဝကို ရောက်သွား



တယ်။ အဲဒီအခါ အရှုံးပြန်ရရင်တော်ပြီဆိုပြီး ထပ်ထပ် ကစားလိုက်တာ နောက်ထပ် လက်ဝတ်လက်စား ပေါင်ရတာရော၊ သူ့ယောကျ်ား လခထဲက ထားတဲ့ငွေရောဆိုရင် တစ်ထောင့်ရှစ်ရာကျော်လောက် ရှုံးသွားတယ်။

မတင်မေဟာ သူဖဲရိုက်တာကို သူ့ယောကျ်ားသိမှာ ဒါလောက် ကြောက်ဘူး။ သူ့ယောကျ်ားကတစ်ဆင့် သူ့အစ်မကြီးမခင်မေနဲ့ သူ့ခဲအို ဦးသိန်းသိသွားမှာကို သိပ်ကြောက်နေတယ်။ ဒီလိုကြောက်ပြီး ရေထဲခုန်ဆင်း သေရရင် ကောင်းမလားလို့တောင် တွေးမိတယ်။ အဲဒါကြောင့် မတင်မေဟာ ငွေတစ်ထောင့်ရှစ်ရာနဲ့ ပတ်သက်ပြီး ကြံရာမရ ဖြစ်နေတုန်း မအေးတင့် ပေါက်လာတယ်။ 'မတင်မေရယ် မပူပါနဲ့' ဆိုပြီး ည ခုနစ်နာရီလောက်မှာ မတင်မေကို ကုလားကပြား သူဌေးကလေးကိုမာမက်အိမ်ကိုခေါ်သွားတယ်။

ကိုမာမက် မိန်းမလိုက်နည်းက ဦးမြကြီးတို့ ဦးထွန်းတို့ မိန်းမ လိုက်နည်းနဲ့ မတူဘူး။ ဦးမြကြီးတို့ ဦးထွန်းတို့က သူတို့ကြိုက်တဲ့ မိန်းကလေးတွေကို တစ်ခါတည်း မွေးထားတယ်။ ကိုမာမက်ကတော့ ဒီလို မမွေးဘူး။ သူက ပိုက်ဆံလဲပေါတယ်။ ပေးတဲ့ကမ်းတဲ့နေရာမှာလဲ ရက်ရက်ရောရောရှိတယ်ဆိုတော့ အပျိုကလေးတွေရော၊ လင်ရှိမယား တွေရော သူ့ဆီမှာ ပိုက်ဆံလာတောင်းရင် ကိုမာမက်ကလဲ သူ့ကိစ္စကို တစ်ခါတည်းပြီးလိုက်တယ်။ မအေးတင့်ဟာ ဖဲနိုင်တဲ့အခါ ကိုမာမက်ကို သတိတယ်မရဘူး။ ဖဲကို ကိုမာမက်တို့ သူ့လင် ဖိုးသောင်းတို့ထက်ပိုပြီး ကော်တယ်။ ဖဲရှုံးရင်တော့ ကိုမာမက်ဆီမှာ လက်ဝါးလာဖြန့်တာပဲ။ ကိုမာမက်ကလဲ သူ့ကိစ္စ ပြီးလိုက်တာပဲ။

အဲဒီလိုလက်ဝါးသွားဖြန့်ရအောင် မတင်မေကလေးကို သူဌေး ကိုမာမက်မှာ မိန်းမ မရှိဘူး။ သူဟာ ဘုရားကြီးနောက်ဖေးရပ်ကွက်နဲ့ ကပ်နေတဲ့ ဥယျာဉ်ကြီးအလယ်ကောင်မှာ တိုက်တစ်လုံးဆောက်ပြီးနေတယ်။ မအေးတင့်လာတယ်လို့ ပြောလိုက်တဲ့အခါ တိုက်ပေါ်တက်ခဲ့ဖို့ ခေါ်တယ်။ မအေးတင့်နဲ့ မတင်မေတို့လဲ တိုက်ပေါ်တက်သွားကြပြီး မအေးတင့် ဝင်နေကျ အခန်းထဲကို ဝင်သွားတယ်။ အခန်းထဲမှာ ကိုမာမက်နဲ့ တွေ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ မအေးတင့်က 'ကိုမာမက်ရေ၊ ဟောဒါလဲ ရာဇဝတ်အုပ် က
ကလေးပဲ၊ နာမည်က မတင်မေတဲ့၊ တိုတိုပဲပြောပါရစေတော့၊ ဖဲကစား
တစ်ထောင့်ရှစ်ရာ ရှုံးတယ်၊ သူ့ယောကျ်ား သိသွားရင်တော့ ချော
အဲဒါကြောင့် ဒီငွေကို ဒီညပဲ ဆက်ဆက်လိုချင်တယ်'လို့ ပြောတယ်
ပြီးတော့မှ မတင်မေဘက်ကိုလှည့်ပြီး 'မတင်မေရေ၊ ကျွန်မ ငွေလိုချင်
ကိုမာမက်ဆီမှာ လာတောင်းတာပဲ၊ မတင်မေလဲ တောင်းသာ တောင်း
ကိုမာမက်က ပိုက်ဆံ မနမြောဘူး၊ ပေးပါလိမ့်မယ်၊ ကျွန်မ ဒီအနား
သွားလိုက်ဦးမယ်'ဆိုပြီး အပြင်ထွက်သွားတယ်။ နှစ်နာရီ လောက်ကြာ
ပြန်လာတယ်။ မတင်မေလဲ သူလိုချင်နေတဲ့ ငွေ တစ်ထောင့်ရှစ်ရာကို
ရသွားတယ်။

သူ့ခမျာမှာ ဒီအချိန်ကစပြီး မအေးတင့်ကြိုးဆွဲတိုင်း ကရတော့မ
ဆိုတာကို မတွေးမိတဲ့အတွက် တော်ပြီ နောက်ကို ဒီ ရှုပ်ရှုပ်ပွေပွေတွေ
ငါမလုပ်တော့ဘူးလို့လဲ စိတ်ပိုင်းဖြတ်လိုက်တယ်။ မအေးတင့်နဲ့ မတင်မေ
လှေကားကနေ အောက်ဆင်းသွားတာကို နောက်က ရပ်ကြည့်နေ
ကိုမာမက်ကတော့ ဒီလိုမဟုတ်ဘူး။ ဒီရာဇဝတ်အုပ်ကတော်လေး
တယ်ဖြောင့်တယ်။ နောက်ထပ် ခေါ်ဦးမှပဲလို့ စိတ်ပိုင်းဖြတ်လိုက်တယ်
အဲဒီလို စိတ်ပိုင်းဖြတ်ချက်အရ ကိုမာမက်က မအေးတင့်ကို ပြော
မအေးတင့်ကလဲ မတင်မေယောကျ်ား တောသွားတိုင်းလိုလို မတင်မေ
သူဌေးကိုမာမက်ဆီ သွားဖို့ခေါ်။ မတင်မေကလဲ ကြောက်ပြီး မငြင်းနိုင်
အဲဒီလိုဖြစ်ပြီး သွားလာ နေလိုက်ကြတာ အတော်ကြာသွားတယ်။

တစ်နေ့မှာ ရာဇဝတ်အုပ်ဖေတင့် တောကပြန်လာတဲ့အခါ ပစ်
တစ်စောင်ရတယ်။ အဲဒီပစ်စာထဲမှာ သူ့မယားနဲ့ ကုလားသူဌေးမာမက်
ဖြစ်နေတဲ့အကြောင်းတွေ စုံနေအောင်ပါတယ်။ ဒီအကြောင်းတွေကို စာ
မှာထက် စုံစုံလင်လင်သိချင်ရင် ဌာနာအုပ် ဦးဘသိန်းကိုမေးပါ ဆိုတာ
စာထဲမှာ ပါသေးတယ်။ ဖေတင့်ဟာ သူ့မယားကို သိပ်ချစ်တယ်။ အိမ်ထောင်
ကျတဲ့နေ့ကစပြီး တစ်ခါမှ ရန်မဖြစ်ဖူးဘူး။ ခွန်းကြီး ခွန်းငယ်တော





ားမများဖူးဘူး။ အဲဒီတော့ စာဖတ်ပြီး ဘာလုပ်ရမှန်း မသိဘူး။
မချမ်းမသာ သာ ဖြစ်နေတယ်။ တစ်ခါတစ်ခါတော့လဲ ဒါဟာ သူတို့
မယားကို သက်သက် ရန်တိုက်ပေးတာများလားလို့လဲ တွေးမိတယ်။
ကြောင့် ပိုပြီးသေချာအောင် ဌာနာအုပ် ဦးဘသိန်းကို သွားပြီး မေးဦး
လို့ ဆုံးဖြတ်ပြီး ဦးဘသိန်းဆီသွားတယ်။ ဦးဘသိန်းက ကုလားမာမက်နဲ့
မယားနဲ့ ဖြစ်မဖြစ်တော့ တပ်အပ်သေချာ မပြောနိုင်ဘူး။ ဒါပေမယ့်
မယားဟာ မအေးတင့်နဲ့တော့ အားကြီးတွဲတယ်။ မအေးတင့်ဟာ
ကောင်းဘူး။ သူ့လင်တောင် မနိုင်လို့ ပစ်ထားရတယ်။ သူ့မိန်းမကို
အေးတင့်နဲ့ မပေါင်းပေစေနဲ့။ ဆုံးမထား ဆိုပြီး ကိုယ့်သားရင်းကို
ကြပေးသလို ပေးလိုက်တယ်။ ဖေတင့်ဟာ ဒီစာရတဲ့အချိန်ကစပြီး
င်မေနဲ့တွေ့တဲ့အခါ အရင်ကလို ရွှင်ရွှင်ပျပျ မရှိတော့ဘူး။ မတင်မေ
လဲ သူ့ ယောကျ်ားတော့ မာမက်နဲ့ဖြစ်တာကို သိသွားပြီလို့ တွေးပြီး
ထိတ်ထိတ် ဖြစ်နေတယ်။

ဖေတင့် စာရတာနဲ့ တစ်ချိန်တည်းလိုလိုပဲ ကိုသိန်းလဲ အလားတူ
စာတစ်စောင်ရတယ်။ ဒီစာအကြောင်း မခင်မေကို ပြောရရင် ကောင်း
ား၊ မကောင်းဘူးလားလို့ ခုနစ်ရက်လောက် စဉ်းစားနေတယ်။
ာက်တော့မှ စာပြလိုက်တယ်။ စာဖတ်ပြီးရင် မခင်မေဟာ စာထုပ်
တဲ့လူတွေကိုပဲ ဒေါသဖြစ်မလား၊ သူ့ညီမကိုပဲ ရှုံးရှုံးရှဲရှဲဖြစ်မလားဆိုပြီး
ိုသိန်းက မခင်မေကို အကဲခပ်နေပါတယ်။ မခင်မေဟာ စာဖတ်ပြီး
ယ်တင်မေမှာ ဆင်ခြင်ဉာဏ်မရှိဘူး၊ ဒီစာထဲမှာပါတာတွေ ဖြစ်နိုင်တယ်
ိုသိန်း'လို့ ခပ်အေးအေးပဲ ပြောပါတယ်။ ဒီလို ပြောလာပြီးတော့မှ
ျွန်မနဲ့ နေတုန်းက ကျွန်မကို ချစ်လဲ ချစ်၊ ကြောက်လဲ ကြောက်ပြီး
ကိုယ်သူ အတော်ထိန်းပါတယ်၊ ဘယ်တတ်နိုင်မလဲ ကိုသိန်းရယ်၊ သဌေး
တွာ ကမ္ဘာသကာပေါ့'လို့ မခင်မေက ဆက်ပြီး ပြောပါတယ်။ 'ဒီလိုလဲ
ချစ်လျှံရှုမထားနဲ့ဦးလေ၊ ကိုယ့်ညီမကို ခေါ်ပြီး မေးစမ်းကြည့်ဦးမှပေါ့၊
မျိုးဟာ မနာလိုတဲ့လူတွေ၊ လူရှုပ် လူပွေတွေကလဲ တစ်ခါတစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ စာထုပ်ပစ်တတ်တယ်၊ မတင်မေကို ခေါ်မေးပါဦးကွယ်' လို့ ကိုသိန်း
က ပြောတာနဲ့ ညီမ မတင်မေကို ခေါ်မေးပါတယ်။

မတင်မေကလဲ သူမဟုတ်ရတဲ့အကြောင်း၊ ဒီကုလားသူဌေး မာမက်
ဆိုတာကို သူမြင်တောင် မမြင်ဖူးတဲ့အကြောင်း၊ သူတို့လင်မယား ချစ်ချစ်
ခင်ခင်နေတာကို မနာလိုတဲ့လူတွေ ဂါတ်ဝင်းထဲမှာရှိတဲ့ အကြောင်းတွေ
မျက်ရည်တွေကျပြီး သူ့အစ်မကြီးကို ရှင်းပြပါတယ်။ မခင်မေက 'မဟုတ်
ရင်လဲ ပြီးရော၊ ဟုတ်ရင်လဲ နောက်ကို ဆက်မလုပ်နဲ့၊ ကြိုးစားပြီးရှောင်
ဒါမျိုးလုပ်တာဟာ အခုဘဝလဲ မကောင်းဘူး၊ နောင်ဘဝမှာလဲ မကောင်းဘူး
ညည်း တကယ်လို့ ဒါမျိုးလုပ်တယ်ဆိုရင် လူတောထဲကို မျက်နှာ ရွှင်ရွှင်
ပျပျ စိတ်သန့်သန့်ရှင်းရှင်းနဲ့ ဘယ်လိုလုပ်ပြီး ဝင်မလဲ၊ ညည်း သားသမီး
ရရင်လဲ ညည်းရဲ့ သားတွေ သမီးတွေဟာ လူတောထဲကို မျက်နှာရွှင်ရွှင်ပျပျ
စိတ်သန့်သန့်ရှင်းရှင်းနဲ့ ဘယ်လိုလုပ်ပြီး ဝင်မလဲ၊ ဒါတွေကိုလဲ ညည်း
မသိတာမဟုတ်ဘူး၊ အကုန်လုံးသိပြီးသား၊ နောက်ပြီးတော့ ဖေဖေမသေ
ခင်က ခဏခဏပြောတာ ငါမှတ်ထားတယ်၊ ဒီလိုလုပ်တဲ့ မိန်းမတွေရဲ့
ယောက်ျားတွေမှာ ဘေးအန္တရာယ် ရှိတယ်တဲ့၊ ဒါကြောင့်မို့ ရှေးလူကြီး
တွေဆိုရင် လှေထိုးလိုက်တဲ့အခါ ဖောင်စီးလိုက်တဲ့အခါ မယားကို ယာယီ
ကွာပစ်ခဲ့ရတယ်တဲ့၊ အဲဒီတော့ ညည်းလင်လဲ တောကြိုအုံကြားသွားပြီး
ညည်းကို ထမင်းရှာကျွေးနေတာ၊ ညည်း ကျပ်ကျပ်ကြီး ဆင်ခြင်ပါအေ
ဒီလိုအလုပ် လုပ်တဲ့လူတွေဟာ သေတဲ့အခါကျတော့လဲ အပယ်လေးဘုံကို
သွားရတာပဲ၊ ဒါတွေအားလုံး ညည်းသိပြီးသားချည်းပဲ၊ နောက်ပြီးတော့လဲ
မကောင်းတဲ့သူနဲ့ မပေါင်းဖော်မိအောင် ညည်းကျပ်ကျပ်သတိထားပါ။

'မြတ်စွာဘုရား ဟောကြားတဲ့သုတ်တော်တွေထဲမှာ လူမိုက်နဲ့မပေါင်း
ဖို့ ဟောထားတဲ့ သုတ်တော်တွေဟာ မနည်းဘူး၊ အဓာတသုတ်ဟာ ဘုရားရဲ့
တရားတော်ကို တစ်ခါနာရုံနဲ့ မဂ်တရား ဖိုလ်တရားတွေ ရနိုင်လောက်အောင်
ပါရမီအရှိသား၊ ဒေဝဒတ်နဲ့ ပေါင်းမိတဲ့အတွက် ငရဲကျရတယ်၊ ငါလဲ
ညည်းကို ပြောဖူးပေါင်းများလှပါပြီ၊ တိုတို ဒီလိုပဲမှတ်ထားပါအေ၊ သတ်



...ောင် အဖော်ညှိတဲ့သူဟာ လူမိုက်ပဲ၊ ခိုးရအောင် အဖော်ညှိတဲ့ လူဟာ
...မိုက်ပဲ၊ ကိုယ့်လင်နဲ့လွန်ပြီး သူတစ်ပါးနဲ့ ကျူးလွန်ရအောင် အဖော်ညှိတဲ့
...ူဟာ လူမိုက်ပဲ၊ လိမ်ပြောရအောင် အဖော်ညှိတဲ့သူဟာ လူမိုက်ပဲ၊ အရက်
...သောက်ဖို့ အဖော်ညှိတဲ့သူဟာ လူမိုက်ပဲ၊ အလောင်းအစားကစားဖို့ အဖော်ညှိ
...သူဟာ လူမိုက်ပဲ၊ ဒီလူမိုက်တွေကို ညည်းရှောင်နိုင်ရင် ကောင်းမယ်၊
...မိုက်တွေဟာ ညည်းကို ဒီဘဝအတွက်လဲ ကောင်းကျိုးပေးမှာမဟုတ်ဘူး၊
...ကျိုးပေးမှာပဲ၊ နောင်ဘဝအတွက်လဲ ကောင်းကျိုးပေးမှာ မဟုတ်ဘူး၊
...ကျိုးပေးမှာပဲ'လို့ ဆုံးမပြီး မတင်မေကို ပြန်လွှတ်လိုက်ပါတယ်။

နောက်သုံးရက်လောက်ကြာတော့ ဖေတင့်ပေါက်လာပြီး နောင်တော်
...သိန်းနဲ့ မရီးမခင်မေတို့ကို ပစ်စာပြပါတယ်။ ကိုသိန်းက 'တို့လဲ အဲဒီလို
...စာတစ်စောင်ရတယ်၊ မခင်မေလဲ သူ့ညီမကို ခေါ်မေးပြီးပြီ၊ သူမဟုတ်ရ
...ဘူးလို့ ပြောတယ်၊ မာမက်ဆိုတာ တစ်ခါမှတောင် မမြင်ဖူးဘူးလို့ ငိုပြီး
...ြောတယ်၊ မောင်ဖေတင့်ရယ် မင်းတို့လင်မယား ချစ်ချစ်ခင်ခင်နေကြ ထိုင်
...တာကို မနာလိုတဲ့လူတွေက စာထုပ်ပစ်လိုက်တာ ဖြစ်ချင်လဲ ဖြစ်နိုင်တာပဲ၊
...ဒီတော့ ဒီပစ်စာကို ဘုရားဟောလို တစ်ထစ်ချ မှန်တယ်လို့ စွဲမထားပါ
...ဘူး၊ ဒါပေမယ့် ကောင်မကလေးတော့ ရှုပ်ရှုပ် ပွေပွေတွေနဲ့ မပေါင်းမိ
...အောင် ကြည့်ထိန်းကွာ၊ မကောင်းတာတွေနဲ့ ပေါင်းမိရင် ကိုယ်က မကောင်း
...တာ မလုပ်တောင် ပတ်ဝန်းကျင်လူတွေကတော့ မကောင်းတာ ထင်မှာပဲ'လို့
...ပြောတယ်။ 'ဒီပစ်စာဟာ မနာလိုတဲ့ လူတွေထဲက ပစ်တာ ဖြစ်မှာပဲလို့လဲ
...တစ်ခါတစ်ခါတော့ ကျွန်တော်လဲ တွေးမိပါတယ်'လို့ ဖေတင့်က ပြောပြီး
...ပြန်သွားတယ်။

ဖေတင့် အိမ်ရောက်တဲ့အခါ မတင်မေကို ပစ်စာ ပြတယ်။
...တင်မေလဲ သူ့အစ်မကြီး မခင်မေကို ရှင်းပြသလို မျက်ရည်တွေကျပြီး
...ယောက်ျား ကိုဖေတင့်ကိုရှင်းပြတယ်။ အဲဒီအခါ ဖေတင့်က 'မဟုတ်ရင်လဲ
...ရော၊ ဒါပေမယ့် ခေါင်းရင်းအိမ်က မအေးတင့်နဲ့ မပေါင်းနဲ့'လို့
...တိုပဲ ဆုံးမလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအတောအတွင်း အလိုက်ကန်းဆိုးမသိတဲ့ ကုလားမာမက်ကလဲ ရေငတ်သလိုဖြစ်ပြီး မတင်မေကိုခေါ်ပေးဖို့ မအေးတင့်ကို ခဏခဏ ပူဆာတယ်။ မအေးတင့်ကလဲ မယ်တင်မေရဲ့ယောကျ်ား ပစ်စာတစ်စောင် ရလို့ မယုံသင်္ကာဖြစ်နေတယ်။ ခဏလောက် အောင့်ထားပါဦးလို့ နားချ ထားရတယ်။ မယ်တင်မေလဲ သုံးလလောက် ဘယ်မှမထွက်ဘူး။ အစ်မ ကြီးအိမ်လဲ မသွားဘူး။ သူ သိပ်ကြည့်ချင်တဲ့ ရုပ်ရှင်လဲမသွားဘူး။ အိမ်ထဲ မှာပဲ ကုပ်နေတယ်။

မယ်တင်မေကလေးဟာ သိပ်မိုက်တယ်။ မပေါင်းသင့်တဲ့လူထဲ ပေါင်းတယ်။ မလုပ်သင့်တဲ့ အလောင်းအစားကိုလဲ ကစားတယ်။ မလွန် ကျူးသင့်တဲ့ တခြားယောကျ်ားနဲ့လဲ လွန်ကျူးတယ်။ အဲဒီအထဲ မှားခဲ့တာတွေ ကို ဝန်မခံဘဲ ခဲအိုနဲ့ အစ်မကြီးကို လိမ်ပြောခဲ့တယ်။ ကိုယ့်ကို အင်မတန် ချစ်တဲ့ ယောကျ်ားကိုလဲ လိမ်ပြောခဲ့တယ်။ မဟုတ်တာလုပ်ခဲ့တဲ့ အကုသိုလ် တွေမှာ မဟုတ်တာပြောတဲ့ အကုသိုလ် ထပ်ပြီးဆင့်လိုက်ပြန်တယ်။ ဖဲရှုံ ကတည်းက လင်ကို မှန်မှန်ဖွင့်ပြောပြီး သူ့အမှားကို ပြင်ဖို့ကောင်းတယ် ဒီအမှားကို ဝန်မခံချင်တာနဲ့ ဒါထက်ဆိုးတဲ့ လင်ငယ်နေတဲ့အမှားကို ထပ်ပြီး ကျူးလွန်ပြန်တယ်။ ဒီကတည်းက အတော်ဆိုးနေပြီ။ အဲ အထဲမှာ ဒီအမှားတွေကို မသိရအောင်ဆိုပြီး လိမ်ပြောတဲ့ အမှားကြီး ထပ်ဖုံးပြန်တယ်။ အဲဒီလိုဆိုတော့ အဆိုးတကာ့ အဆိုးဆုံးဖြစ်သွားပြီ ဒီလိုအခြေအနေမျိုးနဲ့ ရင်ဆိုင်တွေ့နေရတဲ့ အခါမျိုးမှာ ဘုရားလောင်း ဟရိတဇ ရသေ့နဲ့ ဗာရာဏသီမိဖုရားကြီးတို့ရဲ့ ထုံးကို နှလုံးသွင်းပြီ သူတို့ ကျင့်နိုင်ရင် ကောင်းမယ်။

ဟရိတဇဆိုတဲ့ ဘုရားလောင်း ရသေ့ကြီးအကြောင်းကတော့ ဒီလို။ ရသေ့ကြီးဟာ အကျင့်သိပ်ကောင်းတယ်။ အဲဒါနဲ့ ဗာရာဏသီ ပြည့်ရှင်က သူ့ဥယျာဉ်တော်ထဲမှာထားပြီး ကိုးကွယ်တယ်။ နေ့တိုင်း နန်းတော်မှာ ဆွမ်းလာစားဖို့ ဖိတ်ထားတယ်။ တစ်ခါမှာတော့ သူပုန်ထ နှိမ်နင်းဖို့ ရှင်ဘုရင်ကြီးဟာ ခရီးထွက်သွားရတယ်။ ရသေ့ကြီးက ဂရုစိုက်ဖို့



မိဖုရားကြီးကို မှာသွားတယ်။ တစ်နေ့ကျတော့ မိဖုရားကြီးဟာ ရသေ့ကြီးကို ဆွမ်းကပ်ဖို့ ပြာသာဒ်အထက်မှာစောင့်ရင်း အိပ်ပျော်သွားတယ်။ ရသေ့ကြီး ဟာ ဈာန်နဲ့ပျံပြီးကြွလာတဲ့ အသံကို ကြားတာနဲ့ အိပ်ရာက ဖြုန်းခနဲ ဆလိုက်တာ ထဘီကျွတ်သွားတယ်။ အဲဒါကိုမြင်လိုက်ရပြီး ရသေ့ကြီးနဲ့ မိဖုရားကြီးဟာ မှားယွင်းမိသွားတယ်။ ရှင်ဘုရင် နန်းတော်ကို ပြန်ရောက် တဲ့အခါ မှူးမတ်တွေက ဒီသတင်းကို ဝိုင်းပြီး လျှောက်ကြတယ်။ ရှင်ဘုရင် ကြီးက မယုံဘူး၊ ဒါနဲ့ သူ့မိဖုရားကြီးကို ဒီအတိုင်း ဟုတ်သလားလို့ မေးတယ်။ မိဖုရားကြီးကလဲ လင်ကိုလွန်ပြီး ဖောက်ပြားမိတဲ့ အပြစ် ဆောင်းထဲမှာ လိမ်ပြောတဲ့ အပြစ်အသစ်တစ်ခု တပ်ပြီး မရောချင်ဘူး။ အဲဒါကြောင့် ဟုတ်တယ်လို့ အမှန်အတိုင်းဝန်ခံလိုက်တယ်။ ဒါပေမယ့် ရှင်ဘုရင်ကြီးက မယုံသေးဘူး။ သူ့ရသေ့ကြီးကို ကြည်ညိုနေတဲ့ အကြည်ညို ဆွေ ပျက်အောင်လုပ်တယ်လို့ပဲထင်ပြီး ရသေ့ကြီးကို ထပ်မေးပါတယ်။ ရသေ့ကြီးကလဲ လိမ်မပြောဘူး။ ကျူးလွန်တယ်လို့ မှန်မှန်ပဲပြောလိုက် တယ်။ အဲဒီလို ဝန်ခံပြီးတဲ့နောက်မှာ လူတွေနဲ့ ဒီလို ရောနှောနေလို့ မကောင်းတဲ့အကျင့်ကို ကျင့်မိတာပဲလို့ သံဝေဂရပြီး တရားပြန်အားထုတ် တဲ့အခါ ရှေးက ရခဲ့ဖူးတဲ့ ဈာန်တွေကို ပြန်ရတယ်။ အဲဒီလိုပြန်ရပြီး ဟိမဝန္တာတောကို ပြန်ကြွသွားတယ်။

မြတ်စွာဘုရားလက်ထက်တော်တုန်းကလဲ သာဝတ္ထိပြည့်ရှင် ကောသလမင်းကြီးရဲ့မိဖုရားကြီး မလ္လိကာဟာ ရေချိုးခန်းထဲမှာ သူမွေး ထားတဲ့ ခွေးကြီးနဲ့ လွန်ကျူးနေကြတာကို ကောသလမင်းကြီးက နန်းတော်ပေါ်က မြင်တယ်။ အဲဒါနဲ့ ဘာဖြစ်လို့ ဒီလိုလုပ်ရသလဲလို့ ကောသလမင်းက မေးတဲ့အခါ မလ္လိကာမိဖုရားကြီးက သူမကျူးလွန်ဘူးလို့ လိမ်ပြောတယ်။ နန်းတော်ပေါ်ကကြည့်ရင် ဒီရေချိုးခန်းထဲမှာ ဒီလို လုပ်နေတယ်လို့ပဲ ထင်ရတယ်လို့ မင်းကြီးကိုပြောပြီး မင်းကြီးကို ဒီရေချိုး ခန်းထဲ အဝင်ခိုင်းတယ်။ မင်းကြီးထွက်လာတဲ့အခါ မလ္လိကာမိဖုရားကြီးက အရှင်မင်းကြီး ရေချိုးခန်းထဲမှာ ဘာဖြစ်လို့ ဆိတ်မနဲ့ လွန်ကျူးနေရသလဲ

www.burmeseclassic.com

www.burmeseclassic.com



လို့ ဖြေတယ်။ အဲဒီအခါ မလ္လိကာ မိဖုရားကြီးက နန်းတော်ပေါ်ကကြည့်ရင်း ဒီရေချိုးခန်းထဲမှာ ဒီလိုပဲမြင်ရတာပဲလို့ ပြောလိုက်တယ်။ မင်းကြီးက အဟုတ်ထင်ပြီး ယုံသွားတယ်။ မလ္လိကာမိဖုရားကြီးဟာ သေခါနီးကျတော့ သူတစ်သက်လုံး လုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကို သတိ မရနိုင်ဘူး ဒီလိမ်ခဲ့မိတာကိုပဲ သတိရပြီး သေတဲ့အခါ ငရဲကျရတယ်။ အဲဒီတော့ အပြစ်မကျူးလွန်မိအောင် ဆင်ခြင်ရမယ်။ ကျူးလွန်မိပြန်ရင် ဒီအပြစ်ကို ဝန်ခံရမယ်။ ဒီအပြစ်ကို ဖုံးရအောင်ဆိုပြီး နောက် အပြစ်တစ်ခုကို ထပ် ကျူးလွန်မိတာဟာ အင်မတန်ဆိုးတယ်။ မယ်တင်မေကလေးကတော့ ဒီလို ဆင်ခြင်နိုင်တဲ့ဉာဏ် မရှိတဲ့အတွက် အပြစ်ဟောင်းကိုဖုံးဖို့ အပြစ် သစ်တွေ ထပ်ထပ်ပြီး ကျူးလွန်နေရတဲ့ ဘဝဆိုးမျိုးကို ရောက်နေ ရှာတယ်။

တစ်နေ့မနက်မှာ ရာဇဝတ်အုပ်ဖေတင့်ဟာ ကျွန်းကုန်းရွာအနောက် ဘက်က ဂုံညင်းတောဆိုတဲ့ရွာမှာ လူသတ်မှုတစ်မှု စစ်စရာရှိလို့ ပုလိပ် နှစ်ယောက်နှင့်အတူ မနက် ခုနစ်နာရီထွက်တဲ့ သြောင်တုန်းသင်္ဘောကိုစီးပြီး ခရီးထွက်သွားတယ်။ တအောင့်လောက် ကြာတဲ့အခါ မအေးတင့်ဟာ မတင်မေတို့အိမ်ဘက်ကိုကူးလာပြီး ကုလားမာမက်က ဒီကနေ့ည ဆက် ဆက်လာဖို့ ခေါ်နေတဲ့အကြောင်းကို ပြောပါတယ်။ မယ်တင်မေကလေးက မလိုက်ပါရစေနဲ့တော့လို့၊ ဒါတွေကို တစ်ခါတည်း ဖြတ်လိုက်ပါရစေတော့ လို့ မအေးတင့်ကို လက်အုပ်ချီ ရှိခိုးပြီး တောင်းပန်ပါတယ်။ မအေးတင့်က သူဖဲရှုံးနေလို့ ကုလားမာမက်ဆီမှာ ငွေတစ်ထောင်လောက် လိုချင်တယ် အဲဒီတော့ ဒီတစ်ခေါက်တော့ မတင်မေလိုက်ခဲ့ပါ။ နောက်ကို သူမခေါ်တော့ ပါဘူး။ ဒါ နောက်ဆုံးအခေါက်ပါပဲ။ ဘုရားစူး၊ မိုးကြိုးပစ်၊ ကာလနာ ပုလိပ်နာ၊ ဆေးလိပ်မီးလို တိုတိုသေတာ တွေ့ရော၊ သူ့လင်ကိုဖိုးသောင်းနဲ့ မတွေ့ရဘဲ သေတာတွေရော ကျိန်လိုက် တာတွေ စုံသွားတာပဲ။ အဲဒါနဲ့ မတင်မေဟာ ည ခုနစ်နာရီ ကျော်ကျော်လောက်ကျတော့ ကုလားမာမက် အိမ်ကို ကြောက်ကြောက်ရွံ့ရွံ့နဲ့ပဲ လိုက်သွားရတယ်။



ကိုမာမက်ဟာ မတင်မေကလေးကို အတော်ကလေး စွဲနေပုံရတယ်။ တွေ့တာနဲ့ ဝမ်းသာအားရဖြစ်ပြီး ဖက်ထားတယ်။ ပြီးတော့မှ 'မတင်မေ ကိုယ့်ဆီမလာတာ အတော်ကြာပြီ'လို့ ပြောတယ်။ မတင်မေကလဲ အကြောင်း မျိုးစုံ ရှင်းပြတယ်။ ပြီးတော့လဲ ဒီအခေါက်ဟာ နောက်ဆုံး အခေါက်လို့ပဲ သဘောထားပါတော့၊ နောက် ဆက်လာနေရင် သူ့အတွက်လဲ ကောင်းဘူး၊ ကိုမာမက်အတွက်လဲ မကောင်းဘူး၊ အားလုံး ဒုက္ခရောက် ကုန်လိမ့်မယ်လို့ ပြောတယ်။ ကိုမာမက်ကလဲ မတင်မေကို တောင်မေး မြောက်မေးနဲ့ မေးရင်း တအောင့်လောက်ကြာတော့ နွားနို့ပူပူနှစ်ခွက် ရောက်လာတယ်။ နွားနို့ကို တစ်ကျိုက် နှစ်ကျိုက်လောက်သောက်ပြီးတော့ 'ကိုမာမက်ရယ် ဒီကနေ့ည ကျွန်မအိမ်ကို စောစောပြန်ပါရစေ၊ နေလို့လဲ ကောင်းဘူး၊ စိတ်တွေလဲ မကောင်းဘူး'လို့ မတင်မေက ပြောပါတယ်။ 'ဒီနေ့ည တယ်ပြီး အရင်လိုပါလား'လို့ ကိုမာမက်က မတင်မေကိုကြည့်ရင်း ပြီး ပြောတယ်။ မတင်မေဟာ မျက်နှာလဲမကောင်းလှဘူး။ ကိုမာမက် ကိုလဲ မကြည့်ဘူး။ ရှေ့တည့်တည့်ကို ကြည့်နေတယ်။ 'ကိုယ်ခဏခဏ ခေါ် တာကို စိတ်မကောက်နဲ့နော်၊ တွေ့ချင်လွန်းလို့ ခေါ်တာပဲ'လို့ မာမက်က ဆက်ပြောတယ်။ မတင်မေလဲ ဘာမှ ပြန်မပြောဘူး။ မျက်နှာကြည်ကြည် သင်လင် မရှိဘဲ သူ့ရှေ့တည့်တည့်ကိုသာကြည့်နေတယ်။ အဲဒါနဲ့ မာမက် ဟဲ စကားမပြောဘဲ နွားနို့ကိုသာ ခပ်မြန်မြန်ကျိုက်ချနေတယ်။ နွားနို့ကုန် တာနဲ့ မတင်မေရဲ့လက်ကိုဆွဲပြီး 'ကဲ လာ'လို့ ခေါ်လိုက်ပါတယ်။ အဲဒီ အချိန်မှာ တိုက်အပေါ်ထပ်က တိုင်ကပ်နာရီကြီးဟာ ရှစ်ချက်တီးပါတယ်။ အင်မတန် တိတ်ဆိတ်နေတဲ့ တိုက်ကြီးထဲမှာ ဒီနာရီထိုးသံကြီးဟာ အင်မတန် ကျယ်လောင်ပါတယ်။ မတင်မေလဲ အိမ်ပြန်ချင်စောနဲ့ ဘယ် နှစ်နာရီရှိပြီလဲလို့ သိချင်တာကြောင့် ကိုမာမက် လက်ဆွဲခေါ်သွားတာကို လိုက်သွားရင်း နာရီထိုးတာကို စိတ်ထဲကလိုက်ပြီး ရေလိုက်ပါတယ်။ ရှစ်နာရီခွဲလောက်မှာ မတင်မေဟာ ကိုမာမက်ကို နှုတ်ဆက်ပြီး အိမ်ပြန်ဖို့ ပါတယ်။ ကိုမာမက်ကလဲ 'ဖန်ခွက်ထဲက နွားနို့တွေ ကုန်အောင်

www.burmeseclassic.com

www.burmeseclassic.com



သောက်သွားဦး၊ လမ်းလျှောက်ရင်း ဗိုက်ထဲမှာဟာနေဦးမယ်’လို့ ပြောတာ
ဖန်ခွက်မှာ ကျန်နေသေးတဲ့ နွားနို့ကို ကုန်အောင် သောက်ပြီး ပြန်လာ
ပါတယ်။

အိမ်ရောက်တဲ့အခါ ခုတင်မှာလှဲရင်း ဒီကုလားအိမ်ကို ဝင်ထ
ထွက်တာ ချောင်းကြည့်နေတဲ့လူတွေတော့ ရှိမှာပဲ။ ဒီလူတွေကို ငါ
မြင်မှာပဲ။ မမနဲ့ ကိုဖေတင့်တို့ဆီကို ဒီလူတွေ ပစ်စာပို့ဦးမှာပဲ။ မ
ကိုဖေတင့် ဒီတစ်ခါ ငါထပ်ပြီးလိမ်လို့မှ ရပါတော့မလား။ ခုနေများ င
သေသွားရင် သိပ်ကောင်းမှာပဲ။ ဒီဖေ‘ရှိး’မ မိအေးတင့်နဲ့ ဒီမအေ‘ရှိ
မာမက်တို့ ရှိနေသရွေ့တော့ ငါ ဒီမြို့မှာ ဆက်နေလို့ ဖြစ်မှာမဟုတ်ဘူ
ကိုဖေတင့်ပြန်လာရင် မြောင်းမြဖြစ်ဖြစ်၊ အိမ်မဲဖြစ်ဖြစ်၊ လပွတ္တာဖြစ်ဖြ
ပြောင်းဖို့ ပြောမှပဲလို့ တွေးရာလေးပါး တွေးရင်း အိပ်ပျော်သွားတယ်

သန်းခေါင်ကျော် နှစ်ချက်တီးလောက်ကျတော့ အိမ်အပြင်ဘက်
‘ဆရာကတော်၊ ဆရာကတော်’လို့ ခေါ်ပြီး တံခါးကို ပုတ်နှိုးနေသံကြာ
တာနဲ့ မတင်မေလဲ လန့်နိုးပါတယ်။ တံခါးထဖွင့်ပေးတဲ့အခါ သူ့ယောက်
ဖေတင့်နဲ့ လိုက်သွားတဲ့ ပုလိပ်မောင်ကျော်ကို တွေ့ရတယ်။ တွေ့တွေ့ချင်
ပုလိပ်မောင်ကျော်က ‘ဆရာကတော်၊ ဆရာ သေပြီ’လို့ ပြောတယ်
မတင်မေကလဲ ‘အမယ်လေးတော်’လို့ ပါးစပ်က ထွက်သွားပြီး ခဏလော
ကြက်သေသေနေတယ်။ ပြီးတော့မှ မျက်ရည်တွေကျလာပြီး ‘သူအ
ဘယ်မှာလဲ’လို့ ငိုသံပါနဲ့ မေးတယ်။ ‘အလောင်း သမ္ဗန်ထဲမှာ ဆေးရုံပို့
လုပ်နေကြတယ်’လို့ ပုလိပ် မောင်ကျော်က ပြန်ပြောတယ်။

မတင်မေလဲ ဖိနပ် ကပျာကယာစီးပြီး မောင်ကျော်နဲ့ ကမ်းနား
လိုက်မလို့လုပ်တုန်း ဌာနာအုပ် ဦးဘသိန်း ရောက်လာတယ်။ ‘ဘာဖြ
တာလဲ၊ သဘော်နဲ့ ဘာဖြစ်လို့ ပြန်မလာသလဲ’လို့ မေးတဲ့အခါ မောင်ကျော
က သူတို့ရဲ့ အဖြစ်အပျက်ကို ပြန်ပြောပြပါတယ်။ မနက်က ကိုးနာ
လောက် သူတို့အဖွဲ့ဟာ ကျွန်းကုန်းကို ရောက်တယ်၊ တစ်ခါတည်း ဂုံညင်
တောရွာကို သွားပြီး လူသတ်မှုစစ်တယ်၊ ညနေ ငါးနာရီလောက်မှ ကျွ



ကို ပြန်ရောက်တယ်၊ ကျွန်းကုန်းမှာလဲ သူတို့ရောက်တဲ့ မနက်ကမှ
က်ရောဂါ ဖြိုးဖြိုးဖျောက်ဖျောက် ဖြစ်နေတယ်၊ ဒါနဲ့ ဆရာကိုဖေတင့်
 ကျွန်းကုန်းမှာ ညမအိပ်ချင်ဘူး၊ အဲဒီတော့ သူတို့ ညစာထမင်းစားပြီး
န်နဲ့ ပြန်လာခဲ့ကြတယ်၊ ည ရှစ်နာရီလောက်ရှိတော့ လမ်းမှာဓားပြ
န်တစ်စင်းနဲ့တွေ့တယ်၊ ဓားပြတွေက စပြီး သူတို့ သမ္ဗန်ကို ရပ်ခိုင်း
ယ်၊ သူတို့လဲ သေနတ်ကို အသင့်လုပ်ပြီး ရပ်နေတယ်၊ ဓားပြတွေက
က်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တဲ့အခါ သူတို့ရဲ့ယူနီဖောင်းတွေကို မြင်တာနဲ့
ပ်တွေဆိုတာသိပြီး သေနတ်နဲ့ စပစ်တာပဲ၊ ပစ်ပစ်ချင်း ဆရာကိုဖေတင့်
န်ပြီး ဆရာကိုဖေတင့် ရေထဲ ကျသွားတယ်၊ သူတို့က ပြန်ပစ်တာ
ပြနှစ်ယောက် သမ္ဗန်ထဲမှာ သေကျန်ရစ်တယ်၊ ကျန်တဲ့အကောင်တွေ
တော့ ရေထဲခုန်ချပြီး ထွက်ပြေးတယ်၊ ပြေးတဲ့အထဲမှာ တစ်ယောက်တော့
ရာ ရသွားတယ် ထင်တယ်လို့ ပုလိပ်မောင်ကျော်က ဌာနာအုပ်ကို
ရင်ခံပါတယ်။

ဒီလိုအစီရင်ခံပြီးတာနဲ့ ဌာနာအုပ်ဦးဘသိန်းနဲ့ မတင်မေတို့ဟာ
ပ်မောင်ကျော်နဲ့အတူ ကမ်းနားကို ဆင်းသွားကြပါတယ်။ လမ်းလျှောက်
ရင်း မတင်မေဟာ ပုလိပ်မောင်ကျော်ပြောတဲ့အထဲက ဓားပြတွေနဲ့
နဲ့ ည ရှစ်နာရီလောက်မှာ တွေ့တယ်ဆိုတာကို သတိရတယ်။ အဲဒီ
ရီအချိန်မှာ မာမက်က ‘ကဲ လာ’ဆိုပြီး သူ့လက်ဆွဲခေါ်သွားတာကိုလဲ
ပြီး သတိရတယ်။ အဲဒီလို သတိရပြီး သူ့ကိုယ်သူ စိတ်ဆိုးသလိုလို၊
အေးတင့်ကိုပဲ စိတ်ဆိုးသလိုလို၊ မာမက်ကိုပဲ စိတ်ဆိုးသလိုလို သုံးယောက်
ကိုပဲ စိတ်ဆိုးသလိုလို ဖြစ်လာပြီး ကိုဖေတင့်ကို ဓားပြတွေသတ်တာ
တ်ပါဘူးရှင်၊ ကျွန်မနဲ့ မိအေးတင့်နဲ့ မာမက် သုံးယောက်ဝိုင်းသတ်တာ
 တအားကုန် ငယ်သံတွေပါအောင် ကုန်းကုန်းပြီး အော်လိုက်ချင်တဲ့
မိုက်တွေ ဝင်လာပါတယ်။

ကမ်းနားမှာ ကိုဖေတင့်ရဲ့အလောင်းကိုမြင်တာနဲ့ တ[illegible]နက်
င်မေဟာ ‘ကိုဖေတင့်ရေ ကိုဖေတင့်၊ ကိုဖေတင့် ကိုဖေတင့်’လို့သာ

www.burmeseclassic.com

www.burmeseclassic.com



ငယ်သံပါအောင် ဟစ်ဟစ်ပြီးငိုတယ်။ ဆားမှာ ရပ်နေတဲ့ လူတွေထဲမှာ သူ့အကြောင်းကိုသိနေတဲ့လူတွေ ရှိမှာပဲလို့ သူ့လိပ်ပြာက သူ့ကိုပြန်ချောင် နေတဲ့အတွက် ကိုဖေတင့်ရေ၊ ရှင်သေရင် ကျွန်မ ဘယ်သူနဲ့ နေရမလဲ ကျွန်မတစ်ယောက်တည်း ပစ်မထားခဲ့ပါနဲ့၊ ကျွန်မကို လာခေါ်လှည့်ပါ ကိုဖေတင့်ရဲ့' အစရှိတဲ့ ဖွဲ့နွဲ့ပြီး ငိုကြွေးမြည်တမ်းတာတွေကိုတော့ မတင်မေကလေးဟာ နည်းနည်းကလေးမှ မလုပ်ဝံ့ရှာဘူး။

ကိုဖေတင့်ရဲ့ အသုဘကိစ္စ ပြီးတဲ့အခါ မတင်မေကို ကိုသိန်းနဲ့ မခင်မေတို့က သူတို့ရဲ့အိမ်မှာပဲ ခေါ်ထားလိုက်ပါတယ်။ ကိုသိန်းလဲ ခယ်မကလေး မတင်မေရဲ့ အဖြစ်အပျက်ကို စဉ်းစားရင်း ကာမတဏှာ ဆိုတဲ့ ဘီလူးကြီးရဲ့ ကြောက်စရာကောင်းပုံတွေကို တစိမ့်စိမ့် သဘော ပေါက်ပြီး သူ့သားကလေး မောင်မြင့်ဆွေကို ဒီဘီလူးကြီးရဲ့ လက်ခုပ်တွင်း မရောက်ရလေအောင် သူနဲ့ မခင်မေတို့ဟာ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်း ရှိသရွေ့ ကာကွယ်မယ်ဆိုတဲ့ သူ့ရဲ့ သန္နိဋ္ဌာန်ဟာ ပိုမို ပြင်းထန်လာပါ တယ်။ ။

၁၅

## ဒေါ်မြစ်နှင့် မောင်ဘမောင်

ကိုသိန်းနဲ့ မခင်မေတို့ရဲ့ အသိုင်းအဝိုင်းထဲမှာ ဒီကာမတဏှာဆိုတဲ့ ဘီလူးကြီးရဲ့ သောင်းကျန်းတာကို ဒုတိယအကြိမ် ခံလိုက်ရတာက တခြား မဟုတ်ဘူး။ ကိုသိန်းဦးလေးရဲ့ ဇနီး ဒေါ်မြစ်ပဲ ဖြစ်တယ်။ ဖြစ်ပုံကတော့ ဒီလို။ မတင်မေကလေး ကိုသိန်းတို့အိမ်ရောက်လို့ ခြောက်လလောက် ရှိတဲ့အခါ တစ်မနက်မှာ ကိုသိန်းအမေရဲ့ မောင်တစ်ဝမ်းကွဲ ဦးချင်းဟာ ကိုသိန်းရဲ့အိမ်ကို ပေါက်လာပါတယ်။ ဦးချင်းဟာ ဝါးခယ်မမှာဖြင့် လယ်ကေသုံးရာလောက်ရှိတဲ့ မြေပိုင်ရှင်ကလေးတစ်ဦးပဲ။ မြို့ပေါ်မှာလဲ ငှားစားတဲ့အိမ် လေးလုံး ရှိတယ်။ ဦးချင်းဟာ ပက်လက်ကုလားထိုင်ပေါ် ထိုင်ပြီး မောနေတယ်။ ကိုသိန်းလဲ ရေတစ်ခွက် ခပ်ပေးတယ်။ ဦးချင်းဟာ ရေနှစ်ကျိုက်လောက်သောက်ပြီး နည်းနည်း အမောပြေတော့မှ ကိုသိန်းအား 'ဦးလေးရယ် ပြောစရာရှိရင် ကျွန်တော့်ကို ခေါ်လိုက်ရောပ'လို့ ပြောတယ်။ ဦးချင်းက 'သိန်းမောင်ရေ၊ သူငယ်ကလေးတစ်ယောက် ရိုးရိုးသားသား ထဲက ရှာပေးစမ်းပါကွာ၊ ဒီသူငယ်ဟာ အိမ်လခတွေ မှန်မှန်လိုက်တောင်း

www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ အိမ်လခက နေ့စဉ် တောင်းရတာရှိတယ်၊ လစဉ် တောင်းရတာ ရှိတယ်၊ နောက်ပြီး လယ်ကိစ္စနဲ့ တောကိုသွားရတဲ့အခါ သွားရမယ်၊ ဒီ သူငယ်က ငွေကို ကိုင်နေရတယ်ဆိုတော့ ရိုးမှဖြစ်မယ်ဟော့၊ လခကတော့ သင့်တော်သလို မင်းပဲကြည့်ပြီး ဆုံးဖြတ်ပါ'လို့ ပြောတယ်။ ကိုသိန်းကလဲ 'ရှာပေးပါ့မယ်၊ ရှာတွေ့တွေ့ချင်း ဦးလေးကို အကြောင်းပြန်ပါ့မယ်'လို့ ပြောတာနဲ့ တအောင့်လောက်ကြာတဲ့အခါ ဦးချင်းဟာ လက်ထဲက တုတ် ကောက်ကို အားပြုရင်း ဖြည်းဖြည်းဖြည်းဖြည်းနဲ့ သူ့အိမ်ကို ပြန်သွားပါ တယ်။

ဦးချင်း ပြန်သွားတဲ့အခါ မခင်မေက 'ကိုသိန်း၊ ကိုသိန်းဦးလေးရဲ့ အသားအရေတွေဟာ ဖြူဖပ်ဖြူလျော်နဲ့၊ ဘာဖြစ်နေတာလဲ၊ သူ့ကြည့် ရတာလဲ တုန်ချည့်တုန်ချည့်နဲ့'လို့ ပြောပါတယ်။ ကိုသိန်းလဲ မခင်မေ မေးတာကို မဖြေသေးဘဲ ရှေ့တည့်တည့်ကို ခဏလောက်စိုက်ကြည့်နေပါ တယ်။ နောက်ပြီးမှ ပြုံးပြီး 'ငါ့ဦးလေးလဲ ကာမတဏှာဆိုတဲ့ ဘီလူးကြီးရဲ့ အကြီးဆုံး အဓ္ဓေဝါသိက တပည့်ကြီးတစ်ဦးပေါ့၊ ငါ့သူဌေးဦးထွန်းတို့ မိန်းမလိုက်တယ်ဆိုတာက ဖဲရိုက်တဲ့အခါ ရိုက်သေးတယ်၊ အရက်သောက်တဲ့ အခါ သောက်သေးတယ်၊ ငါ့ဦးလေး ဦးချင်းကတော့ ဒါတွေ မရှိဘူး၊ သူက မိန်းမကို သိပ်ငတ်တယ်၊ သူ့မယားကြီး ခေါ်မြစ်အပြင် မယားငယ် သုံးယောက်ရှိသေးတယ်၊ အဲဒီမိန်းမလေးယောက်ဆိကို နေ့ရောညရော တစ်လှည့်စီ သွားနေတာပဲ၊ သူ့ကိုယ်သူ အနားမပေးဘူး၊ သူ့နဂိုအားနဲ့ အားမရတော့ သတင်းစာ ဂျာနယ် မဂ္ဂဇင်းတွေထဲမှာ ဖျံသိုတော်နစ်လို့ ကြော်ငြာတာတွေ့ရင်လဲ ဝယ်သောက်တာပဲ၊ ကာမအားတိုးဆေးကြီးဆိုရင်လဲ ဝယ်စားတာပဲ၊ ကြော်ငြာထားတဲ့ အားတိုးဆေးတွေထဲမှာ ငါ့ဦးလေးမစားဖူး မသောက်ဖူးတဲ့ဆေးတွေဆိုရင် ခပ်ရှားရှားပဲ၊ ဒီလို ကြော်ငြာတဲ့ဆေးတွေကို ဝယ်စားတာတင်မကသေးဘူး၊ အရပ်ထဲမှာ ဟိုလူပြော ဒီလူပြောနဲ့ ကာမ အားပေးတဲ့ ဆေးနည်းတွေရလာရင်လဲ အိမ်မှာ သူ့ဟာသူ ဖော်စားလိုက်သေး တာပဲ၊ ဒါတင်အားမရသေးဘူး၊ ကာမအားကောင်းတယ်ဆိုလို့ တောက



သူ့မိတ်ဆွေ ကရင်တွေဆီမှာ မျောက်သွေးတွေ မှာပြီးတော့လဲ သောက် ိုက်သေးတာပဲ၊ စက်တောင် အနားပေးရသေးတယ်ကွယ်၊ လူကို အနား ပေးရင် ဘယ်ခံနိုင်မလဲ၊ အခုတော့ ဦးလေးချင်းဟာ ပန်းသေရောဂါဖြစ်ပြီး င်း မြင်တဲ့အတိုင်း လှုပ်လှုပ်ကလေးပဲ ရှိတော့တယ်' လို့ ကိုသိန်းက ပြောပါတယ်။

သုံးရက်လောက်ကြာတဲ့အခါ သူ့အလုပ်ရုံမှာ အကူစာရေးလုပ်နေတဲ့ ဘမောင်ဆိုတဲ့ သူငယ်ကလေးကို သိန်းမောင်ဟာ သူကိုယ်တိုင် ခေါ်သွား ပြီး ဦးလေးချင်းကို အပ်ပါတယ်။ ဒီဘမောင်ဆိုတဲ့ သူငယ်ကလေးဟာ မိဘ မရှိဘူး။ ဆင်းရဲတဲ့အတွက် မြန်မာလို ခုနစ်တန်းလောက် သင်ဖူးတယ်။ အသက် နှစ်ဆယ်ကျော်ကလေး ရှိသေးတယ်။ မိန်းမ မရှိဘူး။ ဒီသူငယ် ကလေးဟာ ကိုသိန်းဆီမှာ အလုပ်လာလျှောက်တဲ့အခါ လစ်လပ်နေတဲ့နေရာ မရှိပေမယ့် ရိုးသားတာနဲ့ အကူစာရေးကလေးအဖြစ်နဲ့ စာရေး တစ်ယောက် ထားတဲ့ပေးထားတယ်။ စက်ကိုလာကြတဲ့ ကုန်သည်တွေရဲ့ ကိစ္စကို ကျိုးကျိုး နွံနွံ ကူညီပြီး လုပ်ပေးတဲ့အတွက် သူ့ကို ဟိုလူဒီလူက ငါးမူး တစ်ကျပ် ပေးသွားကြတာ တစ်နေ့တစ်နေ့မှာ နှစ်ကျပ်သုံးကျပ်စီတယ်။ အဲဒီ ဘမောင် ကို ကိုသိန်းဟာ သူ့ဦးလေး ဦးချင်းကို အပ်လိုက်ပါတယ်။ လခက တော့ ဦးလေးချင်းတို့အိမ်မှာပဲနေရမယ်၊ ထမင်းလဲကျွေးမယ်ဆိုရင် တစ်လငါးဆယ် ထောက်ပေးပါ။ သူ့ဟာသူနေပြီး သူ့ထမင်း သူစားရမယ် ဆိုရင်တော့ တစ်လကို ခုနစ်ဆယ်လောက်ပေးဖို့ ပြောတယ်။ ဦးလေးချင်းဟာ ဘမောင်ကို သူ့အိမ်မှာထားတယ်။ ထမင်းကျွေးတယ်။ တစ်လငါးဆယ် ပေးတယ်။

ဘမောင်ဟာ ရိုးလဲရိုးသားတယ်။ ဝီရိယလဲရှိတယ်။ အလုပ်လုပ်တဲ့ နေရာမှာလဲ ကျိုးကျိုးနွံနွံလုပ်တဲ့အတွက် ဦးချင်းဟာ ဘမောင်ကို တစ်စ တစ်စ ယုံကြည်လာတယ်။ တစ်နှစ်လောက်ကြာတဲ့အခါ ဦးလေးချင်းရဲ့ ရောဂါဟာ ပိုဆိုးလာတဲ့အတွက် ဘမောင်ကို အလုပ်တွေ အကုန်လွှဲလိုက်တယ်။ လခလဲ တိုးပေးတယ်။ သူကိုယ်တိုင်ကတော့ လုံးဝအနားယူနေရတယ်။ နောက်နှစ်နှစ်လောက်ကြာတဲ့အခါ ဦးလေးချင်း ကွယ်လွန်အနိစ္စရောက်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဘမောင်ဟာ ဦးလေးချင်း ကွယ်လွန်အနိစ္စရောက်ပေတဲ့လဲ တစ်မျိုးတစ်ဖုံ ပြောင်းမသွားဘူး။ ဦးလေးချင်း ရှိတုန်းကလိုပဲ ရိုးရိုးသားသား ကျိုးကျိုးနွံနွံလုပ်ပေးတယ်။

ဦးလေးချင်း ကွယ်လွန်အနိစ္စရောက်လို့ တစ်နှစ်လောက်ကြာတဲ့ အခါ သူ့ဟာသူ မျက်စိလည်လမ်းမှားပြီးတော့ပဲ ရောက်လာသလား ဒီလိုမှမဟုတ်ရင်လဲ ဒေါ်မြစ်ကပဲ ပင့်လိုက်လို့ပဲလား မသိဘူး၊ ကာမတဏှာ ဆိုတဲ့ ဘီလူးကြီးဟာ ဒေါ်မြစ်တို့အိမ်ကို ရောက်လာပြီး ဒေါ်မြစ်ကို ဝင်ပူးတာပဲ။ အဲဒီလိုပူးတဲ့အချိန်ကစပြီး ဒေါ်မြစ်ဟာ ဘမောင်ကို ကြည့်ရတာ တစ်မျိုးဖြစ်နေတယ်။ အရင်ကလို မဟုတ်တော့ဘူး။ အရင်က ဒေါ်မြစ်ဟာ ဘမောင်နဲ့လဲ စကားပြောဖူးတာပဲ။ နီးနီးကပ်ကပ်လဲ နေဖူး တာပဲ။ ဘာမှမဖြစ်ဘူး။ အခု ဘီလူးကြီး အပူးခံရပြီးတဲ့ နောက်မှ ဘမောင်ကိုမြင်ရင် တစ်ကိုယ်လုံး အကြောတွေ ဖျဉ်းဖျဉ်းဖျဉ်ဖျဉ်း ဖြစ်လာ တယ်။ ဘမောင်အနားမှာ ကပ်မိရင် တစ်ကိုယ်လုံး အကြောတွေ ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်း ဖြစ်လာတယ်။ ဘမောင်အသံကြားရုံနဲ့ တစ်ကိုယ်လုံးအကြောတွေ ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်း ဖြစ်လာတယ်။ ကုန်ကုန်ပြောမယ်။ ဘမောင်ကို စိတ်ကူးမိရုံနဲ့ ဒေါ်မြစ်ကြီးရဲ့ တစ်ကိုယ်လုံး အကြောတွေ ဖျဉ်းဖျဉ်းဖျဉ်းဖျဉ်း ဖြစ်လာတယ်။

ဒီလို တစ်ကိုယ်လုံး အကြောတွေ ဖျဉ်းဖျဉ်းဖျဉ်းဖျဉ်း ဖြစ်တဲ့ အရသာဟာ ဒေါ်မြစ်အတွက် အင်မတန်ကောင်းတဲ့အရသာဖြစ်တဲ့အတွက် ဒေါ်မြစ်ဟာ ဘမောင်နဲ့ မကြာခဏ တွေ့ရအောင် ဘမောင်နဲ့ မကြာခဏ စကားပြောရအောင်၊ ဘမောင်ရဲ့မျက်လုံးနှစ်လုံးကို သူ့မျက်လုံးနှစ်လုံးနဲ့ စိုက်စိုက်ပြီး ကြည့်နေရအောင်၊ ဘမောင်နဲ့ ရယ်ပြုံးနေရအောင် အမှတ်တမဲ့ လိုလို မတော်တဆလိုလိုနဲ့ ဘမောင်နဲ့ အသားချင်းထိအောင်၊ လက်ချင်း ထိအောင်၊ ပွတ်သီးပွတ်သပ်လုပ်မိအောင် အကြောင်းအမျိုးမျိုးရှာတယ်။ အဲဒီလို တစ်နေ့လုံး တွေ့ရ ပြောရ ကြည့်ရ ပြုံးရ ထိရ ပွတ်သီးပွတ်သပ် လုပ်ခဲ့ရတာတွေဟာ ညအိပ်ရာပေါ်မှာ လှဲလိုက်တဲ့အခါ ဒေါ်မြစ်ရဲ့မျက်နှာ



ပေါ်မှာ ရုပ်ရှင်များပြသလို တစ်ခုပြီးတစ်ခု ပေါ်ရင်း ဒေါ်မြစ်ရဲ့ တစ်ကိုယ်လုံး အကြောတွေဟာ ဖျဉ်းဖျဉ်းဖျဉ်းဖျဉ်း ဖြစ်နေတယ်။

ကာမတဏှာဆိုတဲ့ ဘီလူးဟာ အငွေ့လောက်နဲ့ ကျေနပ်တဲ့ ဘီလူးမျိုး မဟုတ်ဘူး။ အတွေ့မှ ကျေနပ်တာ။ အဲဒီတော့ ဒီဘီလူး အပူးခံရတဲ့ ဒေါ်မြစ်ဟာ အတွေ့အထိရောက်အောင် ရှေ့တိုးပြီး ကြံရပြန် ပါတယ်။ ဒေါ်မြစ်ဟာ ဘယ်လိုကြံကြံ အိမ်မှာတော့ သိပ်မလွယ်လှဘူး။ သူ့ညီမအပျိုကြီး ဒေါ်နှစ်ဆိုတာက ရှိနေတယ်။ အဲဒီတော့ လယ်တွေ သွားကြည့်ရအောင်ဆိုပြီး ဒေါ်မြစ်ဟာ ဘမောင်ကိုခေါ်၊ ခေါ်တောသမွန် တစ်စင်းနဲ့ သူတို့လယ်တွေနဲ့ စပါးကျီရှိတဲ့ မောင်းဒီးကို ထွက်သွားကြ ပါတယ်။ မောင်းဒီးက စပါးကျီရှေ့မှာ သူတို့လာရင်တည်းဖို့ နှစ်ထပ် အိမ်ကလေးရှိတယ်။ ညနေလေးနာရီလောက် ဒေါ်မြစ်နဲ့ ဘမောင်ဟာ မောင်းဒီးကို ရောက်သွားကြတယ်။ သူ့ပစ္စည်းတွေကို အိမ်ပေါ်ကအခန်းထဲ သွင်းလိုက်ဖို့ စပါးကျီစောင့်ကို ပြောလိုက်ပြီး ဘမောင်ကိုတော့ အိမ် အောက်ထပ်အခန်းထဲမှာ ဒေါ်မြစ်က နေရာချပေးပါတယ်။ ဒေါ်မြစ်ဟာ လယ်သမားတွေနဲ့ တစ်နာရီလောက် စကားပြောတယ်။ နောက်ပြီးတော့ ဘမောင်နဲ့အတူတူ စပါးကျီကို ခဏသွားကြည့်တယ်။ ပြီးတော့ ရေမိုးချိုးပြီး ညစာ စားကြတယ်။

ည ရှစ်နာရီလောက်ကျတော့ သမွန်မူးလာတယ်ဆိုပြီး သူတို့ မောင်းဒီးလာတိုင်း အလည်လာနေကျ အသိအကျွမ်းတွေကို ပြန်လွှတ် လိုက်တယ်။ ဒီနောက် ဘမောင်ကို 'တံခါးပိတ်ကွယ် အိပ်ကြစို့'ဆိုပြီး ဒေါ်မြစ် လှေကားဆီကိုလျှောက်သွားတယ်။ လှေကားရင်းရောက်တဲ့အခါ 'ဘမောင်ရေ နောက်နာရီဝက်လောက်ကြာတော့ ကော်ဖီပူပူတစ်ခွက်လောက် ဖျော်ပြီး အပေါ်ယူခဲ့ပါကွယ်၊ မအိပ်ခင် သောက်ချင်တယ်'လို့ ပြောပြီး အိမ်ပေါ်တက်သွားတယ်။ သူ့အိပ်ခန်းထဲရောက်တဲ့အခါ သနပ်ခါးလိမ်းခြင်းဆုံး ခေါင်းဆုံးလူး၊ ပေါင်ဒါတွေ တစ်ကိုယ်လုံးပက်၊ ရေမွှေးတွေ သူ့ကိုယ်မှာရော အိပ်ရာ ခြင်ထောင်တွေမှာရော ဖျန်းပြီး ဒေါ်မြစ်ကြီးဟာ အရမ်းကျချင်

www.burmeseclassic.com

www.burmeseclassic.com



ဘိုင်း ကျနေတာပဲ။ အဲဒါတွေလုပ်ပြီး ဘမောင်အလာကိုစောင့်ရင်း ခုတင်ပေါ်မှာ လှဲနေတဲ့အခါ သူ့တစ်ကိုယ်လုံးလဲ နတ်ပူးသလို တဆတ်ဆတ် တုန်နေတယ်။

မှာတဲ့အတိုင်း ဘမောင်ဟာ ကော်ဖီပူပူယူပြီး အပေါ်တက်လာတယ်။ အခန်းထဲရောက်တဲ့အခါ ဒေါ်မြစ်ဟာ လှဲနေရာက ထိုင်လိုက်တယ်။ 'ကော်ဖီပန်းကန် ခုတင်ဘေးက စားပွဲပေါ်မှာတင်ထား'လို့ ပြောတယ်။ ဘမောင်လဲ ကော်ဖီပန်းကန် စားပွဲခုံပေါ်မှာ တင်ထားလိုက်တယ်။ ဒေါ်မြစ်ဟာ 'ဘမောင်ရေ၊ ငါတော့ မရှက်နိုင်တော့ဘူးကွယ်'လို့ ပြောပြော ဆိုဆို ဘမောင်ကိုဖက်ပြီး အိပ်ရာပေါ် လှဲချလိုက်တယ်။ မနက် ခြောက်နာရီလောက်မှာ လယ်သမားတွေဟာ ကောက်ညှင်းပေါင်းတွေ၊ ငါးကြော်တွေ ယူလာပြီး အိမ်တံခါးကို ပုတ်နှိုးကြတယ်။ အဲဒီတော့မှ ဘမောင်ဟာ ကမန်းကတန်း အိမ်ပေါ်က ပြေးဆင်းပြီး တံခါးဖွင့်ပေးရတယ်။ ဒေါ်မြစ်နဲ့ ဘမောင်ဟာ မောင်းဒီးမှာ လေးရက်လောက် နှစ်ပါးသွားလို့ အားရမှ ဝါးခယ်မကို ပြန်သွားပါတယ်။

အိမ်ပြန်ရောက်တဲ့အခါ ဒေါ်မြစ်ကြီးနဲ့ ဘမောင်ကလေးတို့ဟာ တွေ့ကြဖို့ဟာ မောင်းဒီးမှာလောက် မလွယ်ဘူး။ အပျိုကြီးဒေါ်နှစ်ရှိနေတယ်။ ဦးချင်းရှိတုန်းကတော့ ဒေါ်နှစ်ဟာ အောက်က အခန်းတစ်ခန်းထဲမှာပဲ အိပ်တယ်။ ဦးချင်းဆုံးပြီးမှ ဒေါ်မြစ်က ခေါ်တာနဲ့ အိမ်ပေါ်က အခန်းတစ်ခန်းမှာ ဒေါ်နှစ်လာအိပ်တယ်။ ဒေါ်မြစ်နဲ့ ဘမောင်တို့ မောင်းဒီးက ပြန်ရောက်ပြီး နှစ်ည သုံးညလောက်ဟာ သန်းခေါင်လောက်မှာ ခြေသံကြားနေတဲ့ အပျိုကြီးဒေါ်နှစ်ဟာ သူ့စိတ်ကထင်လို့ပဲဆိုပြီး အမှတ်တမဲ့ နေခဲ့တယ်။ ဒါပေမယ့် ဒီခြေသံဟာ ညတိုင်းလိုလို ဆက်ပြီးကြားတဲ့အခါ တစ်ညမှာ ဒေါ်နှစ်က 'ဟဲ့ ဘယ်သူလဲ'လို့ မေးတယ်။ ဘမောင်က သူပါ 'ချောင်းဆိုးပျောက်ဆေးယူရအောင်လာတယ်'လို့ ပြန်ဖြေတယ်။ နောက်ထပ် သုံးလေးခါကျတော့ ဒေါ်နှစ်ဟာ မသင်္ကာတော့ဘူး။ ဒါကြောင့် သူ့အခန်းထဲကထွက်ပြီး 'ဘမောင်၊ မင်းဆေးယူလာတာကလဲ ညတိုင်းပဲလား'လို့ ငေါက်လိုက်ပါတယ်။ ဘမောင်လဲ ဘာမှမပြောဘူး ဆင်းသွားတယ်။



အဲဒီလို ငေါက်ပြီးတော့မှ သူ့အစ်မ ဒေါ်မြစ်အခန်းကို ဒေါ်နှစ်သွားတယ်။ ဒေါ်မြစ်ကလဲ သူကတော့ စပြီးမပြောဘူး။ ဒါပေမယ့်ဒေါ်နှစ်က မေးရင်တော့ အကုန်လုံးဖွင့်ပြောဖို့ သန္နိဋ္ဌာန်ချထားတယ်။ အဲဒီလိုပြောလို့ ညီမ ဒေါ်နှစ်က သည်းခံနိုင်ရင်လဲ သူနဲ့ အတူတူနေ၊ သည်းမခံနိုင်ရင်လဲ သူ့အိမ်က ဆင်းသွား။ သူဂရုမစိုက်ဘူး။ တစ်လောကလုံးမှာ ဘယ်သူနဲ့မှ တွေ့ရချင် နေပေစေ။ ဘမောင်နဲ့သာ တွေ့ရရင်ပြီးရော။ သူ့ဘက်ကို ဘယ်သူမှ မပါချင်နေပေစေ။ ဘမောင်တစ်ယောက်သာပါရင် ပြီးရော။ တစ်သက်လုံး ဘယ်တုန်းကမှ မခွဲခဲ့ဖူးတဲ့ညီမ မနှစ်နဲ့လဲ ကွဲရချင် ကွဲရပစေ၊ ဘမောင်နဲ့ မကွဲရရင် ပြီးရော။ အဲဒီလောက်အထိ ဒေါ်မြစ်ဟာ သန္နိဋ္ဌာန်ချထားတယ်။ အဲဒါကြောင့် ဒေါ်နှစ် အခန်းထဲဝင်လာပြီး မေးတဲ့အခါ ဒေါ်မြစ်က အကုန်ဖွင့်ပြောတယ်။ 'ညည်း ဒီသားလောက်ကလေးနဲ့ဖြစ်တာ ငါရှက်တယ်၊ ငါညည်းနဲ့ မနေဘူး၊ သွားမယ်'လို့ ပြောတယ်။

သားအရွယ်လောက်နဲ့ဖြစ်နေတာကို အပျိုကြီးဒေါ်နှစ် ရှက်ပေမယ့် သူ့အစ်မ ဒေါ်မြစ်ကတော့ မရှက်ဘူး။ ဘယ့်နှယ် ရှက်နိုင်မလဲ။ ဒေါ်မြစ်ကို ကာမတဏှာ ဘီလူးကြီး ဝင်ပူးနေပြီ မဟုတ်ဘူးလား။ ဒီကာမတဏှာဘီလူးကြီး ဝင်ပူးပြီဆိုမှဖြင့် အပူးခံရတဲ့သူမှာ အရှက်ဆိုတာလဲ မရှိတော့ဘူး။ အကြောက်ဆိုတာလဲ မရှိတော့ဘူး။ သားအဖဆိုတာလဲ မရှိတော့ဘူး။ သားအမိ စိတ်ဆိုတာလဲ မရှိတော့ဘူး။ ညီအစ်ကို စိတ်ဆိုတာလဲ မရှိတော့ဘူး။ ညီအစ်မ စိတ်ဆိုတာလဲ မရှိတော့ဘူး။ မောင်နှမစိတ်ဆိုတာလဲ မရှိတော့ဘူး။ ဒေါ်မြစ်ဟာ သူ့ညီမဒေါ်နှစ်ရှက်ရင် အိမ်ပေါ်က ဆင်းရင် ဆင်းသွားပေစေလို့ သန္နိဋ္ဌာန်ချထားတာ ဘာဟုတ်သေးသလဲ။ ဘုရားလောင်း ဒီသာပါမောက္ခဖြစ်တုန်းက ဘုရားလောင်းရဲ့မယ်တော်ဟာ ဒေါ်မြစ်ထက် အပုံကြီး ဆိုးသေးတာပဲ။

ဒီသာပါမောက္ခဆရာကြီးဟာ တပည့်တစ်ယောက်ကို မိန်းမမကောင်းအကြောင်း သင်ပေးတယ်။ မာယာသဘောတွေကို သင်ပြီး တော်တော်သင်ပေးချင်တာနဲ့ ဘယ်မိန်းမနဲ့ စမ်းရပါ့မလဲလို့ ကြည့်တဲ့အခါ ဒီသာ

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခဆရာကြီးဟာ သူ့မယ်တော်ကို မြင်ပါတယ်။ သူ့မယ်တော်ဟာ အတော်ကြီး အိုနေပါပြီ။ မျက်စိတောင် မမြင်တော့ဘူး။ ခုနစ်ရက်ကြာရင် သေဖို့ပဲ ရှိတော့တယ်။ အဲဒီတော့ ဆရာကြီး သွန်သင်ထားတဲ့အတိုင်း မယ်တော်ကြီးကို တပည့်က နှိပ်ပေးတယ်။ အဲဒီလိုနှိပ်နေရင်း ပထမနေ့မှာ 'မယ်တော်ကြီးရယ်၊ မယ်တော်ကြီးရဲ့ အသားတွေကို ကိုင်ရတာ တစ်မျိုးကြီးပဲ၊ အနုအရွယ်မှာတောင် ဒီလောက် အတွေ့ကောင်းနေရင် ငယ်ငယ်တုန်းကများဆိုရင် ဘယ်လောက်များ အတွေ့ကောင်းလိုက်မလဲ'လို့ တစ်လုံးနှစ်လုံး စလိုက်တယ်။ နောက်တစ်နေ့ နှိပ်တဲ့အခါ 'မယ်တော်ကြီးရဲ့ အသားတွေကို ကိုင်ရပြီးကတည်းက ကျွန်တော်မှာဖြင့် ဒုက္ခပါပဲ မယ်တော်ကြီးရယ်၊ ဒီအတွေ့မှာပဲ စိတ်ကတဝဲလည်လည် ဖြစ်နေတော့တယ် ဖျောက်လို့ကို မရပါဘူး'လို့ လေးငါးလုံး ထပ်သွင်းလိုက်ပါတယ်။ အဲဒီအခါမှာ မယ်တော်ကြီးကို ကာမတဏှာဘီလူးကြီး ဝင်ပူးပြီ။

အဲဒီလိုနဲ့ တစ်နေ့ကို တစ်လုံးသွင်း၊ နှလုံးသွင်း၊ သုံးလုံးသွင်း သွင်းသွားတယ်။ ခုနစ်ရက်မြောက်တဲ့နေ့ကျတော့ 'မယ်တော်ကြီးရယ် ကျွန်တော့်မှာဖြင့် ခက်နေပါပြီ၊ မယ်တော်ကြီး ကျွန်တော့်ကို ငေါက်ချင်လဲငေါက်၊ ကြိမ်းချင်လဲကြိမ်း ကျွန်တော့်ကို ဆဲချင်လဲဆဲ၊ ကန်ချင်လဲကန် လုပ်သမျှ ကျွန်တော် အကုန်ခံပါ့မယ်၊ ကျွန်တော့်ဝမ်းထဲမှာ မျိုသိပ်ထားရတာကို ကျွန်တော် အခု ထုတ်ပြီး ပြောပါရစေတော့၊ ကျွန်တော့်ဒုက္ခဟာဖြင့် မယ်တော်ကြီးနဲ့ပေါင်းရမှပဲ အေးရတော့မယ့် အခြေအနေကို ရောက်နေပါပြီ၊ အဲဒါကြောင့် ကျွန်တော့်ကို သနားပြီး ဒီဒုက္ခမှ မယ်တော်ကြီး ကယ်တော်မူပါ'လို့ ပြောလိုက်တယ်။ ကာမတဏှာ ဘီလူးကြီးဝင်ပူးနေတဲ့ မယ်တော်ကြီးဟာ အမှားအမှန်ကို မမြင်နိုင်တော့ဘူး။ အရှက်ဆိုတာလဲ မသိတော့ဘူး။ အကြောက်ဆိုတာလဲ မရှိတော့ဘူး။ အဲဒီတော့ 'မင်းအဟုတ် ပြောနေတာလား'လို့ မယ်တော်ကြီးက မေးတယ်။ 'အဟုတ်ပြောနေတာပါ' လို့ တပည့်က ပြန်ပြောတဲ့အခါ 'မင်း ငါ့ကို ခိုးပြေး ငါလိုက်ခဲ့မယ်'လို့ မယ်တော်ကြီးက ပြောတယ်။ အဲဒီအခါ တပည့်က 'မခိုးရဲဘူး မယ်တော်ကြီးရယ်၊ မယ်တော်ကြီးရဲ့သား ဒီသာပါမောက္ခဆရာကြီးကို ကျွန်တော် ကြောက်တယ်'လို့ ပြန်ပြောတယ်။ အဲဒီအခါ မယ်တော်ကြီးက သူ့ကို အင်မတန်ထက်တဲ့ ရဲတင်းတစ်လက်ပေး၊ ပြီးတော့ သူ့နေရာနဲ့ သူ့သား အိပ်တဲ့ ခုတင်ခေါင်းရင်းကို ကြိုးသွယ်ပေး၊ သူကိုယ်တိုင် သူ့သားကို ရဲတင်းနဲ့ ခုတ်သတ်မယ်လို့ ပြောတယ်။ တပည့်ကလဲ အကုန်လုပ်ပေးတယ်။ ပြီးတော့မှ ဒီသာပါမောက္ခဆရာကြီးနဲ့ တပည့်ဟာ ပုဏ္ဏားကွယ်က အသာချောင်းကြည့်နေကြတယ်။



ညကျတော့ ရဲတင်းကြီးကိုင်ပြီး မယ်တော်ကြီး လာတာပါပဲ။ သားခေါင်းနေရာကိုမှန်းပြီး မယ်တော်ကြီးဟာ ရဲတင်းနဲ့ တအားခုတ်လိုက်တယ်။ ပုဏ္ဏားကွယ်ကချောင်းကြည့်နေတဲ့ သားကလဲ 'မယ်တော်'လို့ သွတ်ခနဲ ခေါ်လိုက်တယ်။ မယ်တော်ကြီးဟာ သူ့သားရဲ့အသံကိုကြားပြီး နှလုံးရောဂါနဲ့ပဲ အဲဒီနေရာမှာ လဲသေသွားတယ်။ အဲဒီတော့ ကာမတဏှာ ဘီလူးပူးရင် ကိုယ့်သားတောင် သားမှန်းမသိတော့ဘဲ မိခင်လုပ်သူဟာ သားကို ရက်ရက်စက်စက် သတ်ဝံ့တယ်ဆိုရင် ညီမ အိမ်ပေါ်ကဆင်းသွားတာလောက်ကို ဘီလူးကြီးအပူးခံနေရတဲ့ ဒေါ်မြစ်ဟာ ဘာမှုမလဲ။ အဲဒါကြောင့် ညီမဒေါ်နှစ်က 'ညည်း ဒီသားလောက်ကလေးနဲ့ဖြစ်တာ ငါရှက်တယ်၊ ငါ ညည်းနဲ့မနေဘူး သွားမယ်'လို့ပြောတဲ့အခါ အစ်မ ဒေါ်မြစ်က 'ဒါတော့ ညည်းသဘောပဲ'လို့ ခပ်အေးအေးပဲ ပြန်ပြောလိုက်တယ်။

အဲဒီလိုပြောပြီး ရှေ့ကိုတော့ သူ့ဘမောင်နဲ့ သူနဲ့ဟာ အိမ်ကြီးတစ်လုံးမှာ ဘယ်သူ့ကိုမှ မငဲ့ကွက်ရဘဲ အချစ်နှာလန် ထချင်တိုင်း ထလို့ရမှာပဲလို့ တွေးမိတဲ့အတွက် ဒေါ်မြစ်ဟာ စိတ်ထဲမှာ အများကြီး ချမ်းသာနေတယ်။ နောက်တစ်နေ့ရောက်တဲ့အခါ ဒေါ်မြစ်အိမ်မှာ အပြောင်းအရွှေ့တွေ ဖြစ်တယ်။ အစ်မဒေါ်မြစ်နဲ့ တစ်သက်လုံး တစ်ခါမှ မခွဲခဲ့ဘူးတဲ့ ဒေါ်နှစ်ဟာ မျက်ရည်စက်လက်နဲ့ အစ်မ အိမ်ပေါ်က ဆင်းသွားတယ်။ အောက်ခန်းတစ်ခန်းမှာအိပ်တဲ့ ဘမောင်လဲ အိမ်ပေါ်ထပ် ဒေါ်မြစ်ရဲ့ အခန်းကို ပြောင်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘမောင်ဟာ ဒေါ်မြစ်နဲ့ ညားပြီးတဲ့နောက် စိန်ခြယ်လက်စွပ်နဲ့ သက္ကလပ်တာဖက်တာ အစရှိတဲ့ အပေါ်အင်္ကျီထည်လဲနဲ့ ပိုးလုံချည် တချွမ်းချွမ်းနဲ့ ရှပ်အင်္ကျီမှာ ရွှေကြယ်သီးနဲ့ နောက်ပိတ်ဖိနပ်နဲ့ ဆံပင်မှာလဲ ကော့စမက်တစ်တွေ ထည့်ချင်တိုင်းထည့်ပြီး သ ချင်တိုင်း သ ထားတယ် ဆိုတော့ အရင် ဘမောင်နဲ့ မတူတော့ဘူး။ တစ်သွေးတစ်မွေးဖြစ်လာ တယ်။ အဲဒီလို ပတ်ဝန်းကျင်အခြေအနေရဲ့ အမြှောက်အပင့်ကို ဘမောင် ဟာ အတော်ကြာကြာကလေး ခံလာရတယ်။ ချဉ်ပေါင်ရွက်ဟင်းကိုချည်း စားနေရတဲ့ လူတစ်ယောက်ဟာ လက်ထဲမှာ ငွေကလေးနည်းနည်းကိုင်လာ ရတဲ့အခါ ငါးသလောက်ဆီပြန်ဟင်းကိုပဲ စားချင်လာသလို ဘမောင်ဟာ အိမ်က ရွှတ်တွကြီးကို အီသလိုလိုဖြစ်လာပြီး ရွှယ်တူ ငါးသလောက်ကလေး တွေအပေါ်မှာ စိတ်လည်စပြုလာတယ်။ အဲဒါကြောင့် သူအိမ်လခနေ့တိုင်း သွားတောင်းနေရတဲ့ အိမ်ခန်းတစ်ခန်းက ဟင်းရွက်ဟင်းသီးသည်မကလေး မလှမြိုင်နဲ့ ချစ်ကြိုက်ကြပြီး မကြာခင်ဘဲ ခိုးပြေးပါရော။

အိမ်က ရွှတ်တွကြီး ဒေါ်မြစ်လဲ ခိုးပြေးကာစ သုံးရက်လောက်ဟာ ရေချိုးရမှန်းမသိ၊ သနပ်ခါး ပေါင်ဒါ လိမ်းရမှန်းမသိ၊ ရေမွှေးဆွတ်ရမှန်း မသိ၊ ထမင်းမှန်း ဟင်းမှန်းမသိဖြစ်ပြီး လိမ့်နေတာပဲ။ တစ်ရက်နှစ်ရက် လောက်ကြာတော့ ကိုသိန်းအိမ်ကို ဒေါ်မြစ် ပေါက်လာတယ်။ သူ့ကို ကယ်ပါဦးလို့ မျက်ရည်တွေကျပြီး ပြောတယ်။ ဘမောင် သူ့အိမ်ကို ပြန်လာ ရင် သူ့ကောင်မကလေးကိုလဲ ခေါ်လာပါစေ၊ သူတို့အချစ်ကို မခွဲပါဘူး။ သူနဲ့ မလှမြိုင် နှစ်ယောက်စလုံးကိုပဲ ဘမောင် ပေါင်းပါလို့ သနားစရာ ထပ်ပြီး ပြောရှာတယ်။

ကိုသိန်းလဲ တပည့်ဘမောင်ကို လိုက်ရှာတာ သုံးရက်မြောက်တဲ့ အခါ ပဲလှော်ချောင်ထဲက အိမ်တစ်အိမ်မှာ တွေ့တယ်။ ဘမောင်ကတော့ ငယ်ကြောက်ဖြစ်နေလို့ ကိုသိန်းက အမယ်ကြီးအိမ်ကို ပြန်ပါလို့ နားချတဲ့ အခါ ဘာမှ ပြန်မပြောဘူး။ မလှမြိုင်ကတော့ မယားငယ်အဖြစ်နဲ့ အမယ်ကြီးအိမ်မှာ အတူနေရမှာကို သူမကြိုက်ဘူး။ ဒါပေမယ့် ကိုသိန်း



ရော မခင်မေရော သူတို့တည်းခိုနေတဲ့ အိမ်ကလူတွေရော ကောင်မလေးရဲ့ အဒေါ်ကရော ဝိုင်းပြီး ပြောတဲ့အတွက် နောက်ဆုံးတော့ မလှမြိုင်လဲ မလိုက်ချင် လိုက်ချင်နဲ့ပဲ သူ့ယောကျ်ား ဘမောင်နဲ့အတူ အမယ်ကြီး အိမ်ကို ပါသွားတယ်။

မလှမြိုင် ဒီအိမ်မှာနေမှ ဘမောင်လဲနေမယ်ဆိုတာ ဒေါ်မြစ်သိတဲ့ အတွက် မလှမြိုင်နေချင်အောင် မလှမြိုင် အိမ်မှာဘာမှမလုပ်ရဘူး။ ရေမိုး ချိုး ဖြီးလိမ်းဝတ်စား၊ စားပြီးအိပ်၊ အိပ်ပြီးစားပဲ။ ဈေးသုံးဖို့လဲ လင်မယား နှစ်ယောက်ကို တစ်လ တစ်ရာပေးထားတယ်။ မလှမြိုင်ဟာ သူဟင်းသီး ဟင်းရွက်ရောင်းနေတုန်းက ပင်ပန်းခဲ့ရသမျှ အမယ်ကြီးအိမ်မှာ အတိုးချပြီး နိမ်ယူတာပဲ။ ဒါတင်မကသေးဘူး။ သူ့လင် ဘမောင်ကို အမယ်ကြီးဟာ သိပ်စွဲနေတယ်။ သူ့လင်ဘမောင်ကလဲ သူ့ကို သိပ်စွဲနေတယ်ဆိုတာ သိတော့ အမယ်ကြီးအိမ်မှာ သူက မင်းမူချင်တယ်။ အမယ်ကြီးရှိတဲ့နေရာ မှာဆိုရင် သူက ခြေဆောင့်နင်းချင်ရတာနဲ့၊ ထဘီမပြီး လျှောက်ချင်တာနဲ့၊ အမယ်ကြီးနဲ့ ဘမောင်နဲ့ စကားပြောနေရင် 'ကိုဘမောင်'လို့ ငေါက်သံ ပါပါနဲ့ ခေါ်ပြီး တခြားဆွဲသွားရတာနဲ့၊ အမယ်ကြီးကလဲ ဒီလို ဗိုလ်ကျနေ သမျှတွေကို ဘမောင်ချစ်တဲ့ဇောနဲ့ အောင့်ပြီးသည်းခံပါတယ်။

ကောင်မကလေးဟာ မယားငယ်ဖြစ်ပြီး ဘယ်လောက်လူပါးဝ သလဲဆိုရင် ရောက်ခါစ တစ်ရက်နှစ်ရက်သာ အမယ်ကြီးနဲ့ အတူတူ ထမင်းစားတယ်။ နောက်တော့ အမယ်ကြီးနဲ့ အတူတူ မစားချင်ဘူးဆိုလို့ သူတို့လင်မယားကို တစ်ဝိုင်း ပြင်ကျွေးရတယ်။ တစ်ခါတစ်ခါတော့ မကောင်းတတ်ဘူးဆိုပြီး ဘမောင်ဟာ အမယ်ကြီးနဲ့ ထမင်းအတူတူ သွားစားပါတယ်။ အဲဒီလိုသွားစားတဲ့အခါ မလှမြိုင်ဟာ စိတ်ရတဲ့အခါ ကြည်ကြည်သာသာနဲ့ လွှတ်လိုက်တာပဲ။ တစ်ခါတစ်ခါ သူ့ယောကျ်ားကို အချစ်စမ်းတဲ့အနေနဲ့ အမယ်ကြီးဆီမှာ ထမင်းသွားစားရင် သူထမင်းမစား တော့ဘူးဆိုပြီး ထသွားတယ်။ အဲဒီအခါ ဘမောင်ဟာ အမယ်ကြီးဆီမှာ ထမင်းသွားမစားရဲတော့ဘူး။ သူ့ကို လိုက်ချော့ရတယ်။ အမယ်ကြီးလဲ

www.burmeseclassic.com

www.burmeseclassic.com



ဘမောင်လာမယ်ဆိုလို့ ထမင်းပွဲကြီးနဲ့ စောင့်နေတယ်။ အချိန်အင်မတန်ကြီးကြာလွန်းလို့ မလာတော့မှဘဲ စိတ်မကောင်းတကောင်းနဲ့ တစ်ယောက်တည်း စားလိုက်ရတယ်။ ဒါတွေကိုလဲ ဘမောင်ချစ်တဲ့စေတနာနဲ့ အမယ်ကြီးဟာ အောင့်ပြီး သည်းခံတာပဲ။

နောက်ပြီးတော့လဲရှိသေးတယ်။ အမယ်ကြီးဟာ သူ့ရဲ့ငယ်ချစ်ဆိုတော့ ဘမောင်ကလဲ ကရုဏာမကုန်ဘူး။ တနင်္ဂနွေတစ်ပတ်ကို နှစ်ခါသုံးခါလောက် အမယ်ကြီးနဲ့ သွားအိပ်ချင်တယ်။ အဲဒီလို သွားခါနီးတိုင်းကြည်ကြည်သာသာနဲ့ ဘယ်တော့မှ မသွားရဘူး။ ဘမောင်နဲ့ လှမြိုင်ဟာစကားများရတာချည်းပဲ။ ဒေါ်မြစ်ကတော့ လှေတစ်စင်းလုံး ဝဲထဲမှာနစ်တဲ့အခါ ခေါင်းအုံးကလေးတစ်လုံးရလဲအမြတ်ပဲဆိုပြီး ရသမျှကလေးကိုလိုက်ဆွဲနေတဲ့ လှေသူကြီးလို ဖြစ်နေတယ်။ သူ့ယောက်ျား ဘမောင်ဟာ လှမြိုင်ဆိုတဲ့ ဝဲထဲမှာနစ်နေပြီ။ သူနဲ့တစ်ခါတွေ့ရလဲ တစ်ခါ အမြတ်ပဲလို့ ဆိုတဲ့သဘောနဲ့ ဘမောင်နဲ့လှမြိုင် အိမ်ပေါ်ကဆင်းမသွားအောင် အစစအရာရာမှာ အောင့်ပြီးသည်းခံပါတယ်။ ဒါပေမယ့် ကောင်မကလေးကတော့ မရဘူး။

ခြောက်လကျော်ကျော်လောက် ကြာတဲ့အခါ ဒီအိမ်မှာ မနေချင်ဘူးဆိုပြီး အိမ်ပေါ်က ဆင်းသွားတယ်။ ဘမောင်သာ အစက ဒီလောက်အလိုမလိုက်ခဲ့ဘူးဆိုရင် ဒီကောင်မကလေးဟာ ဒီလောက်ကဲစရာအကြောင်းမရှိပါဘူး။ အိမ်ထောင်တွေ ခပ်များများမှာ ဒီလို တစ်ဖက်သတ်ကဲနေတာတွေကို ခဏခဏ တွေ့နိုင်တယ်။ ယောက်ျားတွေက သိပ်ချစ် သိပ်မြတ်နိုးတာကို သိတဲ့အတွက် မိန်းမတွေက တစ်ဖက်သတ် ကဲနေတာတွေမိန်းမက သိပ်ချစ် သိပ်မြတ်နိုးတဲ့အတွက် ယောက်ျားတွေက တစ်ဖက်သတ်သိပ်ကဲနေတာတွေ အများကြီးရှိတယ်။ အဲဒါတွေဟာ အိမ်ထောင်တွေရဲ့စိတ်မချမ်းသာစရာ အကွက်တွေပဲ။ တချို့ကလဲ ရှိသေးတယ်။ သူ့အောက်ကို ငါဘာဖြစ်လို့ကျရမလဲ။ သူ့အလိုကို ငါဘာဖြစ်လို့ လိုက်ရမလဲဆိုပြီးယောက်ျားကလဲ မိန်းမအပေါ် မာနလုပ်နေတာတွေ၊ မိန်းမကလဲ ယောက်ျားအပေါ် မာနလုပ်နေတာတွေ အများကြီးရှိသေးတယ်။ အဲဒီလို တစ်ဦးအပေါ်



တစ်ဦး မာနတွေလုပ်နေကြတဲ့အတွက် အဲဒီအိမ်ထောင်တွေဟာ ကြည်ကြည်လင်လင် စိုစိုပြည်ပြည်လဲ မရှိဘူး။ ခြောက်သွေ့သွေ့ကြီး ဖြစ်နေတယ်။

ကိုသိန်း၊ မခင်မေတို့လို အိမ်ထောင်မျိုးကတော့ ရှာမှ ရှားပါတယ်။ လင်ကလဲ မိန်းမကို မြတ်နိုးလိုက်တာ ချစ်လိုက်တာဆိုတာ လွန်နေတာပဲ။ မယားကလဲ ငါ့ကို ငါ့လင်ဟာ သိပ်ချစ်တယ် မြတ်နိုးတယ်ဆိုပြီး မရောင့်တက်ဘူး။ မကဲဘူး။ အခွင့်အရေးမယူဘူး။ လင်ကို အမိလို နှမလိုစိတ်ဆွေလို အစဉ်စောင့်ရှောက်တယ်။ ရိုသေတယ်။ ကိုင်းရှိုင်းတယ်။ ခင်မေကတော့ သန္ဓေကကို ကောင်းလာတဲ့မိန်းမဆိုတော့ သူ့ကိုသိပ်ချစ်တဲ့လင်အပေါ်မှာ မရောင့်တက်ဖို့ မကဲဖို့ အခွင့်အရေးမယူဖို့ အနိုင်မကျင့်ဖို့ဆိုတာတွေဟာ အထူးအားထုတ်ပြီး စောင့်ထိန်းနေဖို့ မလိုဘူး။ သူ့နဂိုရဲ့စိတ်အပိုင်း တစ်ပိုင်းလိုဖြစ်နေတယ်။

မလှမြိုင်ကတော့ သန္ဓေကလေးကကို ခပ်ဆိုးဆိုးပဲ။ အဲဒါကြောင့်သူ့ကိုသိပ်ချစ်တဲ့ ယောက်ျားကို အနိုင်ကျင့်ရတာဟာ သူ့အတွက် ဟုတ်လှပြီလို့ အထင်မှားပြီး ခဏခဏ အနိုင်ကျင့်နေတာပဲ။ အခု အိမ်ပေါ်ကဆင်းသွားတာလဲ အနိုင်ကျင့်တာတစ်မျိုးပဲ။ သူဆင်းသွားရင် သူ့ယောက်ျားဘမောင် မနေနိုင်ဘူး လိုက်ခေါ်ရမယ်ဆိုတာ သူတွက်ပြီးသား။ အဲဒီတော့သူ့ကို သူ့ယောက်ျားဟာ ဒီလိုလိုက်ပြီး ခေါ်ရတယ်ဆိုတာ အမယ်ကြီးကိုလဲ သူပြချင်တယ်။ သူငယ်ငယ်ကလေးထဲက အတူတူနေခဲ့ရတဲ့ သူ့အဒေါ်ကိုလဲ ပြချင်တယ်။ သူနဲ့ အရင်တုန်းက အတူတူနေခဲ့ရတဲ့ ခြေရင်းခန်း ခေါင်းရင်းခန်းက လူတွေကိုလဲ ပြချင်သေးတယ်။ အဲဒါကြောင့်ဘမောင် တားလို့မရဘူး။ မလှမြိုင် အတင်းဆင်းသွားတယ်။ ဘမောင်လဲအမယ်ကြီးကို ကောင်းအောင် အကျိုးအကြောင်းပြောပြီး မလှမြိုင်ကိုပြန်ခေါ်အောင် လိုက်ပါသွားတယ်။ သူ့အဒေါ်ရှေ့မှာ ဘမောင်ကို လေးငါးခွန်းလောက် အော်ငေါက်ပြီးမှ ပြန်လိုက်လာတယ်။

လိုက်လိုက်ခေါ်မှန်းသိတော့ ဒီလို ဆင်းဆင်းသွားတာတွေကလဲတစ်လတစ်ခါလောက် ဖြစ်လာတယ်။ ကြာတော့ ဘမောင်စိတ်ရှုပ်လာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အမယ်ကြီးနဲ့စကားပြောရတာလဲ သုတ်သီးသုတ်ပျာ ပုန်းလျှိုး ကွယ်လျှိုး ပြောရတယ်။ တွေ့ရတာလဲ စိတ်ညစ်စရာကောင်းအောင်ကို သူ့ လှမြိုင်နဲ့ အကြိမ်ကြိမ်စကားများပြီး လှမြိုင် ကျေနပ်အောင်ကို အမျိုးမျိုး ချော့မော့ နှစ်သိမ့်ပြီးမှ တွေ့ရတယ်။ အမယ်ကြီးနဲ့ ထမင်း အတူတူစားရ အခါမှာလဲ ထမင်းပွဲကထသွားရင် ဘာများဖြစ်ဦးမလဲလို့နောက်ဆံတင်င စားရတယ်။ အဲဒီတော့ ဘမောင်ဟာ လေးလေးနက်နက် စဉ်းစားတယ် ဒီနှစ်ယောက်စလုံးကို ပစ်ပြီး ပြေးရင်လဲ ပြေးမှပဲ။ ဒီလိုမဟုတ်ရင် တစ်ယောက်ယောက်ကိုတော့ ပစ်ပြေးမှပဲ။ နှစ်ယောက်စလုံးနဲ့ အတူတူ ဆိုတာတော့ မဖြစ်နိုင်ဘူးလို့ ရှေးဦးစွာ ဆုံးဖြတ်လိုက်တယ်။ အဲဒီ တစ်ယောက်ယောက်ကို ပစ်ပြေးရရင် ဘယ်သူ့ကို ပစ်ပြေးရမလဲ ဆက်စဉ်းစားတဲ့အခါ မလှမြိုင်ကိုတော့ သူဘယ်နည်းနဲ့မှ မပစ်နိုင်ဘူးဆို တွေ့ရတဲ့အတွက် အမယ်ကြီးကို ပစ်ပြေးမှပဲလို့ ထပ်ပြီး ဆုံးဖြတ်ချ ချပြန်တယ်။

ဒီလို ဆုံးဖြတ်ချက်ချပြီးကတည်းက သူတို့ရဲ့ အဝတ်အစားတွေ အမယ်ကြီးအိမ်က တဖြည်းဖြည်း ကယ့်ထုတ်ပြီး အဒေါ်အိမ်မှာ ပို့ထားတ တစ်နေ့ကျတော့ အမယ်ကြီးအလစ်မှာ အမယ်ကြီးရဲ့ ငွေသုံးထောင် ဘမောင် ခိုးပြီး လှမြိုင်ကိုပေးလိုက်တယ်။ လှမြိုင်ကလဲ ခါတိုင်း ဆင်း တဲ့သဘောမျိုးနဲ့ ဆင်းသွားတယ်။ အတော်ကလေးကြာတော့ ဘမောင် လိုက်ခေါ်တဲ့သဘောနဲ့ လိုက်တယ်။ အဲဒီလိုအချိန်ကစပြီး သူတို့နှစ်ယော အမယ်ကြီးအိမ်ကို ပြန်မလာကြတော့ဘူး။ သမွန်တစ်စင်း ငှားပြီး ဘမော လှမြိုင်တို့ဟာ အိမ်မဲကို တစ်ခါတည်း ထွက်ပြေးကြ တယ်။ ဒီတစ်ခါ ကိုသိန်းမောင်လဲ မတတ်နိုင်တော့ဘူး။ အမယ်ကြီး ဒေါ်မြစ်လဲ ဘမော စိတ်နဲ့ပဲ မစားနိုင်မသောက်နိုင်ဖြစ်ပြီး တစ်နေ့တစ်နေ့ ငိုပွဲတွေဆင် အချိန်ကုန်နေတယ်။ တစ်အိမ်လုံး ဒေါ်မြစ်တစ်ယောက်တည်း ဖြစ် အတွက် ဒေါ်မြစ်ရဲ့သဘောတူညီချက်နဲ့ ညီမဒေါ်နှစ်ကို ကိုသိန်းနဲ့ မခ တို့က တောင်းပန်ပြီး ဒေါ်မြစ်အိမ်ကို ပြန်ပို့ထားလိုက်တယ်။

## ၁၆
## ဒေါ်မြစ်ကို ချွတ်ခန်း

တိုင်းကျင်းပနေကျ တရားဆွေးနွေးပွဲ ပြီးတဲ့အခါ ကိုသိန်းက 'မခင်မေ ဒေါ်မြစ်ကြီးကို ဒီလိုပစ်ထားရင် လွမ်းဖျားလွမ်းနာကျပြီး သေသွား ခံမယ်၊ မင်း မတတ်နိုင်တော့ဘူးလား'လို့ မေးတယ်။ မခင်မေက ဘမတကျောဘိလူး အင်မတန်ကြောက်တာတစ်ခုရှိတယ် ကိုသိန်း'လို့ တယ်။ ကိုသိန်းက 'ဘာလဲ'လို့ မေးတယ်။ မခင်မေက 'အသုဘ'လို့ ဖြေတယ်။ အဲဒီလိုဖြေပြီး သူတို့နှစ်ယောက် ဒေါ်မြစ်ကို ကယ်တင်ရေး ကိန်းတစ်ခု နှုတ်နဲ့ပဲ လျှောက်ဆွဲပါတယ်။ အဲဒီ စီမံကိန်းအရ တပည့် လေး စံမြကို ဘယ်မှာ အသုဘရှိသလဲ၊ ဘယ်အချိန် မသာချမလဲဆိုတာကို တ်တမဲ့ စုံစမ်းဖို့ ခိုင်းလိုက်တယ်။ စံမြလဲ ဘိုင်စကယ်တစ်စင်းနဲ့ သွားပြီး စုံစမ်းတယ်။ တစ်နာရီလောက်ရှိတော့ ပြန်လာပြီး ဆေးရုံ မှာ အသုဘတစ်ခု တွေ့ခဲ့တယ်။ နောက်တစ်နေ့ နှစ်ချက်တီးမှာ ယ်ဆိုတာ သိခဲ့တယ်။

နောက်တစ်နေ့မနက် ရှစ်နာရီလောက်ရှိတော့ စက်ဖက်မှာ ဗေဒင် ည့်ရအောင် ဆယ့်တစ်နာရီလောက် သူ့အိမ်ကို ဒေါ်မြစ်လာဖို့ မခင်မေ

www.burmeseclassic.com

www.burmeseclassic.com



သွားခေါ်တယ်။ ကိုသိန်းကတော့ သာသနာ့ရိပ်သာသွားပြီး ညနေကျရင် ဒေါ်မြစ်ကို ခေါ်လာမယ်။ သင့်တော်တဲ့ တရားတစ်ပုဒ်ကို ချီးမြှင့်တော်မူပါလို့ ဆရာတော်ကို လျှောက်ထားတယ်။ ချိန်းတဲ့အတိုင်း ဆယ့်တစ်နာရီလောက်မှာ ဒေါ်မြစ် ပေါက်လာတယ်။ အဲဒါနဲ့ သမွန်တစ်စင်းငှားပြီး မခင်မေနဲ့ ဒေါ်မြစ်တို့ဟာ စက်ဖက်ကို ကူးသွားကြတယ်။

စာရေးတစ်ယောက်ဟာ ဗေဒင်ပညာကို အတော်လိုက်စားတယ်။ အချင်းချင်းတွေထဲမှာ သူဟောတာ အတော်မှန်တာများတယ်။ အဲဒီစာရေး ခေါ်ပြီး 'မင်း အမယ်ကြီးဒေါ်မြစ်ကို ဘယ်လိုပဲဟောဟော မင်းပညာ မြင်တဲ့အတိုင်းဟော၊ ဒါပေမယ့် ငါပြောတာတစ်ခုတော့ ထည့်ဟော အမယ်ကြီး သာသနာ့ရိပ်သာမှာ ဥပုသ်ရက်ရှည်စောင့်ရမယ်ဆိုတာ ပါရမယ်၊ အဲဒီလို ဘာဝနာကုသိုလ်လုပ်ဖို့ဟောတာဟာ မုသားမဟုတ် ကောင်းတာ တိုက်တွန်းတာပဲ၊ မင်းကုသိုလ်တောင် အများကြီးရဦးမယ်' လို့ စာရေးကို ကိုသိန်းက သင်ထားတယ်။

မခင်မေနဲ့ ဒေါ်မြစ်တို့ ရောက်လာတဲ့အခါ ကိုသိန်းရဲ့ ရုံးခန်းထဲ စာရေးခေါ်ပြီး ဗေဒင်အဟောခိုင်းတယ်။ လေးငါးနှစ်အတွင်း ဖြစ်ခဲ့တာ တွေကို ပထမ ဟောတယ်၊ မှန်တာ တော်တော်များတဲ့အတွက် ဒေါ်မြစ် ဟာ အတော် စိတ်ဝင်စားလာတယ်။ အဲဒီလိုဟောပြီးမှ ဘမောင်နဲ့လှ အိမ်ပေါ်က အခုဆင်းသွားတာ ဒေါ်မြစ် ကုသိုလ်ကောင်းလို့ပဲ။ တကယ် လို့သာ သူတို့ ဆင်းမသွားရင် ဒေါ်မြစ်အတွက် အသက်အန္တရာယ်ရှိတယ် အိမ်ကိုလဲ မီးလောင်ကိန်းရှိတယ်။ ကိုယ့်လယ်တွေလဲ အခြားလူလက် ရောက်ဖို့ရှိတယ်။ ဒေါ်မြစ်ဟာ မွေးလကလွန်ရင် တွေ့နေရတဲ့ ဒုက္ခတွေ လွတ်မယ်။ သူတော်ကောင်းများရဲ့ အမအစကိုလဲခံရမယ်။ မသေ အလှူကြီးအတန်းကြီး လှူရဦးမယ်လို့ဟောတယ်။ ဒေါ်မြစ်ဟာ သာသနာ့ ရိပ်သာမှာ ဥပုသ်ရက်ရှည်စောင့်နိုင်ရင် ဒေါ်မြစ်အတွက် သိပ်ကောင်းမယ် လို့ဟောတယ်။ နှစ်ချက်တီးခါနီးကျတော့ သိန်းမောင်၊ ဒေါ်မြစ်၊ မခင်မေ တို့ဟာ သုသာန်ဘက်ကို သမွန်နဲ့ ထွက်လာကြတယ်။



သုသာန်ဆိပ်မှာ ဆိုက်တဲ့အခါ ဒေါ်မြစ်က 'ဘယ်ကိုသွားကြမလို့လဲ' လို့ မေးတယ်။ ခရီးကြုံတဲ့အခါ ဦးလေးချင်းဂူနဲ့ ကျွန်တော့် သားကလေး မောင်ကျော်ဆန်းရဲ့ဂူကို သွားကြည့်ရအောင်' လို့ သိန်းမောင်ကပြောပြီး ကုန်းပေါ်တက်ကြတယ်။ သုသာန်ဇရပ်ကြီးရဲ့ ရှေ့ကိုရောက်တော့ ဒေါ်မြစ် ဟာ အထဲမဝင်ဝံ့ဘူး။ ကြောက်တယ်။ 'မခင်မေနဲ့ ငါနဲ့ လမ်းမှာပဲ ရပ်နေ မယ်၊ မင်းသွားကြည့်ပြီး မြန်မြန်ပြန်လာ' လို့ ကိုသိန်းကို ပြောတယ်။ မခင်မေက 'ကျွန်မလဲ သားကလေးရဲ့ဂူကို ဝင်ကြည့်မလို့' ဆိုပြီး ကိုသိန်း နဲ့ ဝင်လိုက်သွားတာနဲ့ ဒေါ်မြစ်လဲ လမ်းမှာ တစ်ယောက်တည်းမနေရဲဘဲ ကြောက်ကြောက်နဲ့ သုသာန်ထဲ ဝင်လိုက်သွားရတယ်။ ဦးချင်းဂူကိုအရင်သွား ကြတယ်။ လမ်းမှာ လူခေါင်းခွံတွေ လူ့လက်ရိုး ခြေရိုး နံရိုးတွေကို တွေ့ တယ်။ ဒေါ်မြစ် မမြင်မှာစိုးလို့ သိန်းမောင်က 'ဒေါ်လေးမြစ်ရေ ဟောဒါ က လူ့ခေါင်းခွံ၊ ဟောဒါက လူ့လက်ရိုး၊ ဟောဒါက လူ့ ခြေရိုး၊ ဟောဒါ က လူ့နံရိုး' ဆိုပြီး ဟိုနေရာ ဒီနေရာ ကြဲပြန့်နေတဲ့ လူရိုးတွေနဲ့ ခေါင်းခွံ တွေကို လက်ညှိုးထိုးပြပါတယ်။ တချို့ လူရိုးတွေနားမှာ ခဏ တဖြုတ်ရပ်ပြီး 'ဒါက လူကြီးရိုးနဲ့တူတယ်၊ ဒါက လူငယ်ရိုးနဲ့တူတယ်' လို့ ဒေါ်မြစ်ကို ရှင်းပြတယ်။ ဒေါ်မြစ်ကလဲ ဒီကောင်လင်မယား ငါ့ကို ဘယ်များခေါ်လာပါ လိမ့်မလဲလို့အောက်မေ့ပြီး ဒီနေရာက မြန်မြန် အပြင်ထွက်ဖို့သာ စိတ်ထဲမှာ စောနေတယ်။

ဒေါ်မြစ်သာ သိတတ်မယ်ဆိုရင် ဒီလို သုသာန်ကိုလာလိုက်တာ သူ့အတွက် သိပ်ကောင်းတာပဲဆိုတာကို သဘောပေါက်မှာပဲ။ ဒီသုသာန်ကို မလာခင်တုန်းက နေ့စဉ်နဲ့အမျှ၊ နာရီနဲ့အမျှ၊ မိနစ်နဲ့အမျှ ဒေါ်မြစ်ဟာ ဘမောင်နဲ့ သူနဲ့ နှစ်ပါးသွားခဲ့ရဖူးတာတွေကိုပဲ တစ်မြင်တည်း မြင်နေတယ်။ ဘမောင်က သူ့ကို နှစ်ကိုယ်ကြား ပြောခဲ့ဖူးတာကလေးတွေကိုပဲ တစ်ကြား တည်း ကြားနေတယ်။ ဒါတွေကို ပြန်ပြန်ပြီး မြင်ရတိုင်း မြင်ရတိုင်း၊ ပြန် ပြန်ပြီး ကြားရတိုင်း ကြားရတိုင်း သူ့မှာ အကုသိုလ်စိတ်တွေ ဖြစ်နေတယ်။ ဒီလိုဖြစ်တိုင်းဖြစ်တိုင်း အကုသိုလ်စိတ်တစ်ခုခုဟာ သူ့ကို အပါယ်လေးဘုံ

www.burmeseclassic.com

www.burmeseclassic.com



ဆွဲချနိုင်တယ်ဆိုတာတွေကို ဒေါ်မြစ် တစ်ခါမှ သတိမရဖူးဘူး။ သိလဲ မသိဖူးဘူး။ ဒီလိုအဟောင်းတွေ မျက်စိထဲပြန်ပြီး ပေါ်လာတိုင်း ပေါ်လာတိုင်း တစ်ကိုယ်လုံး အကြောတွေ ဖြိုးဖြိုးဖျဉ်းဖျဉ်း ဖြစ်တာတွေ၊ ဒီလို အနာဟောင်းတွေ နားထဲပြန်ပြီး ကြားတိုင်းကြားတိုင်း တစ်ကိုယ်လုံး အကြောတွေ ဖြိုးဖြိုးဖျဉ်းဖျဉ်းဖြစ်တာတွေဟာ ဒေါ်မြစ်အဖို့ သိပ်ပြီး အရသာရှိတာတွေ ဖြစ်နေတဲ့အတွက် ဒီအဟောင်းတွေကိုပဲ ဒေါ်မြစ်ဟာ တစ်နေ့ကုန် တစ်နေခန်း ပြန်ပြန်ဖော်ရင်း အချိန်ကုန်ခဲ့ရတယ်။

ဒါပေမယ့် ဒီသုသာန်ထဲကိုဝင်လာတဲ့အချိန်ကစပြီး ဒီမျက်စိထဲမှာ တစ်မြင်ထဲ မြင်မြင်နေတာတွေ၊ နားထဲမှာ တစ်ကြားတည်း ကြားကြားနေတာတွေဟာ ဒေါ်မြစ်ရေ ခင်ဗျားဟာ ခင်ဗျား နေရစ်ပေတော့၊ ကျွန်တော်တို့ ပြေးတော့မယ်လို့ ဆိုလိုက်သလိုပဲ တစ်ခါတည်း ဒေါ်မြစ်ရဲ့ မျက်စိနဲ့ နားထဲက ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြတယ်။ တစ်ကိုယ်လုံး အကြောတွေ ဖြိုးဖြိုးဖျဉ်းဖျဉ်းဖြစ်ဖြစ်နေတာတွေလဲ ကြက်ပျောက်ငှက်ပျောက် ပျောက်ပြီး ကြောက်စိတ်နဲ့ ကြက်သီးတွေ တဖျန်းဖျန်း ထနေတယ်။ တစ်ကိုယ်လုံးလဲ ကျပ်တဲ့ သံစည်ပိုင်းထဲ အသွင်းခံထားရသလိုဖြစ်ပြီး အသက်ရှုရလဲကျပ်နေတယ်။ လက်တွေခြေတွေလဲ မလှုပ်နိုင်သလိုလို ဖြစ်နေတယ်။ ဘမောင်အပေါ်မှာ စိတ်ဖောက်ပြန်တဲ့အချိန်ကစပြီး သေရမှာကို အမေ့ကြီး မေ့နေခဲ့တဲ့ ဒေါ်မြစ်ဟာ အရိုးတွေ၊ မြေပုံတွေ၊ ဂူတွေ မြင်ရပြီး သူလဲ သေရဦးမှာကို ပထမဆုံးအကြိမ် သတိရလာတယ်။

ဦးလေးချင်းဂူရှေ့ကို ရောက်တဲ့အခါ ဖိနပ်တွေချွတ်ပြီး မတ်တတ်ရပ်ရင်း လက်အုပ်ချီကန်တော့ကြတယ်။ အမျှအတန်းဝေကြတယ်။ မေတ္တာပို့ကြတယ်။ ဦးလေးချင်း သေပြီးလို့ ခေါင်းသွင်းခါနီးချိန်မှာ ညိုမည်းပုပ်ပွနေတဲ့ ရုပ်အလောင်းကို ဒေါ်မြစ် ပြန်ပြီး သတိရစေချင်တဲ့အတွက် 'ဦးလေးချင်း ဘယ်နှစ်ရက်နဲ့ ခေါင်းသွင်းရသလဲ' လို့ ကိုသိန်းက ဒေါ်မြစ်ကို မေးတယ်။ ဒေါ်မြစ်ကလဲ ကြောက်နေတဲ့အတွက် စကားရှည်ရှည်မပြောဘဲ 'သေပြီး နောက်တစ်နေ့' လို့ တိုတိုပဲ ဖြေတယ်။ 'ဘာလဲ၊ ပုပ်လာလို့လား'



...ကိုသိန်းက ထပ်မေးတယ်။ ဒေါ်မြစ်က 'အင်း' လို့ တိုတိုပဲ ဖြေတယ်။ ...အခါ ကိုသိန်းက 'ဒေါ်လေးမြစ် ခေါင်းသွင်းတုန်းက အနားမှာရှိနေ...သလား' လို့ ထပ်ပြီး မေးပါတယ်။ ဒေါ်မြစ်ကလဲ ဒီကောင်ဟာ ...ယ်လျှာရှည်တဲ့အကောင်ပဲလို့ အောက်မေ့ပြီး စိတ်တိုတိုနဲ့ 'အင်း' လို့ပဲ ...တိုတို ဖြေလိုက်တယ်။ ဒေါ်မြစ်ရဲ့ မျက်စိထဲမှာ ဦးချင်းရဲ့ ညိုမည်းပုပ်ပွ...တဲ့ အလောင်းကောင်ကြီးဟာ တော်တော်နဲ့ မပျောက်တော့ဘူး။

ဒေါ်မြစ်ဟာ သိတတ်ရင် ကိုသိန်းကို စိတ်တိုမှာ မဟုတ်ဘူး။ ...ျေးဇူးတင်မယ်။ ဒီလို အသုဘကို မြင်တဲ့သူဟာ မမြဲတဲ့ သဘောတရား...တော့ အနည်းဆုံး လက်တစ်ဖျစ်လောက် ဆင်ခြင်မိမှာပဲ။ ဒီလိုမမြဲတဲ့ ...ရားကို ဆင်ခြင်မိတာဟာ နိဗ္ဗာန်ရောက်ကြောင်း လမ်းစကလေးပဲဖြစ်...ယ်။ ဒါပေမယ့် ဒေါ်မြစ်ကတော့ ဒီအချိန်မှာ ဒီလောက်အထိ နက်နက်နဲနဲ ...တွေးနိုင်သေးပါဘူး။ အဲဒါကြောင့် ဒီအသုဘကြီးကို မျက်စိထဲက ...ပျောက်နိုင်အောင်ဖြစ်ပြီး မောင်ကျော်ဆန်းရဲ့ဂူကို လျှောက်သွားကြတယ်။ ...ောင်ကျော်ဆန်းရဲ့ဂူရှေ့ကိုရောက်တဲ့အခါ အမျှအတန်းဝေကြ၊ မေတ္တာပို့...ကြတယ်။ ကိုသိန်းလဲ ဂူကို ခဏလောက် စိုက်ကြည့်ပြီး 'ဒေါ်လေးမြစ်ရေ ...ကြီးတယ် ငယ်တယ်မဟုတ်ဘူး၊ ဒေါ်လေးမြစ်တို့ မခင်မေတို့ ကျွန်တော် ...တို့ဟာ တစ်နေ့တော့ ဒီနေရာကို ရောက်ကြရဦးမှာပဲ' လို့ ပြောလိုက်တယ်။ ...ဒေါ်မြစ်က မျက်နှာ မသာမယာဖြစ်ပြီး သက်မကြီးချလိုက်တယ်။ ဘာမှ ...ကားပြန်မပြောဘူး။

သူတို့ သုသာန်ထဲကထွက်လာတဲ့အခါ ဆေးရုံလမ်းက မသာချ...တာကို မြင်ရတယ်။ ဒေါ်မြစ်က 'မောင်သိန်းမောင်ရယ်၊ ပြန်ကြပါစို့ ...ယ်၊ ဟိုမသာတောင်ချလာပြီ' လို့ ပြောတယ်။ 'နေပါဦး ဒေါ်လေးမြစ် ...ယ်၊ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဆိုတာ ကြားဖူးတယ်မဟုတ်...ား၊ မသာနဲ့တွေ့ရတာ အင်မတန် ကုသိုလ်ရပါတယ်' လို့ သိန်းမောင်က ...ပြန်ပြောတယ်။ ဒေါ်မြစ်လဲ ဘာမှ မပြောဘဲ သက်မကြီးချလိုက်ပါတယ်။ ...ဒေါ်မြစ်၊ ကိုသိန်း၊ မခင်မေတို့ သုံးဦးဟာ သုသာန်ရှေ့က ...ောင်ပင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို ဝိုင်းပြီးဆောက်ထားတဲ့ ကွပ်ပျစ်ပေါ်မှာ ထိုင်ရင်း မသာကို စောင့်နေ ကြပါတယ်။ မသာရောက်လာပြီး ခေါင်းကို ဖရုပ်ပေါ်တင်၊ ဘုန်းကြီးကို ကန်တော့၊ ငါးပါးသီလယူကြပြီး၊ ရေစက်ချ အမျှဝေတဲ့အခါ သေသူ၏ သားတွေ သမီးတွေ ဆွေတွေ မျိုးတွေ ငိုကြတဲ့ အသံဟာ ဆူညံသွားတယ်။

ကိုသိန်းလဲ ဒေါ်မြစ်ကို အမှတ်တမဲ့ ကြည့်လိုက်တယ်။ ဒေါ်မြစ် မျက်နှာ ရွှံ့နေတာကို မြင်ရတယ်။ သက်မကြီး နှစ်ကြိမ်သုံးကြိမ်ချလိုက် တာကိုလဲကြားရတယ်။ အဲဒီအခါ ကိုသိန်းက 'ဒေါ်လေးမြစ်တို့ ကျွန်တော် တို့ မခင်မေတို့ သေကြတဲ့အခါလဲ ဆွေတွေမျိုးတွေ ညီတွေ ညီမတွေက ဒီလို ငိုကြဦးမှာပဲ'လို့ ပြောလိုက်တယ်။ ဒေါ်မြစ်လဲ ဘာမှ မပြောဘူး သက်မကြီးချတယ်။ တအောင့်လောက်ကြာတော့ သမ္ဂန်ထဲဆင်းကြတယ် ခေါင်းကို မြေမြှုပ်ခါနီး ဆွေတွေမျိုးတွေ ငိုကြတဲ့အသံဟာ သမ္ဂန်ထဲက တောင် ကြားရတယ်။ ဒေါ်မြစ်လဲ သုသာန်ဘက်ကို တစ်ချက်လှည့်ကြည့် ပြီး မြစ်တစ်ဖက်ကမ်းကို ခပ်မြန်မြန်လှည့်လိုက်တယ်။

သမ္ဂန်ထွက်လာတဲ့အခါ ကိုသိန်းက 'မခင်မေရေ၊ ဒေါ်လေးမြစ်ကို သေမင်းတမန်ကြီး သုံးဦးအကြောင်း ပြောပါဦးကွယ်'လို့ စလိုက်ပါတယ်။ ဒေါ်မြစ်လဲ မခင်မေဘက်ကိုလှည့်ပြီး ဒီဟာမက ငါ့ဘာတွေများ ပြောဦး မလဲဆိုတဲ့ မျက်နှာထားနဲ့ ကြည့်နေတယ်။ ကိုသိန်းက ဒေါ်မြစ်ရဲ့ မသာ ယာတဲ့မျက်နှာထားကို မြင်တဲ့အခါ ဒီအမယ်ကြီးဟာ အသုံးကျတဲ့ ဟာ ကြီး မဟုတ်ဘူး၊ သူ့အတွက် အကောင်းပြောလို့ ပြောမှန်းလဲမသိဘူး မျက်နှာကြီး မဲ့ထားတယ်၊ သူ့တော့ ခပ်တင်းတင်းကလေး ပြောလိုက်ဦး မှပဲလို့ စိတ်ကူးပြီး 'ဒီမှာ ဒေါ်လေးမြစ်၊ ကျွန်တော်နဲ့ မခင်မေဟာ ဒေါ်လေးမြစ်ရဲ့ မိတ်ဆွေစစ်တွေလို့ မှတ်ထားပါ၊ ကျွန်တော်တို့ ဒေါ်လေး မြစ်ကို ပစ်ထားလိုက်ရင် ကိုယ့်ဆီပြန်မလာချင်လို့ တခြားမြို့ထွက်ပြေးတဲ့ အကောင်ကိုလွှမ်းပြီး ဒေါ်လေးမြစ် ရင်ကွဲနာကျသေမှာပဲ၊ ဒီအပူကို ပေါ့ပေါ့ ဆဆ မထင်နဲ့၊ ဒေါ်လေးမြစ်လို အရွယ်ကြီးမျိုးဆိုရင် မြန်မြန်သေနိုင်တယ် ဒေါ်လေးမြစ် အဲဒီအပူတွေနဲ့ သေသွားရင် ဘယ်သူကမှ ဆွဲချနေစရာ မလို



ဘူး၊ အပါယ်လေးဘုံကို ကိုယ့်ဟာကိုယ် ယက်ပြီးဆင်းသွားမှာပဲ၊ အဲဒီလို ရင်ကွဲနာကျပြီး မသေရအောင်၊ အဲဒီလို အပါယ်လေးဘုံကို ယက်ပြီး မဆင်းရအောင် ကျွန်တော်နဲ့ မခင်မေတို့က ဒေါ်လေးမြစ်ကို ကူညီနေကြတာ၊ အဲဒါပဲ'လို့ ဒေါ်မြစ်ကို ခပ်ထန်ထန်ကလေးပြောပြီးမှ သေမင်းတမန်ကြီး သုံးဦးအကြောင်းပြောဖို့ မခင်မေကို ထပ်ပြောတယ်။ အမယ်ကြီးလဲ ဒီလို အငေါက်ခံရတော့မှ မျက်နှာထားပြင်ပြီး ကောင်းကောင်း တရားနာတယ်။

မခင်မေလဲ သေမင်းတမန်ကြီး သုံးဦးအကြောင်းကို အရင်တုန်းက ကိုသိန်းပြောသလို ပြောပြပါတယ်။ ဒါပေမယ့် အရင်တုန်းက ကိုသိန်းကို ပြောတဲ့အခါ ငရဲခန်းကို စုံစုံလင်လင် မပြောဘူး။ တရုတ် ကုလားတွေ ဘဲ၊ ကြက်၊ ဝက်၊ ဆိတ်၊ နွားတွေကို သတ်တာထက် ဆိုးတယ်လောက်သာ ပြောထားတယ်။ အခု ဒေါ်မြစ်ကို ပြောတဲ့အခါမှာတော့ ဒေဝဒူတသုတ် ထဲမှာ မြတ်စွာဘုရား ဟောထားတော်မူတဲ့အတိုင်း ငရဲခန်းကို ဆက်ဟော ပါတယ်။ 'ဒေါ်လေးမြစ်ရယ် ယမမင်းကြီးက ငရဲကျတဲ့သူကို ဒီလို ပြော ပြီးတော့ ဘာမှ မပြောတော့ဘူး၊ အဲဒီအခါ ငရဲထိန်းတွေက ရဲရဲတောက် ပြီး ပူနေတဲ့သံစို့တွေနဲ့ လက်နှစ်ဖက်ကို ရိုက်သွင်းတယ်၊ ခြေ နှစ်ဖက်ကို ရိုက်သွင်းတယ်၊ ရင်အလယ်မှာ ရိုက်သွင်းတယ်' (အမယ်ကြီးရဲ့ မျက်နှာ ပေါ်မှာ သိပ်ကြောက်နေတဲ့အသွင် ပေါ်နေတယ်။) 'အဲဒီလို သံပူ စို့တွေနဲ့ ရိုက်သွင်းပြီးတော့မှ ငရဲထိန်းတွေက ဓားမကြီးတွေနဲ့ ဝိုင်းပြီး ခုတ်ကြပါ တယ်' (ဒေါ်မြစ်ဟာ ပါးစပ်က 'ဟင်း'လို့ သတိလစ်ပြီး ခပ်ရှည်ရှည်ကလေး ညည်းလိုက်တယ်။) 'ဒေါ်လေးမြစ်ရယ် သာမန်အားဖြင့် ဆိုရင် ဒီလောက် ဝိုင်းပြီး နှိပ်စက်တာကို ဘယ်သူခံနိုင်မလဲ၊ သေရောပေါ့၊ ဒါပေမယ့် ငရဲ ကျတဲ့သူတွေကတော့ နှိပ်စက်သမျှတွေကို ဆက်ပြီးခံရမယ့် အကုသိုလ်တွေ ပါလာတဲ့အတွက် မသေနိုင်ဘူး၊ ငရဲထိန်းတွေ နှိပ်စက် တာ၊ တစ်ခုပြီးတစ်ခု ဆက်ခံနေရတယ်၊ အဲဒီတော့ ဒေါ်လေးမြစ်ရယ် ငရဲထိန်းတွေက အဲဒီ ငရဲကျတဲ့သူတွေကို ဇောက်ထိုးမိုးမျှော် ဆွဲထားပြီး ပဲခွပ်တွေနဲ့ ခုတ်ကြပြန် တယ်' (ဒေါ်မြစ်ဟာ ဒီနေရာမှာလဲ 'ဟင်း'လို့ သတိလစ်ပြီး ညည်းမိတယ်။)

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုခုတ်ပြီးတော့မှ ဒိငရဲကျတဲ့သူကို ရထားမှာတပ်ပြီး မီးတောက်မီးလျှံတွေ တခြောင်ခြောင် တောက်လောင်နေတဲ့ မြေပြင်ပေါ်မှာ အခေါက်ခေါက် အပြန်ပြန် ဆွဲနိုင်းတယ်၊ ဒေါ်လေးမြစ်ရယ်၊ အဲဒီလို မြေပြင်မှာ ဆွဲခိုင်းပြီးတော့မှ မီးတောက်မီးလျှံတွေနဲ့ တပြောင်ပြောင် တောက်လောင်နေတဲ့ မီးတောက်ကြီးကို တက်လိုက် ဆင်းလိုက် အဆွဲခိုင်းပြန်တယ်၊ အဲဒီလို အဆွဲခိုင်းပြီးတော့မှ ငရဲထိန်းတွေဟာ ဒိငရဲသားကို ခြောက်ထိုးကိုင်ပြီး သံပူရေတွေ ပွက်ပွက်ကြီးဆူနေတဲ့ သံအိုးကြီးထဲကို ပစ်ချကြပြန်တယ်' (ဒေါ်မြစ်ဟာ အရင်လိုပဲ သတိလစ်ပြီး 'ဟင်း'လို့ ခပ်ရှည်ရှည်ကလေး ညည်းလိုက်မိတယ်။) 'ဒေါ်လေးမြစ်ရယ်၊ သာမန်ဆိုရင် ဒိငရဲသားဟာ ဒီသံပူအိုးကြီးထဲမှာ အရိုးအသားတောင် ရှာတွေ့မှာ မဟုတ်ဘူး။ ဒါပေမယ့် သူ့မှာတော့ နိုပ်စက်သမျှတွေကို ဆက်ပြီးခံရမယ့် အကုသိုလ်တွေ ပါလာတဲ့အတွက် မသေနိုင်ဘူး၊ ဒီသံပူအိုးထဲမှာ မချိမဆန့် တွန့်လိမ်ပြီး ခံနေရတယ်၊ အဲဒီလို ခံရပြီးတော့မှ ငရဲထိန်းတွေဟာ သူ့ကို ဒီသံပူအိုးကြီးထဲက ဆယ်ထုတ်ပြီး အဝီစိငရဲကို ပစ်ချလိုက်ကြတယ်'လို့ မခင်မေက ပြောပါတယ်။ ဒေါ်မြစ်လဲ သက်မကြီးချလိုက်ပါတယ်။ အိမ်ပြန်ရောက်တဲ့အခါ ဒေါ်မြစ်ကို သူတို့အိမ်မှာပဲ ညစာကျွေးပြီး သာသနာ့ရိပ်သာကို ခေါ်သွားကြတယ်။

ဆရာတော်ကလဲ ဒေါ်မြစ်အကြောင်းကို သိနှင့်ပြီးဖြစ်နေတယ်။ ဒါကြောင့် ဒေါ်မြစ်တို့ရောက်လာတာနဲ့ တရားကောက်ဟောတယ်။ 'ဒကာမကြီး၊ ဒကာမကြီးဟာ ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ်တွေဖြစ်တဲ့အခါ ဖြစ်လိုက်၊ လူတွေဖြစ်တဲ့အခါ ဖြစ်လိုက်၊ နတ်တွေဖြစ်တဲ့အခါဖြစ်လိုက်၊ ဗြဟ္မာတွေ ဖြစ်တဲ့အခါဖြစ်လိုက်နဲ့ သုံးဆယ့်တစ်ဘုံမှာ ဒကာမကြီးဖြစ်ခဲ့ရတဲ့ ဘဝပေါင်းဟာ ဘဝကုဋေ၊ ဘဝအသင်္ချေ မကတော့ဘူး၊ ကမ္ဘာပေါင်းလဲ ကမ္ဘာကုဋေ ကမ္ဘာအသင်္ချေ မကတော့ဘူး၊ ရေတွက်လို့ မရတော့ဘူး၊ အဲဒီလောက် များခဲ့လှပြီ၊ အဲဒီ ဖြစ်လေရာဘဝတွေမှာ ဒကာမကြီးဟာ အဆင်းကိုတပ်မက်ပြီး၊ အဲဒီအဆင်းနဲ့ သေကွဲဖြစ်ဖြစ်၊ ရှင်ကွဲဖြစ်ဖြစ်



ကွဲရတဲ့အခါ ဒကာမကြီး ငိုပြီးကျခဲ့တဲ့မျက်ရည်တွေ၊ အသံတွေ၊ အနံ့တွေ၊ အရသာတွေ၊ အတွေ့တွေကို တပ်မက်ပြီး အဲဒီအသံတွေ အနံ့တွေ၊ အရသာတွေ အတွေ့တွေနဲ့ သေကွဲဖြစ်ဖြစ် ရှင်ကွဲဖြစ်ဖြစ် ကွဲရတဲ့အခါ ဒကာမကြီး ငိုပြီး ကျခဲ့တဲ့မျက်ရည်တွေဟာ သမုဒ္ဒရာ လေးစင်းထဲက ရေတွေထက် များခဲ့လှပြီ၊ အဲဒီတော့ ဒကာမကြီးကို ဘုန်းကြီးမေးချင်တယ်၊ နောက်ထပ် မရေမတွက်နိုင်အောင် ဘဝတွေ ထပ်ဖြစ်ပြီး ဒီလိုပဲ မျက်ရည်တွေစိုရွှဲ ငိုပွဲတွေ ဆင်ရတဲ့လမ်းကို တကာမကြီး ဆက်လိုက်ချင်သေးသလား'လို့ ဘုန်းကြီးက မေးတယ်။ 'မလိုက်ချင်ပါဘူးဘုရား'လို့ ဒေါ်မြစ်က လျှောက်တယ်။ 'ဒီလိုဆိုရင် မငိုလဲမငိုရ၊ မအိုလဲ မအိုရ၊ မနာလဲ မနာရ၊ မသေလဲ မသေရတဲ့လမ်းကိုကော မလိုက်ချင်ဘူးလား'လို့ ဘုန်းကြီးက ထပ်ပြီးမေးပါတယ်။ 'လိုက်ချင်ပါတယ်ဘုရား'လို့ ဒေါ်မြစ်က လျှောက်တယ်။ 'ငိုရတဲ့လမ်းကို အဟုတ်ပဲ ကြောက်ရဲ့လား'လို့ ဘုန်းကြီးက ထပ်မေးပါတယ်။ 'အဟုတ်ပဲ ကြောက်ပါတယ်ဘုရား'လို့ ဒေါ်မြစ်က လျှောက်တယ်။ 'မငိုရတဲ့လမ်းကို အဟုတ်ပဲလိုက်ချင်သလား'လို့ ဆရာတော်က ထပ်ပြီးမေးပြန်တယ်။ 'အဟုတ်ပဲလိုက်ချင်ပါတယ်'လို့ ဒေါ်မြစ်က လျှောက်ပြန်တယ်။

ဘုန်းကြီးက သာဓုသုံးကြိမ်ခေါ်ပြီး 'အင်း၊ ဒီလိုဆိုရင် ဒကာမကြီးကို မတင့်တယ်တဲ့ တရား၊ သာယာဖွယ်မရှိတဲ့ တရား၊ စက်ဆုပ်စရာကောင်းတဲ့ တရား၊ ရွံစရာကောင်းတဲ့တရားကို ဟောရမယ်၊ များသောအားဖြင့် လူတွေဟာ လူသေကောင်ကိုမှ မတင့်တယ်ဘူး၊ သာယာဖွယ် မရှိဘူး၊ စက်ဆုပ်စရာကောင်းတယ်၊ ရွံစရာကောင်းတယ်လို့ ထင်နေကြတယ်၊ အသက်ရှင်နေတဲ့ လူရှင်တွေလဲ တင့်တယ်တာတွေ မဟုတ်ဘူး၊ သာယာဖွယ်ရှိတာတွေ မဟုတ်ဘူး၊ စက်ဆုပ်စရာ ရွံစရာကောင်းတာတွေပဲ၊ ရေချိုး၊ ဖြီးလိမ်း၊ ဝတ်စား ပြုပြင်ထားလို့သာ မတင့်တယ်တာတွေ၊ သာယာဖွယ် မဟုတ်တာတွေ၊ စက်ဆုပ်စရာတွေ၊ ရွံစရာတွေဟာ ဖုံးအုပ်နေပြီး တင့်တယ်သလို၊ သာယာဖွယ်ဖြစ်သလို၊ စက်ဆုပ်စရာ မရှိသလို၊ ရွံစရာမရှိသလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာ၊ တကယ်လို့သာ မပြုပြင်ဘဲ မိမွေးတိုင်း၊ ဖမွေးတိုင်း ထားလိုက်ရင် ရှင်ဘုရင်လဲ အမှိုက်လှည်းသမား၊ သူတောင်းစားတွေနဲ့ ဘာမှခြားမှာ မဟုတ်ပါဘူး။

'ဒကာမကြီး၊ တစ်လံလောက်ရှိတဲ့ ဒကာမကြီးရဲ့ ကိုယ်ကာယကို ခွဲစိတ်ကြည့်မယ်ဆိုရင် နေရာပေါင်း တစ်ရာ့ရှစ်ဆယ်မှာ ဆက်စပ်ထားတဲ့ အရိုးသုံးရာ တွေ့ရမယ်၊ တစ်ကိုယ်လုံးကို တုပ်ဖွဲ့ချည်နှောင်ထားတဲ့ အကြောကိုးရာတွေ့ရမယ်၊ အသားတစ်ပေါင်း ကိုးရာတွေ့ရမယ်၊ တစ်ကိုယ်လုံးကို စိုနေတဲ့အရေတွေနဲ့ တစ်ထပ်၊ အရေပါးနဲ့ တစ်ထပ် ဖုံးလွှမ်းထားတာ တွေ့ရမယ်၊ ဖွတ်၊ ပဒတ်၊ မြွေတွေနေတဲ့ တွင်းတွေနဲ့တူတဲ့ အပေါက်ကလေးတွေ၊ အင်မတန်သေးငယ်တဲ့ အပေါက်ကလေးတွေ တစ်ကိုယ်လုံးမှာ ပြည့်နေတယ်၊ ဒီကိုယ်ကာယဟာ ပိုးမျိုးရှစ်ဆယ်ရဲ့ ခိုအောင်းမှီခိုရာ ဖြစ်တယ်၊ အနာရောဂါစွဲကပ်ရာလဲဖြစ်တယ်၊ ဆင်းရဲဒုက္ခတရားတွေ ပေါက်ပွားရာ လယ်ခင်းကြီးသဖွယ်လည်းဖြစ်တယ်၊ ပေါက်ပြဲနေတဲ့ အိုင်းအနာကြီးလို၊ ကိုးပေါက်သော အနာဝတွေက ကိုးမျိုးသော အပုပ်ရည်တွေ အစဉ်မပြတ် တဖွားဖွား တဒီးဒီး ယိုစီးပြီးနေတယ်၊ ဒီကိုယ်ကာယရဲ့ မျက်လုံးနှစ်ဖက်က မျက်ချေး၊ မျက်ဝတ် တစွတ်စွတ် ယိုထွက်နေတယ်၊ နားနှစ်ဖက်က နားဖာချေးဟာ စေးကပ်ကပ်ဖြစ်ပြီး ယိုထွက်နေတယ်၊ နှာခေါင်းနှစ်ဖက်က ထန်းသီးနှရည်အလား ကျိချွဲတဲ့ နှာရည်တွေ ယိုထွက်နေတယ်၊ ခံတွင်းက မျိုချလိုက်တဲ့ အာဟာရဟာ သည်းခြေ၊ သလိပ်၊ သွေးတွေဖြစ်ပြီး အန်ထွက်တယ်၊ နှစ်ခုသော အောက်ဒွါရပေါက်တွေက ကျင်ကြီးကျင်ငယ်တွေ အစဉ်မပြတ် ယိုထွက်တယ်။

'ကိုသောင်းကိုးထောင်ကုန်သော မွေးတွင်းပေါက်တွေက မစင်ကြယ် စက်ဆုပ်ဖွယ်ဖြစ်တဲ့ ချွေးစီးတွေ ယိုထွက်တယ်၊ ယင်မမည်းရိုင်း အစရှိတဲ့ ပိုးကောင်မွှားကောင်တွေ ဝိုင်းပြီး အုံကြတယ်၊ ဒီကိုယ်ကာယကို သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်း၊ ဦးခေါင်းကို ဆီလိမ်းခြင်း၊ ရေချိုးခြင်း၊ အဝတ်အစား ဝတ်ခြင်း ဆိုတာတွေနဲ့ မပြုမပြင် မသုတ်မသင်ဘဲ မိမွေးတိုင်း



ဖမွေးတိုင်း ကိုယ်တုံးလုံး ထားခြင်း၊ ရုန့်ရင်း ကြမ်းကြုတ် အမွေးစုတ်ဖွားဖွား၊ ဆံဖားလျားဖြစ်ပြီး တစ်ရွာက တစ်ရွာကို လှည့်လည်တဲ့အခါ ပြည့်ရှင်မင်းပင် ဖြစ်ပေတဲ့ ဒွန်းစဏ္ဍားး၊ ပန်းမှိုက်သွန်၊ ရွံစရာအစုပ်၊ တကယ်နုပ်တဲ့လူတွေနဲ့ ဘာမှ ခြားနားတော့မှာ မဟုတ်ဘူး။

'ဒီလို စက်ဆုပ်စရာကောင်းတဲ့ ကိုယ်ကာယကို သွားတိုက်၊ ရေချိုး၊ ဖြီးလိမ်း ဝတ်စား အမျိုးမျိုးသော အမွှေးအကြိုင် ပန်းမန်တို့နဲ့ ဆန်းသာဆင်ထားတဲ့အတွက် ကိုယ်ကာယရဲ့ ဟုတ်တိုင်းမှန်ရာဖြစ်တဲ့အသဘာ သဘောကို လူတွေ မသိနိုင်ကြတော့ဘူး၊ အဲဒီလို မသိနိုင်တာကြောင့် ယောကျ်ားတွေလဲ မိန်းမတွေကို အင်မတန် မွေ့လျော်ပျော်ပိုက် ချစ်ကြိုက်ကြတယ်၊ မိန်းမတွေကလဲ ယောကျ်ားတွေကို အင်မတန် မွေ့လျော်ပျော်ပိုက် ချစ်ကြိုက်ကြတယ်၊ ယောကျ်ားတွေမှာလဲ မိန်းမတွေကို အကြောင်းပြုပြီး ရာဂစိတ်တွေ ပေါ်တယ်၊ မိန်းမတွေမှာလဲ ယောကျ်ားတွေကို အကြောင်းပြုပြီး ရာဂစိတ်တွေ ပေါ်တယ်၊ ရာဂတွေဖြစ်နေတဲ့ စိတ်ဟာ ဘယ်နည်းနဲ့မှ တည်ငြိမ်ဘူး၊ မတည်ငြိမ်တဲ့စိတ်ဟာ ဘယ်နည်းနဲ့မှ သမာဓိမဖြစ်နိုင်ဘူး၊ သမာဓိမဖြစ်ရင် ဘယ်နည်းနဲ့မှ သစ္စာလေးပါးဆိုတဲ့ အမှန်တရားကို မမြင်နိုင်ဘူး၊ ဒီအမှန်တရားကို မမြင်နိုင်သေးသရွေ့ ကာလပတ်လုံး ချက်ရည်စိုရွှဲ ငိုပွဲတွေ တဆင်တည်းဆင်နေရတဲ့ လမ်းကလွဲပြီး တခြားလမ်းကို တွေ့မှာမဟုတ်တော့ဘူး။

'ငိုရတဲ့လမ်းကလွဲပြီး တခြားလမ်းကို မတွေ့သရွေ့ ကာလပတ်လုံး အဖန်ဖန် ပဋိသန္ဓေနေလိုက်၊ အိုလိုက်၊ နာလိုက်၊ သေလိုက်ဆိုတဲ့ ဘေးကြီးတွေက ဘယ်တော့မှလွတ်မှာမဟုတ်တော့ဘူး၊ အဲဒီတော့ သမာဓိဖြစ်အောင် ရှေးဦးစွာ ရာဂကို ဖျောက်ရမယ်၊ ရာဂကို လောင်တိုက်သွင်းဖို့ အကောင်းဆုံးနည်းဟာ တခြားမဟုတ်ဘူး၊ မိမိကိုယ်ကာယမှာဖြစ်စေ၊ အခြား ကိုယ်ကာယတွေမှာဖြစ်စေ အသုဘသဘောတွေကို မမြင်ရအောင် ဖုံးလွှမ်းထားတဲ့ အရာတွေကို ဉာဏ်နဲ့ ဖယ်ရှားပြီး အသုဘ သဘောကို မြင်အောင်လုပ်ရမယ်၊ အဲဒီလို အသုဘသဘောကို မြင်အောင်လုပ်တဲ့နေရာ

www.burmeseclassic.com

www.burmeseclassic.com



မှာ လူသေကောင်ကိုသာ ကြည့်ပြီး လုပ်ရမယ်လို့တော့ မဆိုလိုပါဘူ အသက်ရှင်နေတဲ့လူတွေရဲ့ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း သွား၊ တံတွေး၊ နှပ်၊ ကျင်ကြီး ကျင်ငယ် အစရှိတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသ ကို ဉာဏ်နဲ့ဆင်ခြင်ပြီး အသုဘသဘောကို မြင်အောင် လုပ်နိုင်တယ် မခင်မေက၊ ဒကာမကြီးကို သုံးဆယ့်နှစ်ကောဋ္ဌာသရအောင် ရှေးဦးစွာ သင်ပေး၊ ရပြီဆိုတော့မှ ဒီသုံးဆယ့်နှစ်ကောဋ္ဌာသကို ရှင်းပြ။ အဲဒီ ရှင်းပြပြီးတော့မှ အိမ်မှာနေရင်း ကာယဂတာသတိ ဖြစ်လာအော သင်ပေးလိုက်ပါ'လို့ ဆရာတော်က အမိန့်ရှိပါတယ်။

ဆရာတော် အမိန့်ရှိတဲ့အတိုင်း မခင်မေလဲ ဒေါ်မြစ်ရဲ့ အိမ် တစ်နေ့တစ်ခေါက် မှန်မှန်သွားပြီး သင်ပေးတယ်။ ဒီအတွင်းမှာ သာသနာ့ရိပ်သာသွားပြီး ကမ္မဋ္ဌာန်းထိုင်ဖို့ အခွင့်ရတိုင်းပြောတယ်။ အရ လေးဆယ်လောက်ကြာတော့ ဒေါ်မြစ်ရဲ့ သဘောတူညီချက်အရ မခင်မေ ဒေါ်မြစ်ကို သာသနာ့ရိပ်သာ ပို့ပေးလိုက်ပါတယ်။ ဒေါ်မြစ်ဟာ ကာ ဂတာသတိကမ္မဋ္ဌာန်းကို အရက်လေးဆယ်လောက်လဲ စီးဖြန်းပြီးသာ နေပြီဆိုတော့ ဆရာတော် ညွှန်ကြားတဲ့အတိုင်း ဝိပဿနာတရားကို ပြ ပြင်းထန်ထန် အားထုတ်လိုက်တာ တစ်လနဲ့ ခုနစ်ရက်အကြာမှာ ဉာဏ် နာရတယ်၊ ကမ္မဋ္ဌာန်းထိုင်နေတုန်း တွေ့ရတဲ့ တရားတွေကလဲ အင်မတ ကောင်းတဲ့အတွက် ဆရာတော်ရဲ့ အချီးမွမ်းကိုတောင် ခံရတယ်။

သာသနာ့ရိပ်သာက ပြန်လာပြီး နောက်တစ်ရက်မှာ ဒေါ်မြစ် ကိုသိန်း မခင်မေတို့အိမ်ကို သွားတယ်။ ကိုသိန်း မခင်မေတို့နဲ့ တွေ့ အခါ ဒေါ်မြစ်က 'မောင်သိန်းမောင်တို့ မခင်မေတို့ရေ၊ မင်းတို့ကို အစက စိတ်ထဲက ပြစ်မှားမိတာတွေ သည်းခံပါကွယ်၊ ငါတောင်းပန် တယ်၊ မင်းတို့ လင်မယားမှ ငါ့ရဲ့ မိတ်ဆွေအစစ်တွေပါပဲ၊ မင်းတို့ ကျေးဇူးကြောင့် ငါဟာ အပါယ်လေးဘုံကို မကျရတော့ဘူး၊ လူဖြစ်ရ နပ်ပြီ'လို့ ပြောတယ်။ ကိုသိန်းနဲ့ မခင်မေတို့ကလဲ အားကြီး ဝမ်း ကြတယ်။ ကိုသိန်းက ဒေါ်မြစ်ကိုကြည့်ပြီး 'မခင်မေရေ ဒေါ်လေးမြ



ခုက်နှာကို ကြည့်စမ်း၊ ဝင်းနေတာပဲနော်၊ အင်မတန်လဲ ကြည်ကြည်လင်လင် ဖြစ်နေတယ်'လို့ ပြောတယ်။ မခင်မေက 'ကမ္မဋ္ဌာန်းရဲ့ အရှိန်ကြောင့် ဒီလိုပဲဖြစ်တတ်တယ်'လို့ ပြန်ပြောတယ်။ ဒေါ်မြစ်ဟာ သာသနာ့ရိပ်သာမှာ ဆယ်ခန်းရှိတဲ့ ကမ္မဋ္ဌာန်းကျောင်းတစ်ကျောင်း ဆောက်လှူတယ်။ ပြီးတော့မှ ကမ္မဋ္ဌာန်းကျောင်းရှေ့မှာ 'ဦးချင်း၊ ဇနီး ဒေါ်မြစ်၊ ညီမ ဒေါ်နှစ်တို့ ကောင်းမှု ဒိဋ္ဌာန်ဆု နတ် လူ သာမှ ခေါ်စေသောဝ်' ဆိုတဲ့ ဆိုင်းဘုတ်ကို ချိတ်ထား တယ်။ စက်ဖက်က စာရေးကလေး ဗေဒင်ဆရာဆီ ကိုလဲ ဟောတာ သိပ်မှန် တယ်ဆိုပြီး ငွေငါးဆယ်ပို့လိုက်တယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ၁၇

# ပုဗ္ဗောဝါဒ ကထာ

ကိုသိန်း မခင်မေတို့ရဲ့ သားကလေး မောင်မြင့်ဆွေလဲ ဆယ့်လေးနှစ်သား လောက်ရှိလာပြီ။ အဖေနဲ့အမေ နှစ်ယောက်စလုံးကလဲ သူတို့သားကလေး ဟာ လူကောင်းကလေး၊ တန်ဖိုးရှိတာကလေး၊ မှန်မြတ်တာကလေး မြတ်နိုးစရာကလေး၊ ကြည်ညိုစရာကလေး၊ လေးစားစရာကလေး ဖြစ်လာ အောင်ဟာ ငွေ အရေးမကြီးဘူး။ ဘီအေ၊ အမ်အေ ဆိုတဲ့ အတန်းတွေလဲ အရေးမကြီးဘူး။ ရာထူးဌာနန္တရတွေလဲ အရေးမကြီးဘူး။ ကိုယ်ရဲ့စရိုက် နှုတ်ရဲ့စရိုက်၊ စိတ်ရဲ့စရိုက်တွေ ညစ်ညစ်ပတ်ပတ် မဖြစ်ဘဲ သန့်ရှင်းဖို့သာ အရေးကြီးတယ်။ ကောင်းတဲ့ ကိုယ်ကျင့်တရားရှိဖို့ အရေးကြီးတယ် သစ္စာလေးပါးတရားကို သိသင့်သလောက် သိပြီး သံသရာကြီးထဲက လွတ်မြောက်လိုတဲ့ ဆန္ဒရှိဖို့သာ အရေးကြီးတယ်လို့ သဘောတူကြတယ် အဲဒီတော့ သူတို့သားကလေးဟာ သူတို့လိုချင်တဲ့အတိုင်း လူကောင်းကလေး တန်ဖိုးရှိတာကလေး၊ မှန်မြတ်တာကလေး၊ မြတ်နိုးစရာကလေး၊ ကြည်ညို စရာကလေး၊ လေးစားစရာကလေးဖြစ်လာအောင် အဖေနဲ့အမေ နှစ်ယောက် စလုံးဟာ အစစအရာရာမှာပဲ နေ့တတွတ်တွတ်၊ ညတတွတ်တွတ်နဲ့ ဆုံးမ သင်ကြားပေးနေတာပဲ။



စားတဲ့သောက်တဲ့နေရာမှာဆိုရင်လဲ ပါးစပ်ဟ မစားရဘူး။ ပါးစပ် ထဲက အစားအစာတွေ ထမင်းပန်းကန်ပြားထဲ ပြန်မကျရဘူး။ ပြွတ်ပြွတ် ပြွတ်ပြွတ်နဲ့ မြည်အောင်မစားရဘူး။ ထမင်းကိုနယ်တဲ့အခါ ဗြစ်ဗြစ်နဲ့မြည် အောင် မနယ်ရဘူး။ အမိအဖ ကိုယ့်ထက် အသက်ကြီးတဲ့သူတွေနဲ့ အတူတူ ထမင်းစားတဲ့အခါ အမိအဖ ကိုယ့်ထက်ကြီးတဲ့လူတွေက ဟင်းကိုခပ်ပြီးမှ လူငယ်က ခပ်ရမယ်။ သူစိမ်းတွေနဲ့စားတဲ့အခါ ကောင်းတဲ့ ဟင်းဖတ်ဆိုရင် ကိုယ့်အတွက် မခပ်ရဘူး။ သူများထဲ ထည့်ပေးရမယ်။ ဘယ်ဟင်းခွက်ကိုမဆို ဇွန်းနဲ့သာ ခပ်ရမယ်။ လက်နဲ့ မနှိုက်ရဘူး။ ဇွန်းကို ကိုင်တဲ့အခါမှာလဲ ညာလက်က ထမင်းဟင်းတွေပေနေတဲ့အတွက် ညာလက်နဲ့ မကိုင်ရဘူး။ ဘယ်လက်နဲ့ ကိုင်ရမယ်။ ညာလက်နဲ့ ဇွန်းကို ကိုင်ပေတဲ့လဲ ညာလက်မှာ ထမင်းလုံးတွေ ကပ်မနေစေရဘူး။ ဟင်းချို တစ်ခွက်ကို လူသုံးလေးယောက် ဝိုင်းသောက်ရရင် မသောက်ပဲနေချင်နေ။ သောက်ရင်လဲ ဇွန်းထဲမှာ ကျန်နေတဲ့ ဟင်းရည်တွေကို ကိုယ့်ပန်းကန်ထဲမှာ ကုန်အောင် ခပ်ဖြည်းဖြည်း ခါပြီးမှ ဇွန်းကို ဟင်းချိုပန်းကန်ထဲ ပြန်ထည့်။ ဟင်းခွက်တွေထဲက ဟင်းကိုခပ်တဲ့အခါ ခပ်ပြီးလို့ ဇွန်းကို ပြန်ထားတဲ့အခါ ဇွန်းသံ ပန်းကန်သံ မမြည်ပေစေနဲ့။ ဟင်းချိုသောက်ရင် ရှွတ်ရှွတ်နဲ့ မမြည်ပေစေနဲ့။ ထမင်းစားရင် ပန်းကန်အောက်ပိုင်းက စပြီး စားရမယ်။ ထမင်းစားရင် သုတ်သီးသုတ်ပျာနဲ့ အငတ်စားသလို မစားရဘူး။ ဣန္ဒြေရရ စားရမယ်။ သူများရဲ့ ပန်းကန်ပြားကို မကြည့်ရဘူး။ သူများဟင်းနှိုက် တာကို မကြည့်ရဘူး။ ထမင်းစားတုန်း စကားနည်းနိုင်သမျှ နည်းပေစေ။ အတိုချုပ်ကတော့ နှစ်ခုမှတ်ထားရမယ်။ ညစ်ညစ်ပတ်ပတ် မစားရဘူး။ သုတ်သီးသုတ်ပျာ အငတ်စားသလို မစားရဘူး။ သန့်သန့်ရှင်းရှင်း စားရ မယ်။ ဣန္ဒြေရရ စားရမယ်။ ညစ်ညစ်ပတ်ပတ် စားတတ် သောက်တတ်တဲ့ သူကို လူတွေက အင်မတန်ရွံတယ်။ ဒီလိုလူမျိုးနဲ့ ထမင်းတစ်ဝိုင်းတည်း စားချင်ကြဘူး။ ရှောင်နိုင်သရွေ့ ရှောင်ကြတယ်။ အဲဒီလို အမေရော အဖေရောက စားတဲ့သောက်တဲ့နေရာမှာ ဆုံးမပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မခင်မေလဲ သားဦး မောင်ကျော်ဆန်း မဆုံးခင် လေးငါးလလောက် ကတည်းက သူ့အမိန့်အတိုင်း ဇွန်းထောင်စုမိလို့ အဲဒီကတည်းက ကိုသိန်းနဲ့ အတူတူ ထမင်းစားနေတယ်။ သားကလေး မောင်မြင့်ဆွေကိုလဲ ကိုးနှစ်သားကစပြီး အဖေအမေနဲ့အတူတူ ထမင်းစားဖို့ ခွင့်ပြုထားတယ်။ သားလိမ္မာကလေး မောင်မြင့်ဆွေကလဲ စားတဲ့သောက်တဲ့နေရာမှာ အဖေ အမေ သင်ထားတဲ့အတိုင်း တစ်သဝေမတိမ်းပဲ အမှားအယွင်း မရှိရဘူး။

အဝတ်အစား ဝတ်တဲ့နေရာမှာလဲ ဒီအဖေနဲ့ အမေဟာ သူတို့သား ကလေးကို မင်းကြိုက်သလိုပဲဆိုပြီး ပစ်မထားဘူး။ လုံချည် ခြေမျက်စိဖုံး နေရင် မိန်းမရှာနဲ့တူတယ်လို့ သူတို့က ပြောတယ်။ အလုပ်ကြမ်းလုပ်စရာ မရှိဘဲ ခပ်တိုတိုကြီး ဝတ်ထားပြန်ရင်လဲ ဆောင့်ကြွားကြွားကြီးဖြစ်နေပြီး မြင်ရသူမျက်စိထဲမှာ စပါးမွေးစူးသလို ဖြစ်နေတယ်။ အဲဒါကြောင့် ခြေ မျက်စိအပေါ် လက်နှစ်လုံးလောက်အထိ လုံချည်စကို ချဝတ်ရတယ်။ လုံချည် ဝတ်တဲ့နေရာမှာလဲ ရှေ့မှာ ဟပြဲကြီးဖြစ်နေအောင်၊ လက်နှစ်ဖက်နဲ့ ဆွဲချ ပြီး ဝတ်တာကိုလဲ သူတို့ မကြိုက်ဘူး။ ရန်ကုန်က ခါးပိုက်နှိုက်တွေနဲ့တူတယ် လို့ ကိုသိန်းက ပြောတယ်။ ယောကျ်ားလုံချည်ဝတ်တဲ့အခါ ယောကျ်ား တန်ဆာကို ဖုံးနေအောင် ခါးပုံစရှိရမယ်လို့ သူတို့ရဲ့ဆရာများဆီက သူတို့ ကြားဖူးတယ်။ ဒါကို သူတို့ ကြိုက်တယ်။ အဲဒါကြောင့် သူတို့ သားကလေး မောင်မြင့်ဆွေဟာ လုံချည်ဝတ်တဲ့အခါ ဘုန်းကြီးများ သင်းပိုင်ဝတ်သလို လုံချည်ကို သုံးကြိမ်လောက်ခေါက်၊ ခါးပုံစ ကျကျနန ချပြီး ဝတ်ရတယ်။ လုံချည်ကို လူတွေရှေ့မှာ ခဏခဏဖြန့်ပြီး ဝတ်တာလဲ သူတို့ မကြိုက်ဘူး။ ဒါကြောင့် လုံချည်ဝတ်ပြီးရင် သားကလေးဟာ အမြဲ ခါးပတ်ပတ်ထား ရတယ်။ အပေါ်အင်္ကျီဝတ်ရတဲ့အခါ အပေါ်အင်္ကျီ ကြယ်သီးတွေအားလုံး တပ်ထားရတယ်။ ဆံပင်တွေ သိပ်ရှည်နေတာ၊ စုတ်ဖွားကြီး ဖြစ်နေတာ ကျက်သရေမရှိဘူးလို့ သူတို့ယူဆတယ်။ ဒါ့ကြောင့် သားကလေး မောင်မြင့် ဆွေဟာ အရက်နှစ်ဆယ်ကို ဆံပင်တစ်ခါညှပ်ရတယ်။ နေ့စဉ် မနက်တိုင်း ရေမိုးချိုးပြီးရင် ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြစ်နေအောင် ဖြီးထားရတယ်။



ကိုယ်ရဲ့ သန့်ရှင်းရေးမှာလဲ မလစ်ဟင်းရဘူး။ သူတို့ ပါကြတာပဲ။ ဆက်သည်း ခြေသည်းကို အရှည်မထားရဘူး။ အမေလုပ်သူက ဒါကိုပဲ အလုပ်ကြီးတစ်လုပ်လို့ သဘောထားပြီး သူ့သားကလေးကို သတိပေးနေ တာပဲ။ သွားနဲ့ပတ်သက်လို့လဲ သူ့အဖေရဲ့ ဩဝါဒအရ မနက်ဖက် ရေမချိုးခင် မောင်မြင့်ဆွေဟာ သူ့အတွင်းအပြင် သွားဖုံးတွေကို ရှေးဦးစွာ လက်နဲ့ ဖိပေးရတယ်။ ဒီလိုလုပ်ပေးတာဟာ သွားဖုံးတွေလဲ မာလာတဲ့ အတွက် သွားဖုံးရောဂါ မဖြစ်နိုင်ဘူး။ သွားတွေဆီကိုလဲ သွေးကောင်းကောင်း ရောက်နိုင်တဲ့အတွက် သွားတွေ ပိုပြီးခိုင်တယ်လို့ သူ့အဖေက ပြောတယ်။ မနက် ထမင်းစားပြီး ကျောင်းမသွားခင် သွားပွတ်တံနဲ့ တစ်ကြိမ် သွားတိုက်ရတယ်။ ညနေဖက်ကျပြန်တော့လဲ ညနေ ရေမချိုးခင် မနက်တုန်း ကလိုပဲ တစ်ကြိမ်ထပ်ပြီး သွားဖုံးတွေကို လက်နဲ့ဖိပေးရတယ်။ ညအိပ်ရာ မဝင်ခင် သွားပွတ်တံနဲ့ တစ်ကြိမ်တိုက်ရသေးတယ်။ သွားပွတ်တံနဲ့ တိုက်တဲ့အခါ သွားကို အလျားလိုက် မတိုက်ရဘူး။ အပေါ်နဲ့ အောက်ကို မြင့်ချိနှိမ့်ချိတိုက်ပေးရတယ်။ သူ့အဖေရဲ့ ဩဝါဒအရ အဲဒီလို မနက် တစ်ကြိမ်၊ ညတစ်ကြိမ် သွားပွတ်တံနဲ့ သွားတိုက်ပြီးတိုင်း ဆားကို မန်ကျည်းစေ့လောက် ပါးစပ်ထဲထည့်ပြီး နှစ်မိနစ်လောက် ငုံထားရတယ်။ လူတစ်ယောက်ရဲ့ ကျန်းမာရေးအတွက် သွားဟာ အင်မတန် အရေးကြီးတဲ့ အစိတ်ပိုင်းတစ်ပိုင်းဖြစ်နေတာကြောင့် သူတို့မှာထားတဲ့အတိုင်း လုပ်ဖို့ အဖေနဲ့အမေဟာ သား မောင်မြင့်ဆွေကို ခဏခဏ သတိပေးတယ်။ သားလိမ္မာကလေးကလဲ မိဘတွေမှာထားတဲ့အတိုင်း အတိအကျ ဆောင်ရွက် ရှာပါတယ်။

ပါးစပ်ကို စင်စင်ကြယ်ကြယ်ထားဖို့ကိုလဲ အမေနဲ့ အဖေနှစ်ယောက် စလုံးက သိပ်ပြီး ဂရုစိုက်တယ်။ ပါးစပ်မစင်ကြယ်ရင် ကိုယ်မှာ ရောဂါ ရတတ်ရုံသာမကသေးဘူး။ သွားချေးတွေရှိတဲ့သူ၊ ပါးစပ်နံတဲ့သူ၊ စကား ပြောရင် တံတွေးတွေ ဟိုစဉ် ဒီစဉ်အောင် ပြောတတ်သူတွေကို လူတွေက အင်မတန် ရွံတယ်။ ဖြစ်နိုင်ရင် ဒီလူတွေနဲ့ စကားပြောရမှာကို ရှောင်

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ မလွဲသာလို့ ပြောရရင် ခပ်ဝေးဝေးက ပြောတတ်ကြတယ်။ ဒီလို သူတစ်ဖက်သား အရှုံခံရတဲ့ဘဝမျိုးကို မရောက်ရအောင် ကိုယ်သန့်ရှင်းမှုကို ဂရုစိုက်ရမယ်လို့ အမေနဲ့ အဖေက ထပ်ခါတလဲလဲ သတိပေးတယ်။

နောက်ဖေးသွားပြီးရင် လက်ကို ဆပ်ပြာနဲ့စင်အောင် ဆေးရတယ်။ ဒီလို ဆေးဖို့အတွက် ရေနဲ့ ရေခွက်နဲ့ ဆပ်ပြာနဲ့ သပ်သပ်ထားတယ်။ အဝတ်အစားကျပြန်တော့လဲ ပိုးသက္ကလပ် အစရှိတဲ့အဖိုးတန်တွေ များများဝယ်မပေးဘူး။ သူ့အခါနဲ့သူ ဝတ်ဖို့ နည်းနည်းပဲ ဝယ်ပေးတယ်။ ချည်လုံချည်၊ ချည်အင်္ကျီတွေကိုသာ များများဝယ်ပေးပြီး ချေးမတင်ရအောင် ချွေးစော်မနံရအောင် မောင်မြင့်ဆွေကိုယ်တိုင် မှန်မှန်လျှော်ရတယ်။ အိမ်ကအပြင်ကို ထွက်ခါနီးတိုင်း မျက်စိထဲက မျက်ချေးတွေကို သေသေချာချာ ပွတ်တိုက်ပြီးမှ ထွက်ရတယ်။ ဒီအထဲမှာ မိဘနှစ်ဦးစလုံး အများဆုံး ပညတ်တာကတော့ တခြားမဟုတ်ဘူး။ တံတွေးထွေးတာပဲ။ အဖေလုပ်သူက ကိုယ်ထွေးလိုက်တဲ့ တံတွေးထဲမှာ မကောင်းတဲ့ ပိုးပါရင် တခြားလူတွေကို ကူးမယ်လို့ ပြောတယ်။ အမေလုပ်တဲ့လူက တံတွေးကို လူတိုင်းရွံတယ်။ အဲဒီတော့ တံတွေးကို ဟိုထွေး ဒီထွေး ထွေးတဲ့အတွက် တစ်ဖက်သားတွေကို အများကြီး စိတ်မချမ်းမသာ ဖြစ်စေတယ်လို့ ပြောတယ်။ ကိုယ့်တံတွေးကို ကိုယ့်ဟာကိုယ် မျိုးချနိုင်အောင်ကျင့်။ မျိုမချနိုင်တာမျိုးကျတော့ ထွေးခံရှိရင် ထွေးခံထဲထွေးထည့်။ ထွေးခံမရှိရင်လဲ လူတွေမမြင်ရမယ့်နေရာ လူတွေနဲ့ လွတ်ကင်းတဲ့နေရာမှာ ထွေးလို့ သူ့အမေက ခဏခဏ မှာတယ်။

ကျန်းမာရေးကျပြန်တော့ သူ့အမေက ဘာမှ ဝင်မပြောပါဘူး။ သူ့အဖေက အစားအသောက်ကို အချိန်မှန်မှန်စားဖို့ ပြောတယ်။ စားတဲ့အခါ ညက်ညက်ဝါးစားဖို့ ပြောတယ်။ မနက် အိပ်ရာထတစ်ကြိမ်၊ ညနေ ရေမချိုးခင်တစ်ကြိမ် ကိုယ်လက်လှုပ်ရှားကစားခိုင်းတယ်။ ဒါကတော့ မလုပ်မနေရဘူး။ ရှင်တော်မြတ်ဘုရားတောင် ကျန်းမာရေးအတွက် စင်္ကြံ



သွားကျက်ရင်း ကိုယ်လက်လှုပ်ရှားမှုကို လုပ်ပေးရသေးတယ်လို့ ကိုယ်လက်လှုပ်ရှားမှုရဲ့ အရေးကြီးပုံကို သားကလေးကို ပြောပြတယ်။ ည ကိုးနာရီမှာ အချိန်မှန်မှန် အိပ်ရမယ်၊ မနက်ကို ငါးနာရီမှာ အချိန်မှန်မှန် ထရမယ်။ မနက်အိပ်ရာကထတဲ့အခါ ဓာတ်မှန်မှန်သွားအောင် အကျင့်လုပ်ခိုင်းထားတယ်။ ကော်ဖီ လက်ဖက်ရည်ကို အလျှင်းမသောက်ရဘူး။ အသက်နှယ့်ရှစ်နှစ်ကျော်မှ သောက်ရတယ်။

ပြည့်တန်ဆာမကို အထူးရှောင်ရမယ်။ သူတို့ကိုမြင်ရင် နှမတွေအစ်မတွေလိုသဘောထားပြီး သူတို့ရဲ့ ဘဝဆိုးကို သနားရမယ်။ သူတို့နဲ့ သွားလာလွန်ကျူးမိရင် ဂနိုရီးယားနဲ့ ဆစ်ဖလစ်ရောဂါဆိုးတွေ ကူးတတ်တယ်။ ဒီရောဂါဆိုးတွေကူးရင် မောင်မြင့်ဆွေသာ ဒုက္ခဖြစ်မှာ မဟုတ်ဘူး။ သားစဉ်မြေးဆက် ဒုက္ခဖြစ်နိုင်တယ်။ ဒီရောဂါရှိတဲ့ အဖေနဲ့ ရတဲ့ကလေးဟာ အသေးစမှာ သေနိုင်တယ်။ အကန်းကလေးတွေ၊ အနူကလေးတွေ ဖြစ်နိုင်တယ်။ ရူးနှမ်းရှက်ကုန်းကလေးတွေ လူစဉ်မမီတာကလေးတွေ ဖြစ်နိုင်တယ်။ အဲဒါကြောင့် ပြည့်တန်ဆာမတွေနဲ့ သွားလာလွန်ကျူးတာဟာ အင်မတန်ဆိုးတဲ့ အကျင့်ဖြစ်တယ်။ သူကိုယ်တိုင် အိမ်ထောင်ကျတဲ့နေ့အထိ ကောင်းတဲ့မိန်းမနဲ့ရော၊ မကောင်းတဲ့ မိန်းမနဲ့ရော ဘယ်မိန်းမနဲ့မှ မသွားလာဖူးဘူးလို့ အဖေလုပ်သူက သူ့ကိုယ်ကို စံနမူနာထားပြီး မကြာခဏ ပြောလေ့ရှိတယ်။

အကျင့်စာရိတ္တနဲ့ ပတ်သက်ရင်တော့ သူ့အမေက ပြောတာများတယ်။ ဒုစရိုက်ဆယ်ပါးကို ရှောင်ဖို့၊ သုစရိုက်ဆယ်ပါးကို ကျင့်ဖို့ သူ့အမေက ခဏခဏ ပြောတယ်။ ဒုစရိုက်တရားဆယ်ပါးထဲကဆိုရင်လဲ အိမ်ပြောတာကို ရှောင်ကြဉ်ဖို့ အမေဟာ သားကို ခဏခဏ သတိပေးတယ်။ ကိုယ်ကျင့်တရားနဲ့ အတော်အတန်ပြည့်စုံတဲ့သူတစ်ယောက်ဟာ သူ့အသက်သတ်တာ၊ သူ့ဥစ္စာခိုးတာ၊ သူ့သားမယား ကျူးလွန်တာ၊ အရက်သောက်တာ၊ လောင်းတန်းကစားတာတွေ ဆိုရင် ကြီးစွာ ကံတွေအနေနဲ့ မပစ်မှားမိအောင် အထူးရှောင်ကြဉ်မှာပဲ။ ဒါပေမယ့် လိမ်ပြောတာ

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ နည်းနည်းပါးပါးပြောတာပဲ ကိစ္စမရှိပါဘူးလို့ ယူဆပြီး လိမ်ပြောတဲ့ ကံကို ခဏခဏ ကျူးလွန်မိတတ်တယ်။ ကြာတော့ အကျင့်ကြီးတစ်ခု ဖြစ်လာပြီး လိမ်ပြောဖို့အတွက် မခဲယဉ်းတော့ဘူး။ လိမ်ပြောတယ်ဆိုတာလဲ သေးတဲ့ကံ မဟုတ်ဘူး။ သူလဲ တခြားကံတွေလို ကြီးတာပဲ။ လိမ်ပြောတဲ့ကံဟာ ဘယ်လောက်ကြီးတယ်ဆိုတာကို မြတ်စွာဘုရားဟာ စိဋ္ဌမာဏဝိကာ ဝတ္ထုမှာ ဒီလို အထင်အရှား ဟောတော်မူထားတာရှိတယ်။ 'သစ္စာတရား တစ်ခုကိုလွန်ပြီး မုသားစကားကိုဆိုလေ့ရှိတဲ့ နောင်ဘဝအတွက် ဆင်ခြင် စဉ်းစားခြင်း အလျဉ်းမရှိတဲ့သူတစ်ယောက်မှာ သူမကျူးလွန်ရဲတဲ့ အကုသိုလ် ကံဆိုတာ မရှိတော့ဘူး' အဲဒီလိုဟောတော်မူတယ်။ အဲဒီတော့ လူကလေး လိမ်ပြောတာဟာ နည်းနည်းပါးပါးဆိုရင် အရေးမကြီးဘူးဆိုတဲ့ အနေနဲ့ လိမ်တော့ မပြောလိုက်ပါနဲ့။ လိမ်ပြောတာဟာလဲ နည်းနည်းလိမ်လိမ် များ များလိမ်လိမ် ကြီးတဲ့ကံကြီးတစ်ခုပဲလို့ အမေက သားကို ခဏခဏ ဆုံးမလေ့ ရှိတယ်။

နောက်ပြီးတော့ တစ်ဦးနဲ့တစ်ဦး ကွဲအောင်၊ ရန်ဖြစ်အောင်ကုန်းတိုက် ပေးတာကိုလဲ အထူးရှောင်ဖို့ အမေက သားကို ခဏခဏ သတိပေးတယ်။ ကျန်းဂန်အရကုန်းတိုက်ပေးတဲ့သူသေရင် ပြိတ္တာဖြစ်တယ်။ ဘုရားလက်ထက် တော်တုန်းက တစ်နေ့သောအခါ ရှင်မောဂ္ဂလာန် မထေရ် ဟာ ရှင်လက္ခဏ မထေရ်နဲ့အတူ ဂိဇ္ဈကုဋ်တောင်ပေါ်က ဆင်းလာတဲ့အခါ တစ်နေရာမှာ ပြုံးတော်မူပါတယ်။ ရှင်လက္ခဏက 'ဘာဖြစ်လို့ ပြုံးတာလဲ' လို့ မေးပါတယ်။ အဲဒီအခါ ရှင်မောဂ္ဂလာန်က 'အဲဒီမေးခွန်းကို ဘုရားရှေ့တော် ရောက်တဲ့ အခါမှ မေးပါ' လို့ ဖြေတယ်။ ဘုရားရှေ့တော်ရောက်တဲ့အခါ ရှင်လက္ခဏက မေးတဲ့အတွက် 'ပြုံးတာ တခြားကြောင့်မဟုတ်ပါဘူး၊ ကိုယ်ကတော့ လူရဲ့ ကိုယ်အတိုင်းအရှည်ကတော့ သုံးဂါဝုတ်လောက် ရှိတယ်၊ ခေါင်းကတော့ ဝက်ခေါင်း၊ အမြီးက နောက်မှာ ပေါက်ရမယ့် အစား၊ ပါးစပ်ထဲက ပေါက်ထွက်နေတယ်၊ ပါးစပ်ထဲက ပိုးလောက်တွေ ယိုစီးပြီး ကျနေတယ်။ အဲဒီ ပြိတ္တာကြီးကို မြင်ရတဲ့အတွက်ကြောင့် ပြုံးတယ်' လို့ ဖြေတယ်။



အဲဒီအခါ မြတ်စွာဘုရားက 'ငါဘုရားဟာ ဘုရားဖြစ်စကတည်းက ဒီပြိတ္တာကို မြင်ရတယ်၊ အရင်တုန်းက ဒီပြိတ္တာအကြောင်းကို ငါဟောရင်း မှုထုဇဉ်ပုဂ္ဂိုလ်တချို့ဟာ ယုံမှာ မဟုတ်ဘူး၊ မယုံရင် သူတို့မှာ အပြစ် ဖြစ်မယ်၊ အဲဒီလိုဖြစ်မှာကို သနားငဲ့ညှာပြီး ဒီပြိတ္တာအကြောင်းကို ငါမဟော ခဲ့ဘူး၊ အခုတော့ မောဂ္ဂလာန်ကို သက်သေရပြီ၊ ငါဟောမယ်၊ မောဂ္ဂလာန် ဟာ ဝက် ပြိတ္တာကို မြင်ခဲ့တာ အမှန်ပဲ' လို့ မိန့်တော်မူပါတယ်။ ရဟန်း များက 'ဒီပြိတ္တာရဲ့ အတိတ်အကြောင်းကို ဟောတော်မူပါလို့' လျှောက်ထား တဲ့အတွက် မြတ်စွာဘုရားက ဟောတော်မူပါတယ်။

ကဿပမြတ်စွာဘုရားလက်ထက်တော်တုန်းက ရွာတစ်ရွာမှာ ဝါတော်ခြောက်ဆယ်ရှိတဲ့ မထေရ်ကြီးနဲ့ ဝါတော် ငါးဆယ့်ကိုးဝါရှိတဲ့ မထေရ်တို့ဟာ အတူတူနေကြတယ်၊ မထေရ်ငယ်က မထေရ်ကြီးကို ရိုရို သေသေ လုပ်ကျွေးတယ်၊ တစ်ဦးနဲ့ တစ်ဦးလဲ ညီအစ်ကိုလို အင်မတန် ချစ်ကြတယ်၊ မကြာခင် သူတို့ရဲ့ ကျောင်းကို ဓမ္မကထိကဆိုတဲ့ ရဟန်း တစ်ပါး ရောက်လာတယ်၊ တရားဟောကောင်းတာနဲ့ မထေရ် နှစ်ပါး ကလဲ သူ့ကို ခင်ကြတယ်၊ မထေရ်ကြီးတွေကို အကြောင်းပြုပြီး မထေရ် ကြီးတွေရဲ့ ဒကာ ဒကာမတွေကလဲ ဒီဓမ္မကထိကကို ခင်မင်လာကြတယ်၊ အဲဒီအခါ မထေရ်ကြီး နှစ်ပါးစလုံး ကျောင်းက ထွက်သွားအောင်လုပ်ပြီး ဒီကျောင်းကို သူတစ်ယောက်တည်း အပိုင်စီးချင်တဲ့ မကောင်းတဲ့စိတ်တွေ ဓမ္မကထိကမှာ ပေါ်လာတယ်၊ အဲဒါကြောင့် ဓမ္မကထိကဟာ မထေရ်ကြီး ဆီကိုသွားပြီး 'တပည့်တော် အရေးကြီးတဲ့ စကားတစ်ခွန်း လျှောက်ထား ချင်ပါတယ်' လို့ ပြောတယ်၊ မထေရ်ကြီးက ခွင့်ပြုတဲ့အခါ 'လျှောက်ထား ရမယ့်စကားဟာ ဝန်လေးလှပါတယ်ဘုရား၊ မလျှောက်ထားတော့ပါဘူး' လို့ ပြောပြီး ထသွားတယ်။

မထေရ်ငယ်ဆီကိုလဲ ဒီအတိုင်းသွားလုပ်တယ်။ သုံးလေးကြိမ် ကျတော့ မထေရ်ကြီးက ပြောမယ်ဆိုတာ ပြောဖို့ ဓမ္မကထိကကို အတင်း တိုက်တွန်းတယ်။ အဲဒီအခါကျတော့မှ 'အရှင်ဘုရား၊ လျှောက်ရမယ့်စကား

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဝန်လေးလှပါတယ်၊ ဒါပေမယ့် မလျှောက် မဖြစ်တဲ့အတွက် လျှောက်ရပါတော့မယ်၊ အရှင်ဘုရားနဲ့ မထေရ်ငယ်ဟာ ဆွမ်း အတူစားပါ သလား’လို့ ဓမ္မကထိက က မေးတယ်။ ‘ငါတို့ဟာ ညီအစ်ကိုလိုပဲ ငါရ သမျှဟာ သူလဲပိုင်တာပဲ၊ သူရသမျှဟာ ငါလဲပိုင်တာပဲ’လို့ မထေရ်ကြီးက အမိန့်ရှိတယ်။ အဲဒီအခါ ဓမ္မကထိက က ‘ဒီလိုဆိုရင် ဝမ်းသာပါတယ် ဘုရား၊ ဒါပေမယ့် မထေရ်ငယ်ကတော့ တပည့်တော် ရောက်စကတည်းက တပည့်တော်ဆီလာပြီး အသင် ဓမ္မကထိက သင်ဟာ ရဟန်းကောင်းဖြစ် တယ်၊ အဲဒီတော့ မထေရ်ကြီးကို ရှက်တတ်တဲ့ လဇ္ဇီပုဂ္ဂိုလ်၊ သီလချစ်တဲ့ ပုဂ္ဂိုလ်အနေနဲ့ အသင်ဟာ ပေါင်းသင်းဆက်ဆံမယ်ဆိုရင် မပေါင်းသင်းခင် သေသေချာချာ စူးစမ်းဆင်ခြင်ပါလို့ သတိပေးပါတယ်’လို့ လျှောက်ထား တယ်။ အဲဒီအခါ မထေရ်ကြီးဟာ မထေရ်ငယ်ကို သိပ်ပြီး စိတ်ဆိုးတာပဲ။

ဓမ္မကထိကဟာ မထေရ်ငယ်ကိုလဲ ဒီအတိုင်းသွားပြီး ကုန်းတိုက် ပေးတဲ့အတွက် မထေရ်ငယ်ကလဲ မထေရ်ကြီးကို သိပ်စိတ်ဆိုးတာပဲ။ အဲဒီလို စိတ်ဆိုးပြီး ဓမ္မကထိက အကွက်ဆင်ထားတဲ့အတိုင်း အင်မတန် ချစ်ခင်လာ တဲ့ မထေရ် နှစ်ပါးစလုံးဟာ ကျောင်းပေါ်က ဆင်းသွားကြပါတယ်။ အဲဒီ အပြစ်ကြောင့် ဓမ္မကထိက သေလွန်တဲ့အခါ အနှစ်နှစ်သောင်း ပတ်လုံး ရဟန်းအဖြစ်နဲ့ အားထုတ်ထားတဲ့ ကုသိုလ်တွေဟာ သူ့ကို မကယ်နိုင်ဘူး။ အဝီစိကိုကျရတယ်။ အဝီစိက လွတ်တဲ့အခါ အကုသိုလ် ကံကြွင်းကြောင့် ဒီ ဝက်ပြိတ္တာ ဖြစ်လာပြန်တယ်လို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။

ကုန်းတိုက်ပေးတာဟာ တချို့ လူမိုက်တွေကတော့ သူတို့ဟာ သူတို့ ဟုတ်လှပြီလို့ ထင်တာပဲ။ ကွဲသွားရင် ငါလုပ်လိုက်တာကွလို့ လက်မထောင်ကြတယ်။ သေတဲ့အခါ ဒီအပြစ်ကြောင့် အဝီစိမှာ မရှုမလှ ခံရမှာကိုတော့ ဒီလူမိုက်တွေ မမြင်ကြဘူး။ ငါ့သားဟာ ဒီအပြစ်ကို ကြောက်ပြီး ကုန်းတိုက်ပေးတာကိုလဲ လိမ်ပြောတာလိုပဲ အထူး ရှောင်ကြဉ် ပါကွယ်။ ကြမ်းတမ်းတဲ့စကား၊ အကျိုးမရှိ သိမ်ဖျင်းတဲ့စကားတွေကိုလဲ မပြောမိအောင် အထူးဆင်ခြင်ဖို့ အမေက သားကို သတိ ခဏခဏပေး



...ယ်။ သူကိုယ်တိုင် အိမ်မှာ သားအဖနှစ်ယောက်စလုံးနဲ့တောင် တရား ...ဟာစရာရှိမှ ဟောတယ်။ အရေးကြီးတဲ့စကား၊ အကျိုးရှိမယ့်စကားကို ...ပြောစရာရှိမှ ပြောတယ်။ ဒါတွေကလွဲရင် ဘာမှ မပြောဘဲ ဆိတ်ဆိတ် ...နေတာဟာ သူ့နဂိုက စကားနည်းတာကြောင့် မဟုတ်ပါဘူး။ စကားများများ ...ပြောမိရင် မမှန်တဲ့ စကားတွေ၊ ကုန်းတိုက်တဲ့စကားတွေ၊ ကြမ်းတမ်းတဲ့ ...စကားတွေ၊ သိမ်ဖျင်းတဲ့စကားတွေကို သတိလစ်ပြီး ပြောမိမှာစိုးလို့ပဲလို့ ...ခင်မေက သူ့သားကို ပြောပြတယ်။

သူ့အဖေကတော့ ‘လူကလေး၊ သူတစ်ဖက်သား ပျက်စီးပြီးမှ ...ကိုယ်ကောင်းစားဖို့ဆိုတာမျိုးကိုတော့ မင်းဟာ တစ်သက်လုံး ပြောလဲ ...မပြောနဲ့၊ လုပ်လဲ မလုပ်နဲ့၊ စိတ်လဲ မကူးနဲ့၊ အများကောင်းကျိုးအတွက် ...ဆိုရင် ကိုယ်က အနစ်နာခံရမယ်၊ အဲဒီနေရာမှာ မြတ်စွာဘုရားဟာ ...ကောင်းရဲ့ စံနမူနာဖြစ်ပေစေ၊ သတ္တဝါတွေ အဖန်ဖန် ပဋိသန္ဓေနေရတဲ့ဘေး၊ ...အိုရတဲ့ဘေး၊ နာရတဲ့ဘေး၊ သေရတဲ့ဘေး၊ ချစ်တဲ့သူနဲ့ ကွေကွင်းရတဲ့ ...ဘေး၊ မချစ်မနှစ်သက်တဲ့ လူတွေနဲ့ ပေါင်းသင်းရတဲ့ ဘေး၊ အပါယ် ...လေးဘုံကို ကျတဲ့ဘေးတွေက လွတ်အောင်ဆိုတဲ့ မဟာဂရုဏာတော်ကြီးနဲ့ ...မြတ်စွာဘုရားဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပတ်လုံး စည်းစိမ်တွေ ...စွန့်၊ ထီးတွေနန်းတွေစွန့်၊ သားသမီး မယားတွေစွန့်၊ ကိုယ်လက်အင်္ဂါ ...အသက်တွေကိုစွန့်ပြီး ပါရမီဖြည့်ခဲ့တယ်၊ အဲဒီလို ပါရမီဖြည့်တော်မူခဲ့တဲ့ ...မြတ်စွာဘုရားဟာ လူကလေးရဲ့ စံနမူနာကြီးတစ်ဆူ ဖြစ်ပါစေ’လို့လဲ ...အခါ အဖေလုပ်သူက ပြောတယ်။

နောင်တာမလွန်ဘဝနဲ့ ပတ်သက်လို့လဲ သူ့အမေကပဲ အပြောများ ...တယ်။ သူ့အဖေကတော့ မခင်မေနဲ့ သူနဲ့ အိမ်ထောင်ကျစကတည်းက ...သူ့ကို မခင်မေ ဟောခဲ့တဲ့ တရားတွေ ပြန်ဟောတယ်။ နောက်ပြီးတော့ ...အဖေနဲ့ အမေနဲ့ တိုင်ပင်ပြီး သားကလေးကို မနက် ငါးနာရီ အထနိုင်း ...တယ်။ နောက်ဖေးသွား၊ မျက်နှာသစ်ပြီး ဘုရားရှိခိုး ငါးပါးသီလယူ၊ ...ဘုရား တရား သံဃာဂုဏ်တော်တွေကို ပွား၊ အရပ်ဆယ်မျက်နှာမေတ္တာပို့၊

www.burmeseclassic.com

www.burmeseclassic.com



အမှုအတန်းဝေရတယ်။ အဲဒါ အားလုံးကို တစ်နာရီလောက်ကြာအောင် မောင်မြင့်ဆွေ အားထုတ်ရတယ်။ ခြောက်နာရီခွဲမှာ ကိုယ်လက်လှုပ်ရှား နောက်ဖေးသွား၊ ရေချိုးပြီး ထမင်းရည်နဲ့ ဆားနဲ့ ပူပူကလေး သောက်ရတယ်။ အဲဒါပြီးတော့ စာကြည့်စရာရှိကြည့်၊ အိမ်အတွက် ပေးလိုက်တဲ့ သင်ခန်းစာတွေ လုပ်စရာရှိ လုပ်ရတယ်။ မနက် ရှစ်နာရီမှာ မိသားစု မနက်စာ စားကြတယ်။ စားပြီး ကိုသိန်းက အလုပ်သွား၊ မောင်မြင့်ဆွေက ကျောင်းသွား။ ညနေကျောင်းက ပြန်လာရင် ကိုယ်လက်လှုပ်ရှား ကစား၊ ရေချိုးပြီး မိသားစု ညစာစားတယ်။ ည ရှစ်နာရီအထိ စာကြည့်ရတယ်။ ရှစ်နာရီကျတဲ့ အခါ အဖေနဲ့ အမေက လောကီ လောကုတ္တရာနဲ့ ပတ်သက်ပြီး ပြောတာကို မောင်မြင့်ဆွေ နားထောင်ရတယ်။ တစ်ခါတစ်ခါ သူ့ကို တိုက်ရိုက်ပြောတာရှိတယ်။ တစ်ခါတစ်ခါ မခင်မေက ကိုသိန်းကို တိုက်ရိုက်ပြောတာ ရှိတယ်။ အဖေက ပြောတဲ့အပြင် မခင်မေ ပြောသမျှ ရေးထားတဲ့ မှတ်စု တွေကို 'ရှိရှိသေသေကိုင်'ဆိုပြီး သားဖတ်ဖို့ ပေးတယ်။ တရားပွဲတိုင်းမှာ အမေက စည်းကမ်းတစ်ခုလုပ်ထားတာရှိတယ်။ တရား ပွဲကို 'နုနယ်ရုပ်ဆင်း ပျိုမြစ်ခြင်းကား အိုခြင်းနောက်ဆုံး ရှိချေ၏' အစချီတဲ့ သံဝေဂလင်္ကာကလေး ကို မိသားစု ခပ်တိုးတိုး ပြိုင်တူရွတ်ရတယ်။ အမေ လုပ်သူက သားကလေး ကို မကြာခဏ ပြောလေ့ရှိတာကတော့ ဓမ္မပဒ၊ ဗန္ဓနာဂါရ ဝတ္ထုထဲက ဒီဂါထာကလေး နှစ်ပုဒ်ပဲ။

(၁) နတံ ဒဠှံ ဗန္ဓနမာဟုဓီရာ၊
ယဒါယသံ ဒါရုဇပဗ္ဗဇဉ္စ၊
သာရတ္တရတ္တာ မဏိကုဏ္ဍလေသု၊
ပုတ္တေသု ဒါရေသုစယာ အပေက္ခာ။

(၂) ဧတံ ဒဠှံ ဗန္ဓနမာဟုဓီရာ
ဩဟာရိနံ သိထိလံ ဒုပ္ပမုဉ္စံ၊
ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ၊
အနပေက္ခိနော ကာမသုခံ ပဟာယ။



သံဖြင့်လုပ်သော သံခြေကျဉ်း စသော အနှောင်အဖွဲ့၊ သစ်သားဖြင့်လုပ်သော ထိတ်တုံး စသော အနှောင်အဖွဲ့၊ မြက်လျှော်တို့ဖြင့်လုပ်သော ကြိုး စသော အနှောင်အဖွဲ့မျိုးကို ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ ဆိုကြကုန်။ ပတ္တမြား နားတောင်း စသော ရတနာတို့၌လည်းကောင်း၊ သားသမီး မယားတို့၌လည်းကောင်း အလွန် တပ်နှစ်သက်သော ငဲ့ကွက်မှု ဟူသော အနှောင်အဖွဲ့မျိုးကိုသာလျှင် ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ ဆိုကြကုန်၏။ ပညာရှိတို့သည် အပါယ်လေးပါးတည်းဟူသော ယုတ်နိမ့်ရာသို့ ဆောင်တတ်သဖြင့် ဖွဲ့မှန်းမသိ ဖွဲ့သဖြင့် လျော့ရဲဟန်ရှိသော်လည်း လွတ်မြောက်နိုင်ရန် ခဲယဉ်းသော ဤတဏှာတည်းဟူသော အနှောင်အဖွဲ့ကို ရှန်းဖြတ်၍ မငဲ့ကွက်ဘဲ ကာမချမ်းသာကို စွန့်လွှတ်လျက် တောထွက်ကြ ကုန်၏။

ဒီပါဠိနဲ့ အနက် နှစ်ခုစလုံးကို ကိုသိန်းရော သားမောင်မြင့်ဆွေ ရော နှစ်ယောက်စလုံး အလွတ်ကျက်ရတယ်။ အဲဒီဂါထာကို အဓိပ္ပာယ် ပေါ်အောင် အမေလုပ်သူက သာဓက အမျိုးမျိုး ထုတ်ပြလေ့ရှိတယ်။ မခင်မေ ပြောလေ့ရှိတဲ့ သာဓကတစ်ခုကတော့ ရဋ္ဌပါလ သတို့သားပဲ ဖြစ်တယ်။ ရဋ္ဌပါလ လုလင်အကြောင်းကတော့ ဒီလိုပါ။

အခါတစ်ပါး မြတ်စွာဘုရားဟာ ရဟန်းသံဃာတွေနဲ့အတူ ကုရု တိုင်းမှာ ဒေသစာရီ လှည့်လည်တော်မူတဲ့အခါ ထုလ္လကောဋ္ဌိက နိဂုံးကို ရောက်တော်မူတယ်။ နိဂုံးသူ နိဂုံးသားတွေဟာ မြတ်စွာဘုရားကို ဖူးမြော် ရအောင် လာကြတယ်။ အဲဒီအထဲမှာ သူဌေးသား ရဋ္ဌပါလ လုလင်လဲ ပါလာတယ်။ မြတ်စွာဘုရားက နိဂုံးသူ နိဂုံးသားတွေကို တရားဟောပြီး တဲ့အခါ ရဋ္ဌပါလလုလင်က ငါဟာ မြတ်စွာဘုရားရဲ့ တရားကို ထိုက်သည့် အားလျော်စွာ သိရပြီ၊ ဒီမြတ်တဲ့အကျင့်ကို လူ့ဘောင်မှာနေပြီး ကျကျနန ကျင့်ဖို့ဆိုတာ မလွယ်ဘူး၊ အဲဒီတော့ ငါ ရဟန်းပြုရရင် ကောင်းလိမ့်မယ် လို့ စိတ်ကူးမိတယ်။ နိဂုံးသူ နိဂုံးသားတွေ ပြန်ကုန်ကြတဲ့အခါ ရဋ္ဌပါလ သတို့သသားဟာ မြတ်စွာဘုရားအနီးကို ချဉ်းကပ်ပြီး 'ရဟန်း အဖြစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပေးသနားတော်မူပါ’လို့ ရှိခိုး လျှောက်ထားတယ်။ ‘မိဘတွေဆီက အခွင့် ရတဲ့အခါ ရဟန်းပြုပေးမယ်’လို့ မြတ်စွာဘုရားက မိန့်တော်မူပါတယ်။

ရဋ္ဌပါလသတို့သားဟာ မိဘတွေဆီမှာ ရဟန်းပြုဖို့ ခွင့်တောင်းတဲ့ အခါ တစ်ဦးတည်းသောသား ဖြစ်နေတဲ့အတွက် မိဘတွေက ခွင့်မပေးဘူး။ ရဋ္ဌပါလလုလင်လဲ သုံးကြိမ်တိုင်အောင် ခွင့်တောင်းတယ်။ မရတဲ့အခါ သေချင် သေပစေ၊ ရဟန်းပြုဖို့ ခွင့်ရမှ ထမယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့ အခင်း တွေ ဘာတွေ ဘာမှမရှိတဲ့ မြေကြီးပေါ်မှာ လှဲအိပ်နေတယ်။ ထမင်းကျွေးထဲ မစားဘူး။ ဘာမှ မစားဘူး။ အစာငတ်ခံနေတယ်။ အဲဒီအခါ မိဘတွေက သူတို့သားအနီးလာပြီး ‘လူကလေး၊ မင်းဟာ တစ်ဦးတည်းသောသား ဖြစ်တဲ့အတိုင်း မိဘတွေက အင်မတန် အလိုလိုက်ပြီး ချမ်းချမ်းသာသာနဲ့ ကြီးပြင်းအောင် မွေးလာခဲ့တယ်၊ မင်းဟာ ဆင်းရဲဆိုတာ ဘာမှ မသိဘူး မင်းနဲ့ တို့နဲ့ သေလို့ ခွဲရတာတောင်မှ မတတ်နိုင်လို့ ခွဲရမှာ၊ အသက် ရှင်နေတုန်း လူကလေးကို တို့နဲ့ခွဲပြီး ရဟန်းဘောင်ကို သွတ်သွင်း လိုက်ရမယ်ဆိုတာ တို့အတွက် တကယ်လုပ်ဖို့မပြောနဲ့ စဉ်းစားလို့တောင် မရနိုင်ပါဘူးကွယ်။ အဲဒီတော့ လူကလေး ထပါ၊ အစားအသောက်တွေထဲ ဝဝလင်လင် ကောင်းကောင်းမွန်မွန်စား၊ လူ့စည်းစိမ် လူ့ကာမဂုဏ်တွေ ခံစားပြီး ပျော်ပျော်ပါးပါးနေရင်း ကောင်းမှုတွေကိုလဲ တတ်နိုင်သလောက် တစ်ဖက်ကလုပ်တာပေါ့၊ ရဟန်းပြုဖို့ဆိုတာတော့ တို့ ခွင့်မပေးနိုင်ဘူး ကွယ်၊ မိဘတွေ စိတ်မချမ်းသာတာကို မလုပ်ချင်ပါနဲ့ လူကလေးရယ်’လို့ အမျိုးမျိုး ငိုပြီး ပြောကြတယ်။

ရဋ္ဌပါလ လုလင်ကလဲ သူ့မိဘတွေကို ဘာမှ ပြန်မပြောဘူး ရဟန်းပြုခွင့်ရမှ ထမယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့ မြေကြီးပေါ်မှာ လှဲမြဲလှဲနေတာပဲ အဲဒီလို သားနဲ့ မိဘတွေဟာ တစ်ဖက်နဲ့ တစ်ဖက် တင်းမာနေကြတဲ့ အခါ ရဋ္ဌပါလရဲ့ သူငယ်ချင်းတွေက မိဘတွေဆီသွားပြီး ‘ဦးနဲ့ ဒေါ်ဒေါ်တို့ ရဋ္ဌပါလကို ကြည့်ရတာ ရဟန်းပြုခွင့် မရရင်တော့ ထမှာ မဟုတ်ဘူး ထင်တယ်၊ အစာလဲ စားမှာမဟုတ်ဘူး၊ ဒီအတိုင်းဆိုရင် သေသွားလိမ့်



မယ်၊ အဲဒီတော့ ရဟန်းပြုခွင့်ပေးလိုက်ပါ၊ ရဟန်းပြုခွင့်ပေးရင် ရဟန်း အဖြစ်နဲ့ အသက်ရှင်နေတာကို ဦးတို့ ဒေါ်ဒေါ်တို့ တွေ့ရဦးမယ်၊ နောက် ပြီးတော့ ရဟန်းဘောင်မှာ မပျော်လို့ လူထွက်လာရင်လဲ ရဋ္ဌပါလမှာ တခြား ဘယ်သွားစရာရှိသလဲ၊ ဦးတို့ ဒေါ်ဒေါ်တို့ဆီကိုပဲ ပြန်လာရမှာပဲ’ လို့ သူငယ်ချင်းတွေက ဝင်ပြီး ဖြန်ဖြေတယ်။ အဲဒီလို ဖြန်ဖြေတာကို မိဘတွေက သဘောတူပြီး သားကို ရဟန်းပြုခွင့်ပေးလိုက်တယ်။ ဒါပေမယ့် ရဋ္ဌပါလက ရဟန်းပြုပြီးရင် မိဘတွေကို အတွေ့ခံပါ့မယ်ဆိုတဲ့ ကတိတစ်ခု ပေးရတယ်။

ရဋ္ဌပါလလဲ မြတ်စွာဘုရားဆီကိုသွားပြီး မိဘတွေဆီက ရဟန်းပြုခွင့် ရခဲ့တဲ့အကြောင်း လျှောက်ထားတယ်။ မြတ်စွာဘုရားလဲ ရဋ္ဌပါလကို ရဟန်းပြုပေးတော်မူလိုက်ပါတယ်။ နောက်တစ်လခွဲကြာတဲ့အခါ မြတ်စွာ ဘုရားဟာ သာဝတ္ထိပြည်ကို ပြန်ကြွသွားပါတယ်။ အရှင်ရဋ္ဌပါလလဲ မြတ်စွာ ဘုရားရဲ့ နောက်တော်က ပါသွားပါတယ်။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ကို ရောက်တဲ့အခါ အရှင် ရဋ္ဌပါလဟာ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ပြင်းပြင်းထန်ထန် အားထုတ်လိုက်တာ မကြာခင်ဘဲ ရဟန္တာ ဖြစ်သွားတယ်။ အဲဒီလို ရဟန္တာဖြစ်ပြီးတဲ့အခါ ကတိအတိုင်း မိဘတွေနဲ့ အတွေ့ခံဖို့ မြတ်စွာဘုရားဆီမှာ ခွင့်တောင်းပြီး အရှင်ရဋ္ဌပါလ ဟာ သူ့မိဘတွေနေတဲ့ ထုလ္လကောဋ္ဌိကနိဂုံးကို ကြွသွားတယ်။ ရောက်တဲ့ အခါ ကောရဗျမင်းရဲ့ မိဂစိရ ဥယျာဉ်ထဲမှာ သီတင်းသုံး နေတော်မူ ပါတယ်။

နောက်တစ်နေ့ကျတော့ အရှင်ရဋ္ဌပါလဟာ သူ့မိဘတွေရဲ့အိမ်ရှေ့ မှာ ဆွမ်းခံရအောင် ရပ်ပါတယ်။ အဖေလုပ်တဲ့သူကလဲ ခပ်လှမ်းလှမ်းမှာ ဆံပင်အဖြီးခံနေတဲ့အတွက် အိမ်ရှေ့မှာ ဆွမ်းရပ်နေတာ သားမှန်းမသိဘူး။ တခြား ရဟန်းတစ်ပါးထင်ပြီး ‘ငါတို့ အင်မတန်ချစ်တဲ့ တစ်ဦးတည်းသော သားကို ရဟန်းပြုပေးတာ ဒီဦးပြည်းရဟန်းယုတ်တွေပဲ၊ ဆွမ်းမလောင်း ဘူးနဲ့’လို့ ပြောလိုက်တယ်။ အဲဒါနဲ့ အရှင်ရဋ္ဌပါလလဲ ဆွမ်းမရဘဲ ကြွသွား

www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါ သူ့အဖေရဲ့ ကျွန်မတစ်ယောက်က တစ်ည လွန်ပြီး သိုးနေတဲ့ မုယောမုန့်တစ်ခုကို လွှင့်ပစ်မလို့ ထွက်လာတာနဲ့ တွေ့တယ်။ အဲ့ မုန့်အသိုးကိုပဲ အရှင်ရဋ္ဌပါလဟာ အလောင်းခံပြီး သူ့ အမိအဖတိုက် နံရံတစ်ခုကိုမှီရင်း သုံးဆောင်နေပါတယ်။

မုန့်လောင်းလိုက်တဲ့ ကျွန်မက ပြောတာနဲ့ မိဘတွေသိသွားပြီး သားကို ဆွမ်းစားဖိတ်ရအောင် လိုက်လာကြတယ်။ အရှင်ရဋ္ဌပါလလဲ မုန့် တစ်ချပ်ကို စားပြီးနေတဲ့အတွက် ဆွမ်းဖိတ်တာကို လက်မခံဘူး။ နောက် တစ်နေ့ကျမှ သူ့မိဘတွေက ဖိတ်ကြားထားတဲ့အတိုင်း ဆွမ်းသွားစားတယ်။ အရှင်ရဋ္ဌပါလရဲ့အဖေ သူဌေးကြီးဟာ အရှင်ရဋ္ဌပါလကို ဆွမ်းကျွေးမယ့် နေရာနဲ့မနီးမဝေးမှာ ရွှေတွေငွေတွေကိုပုံပြီး အဝတ်နဲ့ ဖုံးထားတယ်။ အရှင် ရဋ္ဌပါလ ကြွလာတဲ့အခါ သူဌေးကြီးဟာ အရှင်ရဋ္ဌပါလကို ဒီရွှေပုံငွေပုံ ကို ဖွင့်ပြတယ်။ အဲဒီလို ဖွင့်ပြပြီးတော့ 'ဒီရွှေပုံငွေပုံတွေဟာ သင့်အမေ တစ်ဖက်တည်းက ပါလာတာပဲရှိသေးတယ်၊ အဖေဘက်က ပါလာတာ အဘိုးအဘေးတွေဘက်က ပါလာတာတွေအများကြီးရှိသေးတယ်၊ ဒါကြောင့် လူကလေး လူထွက်ပါ၊ ကာမဂုဏ်တွေခံစားပြီး ပျော်ပျော်ပါးပါးနေရင်း ကောင်းမှုတွေလဲတစ်ဖက်ကလုပ်တာပေါ့သားရယ်' လို့ သွေးဆောင်ပါတယ်။

အဲဒီအခါ အရှင်ရဋ္ဌပါလက 'ဒါယကာကြီး တကယ်လို့ ငါ့စကား နားထောင်မယ်ဆိုရင် ဒီရွှေတွေငွေတွေကို လှည်းနဲ့တိုက်ပြီး ဂင်္ဂါမြစ်အလယ် မှာ ပစ်ချလိုက်တော့၊ ဘာဖြစ်လို့လဲဆိုရင် ဒီရွှေငွေတွေကြောင့် ဒကာကြီး ပူဆွေးမှုတွေ ငိုကြွေးမှုတွေ ကိုယ်ဆင်းရဲမှုတွေ စိတ်ဆင်းရဲမှုတွေ ပြင်း ပင်ပန်းမှုတွေ ဖြစ်ရလိမ့်မယ်' လို့ အရှင်ရဋ္ဌပါလက အမိန့်ရှိပါတယ်။ အရှင် ရဋ္ဌပါလရဲ့ လူ့ဘဝက မယားဟောင်းတွေကလဲ အရှင်ရဋ္ဌပါလ လူ့ဘဝတုန်း က ကြိုက်တတ်တဲ့ အဝတ်အစား ပုတီးနားထောင်း လက်ဝတ်လက်စားတွေ ကို ဝတ်၊ တစ်ကိုယ်လုံးလဲ ကြော့နေအောင် ဖြီးလိမ်းချယ်လှယ် သယ်ပြီး အရှင်ရဋ္ဌပါလကို ခြေဖက်ငိုကြတယ်။ သူတို့နှုတ်ကလဲ 'အရှင့်သား၊ အရှင့် သားဟာ နတ်သမီးတွေလိုချင်လို့ ဒီအကျင့်ကောင်း အကျင့်မြတ်ကြီး



ကျင့်လိုက်တာ အခုလောက်ဆို နတ်သမီးတွေရရောပေါ့၊ နတ်သမီး အရသာ ဟာ ဘယ်လိုလဲဆိုတာပြောပြစမ်းပါဦး' လို့လဲ ခနဲ့တဲ့တဲ့ တတွတ်တွတ်နဲ့ ပြောကြသေးတယ်။ အရှင်ရဋ္ဌပါလကတော့ 'နှမတို့ ငါ နတ်သမီးလိုချင်လို့ မြတ်တဲ့အကျင့်ကို ကျင့်တာမဟုတ်ဘူး' လို့ ပြန်ပြောတယ်။ မယားဟောင်း တွေက သူတို့ကို အရှင်ရဋ္ဌပါလက နှမတို့လို့ ခေါ်လိုက်တဲ့ အတွက် စိတ်ထဲမှာ မချိတင်ကဲတွေဖြစ်ပြီး အဲဒီနေရာမှာပဲ မူးမေ့ကုန်ကြတယ်။

အဲဒီအခါ အရှင်ရဋ္ဌပါလက 'ဒါယကာကြီး ဆွမ်းကပ်မယ်ဆိုရင် ကပ်တော့ ရွှေငွေတွေ မိန်းမတွေပြပြီး ငါ့ကို မညှဉ်းဆဲပါနဲ့' လို့ ပြောတယ်။ သူဌေးကြီးလဲ ဆွမ်းကို ကိုယ်တိုင်ကပ်ပါတယ်။ အရှင်ရဋ္ဌပါလဟာ ဆွမ်း ဘုဉ်းပေးပြီးတဲ့အခါ မတ်တတ်ရပ်ပြီး ဒီဂါထာကို ရွတ်ဆိုပါတယ်။

'ရှုစမ်းလော့၊ အနာဝအပြည့်ဖြစ်နေတဲ့ အရိုးတွေနဲ့ ထူထောင်ထား တဲ့ အမြဲကြင်နာခြင်းသဘောရှိနေတဲ့ မြင်ရတဲ့ သတ္တဝါတွေကို ဖောက်ပြန် နိုင်တဲ့ အဆန်းတကြယ် ပြုထားတဲ့ ခန္ဓာကိုယ် အတ္တဘောဟာ အမြဲ တည်နိုင်။

'ရှုစမ်းလော့၊ ပတ္တမြားနားတောင်းတွေနဲ့ ဆန်းကြယ်စွာပြုပြင်ထားတဲ့ အရိုးကို အရေဖုံးနေတဲ့ ရုပ်ပုံဟာ အဝတ်ဝတ်ထားမှသာ တင့်တယ်ပေတယ်။

'ချိပ်ရည်ဆိုးထားတဲ့ ခြေထောက်တွေနဲ့ နံ့သာမှုန့် လိမ်းကျံထားတဲ့ မျက်နှာတွေဟာ လူမိုက်တွေကိုသာ တွေဝေသွားအောင်လုပ်နိုင်တယ်၊ နိဗ္ဗာန် ကမ်းတစ်ဖက်ကို ရှာမှီးသူတွေကိုတော့ တွေဝေသွားအောင် မလုပ်နိုင်ဘူး။

'ရှစ်ချိုးသောအဖို့အစုခွဲပြီး ဆင်ယင်ထုံးဖွဲ့ထားတဲ့ ဆံပင်တွေနဲ့ မျက်တွင်းဆေး လိမ်းကျံထားတဲ့ မျက်လုံးတွေဟာ လူမိုက်တွေကိုသာ တွေဝေသွားအောင် လုပ်နိုင်တယ်၊ နိဗ္ဗာန်ကမ်းတစ်ဖက်ကို ရှာမှီးသူတွေ ကိုတော့ တွေဝေသွားအောင် မလုပ်နိုင်ဘူး။

'ဆန်းကြယ်တဲ့ တန်ဆာကိုတွေ ဆင်ထားတဲ့ အပုပ်ကောင်ဟာ လူမိုက်တွေကိုသာ တွေဝေအောင်လုပ်နိုင်တယ်၊ နိဗ္ဗာန်ကမ်းတစ်ဖက်ကို ရှာမှီးသူတွေကိုတော့ တွေဝေသွားအောင် မလုပ်နိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



'မုဆိုးဟာ ပိုက်ကို ထောင်ထားတယ်၊ သမင်ဟာ ပိုက်ကို မထိ
အစာ စားပြီး မုဆိုး မြည်တွန်တောက်တီးနေတုန်းပဲ တခြား ထွက်သွား
တယ်'

ဒီဂါထာကိုရွတ်ဆိုပြီး အရှင်ရဋ္ဌပါလဟာ ကောရဗျမင်းရဲ့ မိဂ
ဉယျာဉ်ကို ပြန်ကြွသွားတယ်။ တစ်နေ့ကျတော့ ကောရဗျမင်းဟာ အရှင်ရ
ပါလကို လာပြီးဖူးပါတယ်။ အဲဒီလိုဖူးပြီးကော့ 'အရှင်ရဋ္ဌပါလ၊ ပျက်စီးခြ
လေးမျိုးနဲ့ တွေ့ရတဲ့သူ အချို့သာ လူ့ဘောင်က ရဟန်းဘောင်ကို ဝင်
တယ်။ ဒီပျက်စီးခြင်းမျိုးဆိုတာကတော့ အိုရတဲ့ပျက်စီးခြင်း၊ နာရတဲ့ပျ
စီး ခြင်း၊ စည်းစိမ်ပျက်ရတဲ့ ပျက်စီးခြင်း၊ ဆွေမျိုးပျက်ရတဲ့ ပျက်စီးခြင်း
ဖြစ်တယ်။

'အရှင်ရဋ္ဌပါလ၊ အရှင်ရဋ္ဌပါလဟာ ငယ်ငယ်ပဲရှိသေးတယ်၊ အို
တဲ့ ပျက်စီးခြင်း မရှိပါဘဲနဲ့ ဘယ်အကျိုးထူးကို သိလို့ မြင်လို့ ကြား
လူ့ဘောင်က ရဟန်းဘောင်ကို ဝင်ရောက်တာလဲ။

'အရှင်ရဋ္ဌပါလ၊ အရှင်ရဋ္ဌပါလဟာ ကျန်းကျန်းမာမာပဲ၊ အနာ
ဆင်းရဲမရှိ အညီအမျှ ကြေကျက်စေတတ်တဲ့ မအေးလွန်း မပူလွန်း
ပါစကဓာတ်နဲ့ ပြည့်စုံတယ်၊ အရှင်ရဋ္ဌပါလဟာ နာရတဲ့ ပျက်စီးခြင်းမ
ဘဲနဲ့ ဘယ်အကျိုးထူးကို သိလို့ မြင်လို့ ကြားလို့ လူ့ဘောင်က ရဟ
ဘောင်ကို ဝင်ရောက်တာလဲ။

'အရှင်ရဋ္ဌပါလ၊ အရှင်ရဋ္ဌပါလဟာ မြတ်တဲ့ အမျိုးအနွယ်
ကပဲ၊ စည်းစိမ် ပစ္စည်းဥစ္စာလဲ ကြွယ်ဝ ချမ်းသာတယ်၊ အရှင်ရဋ္ဌပါလ
စည်းစိမ်ပျက်စီးမှု မရှိပါဘဲနဲ့ ဘယ်အကျိုးထူးကို သိလို့ မြင်လို့ ကြား
လူ့ဘောင်က ရဟန်းဘောင်ကို ဝင်ရောက်တာလဲ။

'အရှင်ရဋ္ဌပါလ၊ အရှင်ရဋ္ဌပါလမှာ ဆွေတွေမျိုးတွေ ပြည့်ပြည့်
ကြီး ရှိတယ်၊ အရှင်ရဋ္ဌပါလဟာ ဆွေမျိုး ပျက်စီးခြင်းမရှိပါဘဲနဲ့ ဘ
အကျိုးထူးကို သိလို့ မြင်လို့ ကြားလို့ လူ့ဘောင်က ရဟန်းဘောင်
ဝင်ရောက်ရတာလဲ'လို့ ကောရဗျမင်းကြီးက မေးလျှောက်ပါတယ်။



'ကောရဗျမင်းကြီး၊ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို
ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်
မူသော မြတ်စွာဘုရားဟာ တရားလေးပါးကို အကျဉ်း ညွှန်ပြတော်မူတယ်၊
ငါဟာ ဒီတရားတွေကို သိလို့ မြင်လို့ ကြားလို့ လူ့ဘောင်က ရဟန်း
ဘောင်ကို ဝင်ရောက်ခဲ့တယ်၊ ဒီတရားလေးပါးဟာ ဘယ်တရားတွေလဲ။

'မင်းကြီး၊ လူအပေါင်းဟာ အိုဘေး နာဘေး သေဘေးတွေက
ဘယ်နည်းနဲ့မှ မလွတ်နိုင်တဲ့အတွက် အမြဲ မတည်ဘူး၊ အဲဒါ မြတ်စွာ
ဘုရား အကျဉ်းညွှန်ပြတဲ့ ပထမတရားပဲ။

'မင်းကြီး၊ လူအပေါင်းဟာ ခိုကိုးရာမရှိ၊ အားထားရာမရှိ၊ အဲဒါ
မြတ်စွာဘုရား အကျဉ်းညွှန်ပြတဲ့ ဒုတိယတရားပဲ။

'မင်းကြီး၊ လူအပေါင်းမှာ ကိုယ်ပိုင်ဥစ္စာမရှိ၊ အလုံးစုံသောဥစ္စာကို
စွန့်လွှတ်ပြီးသွားရတယ်၊ အဲဒါ မြတ်စွာဘုရား အကျဉ်းညွှန်ပြတဲ့ တတိယ
တရားပဲ။

'မင်းကြီး၊ လူအပေါင်းဟာ အလိုမပြည့်၊ ယုတ်လျော့လျက်သာ
ရှိတယ်၊ ရောင့်ရဲမှုမရှိ၊ တဏှာရဲ့ကျွန် ဖြစ်တယ်၊ အဲဒါ မြတ်စွာဘုရား
အကျဉ်းညွှန်ပြတဲ့ စတုတ္ထတရားပဲ။

'ဒီတရားလေးပါးကို ငါ သိလို့ မြင်လို့ ကြားလို့ လူ့ဘောင်က ရဟန်း
ဘောင်ကို ဝင်ရောက်ခဲ့တယ်'လို့ အရှင်ရဋ္ဌပါလက ဖြေတော်မူပါတယ်။

'အဲဒီအခါ ကောရဗျမင်းကြီးက အကျဉ်းဟောထားတဲ့ တရားကို
အကျယ်ချဲ့ဟောဖို့ အရှင်ရဋ္ဌပါလကို လျှောက်ထားပါတယ်။

'မင်းကြီး၊ အသင်မင်းကြီးဟာ အသက်နှစ်ဆယ် အစိတ်လောက်
တုန်းက ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ ရထားစီးအတတ်၊ လေးအတတ်၊
ဓားလှံ အတတ်တွေမှာလဲ ကျင်လည်တယ်၊ ခြေထောက်အား၊ လက်ရုံးအား
တွေနဲ့လဲပြည့်စုံတယ်၊ စစ်မြေပြင်မှာလဲ အင်မတန် ကျွမ်းကျင်တယ် မဟုတ်
လား'လို့ မေးတယ်။ 'ဟုတ်ပါတယ်ဘုရား၊ အဲဒီအခါတုန်းက ငင်အားမှာ
ဘပည့်တော်နဲ့ ယှဉ်ပြိုင်နိုင်တဲ့သူ မရှိသလောက်ပါပဲဘုရား'လို့ မင်းကြီးက

www.burmeseclassic.com

www.burmeseclassic.com



ခဖြတယ်။ 'မင်းကြီး၊ ဒီအားထော့ အခုရှိသေးသလား'လို့ အရှင် ရှင်ဥပါလက ထပ်ပြီးမေးတယ်။ 'မရှိတော့ပါဘူး ဘုရား၊ တပည့်တော်ဟာ ရှစ်ဆယ်ရှိနေပါပြီ၊ အရှင်ရှင်ဥပါလ တစ်ခါတစ်ရံ တပည့်တော်ဟာ ဒီအရပ်မှာ ခြေချမယ်လို့ စိတ်ကူးပြီး တခြားအရပ်မှာ ချမိပါတယ်'လို့ မင်းကြီးက လျှောက်တယ်။ 'မင်းကြီး အခုပြောခဲ့တာတွေကို ရည်ရွယ်ပြီး မြတ်စွာဘုရားဟာ လူအပေါင်းဟာ အိုဘေး သေဘေးတွေက ဘယ်နည်းနဲ့မှ မလွတ်နိုင်တဲ့အတွက် အမြဲ မတည်ဘူးဆိုတဲ့ ပထမတရားကို ဟောတော်မူတာပဲဖြစ်တယ်။

'မင်းကြီး၊ အသင်မင်းကြီးမှာ သက်သာရာ မရအောင် နာကျင်တဲ့အနာ တစ်စုံတစ်ရာ ဖြစ်ဖူးသလား'လို့ မေးတယ်။ 'အရှင်ရှင်ဥပါလ၊ တပည့်တော်မှာ ဖြစ်ဖူးပါတယ်၊ တစ်ခါတစ်ရံ ဝေဒနာဟာ ပြင်းထန်လွန်းလို့ ကောရဗျမင်းဟာ အခုပဲ သေတော့မယ်ဆိုပြီး ဆွေမျိုးသားချင်းတွေ ဝိုင်းအုံပြီး လာကြရတာတွေတောင် ရှိခဲ့ဖူးပါတယ်'လို့ လျှောက်ထားပါတယ်။ 'မင်းကြီး အဲဒီလို ဝေဒနာဖြစ်လာတဲ့အခါ ဆွေမျိုးသားချင်းတွေကို လာကြဟော့၊ ငါ့အဆွေခင်ပွန်း၊ ငါ့ဆွေမျိုးသားချင်းတွေ၊ ငါခံစားနေရတဲ့ ဝေဒနာ သက်သာသွားအောင် သင်တို့အားလုံး ခွဲဝေပြီး ယူကြစမ်းပါလို့ ပြောရင် သူတို့ ခွဲပြီးယူနိုင်ကြပါ့မလား'လို့ မေးတော်မူပါတယ်။ 'မယူနိုင်ပါဘူးဘုရား'လို့ မင်းကြီးက ဖြေတယ်။ 'မင်းကြီး အခုပြောခဲ့တာတွေကို ရည်ရွယ်ပြီး မြတ်စွာဘုရားက လူအပေါင်းဟာ ခိုကိုးရာမရှိ အားထားရာမရှိဆိုတဲ့ ဒုတိယတရားကို ဟောတော်မူတာပဲဖြစ်တယ်။

'မင်းကြီး၊ သင်မင်းကြီးဟာ အခုဘဝမှာ ခံစားနေရတဲ့ ကာမဂုဏ်ငါးပါးကို နောင်တမလွန်ဘဝမှာလဲ ဆက်ပြီး ခံစားချင်ရင် ရနိုင်မလား ဒီလိုမဟုတ်ရင်လဲ သင်မင်းကြီးရဲ့ လက်ရှိစည်းစိမ်တွေကို တခြားသူတွေက သုံးဆောင်ပြီး သင်မင်းကြီးကတော့ ကံအားလျော်စွာ သွားရမလား ဘယ်ဒင်းဟာ ဖြစ်နိုင်သလဲ'လို့ မေးတော်မူပါတယ်။ 'အရှင်ရှင်ဥပါလ အခု ဘဝမှာ ခံစားရတဲ့ ကာမဂုဏ်ငါးပါးကို နောင်တမလွန် ဘဝမှာလဲ



ဆက်ပြီး ခံစားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ဒီစည်းစိမ်တွေကို တခြားသူတွေက သုံးဆောင်ပြီး တပည့်တော်ကတော့ ကံအားလျော်စွာ သွားရမှာပါပဲ'လို့ မင်းကြီးက ဖြေတယ်။ 'မင်းကြီး အခုပြောခဲ့တာတွေကို ရည်ရွယ်ပြီး မြတ်စွာဘုရားက လူအပေါင်းမှာ ကိုယ်ပိုင်ဥစ္စာမရှိ၊ အလုံးစုံသောဥစ္စာကို စွန့်ပစ်ခဲ့ပြီး တမလွန်လောကကို သွားရတယ်ဆိုတဲ့ တတိယတရားကို ဟောတော်မူခဲ့တာပဲဖြစ်တယ်။

'မင်းကြီး၊ သင်မင်းကြီးဟာ အခု ကုရုတိုင်းကို အုပ်စိုးနေရတယ် မဟုတ်လား'လို့ အရှင်ရှင်ဥပါလက မေးတယ်။ 'မှန်ပါတယ်'လို့ မင်းကြီးက လျှောက်တယ်။ 'မင်းကြီး၊ သင်မင်းကြီးရဲ့ လူယုံတော်တစ်ယောက်က ကုရုတိုင်းရဲ့ အရှေ့ဘက်မှာ စည်ပင်သာယာဝပြောတဲ့ တိုင်းကြီးတစ်တိုင်းရှိတယ်၊ ဒီတိုင်းကြီးရဲ့ အတွင်းရေးကို ဒီလူယုံတော်က အကုန်လုံးသိတယ်၊ သင်မင်းကြီးဟာ အဲဒီတိုင်းကြီးကို အလွယ်ကလေးနဲ့ သိမ်းယူနိုင်မယ်လို့ လျှောက်ထားရင် သင်မင်းကြီး ဘယ်လိုလုပ်မလဲ'လို့ အရှင်ရှင်ဥပါလက မေးတော်မူတယ်။ 'အရှင်ရှင်ဥပါလ၊ ဒီတိုင်းကြီးကို တပည့်တော်သိမ်းယူမယ်'လို့ မင်းကြီးက လျှောက်ထားပါတယ်။ 'မင်းကြီး၊ အဲဒီလို အနောက်၊ မြောက်၊ တောင်၊ သမုဒ္ဒရာ တစ်ဖက်ကမ်းက စိတ်ချရတဲ့ လူတွေလာပြီး အရှေ့အရပ်က လူလိုပဲ အလွယ်တကူသိမ်းနိုင်တဲ့ တိုင်းကြီးတွေ ရှိတဲ့အကြောင်း လျှောက်ထားရင်ကော သင်မင်းကြီး ဘယ်လိုလုပ်မလဲ'လို့ မေးတော်မူတယ်။ 'အရှင်ရှင်ဥပါလ၊ အဲဒီ တိုင်းကြီးတွေကိုလဲ တပည့်တော် သိမ်းယူမှာပဲ'လို့ မင်းကြီးက လျှောက်ထားပါတယ်။ 'မင်းကြီး အခုပြောခဲ့တာတွေကို ရည်ရွယ်ပြီး မြတ်စွာဘုရားက လူအပေါင်းဟာ အလိုမပြည့်၊ ယုတ်လျက်သာရှိတယ်၊ မရောင့်ရဲနိုင်၊ တဏှာရဲ့ကျွန်ဖြစ်တယ်ဆိုတဲ့ စတုတ္ထတရားကို ဟောတော်မူတာပဲဖြစ်တယ်'လို့ အရှင်ရှင်ဥပါလက အကျယ်ချဲ့ပြီး ဟောတော်မူပါတယ်။

အဲဒီအခါ ကောရဗျမင်းကြီးက 'အရှင်ရှင်ဥပါလ အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ၊ သိတော်မူ မြင်တော်မူ၍ ပူဇော်အပ်သူးကို ခံတော်

www.burmeseclassic.com

www.burmeseclassic.com



မှုထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားလေးပါးဟာ အလွန် မှန်လှပါပေစွ'လို့ ဥဒါန်းကျူးပါတယ်။

အဲဒီနောက် အရှင်ရဋ္ဌပါလက ဒီဂါထာတွေကိုလဲ ဆက်ပြီး ဟောတော် မူပါတယ်။

'မင်းကြီး၊ လောကၥ ဥစ္စာရှိသူတွေကို ငါမြင်ရသည်မှာ မောဟဖက်ပြီး ရှိတဲ့ဥစ္စာကို မလှူရက်တဲ့အပြင် လောဘတက်ပြီး ဥစ္စာ သိမ်းဆည်းမှုကိုသာ ပြုကြတယ်၊ ကာမဂုဏ်တွေကို တိုးတိုးပြီးသာ တောင့်တကြတယ်။

'မင်းကြီး၊ ကိုယ်တိုင်ပင် ရန်သူအပေါင်းကို ဖိနှိပ်ပြီး သမုဒ္ဒရာအဆုံးရှိတဲ့ မြေပြင်ကို အုပ်စိုးနေရပေတဲ့ ရောင့်ရဲခြင်းမရှိဘဲ သမုဒ္ဒရာ တစ်ဖက်ကမ်းက သူများပိုင်တဲ့ တိုင်းပြည်တွေကိုလဲ တောင့်တသေးတယ်။

'မင်းကြီးပဲဖြစ်ဖြစ် တခြားလူတွေပဲဖြစ်ဖြစ် တပ်မက်မှု မကင်းဘဲ သေကြရတယ်၊ ဘယ်တော့မှ အလိုဆန္ဒ ပြည့်ဝတယ်မရှိဘူး၊ အမြဲတန်း ယုတ်လျော့လျက်သာ ခန္ဓာကိုယ်ကို စွန့်ကြရတယ်၊ တစ်လောကလုံး ကာမဂုဏ်တွေပေါ်မှာ ဘယ်တော့မှ ရောင့်ရဲမှု မရှိနိုင်ဘူး'

'သေတဲ့သူကို ဆွေမျိုးတွေဟာ ဆံပင်ကို ဖြန့်ကြဲပြီး ငါတို့သား သေဆုံးလေပြီလို့ ငိုကြွေးမြည်တမ်းကြတယ်၊ အဝတ်နဲ့ ပတ်ထားတဲ့ အလောင်းကို မသာအိမ်က ထုတ်ယူကြပြီး ထင်းပုံမှာ မီးသင်္ဂြိုဟ်ကြတယ်။

'သေတဲ့သူဟာ စည်းစိမ်တွေကိုစွန့်ပြီး အဝတ် တစ်ထည်တည်းဖြင့်သာ မီးတိုက်ခံရတယ်၊ တံကျင်အထိုးခံရတယ်၊ ဆွေမျိုးမိတ်သင်္ဂဟတွေဟာ ဒီသေသူရဲ့ မှီခိုရာ၊ အားထားရာတွေ ဖြစ်မလာကြဘူး။

'အမွေခံတွေဟာ သေသူရဲ့ အမွေကို ဆောင်ယူကြကုန်တယ်။ သေတဲ့သူကတော့ သူရဲ့ ကုသိုလ် အကုသိုလ်ကံအတိုင်းပဲ သွားရရှာတယ်။ သားသမီးဖြစ်စေ၊ မယားဓနီးဖြစ်စေ၊ ဥစ္စာဖြစ်စေ၊ တိုင်းနိုင်ငံဖြစ်စေ မည်သည့် ဥစ္စာမဆို သေသူရဲ့ နောက်ကို အစဉ် မလိုက်ကြဘူး'



'အသက်ရှည်ဖို့ကို ဥစ္စာပေးလို့ မရနိုင်၊ စည်းစိမ်ပေးလို့လဲ အိုခြင်းကို မပယ်ဖျောက်နိုင်၊ ပညာရှိတွေက အသက်ကား တိုလှ၏၊ အမြဲမရှိ ဖောက်ပြန်တတ်သော သဘောရှိ၏လို့ ဆိုကြ၏။

'ချမ်းသာသူပဲဖြစ်စေ၊ ဆင်းရဲသူပဲဖြစ်စေ၊ သေခြင်း အတွေ့ကို တွေ့ကြရမယ်၊ ဒီအတူ သူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ သေခြင်းအတွေ့ကို တွေ့ကြရမယ်၊ သူမိုက်ဟာ သူ့မိုက်ပြစ်ကြောင့် သေခါနီးမှာ တုန်လှုပ် ချောက်ချားရမယ်၊ ပညာရှိဟာ သေခါနီးမှာ မတုန်လှုပ် မချောက်ချား။

'ဒါကြောင့် ပညာဟာ ဥစ္စာထက် မြတ်တယ်၊ ဒီပညာနဲ့ ကိစ္စအားလုံး ပြီးဆုံးရာ အရဟတ္တဖိုလ်ကို ရနိုင်တယ်၊ မိုက်မဲ တွေဝေသူတွေဟာ မဂ်လာကိစ္စတွေ မပြီးသေးတဲ့အတွက် ဘဝကြီးငယ်မှာ ယုတ်မာမှု အကုသိုလ်တွေကို ပြုမိကြတယ်။

'လူမိုက်ဟာ ဘဝအဆက်ဆက် ကျင်လည်ပြီး အမိ ဝမ်းဗိုက်ကိုဖြစ်ဖြစ်၊ တမလွန်လောကကိုဖြစ်ဖြစ် ကပ်ရောက်ရတယ်၊ လူမိုက်ရဲ့စကားကို ယုံသူသြဇာနည်းသူတွေဟာ အလွန်ယုံကြည်မိတဲ့အတွက် အမိ ဝမ်းဗိုက်ကိုဖြစ်ဖြစ် တမလွန်လောကကိုဖြစ်ဖြစ် ကပ်ရောက်တယ်။

'ခိုးယူတတ်တဲ့ ယုတ်မာတဲ့သူကို မိမိအမှုက ညှဉ်းဆဲသလို ဒီအတူ တမလွန်လောကမှာ အကုသိုလ်တရားယုတ်ရှိတဲ့ သတ္တဝါအပေါင်းကို မိမိအမှုကပဲ ညှဉ်းဆဲမယ်။

'မင်းကြီး ကာမဂုဏ်ငါးပါးဟာ အင်မတန် ဆန်းကြယ်တယ်၊ သာယာဖွယ်လို့ ထင်မှတ်ရတယ်၊ မွေ့လျော်ဖွယ်လို့ ထင်မှတ်ရတယ်၊ အထူးထူးသော သဘောနဲ့ စိတ်ကို မွေနှောက်တတ်တယ်၊ ကာမဂုဏ်တွေမှာ အပြစ်ကိုမြင်တဲ့အတွက် ငါ ရဟန်းပြုတယ်။

'မင်းကြီး ငယ်ငယ် ကြီးကြီး သစ်သီးတွေဟာ ကြွေကျသလို၊ လူလင်ပျိုတွေရော ငယ်ရွယ်သူတွေရော ကြီးသူတွေရော သေကြတယ်၊ ဒီအကြောင်းကိုလဲ ငါမြင်တဲ့အတွက် မချွတ်မယွင်း ဝင့်ဆင်းရက ထွက်

www.burmeseclassic.com

www.burmeseclassic.com



မြောက်ကြောင်းဖြစ်တဲ့ ရဟန်းအဖြစ်သည်သာ မြတ်လှပေတယ်လို့ နှလုံးသွင်းပြီး ငါ ရဟန်းပြုခဲ့တယ်’လို့ အရှင်ရဋ္ဌပါလက ဟောကြားတော်မူပါတယ်။

အဲဒီလို မခင်မေက ဟောလိုက်တဲ့အခါ ကိုသိန်းဟာ သိပ်သဘောကျသွားတယ်၊ လက်နှစ်ဖက်ကို သူ့နဖူးမှာ လက်အုပ်ချီပြီး ‘မြတ်စွာဘုရားမှတစ်ပါး အခြား ကိုးကွယ်ရာ မရှိပါဘုရား၊ တရားတော်မှတစ်ပါး အခြားကိုးကွယ်ရာ မရှိပါဘုရား၊ သံဃာတော်မှတစ်ပါး အခြားကိုးကွယ်ရာ မရှိပါဘုရား’ လို့ ရွတ်ဆိုပါတယ်။ ကိုသိန်း တိုက်တွန်းတဲ့အတွက် မခင်မေဟာ ကိုသိန်းနဲ့ သားမောင်မြင့်ဆွေတို့ကို ဒီတရား ခဏခဏ ဟောတယ်။ ဟောတိုင်း ကိုသိန်းဟာ သူ့နဖူးပေါ်မှာလက်အုပ်ချီပြီး အခုရွတ်တဲ့အတိုင်း ရွတ်တယ်။ ဒီတရားကို မခင်မေ မဟောခင် ကိုသိန်းနဲ့ သားတော်မောင်တို့ဟာ အစက ပြောခဲ့တဲ့ ဓမ္မပဒ ဂါထာ နှစ်ပုဒ်စလုံးကို ပါဠိနဲ့ အနက်ပါ အလွတ် ရွတ်ပြရတယ်။ ဒီလိုရွတ်ပြပြီးမှ မခင်မေက ဟောပါတယ်။ ဒီဓမ္မပဒ ပါဠိ အနက်ရဲ့ သာဓကအဖြစ်နဲ့ အရှင်ရဋ္ဌပါလ ဝတ္ထုအပြင် မြတ်စွာဘုရား တောထွက်ခန်း၊ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာ မောဂ္ဂလာန် အလောင်းအလျာတွေ တောထွက်ခန်း၊ အရှင်ကဿပနဲ့ အရှင်ဘဒ္ဒအလောင်းအလျာတွေ တောထွက်ခန်း၊ သူဌေးသား ယသ ရဟန်းပြုခန်းတွေကိုလဲ ရံခါရံခါ ပြောပြသေးတယ်။

အဲဒီလို အဖေတစ်လှည့် အမေတစ်လှည့် ပြောဟောတာတွေကို နာရိဝက်လောက်နားထောင်ပြီးတော့မှ မောင်မြင့်ဆွေဟာ ဘုရားသွားရှိခိုးရတယ်။ ငါးပါးသီလယူရတယ်။ မေတ္တာပို့ အမျှအတန်းဝေပြီး ဆယ်မိနစ်လောက် ဒီလို အမြဲဆင်ခြင်ရတယ်။

(၁) ငါ့မှာ အိုခြင်း သဘောရှိတယ်။ အိုခြင်း သဘောကို ငါ မလွန်ဆန်နိုင်ဘူး။

(၂) ငါ့မှာ နာခြင်း သဘောရှိတယ်။ နာခြင်း သဘောကို ငါ မလွန်ဆန်နိုင်ဘူး။



(၃) ငါ့မှာ သေခြင်း သဘောရှိတယ်။ သေခြင်း သဘောကို ငါ မလွန်ဆန်နိုင်ဘူး။

(၄) ငါချစ်မြတ်နိုးတဲ့ အရာတွေနဲ့ ရှင်ကွဲသော်လဲ ကွဲရမယ်၊ သေသော်လဲ ကွဲရမယ်။

(၅) ငါ့မှာ ကံသာလျှင် မိမိဥစ္စာရှိတယ်။ ငါဟာ ကံရဲ့ အမွေခံဖြစ်တယ်။ ငါ့မှာ ကံသာလျှင် အကြောင်းရှိတယ်။ ငါ့မှာ ကံသာလျှင် ဆွေမျိုး ရှိတယ်။ ငါ့မှာ ကံသာလျှင် ကိုးကွယ်မှီခိုရာရှိတယ်။ ကောင်းတာဖြစ်ဖြစ် မကောင်းတာဖြစ်ဖြစ် ငါလုပ်မိတဲ့ ကံတွေ အားလုံးကို ငါ အမွေခံရမယ်။

အဲဒီငါးပါးကို မခင်မေက ဆင်ခြင်ဖွယ်တရားငါးပါးလို့ ခေါ်တယ်။ ‘ဆင်ခြင်ဖွယ်တရားငါးပါးကို မောင်မြင့်ဆွေဟာ ဒီအရွယ်မှာ မဆင်ခြင်ထိုက်သေးဘူး၊ ငယ်သေးတယ်’လို့ ကိုသိန်းက ပြောတယ်။ ‘ဘယ်သူဟာ ဘယ်အရွယ်ကျမှ သေရမယ်ဆိုတာ သေမင်းနဲ့ စာချုပ်ထားတာမရှိဘူး၊ ငယ်ငယ်နဲ့ သေချင်လဲ သေတာပဲ၊ မောင်ကျော်ဆန်းဟာ တစ်နှစ်သားမှာ သေသွားတယ်၊ အဲဒီတော့ ဆယ့်လေးနှစ်မှာ ဆင်ခြင်တာဟာ အမှန်စင်စစ် အများကြီးနောက်ကျနေပြီ၊ ကိုးနှစ် ဆယ်နှစ်လောက်ကတည်းက ဒါကို ဆင်ခြင်ရမယ်၊ ဗုဒ္ဓဘာသာတိုင်းအတွက် ဒါဟာ သိပ်အရေးကြီးတယ်’လို့ မခင်မေက ပြောတယ်။ သူတို့လင်မယားဒီကိစ္စနဲ့ပတ်သက်ပြီး သုံးရက်လောက် ဆွေးနွေးရတယ်။ နောက်ဆုံးမှာ မခင်မေက ကိုသိန်းကို ဌာနသုတ်တော် ဟောပြရတယ်။ အဲဒီသုတ်တော်ရဲ့ အတိုချုပ်က ဒီလိုပါ။

‘သတ္တဝါတွေဟာ ပျိုရွယ်ချိန်မှာ ပျိုရွယ်မာန်ယစ်တတ်တယ်၊ ဒီပျိုရွယ်မာန်ယစ်တဲ့အတွက် မေ့လျော့ယစ်မူးကြတဲ့ သတ္တဝါတွေဟာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ကို ပြုကျင့်တတ်ကြတယ်၊ ဒီလို အိုခြင်းအကြောင်းကို မပြတ်ဆင်ခြင်နေတဲ့သူမှာ ပျိုရွယ်မာန်ယစ်ခြင်းဟာ တစ်ခါတည်း ပျောက်ချင်လဲ ပျောက်သွားမယ်၊ ပျောက်မသွားတောင် ခေါင်းပါးသွားမယ်။

www.burmeseclassic.com

www.burmeseclassic.com



'သတ္တဝါတွေဟာ အနာကင်းချိန်မှာ အနာကင်းမှုမာန်ယစ်တတ်တယ်၊ အသက်ရှင်ချိန်မှာ အသက်မာန်ယစ်တတ်တယ်၊ ဒီလို မာန်ယစ်တဲ့အတွက် မေ့လျော့ယစ်မူးကြတဲ့ သတ္တဝါတွေဟာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်ကို ပြုကျင့်တတ်ကြတယ်၊ ဒီလို နာခြင်းအကြောင်း၊ သေခြင်း အကြောင်းကို မပြတ်ဆင်ခြင်နေတဲ့သူမှာ အနာကင်းမှု မာန်ယစ်တာတွေ အသက်မာန်ယစ်တာတွေ တစ်ခါတည်းပျောက်သွားမယ်၊ ပျောက်မသွားတောင် ခေါင်းပါးသွားမယ်။

'ချစ်ခင်မြတ်နိုးတဲ့ အရာတွေကို လိုလားစွဲမက်တဲ့ သတ္တဝါတွေသာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ကို ပြုကျင့်တတ်ကြတယ်၊ ကွဲရတတ်တဲ့အကြောင်းကို မပြတ်ဆင်ခြင်နေတဲ့သူမှာ ချစ်ခင်မြတ်နိုးတဲ့ အရာတွေကို လိုလားစွဲမက်တာ တစ်ခါတည်း ပျောက်ချင်လဲ ပျောက်သွားမယ်၊ ပျောက်မသွားတောင် ခေါင်းပါးသွားမယ်။

'သတ္တဝါတွေဟာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တွေ ကျူးလွန်ချင်တတ်ကြတယ်၊ ကံအကြောင်းကို မပြတ်ဆင်ခြင်နေတဲ့သူမှာ မကောင်းမှုဟာ တစ်ခါတည်း ပျောက်ချင်လဲ ပျောက်သွားမယ်၊ ပျောက်မသွားတောင် ခေါင်းပါးသွားမယ်။

'သတ္တဝါတွေဟာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တွေ ကျူးလွန်ချင်တတ်ကြတယ်၊ ကံအကြောင်းကို မပြတ်ဆင်ခြင်နေတဲ့သူမှာ မကောင်းမှုဟာ တစ်ခါတည်း ပျောက်ချင်လဲ ပျောက်သွားမယ်၊ ပျောက်မသွားတောင် ခေါင်းပါးသွားမယ်။

'၁။ ငါတစ်ယောက်တည်းမှာသာ အိုခြင်းသဘောရှိတာ မဟုတ်၊ ငါတစ်ယောက်တည်းသာ အိုခြင်းသဘောကို မလွန်ဆန်နိုင်တာ မဟုတ်။

'၂။ ငါတစ်ယောက်တည်းမှာသာ နာခြင်းသဘောရှိတာ မဟုတ်၊ ငါတစ်ယောက်တည်းသာ နာခြင်းသဘောကို မလွန်ဆန်နိုင်တာ မဟုတ်။

'၃။ ငါတစ်ယောက်တည်းသာ သေခြင်းသဘောရှိတာ မဟုတ်၊ ငါတစ်ယောက်တည်းသာ သေခြင်းသဘောကို မလွန်ဆန်နိုင်တာ မဟုတ်။



'၄။ ငါတစ်ယောက်တည်းသာ ချစ်မြတ်နိုးတဲ့အရာတွေနဲ့ သေကွဲဖြစ်ဖြစ် ရှင်ကွဲဖြစ်ဖြစ် ကွဲရတာ မဟုတ်။

'၅။ ငါတစ်ယောက်တည်းသာ ကံသာလျှင် ဥစ္စာရှိတာ မဟုတ်၊ ငါတစ်ယောက်တည်းသာ ကံရဲ့ အမွေခံ ဖြစ်တာမဟုတ်၊ ငါ တစ်ယောက်တည်းမှသာ ကံသာလျှင် အကြောင်းရှိတာ မဟုတ်၊ ငါ တစ်ယောက်တည်းသာ ကံသာလျှင် ဆွေမျိုး၊ ကံသာလျှင် ကိုးကွယ်မှီခိုရာရှိတာ မဟုတ်၊ ငါတစ်ယောက်တည်းသာ ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ် ငါလုပ်မိသမျှ ကံတွေကို အမွေခံရမှာမဟုတ်။

'စင်စစ် ဒီဘုံဘဝကိုလာတဲ့ အခြားဘုံဘဝကိုသွားတဲ့ ပဋိသန္ဓေနေတဲ့ သတ္တဝါဟူသမျှအားလုံးတို့ဟာ

'၁။ အိုခြင်းသဘောရှိတယ်၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်။

'၂။ နာခြင်းသဘောရှိတယ်၊ နာခြင်းသဘောကို မလွန်ဆန်နိုင်။

'၃။ သေခြင်းသဘောရှိတယ်၊ သေခြင်းသဘောကိုမလွန်ဆန်နိုင်။

'၄။ ချစ်မြတ်နိုးတဲ့အရာတွေနဲ့ သေကွဲသော်လဲ ကွဲရမယ်၊ ရှင်ကွဲသော်လဲ ကွဲရမယ်။

'၅။ ကံသာလျှင် မိမိဥစ္စာရှိတယ်၊ ကံရဲ့ အမွေခံဖြစ်တယ်၊ ကံသာလျှင် အကြောင်းရှိတယ်၊ ကံသာလျှင် အဆွေအမျိုး ကိုးကွယ်မှီခိုရာရှိတယ်၊ ကောင်းတာဖြစ်ဖြစ် မကောင်းတာဖြစ်ဖြစ် မိမိလုပ်မိသမျှ ကံအားလုံးကို အမွေခံရမယ်။

'အဲဒီလို မပြတ်ဆင်ခြင်နေတဲ့သူမှာ မဂ်ဉာဏ်ဟာ ထင်ထင်ရှားရှားဖြစ်ပေါ်လာရမယ်၊ အဲဒီ မဂ်ကို မှီဝဲမယ်၊ ပွားများမယ်၊ ကြိမ်ဖန်များစွာပွားများမယ်ဆိုရင် ဒီသူမှာ သံယောဇဉ်တွေဟာ တစ်ခါတည်း ပျောက်ကင်းသွားရမယ်၊ အစဉ်ကိန်းနေတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ အနုသယတရားတွေဟာ တစ်ခါတည်း ချုပ်ငြိမ်းကုန်ရမယ်လို့ ရှင်တော်မြတ်ဘုရားဟောကြားထားတော်မူပါတယ်'လို့ မခင်မေက ဟောပြပြီးတဲ့အခါမှာ ကိုသိန်းဟာ ရှေးကလိုပဲ နဖူးပေါ်မှာ လက်အုပ်ချီပြီး 'ဘုရားမှတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



အခြားမှာ ကိုးကွယ်ရာမရှိပါဘုရား၊ တရားမှတစ်ပါး အခြားမှာ ကိုးကွယ်ရာ မရှိပါဘုရား၊ သံဃာမှတစ်ပါး အခြားမှာ ကိုးကွယ်ရာ မရှိပါဘုရား'လို့ ရွတ်ပါတယ်။ လှိုက်လှိုက်လှဲလှဲဖြစ်လွန်းလို့ မျက်ရည်တွေ မျက်လုံးနှစ်ဖက် စလုံးမှာ ဝဲနေတယ်။ ဒီတရားကို သားကလေးမောင်မြင့်ဆွေ သဘော ပေါက်အောင် ခဏခဏ ဟောပေးဖို့လဲ တောင်းပန်တယ်။ အဲဒီနေ့ကစပြီး မောင်မြင့်ဆွေလဲ ဒီအချက်ကြီးငါးချက်ကို ညတိုင်း အိပ်ရာမဝင်ခင်ဆင်ခြင် ရတယ်။

ဒါတွေတင်မကသေးဘူး။ တနင်္ဂနွေနေ့တွေမှာ သူ့မိဘတွေနဲ့ အတူတူ များသောအားဖြင့် ဥပုသ်စောင့်ရတယ်။ အကြောင်းကိစ္စရှိတဲ့အခါ လောက်ပဲ ဥပုသ်မစောင့်ဖို့ ခွင့်လွှတ်တယ်။ နွေရာသီကျောင်းပိတ်တိုင်း တခြား မလည်ရဘူး။ နေ့လယ်နေ့ခင်း သာသနာ့ရိပ်သာမှာ မောင်မြင့်ဆွေ ဟာ ကမ္မဋ္ဌာန်း သွားသွားထိုင်ရသေးတယ်။ ။

## ၁၈

## မခင်ဆုံ၏ ကံကြမ္မာ

တစ်နေ့ညနေ ကိုသိန်းလက်အောက်မှာ ငွေကိုင်စာရေးလုပ်နေတဲ့ ကိုဖိုးရွှေ ဟာ ဘဲပေါင်းတွေကို ဆွဲချိုင့်တစ်ခုထဲထည့်ပြီး ကိုသိန်းတို့အိမ်ကို ယူလာ တယ်။ ကိုသိန်းက 'ဖိုးရွှေရယ် ဘဲပေါင်းတွေ ဘာတွေကို တို့မိသားစုဟာ ကြိုက်လှပါဘူးကွာ၊ နောက် ယူမလာနဲ့ ကြားလား' လို့ ပြောတယ်။ ဖိုးရွှေလဲ ဘဲပေါင်းကို နောက်ဖေးမှာ ထားခဲ့ပြီး ပြန်သွားတယ်။

နောက်တနင်္ဂနွေတစ်ပတ်လောက်ကြာတဲ့အခါ သလပ်ဖက်သရက် နဲ့ လက်ရွေးစင် အကောင်းစားတွေ ဆယ့်နှစ်လုံးကို ဖိုးရွှေဟာ သူ ကိုယ်တိုင် ကိုသိန်းတို့အိမ်ကို ယူလာတယ်။ ကိုသိန်းက 'ဖိုးရွှေ မင်းကို ငါ ပြောထားသားပဲ၊ ဒါတွေယူယူလာတာ ငါမကြိုက်ဘူးကွာ၊ ငါ့ လက်အောက် ငယ်သားတွေက ဒီလိုပေးတာ ငါမစားချင်ဘူး၊ ဒါ နောက်ဆုံးပဲဟေ့'လို့ ပြောတယ်။ ဖိုးရွှေကလဲ 'ဆရာနဲ့ ဆရာကတော် စားစေချင်လွန်းလို့ လွန်တော် ယူလာတာပါ'ဆိုပြီး နောက်ဖေးမှာ ထားသွားတယ်။

နောက်တနင်္ဂနွေ နှစ်ပတ်လောက်ရှိတဲ့အခါ ဖိုးရွှေရဲ့ မိန်းမ ဆင်းဟာ သနပ်ခါးရောင် ဘန်ကောက်လုံချည်တစ်အုပ်ကို ယူပြီးလာ တယ်။ 'အစ်ကိုကြီးနဲ့ မမဝတ်ဖို့ ကိုဖိုးရွှေ သူကိုယ်တိုင် ရွေးပြီး အပိုနိုင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်’လို့ ပြောတယ်။ ကိုသိန်းဟာ ဒေါသနည်းနည်းထွက်လာတယ် [illegible] လက်ညှိုးနဲ့ ဘန်ကောက်လုံချည်ကိုထိုးပြီး ‘မိသင်း၊ ပြန်ယူသွား’လို့ မျက် [illegible] ထားတင်းတင်းနဲ့ ငေါက်လိုက်တယ်။ မသင်းကလဲ ‘ကိုဖိုးရွှေက ပြန်ပေး [illegible] ခဲ့ရဘူး၊ ထားပစ်ခဲ့ရမယ်လို့ မှာလိုက်တယ်’လို့ပြောတယ်။ ကိုသိန်းက ‘မှာ [illegible] မနေနဲ့ မိသင်း၊ ပြန်ယူသွား၊ ဖိုးရွှေကို လာဦးလို့၊ ခုချက်ချင်း လွှတ်လိုက်’ [illegible] မျက်နှာထားနဲ့ ပြောတာနဲ့ မသင်းလဲ ဘန်ကောက်လုံချည်အုပ်ကိုယူ [illegible] ပြန်သွားတယ်။

တအောင့်လောက်ကြာတဲ့အခါ ဘန်ကောက်လုံချည်အုပ်ကိုယူ [illegible] ဖိုးရွှေ ပေါက်လာတယ်။ ဖိုးရွှေ တွေ့တွေ့ချင်း ကိုသိန်းက ‘ဖိုးရွှေ [illegible] ဘာလုပ်တာလဲ၊ မင်းငါ့ဆီကို ဘဲပေါင်းတွေ ယူလာတယ်၊ သရက်သီး [illegible] ယူလာတယ်၊ ဘန်ကောက်လုံချည်တွေ ယူလာတယ်၊ ဒီ ဘန်ကောက်လုံချည် [illegible] ကို လက်ခံပြီးရင် နောက်တစ်ခါ ရွှေဒင်္ဂါးတွေ ယူလာလိမ့်မယ်၊ မင်းစိတ် [illegible] တွေ ဖောက်ပြန်နေပြီထင်တယ်၊ စိတ်ကို နိုင်အောင်ထိန်းကွာ၊ နိုင်အောင် [illegible] မထိန်းနိုင်ရင် ဒီစိတ်တွေဟာ မင်းကို ဒုက္ခရောက်အောင် လုပ်လိမ့်မယ်’ [illegible] ပြောတယ်။ ဖိုးရွှေက ‘ကျွန်တော် စေတနာနဲ့ ပေးတာပါ ဆရာရယ်’လို့ [illegible] တယ်။ အဲဒီအခါ ကိုသိန်းက ‘မင်းဆီကဖြစ်ဖြစ်၊ ငါ့အောက်မှာလုပ်နေ [illegible] တခြားတစ်ယောက်ယောက်ဆီကဖြစ်ဖြစ် ငါ စီးကရက်တစ်လိပ် တော [illegible] သောက်တာများ မင်းမြင်ဖူးကြားသလား၊ လက်ဖက်ရည်တစ်ခွက် တော [illegible] သောက်တာများ မင်းမြင်ဖူး ကြားဖူးသလား’ လို့ မေးတယ်။ ‘မမြင် [illegible] မကြားဖူးပါဘူး’လို့ ဖိုးရွှေက ဖြေတယ်။ အဲဒီ အခါ ကိုသိန်းက ‘ကဲ [illegible] ဘန်ကောက်လုံချည်ပြန်ယူသွား၊ နောက်ကို အပ်ကလေးတစ်ချောင်းဖြစ် [illegible] မင်းငါ့ဆီကိုယူလာရင် အရင်ကလုပ်ခဲ့တဲ့ စာရေးရိုးရိုးနေရာမှာ မင်းပြန် [illegible] ရမယ်၊ ဒါပဲ ယူသွား’လို့ ပြောလိုက်တဲ့အတွက် ဖိုးရွှေဟာ ဘန်ကော [illegible] လုံချည်အုပ်ကိုယူပြီး ပြန်သွားပါတယ်။

နှစ်လလောက်ကြာတဲ့အခါ တစ်ညမှာ ဖိုးရွှေဟာ ကိုသိန်း [illegible] ပေါက်လာပါတယ်။ ကိုသိန်းလဲ ‘မိသင်းတစ်ယောက် နေကောင်းရဲ့လား



ကလေးတွေကော နေကောင်းရဲ့လား၊ ရတနာသုံးပါးကို မင်းတို့အိမ်သားတွေ ကိုင်းရှိုင်းကြရဲ့လား၊ တစ်နေ့လောက် ကလေးတွေပါ အားလုံးခေါ်လာခဲ့ဦး၊ မင်းတို့ နေ့စဉ် ဘယ်လိုအားထုတ်ရမယ်ဆိုတာကို မခင်မေ ပြောပြလိမ့်မယ်၊ သူကတော့ ငါ့ထက် ပြောတတ်တယ်’ဆိုတဲ့ တပည့်တစ်ယောက်ကို ဆရာက ပြောလေ့ရှိတဲ့ စကားတွေလျှောက်ပြောတယ်။ ကိုသိန်း လျှောက်ပြောလို့ မောသွားတဲ့အခါ ဖိုးရွှေက ‘ဆရာရယ်၊ ဆရာ့ကျေးဇူးတွေ ကျွန်တော့် အပေါ်မှာ အများကြီးရှိပါတယ်၊ ကျွန်တော်ဟာ ဆရာသိတဲ့ အတိုင်းပဲ မြန်မာလို ခုနစ်တန်းတောင် မအောင်ဘူး၊ ကျွန်တော့် ပညာ အရည်အချင်းနဲ့ လခတစ်ရာကို တစ်ရာ့ရှစ်ဆယ်ဆိုတာ ဘယ်မှာရနိုင်ပါ့မလဲ၊ ဆရာ့ကျေးဇူးကြောင့်ရတာပေါ့၊ အဲဒီတော့ ဆရာ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး ဆရာရယ်’လို့ အစချီလိုက်တယ်။

အဲဒီအခါ ကိုသိန်းကလဲ ဒီအကောင် ထူးထူးဆန်းဆန်းတွေတော့ ပြောတော့မှာပဲဆိုတာ သူ့စိတ်ထဲမှာ ရိပ်ခနဲ တွေးမိလိုက်တယ်။ ဒါ့ကြောင့် ဒီကောင်ပြောပေစေ ဆိုတဲ့သဘောနဲ့ ဘာမှ မပြောဘဲ အသာနားထောင်နေတယ်။ ‘ဆရာရယ် ဆရာလုပ်ပေးလို့ သူဌေးဦးထွန်းဟာ ဒီလောက် ချမ်းသာလာတာပဲ၊ ဒီသူဌေးဦးထွန်းဟာ ဘာနားလည်လို့လဲ၊ တစ်နေ့လုံး အရက်သောက်၊ ဖဲချ၊ မိန်းမလိုက်နေတာပဲ’လို့ ဆက်ပြောတယ်။ ကိုသိန်းလဲ ဘာမှ မပြောဘူး။ နားထောင်နေတယ်။ ‘ဆရာရယ်၊ ဘာမှမလုပ်ဘဲ အလေလိုက်နေတဲ့ ဦးထွန်းတို့မှာတော့ စိန်တွဲလဲ၊ ရွှေတွဲလဲ၊ ငွေတွဲလဲနဲ့ တိုက်ကြီးတွေနဲ့ စက်ရုံကြီးတွေနဲ့ မိန်းမတွေ တရုန်းရုန်း၊ ဆရာ့မှာတော့ တစ်လကို လခကလေး လေးရာနဲ့ပဲ ပြီးနေရတာပဲ၊ အဲဒါ ကျွန်တော် စိတ်မကောင်းဘူးဆရာရယ်’လို့ ဆက်ပြောတယ်။ ကိုသိန်းလဲ ဘာမှမပြောဘူး၊ နားသာထောင်နေတယ်။

တအောင့်လောက်ရပ်နေပြီးတော့ ဖိုးရွှေက ‘ဆရာလဲ သူဌေးဖြစ်အောင် ကျွန်တော် လုပ်ပေးပါရစေဆရာရယ်’လို့ ဆက်ပြောတယ်။ ကိုသိန်းက ‘မင်းရဲ့ သူဌေးဖြစ်နည်းကို ပြောပြစမ်းပါဦး’လို့ ဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးရွှေကလဲ ကိုသိန်းဟာ သူပြောတာကို သဘောကျနေပြီလို့ ထင်တယ်။ အဲဒီတော့ ဝမ်းသာအားရနဲ့ ဆရာ့အတွက် တစ်လကို တစ်ထောင့်ငါးရာက သုံးထောင်လောက်အထိ စီနိုင်တယ်၊ ဆရာသဘောတူရင် ဆရာက ဘာမှ မလုပ်ရပါဘူး၊ ရုံးခန်းထဲမှာနေပြီး လက်မှတ်ထိုးရုံပဲ၊ ကျွန်တော် အကုန်လျှောက်လုပ်ပေးပါ့မယ်'လို့ ဖိုးရွှေက ဆက်ပြီးပြောတယ်။ အဲဒီအခါ ကိုသိန်းက 'မင်းအကြံက ဘာအကြံဆိုတာမှ မသိရသေးဘဲ ငါဘယ့်နှယ် လုပ်ပြီး သဘောတူရမလဲ ဖိုးရွှေ'လို့ စကားချူလိုက်ပါတယ်။ ဖိုးရွှေလဲ ဟုတ်လှပြီထင်ပြီး 'ကျွန်တော် ဘာဘူဘီကျားဒတ်စ်နဲ့ တရုတ်အင်ကို ပြောပြီးပြီ၊ သူတို့ဆန်နဲ့ သစ်လာဝယ်ရင် ဆန်အိတ်တချို့ကို ဆန်ကွဲဆိုပြီး ထည့်ပေးရမယ်၊ သစ်အကောင်းတချို့ကို တောသစ်တွေဆိုပြီး ထည့်ပေး ရမယ်၊ ဆရာ ဘာမှ လုပ်ဖို့မလိုဘူး၊ မသိချင်ယောင်ဆောင်နေပါ၊ ကျွန်တော် အားလုံးလုပ်ပေးပါ့မယ်'လို့ ဖိုးရွှေက ပြောတယ်။

ဖိုးရွှေကို မှတ်လောက်သားလောက်အောင် ဘယ်လိုလုပ်ပြီး ဆုံးမ ရပါ့မလဲလို့ ကိုသိန်း ခဏကလေးစဉ်းစားပြီး ဖိုးရွှေရဲ့ ပါးကို ခပ်ဆတ် ဆတ်ကလေး ရိုက်လိုက်တယ်။ အဲဒီလို ရိုက်ပြီးတော့မှ 'ဖိုးရွှေ မင်းရဲ့ အကျင့်ဆိုးကို ငါပါးရိုက်ပြီး ဆုံးမတယ်ဆိုတာ မင်းတစ်သက်လုံး မှတ် ထားပေတော့၊ ဒီအပြစ်နဲ့ပဲ မင်းကို ငါဖြုတ်ပစ်ဖို့ကောင်းနေပြီ၊ ဒါပေမယ့် မင်းရဲ့ မယားနဲ့ ကလေးတွေ ထမင်းအိုးကွဲမှာကို ငါမလုပ်ချင်ပါဘူး။ အဲဒီတော့ သွား နောက်ဖေးမှာ ရေတစ်ခွက်သွားခပ်ချေ'လို့ ခိုင်းလိုက်တယ်။ ဖိုးရွှေဟာ ရေခပ်ပြီး ပြန်လာတဲ့အခါ 'ငါဆိုတာ လိုက်ဆို'လို့ ပြောပြီး ဒီလို လျှောက်ဆိုပါတယ်။ 'ကျွန်တော်ဟာ သူတစ်ဖက်သားပစ္စည်းကို ဘယ်တော့ မှ မတရားမလုပ်ပါ၊ လုပ်လျှင် ထင်ထင်ရှားရှား ဘေးသင့်ပါစေသား'လို့ ကိုသိန်းက တိုင်ပေးတယ်။ ဖိုးရွှေက လိုက်ဆိုပြီး သစ္စာရေ သောက်ရတယ်။

သစ္စာရေသောက်ပြီးတော့မှ ကိုသိန်းက 'မင်းတို့ကောင်တွေဟာ ဘာပဲလုပ်လုပ် နောင်တမလွန်ဘဝကို ဘယ်တော့မှ ထည့်မတွက်ကြဘူး၊ ဒီဘဝမှာ မြက်မြက်စားဖို့လောက်ကလေးကိုပဲ ကြည့်လေ့ရှိတယ်၊ မင်း



သူတစ်ပါးပစ္စည်းကို ဒီလို မတရားလုပ်ပြီး စားရလှ အနှစ်ခြောက်ဆယ် ပေါ့၊ နောင်ဘဝကျရင် ငရဲမှာ မချိမဆန့်ခံရမှာက အနှစ်ခြောက်သန်း ကဘူး၊ ကိုယ်ကျိုးကို သေသေချာချာကြည့်တတ်တဲ့လူဆိုရင် ဒီဘဝမှာ အနှစ်ခြောက်ဆယ် မြက်မြက်စားရမှာနဲ့ ငရဲမှာ အနှစ်ခြောက်သန်း မပြောနဲ့ ခြောက်ရက်ထဲခံရမှာကို မလဲဘူး၊ မင်းတို့ လူမိုက်တွေဟာ ဒီအချက်ကို ဘယ်တော့မှ ထည့်မတွက်ဘူး၊ ဒါတွေတင် မကသေးဘူး၊ ဒီဘဝမှာလဲ ဒီလို လုပ်တဲ့လူဟာ လူကောင်းဘဝက ချက်ချင်း သူခိုးဖြစ်သွားပြီ၊ ဒီလိုဟာမျိုး ဆိုတာလဲ သတင်းဟာချက်ချင်းပြန့်တာပဲ၊ ဒီသတင်းကို သိတဲ့ လူတိုင်းက ကိုယ့်ကွယ်ရာမှာ ဒီကောင်ဟာ သူခိုးလို့ပြောတာခံရပြီ၊ ကိုယ့်မယားလဲ သူခိုးမယားလို့ ပြောတာခံရပြီ၊ ကလေးတွေကိုလဲ သူခိုးသား သူခိုးသမီး တွေလို့ ခေါ်တာခံရပြီ၊ ဒီဘဝမျိုးရောက်လာရင် ကောင်းသေးသလား။

'ငါဒီမှာလုပ်လာတာ အနှစ်နှစ်ဆယ်ကျော်ပြီ၊ ရုံးက အပ်တစ်ချောင်း အိမ်ကို ယူမသွားဖူးဘူး၊ ရုံးက စာရွက်တစ်ရွက်ကို ကိုယ့်ကိစ္စအတွက် တစ်ခါမှ အသုံးမပြုဖူးဘူး၊ သူဌေးမော်တော်ကို ရုံးကိစ္စအတွက်ပဲ စီးတယ်၊ ကိုယ့်ကိစ္စဆိုရင် သမ္ဗန်ငှားစီးတယ်၊ ငရဲကို တွေးတွေးပြီး ကြောက်လွန်းလို့၊ ဒီဘဝမှာ ငါကိုယ်တိုင်လဲ သူခိုးဖြစ်ရမှာကို ကြောက်လွန်းလို့၊ ငါ့မယား ငါ့သားတွေလဲ သူခိုးမယား၊ သူခိုးသားတွေ ဖြစ်သွားမှာကြောက်လွန်းလို့ ငါ ဒီလောက်ဆင်ခြင်တယ်၊ မင်းတို့လဲ ဆင်ခြင်ဖို့ကောင်းတယ်၊ ငါ့နေရာက ထောင်နဲ့ သောင်းနဲ့ချီပြီး ခိုးနိုင်တဲ့နေရာ၊ ငါ့နေရာမှာ ငါဟာ ဒီလောက် ဆင်ခြင်နိုင်ရင် မင်းတို့နေရာမှာ မင်းတို့က ပိုပြီးဆင်ခြင်နိုင်ရမယ်၊ မင်း ဘန်ကောက်လုံချည် ငါ့ဆီယူလာကတည်းက မင်းကို ငါနည်းနည်းမသင်္ကာ ဘူး၊ ဒါကြောင့် မင်းစိတ်ကို နိုင်အောင်ထိန်း၊ မထိန်းရင် ဒီစိတ်ဟာ မင်းကို ဒုက္ခပေးလိမ့်မယ်လို့ မင်းကို ငါ သတိတစ်ခါပေးပြီးပြီ၊ အခု ဒုတိယအကြိမ် သတိပေးတယ်၊ နောက်တစ်ကြိမ်ဆိုရင်တော့ မင်းကို ငါ မတတ်နိုင်တော့ဘူး၊ မင်းထိုက်နဲ့ မင်းကံပဲ'လို့ ဖိုးရွှေကို ပြေပြေဆိုကြိမ်း မောင်းပြီး လွှတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ရုံးရောက်တဲ့အခါ ငွေကိုင်စာရေးနေရာကို ဘခိုင် ပို့လိုက်တယ်။ ဘခိုင်နေရာကို ထွန်းဝပို့လိုက်တယ်။ ထွန်းဝနေရာက ငွေရေးကြေးရေး မကိုင်ရတဲ့အတွက် ဖိုးရွှေ ပို့လိုက်တယ်။ နောက်ရောက် လာတဲ့ ဘခိုင်ဟာ ဖိုးရွှေဆီက အလုပ်လက်မခံခင် ဖိုးရွှေနဲ့ စာရင်းအကုန် ရှင်းရတယ်။ အဲဒီလို ရှင်းတဲ့အခါ ငွေသုံးထောင့်ခုနစ်ရာ စာရင်းပျောက် နေတာကို တွေ့ရတယ်။ ဘခိုင်လဲ ဒီအကြောင်း မန်နေဂျာကိုသိန်းကို ချက်ချင်း တိုင်ပါတယ်။ ကိုသိန်းကိုယ်တိုင် ဖိုးရွှေကို ခေါ်စစ်တဲ့အခါ ဖိုးရွှေလဲ ဒီငွေသုံးထောင့်ခုနစ်ရာကို စာရင်းမရှင်းနိုင်ဘူး။ အဲဒါနဲ့ ကိုသိန်း ကိုယ်တိုင် သူဌေးဦးထွန်းနဲ့တွေ့ပြီး ဒီကိစ္စကို အစီရင်ခံတယ်။ အဲဒီလို အစီရင်ခံပြီးတော့ ဖိုးရွှေကို ဂါတ်တိုင်ပြီး ထောင်ချပစ်ဖို့ကတစ်လမ်း အလုပ်ဖြုတ်ပစ်ဖို့ကတစ်လမ်း လမ်းနှစ်လမ်းရှိတဲ့အနက် အလုပ်ဖြုတ်ပစ်တဲ့ လမ်းကို သူ့အနေနဲ့ ပိုကြိုက်တယ်။ မန်နေဂျာအနေနဲ့ တာဝန်ရှိတဲ့အတွက် ဖိုးရွှေ အလွဲသုံးစားလုပ်ထားတဲ့ ငွေသုံးထောင့်ခုနစ်ရာကို သူပဲ စိုက်လျော် ဆိုရင် လျော်မယ်လို့ သူဌေးကို အစီရင်ခံတယ်။ သူဌေးကလဲ ကိုသိန်းက ငွေစိုက်လျော်ဖို့ မလိုဘူး၊ ဖိုးရွှေကို အလုပ်ထုတ်ချင်တယ်၊ ဂါတ်တိုင်ချင် တိုင်၊ ကိုသိန်း သဘောပဲ’လို့ ပြောပြီး ဖဲဝိုင်းကို ပြန်ဝင်သွားတယ်။ ကိုသိန်းလဲ ဖိုးရွှေကို သူ့ရုံးခန်းထဲခေါ်ပြီး နာရီဝက်လောက် ဆုံးမတယ်။ ပြီးတော့မှ အလုပ်က ထုတ်ပစ်လိုက်တယ်။

ဖိုးရွှေအလုပ်က အထုတ်ခံရပြီးတဲ့နောက် သုံးလလောက်ကြာတဲ့ အခါ ဝါးခယ်မတစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်တဲ့ သတင်းထူးတစ်ရပ် ပေါ်လာတယ်။ ဒီသတင်းကတော့ တခြားမဟုတ်ပါဘူး။ ကိုသိန်းရဲ့ရုံးမှာ အလုပ်လုပ်နေတဲ့ စာရေးမကလေး မခင်ဆုံဟာ ရေထဲခုန်ချပြီး သေတယ် ဆိုတဲ့သတင်းပဲ ဖြစ်တယ်။ သူ့အလောင်းကို ဆရာဝန်က စစ်ဆေးတဲ့အခါ ခုနစ်လလောက်ရှိတဲ့ ကိုယ်ဝန်ကိုလဲ တွေ့ရတယ်။ သူဌေးဦးထွန်းဟာ ဒီဘက်က နာမည်ပျက်နေတော့ သူ့နဲ့ရတဲ့ကိုယ်ဝန်လို့ပဲ မြို့သူမြို့သား ခပ်များများက ယူဆတယ်။ အမှန်တော့ သူနဲ့ရတဲ့ကိုယ်ဝန် မဟုတ်ပါ



ငွေကိုင်စာရေးသစ် ဘခိုင်ဟာ ဒီအကြောင်း ကောင်းကောင်းသိတယ် ာနဲ့ ကိုသိန်းဟာ ဘခိုင်ကို သူ့ရုံးခန်းထဲခေါ်ပြီး မေးတဲ့အခါ ယ်ဝန်ရဲ့ သမိုင်းဟာ အခုလိုပေါ်လာတယ်။

ဖိုးရွှေဟာ ရုံးကငွေတွေကို အလွဲသုံးစားလုပ်နေတာကြာပြီ။ အဲဒီ ငွေတွေနဲ့ ဖဲလဲရိုက်တယ်၊ ရန်ကုန်ကို အပတ်စဉ်သွားပြီး မြင်းလောင်းတဲ့ တွေကိုလဲ သူကြိုက်တဲ့မြင်းကို လောင်းဖို့ ငွေပေးတယ်။ မိန်းကလေး တွေကိုလဲ ဖျက်ဆီးတယ်။ သူဖျက်ဆီးတဲ့ မိန်းကလေးတွေထဲမှာ မယ်ဆုံ ဟာ တစ်ယောက်အပါအဝင်ဖြစ်တယ်။ ဒီ မခင်ဆုံကလေးကို ဘိုးရွှေဟာ ကတော့ ကြံလို့မရဘူး။ တစ်နေ့ သူ့ရုံးခန်းထဲ ကိစ္စတစ်ခုနဲ့ သွား န်း သူအတင်းဆွဲတယ်၊ ကောင်မလေးက ရှန်းလိုက်တာ အပေါ်အင်္ကျီ နဲ့မှာတောင် စုတ်သွားတယ်။ မခင်ဆုံဟာ မန်နေဂျာကိုသိန်းကို တိုင်မလို့ပဲ၊ ာရေးတွေက ဝိုင်းပြီး တောင်းပန်ထားရတယ်။ ဒါပေမယ့် မိန်းကလေး တော့ လက်ဝတ်လက်စား၊ အဝတ်အစားကို မက်တယ်မဟုတ်လား။ ရွှေက အလွဲသုံးစားလုပ်လို့ရတဲ့ငွေတွေနဲ့ ကောင်မကလေးကိုလက်ကောက် တွေ လုပ်ပေးတယ်။ ဆွဲကြိုးတွေလုပ်ပေးတယ်။ အဝတ်အစားတွေ ဝယ် းတယ်။ ငွေတွေပေးတယ်။ အဲဒီမှာ ကောင်မကလေးလဲ ဖိုးရွှေနောက်ကို သွားတာပဲ။ မရှိသေ့စကား ပြောပါရစေတော့။ ဖိုးရွှေနဲ့ မခင်ဆုံဟာ ရက်တစ်ခါ သုံးရက်တစ်ခါ နောက်ချန်နေပြီးတော့ ဖိုးရွှေရုံးခန်းထဲက းပွဲခုံကြီးပေါ်မှာပဲ သူတို့နှစ်ယောက် စခန်းသွားတာပါပဲလို့ ဘခိုင်က ကိုသိန်းကို သူသိသမျှ ဖွင့်ပြောတယ်။

ကိုသိန်းက ‘ကောင်မကလေး ဘာဖြစ်လို့ ရေထဲခုန်ချပြီးသေတာ ’လို့ မေးတယ်။ ဘခိုင်က ဒီလိုဆက်ပြောတယ်။ ‘ဖိုးရွှေ အလုပ်ပြုတ် ာ့ ကောင်မကလေးကိုလဲ ငွေ မထောက်နိုင်ဘူး၊ အတွေ့လဲ မခံဘူး၊ အလုပ်သာမပြုတ်ဘဲ ငွေတွေကိုလဲ ဆက်ပြီး အလွဲသုံးစား လုပ်နေနိုင်ဦးမယ် ရင် ကိုယ်ဝန်ရှိလာတဲ့အခါ ပေါ်ပေါ်ထင်ထင်ယူပြီး တစ်အိမ်ထောင်နဲ့ းဖို့ ဖိုးရွှေမှာ ရည်ရွယ်ချက်ရှိတယ် ထင်တယ်၊ ဒီလိုပဲ ကောင်မကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ပြောထားတယ်လို့ထင်တယ်၊ ကောင်မလေးမှာ ကိုယ်ဝန်ရှိလာတော့ ဖိုးရွှေ အလုပ်ပြုတ်၊ ကောင်မကလေးကိုလဲ ပိုက်ဆံမထောက်နိုင်၊ အတွေ့ မခံနိုင် တော့ ကောင်မကလေးဟာ ရှက်လဲရှက်၊ စိတ်လဲညစ်၊ အမေနဲ့ အစ်ကိုကို ကြောက်ပြီး ရေထဲခုန်ဆင်းသေတာပဲထင်တယ်'လို့ ဘခိုင်က ပြောပါတယ်။

'ပြီးတော့လဲဆရာရယ် အသွားအလာကလေးတော့ နည်းနည်း သတိထားလိုက်ပါ၊ ဖိုးရွှေဟာ ဆရာ့ကို အခဲမကျေဘူး၊ ဆရာ့ကို အရိုက် ခိုင်းဖို့ဆိုပြီး တလောတုန်းက တလိုင်းစုက ဖိုးကင်း ဖိုးသင်းတို့ ညီအစ်ကို လိုက်ငှားနေတယ်လို့ သတင်းကြားတယ်၊ ဒီကောင်တွေက ဦးလေးဖိုး ရဲ့မျက်နှာကြောင့် မလုပ်ချင်ဘူး၊ ငြင်းလာတယ်လို့ ကျွန်တော် သတင်း ကြားတယ်၊ သူ့ကို ထုတ်ပစ်ပြီး နှစ်ရက်လောက်အကြာ ဆရာမော် ဆိပ်မှာ ချော်လဲပါရောလား၊ ရုံးတောင် နှစ်ရက်လောက် မတက်နိုင်ဘူး အဲဒီတုန်းက သူ့ကိုနှိပ်စက်တဲ့အကောင် ဒီလိုခံရတာ နည်းတောင် နည်း သေးတယ်၊ မြန်မြန်သေပါစေလို့ ဖိုးရွှေက အရပ်ထဲလည်ပြောနေသေးတယ်' လို့ ကိုသိန်းကို ဘခိုင်က ဆက်ပြီးပြောတယ်။

'ဘခိုင်ရေ၊ လူတွေဟာ သိပ်ခက်တာပဲကွယ်၊ အလုပ်လဲရှာ ရမယ်၊ သူတို့ခိုးနေရင်လဲ လက်ပိုက်ပြီးကြည့်နေရမယ်၊ အရေးယူလို့ တာနဲ့ ကျေးဇူးတွေ ဘယ်လောက်ရှိရှိ အကုန်မေ့ပစ်ပြီး ရန်သူဖြစ်တာ ဖိုးရွှေဟာ မြန်မာလို ခုနစ်တန်းအထိ စာသင်ဖူးတယ်၊ မအောင်သေးဘူး ဒီလိုကောင်မျိုးဟာ ငါမခန့်ရင် တစ်လ ရှစ်ဆယ်တန်အလုပ်ကိုတော့ မရနိုင်ပါဘူး၊ သူသာ ကောင်းကောင်း ရိုးရိုးသားသားလုပ်ရင် တစ်ရာ ရှစ်ဆယ်က နှစ်ရာအထိ တိုးပေးဖို့ ငါစိတ်ကူးတောင်ထားပြီးပြီ၊ ပြော လိုက်ပါ ဘခိုင်ရာ၊ လူငှားတော့ မရိုက်နဲ့ ရိုက်ချင်ရင် သူ့ကျေးဇူးရှင် သူကိုယ်တိုင် ရိုက်လို့၊ ငါက ပြန်မလုပ်ပါဘူး၊ ငုံ့ခံပါ့မယ်'လို့ ကိုသိန်းက ဘခိုင်ကို ပြောလိုက်တယ်။

*



ကိုသိန်းဟာ အလုပ်ကပြန်လာပြီး မခင်မေနဲ့ စကားပြောနေတုန်း သားလေး မောင်မြင့်ဆွေကအနားလာပြီး 'ဖေဖေ စာရေးမကလေး မခင်ဆုံ သေတော့ ကိုယ်ဝန်ကြီးနဲ့လို့ ပြောတယ်၊ အဲဒီကိုယ်ဝန်ဟာ ဖေဖေနဲ့ရတဲ့ ကိုယ်ဝန်လို့ ကျွန်တော့်ကို အတန်းသားတွေက ဝိုင်းပြီး ပြောင်ကြတယ်၊ သူတို့ပြောတာ ဟုတ်လားဖေဖေ'လို့ မေးတယ်။ ကိုသိန်းဟာ အူတက် မတတ် ရယ်ပြီး စက်ဖက်မှာတုန်းက ဘခိုင်ပြောသမျှ မယားနဲ့ သားကို အကုန်ပြောပြပါတယ်။ အဲဒီလိုပြောတဲ့အခါ အမေလုပ်သူက သူ့သားကို ကြည့်ပြီး 'မိန်းကလေးတွေဟာ သိပ်သနားစရာကောင်းတာပဲ၊ လူကြီး တစ်ယောက်လုပ်နေတဲ့သူဟာ ကိုယ့်ထက်ငယ်ကလေးတွေကို ဒီလို ငွေနဲ့ ရွှေနဲ့ ဖြားယောင်းပြီး ဖျက်ဆီးဖို့ မဆိုထားနဲ့၊ မိန်းကလေးတွေကမိုက်မဲပြီး သိမလိမ္မာပြီး ဆင်ခြင်စဉ်းစားဉာဏ်နည်းပြီး ကိုယ့်ကို အတင်းသွေးဆောင် ရင်တောင်မှ လူကြီးလုပ်သူမှာ ငြင်းနိုင်လောက်အောင် သနားတဲ့စိတ် ရှိရ မယ်၊ ငြင်းနိုင်လောက်အောင် သိလရှိရမယ်၊ ငြင်းနိုင်လောက်အောင် ဟိရိနဲ့ ဩတ္တပ္ပဆိုတဲ့ အရှက်အကြောက် ရှိရမယ်။

'ခဏကလေး ခံစားလိုက်ရတဲ့ အတွေ့ကို မက်ပြီး မိန်းကလေး တစ်ယောက်ကို ဖျက်ဆီးမိရင် ဒီမိန်းကလေးမှာလဲ ပြန်ပြီး အဖတ်ဆယ် မရတော့ဘူး၊ ပျက်ဆီးသွားပြီ၊ အပျိုရည်ပျက်သွားပြီ၊ ကိုယ့်မှာလဲ လူမှန်ရင် အနည်းဆုံး ကျင့်ရမယ်လို့ မြတ်စွာဘုရား ဟောကြားထားတော်မူခဲ့တဲ့ ငါးပါးသီလထဲက ကာမတို့မှာ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ပါ့မယ် ဆိုတဲ့ သိက္ခာပုဒ်ကို ကျူးလွန်ဖျက်ဆီးရာရောက်သွားပြီ၊ အဲဒါကြောင့် မေမေ့သားဟာ မေမေ့ဆန္ဒအတိုင်း ရဟန်းမပြုနိုင်လို့ လူဝတ်ကြောင်နဲ့များ နေမယ်ဆိုရင် ကိုယ့် ကာမပိုင်မယားကလွဲပြီး ဘယ်မိန်းမကိုမဆို ပျိုပျို အိုအို၊ ကြီးကြီးငယ်ငယ် ကျူးလွန်ဖျက်ဆီးခြင်းကို အသက်ထက်ဆုံး ရှောင် ကြဉ်ပါ့မယ်လို့ မေမေ့ကို ကတိပေးနိုင်ပါ့မလား'လို့ မေးတယ်။ 'ပေးနိုင် ပါတယ် မေမေရယ်၊ သားလဲ ကိုယ်ချင်းစာတတ်ပါတယ်၊ ကိုယ့် သမီး ကလေးကို ဒီလို ဖျက်ဆီးရင် ကြိုက်မလား၊ ကိုယ့်နှမကလေးကို ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးရင် ကြိုက်မလား၊ ကိုယ်မကြိုက်ရင် သူများကိုလဲ ဘာဖြစ် ဖျက်ဆီးရမလဲ မမေ'လို့ သားက ပြန်ဖြေတယ်။ မခင်မေက သာ သုံးကြိမ်ခေါ်တယ်။

အဲဒီလို သာဓုသုံးကြိမ်ခေါ်ပြီးတော့မှ အမေလုပ်သူက 'လူကလေး ပြောလက်စနဲ့ ပြောရဦးမယ်၊ လူကလေးနဲ့ မခင်လှဟာ ငယ်ငယ်ကလေး သူငယ်ချင်း ဖြစ်လာကြတယ်၊ အခုဆိုရင် နှစ်ယောက်စလုံးဟာ အရွယ် ကလေးတွေ ရောက်လာကြပြီ၊ အဲဒီတော့ ရှေ့ကို လူကလေးဟာ ဒီမခင် ကလေးကို ကိုယ့် ညီမ အရင်းကလေးလိုပဲ ဆက်ပြီး စောင့်ရှောက်သွားနိ ပါ့မလား' လို့ မေးတယ်။ 'စိတ်ချပါ မမေ'လို့ မောင်မြင့်ဆွေ ဖြေတယ်။ ။

၁၉

## မောင်မြင့်ဆွေ နှင့် မခင်လှ

မခင်လှဆိုတာ ပိုးထည်ဆိုင်ပိုင်ရှင် ကိုမောင်ညွှန့် မသင်တို့ရဲ့ သမီး ဖြစ်တယ်။ ကိုမောင်ညွှန့် မသင်တို့မှာ သမီးနှစ်ယောက်ရှိတယ်။ မခင်လှက အကြီး၊ မခင်သောင်းက အငယ်ဖြစ်တယ်။ ကိုမောင်ညွှန့်နဲ့ မသင်တို့ဟာ ကိုသိန်း မခင်မေတို့နဲ့ တစ်အိမ်ခြားမှာ နေကြတယ်။ သူတို့ တစ်ယောက်နဲ့ တစ်ယောက် အင်မတန် ခင်ကြတယ်။ မခင်မေဟာ မောင်မြင့်ဆွေကို မျက်နှာမြင်တုန်းက မသင်ဟာ မခင်လှကို ကိုယ်ဝန်ကြီးနဲ့ မခင်မေဆီကို လာပြီး မီးဖွားပေးတယ်။ စောင့်ရှောက်တယ်။ နောက် သုံးလနဲ့ ဆယ့်တစ်ရက် ကြာတဲ့အခါ မသင်ဟာ မခင်လှကို မျက်နှာမြင်တော့ မခင်မေဟာ မသင် ဆီကို သွားပြီး မီးဖွားပေးတယ်။ စောင့်ရှောက်ပေးတယ်။ မောင်မြင့်ဆွေနဲ့ မခင်လှတို့လဲ အမိအဖတွေကို အကြောင်းပြုပြီး ကလေးအရွယ်ထဲက ကစားဖော် ကစားဖက်ဖြစ်ခဲ့ကြတယ်။ ကျောင်းနေပြန်တော့လဲ မောင်မြင့်ဆွေ နဲ့ မခင်လှတို့ဟာ တစ်ကျောင်းတည်း တစ်တန်းတည်း နှစ်စဉ်နှစ်တိုင်း တစ်တန်းပြီးတစ်တန်း အတူတူအောင်လာကြတယ်။ အဲဒီတော့ သူတို့နှစ်ဦးဟာ ကစားဖော် ကစားဖက်ကနေပြီး သူငယ်ချင်းတွေ ဖြစ်လာ ကြပြန်တယ်။ သူတို့နှစ်ဦး ခုနစ်တန်းအောင်တဲ့နှစ်၊ ဆရာသီ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားတုန်း သူတို့ရဲ့ မိဘတွေတိုင်ပင်ပြီး ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းကို ဘုရားဖူးသွားကြတယ်။ အဲဒီအခါ သူတို့အသက်တွေဟာ မငယ်ကြတော့ဘူး။ ဆယ့်လေးနှစ်စီ ရှိနေကြပြီ။

မောင်မြင့်ဆွေကိုတော့ သူ့မိဘတွေက ဘုန်းကြီးလုပ်ခိုင်းနေတယ်။ သူက အရေးပိုင်လုပ်ချင်သေးတယ်။ ဝါးခယ်မမှာ အကြီးဆုံး အုပ်ချုပ်ရေးအရာရှိက ဝန်ထောက်။ အဲဒီ ဝန်ထောက်ကို ကလေးအနေနဲ့ မြင်ရပြီး မောင်မြင့်ဆွေဟာ သိပ်အားကျတယ်။ တစ်ခါတစ်ခါ မြောင်းမြက အရေးပိုင် ဝါးခယ်မကိုလာတဲ့အခါလဲ မောင်မြင့်ဆွေ မြင်ရပြီး သိပ်အားကျတယ်။ သူ့စိတ်ထဲမှာတော့ ဝန်ထောက်နဲ့ အရေးပိုင် ပထမ လုပ်လိုက်ဦးမယ်။ အရေးပိုင် လေးငါးနှစ်လောက် အနည်းဆုံးလုပ်ပြီးတော့မှ မိဘတွေစိတ်ကြိုက်အတိုင်း ဘုန်းကြီးလုပ်မယ်။ မိန်းမယူဖို့တော့ သူ စိတ်မကူးဘူး။ အဲဒီသူ့အကြံကို ဘယ်သူ့မှ သူမပြောဘူး။ ဆယ်တန်းအောင်တော့မှ သူ့မိဘကိုပြောမယ်လို့ ကြံထားတယ်။ မခင်လှကလေးကတော့ ဒီလို မဟုတ်ဘူး။ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းက ဘုရားဖူးပြန်လာတဲ့ အချိန်လောက်ကစပြီး မောင်မြင့်ဆွေအပေါ်မှာ စိတ်တွေ ဖောက်ပြန်လာတယ်။ မောင်မြင့်ဆွေကို ကစားဖော် ကစားဖက်လို သူငယ်ချင်းလို သဘောထားလို့ မရတော့ဘူး။ အကြောတွေ၊ အခြင်တွေ၊ အူတွေ၊ အသည်းတွေထဲထိပါ ချစ်လာတဲ့ ချစ်သူလို့ သဘောထားလာပါတယ်။ နေ့အခါလဲ အားလပ်ချိန်ရတိုင်း၊ ညဆိုရင်လဲ အိပ်ရာဝင်တိုင်း စဉ်းစားစရာ၊ တွေးစရာ၊ သတိရစရာသတ္တဝါကလေးလို သဘောထားလာတယ်။

မခင်လှဟာ မောင်မြင့်ဆွေနဲ့ ကျောင်းအတူတူသွားရအောင် မောင်မြင့်ဆွေတို့အိမ်ကို အမြဲတမ်း ငါးမိနစ်၊ ဆယ်မိနစ်စောပြီး ရောက်လေ့ရှိတယ်။ သူနည်းနည်းနောက်ကျရင်လဲ သူ့ကိုစောင့်ဖို့ မောင်မြင့်ဆွေကိုမှာထားတယ်။ ကျောင်းဆင်းရင်လဲ ဒီလိုပဲ။ မောင်မြင့်ဆွေ နောက်ကျရင်သူက စောင့်နေတယ်။ သူနောက်ကျနေရင်လဲ မောင်မြင့်ဆွေက စောင့်ရမှာထားတယ်။ ကျောင်းမှာဆိုရင်လဲ မောင်မြင့်ဆွေနဲ့ပဲ အနေများတယ်။



အတန်းထဲကမိန်းကလေးတွေနဲ့ အပေါင်းအသင်း သိပ်မရှိလှဘူး။ နေ့လယ်ကျောင်းဆင်းချိန်ဆိုရင်လဲ စားစရာတွေ ဝယ်ဝယ်လာပြီး မောင်မြင့်ဆွေနဲ့အတူစားတယ်။ ဒီလို သူတို့နှစ်ဦးဟာ တတွဲတွဲဖြစ်နေပေမယ့် အရွယ်ကလဲ သိပ်မကြီးကြသေးဘူး။ မောင်မြင့်ဆွေကလေးကလဲ အင်မတန် ဣန္ဒြေရတယ်။ တည်ကြည်တယ်။ စကားနည်းတယ်။ ပြီးတော့လဲ သူတို့ဟာ အိမ်နီးနားချင်း ကလေးတွေတည်းက ကစားဖော် ကစားဖက် ဖြစ်လာကြတယ်ဆိုတော့ ပတ်ဝန်းကျင်က သက်ာမကင်း မဖြစ်ကြဘူး။ သူတို့အပေါ်မှာအမှတ်တမဲ့ပဲ နေလိုက်တာပဲ။

နောက်တစ်နှစ် ကိုးတန်းကို နှစ်ယောက်စလုံး တက်ရပြီး ဆယ့်ငါးနှစ်စီရှိလာတဲ့အခါ မခင်လှရဲ့ မေတ္တာဟာ ရှေးကထက် ပိုပြီးရင့်သန်လာတယ်။ မခင်လှဟာ သူ့နာမည်ပါတဲ့ လက်ကိုင်ပဝါကလေးတွေကိုမောင်မြင့်ဆွေကို ပေးတယ်။ ဒီလိုပေးရင် မောင်မြင့်ဆွေကလဲ သူ့နာမည်ပါတဲ့လက်ကိုင်ပဝါကလေးတွေ ပြန်ပေးလိမ့်မယ်လို့ မခင်လှဟာ ပထမတုန်းကမျှော်လင့်တယ်။ ဒီလို အပြန်အလှန်ပေးရင်း တစ်ယောက်နဲ့တစ်ယောက်သမီးရည်းစား ဖြစ်သွားမယ်လို့ မခင်လှ ယူဆတယ်။ မောင်မြင့်ဆွေဆီက ဘာမှ ပြန်မလာတဲ့အခါ မောင်မြင့်ဆွေဟာ ဘုန်းကြီးတစ်ပိုင်းဖြစ်နေတယ်။ ဒါမျိုးတွေ နားလည်တာ မဟုတ်ဘူး။ သူနဲ့ရတော့မှပဲ ပြုပြင်ယူရမယ်လို့ မခင်လှက သူ့ကိုယ်သူ ဖြေတယ်။

တစ်နေ့နေ့လယ် ကျောင်းဆင်းချိန် အတန်းသူအတန်းသားတွေထဲက တချို့က မုန့်စားသွားကြတယ်။ တချို့က ဟိုနားဒီနား သွားကြတယ်။ အတန်းထဲမှာ မောင်မြင့်ဆွေနဲ့ မခင်လှ နှစ်ယောက်ပဲရှိတယ်။ နှစ်ယောက်အတူတူ မြေပဲဆားလှော်စားရင်း မခင်လှက 'မောင်မြင့် ချစ်တယ်ဆိုတာနင်သိသလား၊ ဘာလဲ'လို့ မေးတယ်။ မောင်မြင့်ဆွေက 'ချစ်တယ်ဆိုတာကြိုက်တာပေါ့ဟ'လို့ ပြန်ပြောတယ်။ မခင်လှက 'ကြိုက်တယ်ဆိုတာကောနင်သိသလား၊ ဘာလဲ'လို့ ထပ်ပြီးမေးတယ်။ မောင်မြင့်ဆွေက 'ကြိုက်တယ်ဆိုတာ လိုချင်တာပေါ့ဟ၊ ယောကျ်ားက မိန်းမကို လိုချင်တာ၊ မိန်းမက

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားကို လိုချင်တာ၊ အဲဒါ ကြိုက်တာပေါ့ဟဲ့’လို့ ပြန်ဖြေတယ်
မခင်လှဟာ မြေပဲဆားလှော်ကို လေးငါးစေ့လောက် ဆက်စားပြီး ‘မောင်မြ
နင်ငါ့ကိုမှန်မှန်ပြောမလား၊ နင့်မှာနင်လိုချင်တဲ့ မိန်းမ ရှိပလား’ လို့
တယ်။ မောင်မြင့်ဆွေက မခင်လှကို မျက်မှောင်ကုတ်ကြည့်ပြီး ‘ခင်လှနင်
ဘာတွေလျှောက်ပြောနေသလဲ၊ ကလေးတွေဖြစ်ပြီး ဆေးလိပ်သော
တာတို့၊ ချစ်စကား ကြိုက်စကား ပြောတာတို့ ငါ သိပ်မုန်းတာပဲ’
ငေါက်လိုက်တယ်။ မခင်လှလဲ ရှေ့ကိုဆက်ပြီး မပြောရဲတော့ဘူး။

မခင်လှကလေးလဲ ချစ်လာပြီဆိုတော့ အငြိမ်ထိုင်မနေနိုင်တော့
ဘူး။ လိုလျှင်ကြံဆ နည်းလမ်းရ ဆိုတဲ့ စကားအတိုင်း လိုချင်လာ
အခါကျတော့ ရအောင် ဘယ်လိုလုပ်ရပါ့မလဲဆိုတာ ကြံစည်လာရတယ်
ကြံစည်တော့ နည်းလမ်းရတယ်။ မခင်လှကလေးလဲ အဲဒီလို ကြံစည်
အခါ နည်းလမ်းတစ်ခု ရတယ်။ အဲဒီနည်းလမ်းက တခြားဟာ မဟု
ပါဘူး။ မောင်မြင့်ဆွေကို တိုက်ရိုက်ချည်းကပ်လို့တော့ သူရှုံးရုံသာ ရှိမယ်
အမကြီး ဒေါ်ခင်မေကတစ်ဆင့် လှည့်ပြီးတက်မှပဲ အောင်ဖို့လမ်းရှ
တယ်ဆိုတဲ့ နည်းလမ်းပဲဖြစ်တယ်။ အဲဒီ နည်းလမ်းရကတည်းက မခင်
ကလေးဟာ အိမ်မှာ မခင်မေလုပ်တဲ့ အလုပ်တွေကို ကူလုပ်ပေးတယ်
တနင်္ဂနွေနေ့တွေမှာ မခင်မေတို့မိသားစု ဥပုသ်စောင့်ရင် သူပါ ဝင်စော
တယ်။ မခင်မေ သဘောကျအောင် အင်္ကျီထူထူဝတ်တယ်။ သနပ်ခါးရေ
ကလေးကို လိမ်းတယ်။ ပေါင်ဒါမလိမ်းဘူး။ မခင်မေကို ဒေါ်ဒေါ်လို့
နေကျဖြစ်ပေမယ့် တစ်ခါတစ်ခါ မေမေလို့ခေါ်တယ်။ ရုပ်ရှင်ကို အင်မတ
ဝါသနာပါပေမယ့် မခင်လှဟာ ရုပ်ရှင်ကို ဖြတ်ပစ်လိုက်တယ်။ ဖြတ်
လိုက်တဲ့ အကြောင်းကိုလဲ မခင်မေကို ပြောပြတယ်။ မခင်မေက
မခင်လှကလေး ဒီလိုလုပ်နေတဲ့အထဲမှာ ဘာတစ်ခုမှ ထူးထူးဆန်းဆန်း မမြ
ဘူး။ သူ့ကိုခင်ပြီး လုပ်ပေးနေတာလို့ပဲ ယူဆထားတာပဲ။ ဒါပေမယ့် ဒီ
အလုပ်မျိုးကို လုပ်ခဲ့ဖူးတဲ့ ကိုသိန်းကတော့ မြွေမြွေချင်း ခြေရာမြင်တ
ဆိုသလို မခင်လှ လုပ်ပုံကိုင်ပုံတွေထဲမှာ အဆန်းကလေးကို တွေ့ရတ



တစ်နေ့မှာ ကိုသိန်းက ‘မခင်မေရေ ပြောရမှာ သားသမီးချင်း မစာနာသလိုများ ဖြစ်နေမလား မဆိုနိုင်ဘူး’ လို့ စကား စလိုက်တယ်။ မခင်မေက ‘ဘာများပါလိမ့် ကိုသိန်းရယ်’ လို့ ပြန်မေးတယ်။ ကိုသိန်းက ‘မခင်လှကလေးဟာ သိပ်မရိုးတော့ဘူး၊ မင့်သားကို ချစ်နေပြီထင်တယ်’ လို့ ပြောလိုက်တယ်။ မခင်မေက အံ့အားသင့်ပြီး ကြံကြီးစည်ရာ ကိုသိန်းရယ်၊ ဘာကြောင့် ဒီလိုပြောတာလဲ’ လို့ မေးတယ်။ ကိုသိန်းက ‘ငါနဲ့ မင်းတုန်းကလို ဖြစ်နေပြီ၊ မင်းကလဲ ငါ့ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မသိတော့ ငါလဲ ကြံမိကြံရာဆိုပြီး မေမေ့ခြေနှာကို အတင်း ဝင်ကုရတာပဲ၊ အခုလဲ ဒီလိုဖြစ်နေပြီထင်တယ်၊ လူကလေးတော့ ဒီဟာတွေကို ဘာမှ မသိဘူး၊ သူ့စာပဲ အရေးကြီးနေတာပဲ၊ ဒါကြောင့် ကောင်မကလေးဟာ မင်းကို ဝင်ကပ်နေတယ်ထင်တယ်’ လို့ ကိုသိန်းက ပြောတယ်။ မခင်မေက ခဏလောက် စဉ်းစားပြီး ခပ်ပြုံးပြုံးမျက်နှာထားနဲ့ ‘ကိုသိန်းရယ် ခိုးတတ်တော့ ရှိုးတတ်တယ်ဆိုတာမျိုး ဖြစ်နေပြီ၊ ကိုယ်လုပ်ခဲ့ဖူးတာနဲ့ သူများလဲ ဒီလိုလုပ်လိမ့်မယ်လို့ထင်တာ မမှန်ဘူးထင်တယ်’ လို့ ပြောတယ်။ ကိုသိန်းက ‘သူများအကြောင်းကို ပြောရတာတော့ မကောင်းဘူးပေါ့ကွယ်၊ ငါပြောတာလဲ ချိုးချိုးဖွဲ့ဖွဲ့ ပြောချင်တဲ့ စေတနာနဲ့ မဟုတ်ပါဘူး၊ ကိုယ်ချင်းစာပြီး သနားတဲ့စိတ်နဲ့ ပြောတာပါ မခင်မေရယ်’ လို့ ပြောပြီး ဒီအကြောင်း ဆက်မပြောတော့ဘူး။

အဲဒီနှစ် စာမေးပွဲစစ်ပြီးတဲ့အခါ မောင်မြင့်ဆွေရော၊ မခင်လှရော နှစ်ယောက်စလုံး စာမေးပွဲအောင်တဲ့အတွက် ဆယ်တန်းကို တက်ရတယ်။ နှစ်ယောက်စလုံးလဲ တစ်ဆယ့်ခြောက်နှစ်စီ ရှိလာကြပြီ။ မောင်မြင့်ဆွေကတော့ ကိုယ်ကာယအနေနဲ့ ဒီလောက် ပြောင်းလဲခြင်းမရှိပါဘူး။ မခင်လှကတော့ သိသိသာသာကြီး ပြောင်းလဲသွားတယ်။ အတော်ပြီးလဲ ထွားလာတယ်။ ပိုပြီးတော့လဲ ချစ်စရာကောင်းလာတယ်။ မောင်မြင့်ဆွေကို ချစ်နေတဲ့ ချစ်စိတ်တွေရဲ့ တန်ခိုးတွေကြောင့်များ ဒီလိုဖြစ်လာသလား မဆိုနိုင်ဘူး။ ကျောင်းပြန်ဖွင့်ပြီး မကြာခင် တစ်နေ့ကျတော့ ကိုသိန်း

www.burmeseclassic.com

www.burmeseclassic.com



မခင်မေတို့အိမ်မှာ ဘုရားကိုးဆူကပ်တယ်။ လာတဲ့ပရိသတ်တွေကတော့ တော်တော်စုံပါယ်။ သူဌေးဦးထွန်း အလုပ်များနေလို့ မလာနိုင်ဘူး။ သူ့မိန်းမ သူဌေးကတော် ဒေါ်မြရှင်နဲ့ သား ကိုလှိုင်ဖေတို့ လာကြတယ်။ ကျောင်းက ကျောင်းဆရာမကြီးနဲ့ ဆရာတွေ ဆရာမတွေ လာကြတယ်။ ရှေ့နေကတော် ဒေါ်သန်းတင်နဲ့ သူ့သမီးလဲလာကြတယ်။ မခင်မေရဲ့ ဖေ့ဖေရဲ့ ညီမအငယ်ဆုံး မြေပိုင်ရှင် ဒေါ်ထင်နဲ့ သူ့ယောကျ်ား ဦးလွန်းတို့လဲ မခင်မေတို့ ထမင်းသုပ်ရောင်းနေရတုန်းက ဆေးဖော်ကြောဖက် မလုပ်မိတဲ့အတွက် မျက်နှာပူပြီး မလာကြဘူး။ ဒါပေမယ့် သူတို့ရဲ့သမီး ဆယ်တန်းကျောင်းသူ ရင်ရင်ကိုတော့ လွှတ်လိုက်ပါတယ်။ မခင်လှရဲ့ မိဘများလဲ လာကြတယ်။ မခင်လှကတော့ အစောကြီးကတည်းက ရောက်ပြီး မခင်မေနဲ့အတူတူ ဝေယျာဝစ္စတွေ ဆောင်ရွက်နေတယ်။ ဧည့်သည်တွေကို ခေါက်ဆွဲ ကျွေးတယ်။ မခင်လှလဲ ခေါက်ဆွဲပန်းကန်တွေကို ဧည့်သည်တွေရှေ့မှာ လိုက်ချပေးနေတယ်။ သူဌေးကတော် ဒေါ်မြရှင်နဲ့ သား ကိုလှိုင်ဖေတို့လာတဲ့အခါလဲ မခင်လှပဲ ခေါက်ဆွဲပန်းကန်ချပေးတယ်၊ ကော်ဖီယူပေးတယ်။ လက်ဖက် ချင်းသုပ်ပန်းကန်၊ ဆေးလိပ်ပန်းကန်၊ ကွမ်းအစ်၊ ထွေးခံ အစုံချပေးတယ်။ သူဌေးသား ကိုလှိုင်ဖေလဲ မခင်လှကို စိုက်ကြည့်ရင်း အတော်လှတဲ့ဟာမကလေးပဲလို့ မှတ်ချက်ချလိုက်တယ်။

ည ခုနစ်နာရီလောက် အိမ်မှာ ဧည့်သည်တွေ အတော်စုံတဲ့အခါ သူဌေးဦးထွန်းက အရေးကြီးတဲ့ကိစ္စနဲ့ အမြန်လာပါလို့ အခေါ်လွှတ်လိုက်တဲ့အတွက် ဧည့်သည်တွေကို မခင်မေနဲ့ ထားပစ်ခဲ့ပြီး လွှတ်လိုက်တဲ့ မော်တော်နဲ့ သော်ကဘက်ကို ကိုသိန်း လိုက်သွားရတယ်။ အရေးကြီးတဲ့ အကြောင်းကတော့ ဒီလိုပါ။ အဲဒီနေ့ညနေ ငါးနာရီလောက်က သူဌေး ဦးထွန်းကို မိန်းကလေးတွေ ရှာပေးနေကျ မမိုးဟာ ကဝဲရွာထဲက မအေးကြိုင်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို သူဌေးဦးထွန်းဆီ ခေါ်လာတယ်။ ကဝဲရွာဆိုတာ ဝါးခယ်မ အရှေ့ဘက်မှာ ရှိတယ်။ ဝါးခယ်မမြို့ထိပ်က ထွက်သွားရင် ခဏကလေးသွားရတယ်။



မအေးကြိုင်ရဲ့ ရာဇဝင်က ဒီလို။ သူငယ်ငယ်ကတည်းက သူ့မိဘတွေ ဆုံးတယ်။ သူ့အဖေရဲ့ သူငယ်ချင်းတစ်ယောက်က သနားတာနဲ့ အိမ်မှာ ခေါ်မွေးထားတယ်။ ကြီးပြင်းလာတဲ့အခါ ကဝဲရွာထဲက အလုပ်သမားကလေး ခင်မောင်နဲ့ မေတ္တာရှိကြတယ်။ သူတို့ အိမ်ထောင်ပြုဖို့ကိစ္စအတွက် အခက်အခဲကတော့ ငွေပဲ။ ခင်မောင်လဲ ဒီငွေရအောင်ရှာဖို့ ပင်လယ်သွားတဲ့ ငါးပိလှေမှာ တစ်နှစ်လုပ်တယ်။ ငွေကလေး အတော်စုမိတဲ့အခါ အမေမုဆိုးမကြီးက သူ့သားငယ် ခင်မောင်ရဲ့ညီကို ရှင်ပြုချင်တယ်ဆိုလို့ သူ့အတွက် အိမ်ထောင်မပြုရဘဲ ရတဲ့ငွေနဲ့ ရှင်ပြုပေးလိုက်ရတယ်။ နောင်နှစ်ငွေရလာပြန်တော့ လက်ထပ်မယ်လုပ်တုန်း အမေမုဆိုးမကြီး ဆုံးပြန်တယ်။ ဒါနဲ့ ရလာတဲ့ငွေကို မသာစရိတ်အတွက် သုံးလိုက်ရပြန်တယ်။ ဒီနှစ်လဲ ငါးပိလှေလိုက်ဖို့ ပြောပြီးပြီ။ လှေမထွက်ခင် နှစ်ရက်လောက်မှာ ဒလန်တစ်ယောက်က ကဝဲမှာဖြင့် မအေးကြိုင်ဆိုတဲ့ ကောင်မကလေး ရှိလေရဲ့၊ ပိုက်ဆံ နည်းနည်း အကုန်ခံနိုင်ရင် ရမယ်လို့ လက်ထောက်ချလိုက်တာနဲ့ မမိုး ကဝဲရောက်လာပြီး မအေးကြိုင်နဲ့ တွေ့တယ်။ တစ်လ နှစ်ဆယ်ပေးမယ်၊ ထမင်းကျွေးမယ်၊ အဝတ်အစားပေးမယ်၊ သူဌေးတစ်ယောက်စာအတွက် ထမင်းနဲ့ ဟင်းချက်ပေးရုံပဲဆိုတော့ မအေးကြိုင်ကလေးဟာ သိပ်ပြီး ဝမ်းသာတာပေါ့။ သူ့ရည်းစား ခင်မောင်နဲ့ တိုင်ပင်တဲ့အခါ ခင်မောင်ကလဲ သဘောတူတယ်။ ဒီလို သူတို့နှစ်ယောက်စလုံး အလုပ်လုပ်မယ်ဆိုရင် သူတို့ရဲ့ အိမ်ထောင်ကိစ္စဟာ မြန်မြန် ပြီးနိုင်မှာပဲလို့ တွေးပြီး ဝမ်းသာတယ်။ ဒါကြောင့် ခင်မောင်ဟာ မမိုးရှေ့မှာ ပုဆစ်ဒူးတုပ်ထိုင်ပြီး 'မမရယ်၊ အေးကြိုင်ဟာ မလိမ္မာပါဘူး၊ အစစအရာရာ ဆုံးမပါ၊ တောမလေ့ ခပ်ရိုင်းရိုင်းမို့ မြို့မှာ အဆင်မပြေတာများရှိရင်လဲ သင်ပေးပါ မမရယ်'လို့ အေးကြိုင်ကို မမိုးဆီမှာ ရိုရိုသေသေ အပ်လိုက်ပါတယ်။

မမိုးလဲ အေးကြိုင်နဲ့ အတူတူ သော်ကကိုသမ္ဗန်စီးပြီး ပြန်လာပါတယ်။ အေးကြိုင်လဲ ရိုးရိုးအအကလေးဆိုတော့ မမိုးထောင်ထားတဲ့ ကျော့ကွင်းကို မမြင်ရှာဘူး။ လမ်းတစ်လမ်းလုံးမှာ အေးကြိုင်က 'မမရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့ ကိုခင်မောင် တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိလာတာ ကြာပါပြီ၊ လက်ထဲမှာ ပိုက်ဆံဆိုရင် မှူးလို့တောင် ရှုစရာမရှိတာနဲ့ ကျွန်မတို့ဟာ အခုထက်ထိအိမ်ထောင်မပြုရတာပဲ၊ ကိုခင်မောင်လဲ လေ့နဲ့ ဒီနှစ် လိုက်မှာပဲ၊ ကျွန်မလဲ မမတို့ဆီမှာ တစ်နှစ်လောက်လုပ်လိုက်ရင် အိမ်ထောင်ပြုဖို့ လက်ထဲမှာ ငွေကလေးတော့ အတော်စုမိပါပြီ၊ အခုလို ခေါ်ပြီး အလုပ်ပေးတာ ကျေးဇူးတင်ပါတယ် မမရယ်၊ ကျွန်မကို ထမင်းချက်တင် မဟုတ်ပါဘူး၊ ချေး သေးကအစ အလျှော်ခိုင်းပါ၊ ကျွန်မ အလုပ်မတွက်ကပ်ပါဘူး၊ ကျွန်မလဲ အဖေ အမေဆုံးကတည်းက သူများ အိမ်မှာကပ်ရပ်ပြီး ထမင်းကလေးတစ်လုတ်အတွက် အလုပ်မျိုးစုံ လုပ်ပေးခဲ့ရ ပါတယ် မမရယ်၊ အဲဒီတော့ ကျွန်မ အလုပ်မတွက်ကပ်ပါဘူး' ဆိုတဲ့ သူ့ ဝမ်းထဲရှိတာတွေကို အကုန်လျှောက်ပြောလာတယ်။

သော်ကကို ရောက်တဲ့အခါ မမိုးဟာ အေးကြိုင်ကို ရေမိုးအချိုး ခိုင်း၊ အဖြီးလိမ်းခိုင်း၊ လိုနေတဲ့နေရာတွေကို သူကိုယ်တိုင် ပြုပြင်ပေး၊ အဝတ်သစ် အစားသစ် အလဲခိုင်း။ ရွှေရည်စိမ်လက်ကောက်ကလေးတွေလဲ တစ်ဖက် ငါးရုံစီ ဝတ်ပေး။ အဲဒီလိုလုပ်လိုက်တော့ နဂိုရုပ်ကလေးကလဲ ရှိနေတဲ့ အေးကြိုင်ဟာ တစ်သွေးတစ်မွေး ဖြစ်သွားတယ်။ သူတစ်ခါမှ မမြင်ဖူးတဲ့ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ သူ့ရုပ်ကို သူပြန်ကြည့်တဲ့အခါ သူ့ဟာသူ အတော်ကျေနပ်နေတယ်။ အဲဒီလို မှန်ကြည့်ရင်း သူ့ရဲ့ညီးစား ခင်မောင်ဆီ ဒုန်းစိုင်းပြေးသွားပြီး ဒီရုပ်ကလေးကို ပြလိုက်ချင်တဲ့စိတ်တွေ အေးကြိုင်ကိုယ်ထဲမှာ တဖွားဖွားပေါ်လာတယ်။ ပြီးတော့မှ ဒီသူဌေးကြီးဟာ ပိုက်ဆံသိပ်ချမ်းသာမှာပဲ။ စိတ်သဘောလဲ သိပ်ကောင်းပုံရတာပဲနော်လို့ သူ့ဟာသူ မှတ်ချက်ချလိုက်ပါတယ်။

ညနေ ငါးနာရီလောက်ရှိတဲ့အခါ သူဌေးက အားပြီ လာခဲ့ကြလို့ အခေါ်လွှတ်လိုက်တဲ့အတွက် မမိုးဟာ အေးကြိုင်ကလေးကို ခေါ်ပြီး တိုက်အပေါ်ထပ်က အခန်းထဲမှာ စောင့်နေတဲ့ သူဌေးဦးထွန်းဆီကို သွားကြတယ်။ သူဌေးဦးထွန်းဟာ မအေးကြိုင်ကို မြင်တဲ့အခါ ပြုံးပြီး



...နှစ်ချောင်းကို လှုပ်နေပါတယ်။ အဲဒါဟာ သူဌေး အင်မတန်သဘောကျတဲ့ ...ကွက်ာဆိုတာ မမိုး ကောင်းကောင်းသိတယ်။ အဲဒီတော့ တအောင့် ...သာက်ကြာတဲ့အခါ မမိုးဟာ မအေးကြိုင်ကလေးကို အပြင်ခဏ အထွက် ...င်းလိုက်တယ်။ အခန်းထဲမှာ သူနဲ့ သူဌေးပဲရှိတဲ့အခါ 'အစ်ကိုကြီး၊ ...ဟာကလေးကတော့ သိပ်ရိုင်းနေသေးတယ်၊ သုံးရက်လောက် နားချပါရ ...ဦး' လို့ မမိုးက ခွင့်တောင်းတယ်၊ သူဌေးက ဒီစကားကို မကြိုက်ဘူး။ ...ပြီး 'သောက်ကမြင်းမ၊ လျှာရှည်မနေနဲ့၊ ငါ့ဟာငါ နားချမယ်၊ ငါနားချ ...တာက နင်တို့ နားချတာထက် ကောင်းတယ်မဟုတ်ဘူးလား မိမိုး ပြောစမ်း' ...လို့ အရက်ကလေးခပ်ထွေထွေနဲ့ ပြောတယ်။ မမိုးကလဲ မချိသွားဖြ ...ပြီး 'ဟုတ်ပါတယ် အစ်ကိုကြီး၊ ကောင်းပါတယ်' လို့ ပြန်ပြောတယ်။ ...မိုး နင့်ကိုတောင် ငါနားချတာ ငါးမိနစ်ပဲ ကြာတယ် မဟုတ်လား' လို့ ...သူဌေးက ထပ်ပြီးမေးပါတယ်။ မိမိုးလဲ ပြုံးပြီး 'ဟုတ်ပါတယ် အစ်ကိုကြီး' ...လို့ ပြောတယ်။ 'ကဲ မိမိုး၊ ငါ အခု ရေချိုးလိုက်ဦးမယ်၊ ခြောက်နာရီတိတိ ...အခန်းထဲအရောက် ခုနဟာကလေးကိုပို့၊ တစ်မိနစ်နောက်ကျရင် နင် ...သရအောင်ပြင်ပေတော့' လို့ ပြောပြီး မမိုးကို ပြန်လွှတ်လိုက်တယ်။

ခြောက်နာရီမှာ မမိုးနဲ့ မအေးကြိုင် ပြန်တက်လာကြတယ်။ ...သူဌေးလဲ ရေချိုးပြီး ဘရန်ဒီ သောက်ရင်း စောင့်နေတယ်။ အခန်းထဲ ...ရောက်တဲ့အခါ မမိုးက 'အစ်ကိုကြီး မအေးကြိုင်ဟာ ထမင်းချက်တင်မဟုတ် ...ဘူး၊ အဖွပ် အလျှော်ကစပြီး ခိုင်းချင်တာခိုင်းပါ၊ မတွက်ကပ်တတ်ပါဘူး' ...လို့ ပြောပြီး အပြင်ဘက် ထွက်သွားတယ်။

အ လှတဲ့ မအေးကြိုင်ကလေးလဲ သူဌေး ဘာခိုင်းမလဲလို့ သူဌေး ...မှာ မတ်တတ်ရပ်နေပါတယ်။ သူဌေးလဲ ဘာမှမပြောဘဲ ထပြီး တံခါး ...င်းတုပ်ထိုးလိုက်တယ်။ မအေးကြိုင်ကလေးလဲ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား ...တယ်။ မင်းတုပ်ထိုးပြီး ပြန်အလာမှာ မအေးကြိုင်ရဲ့ မေးစေ့ကလေးကို ...သာကိုင်လိုက်တယ်။ မအေးကြိုင်လဲ စိတ်ထဲမှာ မြက်ခနဲဖြစ်ပြီး သူ့ခေါင်း ...ကို နောက်တိမ်းလိုက်တယ်။ သူဌေးက သူ့အနားမှာရပ်ပြီး နှင့်နာမည်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ’လို့ မေးတယ်။ ‘မအေးကြိုင်ပါရှင်’လို့ ဖြေတယ်။ ‘မအေးကြိုင်
တယ်ချောတယ်ကွယ်၊ နောင် သူဌေးကတော်ဖြစ်လာရင် စိန်တွေ ရွှေတွေ
ဆိုတော့ ဒါ့ထက် အများကြီးလှလာဦးမယ်’လို့ သူဌေးက ဆက်ပြော
တယ်။ အေးကြိုင်ကလေးလဲ သူ့နားကို သူ မယုံနိုင်ဘူး။ အိပ်မက်များ
မက်နေသလားလို့ အောက်မေ့လိုက်တယ်။ အဲဒီလိုပြောပြီး ခုတင်ဆီ
ဆွဲခေါ်ရအောင် မအေးကြိုင်လက်ကို ဆွဲလိုက်တယ်။ မအေးကြိုင်
ဆောင့်ရုန်းလိုက်တယ်။ အဲဒီလိုရုန်းပြီးတော့ ‘ကျွန်မကို ဘာခိုင်းမလို့
နိုင်းစရာမရှိရင် ကျွန်မပြန်မယ်’လို့ ပြောတယ်။ သူဌေးက ‘ခိုင်းစရာ
လား၊ အေး ငါပြမယ်’ဆိုပြီး မအေးကြိုင်ကို ဖက်လိုက်တယ်။

မအေးကြိုင်ကလေးလဲ လက်ကခပ်သန်သန်နဲ့ သူဌေးရဲ့ ရင်ဝ
ဆောင့်တွန်းလိုက်တယ်။ သူဌေး နောက်ကိုယိုင်သွားတယ်။ မအေးကြိုင်
အပြင်ဘက်ထွက်ရအောင် မင်းတုပ်ထိုးထားတဲ့ တံခါးဆီ ခပ်သုတ်သုတ်
သွားပြီး မင်းတုပ်ကို ချွတ်နေတုန်း သူဌေးက နောက်ကဖက်ပြီး ခုတင်ဆီ
နောက်ပြန်ဆွဲသွားပါတယ်။ အဲဒီအခါ အေးကြိုင်လဲ ‘ကယ်တော်မူကြ
ကယ်တော်မူကြပါ၊ ကျွန်မကို မတရားကျင့်နေပါတယ်၊ ကျွန်မကို မတရား
ကျင့်နေပါတယ်’လို့ အသံကုန် ဟစ်တယ်။ သူဌေးလဲ ဖက်ထားတဲ့
ဘက်လက်ကိုလွှတ်ပြီး အေးကြိုင်ရဲ့ပါးစပ်ကို အတင်းပိတ်တယ်။ အဲဒီ
အေးကြိုင်က ရုန်းလိုက်တဲ့အတွက် လွှတ်သွားတယ်။ သူဌေးလဲ အတင်း
လိုက်ဖမ်းတယ်။ လုံးရင်းထွေးရင်းနဲ့ အေးကြိုင်ကို မျက်နှာချင်းဆိုင်
သွားတယ်။ ဘယ်လိုအော်အော် သူ့စက်ဝင်းထဲကို ဘယ်သူမှ မဝင်ရဲ
ဆိုတာ တစ်ထစ်ချတွက်ပြီး သူဌေးဟာ အေးကြိုင်အော်တာကို ဒီတစ်ခါ
ဂရုမစိုက်ဘူး။ အေးကြိုင်ကိုသာ လက်နှစ်ဖက်နဲ့ တအားဖက်ပြီး ခုတင်ဆီ
အတင်းဆွဲသွားတယ်။ ခုတင်နားရောက်ခါနီးမှာ အေးကြိုင်လဲ လုပ်မိလုပ်
လုပ်တဲ့အနေနဲ့ သူဌေးရဲ့ မျက်လုံးနှစ်ဖက်ကို တအား ကုတ်လိုက်တ
သူဌေးလဲ ခေါင်းခါလိုက်တဲ့အတွက် နည်းနည်းတော့ သက်သာသွားတ
ဒါပေမယ့် မျက်လုံးပြာခဲနဲ့ဖြစ်ပြီး အေးကြိုင်ကို လွှတ်လိုက်တယ်။



သတိချက်ချင်းရပြီး အေးကြိုင်ကို အတင်းလိုက်ဖက်ပြန်တယ်။ အေးကြိုင်လဲ လွှတ်ရင်ပြီးရော ဆိုတဲ့အနေနဲ့ ရမ်းပြီး ခုန်ချလိုက်တာ ပြတင်းပေါက်က ခုန်ချမိရက်သား ဖြစ်သွားတယ်။ အောက်ရောက်တဲ့အခါ အောက်မှာ ထောင်ထားတဲ့ စဉ့်အိုးတွေနဲ့ တအားရိုက်မိပြီး စဉ့်အိုးကွဲတွေပေါ်မှာပဲ သတိလစ်နေပါတယ်။ စက်ဝင်းထဲကလူတွေသွားထူတဲ့အခါ ခေါင်း၊ မျက်ခွက်၊ ရင်ဘတ်မှာ ဒဏ်ရာအကြီးအကျယ်ရပြီး အေးကြိုင်ကလေးဟာ သွေးတွေနဲ့ လူးနေတာကို တွေ့ရတယ်။ နာရီဝက်လောက်ကြာတော့ အသက်ထွက်သွားပါတယ်။ အဲဒီကိစ္စအတွက် ကိုသိန်းကို ဘုရားကိုးဆူ ဆွမ်းကပ်နေရာမှာ သူဌေးက အခေါ်လွှတ်လိုက်တာပဲဖြစ်တယ်၊ ကိုသိန်းလဲ သူဌေးနဲ့တွေ့ပြီး ဌာနအုပ်ဆီကို ချက်ချင်းပြေးရတယ်။ အားလုံး စီစဉ်စရာရှိတာတွေ စီစဉ်ပြီး ည ဆယ့်နှစ်နာရီခွဲလောက်မှ အိမ်ပြန်ရောက်တယ်။

ငွေမျက်နှာကြောင့် အရာရှိပိုင်းက အစီရင်ခံစာတွေထဲမှာ တစ်မျိုးတစ်ဖုံဖြစ်နေပေမယ့် သတင်းအစစ်အမှန်ကိုတော့ ဖုံးလို့ဖိလို့ မရပါဘူး။ ဘယ်လိုဖြစ်ကြတယ်ဆိုတာ တစ်မြို့လုံးမက ကဝဲအထိ ပျံ့နှံ့သွားပါတယ်။ ခင်မောင်ကလဲ ဒီသတင်းကို ကြားရတဲ့အခါ တောက်တခေါက်ခေါက်ဖြစ်နေတယ်။ စိတ်တွေမကောင်းတာနဲ့ ပယ်လယ်ကိုလဲ ငါးပိလှေနဲ့ လိုက်မသွားတော့ဘူး။ ခင်မောင်သာ စိတ်မကောင်းတာ မဟုတ်ဘူး။ ကိုသိန်းလဲ စိတ်မကောင်းဘူး။ အဲဒီည တစ်ညလုံး မအိပ်နိုင်ဘူး။ နောက်တစ်နေ့ မခင်မေနဲ့ တိုင်ပင်တယ်။ မခင်မေလဲ ကိုသိန်းနဲ့ သဘောတူတယ်။ အဲဒါနဲ့ အလုပ်က ထွက်စာကိုရေးတယ်။ ရေးပြီး အလျင်စလို မလုပ်ချင်တာနဲ့ ထွက်စာကို စားပွဲပေါ် အသာတင်ထားသေးတယ်။ ညကျတော့ လင်မယားနှစ်ယောက် တစ်ကြိမ် ထပ်စဉ်းစားကြပြန်တယ်။ ထွက်ဖို့ပဲ သဘောတူကြတယ်။

နောက်တစ်နေ့မနက် သူဌေးဦးထွန်းဆီ ထွက်စာကို စံမြနဲ့ အပို့လွှတ်လိုက်တယ်။ သူဌေးလဲ အေးကြိုင်သေတဲ့ကိစ္စနဲ့ လန့်ဖြန့်ပြီး ဖဲဝိုင်းကိုတောင် အလုပ်မဆင်းနိုင်ဘူး။ နေထွက်က နေဝင်၊ နေဝင်က နေထွက်

www.burmeseclassic.com

www.burmeseclassic.com



ဒီလူတွေရဲ့ ကောင်းတဲ့ ကျော်စောသတင်းဟာ အနီးအဝေး ပျံ့နှံ့ပြီး ထွက် တယ်၊ သေခါနီးကျရင် သူတို့လုပ်ခဲ့တဲ့ ကောင်းတာတွေကိုပဲ သတိရနေ တဲ့အတွက် တွေတွေဝေဝေမဖြစ်ဘဲ ချမ်းချမ်းသာသာ ကြည်ကြည်လင်လင် သေရတယ်။ ဒီလူတွေ သေပြီးတဲ့နောက်ကောင်းတဲ့လားရာဖြစ်တဲ့ နတ်ပြည် ရောက်ရတယ်လို့ ရှင်တော်မြတ်ဘုရား ဟောကြားထား တော်မူခဲ့တယ်’ အမေက ပြောပါတယ်။ သားအဖနှစ်ယောက်စလုံးက သာဓုခေါ်ကြပါတယ်။

အဲဒီလို သာဓုခေါ်ကြပြီးတဲ့နောက် အမေက ‘အခု ပြောခဲ့တဲ့ တရား တော်နဲ့ဆက်နေတဲ့ သပ္ပုရိသသုတ်ကို မေမေ ဟောဦးမယ်’လို့ အစချီပြီး ခုလို ဟောပါတယ်။

‘လူမျိုးတစ်မျိုးမှာ သူတော်ကောင်းတွေ ဖြစ်ထွန်းလာတယ်ဆိုရင် လူအများရဲ့ အကျိုးရှိဖို့၊ အစီးအပွားဖြစ်ဖို့၊ ချမ်းသာဖို့ဖြစ်တယ်၊ အမိအဖ တွေ အကျိုးရှိဖို့၊ အစီးအပွားဖြစ်ဖို့၊ ချမ်းသာဖို့ ဖြစ်တယ်၊ သားမယား အခိုင်းအစေ၊ အဆွေခင်ပွန်းတွေ အကျိုးရှိဖို့၊ အစီးအပွားဖြစ်ဖို့၊ ချမ်းသာဖို့ ဖြစ်တယ်၊ သမဏ ဗြာဟ္မဏတွေ အကျိုးရှိဖို့ အစီးအပွားဖြစ်ဖို့ ချမ်းသာဖို့ ဖြစ်တယ်။

‘ကောင်းတဲ့မိုးဟာ ကောက်ပဲသီးနှံ ပေါများအောင် လုပ်ပေးသလို အတွက် လူတွေရဲ့ အကျိုး၊ အစီးအပွား၊ ချမ်းသာခြင်းကို ဖြစ်စေသလို လူမျိုးတစ်မျိုးမှာ ဖြစ်ထွန်းပေါ်လာတဲ့ သူတော်ကောင်းတွေလဲ လူတွေ အမိအဖတွေ၊ သားမယား၊ အခိုင်းအစေ၊ အဆွေခင်ပွန်းတွေရဲ့ အကျိုး အစီးအပွား၊ ချမ်းသာခြင်းကို ဖြစ်စေတယ်၊ သမဏ ဗြာဟ္မဏတွေရဲ့ အကျိုး၊ အစီးအပွား၊ ချမ်းသာခြင်းကို ဖြစ်စေတယ်။

‘အကျိုးစီးပွားကို ဆောင်ရွက်သူဟာ လူတွေရဲ့ စည်းစိမ်ကို ဖြစ် စေတယ်၊ တရားစောင့်ပြီး အကြားအမြင်များတဲ့ အကျင့်သီလနဲ့ပြည့်စုံတဲ့ ဒီသူတော်ကောင်းတွေကို နတ်တွေ စောင့်ရှောက်တယ်၊ တရားစောင့်တဲ့သူ တရားမှာ တည်တဲ့သူတွေဟာ အစဉ်ထာဝရ ကျော်စော ထင်ရှားရမယ် ဒီသူတော်ကောင်းတွေကို ကျော်စော ထင်ရှားခြင်းဟာ မစွန့်ပစ်နိုင်ဘူး



‘တရားစောင့်တဲ့၊ တရားမှာတည်တဲ့၊ သီလနဲ့ပြည့်စုံတဲ့၊ မှန်တဲ့ စကားကို ဆိုလေ့ရှိတဲ့ မကောင်းမှု ကျူးလွန်ရမှာကို ရှက်တတ်တဲ့ သူတော် ကောင်းတွေကို ဘယ်သူတွေက ကဲ့ရဲ့နိုင်ပါ့မလဲ၊ ဇမ္ဗူရာဇ်ရွှေကို လူတွေမကဲ့ရဲ့ သလို ဒီသူတော်ကောင်းတွေကိုလဲ ဘယ်သူမှ မကဲ့ရဲ့နိုင်ဘူး၊ ဒီသူတော် ကောင်းတွေကို နတ်တွေလဲ ချီးမွမ်းကြတယ်၊ ဗြဟ္မာတွေလဲ ချီးမွမ်းကြ တယ်လို့ ရှင်တော်မြတ်ဘုရား ဟောကြားတော် မူခဲ့ပါတယ်’လို့ အမေက ပြောတယ်။ သားအဖနှစ်ယောက် သာဓုခေါ်တယ်။ အဲဒီနောက် အဖေက ထိုင်းလိုပဲ သူ့နဖူးပေါ်မှာ လက်အုပ်ချီပြီး ‘ဘုရားမှတစ်ပါး အခြားမှာ ကိုးကွယ်ရာမရှိပါဘုရား၊ တရားမှတစ်ပါး အခြားမှာ ကိုးကွယ်ရာ မရှိပါ ဘုရား၊ သံဃာမှတစ်ပါး အခြားမှာ ကိုးကွယ်ရာမရှိပါဘုရား’လို့ ရွတ်လိုက် ပါတယ်။ အဲဒီလို အဖေက ရွတ်ပြီးတော့ အမေက ‘လူကလေးရယ်၊ လူကလေးဟာ ချမ်းသာချမ်းသာ၊ ဆင်းရဲဆင်းရဲ၊ ရာထူးဌာနန္တရ ရှိရှိ မရှိရှိ ဘာပဲဖြစ်နေနေ သူတော်ကောင်း ဖြစ်ပါစေ၊ သူယုတ်မာ မဖြစ်ပါစေနဲ့၊ လူဆိုးမဖြစ်ပါစေနဲ့၊ ကြည်ညိုဖွယ်ရာမရှိတဲ့သူ မဖြစ်ပါစေ’လို့ ဆက်ပြော တယ်။ ‘စိတ်ချပါမေမေ၊ မေမေ့သားဟာ လူဆိုးဘယ်နည်းနဲ့မှ မဖြစ်နိုင် ပါဘူး’လို့ သားက ပြန်ပြောတယ်။ အမေက သာဓုသုံးကြိမ် ခေါ်တယ်။

သူဌေး ဦးထွန်းဆုံးပြီးလို့ ရက်မလည်သေးခင်ဘဲ သူဌေးကတော် ဒေါ်မြရှင်နဲ့ သား လှိုင်ဖေတို့ဟာ ကိုသိန်းဆီလာပြီး အလုပ်ပြန်လက်ခံဖို့ မျက်ရည်စက်လက်နဲ့ တောင်းပန်ကြပါတယ်။ ကိုသိန်းလဲ မခင်မေနဲ့ တိုင်ပင် ပြီး ဒေါ်မြရှင်တို့ ကိုလှိုင်ဖေတို့ အခုလို ဒုက္ခရောက်နေတဲ့အခါ ပစ်ပစ် ခါခါလုပ်ဖို့ မကောင်းဘူး၊ အလုပ် ပြန်လက်ခံလိုက်ရင် ကောင်းမယ်လို့ ဆုံးဖြတ်ကြတယ်။ နောက်တစ်နေ့ အလုပ်ပြန်ဝင်တယ်။ ...။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀

## ဆရာကျော်မောင် နှင့် ရင်ရင်

သူဌေးဦးထွန်း အဲသတ်ခံရပြီး မကြာခင်ပဲ မခင်မေအတွက် စိတ်မချမ်း
စရာ ဇာတ်ထုပ်တစ်ခုရဲ့ အစကလေး ဒီလိုဖြစ်လာတယ်။ ဆရာကိုကျေ
မောင် ဆိုတာက ပုသိမ် အစိုးရကျောင်းမှာ အထက်တန်းပြဆရာလုပ်
တယ်။ ဒီဆရာကျော်မောင်နဲ့ ရင်ရင်ရဲ့အစ်ကို ကိုထွန်းလင်း ဆိုတာ
ရန်ကုန် ကူရှင်ကျောင်းမှာတုန်းက သူငယ်ချင်း ဖြစ်ခဲ့ဖူးတယ်။ ကိုထွန်းလ
နဲ့ ရင်ရင်တို့ဟာ မြေပိုင်ရှင် ဦးလွန်း ဒေါ်ထင်တို့ရဲ့သားနဲ့ သမီး
တယ်။ ဒေါ်ထင်က မခင်မေရဲ့အဖေ ဦးဖိုးခင်ရဲ့ညီမ အထွေးဆုံးပဲ။ အဲ
တော့ ကိုထွန်းလင်း၊ ရင်ရင်တို့ မောင်နှမနဲ့ မခင်မေ မတင်မေတို့
မောင်နှမ၊ ညီအစ်မ တစ်ဝမ်းတည်းသာ ကွဲတယ်။ လွန်ခဲ့တဲ့ နှစ်လ ကျော
ပိတ်တုန်းက ဆရာကိုကျော်မောင်ဟာ ကိုထွန်းလင်းဆီကို အလည်
တယ်။ ကိုထွန်း လင်းက ဝါးခယ်မကျောင်းကို ပြောင်းခဲ့ဖို့ ဖိတ်တ
ကိုကျော်မောင်ကလဲ လာချင်တယ်လို့ ပြောတယ်။ အဲဒါနဲ့ ကိုထွန်းလင်း
ငွေအကုန်ခံပြီး ရန်ကုန် ပညာမင်းကြီးရုံးမှာ နှစ်ယောက်သား သွား
ကြတယ်။ ဒီနှစ် ကျောင်းဖွင့်တော့ ဆရာကိုကျော်မောင် ဝါးခယ်မကျောင်း



ပြောင်းလာရတာပဲ။ ကိုကျော်မောင်နဲ့အတူ မယား မစိန်သုံ၊ ပြီးတော့
သုံးနှစ်သမီး ဖြူဖြူနဲ့ တစ်နှစ်သမီး နီနီဆိုတဲ့ ချစ်စရာ သမီးကလေး
နှစ်ယောက်လဲ ပါလာကြတယ်။ ရင်ရင်က ဆယ်တန်းမှာ ရောက်နေပြီ။
အင်္ဂလိပ်သင်္ချာမှာ ညံ့တယ်။ ဆရာကျော်မောင်က အင်္ဂလိပ်ရာ သင်္ချာဆရာ။
အပြလဲ အင်မတန်ကောင်းတယ်။ အဲဒါကြောင့် အလောတော်ပဲ ဖြစ်သွား
တယ်။ ကိုကျော်မောင်က တနင်္ဂနွေတစ်ပတ်ကို နှစ်ကြိမ်၊ အင်္ဂါနဲ့ ကြာသ
ပတေးညတိုင်း ရင်ရင့်ဆီကို လာပြီး အင်္ဂလိပ်ရာသင်္ချာပြတယ်။

ရင်ရင် ကျောင်းကပြန်လာတဲ့အခါ သုံးလေးကြိမ် ဝင်ပြီးခေါ်တာနဲ့
တစ်ညနေ ငါးနာရီလောက်မှာ မခင်မေဟာ သူ့အဒေါ် ဒေါ်ထင်တို့တိုက်ကို
အလည်သွားတယ်။ နာရီဝက်လောက် စကားပြောပြီးတော့ ပြန်ဖို့ နှုတ်ဆက်
တယ်။ ရင်ရင်ကို နှုတ်ဆက်ဖို့မေးတဲ့အခါ ဒေါ်ထင်က 'ရင်ရင် တိုက်ပေါ်
မှာစာသင်နေတယ်၊ တိုက်ပေါ်သွားပါလား' လို့ ပြောတဲ့အတွက် မခင်မေလဲ
နှုတ်ဆက်ရအောင် တိုက်ပေါ် တက်သွားတယ်။ တိုက်ပေါ်မှာ ဆရာ
ကျော်မောင်နဲ့ ရင်ရင် စာသင်နေတာကို မခင်မေ တွေ့ရတယ်။ ခဏလောက်
စကားပြောတယ်။ ပြီးတော့ နှုတ်ဆက်ပြီး ပြန်လာတယ်။ ကျော်မောင်ရဲ့
မျက်နှာနေပုံ၊ မျက်လုံးကြည့်ပုံ၊ ပြောပုံ ဆိုပုံတွေကို မခင်မေ သဘောမကျဘူး။
ဘယ်လိုလူစားလဲလို့ စဉ်းစားရင်း အိမ်ပြန်ရောက်ပါတယ်။

နောက်တစ်နေ့လုံးလဲ ကျော်မောင့်အကြောင်းပဲ မခင်မေရဲ့စိတ်
ထဲမှာ ခဏခဏ ပေါ်နေတာပဲ။ အဲဒါကြောင့် သူ့ယောကျ်ားကို မခင်မေက
'ကိုသိန်းရယ်၊ ပုသိမ်က ဒီနှစ်ပြောင်းလာတဲ့ ဆရာကျော်မောင်ဆိုတာ ရင်ရင်
ကို တနင်္ဂနွေတစ်ပတ် နှစ်ခါ နှစ်ခါ စာလာသင်ပေးနေတယ်။ စာသင်တာ
ကလဲ တိုက်အပေါ်ထပ်မှာ သူတို့နှစ်ယောက်တည်း၊ သမီးပျို ကလေးနဲ့
သူစိမ်းယောကျ်ားတစ်ယောက်ကို ဒီလို နှစ်ယောက်တည်း လွှတ်ထားတာ
မကောင်းဘူးထင်တယ်၊ ကိုသိန်း ဘယ့်နှယ်သဘောရသလဲ၊ ကျွန်မပဲ
အတွေးများခေါင်နေသလား ကိုသိန်းရယ်' လို့ မေးတယ်။ 'ဘယ်ခေါင်ရမလဲ
မခင်မေ၊ မင်း ငါ့ကိုပြောတဲ့ တရားတွေထဲမှာလဲ အပါသားပဲ၊ နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်းဆိုရင် အဘိုးကြီးအိုကြီးနဲ့ သမီးပျိုနဲ့ဖြစ်ဖြစ်၊ အမယ်ကြီး အိုကြီးနဲ့ သားပျိုနဲ့ဖြစ်ဖြစ် လွှတ်ထားလို့မတော်ပါဘူးကွယ်’လို့ ကိုသိန်းက ထောက်ခံတယ်။

‘အစ်ကိုကြီးလုပ်တဲ့လူကလဲ မနက် ဆယ့်တစ်နာရီလောက်မှ အိပ်ရာကထ၊ ရေမိုးချိုး၊ စားသောက်ပြီး နာရီပြန် တစ်ချက်လောက်ကတည်းက ဖဲဝိုင်းကိုထွက်သွားလိုက်တာ သန်းခေါင်ကျော် နှစ်နာရီ သုံးနာရီမှ အိမ်ပြန်တယ်’လို့ အမေကြီးက ပြောလိုက်တယ်။ ‘မောင်ထွန်းလင်းဟာ အလောင်းအစားမှာ ဖွဲကောင်းသလို ဘာဝနာမှာ ဖွဲကောင်းရင် ဒီဘဝမှာပဲ အနည်းဆုံး တစ်မဂ် တစ်ဖိုလ် ရနိုင်မှာပဲ’လို့ မခင်မေက ပြောပြနေတယ်။ ‘ထွန်းလင်းအကြောင်း ငါကြားဖူးပါတယ်’လို့ ကိုသိန်းက ပြောတယ်။ အဲဒီလိုပြောပြီး ‘နှစ်ယောက်တည်းလွှတ်ထားတာ မကောင်းတဲ့အကြောင်း မင့်အဒေါ်ကို မင်း သတိပေးလိုက်ပါလား’လို့ ကိုသိန်းက တိုက်တွန်းတယ်။ ‘ဒါမျိုးပြောရတာ မလွယ်ဘူး၊ အထင်လွဲပြီး ရန်တွေ့လွှတ်တတ်တယ်၊ အကျိုးလိုလို့ ညောင်ရေလောင်း၊ ပတ်ထမ်းတွေ့ဆိုတာမျိုးဖြစ်ရင် မကောင်းဘူး၊ ကျွန်မ စဉ်းစားပါရစေဦး’လို့ မခင်မေက ဖြေတယ်။

သုံးရက်လောက်ကြာတဲ့အခါ မခင်မေက ‘ကိုသိန်းရေ ဟိုကိစ္စ ဒေါ်လေးကိုသတိပေးဖို့ ကျွန်မတော့ ဆုံးဖြတ်လိုက်ပြီ၊ ကျွန်မက စေတနာကောင်းနဲ့ သတိပေးတာကို သူတို့ စိတ်ဆိုးရင်လဲ မတတ်နိုင်ဘူး၊ အဲဒီတော့ ပိုပြီးသေချာအောင် ဒီလို တစ်ခု လုပ်စမ်းပါ၊ ကနေ့ည ဒေါ်လေးတို့ အိမ်ကို ကိုသိန်းနဲ့ ကျွန်မ သွားလည်ရအောင်၊ ပြန်ခါနီးမှာ ရင်ရင် တို့ကို ကျွန်မတို့ ဝက်ပြီး နှုတ်ဆက်မယ်၊ အဲဒီအခါ အခုလို တိုက်ပေါ်မှာ နှစ်ယောက်တည်း လွှတ်ထားတာ ကောင်းသလား မကောင်းဘူးလားဆိုတာ ကိုသိန်းလဲ ကြည့်ဦးပေါ့’လို့ မခင်မေက ပြောတယ်။

ညကျတော့ လင်မယားနှစ်ယောက် သွားကြတယ်။ အိမ်ပြန်ရောက်တဲ့အခါ ‘ဆရာကိုကျော်မောင်ရဲ့ မျက်လုံးမျိုးဟာ အသနား အကြင်နာကင်းမဲ့တဲ့လူတွေရဲ့ မျက်လုံးမျိုးပဲ၊ ဒါပေမယ့် ဘယ်လိုလူစားနဲ့ပဲဖြစ်ဖြစ်



တိုက်ပေါ်မှာ သမီးပျိုနဲ့ ဒီလို နှစ်ယောက်တည်းလွှတ်ထားတာ မကောင်းပါဘူး’လို့ ကိုသိန်းက ပြောတယ်။

နောက် သုံးရက်လောက်ကြာတဲ့အခါ မခင်မေလဲ ပြောထားတဲ့အတိုင်း သူ့ဒေါ်လေးကို သတိပေးပါတယ်။ မခင်မေထင်တဲ့အတိုင်း သူ့ဒေါ်လေးက သဘောမကျဘူး။ ‘ညည်းတို့မလဲ တဆိတ်ရှိရင် ဒီလိုပဲ တွေးတတ်တာပဲ၊ ကျုပ်သမီးဟာ ဒီလိုအစားထဲက မဟုတ်ပါဘူး၊ အရွယ်ချင်းကလဲ ဖအေနဲ့ သမီးလောက် ရှိတယ်၊ ပြီးတော့လဲ ဒီဆရာကျော်မောင်ဆိုတာက မယားနဲ့ ကလေးတွေနဲ့၊ ညည်းတို့တွေးတာမျိုး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ တို့တိုက်မှာ ဧည့်သည်တွေ တရုန်းရုန်းနဲ့၊ အောက်ထပ်မှာ ဘယ်နည်းနဲ့မှ စာသင်လို့ မဖြစ်ပါဘူး၊ ဆရာကျော်မောင်က သူ့တပည့် ရင်ရင်ကို စကောလားရှစ် ဒီနှစ်ရအောင် ကြိုးစားပြီး သင်ပေးနေတယ်၊ အရင်က တစ်ပတ်ကို နှစ်ရက်၊ အခုဆိုရင် နေ့တိုင်းလာပြီး သူ့ခမျာ အပင်ပန်းခံသင်ပေးနေတာ၊ မကောင်းမပြောပါနဲ့အေ’လို့ ဒေါ်ထင်ကတုမကြီး မခင်မေကို ဆူလွှတ်လိုက်တယ်။ ဒီလို အဆူခံရတဲ့အတွက် မခင်မေကတော့ စိတ်ပျက်မသွားဘူး။ တာဝန်တစ်ခုကို ဆောင်ရွက်လိုက်ရပြီလို့ သဘောထားပြီး ကျေနပ်နေပါတယ်။

ဆရာကျော်မောင်နဲ့ ရင်ရင် နှစ်ယောက်စလုံးဟာ ကာမတဏှာ ဘီလူးကြီးရဲ့ အပူးခံနေရတဲ့အတွက် ဒီလိုဖြစ်နေကြတာ။ လောကီအပြစ်ကိုရော နောင်တမလွန်အပြစ်ကိုရော မမြင်နိုင်ကြတော့ဘူး။ ဆရာကျော်မောင်ကလဲ ဒါကလေးဟာ တပည့်ကလေးပါလား၊ ငါ့သူငယ်ချင်းရဲ့ နှမကလေးပါလား၊ ငါ့ကို ယုံကြည်လို့ အပ်ထားတာပါလား၊ ငါ့သူငယ်ချင်းရဲ့ မျက်နှာကို ငါ ဘယ်လိုလုပ်ပြီးကြည့်ရမလဲ၊ ကျောင်းသူကျောင်းသားတွေရဲ့ မျက်နှာကို ငါ ဘယ်လိုလုပ်ကြည့်ရမလဲ၊ ငါရဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ ဆရာတွေ ဆရာမတွေရဲ့ မျက်နှာကို ငါဘယ်လိုလုပ်ကြည့်ရမလဲ၊ အရပ်သူ အရပ်သားတွေရဲ့ မျက်နှာကို ငါ ဘယ်လိုလုပ် ကြည့်ရမလဲ၊ အရပ်သူ အရပ်သားတွေရဲ့ မျက်နှာတွေကို ငါ ဘယ်လိုလုပ်ကြည့်ရမလဲ။ ငါ့မယားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ငါ့သမီးကလေးတွေရဲ့ မျက်နှာကို ငါ ဘယ်လိုလုပ် ကြည့်ရမလဲ။ ကိုယ် ယုံကြည်ပြီး အပ်ထားတာကို ဒီလို အလွဲသုံးစားလုပ်တာဟာ အင်မတန် ယုတ်မာလှတဲ့ အလုပ်ကြီးပါလား၊ ငါရဲ့ ဖြူဖြူနဲ့ နီနီ ဆိုတဲ့ သမီးကလေး တွေကို ဒီလိုပဲ သူတစ်ပါးက ကျင့်ကြံရင် ငါ့ရင်ခွဲပြီး အသည်းနေလှမ်းသ ငါ မနေပေဘူးလား၊ ရှင်တော်မြတ်ဘုရားက ခါးဝတ်ပုဆိုးလို မြဲရမယ်လို့ မိန့်တော်မူထားတဲ့ ငါးပါးသီလဟာ ခါးလယ်က ပေါက်သွားတဲ့အတွက် ငါသေရင် အပယ်လေးဘုံကို ကျတော့မှာပါကလားဆိုတာတွေကို နည်းနည်း ကလေးမှ မစဉ်းစားနိုင်တော့ဘူး။

ရင်ရင်ကလဲ ဆရာ့မှာ မယားကြီးနဲ့ပါလား၊ ကလေးတွေနဲ့ပါလား ဘယ်လို မျက်နှာပြောင်တိုက်ပြီး ဆရာနဲ့ ငါပေါင်းမလဲ၊ ငါ့ အမိအဖ၊ ငါ့ အစ်ကို၊ ငါ့ဆွေမျိုးတွေလဲ ဒါတွေကို သိသွားကြတဲ့တစ်နေ့မှာ ဘယ်လိုများ နေကြပါ့မလဲ၊ တခြားအမှားတွေကို ပြင်မယ်ဆိုရင် ပြင်လို့ရနိုင်သေးတယ် ဒီအမှားကိုတော့ ဒီတစ်သက်မှာ ပြင်ဖို့ ဘယ်နည်းနဲ့မှ မရနိုင်တော့ဘူး ဆိုတာတွေကို နည်းနည်းမှ မစဉ်းစားနိုင်တော့ဘူး။

ဒီကာမတဏှာဘီလူးကြီးဟာ တယ်ဆိုးတဲ့ ဘီလူးကြီးပါလား။ ဒီလို ဆိုးလွန်းလို့လဲ သူတော်ကောင်းတွေဟာ ဒီဘီလူးကြီးကို အင်မတန်ရွံရှာကြ တာပဲ။ စက်ဆုပ်ကြတာပဲ၊ ဝေးစွာအရပ်က ရှောင်ကြ ရှားကြတာပဲ။ အနား မကပ်နိုင်အောင် အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ စည်းသုံးတန်ကို တားထား ကြတာပဲ။

သုံးလလောက်ကြာတဲ့အခါ ရင်ရင်ဟာ မနက်အစောကြီး ထထပြီး အန်နေတယ်။ အမေကြီး ဒေါ်ထင်ဟာ သမီး အန်အန်နေတာကိုလဲ တွေ့ရ တယ်။ မျက်စိမျက်နှာ ကိုယ်ရေကိုယ်သား ကြည့်ရတာလဲ တယ်ပြီး ဟန် မကျတဲ့အတွက် 'ဘာဖြစ်တာလဲ'လို့ သမီးကို မေးတယ်။ သမီးကလဲ 'ဘာဖြစ်တာမှ မဟုတ်ပါဘူး'လို့ ဖြေပြီး ကျောင်းထွက်သွားတယ်။ ကျောင်း ရောက်တဲ့အခါ ဆရာကျော်မောင်ကို အကျိုးအကြောင်း ပြောပြတယ်။ သူ့မေမေကလဲ သက်မကင်းဖြစ်နေပြီ။ သူတော့ အိမ်ကို မပြန်ချင်တော့



ဘူးလို့ ပြောတယ်။ ညနေ ကျောင်းဆင်းတော့ ဆရာကျော်မောင်ဟာ ရင်ရင်ကို ခိုးပြီး မိတ်ဆွေတစ်ယောက်အိမ်မှာ သွားပုန်းနေတယ်။

ဆရာကျော်မောင်ကလဲ အဖြစ်အပျက် အစုံအလင်ကိုရေးပြီး သူ့ မယားကြီး မစိန်သုံ့ဆီကို စာပို့ခိုင်းလိုက်တယ်။ ရင်ရင်ကလဲ ဒီလိုပဲ စာရေးပြီး သူ့အမိအဖတွေဆီကို ပို့လိုက်တယ်။ ရင်ရင်ရဲ့အမေ ဒေါ်ထင် ဟာ နောက်တစ်နေ့မနက် သူ့သားကြီးထွန်းလင်း နိုးတဲ့အခါ အကြောင်းစုံ ပြောပြတယ်။ ထွန်းလင်းကလဲ သဘောထားကြီးပါတယ်။ 'သူ့ဖူးစာ ဒီမှာရှိလို့ ကျွန်တော် ကိုယ်တိုင်ပဲ ကျော်မောင်ကို သွားခေါ်ခဲ့ရတာပဲ၊ ပြီးတာကို စိတ်ဆိုးနေလို့ အပိုပဲ၊ အအပ်ခံပြီး ကျကျနနဖြစ်အောင် လုပ်ပေးလိုက်ပေါ့'လို့ ပြောပြီး သွားနေကျ ဖဲဝိုင်းကိုပဲ ထွက်သွားတယ်။

ထွန်းလင်းပေးတဲ့အကြံအတိုင်း သမီးကို အအပ်ခံတယ်။ ပြီးတော့ လူကြီးစုံရာနဲ့ ခပ်ကျဉ်းကျဉ်းပဲ ထိမ်းမြားပေးပြီး သမီးကို ကျော်မောင်ရဲ့ အိမ်ကို ထည့်လိုက်တယ်။ ကျော်မောင်ဟာ မယား တစ်ယောက်တော့ နောက်ထပ်ရပါရဲ့။ ဒါပေမယ့် သူ့အလုပ်ကတော့ ပြုတ်သွားပြီ။ ဒါကြောင့် ယောက်ဖကြီး ထွန်းလင်းက ငွေသုံးထောင် ထုတ်ပေးရတယ်။ အဲဒီငွေ ကလေးနဲ့ပဲ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တည်ပြီး မစိန်သုံ့နဲ့ ရင်ရင်ဆိုတဲ့ မယားနှစ်ယောက်ကို လုပ်ကျွေးနေရတယ်။

ရင်ရင်ရဲ့ အစ်ကိုကြီး ထွန်းလင်းဟာ ဒီလို သဘောထားကြီးနိုင် ပေမယ့် ရင်ရင်နဲ့ ပတ်သက်ပြီး သဘောထားမကြီးနိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ကတော့ ရှိသေးတယ်။ ဒီပုဂ္ဂိုလ်ဟာ တခြားမဟုတ်ပါဘူး။ ညွှန့်မောင် ဆိုတဲ့ ဆယ်တန်းကျောင်းသားတစ်ဦးပဲ ဖြစ်တယ်။ သူဟာ ရင်ရင်ကို ကြိုက်ပြီး ကျောင်းမှာ စာလဲပေးဖူးတယ်၊ လူပျိုစကားလဲ ပြောဖူးတယ်။ ရင်ရင်က ဆယ်တန်းအောင်ပြီးမှ စကားပြန်မယ်ဆိုလို့ စောင့်နေရသူ ဖြစ်တယ်။ အခုတော့ သူစားမလို့ မွေးထားတဲ့ကြက်ကို ဆရာကျော်မောင်က ခြံထဲတိုက်တိုက်ဝင်ပြီး သတ်စားသွားတဲ့အတွက် ညွှန့်မောင်ဟာ အခဲမကျေ ဘူး။ သူ့အိမ်နားက စက်ဆရာ ကိုဆင့်ကို ပြောပြတဲ့အခါ 'တစ်ရွာသား

www.burmeseclassic.com

www.burmeseclassic.com



ခွေးမသားကျော်မောင်၊ ဒီမှာလာပြီး လူပါးဝတယ်’လို့ ပြောပြီး ကိုဆင့်နဲ့ ညွန့်မောင် တိုင်ပင်နေကြပါတယ်။

သုံးရက်လောက်ကြာတဲ့အခါ ကျော်မောင်ဟာ လက်ဖက်ရည်ဆိုင် သိမ်းပြီး ညဆယ်နာရီလောက် အိမ်အပြန် လမ်းမှာ ဓားထိုးခံရပြီး ပွဲချင်းပြီး သေဆုံးသွားတယ်။ ထိုးတဲ့အကောင်ကို အရပ်ကလူတွေ ဝိုင်းလိုက်တဲ့ အခါ မိတယ်။ တလိုင်းစုက လူမိုက် ဖိုးကင်းရဲ့ညီ ဖိုးသင်း ဖြစ်နေတယ်။ ဖိုးသင်းလဲ ပထမတော့ သူ့ဟာသူ သတ်တာလို့ ကွယ်နေပါသေးတယ်။ သူ့ခြေသလုံးကို မြင်းလုံးနဲ့ လိမ့်လိုက်တဲ့အထိ ကွယ်နိုင်ပါသေးတယ်။ ဒါပေမယ့် ကျားဖိုးလှဆိုတဲ့ ပုလိပ်ရဲ့ လက်သီးနဲ့ အရိုက်ကို နှစ်ခါသာ ထိုးလိုက်ရတယ်၊ ညွန့်မောင်နဲ့ ကိုဆင့်က သတ်ခိုင်းတာပါ၊ သုံးရာကို စရန်အဖြစ်နဲ့ ရပြီးပါပြီ၊ ကျော်မောင် သေတဲ့အခါ နောက်ထပ် နှစ်ရာ ရဦးမယ်ဆိုတာအထိ အကုန်ထွက်တာပဲ။ အဲဒါနဲ့ ပုလိပ်လဲ ညွန့်မောင်နဲ့ ကိုဆင့်ကို ဖမ်းလိုက်ရတယ်။ အမှုပြီးတဲ့အခါ အမှုကလဲ အင်မတန် ထင်ရှားနေတဲ့အတွက် ဖိုးသင်း၊ ညွန့်မောင်၊ မောင်ဆင့်တို့ သုံးဦးစလုံးဟာ လူသတ်သမားတွေ သွားရာလမ်းကိုပဲ လိုက်သွားရှာတယ်။

ညဘက် မိသားစုတရားပွဲစတဲ့အခါ ဆရာကျော်မောင်အသတ်ခံရ တာနဲ့ပတ်သက်ပြီး အဖေလုပ်သူက ‘လူကလေးရေ မိန်းကလေးတစ်ယောက် ကို ဖျက်ဆီးတယ်ဆိုတဲ့အလုပ်ဟာ အတော်ယုတ်မာလှပြီ၊ ဒါပေမယ့် ကိုယ့်ကို ယုံကြည်ပြီး အပ်ထားတဲ့ မိန်းကလေးတစ်ယောက်ကို ဖျက်ဆီးတယ် ဆိုတာကတော့ ယုတ်မာတဲ့နေရာမှာကမ်းကုန်နေပြီ၊ လူကလေးရေ၊ ဒါမျိုးများ တော့ ဘယ်တော့မှမလုပ်ပါနဲ့ကွာ၊ တကယ်လို့များ ငါ့သားဟာ ဒါမျိုးများ လုပ်လာတယ်ဆိုရင်တော့ ငါ့မျက်နှာကို ကြည့်ဖို့မပြောနဲ့ ငါ့ အိမ်ရိပ်ကိုတောင် မင်းမနင်းနဲ့တော့၊ ကုန်ကုန်ပြောမယ်၊ ငါသေတောင် မလာနဲ့ကွာ၊ ဒီလို ယုတ်မာတာမျိုးတော့ ဖေဖေက ဒီလောက်အထိ စက်ဆုပ်တယ်’လို့ ပြော တယ်။ ‘စိတ်ချပါဖေဖေရယ်၊ ဖေဖေ့သား ဒါမျိုး ဘယ်နည်းနဲ့မှ မလုပ်ပါဘူး၊ သားလဲ ဒါမျိုးကို အင်မတန် ရွံပါတယ်’လို့ သားက ပြန်ပြောတယ်။



‘ဒီကိစ္စမှာ လူငယ်တွေချည်းပဲ မဟုတ်ဘူး၊ မိဘတွေလဲ အပြစ် ရှိတာပဲ၊ ဆရာတစ်ယောက်လုံးက သူတို့သမီးကို စာလာပြတယ်ဆိုတာ မိဘတွေက ဂုဏ်ယူတယ်၊ သူတို့သမီး စာကောလားရှစ်ရအောင် လုပ်ပေးမယ် ဆိုတာလဲ သူတို့ မက်သွားတယ်၊ ဒါနှစ်ခုကြောင့် သူတို့သမီးနဲ့ ဆရာနဲ့ နှစ်ယောက်ထဲ လွှတ်ပေးထားရင် မှားမှားယွင်းယွင်းတွေ ဖြစ်ကုန်ကြတော့ မှာပဲဆိုတဲ့ အချက်ကို မိဘတွေ မမြင်နိုင်ကြတော့ဘူး၊ မိဘတွေဟာ ဒီကိစ္စမျိုးမှာ အင်မတန် ဆင်ခြင်ဖို့ကောင်းတယ်၊ ဒါပေမယ့် လူကလေးနဲ့ ပတ်သက်ပြီး ဖေဖေပြောချင်တာတစ်ခုကတော့ မိန်းမနဲ့သာဆိုရင် ပျိုပျို အိုအို ကြီးကြီးငယ်ငယ် နှစ်ယောက်ထဲ ဘယ်တော့မှ အတွေ့မခံလေနဲ့၊ မဟာပရိနိဗ္ဗာန်သုတ်မှာ အရှင်အာနန္ဒာက လျှောက်ထားလို့ မြတ်စွာဘုရား မိန့်တော်မူခဲ့တာရှိတယ်၊ အဲဒါကို လူကလေးရဲ့ထိပ်မှာ သံမှိုနှက်ထား သလိုကို စွဲစွဲမြဲမြဲ မှတ်ထားပါကွယ်။

‘အရှင်အာနန္ဒာက အရှင်ဘုရား၊ တပည့်တော်တို့ဟာ မာတုဂါမနဲ့ ပတ်သက်လာရင် ဘယ်လိုကျင့်သုံးရပါ့မလဲလို့ လျှောက်တယ်။

‘မြတ်စွာဘုရားက အာနန္ဒာ၊ မာတုဂါမကို မတွေ့မြင်ရအောင် ကျင့်သုံးရမယ်လို့ မိန့်တော်မူပါတယ်။

‘အရှင်အာနန္ဒာက အရှင်ဘုရား၊ တွေ့မြင်ခဲ့သော် ဘယ်လိုကျင့်သုံး ရမလဲလို့ ထပ်ပြီးလျှောက်တယ်။

‘မြတ်စွာဘုရားက အာနန္ဒာ မာတုဂါမနဲ့တွေ့ရင် စကားမပြောဘဲ နေရမယ်လို့ ဖြေတော်မူပါတယ်။

‘အရှင်အာနန္ဒာက အရှင်ဘုရား မလွဲသာလို့ စကားပြောရရင် ဘယ်လို ကျင့်သုံးရပါ့မလဲလို့ ထပ်ပြီး လျှောက်ပြန်တယ်။

‘အဲဒီအခါ မြတ်စွာဘုရားက အာနန္ဒာ၊ အမိအရင်း နှမအရင်းလို အမှတ်သတိထားပြီး ပြောဆိုရမယ်လို့ မိန့်ကြားတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်တော်မြတ်ဘုရားရဲ့ အဲဒီ မိန့်ကြားတော်မူချက်ဟာ လူကလေးရဲ့ ငယ်ထိပ်မှာ သံမှိုနှက်သလို ဖြစ်နေအောင် စွဲစွဲမြဲမြဲ မှတ်ထားပါကွယ်' လို့ ပြောတယ်။ သားကလဲ 'မှတ်ထားပါ့မယ် ဖေဖေ' လို့ ပြန်ပြောတယ်။

*

ဆရာကိုကျော်မောင် အသတ်ခံရပြီး တစ်လလောက်ကြာတဲ့အခါ သူဌေးကိုလှိုင်ဖေနဲ့ မခင်လှတို့ လက်ထပ်ကြပါတယ်။ လက်ထပ်တဲ့အချိန်မှာ ကိုလှိုင်ဖေက အသက် အစိတ်၊ မခင်လှက အသက်ဆယ့်ခြောက်နှစ်သာ ရှိသေးတယ်။ ကိုလှိုင်ဖေဟာ ကိုသိန်း မခင်မေတို့အိမ်မှာ ဘုရားကိုးဆူ ဆွမ်းကပ်တုန်း တွေ့ပြီးကတည်းက ချက်ချင်း လက်ထပ်ချင်တယ်။ ဒါပေမယ့် သူ့အဖေသူဌေး ဦးထွန်းဟာ ဖြန်းခနဲ အသတ်ခံလိုက်ရတဲ့အတွက် သူ့ဆန္ဒကို ခြောက်လလောက် အောင့်ထားခဲ့ရတယ်။ ခြောက်လလောက်ကြာတဲ့အခါ သူ့အမေ ဒေါ်မြရှင်ကိုပူဆာတာနဲ့ ဒေါ်မြရှင်ကလဲ သူ့သားနဲ့ မခင်လှတို့ လက်ထပ်ပွဲကို ဆောင်ရွက်ပေးလိုက်တယ်။ မခင်လှဟာ ကိုလှိုင်ဖေတို့ မျိုးရိုးကိုလဲ ကြောက်တယ်။ မောင်မြင့်ဆွေကိုလဲ မေတ္တာရှိနေတဲ့အတွက် သူ့အမေ ဒေါ်သင်က နားချတဲ့အခါ မယူချင်ဘူးလို့ ငြင်းပါသေးတယ်။ သူ့အမေ ဒေါ်သင်ကတော့ မျိုးရိုးဟာ အရေးမကြီးဘူး။ ပိုက်ဆံ အရေးကြီးတယ်လို့ ပြောတယ်။ သူငယ်ငယ်တုန်းက ပိုက်ဆံ မရှိတဲ့အတွက် ဘယ်လောက် ဒုက္ခရောက်ခဲ့ရတာတွေ ပြောပြတယ်။ မျိုးရိုးဆိုတာကတော့ အဖေ ဆိုးပေတဲ့ သား ကောင်းချင်ကောင်းတာပဲ၊ သား ဆိုးပြန်ရင်လဲ ကိုယ့်လက်ထဲရောက်တော့ ပြုပြင်ယူပေါ့၊ မခင်လှရဲ့အဖေ ကိုမောင်ညွန့်လဲ အစက အရက်သမား၊ သူနဲ့ရတော့မှ သူချွတ်ယူရတယ်၊ လင် ဘယ်လောက်ဆိုးဆိုး၊ မိန်းမလုပ်တဲ့သူဟာ အခရာပဲလို့ မသင်က သမီးကို နားချတယ်။

မခင်လှကလေးလဲ မကြံတတ် မစည်တတ်ဖြစ်တာနဲ့ အရဲစွန့်ပြီး 'မောင်မြင့်ရယ်၊ ငါ့ကို ငါ့အမေက သူဌေးလှိုင်ဖေနဲ့ အတင်းပေးစား



တယ်၊ ဒီကောင့်ကိုတော့ ငါ မလိုချင်ဘူးကွယ်၊ နင်နဲ့ငါနဲ့ အိမ်က ထွက်ပြေးရအောင်' လို့ မောင်မြင့်ဆွေကို သွေးဆောင်သေးတယ်။ 'ငါ ဒီလိုထွက်ပြေးရင် ငါ့မေမေ သေသွားမှာပဲ၊ ငါ မပြေးချင်ဘူးကွယ်' လို့ မောင်မြင့်ဆွေက ပြန်ပြောတဲ့အတွက် မခင်လှကလေးလဲ မှိုင်ကျသွားပါတယ်။ ဒီနောက် မောင်မြင့်ဆွေရဲ့ မေမေဆီကိုသွားပြီး 'ဒေါ်ဒေါ်ရယ်၊ ကျွန်မကို ကယ်ပါဦး၊ ဒီသူဌေးလှိုင်ဖေကို မယူပါရစေနဲ့၊ ကျွန်မကို ခိုင်းချင်တာ ခိုင်းပါ၊ ကျွန်မ အိမ်က ထွက်ပြေးပြီး ဒေါ်ဒေါ်တို့အိမ်မှာ လာနေပါရစေ' လို့ ငိုပြီး ပြောသေးတယ်။

မခင်မေလဲ ကိုယ်ချင်းစာပြီး မျက်ရည်တွေကျလာရင်း 'မခင်လှရေ၊ ညည်း ဒီလိုသာအိမ်ကထွက်ပြေးရင် ဒီအိမ်မှာလဲ ညည်း နေရမှာ မဟုတ်ဘူး၊ ညည်းရဲ့ အဖေနဲ့ အမေက ချက်ချင်းလိုက်ခေါ်မှာပဲ၊ ကြည်ကြည်သာသာ ခေါ်လို့မရရင် ရုံးကနေပြီး ခေါ်မှာပဲ၊ အဲဒီတော့ ညည်းဆန္ဒ ပြည့်ဝမှာလဲ မဟုတ်ဘူး၊ တို့လူကြီးချင်းသာ မေတ္တာပျက်ရမှာပဲ၊ ညည်းကို ကြည့်ရတာ ငါလဲ စိတ်မချမ်းသာပါဘူး မခင်လှရယ်' လို့ ပြောလိုက်တဲ့အတွက် မခင်လှကလေးရဲ့ နောက်ဆုံး မျှော်လင့်ချက်ကြီးလဲ အစိတ်စိတ် အမြွာမြွာ ကွဲပြီး လွင့်စဉ်ကုန်ပြန်တယ်။ အဲဒီအခါကျတော့မှ မခင်လှကလေးဟာ မေမေ့သဘောပဲလို့ သူ့အမေ မသင်ကို ပြောပြီး သူ့ကိုယ်သူ ဆိုးအပ်လိုက်ပါတယ်။ သူ့အမေလဲ သူဌေးအမေ ဒေါ်မြရှင်တို့နဲ့ တိုင်ပင်ပြီး သူ့သမီး မခင်လှကို သူဌေးကိုလှိုင်ဖေနဲ့ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးလိုက်ပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀

## အမြတ်ဆုံးတရား ခြောက်ပါး

ဆယ်တန်းစာမေးပွဲကြီးပြီးတဲ့အခါ မောင်မြင့်ဆွေဟာ အင်္ဂလိပ်စာ၊ ရာဇဝင်၊ ပထဝီ သုံးဘာသာမှာ ဂုဏ်ထူးနဲ့ အောင်တယ်။ စကောလားရှစ်လဲရတယ်။ မောင်မြင့်ဆွေလဲ ဝမ်းသာနေတယ်။ ဒါပေမယ့် ဆယ်တန်းစာမေးပွဲအောင်ရင် ဘွဲ့ကြီးလုပ်ရင်လဲ လုပ်မယ်၊ မလုပ်ရင်လဲ လောကီဘက်လိုက်မယ်ဆိုတဲ့ အဖြေတစ်ခုခုကိုပေးဖို့ ဖေဖေနဲ့ မေမေ ပြောထားတာကို သတိရတဲ့အခါ မောင်မြင့်ဆွေ ရင်လေးသွားတယ်။ သူ့စိတ်ထဲမှာ မိန်းမယူဖို့ဆိုတာတော့ စိတ်မကူးဘူး။ ဝန်ထောက်တို့ အရေးပိုင်တို့တော့ ခဏလောက်လုပ်လိုက်ချင်သေးတယ်။ ဒါပေမယ့် ဖေဖေနဲ့ မေမေကလဲ သူ့အတွက် အင်မတန်ကောင်းစေချင်လွန်းလို့ မျက်ရည်တွေကျရတဲ့ ရှိုက်ကြီးတငင် ပိုပွဲတွေဆင်ရတဲ့ ချစ်ဒုက္ခပင်လယ်ဝေနေတဲ့ လောကီလမ်းကို မလိုက်ပါနဲ့ ရဟန်းပြုပါလို့ တိုက်တွန်းနေတယ်။ အဲဒီတော့ သူက ရဟန်းမပြုချင်ဘူးလို့ ဆိုရင် သူ့ကို သိပ်ချစ်တဲ့ ဖေဖေနဲ့ မေမေဟာ အသည်းများနာသွားမလား ဒါကို မောင်မြင့်ဆွေ လေးလေးပင်ပင် တွေးနေတယ်။

တစ်ညကျတော့ တရားပွဲမှာထိုင်ကြတဲ့အခါ အမေကစပြီး 'ရဟန်းပြုဖို့ မပြုဖို့ဆိုတာ ဆုံးဖြတ်ချက်ချနိုင်ပြီလား'လို့ မေးလိုက်တယ်။ 'မေမေ



ကျွန်တော် တစ်ခုမေးမယ်နော်၊ မေးတာမှားသွားရင် သားကို မေမေ စိတ်ဆိုးမလား'လို့ သူ့မေမေရဲ့ ညာလက်မောင်းကို သူ့လက်နှစ်ဖက်နဲ့ ဆက်ထားရင်း မေးတယ်။ 'သားရယ် မေမေ စိတ်မဆိုးပါဘူး၊ သားမေးချင်တာမေးပါ'လို့ အမေက ဖြေတယ်။ အဲဒီအခါ သားက 'မေမေ၊ ရဟန်းပြုတာဟာ တစ်ကိုယ်ကောင်းကျင့်တာပဲ မဟုတ်ဘူးလား'လို့ မေးတယ်။ အဖေက မျက်နှာခပ်တင်းတင်းနဲ့ 'လူကလေး ဒီလိုမေးခွန်းမျိုး မမေးကောင်းဘူး၊ အပြစ် အင်မတန်ကြီးလိမ့်မယ်'လို့ ဟန့်တားလိုက်တယ်။ အမေက 'မေးပါစေ ကိုသိန်းရယ်၊ ဝမ်းထဲရှိတာတွေ ထုတ်ပြီးမေးလိုက်ရတော့ သားမှာလဲ ကျေနပ်မှုရသွားမယ်၊ ကျွန်မမှာလဲ ဖြေဖို့ အခွင့်ရတာပေါ့၊ ဒီမေးခွန်းဟာ လူကလေးတစ်ယောက်တည်းကသာ ထူးထူးဆန်းဆန်းမေးတာ မဟုတ်ပါဘူး၊ ဒီမြို့မှာပဲဖြစ်ဖြစ်၊ တခြားမြို့တွေမှာပဲဖြစ်ဖြစ် ဒီလိုမေးတဲ့ လူတွေလဲ ရှိကောင်းရှိမှာပါပဲ၊ ဒီမေးခွန်းမျိုးကို ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှားရှိစဉ် နှစ်ပေါင်း နှစ်ထောင့်ငါးရာလောက်ကတည်းက မေးခဲ့ဖူးပါပြီ၊ ဘယ်လိုမေးခဲ့တယ်ဆိုတာ ကျွန်မ ဖြေပါမယ်။

'အခါတစ်ပါးမှာ သင်္ဂါရဝ ဆိုတဲ့ ပုဏ္ဏားဟာ မြတ်စွာဘုရားဆီလာပြီး 'အရှင်ဂေါတမ အကျွန်ုပ်တို့ ပုဏ္ဏားမည်သည် ကိုယ်တိုင်လဲ ယဇ်ပူဇော်တယ်၊ သူတစ်ပါးကိုလဲ ယဇ်ပူဇော်ခိုင်းတယ်၊ အရှင်ဂေါတမ ဒီလိုကိုယ်တိုင်လဲ ယဇ်ပူဇော်တာ၊ သူတစ်ပါးကိုလဲ ယဇ်အပူဇော်ခိုင်းတာဟာ အများအတွက် လုပ်တာပဲ၊ အရှင်ဂေါတမ ဟိုအမျိုး၊ ဒီအမျိုး၊ အမျိုးပေါင်းစုံကလူတွေဟာ ရဟန်းပြုကြပြီး ကိုယ့်တစ်ကိုယ်တည်းကိုသာ ဆုံးမတယ်၊ ကိုယ့်တစ်ကိုယ်တည်းကိုသာ ငြိမ်သက်အောင် လုပ်တယ်၊ ကိုယ့်တစ်ကိုယ်တည်းကိုသာ ကိလေသာငြိမ်းအောင် လုပ်တယ်၊ အဲဒါ ကြောင့် ဒီရဟန်းပြုသူတွေဟာ တစ်ကိုယ်ကောင်းအကျင့်ကိုသာ ကျင့်တဲ့ လူတွေ ဖြစ်တယ်'လို့ မြတ်စွာဘုရားကို သင်္ဂါရဝ ပုဏ္ဏားက လျှောက်တယ်။

အဲဒီအခါ မြတ်စွာဘုရားက 'ပုဏ္ဏား၊ သင့်ကို ငါ မေးခွန်းပြန်မေးမယ်၊ သင် ကြိုက်သလိုဖြေပါ'လို့ မိန့်တော်မူပြီး ဒီလို မေးပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



'ပုဏ္ဏား၊ ဒီစကားကို သင် ဘယ်လိုထင်သလဲ၊ ပူဇော်အထူးကို ခံတော်မူ ထိုက်သော၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော၊ အသိဉာဏ်(ဝိဇ္ဇာ) အကျင့်(စရဏ) တို့နဲ့ ပြည့်စုံတော်မူသော၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော၊ လောကကို သိတော်မူသော၊ ဆုံးမထိုက် သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့ရဲ့ဆရာ ဖြစ်တော်မူသော သစ္စာလေးပါးကို သိစေနိုင်တော်မူသော၊ ဘုန်းတန်ခိုး ကြီးတော်မူသော မြတ်စွာဘုရားဟာ လောကမှာ ပွင့်တော်မူတယ်၊ မြတ်စွာ ဘုရားက အတုမရှိသော မြတ်သောအကျင့်၏ တည်ရာ နိဗ္ဗာန်ကို ငါကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုခဲ့ပြီးပြီ၊ လာကြကုန်လော့၊ ဤလမ်းစဉ် ဤအကျင့်ကို သင်တို့အား ဟောကြားမယ်၊ ငါဟောကြားတဲ့ အတိုင်း သင်တို့ကျင့်ရင် သင်တို့လည်း အတုမရှိသော မြတ်သောအကျင့်၏ တည်ရာ နိဗ္ဗာန်ကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုပြီး နေကြရလိမ့်မယ် ဒီလမ်းစဉ်ကို သင်တို့လဲ ဒီအတိုင်း ကျင့်ကြလော့'လို့ မိန့်တော်မူတယ်။

'အဲဒီလို မြတ်စွာဘုရားဟာ ကိုယ်တိုင်တရားကို ဟောတယ် ဒီတရားကို ကြားနာကြရတဲ့လူတွေလဲ နိဗ္ဗာန်အကျိုးငှာ ကျင့်ကြတယ် ဒီလို ကျင့်တဲ့သူတွေဟာ အရာအထောင်အသိန်း မကဘူး၊ များပြားလှ တယ်၊ ပုဏ္ဏား ငါအခုပြောခဲ့တဲ့ စကားကို သင် ဘယ်လိုမှတ်ထင်သလဲ ဒီအတိုင်းဖြစ်ရင် ရဟန်းပြုတဲ့အကျင့်ဟာ တစ်ကိုယ်ကောင်းအကျင့်လား အများအတွက် အကျင့်လား'လို့ မေးတော်မူပါတယ်။ 'အရှင်ဂေါတမ ဒီအတိုင်းဆိုရင် ရဟန်းပြုတဲ့ အကျင့်ဟာ အများအတွက် အကျင့် ဖြစ်ပါ တယ်' လို့ သင်္ဂါရဝ ပုဏ္ဏားက မြတ်စွာဘုရားကို လျှောက်ထားတယ်။

'အဲဒီလိုပဲ လူကလေး၊ ရဟန်းပြုပြီးရင် ဒကာ ဒကာမတွေ လှူတဲ့ ဆွမ်းကိုစားပြီး သင်္ကန်းခေါင်းမြီးခြုံအိပ်နေရမှာ မဟုတ်ဘူး၊ ဘုရား အဆုံးအမရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ပွဲ၊ အငြိမ့်၊ ရုပ်ရှင်၊ ဘောလုံးပွဲ မြင်းပွဲတွေကိုလဲ သွားရမှာ မဟုတ်ဘူး၊ နိုင်ငံရေးသမားယောင်ယောင် စီးပွားရေးသမားယောင်ယောင်၊ လောကီသမားယောင်ယောင်နဲ့ ယောင်



ဆိုးဆယ် လုပ်နေရမှာ မဟုတ်ဘူး၊ ရဟန်းတိုင်း မလုပ်မနေရတဲ့ အလုပ် နှစ်လုပ်ကို လုပ်ရမယ်၊ အလုပ်တစ်လုပ်က ရှင်တော်မြတ်ဘုရား ဟောကြား ထားခဲ့တဲ့ တရားတော်တွေကို သင်ရမယ်၊ ဒုတိယအလုပ်က မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရအောင် ဒီတရားတော်တွေထဲမှာပါတဲ့ ကျင့်စဉ်တွေအတိုင်း ကျင့်ရမယ်။

'ကိုယ့်ကိုယ်တိုင် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရပြီဆိုတော့ တရားတော် တွေကို မသိသေးတဲ့သူတွေကို သိအောင် ဟောပေးရမယ်၊ အဲဒီ တရားတော် တွေကို နာရတာနဲ့ပဲ နာရတဲ့သူတွေမှာ အကျိုးကြီးလှပြီ၊ နိဗ္ဗာန်ရောက် ကြောင်း တရားဆိုတာ အခါခပ်သိမ်း ကြားရတာ မဟုတ်ဘူး၊ ဘုရားတစ်ဆူ တစ်ဆူ ပွင့်တော်မူမှ ကြားရတာ၊ ဒါကြောင့် 'သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ'လို့ မြတ်စွာဘုရား ဟောကြားထားတော်မူခဲ့တယ်၊ အခိပ္ပာယ်ကတော့ သူတော် ကောင်းတရား ကြားနာရတာဟာ အင်မတန်ကြီးကိုရခဲ့တဲ့ လာဘ်ကြီးပဲတဲ့၊ အဲဒီလို တရားတော်တွေကို ဟောပြောပြီးတော့မှ အဲဒီ တရားတော်ထဲမှာပါတဲ့ ကျင့်စဉ်တွေကို ကိုယ်ကျင့်သလို ကျင့်အောင် တိုက်တွန်းရမယ်။

'လောကမှာ လူတွေကို ချမ်းသာအောင် လုပ်ပေးနိုင်တဲ့လူဟာ စကြဝတေးမင်းစည်းစိမ်ရဲ့ အပုံတစ်သိန်းပုံ တစ်ပုံလောက် ချမ်းသာအောင် လုပ်မပေးနိုင်ပါဘူး၊ နတ်မင်းစည်းစိမ်ရဲ့ အပုံတစ်သန်းပုံ တစ်ပုံ ချမ်းသာ အောင် လုပ်မပေးနိုင်ပါဘူး၊ ဗြဟ္မာမင်းစည်းစိမ်ရဲ့ အပုံတစ်ကုဋေပုံ တစ်ပုံ ချမ်းသာအောင် လုပ်မပေးနိုင်ပါဘူး၊ သား ရဟန်းပြုပြီး ဟောပြောလို့ ဆုံးမလို့၊ သွန်သင်ပြသလို့၊ လူတစ်ယောက် သောတာပန်ဖြစ်သွားတယ် ဆိုရင် ဒီလူရတဲ့အကျိုးဟာ စကြဝတေးမင်းတို့၊ နတ်မင်းတို့၊ ဗြဟ္မာမင်းတို့ ရတဲ့ အကျိုးထက် မနှိုင်းယှဉ်နိုင်အောင် ကြီးတယ်။

'ဓမ္မပဒ၊ အနာထပိဏ္ဍိက ပုတ္တကာလဝတ္ထုမှာ ရှင်တော်မြတ်ဘုရား က 'ပထဗျာဧကရဇ္ဇေန၊ သဂ္ဂဿဂမနေနဝါ၊ သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံဝရံ'လို့ ဟောတော်မူပါတယ်။ အဓိပ္ပာယ်ကတော့ မြေ တစ်ပြင်လုံးမှာ ဧကရာဇ်မင်းဖြစ်ရသည်ထက်လည်းကောင်း၊ နတ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



ဖြဟ္မာ့ပြည်သို့ ရောက်ရသည်ထက်လည်းကောင်း၊ တစ်လောကလုံး၏ အစိုးရသည်ထက်လည်းကောင်း သောတာပန်ဖြစ်ရခြင်းသည် မြတ်သည်တဲ့၊ သောတာပန်ဖြစ်ရတာက ဘာဖြစ်လို့မြတ်သလဲ၊ သောတာပန်ဖြစ်ရင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဆိုတာ အမြစ်ကပါ ပြုတ်ထွက်သွားပြီ၊ ဒါ့ကြောင့် သောတာပန်ဟာ အပါယ်လေးဘုံကို မကျရတော့ဘူး၊ သောတာပန်ဖြစ် ပြီးရင် ပဋိသန္ဓေနေရတဲ့ဘေး၊ အိုရတဲ့ဘေး၊ နာရတဲ့ဘေး၊ သေရတဲ့ဘေးတွေနဲ့ အလွန်တကာ့ အလွန်ဆုံး ခုနစ်ဘဝပဲ တွေ့ရတော့မယ်၊ ခုနစ်ဘဝပြီးရင် နိဗ္ဗာန်စံရမယ်၊ စကြဝတေးမင်းတို့၊ နတ်မင်းတို့ ဗြဟ္မာမင်းတို့ဆိုတာ တွေဟာ ဘယ်လောက်ပဲ တန်ခိုးကြီးကြီး ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာမပြုတ်သရွေ့ အပါယ်လေးဘုံကို ကျရဦးမယ်၊ သံသရာကြီးထဲမှာ အကြိမ်ပေါင်း မရေ မတွက်နိုင်အောင် ကျင်လည်ရပြီး အဖန်ဖန် ပဋိသန္ဓေနေရတဲ့ဘေး၊ အိုရ တဲ့ဘေး၊ နာရတဲ့ဘေး၊ သေရတဲ့ဘေးတွေနဲ့ တွေ့ရဦးမယ်’

‘ဒါတွေတင် မကသေးဘူး၊ ရှင်တော်မြတ်ဘုရား ဟောပစ်ခဲ့တဲ့ ဒုလ္လဘတရားငါးပါးဆိုတာ ရှိတယ်၊ ရဖို့ အင်မတန် ခဲယဉ်းတဲ့ တရား ငါးပါးလို့လဲ ခေါ်တယ်၊ ဒီငါးပါးကတော့

၁။ လူ့အဖြစ်ကို ရဖို့ခဲယဉ်းခြင်း၊

၂။ သာသနာတော်နဲ့ ကြုံကြိုက်ဖို့ ခဲယဉ်းခြင်း၊

၃။ သာသနာတော်ကို ကြည်ညိုတဲ့စိတ်ကို ရဖို့ခဲယဉ်းခြင်း၊

၄။ ရဟန်းဖြစ်ဖို့ ခဲယဉ်းခြင်း၊

၅။ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို ကြားနာရဖို့ ခဲယဉ်းခြင်းဆိုတဲ့ ငါးပါးပဲ ဖြစ်တယ်။

‘ဒီငါးပါးဟာ ဘာကြောင့်ရဖို့ ခဲယဉ်းတဲ့ တရားငါးပါးဖြစ်တယ် ဆိုတာ မေမေရှင်းပြမယ်၊ တစ်ကမ္ဘာလုံးရဲ့ လူဦးရေဟာ ဘယ်လောက် ရှိသလဲ လူကလေး’လို့ မေးတယ်၊ ‘သန်းပေါင်းနှစ်ထောင်ကျော် လောက် ရှိတယ်’လို့ သားက ဖြေတယ်။ ‘ဝါးခယ်မတစ်မြို့တည်းမှာ ရှိတဲ့ ပိုးမွှား ပုရွက်ဆိတ် အစရှိတဲ့ တိရစ္ဆာန်တွေနဲ့ပဲ သန်းပေါင်းနှစ်ထောင် ကျော်နေပြီ၊ တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံးဆိုရင်တော့ ဘယ်လောက်ရှိမယ် ဆိုတာ မပြောနဲ့တော့၊ အဲဒါဟာ တိရစ္ဆာန်ဘုံပဲရှိသေးတယ်၊ ငရဲ၊ ပြိတ္တာ၊ အသူရကာယ်ဘုံတွေပါထည့်လိုက်မယ်ဆိုရင်တော့ သတ္တဝါတွေဟာ ဘယ် လောက် များလိုက်မလဲ၊ သန်းနဲ့ ကုဋေနဲ့ မဟုတ်တော့ဘူး၊ အသင်္ချေယျ ပေါင်းကို မရေမတွက်နိုင်အောင် များမယ်၊ အဲဒီလို သတ္တဝါတွေဟာ များလွန်းလို့ သတ္တဝါတွေရဲ့ အရေအတွက်ကို ပြောတဲ့အခါ ဘယ်ရွေ့ ဘယ်မျှလို့ မပြောနိုင်တော့ဘူး၊ သတ္တဝါအနန္တ လို့ ပြောရတယ်၊ မြန်မာလို ပြန်ရင် ဘယ်ရွေ့ဘယ်မျှ ရှိတယ်ဆိုတာ တွက်မပြနိုင်အောင် များလှတဲ့ သတ္တဝါတွေလို့ အဓိပ္ပာယ်ရတယ်၊ အဲဒီလောက်များတဲ့အထဲမှာ လူဟာ သန်းပေါင်းနှစ်ထောင်ပဲရှိမယ်၊ လူ့အဖြစ် ဘယ်လောက်ရခဲတယ်ဆိုတာဟာ လူကလေး စဉ်းစားကြည့်စမ်း။

‘နောက်ပြီးတော့ သာသနာတော်ဆိုတာကလဲ ဘုရားတစ်ဆူပွင့်မှ တစ်ခါတွေ့ရတာ၊ ဘုရားတစ်ဆူတစ်ဆူဖြစ်တော်မူဖို့ အနည်းဆုံး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကျင့်ရမယ်ဆိုတော့ ဘုရားတွေလဲ ခဏခဏ မပွင့်နိုင် ဘူး၊ ဘုရားတစ်ဆူမှမပွင့်တဲ့ ကမ္ဘာတွေလဲ အများကြီးရှိတယ်၊ တချို့ကမ္ဘာတွေ ကျတော့ တစ်ဆူ၊ တချို့ကျတော့ နှစ်ဆူ၊ တချို့ကျတော့ သုံးဆူ၊ တချို့ ကျတော့ လေးဆူ၊ တချို့ကျတော့ ငါးဆူပွင့်တယ်၊ ငါးဆူဟာ အများဆုံးပဲ၊ အဲဒီတော့ အင်မတန် ပွင့်ခဲတဲ့ ဘုရားပွင့်တော်မူနေတုန်း ကိုယ်ကလဲ လူ ဖြစ်ပါမှ သာသနာနဲ့ တွေ့ရမယ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေ ဖြစ်နေရင် သာသနာနဲ့ တွေ့ဖို့ဆိုတာ ခက်သွားပြီ၊ ရော ဝတီမြစ်များက မျောလာတဲ့ အလယ်ကပေါက်နေတဲ့ စကောနဲ့ သမုဒ္ဒရာ အလယ်မှာ အနှစ် တစ်ထောင်ကြာမှ တစ်ခါပေါ်တဲ့ ကမ္ဘာလိပ်ကြီးရဲ့ခေါင်းနဲ့သွားပြီး စွပ်မိဖို့က လွယ်သေးတယ်၊ သာသနာနဲ့ ကြုံကြိုက်ဖို့ဆိုတာ မလွယ်ဘူး။

‘နောက်ပြီးတော့ သာသနာနဲ့ ကြုံကြိုက်တိုင်းလဲ သာသနာကို ကြည်ညိုတာ မဟုတ်၊ အခု သာသနာတော်ကြီးနဲ့ ကြုံကြိုက်နေတာပဲ၊ ဒါပေမယ့် မကြည်ညိုတဲ့ လူတွေလဲ အများကြီးပဲဆိုတာ သားမြင်မှာပေါ့’



www.burmeseclassic.com

www.burmeseclassic.com



'အခါတစ်ပါးမှာ မြတ်စွာဘုရားက ညီတော် အရှင်အာနန္ဒာကို 'အာနန္ဒာ၊ ငါရဲ့လက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်နဲ့ ပထဝီမြေကြီးနဲ့ ဘယ်သူကများမလဲ'လို့ မေးတော်မူပါတယ်၊ ညီတော်အာနန္ဒာက 'ပထဝီမြေကြီးက များပါတယ်ဘုရား'လို့ လျှောက်တယ်၊ အဲဒီအခါ မြတ်စွာဘုရားက 'အာနန္ဒာ၊ ငါဘုရားရဲ့ အဆုံးအမကို လိုက်နာတဲ့လူက ငါ့လက်သည်းခွံပေါ်မှာရှိတဲ့ မြေမှုန့်လောက်ရှိတယ်။ မလိုက်နာ မကြည်ညိုတဲ့လူတွေက ပထဝီ မြေကြီးလောက်ရှိတယ်'လို့ မိန့်တော်မူပါတယ်၊ ကြည်ညိုတဲ့စိတ်ဆိုတာရဖို့ ဘယ်လောက်ခက်တယ်ဆိုတာ သားပဲ စဉ်းစားကြည့်စမ်း။

'နောက်ပြီးတော့ ရဟန်းကောင်းဖြစ်ဖို့ဆိုတာလဲ မလွယ်ပါဘူး မြန်မာပြည်မှာ ဗုဒ္ဓဘာသာဝင်တွေဟာ ဆယ့်ခြောက်သန်းလောက်ရှိနေမယ့် ရဟန်းဦးရေဟာ ငါးသောင်းလောက်ပဲရှိတယ်၊ နောက်ပြီးတော့ သူတော်ကောင်းတရား နာရဖို့ဆိုတာလဲ အင်မတန် ခက်တယ်၊ ဘုရားလဲ ပွင့်တော်မူရမယ်၊ ကိုယ်ကိုယ်တိုင်လဲ လူသော်လည်းကောင်း၊ နတ်သော်လည်းကောင်း၊ ဗြဟ္မာသော်လည်းကောင်း ဖြစ်ရမယ်၊ ကြည်ညိုတဲ့စိတ်လဲ ရှိရဦးမယ်၊ အဲဒီတော့မှ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို နာရမယ်၊ ဒါ့ကြောင့် ရခဲတဲ့တရားငါးပါးထဲမှာ သူတော်ကောင်းတရားကြားနာရတာဟာ အင်မတန့် အင်မတန် အလွန့်အလွန်ရခဲတဲ့တရားလို့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တယ်။

'ဒီလိုတွေ့ရခဲတဲ့ သာသနာတော်ကြီးမှာ သာသနာ့ဝန်ထမ်းရဟန်းတွေ၊ ဘုရားဟောတော်မူခဲ့တဲ့အတိုင်း မနေကြဘဲ၊ မကျင့်ကြဘဲ၊ မဟောပြောမသွန်သင် မပြသကြဘဲ ရေစုံမျော လိုက်နေကြမယ်ဆိုရင် နောက်ကို နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကျော်ကလေးပဲ ရှိတော့တယ်၊ အဲဒီလို နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကျော် ကုန်သွားတဲ့အခါ သာသနာတော်ကြီး ကွယ်တော့မယ်၊ သာသနာတော်ကြီးကွယ်ရင် ကုသိုလ်ဟာ ဘာလဲ၊ အကုသိုလ်ဟာ ဘာလဲဆိုတာ လူတွေ မသိကြတော့ဘူး၊ အပါယ်လေးဘုံ ရောက်စေတဲ့



တရားဟာ ဘာလဲ၊ အပါယ်လေးဘုံက လွတ်စေတဲ့တရားဟာ ဘာလဲဆိုတာ လူတွေမသိကြတော့ဘူး၊ အဖန်ဖန် ပဋိသန္ဓေနေပြီး အိုပြီး၊ နာပြီး၊ သေပြီး သံသရာကြီးထဲမှာ မျောစေမယ့်တရားဟာ ဘာလဲ၊ ဒီလို ကြောက်စရာကောင်းတဲ့ သံသရာကြီးထဲက လွတ်မြောက်စေတဲ့တရားဟာ ဘာလဲဆိုတာ လူတွေ မသိကြတော့ဘူး။ အဲဒါကြောင့် သာသနာတော်ကွယ်ရင် လောကကြီးတစ်ခုလုံး မှောင်ကြီးချလိုက်သလို ဖြစ်သွားမယ်။

'ဒါပေမယ့် သာသနာ့ဝန်ထမ်း ရဟန်းတော်တွေဟာ ရှင်တော်ဘုရား ဟောတော်မူခဲ့တဲ့အတိုင်း နေမယ်၊ ကျင့်မယ်၊ ဟောပြောသွန်သင် ပြသကြမယ်ဆိုရင် သာသနာတော်ကြီးရဲ့ အလင်းရောင်ကြီးဟာ ကမ္ဘာတည်သရွေ့ တည်ရမယ်၊ ဒီအချက်နဲ့ပတ်သက်ပြီး မြတ်စွာဘုရားက မဟာပရိနိဗ္ဗာနသုတ်မှာ ဒီလိုဟောထားတာရှိတယ်၊ 'ဣမေသုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟာရေယျုံ အသုညော လောကော အရဟန္တေဟိအဿ' အဓိပ္ပာယ်က ဒီလို၊ သုဘဒ္ဒ မဂ်ရပြီး ပုဂ္ဂိုလ်လေးပါး၊ ဖိုလ်ရပြီး ပုဂ္ဂိုလ်လေးပါး၊ မဂ်လေးပါးရဖို့အတွက် အားထုတ်နေတဲ့ ဝိပဿက ပုဂ္ဂိုလ်လေးပါး၊ ဒီဆယ့်နှစ်ပါးသော ရဟန်းကောင်း ရဟန်းမြတ်တွေဟာ မိမိတို့သိတဲ့တရားကို ဟောပြလျက် သူတစ်ပါးကိုလဲ မိမိတို့ကဲ့သို့ ဖြစ်စေပြီး ကောင်းစွာနေကြရင် လောကမှာ ရဟန္တာတွေဆိုတာ ဘယ်တော့မှ မဆိတ်သုဉ်းဘူးတဲ့၊ ဒီမိန့်ကြားချက်ကို လူကလေး နားလည်အောင် မေမေ ဒီလို ပြန်ပြောမယ်၊ ရဟန်းတော်တွေဟာ ဝိနည်းတော်အတိုင်းလဲ နေမယ်၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ရအောင်လဲ ကျင့်မယ်၊ ကိုယ်ကျင့်တဲ့အတိုင်း သူတစ်ပါးတွေ လိုက်ပြီးကျင့်အောင်လဲ ဟောပြော သွန်သင် ပြသနေကြမယ်ဆိုရင် သာသနာတော်ကြီးဟာ ဘယ်တော့မှ ကွယ်ပျောက်မသွားဘူးတဲ့၊ အဲဒီလို မြတ်စွာဘုရား ဟောကြားတော်မူခဲ့တာရှိတယ်။

'အဲဒီတော့ လူကလေးဟာ ရဟန်းပြုပြီးတဲ့အခါ ဝိနည်းတော်အတိုင်းလဲ နေမယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ရအောင်လဲ ဘုရားဟောတော်

www.burmeseclassic.com

www.burmeseclassic.com



မူတဲ့အတိုင်း ကျင့်မယ်၊ ကိုယ်ကျင့်တဲ့အတိုင်း သူတစ်ပါးတွေလိုက်ကျင့်ကြအောင် ဟောပြောသွန်သင်ပြသမယ်ဆိုရင် လူကလေးဟာ သာသနာတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် တည်ဆောက်နေတဲ့ သာသနာ့အုတ်မြစ်ကြီးမှာ အုတ်ကောင်းတစ်ချပ် သွားပြီးထပ်လိုက်တာနဲ့ အတူတူပဲ လူကလေး အဲဒီတော့ မေမေ မေးတာ လူကလေး ဖြေစမ်းပါဦး၊ ဒီလိုဆိုရင် ရဟန်းပြုတာဟာ တစ်ကိုယ်ကောင်းကျင့်တာလား၊ အများအတွက် ကျင့်တာလား'လို့ အမေက မေးပါတယ်၊ သားက 'အများအတွက် ကျင့်တာပါမေမေ'လို့ ဖြေတယ်။ အဖေက သာဓုခေါ်တယ်၊ 'အဲဒီတော့ ဘုန်းကြီးလုပ်ဖို့ကိစ္စကို သား ဘယ်လိုသဘောရသလဲ'လို့ အမေက မေးတယ်။ မောင်မြင့်ဆွေဟာ အတော်ကလေး စဉ်းစားပြီး 'ကျွန်တော့်စိတ်ထားကို ကျွန်တော် ပြောပြမယ်နော်၊ အဲဒီလိုပြောပြပြီးတော့ ဖေဖေနဲ့ မေမေ ကြိုက်သလိုဆုံးဖြတ်ပါ၊ ကျွန်တော် နားထောင်ပါ့မယ်'လို့ မောင်မြင့်ဆွေက အစချီလိုက်ပြီး ဒီလို ပြောပြပါတယ်။ 'ကျွန်တော်တတ်တဲ့ပညာနဲ့ အုပ်ချုပ်ရေးဘက်မှာ ကျွန်တော် ဝင်ပြီး အမှုထမ်းချင်သေးတယ်၊ အဲဒီလို အမှုထမ်းပြီးတော့မှ ဖေဖေနဲ့ မေမေ ပြောတဲ့အတိုင်း ဘုန်းကြီးလုပ်ပါ့မယ်'လို့ ပြောတယ်။

သားကို ဘုရားရှိခိုးဖို့လွှတ်လိုက်ပြီး အဖေနဲ့ အမေဟာ သားကိစ္စကို တိုင်ပင်ကြတယ်။ သားဟာ ဆယ်တန်းကို သုံးဘာသာ ဂုဏ်ထူးနဲ့လဲ အောင်ထားတယ်။ စကောလားရှစ်လဲရတယ်ဆိုတော့ ဖအေလုပ်တဲ့သူဟာ သားဘက်ကို ပါနေတယ်။ အဲဒါကြောင့် နောက်ဆုံးကျတော့ သားလုပ်ချင်တာကို လုပ်ပါစေဦး၊ ပြီးတော့မှ တို့စိတ်တိုင်းကျ ဘုန်းကြီး အလုပ်ခိုင်းတာပေါ့လို့ အဖေက အဆိုသွင်းတာကို မခင်မေက လက်ခံတယ်။ ဒါပေမယ့် ကောလိပ်ကျောင်းကိုမသွားခင် ကျန်သေးတဲ့ ကျောင်းပိတ်ရက်အတွင်း မောင်မြင့်ဆွေဟာ သာသနာ့ရိပ်သာမှာသွားပြီး အားထုတ်ရမယ်။ ခုအပတ် ဉာဏ်စဉ် မနာရသေးရင် နောက်နွေရာသီ ကျောင်းပိတ်တဲ့အခါ တစ်ခါ ပြန်ပြီး အားထုတ်ရမယ်လို့ မခင်မေက ဖြည့်စွက်တာကို ကိုသိန်းက လက်ခံတယ်။



နောက်တစ်နေ့ကျတော့ တကယ်လို့ ဘုန်းကြီးမဖြစ်ဘဲ ကာမတဏှာအိုးလူးကြီးရဲ့ နယ်ထဲကို ခြေကျွံသွားရင်တောင် သားကလေးဟာ အပါယ်လေးဘုံဘေးက လွတ်ပါစေတော့လို့ဆိုတဲ့ စေတနာတွေ၊ ကရုဏာတွေ၊ သဒ္ဓါဆိုတဲ့ ယုံကြည်ချက်နဲ့ အဖေနဲ့ အမေဟာ သားကလေးကို သာသနာ့ရိပ်သာ လိုက်ပို့ကြတယ်။ သားကလေးလဲ ပါရမီ တော်တော်ထူးပါတယ်။ နှစ်ဆယ့်တစ်ရက်နဲ့ ဉာဏ်စဉ်နာရတယ်။ ဆရာတော်ဘုရားရဲ့ ချီးကျူးတာကိုလဲ ခံရတယ်။

ရန်ကုန်မသွားခင်တစ်ညမှာ မိသားစုသုံးဦး ခါတိုင်းလို တရားဆွေးနွေးရအောင် ထိုင်ကြတယ်။ 'ကနေ့ညလူကလေးဖို့ အနုတ္တရိယသုတ်ကို မေမေ ဟောမယ်၊ ကောင်းကောင်းမှတ်ထား'လို့ အစချီတယ်။ ကိုသိန်းလဲ ခါတိုင်းလိုပဲ မခင်မေပြောတာ လိုက်ရေးဖို့ အသင့်ဖြစ်နေတယ်။ 'လူကလေး အမြတ်ဆုံးတရားဆိုတာခြောက်မျိုးရှိတယ်၊ ဒီခြောက်မျိုးကတော့ အမြတ်ဆုံးအမြင်၊ အမြတ်ဆုံးအကြား၊ အမြတ်ဆုံးလာဘ်၊ အမြတ်ဆုံးသိက္ခာ၊ အမြတ်ဆုံးလုပ်ကျွေးမှု၊ အမြတ်ဆုံးအောက်မေ့မှုဆိုတာ တွေပဲ ဖြစ်တယ်။

'လူကလေး ဒီအမြတ်ဆုံးတရားခြောက်ပါးကို အဓိပ္ပာယ်ထင်ရှားအောင် ယုတ်တဲ့အမြင်၊ ယုတ်တဲ့အကြား၊ ယုတ်တဲ့လာဘ်၊ ယုတ်တဲ့သိက္ခာ၊ ယုတ်တဲ့ လုပ်ကျွေးမှုတွေဟာ ဘာလဲဆိုတာကို စပြီးပြောမယ်။

'၁။ လူကလေး၊ လောကမှာ တချို့လူတွေဟာ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာတွေကို အမြတ်တနိုးထားကြပြီး ဒီရတနာတွေကို ကြည့်ရအောင် သွားကြတယ်၊ မှားတဲ့အယူ မှားတဲ့ အကျင့်ရှိတဲ့ သမဏ ဗြာဟ္မဏတွေကိုလဲ အမြတ်တနိုးထားကြပြီး ဒီပုဂ္ဂိုလ်တွေကို ကြည့်ရအောင် သွားကြတယ်။

'၂။ လူကလေး လောကမှာ လူတချို့ဟာ စည်တီးသံ၊ စောင်းတီးသံ၊ သီချင်းဆိုသံတွေကို နားထောင်ရအောင် သွားကြတယ်၊ မှားတဲ့အယူ မှားတဲ့အကျင့်ရှိတဲ့ သမဏ ဗြာဟ္မဏတွေရဲ့ တရားကိုလဲ နားထောင်ရအောင် သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



'၃။ လူကလေး၊ လောကမှာ လူတချို့ဟာ သားလာဘ်၊ မယားလာဘ်၊ ဥစ္စာလာဘ်တွေကို ရတယ်၊ မှားတဲ့အယူ မှားတဲ့အကျင့်ရှိတဲ့ သမဏကို ဖြစ်စေ၊ ဗြာဟ္မဏကို ဖြစ်စေ ယုံကြည်တဲ့ သဒ္ဓါတရားကို ရတယ်။

'၄။ လူကလေး၊ လောကမှာလူတချို့ဟာ ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ ရထားစီးအတတ်၊ လေးပစ်အတတ်၊ မှားတဲ့အယူ မှားတဲ့အကျင့်ရှိတဲ့ သမဏ ဗြာဟ္မဏတွေရဲ့ မှားတဲ့အကျင့်တွေကို သင်ကြတယ်။

'၅။ လူကလေး၊ လောကမှာ လူတချို့ဟာ မင်းပုဏ္ဏား၊ သူဌေး သူကြွယ်၊ မှားတဲ့အယူ မှားတဲ့အကျင့်ရှိတဲ့ သမဏ ဗြာဟ္မဏကို လုပ်ကျွေးတယ်။

'၆။ လူကလေး၊ လောကမှာ လူတချို့ဟာ သားသမီးရမှု၊ မယားရမှု၊ ဥစ္စာရမှုတွေနဲ့ မှားတဲ့အယူ၊ မှားတဲ့အကျင့်ရှိတဲ့ သမဏ ဗြာဟ္မဏကို အဖန်ဖန် အောက်မေ့တယ်။

'လူကလေး အခုပြောခဲ့တဲ့ အမြင်၊ အကြား၊ လာဘ်၊ အတတ်လို့ ခေါ်တဲ့ သိက္ခာ၊ အောက်မေ့မှုတွေဟာ ယုတ်တဲ့အမြင်၊ ယုတ်တဲ့အကြား၊ ယုတ်တဲ့ လာဘ်၊ ယုတ်တဲ့ သိက္ခာ၊ ယုတ်တဲ့ လုပ်ကျွေးမှု၊ ယုတ်တဲ့ အောက်မေ့မှုတွေပဲ ဖြစ်တယ်၊ ဒီဟာတွေဟာ အရပ်သူအရပ်သားတွေရဲ့ ပုထုဇဉ်တွေရဲ့ အရိယာမဟုတ်သူတွေရဲ့ အကျိုးစီးပွားနဲ့ မစပ်တဲ့ ဝဋ်ဒုက္ခက ငြီးငွေ့ဖို့မဖြစ်တဲ့ ရာဂကင်းဖို့မဖြစ်တဲ့ ရာဂ ဒေါသ လောဘတွေချုပ်ဖို့ မဖြစ်တဲ့၊ ငြိမ်းချမ်းဖို့မဖြစ်တဲ့၊ ထူးတဲ့ဉာဏ်နဲ့ သိရန်မဖြစ်တဲ့ သစ္စာလေးပါး တရားကို ထိုးထွင်းပြီး သိဖို့မဖြစ်တဲ့ နိဗ္ဗာန်အကျိုးငှာ မဖြစ်တဲ့ အမြင်၊ အကြား၊ လာဘ်၊ သိက္ခာ၊ လုပ်ကျွေးမှု၊ အောက်မေ့မှုတွေပဲ' ဖြစ်တယ်။

'၁။ လူကလေး၊ မတုန်မလှုပ် ယုံကြည်တဲ့ စိတ်နဲ့ ချစ်တဲ့စိတ်နဲ့၊ အင်မတန် ကြည်ညိုတဲ့စိတ်နဲ့ မြတ်စွာဘုရားကိုပဲ ဖြစ်စေ၊ မြတ်စွာဘုရားရဲ့ တပည့်သား သာဝကကိုပဲဖြစ်စေ၊ သွားရောက်ဖူးမြော်ရင် ဒီလိုဖူးမြော်တာကို အမြတ်ဆုံးအမြင်လို့ ခေါ်တယ်။



'၂။ လူကလေး၊ မတုန်မလှုပ် ယုံကြည်တဲ့စိတ်နဲ့၊ ချစ်တဲ့စိတ်နဲ့၊ အင်မတန် ကြည်ညိုတဲ့စိတ်နဲ့၊ မြတ်စွာဘုရား ဟောတော်မူတဲ့တရားတော်ကိုပဲဖြစ်စေ မြတ်စွာဘုရားရဲ့ တပည့်သား သာဝကဟောတဲ့ တရားတော်ကိုပဲဖြစ်စေ သွားရောက်ကြားနာရင် ဒီလို ကြားနာတာကို အမြတ်ဆုံး အကြားလို့ ခေါ်တယ်။

'၃။ လူကလေး၊ မြတ်စွာဘုရားမှာဖြစ်စေ၊ တရားတော်မှာ ဖြစ်စေ၊ သံဃာတော်မှာဖြစ်စေ သဒ္ဓါလို့ခေါ်တဲ့ မတုန်လှုပ်တဲ့ သက်ဝင် ယုံကြည်မှုကိုရရင် ဒီသဒ္ဓါတရားရတာကို အမြတ်ဆုံးလာဘ်လို့ ခေါ်တယ်။

'၄။ လူကလေး၊ မတုန်မလှုပ် ယုံကြည်တဲ့စိတ်နဲ့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ သီလနဲ့ဆိုင်တဲ့ တရားတော်၊ သမာဓိနဲ့ဆိုင်တဲ့ တရားတော်၊ ပညာနဲ့ဆိုင်တဲ့ တရားတော်တွေကို သင်ယူရင် ဒီလိုသင်ယူတာကို အမြတ်ဆုံးသိက္ခာလို့ ခေါ်တယ်။

'၅။ လူကလေး မတုန်မလှုပ် ယုံကြည်တဲ့စိတ်နဲ့ မြတ်စွာဘုရားကို ဖြစ်စေ၊ မြတ်စွာဘုရားရဲ့ တပည့်သားသာဝကကို ဖြစ်စေ လုပ်ကျွေးရင် ဒီလိုလုပ်ကျွေးတာကို အမြတ်ဆုံး လုပ်ကျွေးမှုလို့ ခေါ်တယ်။

'၆။ လူကလေး၊ မတုန်မလှုပ် ယုံကြည်တဲ့စိတ်နဲ့ မြတ်စွာဘုရားကိုဖြစ်စေ၊ တရားတော်ကိုဖြစ်စေ၊ သံဃာတော်ကိုဖြစ်စေ၊ အဖန်တလဲလဲ အောက်မေ့ရင် ဒီလို အောက်မေ့မှုကို အမြတ်ဆုံးအောက်မေ့မှုလို့ ခေါ်တယ်။

'လူကလေး အဲဒီ အမြတ်ဆုံးအမြင်၊ အမြတ်ဆုံးအကြား၊ အမြတ်ဆုံး လာဘ်၊ အမြတ်ဆုံးသိက္ခာ၊ အမြတ်ဆုံးလုပ်ကျွေးမှု၊ အမြတ်ဆုံး အောက်မေ့မှုဟာ ကိလေသာက စင်ကြယ်ဖို့၊ ပူဆွေးမှု ငိုကြွေးမှုတွေကို လွန်မြောက်ဖို့၊ ဆင်းရဲခြင်း၊ နှလုံးမသာခြင်းတွေ ချုပ်ငြိမ်းဖို့၊ မဂ်ဉာဏ်ရဖို့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့အတွက် အမြတ်ဆုံးတရားခြောက်ပါးပဲ ဖြစ်တယ်လို့ ရှင်တော် မြတ်ဘုရားဟာ အနုတ္တရိယသုတ်မှာ ဟောကြားထားတော်မူခဲ့တယ်။

'လူကလေးဟာ ဆင်းရဲတာကို တကယ်ကြောက်တယ်၊ ဆင်းရဲတာက လွတ်မြောက်တာကို တကယ် လိုလားတယ်ဆိုရင် လူကလေးဟာ

www.burmeseclassic.com



တောင်တောင်မြောက်မြောက်တွေကို ကြည့်ချင်တဲ့အခါတိုင်း တောင်တောင်မြောက်မြောက်တွေကို ကြားချင်တဲ့အခါတိုင်း၊ တောင်တောင်မြောက်မြောက်တွေကို လိုချင်တဲ့အခါတိုင်း တောင်တောင်မြောက်မြောက်တွေကို သင်ကြားချင်တဲ့အခါတိုင်း၊ တောင်တောင်မြောက်မြောက်တွေကို အောက်မေ့ချင်တဲ့အခါတိုင်း ရှင်တော်မြတ်ဘုရား ဟောကြားထားတော်မူတဲ့ ဒီအမြတ်ဆုံးတရားကြီး ခြောက်ပါးကို သတိရပါတော့၊ ဒီအမြတ်ဆုံးတရားကြီး ခြောက်ပါးဟာ ငါ့သားအတွက် တစ်သက်လုံး မီးရှူးတန်ဆောင်ကြီးတွေ ဖြစ်ကြပါစေ၊ မေမေ ဆုမွန်ကောင်းတောင်းပါတယ်'လို့ အမေကပြောတယ်။ သားအဖ သာဓုခေါ်တယ်။ သာဓုခေါ်အပြီးမှာ ကိုသိန်းဟာ သူ့နဖူးပေါ်မှာ လက်အုပ်ချီပြီး 'ဘုရားမှတစ်ပါး အခြားမှာ ကိုးကွယ်ရာ မရှိပါဘုရား၊ တရားမှတစ်ပါး အခြားမှာ ကိုးကွယ်ရာမရှိပါဘုရား၊ သံဃာမှတစ်ပါး အခြားမှာ ကိုးကွယ်ရာ မရှိပါဘုရား'လို့ ရွတ်ပါတယ်။

သားကလေး ရန်ကုန်ကိုသွားရင် အဖေရော အမေရော လိုက်ပို့ကြမယ်။ ကောလိပ်ကျောင်း မဖွင့်သေးခင် သားကလေးကိုပါခေါ်ပြီး မန္တလေးနဲ့ စစ်ကိုင်းကို ဘုရားဖူးသွားဖို့ သူတို့စီစဉ်ထားကြတယ်။ အဲဒါကြောင့် ရန်ကုန်လိုက်မယ့်နေ့မှာ သာသနာ့ရိပ်သာ ဆရာတော်ဘုရားကို သွားကန်တော့ကြတယ်။ စစ်ကိုင်းရောက်ရင် စစ်ကိုင်းချောင် ခေမာသီ ကျောင်းတိုက်က ဆရာတော်ဘုရားရဲ့တပည့် ဦးပဥ္စင်း ဦးဉာဏိန္ဒြိယဆီမှာ သူတို့တည်းနေကျ ဖြစ်တဲ့အတိုင်း 'ဦးဉာဏိန္ဒြိယကို ဆရာတော် က ဘာများမှာလိုက်ဦးမလဲ'လို့ ကိုသိန်းက လျှောက်ထားတယ်။ 'ကျန်းကျန်း မာမာရှိတဲ့အကြောင်းသာ ပြောလိုက်ပါ'လို့ ဆရာတော်က အမိန့်ရှိတယ်။ ဆရာတော်ကြီးဆီက ပြန်လာပြီး စစ်ကိုင်းချောင် ဦးဉာဏိန္ဒြိယကိုလှူဖို့ ပစ္စည်းတွေကို ကိုသိန်းနဲ့ မခင်မေတို့ သွားဝယ်ကြတယ်။ ညနေကျတော့ သားအမိ သားအဖသုံးဦး ပုသိမ်အမြန်နဲ့ ရန်ကုန်ကို လိုက်သွားကြတယ်။

*



မောင်မြင့်ဆွေဟာ အိုင်အေ အောင်ပြီး ဘီအေမှာ ရာဇဝင် ဂုဏ်ထူးယူတယ်။ ဘီအေအောင်တဲ့အခါမှာ ရာဇဝင် ဂုဏ်ထူးကို ဒုတိယတန်းနဲ့ အောင်တယ်။ သူ့ကို မွေးတုန်းက ဘယ်နက္ခတ်နဲ့များ ယှဉ်မွေးခဲ့တယ် မသိဘူး။ ကောလိပ် ကျောင်းမှာလဲ သူ့ကို မခင်လှလို မေတ္တာရှိတဲ့ ကျောင်းသူကလေး သုံးလေးဦးနဲ့ တွေ့ရသေးတယ်။ မောင်မြင့်ဆွေ ကိုယ်တိုင်ကတော့ ကိုယ်သက် ကျူးလွန်ဖို့ဆိုတာ မပြောနဲ့ နှုတ်နဲ့တောင် မကျူးလွန်မိအောင် စောင့်ထိန်းခဲ့တယ်။ သူငယ်ငယ်က သူ့မိဘတွေ သွန်သင်ပေးလိုက်တာတွေဟာ သူ့အတွက်ဆိုရင် ကိုယ်ကိုရော နှုတ်ကိုရော စိတ်ကိုရော ကောင်းအောင်ထိန်းနိုင်တဲ့ လူကောင်းတစ်ယောက်ဖြစ်ဖို့ အင်မတန် အဖိုးတန်တာ ဆွေပဲလို့ သူတစိမ့်စိမ့်တွေးပြီး မိဘတွေရဲ့ ကျေးဇူးတွေ အင်မတန်ကြီးမားပုံကို မောင်မြင့်ဆွေဟာ မကြာခဏ အာရုံပြုမိတယ်။

ဘီအေအောင်ပြီး နောက်တစ်နှစ် ဘီစီအက်(စ်) စာမေးပွဲဝင်ဖြေတယ်။ ပထမရတယ်။ သားဦးကလေး မောင်ကျော်ဆန်းဆုံးပြီး စစ်ကိုင်းကို ပထမအခေါက် ရောက်ကတည်းက ကိုသိန်းနဲ့ မခင်မေတို့ဟာ စစ်ကိုင်းချောင်ကို စိတ်ထဲမှာစွဲနေတယ်။ ဒါကြောင့် အခွင့်အခါရတိုင်း စစ်ကိုင်းချောင်မှာ လေးငါးရက်လောက် သွားသွားပြီး နေလေ့ရှိတယ်။ သားမောင်မြင့်ဆွေ အလုပ်ရပြီးရင် သားအမိ သားအဖသုံးယောက် အတူတူ စစ်ကိုင်းကိုသွားဖို့ ခဲယဉ်းနေပြီ။ အဲဒီတော့ အလုပ်မရခင် စစ်ကိုင်းကို သားအမိ သားအဖသုံးယောက် သွားကြဦးစို့လို့ တိုင်ပင်ပြီး အောင်စာရင်း ထွက်ပြီးတာနဲ့ အလုပ်မရသေးခင် မိသားစုသုံးဦး စစ်ကိုင်းကို သွားကြတယ်။

*

ကိုမြင့်ဆွေ ခန့်စာရပြီး အလုပ်ဝင်ဖို့သွားခါနီးမှာ အဖေက ဒီလိုမှာလိုက်တယ်။ 'လူကလေးကတော့ မဟုတ်တာလုပ်မယ့် လူစားထဲက မဟုတ်ပါဘူး၊ ဒါပေမယ့် ဖေဖေ့မှာ ဝတ္တရားရှိတယ်၊ အကုန်မှာလိုက်ပါရစေ၊ မိုးမပြိုဘူး၊ ပြိုသည့်ရှိသော်ဆိုတဲ့ စကားလို နောင်တစ်ခုခုဖြစ်လာရင် ဖေဖေတို့

www.burmeseclassic.com

www.burmeseclassic.com



အစတုန်းကမှ မပြောဘဲကိုး ဆိုတာမျိုး မဖြစ်စေချင်ဘူး၊ ရှေးတုန်းက မုဆိုး ကြီးမှာ သားတစ်ယောက်ရှိတယ်၊ ဒီသားက ခိုးတတ်တယ်၊ တစ်နေ့ကျတော့ ခိုးတာမိပြီး သတ်ဖို့ ကားစင်တင်ထားတယ်၊ ဝိုင်းကြည့်နေတဲ့ သူတွေထဲမှာ သူ့အမေ မုဆိုးမကြီးလဲပါတယ်၊ သူ့အမေမုဆိုးမ ကြီးဟာ ငိုနေတယ်၊ သူ့ကို သတ်ခါနီးကျတော့ သူ့အမေကို စကားပြော ချင်လို့ ခဏခေါ်ပေးပါလို့ လူသတ်သမားတွေကို သူက တောင်းပန်တယ်၊ သူ့အမေလာတဲ့အခါ တိုးတိုး ပြောပါရစေလို့ သူက ပြောတယ်၊ သူ့ပါးစပ် နားကို သူ့အမေက နား ကပ်ပေးတဲ့အခါ သူက သူ့အမေနားကို ကိုက်ဖြတ်ပြီး ဒီအမေဟာ အစ ကတည်းက သူ့ကို ဆုံးမလာရင် သူဒီလို ကားစင်အတင်ခံရမှာ မဟုတ်ဘူးလို့ ပြောတယ်၊ အဲဒါမျိုး မဖြစ်စေရအောင် လူကလေးကို ဖေဖေ မှာချင်တာတွေ အကုန်လုံး ပြောပြမယ်၊ လူကလေး နားထောင်။

'ရာထူးဌာနန္တရနဲ့ ဖြစ်လာရင် လူတွေဟာ အကြောင်းလေးခုနဲ့ ပတ်သက်ပြီး ပျက်စီးတတ်တယ်၊

၁။ တံစိုးလက်ဆောင်နဲ့ပတ်သက်ပြီး ပျက်စီးတတ်တယ်။

၂။ အရက်နဲ့ပတ်သက်ပြီး ပျက်စီးတတ်တယ်။

၃။ မိန်းမနဲ့ပတ်သက်ပြီး ပျက်စီးတတ်တယ်။

၄။ အလောင်းအစားနဲ့ပတ်သက်ပြီး ပျက်စီးတတ်တယ်။

'အရက်၊ မိန်းမ၊ အလောင်းအစား ဆိုတာကတော့ လူကလေးအမေ ခဏခဏ ပြောဖူးပြီ၊ အဲဒီတော့ လုံလောက်နေပါပြီ၊ ဖေဖေ ထပ်ပြောဖို့ မလိုပါဘူး၊ တံစိုးလက်ဆောင်နဲ့ ပတ်သက်ပြီး နည်းနည်းပြောချင်တယ်၊ အမှုတစ်ခု ဖြစ်လာရင် ငွေဖြစ်ဖြစ်၊ စိန်ရွှေအစရှိတဲ့ပစ္စည်းဖြစ်ဖြစ်၊ မတရား အနိုင်လိုချင်တဲ့ လူတွေက လာပေးတတ်တယ်၊ ဒါကတော့ တံစိုးလက်ဆောင် ဆိုတာ သိနေတဲ့အတွက် လူကလေး ငြင်းရတာ လွယ်တယ်၊ အငြင်းရခက်တဲ့ တံစိုးလက်ဆောင်တစ်မျိုး ရှိသေးတယ်၊ အမှုကိစ္စ မပေါ်ခင် အတော်ကြာ ကြီးကတည်းက တချို့လူတွေဟာ လူကလေးအကြိုက်ကို လိုက်ပြီး ပေါင်း မယ်၊ အဲဒီလို ပေါင်းရင်း လူကလေးကို ဟိုဟာ ဒီဟာ ကလေးတွေ



ပေးမယ်၊ လူကလေးဖြေ သူတို့ကို—တစ်နည်းနဲ့မဟုတ် တစ်နည်းနဲ့ အားနာလာအောင် လုပ်ထားမယ်၊ အဲဒီလို အားနာလာလို့ လူကလေးဟာ ငြင်းနိုင်ဘူးဆိုတော့မှ သူတို့ကိစ္စကို ပြောမယ်၊ အဲဒါမျိုးကို လူကလေး အထူးသတိထားရမယ်။

'တံစိုးလက်ဆောင် မစားနဲ့ လာဘ်မစားနဲ့လို့ ဖေဖေမှာနေရတာက လူကလေး ပိုက်ဆံချမ်းသာလာတာကို မကြည့်ချင်တဲ့သဘောနဲ့ မှာနေတာ မဟုတ်ဘူး၊ ဒီလို တံစိုးလက်ဆောင်စားမယ် လာဘ်စားမယ်ဆိုရင် လူကလေးဟာ မှန်တာကို မမှန်တာဖြစ်အောင် လုပ်ရတော့မယ်၊ မမှန်တာကို မှန်တာဖြစ်အောင် လုပ်ရတော့မယ်၊ တရားတာကို မတရားတာဖြစ်အောင် လုပ်ရတော့မယ်၊ သတ္တဝါတွေဟာ ကောင်းတာလုပ်လုပ် မကောင်းတာ လုပ်လုပ် ကိုယ်လုပ်သမျှကံတွေကို အမွေခံကြရမယ်ဆိုတော့ လူကလေးဟာ ဖေဖေ အခုပြောခဲ့တဲ့အတိုင်း မှောက်မှောက်မှားမှား မတရားလုပ်ခဲ့တာတွေ အတွက် အပါယ်လေးဘုံကို ကျရတော့မယ်၊ အဲဒီလို အပါယ်လေးဘုံ မှာ ငါ့သားဟာ ဆင်းရဲဒုက္ခခံရမှာကို ဖေဖေ မကြည့်ချင်တဲ့သဘောနဲ့ ဖေဖေမှာနေတာဆိုတာ လူကလေး သဘောပေါက်စေချင်တယ်။

'ဒီဘဝမှာ ခဏကလေး မြက်မြက်စားရဖို့ကိုသာ ကြည့်တဲ့လူတွေ များတယ်၊ ဒီလို ခဏကလေး မြက်မြက်စားရတဲ့အတွက် နောင်ဘဝတွေမှာ အကြာကြီးခံရမှာကိုကြည့်တဲ့ လူတွေ အင်မတန်နည်းတယ်၊ နောက်ပြီး တော့လဲ ဒီတံစိုးလက်ဆောင်တွေ လာဘ်တွေစားတဲ့သူတွေဟာ ဒီဘဝမှာပဲ လူမသေခင် သူတို့ရဲ့ နာမည်တွေဟာ သေနေပြီ၊ သူတို့တင်သာမကသေးဘူး၊ သူတို့ရဲ့ မယားတွေ၊ သားသမီးတွေလဲ ဒီဘဝမှာပဲ လူမသေခင် သူတို့ရဲ့ အမည်တွေဟာ သေနေပြီ၊ ဘယ်သွားသွား၊ ဘာလုပ်လုပ်၊ ဘယ်မှာပဲနေနေ ဒီလာဘ်စားတဲ့ တံစိုးလက်ဆောင်စားတဲ့ လူတွေကို သူခိုးတွေလို့ ပတ်ဝန်း ကျင် တစ်ခုလုံးက အုန်းအုန်းကျွက်ကျွက် မှတ်တမ်းတင်ထားပြီးပြီ၊ သူတို့ရဲ့ မယား၊ သူတို့ရဲ့ သားသမီးတွေကိုလဲ သူခိုးမယား၊ သူခိုးသားသမီး တွေလို့ ပတ်ဝန်းကျင်တစ်ခုလုံးက အုန်းအုန်းကျွက်ကျွက် မှတ်တမ်းတင်

www.burmeseclassic.com

www.burmeseclassic.com



ထားပြီးပြီ၊ အဲဒီတော့ ဒီတံစိုးလက်ဆောင်စားတဲ့လူတွေ၊ သူတို့မယား သား သမီးတွေဟာ ဘယ်သွားသွား ဘာလုပ်လုပ် ဘယ်မှာနေနေ လိပ်ပြာ သန့်သန့် ရှင်းရှင်းနဲ့ကို မနေနိုင်တော့ဘူး၊ သူတို့လုပ်ထားတဲ့ မကောင်းမှုတွေက သူတို့ ကို ပြန်ခြောက်တာနဲ့ တထိတ်ထိတ် တလန့်လန့် ဖြစ်နေရမယ်။

'ဖေဖေဟာ သူခိုးရဲ့အဖေ မဖြစ်ချင်ဘူးကွယ်၊ ခပ်ရှင်းရှင်းပဲ၊ အဲဒီ တော့ လူကလေး မကောင်းတဲ့၊ မမှန်တဲ့၊ မတရားတဲ့၊ မဖြင့်မြတ်တဲ့၊ ဆိုး တဲ့၊ မှားတဲ့၊ မတရားတဲ့၊ ယုတ်ညံ့တဲ့နည်းနဲ့ ပစ္စည်းရှာဖို့ဆိုတာ လူကလေး တစ်သက်လုံး စိတ်မကူးပါနဲ့၊ လူကလေးရတဲ့လခနဲ့ မလုံလောက်ရင် ဖေဖေ တို့ဆီကို မှာပါ၊ ဖေဖေတို့ စင်စင်ကြယ်ကြယ် စုထားသမျှ ကလေးတွေဟာ လူကလေးအတွက်ချည်းပဲ၊ ဖေဖေတို့မေမေတို့မှာ ဘာမှ သုံးစရာမရှိဘူး။

'အဲဒီတော့

၁။ တံစိုးလက်ဆောင်စားတာ၊ လာဘ်စားတာ

၂။ အရက်သောက်တာ

၃။ မိန်းမလိုက်တာ

၄။ အလောင်းအစား ကစားတာဆိုတဲ့ မကောင်းမှုကြီးလေးခုကို လူကလေး အထူးရှောင်ပါ၊ ဒီလေးခုစလုံးဖြစ်ဖြစ်၊ တစ်ခုခုဖြစ်၊ လူကလေး ကျူးလွန်မိတယ်ဆိုရင် လူကလေးဟာ ဖေဖေ့မျက်နှာကို မကြည့် နဲ့တော့ အိမ်ရိပ်ကိုတောင် မနင်းနဲ့တော့၊ ကုန်ကုန်ပြောလိုက်မယ်ကွာ၊ ဖေဖေ သေတောင် မလာနဲ့တော့၊ ဒါပဲ'လို့ အဖေက ပြောပါတယ်။ အမေကလဲ ထောက်ခံတယ်။ 'စိတ်ချပါဖေဖေ၊ ဖေဖေ့သားမှာ ဒီလိုဟာမျိုးတွေ ဘယ်နည်းနဲ့မှ မဖြစ်စေရပါဘူး ဖေဖေ'လို့ သားက ဝန်ခံကတိပေးတယ်၊

မောင်မြင့်ဆွေ အလုပ်ရပြီးတဲ့အခါ မိဘနှစ်ပါးစလုံး သူနဲ့ လိုက် နေပါ၊ သူကျွေးမွေးဆပ်ပါရစေလို့ ပြောတယ်၊ အဖေကတော့ အလုပ်ကထွက် လို့ကို မဖြစ်ဘူး၊ သူ့ငွေးကိုလှိုင်ဖေကလဲ အလုပ်အကိုင်ကို နားမလည် ရတဲ့အထဲ သူ့ခမည်းတော်၊ ဘိုးတော်တို့ရဲ့ ခြေရာကိုနင်းပြီး အသောက်



အစား၊ အပျော်အပါး၊ အလောင်းအစားတွေ ရှိလာပြန်တော့ ကိုသိန်း တစ်ယောက်တည်း ကြိုးစားပြီးလုပ်နေရတယ်။ တစ်ခါတစ်ခါ ကိုသိန်းက ခင်မေကို 'ငါဟာ ကိုထွန်းတို့ လှိုင်ဖေတို့ရဲ့ ပစ္စည်းတွေကို ဟိုအရင်ဘဝ တွေတုန်းက အလွဲသုံးစား မတရားလုပ်ခဲ့ဖူးတယ် ထင်တယ်၊ ဒီလူတွေ ဆီမှာကျွန်ခံရတာ ငါကိုယ်တိုင်ကကို အားမရနိုင်သေးဘူး၊ ငါများ အတင်း ထွက်လိုက်လို့ရှိရင် ဒီအလုပ်ကြီးဟာ ပြိုများကျသွားမလားဆိုတဲ့ စိုးရိမ်မှု ကြီးဟာ ငါ့မှာ အမြဲရှိနေတယ်၊ အရင် အေးကြိုင်ကလေးသေပြီး ထွက် တုန်းက ဒီကိုထွန်းဟာ လုပ်ရက်လေခြင်းလို့ စိတ်သိပ်နာနေတဲ့အတွက်သာ ငါ ထွက်ဖြစ်တာ၊ ကောင်မကလေးအလောင်းကိုမြင်တော့ ငါဘယ်လို ဖြစ်သွားတယ် မဆိုနိုင်ဘူး၊ ဒါကြောင့် ထွက်ဖြစ်တာပဲ၊ ဒါမှမဟုတ်ရင် မောင်ထွန်းတို့ သားအဖတတွေရဲ့ ကျွန်ဇာတာပါနေတဲ့ငါဟာ အလုပ်က ထွက်ဖြစ်ဦးမှာ မဟုတ်ဘူး'လို့ ပြောလေ့ရှိပါတယ်။

အဲဒီလို အဖေကြီးဟာ သူ့အလုပ်ကမထွက်နိုင်တဲ့အတွက် သားဆီ သူ့အမေကိုလိုက်ပို့ရင်း တစ်ရက်နှစ်ရက်လောက် သားဆီမှာ နေနိုင်တယ်။ ကြာကြာမနေနိုင်ဘူး။ အမေကြီးလဲ သားနဲ့ လိုက်နေတယ်ဆိုပေမယ့် သိပ်အကြာကြီးနေလို့ မဖြစ်ပါဘူး။ တစ်လလောက် အရက်လေးဆယ် လောက် အလွန်ဆုံး နှစ်လလောက်ကြာလာရင် အဖေ့ဆီက စာရောက် လာပြီ။ စာထဲမှာတော့ သိပ်ထွေထွေထူးထူး မရေးပါဘူး။ 'ငါ ဘာဖြစ်သလဲ မဆိုနိုင်ဘူးကွယ်၊ ညနေဘက်ကျရင် ခေါင်းအုံချင်သလိုလို ဖြစ်ဖြစ်နေ တယ်၊ ထမင်းစားရတာလဲ ခံတွင်းနည်းနည်းပျက်သလိုပဲ၊ ဒါပေမယ့် နေလို့တော့ ကောင်းပါတယ်၊ ငါ့အတွက် စိတ်မပူပါနဲ့၊ မင်းပြန်လာမယ် ဆိုရင် မလာခင် သုံးရက်လောက် သံကြိုးကြိုပြီးရိုက်ပါ'ဆိုတဲ့ စာမျိုး လောက်ပဲ ရေးလိုက်တာပဲ၊ ပြန်လာပါတို့၊ ဘာတို့၊ ညာတို့ဆိုတဲ့ ထူးထူး ဆန်းဆန်းတွေ မပါပါဘူး၊ ဒါပေမယ့် အမေက ဒီစာကို ဖတ်ပြီး ဆရာကြီးက သူ့ကို ပြန်လာစေချင်ပြီဆိုတာသိတယ်။ အဲဒီတော့ သားကို အကျိုးအကြောင်းပြောပြီး အိမ်ပြန်သွားရတယ်။ အမေကြီးလဲ အဲဒီလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



အကူးအသန်းလုပ်နေရတာပဲ။ ဒေါ်လေးမတင်မေကသာ မောင်မြင့်ဆွေ သွားရာလိုက်ပြီး အမြဲတမ်းနေရတယ်။

ကိုမြင့်ဆွေရဲ့ အကျိုးပေးပုံက တစ်မျိုးပဲ။ သူ့ကို မေတ္တာရှိတဲ့ မိန်း တွေကတော့ ဟိုက်စကူးကျောင်းနဲ့ ကောလိပ်ကျောင်းမှာသာ မဟုတ်ဘူး အစိုးရအရာရှိလောကထဲမှာလဲ အများကြီးရှိနေတာပဲ။ သူ့ကို ကြာမျက်လုံး နဲ့ ကစားပြတာတွေ၊ ရီသွဲ့သွဲ့ပြောတာတွေ၊ ယောကျ်ားတွေ ခရီးထွက်တုန်း အိမ်အလည်လာဖို့ ခေါ်တာတွေ၊ ယောကျ်ားတွေ ခရီးထွက်တုန်း သူ့အိမ်ကို အချိန်မတော် အလည်လာကြတာတွေကတော့ သူရောက် ခဲ့တဲ့ မြို့တိုင်းမှာ တွေ့တာပဲ။ သူကသာ နည်းနည်းအလိုလိုက်လိုက်ရင် ကိုးယို့ကားယား ကျူးကျူးလွန်လွန် ဖြစ်နိုင်တာတွေချည်းပဲ။

ဖော်ပြလို့မဖြစ်တဲ့ နေရာတစ်နေရာမှာတော့ ဖော်ပြလို့ မဖြစ်တဲ့ အရာရှိကတော်တစ်ယောက်ဟာ သူ့ယောကျ်ားခရီးထွက်တုန်း ညကိုးနာရီ လောက်မှာ ကမ္ဗလာအနီဓာန်းပေါက်နေတဲ့ပုဂ္ဂိုလ်ထူးတစ်ယောက် ရောက်နေတယ်။ ခဏလာပါလို့ ကိုမြင့်ဆွေကို ဖိတ်လိုက်တယ်။ ကိုမြင့်ဆွေလဲ အဟုတ်မှတ်လို့ ချက်ချင်းလိုက်သွားတယ်။ အိမ်ရောက်တော့ အရာရှိကတော်သွန်သင်ထားတဲ့ အတိုင်း အစေခံမကလေးတစ်ယောက်က ကိုမြင့်ဆွေကို အဲဒီ မင်းကတော်ရဲ့ အိပ်ခန်းထဲခေါ်သွားတယ်။ မင်းကတော်လဲ သူ့တစ်ကိုယ်လုံးအဝတ်အစား တွေချွတ်၊ အမွှေးအကြိုင်တွေလူးထားပြီး အခန်းတံခါး ပုဏ္ဏားကွယ်ထဲက ပုန်းပြီးစောင့်နေတယ်။ ကိုမြင့်ဆွေ အခန်းထဲရောက်တာနဲ့ တံခါးပိတ်လိုက်ပြီး ကိုမြင့်ဆွေ ခြေထောက်တွေကို တစ်ခါတည်းဖက်ထားတာပဲ။ ကိုမြင့်ဆွေကို လဲသူ့သနားပြီး သူ့ဘက်ပါအောင် အမျိုးမျိုးတောင်းပန်တယ်။ ကိုမြင့်ဆွေလဲ အတင်းရုန်း၊ အတင်းတွန်း၊ ကြာတော့မတတ်နိုင်ဘူး။အတင်း လက်သီးနဲ့ထိုး၊ ခြေထောက်နဲ့ကန်ပြီး လှေကားဝမှာ ချွတ်ပစ်ခဲ့တဲ့ ဖိနပ်ကိုတောင် မစီးနိုင် ရှာဘူး။ အတင်းဆင်းပြေးခဲ့ရတယ်။ အိမ်ရောက်တော့မှ ရေတစ်ခွက်တောင်း သောက်ပြီး ပက်လက်ကုလားထိုင်ပေါ်မှာထိုင်ရင်း ဒေါသမဖြစ်နိုင်တော့ဘူး။ တစ်ယောက်တည်း တခိခိနဲ့ အူတက်အောင် ရယ်ခဲ့ရသေးတယ်။ ။

၂၂

## နာရဒသုတ်

ဒီလို သားအမိသားအဖသုံးယောက် နေလာလိုက်ကြတာ မောင်မြင့်ဆွေ ့ အမှုထမ်းသက်ဟာ ဘာလိုလိုနဲ့ တစ်ဆယ့်လေးနှစ်ရှိသွားပြီ။ ငယ်ငယ် ုန်းကတော့ အရေးပိုင်တွေကိုမြင်ပြီး အရေးပိုင်လုပ်လိုက်ဦးမယ်ဆိုတဲ့ တ်တွေအများကြီးရှိခဲ့ဖူးတယ်။ ဆယ်တန်းတုန်းကလဲ ဒီစိတ်နဲ့ပဲ စာတွေ ျက်ခဲ့တာပဲ။ ကောလိပ်ကျောင်းတုန်းကလဲ ဒီစိတ်နဲ့ ကြိုးစားခဲ့တာပဲ။ ိစိတ်ဟာ အလုပ်ထဲဝင်လို့ သုံးလေးနှစ်ရတဲ့အထိ အတော်ပဲ ပြင်းထန် ားတယ်။ ဒါပေမယ့် သူ့အဖေနဲ့ အမေ သူငယ်ငယ်ကတည်းက ချပေး ိုက်တဲ့ တရားမျိုးစေ့တွေဟာ အပင်ပေါက်ရာက အညှောင့်ထွက်၊ ညှောင့်ထွက်ရာက အကိုင်းအခက်တွေ ဝေဝေဆာဆာနဲ့ ဖူးစ ပွင့်စ ီးစ ပြုလာတာနဲ့အမျှ လူ့လောကရဲ့ အနှစ်သာရမရှိပုံတွေကို တစိမ့်စိမ့် ်လာတယ်။ ဘာလဲကွယ်၊ တစ်နေ့တစ်နေ့ မျက်စိက အဆင်းတွေကို ကြည့်၊ နားက အသံတွေကို လိုက်နားထောင်၊ နှာခေါင်းက အနံ့ ွေကို လိုက်ရှူ၊ လျှာက အရသာတွေကိုလိုက်စား၊ ကိုယ်က အတွေ့ ွေကို လိုက်တွေ့၊ အဲဒီလို ကာမဂုဏ်ငါးပါး လိုက်စား အိုလာကြ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ နောက်ပြီး နာကြတာပဲ၊ နောက်ပြီး သေကြတာပဲ။ သေတော့
ခန္ဓာကိုယ်ကြီးနဲ့ ရှိသမျှ အကုန်စွန့်ပြီး ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ် အကုသိုလ်
အတိုင်း အဖန်ဖန် ပဋိသန္ဓေနေရတဲ့ အိုရတဲ့ နာရတဲ့ သေရတဲ့ သံသ
ရေယာဉ်ကြော မျောရမြဲ့တော့တာပဲ။ အနှစ်သာရဆိုတာ ဘယ်မှာ
ရှာမတွေ့ပါလားလို့ မောင်မြင့်ဆွေဟာ မကြာခဏ ဆင်ခြင်မိပါတယ်
အဲဒီလို ဆင်ခြင်မိတဲ့အတွက် အမှုထမ်းရတာ ငြီးငွေ့လာတယ်။ ဒီ
ငြီးငွေ့လာတဲ့အတွက် အလုပ်ကထွက်ဖို့ စဉ်းစားလာတယ်။ မောင်မြင့်
ဟာ အဲဒီအချိန်မှာ အရေးပိုင် စာရင်းထဲကို ရောက်နေပြီ။ သူ့အပေါ်
အရာရှိသုံးဦးပဲရှိတယ်။ အဲဒီနှစ်အတွင်း အလွန်ဆုံး နောက်တစ်နှ
အရေးပိုင် ဖြစ်နိုင်နေပြီ။ ဒါပေမယ့် အရေးပိုင်လဲ သူ မလုပ်ချင်တော့
အလုပ်ကထွက်ပြီး သူ့မိဘတွေဆီကို ပြန်မယ်။ အဲဒီလိုပြန်ပြီး ဝိနည်း
သင်မယ်။ ဝိနည်းသင်ပြီး ဘုန်းကြီးလုပ်မယ်။ အဲဒါဟာ သူ့စိတ်ကူး
မှာရှိတဲ့ အစီအစဉ်ပဲ။ အဲဒီအစီအစဉ် သူ့မှာရှိနေပြီ။ မကြာခင်ပဲ အလုပ်
ထွက်ပြီး သူပြန်လာခဲ့မယ်ဆိုတဲ့အကြောင်း အဖေနဲ့ အမေဆီကို စာ
လိုက်တယ်။

အဖေနဲ့ အမေလဲ သားရဲ့စာကိုရတဲ့အခါ သိပ်ပြီး ဝမ်းသာတယ်
'မခင်မေ မင်းစိုက်ပေးလိုက်တဲ့ တရားမျိုးစေ့တွေဟာ အခုလို အောင်တာ
မြင်ရတော့ မင်း ဝမ်းမသာဘူးလား၊ မိဘတွေကို ငါလေ့လာကြည့်တယ်
သားသမီးတွေ သေရင် အပါယ်လေးဘုံကို ရောက်မယ့်အလုပ်တွေ
တောင်အလုပ်ခိုင်း မြောက်အလုပ်ခိုင်း အတင်းအလုပ်ခိုင်းတာပဲ၊ ကိုယ့်
သားသမီးတွေ အပါယ်လေးဘုံကလွတ်အောင် အဖန်ဖန် အိုနာသေဘေး
တွေက လွတ်အောင်ဆိုတဲ့ အလုပ်တွေကျတော့ ဘယ်မိဘကမှ အရေးတကြီး
လုပ်ပြီး တိုက်တွန်းတာ ငါမတွေ့ရဘူး၊ အပါယ်လေးဘုံက လွတ်တာ
ယူမလား၊ စကြဝတေးမင်း အဖြစ်ကို ယူမလားလို့ ငါ့ မေးရင် ငါတော့
အပါယ်လေးဘုံဘေးက လွတ်တာကိုသာ ယူမှာပဲ'လို့ မခင်မေကို အား
ပါးရ ပြောပြနေပါတယ်။ မခင်မေကလဲ လင်တော်မောင် တရားကျ



ဘာကို ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သာဓု အနုမောဒနာ သုံးကြိမ် လိုက်
လိုက်လှဲလှဲကြီး ခေါ်လိုက်ပါတယ်။ အဲဒီလိုခေါ်ပြီးတော့မှ မခင်မေက
'ကိုသိန်းရယ်၊ လူကလေး အလုပ်ကထွက်ပြီး ဒီကို ပြန်လာခါနီး သူ့ဆီ
ခဏ လိုက်သွားရရင် မကောင်းဘူးလား၊ ပြီးတော့မှ သားအမိ သားအဖ
သုံးယောက် အတူတူပြန်လာကြတာပေါ့'လို့ မခင်မေက အကြံပေးတယ်။
ကိုသိန်းက သဘောတူတယ်။ 'အိမ်ပြန်ရောက်ပြီးလို့ တစ်လလောက်
ကြာရင် မိသားစုသုံးဦးအတူတူ မန္တလေးနဲ့ စစ်ကိုင်းကို ဘုရားဖူးသွားကြ
ဦးစို့'လို့ မခင်မေက ဆက်ပြီး အကြံပေးတာကိုလဲ ကိုသိန်း သဘောတူ
တယ်။ အဲဒါကြောင့် သားဆီကို မခင်မေက ဒီလိုစာရေးတယ်။

ဖေဖေနှင့် မေမေ စာရေးလိုက်သည် လူကလေး၊ လူကလေး
၏ အစီအစဉ်များပါသောစာကို ဖေဖေနှင့် မေမေတို့ ဖတ်ရသည့်
အတွက် အတိုင်းမသိ ဝမ်းသာသည်၊ သာဓုလည်း အကြိမ်များစွာ
ခေါ်သည်၊ လူကလေး အလုပ်က ထွက်ခွင့်ရလျှင် ရချင်း ဖေဖေ
မေမေတို့ဆီကို သံကြိုးရိုက်လိုက်ပါ၊ ဖေဖေနှင့် မေမေတို့ လူကလေး
ဆီကို လိုက်လာခဲ့မည်၊ ပြီးတော့မှ ဖေဖေ မေမေ လူကလေး
သုံးဦးအတူတူ ဝါးခယ်မကို ပြန်လာကြမည်။
ဝါးခယ်မမှာ တစ်လလောက်နေပြီး မန္တလေး စစ်ကိုင်းကို
ဖေဖေ မေမေ လူကလေး သုံးဦးအတူတူ ဘုရားဖူးသွားကြမည်။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။

လို့ စာတစ်စောင်ရေးပြီး ကိုသိန်းကို ပြတယ်။ ပြီးတော့မှ သူတို့
နှစ်ယောက်စလုံး ဖေဖေ မေမေလို့ လက်မှတ်ထိုးကြတယ်။ ဒီစာကို
နောက်တစ်နေ့မနက် စာတိုက်ထဲထည့်ဖို့ အိမ်ရှေ့ကစားပွဲပေါ်မှာ မခင်မေ
တင်ထားလိုက်တယ်။ နောက်တစ်နေ့မနက် ကိုးနာရီမှာ ခါတိုင်းလိုပဲ
လင်မယားနှစ်ယောက် မနက်စာ စားကြတယ်။ ထမင်းစားရင်း မခင်မေက
'ကိုသိန်း၊ ညနေမှာ ဝက်သားနဲ့ ကုလားပဲ ချက်ကျွေးမယ် ဟိုဘက်

www.burmeseclassic.com

www.burmeseclassic.com



ကမ်းက သရေစာတွေ စားမလာနဲ့နော်’လို့ ပြောတယ်။ ကိုသိန်းက ‘အေး’လို့ ဖြေတယ်။ ကိုသိန်းကြိုက်တတ်တဲ့ ဝက်သားနဲ့ ကုလားတည်ဟင်းတို့၊ ကြက်ဟင်းခါးသီးနဲ့ ပုစွန်နဲ့ ဆီပြန်ဟင်းတို့၊ ငါးကြင်းခေါင်းရေချိုဟင်းတို့ကို မခင်မေဟာ ခဏခဏ ချက်ကျွေးတယ်။ ကိုသိန်းဟာ အလုပ်ဘက်မှာ သူ့အိမ်က မျှော်ပေးလိုက်တဲ့ ကော်ဖီကလွဲရင် ဘာမှ မသောက်မစားဘူးဆိုတာ သိနေပေတဲ့၊ အဲဒီဟင်းတွေချက်တိုင်း မခင်မေကတော့ ‘ကိုသိန်း ညနေကို အဲဒီဟင်း အဲဒီဟင်း ကျွေးမယ်၊ ဟိုဘက်ကမ်းက သရေစာတွေ စားမလာနဲ့နော်’လို့ ဆိုတာကလေးနဲ့ လင်တော်မောင်ကို အမြဲတမ်း လောကွတ်လုပ်လေ့ရှိတယ်။ လင်တော်မောင်ကလဲ ဝမ်းတွေသာပြီး ‘အေး’လို့ သူ့ဇနီးသည်ကျေနပ်အောင် ကတိပြုလေ့ရှိတယ်။

ထမင်းစားပြီး အသင့်စောင့်နေတဲ့ မော်တော်ဘုတ်နဲ့ ကိုသိန်း အလုပ်ဘက်ကူးသွားတယ်။ မခင်မေလဲ ကိုသိန်းကို လိုက်ပို့နေကျအတိုင်း အိမ်ရှေ့တံခါးဝအထိ လိုက်ပို့ပြီး လင်တော်မောင် ညနေကျရင် မြိန်မြိန်ရှက်ရှက် သုံးဆောင်ရအောင် ဝက်သားနဲ့ ကုလားတယ်ချက်ဖို့ ပြင်ဆင်နေတယ်။ ဟင်းကို မီးဖိုပေါ်တင်ပြီး ယောက်မနဲ့ သူကိုယ်တိုင် မွှေနေရင်း ဖြုန်းခနဲ မှူးပြီး လဲကျသွားတယ်။ အနားမှာရှိနေကြတဲ့ မလေးတင်နဲ့ စံမြတို့လဲ ‘လာကြပါဦး၊ လာကြပါဦး၊ မမ ဘာဖြစ်တယ်မသိဘူး’လို့ အော်ကြတယ်။ မလေးတင်ကလဲ မခင်မေရဲ့ ကိုယ်တစ်ပိုင်းကို သူ့ပေါင်ပေါ်မှာ တင်ထားတယ်။ အိမ်နီးချင်းတွေ ရောက်လာကြတယ်။ ဘယ်သူမှ အသက်မမီဘူး။ သူ့တော်ကောင်းမကြီး မခင်မေ ကွယ်လွန်အနိစ္စရောက်ရှာပြီ။ စံမြလဲ သမ္ဗန်တစ်စင်းနဲ့ သူ့ဆရာကို လိုက်ခေါ်တယ်။ စံမြဟာ ကိုသိန်းနဲ့ တွေ့တွေ့ချင်း ‘မမ ဆုံးသွားပြီ’လို့ ပြောတယ်။ ကိုသိန်းလဲ ကြားလိုက်ရတာကို မယုံတာနဲ့ ‘ဘာကွ’လို့ ထပ်မေးတယ်။ ‘မမဆုံးသွားပြီ’လို့ ထပ်ပြောတယ်။ ‘မခင်မေလား’လို့ ထပ်မေးပြန်တယ်။ ‘ဟုတ်တယ် ဆရာ’လို့ စံမြက ထပ်ပြောတယ်။ ကိုသိန်းလဲ ဖြုန်းခနဲဆိုတော့ လူတစ်ယောက် ပြေးလာပြီး သူ့ရင်ဝကို လက်သီးနဲ့ထိုးလိုက်သလို ဖြစ်သွား



တယ်။ ဒါပေမယ့် သူအနှစ်သုံးဆယ်ကျော်ပွားထားတဲ့ ဘာဝနာတွေဟာ အလဟဿ မဖြစ်ပါဘူး။ ဝါးခယ်မဘက်ကို ကူးဖို့ သမ္ဗန်ဆိပ်ကို ခပ်သုတ်သုတ် လျှောက်လာရင်း လမ်းမှာပဲ

၁။ ငါ့မှာ အိုခြင်းသဘောရှိတယ်၊ အိုခြင်းသဘောကို ငါ မလွန်ဆန်နိုင်ဘူး။

၂။ ငါ့မှာ နာခြင်းသဘောရှိတယ်၊ နာခြင်းသဘောကို ငါ မလွန်ဆန်နိုင်ဘူး။

၃။ ငါ့မှာ သေခြင်းသဘောရှိတယ်၊ သေခြင်းသဘောကို ငါ မလွန်ဆန်နိုင်ဘူး။

၄။ ငါ ချစ်မြတ်နိုးတဲ့ အရာတွေနဲ့ ရှင်ကွဲသော်လဲ ကွဲရမယ်၊ သေကွဲသော်လဲ ကွဲရမယ်။

၅။ ငါ့မှာ ကံသာလျှင် မိမိဥစ္စာရှိတယ်။ ငါဟာ ကံရဲ့အမွေခံဖြစ်တယ်။ ငါ့မှာ ကံသာလျှင် အကြောင်းရှိတယ်။ ငါ့မှာ ကံသာလျှင် ဆွေမျိုးရှိတယ်။ ငါ့မှာ ကံသာလျှင် ကိုးကွယ်မှီခိုရာရှိတယ်။ ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ်၊ ငါလုပ်မိတဲ့ ကံတွေအားလုံးကို ငါအမွေခံ ရမယ်ဆိုတဲ့ ဆင်ခြင်ဖွယ်တရားငါးပါးဟာ တစ်ခုပြီးတစ်ခု သူ့ဉာဏ်မှာလာပြီး ထင်တယ်၊ ဒီတရားတွေ တစ်ခုပြီးတစ်ခု ပေါ်လာတိုင်း ကိုသိန်းဟာ ကျေနပ်တဲ့လက္ခဏာနဲ့ ခေါင်းလိုက်ပြီး ညိတ်နေတယ်။

သမ္ဗန်ထဲရောက်တဲ့အခါ စိတ်သောကတွေ အတော်ကလေး ငြိမ်နေပြီ။ အဲဒါနဲ့ စံမြကို ဘယ်လိုဖြစ်တာလဲလို့ မေးတယ်။ ‘ဝက်သားနဲ့ ကုလားတည်ဟင်းကို မမ ကိုယ်တိုင် မွှေနေရင်း ဖြုန်းခနဲ မှူးပြီးလဲသွားတာပဲ၊ သူတို့လဲ အနားမှာရှိနေတယ်၊ လဲလဲချင်း ပြေးပြီးထူလိုက်တော့ အသက်မရှိဘူးလို့’ စံမြက ပြောပြတယ်။

အိမ်ရောက်တဲ့အခါ ကိုသိန်းဟာ မခင်မေရဲ့အလောင်းကိုကြည့်ပြီး ‘မြန်လွန်းလှတယ်နော်’ လို့ ပါးစပ်က တိုးတိုးကလေး ထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ချက်ချင်းသဝ ရပြီး 'ဟယ် သေတာကို ဘယ်သူအစိုးရသလဲ ဘယ် အချိန်ကျမှ သေပါ ဘယ်အချိန်မှာ မသေပါနဲ့ဦး၊ ခပ်ဖြည်းဖြည်း သေပါ၊ ခပ်မြန်မြန် မသေပါနဲ့ဦးလို့ ဘယ်သူတတ်နိုင်သလဲ၊ သူ့အချိန် စေ့လာရင် ငါလဲ သေရမှာပဲ၊ သတ္တဝါမှန်သမျှလဲ သေရမှာပဲ'လို့ ဆင်ခြင် ရင်း သူ့ခေါင်း ကလဲ လိုက်ပြီးညိတ်နေပါတယ်။ ပြီးတော့မှ သက်မကြီး ချလိုက်တယ်။

တအောင့်လောက်ကြာတဲ့အခါ 'ကဲ ကဲ ကဲ လုပ်စရာရှိတာတွေ လုပ်ကြရအောင်ဟေ့'လို့ ဆိုပြီး သားဆီကို သံကြိုးရိုက်တယ်။ သားဆီကိုပို့ မခင်မေ စားပွဲပေါ်တင်ထားတဲ့ စာကို တစ်ကြိမ်ထပ်ဖတ်ပြီး သူ့အပေါ် အင်္ကျီ အားအိတ်ထဲ ထည့်ထားလိုက်တယ်။ အသုဘနဲ့ပတ်သက်ပြီး ပြင်ဆင် စရာရှိတာတွေကို ကိုယ်တိုင် ပြင်ဆင်တယ်။ အဲဒီလိုပြင်ဆင်ရင်း သောကတွေ အလစ်ဝင်လာလိုက်၊ စိတ်တွေ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်သွားလိုက် ချက်ချင်းပဲ ဆင်ခြင်ဖွယ်တရားငါးပါးက သောကတွေကို တိုက်ထုတ် လိုက်၊ စိတ်တွေ ကြည်ကြည်လင်လင် ဖြစ်လာလိုက်။ အဲဒီလို ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်နေတယ်။ ညနေစောင်းလောက်ကျတော့ ခပ်မောမောနဲ့ အိမ်ပေါ်ထပ်က သူ့အခန်းထဲမှာ ခဏလှဲနေရင်း အိပ်ပျော်သွားတယ်။

ခုနစ်နာရီလောက်မှာ နိုးလာပြီး မခင်မေအကြောင်းကိုပဲ အိပ်ရာ ပေါ်မှာလှဲရင်း စဉ်းစားနေတယ်။ မခင်မေဟာ သာမန်မိန်းမ မဟုတ်ဘူး။ ထူးတဲ့ မိန်းမတစ်ဦးပဲ။ မခင်မေဟာ ငါ့အတွက်ဆိုရင် မိန်းမဖြစ်ရုံသာ မကဘူး၊ မိခိုရာလဲ ဖြစ်တယ်။ အားထားရာလဲဖြစ်တယ်လို့ တွေးပြီး မျက်စိနှစ်ဖက်က မျက်ရည်တွေကျလာတယ်။ ဒါပေမယ့် သားဦးကလေး မောင်ကျော်ဆန်း ဆုံးတုန်းကလို အားကိုးရာမဲ့ဖြစ်ပြီး သောကကိုချည်းပဲ အနိုင်ပေးရတာမျိုး မဟုတ်တော့ဘူး။ ကိုသိန်းဟာ သူမှားသွားတယ်ဆိုတာ ချက်ချင်း သတိရတယ်။ အဲဒီစိတ်ဟာ ဒီလိုပဲ။ သူ့ကို အသင့်အတင့် နှလုံးသွင်းပြီး မဆုံးမဘဲ သူလုပ်ချင်တာလုပ်ဖို့ သူကြံစည်ချင်တာ ကြံစည်ဖို့ လွှတ်ပြီးသာ ပေးနေတယ်ဆိုရင် လောဘ တွေကိုလဲ သူ ခေါ်လာမှာပဲ။



ဒေါသတွေကိုလဲ သူခေါ်လာမှာပဲ။ ရာဂတွေကိုလဲ သူခေါ်လာမှာပဲ။ ဗျာပါဒတွေကိုလဲ သူခေါ်လာမှာပဲ။ သောက ပရိဒေဝ အစရှိတဲ့ မကောင်းတာ တွေ တသီတတန်းကြီးကိုလဲ သူခေါ်လာမှာပဲလို့ ကိုသိန်း ချက်ချင်း သတိရတယ်။ အဲဒီလို သတိရပြီး သုံးလောကထွတ်ထား မြတ်စွာဘုရား တောင် ပရိနိဗ္ဗာန် စံဝင်ရသေးတယ်။ မခင်မေဟာ ဘာမို့လို့ မသေဘဲ ခံနိုင်ရမှာလဲလို့ စိတ်ထဲက ပြောလိုက်တယ်။ ဒီနောက် ကျနေတဲ့မျက်ရည် တွေ သုတ်၊ ရေဆင်းချိုး ညစာကို အသင့်အတင့်စားပြီး သင်္ဂြိုဟ်ဆရာကြီး ဦးအုန်းရွှေရဲ့ တရားဆွေးနွေးဝိုင်းမှာ ကိုသိန်း ဝင်ထိုင်ပါတယ်။

တရားဆွေးနွေးဝိုင်းမှာ ကျောင်းဆရာ ကိုဖိုးဘလဲ ရောက်နေတယ်။ သူနဲ့ သင်္ဂြိုဟ်ဆရာကြီး ဦးအုန်းရွှေတို့ဟာ ဒီလို အသုဘအိမ်တွေမှာ ငြင်းဖော်ငြင်းဖက်တွေပဲ။ သင်္ဂြိုဟ်ဆရာကြီး ဦးအုန်းရွှေက စိတ်တိုတတ် တယ်။ ဒေါသကြီးတယ်။ အဲတာသိလို့ ကိုဖိုးဘကလဲ မခံချင်အောင် စတယ်။ တစ်ခါတစ်ခါ အစလွန်သွားရင် သင်္ဂြိုဟ်ဆရာကြီး အကြီးအကျယ် ဒေါပွပြီး ဘေးကလူတွေ အတော်ဝိုင်းတောင်းပန်ရတဲ့ အခါမျိုးလဲရှိတယ်။ တခြား တရားစကားတွေကို ပြောနေကြရင်းက ကိုသိန်း ဝင်ထိုင်လိုက် မိလို့ ဆယ်မိနစ်လောက်ရှိတော့ ကျောင်းဆရာ ကိုဖိုးဘက 'ဆရာကြီး ခင်ဗျား၊ ကျွန်တော် တစ်ခုမေးချင်ပါတယ်'လို့ အစချီလိုက်တယ်။ ဆရာ ကြီးက 'တရားထဲကမေးချင်တာလား၊ တွေ့ကရာရှုစ်သောင်းတွေ ဘောက် တွေကို မမေးနဲ့'လို့ ပြန်ပြောတယ်။ ကိုဖိုးဘက ရယ်နေတယ်။ ပြီးတော့မှ 'ဆရာကြီးခင်ဗျား၊ လူတွေဟာ များသောအားဖြင့် ဒါန၊ သီလ၊ ဘာဝနာတို့ ပြောပြောနေကြတယ်၊ အမှန်စင်စစ်တော့ ဒါနဟာ လိုအပ်တဲ့တရား မဟုတ် ဘူး၊ နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်ဘူး၊ အပိုပဲ'လို့ ပြောလိုက်တယ်။

ဆရာကြီး ဦးအုန်းရွှေလဲ မျက်စောင်းထိုးပြီး နားထောင်နေရာက 'ဒီလို ဘောက်ပြောလို့တော့ မဖြစ်ဘူးကွ ဖိုးဘရဲ့၊ ဒါနဟာ အပိုပဲလို့တာ အကိုးအကားကလေးနဲ့ ပြဦးမှပေါ့'လို့ ဆရာကြီး ဦးအုန်းရွှေက ခပ်တင်း တင်း ပြောလိုက်တယ်။ အဲဒီအခါ ကိုဖိုးဘက 'ကောင်းပါပြီ ဆရာကြီး၊

www.burmeseclassic.com

www.burmeseclassic.com



ပြောပါမယ်၊ သီလေပတိဋ္ဌာရနရောသပ္ပညော အစရှိတဲ့ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မှာ တိဟိတ်ပဋိသန္ဓေနေသော၊ ရင့်မာသော ပညာရှိသူသည် ထက်မြက်သော လုံ့လဝီရိယဖြင့် သီလမှာ တည်၍ စိတ်တည်းဟူသော သမာဓိတရား၊ ဝိပဿနာ ပညာတရားတို့ကို ပွားများလျှင် တဏှာအရှုပ်အထွေးကို ဖြေရှင်းနိုင်တယ်လို့ မြတ်စွာဘုရား ဟောကြားထားတော်မူတယ်၊ အဲဒီ ပါဠိတော်ထဲမှာ ဒါနဆိုတာ အရိပ်အမြွက်တောင် မပါဘူး၊ သီလ သမာဓိ ပညာ သုံးရပ်သာပါတယ်၊ ဒါတင် မကသေးဘူး၊ ဒီပါဠိတော် တစ်ခုထဲကို စာမျက်နှာ ခြောက်ရာကျော်လောက် ရှည်ရှည်လျားလျား အကြီးအကျယ်ဖွင့်ပြထားတဲ့ ဝိသုဒ္ဓိမဂ်ကျမ်းကြီးထဲမှာလဲ ဒါနအကြောင်းဆိုတာ အရိပ်အမြွက်တောင် မပါဘူး၊ နောက်ပြီးတော့လဲ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးမှာလဲ သီလဆိုင်ရာမဂ္ဂင်၊ သမာဓိဆိုင်ရာ မဂ္ဂင်၊ ပညာဆိုင်ရာ မဂ္ဂင်တွေသာ ပါတယ်၊ ဒါနဆိုင်ရာ မဂ္ဂင်ဆိုတာ မပါဘူး၊ ဒါကြောင့် ဒါနဆိုတာ ဘုရားအလိုတော်ရှိတဲ့တရား မဟုတ်ဘူး၊ သံသရာကို ချဲ့ထွင်တဲ့ တရားသာဖြစ်တယ်'လို့ ကိုဖိုးဘက ပြောတယ်။

အဲဒီအခါ ဆရာကြီးက 'ကိုယ်လိုချင်တာ လိုက်ဆွဲပြောလို့ ဘယ်ဖြစ်မလဲကွာ ဖိုးဘရာ၊ မင်းပြောတဲ့ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်ဟာ အခုဘဝမှာပဲ အရဟတ္တဖိုလ်ရအောင် ကျင့်လဲကျင့်ချင်တယ်၊ ကျင့်နိုင်တဲ့ ပါရမီလဲ ရှိတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေအတွက်ဟောတာ ဖိုးဘရေ၊ မင်းတို့လို သံသရာကြီးထဲမှာ အများကြီးလည်ရဦးမယ့် ပုဂ္ဂိုလ်တွေအတွက် ဟောတာ မဟုတ်ဘူး'လို့ ဆရာကြီးက ပြောတယ်။ အဲဒီအခါ ကိုဖိုးဘက 'ကျွန်တော်တို့လို လူတွေအတွက် မဟုတ်ရင် ဆရာကြီးတို့ကို ပုဂ္ဂိုလ်မျိုးတွေအတွက်လား'လို့ ဝင်ပြီး စလိုက်တယ်။ 'မဆိုလိုပါဘူး'လို့ ဆရာကြီးကပြောပြီး ဒီလို ဆက်ပြန်တယ်။ 'ခုဘဝမှာပဲ ရဟန္တာ မဖြစ်နိုင်သေးတဲ့သူတွေဟာ သံသရာကြီးထဲမှာ လည်ရဦးမယ်၊ ဒီလိုလည်ရဦးမယ်ဆိုရင် ဒါနရဲ့ ကုသိုလ် မရှိရင် ဖြစ်လေရာဘဝမှာ ချို့ချို့တဲ့တဲ့ဖြစ်တတ်တယ်၊ ဒါနရဲ့ အကျိုးထူးပုံကို မြတ်စွာဘုရား ဟောကြား‌ထားတာရှိပါတယ်၊ အခါတစ်ပါး မြတ်စွာဘုရား



ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံး နေတော်မူတယ်၊ အဲဒီအခါ သုမနာမင်းသမီးဟာ မင်းသမီးငါးရာ ခြံရံပြီး မြတ်စွာဘုရားကို အဖူးမြော် ရောက်လာတယ်၊ မြတ်စွာဘုရားကို ကန်တော့ပြီးတဲ့နောက် 'အရှင်ဘုရား၊ ဒီသာသနာတော်မှာ မြတ်စွာဘုရားရဲ့ တပည့်သာဝကနှစ်ဦးတို့ဟာ ညီမျှတဲ့ သဒ္ဓါ၊ ညီမျှတဲ့သီလ၊ ညီမျှတဲ့ပညာ ရှိပါတယ်၊ တစ်ဦးဟာ ပေးလှူတတ်ပြီး၊ အခြားတစ်ဦးဟာ မပေးလှူတတ်ဘူး၊ ဒီနှစ်ဦးဟာ သေပြီးတဲ့နောက် နတ်ပြည်ကို ရောက်ကြပါတယ်၊ အရှင်ဘုရား ဒီနတ်နှစ်ပါးမှာ ထူးခြားချက် ဖြစ်ကောင်းပါရဲ့လား၊ ခြားနားချက် ဖြစ်ကောင်းပါရဲ့လားဘုရား'လို့ သုမနာမင်းသမီးက မြတ်စွာဘုရားကို လျှောက်ထားတယ်။ မြတ်စွာဘုရားက 'သုမနာ ဖြစ်ကောင်းတယ်၊ နတ်ဖြစ်ချင်းတူပေတဲ့ ၁။ နတ်မှာဖြစ်တဲ့အသက်၊ ၂။ နတ်မှာဖြစ်တဲ့အဆင်း၊ ၃။ နတ်မှာဖြစ်တဲ့ချမ်းသာ၊ ၄။ နတ်မှာဖြစ်တဲ့ အခြံအရံအကျော်အစော၊ ၅။ နတ်မှာဖြစ်တဲ့ အစိုးရခြင်းဆိုတဲ့ အကြောင်းငါးမျိုးမှာ ပေးလှူတတ်သူက မပေးလှူတတ်သူထက် သာလွန်နိုင်တယ်'လို့ မြတ်စွာဘုရားက အမိန့်ရှိတော်မူတယ်။

'အဲဒီအခါ သုမနာမင်းသမီးက 'ဒီသူနှစ်ဦးဟာ နတ်ပြည်က စုတေပြီး လူဖြစ်လာရင်ကော သူတို့နှစ်ဦးရဲ့ ခြားနားချက်ဟာ ဖြစ်ကောင်းပါရဲ့လားဘုရား'လို့ ထပ်ပြီး လျှောက်ထားတယ်။ ဒီလိုလျှောက်ထားတော့ မြတ်စွာဘုရားက 'သုမနာ၊ ဖြစ်ကောင်းတယ်၊ လူဖြစ်ချင်း တူပေမဲ့ ၁။ လူမှာဖြစ်တဲ့ အသက်၊ ၂။ လူမှာဖြစ်တဲ့ အဆင်း၊ ၃။ လူမှာဖြစ်တဲ့ ချမ်းသာ၊ ၄။ လူမှာဖြစ်တဲ့ အခြံအရံအကျော်အစော၊ ၅။ လူမှာဖြစ်တဲ့ အစိုးရခြင်းဆိုတဲ့ အကြောင်းငါးမျိုးမှာ ပေးလှူတတ်သူက မပေးလှူတတ်သူထက် သာလွန်နိုင်တယ်'လို့ မြတ်စွာဘုရားက အမိန့်ရှိတော်မူတယ်။

'အဲဒီအခါ သုမနာမင်းသမီးက 'ဒီသူနှစ်ဦးဟာ လူ့ဘောင်က ရဟန်းဘောင်ကို ဝင်ရင်ကော သူတို့နှစ်ဦးရဲ့ ခြားနားချက်ဟာ ဖြစ်ကောင်းပါရဲ့လားဘုရား'လို့ ထပ်ပြီး လျှောက်ထားပြန်တယ်။ ဒီလိုလျှောက်ထားပြန်တော့ မြတ်စွာဘုရားက 'သုမနာ ဖြစ်ကောင်းတယ်၊ ရဟန်းဖြစ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တူပေမယ့် ၁။ သက်န်း၊ ၂။ ဆွမ်း၊ ၃။ ကျောင်း၊ ၄။ ဆေး ဆိုတဲ့ ပစ္စည်းလေးပါးမှာ ပေးလှူတတ်သူဟာ မပေးလှူတတ်သူထက် ပိုပြီး အလှူခံရတယ်၊ အတူနေရဟန်းတွေကလဲ ပေးလှူတတ်သူကို မပေးလှူတတ်သူထက် ကိုယ်နှုတ်နှလုံး သုံးပါးစလုံးနဲ့ ပိုပြီး ရိုသေကိုင်းရှိုင်းကြတယ်၊ ပိုပြီး ပူဇော်ကြတယ်၊ ရဟန်းချင်းတူပေတဲ့ ပေးလှူတတ်သူဟာ မပေးလှူတတ်သူထက် အခုဖော်ပြခဲ့တဲ့ အကြောင်းငါးမျိုးမှာ သာလွန်နိုင်တယ်'လို့ အမိန့်ရှိတော်မူတယ်။

'နောက်ပြီးတော့လဲ ဖိုးဘရေ မင်းတို့လို လူမျိုးတွေအတွက် ရည်ရွယ်ပြီး ဓမ္မပဒထဲမှာ မြတ်စွာဘုရားဟာ ဒါနအကြောင်းကို တိုက်ရိုက် ဟောထားတာ အရှိသားပဲကွာ။

'နဝေ ကဒရိယာ၊ ဒေဝလောကံ ဝဇန္တိ၊
ဗာလာ ဟဝေနပ္ပသံသန္တိ ဒါနံ၊
ဓိရောစ ဒါနံ အနုမောဒမာနော၊
တေနေဝ သောဟောတိ သုခီပရတ္ထ။

'အဲဒီ ပါဠိရဲ့ အဓိပ္ပာယ်ကတော့ ဒီလို၊ စေးနဲ ဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်၊ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်၊ (ဒီနေရာမှာ ဆရာကြီးဦးအုန်းရွှေက ကျောင်းဆရာ ကိုဖိုးဘကို ပြုံးပြီး ကြည့်လိုက်တယ်။ ကိုဖိုးဘကလဲ ပြန်ပြီး သုံးလေးကြိမ်ခေါင်းညိတ်လိုက်တယ်။ ပတ်ဝန်းကျင် ပရိသတ်ကလဲ ပြုံးပြီး ဆရာကြီး ဦးအုန်းရွှေနဲ့ ကိုဖိုးဘတို့ကို တစ်လှည့်စီကြည့်ကြတယ်။) ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏၊ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။ (ဒီနေရာမှာ ကိုဖိုးဘက သာဓုသုံးကြိမ် ခေါ်ပါတယ်။)

'အဲဒါကြောင့် ဒါနဆိုတဲ့တရားဟာ အပိုတရားမဟုတ်ဘူးဆိုတာကို တွဲ– သင်ဖိုးဘသည်။ ဂဏှာဟိ– မှတ်လေလော့'လို့ ဆရာကြီးက ပြောတယ်။ တခြားစကားတွေကိုလဲ ဆွေးနွေးကြရင်း ညဆယ့်တစ်နာရီလောက်



ရှိတော့မှ ဝိုင်းဖျက်ပြီး လူကြီးတွေ အိမ်ပြန်ကြတယ်။ ကိုသိန်းဟာ မခင်မေ အလောင်းဘေးမှာ မတ်တတ်ရပ်ပြီး ကြည့်နေရင်း သူတို့မိသားစု ညဘိုင်း သံပြိုင်ရွတ်ဆိုနေကြတဲ့

၁။ နုနယ်ရုပ်ဆင်း၊ ပျိုမြစ်ခြင်းကား၊ အိုခြင်းနောက်ဆုံး ရှိချေ၏။
၂။ ခံ့မင်ခယ၊ ချစ်လွန်းကလည်း၊ သောကနောက်ဆုံးရှိချေ၏။
၃။ ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏။
၄။ ဝိညာဉ်ထင်လင်း၊ သက်ရှင်းခြင်းကား၊ သေခြင်းနောက်ဆုံး ရှိချေ၏။

ဆိုတဲ့ သံဝေဂလင်္ကာလေးဟာ နားထဲမှာ ကြားနေတယ်။ ကိုသိန်းလဲ မခင်မေရဲ့ အလောင်းကိုကြည့်ရင်း 'အင်း၊ မယ်မင်းကြီးမ အင်မတန် အမြော်အမြင်ကြီးပါပေတယ်၊ တစ်နေ့နေ့တော့ ဒီအပူတွေ၊ ဒီသောကတွေ၊ ဒီပရိဒေဝမီးတွေနဲ့ တွေ့ရမှာပဲ၊ တွေ့ရတဲ့အခါ ခံနိုင်ရည် ရှိအောင် အစောကြီးကတည်းက အကာအကွယ်တွေ လုပ်ပေးသွားရှာပါပေတယ်၊ ကျေးဇူးကြီးပါပေတယ်၊ ကျေးဇူးကြီးပါပေတယ်'လို့ စိတ်ထဲမှာ ပြောပြီး အဲဒီ သံဝေဂ လင်္ကာလေးကိုပဲ အခေါက်ခေါက် ရွတ်ရင်း မခင်မေ အလောင်းဘေးမှာ စကြံလျှောက်နေပါတယ်။

နောက်တစ်နေ့ ည ခုနစ်နာရီလောက် မောင်မြင့်ဆွေနဲ့ ဒေါ်လေး မတင်မေတို့ ရောက်လာကြပါတယ်။ မတင်မေက သူ့အစ်မကြီးအလောင်း နားမှာ ငိုနေပါတယ်။ မောင်မြင့်ဆွေကတော့ သူ့အမေရဲ့ အလောင်းနားမှာ ရပ်ပြီး တည်ငြိမ်တဲ့ ဣန္ဒြေနဲ့ သူ့အမေအလောင်းကိုကြည့်ရင်း ဆင်ခြင်ဖွယ် တရားကြီးငါးပါးကို အပြန်အလှန် ဆင်ခြင်နေပါတယ်။ ပြီးတော့မှ သူ့ ဘေးမှာ ရပ်နေတဲ့ သူ့အဖေကို 'ဖေဖေ၊ မေမေဆုံးပုံကို ပြောစမ်းပါဦး' လို့ မေးတယ်။ သူ့အဖေက ပြောပြတယ်။ အဲဒီလိုပြောပြီး သူ့ဆီကို စာတိုက်ကပို့ဖို့ သူ့မေမေ ရေးသွားတဲ့စာကို ပြတယ်။ မောင်မြင့်ဆွေက စာကို နှစ်ခေါက် သုံးခေါက်လောက်ဖတ်ပြီး 'မေမေဟာ ဆက်ကိုင်းချောင်ကို

www.burmeseclassic.com

www.burmeseclassic.com



သိပ်ပြီးစွဲလမ်းတာပဲ'လို့ သူ့ဖေဖေကို ပြောလိုက်တယ်။ မောင်မြင့်ဆွေလဲ သူ့အမေ အလောင်းကို ပြန်ပြီးကြည့်ရင်း မေမေတော့ ကောင်းရာဘုံဘဝကို ရောက်သွားပါပြီ၊ ဘယ်ဘုံမှာများ ရောက်နေပါလိမ့်မလဲလို့ တွေးနေတယ်။

ည လူရှင်းတဲ့အခါ ငိုနေတဲ့ ဒေါ်လေးမတင်မေအနားကို သွားပြီး 'ဒေါ်လေး ဘိုးဘိုးဆုံးခါနီး သူသေရင် မငိုကြနဲ့လို့မှာပစ်ခဲ့တာ ဒေါ်လေး မှတ်မိသေးသလား'လို့ မေးတယ်။ ဒေါ်လေးကလဲ 'မှတ်မိတယ်'လို့ ဖြေတယ်။ 'ဘာဖြစ်လို့ ဒီလိုမှာတာလဲ'လို့ မောင်မြင့်ဆွေက ဆက်ပြီး မေးတယ်။ 'သေတဲ့လူဟာ မကောင်းတဲ့ဘဝကိုရောက်မှ ငိုရတယ်၊ ဖေဖေကတော့ သူ့တရားအားထုတ်ပြီး အပါယ်လေးဘုံကို မကျရတော့ဘူး၊ ကောင်းတဲ့ ဘဝကိုသာ ရောက်မယ်၊ ဒါကြောင့် သူ့အတွက် မငိုရဘူးလို့ ပြောတယ်'လို့ ဒေါ်လေးမတင်မေက ဖြေတယ်။ 'မေမေလဲ တရား အားထုတ်ပြီးပြီ၊ မကောင်းတာဆိုလဲ မေမေဟာ ဘာမှမလုပ်ဘူး၊ အခုလို ဆိုရင် မေမေဟာ အပါယ်လေးဘုံများကျမလား'လို့ မောင်မြင့်ဆွေက မေးတယ်။ 'မမဟာ အပါယ်လေးဘုံကို ဘယ်နည်းမှ မကျနိုင်ပါဘူး မောင်မြင့်ရယ်၊ ကောင်းရာ ဘဝကိုသာ ရောက်မှာပါပဲ'လို့ မတင်မေက ဖြေတယ်။ 'ဒီလို ကောင်းရာ ဘဝကိုရောက်မယ့်သူတစ်ယောက်အတွက် ငိုဖို့ လိုသေးသလား'လို့ ထပ်ပြီး မောင်မြင့်ဆွေက မေးတယ်။ 'မလိုပါဘူးကွယ်'လို့ ဒေါ်လေးက ဖြေတယ်။ 'ငိုလို့ကော သေတဲ့လူဟာ ပြန်ရှင်လာဦး မလား'လို့ ဆက်မေးပြန်တယ်။ 'မရှင်နိုင်ပါဘူးကွယ်'လို့ ဒေါ်လေးက ဖြေတယ်။ 'ဒေါ်လေး လူတွေသေရင် ငိုငိုနေကြတဲ့လူတွေကော သေခြင်းသဘောတရားကို လွန်ဆန်နိုင်ကြသလား' လို့ မောင်မြင့်ဆွေက မေးပြန်တယ်။ 'မလွန်ဆန်နိုင်ပါဘူးကွယ်'လို့ ဒေါ်လေး က ဖြေတယ်။ 'တစ်လောကလုံးမှာ ကိုယ်ချစ်တဲ့သူတွေနဲ့ ရှင်ကွဲသော် လည်းကောင်း၊ သေကွဲသော်လည်းကောင်း မကွဲရမယ့်လူဆိုတာ ရှိနိုင်သလား ဒေါ်လေး'လို့ မောင်မြင့်ဆွေက ဆက်ပြီး မေးပြန်တယ်။ 'မရှိနိုင်ပါဘူး ကွယ်'လို့ ဒေါ်လေးက ဖြေတယ်။ အဲဒီအခါ မောင်မြင့်ဆွေက 'ဒေါ်လေးရယ် သံဝေဂ လင်္ကာကလေးကို ကျွန်တော် ရွတ်ပြစမ်းပါဦး' လို့ ဆိုတယ်။



ဒေါ်လေးက နနယ်ရုပ်ဆင်း၊ ပျိုမျစ်ခြင်းကား၊ အိုခြင်းနောက်ဆုံး ရှိချေဗီ ဆိုတဲ့ လင်္ကာကလေးကို ရွတ်ပြပါတယ်။ ရွတ်ပြီးတဲ့အခါ မောင်မြင့်ဆွေက 'ဒေါ်လေး၊ ဒီလင်္ကာကလေးကို ခဏခဏ ရွတ်ရွတ်နေ၊ ငိုနေတာ အကျိုး မရှိဘူး'လို့ ပြောပြီး ထွက်သွားပါတယ်။

မောင်မြင့်ဆွေကတော့ သူ့ဒေါ်လေးရဲ့ မျက်ရည်တွေ ရွှဲနေတဲ့ မျက်နှာကို ကြည့်ပြီး ဒေါ်လေးဟာ အစ်မကြီး ဆုံးသွားတဲ့အတွက် အင်မတန် ပရိဒေဝမီး တောက်လောင်နေတယ်လို့ ယူဆမှာပဲ။ ဒေါ်လေး မတင်မေဟာ အစ်မကြီး ဆုံးတဲ့အတွက် ပရိဒေဝမီး မတောက်လောင် ဘူးတော့ မဟုတ်ပါဘူး။ တောက်ပါတယ်။ ဒါပေမယ့် အကယ်၍သာ သားတော်မောင် မောင်မြင့်ဆွေမှာ ပရစိတ္တဝိဇာနန အဘိညာဉ်လို့ခေါ်တဲ့ သူတစ်ပါးစိတ်ကို သိနိုင်တဲ့ တန်ခိုးဣဒ္ဓိပါဒ်သာ ရှိမယ်ဆိုရင် သူ့ဒေါ်လေးရဲ့ ရင်ထဲမှာ အစ်မကြီးမခင်မေ ဆုံးတဲ့အတွက် တောက်လောင်နေတဲ့ ပရိဒေဝ မီးတွေကြားထဲက တစ်ပင်လဲမှ တစ်ပင်ထူဆိုတဲ့ ယေဘုယျ လူတွေ လုပ်နေကျအတိုင်း သူ့ခဲအို ကိုသိန်းဟာ နောက်အိမ်ထောင်များ ပြုဦး မလား။ ပြုမယ်ဆိုရင်လဲ သူနဲ့ပဲ ပြုမလား၊ တခြားတစ်ယောက်ယောက် နဲ့များ ပြုမလား။ ပြုချင်းပြုရင် သူနဲ့ ပြုဖို့က များတာပဲ။ သူ့မှာသွေးတော့ ဆုံးနေပြီ။ ဒါပေမယ့် ရနိုင်ဦးမယ်ဆိုရင် ကိုသိန်းနဲ့ရပြီး မောင်မြင့်လို သားကလေးတစ်ယောက်လောက် လိုချင်သေးတယ်။ ဒီသားကလေးကို ဘီအေအောင်အောင် သင်၊ ဝန်ထောက်စာမေးပွဲ အံဝင်ခိုင်၊ ပြီးတော့ အရေးပိုင်ဖြစ်အောင် ကြိုးစား၊ သူကလဲ အရေးပိုင်အမေဆိုပြီး သားအရေးပိုင် သွားလေရာမှာ လိုက်နေ အစရှိတဲ့ စိတ်တွေဟာ ငုတ်ချီပေါ်ချီ ဖြစ်နေတယ် ဆိုတာကိုလဲ မောင်မြင့်ဆွေ ကောင်းကောင်းတွေ့ရမယ်။

သင်္ဂြိုဟ်ပြီးတဲ့နောက် ရက်လည်တဲ့အခါ သာသနာ့ရိပ်သာက ဆရာတော်ဘုရားနဲ့ သံဃာတော်တွေကို ပင့်ပြီး ဆွမ်းကျွေးပါတယ်။ ဆွမ်းစားကြပြီး ရောက်နေတဲ့ ပရိသတ်ဟာ ငါးပါးသီလ ခံယူကြတယ်။ ဒီနောက် ကိုသိန်းက တရားနဲ့ ချီးမြှင့်ဖို့ ဆရာတော်ဘုရားကို လျှောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က 'နာရဒသုတ်ကို ဟောရမယ်'လို့ အစချီပြီး ဒီလိုဟော
တယ်။

'ရှေးတုန်းက ပါဋလိပုတ်ပြည် ဘုရင် မုဏ္ဍမင်းဆိုတာ ရှိတယ်
ဒီမုဏ္ဍမင်းမှာ သူ့အင်မတန်မြတ်နိုးတဲ့ ဘဒ္ဒါဆိုတဲ့ မိဖုရားရှိတယ်၊ အဲ
မိဖုရားဟာ တစ်နေ့မှာ နတ်ရွာစံတဲ့အခါ ဘုရင်မုဏ္ဍဟာ ရေလဲမချို
နံ့သာလဲမလိမ်း၊ ပွဲတော်လဲမတည်၊ တိုင်းပြည်ကိုလဲ မအုပ်ချုပ်တော့ဘူ
နေ့ရောညပါ မိဖုရားဘဒ္ဒါရဲ့အလောင်းမှာ အင်မတန်စွဲလမ်းပြီး မိန်းမေ
တွေဝေနေတယ်၊ အဲဒီလို စွဲလမ်းနေတာကြောင့် ရွှေတိုက်စိုးကို ခေါ်ပြ
'ပိယက၊ ဘဒ္ဒါမိဖုရားရဲ့ အလောင်းကို သံခေါင်းတစ်ခုထဲမှာ ထည့်
ဆီနဲ့စိမ်၊ ပြီးတော့မှ အပေါ်က သံခေါင်းတစ်ခုနဲ့ အုပ်ထား၊ ဒီလို ဆီစိ
ထားရင် ဒီအလောင်းကို ငါတို့ အကြာကြီး ကြည့်နိုင်လိမ့်မယ်'လို့ အမိ
ရှိတယ်၊ ရွှေတိုက်စိုးလဲ ဘုရင်ပြောတဲ့အတိုင်း လုပ်ရတယ်၊ အဲဒီ
အလောင်းကို ဆီစိမ်ရင်း ရွှေတိုက်စိုးမှာ အကြံတစ်ခုဖြစ်တယ်၊ ဒီအကြံ
ကတော့ တခြားမဟုတ်ပါဘူး၊ ဒီဘုရင်ဟာ ခုအတိုင်းသာဆိုရင် ခက်လိမ့်
မယ်၊ အဲဒီတော့ သူ့မှာစူးနေတဲ့ သောကငြောင့်ကို နှုတ်ပေးနိုင်တဲ့ အရှင်
နာရဒဆီကို ပို့ပေးမှပဲ ကောင်းလိမ့်မယ်ဆိုတဲ့ အကြံပဲ ဖြစ်တယ်၊ အရှင်
နာရဒ မထေရ်ဟာ ပညာရှိတယ်၊ ကျွမ်းကျင်လိမ္မာတယ်၊ ထက်မြက်တဲ့
ဉာဏ်ရှိတယ်၊ အကြားအမြင်လဲများတယ်၊ တရားအဟောလဲကောင်းတယ်
ဝေဖန်တတ်တဲ့ဉာဏ်လဲရှိတယ်၊ အသက်သိက္ခာလဲ ကြီးတယ်၊ ရဟန္တာလဲ
ဖြစ်တယ်လို့ ပါဋလိပုတ်ပြည်မှာ အင်မတန် ကျော်စောထင်ရှားတယ်။

'အရှင်နာရဒဆီကို ဘုရင်မုဏ္ဍ ရောက်သွားတဲ့အခါ အရှင်နာရဒက
ဒီလို မိန့်တော်မူတယ်၊ 'မင်းကြီး၊ သမဏဖြစ်စေ၊ ဗြာဟ္မဏဖြစ်စေ၊ နတ်
ဖြစ်စေ၊ မာရ်နတ်ဖြစ်စေ၊ ဗြာဟ္မဏဖြစ်စေ၊ တစ်လောကလုံးမှာ ဘယ်သူ
မဆို တောင့်တလို့ မရကောင်းတဲ့ အရာဟာ ငါးမျိုးရှိတယ်။

၁။ အိုတတ်တဲ့သဘောတရားဟာ မအိုပါစေနဲ့၊

၂။ နာတတ်တဲ့သဘောတရားဟာ မနာပါစေနဲ့၊



၃။ သေတတ်တဲ့ သဘောတရားဟာ မသေပါစေနဲ့၊

၄။ ကုန်တတ်တဲ့ သဘောတရားဟာ မကုန်ပါစေနဲ့၊

၅။ ပျက်စီးတတ်တဲ့ သဘောတရားဟာ မပျက်စီး ပါစေနဲ့လို့
သမဏပဲဖြစ်ဖြစ်၊ ဗြာဟ္မဏပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ မာရ်နတ်ပဲဖြစ်ဖြစ်၊
ဗြဟ္မာပဲဖြစ်ဖြစ် ဘယ်သူမှ တောင့်တလို့ မရဘူး။

'ဒါပေမယ့် မင်းကြီး အကြားအမြင် ဗဟုသုတမရှိတဲ့ ပုထုဇဉ်ဟာ
သူ့သဘောတရားအတိုင်း အိုတာနဲ့၊ နာတာနဲ့၊ သေတာနဲ့၊ ကုန်ဆုံးတာနဲ့၊
ပျက်စီးတာနဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ ဒီလို အမှန်အတိုင်း မဆင်ခြင်နိုင်
ဘူး၊ အိုတာ နာတာ သေတာ ကုန်ဆုံးတာ ပျက်စီးတာဟာ ငါ့တစ်ယောက်
ထဲမှာသာ ရှေးပြီး ဖြစ်နေတာ မဟုတ်ဘူး၊ အမှန်စင်စစ်ဆိုရင် ဒီဘဝကို
ရောက်လာကြတဲ့သူတွေ ဘဝတစ်ပါးကို ပြောင်းသွားတဲ့သူတွေက စပြီး
သတ္တဝါမှန်သမျှမှာလဲ ဒီသဘောတရားတွေဖြစ်နေကြတာပဲ၊ အဲဒီလိုဖြစ်နေ
လျက်သားနဲ့ သူ့သဘောတရားအတိုင်း အိုတဲ့အခါ၊ နာတဲ့အခါ၊ သေတဲ့အခါ၊
ကုန်ဆုံးတဲ့အခါ၊ ပျက်စီးတဲ့အခါ၊ ငါတစ်ယောက်တည်း ပူဆွေးနေမယ်၊
ပင်ပန်းနေမယ်၊ ငိုကြွေးနေမယ်၊ ရင်ပတ်စည်တီး မြည်တမ်းနေမယ်၊ တွေဝေ
မိန်းမောနေမယ်ဆိုရင် ငါ့မှာ ထမင်းစားချင်စိတ်လဲ ရှိတော့မှာ မဟုတ်ဘူး၊
အလုပ် လုပ်ချင်စိတ်လဲ ရှိတော့မှာမဟုတ်ဘူး၊ ငါ့ရုပ်ဟာလဲ ကြည့်လို့
ရှုလို့ ကောင်းတော့မယ် မဟုတ်ဘူး၊ ငါ့ရန်သူတွေလဲ ဝမ်းမြောက်ဝမ်းသာ
ဖြစ်ကုန်ကြမှာပဲ၊ ငါ့မိတ်ဆွေတွေလဲ ဝမ်းနည်း ပက်လက် ဖြစ်ကုန်ကြမှာ
ပဲလို့ ဒီအကြားအမြင် ဗဟုသုတမရှိတဲ့ ပုထုဇဉ်ဟာ မဆင်ခြင်နိုင်ဘူး။

'ဒီလို မဆင်ခြင်နိုင်ဘဲ ဒီပုထုဇဉ်ဟာ အိုတာ၊ နာတာ၊ သေတာ၊
ကုန်ဆုံးတာ၊ ပျက်စီးတာနဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ ပူဆွေးတယ်၊ ပင်ပန်း
တယ်၊ ငိုကြွေးတယ်၊ ရင်ပတ်စည်တီး မြည်တမ်းတယ်၊ တွေဝေတယ်၊
မိန်းမောတယ်၊ မင်းကြီး အကြားအမြင်နည်းပါးတဲ့ ပုထုဇဉ်ဟာ ကိုယ့်ကို
အဲဒီလိုသောကငြောင့် ဝင်အစူးခံတဲ့အတွက် ဒီပုထုဇဉ်ဟာ ကိုယ့်ကို ပူပန်
အောင်လုပ်နေတဲ့သူဖြစ်တယ်လို့ဆိုရမယ်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကြီး၊ မြတ်စွာဘုရားရဲ့ အကြားအမြင်ရှိတဲ့ အရိယာတပည့်ကျော့ ကတော့ သူ့သဘောတရားအတိုင်း အိုတာ၊ နာတာ၊ သေတာ၊ ကုန်ဆုံးတာ ပျက်စီးတာနဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ ဒီလို အမှန်အတိုင်း ဆင်ခြင်တယ် အိုတာ၊ နာတာ၊ သေတာ၊ ကုန်ဆုံးတာ၊ ပျက်စီးတာဟာ ငါတစ်ယောက် တည်းမှာသာ ရွေးပြီး ဖြစ်နေတာမဟုတ်ဘူး၊ အမှန်စင်စစ်ဆိုရင် ဒီဘဝကို ရောက်လာကြတဲ့သူတွေ၊ ဘဝတစ်ပါးကို ပြောင်းသွားကြတဲ့ သူတွေက စပြီး သတ္တဝါမှန်သမျှမှာလဲ ဒီသဘောတရားတွေ ဖြစ်နေကြတာပဲ၊ အဲဒီလို ဖြစ်နေလျက်သားနဲ့ သူ့သဘောတရားအတိုင်း အိုတဲ့အခါ၊ နာတဲ့အခါ၊ သေတဲ့အခါ၊ ကုန်ဆုံးတဲ့အခါ၊ ပျက်စီးတဲ့အခါ ငါတစ်ယောက်တည်း ပူဆွေးနေမယ်၊ ပင်ပန်းနေမယ်၊ ငိုကြွေးနေမယ်၊ ရင်ပတ်စည်တီး မြည်တမ်း နေမယ်၊ တွေဝေ မိန်းမောနေမယ်ဆိုရင် ငါ့မှာ ထမင်းစားချင်စိတ်လဲ ရှိတော့မှာ မဟုတ်ဘူး၊ အလုပ်လုပ်ချင်စိတ်လဲ ရှိတော့မှာ မဟုတ်ဘူး၊ ငါ့ရုပ်ဟာလဲ ကြည့်လို့ ရှုလို့ ကောင်းတော့မယ်မဟုတ်ဘူး၊ ငါ့ရန်သူတွေ လဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်ကြမှာပဲ၊ ငါ့မိတ်ဆွေတွေလဲ ဝမ်းနည်း ပက်လက် ဖြစ်ကုန်ကြမှာပဲလို့ မြတ်စွာဘုရားရဲ့ အကြားအမြင်ရှိတဲ့ အရိယာ တပည့်ဟာ ဆင်ခြင်နိုင်တယ်။

'ဒီလိုဆင်ခြင်နိုင်တဲ့အတွက် မြတ်စွာဘုရားရဲ့ အကြားအမြင်များတဲ့ အရိယာတပည့်ဟာ အိုတာ၊ နာတာ၊ သေတာ၊ ကုန်ဆုံးတာ၊ ပျက်စီးတာနဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ မစိုးရိမ်ဘူး၊ မပင်ပန်းဘူး၊ မငိုကြွေးဘူး၊ ရင်ပတ် စည်တီး မမြည်တမ်းဘူး၊ တွေဝေမိန်းမောခြင်း မဖြစ်ဘူး၊ မင်းကြီး အကြားအမြင်ရှိတဲ့ အရိယာတပည့်ဟာ အဆိပ်ရှိတဲ့ သောကငြောင့်ကို ဆွဲနှုတ်ပစ်သူဖြစ်တယ်လို့ ဆိုရမယ်။

'မင်းကြီး သောကငြောင့်ကို အစူးခံနေရတဲ့ အကြားအမြင်မရှိတဲ့ ပုထုဇဉ်ဟာ ကိုယ့်ကိုယ်ကို ပူလောင်အောင်လုပ်တယ်၊ သောကငြောင့် အစူးမခံတဲ့ အကြားအမြင်ရှိတဲ့ အရိယာတပည့်ကတော့ ကိုယ့်ကိုယ်ကို ငြိမ်းအေးအောင်လုပ်တယ်။

—



'မင်းကြီး သာမဏာဖြစ်ဖြစ်၊ ဗြာဟ္မဏာဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ်၊ မာရ်နတ်ဖြစ်ဖြစ်၊ ဗြဟ္မာဖြစ်ဖြစ်၊ တစ်လောကလုံးမှာ ဘယ်သူမှ တောင့်တ လို့မရတဲ့ အရာငါးမျိုးဆိုတာ အခု ပြောခဲ့တာတွေပဲ ဖြစ်တယ်'လို့ အရှင် နာရဒက မိန့်တော်မူတယ်။

'အဲဒီအခါ မုဏ္ဍာဘုရင်က 'အရှင်ဘုရား ဒီတရားဒေသနာကို ဘယ်လို ခေါ်ပါသလဲ'လို့လျှောက်ထားတယ်။ 'မင်းကြီး ဒီတရားဒေသနာဟာ သောက ငြောင့်ကို ထုတ်ပစ်စေနိုင်တဲ့အတွက် သောက သလ္လဟရဏလို့ ခေါ်တယ်'လို့ အရှင်နာရဒက အမိန့်ရှိပါတယ်။

'အဲဒီအခါ ဘုရင်မုဏ္ဍာက 'အရှင်ဘုရား၊ ဒီတရားဒေသနာဟာ သောကငြောင့်ကို ထုတ်ပစ်နိုင်တယ်ဆိုတာ မှန်ပါတယ်၊ ဒီတရားဒေသနာ တော်ကို နာရတဲ့အတွက် တပည့်တော်ရဲ့သောကဟာ နှုတ်ပစ်လိုက်သလို ဖြစ်သွားပါပြီဘုရား'လို့ လျှောက်ထားတယ်။

'နန်းတော်ပြန်ရောက်တဲ့အခါ ရွှေတိုက်စိုးကိုခေါ်ပြီး 'ပိယက မိဖုရား ဘဒ္ဒါရဲ့အလောင်းကို မီးသင်္ဂြိုဟ်လိုက်တော့၊ ပြီးတော့ အရိုးပြာကို စေတီ တည်ထား၊ ဒီနေ့ကစပြီး ငါရေလဲချိုးတော့မယ်၊ နံ့သာလဲ လိမ်းတော့မယ်၊ ပွဲတော်လဲ တည်တော့မယ်၊ တိုင်းပြည်ကိုလဲ အုပ်ချုပ်တော့မယ်'လို့မိန့်တော် မူတယ်။

'အဲဒါကြောင့် ဒကာ ဒကာမတွေဟာ အိုတာ၊ နာတာ၊ သေတာ၊ ကုန်ဆုံးတာ၊ ပျက်စီးတာတွေနဲ့ ရင်ဆိုင်ရတဲ့အခါ သောကငြောင့် အစူးမခံရ လေအောင် ဟုတ်တိုင်းမှန်ရာ ဆင်ခြင်နိုင်သည်သာဖြစ်၍ မအိုရ၊ မနာရ၊ မသေရ၊ မကုန်ဆုံးရ၊ မပျက်စီးရတဲ့ နိဗ္ဗာန် ရွှေပြည်မြတ်ကို ချမ်းသာသော အကျင့်မြတ်ဖြင့် လျင်လျင်မြန်မြန် မျက်မှောက်ပြုနိုင်ကြပါစေ'လို့ ဆရာတော် ဘုရားက ဟောကြားတော်မူတယ်။ ဒကာ ဒကာမတွေက သာဓုသုံးကြိမ် ခေါ်တယ် ဒီနောက် ရေစက်ချပြီး ဘဝတစ်ပါး ပြောင်းသွားသူ မခင်မေ နဲ့တကွ သဗ္ဗေသတ္တာ သတ္တဝါတွေကို ကိုသိန်းက အမျှအတန်း ဝေငှ တယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၃

## ချမ်းသာတစ်ပဲ ဆင်းရဲတစ်ပိဿာ

မောင်မြင့်ဆွေဟာ အလုပ်က နုတ်ထွက်စာတင်ထားပေတဲ့လဲ နုတ်ထွက်ခွင့်ပြုတဲ့အမိန့် ကျမလာသေးတဲ့အတွက် ရက်လည်ဆွမ်းကျွေးပြီး နောက်တစ်နေ့မှာ ညောင်တုန်းကို ခဏပြန်သွားရတယ်။ သားပြန်သွားပြီးတဲ့နောက် ဦးသိန်းလဲ တစ်ယောက်တည်း ပက်လက်ကုလားထိုင်ပေါ်မှာထိုင်ရင်း သံဝေဂရနေပါတယ်။ အိမ်ထောင်ပြုတယ်ဆိုတာဟာ လက်စသတ်တော့ ကိုယ့်သောက ကိုယ်လိုက်ရှာကြတာပါပဲကလား။ သားသမီးမရှိသေးခင် လင်က မယားအတွက်၊ မယားက လင်အတွက် သောကတွေ အမျိုးမျိုးဖြစ်ရတယ်။ သားသမီးတွေ ရလာတဲ့အခါကျတော့ ဒီသောကတွေအပေါ်မှာ သားသမီးတွေအတွက် သောကတွေ ထပ်ဆင့်ပြီး တိုးလာကြပြန်တယ်။ အဲဒီလို နေ့စဉ်နဲ့အမျှ သောကတွေ ဖြစ်နေရတဲ့အထဲ မိသားစုထဲက တစ်ယောက်ယောက်များ သေသွားမှဖြင့် ကျန်ရစ်တဲ့လူတွေမှာ အူအသည်းတွေ ကျွမ်းသွားတော့မလောက် ပရိဒေဝမီးတွေ အလောင်ခံရတယ်။ အိမ်ထောင်သည်တိုင်းမှာ စာရင်းစာအုပ်ကလေးတစ်ခုထားပြီး နေ့စဉ် နေ့တိုင်း စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်တဲ့အခါ အသာမှတ်ထားလိုက်၊ စိတ်ဆင်းရဲ



ကိုယ်ဆင်းရဲဖြစ်တဲ့အခါ အသာမှတ်ထားလိုက်၊ အဲဒီလိုသာ မှန်မှန် မှတ်သွားမယ်ဆိုရင် တစ်နေ့ကုန်လို့ စာရင်းရှင်းတဲ့အခါ အိမ်ထောင်ဆိုတာ ချမ်းသာတစ်ပဲ၊ ဆင်းရဲတစ်ပိဿာပါပဲလို့ တွေ့ကြရမှာပဲ။

အဲဒီ ချမ်းသာတစ်ပဲ၊ ဆင်းရဲတစ်ပိဿာရှိတဲ့ ဘဝသံသရာကြီးထဲမှာ တလိမ့်လိမ့်နဲ့ လှိမ့်ကြရင်း ဒီအိမ်ထောင်သည်တွေဟာ အိုလာကြတယ်။ ပြီးတော့ နာလာကြတယ်။ ပြီးတော့ သေသွားကြတယ်။ ဒီအိမ်ထောင်သည်တွေဟာ သူတို့ရဲ့ လောကအဖုံဖုံ အကြောင်းအမျိုးမျိုးတွေ ပိတ်ပင်ကာဆီးထားတဲ့အတွက် သံသရာဝဋ်ဆင်းရဲတွေက လွတ်မြောက် စေနိုင်တဲ့ အားကိုးကလေးတစ်ခုကိုတောင်မှ မသေခင် ရအောင် ယူမသွား နိုင်ရှာကြဘူး။ သားသမီးသောက၊ လင်သောက၊ မယားသောက အစရှိတဲ့သောက မျိုးစုံတွေရဲ့ အနှိပ်အစက်ကို နေ့ရှိသမျှ၊ နာရီရှိသမျှ၊ စက္ကန့်ရှိသမျှ ခံနေကြရတဲ့အတွက် ဒီအားကိုးကလေးတစ်ခုရအောင် အားထုတ်ဖို့ဆိုတာတော့ ဝေးရော။ အဖန်ဖန် ပဋိသန္ဓေနေရတဲ့ ဆင်းရဲ၊ အိုရတဲ့ဆင်းရဲ၊ သေရတဲ့ဆင်းရဲ၊ ချစ်တဲ့သူတွေနဲ့ ကွဲရတဲ့ဆင်းရဲ၊ မချစ်မနှစ်သက်တဲ့လူတွေနဲ့ ပေါင်းသင်းရတဲ့ဆင်းရဲ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို ကျရတဲ့ဆင်းရဲ၊ အစမထင်အောင် ရှည်လျားလှတဲ့ သံသရာကြီးတစ်လျှောက်လုံးမှာ ကိုယ်ယူခဲ့တဲ့ သံသရာကြွေးဟောင်းတွေကို ပြန်ဆပ်ရတဲ့ အနေနဲ့ မဝတဝ၊ စုတ်စုတ်ပြတ်ပြတ် နုံနုံချာချာ အောက်ကျနောက်ကျနေရတဲ့ဆင်းရဲ၊ ကိုယ်အင်္ဂါ ချို့ချို့တဲ့တဲ့ဖြစ်ရတဲ့ ဆင်းရဲ၊ အဖမ်းအဆီး၊ အချုပ် အနှောင်ခံရတဲ့ ဆင်းရဲ၊ အနှိပ်အစက် အသတ်အဖြတ်ခံရတဲ့ ဆင်းရဲ၊ ရောဂါဆိုးအမျိုးမျိုးနဲ့ သေရတဲ့ဆင်းရဲ၊ ဝေဒနာတွေ အဖိစီး အနှိပ်စက်ခံရတဲ့အတွက် လူတန်းစေ့ လူစဉ်မီအောင် မနေရတဲ့ဆင်းရဲ၊ တစ်ဖက်သားတွေက သွားပုပ်လေလွင့် ပြစ်တင်ရှုတ်ချ ကဲ့ရဲ့ကြတာတွေကို ခံရတဲ့ဆင်းရဲ အစရှိတဲ့ သံသရာဝဋ်ဆင်းရဲတွေဟာ အင်မတန် ကြောက်စရာကောင်းပါကလားလို့ တွေးပြီး ကြောက်လာတဲ့ သံဝေဂ ဉာဏ်ကလေးလောက် ရရုံတောင် လူ့ခမျာမျ စိတ်အေးလက်အေးနဲ့ အားထုတ်မသွားနိုင်ရှာကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



သေပြီးတဲ့နောက် အပါယ်လေးဘုံကို ဆောက်ထိုး ကျချင်လဲကျ မတတ်နိုင်တော့ဘူး။ ဖြစ်ချင်ရာ ဖြစ်ပါစေတော့ကွာဆိုတဲ့ သဘောမျိုးနဲ့ သံသရာကြီးကို လှမ်းမကြည့်နိုင်တော့ဘဲ မျက်မှောက်ဘဝကလေးကိုသာ ကြည့်ပြီး သွားကြရရှာတော့တာပဲ။ ငါလဲ ဒီလိုလူတွေနဲ့ တစ်လှေထဲစီး ဘဝထဲကို ရောက်တော့မလို့ နည်းနည်းပဲလိုတော့တယ်။ အတိတ် ကုသိုလ်ကံ ကလေးက ကယ်လိုက်တဲ့အတွက် ဒီကျေးဇူးရှင်မကြီး မခင်မေနဲ့တွေ့ပြီး ငါရဲ့ အားကိုးရာအစစ်ကြီးဖြစ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ငါရလိုက်တာပဲ။ သူနဲ့မတွေ့ခင်တုန်းကဆိုရင် ဒီဉာဏ်တွေဆိုတာ အားကိုးရာအစစ်တွေလို့လဲ ငါမသိခဲ့ဖူးဘူး။ ဒီဉာဏ်တွေရအောင် အားထုတ်ရတဲ့ ကျင့်စဉ်တွေဟာ ဆင်းရဲကလွတ်မြောက်ချင်တဲ့ လူတိုင်း အားထုတ်ရမယ့်တရားတွေပဲဆိုတာတောင် ငါ မသိခဲ့ဖူးဘူး။ သိဖို့နေနေသာသာ ငါကြားတောင် မကြားခဲ့ဖူးဘူး။ သူနဲ့တွေ့တော့မှပဲ ဒီတရားတွေနဲ့ ငါနဲ့ တွေ့ရတော့တာပဲ။ ဒါပေမယ့် ငါရထားတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေဟာ မလုံလောက်သေးဘူး၊ ဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်လောက်နဲ့သာဆိုရင် ငါဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကသာ လွတ်ရုံရှိသေးတယ်။ အိုနာသေသောကဆိုတဲ့ ဆင်းရဲတွေနဲ့ နောက်ထပ် ခုနစ်ဘဝလောက် ငါတွေ့ရဦးမယ်။ ငါ မတွေ့ချင်တော့ဘူး။ ဒီဆင်းရဲတွေကို ငါ အကြောက်ကြီး ကြောက်သွားပြီ။ ဖြစ်နိုင်ရင် ဒီဘဝမှာပဲ ဒီဆင်းရဲတွေက ငါ လွတ်ချင်ပြီ။ အိုနာ သေကွဲဆိုတဲ့ ဆင်းရဲတွေ ရှိနေသေးသမျှ ဘယ်ဘဝမှ မကောင်းဘူး။ ဒါကြောင့်မို့လဲ ရှင်တော်မြတ်ဘုရားဟာ ဆင်းရဲတွေထဲက တဝဲလည်လည် ဖြစ်နေကြရတဲ့ သတ္တဝါတွေ၊ ချမ်းသာအစစ်ကို မြန်မြန် မျက်မှောက်ပြုကြ ရပါစေဆိုတဲ့ မဟာကရုဏာတော်ကြီးနဲ့

'ဖုသာမိ နေက္ခမ္မသုခံ၊
အပုထုဇ္ဇန သေဝိတံ၊
ဘိက္ခု ဝိဿာ သမာပါဒိ၊
အပ္ပတ္တော အာသဝက္ခယံ'



သီလအကျင့်ရှိကာမျှဖြင့်လည်းကောင်း၊ အကြားအမြင်များကာမျှဖြင့် သည်းကောင်း၊ တည်ကြည်မှုသမာဓိရကာမျှဖြင့်လည်းကောင်း၊ ဆိတ်ငြိမ် ရာ၌ နေကာမျှဖြင့်လည်းကောင်း၊ ရဟန်းသည် အာသဝေါကုန်ခန်းသော ရဟတ္တာအဖြစ်သို့ မရောက်သေးသမျှ ပုထုဇဉ်တို့ မမှီဝဲအပ်သော အနာဂါမိ ဖိုလ်ချမ်းသာကို ရပေ၏ဟူ၍ မရပ်နားလိုက်ပါနဲ့လို့ ဟောကြားတော် မူခဲ့ သတာပဲ။

အဲဒီတော့ ငါလဲ သောတာပတ္တိမဂ်လောက်ကလေးကို ရတာနဲ့ အကျေနပ်ကြီး ကျေနပ်ပြီး ရပ်နေလို့ မဖြစ်သေးဘူး။ ကျေးဇူးတော်အစုံ ဂုဏ်တော်အလျှံ ဉာဏ်တော်အနန္တနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ အလိုတော်ကျအတိုင်း အခုလို အခွင့်ကောင်းရတုန်း၊ ဒီဆင်းရဲတွေက မြန်မြန်လွတ်အောင် ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ရုန်းထွက်မှပဲ။ ငါတော့ သောတာပတ္တိမဂ်ကို ရပေပြီဆိုပြီး ရေသာခိုလိုက် နေလို့မဖြစ်သေးဘူး။ ဒီကနေ့ပဲ ငါသူဌေးမောင်လှိုင်ဖေနဲ့တွေ့ပြီး အလုပ် က နုတ်ထွက်လိုက်တော့မယ်။ သားပြန်လာလို့ မှာစရာရှိတာကလေးတွေ မှာပြီးတာနဲ့တစ်ပြိုင်နက် ရဟန်းဘောင်ကို ဝင်တော့မယ်လို့ ဦးသိန်းဟာ တခဲနက် သန္နိဋ္ဌာန်ချလိုက်ပါတယ်။ ဒီသန္နိဋ္ဌာန်အရ ဦးသိန်းဟာ အလုပ်က နုတ်ထွက်လွှာကို ချက်ချင်း စရေးတယ်။ အဲဒီလိုရေးပြီး သူဌေးကိုလှိုင်ဖေနဲ့ တွေ့ဖို့ စောသေးတာနဲ့ ပရိက္ခရာရှစ်ပါး ဝယ်ရအောင် ဈေးကိုသွားတယ်။ ဈေးကအပြန် မနက်စာ စားသောက်ပြီးတဲ့အခါ ဦးသိန်းလဲ သူ့အလုပ်က နုတ်ထွက်စာကို ကိုင်ပြီး သူဌေးကိုလှိုင်ဖေဆီကို ထွက်သွားတယ်။

ကိုလှိုင်ဖေနဲ့ တွေ့တဲ့အခါ 'ကိုလှိုင်ဖေ၊ မင်းတို့ဆီမှာ ဦးအလုပ် လုပ်ခဲ့တာ ဒီကနေ့ဆိုရင် သုံးဆယ့်ကိုးနှစ်နဲ့ ခုနစ်လနဲ့ ဆယ့်တစ်ရက် ရှိသွားပြီ၊ အစိုးရဆီမှာ အမှုထမ်းရင် အသက် အစိတ်ပဲ အမှုထမ်းရတယ်၊ ဦး အမှုထမ်းတာကတော့ အနှစ်လေးဆယ်နားကို နီးသွားတာပဲ၊ ဒီမှာ အလုပ်လုပ်ခဲ့တဲ့ အချိန်အတွင်းမှာ ဦးဟာ မောင်လှိုင်ဖေတို့ရဲ့ ပစ္စည်းဆိုရင် မတရားသဖြင့် တွယ်အပ်ကလေးတစ်ချောင်း စက္ကူတစ်ရွက်ကိုတောင်

www.burmeseclassic.com

www.burmeseclassic.com



မယူဘူးဆိုတာ ဘယ်ကျမ်းကိုပဲ ကိုင်ပြီး ပြောရပြောရ ဦးပြောရဲပါတယ်၊ မောင်လှိုင်ဖေတို့ရဲ့ အလုပ်ကြီးဟာ မဆုတ်ယုတ်ရအောင် ဦးလဲ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားပြီး လုပ်ပေးခဲ့တယ်ဆိုတာ မောင်လှိုင်ဖေရဲ့အဖေ ကိုထွန်း ကောင်းကောင်းသိပါတယ်။ မောင်လှိုင်ဖေလဲ ကောင်းကောင်းသိပါလိမ့်မယ်၊ မောင်လှိုင်ဖေတို့ရဲ့ ကာမာဝစရကုသိုလ်ကထဲ အင်မတန်ကောင်းတော့ အလုပ်ဟာ ဦးလုပ်ခဲ့တဲ့ အနှစ်လေးဆယ်နီးပါး အတွင်း အင်မတန် တိုးတက်ခဲ့ပါတယ်၊ ဒီကနေ့ဆိုရင် လယ်တွေရော၊ သစ်စက်၊ ဆန်စက်တွေရော၊ ဂိုဒေါင်တွေရော အားလုံးရဲ့တန်ဖိုးဟာ ဆယ်သိန်းထက်တော့ မနည်းပါဘူး၊ အဲဒီတော့ မောင်လှိုင်ဖေတို့ရဲ့ အဘိုး ဦးမြကြီး လက်ထက်ကတည်းက ထူထောင်ခဲ့တဲ့ အလုပ်ကြီးဟာ ပျက်စီးမသွားရအောင် မောင်လှိုင်ဖေ ကြိုးစားပြီးလုပ်ပါ၊ ဦးပြောတာ လွန်သွားရင်လဲ သည်းခံပါ၊ မောင်လှိုင်ဖေဟာ ဒီကနေ့အထိ ဒီအလုပ်ကြီးမှာ စိတ်ဝင်စားတာကို ဦး မတွေ့ရသေးဘူး၊ အပျော်အပါးနဲ့ပဲ အချိန်ကုန်ခဲ့တာပဲ၊ ဒီအပျော်အပါးဆိုတာ အခုဘဝမှာလဲ လူကို ပျက်စီးစေတတ်တယ်၊ သေရင်လဲ အပါယ်လေးဘုံကို ကျစေနိုင်တယ်၊ အဲဒီတော့ အခုအချိန်ကစပြီး မောင်လှိုင်ဖေဟာ သံဝေဂရဖို့ ကောင်းလှပြီ၊ သံဝေဂ ရပါတော့လို့လဲ ဦးဟာ ကိုယ့်တူ ကိုယ့်သားအရင်းလို သဘောထားပြီး တိုက်တွန်းပါတယ်။

'ဦးအနေနဲ့ဆိုရင် အလုပ်လုပ်လာတာကြာပြီဆိုတော့ နည်းနည်းလဲ ပန်းလာပြီ၊ ပြီးတော့လဲ မခင်မေဆုံးသွားတဲ့နောက် အလုပ်ဆက်လုပ်ချင်တဲ့ စိတ်လဲ မရှိတော့ဘူး၊ ဘုန်းကြီးလုပ်ဖို့ပဲ သန္နိဋ္ဌာန်ချထားလိုက်ပြီးပြီ၊ အဲဒါကြောင့် ဒီကနေ့ကစပြီး အလုပ်ထွက်ပါရစေတော့၊ အလုပ်ထွက်တဲ့ စာလဲ တစ်ခါတည်း ယူလာပါတယ်' ဆိုပြီး ကိုလှိုင်ဖေကို စာ လှမ်းပေးလိုက်တယ်။ ကိုလှိုင်ဖေက စာကို ဖွင့်မကြည့်ဘဲ 'ဦးထွက်လို့ မဖြစ်သေးပါဘူး'လို့ ပြောပြီး ရပ်နေတယ်။ 'ထွက်ပါရစေတော့ မောင်လှိုင်ဖေရယ်၊ ဘုန်းကြီးလုပ်ဖို့ ဦးအိမ်မှာ ပရိက္ခရာရှစ်ပါးတောင် ဝယ်ပြီးပါပြီ'လို့ ဦးသိန်းက ပြောတယ်။ 'နောက်သုံးနှစ်ပဲ လုပ်ပေးပါတော့ဦး၊ သုံးနှစ်ပြီးရင်



ဦးထွက်တော့'လို့ မောင်လှိုင်ဖေက ပြောတယ်။ 'သုံးနှစ် မပြောပါနဲ့ မောင်လှိုင်ဖေရယ်၊ ဦး သုံးလတောင် လုပ်မပေးနိုင်တော့ပါဘူး၊ ဦးမှာ အလုပ်လုပ်ချင်တဲ့စိတ် ကုန်ပြီ၊ ဒီတစ်ခါတော့ သည်းခံပါ မောင်လှိုင်ဖေရယ်' လို့ ဦးသိန်းက ပြောတယ်။

ကိုလှိုင်ဖေလဲ ခဏလောက်တွေးပြီး 'ဦးထွက်သွားရင် ဦးလက်အောက်က ဘယ်သူများ ဦးနေရာမှာ တက်လုပ်နိုင်မလဲ'လို့ မေးတယ်။ 'ဘခိုင်ဆိုတဲ့ ငွေကိုင်စာရေးတစ်ယောက်တော့ ရိုးရိုးသားသားကလေးပဲ၊ မောင်လှိုင်ဖေ သဘောကျရင် ခန့်နိုင်ပါတယ်'လို့ ဦးသိန်းက ပြောတယ်။ မောင်လှိုင်ဖေက ခေါင်းခါပြတယ်။ အဲဒီလိုပြပြီး 'ကဲ ဦး တစ်နှစ်ပဲ လုပ်တော့၊ ဒီတစ်နှစ်အတွင်း ကျွန်တော် လူကောင်းကောင်းတစ်ယောက်ကို ရှာပါရစေ'လို့ ပြောတယ်။ ဦးသိန်းက 'မလုပ်ပါရစေနဲ့တော့ မောင်လှိုင်ဖေရယ်'လို့ ထပ်ပြီး ပြောတယ်။ 'ဒီအလုပ်ကြီး ဒီလောက်ကြီးကျယ်လာတာဟာ ဦးလုပ်ပေးတာလဲ ပါတယ်၊ ကျွန်တော်တို့ ကုသိုလ်ကောင်းလို့ ချည်းပဲ မဟုတ်ပါဘူး၊ ဦးထွက်သွားပြီး ဒီနေရာမှာ တွေ့ကရာလူတင်လိုက်ရင် ပျက်မှာပဲ၊ ခြောက်လလောက်ကြာလို့ စက်တွေမှာ ခေါင်းတိုင်တစ်လုံးစီနဲ့ ဂိုဒေါင်တွေမှာ အမိုးတစ်ခုစီ ကျန်ရစ်ရင် ကံကောင်းပဲ'လို့ ကိုလှိုင်ဖေက ပြောတယ်။ ဦးသိန်းဟာ သူ့အလုပ်မှာ သံယောဇဉ် အင်မတန်ကြီးမှန်း ကိုလှိုင်ဖေ သိတယ်။ ဒါကြောင့် ဒီလိုပြောလိုက်တာပဲ ဖြစ်တယ်။

ဦးသိန်းလဲ ခဏကလေးစဉ်းစားပြီး 'အိမ်မှာ ပရိက္ခရာရှစ်ပါးတောင် ဝယ်ပြီးနေပြီ'လို့ ခပ်ဖြည်းဖြည်း ပြောပြီး သူ့ခေါင်းကို အောက်စိုက်ထားတယ်။ တအောင့်လောက်ကြာတဲ့အခါ ကိုလှိုင်ဖေက 'ဦးရဲ့သား မောင်မြင့်ဆွေကော ဒီမှာ မလုပ်နိုင်ဘူးလား၊ လခကတော့ ကြိုက်သလောက်ယူပါ၊ သူရနေတဲ့ အစိုးရလခထက်တော့ မနည်းရပါဘူး၊ ပြီးတော့လဲ ကျွန်တော်တို့ အမှတ်တမဲ့ဖြစ်ပြီး တာဝန်ပျက်နေတာတစ်ခုရှိတယ်၊ ကိုယ့်ဆီမှာဒီလောက် ကြိုးကြိုးစားစား လုပ်ပေးနေတဲ့လူတွေကို တစ်နှစ်တစ်နှစ် အမြတ်ကိုကြည့်ပြီး ဆုပေးရမယ်၊ အဲဒါလဲ ဦးပဲဆက်လုပ်လုပ်၊ ဦးရဲ့သားပဲလုပ်လုပ်၊ ဦးကြိုက်

www.burmeseclassic.com

www.burmeseclassic.com



သလို စိစဉ်ပါ၊ ဦးသားလုပ်လို့ ဦးထွက်သွားရင်လဲ ဦးအတွက် ငွေငါးသောင်း ယူပါ’လို့ ကိုလှိုင်ဖေက ပြောတယ်။ ‘ငွေအကြောင်းတော့ မပြောပါနဲ့ မောင်လှိုင်ဖေရယ်၊ ငွေအတွက် ပြောနေတာ မဟုတ်ပါဘူး၊ ဦးလဲပင်ပန်း နေတာနဲ့ မခင်မေဆုံးတာနဲ့ သွားတိုက်ဆိုင်ပြီး ဦးကိုယ်တိုင်က ဘုန်းကြီး လုပ်ဖို့ သန္နိဋ္ဌာန်ချထားတဲ့အတွက် ဒီလောက် ပြောနေတာပါ’လို့ ဦးသိန်းက ပြောတယ်။

‘ဒီလိုဆိုရင် ဦးရဲ့သား မောင်မြင့်ဆွေကော ကျွန်တော် ပြောသလို လုပ်ပါ့မလား’လို့ ကိုလှိုင်ဖေက ထပ်မေးတယ်။ ‘မပြောတတ်ဘူး၊ သူလဲ အလုပ်ကထွက်ဖို့ ထွက်စာတင်လိုက်ပြီးပြီ၊ ဒီပြန်လာပြီး ဝိနည်းသင်မယ်၊ ပြီးတော့ ဦးလိုပဲ ဘုန်းကြီးဝတ်မှာပဲ’လို့ ဦးသိန်းက ပြောတယ်။ ကိုလှိုင်ဖေလဲ ပြုံးပြီး ‘ဦးတို့သားအဖလဲ ဘာတွေများ ဖြစ်နေကြသလဲ၊ အဖေကလဲ ဘုန်းကြီးလုပ်မယ်၊ သားကလဲ ဘုန်းကြီးလုပ်မယ်၊ သားအဖ နှစ်ယောက်စလုံး ဘုရားဆုများ ပန်ထားကြသလား’လို့ ပြောတယ်။ ဦးသိန်းလဲ ဘာမှ ပြန်မပြောဘူး။ တအောင့်လောက်ကြာတော့ ‘ကဲ ဦး၊ မောင်မြင့်ဆွေ ပြန်လာတဲ့အထိ ခဏဆိုင်းပါဦး၊ မောင်မြင့်ဆွေပြန်လာ တော့ ကျွန်တော်ကိုယ်တိုင် တွေ့ပြီး ပြောကြည့်ပါဦးမယ်’ဆိုပြီး ဦးသိန်းရဲ့ ထွက်စာကို ပြန်ပေးလိုက်တယ်။

အရက်နှစ်ဆယ်လောက် ကြာတဲ့အခါ မောင်မြင့်ဆွေအလုပ်က ထွက်ပြီး ပြန်ရောက်လာတယ်။ ကိုလှိုင်ဖေလဲ မောင်မြင့်ဆွေနဲ့တွေ့ပြီး သူ့အဖေ အလုပ်ကထွက်ရင် သူ့အဖေနေရာမှာ ဝင်လုပ်ဖို့ပြောတယ်။ မောင်မြင့်ဆွေလဲ ဘုန်းကြီးလုပ်ဖို့အတွက် သူ့အလုပ်ကတောင် ထွက်လာ တယ်။ အဲဒီတော့ ဒီမှာ အလုပ်ဆက်လုပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သည်းခံပါဆိုပြီး ငြင်းလိုက်တယ်။ ဦးသိန်းလဲ သူ့နှုတ်ထွက်စာကိုယူပြီး ကိုလှိုင်ဖေနဲ့တစ်ကြိမ် တွေ့ပြန်တယ်။ ကိုလှိုင်ဖေက လက်မခံဘူး။ တစ်နှစ် လောက်တော့ လုပ်ပေးပါဦး။ ဒီအတွင်း လူကောင်းကောင်းတစ်ယောက် ရှာပါရစေလို့ ဖွတ်အတင်းတောင်းပန်ပြီး လွှတ်လိုက်တယ်။



ဦးသိန်းလဲ အိမ်ကိုပြန်လာပြီး သူဝယ်ထားတဲ့ ပရိက္ခရာရှစ်ပါး ရှေ့မှာရပ်ရင်း သင်္ကန်းကို ကိုင်ကြည့်လိုက်၊ သပိတ်ကို ကိုင်ကြည့်လိုက်၊ ယပ်တောင်ကို ကိုင်ကြည့်လိုက်နဲ့ လုပ်နေတယ်။ မောင်မြင့်ဆွေလဲ အနားမှာရပ်ပြီး ‘ဖေဖေ ဘယ်တော့လောက် ဘုန်းကြီးလုပ်ဖြစ်မလဲ’လို့ မေးတယ်။ ‘ဖေဖေ ကြံထားတာကတော့ လူကလေးပြန်ရောက်ပြီး နောက်တစ်နေ့ လုပ်ဖို့ပဲ၊ အခုတော့ တစ်မျိုးဖြစ်နေပြန်ပြီကွယ်’လို့ မဲ့နည်းသံနဲ့ ပြောတယ်။ ‘ဘယ်လိုတစ်မျိုးဖြစ်နေတာလဲ၊ ကိုလှိုင်ဖေ ဘာပြောလိုက်သလဲ’လို့ သားက မေးတယ်။ ‘တစ်နှစ်ဆက်လုပ်ပေးပါဦး၊ ဒီတစ်နှစ်အတွင်း လူကောင်းကောင်းတစ်ယောက်ရအောင် ရှာပါရစေလို့ ရှိခိုးဦးတင် အတင်း တောင်းပန်လွှတ်လိုက်တယ်’လို့ အဖေက ပြောတယ်။ ‘အဲဒီတော့ ဖေဖေ ဘယ်လိုဆုံးဖြတ်သလဲ’လို့ သားက မေးတယ်။ ‘ဘယ် လိုမှ မဆုံးဖြတ်ရသေးပါဘူး၊ တစ်နှစ်ဆက်လုပ်ဖို့ဆိုတာကတော့ အင်ခတန့် ခက်နေတာပဲ၊ မင့်မေမေ သေပြီးကတည်းက သေခြင်းသဘော တရားဟာ အင်မတန်မြန်နိုင်တယ်၊ အခု စကားပြောနေရင်းတောင် သေသွား နိုင်တယ်လို့ ဖေဖေ သဘောပေါက်နေတယ်၊ အဲဒီတော့ ဘာမှ မလုပ်ချင်တော့ဘူး၊ မသေခင် ဘုန်းကြီးပဲ လုပ်သွားချင်တယ်၊ ဘုန်းကြီးမလုပ်လိုက်ရဘဲ သေ သွားမှာ ဖေဖေ အင်မတန် စိုးရိမ်နေတယ်’လို့ အဖေက ပြောတယ်။

‘ကိုယ်မလုပ်ချင်လဲ ထွက်လိုက်ပေါ့ဖေဖေရယ်၊ ဘာဖြစ်လို့ဒီလောက် စိတ်အပင်ပန်းခံနေရသလဲ၊ သူတို့အလုပ်ကို ဒီလောက်လုပ်ပေးခဲ့ပြီးရင် တော်ရောပေါ့၊ ဖေဖေ့တာဝန် ကျေလှပါပြီ’လို့ သားက ပြောတယ်။ ‘ဒါတော့ ဒါပေါ့ လူကလေးရယ်၊ ဒါပေမယ့် အခုလောက် ရှိခိုးဦးတင် တောင်းပန်နေရဲ့သားနဲ့ ဖွတ်ထွက်သွားလိုက်မယ်ဆိုရင် ကတညုတ ကတဝေဒီ ဆိုတဲ့ မင်္ဂလာတရားတော်ကို သွေဖည်ပြီး ကျင့်ရာများရောက် လေမလား ဆိုတာကလဲ ဖေဖေ့စိတ်ထဲမှာ စွဲနေသေးတယ်၊ အမှန်စင်စစ်တော့ ဖေဖေ့ အပေါ်မှာရော မင့်မေမေ အပေါ်မှာရော၊ လူကလေးအပေါ်မှာရော သူတို့ရဲ့ ကျေးဇူးတွေက မနည်းလှဘူး’လို့ အဖေက ပြန်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပြောနေတုန်း စံမြက ထမင်းစားလာခေါ်တယ်။ အမေက 'လူကလေးသာ သွားစားချေတော့ကွာ၊ မေမေ မစားချင်တော့ဘူး စံမြရေ ငါ့ဖို့ ကော်ဖီတစ်ခွက်ပဲ ပို့လိုက်ပါကွာ'လို့ ပြောတယ်။ 'မေမေကလဲ မဟုတ်တာပဲ၊ စိတ်ညစ်စရာ မဟုတ်တာကို စိတ်ညစ်နေတယ် လာယ်။ ထမင်းစားပါဦး၊ ထမင်းစားပြီးမှ ဒီကိစ္စကို ဆက်ပြီး တိုင်ပင် သေးတာပေါ့'လို့ ပြောပြောဆိုဆို သူ့အမေကို ထမင်းစားဖို့ ဆွဲခေါ်သွားတယ်။ ထမင်းစားရင်း မောင်မြင့်ဆွေလဲ ဒီပြဿနာကို ဘယ်လို ဖြေရှင်း ရမလဲလို့ စဉ်းစားနေတယ်။

ထမင်းစားပြီးတဲ့အခါ 'မေမေ ကျွန်တော် ဒီလိုစဉ်းစားလို့ရတယ် ကိုလှိုင်ဖေတို့ပေးမယ့် ငွေငါးသောင်းကို မေမေ လက်ခံမယ်ဆိုရင်မေမေ့ နေရာမှာ ကျွန်တော် တစ်နှစ်ဝင်လုပ်ပေးမယ်'လို့ သားက ပြောတယ်။ အမေလဲ သားကို မျက်လုံးပြူးကြည့်ရင်း 'ဒီငွေငါးသောင်းက ဘာလုပ်ဖို့ လဲကွာ'လို့ ပြန်မေးတယ်။ အဲဒီလိုမေးပြီးတော့မှ 'ငါလုပ်ပေးခဲ့တာတွေဟာ ဒီငါးသောင်းကို ယူလိုက်ရင် အလကားဖြစ်သွားမှာပေါ့'လို့ အမေက ခပ်မြန်မြန် ဆက်ပြောတယ်။ 'မေမေ ကျွန်တော်ပြောတာ ခဏနားထောင် ပါဦး၊ အနောက်နိုင်ငံတွေမှာ မေမေ လုပ်ပေးသလိုသာ လုပ်ပေးရင် အနှစ်လေးဆယ်အတွင်း ငါးသောင်းမကဘူး ရရမယ်၊ ဒီမှာတော့ အလုပ်ရှင် တွေကလဲ လောဘကြီးတယ်၊ အလုပ်သမားတွေကလဲ ရရကောင်းစေလို့ နားမလည်ကြဘူး၊ ဒါဟာ လာဘ်စားတာလဲ မဟုတ်ဘူး၊ တံစိုးလက်ဆောင် ယူတာလဲ မဟုတ်ဘူး၊ ကိုယ်ရခွင့် ရထိုက်ရှိတဲ့ ငွေကိုယူတာပဲ၊ အလုပ် သမားတွေကို နှစ်စဉ်နှစ်တိုင်း ဆုငွေ မပေးမိတာဟာ သူတို့ရဲ့ တာဝန် ပျက်ကွက်မှုတစ်ခုပါပဲလို့ သူဌေးလုပ်သူကိုယ်တိုင်က ဝန်ခံထားတာတစ်ခု တည်းနဲ့ပဲ ဒီငွေဟာ မေမေ စင်စင်ကြယ်ကြယ် တရားသဖြင့်ရခွင့် ရထိုက် ရှိတဲ့ ငွေဆိုတာ အင်မတန် ထင်ရှားနေပါပြီ၊ နောက်ပြီးတော့ ဒီငွေကို ပေးပါလို့ မေမေက တောင်းတာလား၊ သူဌေးက ပေးတာလား'လို့ မေး တယ်။ 'မေမေ မတောင်းရပါဘူးကွာ၊ သူ့ဟာသူ ပေးတာပါ'လို့အမေက ဖြေတယ်။ 'မေမေ အလုပ်ထွက်မယ်လို့ပြောလိုက်ရင် ဒီငွေ ငါးသောင်းတော့ ထွက်လာမှာပဲဆိုတဲ့ စေတနာကော မေမေ့မှာ ရှိသလား'လို့ သားက မေးပြန် တယ်။ 'မရှိပါဘူး လူကလေးရယ်၊ မေမေဖြင့် ဒါကို တွေးတောင် မတွေးမိ ပါဘူး'လို့ အမေက ဖြေပြန်တယ်။ 'အဲဒီတော့ ၁။ ဒီငွေ ငါးသောင်းဟာ ကိုယ်ရထိုက်တဲ့ငွေလဲ ဖြစ်တယ်၊ ၂။ ကိုယ်ကလဲ မတောင်းရဘူး၊ သူဌေး ကိုယ်တိုင်ကလဲ ပေးမယ်လို့ပြောတယ်၊ ၃။ အလုပ်ထွက်မယ်ဆိုတာ ဒီငွေ ငါးသောင်းကို လိုချင်လို့ ခြောက်လှန့်တဲ့အနေနဲ့ ပြောတာလဲ မဟုတ်ဘူး၊ ဒီလို ခြောက်လှန့်ဖို့စေတနာဟာ ကိုယ့်မှာ အလျှင်းမရှိဘူး၊ အဲဒီ အကြောင်း သုံးကြောင်းကြောင့် ဒီငွေဟာ ကိုယ့်လိပ်ပြာ သန့်သန့်ရှင်းရှင်းနဲ့ကိုယူနိုင် ပါတယ်မေမေ'လို့ သားက ပြောတယ်။

'နေပါဦးကွ၊ ဒီငွေရတော့ ဘာလုပ်ဖို့လဲ'လို့ အမေက မေးတယ်၊ 'မေမေ အင်မတန် စိတ်ဝင်စားတဲ့ အဖွဲ့နှစ်ဖွဲ့ ရှိတယ်၊ တစ်ဖွဲ့က ပရိ ယတ္တိစာပြန်ပွဲအဖွဲ့၊ နောက်တစ်ဖွဲ့က သာသနာ့ရိပ်သာ ထောက်ပံ့ရေးအဖွဲ့ အဲဒီနှစ်ဖွဲ့၊ တစ်ဖွဲ့ကို နှစ်သောင်းငါးထောင်စီ လှူမယ်၊ မေမေလဲ ဒီအလှူ ကို ရောက်လေရာအရပ်က သာဓုခေါ်မယ်၊ မေမေလဲ အနှစ်လေးဆယ် အလုပ် လုပ်လို့ရလာတဲ့ ချွေးနဲ့စာနဲ့ မြတ်စွာဘုရားရဲ့ သာသနာတော်ကြီး စည်ပင် ပြန့်ပွားရေးကို ဒီလိုထောက်ပံ့လိုက်ရတယ်ဆိုတာ တွေးမိတိုင်း ဝမ်းသာမယ်၊ အဲဒါကြောင့် ဒီအလှူဟာ မေမေ့အတွက် ထာဝရကုသိုလ် တော်ကြီးလဲ ဖြစ်မယ်၊ မေမေစိတ်ချမ်းသာအောင် ဝင်ပြီး ကူရတဲ့အတွက် ကျွန်တော့်မှာလဲ ကုသိုလ်တွေ အများကြီးရမယ်၊ မေမေလဲ မေမေကြိုက်တဲ့ နေ့မှာပဲ ချက်ချင်း ဘုန်းကြီးလုပ်နိုင်မယ်'လို့ သားက ရှင်းပြတယ်။ အမေကြီးလဲ သဘောကျတယ်။ အဲဒီအတိုင်း စီစဉ်စရာရှိတာတွေကို သားအမိနှစ်ယောက် ဟာ အဲဒီနေ့မှာပဲ သူဌေးကိုလှိုင်ဖေနဲ့တိုင်ပင်ပြီး စီစဉ်ကြတယ်။ နောက် တစ်နေ့ မောင်မြင့်ဆွေဟာ သူ့အမေနေရာမှာ အလုပ် ဝင်လုပ်တယ်။ အမေ ကြီးလဲ သားအလုပ်ခန်းကိုလာပြီး အလုပ် သဘောတွေ ပြောပြနေတယ်။ ပြီးတော့ ရုံးအလုပ်သားတွေနဲ့ မိတ်ဖွဲ့ပေးတယ်။ နောက်ပြီးတော့ စက်ရုံ တွေ ဂိုဒေါင်တွေကို လျှောက်ကြည့်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ အိမ်ပြန်ရောက်၊ ထမင်းစားသောက်ပြီးတဲ့အခါ မောင်မြင့်ဆွေက 'ကိုလှိုင်ဖေရဲ့အိမ်ကို သွားတုန်းက မခင်လှလဲ မတွေ့ခဲ့ပါလား အရင်တစ်ခါ ကိုလှိုင်ဖေ ဒီလာတုန်းက မခင်လှတစ်ယောက်ကော နေကောင်းရဲ့လားလို့ ကျွန်တော် မေးဖူးတယ်၊ ကိုလှိုင်ဖေကလဲ ကျွန်တော်မေးတာကို မဖြေဘဲ အိမ်မှာရှိပါတယ်လို့ မဖြေချင့်ဖြေချင် ဖြေပြီး တခြားစကားတွေကို လွှဲလိုက်တာနဲ့ ကျွန်တော် ဆက်မမေးတော့ပါဘူး'လို့ ပြောတယ်။ ဦးသိန်းလဲ မခင်လှအကြောင်းကိုပြောရင် မောင်မြင့်ဆွေကို မေတ္တာရှိနေတဲ့အကြောင်းကစပြီး ပြောသင့်သလားလို့ စဉ်းစားတယ်။ မခင်မေဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့ကို ဆုံးမထားတာ သတိရတဲ့အတွက် ဒီအပိုင်းကို သူချန်ထားခဲ့ပြီး 'မခင်လှကလေးဟာ အိမ်ထောင်ကျစကတည်းက ဒုက္ခပါပဲသားရယ်'လို့ အစချီလိုက်တယ်။ 'ကောင်မကလေးကလဲ ငယ်ငယ်ရှိသေးတယ် မဟုတ်လား၊ အိမ်ထောင်ကျတော့ ဆယ့်ခြောက်နှစ်ရှိသေးတယ်၊ သားနဲ့ ရွယ်တူပဲလေ၊ တွက်ကြည့်ပါလား၊ သား ဆယ်တန်းတုန်းက ဆယ့်ခြောက်နှစ် မဟုတ်လား၊ အဲဒီဆယ်တန်းတုန်းက ဒီကောင်မကလေး အိမ်ထောင်ကျတာပဲ၊ အဲဒီတော့ မောင်လှိုင်ဖေက အသက် အစိတ်လောက် ရှိနေပြီ၊ ကိုယ်မချစ်တဲ့လူလဲဖြစ်ပြန်၊ ကိုယ့် ထက်လဲ အသက်အပုံကြီးကြီးပြန်ဆိုတော့ ကောင်မကလေးဟာ သူ့မာန ကလေးနဲ့ သူနေတယ် ထင်ပါရဲ့၊ မောင်လှိုင်ဖေနဲ့ သူ့အမေကလဲ သူတို့ အောက်ကို ကြို့စေချင်တယ်၊ သူတို့ထားရာမှာ နေစေချင်တယ်ဆိုတော့ ကောင်မကလေးဟာ သားအမိနှစ်ယောက်စလုံးနဲ့ကို တိုက်ရိုက်သွားတိုးတာပါပဲ၊ မောင်လှိုင်ဖေဟာ အရက်အနက်က သိပ်ဝါသနာပါတယ်၊ အဲဒီအထဲ အရက်မူးလာရင် ဒီသူငယ်က လူစိတ်ပျောက်တယ်ဆိုတော့ ကောင်မကလေး သေရောပေါ့ကွာ၊ တစ်ခါတစ်ခါ ရိုက်ပြီဆိုရင် မထနိုင်အောင် ရိုက်တာပဲ၊ သေလုမြောပါး ရိုက်တာပဲ၊ ရိုက်ရင်လဲ လူရှေ့သူရှေ့ရယ်လို့ မရှောင်ဘူး၊ တစ်ခါ ဖေဖေရှိနေတုန်း ဘာကိစ္စနဲ့လဲ မသိနိုင်ဘူး၊ ကောင်မကလေး ရင်အုံကို လက်သီးနဲ့ထိုးလိုက်တာ ပုံလျက်သား ကျသွားတယ်၊ ဖေဖေလဲ လန့်ဖျပ်ပြီး ထူမလို့ သွားတယ်၊



မောင်လှိုင်ဖေက ဖေဖေ့ကို ဆွဲထားပြီး နေပေစေဦး၊ ကျွန်တော်တို့လင်မယားနှန်ဖြစ်တဲ့အထဲ ဘေးက လူဝင်တာ ကျွန်တော် မကြိုက်ဘူးလို့ ငါ့ကို ပြောတယ်၊ ငါလဲ ဒေါသဖြစ်ပြီး ပြန်ထွက်လာခဲ့တယ်။

'နောက်တစ်နေ့ မသာပို့ရပြီ အောက်မေ့နေတာပဲ၊ ကောင်မကလေးလဲ သူ့ဝဋ်က မကုန်သေးတော့ မသေနိုင်ဘူးကွာ၊ အဲဒီလို သားက ချွေးမကို ရိုက်နှက်ထိုးကြိတ်နေတာ အမေလုပ်တဲ့သူက တစ်ခွန်းဝင်မတားဘူး၊ သူ့ဆေးလိပ်တောင် အသောက်မပျက်ဘူး၊ လှိုင်ဖေ့ အမေ မမြရှင် ဆုံးတာ လှကလေး ကြားလိုက်သေးသလား၊ လှကလေး အစိုးရအလုပ် ဝင်လုပ်လို့ နှစ်နှစ်လောက်အရမှာပဲထင်တယ် ဆုံးတယ်၊ အမေဆုံးပြီး မောင်လှိုင်ဖေဟာ ပိုပြီးတောင်ရမ်းလာသေးတယ်၊ ညဈေးတန်းက ဆိုင်တွေထဲမှာ ဒီမောင်လှိုင်ဖေ ဝင်ပြီးတော့ မှန်တွေ၊ ပန်းကန်တွေ မရိုက်ခွဲဘူးတဲ့ ဆိုင်ဟာ မရှိသလောက်ဘဲ၊ ဒီလို ရမ်းရမ်းပြီး လျော်ရတာလဲ ခဏခဏပဲ၊ အရက်မူးရင် ဒီသူငယ်က လူစိတ်ပျောက်တယ်၊ တစ်ဖက်သားကို တယ်ပြီး ထိုးချင် ရိုက်ချင်တာပဲ၊ လူတွေကို မရိုက်မနှက် မထိုးမကြိတ်ရရင် မှန်တွေ ပန်းကန်တွေကို ခွဲတာပဲ၊ ကောင်မကလေးလဲ ဒီဒဏ်တွေပဲ ထင်ပါရဲ့ကွာ၊ ချောင်းဆိုး သွေးပါရောဂါဖြစ်ပြီး အိပ်ရာထဲက မထနိုင်တာ သုံးနှစ်လောက် ရှိသွားပြီ၊ နာလန်မထူပါဘူးကွာ၊ သေမှာပါပဲ'လို့ အဖေက ပြောတယ်။

'ဒါကြောင့်မို့ မခင်လှတစ်ယောက် နေကောင်းရဲ့လားလို့မေးတာ ကိုလှိုင်ဖေ မဖြေတာကိုး'လို့ သားက ပြောတယ်။ အဲဒီလိုပြောပြီး 'ဒီလူနဲ့ ကျွန်တော်နဲ့ အလုပ်လုပ်လို့ ဖြစ်ပါ့မလား ဖေဖေ'လို့ သားက မေးတယ်။ 'ဒါတစ်ခုတော့ ကောင်းတယ်၊ ဒီသူငယ်ရော သူ့အဖေ ကိုထွန်းရော အလုပ်ထဲတော့ ဝင်မရှုပ်ဘူး၊ သူတို့ဟာသူတို့ မူးနေရ အပျော်အပါးလိုက် နေရ၊ ဖဲရိုက်နေရရင် ပြီးတာပဲ'လို့ အဖေက ပြောတယ်။

'ကျွန်တော် ကောလိပ်ကျောင်းမှာတုန်းက မခင်လှ သမီးကလေး တစ်ယောက်ရတာ ကျွန်တော် ကြားတယ်၊ သူ့မှာ သားသမီး ဘယ်နှစ်ယောက်လောက် ရှိသလဲ'လို့ သားက မေးတယ်။ 'အဲဒီ သမီးကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ၊ မမကြည်တဲ့၊ ဒါပေမယ့် လူတွေကတော့ အကြည်လို့ အခေါ်များတယ်၊ ဆယ်တန်းစာမေးပွဲမှာ ရှုံးတာနဲ့ ကျောင်းထွက်နေတယ်’လို့ အဖေက ဖြေတယ်။ ‘မခင်လှရဲ့ အဖေရော အမေရော ညီမကလေး မခင်သောင်းရော အားလုံးဆုံးကုန်ကြပြီနော်၊ ကျွန်တော် မအူပင်မှာတုန်းက မေမေ ပြောပြတယ်’လို့ သားက ပြောတယ်။ ‘အေး၊ အားလုံးဆုံးကုန်ကြပြီး မခင်လှဟာ ဒီမောင်လှိုင်ဖေနဲ့ သူ့ကို အတင်းပေးစားရမလားလို့ အမေကို စိတ်နာတာနဲ့ အမေသေခါနီးမှာ ခေါ်တာလဲမလာဘူး၊ သေတော့ မသာလဲ လိုက်မပို့ဘူး၊ အမေကြီး မသေခင် သမီးအတွက် အများကြီး စိတ်မချမ်း မသာဖြစ်ပြီး သေသွားရရှာတယ်’လို့ အဖေကပြောတယ်။ ‘ဪ ဒီလောက် ထိအောင် ဖြစ်သွားတယ်နော်၊ မခင်လှ အနှိပ်စက်ခံနေ ရတာတို့၊ အမေ သေတာတောင် စိတ်နာပြီး မခင်လှ မသွားတာတို့၊ အဲဒါတွေကို မေမေ ကျွန်တော့်ကို တစ်ခွန်းမှ မပြောဖူးဘူး’လို့ သားက ပြောတယ်။ ‘မင့်မေမေ ကတော့ သူများအကြောင်းဆိုရင် ဘာမှ မပြောချင်ဘူး၊ ရှောင်နေတာပဲ’လို့ အဖေက ပြန်ပြောတယ်။ ‘ဒီလိုဆိုရင် မခင်လှဟာ သူ့အမေကို အတော် စိတ်နာနေတာပေါ့’လို့ သားက ပြောတယ်။ ‘မိဘဆိုတာ သားသမီးကို ဘယ်မှာ ဒုက္ခရောက်စေချင်မလဲ၊ ကောင်းစားစေချင်တာချည့်ပဲပေါ့၊ ဒါပေ မယ့် မိဘတွေလဲ ပုထုဇဉ်တွေပဲဆိုတော့ သားကိစ္စ၊ သမီးကိစ္စမှာ တစ်ခါ တစ်ခါလဲ အတွက်မှားကြတာပဲ၊ အမှန်စင်စစ် ကိုယ်ခံရတဲ့အတွက် မိဘကို စိတ်နာတာတော့ လမ်းမမှန်ဘူး လူကလေး၊ သတ္တဝါမှန်သမျှ ဘဝပေါင်း များစွာက သူတို့လုပ်ခဲ့ကြတဲ့ ကောင်းတဲ့ကံတွေကိုရော မကောင်းတဲ့ကံတွေကို ရော အားလုံး အမွေခံရတာပဲ၊ သူများကို ကိုယ်ကနှိပ်စက်ခဲ့ရင် ကိုယ်လဲ ပြန်ခံရမှာပဲ၊ နိဗ္ဗာန်ရောက်မှပဲ ဒီဝဋ် ဆင်းရဲတွေက လွတ်မှာပဲ’လို့ အဖေက ပြောတယ်။ ‘ဟုတ်ပါတယ်ဖေဖေ’လို့ သားက သဘောတူလိုက်တယ်။

‘ကဲ ဖေဖေ ဘုန်းကြီးမလုပ်ခင် စီမံသွားချင်တာကလေးတွေ နည်းနည်းပါးပါး ရှိနေသေးတယ်’လို့ စကားကို ပြောင်းလိုက်ပြီး ‘တို့မှာ အခုနေတဲ့ အိမ်အပြင် အိမ်ငှားထားတဲ့ အိမ်နှစ်လုံးရှိတယ်၊ မင်းမေမေရဲ့



လက်ဝတ်လက်စားကလေး အနည်းအကျဉ်းရှိတယ်၊ မင်းမေမေ ခြေစောင့် လက်စောင့်ဆိုပြီး စုထားတဲ့ ငွေကလေးက နှစ်သောင်းကျော်ကျော်လောက် ရှိတယ်၊ အဲဒါတွေကို လူကလေး ဘယ်လိုလုပ်ချင်သလဲ’လို့ မေးတယ်။ ‘ဖေဖေ ကြိုက်သလိုလုပ်ပါ’လို့ သားက ပြန်ပြောတယ်။ ‘မင်းဒေါ်လေး မတင်မေဟာ အိမ်ထောင်ပြုဦးမလား၊ ဒီလိုပဲ နေသွားမလား မသိဘူး၊ သူ့ကိုလဲ ပစ္စည်းနည်းနည်း ပေးခဲ့ချင်သေးတယ်’လို့ အဖေက ပြောတယ်။ ‘ဖေဖေ ကြိုက်သလောက် ပေးလိုက်ပါ၊ ပိုတာကို ဖေဖေ လှူချင်တာတွေ လှူသွားပါ၊ သားအတွက် ဒါတွေဟာ ဘာမှ အသုံးမဝင်တော့ပါဘူး’လို့ သား က ပြောတယ်။ ‘ဒီလိုဆိုရင် ငွေကို ပရိယတ္တိစာပြန်ပွဲအဖွဲ့နဲ့ သာသနာ့ရိပ်သာ ထောက်ပံ့ရေးအဖွဲ့ တစ်ဝက်စီလှူလိုက်မယ်၊ အိမ်သုံးလုံးနဲ့ မင်းအမေရဲ့ လက်ဝတ်လက်စားတွေကို မင်းဒေါ်လေးကို ပေးလိုက်မယ်’လို့ အဖေက ပြောတယ်။ သားက သဘောတူတယ်။

တအောင့်လောက်ကြာတော့ မောင်မြင့်ဆွေ အိမ်ပေါ်တက်ပြီး ဘုရား ဝတ်ပြုဝာယ်။ ဦးသိန်းဟာ မတင်မေကို ခေါ်လိုက်တယ်။ မတင်မေရဲ့ စိတ်ထဲမှာတော့ ဦးသိန်းနဲ့ ပြန်ပြီး လက်ဆက်ဖို့လောက်ပဲ စွဲနေတဲ့အတွက် ဦးသိန်းက ခေါ်လိုက်တဲ့အခါ ဒီအကြောင်းကို ပြောမှာပဲ၊ သူ့မမဆုံးပြီးတာ မကြာသေးခင် ခဲအိုနဲ့ ခယ်မ ဒီလိုယူလိုက်လို့ ကောင်းပါ့မလား၊ တူ မောင်မြင့်ကိုလဲ အားနာစရာကြီးလို့ တွေးရင်း ဦးသိန်း အနားကို သွား တယ်။ ဦးသိန်းက နောက်တစ်နေ့မှာ သူဘုန်းကြီးလုပ်တော့မယ်ဆိုတဲ့ စကားကို ကြားရတဲ့အခါ လေထဲမှာ သူဆောက်နေတဲ့ ပြီးဖို့ အမိုးလောက် သာ ကျန်တော့တဲ့ တိုက်အိမ်ကြီးဟာ ဝုန်းခနဲ ပြိုကျသွားတာ သူမြင်လိုက် ရတယ်။

ဦးသိန်းလဲ ပစ္စည်းတွေကို ဘယ်လိုလုပ်ရမယ်ဆိုတာပြောပြီး သံ့ သေတ္တာသော့ကို မတင်မေလက်ထဲ ထည့်လိုက်တယ်။ အဲဒီလို စီစဉ်စရာတွေ စီစဉ်ပြီး၊ နောက်တစ်နေ့ကျတော့ ရဟန်းခံကိစ္စ ဆရာတော်ကို လျှောက် ထားဖို့ သာသနာ့ရိပ်သာကို သွားတယ်။ ဆရာတော်က ဘယ်နေ့လောက်

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းခံချင်သလဲလို့ မေးတယ်။ နောက်တစ်နေ့ပဲလို့ ဦးသိန်းက လျှောက်တယ်။ ကုသိုလ်ဆိုတာ မြန်မြန်လုပ်နိုင်လေ ကောင်းလေပဲလို့ အမိန့်ရှိပြီး ဆရာတော်က သာဓုခေါ်တယ်။ သာသနာ့ရိပ်သာကပြန်လာပြီး အကြောင်းကြားသင့်တဲ့ မိတ်ဆွေတချို့ကို ဦးသိန်းကိုယ်တိုင် လိုက်ပြီး အကြောင်းကြားတယ်။ နောက်တစ်နေ့မှာ ချိန်းထားတဲ့အတိုင်း ဦးသိန်း ရဟန်းခံတယ်။ ။

## ၂၄

## အနာဂတ် ဘေးကြီး ငါးမျိုး

ဦးသိန်းဟာ ပဉ္စင်းအဖြစ်ကိုရပြီးတဲ့အခါ ဆရာတော်ဘုရားက ဦးသုန္ဒြလို့ အမည်ပေးတယ်။ အဲဒီလိုပေးပြီး ဆုံးမစကားပြောတဲ့အနေနဲ့ 'ဦးသုန္ဒြဟာ ဒီကနေ့တော့ ပါရာဇိကလေးပါးကို အကြမ်းဖျင်းပဲ မှတ်ထားဦး၊ ဦးအာဒိစ္စက ဝိနည်းကို တဖြည်းဖြည်း သင်ပေးသွားပါလိမ့်မယ်၊ ရဟန်းဖြစ်လာရင် မေထုန်မမှီဝဲရဘူး၊ သူများပစ္စည်း မခိုးရဘူး၊ သူ့အသက်ကို မသတ်ရဘူး၊ ကိုယ့်မှာ မဂ်တရား ဖိုလ်တရား ဈာန်တရားတွေရှိတယ်လို့ လိမ်မပြောရဘူး၊ အဲဒီလေးပါးထဲက တစ်ပါးပါးကိုဖြစ်ဖြစ်၊ အားလုံးကိုဖြစ်ဖြစ် ကျူးလွန်ရင် ပါရာဇိက ကျတာနဲ့ ရဟန်းမဟုတ်တော့ဘူး၊ ဒီဘဝမှာ ရဟန်းပြန်လုပ်ချင်လို့လဲ မရတော့ဘူး၊ ဘယ်လို ကုစားလို့မှလဲ မရတော့ဘူး၊ အဲဒါကို ဦးသုန္ဒြဟာ အကြမ်းအားဖြင့် မှတ်ထားဦး၊ နောက်ပြီး ဘုန်းကြီးပြောချင်တာ တစ်ခုရှိသေးတယ်၊ ရဟန်းတွေဟာ မေထုန်မှီဝဲခြင်းကို ရှောင်တယ်ဆိုပေမယ့် အကြားအမြင် ဗဟုသုတ မရှိကြတဲ့အတွက် တချို့ ရဟန်းဆဲတွေဟာ မေထုန်ငယ် ခုနစ်ပါးကို ကျူးလွန်မိတတ်တယ်၊ ဒီ မေထုန်ငယ်ခုနစ်ပါးဟာ ရဟန်းတွေရဲ့ သီလကို ညစ်နွမ်းစေတယ်၊ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရဟန်းရယ်လို့ ဖြစ်လာရင် မာတုဂါမနဲ့ နှစ်ဦးစုံ မေထုန်မှီဝဲတဲ့ မေထုန်ကြီးကိုသာ ရှောင်ကြဉ်ရမှာ မဟုတ်ဘူး၊ မေထုန်ငယ် ခုနစ်ပါးကိုလဲ ရှောင်ကြဉ်ရမယ်။

'ဒီမေထုန်ငယ် ခုနစ်ပါးနဲ့ပတ်သက်ပြီး မြတ်စွာဘုရားဟာ မေထုန သုတ်မှာ ဒီလို ဟောထားတော်မူတယ်၊ ဦးသုန္ဒြ ဂရုစိုက်ပြီး နာနော်'လို့ ဆရာတော်က အမိန့်ရှိတယ်။ ဦးသုန္ဒြက 'တင်ပါ့ဘုရား'လို့ လျှောက်တယ်။

'အခါတစ်ပါးမှာ ဇာဏုဿောဏိပုဏ္ဏားဟာ မြတ်စွာဘုရားကို 'အရှင်ဂေါတမလဲ မြတ်တဲ့အကျင့်ကို ကျင့်တယ်လို့ ဝန်ခံတယ် ဟုတ်လား' လို့ လျှောက်ထားပါတယ်။ မြတ်စွာဘုရားက 'ပုဏ္ဏား၊ မကျိုးမပေါက် မပြောက်မကျားတဲ့ ပြည့်စုံစင်ကြယ်ပြီး မြတ်တဲ့အကျင့်ကို ကျင့်တဲ့သူ အကြောင်းကို တစ်စုံတစ်ယောက်က ပြောချင်တယ်ဆိုရင် ငါ့အကြောင်း ကိုပဲ ပြောရမယ်၊ ပုဏ္ဏား ဒီစကားဟာ မှန်ရင် ငါဟာ မကျိုးမပေါက် မပြောက်မကျားတဲ့ ပြည့်စုံစင်ကြယ်ပြီး မြတ်တဲ့အကျင့်ကို ကျင့်တယ်'လို့ မိန့်တော်မူပါတယ်။ အဲဒီအခါ ဇာဏုဿောဏိပုဏ္ဏားက 'အရှင်ဂေါတမ ဘယ်လိုကျင့်မှသာ မကျိုးမပေါက် မပြောက်မကျားတဲ့၊ ပြည့်စုံစင်ကြယ် ပြီး မြတ်တဲ့အကျင့်ကို ကျင့်ရာရောက်ပါသလဲ'လို့ ထပ်ပြီး လျှောက်တယ်။ မြတ်စွာဘုရားက

'(၁) ပုဏ္ဏား၊ ဒီလောကမှာ တချို့ သမဏ ဗြာဟ္မဏဟာ မြတ်တဲ့အကျင့်ကို ကောင်းစွာကျင့်တယ်လို့တော့ ဝန်ခံတယ်၊ ဒီသမဏ ဗြာဟ္မဏတွေဟာ မာတုဂါမနဲ့အတူ နှစ်ယောက်နှစ်ယောက် ပြုကျင့်ရတဲ့ မေထုန်ကိုတော့ မမှီဝဲဘူး၊ ဒါပေမယ့် မာတုဂါမက နံ့သာနဲ့ ပွတ်သပ်ပေးတာ ဆီနဲ့ ဆုပ်နယ်ပေးတာ၊ ရေချိုးပေးတာတွေကိုတော့ သာယာတယ်၊ နှစ်သက်တယ်၊ အလိုရှိတယ်။

'(၂) ပုဏ္ဏား၊ တချို့သမဏ ဗြာဟ္မဏကတော့ မာတုဂါမက ဒီလိုနံ့သာနဲ့ ပွတ်သပ်ပေးတာ၊ ဆီနဲ့ဆုပ်နယ်တာ၊ ရေချိုးပေးတာကိုတော့ မခံဘူး၊ ဒါပေမယ့် မာတုဂါမနဲ့ အတူတူ စကားပြောတယ်၊ ရယ်စရာ မောစရာတွေ ပြောတယ်၊ ပြင်းပြင်းထန်ထန် ရယ်တယ်။



'(၃) ပုဏ္ဏား၊ တချို့သမဏ ဗြာဟ္မဏတွေကတော့ အခုဆိုခဲ့ပြီး တာတွေကို မလုပ်ဘူး၊ ဒါပေမယ့် မာတုဂါမရဲ့ မျက်စိကို သူတို့ရဲ့မျက်စိနဲ့ တစိမ့်စိမ့်ကြည့်တယ်၊ ရှုတယ်။

'(၄) ပုဏ္ဏား၊ အချို့သမဏ ဗြာဟ္မဏကတော့ အခုဆိုခဲ့ပြီးတာ တွေကို မလုပ်ဘူး၊ ဒါပေမယ့် နံရံတစ်ဖက်ကဖြစ်စေ၊ တံတိုင်းတစ်ဖက်က ဖြစ်စေ၊ ရယ်ရွှင်နေတဲ့၊ စကားပြောနေတဲ့၊ သီချင်းဆိုနေတဲ့၊ ငိုကြွေးနေတဲ့ မာတုဂါမရဲ့ အသံကို နားထောင်တယ်။

'(၅) ပုဏ္ဏား၊ တချို့သမဏ ဗြာဟ္မဏကတော့ အခုဆိုခဲ့ပြီးတာ တွေကို မလုပ်ဘူး၊ ဒါပေမယ့် ရှေးက မာတုဂါမနဲ့ အတူ ရယ်ရွှင်ခဲ့ဖူး တာတွေ စကားပြောခဲ့ဖူးတာတွေ၊ ပျော်ပါးမြူးတူးခဲ့ဖူးတာတွေကို မကြာ ခဏ အောက်မေ့တယ်။

'(၆) ပုဏ္ဏား၊ တချို့သမဏ ဗြာဟ္မဏကတော့ အခုဆိုခဲ့ပြီး တာတွေ မလုပ်ပါဘူး၊ ဒါပေမယ့် ကာမဂုဏ် ငါးပါးကို ခံစားပျော်ပါး နေတဲ့ သူဌေးသူကြွယ်တွေ၊ သူတို့ရဲ့ သားတွေကို မြင်ပြီး သာယာတယ်၊ နှစ်သက်တယ်။

'(၇) ပုဏ္ဏား၊ တချို့သမဏ ဗြာဟ္မဏကတော့ အခုဆိုခဲ့ပြီးတာ တွေ မလုပ်ပါဘူး၊ ဒါပေမယ့် နတ်အဖြစ်ကို သာယာပြီး နတ်စည်းစိမ်တွေ ကို ခံစားချင်တဲ့စိတ်နဲ့ သီလစောင့်တယ်၊ ရှိုးခြံတယ်၊ မြတ်တဲ့အကျင့်ကို ကျင့်တယ်။

'ပုဏ္ဏား၊ အခုဆိုခဲ့ပြီးတဲ့ ခုနစ်မျိုးစလုံးဟာ မြတ်တဲ့ အကျင့်ရဲ့ ကျိုးမှု ပေါက်မှု ပြောက်မှု ကျားမှုတွေပဲ ဖြစ်တယ်။

'ပုဏ္ဏား၊ ဒီလို သမဏ ဗြာဟ္မဏမျိုးကို မေထုန်မှီဝဲတာနဲ့ ဆက်စပ်နေတဲ့ မမြတ်တဲ့အကျင့်ကို ကျင့်သူလို့ ဆိုရမယ်၊ ဒီသမဏ

www.burmeseclassic.com

www.burmeseclassic.com



ဗြာဟ္မဏမျိုးကို ပင့်သနွေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ ပူဆွေးခြင်း၊ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းတွေက မလွတ်သူတွေ၊ ဆင်းရဲခြင်းက မလွတ်သူတွေလို့ ငါဆိုတယ်။

'ပုဏ္ဏား၊ ဒီမေထုန်ငယ် ခုနစ်ပါးထဲက တစ်ပါးပါးကို ငါ့မှာ မပယ်ရသေးဘူးဆိုတာ ငါမြင်နေရသရွေ့ ကာလပတ်လုံး ငါဟာ အတုမရှိ သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်းပြီး သိပြီလို့ သမဏ ဗြာဟ္မဏတွေ မင်းတွေ လူတွေ နတ်တွေ ဗြဟ္မာတွေကို ငါဝန်မခံခဲ့ဘူး။

'ပုဏ္ဏား၊ ငါဟာ အတုမရှိ မြတ်တဲ့ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်းပြီးသိပြီ၊ ငါရဲ့ အရဟတ္တဖိုလ်ဟာ မပျက်စီးတော့ဘူး။ ဒီဘဝဟာ ငါရဲ့ နောက်ဆုံးဘဝပဲ၊ ဘဝသစ်တစ်ဖန်ဖြစ်ဖို့ အကြောင်း မရှိတော့ဘူး'လို့ မြတ်စွာဘုရားက မိန့်တော်မူတယ်။

'ပုဏ္ဏားလဲ၊ ဒီတရားကို နာပြီးတဲ့အခါ၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသိကာဖြစ်သွားတယ်၊ ဦးသုန္ဒရေ၊ ကိလေသာ မကုန်သေးတဲ့ ရဟန်းတွေမှာတော့ ဒီမေထုန်ငယ်ခုနစ်ပါးကို လုံးဝ ပယ်နိုင်ကြဦးမှာ မဟုတ်သေးဘူး၊ အဲဒီတော့ ဒီမေထုန်ငယ်ခုနစ်ပါးဟာ မကြာခဏဆိုသလို ဒီရဟန်းတွေရဲ့ ကိုယ်ခန္ဓာတွင်းမှာ ပေါ်ကြဦးမှာပဲ၊ အဲဒီလို ပေါ်လာတဲ့အခါ ဒါတွေကို သာယာပြီး စိတ်အလိုမလိုက်နဲ့၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးကို ဆင်ခြင်ပြီး မိမိ စောင့်ထိန်းနေတဲ့ သီလကို ညစ်နွမ်း စေမယ့် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတွေကို အစွမ်းကုန် တိုက်ထုတ်ပစ်ပေတော့၊ ဦးသုန္ဒြဟာ ပရိယေသန ဝမ်းစာအတွက် မဟုတ်ဘဲ ဘုရား တရား သံဃာ ရတနာမြတ် သုံးပါးမှာ တကယ်အဟုတ် မတုန်မလှုပ် ကြည်ညိုယုံကြည်တဲ့စိတ်နဲ့ ရဟန်းဘောင်ကို ဝင်လာတယ်၊ အဲဒီလို ပုဂ္ဂိုလ်ဟာ ရှိသမျှ အချိန်တွေ အလဟဿမဖြစ်စေနဲ့၊ ရဟန်းတွေ ရထိုက်တဲ့ အကျိုးတွေ မှန်သမျှ ဒီဘဝမှာပဲ အလုံးစုံရနိုင်အောင် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားပါ၊ ဦးသုန္ဒြဟာ အပြောအဆိုမှာရော အနေအထိုင်မှာရော၊ အကြံ အစည်မှာရော ကိုယ့်ပတ်ဝန်းကျင်မှာ



ရှိကြတဲ့ ရဟန်းတွေ၊ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေရဲ့ အကြည်ညိုကို ခံနိုင်ပါစေ'လို့ ဘုန်းကြီးက ဩဝါဒပေးလိုက်တယ်။

ဘုန်းကြီးတွေ သိမ်ဆင်းတဲ့အခါ ဦးသိန်းရဲ့ မိတ်ဆွေသင်္ဂဟတွေ၊ စက်ဖက်က အလုပ်သမားတွေက လှူဖွယ်ပစ္စည်းတွေ လောင်းကြတယ်။ သူဌေးကိုလှိုင်ဖေကတော့ အလုပ်များနေလို့ မလာနိုင်ဘူး။ သူဌေးသမီး မမေကြည်ကလေးပဲ လာပြီး ဘုန်းကြီးတွေကို ငွမ်းစောင်တစ်ထည်စီ လောင်းတယ်။ မမေကြည်ကလေးဟာ အရုပ်မှာတော့ သူ့အမေလို ခပ်မြင့်မြင့်ပဲ။ ဒါပေမယ့် ကိုယ်လုံးကိုယ်ပေါက်မှာတော့ သူ့အမေ အပျိုတုန်းကလို ထွားထွားကျိုင်းကျိုင်း မဟုတ်ဘူး၊ သေးသေးသွယ်သွယ်ပဲ။ မျက်နှာကတော့ သူ့အမေထက် ပိုပြီး ချောတယ်။ အသား ဖြူတယ်။ ငယ်ငယ်က သူ ပြုံးလိုက်ရင် မျက်နှာကလေးက ကြည်လွန်းလို့ သူ့အမေ မခင်လှကိုယ်တိုင်က မမေကြည် ဆိုတဲ့ နာမည်ကို ပေးထားတယ်။ သူကိုးတန်းမှာတုန်းက တန်ဆောင်မုန်းလ သူတို့ ကျောင်းကလုပ်တဲ့ မီးထွန်းပွဲမှာ ဆရာတွေ ဆရာမတွေက ကြီးကြပ်ပြီး ကျောင်းသူကျောင်းသား ပဒေသာကပွဲတစ်ခု လုပ်တယ်။ အဲဒီပွဲမှာ ဥမ္မာဒန္တီပြဇာတ်တစ်ခုပါတယ်။ အဲဒီပြဇာတ်ထဲမှာ အကြည်ဟာ ဥမ္မာဒန္တီလုပ်ရတယ်။

ဘုန်းကြီးအားလုံး ကြွသွားပြီးတဲ့အခါ ငွေကိုင်စာရေးကြီး ဦးဘခိုင်က မမေကြည်အနားကိုကပ်ပြီး ခပ်လှမ်းလှမ်းကလျှောက်လာနေတဲ့ မန်နေဂျာအသစ် ကိုမြင့်ဆွေကို အမှတ်တမဲ့ လက်ညှိုးနဲ့ အသာထိုးပြရင်း 'အကြည်တို့ရဲ့ မန်နေဂျာအသစ် ကိုမြင့်ဆွေဆိုတာ သူပဲ'လို့ ပြောလိုက်တယ်။ မမေကြည်လဲ အသာ ကြည့်နေတယ်။ ကိုမြင့်ဆွေ အနားရောက်လာတဲ့အခါ ဦးဘခိုင်ကပဲ 'မန်နေဂျာ၊ သူဌေးတော့ မနက်က မလာနိုင်ဘူး၊ မမေကြည်ပဲ ငွမ်းစောင်တွေ လာလောင်းတယ်'လို့ မိတ်ဆက်တဲ့အနေနဲ့ ပြောလိုက်တယ်။ 'မမေကြည်၊ မင်းတို့မေမေ နေကောင်းရဲ့လား'လို့ ကိုမြင့်ဆွေက မေးတယ်။ မမေကြည်လဲ မေး မေးချင်း နေကောင်းတယ်လို့ ဖြေရမလား၊ နေမကောင်းဘူးလို့ပဲ ဖြေရမလားဆိုတာ မဝေခွဲနိုင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းဘူးဆိုရင် ဘာဖြစ်တာလဲလို့ ဘာတို့ ညာတို့ လျှောက်ပြီးရှည် လာမှာ စိုးတယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်ဆိုပြီး 'နေမကောင်းဘူး'လို့ ဖြေလိုက်တယ်။ ကိုမြင့်ဆွေလဲ မမေကြည်ရဲ့အမေ မခင်လှအကြောင်းကို အကုန်လုံး သိပြီးပါပြီ။ မေးတာက လောကွတ်အနေနဲ့ မေးလိုက်တာပဲ။ ဒါပေမယ့် မမေကြည်က အဖြေခပ်ဆိုင်းဆိုင်း ဖြစ်နေတဲ့အတွက် ဘာမှ ဆက်မမေးတော့ဘဲ 'မမေကြည်ရေ၊ ကျေးဇူးတင်ပါတယ်ကွယ်' ဆိုပြီး ဆက်လျှောက်သွားတယ်။ သုံးလေးလှမ်းလောက် လျှောက်မိတာနဲ့ မမေ ကြည်ရဲ့အကြောင်းကို ကိုမြင့်ဆွေ သတိမရတော့ဘူး။

ကိုမြင့်ဆွေကသာ သတိမရတယ်။ မမေကြည်ကတော့ အိမ်ကို ပြန်သွားတဲ့အခါ တစ်လမ်းလုံး ကိုမြင့်ဆွေကို သတိရသွားတယ်။ ဒီလို သတိရစရာ အကြောင်းထူးကြီးတစ်ခု မမေကြည်မှာ ရှိနေတယ်။ မမေကြည် ဟာ သူ့အဖေက သူ့အမေကို မရှုမလှ နှိပ်စက်တာ အမြဲလိုလို မြင်နေ ရတယ်။ သူငယ်ငယ်ကလေးကတည်းက သူတို့အိမ်မှာ ထမင်းချက် လုပ် လာတဲ့ အေးညိမ်းဟာ သူ့မယားလှကြည်ကို မရှုမလှ နှိပ်စက်တာ အမြဲလိုလို မြင်နေရတယ်။ ကျောင်းနေတုန်းကလဲ ကျောင်းမှာ အချုပ်အချုပ် ရောင်းတဲ့ ဝဲကျော်ဟာ မယားရပြီးလို့ တစ်လခွဲလောက်ပဲရှိသေးတယ် တဗုန်းဗုန်းနဲ့ မယားကို ရိုက်နေတာတွေ၊ မယားလဲ အော်ဟစ်ပြီး အိမ် ပေါ်က ဆင်းဆင်းပြေးရတာတွေကို မမေကြည် အကြိမ်ပေါင်းများစွာ မြင်ခဲ့ရတယ်။ နောက်တော့ ကျောင်းနားမှာ မနေရဘူးလို့ ဒီဝဲကျော် လင်မယားကို ဆရာမကြီးကိုယ်တိုင် နှင်ပစ်ခဲ့ရတာကိုလဲ မမေကြည် သိ နေတယ်။ ကျောင်းနားက ပြောင်းသွားလို့ တစ်လလောက်ကြာတော့ ဝဲကျော်ရဲ့မိန်းမ သောင်းတင်ကလေးဟာ ကိုယ်ဝန်ကြီးနဲ့ ဆွဲကြိုးချပြီး သေရရှာတာကိုလဲ မမေကြည် သိနေတယ်။ နောက်ပြီးတော့ သူ့မေမေနဲ့ ညီမဝမ်းကွဲတော်တဲ့ မလှငွေဆိုတာလဲ မဆုံးခင်တုန်းက အိမ်လာတဲ့အခါ တိုင်း သူ့လင် နှိပ်စက်တဲ့အကြောင်းကို ပြောပြောပြီး ချုန်းပွဲချ ငိုငိုသွား တာတွေကိုလဲ မမေကြည်ကလေးဟာ မြင်လဲ မြင်ခဲ့ရတယ်။ ကြားလဲ



ကြားခဲ့ရတယ်။ အဲဒီတော့ ယောကျ်ားဆိုတာ ကိုယ့်ထက်အားငယ်တဲ့ မိန်းမကို အနိုင်ကျင့်တတ်တဲ့၊ နှိပ်စက်တတ်တဲ့၊ ရက်စက်ကြမ်းကြုတ်တဲ့ သတ္တဝါတစ်မျိုးပဲလို့ မမေကြည်ရဲ့ ဦးနှောက်ထဲ အရှထဲ အသည်းထဲ ရိုးတွင်းချဉ်ဆီထဲမှာ အစွဲကြီး စွဲနေတယ်။

မမေကြည်ဟာ ရှစ်တန်းကို ရောက်ကတည်းက ဒိုင်ယာရီတစ်အုပ် ထားပြီး တခြားအကြောင်းတွေထက် ယောကျ်ားတွေက မိန်းမတွေကို နှိပ်စက်တဲ့အကြောင်းတွေကို ပိုပြီး မှတ်တာပဲ။ သူ့ဒိုင်ယာရီထဲမှာ အမှတ်ရဆုံးပုဂ္ဂိုလ်နှစ်ဦးကတော့ တခြားသူတွေ မဟုတ်ပါဘူး။ သူ့အဖေနဲ့ သူတို့ရဲ့ ထမင်းချက်သမား အေးညိမ်းတို့ပဲ ဖြစ်တယ်။ မမေကြည်ဟာ သူ့အဖေက သူ့အမေကို နှိပ်စက်ပုံတွေ သေသေချာချာ စုံစုံလင်လင် ရေးထားတဲ့ ဒိုင်ယာရီအဟောင်းတွေကို တစ်ခါတစ်ခါ ပြန်ပြီး ဖတ်တယ်။ အဲဒီလိုဖတ်တိုင်း သူ့ဟာသူ မျက်ရည်ကျတယ်။ သူတင် မဟုတ်ပါဘူး။ အဲဒီ ဒိုင်ယာရီတွေကို တခြားသူတွေဖတ်ရင်လဲ ကျောက်လိုမာတဲ့ နှလုံးသား ရှိတဲ့သူတွေသာ မဟုတ်ရင် မျက်ရည်ကျရမှာပဲ။ အဲဒီလိုဖြစ်ပြီး မမေကြည်ဟာ ယောကျ်ားဆိုရင် သိပ်ပြီး နင်းကန်ပြီး အရမ်းဖြစ်ပြီး အစွမ်းကုန် အရှထဲ အသည်းထဲကပါ မုန်းနေတယ်။

အဲဒီ ယောကျ်ားတွေကို သိပ်ပြီး နင်းကန်ပြီး အရမ်းဖြစ်ပြီး အစွမ်းကုန် အရှထဲ အသည်းထဲကပါ မုန်းနေတယ်ဆိုတာကိုလဲ မကွယ် မထောက်ဘဲ သူ့ဒိုင်ယာရီထဲမှာ ရေးထားတယ်။ ဒီလိုပဲ ယောကျ်ားမုန်းရင် အမုန်းကြီး မုန်းနေတယ်ဆိုတဲ့ စာတွေဟာ သူ့ဒိုင်ယာရီရဲ့ နှစ်ရွက်ခြား သုံးရွက်ခြားလောက်မှာလိုလိုပဲ တွေ့နိုင်တယ်။

သူ့အမေဟာ အသက်ဆယ့်ခြောက်နှစ်မှာ အိမ်ထောင်ပြုရတယ်။ အဲဒါကို မမေကြည်ဟာ သူ့အမေဆီက သိတယ်။ အဲဒါကြောင့် တစ်ဆယ့်ခြောက်နှစ်ထဲကိုရောက်တဲ့အခါ ရေးတဲ့ဒိုင်ယာရီတွေထဲမှာဆိုရင် အင်မတန်ထူးခြားတဲ့ စာတစ်မျိုးကို နှစ်ရွက်ခြား သုံးရွက်ခြားမှာလိုလိုပဲ တွေ့ရတယ်။ ဒီစာကတော့ တခြား မဟုတ်ဘူး။ သူဟာ ယောကျ်ားဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ကျောထဲက စိမ့်နေအောင် ကြောက်တယ်။ မုန်းလဲ အင်မတန် မုန်းတယ်၊ ရွံလဲ အင်မတန် ရွံတယ်။ ဒါကြောင့် သူ့ကို သူ့မိဘတွေက ယောကျ်ား ယူဖို့ပြောရင် မယူချင်ဘူးလို့ သူငြင်းမယ်။ ငြင်းလို့ မရဘူး၊ အတင်း ယောကျ်ားပေးစားမယ်ဆိုရင် သူ့ဆွဲကြိုးချပြီး သေမယ်။ သေမယ်။ သေမယ်။ အဲဒီလို ပြင်းပြင်းထန်ထန် ရေးထားတဲ့စာမျိုးတွေပဲ ဖြစ်တယ်။

ဒိုင်ယာရီရဲ့ တခြား နှစ်နေရာ သုံးနေရာမှာ ထူးခြားတဲ့ ဒီလိုစာမျိုး ကိုလဲ တွေ့ရသေးတယ်။ အခန်းထဲမှာ ကြိုးတန်းလုပ်ဖို့ဆိုပြီး ထမင်းချက် သမား အေးညိမ်းရဲ့မိန်းမ လှကြည်ကို ကြိုးအဝယ်ခိုင်းတယ်။ နှစ်ကျပ် တစ်မတ် ပေးရတယ်။ လှကြည် ပထမဝယ်လာတဲ့ ကြိုးဟာ သေးချင် သေးနေမယ်။ ကြိုးသေးပြီး ပြတ်သွားရင် သူဟာ မသေမရှင် ဖြစ်နေမယ်လို့ ညကျမှ တွေးကြည့်မိတယ်။ ဒါကြောင့် နောက်တစ်နေ့မှာ ကြိုးကြီးကြီး တစ်ချောင်းနဲ့ ပြန်လဲရတယ်။ ကြိုးဟာ သူ့ကို ဒုက္ခတွေက ကယ်မှာ ဖြစ်တဲ့အတွက် ဒီကြိုးဟာ သူ့ကျေးဇူးရှင် ကြိုးဖြစ်တယ်လို့ ရေးထားတာ တွေကိုလဲ တွေ့ရတယ်။

အဲဒီလောက်အထိ ယောကျ်ားဆိုရင် မုန်းနေတဲ့သူဟာ ကိုမြင့်ဆွေနဲ့ စကားပြောပြီးတဲ့အချိန်ကစပြီး ကိုမြင့်ဆွေရဲ့ မျက်နှာ၊ အထူးသဖြင့် ရူးရူ တောက်ပြောင်တဲ့ မျက်လုံးနှစ်လုံးဟာ သူ့မျက်စိထဲမှာ တစ်ပေါ်တည်း ပေါ်နေတယ်။ 'မမေကြည်၊ မင်းတို့မေမေ နေကောင်းရဲ့လား' လို့ ကိုမြင့် ဆွေက မေးလိုက်တာကလေးတွေ၊ နောက်ပြီးတော့ 'အေး မမေကြည်ရေ၊ ကျေးဇူးတင်ပါတယ်ကွယ်' လို့ ပြောလိုက်တာကလေးတွေ ဟာလဲ မမေကြည် ကလေးရဲ့ နားထဲမှာ တကြားထဲ ကြားနေတယ်။ အဲဒါနဲ့ အိမ်ပြန်ရောက် ရောက်ချင်း သူ့မေမေဆီကိုသွားပြီး ပဋ္ဌင်းခံမှာ ဝမ်းစောင်လောင်းခဲ့တဲ့ အကြောင်းကို ပြောတယ်၊ အမှုဝေတယ်။ မန်နေဂျာအသစ် ကိုမြင့်ဆွေ ဆိုတာကိုလဲ တွေ့ခဲ့ရတဲ့အကြောင်း ပြောတယ်။ မန်နေဂျာကလဲ မေမေ နေကောင်းရဲ့လားလို့ မေးလိုက်တဲ့အကြောင်း၊ သူကလဲ မေမေနေမကောင်း ဘူးလို့ ပြောလိုက်တဲ့အကြောင်းတွေ ပြောပြတယ်။

www.burmeseclassic.com



အဲဒီလိုပြောပြီးတာနဲ့ သူ့အခန်းကိုသွား၊ ဘီရိုကို သော့နဲ့ဖွင့်၊ ဒိုင်ယာရီကိုထုတ်ပြီး ဒီလို ရေးနေတယ်။

'ဒီကနေ့ ဦးသိန်းရဲ့ ပဋ္ဌင်းခံမှာ မန်နေဂျာအသစ် ကိုမြင့်ဆွေနဲ့ တွေ့တယ်၊ သူကိုကြည့်ရတာ ဖေဖေလို လူယုတ်မာတော့ ဟုတ်မယ် မထင်ဘူး၊ သူ့မျက်လုံးတွေမှာ တန်ခိုးတွေရှိတယ်ထင်တယ်၊ ငါ့မျက်လုံးနဲ့ သူ့မျက်လုံးတွေ သုံးလေးခါလောက် ဆိုင်မိတယ်၊ ဒီလိုဆိုင်မိတဲ့အခါတိုင်း ငါတစ်ကိုယ်လုံး ဖျန်းခနဲ ဖျန်းခနဲ ဖြစ်ဖြစ်သွားတယ်၊ သူ့အသံကလဲ သိပ်ပြီးသာတာပဲ၊ ဖေဖေ့အသံနဲ့တော့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေ တယ်၊ ဖေဖေ့အသံကို ကြားရတိုင်း၊ အသံကြားရင် မုန်းပါစေဆိုတဲ့ ဆုတောင်းပြည့်လို့ပဲ ထင်ပါရဲ့၊ ငါသိပ်မုန်းတာပဲ၊ ကိုမြင့်ဆွေအသံ ကတော့ အသံကြား သနားပါစေဆိုတဲ့ ဆုတောင်းပြည့်တယ်ထင်တယ်၊ သူ့အသံကိုကြားတာနဲ့ သူ့ကို မသနားဘဲ မနေနိုင်ဘူး၊ ဖေဖေ့အသံဟာ ညသန်းခေါင်လောက် ငှက်ဆိုးထိုးတဲ့အသံနဲ့ တူတယ်၊ ကိုမြင့်ဆွေရဲ့ အသံဟာ မနက်အစောကြီးမှာ ကြားရတဲ့ ဥသြသံနဲ့တူတယ်'

လို့ ရေးထားတယ်။ ညအိပ်ခါနီးကျတော့ ဒိုင်ယာရီကို ဒီလို ဆက်ရေး ပြန်တယ်။

'လူတွေကို ကုပ်ချိုးစားရအောင် လူယောင်ဖန်ဆင်းထားတဲ့ ဘီလူးတွေဟာလဲ သူတို့လက်တွင်းကို လူတွေ မရောက်သေးသရွေ့ သူတို့ကိုယ်ကို သိပ်ချစ်စရာ၊ သနားစရာ၊ စုံမက်စရာကောင်းအောင် ဖန်ဆင်းထားကြတာပဲ၊ လူတွေက အပြင်ရုပ်ကို အဟုတ်ထင်ပြီး သူတို့ ကျော့ကွင်းထဲကိုရောက်တော့မှ လူ့ရုပ်ကိုစွန့် အစွယ်တွေထုတ် ကုပ်ချိုးစားတာပါပဲ၊ မိကြည်၊ နင်သတိထား၊ နင့်သေဆေးကို နင်ဖော် မစားချင်နဲ့'

လို့ ဆက်ရေးပြီး အိပ်ရာထဲ ဝင်သွားတယ်။

အိပ်ရာထဲမှာ မအိပ်သေးဘူး၊ ပက်လက်လှန်ရင်း နဖူးပေါ် လက် တင်ပြီး စဉ်းစားလိုက်၊ ညာဘက်ကို စောင်း စဉ်းစားလိုက်၊ ဘယ်ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



စောင်း စဉ်းစားလိုက်နဲ့ တစ်နာရီလောက်ကြာတဲ့အခါ အိပ်ရာထဲက ထွက်လာပြန်တယ်။ ဘီရိုကို ပြန်ဖွင့် ဒိုင်ယာရီကိုထုတ်ပြီး

'လူတစ်ယောက်ကို တစ်ခါတည်းတွေ့ရရုံနဲ့ လူဆိုးလို့ဖြစ်စေ လူကောင်းလို့ဖြစ်စေ ဆုံးဖြတ်တာဟာ မကောင်းဘူး'

လို့ ဆက်ရေးပြန်တယ်။

မမေကြည်ကလေးဟာ မုန့်ဆီကြော်ကို ရမလား၊ မရဘူးလား မသိရသေးခင် နှုတ်ခမ်းနာနဲ့ တည့်မှ တည့်ပါ့မလား လို့ တစ်ယောက်တည်း ဖြစ်နေတာကို ကိုမြင့်ဆွေတစ်ယောက်ကတော့ ဘာမှ မသိဘူး။ တစ်နေ့လုံး ပင်ပန်းနေတာနဲ့ မမေကြည် ဒိုင်ယာရီကို ထပြီး ရေးနေတဲ့အချိန်မှာ ကိုမြင့်ဆွေဟာ သူ့အိမ်မှာ အိပ်မောကျနေတယ်။

*

ဦးပဉ္စင်း ဦးသုန္ဒြလဲ ဆရာတော်ဘုရား‌ရဲ့ ညွှန်ကြားချက်အရ ဦးအာဒိစ္စ ဆီမှာ အရေးကြီးတဲ့ ဝိနည်းအစိတ်အပိုင်းတွေကို သင်နေတယ်။ လပြည့်နေ့ ညနေခင်းရောက်တဲ့အခါ သာသနာ့ရိပ်သာမှာရှိကြတဲ့ ရဟန်းတွေအားလုံး သိမ်ထဲမှာ ဥပုသ်ပြုကြတယ်။ ဥပုသ်ပြုပြီးတဲ့အခါ ဆရာတော်ဘုရားက ရဟန်းတွေကို ဒီလို ဩဝါဒပေးတယ်။

'အခါတစ်ပါးမှာ ရှင်တော်မြတ်ဘုရားဟာ ရဟန်းတွေကို ဒီလို မိန့်ကြားတော်မူတယ်။

'ရဟန်းတို့ အနာဂတ်ဘေးငါးမျိုးတို့ဟာ အခုအခါ မဖြစ်ပေါ်သေး ဘူး၊ နောင်အခါ ဖြစ်ပေါ်လိမ့်မယ်၊ ဒီဘေးတွေကို သင်တို့ သိရမယ် အဲဒီလိုသိပြီး ဒီဘေးတွေ ပျောက်ကွယ်သွားအောင် သင်တို့ အားထုတ် ရမယ်၊ ဒီဘေးငါးမျိုးဆိုတာ ဘာတွေလဲ။

'ရဟန်းတို့ အနာဂတ်ကာလမှာ ရဟန်းတွေဟာ ကိုယ်ကျင့် မရှိသူ၊ သီလကို မပွားများသူ၊ သမာဓိကို မပွားများသူ၊ ပညာကို မပွား များသူတွေ ဖြစ်လိမ့်မယ်၊ ဒီလို ရဟန်းတွေဟာ သူတစ်ပါးကို ဥပဇ္ဈာယ်



ဆရာလုပ်ပြီး ပဉ္စင်းခံပေးကြလိမ့်မယ်၊ ဒီဥပဇ္ဈာယ်ဆရာတွေကိုယ်တိုင်က ကိုယ်ကျင့်ရှိသူတွေ သီလ သမာဓိ ပညာကို ပွားများကြသူတွေမဟုတ် တော့ ဒီဆရာတွေဟာ သူတို့ရဲ့ တပည့်တွေကို လွန်မြတ်တဲ့ ကိုယ်ကျင့်၊ လွန်မြတ်တဲ့ သီလ၊ လွန်မြတ်တဲ့ သမာဓိ၊ လွန်မြတ်တဲ့ ပညာနဲ့ ပတ် သက်ပြီး ဆုံးမနိုင်ကြမှာမဟုတ်ဘူး၊ အဲဒီတပည့်တွေကလဲ ဥပဇ္ဈာယ်ဆရာ တွေ ဖြစ်လာကြတဲ့အခါ သူတို့ရဲ့ တပည့်တွေကို လွန်မြတ်တဲ့ ကိုယ်ကျင့်၊ လွန်မြတ်တဲ့ သီလ၊ လွန်မြတ်တဲ့ သမာဓိ၊ လွန်မြတ်တဲ့ ပညာနဲ့ ပတ်သက် ပြီး ဆုံးမနိုင်ကြမှာ မဟုတ်တော့ဘူး၊ အဲဒီလိုနဲ့ တရားပျက်စီးတာကြောင့် ဝိနည်း ပျက်စီးမယ်၊ ဝိနည်း ပျက်စီးတာကြောင့် တရား ပျက်စီးမယ်။

'ရဟန်းတို့၊ ဒုတိယအနာဂတ်ဘေးလဲ ရှိသေးတယ်၊ ရဟန်းတို့ နောင်အခါမှာ ရဟန်းတွေဟာ ကိုယ်ကျင့်၊ သီလ၊ သမာဓိ၊ ပညာကို မပွားများသူတွေ ဖြစ်ကြလိမ့်မယ်၊ ဒီရဟန်းတွေဟာ သူတို့ကိုယ်တိုင်က ကိုယ်ကျင့်၊ သီလ၊ သမာဓိ၊ ပညာကို မပွားများကြဘဲ သူများကို နိဿရည်း ပေးကြလိမ့်မယ်၊ ဆရာတွေကိုယ်တိုင်က ကိုယ်ကျင့်၊ သီလ၊ သမာဓိ၊ ပညာကို ပွားများမထားကြတဲ့အတွက် သူတို့ရဲ့ တပည့်တွေကို လွန်မြတ်တဲ့ကျင့်၊ လွန်မြတ်တဲ့ သီလ၊ လွန်မြတ်တဲ့ သမာဓိ၊ လွန်မြတ်တဲ့ ပညာနဲ့ ပတ်သက်ပြီး ဒီဆရာတွေဟာ ဆုံးမနိုင်မှာ မဟုတ်ဘူး၊ အဲဒီ တပည့်တွေဟာ ဆရာတွေ ဖြစ်လာကြတဲ့အခါမှာလဲ သူတို့ရဲ့ တပည့်တွေကို လွန်မြတ်တဲ့ ကိုယ်ကျင့်၊ လွန်မြတ်တဲ့ သီလ၊ လွန်မြတ်တဲ့ သမာဓိ၊ လွန်မြတ်တဲ့ ပညာနဲ့ပတ်သက်ပြီး ဆုံးမနိုင်ကြမှာ မဟုတ်ဘူး၊ ရဟန်းတို့ အဲဒီလိုနဲ့ တရားပျက်စီးတာကြောင့် ဝိနည်းပျက်စီးမယ်၊ ဝိနည်းပျက်စီး တာကြောင့် တရားပျက်စီးမယ်။

ရဟန်းတို့၊ တတိယအနာဂတ်ဘေးလဲ ရှိသေးတယ်၊ ရဟန်းတို့ နောင်အခါမှာ ရဟန်းတွေဟာ ကိုယ်တိုင်က ကိုယ်ကျင့်၊ သီလ၊ သမာဓိ၊ ပညာကို မပွားများသူတွေ ဖြစ်ကြလိမ့်မယ်၊ ဒီရဟန်းတွေဟာ ကိုယ်တိုင်က ကိုယ်ကျင့်၊ သီလ၊ သမာဓိ၊ ပညာကို မပွားကြဘဲ

www.burmeseclassic.com

www.burmeseclassic.com



အဘိဓမ္မကထာနဲ့ ဝေဒလ္လကထာတို့ကို ဟောပြောကြလိမ့်မယ်၊ ဒီရဟန်းတွေဟာ သူတို့ကိုယ်တိုင် အကုသိုလ်တွေ ပွားများနေကြတဲ့အတွက် သူတို့ဟောကြားတဲ့ တရားတွေထဲမှာပါတဲ့ သဘောတရားတွေကို သူတို့ကိုယ်တိုင် နားလည်ကြမှာ မဟုတ်တော့ဘူး၊ ရဟန်းတို့ အဲဒီလိုနဲ့ တရားပျက်စီးတာကြောင့် ဝိနည်းပျက်စီးမယ်၊ ဝိနည်းပျက်စီးတာကြောင့် တရားပျက်စီးမယ်။

'ရဟန်းတို့ စတုတ္ထ အနာဂတ်ဘေးလဲ ရှိသေးတယ်၊ ရဟန်းတို့ နောင်အခါမှာ ရဟန်းတွေဟာ ကိုယ်ကျင့်၊ သီလ၊ သမာဓိ၊ ပညာကို မပွားများကြသူတွေ ဖြစ်ကြလိမ့်မယ်၊ ဒီရဟန်းတွေဟာ ကိုယ်တိုင်က ကိုယ်ကျင့်၊ သီလ၊ သမာဓိ၊ ပညာကို မပွားများကြရုံသာ မကသေးဘူး၊ မြတ်စွာဘုရားရဲ့ လောကမှ ထွက်မြောက်ကြောင်းဖြစ်တဲ့ သုတ္တန်တရားတွေကို ဟောကြားရင်လဲ ဒီရဟန်းတွေဟာ ကောင်းကောင်း နာယူကြမှာ မဟုတ်ဘူး၊ နားထောင်ကြမှာ မဟုတ်ဘူး၊ ဒီတရားတွေကို သိရှိနားလည်ချင်တဲ့ စိတ်တွေဖြစ်မှာ မဟုတ်ဘူး၊ ဒီသုတ္တန်တရားတွေဟာ အဖန်တလဲလဲ သင်ယူအပ်၊ လေ့လာအပ်တဲ့ တရားတွေလို့လဲ မမှတ်ယူကြတော့ဘူး၊ ကဗျာဆရာတွေ၊ သာသနာပြုဆရာတွေ၊ ဆန်းဆန်းကြယ်ကြယ် ရေးသား ဟောပြောနေတဲ့ သုတ္တန်ပါဠိတွေကိုသာ ဒီရဟန်းတွေ နာယူကြလိမ့်မယ်၊ နားထောင်ကြလိမ့်မယ်၊ သိနားလည်ချင်တဲ့ စိတ်တွေ ဖြစ်လိမ့်မယ်၊ အဲဒီ သုတ္တန်တရားတွေကိုသာ အဖန်တလဲလဲ သင်ယူအပ်၊ လေ့လာအပ်တဲ့ တရားတွေလို့ မှတ်ယူကြလိမ့်မယ်၊ ရဟန်းတို့ အဲဒီလိုနဲ့ တရားပျက်စီးတာကြောင့် ဝိနည်းပျက်စီးမယ်၊ ဝိနည်းပျက်စီးတာကြောင့် တရားပျက်စီးမယ်။

'ရဟန်းတို့ ပဉ္စမ အနာဂတ်ဘေးလဲ ရှိသေးတယ်၊ ရဟန်းတို့ နောင်အခါမှာ ရဟန်းတွေဟာ ကိုယ်ကျင့်၊ သီလ၊ သမာဓိ၊ ပညာ မပွားများကြသူတွေ ဖြစ်ကြလိမ့်မယ်၊ မထေရ်ကြီး ရဟန်းတွေဟာ ပစ္စည်းများဖို့အတွက်သာ ကျင့်ကြလိမ့်မယ်၊ သိက္ခာကို လျော့လျော့ပေါ့ပေါ့ ကျင့်ကြလိမ့်မယ်၊ အပါယ်လေးဘုံကို ကျစေတတ်တဲ့ တရားမှာ ရှေ့သွား ခေါင်းဆောင်တွေ ဖြစ်ကြလိမ့်မယ်၊ နိဗ္ဗာန်ရောက်ကြောင်း တရားမှာ တာဝန်မဲ့ ဖြစ်ကြ



လိမ့်မယ်၊ မရောက်သေး၊ မရသေးတဲ့ ဈာန်မဂ်ဖိုလ်တွေကို ရောက်ဖို့ ရဖို့ မျက်မှောက် မပြုရသေးတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ကြိုးစားအားထုတ်ကြတော့မှာ မဟုတ်တော့ဘူး၊ နောင်လာနောက်သားတွေကိုလဲ သူတို့ မြင်နေရတဲ့ ဆရာတွေနောက်ကို အစဉ်တစိုက်လိုက်ကြလိမ့်မယ်၊ အဲဒီ နောင်လာနောက်သားတွေလဲ ပစ္စည်းပေါများအောင်သာ ကျင့်ကြလိမ့်မယ်၊ သိက္ခာကို လျော့လျော့ပေါ့ပေါ့ ကျင့်ကြလိမ့်မယ်၊ အပါယ်လေးဘုံကို ကျစေတတ်တဲ့ တရားတွေမှာ ရှေ့သွားခေါင်းဆောင်တွေ ဖြစ်ကြလိမ့်မယ်၊ နိဗ္ဗာန်ရောက်ကြောင်းတရားတွေမှာ တာဝန်မဲ့ ဖြစ်ကြလိမ့်မယ်၊ မရောက်သေး မရသေးတဲ့ ဈာန်မဂ်ဖိုလ်တွေကို ရောက်ဖို့ ရဖို့ မျက်မှောက်မပြုရသေးတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ကြိုးစားအားထုတ် ကြတော့မှာ မဟုတ်ဘူး၊ ရဟန်းတို့ အဲဒီလိုနဲ့ တရားပျက်စီးတာကြောင့် ဝိနည်းပျက်စီးမယ်၊ ဝိနည်းပျက်စီးတာကြောင့် တရားပျက်စီးမယ်။

'ရဟန်းတို့ ဒီဘေးကြီးငါးမျိုးဟာ အခု မဖြစ်သေးဘူး၊ နောင်ကို ဖြစ်လိမ့်မယ်၊ ဒီဘေးကြီးငါးမျိုးကို သင်တို့ သိရမယ်၊ ဒီလိုသိပြီး ဒီဘေးကြီးတွေ ပပျောက်သွားအောင် သင်တို့ ကြိုးစားအားထုတ်ကြရမယ်'လို့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့ပါတယ်။

'အခု ဒီမှာရောက်ရှိနေကြတဲ့ ရဟန်းသံဃာတွေ အားလုံးဟာ ဘုရားသားတော်များ ဖြစ်ကြတဲ့အတိုင်း ဒီဘေးကြီးတွေ မပေါ်သေးရင်လဲ မပေါ်ရအောင်၊ ပေါ်ပြီးနေရင်လဲ ပပျောက်သွားအောင် ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားအားထုတ်ကြဖို့ တပည့်တော် တိုက်တွန်းပါတယ်'လို့ ဆရာတော်ဘုရားက အမိန့်ရှိပါတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

၂၅

## မမေကြည်၏ ဒိုင်ယာရီ

ကိုမြင့်ဆွေ မန်နေဂျာလုပ်လို့ တစ်လခွဲလောက်အရ ညတစ်ည သန်းခေါင်လောက်မှာ စံမြပဟာ ကိုမြင့်ဆွေ အိပ်ခန်းထဲကို ဝင်လာပြီး ကိုမြင့်ဆွေကို နှိုးတယ်။ မောင်မြင့်ဆွေ နိုးတဲ့အခါ သူဌေး သေသွားပြီ။ သူ့တပည့် ဖိုးသိုး အိမ်ရှေ့မှာ ရောက်နေတယ်လို့ ပြောတယ်။ ကိုမြင့်ဆွေလဲ အိမ်ရှေ့ကို ခပ်သုတ်သုတ်ထွက်သွားတယ်။ ဖိုးသိုးနဲ့တွေ့တဲ့အခါ ဖိုးသိုးက ‘ဆရာရေ သူဌေးတော့ အသတ်ခံရပြီ’ လို့ ပြောတယ်။ ‘ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး’ လို့ ကိုမြင့်ဆွေက မေးတယ်။ ‘ကလပ်မှာ ဖဲကစားကြရင်း သူဌေးတပည့် စိန်သော်က ရာဇဝတ်အုပ်ကိုယ်ဟာ အောက်ဖဲကို လှန်လှန်ကြည့်နေတယ်လို့ သူ့သူဌေးကို ပြောတယ်၊ အဲဒါနဲ့ သူဌေးနဲ့ ကိုယ်တစ်ယောက်တစ်ခွန်း စကားများကြတယ်၊ သူဌေးကစပြီး ကိုယ်ကို ပါးရိုက်လိုက်တယ်၊ ကိုယ်ကလဲ သူဌေးကို ပြန်ရိုက်တယ်၊ သူဌေးက ရှေ့ချထားတဲ့ အရက်ဖန်ခွက်နဲ့ ကိုယ်မျက်နှာကို ပေါက်တယ်၊ စိန်သော်ကလဲ ကိုယ်ကို ကုလားထိုင်နဲ့ ဝင်ပေါက်တယ်၊ အဲဒီတော့ ကိုယ်ဟာ သူ့ခါးထဲက ခြောက်လုံးပြူးနဲ့ထုတ်ပစ်လိုက်တာ သူဌေးရဲ့ ရင်ပတ်ကို



န်ပြီး သူဌေးဟာ ကလပ်မှာပဲ သေတာပဲ၊ အခု အလောင်းကို ဆေးရုံ သူသွားပြီ’ လို့ ဖိုးသိုးက ပြောတယ်။ ကိုမြင့်ဆွေလဲ ကြားရတဲ့အတွက် စိတ်မကောင်းဘူး၊ ဒီအရက်၊ ဒီကစားနဲ့၊ ဒီကာမ အပျော်အပါးဟာ ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးပါဘူးလို့ စဉ်းစားရင်း အဝတ်အစား ခပ်မြန်မြန်လဲပြီး ဖိုးသိုးနဲ့အတူတူ ဆေးရုံကို လိုက်သွားတယ်။

သူဌေးရဲ့ မန်နေဂျာ ကိုမြင့်ဆွေကသာ သူ့သူဌေးသေတဲ့အတွက် စိတ်မချမ်းမသာ ဖြစ်နေတယ်။ သူဌေးကတော်နဲ့ သူဌေးသမီးကတော့ အပျော်ကြီး ပျော်၊ ဝမ်းအသာကြီးသာ၊ စိတ်အချမ်းသာကြီး သာနေကြတယ်။ ဖိုးသိုးက ကိုမြင့်ဆွေဆီကို မသွားခင် အကြောင်းကြားရအောင် သူဌေးအိမ်ကို အရင်သွားတယ်။ သူဌေးအိမ်မှာ မမေကြည်ကို တွေ့ပြီး အကျိုးအကြောင်း ပြောပြတယ်။ ဒီအကြောင်းကိုကြားရတာနဲ့ မမေကြည်ဟာ ဝမ်းသာအားရဖြစ်ပြီး လှေကားပေါ် အတင်းပြေးတက်သွားတယ်။ သူ့အမေအခန်းထဲဝင် အမေကို နှိုးပြီး ဝမ်းသာအားရနဲ့ ‘မေမေ၊ ဖေဖေ သေပြီ၊ ဖေဖေသေပြီ’ လို့ ပြောတယ်။ အမေကလဲ ဒီသတင်း မမှန်မှာကို စိုးရိမ်တဲ့စိတ်နဲ့ ‘သမီး ဘယ်ကကြားလာသလဲ’ လို့ မေးတယ်။ ‘အခုပဲ ဖိုးသိုး အိမ်အောက်မှာပြောသွားတယ်’ လို့ သမီးက ပြောတယ်။ ‘ဘယ်မှာ သေတာလဲ’ လို့ အမေက ထပ်မေးတယ်။ သမီးက ဖိုးသိုး ပြောပြတာတွေကို ပြန်ပြောပြတယ်။

အဲဒီအခါ အမေကလဲ သေနတ်မှန်ရုံသာမှန်ပြီး မသေသေးဘဲ သတိမေ့တာလောက်သာ ဖြစ်နေတာများလားလို့ စိတ်ထဲက စနိုးစနောင့် ဖြစ်နေတာနဲ့ ‘သမီးရယ်၊ သေနတ်မှန်ရုံသာမှန်တာလား၊ သေတာလား’ လို့ ထပ်မေးပါတယ်။ ‘သေတာပါမေမေရယ် စိတ်ချပါ၊ ကလပ်မှာကတည်းက အသက်မရှိတော့ဘူးတဲ့’ လို့ သမီးက ပြောတယ်။ သမီးက ဒီလိုပြောပေမယ့် အမေကတော့ ဒါမျိုးဆိုတာ သတိမေ့နေတာလောက်ဖြစ်ပြီး အသက်ပြန် ရှင်ချင်ရင် ရှင်လာနိုင်တယ်လို့ တောင်တွေးမြောက်တွေး တွေးပြီး စိတ်ထဲမှာ ခပ်လေးလေးဖြစ်နေတယ်။ ‘ဖေဖေသေရင်တော့ သရဲဖြစ်မှာပဲ၊ မေမေ့

www.burmeseclassic.com

www.burmeseclassic.com



ကို လာမခြောက်သေးဘူးလား'လို့ မေးတယ်။ သူ့အမေက ခေါင်းခါပြ တယ်။ 'ချိုးချိုးချွတ်ချွတ် အသံကလေးလောက်မှ မကြားရသေးဘူးလား'လို့ ထပ်မေးတယ်။ သူ့အမေကလဲ ခေါင်းခါပြတယ်။ 'မေမေနေရဲ့သလား သမီး အခန်းခဏပြန်ပြီး ဒိုင်ယာရီရေးလိုက်ဦးမယ်'လို့ သူ့အမေကို ပြော တယ်။ 'နေရဲပါတယ်သမီးရယ်'လို့ အမေကပြောပြီး သူ့ခြေးကိုလှိုင်ဖေဖေဟာ မသေဘဲ အသက်ပြန်ရှင်ချင်လဲ ရှင်လာနိုင်တယ်လို့ စိတ်ထဲမှာ ခပ်လေးလေး ဖြစ်နေတဲ့အတွက် 'သမီးရေ သတင်းထူးရင် မေမေ့ကို လာပြောပါဦး'လို့ ဆက်ပြီးပြောလိုက်တယ်။ 'စိတ်ချပါမေမေရယ်၊ ဖေဖေ သေပါပြီ၊ သတိ မေ့နေတာနဲ့ သေတာနဲ့ဟာ အရှင်းကြီးပါ'လို့ ပြောပြီး သူ့အခန်းကို ထွက် သွားတယ်။

အခန်းထဲရောက်တဲ့အခါ သူ့ဒိုင်ယာရီကိုထုတ်ပြီး ဒီလို ရေးနေ တယ်။

ဒီကနေ့ညဟာ မေမေနဲ့ ငါ့အတွက် အင်မတန် မင်္ဂလာရှိတဲ့ ညပဲ၊ ဒီလို မင်္ဂလာရှိတာ တခြားကြောင့်မဟုတ်ဘူး။ ဖေဖေသေပြီ ဆိုတာ ကြားရတာကြောင့် ဖြစ်တယ်။ ငါဟာ ခုနစ်တန်းအောင်စာရင်း ထွက်တုန်းက တစ်ကြိမ်၊ ရှစ်တန်းအောင်စာရင်း ထွက်တုန်းကတစ်ကြိမ်၊ ကိုးတန်းအောင်စာရင်း ထွက်တုန်းကတစ်ကြိမ်၊ အားလုံးပေါင်း သုံးကြိမ် ဒိတိုက်ရဲ့လှေကားကို ဝမ်းသာအားရနဲ့ ပြေးတက်ခဲ့ဖူးတာ ငါကောင်း ကောင်း မှတ်မိသေးတယ်။ ဒါပေမယ့် ဒီကနေ့ည ဖေဖေသေပြီဆိုတဲ့ သတင်းကို ကြားရပြီး ဒီလှေကားကို ပြေးတက်ရတာ အဲဒီသုံးကြိမ် တုန်းကထက် ငါ အများကြီး ပိုပြီးဝမ်းသာတယ်။ ပိုပြီးလဲ အရသာ ရှိတယ်။ ဘီလူးကြီးရဲ့ လှောင်ချိုင့်ထဲမှာ အလှောင်ခံရပြီး အစားခံရ တော့မယ့်ဆဲဆဲမှာ ကယ်ဆယ်မယ့်သူနဲ့တွေ့လို့ လွတ်လာရတဲ့လူဟာ ဝမ်းသာနေသလို ငါလဲ ဒီကနေ့ည ဝမ်းသာနေတယ်။ အများကြီး ဝမ်းသာနေတယ်။ ပြောမပြနိုင်အောင် ဝမ်းသာနေတယ်။ မေမေ့စိတ်



ထဲမှာ ဖေဖေဟာ မသေဘူး။ သတိမေ့ပြီး မျောနေတာများလား၊ ပြန်ပြီး ရှင်လာမလားလို့ စိတ်ပူနေပုံပေါ်တယ်။ ငါ့မေမေကို ဒီလောက် လူစဥ်မမီအောင် နှိပ်စက်တဲ့သူ၊ ငါ့ကြောင်ကလေး ကွက်ကျားကို ခါးဆစ်ချိုး၊ ဂုံအိတ်ထဲ ခဲတွေနဲ့ထည့်၊ မြစ်ထဲချပြီး ရေနှစ်သတ်ပစ်တဲ့ သူဟာ သေခြင်းဆိုးနဲ့ပဲ သေရမှာပဲ၊ ဒီလိုလူမျိုးအတွက် တခြား သေနည်းမျိုး မရှိနိုင်ဘူး။ သူ့ခြေးကို အတုလိုက်ပြီး အရက်သောက်၊ မယားနှိပ်စက်နေတဲ့ ထမင်းချက်သမား အေးညိမ်းတော့ သိရောပေါ့ ကွယ်။ မနက်ဖြန်ခါကျရင် အရက်ဖြတ်ပါ့မယ်။ မိန်းမကိုလဲ မရိုက် တော့ပါဘူးလို့ ကတိပေးရင်ပေး၊ မပေးရင် အလုပ်က တစ်ခါတည်း ထုတ်ပစ်လိုက်မယ်၊ စက်ဖက်မှာလဲ အရက်သောက်၊ မယား နှိပ်စက် နေတဲ့ သတ္တဝါတွေ ရှိသေးသလား မဆိုနိုင်ဘူး။ ရှိရင်လဲ အရက်ဖြတ် ပါ့မယ်၊ မိန်းမ မနှိပ်စက်ပါဘူးလို့ ကတိမပေးနိုင်တဲ့လူတွေကို အကုန် လုံး ထုတ်ပစ်မယ်။ လူတစ်ယောက်မှ မကျန်လို့ စက်တွေ ပိတ်ထားရချင် ပိတ်ထားရပေစေ။ အရက်သမားနဲ့ မိန်းမနှိပ်စက်တဲ့လူတွေကို အကုန်လုံး ထုတ်ပစ်မယ်ဟေ့'လို့ ရေးထားလိုက်ပါတယ်။

နောက်တစ်နေ့ မနက်ခြောက်နာရီခွဲလောက်မှာ ထမင်းချက်သမား အေးညိမ်းကို မမေကြည် ခေါ်လိုက်တယ်။ အေးညိမ်းရောက်လာတဲ့အခါ 'ကဲ ကိုအေးညိမ်း၊ ဒီကနေ့ကစပြီး အရက်သောက်တာနဲ့ မယားနှိပ်စက် တာလို ဖြတ်ရင်ဖြတ်၊ မဖြတ်ရင် ရှင် ဒီမှာ အလုပ်မလုပ်ရတော့ဘူး၊ ဘယ်လိုလဲ ပြော၊ အလုပ်ထက် အရက်နဲ့ မယားနှိပ်စက်ရတာကို ပိုပြီး မက်တယ်ဆိုရင် ပြောသာ ပြော၊ အားမနာနဲ့'လို့ မမေကြည်က ပြောတယ်။ 'ဖြတ်ပါမယ် အကြည်ရယ်'လို့ အေးညိမ်းက ပြောတယ်။ 'ဖြတ်မယ်ဆိုရင် အရပ်ထဲက အာမခံမယ့် လူကြီးသုံးယောက်ရဲ့စာကို ဒီကနေ့ ယူခဲ့၊ ကြားလား'လို့ မမေကြည်က မေးတယ်။ 'ကြားပါတယ် အကြည်'လို့ အေးညိမ်းက ဖြေတယ်။ 'ရှင် အရက်ဖြတ်မယ်၊ မယားနှိပ်စက်တာလဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်မယ်ဆိုရင် ရှင့်ကို တစ်လခ အပိုပေးမယ်၊ ဒီလကစပြီး တစ်ဆယ် တိုးပေးမယ်၊ နောက်ကို နှစ်တိုင်း နှစ်တိုင်း ငါးကျပ်စီ တိုးပေးသွားမယ်၊ ခြောက်လတစ်ကြိမ် လင်မယားနှစ်ယောက်စလုံးအတွက် ဝတ်စုံတစ်စုံစီ ပေးမယ်၊ ကလေးတွေအတွက် ကျောင်းလခ၊ စာအုပ် ခဲတံဖိုး မုန့်ဖိုးထဲ ပေးမယ်၊ ကောင်းပြီ သွားတော့၊ လူကြီးသုံးယောက်ရဲ့ အာမခံစာယူခဲ့'လို့ ပြောပြီး လွှတ်လိုက်တယ်။

ဒီနေ့ မနက်ပဲ ရှစ်နာရီလောက်ရှိတော့ ကိုမြင့်ဆွေဟာ မမေကြည်တို့ တိုက်ကို ရောက်လာတယ်။ မမေကြည်နဲ့ တွေ့တဲ့အခါ 'မမေကြည်တို့ ဖေဖေ့အလောင်းကို ဆရာဝန်စစ်ပြီးပြီ၊ အိမ်ကို ပြန်ယူချင်ရင် ယူနိုင်ပြီ ဘယ်လိုလုပ်စေချင်သလဲ'လို့ မေးတယ်။ မေမေ့ကို သွားမေးဦးမယ်ဆိုပြီး မမေကြည် တိုက်ပေါ်တက်သွားတယ်။ မမေကြည်ဟာ ပြန်ဆင်းလာတဲ့ အခါ ကိုမြင့်ဆွေကို ဦးလို့ ခေါ်ရရင်ကောင်းမလား၊ အစ်ကိုကြီးလို့ ခေါ်ရရင် ကောင်းမလားလို့ စဉ်းစားလာပါတယ်။ အောက်ရောက်ခါနီး မှပဲ အစ်ကိုကြီးလို့ ခေါ်ဖို့ ဆုံးဖြတ်ပြီး 'အစ်ကိုကြီး၊ မေမေက တိုက်ပေါ် ခဏလာပါဦးတဲ့'လို့ ကိုမြင့်ဆွေကို ပြောတယ်။ ကိုမြင့်ဆွေလဲ အိမ်ပေါ်ကို တက်လိုက်သွားတယ်။ အခန်းထဲရောက်တဲ့အခါ ခုတင်ပေါ်မှာ လှဲနေတဲ့ မခင်လှကို ဖြုန်းခနဲ မှတ်တောင်မမှတ်မိဘူး။ မခင်လှဟာ အရိုးနဲ့ အရေပဲ ရှိတော့တယ်။ မျက်နှာမှာလဲ သွေးကို အလျဉ်းမရှိတော့ဘူး။ ဖြူဖပ် ဖြူလျော်ကြီး ဖြစ်နေတယ်။ မျက်တွင်းကလဲ အထဲ ချိုင့်ဝင်နေတယ်။ ကမ္ဘာ့ဒွန်းရှုဖို့ အရုပ်ကြီးလို ဖြစ်နေတယ်။ ဒီလောက်အထိ ရုပ်ပျက် ဆင်း ပျက်ဖြစ်နေတယ်။ ဒါကြောင့်မို့ ကိုမြင့်ဆွေဟာ ဖြုန်းခနဲ ဟန်တောင် မလုပ် နိုင်တော့ဘဲ အံ့အားသင့်ပြီး ခဏလောက် စိုက်ကြည့်နေမိတယ်။ နောက်မှ 'မခင်လှ'လို့ ခေါ်လိုက်တယ်။ မခင်လှကလဲ 'မောင်မြင့်'လို့ ပြန်ခေါ် လိုက်တယ်။ ပြီးတော့မှ မောင်မြင့်ကို မြင်ရတဲ့အတွက် ဝမ်းလဲသာ၊ ကိုယ့် အခြေအနေကလဲ မလှတဲ့အတွက် ဝမ်းလဲနည်းပြီး မခင်လှဟာ မျက်ရည်တွေ စီးကျလာပါတယ်။



ကိုမြင့်ဆွေက မခင်လှဟာ သူ့ဖွေး ကိုလှိုင်ဖေအတွက် မျက်ရည် ကျနေတယ်ထင်ပြီး 'မခင်လှရယ်၊ ကိုလှိုင်ဖေရဲ့အကြောင်းကို ညက ကြားကြားချင်း ငါလဲ စိတ်မကောင်းပါဘူး၊ တရားနဲ့သာ ဖြေပါတော့ ကွယ်'လို့ ပြောတယ်။ မခင်လှက သူ့ခေါင်းကို အသာကလေးခါပြီး 'သူ့အတွက်ကျတဲ့ မျက်ရည် မဟုတ်ပါဘူး'လို့ ပြန်ပြောတယ်။ မမေကြည်လဲ သူ့အမေ မျက်ရည်တွေကို မျက်နှာသုတ်ပုဝါနဲ့ အသာ သုတ်ပေးနေ တယ်။

မခင်လှဟာ ကိုမြင့်ဆွေကိုကြည့်ပြီး 'မောင်မြင့်ကတော့ ရုပ်မပျက် ပါဘူး၊ ငယ်ငယ်ကအတိုင်းပါပဲ'လို့ ပြောတယ်။ 'မခင်လှရယ်၊ ငါလဲ ပြန်ရောက်ကတည်းက လာကြည့်ဖို့ပါပဲ၊ အကြောင်းမညီညွတ်နိုင်ဘူး၊ ငါမှာ သူငယ်ချင်းဝတ္တရားတွေ ပျက်နေတယ်၊ ခွင့်လွှတ်ပါ'လို့ပြောတယ်။ မခင်လှကလဲ ခေါင်းအသာခါပြီး 'ဟိုတုန်းက မလာတာကောင်းတယ်'လို့ မခင်လှက ပြောတယ်။ 'မခင်လှ သက်သာရဲ့လား'လို့ ကိုမြင့်ဆွေက မေးတယ်။ မခင်လှက ခေါင်းခါပြတယ်။ 'အစားအသောက်ကော ဘယ့်နှယ် နေသလဲ၊ ကောင်းရဲ့လား'လို့ ကိုမြင့်ဆွေက မေးတယ်။ မခင်လှက ခေါင်းခါပြတယ်။ 'မေမေ ဟောလစ်နဲ့ ဆွပ်နဲ့ပဲ သောက်နေရတာပဲ'လို့ မမေကြည်က ဝင်ပြောတယ်။ 'ဒီအသုဘကိစ္စပြီးသွားရင် ရန်ကုန်မှာ သွားမကုချင်ဘူးလား၊ ငါလိုက်ပို့မယ်'လို့ ကိုမြင့်ဆွေက ပြောတယ်။ မခင်လှက ခေါင်းအသာခါပြပြီး 'မဖြစ်တော့ပါဘူး မောင်မြင့်ရယ်'လို့ ပြောပြီး မျက်ရည်တွေကျလာပြန်တယ်။ 'မေမေဟာ ထိုင်တောင် မထိုင်နိုင် တော့ဘူး၊ တစ်ခါတလေ ထိုင်ချင်တဲ့အခါ တစ်ယောက်ယောက်က ထူပေးပြီး နောက်က ဖက်ထားရတယ်'လို့ မမေကြည်က ဝင်ပြောတယ်။ ကိုမြင့်ဆွေလဲ မခင်လှကို စိတ်မချမ်းသာတဲ့မျက်နှာနဲ့ ကြည့်နေတယ်။ 'မခင်လှရေ ငါမှာလဲ ကိစ္စကြီးတန်းလန်းနဲ့၊ နောက်မှပဲ အေးအေးဆေးဆေး လာတွေ့ဦးမယ်၊ ကိုလှိုင်ဖေရဲ့ အလောင်းကို ဒီယူလာရမလား'လို့ မေး တယ်။ 'ဆေးရုံကပဲ ချလိုက်ပါတော့'လို့ မခင်လှက ပြန်ပြောတယ်။ 'ကဲ

www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ဦးမယ်ကွယ်၊ ဆေးရုံမှာ လူတွေစောင့်နေတယ်၊ ငါ ဒီကရောက်မှ သူတို့လဲ လုပ်စရာရှိတာ ဆက်လုပ်ရမယ်’လို့ ပြောပြီးထသွားတယ်။

မမေကြည်လဲ အိမ်အောက်အထိ လိုက်ပို့တယ်။ မမေကြည်ဟာ သူ့အမေအခန်းထဲကို ပြန်ဝင်လာပြီး ‘မေမေ ဦးမြင့်ဆွေကို သိတာကြာပြီလား’ လို့ မေးတယ်။ ‘တို့ဟာ အိမ်နီးနားချင်း ငယ်ငယ်ကတည်းက ကစားဖော် ကစားဖက်၊ မေမေ့မှာလဲ သူပဲ သူငယ်ချင်းရှိတယ်၊ သူ့မှာလဲ မေမေပဲ သူငယ်ချင်းရှိတယ်၊ မေမေဟာ သမီးရဲ့ ဖေဖေနဲ့ အိမ်ထောင် ကျတော့မှပဲ လူချင်းကွဲသွားကြတာ’လို့ သမီးကို အမေကပြောပြနေပါတယ်။ ‘မေမေ သမီးကို ဒီအကြောင်းတွေ တစ်ခါမှပြောမပြဖူးဘူးနော်’ လို့ သမီးက မေးတယ်။ ‘သူနဲ့ မေမေဟာ ဒီဘဝမှာတော့ တွေ့ဖို့လမ်းမရှိတော့ဘူးဆိုပြီး မေမေလဲ ဒီအကြောင်းတွေကို တစ်ခါတည်း မြှုပ်ထားလိုက်တာပါပဲ သမီးရယ်’ လို့ အမေက ပြောတယ်။ ‘ဒီဦးမြင့်ဆွေဟာ ဖေဖေ့လို လူစားမျိုး မဖြစ်နိုင်ပါဘူးနော်’လို့သမီးက အမေကို မေးလိုက်တယ်။‘ညည်းဖေဖေနဲ့ မနှိုင်းယှဉ်နိုင်ပါဘူး သမီးရယ်၊ ပြိတ္တာနဲ့ ဗြဟ္မာလောက် ကွာပါတယ်’လို့ အမေက ပြန်ပြောတယ်။

မမေကြည်လဲ သူ့မေမေအနားမှာ ခဏလောက်နေပြီး သူ့အခန်းထဲမှာ ဒိုင်ယာရီကို ဒီလိုရေးတယ်။

> ‘ဒီကနေ့ ငှက်ဆိုးထိုးသံ မကြားရတော့ဘူး၊ ဥဩအော်သံကိုသာ ကြားရတယ်၊ ဦးမြင့်ဆွေ လာတယ်၊ ငါအစ်ကိုကြီးလို့ ခေါ်လိုက်တယ်၊ ပထမ ခေါ်ကာစမို့ထင်ပါရဲ့၊ တစ်မျက်နှာလုံး ပူထူသွားတယ်၊ အစ်ကိုကြီးဟာ မေမေနဲ့ ခဏတွေ့တယ်၊ ဖေဖေ့ အလောင်း အိမ်ပြန်ယူလာရမလားလို့ မေးတယ်၊ မေမေက မယူခဲ့နဲ့တော့ ဆေးရုံကပဲချလိုက်ပါလို့ ပြောတယ်၊ အစ်ကိုကြီးဟာ မေမေနဲ့ ငယ်ငယ်ကတည်းက အိမ်နီးနားချင်း၊ ကစားဖော်ကစားဖက် သူငယ်ချင်းလို့ မေမေက ပြောတယ်၊ ဖေဖေနဲ့ အစ်ကိုကြီးဟာ မနှိုင်းယှဉ်ထိုက်ဘူး၊ ပြိတ္တာနဲ့ ဗြဟ္မာလောက် ကွာတယ်လို့လဲ မေမေကပြောတယ်’

လို့ ရေးထားလိုက်တယ်။



ဒီနေ့ကစပြီး သူ့ဒိုင်ယာရီကို အရင်ကလို ပုန်းလျှိုးကွယ်လျှိုး ထားတော့ဘူး။ သူ့စားပွဲပေါ်မှာပဲ တင်ထားလိုက်တယ်။

အသုဘပြီးတဲ့အခါ အလုပ်ကအပြန် ကိုမြင့်ဆွေ မခင်လှဆီကို လာတယ်။ မခင်လှနဲ့တွေ့တဲ့အခါ မခင်လှ စိတ်ချမ်းသာအောင် ငယ်ငယ်ကလို သူတို့အတူတူ မန္တလေးဘုရားဖူးသွားကြတာတွေ၊ မန္တလေးတောင်ပေါ်ကို သူတို့နှစ်ယောက် ပြိုင်ပြီးတက်ကြတာတွေ၊ စစ်ကိုင်းဘက်မှာလဲ ပုညရှင် စေတီကိုရောက်အောင် ပြိုင်တက်ကြတာတွေ၊ ဥမင်သုံးဆယ် သွားလည်ကြတာတွေ၊ မင်းကွန်းခေါင်းလောင်းကြီးကို သူနဲ့မခင်လှ သက်စေ့ ထိုးခဲ့ကြတာတွေ လျှောက်ပြောနေတယ်။ သမီးကလေး မမေကြည်လဲ အားက နားထောင်ရင်း သူ့အမေမျက်နှာကို ခဏခဏ လှမ်းကြည့်တယ်။ အတော်ကြီး ကြာသွားတဲ့အခါ ကိုမြင့်ဆွေက ‘မခင်လှရယ်၊ သူငယ်ချင်း အရင်းအနေနဲ့ ငါ့မှာတာဝန်ရှိနေတယ်ကွယ်၊ မခင်လှကို ငါကျေနပ်အောင် ပြုစုပါရစေ၊ ငါ့ကိုခွင့်ပေးပါ’လို့ တောင်းတယ်။ ‘မောင်မြင့် သဘောရှိပြုစုပါ၊ ခွင့်ပေးပါတယ်’လို့ သူ့ခေါင်းကို အသာညိတ်ရင်း မခင်လှက ပြောတယ်။

ကိုမြင့်ဆွေပြန်သွားတဲ့အခါ မမေကြည်က ဒီလို ဒိုင်ယာရီထဲမှာ ရေးထားတယ်။

> ‘အစ်ကိုကြီးလာတယ်၊ မေမေနဲ့ သူနဲ့ ငယ်ငယ်က မန္တလေးနဲ့ စစ်ကိုင်း ဘုရားဖူးသွားကြတာတွေကို လျှောက်ပြောတယ်၊ မေမေ့ကိုကြည့်ရတာ အစ်ကိုကြီးပြောတာကို နားစိုက်ထောင်ရင်း ပြုံးနေတာပဲ၊ မေမေ ဒီလိုပြုံးတာမျိုးကို မမြင်ရတာကြာပြီ၊ အစ်ကိုကြီးရဲ့ နှုတ်ခမ်းနဲ့ မျက်လုံးမှာ သူရဿတီဒေဝီ စောင့်နေတယ်ထင်တယ်၊ ဒီလိုမှမဟုတ်ရင်လဲ ဒီနှုတ်ခမ်းနဲ့ မျက်လုံးထဲမှာ တစ်ဖက်သားကို ဆွဲဆောင်နိုင်တဲ့ သံလိုက်ဓာတ်တွေ အများကြီး ရှိတယ် ထင်တယ်၊ သူ ကျေနပ်အောင် ပြုစုပါရစေလို့ မေမေ့ဆီမှာ ခွင့်တောင်းတယ်၊ မေမေက ခွင့်ပြုလိုက်တယ်၊ ဘယ်လိုများပြုစုမလဲ မဆိုနိုင်ဘူး’

လို့ ရေးထားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ညနေဘက်ကျတော့ ထမင်းချက်သမား အေးညိမ်းဟာ အရပ်ထဲက လက်သမား ကိုဖိုးတုတ်၊ ဆေးဆရာကြီး ဦးအောင်ဘန်းနဲ့ မုန့်ဟင်းခါး သည် ဒေါ်နှင်းဆီတို့ဆီက ထောက်ခံစာတွေကို ယူလာပြီး မမကြည်ကို ပေးတယ်။ မမကြည်လဲ အပိုတစ်လခကို ချက်ချင်းထုတ်ပေးလိုက်တယ်။ နောက်ပြီးတော့ သူ့ဒိုင်ယာရီထဲမှာ ဒီလိုရေးထားတယ်။

> 'ထမင်းချက်သမား ကိုအေးညိမ်းဟာ အရက်ဖြတ်ပါ့မယ်၊ မယား နှိပ်စက်တာဖြတ်ပါ့မယ်လို့ ဒီကနေ့ ကတိပေးတယ်၊ အရပ်ထဲက လူကြီးသုံးဦးကလဲ ထောက်ခံတယ်၊ ကတိဖျက်ရင် တစ်ရက် မဆိုင်းဘူး ချက်ချင်းထုတ်ပစ်လိုက်မယ်'

လို့ ရေးထားလိုက်တယ်။

နောက်တစ်နေ့မနက် မောင်မြင့်ဆွေဟာ 'ရိုး'တိုက်ကိုသွားပြီး လူမမာအိပ်တဲ့ သံခုတင်တစ်လုံး သံကြိုးရိုက်ပြီး အမှာခိုင်းတယ်။ လူမမာ ထိုင်ချင်ရင် ပွေ့ထူနေစရာမလိုဘူး။ နောက်က ဖက်ထားစရာလဲမလိုဘူး။ ခုတင်ခေါင်းရင်းဘက်က လက်တံတစ်ခုကို လှည့်လိုက်ရင် ခေါင်းရင်း ဘက်က ခုတင်တစ်ခြမ်းဟာ အပေါ်ကို မြင့်တက်လာတယ်။ အဲဒီ သံခုတင် ကို မှာပြီး မခင်လှဆီကို လာတယ်။ မခင်လှရဲ့ အခန်းဟာ မှောင်တယ်။ လေလဲ မရဘူး။ ဒါကြောင့် နောက်ထပ် ပြတင်းပေါက် နှစ်ခု ဖောက်ချင် တယ်။ ပြတင်းပေါက်ဖောက်နေတုန်း မခင်လှဟာ တခြား အခန်းတစ်ခု ပြောင်းနေဖို့ ပြောတယ်။ အဲဒီလိုပြောပြီး ပြောင်းဖို့ အခန်းကို မမကြည်နဲ့ အတူတူသွားကြည့်ကြတယ်။ အခန်းကို အသင့် ဖြစ်အောင်လုပ်ထား။ ညနေ သူအလုပ်စောစောဆင်းခဲ့မယ်။ သူလာမှ မခင်လှကိုရွှေ့ဖို့ မှာပြီး အလုပ် ဘက်ကို ကူးသွားတယ်။

ညနေကျတော့ ကိုမြင့်ဆွေ သုံးနာရီလောက် ရောက်လာတယ်။ သူနဲ့ အတူ ပန်းရံကုလားတစ်ယောက် ပါလာတယ်။ ပြတင်းပေါက် ဖောက်ဖို့ နေရာကို သူ ကိုယ်တိုင်ပြတယ်။ နောက်တစ်နေ့ကစပြီး လုပ်ရမယ်၊ ခုနစ်ရက်အတွင်း အပြီး လိုချင်တယ်လို့ ပြောပြီး ပြန်လွှတ်လိုက်တယ်၊



တအောင့်လောက်ကြာတဲ့အခါ ပြောင်းရင်း ရွှေ့ရင်း မခင်လှမောရင် ဆိုဖို့ သူမှာထားတဲ့အတိုင်း ဆရာဝန်နဲ့ သူနာပြုဆရာမနှစ်ယောက် ရောက် လာကြတယ်။ သူတို့မှာ လူနာသယ်ဖို့ကပ်လဲပါလာတယ်။ ဒါပေမယ့် ဒီကပ် ကိုမြင်ရရင် လူမမာ နှလုံးနာမယ်ဆိုပြီး မောင်မြင့်ဆွေက သဘောမကျဘူး။ အိမ်အောက်မှာ ခပ်စောစောကတည်းက သူကြည့်ထားတဲ့ ကြိမ်ပက်လက် ကုလားထိုင်ကြီးကို အပေါ် အတင်ခိုင်းလိုက်တယ်။ ဒီပက်လက် ကုလားထိုင် ဟိုဘက်ဒီဘက်မှာ ခေါင်းအုံးတွေထားပြီး အလယ်က မခင်လှကို ထားတယ်။ ပြီးတော့ မောင်မြင့်ဆွေပါ ဝိုင်းပြီး ကုလားထိုင်ကို ရွှေ့သွားကြတယ်။

နောက်အခန်းမှာ နေသားတကျဖြစ်တဲ့အခါ လူမမာဆေးမှာ ဆရာဝန်နဲ့ ကိုမြင့်ဆွေတို့ထိုင်ကြပြီး ကိုမြင့်ဆွေက 'မခင်လှရေ ဆရာဝန် မနက်ဖြန်ကစပြီး တစ်ရက်ခြားလာကြည့်လိမ့်မယ်၊ နေထိုင်မကောင်းတာတွေ ရှိရင် အကုန်ပြောပြ၊ ဒီကြားထဲမှာလဲ လိုချင်ရင် ဆရာဝန်ကို မှာလိုက်ပါ၊ ချက်ချင်း ရောက်လာမှာပဲ'လို့ ပြောပြတယ်။ မခင်လှလဲ မောခြင်းပန်းခြင်း မရှိတာနဲ့ ဆရာဝန် ဆရာမတွေနဲ့ ကိုမြင့်ဆွေတို့ဟာ တအောင့်လောက် ကြာတဲ့အခါ ပြန်သွားကြတယ်။ မခင်လှလဲ သူဌေးကတော်လို့သာဆိုတယ် အိမ်ထောင်ကျကတည်းက ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ်လုံးလုံးဟာ ဒီကနေ့ ညနေလို ယုယုယယ လုပ်တာမျိုးကို တစ်ခါမှ မခံခဲ့ရဘူး။ ဒါကြောင့် အခုလို အပြုစုခံရတဲ့အခါ ဆယ့်ကိုးနှစ်လုံးလုံး နောက်ကျိကျိဖြစ်နေတဲ့ စိတ်တွေဟာ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပြီး ကြည်ကြည်လင်လင် ဖြစ်နေတယ်။

နောက်သုံးရက်လောက်ကြာတဲ့အခါ ဆရာဝန်ရှာပေးတဲ့အတွက် သူနာပြုဆရာမနှစ်ယောက် မောင်မြင့်ဆွေ ရလာတယ်။ သူတို့ဟာ အရင် က ရန်ကုန်ဆေးရုံကြီးမှာ လုပ်ကြတယ်။ အိမ်ထောင်ကျတာနဲ့ အလုပ်က ထွက်ရပြီး ဝါးခယ်မမှာပဲ လင်တွေလုပ်စာ ထိုင်စားနေကြတယ်။ အဲဒီ နှစ်ယောက်ဟာ နေ့နဲ့ည မခင်လှကို တစ်လှည့်စီစောင့်ရတယ်။ ခုနစ်ရက် ကြာတဲ့အခါ နေ့အလှည့် ညအလှည့်ကို ပြောင်းပြောင်းပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



မခင်လှနေတဲ့အခန်းကို ပြတင်းပေါက် ဖောက်ရုံသာမကဘူး ပြာလဲ့လဲ့အရောင် ဆေးသုတ်လိုက်တယ်။ ပြီးတော့မှ မခင်လှ ခုတင်ပေါ်က လှမ်းကြည့်ရင် မြင်နိုင်တဲ့နေရာတွေနဲ့ တခြား သင့်တော်မယ့်နေရာတွေမှာ တောကား တောင်ကားကလေးတွေ ပင်လယ်ထဲ လတွက်နေတဲ့ ကားကလေးတွေ၊ ရေတံခွန်ကားကလေးတွေ၊ ပန်းကားကလေးတွေကို သင့်တော်အောင် ဆွဲချိတ်ထားတယ်။ ဒါတင်မကသေးဘူး။ အခန်းထဲမှာ စိုက်ထားလေ့ရှိတဲ့ ဂမုန်းပင်အမျိုးကို သူလိုက်စုတာ ခြောက်မျိုးလောက်ရတယ်။ အဲဒီ အပင်တွေကိုလဲ လှတဲ့ပန်းအိုးတွေထဲ ပြောင်းစိုက်တယ်။ ဒီနောက် အခန်းရဲ့ သင့်တော်တဲ့နေရာတွေမှာ ခုံအနိမ့် အမြင့်ကလေးတွေ လုပ်ပြီး တင်ထားတယ်။ အခန်းတွင်းခင်းတဲ့ ကော်ဇော်ကြီးတစ်ချပ်ကိုလဲ 'ရိုး'တိုက်က ဝယ်ပြီး မခင်လှရဲ့ ခုတင်နဲ့ မနီးမဝေးမှာ ခင်းထားတယ်။

မကြာခင်ပဲ 'ရိုး'တိုက်မှာ မှာထားတဲ့ သံခုတင်လဲ ရောက်လာတယ်။ သံခုတင်ကို ကိုမြင့်ဆွေကိုယ်တိုင်ဆင်တယ်။ အခန်းဟာ အားလုံးအသင့် ဖြစ်တဲ့အခါ ရှေးကလိုပဲ ဆရာဝန် ဆရာမတွေကို မခင်လှ မောရင်ကျွမ်းဖို့ အစောင့်ထားပြီး မခင်လှကို သူ့အခန်းပြန်ရွှေ့တယ်။ မခင်လှဟာ သူ့အခန်းမှန်းတောင် မမှတ်မိဘူး။ လေတွေလဲတဟူးဟူးနဲ့ ဝင်နေတယ်။ ပိုလင်းလာတယ်။ အရုပ်ကားတွေ၊ ဂမုန်းပန်းပင်တွေ၊ ကော်ဇောတွေနဲ့ ဆိုတော့ အခန်းဟာ သိပ်ပြီးသာယာနေတယ်။ အိမ်ထောင်ကျကတည်းက ဆယ့်ကိုးနှစ်လုံးလုံး ဒီလို ယုယုယယပြုစုတာ အခုမှပဲခံရတဲ့အတွက် မခင်လှဟာ တစ်ခါတစ်ခါ သူ့ဟာတောင် သူမယုံနိုင်ဘူး၊ သူဘယ်ဘဝများ ရောက်နေသလဲ၊ အိပ်မက်များ မက်နေသလားလို့ တွေးမိတယ်။

သမီး မမေကြည်ကလဲ ဒိုင်ယာရီကို တစ်ရေးတည်း ရေးနေတာပဲ။ သူရေးနေတာတွေရဲ့ အတိုချုပ်ကတော့ ဒီလို

'မေမေရဲ့ ခြေနဲ့ လက်ဟာ မေမေကို ထိုးဖို့ ရိုက်ဖို့ ကန်ဖို့ ကျောက်ဖို့ ဖြစ်သလို ကိုယ်ရောစိတ်ပါ မချမ်းသာအောင် လုပ်ဖို့ဖြစ်သလို အစ်ကိုကြီးရဲ့ ခြေနဲ့ လက်ဟာ မေမေ့ကို စိတ်ချမ်းသာဖို့ ကိုယ်ချမ်းသာဖို့



အသက်ရှည်ဖို့အတွက် ဖြစ်တယ်၊ အစ်ကိုကြီးဟာ မေမေ့နာမည်ကို ခေါ်တိုင်းခေါ်တိုင်း 'မခင်လှရေ'လို့ အမြဲတမ်း ခေါ်တယ်၊ ဒီ ရေ ဆိုတဲ့ စကားကလေးတစ်လုံးဟာ ဘာမှသာမဟုတ်တယ် သိပ်ပြီးထူး တာပဲ၊ အခေါ်ခံရတဲ့ မေမေကတော့ ဒီစကားကို ကြားရတဲ့အခါ ဘယ်လိုနေမလဲ မသိဘူး၊ ဘေးကကြားရတဲ့ ငါတော့ဖြင့် အသည်းထဲမှာ အေးအေးသွားတာပဲ၊ ငှက်ဆိုးထိုးတဲ့ အသံကြီးနဲ့ဆိုရင်တော့ ကွာချင် တိုင်း ကွာတာပဲ၊ ငှက်ဆိုးကြီးကတော့ မေမေ့ကို ခေါ်ပါလိမ့်မယ်၊ မမူးတဲ့အခါ 'ဟဲ့ကောင်မ၊ ခင်လှ၊ မီခင်လှ' မူးတဲ့အခါ 'စောက်ကမြင်းမ၊ ဖေ မ၊ မောင် မ၊ ငါ၊ ဖာသယ်မ' မေမေဟာ သတ္တိနည်းလို့ပေါ့၊ ငါသာ ဒီလောက် အနှိပ်စက် အစော်ကားခံရရင် ဆွဲကြိုးချတာ ကြာလှပြီ၊ မေမေ့ရောဂါဟာတော့ မသက်သာပါဘူး၊ အင်မတန်ကြီး ကျွမ်းနေပါပြီ၊ ဒါပေမယ့် မေမေ့ကိုကြည့်ရတာ စိတ်ချမ်းသာပုံပေါ်တယ်၊ အစ်ကိုကြီး ဟာ မေမေ့ကို စကားပြောရင် ဝမ်းထဲက လှိုက်လှိုက်လှဲလှဲထွက်လာတဲ့ အသံနဲ့ ပြောတယ်၊ အစ်ကိုကြီးစကားပြောပြီဆိုရင် မေမေဟာ မျက်တောင် မခတ်ဘူး၊ အစ်ကိုကြီးမျက်နှာကိုပဲ စိုက်ကြည့်နေတယ်၊ အစ်ကိုကြီးဟာ သူ့သူငယ်ချင်း ဒုက္ခရောက်နေတာကို မြင်ပြီး သိပ်သနားနေတယ်ထင် တယ်၊ အစ်ကိုကြီးရဲ့ သနားတာတွေဟာ သူ့အသံမှာရော၊ သူ့မျက်နှာ မှာရော၊ သူ့အမူအရာတွေမှာရော အကုန်ပေါ်နေတယ်၊ ကျောင်းတုန်းက ဆရာပြောတာ ကြားဖူးတယ်၊ ဇြဟ္မာပြည်ကလာတဲ့ လူတွေဟာ ဒီလိုပဲ အင်မတန် သနားတတ်တယ်၊ သန့်သန့်ရှင်းရှင်းကိုလဲ အင်မတန် ကြိုက်တယ်တဲ့၊ အစ်ကိုကြီးလဲ သန့်သန့်ရှင်းရှင်းကို သိပ်ကြိုက်တယ်၊ ဒါပေမယ့် ဗြဟ္မာပြည်ကလာတဲ့လူတွေဟာ မိန်းမကို သိပ်ပြီးရွံတယ်၊ ဘယ်တော့မှ မိန်းမ မယူဘူးတဲ့၊ အစ်ကိုကြီးဟာ အခုအချိန်အထိ မိန်းမ မယူတာဟာ ဒါကြောင့်များလား'

ဆိုတဲ့ စာမျိုးတွေကို ဒီရက်အတောအတွင်း သူ့ဒိုင်ယာရီထဲမှာ ခပ်များများ ရေးထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ဆွေလဲ အလုပ်ကပြန်လာတိုင်း မခင်လှဆီကို ဝင်တယ်။ ရေးပေါင်းနှောင်းဖြစ်တွေ ပြန်ပြောတယ်။ ပြန်ခါနီးကျတော့ သူ့အဖေ ဟောသမျှတရားတွေကို သူ့ဖေဖေ ပြန်ပြီးရေးထားတဲ့ မှတ်စုတွေကို တစ်နေ့ တစ်ပုဒ်စီလောက်ဖတ်ပြတယ်။ တခြားအချိန်တွေမှာ ဂုဏ်တော်ကို ပုတီးစိပ်နေဖို့ ကိုမြင့်ဆွေက ပုတီးတစ်ကုံးပေးချင်တယ်။ ဒါပေမယ့် မခင်လှ လက်ထိပ်တွေဟာ ပုတီးမစိပ်နိုင်ဘူး။ လက်ချောင်းတွေလဲ ကြာကြာ မလှုပ်နိုင်ဘူး။ ဒါ့ကြောင့် မခင်လှ ခုတင်ခြေရင်းမှာ 'သတိ' ဆိုတဲ့ စာလုံးနှစ်လုံးကို ခပ်ကြီးကြီးရေးပြီး ထောင်ထားတယ်။ 'မခင်လှ ဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို စိတ်ထဲက အမြဲတမ်းအောက်မေ့နေပါ၊ တစ်ခါတလေ စိတ်တွေ ဟိုရောက် ဒီရောက်ဖြစ်ပြီး ဂုဏ်တော်တွေကို မေ့နေရင် ဒီစာလုံးကြီးတွေက မခင်လှကို သတိပေးပါလိမ့်မယ်' လို့ ကိုမြင့်ဆွေက ပြောတယ်။

နောက်နှစ်ရက်လောက်ကြာတဲ့အခါ 'မခင်လှရေ မေမေ ငါ့ကို ခဏခဏပြောဖူးတဲ့ ကံရဲ့ ဆန်းကြယ်ပုံအကြောင်းတွေကို ငါဒီကနေ့ ပြောမယ် နားထောင်နော်' လို့ အစချီလိုက်တယ်။ မခင်လှကလဲ ခေါင်းညိတ်တယ်။ 'မခင်လှပဲဖြစ်ဖြစ်၊ သမီးကလေး မမကြည်ပဲဖြစ်ဖြစ်၊ ငါပဲဖြစ်ဖြစ်၊ တခြားလူတွေပဲဖြစ်ဖြစ်၊ နတ်တွေပဲဖြစ်ဖြစ်၊ ဗြဟ္မာတွေပဲဖြစ်ဖြစ်၊ တိရစ္ဆာန်တွေပဲဖြစ်ဖြစ် သုံးဆယ့်တစ်ဘုံမှာရှိကြတဲ့ သတ္တဝါတွေမှာ ကံသာလျှင် ဥစ္စာရှိတယ်၊ သတ္တဝါတွေအားလုံးဟာ မိမိတို့လုပ်ခဲ့ကြတဲ့ ကံတွေရဲ့ အမွေခံဖြစ်တယ်။ ဒီသတ္တဝါတွေအားလုံးမှာ ကံသာလျှင် အကြောင်းရှိတယ်၊ ကံသာလျှင် ဆွေမျိုးရှိတယ်၊ ကံသာလျှင် ကိုးကွယ်မှီခိုရာရှိတယ်။ ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ် သူတို့လုပ်ခဲ့မိတဲ့ ကံတွေ အားလုံးကို သတ္တဝါ တွေဟာ အမွေခံရမယ်၊ အတိုချုပ်ကတော့ကွယ် နိဗ္ဗာန်မရောက်မချင်း သတ္တဝါတွေဟာ သူတို့လုပ်ခဲ့တဲ့အတိုင်း ဘဝအဆက်ဆက် လျှောက်ပြီး ဖြစ်နေရတာပဲ၊ အဲဒီတရားသဘောကလေးကို မခင်လှ သဘောပေါက်အောင် ကြည့်နိုင်ရင် အင်မတန်အကျိုးများမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ လူတွေဟာ



များသောအားဖြင့် သတိလစ်ပြီး ဒီတရားသဘောကို မေ့နေတာများတယ်၊ အဲဒီလိုမေ့နေတဲ့အတွက် ဆောဒုက္ခတွေနဲ့ ရင်ဆိုင် တွေ့ရပြီဆိုရင် ဒီလို ဒုက္ခဖြစ်ရတာ ဒီလူ့ကြောင့်ပဲ ဟိုလူ့ကြောင့်ပဲဆိုပြီး ဒေါသတွေအားကြီး ဖြစ်တတ်တယ်၊ ဒေါသစိတ်ဆိုတာ အပါယ်လေးဘုံ ကိုသာ ပို့တတ်တယ်၊ ကောင်းတဲ့ဘဝကို မပို့နိုင်ဘူး၊ သတ္တဝါတွေဟာ ကိုယ်လုပ်ခဲ့တဲ့အတိုင်း လျှောက်ပြီး ခံနေရတယ်ဆိုတာ ထင်ရှားအောင် မြတ်စွာဘုရား လက်ထက်တော်တုန်းက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်သုံးခုကို ငါပြောမယ်နော်။

'ရဟန်းအစု သုံးစုဟာ မြတ်စွာဘုရားကို ဖူးဖို့ သွားကြတယ်၊ တစ်စုဟာ လမ်းခရီးအကြား ရွာတစ်ရွာမှာ နားနေတုန်း တဲတစ်တဲကို မီးလောင်တယ်၊ အဲဒီတဲက အမိုးဟာ မီးလောင်ပြီး ကောင်းကင်ကို လေနဲ့ ပါသွားတယ်၊ ကျီးတစ်ကောင်ဟာ အဝေးက ပျံလာပြီး ဒီမီးလောင်နေတဲ့ အမိုးကို ဝင်တိုးမိတယ်၊ အဲဒီအမိုးဟာ ကျီးရဲ့ လည်ပင်းမှာ စွပ်မိပြီး ကျီးဟာ မီးလောင်သေသွားတယ်၊ အဲဒါကိုမြင်ရတဲ့ ရဟန်းတွေဟာ ကံရဲ့ အကျိုးပေးထူးဆန်းပုံကို မြတ်စွာဘုရားလျှောက်ဖို့ မှတ်လာခဲ့ကြတယ်။

'ဒုတိယရဟန်းတစ်စုက ပင်လယ်ထဲမှာ ရွက်လှေ စီးလာခဲ့တယ်၊ လမ်းမှာ ရွက်လှေဟာ ဘယ်မှမသွားဘူးရပ်နေတယ်၊ သွားအောင်ဘယ်လို လုပ်လို့မှမရဘူး၊ အဲဒါနဲ့ မဲချတော့ သုံးကြိမ်စလုံးဟာ လှေသူကြီးရဲ့ မိန်းမကိုချည်းပဲ မဲကျတယ်၊ အဲဒီတော့ မတတ်နိုင်ဘူး၊ လှေသမားတွေရဲ့ ထုံးစံအတိုင်း ဒီလှေသူကြီးကတော်ကို ပင်လယ်ထဲပစ်ချရတော့မယ်၊ အဲဒီအခါ လှေသူကြီးက သူ့မိန်းမ ရေထဲမှာ ခြေကလန် လက်ကလန်ဖြစ်နေတာ မကြည့်ရက်ဘူး၊ တစ်ခါတည်းနစ်သွားအောင် လည်ပင်းမှာ အိုးဆွဲပြီး ပစ်ချဖို့ ပြောတယ်၊ အဲဒီလိုပစ်ချလိုက်တော့မှ လှေထွက်လို့ရတယ်၊ အဲဒီလို ကံရဲ့ အကျိုးပေးထူးဆန်းပုံကို မြတ်စွာဘုရားလျှောက်ဖို့ ဒုတိယ ရဟန်းစုကလဲ မှတ်လာခဲ့ကြတယ်။

'တတိယရဟန်းစုကတော့ လမ်းခရီးစပ်ကြား လိုဏ်ဂူကြီးတစ်ခု ထဲမှာ ဝင်ပြီး တည်းခိုနေတုန်း တောင်ပေါ်က ကျောက်တုံးကြီးတစ်ခုဟာ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်ကျပြီး အဲဒီလိုဏ်ဂူကြီးအဝကို ပိတ်နေတယ်၊ အနီးအနားကလူတွေ ဒီကျောက်တုံးကြီးကို ဘယ်လိုနည်းနဲ့မှ ဖယ်လို့မရဘူး၊ နောက် ခုနစ်ရက် လောက်ကြာတော့ ဒီကျောက်တုံးကြီးဟာ သူ့အလိုလို တခြားလိမ့်သွား ပြန်တယ်၊ အဲဒီလို ကံရဲ့ အကျိုးပေးထူးဆန်းပုံကိုလဲ တတိယ ရဟန်းစုဟာ မြတ်စွာဘုရားလျှောက်ဖို့ မှတ်လာခဲ့ကြတယ်။

'မြတ်စွာဘုရားကို ရှိခိုးကြပြီး ရဟန်းစု သုံးစုဟာ သူတို့မှတ်လာတဲ့ အဖြစ်အပျက်တွေကို လျှောက်ထားကြတယ်၊ မီးလောင်သေတဲ့ကျီးဟာ လွန်ခဲ့ တဲ့ဘဝတုန်းက လှည်းသမားဖြစ်တယ်၊ နွားတစ်ကောင်ဟာ ဆိုးပေပြီး မရုန်း ဘဲဝပ်နေတာနဲ့ ဒီနွားရဲ့လည်ပင်းမှာ ကောက်ရိုးတွေပတ်ပြီး လှည်းသမား က မီးရှို့သတ်ခဲ့တယ်၊ အဲဒီ အကုသိုလ်ကံကြောင့် သေတဲ့အခါ ငရဲကျရတယ် ငရဲကလွတ်တဲ့အခါ ဘဝပေါင်းများစွာမှာ ဒီလိုပဲ မီးလောင်ခံပြီး သေရတယ်။

'လှေသူကြီးကတော်ကတော့ လွန်ခဲ့တဲ့ဘဝတစ်ခုမှာ အမျိုးသမီး တစ်ဦးဖြစ်တယ်၊ သူ့နောက် တကောက်ကောက်လိုက်နေတဲ့ ခွေးထီးကို လည်ပင်းမှာ အိုးဆွဲပြီး ရေနှစ်သတ်ခဲ့ဖူးတယ်၊ ဒီအကုသိုလ်ကံကြောင့် သေတဲ့အခါ ငရဲကျတယ်၊ ငရဲကလွတ်တဲ့အခါ ဘဝပေါင်းများစွာ ဒီလိုပဲ လည်ပင်းမှာ အိုးဆွဲပြီး ရေနှစ်အသတ်ခံရတယ်။

'ကျောက်တုံးအပိတ်ခံရတဲ့ ရဟန်းတွေဟာ လွန်ခဲ့တဲ့ ဘဝတစ်ခု တုန်းက နွားကျောင်းသားတွေ ဖြစ်ခဲ့ဖူးတယ်၊ တစ်နေ့ကျတော့ ဖွတ်ကြီး တစ်ကောင်ကို အတင်းလိုက်ဖမ်းတဲ့အခါ ဖွတ်ကြီးဟာ တွင်းတစ်ခုထဲ ဝင်ပြေးတယ်၊ နွားကျောင်းသားတွေလဲ တွင်းဝကို ပိတ်ထားခဲ့ကြတယ် နောက် ခုနစ်ရက်ကြာတော့မှ ဒီတွင်းဝကို ဖွင့်တဲ့အခါ ဖွတ်ကြီးလဲ အစာ မစားရလို့ အားပျော့ပျော့၊ ချည့်ချည့်နဲ့နဲ့ ထွက်လာတယ်၊ အဲဒီအခါကျတော့ နွားကျောင်းသားတွေလဲ ဖွတ်ကို သနားတာနဲ့ အသက်ချမ်းသာပေးလိုက် တယ်၊ အဲဒီ အကုသိုလ်ကံကြောင့် သေတဲ့အခါ ဒီနွားကျောင်းသားတွေဟာ ငရဲကျတယ်၊ ငရဲက လွတ်တဲ့အခါ ဘဝပေါင်းများစွာ ဒီလိုပဲ ကျောက်တုံးနဲ့ အပိတ်ခံခဲ့ရတယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။



'ကဲ မခင်လှရေ၊ ကံရဲ့ အကျိုးပေးပုံတွေဟာ မထူးဆန်းဘူးလား၊ ကျီးကန်းမှာ လည်ပင်းကို မီးလောင်ပြီးသေဖို့ ကံပါလာတော့ ဒီအချိန်မှာပဲ တဲကို မီးလောင်ပေးရတယ်၊ ဒီအချိန်မှာပဲ တဲအမိုးဟာ လေနဲ့ ကောင်းကင်ကို ပါသွားပေးရတယ်၊ ဒီအချိန်မှာပဲ ကျီးကန်းဟာ ဒီနေရာတည့်တည့်ကြီးကို ပျံလာရတယ်။

'လှေသူကြီးကတော်မှာလဲ လည်ပင်းမှာ အိုးဆွဲပြီး ရေနှစ်အသတ်ခံ ရဖို့ကံပါလာတော့ ရွက်လှေဟာ ပင်လယ်ထဲမှာ ဘယ်လိုလုပ်လို့မှ ရှေ့ မတက်တော့ဘဲ ရပ်ပေးရတယ်၊ မဲချတော့လဲ သုံးကြိမ်စလုံး သူ့ကိုချည်း မဲကျပေးရတယ်၊ ရေထဲပစ်ချရခါနီးကျပြန်တော့လဲ ပင်လယ်ထဲမှာ ခြေ ကလန် လက်ကလန် ဖြစ်နေတာ မကြည့်ရက်တဲ့အတွက် လည်ပင်းမှာ အိုးဆွဲပြီး ရေထဲပစ်ချချင်တဲ့စိတ်တွေ လှေသူကြီးမှာ ပေါ်လာပေးရတယ်။

'ရဟန်းတွေမှာလဲ ကျောက်တုံးကြီးနဲ့ အပိတ်ခံရဖို့ကံ ပါလာတော့ ဒီအချိန်မှာပဲ ရဟန်းတွေဟာ ဒီလိုဏ်ဂူကြီးထဲမှာ လာပြီး တည်းရတယ်၊ တစ်သက်လုံး ဒီနေရာက ဘယ်မှမရွေ့ဘူးခဲ့တဲ့ ကျောက်တုံးကြီးဟာ ဒီအချိန်ကျမှပဲ အောက်ကိုလိမ့်လာပြီး လိုဏ်ဂူ အပေါက်ကြီးကို ပိတ်ပေး ရတယ်၊ နောက် ခုနစ်ရက်စေ့တော့လဲ ဘယ်သူကမှ ဆွဲမချရဘဲနဲ့ သူ့ဟာ သူ့ အလိုလို တခြားကို လိမ့်ပေးရတယ်။

'ဝတ္ထုတွေထဲသာ ဒါမျိုးတွေကို သွားရေးရင် ဝတ္ထုဆရာဟာ တွေ့ကရာတွေ လျှောက်ရေးနေတာပဲ၊ ဒါမျိုး မဖြစ်နိုင်ပါဘူးလို့ ဝတ္ထုဖတ်တဲ့ လူတွေက ပြောကြမှာပဲ၊ ကံရဲ့ အကျိုးပေးပုံတွေဟာ အင်မတန်ကြီး ဆန်းတယ် မခင်လှ၊ အဲဒါကြောင့် မခင်လှရေ ကိုယ်ခံရသမျှတွေဟာ ကိုယ်ကလုပ်ခဲ့တာတွေချည်းပဲလို့ တရားသဘောမှန်အတိုင်း ကြပ်ကြပ်ကြီး နှလုံးသွင်းပါ၊ အဲဒီလို တရားသဘော အမှန်အတိုင်း နှလုံးသွင်းနိုင်ရင် စိတ်လဲ ချမ်းသာမယ်၊ အကုသိုလ် အသစ်တွေလဲ မဖြစ်တော့ဘူး၊ ဒီလို မဟုတ်ဘဲ ဒုက္ခဖြစ်ရတာ ဟိုလူ့ကြောင့် ဒီလူ့ကြောင့် ဆိုပြီး ဒေါသတွေ ဖြစ်နေရင် စိတ်လဲ ချမ်းသာတော့မှာ မဟုတ်ဘူး၊ အကုသိုလ် အသစ် အသစ်

www.burmeseclassic.com

www.burmeseclassic.com



တွေလဲ ထပ်ထပ်ပြီး ဖြစ်နေမယ်၊ ငါပြောတာ သဘောကျရဲ့လား’လို့ ကိုမြင့်ဆွေက မေးတယ်။ မခင်လှက ခေါင်းညိတ်ပြတယ်။ ‘သဘောကျရင် သာဓုသုံးကြိမ် ခေါ်ပါ’လို့ဆိုတယ်။ မခင်လှက သာဓုသုံးကြိမ် ခေါ်တယ်။

ကိုမြင့်ဆွေလဲ မမကြည်ဘက်ကိုလှည့်ပြီး ‘ကဲ သမီးကလေးကော သဘောကျသလား’ လို့ မေးတယ်။

မမကြည်ဟာ ကိုမြင့်ဆွေကို တအောင့်လောက်စိုက်ကြည့်ပြီး ‘ဟုတ်ကဲ့ သဘောကျပါတယ်’လို့ ပြန်ပြောတယ်။ ‘သဘောကျရင် သာဓု သုံးကြိမ်ခေါ်’ လို့ ကိုမြင့်ဆွေက ပြောတဲ့အခါ မမကြည်လဲ သာဓု သုံးကြိမ် ခေါ်တယ်။ ကိုမြင့်ဆွေဟာ မခင်လှရဲ့နဖူးကို သူ့လက်ဝါးနဲ့စမ်း ကြည့်တယ်။ ‘ကိုယ်ရေကိုယ်သားတွေ ကောင်းပါတယ်ကွယ်’လို့ ပြောပြီး ပြန်သွားတယ်။

မမကြည်လဲ ကိုမြင့်ဆွေကို အိမ်ဝအထိ ခါတိုင်းလိုပဲလိုက်ပို့ပြီး သူ့ဒိုင်ယာရီကို ဒီလို ရေးပါတယ်။

‘တရားတော်အတိုင်းဆိုရင် မေမေဟာ အရင်ဘဝတွေတုန်းက ဖေဖေ့ကို နှိပ်စက်ခဲ့ဖူးလို့ ဒီဘဝမှာ ဖေဖေက မေမေ့ကို ပြန်ပြီးနှိပ်စက်တာပဲ၊ လူတိုင်းဟာ ဒီတရားတော်အတိုင်း နှလုံးသွင်းနိုင်ရင် သိပ်ကောင်းမှာပဲ၊ ဘာပဲပြောပြော ငါကတော့ ငါ့မေမေ့ကို နှိပ်စက်ထားတဲ့ ဖေဖေ့ကိုတော့ အသည်းနာတုန်းပဲ၊ ဒေါသဖြစ်တုန်းပဲ၊ ရန်ငြိုးထားတုန်းပဲ၊ မေမေဟာ အိပ်ရာထဲမှာ လဲနေတာ သုံးနှစ်လောက်ရှိသွားပြီ၊ ဖေဖေတစ်ခါမှ မေမေ့ဆီကို မလာဖူးဘူး၊ အကြည် နင့်အမေ ဘယ်နှယ်နေသေးသလဲလို့တောင် ငါ့ကို မမေးဖူးဘူး၊ အစ်ကိုကြီးဟာ နေ့တိုင်း လာရှာတယ်၊ မေမေလဲ အစ်ကိုကြီးလာနေတဲ့အတွက် စိတ်ချမ်းသာတယ်၊ မေမေဟာ သူဟောတဲ့တရားကို သဘောကျသလားလို့ မေးပြီး သမီးကလေးကကော သဘောကျသလားလို့ အစ်ကိုကြီးက ငါ့ကို မေးတယ်၊ ငါ့ကို သမီးကလေးလို့ ခေါ်တာလား၊ ဒါမှမဟုတ်ရင်လဲ အမေကြီးကတော့ သဘောကျပြီး အမေကြီးရဲ့ သမီးကလေးကကော သဘောကျရဲ့လားလို့ မေးတာလား၊ ဒီမေးခွန်းကို အဖြေရခက်တယ်’ လို့ ရေးထားတယ်။



နောက်တစ်နေ့ ကိုမြင့်ဆွေလာတဲ့အခါ သူ့ဘောအိတ်ထဲက စက္ကူအိတ်ကလေးကို ရှေးဦးစွာ ထုတ်လိုက်တယ်။ နောက်မှ စက္ကူအိတ်ကလေးထဲက လက်ကိုင်ပဝါကလေးသုံးထည်ကိုထုတ်ပြီး မခင်လှကိုပြရင်း ‘မခင်လှရေ ဒီလက်ကိုင်ပဝါကလေးတွေကို မှတ်မိသေးရဲ့လား’လို့ မေးတယ်။ မခင်လှက ပြုံးပြီး ‘ဒါတွေ ရှိသေးတာကိုး’လို့ ပြောတယ်။ ‘ရှိတာပေါ့၊ ငါ့သူငယ်ချင်းတွေက၊ ငါ့မေမေ မေမေက အမှတ်တရပေးတာကလေးတွေ ငါကောင်းကောင်းသိမ်းထားတယ်’လို့ ပြောပြီး မခင်လှ လက်ထဲကို လက်ကိုင်ပဝါသုံးထည် ထည့်လိုက်တယ်။ မခင်လှလဲ လက်ကိုင်ပဝါမှာထိုးထားတဲ့ သူ့နာမည်ကလေးကိုကြည့်ရင်း အချစ်ဟောင်းတွေ ပြန်ပေါ်လာတဲ့အတွက် ဝမ်းနည်းပက်လက်ဖြစ်ပြီး မျက်ရည်တွေကျလာတယ်။ ‘အို ဘာဖြစ်လို့ငိုတာလဲကွယ်၊ ငါကတော့ ဝမ်းသာလိမ့်မယ်ထင်ပြီး ပြမိတယ်၊ ပြန်ပေး ပြန်ပေး’ဆိုပြီး မခင်လှလက်ထဲက လက်ကိုင်ပဝါကလေးတွေ ပြန်ယူလိုက်တယ်။ ပြီးတော့မှ စက္ကူအိတ်ကလေးထဲ ပြန်ထည့်ပြီး ဘောအိတ်ထဲ ထည့်ထားလိုက်တယ်။ မောင်မြင့်ဆွေလဲ မခင်လှရဲ့ မျက်ရည်တွေကို သူ့လက်ကိုင်ပဝါနဲ့ ယုယုယယ သုတ်ပေးနေတယ်။ မမကြည်လဲ ကိုမြင့်ဆွေက သူ့မေမေရဲ့ မျက်ရည်တွေကို ယုယုယယ သုတ်ပေးနေတာ မြင်ရတဲ့အခါ သက်မကြီးချလိုက်တယ်။ မခင်လှက တအောင့်လောက်ကြာတဲ့အခါ ‘မောင်မြင့်၊ ငါ့နာမည်နဲ့ ဒီလက်ကိုင်ပဝါတွေကို ပေးတော့ မောင်မြင့်ကလဲ မောင်မြင့်နာမည်နဲ့ လက်ကိုင်ပဝါတွေ ပြန်ပေးလိမ့်မယ်လို့ ငါမျှော်နေတယ်၊ ဘာဖြစ်လို့ ပြန်မပေးတာလဲ’လို့ မခင်လှက မေးတယ်။ ကိုမြင့်ဆွေလဲ အံ့အားသင့်တဲ့မျက်နှာနဲ့ မခင်လှကို ကြည့်ပြီး ‘မခင်လှ ငါ့ဆီမှာ အဲဒီ လက်ကိုင်ပဝါတွေကို တောင်းဖူးသလား၊ တောင်းဖူးရင်လဲ ငါ အမှတ်တမဲ့ဖြစ်သွားတယ်ကွယ်၊ တမင်သက်သက် မပေးချင်လို့ မဟုတ်ပါဘူး’လို့ ပြောတယ်။ ‘တောင်းတော့ ဘယ်ကောင်းမလဲ မောင်မြင့်ရယ်၊ ငါက ငါ့နာမည်နဲ့ လက်ကိုင်ပဝါကလေးတွေ ပေးတယ်ဆိုတော့ မောင်မြင့်ကလဲ ဒီလိုပဲ ပြန်ပေးရမှာပဲ’လို့ မခင်လှက

www.burmeseclassic.com

www.burmeseclassic.com



ဖြေတယ်။ ကိုမြင့်ဆွေလဲ သူ့ရင်ပတ်ကို အသာပုတ်ပြီး 'ဖြစ်မှ ဖြစ်ရပလေကွယ်၊ ငါ့သူငယ်ချင်းက ငါ့ကိုပေးတယ်ဆိုပြီး ငါလဲ ဒီလက်ကိုင်ပဝါကလေးတွေကို သိမ်းထားလိုက်တာပဲ၊ ငါက ပြန်ပေးဖို့သင့်တယ်ဆိုတာ အခု မခင်လှ ပြောတော့မှ ငါစဉ်းစားမိတယ်'လို့ ပြောတယ်။ အဲဒီလို ပြောပြီးတဲ့နောက် သူ့အမေ ရေးထားတဲ့မှတ်စုထဲက တရားတစ်ပုဒ်ကို ဖတ်ပြတယ်။ တခြားစကား နည်းနည်းပါးပါးပြောပြီး ပြန်သွားတယ်။

မမေကြည်လဲ ခါတိုင်းလိုလိုက်ပို့ပြီး သူ့အမေအခန်းထဲကို ဝင်လာတယ်။ အနားမှာစောင့်နေတဲ့ ဆရာမကို ထမင်းစားရအောင်လွှတ်လိုက်ပြီး 'မေမေ ဒီလက်ကိုင်ပုဝါဇာတ်လမ်းကို သမီး မသိရဘူးလား၊ အစ်ကိုကြီးက လက်ကိုင်ပဝါကလေးတွေ ထုတ်ပြပြီး ဒါတွေကို မှတ်မိသေးရဲ့လားလို့ မေးနေတာတွေ၊ နောက်ပြီး မေမေ့လက်ထဲထည့်လိုက်တာတွေ မေမေက လက်ကိုင်ပဝါကလေးတွေမှာ ထိုးထားတဲ့ မေမေ့နာမည်ကိုဖတ်ပြီး မျက်ရည်ကျလာတာတွေ၊ အစ်ကိုကြီးက မျက်ရည်သုတ်ပေးနေတာတွေ၊ နောက် အစ်ကိုကြီးနဲ့ မေမေနဲ့ လက်ကိုင်ပဝါကလေးတွေအကြောင်း အပြန်အလှန် ပြောနေတာတွေကို ဘေးကကြည့်နေ ကြားနေရတာ၊ ရုပ်ရှင်ကားထဲက အခန်းကောင်းတစ်ခုကို ကြည့်နေရသလိုပဲ မေမေရယ်၊ ဒီအကြောင်း နည်းနည်းဆက်ပြီး ပြောပြစမ်းပါ၊ သမီး သိချင်တယ်'လို့ သူ့မေမေကို ပူဆာတယ်။ 'မသိချင်ပါနဲ့တော့ သမီးရယ်'လို့ သူ့အမေက ပြောတယ်။ 'သိချင်တယ် မေမေရယ်'လို့ သမီးက ထပ်ပြီးပူဆာတယ်။

မခင်လှက ပြုံးပြီး 'မေမေငယ်ငယ်က မောင်မြင့်ကို သိပ်ပြီး မေတ္တာရှိတယ်'လို့ ပြောရုံသာ ရှိသေးတယ်။ 'သမီး ထင်နေသားပဲ'လို့ မမေကြည်က ကြားဖြတ်ပြီး ပြောလိုက်တယ်။ 'ဒါပေမယ့်ကွယ်၊ မောင်မြင့်ကတော့ ဘာမှ မသိရှာပါဘူး၊ သူကတော့ စာကြည့်မယ်၊ စာမေးပွဲတွေ အောင်ပြီးရင် ဝန်ထောက်တို့၊ အရေးပိုင်တို့ ခဏလုပ်မယ်၊ ပြီးတော့ သူ့မေမေနဲ့ ဖေဖေရဲ့ သဘောကျအတိုင်း ဘုန်းကြီးလုပ်မယ်၊ ဒါပဲသိတယ်၊ သူ့မှာ သူငယ်ချင်းဆိုလို့ ငါတစ်ယောက်တည်းရှိတယ်၊ အပေါင်းအသင်းထဲ



မထားဘူး၊ သူ့အိမ်ကလွဲရင် မေမေတို့အိမ်နဲ့ ကျောင်း၊ သာသနာ့ရိပ်သာ ဒီသုံးနေရာကိုပဲ သွားတယ်၊ ဘယ်မှလဲ မသွားဘူး၊ ရုပ်ရှင်တွေ ပွဲတွေ ဆိုတာလဲ ဘယ်တော့မှ မကြည့်ဘူး။

'အဲဒါနဲ့ တစ်နေ့တော့ မေမေက ခုနက လက်ကိုင်ပဝါကလေး သုံးထည်ကို မေမေ့နာမည်ထိုးပြီး ပေးလိုက်တယ်၊ ဒီလိုပေးလိုက်ရင် သူကလဲ သူ့နာမည်နဲ့ လက်ကိုင်ပဝါကလေးတွေ ပြန်ပေးလိမ့်မယ်လို့ မေမေက မျှော်နေတာပေါ့၊ သူကလဲ တစ်ထည်မှ ပြန်မပေးဘူး၊ အခုမှ မမေ မေးကြည့်တော့ မေမေက မတောင်းလို့ သူမပေးတာတဲ့၊ အဲဒီလောက်အထိ ရိုးတယ်။

'အဲဒါနဲ့တစ်နေ့ကျတော့ မေမေက အရဲစွန့်ပြီး 'မောင်မြင့် ချစ်တယ်ဆိုတာ နင်သိသလား'လို့ မေးလိုက်တယ်။ 'ချစ်တယ်ဆိုတာ ကြိုက်တာပေါ့ ဟဲ့'လို့ သူက ပြန်ပြောတယ်။ 'ကြိုက်တယ်ဆိုတာကော နင်သိသလား'လို့ မေမေက ထပ်မေးတယ်။ ကြိုက်တယ်ဆိုတာ လိုချင်တာပေါ့ ဟဲ့၊ ယောကျ်ားက မိန်းမကို လိုချင်တာ၊ မိန်းမက ယောကျ်ားကို လိုချင်တာ၊ အဲဒါကြိုက်တာပေါ့ဟဲ့'လို့ သူက ပြန်ပြောတယ်။ အဲဒီတော့ မေမေကလဲ အရဲစွန့်ပြီး 'မောင်မြင့် နင့်မှာ နင်လိုချင်တဲ့မိန်းမရှိသလား' လို့ဆက်မေးတယ်။ အဲဒီလို မေမေကမေးတော့ မောင်မြင့်ဆွေက မျက်မှောင်ကြီးကုပ်ပြီး 'ခင်လှ နင်ဘာတွေလျှောက်ပြောနေသလဲ၊ ကလေး တွေဖြစ်ပြီး ဆေးလိပ်သောက်တာတို့၊ ချစ်စကား၊ ကြိုက်စကား ပြောတာတို့၊ ငါသိပ်မုန်းတာပဲ'လို့ မေမေ့ကို ငေါက်တယ်။ မေမေလဲ အဲဒီကတည်းက အချစ်အကြောင်းနဲ့ ပတ်သက်ပြီး သူ့ကို မပြောရဲတော့ဘူး။

'အဲဒီနောက် မေမေရဲ့ အမေက သမီးရဲ့ဖေဖေကို ယူဖို့ မေမေကို အတင်းပြောနေတော့ မေမေက 'မောင်မြင့်ရယ်၊ ငါ ဒီသူဌေးလွှိုင်ဖေကို မယူချင်ဘူး၊ နင်နဲ့ငါ အိမ်က ထွက်ပြေးရအောင်လို့ သူ့ကို ပြောသွားတယ်၊ သူ အိမ်ကထွက်ပြေးရင် သူ့မေမေ သေသွားလိမ့်မယ်ဆိုပြီး သူ သဘောမတူဘူး၊ ဒါနဲ့ မေမေလဲ သမီးရဲ့ ဖေဖေကို ယူလိုက်ရတာပဲ'လို့

www.burmeseclassic.com

www.burmeseclassic.com



အမေက ပြောတယ်၊ မမေကြည်လဲ အသံထွက်အောင်ရယ်လိုက်ပြီး 'မေမေကလဲ ဘုန်းကြီးတစ်ပိုင်းဖြစ်နေတဲ့လူကို မရဲတရဲသွားပြီး ကြိုက်တာကိုး ဒီလိုဖြစ်မှာပေါ့'လို့ ပြုံးရင်း ပြောတယ်။ သူ့အမေလဲ ပြုံးနေတယ်။

တအောင့်လောက်ကြာတဲ့အခါ သူ့အခန်းကိုပြန်ပြီး ဒီလို ဒိုင်ယာရီ ရေးတယ်။

> 'အစ်ကိုကြီးလို လူမျိုးကို မရဲတရဲ ကြိုက်လို့မရဘူး၊ မေမေဟာ မရဲတရဲသွားပြီး ကြိုက်မိလို့ အစ်ကိုကြီးကို မရတာ၊ လက်ကိုင်ပုဝါ ဇာတ်လမ်း ကလေးဟာ စိတ်ဝင်စားစရာကောင်းတယ်၊ အစ်ကိုကြီး မေမေ့ မျက်ရည်တွေကို သုတ်ပေးနေတာကို ငါမြင်ရပြီး ငါ ဘယ့်နှယ် ဖြစ်သွားမှန်း မသိဘူး၊ အသည်းတွေ လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဖြစ်ပြီး တစ်ကိုယ်လုံး ယားကျိကျိဖြစ်နေတယ်၊ ချစ်တယ်ဆိုတာ ကြိုက်တာတဲ့ ကြိုက်တယ်ဆိုတာ လိုချင်တာ၊ ယောကျ်ားက မိန်းမကို လိုချင်တာ မိန်းမက ယောကျ်ားကို လိုချင်တာတဲ့၊ အစ်ကိုကြီးပြောတာ သိပ်မှန်တယ်'

လို့ ရေးထားလိုက်တယ်။ ။

၂၆

## မိတ်ဆွေကောင်းတို့ ကျင့်ဝတ်

ကိုမြင့်ဆွေလဲ မခင်လှတို့အိမ်က ပြန်လာပြီး သူ့အိမ်ထဲကိုအဝင် နောက်ဖေးက အိမ်ရှေ့ကို သူ့ဒေါ်လေးနဲ့အတူ ထွက်လာတဲ့ မသန်းခင်နဲ့ တွေ့တယ်။ မသန်းခင်ဟာ ဦးလတ် ဒေါ်အေးတို့ရဲ့ အကြီးဆုံး သမီးဖြစ်တယ်။ သူ့အောက်မှာ မောင်ထွန်းတင်ဆိုတဲ့ မောင်တစ်ယောက်၊ မလှရင်ဆိုတဲ့ ညီမကလေး တစ်ယောက်ရှိတယ်။ မောင်ထွန်းတင်ကတော့ အိမ်ထောင်ကျပြီး ယောက္ခမကြီးများအိမ်မှာပဲ သွားနေတယ်။ မသန်းခင်ဟာ ကိုမြင့်ဆွေအောက် ဆယ်နှစ်လောက်ငယ်မယ်။ ငယ်ငယ်တုန်းကဆိုရင် ဒီကလေးတွေ အိမ်ကို အလည်လာတဲ့အခါ မောင်မြင့်ဆွေကိုယ်တိုင် ချီပြီး ကစားခဲ့ဖူးတယ်။ ဦးလတ်ရဲ့ ပထမအိမ်ထောင်က ဒေါ်သိန်းတဲ့။ ဒေါ်သိန်းဆုံးတော့ ဒေါ်သိန်းရဲ့ညီမ ဒေါ်အေးနဲ့ ပြန်ပြီး လက်ဆက်တယ်။ ဒေါ်သိန်းနဲ့ သားသမီး တစ်ယောက်မှ မရဘူး။ ဦးလတ်ဟာ ကိုမြင့်ဆွေရဲ့အဖေ ဦးသိန်းနဲ့ ကျောင်းနေဖက် သူငယ်ချင်း။ ဆယ်တန်းကျတော့ ကျောင်းကထွက်ပြီး ဒေါ်သိန်းနဲ့ အိမ်ထောင်ကျတယ်။ ဦးလတ်က ဒေါ်သိန်းမဆုံးခင်က သူ့ခယ်မ ဒေါ်အေးနဲ့ သူ့သူငယ်ချင်း ဦးသိန်းကို ပေးစားချင်တယ်။ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



အရက်ကိုသာ ဖိသောက်နေတယ်။ ကိုသိန်းရဲ့စာကိုရတဲ့အခါ အတော် ကလေး မှုံးနေတယ်။ ကိုသိန်းလဲ အလုပ်မဆင်းတော့တဲ့အတွက် နောက် တစ်နေ့ နေ့လယ် ဆယ့်နှစ်နာရီလောက်မှာ သူဌေးဟာ ကိုသိန်းဆီကိုသွား အောင် မော်တော်ဆိပ်ကို ဆင်းလာတယ်။ မော်တော်ဆိပ်နားရောက်ခါနီးမှာ အေးကြိုင်ရဲ့ရည်းစား ခင်မောင်က အနားကပ်ပြီး ဓားမြှောင်နဲ့ ဗိုက်ကို တအားထိုးလိုက်တယ်။ ထိုးပြီး ဆွဲဖြဲလိုက်သေးတယ်။ အူတွေထွက်လာပြီး သူဌေးဟာ ဒီနေရာမှာပဲ လဲကျသွားပါတယ်။ ဖြစ်တာကလဲ သိပ်မြန်လွန်း တယ်။ ပြီးတော့လဲ ဒီလိုဖြစ်လိမ့်မယ်လို့လဲ ဘယ်သူကမှ မမျှော်လင့်ဘူး ဒါကြောင့် ခင်မောင်ကို ဘယ်သူမှ မဆွဲလိုက်နိုင်ဘူး။ နောက်မှ လူတွေ ရုတ်ရုတ်ရုတ်ရုတ်နဲ့ ဟိုပြေး ဒီပြေး ပြေးလာကြတယ်။ ခင်မောင်က သွေးပေနေတဲ့ ဓားမြှောင်ကြီးကို ထောင်ပြပြီး 'ကျုပ်က သေလူနော်၊ ခင်ဗျားတို့မယားတွေ မုဆိုးမ မဖြစ်ချင်ရင် ကျုပ်အနား ဘယ်သူမှ မကပ် ကြနဲ့၊ ကျုပ်ဟာကျုပ် သူကြီးအိမ်မှာ သွားအဖမ်းခံမယ်'လို့ ပြောတယ်။ ဒီလိုပြောပြီး သွေးပေနေတဲ့ ဓားမြှောင်ကြီးနဲ့ သွေးတွေနဲ့လဲနေတဲ့ ဦးထွန်းကို ထိုးပြရင်း 'အေးကြိုင်သေသလို ဒင်းလဲ သေချင်းဆိုးနဲ့ သေရတာကို ကျုပ် မြင်ရလို့ ကျေနပ်ပြီဗျာ၊ ကျေနပ်ပြီ'လို့ပြောပြီး ခင်မောင်ဟာ သူကြီးအိမ်မှာ အဖမ်း ခံလိုက်တယ်။

*

ညဘက်ရောက်တဲ့အခါ ကိုသိန်း၊ မခင်မေ၊ မောင်မြင့်ဆွေတို့ မိသားစု သုံးဦးဟာ ခါတိုင်းလိုပဲ တရားဆွေးနွေးရအောင် ထိုင်ကြတယ်။ အဲဒီအခါ သား မောင်မြင့်ဆွေက စပြီး 'ဖေဖေရယ်၊ ဒီသူဌေးဦးထွန်းဟာ ဒီလိုသေ တာပဲ ကောင်းတယ်၊ သူဟာ မိန်းကလေးတွေကို သိပ်ပြီး ဖျက်ဆီးတာပဲ'လို့ ပြောတယ်။ 'လူကလေး ဦးထွန်းဟာ သူ့ကံနဲ့သူ စီမံသွားပြီ၊ လူကလေးက နောက်ထပ်ပြီး အပို ငရဲကြီးမခံနဲ့'လို့ အဖေက ပြောတယ်။ 'လူကလေး ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်အောင်နေ၊ အဲဒါ အရေးအကြီးဆုံးပဲ'လို့



အမေက အစချီလိုက်တယ်။ အဲဒီလို ပြောပြီးတော့မှ 'လောကမှာ တရား ပျက်တဲ့လူ၊ တရားမပျက်တဲ့လူ၊ ဆိုးတဲ့လူ၊ ကောင်းတဲ့လူ၊ ကြည်ညိုဖွယ်ရာ ရှိတဲ့လူ၊ ကြည်ညိုဖွယ်ရာမရှိတဲ့လူ ဆိုပြီး လူနှစ်မျိုးနှစ်စား ရှိတယ်။ အဲဒီ လူနှစ်မျိုးနှစ်စားနဲ့ပတ်သက်ပြီး ရှင်တော်မြတ်ဘုရားဟာ ပထမနဲ့ ဒုတိယ ပါသာဒိကသုတ်တွေမှာ ဘယ်လိုဟောတော်မူထားတယ်ဆိုတာ မေမေ ပြောပြမယ်။ ဒီသုတ်တွေကို မေမေ မပြောခင် ဘယ်လိုလူဟာ တရားပျက် တဲ့လူ၊ ဘယ်လိုလူဟာတရားမပျက်တဲ့လူ၊ ဘယ်လိုလူဟာ လူဆိုး၊ ဘယ်လို လူဟာ လူကောင်း၊ ဘယ်လိုလူဟာ ကြည်ညိုဖွယ်ရှိတဲ့လူ၊ ဘယ်လိုလူဟာ ကြည်ညိုဖွယ်မရှိတဲ့လူဆိုတာ မေမေနဲ့ ဖေဖေကို လူကလေးက ရှင်းပြစမ်း ပါဦး'လို့ အမေက သားကို မေးတယ်။ သားက သူများအသက်သတ်တဲ့ သူ၊ သူများဥစ္စာ ခိုးတဲ့သူ၊ ကာမမှာ မှားယွင်းစွာကျင့်တဲ့သူ၊ လိမ်ပြောတဲ့သူ၊ အရက်သောက်တဲ့သူ၊ လောင်းတန်း ကစားတဲ့သူဟာ တရားပျက်တဲ့သူ၊ လူဆိုး၊ ကြည်ညိုဖွယ်ရာ မရှိတဲ့သူပဲ မေမေ၊ ဒီကံငါးပါးကို ရှောင်တဲ့ သူဟာ တရားရှိတဲ့သူ၊ ကြည်ညိုဖွယ်ရာရှိတဲ့သူပဲ မေမေ'လို့ ဖြေတယ်။ အမေက သာဓုခေါ်တယ်။

ဒီလို သာဓုခေါ်ပြီးမှ 'တရားမဲ့သူ၊ လူဆိုး၊ ကြည်ညိုဖွယ်ရာမရှိတဲ့ သူတွေဟာ ငါတို့တော့ဖြင့် မကောင်းတာတွေကို လုပ်ခဲ့မိပြီ၊ ငါတို့ဟာ လူကောင်းတွေ မဟုတ်တော့ဘူးလို့ ကိုယ့်ကိုယ်ကိုပြန်ပြီး မကြာခဏ စွပ်စွဲ မိတယ်၊ ဒီလူတွေကို ပညာရှိတွေက ကဲ့ရဲ့တယ်၊ ဒီလူတွေရဲ့ မကောင်း သတင်းဟာ အနီးအဝေး ပျံ့နှံ့တယ်၊ ဒီလူတွေ သေခါနီးကျရင် သူတို့လုပ် ခဲ့တဲ့ မကောင်းတာတွေကို သတိပြန်ရပြီး တွေတွေဝေဝေ မချမ်းမသာ ကြောက်ကြောက်လန့်လန့်နဲ့ သေရတယ်၊ သေတဲ့အခါလဲ ဒီလူတွေဟာ ငရဲကို ရောက်ရတယ်လို့ ရှင်တော်မြတ်ဘုရား ဟောကြားထားခဲ့တယ်။

'တရားမပျက်တဲ့သူ၊ လူကောင်း၊ ကြည်ညိုဖွယ်ရာရှိတဲ့သူတွေ ကတော့ ကောင်းတာတွေကိုပဲ လုပ်နေကြတဲ့အတွက် ကိုယ့်ကိုယ်ကို ပြန်ပြီး စွပ်စွဲစရာ မရှိတော့ဘူး၊ ဒီလူတွေကို ပညာရှိတွေ ချီးမွမ်းကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ လက်သုတ်ပဝါနဲ့ စီးကရက်ဘူး၊ မီးခြစ်ကိုဗန်းနဲ့ သူကိုယ်တိုင် ယူလာပြီး ကိုမြင့်ဆွေရှေ့မှာချရင်း အရင်လိုပဲ ပြုံးပြန်တယ်။ 'မုန့်စားပါဦး အစ်ကိုကြီး'လို့ ပြောပြီး နောက်ဖေးကို ဝင်သွားပြန်တယ်။ ပေါင်ဒါနံ့တွေ အရင်နှစ်ကြိမ်လို ကိုမြင့်ဆွေရဲ့ နှာခေါင်းထဲ လုံးပြီး ဝင်သွားတယ်။

တအောင့်လောက်ကြာတဲ့အခါ မသန်းခင် ပြန်ထွက်လာပြီး သူ့ အမေရဲ့ ကုလားထိုင်နောက်မှာ မှီရင်း ရပ်နေတယ်။ မျက်စိကတော့ ကိုမြင့်ဆွေကိုပဲ စိုက်ကြည့်နေတာပဲ။ တအောင့်လောက်ကြာတော့ 'အစ်ကို ကြီး ဝါးခယ်မက ထွက်သွားတာ ဆယ့်ငါးနှစ်လောက်ကြာတယ်နော်'လို့ ဝင်ပြီး ပြောတယ်။ ကိုမြင့်ဆွေလဲ 'ဟုတ်တယ် မသန်းခင်ရေ၊ ဆယ့်ငါးနှစ် လောက် ကြာတယ်'လို့ သူ့ကို မော့ကြည့်ရင်း ပြောတယ်၊ မျက်လုံးချင်း ဆိုင်မိတဲ့ အခါ မသန်းခင်က ပြုံးပြန်တယ်။ တအောင့်လောက်ကြာတဲ့အခါ 'အစ်ကိုကြီး၊ ဒီဆယ့်ငါးနှစ်တွင်း မြို့တွေ အတော် ရောက်ဖူးမှာပဲ'လို့ ဝင်ပြီး ပြောပြန်တယ်။ 'ဟုတ်တယ်၊ မသန်းခင်ရေ၊ မြို့တွေ အတော် ရောက်ခဲ့ဖူးတယ်'လို့ သူ့ကို မော့ကြည့်ရင်း ပြောတယ်။ မျက်လုံးချင်း ဆိုင်မိတဲ့အခါ မသန်းခင်က ပြုံးပြန်တယ်။

ဦးလတ်က 'မောင်မြင့်ဆွေ၊ မင်း ကမ္ဘာ့ဌာန်းထိုင်ဖူးတယ် မဟုတ် လား'လို့ မေးတယ်။ မောင်မြင့်ဆွေက 'ထိုင်ဖူးပါတယ်'လို့ ဖြေတယ်။ ဦးကို နည်းနည်းလောက် ပြောပြစမ်းပါလို့ ပြောတဲ့အတွက် မောင်မြင့်ဆွေ ကမ္မဋ္ဌာန်းအကြောင်းကို လျှောက်ပြောနေတယ်။ မောင်မြင့်ဆွေ ပြောပြီး အခါ 'အစ်ကိုကြီး၊ ကျွန်မလဲ ကမ္မဋ္ဌာန်းတော့ ထိုင်ချင်တယ်၊ ဒါပေမဲ့ တချို့လူတွေက ကမ္မဋ္ဌာန်းထိုင်ရင် ရူးတတ်တယ်လို့ဆိုတာနဲ့ ကြောက် တယ်'လို့ မသန်းခင်က ဝင်ပြောတယ်။ 'ဒါတွေဟာ မမှန်ပါဘူးကွယ် ဒါပေမယ့် ကမ္မဋ္ဌာန်းအားထုတ်ရင် ဆရာကောင်းကောင်းနဲ့ အားထုတ် တော့ အရေးကြီးတယ်'လို့ မောင်မြင့်ဆွေက မသန်းခင်ကို မော့ကြည့်ရင်း ပြောတယ်။ မျက်လုံးချင်းဆိုင်တဲ့အခါ ရှေးကလိုပဲ ပြုံးပြန်တယ်။ အတော် ကလေး နေပြီးတဲ့အခါ မောင်မြင့်ဆွေလဲ နှုတ်ဆက်ပြီး ပြန်လာခဲ့တယ်။



မသန်းခင်လဲ အတော်ကြီးဝမ်းသာပြီး ကိုမြင့်ဆွေရဲ့ မျက်လုံးတွေကို ပြန် စဉ်းစားရင်း သန်းခေါင်ကျော်လောက်မှ အိပ်ပျော်သွားတယ်။

မောင်မြင့်ဆွေလဲ နောက်တစ်နေ့မနက် 'ရီး'တိုက်ကိုသွားပြီး လက်ကိုင်ပဝါတစ်ဒါဇင် ဝယ်တယ်။ လက်ကိုင်ပဝါတွေကိုယူပြီး မခင်လှတို့ တိုက်ကို လာတယ်။ အောက်ထပ်မှာ မမကြည်နဲ့ပဲ တွေ့တယ်။ ဒီ လက်ကိုင်ပဝါတွေဟာ သူ့မမကို ပေးဖို့အတွက်ဖြစ်တယ်။ လက်ကိုင် ပဝါတွေမှာ မြင့်ဆွေဆိုတဲ့ နာမည်တွေ ထိုးထားပါ။ ညနေသူလာတော့မှ သူကိုယ်တိုင် ပေးမယ်။ သူမပေးသေးခင် ဒီလက်ကိုင်ပဝါအကြောင်းကို သူ့အမေ မသိစေနဲ့ဦးလို့ ပြောပြီး အလုပ်ဘက် ထွက်သွားတယ်။

ညနေကျတော့ ခါတိုင်းလိုပဲ ကိုမြင့်ဆွေ ရောက်လာတယ်။ မမ ကြည်ဆီက လက်ကိုင်ပဝါတွေကို ယူပြီး မခင်လှနဲ့ တွေ့တဲ့အခါ 'ကဲ မခင်လှရေ ဟိုတုန်းက လက်ကိုင်ပဝါသုံးထည် ပြန်မပေးမိတဲ့အတွက် အခု အတိုးနဲ့ပေါင်းပြီး ဆယ့်နှစ်ထည် ပြန်ပေးပါပြီကွယ်၊ ငါ့နာမည်တွေလဲ ပါတယ်၊ ဟောဒီမှာ'လို့ လက်ကိုင်ပဝါတွေကို ဖြန့်ပြတယ်။ ပြီးတော့မှ မခင်လှ လက်ထဲကို လက်ကိုင်ပဝါတွေ ထည့်လိုက်တယ်။ မခင်လှလဲ လက်ကိုင်ပဝါမှာ 'မြင့်ဆွေ'ဆိုတဲ့ နာမည်ကလေးတွေကို တစ်ခုပြီးတစ်ခု လှန်ကြည့်နေတယ်။ ပြီးတော့မှ ကိုမြင့်ဆွေကို စိုက်ကြည့်ပြီး ပြုံးတယ်။ လက်ကိုင်ပဝါကလေးတွေကိုလဲ သူ့ရင်ပတ်ပေါ်မှာတင်ပြီး လက်နဲ့ဖိထား တယ်။ ကိုမြင့်ဆွေလဲ ပြောနေကျစကားတွေ လျှောက်ပြောပြီး သူ့အမေ ပေးထားတဲ့ မှတ်စုထဲက တရားစာတစ်ပိုဒ်ကို ဖတ်ပြလို့ ဆယ်မိနစ်လောက် ရှိတော့ မခင်လှဟာ အတော်ကလေးချောင်းဆိုးတယ်။ ဆရာမက ထွေးခံနဲ့ အောက်ကခံပေးလို့ ထွေးလိုက်တဲ့အခါ သွေးခဲတွေဖြစ်နေတယ်။

မခင်လှ မောနေတာနဲ့ ကိုမြင့်ဆွေလဲ စာ ဆက်မဖတ်တော့ဘူး။ သူပေးထားတဲ့ လက်ကိုင်ပဝါတစ်ထည်ကိုယူ စားပွဲခုံပေါ်က အော်ဒီကလုံး ရေမွှေးဆွတ်ပြီး မခင်လှရဲ့ နှာခေါင်းဝနားမှာ အသာယပ်ပေးနေပါတယ်။ မခင်လှလဲ အမောမပြေသေးတာနဲ့ ခဏကလေး မှိန်းနေတယ်။ အတော်

www.burmeseclassic.com

www.burmeseclassic.com



ကလေးကြာလို့ အမောပြေသွားတဲ့အခါ 'မောင်မြင့်ဆွေ'လို့ ခေါ်လိုက်တယ်။ 'ဘာလဲ မခင်လှရေ'လို့ ကိုမြင့်ဆွေက ထူးတယ်။ မခင်လှဟာ သူ့ညာဘက်လက်ကို လှမ်းပေးတယ်။ ကိုမြင့်ဆွေဟာ မခင်လှရဲ့လက်ဝါးကို သူ့လက်နှစ်ဖက်နဲ့ အုပ်ထားလိုက်တယ်။ တအောင့်လောက်ကြာတဲ့အခါ 'မောင်မြင့်'လို့ ထပ်ခေါ်ပြန်တယ်။ 'ဘာလဲ မခင်လှရေ'လို့ ကိုမြင့်ဆွေက ထူးတယ်။ 'ငါသေရ တော့မှာပါပဲကွယ်'လို့ ပြောတယ်။ 'အို မဟုတ်တာပဲကွယ်၊ စိတ်တင်းထားမှပေါ့၊ စိတ်လျှော့လို့ ဘယ်ဖြစ်မလဲ'လို့ ကိုမြင့်ဆွေက အားပေးရှာပါတယ်။ မခင်လှက ခေါင်းခါပြပြီး 'ငါ့ဟာငါ သိပါတယ်'လို့ ပြောတယ်။ အဲဒီလို ပြောပြီးတော့မှ 'ငါသေရင် ငါ့သမီးကလေးကို စောင့်ရှောက်လိုက်ပါကွယ်'လို့ ပြောပြန်တယ်။ 'စိတ်ချပါ မခင်လှရယ် ဘာမှမပူပါနဲ့'လို့ ကိုမြင့်ဆွေက ကတိပေးတယ်။ 'မောင်မြင့်နဲ့ မတွေ့ရခင်တုန်းကတော့ ငါသေရင် သမီးကလေး ဘယ်လိုလုပ်ပြီး နေပါ့မလဲလို့ အမြဲတမ်း ပူနေတယ်၊ မောင်မြင့်နဲ့ တွေ့ပြီးတော့ ဒီအပူလုံးကြီးဟာ ကျသွားပြီ၊ ငါ စိတ်ချသွားပြီ'လို့ ပြောတယ်။

တအောင့်လောက်ကြာတော့ 'မခင်လှရေ ခုနက ဖတ်ပြနေတဲ့စာကို ဆက်ဖတ်ပြဦးမယ်နော်'လို့ ကိုမြင့်ဆွေကပြောတယ်။ မခင်လှက ခေါင်းညိတ်တယ်။ ကိုမြင့်ဆွေလဲ ဆက်ဖတ်ပြနေတယ်။ ဖတ်ပြီးတဲ့အခါ မခင်လှက သူ့ညာလက်ကို လှမ်းပေးပြန်တယ်။ ကိုမြင့်ဆွေလဲ သူ့လက်နှစ်ဖက်နဲ့ ရှေးကလို အုပ်ထားတယ်။ 'မောင်မြင့်'လို့ မခင်လှက ခေါ်တယ်။ 'ဘာလဲ မခင်လှရေ'လို့ ကိုမြင့်ဆွေက ထူးတယ်။ 'နောက် ကတိတစ်ခု ပေးပါဦး'လို့ မခင်လှကပြောတယ်။ 'ဘာကတိများလဲ မခင်လှရေ'လို့ ကိုမြင့်ဆွေက မေးတယ်။ 'ငါသေရင် ဒီလက်ကိုင်ပဝါတွေ အားလုံး မောင်မြင့် ကိုယ်တိုင် ငါ့ခေါင်းထဲကို ထည့်ပေးရမယ်'လို့ မခင်လှက ပြောတယ်။ 'မခင်လှကလဲကွယ် သေဖို့ဟာတွေ ဘာဖြစ်လို့ တွေးနေသလဲ၊ ရှင်ဖို့ဟာတွေ တွေးပါ'လို့ ကိုမြင့်ဆွေက ပြောတယ်။ 'မရှင်တော့ပါဘူးကွယ်၊ ငါ့ဟာငါ သိနေပါပြီ၊ အဲဒီတော့ ငါပြောတဲ့ကတိ ပေးမလား'လို့



ထပ်မေးတယ်။ 'မခင်လှသဘောအတိုင်း ဖြစ်ရစေမယ်ကွယ်'လို့ ကိုမြင့်ဆွေက ကတိပေးတယ်။ မခင်လှဟာ ကိုမြင့်ဆွေကို ပြုံးပြီး ကြည့်နေတယ်။

တအောင့်လောက်ကြာတဲ့အခါ 'မနေ့က ကံအကြောင်းကို မောင်မြင့်ပြောသွားတာ သိပ်ကောင်းတယ်ကွယ်၊ သမီးကလေးကိုလဲ အဖေကိုမုန်းနေတဲ့ ဒေါသတွေချွတ်ပေးပါဦး မောင်မြင့်ရယ်'လို့ ပြောတယ်။ 'အကြည်က တရားနာချင်တဲ့စိတ် ရှိရဲ့လား'လို့ ကိုမြင့်ဆွေက မေးတယ်။ 'ရှိပါတယ်' လို့ ဖြေတယ်။ အတော်ကလေးကြာတဲ့အခါ မောင်မြင့်ဆွေ ပြန်သွားတယ်။

မမေကြည်လဲ ခါတိုင်းလို ကိုမြင့်ဆွေကိုလိုက်ပို့ပြီး သူ့အခန်းထဲမှာ ဒီလို ဒိုင်ယာရီ ရေးနေတယ်။

'မေမေက သူသေရင် သမီးကလေးကို စောင့်ရှောက်လိုက်ပါလို့ အစ်ကိုကြီးကို အပ်တယ်၊ အစ်ကိုကြီးကလဲ စိတ်ချပါ မခင်လှရယ်၊ ဘာမှ မပူပါနဲ့လို့ ကတိပေးတယ်၊ နောက်ပြီးတော့ မေမေက သူသေရင် အစ်ကိုကြီး သူ့ကိုပေးတဲ့လက်ကိုင်ပဝါတွေ သူ့ခေါင်းထဲ အစ်ကိုကြီးကိုယ်တိုင် ထည့်ပေးဖို့ ကတိတောင်းတယ်၊ မခင်လှ သဘောအတိုင်း ဖြစ်ရပါစေမယ်ကွယ်လို့ အစ်ကိုကြီးက ကတိပေးတယ်၊ မေမေသေရင် တစ်လောကလုံးမှာ အစ်ကိုကြီးဟာ ငါ့ရဲ့ တစ်ဦးတည်းသော မှီခိုရာ၊ ကိုးကွယ်ရာ၊ အားထားရာကြီးဖြစ်မှာပဲ၊ အစ်ကိုကြီးနဲ့ ဘယ်တော့မှ မခွဲဘူး၊ အစ်ကိုကြီးလဲ အခုလို ပေါ်မလာဘူး၊ မေမေလဲ ဖေဖေ့အရင် သေမယ်ဆိုရင် ဖေဖေကတော့ ငါ့ကို အတင်းယောကျ်ားပေးစားမှာပဲ၊ ငါကလဲ ဘယ်ယူမလဲ၊ ဆွဲကြိုးချသေမှာပဲ၊ အဲဒီတော့ ငါ့လမ်းဟာ အရင်တုန်းကဆိုရင် ဆွဲကြိုးချသေဖို့တစ်လမ်းပဲ ရှိခဲ့တယ်၊ အခု အဲဒီလမ်းဆိုးကြီးက ငါလွတ်ခဲ့ပြီ၊ ကံအကျိုးပေးပုံတွေဟာ တယ်ထူးဆန်းတာပဲ၊ ငါ့ကံဟာ ရှေ့ကို ဘယ်လိုများ ဆက်ပြီး အကျိုးပေးဦးမယ် မသိသေးဘူး'

လို့ ရေးထားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ဆွေဟာ ဘယ်နေရာသွားသွား မိန်းမနဲ့ မတွေ့ရတဲ့ နေရာ မရှိဘူး။ ဒီလိုဖြစ်ရအောင်ဟာ ဘာဝဆုတောင်းများ ရှိလာလေရော့သလား မပြောတတ်ဘူး။ ဂေါတမမြတ်စွာဘုရား လက်ထက်တော်က တန်ခိုးကြီးတဲ့ နေရာမှာ ဇေတဒဂ်ရတော်မူတဲ့ ရဟန္တာမကြီး အရှင်ဥပ္ပလဝဏ်ဟာ ရှေးဘဝ တစ်ခုမှာ သူဆင်းရဲမကလေးတစ်ယောက် ဖြစ်တယ်။ ကြတ္တိကာနက္ခတ် သဘင်မှာဝတ်ဖို့ ပန်းပုဆိုးဆိုတဲ့ ပန်းရောင်ဖျော့ဖျော့ဆိုးထားတဲ့ ပိုးထည် အဝတ်တစ်စုံကို လိုချင်တာနဲ့ သူဌေးကြီးတစ်ဦးဆီမှာ ဒီသူဆင်းရဲမ ကလေးဟာ သုံးနှစ် ကျွန်ခံတယ်။ ဒီအဝတ်ကိုရပြီး အိမ်ပြန်လာတဲ့အခါ ဓားပြတွေက သက်န်းကို အတင်းချွတ်အယူခံလိုက်ရလို့ သစ်ခက် သစ်ရွက် တွေကို သင်္ကန်းအဖြစ်နဲ့ ဝတ်ရုံထားရတဲ့ ရဟန္တာကြီးတစ်ပါးနဲ့ တွေ့တယ်။ အဲဒီအခါ ဒီသူဆင်းရဲမကလေးဟာ သူရလာတဲ့ အဝတ်ကို မဝတ်ရက်တော့ ဘဲ ရဟန္တာကြီးကို လှူလိုက်တယ်။ လှူပြီးတဲ့အခါ ဖြစ်လေရာ ဘဝမှာ အမျိုးသမီးတကာတို့ထက် လှပပြီး မြင်သမျှသော ယောကျ်ားတွေဟာ တွယ်တာ နှစ်သက် စုံမက်တိမ်းညွတ် သတိလွတ်လျက် ရူးသွပ်သည့်အခြေ အနေကို ဆိုက်ရောက်သည့်တိုင်အောင် မေ့လျော့ ယစ်မူးကြပါစေဘုရားလို့ ဆုတောင်းလိုက်တယ်။

အဲဒီဆုတောင်းအရ နောင်တစ်ဘဝကျတော့ ဥမ္မာဒန္တီဖြစ်တာပဲ။ မြင်သမျှ ယောကျ်ားတွေဟာ ဣန္ဒြေကို မထိန်းသိမ်းနိုင်လောက်အောင် မေ့လျော့ယစ်မူးကုန်ကြတာပဲ။ ကိုမြင့်ဆွေလဲ လွန်ခဲ့တဲ့ ဘဝတစ်ခုခုမှာ ဘယ်လိုများ ဆုတောင်းခဲ့တယ် မသိဘူး။ သွားလေရာ ရောက်လေရာမှာ မိန်းမနဲ့တော့ တွေ့ရတာပဲ။ အလုပ်ရုံမှာလဲ စာရေးမကလေး ညွှန့်ညွှန့်ဟာ ကိုမြင့်ဆွေကို မြင်ကတည်းက တစ်ဖက်သတ် အရမ်းချစ်နေတယ်။ အလုပ် ဝတ္တရားနဲ့ ကိုမြင့်ဆွေရဲ့ အခန်းထဲကို တစ်နေ့တစ်နေ့ နှစ်ကြိမ် သုံးကြိမ် လောက် ညွှန့်ညွှန့်ဝင်ရတယ်။ ကိုမြင့်ဆွေ ရောက်ခါစတုန်းကတော့ အကျွမ်း တဝင် မဖြစ်သေးလို့ 'အစ်ကိုကြီး နေကောင်းလား၊ အစ်ကိုကြီး ထမင်းစား ကောင်းလား၊ အစ်ကိုကြီး အိပ်လို့ပျော်ရဲ့လား၊ အစ်ကိုကြီး အသားအရေ



တွေက သိပ်ကောင်းတာပဲ'ဆိုတဲ့ စကားမျိုးလောက်ကိုပဲ အခန်းထဲဝင်ရ တိုင်း တစ်ခွန်းပြော နှစ်ခွန်းပြော ပြောပြောသွားတယ်။ နည်းနည်းကလေး အကျွမ်းတဝင် ဖြစ်လာတော့ 'အစ်ကိုကြီးဟာ အခုထက်ထိ ဘာဖြစ်လို့ မိန်းမ မယူသေးတာလဲ' ဆိုတာမျိုးအထိ ညွှန့်ညွှန့်ဟာ တက်လာတယ်။ ကိုမြင့်ဆွေကလဲ စိတ်ကောင်း ကောင်းနဲ့ 'မိန်းမယူတာ မကောင်းလို့မယူ တာပေါ့ ညွှန့်ညွှန့်ရယ်'လို့ ဖြေတယ်။ 'မိန်းမယူတာ မကောင်းဘူးလို့ အစ်ကိုကြီးတစ်ယောက်ပဲ ပြောသံ ကြားဖူးသေးတယ်၊ သိပ်အံ့ဩစရာ ကောင်းတာပဲ'လို့ ညွှန့်ညွှန့်ကပြောတဲ့အခါ 'မိန်းမယူတာ ကောင်းတယ်လို့ ဆိုတဲ့လူတွေက များပြီး မိန်းမယူတာ မကောင်းဘူးလို့ ဆိုတဲ့ လူတွေက နည်းနေတဲ့အတွက် သံသရာကြီးထဲမှာ လည်နေရတဲ့သတ္တဝါတွေကများပြီး သံသရာကြီးထဲကလွတ်တဲ့ သတ္တဝါတွေလဲ နည်းနေတာပေါ့ ညွှန့်ညွှန့်ရဲ့'လို့ ကိုမြင့်ဆွေက ပြန်ပြောတယ်။

တစ်ခါတော့လဲ 'အစ်ကိုကြီး ဘုန်းကြီးလုပ်မယ်ဆိုတာ ဟုတ်လား' လို့ မေးတယ်။ 'အေး ဟုတ်တယ်'လို့ ဖြေတယ်။ ညွှန့်ညွှန့်ဟာ ဘာမှ မပြောဘူး၊ မဲ့ပြီး ထွက်သွားတယ်။ ကိုမြင့်ဆွေဟာ စိတ်လဲရှည်တယ်၊ တစ်ဖက်သားကိုလဲ ကြင်နာတယ်၊ ဒါကြောင့် တစ်ဖက်သား စိတ်ဆင်းရဲ သွားအောင် အော်လား၊ ငေါက်လား ဘယ်တော့မှ မလုပ်ခဲ့ဖူးဘူး။ ဟို အရာရှိကြီးကတော်ကတော့ သူ့ကို အတင်းဖက်ထားပြီး အကြမ်းကိုင်တဲ့ အတွက်သာ အတင်းဖက်ထားတာက လွတ်သွားအောင် လက်သီးနဲ့ထိုး၊ ခြေထောက်နဲ့ကန်ခံရတာ။ စကားနဲ့ ရိသဲ့သဲ့ပြောတာတွေလောက်တော့ သည်းခံတယ်၊ တရားပြပြီး အကျိုးအကြောင်းပြပြီး ပြန်ဖြေတာချည်းပါပဲ။

ဒါတွေတင် မကသေးဘူး။ သူက ချစ်နေပြီလို့ အထင်ရောက် သွားအောင် စကားနဲ့ဖြစ်ဖြစ်၊ မျက်နှာအမူအရာနဲ့ဖြစ်ဖြစ်၊ ဘယ်မိန်းမကိုမှ မဟုတ်တဲ့ မျှော်လင့်ချက်မပေးခဲ့ဖူးဘူး။ ညွှန့်ညွှန့်ကလေးဟာ အတော် ကလေး အကျွမ်းတဝင် ဖြစ်လာပြန်တော့ စကားချည်းပဲ မဟုတ်တော့ဘူး၊ ကိုယ်ကပါ ကိုမြင့်ဆွေအနားကို တဖြည်းဖြည်း ကပ်ကပ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးစရာ၊ ဖတ်စရာတွေ ယူလာရင် အစတုန်းကလို စားပွဲခုံနားက မပြတော့ဘူး။ ကိုမြင့်ဆွေရဲ့ ကုလားထိုင်ဘေးနားကပ်ပြီးပြတယ်။ ပြပြီးလဲ ကိုမြင့်ဆွေ ဖတ်နေတုန်း ခပ်ခွာခွာနေတာ မဟုတ်ဘူး။ ကပ်နေတာပဲ။ ဒါပေမယ့် မလုံ့တဲ့အိုးဆိုတော့ အခန်းပြင်ဘက်က ခြေသံကြားတဲ့အခါ စကားပြောသံကြားတဲ့အခါ အခန်းထဲ တစ်ယောက်ယောက် ဝင်လာမယ် ထင်ပြီး ကိုမြင့်ဆွေနဲ့ ခပ်ဝေးဝေးနေရာကို နည်းနည်း ခွာလိုက်တယ်။ အသံတွေ ပျောက်သွားတဲ့အခါ ကပ်မြဲ ကပ်နေတာပဲ။ ကိုမြင့်ဆွေကလဲ သူ့အသားကို မထိမချင်းတော့ ဘာမှ မပြောဘူးလို့ သန္နိဋ္ဌာန်ချထားဟန် တူတယ်။ ညွန့်ညွန့်ဟာ စာပြပြီး ပေးစရာပေးပြီးလို့ ပြန်ထွက်တဲ့အခါ တိုင်း တံခါးဝက ကိုမြင့်ဆွေကို တစ်ခါတော့ ပြန်ကြည့်သွားတာပဲ။

တစ်နေ့မှာ ကိုမြင့်ဆွေဟာ ညွန့်ညွန့်ပြန်အထွက် အမှတ်တမဲ့ တံခါးကို မော့်ကြည့်မိတယ်။ ညွန့်ညွန့်နဲ့ မျက်လုံးချင်းသွားဆိုင်တယ်။ ညွန့်ညွန့်ရဲ့ ကြည့်ပုံဟာ တစ်မျိုးကြီးပဲ။ အဲဒီကတည်းက ကိုမြင့်ဆွေဟာ ညွန့်ညွန့်ထွက်သွားရင် ဒီတံခါးဝကို ဘယ်တော့မှ မော်မကြည့်မိအောင် သတိထားနေလိုက်တယ်။ နေ့လယ်တစ်ချက်တီးမှာ ကိုမြင့်ဆွေဟာ အိမ်က မာတ်ဘူးနဲ့ ထည့်ပေးလိုက်တဲ့ ကော်ဖီကို သောက်လေ့ရှိတယ်။ ဒီအချိန် ကျရင် ညွန့်ညွန့်ဟာ အင်မတန် အချိန်မှန်တယ်။ အခန်းထဲဝင်လာပြီး ကော်ဖီကို သူကိုယ်တိုင် ထည့်ပေးတယ်။ မလုပ်ပါနဲ့ကွယ်။ ‘ ငါ့ဟာငါ သောက်နိုင်ပါတယ် ပြောလို့မရဘူး။ တစ်နေ့တော့ ညွန့်ညွန့်အခန်းထဲ ဝင်လာတဲ့အခါ ကိုမြင့်ဆွေက ‘ညွန့်ညွန့်ရေ ဟောဒီမှာ ညွန့်ညွန့်အတွက် အကျိုးရှိမယ့်စာဟော့၊ အိမ်ပြန်ရောက်တော့ ဖတ်ကြည့်’ ဆိုပြီး စာအိတ်နဲ့ထည့် ထားတဲ့ စာတစ်စောင် ပေးလိုက်တယ်။ ညွန့်ညွန့်ဟာ ဒီကနေ့တော့ ထိပေါက်ပြီ။ အစ်ကိုကြီးဟာ ငါ့ကို ပါးစပ်နဲ့ မပြောရဲလို့ စာပေးတာပဲလို့ ထင်ပြီး သူ့ဝမ်းထဲမှာ လှိုင်းဂယက်တွေ တဝုန်းဝုန်းနဲ့ထနေတယ်။ အိမ် ပြန်ရောက်အောင်တောင် မစောင့်နိုင်ဘူး။ သူ့နေရာကို ပြန်ရောက်ရောက် ချင်း စာအိတ်ကို ဖွင့်ဖတ်တာပဲ။ ခင်တဲ့ မိတ်ဆွေများကိုလဲ ပြပါလေဆိုတဲ့



ခေါင်းစဉ်နဲ့ ဆင်ခြင်ဖွယ်တရားငါးပါးနဲ့ သံဝေဂလင်္ကာရှစ်ပုဒ်ကို လက်နှိပ် စက်နဲ့ ရိုက်ထားတာ တွေ့ရတယ်။

*

ကိုမြင့်ဆွေလဲ မခင်လှဆီကို ညနေတိုင်းမှန်မှန်ရောက်တယ်။ ရောက်တဲ့ အခါတိုင်း မခင်လှရဲ့ရောဂါကို အကဲခတ်ရတာ တယ်ပြီးအားမရဘူး။ တစ်နေ့ထက်တစ်နေ့ ဆိုးဆိုးလာတာကိုသာ တွေ့ရတယ်။ ဒါပေမယ့် မခင်လှ စိတ်ချမ်းသာအောင် သူလုပ်နေကျ ဝတ္တရားကတော့မပျက်ရဘူး။ တစ်ခါတစ်ခါ မမေကြည်လက်ထဲက ‘ဆွပ်’ ပန်းကန်ကိုယူပြီး ကိုမြင့်ဆွေ ကိုယ်တိုင် တိုက်တဲ့အခါ တစ်ဇွန်းနှစ်ဇွန်းလောက် ပိုပြီးသောက်နိုင်တာကို တွေ့ရတာနဲ့ ကိုမြင့်ဆွေလဲ ‘ဆွပ်’ သောက်ချိန်ကို နေ့စဉ်မှီအောင် ကြိုးစား သွားပြီး သူကိုယ်တိုင် တိုက်တယ်။ နှုတ်ခမ်းမှာပေနေတဲ့ ဟင်းရည်အစအန ကလေးတွေကို သူကိုယ်တိုင် သုတ်ပေးတယ်။ ကိုမြင့်ဆွေကိုယ်တိုင် ‘ဆွပ်’ ကို စပြီး တိုက်တဲ့နေ့က မမေကြည်ဟာ သူ့ဒိုင်ယာရီထဲမှာ ဒီလို ရေးထားတယ်။

‘အစ်ကိုကြီးကိုယ်တိုင် မေမေ့ကို ‘ဆွပ်’ တိုက်တယ်။ မေမေ့ မျက်နှာကို ကြည့်ရတာ အားကြီးဝမ်းသာနေပုံပေါ်တယ်၊ ငါတိုက်တာ ထက်ကို နှစ်ဇွန်း ပိုသောက်တယ်။ အစ်ကိုကြီးဟာ မေမေ့နှုတ်ခမ်းကိုလဲ လက်သုတ်ပုဝါနဲ့ အသာကလေး ယုယုယယ သုတ်ပေးနေတယ်၊ သုံးနှစ် လောက်တုန်းကသာ မေမေဟာ အစ်ကိုကြီးရဲ့ အပြုအစုကို ဒီလိုခံရရင် မေမေ အခုလိုဖြစ်မှာ မဟုတ်ဘူး၊ ဒါပေမယ့် သုံးနှစ်လောက်တုန်းက ငှက်ဆိုးကြီး ရှိနေသေးတော့ အစ်ကိုကြီးကို လာရမှာ မဟုတ်ပါဘူး၊ မေမေကလဲ တွေ့ရဲမှာ မဟုတ်ပါဘူး၊ အစ်ကိုကြီးဟာ သူငယ်ချင်းတစ် ယောက်ကိုတောင် ဒီလောက်ယုယရင် သူ့မိန်းမကိုတော့ ဘယ်လောက် များ ယုယလိုက်မလဲ၊ အစ်ကိုကြီး မေမေ့ကို ယုယုယယ ပြုနေတာ တွေ့ရတော့ ငါ့အူတွေ အသည်းတွေ နှလုံးတွေဟာ ဘယ်လိုဖြစ်နေမှန်း

www.burmeseclassic.com

www.burmeseclassic.com



မဆိုနိုင်ဘူး၊ ဒီလို သူတော်ကောင်းကြီးနဲ့သာ အတူတူနေရမယ်ဆိုရင် မြေလျှိုးရတာပဲ ဖြစ်ဖြစ်၊ မိုးပျံရတာပဲဖြစ်ဖြစ်၊ တဲအိုပျက်မှာ နေရတာပဲဖြစ်ဖြစ်၊ တောနက်ကြီးထဲမှာ နေရတာပဲဖြစ်ဖြစ်၊ ငရဲပြည်ကို စောက်ထိုးဆင်းရတာပဲဖြစ်ဖြစ်၊ နတ်ပြည်ကို သွားရတာပဲဖြစ်ဖြစ် သိပ်ပြီး ပျော်မှာပဲ၊ သူတော်ကောင်းကြီး သက်တော်ရာကျော်ရှည်ပါစေ'

လို့ ရေးထားလိုက်တယ်။

အဲဒီလိုပဲ နေ့စဉ်လာပြီး ယုယုယယပြုစုရင်း အတော်ကလေးကြာတော့ တစ်နေ့သောအခါမှာ ကိုမြင့်ဆွေက 'မခင်လှရေ ငါလဲ မေ့နေလိုက်တာကွယ်၊ အလှူလုပ်ဖို့ မခင်လှကို တစ်ခါမှ သတိမပေးမိဘူး၊ မခင်လှကတော့ ဘာတွေလှူချင်မယ် မသိဘူး၊ ငါကတော့ ဒီလိုစိတ်ကူးထားတယ်၊ မနက်ဖြန်ညကစပြီး ဘုရားကိုးဆူ ဆွမ်းကပ်မယ်၊ နောက်တစ်နေ့မနက် မခင်လှရဲ့ သက်စေ့ ဘုန်းကြီးတွေပင့်ပြီး နေ့ဆွမ်းကျွေးမယ်၊ အဲဒီမှာ မခင်လှကြိုက်တာတွေကို ဘုန်းကြီးတွေလှူ၊ အဲဒီနေ့မှာ ငါးတွေ၊ ဘဲတွေ၊ ကြက်တွေ၊ ဝက်တွေ၊ နွားတွေကို ဘေးမဲ့လွှတ်မယ်၊ အဲဒီညကစပြီး သုံးရက်လောက် ဒီမှာ ပရိတ်လာရွတ်ဖို့ ပရိတ်အဖွဲ့တွေကို ဖိတ်မယ်၊ ဒီအစီအစဉ်တွေကို မခင်လှကြိုက်ရဲ့လား'လို့ မေးတယ်။ မခင်လှက ခေါင်းညိတ်ပြတယ်။ 'နောက်ပြီးတော့ မခင်လှ လှူချင်သေးရင် အင်မတန်ကောင်းတဲ့ အလှူနှစ်ခု ကျန်သေးတယ်၊ ပရိယတ္တိ စာပြန်ပွဲအဖွဲ့နဲ့ သာသနာ့ရိပ်သာ ထောက်ပံ့ရေးအဖွဲ့ဆိုတာ မခင်လှ သိမှာပေါ့၊ ဘုရားရဲ့ တရားတော်တွေဆိုတာ ဘုရားတစ်ဆူတစ်ဆူပွင့်တော်မူမှ ကြားရတယ်၊ ဘုရားတစ်ဆူဖြစ်အောင် ကျင့်ရတာကလဲ လွယ်တာမဟုတ်ဘူး၊ အနည်းဆုံး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်ရတယ်၊ ဒါကြောင့် အင်မတန်ရှည်လျားတဲ့ ကမ္ဘာကြီးတစ်ခုလုံးမှာမှ အများဆုံး ဘုရားငါးဆူပဲ ပွင့်တော်မူနိုင်တယ်၊ တချို့ကမ္ဘာတွေကျတော့ လေးဆူ၊ တချို့မှာ သုံးဆူ၊ တချို့မှာ နှစ်ဆူ၊ တချို့မှာ တစ်ဆူပဲ ပွင့်တော်မူနိုင်တယ်၊ အလျှင်းကို ဘုရားပွင့်တော်မမူကဲ့ ကမ္ဘာတွေကလဲ မရေမတွက်နိုင်အောင် ရှိသေးတယ်၊ သာသနာကြီး



ကွယ်ပျောက်သွားတဲ့အခါ တရားတော်တွေကို နာဖို့မပြောနဲ့ ဘုရားဆိုတဲ့ အသံကလေးလောက်ကိုပဲ ကြားဖို့မဖြစ်နိုင်တော့ဘူး၊ အဲဒါကြောင့် အင်မတန်ကြားရခဲ၊ နာရခဲတဲ့ တရားတွေကို စည်ပင်ပြန့်ပွားအောင် လုပ်ပေးတဲ့ ကုသိုလ်မျိုးဆိုတာ လုပ်ဖို့ အင်မတန်ကောင်းတယ်၊ နောက်ပြီးတော့ ဆုံလည်ရတဲ့ နွားတွေလို သံသရာကြီးထဲမှာ တလည်လည်နဲ့ အဖန်ဖန်အိုနာသေနေရတဲ့ ဆင်းရဲဘေးတွေက လွတ်မြောက်ချင်တယ်ဆိုရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမှ ဖြစ်မယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရသရွေ့တော့ ဒီဆင်းရဲဘေးတွေက ဘယ်တော့မှမလွတ်နိုင်ဘူး၊ ဒါကြောင့်မို့ ဒီဆင်းရဲဘေးတွေက လွတ်မြောက်အောင် အထောက်အပံ့ဖြစ်စေတဲ့ ကုသိုလ်မျိုးဆိုတာလဲ လုပ်ဖို့ အင်မတန်ကောင်းတယ် မခင်လှ၊ အဲဒီကုသိုလ်တွေကော လုပ်ချင်သေးသလား'လို့ ကိုမြင့်ဆွေက မေးတယ်။ မခင်လှက ခေါင်းညိတ်တယ်။ 'အဲဒါကတော့ ဘယ်လောက် လှူချင်တယ်ဆိုတာ သားအမိနှစ်ယောက် တိုင်ပင်ပြီးမှ ပြောတာပေါ့၊ တိုင်ပင်ပါဦး'လို့ ပြောတယ်။

ကိုမြင့်ဆွေလဲ မခင်လှရဲ့ သဘောတူညီချက်ရတာနဲ့ တပြိုင်နက် အလှူအစီအစဉ်တွေကို စက်ဖက်ကအလုပ်သမားတွေနဲ့တိုင်ပင်ပြီးတာဝန်တွေ ခွဲပေးတယ်။ မခင်လှဟာ အသက်သုံးဆယ့်ခြောက်နှစ်ထဲမှာ ရောက်နေတဲ့ အတွက် ဘုန်းကြီးဆွမ်းကျွေးတဲ့နေ့မှာ သာသနာ့ရိပ်သာက ဆရာတော်တွေနဲ့ တခြားကျောင်းတိုက်က ဆရာတော်တွေကိုမှုပြီး သုံးဆယ့်ခုနစ်ပါး ပင့်ထားတယ်။ ဆရာတော်တွေကို သင်္ကန်းတစ်စုံစီ၊ ဆန်တစ်အိတ်စီ၊ ဆီတစ်ပုံးစီ၊ မုန့်သေတ္တာတစ်ပုံးစီ၊ ငါးရံ့ခြောက်အစရှိတဲ့ တခြားအစားအစာတွေ လှူတယ်။ သာသနာ့ရိပ်သာ ဆရာတော်ဘုရားကို မခင်လှရဲ့ အခန်းထဲပင့်ပြီး မခင်လှကိုယ်တိုင် သင်္ကန်းကပ်တယ်။ ပြီးတော့ ဆရာတော်က 'ဒီကနေ့ ဒကာမ မခင်လှ လှူလိုက်တဲ့ အလှူတွေဟာ နည်းတာ မဟုတ်ပါဘူး၊ နိဗ္ဗာန်မရောက်သေးခင်စပ်ကြား ဘဝပေါင်းများစွာမှာ ဒကာမ မခင်လှဟာ မငြိုငြင်ရဘဲ၊ မဆင်းရဲရဘဲ၊ ပြည့်ပြည့်စုံစုံ ချမ်းချမ်း သာသာနဲ့ နေဖို့အတွက် အထောက်အပံ့တွေ အများကြီးဖြစ်သွားပြီ၊ ဝမ်းသာစရာပဲ၊ ဒါပေမယ့်ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်တယ်ဆိုတာ စုံရင်ကောင်းတယ်၊ ကုသိုလ်ဟာ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ဆိုပြီး အကြမ်း အားဖြင့် ကုသိုလ်သုံးမျိုးရှိတယ်၊ အဲဒီတော့ ဒါနကုသိုလ် လုပ်ပြီးတဲ့အတွက် သီလကုသိုလ်ကို ဒီလိုလုပ်ရအောင် ဘုန်းကြီးကတိုင်ပေးမယ်၊ ဒကာမ မခင်လှ စိတ်ထဲက လိုက်ဆို။

'ရဟန္တာတွေဟာ အသက်ရှည်သမျှကာလပတ်လုံး သူ့အသက်သတ်ခြင်းမှ ရှောင်တယ်၊ ငါလဲ သူ့အသက်သတ်ခြင်းကို ရှောင်မယ်၊ ဒီလို ရှောင်တဲ့အတွက် ငါဟာ ရဟန္တာတွေကို အတုယူရာရောက်ပြီး ငါ့မှာ သီလစောင့်ပြီးသားလဲ ဖြစ်ပြီ။

'ရဟန္တာတွေဟာ အသက်ရှည်သမျှ ကာလပတ်လုံး မပေးတာကို ယူခြင်းမှ ရှောင်တယ်၊ ငါလဲ မပေးတာကို ယူခြင်းမှ ရှောင်တယ်၊ ဒီလို ရှောင်တဲ့အတွက် ငါဟာ ရဟန္တာတွေကို အတုယူရာရောက်ပြီး ငါ့မှာ သီလ စောင့်ပြီးသားလဲ ဖြစ်ပြီ။

'ရဟန္တာတွေဟာ အသက်ရှည်သမျှကာလပတ်လုံး မေထုန်အကျင့်ကို ဝေးစွာရှောင်တယ်၊ ငါလဲ မေထုန်အကျင့်ကို ရှောင်မယ်၊ ဒီလိုရှောင်တဲ့အတွက် ငါဟာ ရဟန္တာတွေကို အတုယူရာရောက်ပြီး ငါ့မှာ သီလစောင့်ပြီးသားလဲ ဖြစ်ပြီ။

'ရဟန္တာတွေဟာ အသက်ရှည်သမျှကာလပတ်လုံး မဟုတ်မမှန်ပြောခြင်းမှ ရှောင်တယ်၊ ငါလဲ မဟုတ်မမှန်ပြောခြင်းမှ ရှောင်မယ်၊ ဒီလို ရှောင်တဲ့ အတွက် ငါဟာ ရဟန္တာတွေကို အတုယူရာရောက်ပြီး ငါ့မှာ သီလစောင့် ပြီးသားလဲ ဖြစ်ပြီ။

'ရဟန္တာတွေဟာ အသက်ရှည်သမျှကာလပတ်လုံး သေအရက်သောက်ခြင်းမှ ရှောင်တယ်၊ ငါလဲ သေအရက်သောက်ခြင်းမှ ရှောင်မယ်၊ ဒီလို ရှောင်တဲ့အတွက် ငါဟာ ရဟန္တာတွေကို အတုယူရာရောက်ပြီး ငါ့မှာ သီလစောင့်ပြီးသားလဲ ဖြစ်ပြီ။

'အခု ဘုန်းကြီးတိုင်ပေးတာကို ဒကာမောင်မြင့်ဆွေက ရေးဆွဲထားပါ၊ အဲဒီအတိုင်း မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ်



တစ်နေ့ သုံးကြိမ်လောက် စိတ်ထဲမှာ ဆင်ခြင်ပေါ့ကွယ်၊ အဲဒီလိုဆင်ခြင်တိုင်း ဆင်ခြင်တိုင်း သီလကုသိုလ်တွေ ဖြစ်နေပြီ။

'ဘာဝနာကုသိုလ်ကို ဒီလိုလုပ်ရအောင် ဘုန်းကြီးလဲ မမြဲဘူး၊ ဒကာ မောင်မြင့်လဲ မမြဲဘူး၊ သမီးကလေးလဲ မမြဲဘူး၊ ဒကာမ မခင်လှလဲ မမြဲဘူး၊ တစ်လောကလုံးမှာရှိတဲ့ လူတွေ၊ နတ်တွေ၊ ဗြဟ္မာလဲ မမြဲဘူး၊ ဒီလို မမြဲတာဟာ ဆင်းရဲတာပဲ၊ မြဲအောင် လူတွေရော နတ်တွေရော ဗြဟ္မာတွေရော တစ်လောကလုံးမှာ ရှိရှိသမျှ ဘယ်သူမှ မြဲအောင်မလုပ်နိုင်ဘူး၊ ဒီမမြဲတာဟာ ဘယ်သူ့အလိုကိုမှ မလိုက်ဘူး၊ ဒီမမြဲတာကို ဘယ်သူမှ အစိုးမရဘူး၊ အဲဒီတော့ မမြဲဘူး၊ ဆင်းရဲသက်သက်ပဲ၊ အလိုမလိုက် အစိုးမရဘူးဆိုတဲ့ လက္ခဏာသုံးပါးကို အမြဲဆင်ခြင်နေ၊ ဒကာမ မခင်လှ မမြဲဘူး၊ ဆင်းရဲသက်သက်ပဲ၊ အလိုမလိုက် အစိုးမရဘူးဆိုတဲ့ လက္ခဏာသုံးပါးကို ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း ဘာဝနာ ကုသိုလ်တွေ ဖြစ်နေပြီ၊ အကယ်၍ သုံးပါးစလုံး မဆင်ခြင်နိုင်ရင်တောင် တစ်လောကလုံး သက်ရှိသက်မဲ့ မှန်သမျှတွေဟာ ဘယ်သင်းမှ မမြဲဘူးလို့ဆိုတဲ့ လက္ခဏာတစ်ပါးတည်းကို ဆင်ခြင်နေတာနဲ့ပဲ ဘာဝနာကုသိုလ်တွေ အင်မတန် ရလှပြီ။

'မြတ်စွာဘုရားသခင် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူနေတဲ့အခါ ရဟန္တာတွေဖြစ်အောင် တောမှာ တရားအားထုတ်လို့မရနိုင်တဲ့ ရဟန်းငါးရာဟာ မြတ်စွာဘုရားဆီကို လာကြတယ်၊ ဒီရဟန်းတွေကို ဘယ်တရားဟောရရင် ကောင်းမလဲလို့ ဉာဏ်တော်နဲ့ ရှုစမ်း ဆင်ခြင်တော်မူတဲ့အခါ ဒီရဟန်းတွေဟာ ကဿပမြတ်စွာဘုရား လက်ထက်တော်တုန်းက တစ်လောကလုံး ဘယ်သင်းမှ မမြဲဘူးဆိုတဲ့ အနိစ္စလက္ခဏာကို ဆင်ခြင်ခဲ့ကြဖူးတာ တွေ့မြင်တော်မူတယ်၊ အဲဒါကြောင့် လူနတ်ဗြဟ္မာ အစရှိတဲ့ သတ္တဝါမှန်သမျှဟာ ဘယ်သူမှ အမြဲမရှိကြဘူးဆိုတာကို ဝိပဿနာဉာဏ်နဲ့ ရှုမြင်နိုင်ရင် ဒီလို လူနတ်ဗြဟ္မာ အစရှိတဲ့ သတ္တဝါတွေ တဖြစ်ဖြစ်ဖြစ်နေတာကို ငြီးငွေ့လာတယ်၊ ဒီလို ငြီးငွေ့လာတာဟာ ကိလေသာတွေ ကုန်ရာ၊ ချုပ်ရာ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်စေနိုင်တဲ့ လမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်ဆိုတဲ့ ဂါထာတစ်ပုဒ်ကို မြတ်စွာဘုရား ဟောကြားတော်မူတယ်၊ ဒီဂါထာရဲ့အဆုံးမှာ ရဟန်းငါးရာဟာ ရဟန္တာတွေ ဖြစ်ကုန်ကြတယ်။

'အဲဒီလိုပဲ မမြဲတဲ့ လူနတ်ဗြဟ္မာ အစရှိတဲ့ သတ္တဝါတွေဖြစ်နေတာဟာ ဆင်းရဲဒုက္ခပါလားလို့ ရှေးဘဝတွေတုန်းက ဆင်ခြင်ခဲ့ဖူးတဲ့ ရဟန်းတွေကျတော့ မြတ်စွာဘုရားက ဒီဒုက္ခတွေကို ဝိပဿနာဉာဏ်နဲ့ ရှုမြင်နိုင်ရင် ဒီလို လူနတ်ဗြဟ္မာ အစရှိတဲ့ သတ္တဝါတွေ တစ်ဖြစ်တည်း ဖြစ်နေရတာကို ငြီးငွေ့လာမယ်၊ ဒီလို ငြီးငွေ့လာတာဟာ ကိလေသာတွေ ကုန်ရာ၊ ချုပ်ရာ၊ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်စေနိုင်တဲ့ လမ်းကြောင်း ဖြစ်တယ်ဆိုတဲ့ ဂါထာတစ်ပုဒ်ကို ဟောကြားတော်မူတယ်၊ ဒီဂါထာရဲ့ အဆုံးမှာ အဲဒီရဟန်းတွေလဲ ရဟန္တာတွေ ဖြစ်ကုန်ကြတယ်။

'အဲဒီလိုပဲ မမြဲတဲ့ သဘောတရားကို မြဲအောင် ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ မတတ်နိုင်ဘူး၊ ဒီမမြဲတဲ့ သဘောတရားကြီးကို ဘယ်သူမှ အစိုးမရဘူး၊ ဒီမမြဲတဲ့ သဘောတရားကြီးဟာ ဘယ်သူ့အလိုကိုမှ မလိုက်ဘူးလို့ ရှေးဘဝတွေတုန်းက ဆင်ခြင်ခဲ့ဖူးတဲ့ ရဟန်းတွေကျတော့ မြတ်စွာဘုရားက ဒီလို အစိုးမရတာ၊ အလိုမလိုက်တာကို ဝိပဿနာဉာဏ်နဲ့ ရှုမြင်နိုင်ရင် ဒီလို လူနတ်ဗြဟ္မာ အစရှိတဲ့ သတ္တဝါတွေ တစ်ဖြစ်တည်း ဖြစ်နေရတာကို ငြီးငွေ့လာမယ်၊ ဒီလို ငြီးငွေ့လာတာဟာ ကိလေသာတွေ ကုန်ရာချုပ်ရာ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်စေနိုင်တဲ့ လမ်းကြောင်း ဖြစ်တယ်ဆိုတဲ့ ဂါထာတစ်ပုဒ်ကို ဟောကြားတော်မူတယ်၊ ဒီဂါထာရဲ့ အဆုံးမှာ အဲဒီရဟန်းတွေလဲ ရဟန္တာတွေ ဖြစ်ကုန်ကြတယ်။

'အဲဒါကြောင့် ဒကာမ မခင်လှလဲ အချိန်ရသရွေ့ မမြဲဘူး၊ ဆင်းရဲသက်သက်ပဲ၊ အလိုမလိုက် အစိုးမရဘူး၊ ပါဠိလိုဆိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဲဒီ လက္ခဏာသုံးပါးကို အထူး ဂရုစိုက်ပြီး ဆင်ခြင်ပေးပါ၊ ဒီဘာဝနာကုသိုလ်ကို ခဏကလေးလောက် ဆင်ခြင်တာတောင် ရှိသမျှ စည်းစိမ်တွေ အကုန်ချပြီး လှူတာထက် အကျိုးရှိတယ်၊ စည်းစိမ်တွေ အကုန်ချလှူတဲ့ ကုသိုလ်က နတ်ပြည်အထိပဲ အကျိုးပေးနိုင်တယ်၊ ဒီဘာဝနာကုသိုလ်ကတော့



နိဗ္ဗာန်အထိ အကျိုးပေးနိုင်တယ်၊ သီလစောင့်တဲ့ ကုသိုလ်လဲ နတ်ပြည်အထိပဲအကျိုး ပေးနိုင်တယ်၊ ဒီဘာဝနာကုသိုလ်ကတော့ နိဗ္ဗာန်အထိ အကျိုးပေးနိုင်တယ်၊ အခုဘဝမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်သည့်တိုင်အောင် အရိမေတ္တေယျ မြတ်စွာဘုရားနဲ့တွေ့တဲ့အခါ ဂါထာတစ်ပုဒ်တည်းကို နာရပြီး ခုတင်ကပြောခဲ့တဲ့ ရဟန်းတွေလို ပင်ပင်ပန်းပန်းမကျင့်ရဘဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ရနိုင်အောင် ဒီဘာဝနာကုသိုလ်တွေကို အထူးဂရုစိုက်ပြီး အထူးသတိထားပြီး ပွားများပါ ဒကာမမခင်လှ'လို့ ဆရာတော်က အမိန့်ရှိတယ်။

ဆရာတော် အမိန့်ရှိပြီးတဲ့အခါ မခင်လှက 'သမီး'လို့ ခေါ်လိုက်ပြီး သူ့လက်နှစ်ဖက်ကို နဖူးပေါ် လက်အုပ်ချီသလို အတင်ခိုင်းတယ်၊ ပြီးတော့မှ 'သာဓု သာဓု သာဓု'နဲ့ တတွတ်တွတ် ဆိုနေတယ်။ တအောင့်လောက်ကြာတဲ့အခါ အလှူစာရင်းနဲ့ တန်ဖိုးငွေစာရင်း၊ ပရိယတ္တိ စာပြန်ပွဲအဖွဲ့နဲ့ သာသနာ့ရိပ်သာ ထောက်ပံ့ရေး အဖွဲ့နှစ်ဖွဲ့ကို နှစ်သောင်းငါးထောင်စီလှူတဲ့ အလှူစာရင်းအားလုံးကို ကိုမြင့်ဆွေက ဖတ်ပြတယ်။ ပြီးတော့မှ မခင်လှက ရေစက်ချတဲ့ကရားကို အသာ ထိထားရတယ်။ သမီး မမေကြည်က ရေစက်ချပေးတယ်။ ဆရာတော်ဆိုသွားတာကို သားအမိနှစ်ယောက် ရေစက်ချရင်း စိတ်ထဲက လိုက်ဆိုရတယ်။ ပြီးတော့ မမေကြည်က အမျှဝေတယ်။ ကိုမြင့်ဆွေ၊ မခင်လှ၊ မမေကြည်တို့ သုံးဦးစလုံး သာဓုခေါ်ကြတယ်။ ဆရာတော်ကို အောက်အထိလိုက်ပို့ပြီး ကိုမြင့်ဆွေ ပြန်တက်လာတယ်။

အခန်းထဲရောက်ရောက်ချင်း မခင်လှတို့သားအမိနှစ်ယောက်စလုံးကို 'ဘုရားဟောဝတ္ထုတစ်ပုဒ် ငါပြောပြချင်တယ်၊ နားထောင်ကြကွယ်၊ ရှေးတုန်းက သူကြွယ်တစ်ယောက်ဟာ မိန်းမယူတယ်၊ အတော်ကြီးကြာလို့ သားသမီးမရတာနဲ့ သူကြွယ်ဟာ နောက်ထပ် မယားတစ်ယောက်ယူတယ်၊ နောက်မယားမှာ သားသမီးရရင် ပထမ မယားဟာ မယားနေရာမှာ မနေရတော့ဘူး၊ အိမ်မှာ ကျွန်အဖြစ်နဲ့နေရမယ်၊ သားသမီးရတဲ့ မယားသာ မယားအဖြစ်နဲ့ နေရမယ်၊ ဒါကြောင့် ဒုတိယမယား ကိုယ်ဝန်ရှိလို့ တစ်လနှစ်လ

www.burmeseclassic.com

www.burmeseclassic.com



လောက်ရတဲ့အခါ ပထမ မယားက ကိုယ်ဝန်ပျက်တဲ့ဆေးကို ကျွေးပြီး ဖျက်ချတယ်၊ ဒုတိယကိုယ်ဝန်ရှိတော့လဲ ဒီလိုပဲ ဖျက်ချတယ်၊ တတိယ ကိုယ်ဝန်ရှိတော့ ဒုတိယမယားက ပထမ မယားကို ကိုယ်ဝန်ရှိတဲ့ အကြောင်း မပြောဘူး၊ အဲဒီတော့ ပထမ မယားဟာ ဒုတိယမယားရဲ့ ကိုယ်ဝန်နုတုန်းတော့ မသိဘူး၊ ကိုယ်ဝန်ရင့်လာတော့မှသိတယ်၊ အဲဒီတော့ ဒုတိယမယား အလစ်မှာ တစ်ခါတည်း ကိုယ်ဝန်ဖျက်ဆေး ကျွေးလိုက်တယ်၊ ကိုယ်ဝန်ဟာရင့်နေတော့ ပျက်မကျဘူး၊ ဒါပေမယ့် အမေလုပ်တဲ့သူ မချိမဆန့်ခံရတယ်၊ ဒုတိယမယား သေခါနီးကျတော့ သူဟာ နောင်ဘဝမှာ ဘီလူးဖြစ်ပြီး ပထမ မယားရဲ့ ကလေးတွေကို စားနိုင်ရပါလို၏လို့ ဆုတောင်းတယ်။

'သေတဲ့အခါ အဲဒီအိမ်မှာပဲ ကြောင်မ ဖြစ်လာတယ်၊ မယားကြီးလဲ လင်က ရိုက်တာ နှက်တာနဲ့ပဲ သေပြီး ဒီအိမ်မှာ ကြက်မ ဖြစ်လာတယ်၊ ကြက်မ ဥတိုင်း ကြောင်မက သုံးကြိမ်တိုင်တိုင် စားပစ်တယ်၊ ပြီးတော့မှ ကြက်မကို စားတယ်၊ ကြက်မလဲ သေခါနီးကျတော့ နောင်ဘဝမှာ ဒီကြောင်နဲ့ သူ့ကလေးတွေကို စားနိုင်ရပါလို၏လို့ ဆုတောင်းတယ်။

'ကြက်မဟာ သေတဲ့အခါ သစ်မ ဖြစ်လာတယ်၊ ကြောင်ဟာ သေတဲ့အခါ သမင်မ ဖြစ်လာတယ်၊ သစ်မက သမင်မမွေးတိုင်း သုံးကြိမ်တိုင်တိုင် ကလေးတွေကို စားပစ်တယ်၊ ပြီးတော့မှ သမင်မကို စားတယ်၊ သမင်မဟာ သေခါနီးကျတော့ နောင်ဘဝမှာ ဒီသစ်မနဲ့ ကလေးတွေကို စားနိုင်ရပါလို၏လို့ ဆုတောင်းတယ်။

'နောင်ဘဝမှာ သမင်မဟာ ဘီလူးမ ဖြစ်လာတယ်၊ သစ်မဟာ နောင်ဘဝကျတော့ သာဝတ္ထိပြည်မှာ အမျိုးသမီးဖြစ်လာတယ်၊ အမျိုးသမီး ကလေးမွေးတိုင်း ဘီလူးမက နှစ်ကြိမ်တိုင်တိုင် စားပစ်တယ်၊ တတိယ အကြိမ်ကျတော့ အမျိုးသမီးဟာ သားကလေးကိုပိုက်ပြီး မြတ်စွာဘုရားဆီကို ထွက်ပြေးရတယ်။

'မြတ်စွာဘုရားက ဘီလူးမကိုပါခေါ်ပြီး ဒီလောကမှာ ရန်တုံ့မူနေသမျှ ဘယ်တော့မှ ရန်တွေဟာ မပြေငြိမ်းနိုင်ဘူး၊ ရန်တုံ့မမူမှသာ



ရန်တွေဟာ ပြေငြိမ်းနိုင်မယ်၊ ဒီ ဓမ္မတာသဘောတရားဟာ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အစရှိတဲ့ သူတော်ကောင်းတွေသွားရာ လမ်းခရီး ဖြစ်တယ်လို့ ဟောတော်မူတယ်၊ ဒီတရားအဆုံးမှာ ဘီလူးမဟာ သောတာပန်ဖြစ်သွားတယ်၊ ကလေးကိုလဲ မစားတော့ဘူး၊ ဘုရားနဲ့သာ မတွေ့ကြဘူး၊ အဲဒီလို မတွေ့ကြတဲ့အတွက် အတုံ့အလှည့်တွေ လုပ်နေကြရင် သူတို့နှစ်ဦးရဲ့ရန်ဟာ ဘယ်တော့မှ ငြိမ်းတော့မှ မဟုတ်တော့ဘူး။

'အဲဒီတော့ မခင်လှနဲ့ အကြည်ရေ၊ ပြောရမှာတော့ ခက်တယ်ကွယ်၊ ဒါပေမယ့် မခင်လှရော သမီးကလေးရော ဘဝဆက်တိုင်းမှာ အတုံ့အလှည့်ဆိုတဲ့ ဆင်းရဲဒုက္ခတွေနဲ့ မတွေ့ရဘဲ နိဗ္ဗာန်ကို မြန်မြန်ရောက်အောင် ငါ ဒီလိုပြောချင်တယ်၊ 'ကိုလှိုင်ဖေ ဘဝအဆက်ဆက် ကျွန်မ လွန်ခဲ့တာတွေရှိရင်လဲ ကျေပါ၊ သည်းခံပါ၊ ကိုလှိုင်ဖေက ကျွန်မအပေါ် လွန်ခဲ့တာတွေရှိရင်လဲ ကျွန်မ ကျေပါတယ်၊ သည်းခံပါတယ်'လို့ သုံးကြိမ် ဆိုစေချင်တယ်၊ ပြီးတော့မှ 'ကိုလှိုင်ဖေ ကျွန်မ ပြုခဲ့သမျှ ကုသိုလ် အမျှ အမျှ အမျှ ဆိုပြီး အမျှဝေစေချင်တယ်၊ အတုံ့အလှည့် ဆိုတာဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ သူနိုင်လိုက် ကိုယ်နိုင်လိုက်နဲ့၊ သူနိုင်ရလဲ မကောင်းဘူး၊ ကိုယ်နိုင်ရလဲ မကောင်းဘူး၊ အဲဒီတော့ ငါ တကယ့်စေတနာနဲ့ပြောတာ နားထောင်မလား မခင်လှ'လို့ မေးတယ်။ မခင်လှက ခေါင်းညိတ်တယ်။ ကိုမြင့်ဆွေက တိုင်ပေးတယ်။ မခင်လှက လိုက်ဆိုနေတယ်။ ကိုမြင့်ဆွေကလဲ သာဓုသုံးကြိမ်ခေါ်တယ်။

ဒီလို သာဓုသုံးကြိမ်ခေါ်ပြီးတော့ 'ကဲ အကြည်လဲ ဒီလိုဆိုရမယ်'လို့ ကိုမြင့်ဆွေက ပြောတယ်။ အကြည်က ပြုံးစိစိလုပ်နေတယ်။ သူ့အမေက 'သမီး လိုက်ဆို လိုက်ဆို၊ အတုံ့အလှည့်ဟာ မကောင်းဘူး'လို့ ဝင်ပြောတယ်။ အဲဒီတော့ ကိုမြင့်ဆွေက 'ဖေဖေ၊ ကျွန်မ ကာယကံ ဝစီကံ မနောကံနဲ့ ပစ်မှားမိသမျှ အပြစ်တွေကို သည်းခံပါ၊ ကျွန်မ ရှိခိုးတောင်းပန်ပါတယ်' လို့ သုံးကြိမ် တိုင်ပေးတယ်။ မမကြည်က လက်အုပ်ချီပြီး လိုက်ဆိုရတယ်။ အဲဒီလို ဆိုပြီးတဲ့နောက် ကိုမြင့်ဆွေက ဆက်ပြီး 'ငါ သိပ်ဝမ်းသာတယ်ကွယ်၊

www.burmeseclassic.com

www.burmeseclassic.com



မခင်လှတို့ သားအမိနှစ်ယောက်လုံးဟာ တကယ်လို့ ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်တွေ တစ်ခုမှမရှိသည့်တိုင်အောင် အခုလို ကိုလှိုင်အပေါ်မှာ သည်းခံလိုက်နိုင်တာကလေး တစ်ခုတည်းနဲ့ပဲ နတ်ပြည်ကို ရောက်နိုင်ပြီ၊ ကျမ်းဂန်ထဲက သာဓကတစ်ခုကို ငါ ထုတ်ပြဦးမယ်။

'မြတ်စွာဘုရားလက်ထက်တော်တုန်းက တစ်နေ့သောအခါမှာ ရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးဟာ နတ်ပြည်ကို ကြွသွားတယ်၊ နတ်သမီးတစ်ပါးနဲ့ တွေ့ပြီး 'အရင်ဘဝက ဘယ်ကုသိုလ်လုပ်ခဲ့ဖူးလို့ ဒီလို နတ်စည်းစိမ်ကို ရတာလဲ'လို့ မေးတော်မူပါတယ်၊ 'တပည့်တော် တခြားကုသိုလ်တွေကို မလုပ်ခဲ့ဘူးပါ၊ ကဿပ မြတ်စွာဘုရား လက်ထက်တော်က တပည့်တော်ဟာ သူတစ်ပါးရဲ့ အခိုင်းအစေ ကျွန်မ ဖြစ်ခဲ့ဖူးပါတယ်၊ တပည့်တော်ရဲ့ လင်ယောကျ်ားဟာ သိပ်ပြီး ရက်စက်ပါတယ်၊ သစ်သားပဲဖြစ်ဖြစ်၊ ထင်းချောင်းပဲဖြစ်ဖြစ်၊ ထင်းတုံးပဲဖြစ်ဖြစ် ကိုင်မိတာ ဆွဲပြီး တပည့်တော်ကို အပေါက်အပြဲ ရိုက်နှက်လေ့ရှိပါတယ်၊ တပည့်တော်ဟာ ဒီလို အရိုက်အနှက်ခံရလို့ ဒေါသထွက်လာရင် ဒီယောကျ်ားဟာ နင့်အရှင်သခင် ဖြစ်တယ်၊ ဒီလို ပေါက်ပြဲအောင် ရိုက်နှက်တာ မပြောပါနဲ့၊ သံပူကပ်ပြီး တံဆိပ်ခတ်တဲ့အထိ လုပ်ချင်သပဆိုရင် လုပ်နိုင်တယ်၊ နှာခေါင်းတို့ ခြေတို့ လက်တို့ကိုတောင် ဖြတ်ချင်သပဆိုရင် ဖြတ်နိုင်တဲ့အထိ အစိုးရတယ်၊ အမျက်မထွက်နဲ့လို့ တပည့်တော် ကိုယ်ကိုသာ တပည့်တော် ဆုံးမပါတယ်၊ ဒီလို အမျက်မထွက်ဘူးတဲ့ကုသိုလ်ကြောင့် တပည့်တော် ဒီနတ်စည်းစိမ်ကို ရပါတယ်'လို့ နတ်သမီးက လျှောက်ထားတယ်'

ဒီနောက် ကိုမြင့်ဆွေလဲ ဆရာတော် အမိန့်ရှိသွားတဲ့အတိုင်း ငါးပါးသီလနဲ့ပတ်သက်တဲ့ ဆင်ခြင်ဖွယ်တရားငါးပါးကို ရေးပေးတယ်၊ အကြည်ကို စာရွက်ပေးထားပြီး နေ့စဉ် တစ်နေ့သုံးကြိမ် သူ့မေမေကို ဖတ်ပြဖို့ ပြောတယ်။ ဒီနောက် ဆရာတော် အမိန့်ရှိသွားတဲ့အတိုင်း ဘာဝနာပွားဖို့ မခင်လှကို သတိထပ်ပေးတယ်။ မခင်လှလဲ ခေါင်းညိတ်တယ်။ တအောင့်လောက်ကြာမှ အလုပ်ဘက်ကို ခဏ ထွက်သွားတယ်၊



မမေကြည်ဟာ သူ့အခန်းရောက်တဲ့အခါ ဒိုင်ယာရီထဲမှာ ဒီလို ရေးပြန်တယ်။

'အစ်ကိုကြီးဟာ မေမေ့ကို ဒီဘဝမှာသာ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်အောင် စောင့်ရှောက်တာ မဟုတ်ဘူး၊ နောင်ဘဝတွေမှာလဲ ဆင်းရဲနဲ့ ငရဲကလွှတ်အောင် အများကြီး စောင့်ရှောက်တယ်၊ အစ်ကိုကြီးဟာ မေမေရဲ့ တကယ့်ကျေးဇူးရှင်ကြီးပဲ၊ ငါ့ကိုလဲ ဆွဲကြိုးလမ်းကသာ ကယ်လိုက်တာ မဟုတ်ဘူး၊ ငရဲကလဲ ကယ်လိုက်တာပဲ၊ အစ်ကိုကြီးသာ ဒီနေ့ မပြောရင် မေမေ့အပေါ်မှာ ငါ ဆက်ပြီး စိတ်နာနေဦးမှာပဲ၊ အမှန်စင်စစ်တော့ ဒါတွေဟာ ငရဲကို တစ်ခါတည်း ဆွဲချနိုင်တဲ့ အကုသိုလ်တွေပဲ၊ ဒီကနေ့ကစပြီး မေမေ့အကြောင်းကို ငါ မရေးတော့ဘူး၊ အစ်ကိုကြီးဟာ ဒေါသဖြစ်စေတတ်တဲ့ မီးလောင်လေပင့် စကားမျိုးကို ဘယ်တော့မှ မပြောတတ်ဘူး၊ ဒေါသပြေတဲ့ စကားကိုသာ ပြောတတ်တယ်၊ အစ်ကိုကြီးကို ကြည့်ရတာ ဒေါသ မရှိသလိုပဲ၊ ဗြဟ္မာပြည်က လာတဲ့လူတွေဟာ ဒေါသနည်းတယ်လို့ ကျောင်းတုန်းက ဆရာ ပြောဖူးတယ်၊ မိန်းမတွေကိုလဲ ရွံတတ်တယ်လို့ ဆရာပြောဖူးတယ်၊ အစ်ကိုကြီးဟာ ဗြဟ္မာပြည်ကလာတာများ ဖြစ်နေမလား'
လို့ ရေးထားလိုက်တယ်။

နောက်ခြောက်ရက်လောက်ကြာတဲ့အခါ မနက် ရှစ်နာရီလောက် ဆရာဝန်ဟာ ကိုမြင့်ဆွေရဲ့အိမ်ကိုပေါက်လာတယ်။ ကိုမြင့်ဆွေနဲ့ တွေ့တဲ့အခါ 'ဒီကနေ့မနက် ဆရာမရဲ့ 'ရီပို့'ကို ကြည့်ရတာ သိပ်မဟန်တော့ဘူး ကိုမြင့်ဆွေရေ၊ လက်က သွေးအားဟာ အများကြီး လျော့ကျနေပြီ၊ ဒီကနေ့ပဲ သူ့ဇွေးကတော် ဆုံးလိမ့်မယ်ထင်တယ်'လို့ ပြောတယ်။ ကိုမြင့်ဆွေလဲ ခဏစဉ်းစားပြီး 'ဒီလိုဆိုရင် ဒေါက်တာနဲ့ ကျွန်တော် အခုပဲ ခဏသွားလိုက်ရအောင်'လို့ ပြောတယ်။ ဆရာဝန်လဲ သဘောတူတာနဲ့ နှစ်ယောက်သား ထွက်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မခင်လှဆီကို ရောက်တဲ့အခါ မခင်လှဟာ မျက်စိမှိတ်ထားပြီး မောနေတယ်။ ဆရာဝန်က 'သူဌေးကတော်၊ ကျွန်တော် လက်ကိုခဏစမ်းကြည့်မယ်နော်'လို့ ပြောမှ မခင်လှ မျက်လုံးအသာဖွင့်ကြည့်ပြီး ခေါင်းညိတ်တယ်။ ကိုမြင့်ဆွေကလဲ 'မခင်လှရေ နေကောင်းရဲ့လားဟေ့'လို့ မေးလိုက်တယ်။ မခင်လှက လေသံနဲ့ 'မောတယ်'လို့ ပြောတယ်။ နောက်ပြီးတော့ 'မျက်စိတွေ ပြာတယ်'လို့ လေသံနဲ့ ထပ်ပြောပြီး မျက်စိမှိတ်ပြီး ပြန်မှိတ်သွားတယ်။ ဆရာဝန်လဲ လက်သွေးကိုစမ်းတယ်။ ပြီးတော့ ကိုမြင့်ဆွေကို အပြင်ဘက် ခေါ်သွားပြီး 'သိပ်မဟန်တော့ဘူး'လို့ ပြောတယ်။ ကိုမြင့်ဆွေက 'တစ်ခုခု ဘာလုပ်ပေးနိုင်သေးသလဲ'လို့ မေးတယ်။ 'အခုလို အခြေအနေမျိုးမှာ ဘာမှ မလုပ်တာကောင်းတယ်'လို့ ဆရာဝန်က ပြောတယ်။ နေ့လယ် ဆယ့်နှစ်နာရီနဲ့ သုံးဆယ့်ငါးမိနစ်မှာ မခင်လှ အနိစ္စရောက်ရှာတယ်။ ကိုမြင့်ဆွေလဲ သူ့ကတိအတိုင်း သူပေးထားတဲ့ လက်ကိုင်ပဝါတွေကို မခင်လှရဲ့ ခေါင်းထဲ ထည့်ပေးလိုက်တယ်။ ။

## ၂၇
## ကိုမြင့်ဆွေ နှင့် မမေကြည်

မခင်လှအတွက် ရည်လည်ဆွမ်းကျွေးတဲ့နေ့မှာ မမေကြည်က 'အစ်ကိုကြီး မနက်ဖြန်ကစပြီး အကြည်လဲ အလုပ်ဆင်းမယ်'လို့ ပြောတယ်။ 'အကြည်ရေ၊ တနင်္ဂနွေနှစ်ပတ်လောက် နားပါဦးလားကွယ်'လို့ ပြောတယ်။ အကြည်က ကျွန်မ သန္နိဋ္ဌာန်ချပြီးပြီဆိုတဲ့ မျက်လုံးတွေနဲ့ ကိုမြင့်ဆွေကို ကြည့်ပြီး ခေါင်းခါပြတယ်။

အကြည်လဲ သူပြောတဲ့အတိုင်း နောက်တစ်နေ့ကစပြီး အလုပ်ဆင်းတယ်။ အကြည့်ကို သူ့ရုံးခန်းပေးပြီး သူက တခြားရုံးခန်းတစ်ခုကို ပြောင်းမယ်လို့ ကိုမြင့်ဆွေက ပြောတယ်။ အကြည်က သဘောမတူဘူး။ 'အလုပ်သင်ချင်လို့လာတာ၊ တစ်ခန်းတည်းနေမှပေါ့'လို့ ပြန်ပြောတယ်။ ဒီလိုပြောပြီး ကိုမြင့်ဆွေ စားပွဲခုံရဲ့ ညာဘက်ထောင့်နားကို အကြည်ဟာ သူ့ဟာသူ ကုလားထိုင်တစ်လုံးဆွဲပြီး ထိုင်နေတယ်။ ကိုမြင့်ဆွေက 'သူဌေးဆိုတာ ဒီလို နေရ ထိုင်ရတာ မဟုတ်ဘူး၊ ဒီလာထိုင်'လို့ သူ့နေရာကို ခေါ်တယ်။ 'မန်နေဂျာဆိုတာ သူဌေးပြောတာကို နားထောင်ရတယ်၊ အဲဒီတော့ အစ်ကိုကြီး အဲဒီမှာပဲထိုင်၊ အကြည်က ဒီနေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်မယ်’လို့ ပြောတယ်။ ကိုမြင့်ဆွေလဲ သူ့နေရာမှာပဲ ထိုင်ရတယ်။ ညွန့်ညွန့်ကလေးလဲ သူ့အလုပ်ဝတ္တရားအတိုင်း သုံးလေးကြိမ်လောက် မန်နေဂျာ ရုံးခန်းထဲ ဝင်လာတယ်။ ဒါပေမယ့် သူဌေးရှိနေတဲ့အတွက် အရင်ကလို မန်နေဂျာနဲ့ အရောမဝင်ရဲတော့ဘူး။ သိပ်ပြီး ဣန္ဒြေရတာပဲ။ စာတွေဘာတွေပြရင်လဲ သိပ်ပြီး စည်းကမ်းသေဝပ်တာပဲ။ ထုံးစံအတိုင်း ရပ်ရမယ့် နေရာထက်တောင် တစ်ထွာလောက် ပိုပြီး ဝေးနေသေးတယ်။ နေ့ခင်း ကော်ဖီကိုလဲ လာပြီး ငှဲ့မပေးရဲတော့ဘူး။ သူဌေးရဲ့ အရှိန်က သိပ်ကြီးတာပဲ။ အကြည်ကိုယ်တိုင် သူယူလာတဲ့ စားစရာတွေနဲ့ ကော်ဖီကို ပြင်ပြီး အစ်ကိုကြီးကို ကျွေးတယ်။

ကိုမြင့်ဆွေလဲ ဒီကလေးမကလေးဟာ သူ့အဖေရဲ့ ယုယုယယ ပြုစုတာကို တစ်ခါမှ မခံရဘဲ ကြီးလာခဲ့ရတယ်။ သူ့အဖေအပေါ်မှာ နွဲ့ဆိုး မဆိုးခဲ့ရသမျှ အတိုးချပြီး ငါ့အပေါ်မှာ နွဲ့ဆိုးဆိုးနေမှာပဲ။ ငါ့မှာလဲ သူ့အမေကို ပေးထားတဲ့ ကတိရှိတယ်။ ဒီတော့ သူစိတ်ချမ်းသာအောင် ကြည့်ပြီး စောင့်ရှောက်သွားရမှာပဲလို့ တွေးရင်း အကြည် ပြင်ကျွေးတာတွေကို စားနေတယ်။ တအောင့်လောက်ကြာတော့ အကြည်က ‘အစ်ကိုကြီး အလုပ်ထဲမှာ အရက်မူးတတ်တဲ့လူတွေ၊ မယားနှိပ်စက်တတ်တဲ့လူတွေ ရှိသလား၊ စုံစမ်းပြီး ဒီလူမျိုးတွေရှိရင် အရက်နဲ့ မယား နှိပ်စက်တာ ဖြတ်ပါ့မယ်ဆိုတဲ့ ကတိကို တောင်းပါ၊ ကတိမပေးရင် ထုတ်ပစ်၊ ကတိ ပေးပြီး ဖောက်ရင်လဲ ထုတ်ပစ် အစ်ကိုကြီး၊ အိမ်မှာ အရက်လဲသောက် မယားကိုလဲ အင်မတန်နှိပ်စက်တဲ့ ထမင်းချက်သမား အေးညိမ်းဆိုတာ ရှိတယ်၊ ဖေဖေသေပြီး နောက်တစ်နေ့ အကြည်ခေါ်ပြီး အရက်နဲ့ မယား နှိပ်စက်တာ ဖြတ်မလား၊ အလုပ်ကထွက်မလားလို့ မေးတယ်၊ အရက်နဲ့ မယားနှိပ်စက်တာ ဖြတ်ပါ့မယ်လို့ ကတိပေးတယ်၊ အရပ်ထဲက လူကြီး သုံးဦးရဲ့ အာမခံချက်ကိုပါ အကြည်ယူထားတယ်၊ အခုတော့ အေးနေ တာပဲ၊ ဘာသံမှ မကြားရတော့ဘူး၊ အစ်ကိုကြီးလဲ အလုပ်ဘက်မှာ ဒီလိုပဲ လုပ်ထားပါ၊ အရက်သောက်တဲ့လူနဲ့ မိန်းမနှိပ်စက်တဲ့လူကို



အကြည် သိပ်မုန်းတယ်’လို့ ပြောတယ်။ ‘အကြည်က တော်တော်ပြတ်ပြတ် သားသား ရှိသားပဲ’လို့ ပြောပြီး ကိုမြင့်ဆွေက ပြုံးနေတယ်။ ပြီးတော့မှ ‘အကြည်ရေ ဟောဒီတရားကလေးကို မှတ်ထားပြီး ခဏခဏဆင်ခြင် နေစမ်းပါကွယ်၊ ကုသိုလ်သိပ်ရတယ်၊ လူတွေဟာ ကြီးတယ်ငယ်တယ် မဟုတ်ဘူး၊ အားလုံး အိုရဦးမယ်၊ အိုတတ်တဲ့ သဘောတရားကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူး၊ အားလုံး နာရဦးမယ်၊ နာတတ်တဲ့သဘော တရားကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူး၊ အားလုံး သေရဦးမယ်၊ သေတတ်တဲ့ သဘောတရားကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူး၊ အဲဒီတရားဟာ တယ်ပြီး ခရီးရောက်တယ်ကွယ်၊ ခဏခဏ ဆင်ခြင်ပေးပါလို့’ ပြောတယ်။

အကြည်လဲ ရုံးဆင်းပြီး အိမ်ကိုပြန်ရောက်တဲ့အခါ ဒီလို ဒိုင်ယာရီ ရေးနေတယ်။

‘ငါ အလုပ်စဆင်းတယ်၊ ရုံးရောက်တော့ တစ်ခန်းစီခွဲနေဖို့ အစ်ကိုကြီးစိတ်ကူးတယ်၊ ဒါဟာ စာရေးတွေ၊ အလုပ်သမားတွေက ငါ့ကို ကဲ့ရဲ့မှာစိုးလို့ ထင်ပါရဲ့၊ အစ်ကိုကြီးဟာ တစ်နိုင်ငံလုံးကို လှည့်လာခဲ့ပေမယ့် လောကအကြောင်းကို တိုက်ထဲမှာနေရတဲ့ ငါ့လောက် မသိဘူး၊ မကဲ့ရဲ့တတ်တဲ့လူဟာ ဘယ်သူရှိသလဲ၊ အကဲ့ရဲ့မခံရတဲ့လူဟာ ဘယ်သူရှိသလဲ၊ သိကြားမင်း နွားယောင်ဆောင်လာတာတောင် ချိုကား တယ်လို့ ကဲ့ရဲ့တဲ့လောက ကြီး၊ ဒီလောကကြီးထဲ နေရတဲ့ ငါနဲ့ အစ်ကို ကြီးဟာ ရုံးခန်းတစ်ခန်းတည်းမနေဘဲ အစ်ကိုကြီးက စက်ရှေ့က မြစ် ကမ်းပါးမှာ၊ ငါက စက်နောက်ဖေးက လယ်ကွင်းထဲမှာ နေရင်လဲ အကဲ့ရဲ့ခံရမှာပဲ၊ အကဲ့ရဲ့ခံရမှာချင်း အတူတူ ဘာဖြစ်လို့ အံ့ပုန်းကြီးလို လုပ်နေမလဲ၊ ငါ အစ်ကိုကြီးကို ချစ်တယ်၊ ကြိုက်တယ်၊ လိုချင်တယ်၊ တစ်နေ့တော့ အစ်ကိုကြီးကို ဖွင့်ပြောရမှာပဲ၊ မေမေဆုံးပြီးတာ မကြာ သေးလို့ ခုချက်ချင်းပြောဖို့ မကောင်းသေးဘူး၊ အစ်ကိုကြီးကို ချစ်ရင် မရဲတရဲ၊ ကြောက်ဆုတ် ကြောက်ဆုတ်၊ အံ့ပုန်းလို ခိုးလို့မရဘူး’ လို့ ရေးထားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ဆွေ အိမ်ပြန်ရောက်တဲ့အခါ 'ဒေါ်လေးရေ အကြည် ဒီကနေ့ အလုပ်ဆင်းတယ်၊ သူ့ကိုကြည့်ရတာ အလုပ်ကို ကြိုးစားပြီး သင်ချင်ပုံပဲ၊ သူ့ကို သူဌေးရယ်ဆိုပြီး ရုံးခန်းသတ်သတ်တစ်ခု ပေးတာမရဘူး၊ အလုပ်သင်ချင်တယ်ဆိုပြီး ကျွန်တော့် ရုံးခန်းထဲမှာပဲ နေတယ်' လို့ ဝမ်းသာအားရ ဒေါ်လေး ဒေါ်တင်မေကို ပြောပြနေတယ်။ ဒေါ်လေးက ပြုံးပြီး 'ဘုန်းကြီး လုပ်မယ့် ဆရာကြီး၊ တော်တော်ကြာ ကူသိန္နရသေ့လို ရှာန်လျှောနေဦးမယ်'လို့ပြောတယ်။ 'ဒေါ်လေးကလဲ တွေ့ကရာတွေ ပြောပြီ၊ ဒီကလေးမလေးဟာ ဒီအသက် ဒီအရွယ်သာရောက်ရော တစ်ခါမှ မိဘတွေရဲ့ ယုယုယယ ပြုစုတာကို ခံရဖူးတာ မဟုတ်ဘူး၊ အမေကလဲ သူ့ဒုက္ခနဲ့သူ၊ အဖေကလဲ သမီးကို နည်းနည်းမှပြန်ကြည့်တာမဟုတ်ဘူး၊ အဲဒီတော့ ကျွန်တော်နဲ့ တွေ့တဲ့အခါ သူ့ကိုယ်သူ ကလေးကလေးလို ပြန်ဖြစ်ပြီး ကျွန်တော့်အပေါ်မှာ နွဲ့ဆိုးဆိုးနေတာပါပဲ၊ အမေလုပ်တဲ့လူကလဲ မသေခင် သေသေချာချာ အပ်သွားတော့ ကျွန်တော်လဲ ဂရုစိုက်ပြီး စောင့်ရှောက်ပေးနေပါတယ်၊ ဒေါ်လေးကစပြီး ဒီလိုပြောနေရင် သူများတွေက ဒါထက် ပြောလာမှာပေါ့'လို့ ကိုမြင့်ဆွေက ပြောတယ်။ 'ငါက သတိပေးတာပါ မောင်မြင့်ရယ်'လို့ ဒေါ်လေး ဒေါ်တင်မေက ပြန်ပြောတယ်။

နောက်တစ်လလောက်ကြာတဲ့အခါ ကိုမြင့်ဆွေနဲ့ မမေကြည်တို့ရဲ့ သတင်းဟာ ဝါးခယ်မတစ်မြို့လုံး ပျံ့ထွက်သွားတယ်။ မသန်းခင်ကလေးဟာ ဒေါ်လေး ဒေါ်တင်မေဆီကို တစ်နေ့ခင်း လာလည်ပြီး 'ဒေါ်လေးရယ် အစ်ကိုကြီး ဘုန်းကြီးလုပ်မယ်လို့ ဒေါ်လေးကသာ ပြောနေတယ်၊ အစ်ကိုကြီးကတော့ ရုံးခန်းတစ်ခန်းထဲမှာ အကြည်နဲ့ အတူတူနေတယ်တဲ့၊ အကြည် အလုပ်မဆင်းခင်က အစ်ကိုကြီးရဲ့ ရုံးခန်းထဲကို စာရေးတွေ ဝင်လို့ရသေးတယ်၊ အခုဆိုရင် ဘယ်သူမှ မဝင်ရတော့ဘူးတဲ့'လို့ မသန်းခင်က ဒေါ်လေး ဒေါ်တင်မေကို ပြောပြနေတယ်။ သတင်းဆိုတာ အမှန် ဟုတ်တာထက် နည်းနည်းကလေးတော့ ကားထွက်တတ်တယ်။ မမေကြည် အလုပ်ဆင်းပြီးတဲ့နောက် ရုံးခန်းထဲကို ရှေးတုန်းကလိုပဲ ဝင်ထွက်နေကြတာပဲ။



ဒါပေမယ့် မြို့ထဲကို ဒီသတင်းရောက်လာတော့ ရုံးခန်းထဲကို ဘယ်သူမှ မဝင်ရတော့ဘူးလို့ ရောက်လာတယ်။ ဒေါ်လေးဒေါ်တင်မေလဲ ဘာမှ ပြန်မပြောဘူး။ နားထောင်နေတယ်။ 'နောက်ပြီးတော့လဲ အစ်ကို ကြီးဟာ ညတိုင်းလိုလိုပဲ အကြည်တို့တိုက်ကိုသွားတယ်၊ သန်းခေါင်ကျော် လင်းအားကြီးလောက်မှ အိမ်ကို ပြန်တယ်လို့လဲ မြို့ထဲမှာ ပြောနေကြတယ်'လို့ မသန်းခင်က ဆက်ပြောတယ်။ 'ဒါတွေဟာ သက်သက် မနာလိုလို့ ပြောတဲ့ စကားတွေပါ၊ မသန်းခင် မယုံပါနဲ့၊ မောင်မြင့်ဟာ ရှုပ်ရှုပ်ရှက်ရှက် တစ်သက်လုံး တစ်ခါမှ မလုပ်ဖူးပါဘူးကွယ်၊ ညဘက်လဲ ဘယ်မှ မသွားတတ်ပါဘူး၊ အိမ်မှာပဲ စာဖတ်တယ်၊ ပုတီးစိပ်တယ်၊ ကမ္မဋ္ဌာန်း ထိုင်တယ်၊ ဒါတွေလုပ်နေတာပဲ'လို့ ဒေါ်တင်မေက ပြန်ပြောလိုက်တယ်။ ဒေါ်လေးဆီကတစ်ဆင့် ဒီသတင်းကို ကြားရတဲ့အခါ ကိုမြင့်ဆွေဟာ စိတ်မချမ်းမသာဖြစ်သွားပြီး လူလောကထဲမှာ နေသရွေ့တော့ ဒါမျိုးတွေနဲ့ ခဏခဏ တွေ့ရဦးမှာပဲလို့ တစိမ့်စိမ့် တွေးမိနေပါတယ်။

မမေကြည်ကလေးဟာ အမိအဖတွေရဲ့ အယုအယကို တစ်သက်လုံး တစ်ခါမှ မခံခဲ့ရဘူး။ အဖေ့အပေါ်မှာလဲ တစ်ခါမှ နွဲ့ဆိုးမဆိုးခဲ့ရဖူးဘူး။ ဒါကြောင့် သူ့ကို အဖေလို သဘောထားပြီး နွဲ့ဆိုး ဆိုးနေတယ်လို့ ကိုမြင့်ဆွေဟာ ရိုးသားစွာ ယုံကြည်ပြီး မမေကြည်ကလေး စိတ်ချမ်းသာပါစေတော့ဆိုတဲ့ သဘောနဲ့ အများကြီး အလိုလိုက်နေတယ်။ မမေကြည်ဟာ သူ့အမေကိုလွမ်းတဲ့ အလွမ်းပြေလောက်တဲ့အချိန်မှာ သူစိတ်တိုင်းကျတဲ့ မောင်ချစ်တင်နဲ့ ပေးစားဖို့ သူစိတ်ကူးနေတယ်။ မောင်ချစ်တင်ဆိုတာ ဘီစီအက်စ် စာမေးပွဲအောင်တာ မကြာသေးဘူး။ ကိုမြင့်ဆွေ ပုသိမ်မှာ အလုပ်လုပ်နေတုန်းက သူ့လက်အောက်မှာ အခွန်ဝန်အဖြစ်နဲ့ အမှုထမ်းခဲ့ဖူးတယ်။ လာဘ်မစား၊ အပျော်မလိုက်တတ်၊ ဖဲမရိုက်တတ်၊ အရက်မသောက်တတ်၊ ရတနာသုံးပါးကို ကိုင်းရှိုင်းတယ်။ ကိုမြင့်ဆွေကိုလဲ အစ်ကိုကြီးလိုချစ်ပြီး အစစ အရာရာ ဆုံးမဖို့ အပ်ထားတယ်။ ဒီသူငယ်နဲ့ အကြည်နဲ့ ပေးစား၊ အလုပ်လွှဲ၊ ဘုန်းကြီးလုပ်ပြီး ဒီဘဝမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



အနှာဂါမိ မင်လောက်ရအောင် အားထုတ်ဖို့ ကိုမြင့်ဆွေကတော့ အမြဲ စိတ်ကူးနေတယ်။

ဒါပေမယ့် မမေကြည်ကတော့ ဒီလို မဟုတ်ဘူး။ သူ့ဒိုင်ယာရီကို ကြည့်လိုက်ရင် အစ်ကိုကြီးကိုချစ်တဲ့ အချစ်ဒီဂရီဟာ အရမ်းတိုးနေပြီဆိုတာ မျိုးတွေလဲ ခဏခဏတွေ့ရတယ်။ အချစ်ဒီဂရီဟာ မနေ့ကထက် ဒီကနေ့ သိသိသာသာကြီး ပိုတိုးလာတယ်ဆိုတာမျိုးတွေလဲ ခဏခဏ တွေ့ရတယ်။ ငါ့အချစ်ယမ်းအိုးကြီးဟာ ပေါက်ကွဲလုနီးနေပြီဆိုတာတွေလဲ ခဏခဏ တွေ့ရတယ်။ အစ်ကိုကြီးကို ငါ ဖွင့်ပြောတော့မယ်။ မပြောလို့ မဖြစ်တော့ ဘူး။ မေမေဆုံးပြီးစက အနည်းဆုံး ခြောက်လကြာမှ ငါပြောမယ်လို့ စိတ်ကူးထားတယ်။ ခြောက်လဟာ သိပ်ကြာတယ်။ မစောင့်နိုင်တော့ဘူး။ လေးလဆိုရင် တော်ပြီဆိုတာမျိုးတွေလဲ တွေ့ရတယ်။ လေးလလဲ ကြာ တယ်။ သုံးလဆိုရင် တော်ပြီ။ ငါပြောတော့မယ် ဆိုတာတွေလဲ တွေ့ရ တယ်။ ငါကသာ အရမ်းဖြစ်နေတယ်။ အစ်ကိုကြီးကတော့ ငါ့စိတ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ သိပုံမပေါ်ပါဘူး။ တစ်နေ့လာလဲ အကြည်ရေ လူတွေဟာ ကြီးတယ် ငယ်တယ် မဟုတ်ဘူး၊ အားလုံး အိုရဦးမယ်၊ အို တတ်တဲ့ သဘောတရားကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူး။ အားလုံး နာရဦး မယ်၊ နာတတ်တဲ့ သဘောတရားကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူး။ အားလုံး သေရဦးမယ်၊ သေတတ်တဲ့ သဘောတရားကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူး ဆိုတာကိုပဲ ထပ်ခါတလဲလဲ ပြောနေတာပဲ။ တခြားပြောစရာတွေ ဒီလောက် ရှားလို့လား။ လူဆိုတာ အိုရမှာပဲ၊ နာရမှာပဲ၊ သေရမှာပဲ။ ဒါပေမယ့် အိုတဲ့အခါ အိုပေါ့။ နာတဲ့အခါ နာပေါ့။ သေတဲ့အခါ သေ ပေါ့။ မအိုခင် မနာခင် မသေခင် ပျော်ပျော်ပါးပါး နေကြပေါ့။ ပျော်ပျော်ပါးပါးနဲ့ နေရ မယ့်အချိန်မှာ ဒီစိတ်မချမ်းသာစရာ စကားတွေကို ပြောပြောနေလို့ ဘာ အကျိုးထူးမလဲ။ ဆရာတော်ကြီးတောင် မေမေ့လို သေခါနီး လူမမာကို ဒီစကားမျိုးပြောတယ်။ အစ်ကိုကြီးဟာ ဘုန်းကြီးထက် ရှိနေပြီ။ နေပေး ဒီလိုလူရိုးကြီးတွေကို ဘယ်လို ပြုပြင်ရမယ်ဆိုတာ ငါသိတယ်။ ငါ့လက်ထဲ



ရောက်ပြီးရင် အလွန်ဆုံး တနင်္ဂနွေနှစ်ပတ်ထက်ပိုပြီး မကြာရဘူး။ အစ်ကို ကြီးဟာ ခေတ်မီ လူသစ်ဖြစ်ရမယ်လို့ ရေးထားတာမျိုးတွေလဲ တွေ့ရတယ်။

တစ်လလောက်ကြာတဲ့အခါ ကိုမြင့်ဆွေဟာ ရုံးခန်းထဲ အလုပ် လုပ်နေတုန်း စာတိုက်က စာတစ်စောင် ရောက်လာတယ်။ ဖောက်ကြည့်တဲ့ အခါ ‘ရင်ငွေ့လှုံဆရာကြီး၊ ဘယ့်နှယ်လဲ၊ ဘုန်းကြီးလုပ်နိုင်ဦးမှာလား၊ မယ်ကြည်ကလေးရဲ့ ရွှေရင်ငွေ့ ရေယာဉ်ကြောမှာ မျောပြီး မူးမေ့နေပြီ ထင်တယ်၊ အမြဲချောင်းကြည့်နေသူ’လို့ လက်မှတ်ထိုးထားတဲ့ စာကို တွေ့ရတယ်။ ဖတ်ဖတ်ချင်းတော့ ကိုမြင့်ဆွေရဲ့စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားတယ်။ ဒါပေမယ့် တအောင့်လောက်ကြာတော့ စာပေးတဲ့လူကို စိတ်ဆိုးစရာမဟုတ်ဘူး။ အမှန်စင်စစ်တော့ ငါအနေအထိုင်ဆင်ခြင်အောင် သူက သတိပေးတာပဲ။ မိန်းမနဲ့ နှစ်ယောက်ချင်းမတွေ့နဲ့။ တွေ့လဲ စကား မပြောနဲ့ဆိုတာ ငါ့မေမေ ငါ့ကို ခဏခဏ သတိပေးခဲ့တာပဲ။ ဒါပေမယ့် ဘယ်ကံကများ အကျိုးပေးနေတယ် မဆိုနိုင်ဘူး။ မိန်းမနဲ့ နှစ်ယောက်ချင်း မတွေ့ဘဲ မနေရတဲ့နေရာကို ငါရောက်နေရတယ်။ နှစ်ယောက်ချင်း တွေ့ရုံ မကသေးဘူး။ စကားလဲ ပြောနေရတဲ့နေရာကို ငါရောက်နေရတယ်၊ အမှန် စင်စစ် ဒီစာဟာ ငါ့ကိုဆင်ခြင်ဖို့ သတိပေးတဲ့ စာပဲလို့ စိတ်ဖြေလိုက်တယ်။

သေးမှာ ထိုင်ကြည့်နေတဲ့အကြည်က ‘ဘာစာလဲ အစ်ကိုကြီး’လို့ မေး တယ်။ ‘အလကားဟာပါကွယ်’လို့ ပြောပြောဆိုဆို ဆုတ်ပစ်ပြီး စက္ကူစုတ် ခြင်းတောင်းထဲ ထည့်လိုက်တယ်။ အဲဒီနေ့မှာ အကြည်ဟာ ချမ်းစိမ့်စိမ့် ဖြစ်လာတာနဲ့ အလုပ်က စောစောဆင်းသွားတယ်။ တိုက်ပြန်ရောက်တဲ့အခါ ရေမချိုးဘူးလို့ ကြံသေးတယ်။ ဒါပေမယ့် အဲဒီနေ့ဟာ အစ်ကိုကြီးနဲ့ ဒေါ်လေးကို ထမင်းစားဖိတ်ထားတဲ့နေ့ ဖြစ်တဲ့အတွက် ရေချိုးလိုက်တယ်။ ထမင်းမစားခင် ဆင်ဝင်မှာစကားပြောနေကြတုန်း အကြည်ဟာ နေမကောင်း ချင်သလိုလို ဖြစ်ပြီး ထမင်း စောစောစားကြတယ်။ ဒေါ်လေးနဲ့ ကိုမြင့်ဆွေလဲ ခပ်စောစော ပြန်လာခဲ့ကြတယ်။ အိမ်ရောက်တဲ့အခါ သူ့ဖေဖေပေးထားတဲ့ မှတ်စုစာအုပ်ထဲက မိန်းမနဲ့ဆိုင်တဲ့ ဒီမှတ်စုကို ပြန်ဖတ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ရဟန်းတို့ လောကမှာ မိန်းမအဆင်းလောက် စွဲမက်စေတတ် နှစ်သက်စေတတ်၊ ယစ်မူးစေတတ်၊ နှောင်ဖွဲ့စေတတ်၊ တွေဝေစေတတ်ပြီး နိဗ္ဗာန်ရဲ့ အန္တရာယ်ဖြစ်တဲ့ တခြားအဆင်းတစ်ခုကို ငါဘုရားမြင်တော်မမူ။

'ရဟန်းတို့၊ သတ္တဝါတွေဟာ မိန်းမအဆင်းမှာ စွဲမက်ကြတယ်၊ မက်မောကြတယ်၊ ရစ်ပတ်ကြတယ်၊ တွေဝေကြတယ်၊ သတ္တဝါတွေဟာ ဒီမိန်းမတွေရဲ့ အဆင်းနောက်ကို တကောက်ကောက် လိုက်နေကြတဲ့အတွက် သံသရာတစ်လျှောက်လုံးမှာ ပူဆွေးကြရတယ်။

'ရဟန်းတို့၊ လောကမှာ မိန်းမအသံလောက်၊ အနံ့လောက်၊ အရသာလောက်၊ အတွေ့အထိလောက် စွဲမက်စေတတ်၊ နှစ်သက်စေတတ်၊ ယစ်မူးစေတတ်၊ နှောင်ဖွဲ့စေတတ်၊ တွေဝေစေတတ်ပြီး နိဗ္ဗာန်ရဲ့ အန္တရာယ်ဖြစ်တဲ့ တခြားအသံ၊ အနံ့၊ အရသာ၊ အတွေ့အထိကို ငါဘုရား မြင်တော်မမူ။

'ရဟန်းတို့ သတ္တဝါတွေဟာ မိန်းမအသံ၊ အနံ့၊ အရသာ၊ အတွေ့အထိမှာ စွဲမက်ကြတယ်၊ မက်မောကြတယ်၊ ရစ်ပတ်ကြတယ်၊ တွေဝေကြတယ်၊ သတ္တဝါတွေဟာ ဒီအသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနောက်ကို တကောက်ကောက် လိုက်နေကြတဲ့အတွက် သံသရာတစ်လျှောက်လုံးမှာ ပူဆွေးကြရတယ်။

'ရဟန်းတို့ မိန်းမဟာ သွားနေတုန်းလဲ ယောကျ်ားစိတ်ကို ဆွဲဆောင်ထားနိုင်တယ်၊ ရပ်နေတုန်း၊ ထိုင်နေတုန်း၊ အိပ်နေတုန်း၊ ရယ်ရွှင်နေတုန်း၊ စကားပြောနေတုန်း၊ သီချင်းဆိုနေတုန်း၊ ငိုနေတုန်းလဲ ယောကျ်ားရဲ့ စိတ်ကို ဆွဲဆောင်ထားနိုင်တယ်၊ သေပြီး ဖူးဖူးရောင်နေတဲ့အချိန်မှာတောင် ယောကျ်ားရဲ့ စိတ်ကို ဆွဲဆောင်ထားနိုင်တယ်။

'ရဟန်းတို့ မာရ်နတ် ကျော့ကွင်းဆိုတာ ဘာလဲလို့ အဓိပ္ပာယ်ရှင်းပြချင်တဲ့သူတစ်ဦးဟာ တခြား ထွေထွေထူးထူး ပြောနေဖို့ မလို၊ မိန်းမ တစ်ဦးဦးကိုသာ ဆွဲပြလိုက်ရုံနဲ့ ပြီးနိုင်တယ်။

'မိမိကိုသတ်ဖို့ သန်လျက်စွဲကိုင်ထားတဲ့သူနဲ့ စကားပြောလိုက ပြောနိုင်တယ်၊ မြေဖုတ်ဘီလူးနဲ့ စကားပြောလိုက ပြောနိုင်တယ်၊ အဆိပ်ပြင်းတဲ့ မြွေကို ကိုင်လိုက ကိုင်နိုင်တယ်၊ မိန်းမနဲ့ တစ်ယောက်ချင်းချင်း စကားမပြောမဆိုရဘူး။



'မိန်းမတွေဟာ သတိလွတ်ကင်းနေတဲ့ ယောကျ်ားကို သူတို့မျက်လုံးနဲ့ စိုက်ကြည့်ပြီးတော့ပဲဖြစ်ဖြစ်၊ မလုံ့တလုံ ဝတ်ဆင်ပြီးတော့ပဲဖြစ်ဖြစ်၊ သာသာယာယာ နူးနူးညံ့ညံ့ ပြောဆိုပြီးတော့ပဲဖြစ်ဖြစ် နှောင်ဖွဲ့တတ်တယ်၊ ဒါကြောင့် မိန်းမဆိုရင် သေပြီး ဖူးဖူးရောင်နေတဲ့ မိန်းမအလောင်းကိုတောင် မကိုင်တွယ်အပ်ဘူး။

'စိတ်နှလုံး ပျော်မွေ့ဖွယ်ဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဆိုတဲ့ ကာမဂုဏ်ငါးပါးဟာ မိန်းမတွေရဲ့ ရုပ်မှာရှိတယ်။

'ကာမတဏှာရဲ့ ဘေးကို မသိမြင်ကြတဲ့အတွက် ကာမဆိုတဲ့ ဝဲသြဃကြီးထဲမှာ တဝဲလည်လည်ဖြစ်နေကြတဲ့သူတွေဟာ ဘဝကြီးငယ်တွေမှာ အမျိုးမျိုးဖြစ်ပြီး သံသရာ ရေယာဉ်ကြောမှာ မျောနေကြရမယ်။

'ကာမတဏှာရဲ့ ဘေးအန္တရာယ်တွေကို ပိုင်းပိုင်းခြားခြားသိပြီး ဒီဘေးတွေက ကင်းရှင်းအောင်နေတဲ့ သူတွေဟာ အရဟတ္တဖိုလ်ကို ရမယ်၊ လောကရဲ့ တစ်ဖက်ကမ်းဆိုတဲ့ အတုမရှိတဲ့ ယောဂကုန်ရာဖြစ်တဲ့ အဖန်တလဲလဲ ပဋိသန္ဓေနေရတဲ့ဘေး၊ အိုရတဲ့ဘေး၊ နာရတဲ့ဘေး၊ သေရတဲ့ဘေးတွေက ကင်းလွတ်ရာ၊ ချမ်းသာခြင်းအစစ်ရဲ့ တည်ရာဖြစ်တဲ့ နိဗ္ဗာန်ရွှေပြည်မြတ်ကို ရောက်ကြရမယ်လို့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူပါတယ်'

ဒီမှတ်စုကိုဖတ်ပြီး ငါတော့ အင်မတန် ကြောက်စရာကောင်းတဲ့ ဘဝကို ရောက်နေပြီ။ ဒါပေမယ့် သေခါနီး သူ့အမေကို ငါပေးလိုက်တဲ့ ကတိကလဲ ရှိနေသေးတယ်။ ဖွတ်ထွက်သွားလို့ မဖြစ်သေးဘူး။ ဒါကလေးတော့ မောင်ချစ်တင်နဲ့ မြန်မြန်ပေးစား၊ အလုပ်လွှဲပေးလိုက်။ ပြီးတော့မှ ငါ မြန်မြန် ဘုန်းကြီးလုပ်။ ဒီလိုမလုပ်ရင် တဏှာရေယာဉ်ကြောမှာ ငါ မျောရလိမ့်မယ်။ ငါ မျှော်မှန်းထားတဲ့ လောကုတ္တရာမျှော်မှန်းချက်ကြီးလဲ ပျက်သွားလိမ့်မယ်လို့ တစ်ယောက်တည်း လေးလေးနက်နက် စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



နေတာနဲ့ ညဆယ့်တစ်နာရီလောက်အထိ အိပ်မပျော်ဘူး။ တစ်အောင့်လောက်ကြာတော့ အိမ်အပြင်ဘက်က နှိုးနေသံကြားရတယ်။ တံခါးဖွင့်ပေးတဲ့အခါ အကြည်တို့အိမ်က အလုပ်သမားတစ်ယောက် ဖြစ်နေတယ်။ အကြည်တစ်ကိုယ်လုံးပူပြီး အသက်လဲ ကောင်းကောင်းမရှူနိုင်ဘူး။ မြန်မြန်လာပါဆိုတာနဲ့ မောင်မြင့်ဆွေလဲ ကပျာကယာ အဝတ်အစားလဲပြီး လိုက်သွားရတယ်။ နဖူးစမ်းကြည့်တဲ့အခါ အတော်ပူနေတယ်။ ဒါနဲ့ စာကလေးတစ်စောင်ရေးပြီး ဆရာဝန်ခေါ်ရတယ်။

ဆရာဝန်ရောက်လာတဲ့အခါ စမ်းသပ်ကြည့်ပြီး အဖျားဒီကရီ တစ်ရာနှစ် ရှိတယ်။ အဆုတ် နှစ်ဖက်စလုံး ရောင်နေတယ်လို့ ပြောတယ်။ ဆေးတစ်လုံးထိုး၊ တိုက်ဆေးတိုက်၊ ရင်ပတ် ကျောနဲ့ ဘေးတွေမှာ ကပ်ဖို့ ဆေးပေးပြီး ဆရာဝန် ပြန်သွားတယ်။ အကြည့်ကို စောင့်ကြည့်ဖို့ သူနဲ့ ပါလာတဲ့ ဆရာမကို ထားပစ်ခဲ့တယ်။ နောက်ထပ် အရေးကြီးလာရင် ချက်ချင်း အခေါ်လွှတ်ဖို့လဲ မှာသွားတယ်။ ကိုမြင့်ဆွေလဲ စိတ်မချတာနဲ့ အိမ်မပြန်ဘူး။ အိမ်ရှေ့ခန်းမှာ ပက်လက်ကုလားထိုင်တစ်လုံး အချခိုင်းပြီး အကြည့်ကိုစောင့်ရင်း လှဲနေတယ်။ နာရီပြန်သုံးချက်လောက်ကျတော့ အကြည်ဟာ အိပ်ပျော်သွားတယ်။ ဆရာမလဲ အကြည်ကို စောင့်ရင်း ခပ်ပျင်းပျင်းနဲ့ စားပွဲခုံပေါ်က ဒိုင်ယာရီကို ဖတ်နေတယ်။ ဖတ်ရင်း စိတ်ဝင်စားလာတာနဲ့ တစ်ခုပြီးတစ်ခု ဆက်ဖတ်ပစ်လိုက်တယ်။

နံနက် ခုနစ်နာရီလောက်မှာ ဆရာမ အသစ်တစ်ယောက် ရောက်လာတယ်။ ညကဆရာမ ပြန်သွားတယ်။ နံနက် ဆယ့်တစ်နာရီလောက်မှာ ဆရာဝန်ရောက်လာပြီး စမ်းသပ်ကြည့်တယ်။ ပြီးတော့ ဆေးတစ်လုံး ထပ်ထိုးပေးတယ်။ ကိုမြင့်ဆွေက 'ဘယ့်နှယ်နေသေးသလဲ'လို့ မေးတဲ့အခါ 'ကောင်းသွားပါပြီ'လို့ ပြောတယ်။ တအောင့်လောက်ကြာတော့ ဆရာဝန်က ကိုမြင့်ဆွေကို အပြင်ဘက် ခဏခေါ်သွားပြီး 'မမေကြည်ရဲ့ ရောဂါဟာ ရိုးရိုးမဟုတ်ဘူး၊ စိတ္တဇရောဂါလဲပါနေတယ်၊ ရိုးရိုးရောဂါတော့ ကျွန်တော် ပျောက်အောင်ကုပေးမယ်၊ စိတ်ချပါ၊ ဒီမနက် အပုံကြီး ကောင်းသွားပြီ



စိတ္တဇတော့ ဦးမြင့်ဆွေဟာ ဦးမြင့်ဆွေပဲ ဆက်ကုတော့ ကျွန်တော် မတတ်နိုင်ဘူး'လို့ ဆရာဝန်က ပြောတယ်။ ကိုမြင့်ဆွေက ကောင်းကောင်း မရှင်းတာနဲ့ 'ဒေါက်တာ ဘယ်လို စိတ္တဇလဲ'လို့ မေးတယ်။ 'သိချင်ရင် မမေကြည်ရဲ့ ခုတင်ဘေးက စားပွဲခုံပေါ်မှာ ဒိုင်ယာရီရှိတယ်၊ အဲဒါကို ဖတ်ကြည့်ဗျာ၊ အစ်ကိုကြီးအပေါ်မှာ အချစ်ဒီဂရီတွေ နေ့စဉ် တိုးနေတယ်၊ အချစ် ယမ်းအိုးကြီး ပေါက်ကွဲခါနီးနေပြီ၊ အစ်ကိုကြီးကိုတော့ မကြာခင် ဖွင့်ပြောရတော့မှာပဲဆိုတာတွေ စုံနေအောင် ရေးထားတယ်၊ ဖတ်လို့ သိပ်ကောင်းတယ်လို့ ကျွန်တော် 'ရိပို့'ရတယ်၊ အဲဒီ စိတ္တဇရောဂါကိုတော့ ကိုမြင့်ဆွေပဲ ဆက်ကုပေတော့'လို့ ဆရာဝန်က ပြုံးပြီး ပြောတယ်။ ကိုမြင့်ဆွေ သဘောပေါက်သွားတယ်။ ခေါင်းလဲ ကြီးသွားတယ်။ မောင်ချစ်တင်နဲ့ မမေကြည်ကို မြန်မြန်ပေးစားမှပဲ။ ငါလဲ ဘုန်းကြီးမြန်မြန်လုပ်မှပဲ။ နှေးနေလို့ မဖြစ်ဘူးဆိုတဲ့ ကိုမြင့်ဆွေရဲ့ သန္နိဋ္ဌာန်ဟာ ပိုပြီး ခိုင်မာလာတယ်။

မမေကြည်ဟာ ဖျားတာကတော့ ရိုးရိုးဖျားတာပါပဲ။ ဒါပေမယ့် ကိုယ်ဝန်ဖျက်ချရတဲ့အတွက် အလုပ်တောင် မဆင်းနိုင်ဘူးဆိုတဲ့ သတင်းဟာ ဘယ်သူက လွှင့်လိုက်မှန်း မသိဘူး။ တစ်မြို့လုံး ပျံ့နှံ့သွားတယ်။ သတင်းပြန့်ရုံသာမကဘူး။ ပုလိပ်ဆီလဲ ကိုယ်ဝန်ဖျက်ချတယ်ဆိုတဲ့ စာထုပ်ပစ်တယ်။ မြောင်းမြကအရေးပိုင်နဲ့ ရာဇဝတ်ဝန်ဆီကိုလဲ ဒီလိုပဲ စာထုပ်ပစ်တယ်။ ကိုမြင့်ဆွေရဲ့ အဖေ ဘုန်းကြီးတောင် အေးအေးမနေရဘူး။ သူ့ဆီလဲ စာထုပ်ပစ်တယ်။ သူ့သား ဒီလိုလုပ်လိမ့်မယ်လို့ အဖေက မယုံဘူး။ ဒါကြောင့် ဦးသုန္ဒရဟာ သူရတဲ့ ပစ်စာပေါ်မှာ ဒါတွေ ငါမယုံဘူးလို့ ရေးပြီး ကိုမြင့်ဆွေဆီကို ပို့လိုက်တယ်။ ဒါပေမယ့် သူ့ခမည်းတော်ကြီး ပိုပြီး စိတ်ချမ်းသာသွားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကိုမြင့်ဆွေဟာ ဆရာဝန်နဲ့ ဆရာမတွေကိုပါ ဦးသုန္ဒရဆီကို ခေါ်သွားပြီး အရှင်းခိုင်းတယ်။ ဒီအတောအတွင်း ဆရာဝန်ဟာ အတော်ကလေး အလုပ်ရှုပ်သွားသေးတယ်။ ပုလိပ်ကလာပြီး စုံစမ်းလို့ ရှင်းပြပြီး အစီရင်စာတစ်စောင် ရေးပေးရတယ်။ မြောင်းမြအရေးပိုင် ဦးလှကတော့ ကိုမြင့်ဆွေရဲ့ ဆရာ ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကလဲ ပစ်စာကို မယုံဘူး။ ကိုမြင့်ဆွေကို ကောင်းကောင်းယုံတယ်။ ဒါကြောင့် ပစ်စာကို ကိုမြင့်ဆွေဆီ ပို့လိုက်တယ်။ ကိုမြင့်ဆွေလဲ ဆရာဝန်ရဲ့ အစီရင်ခံစာကိုယူပြီး ကျေးဇူးတင်တဲ့စာနဲ့အတူ ဦးလှဆီကို ပို့လိုက်တယ်။

မောင်မြင့်ဆွေဟာ တစ်သက်လုံး မိန်းမနဲ့ပတ်သက်ပြီး တစ်ခါမှ လက်ညှိုးထိုးမခံခဲ့ရဖူးဘူး။ သူကလဲ ဒီကိစ္စမျိုးနဲ့ ကင်းရှင်းအောင် အထူးဆင်ခြင်တယ်။ ဒါကြောင့် ဒီကိစ္စတွေဖြစ်ခါစမှာ မောင်မြင့်ဆွေဟာ ရှက်လဲ အများကြီးရှက်တယ်။ စိတ်လဲ အများကြီးရှုပ်တယ်။ လောကကြီးထဲမှာ လူအဖြစ်နဲ့ ရှေ့ဆက်နေသွားဖို့ဆိုတာကို ကြောက်လဲ အများကြီး ကြောက်သွားတယ်။ နောက်ပြီးတော့လဲ သူဟာ အရွယ်ရောက်ကတည်းက စပြီး အနှစ်နှစ်ဆယ်ကျော်ကျော် အချစ်နယ်ထဲကို တစ်ခါမှ နယ်မကျူးခဲ့ဖူးဘူး။ အဲဒီလို နယ်မကျူးခဲ့ဖူးတဲ့အတွက် ဒီလို စိတ်ရှုပ်စရာတွေနဲ့ တစ်ခါမှ မတွေ့ခဲ့ရဘူး။ အခု အချစ်နယ်ထဲကို နယ်ကျူးမိတာ နှစ်လကျော်ကျော်ကလေး လောက်ပဲ ရှိသေးတယ်။ ခုစိတ်ရှုပ်စရာတွေဟာ ဝိုင်းနေတာပဲ။ ဒါဟာ စလုံးရေစရုံပဲ ရှိသေးတယ်။ နောက်ပြီး နယ်ကျူးသွားတာနဲ့အမျှ ဘယ်လို စိတ်ရှုပ်စရာတွေ စိတ်မချမ်းသာစရာတွေနဲ့ တွေ့ရဦးမယ် မသိသေးဘူးလို့လဲ ကိုမြင့်ဆွေ စဉ်းစားမိတယ်။ ငါ့မေမေပြောတုန်းကသာ ငါ ဘုန်းကြီးလုပ်ပြီး တရားအားထုတ်နေရရင် ဒါမျိုးတွေနဲ့လဲ တွေ့ရမှာမဟုတ်ဘူး။ အခုလောက်ဆိုရင် မဂ်တရားတွေ၊ ဖိုလ်တရားတွေ အဆင့်ဆင့်တိုးပြီးရနေပြီ။ လူတွေခပ်များများကိုလဲ သူတို့ရဲ့ ကိုးကွယ်ရာအစစ်ဖြစ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရအောင် ငါအတော်ကြီး ဆောင်ရွက်နိုင်နေပြီ။ အခုတော့ အနှစ်မရှိတာတွေကို အနှစ်လို့ထင်ပြီး မိုက်ခဲ့မိလို့၊ အကျိုးမရှိတာတွေကို အကျိုးရှိတယ်ထင်ပြီး လိုက်ခဲ့မိလို့ ငရဲပန်းတွေကို ရွှေပန်းတွေထင်ပြီး လိုက်ခဲ့မိလို့ ငါဟာ ဒီဆင်းရဲတွေနဲ့ တွေ့ရတာပဲဆိုပြီးတော့လဲ အများကြီး စိတ်ဆင်းရဲနေတယ်။ ဒါပေမယ့် ကိုမြင့်ဆွေဟာ လောကဓံတရားနဲ့ တွေ့ရတဲ့အခါ ခံနိုင်ရည်ရှိနေအောင် အတော်ကလေး လေ့ကျင့်ထားတဲ့အတွက် တစ်ရက် နှစ်ရက်လောက်သာ စိတ်ထဲမှာ ယောက်ယက်ခတ် ဖြစ်တယ်။



လောကမှာ လူ ာဟာ စည်းစိမ်ဥစ္စာနဲ့ တွေ့တဲ့အခါလဲ တွေ့ရတယ်။ စည်းစိမ်ဥစ္စာနဲ့ ကင်းတဲ့အခါလဲ ကင်းရတယ်။ အခြွေအရံနဲ့ တွေ့တဲ့အခါလဲ တွေ့ရတယ်။ အခြွေအရံနဲ့ ကင်းတဲ့အခါလဲ ကင်းရတယ်။ ချီးမွမ်းတာနဲ့ တွေ့တဲ့အခါလဲ တွေ့ရတယ်။ ကဲ့ရဲ့တာနဲ့ တွေ့တဲ့အခါလဲ တွေ့ရတယ်။ ချမ်းသာတာနဲ့ တွေ့တဲ့အခါလဲ တွေ့ရတယ်။ ဆင်းရဲတာနဲ့ တွေ့တဲ့အခါလဲ တွေ့ရတယ်ဆိုတဲ့ လောကဓံတရားရှစ်ပါးကို နှလုံးသွင်းနိုင်တဲ့ အတွက် သူ့စိတ်တွေဟာ အတော်ကြီး သက်သာရာရသွားတယ်။ နောက်ပြီးတော့လဲ သတ္တဝါတွေဟာ သူ့တို့လုပ်ခဲ့တာမှန်သမျှကို အမွေခံရတယ်။ ငါ အခုလို အစွပ်စွဲခံခဲ့ရတာဟာ အရင်ဘဝတွေတုန်းက ငါလဲ သူများကို ဒီလို စွပ်စွဲခဲ့လို့ပဲ၊ အဲဒီတော့ ကိုယ်ခံရတဲ့အတွက် သူများကို စိတ်ဆိုးမနေနဲ့။ ဘယ်သူမပြု မိမိမှုပဲလို့ နှလုံးသွင်းရင်း ယောက်ယက်ခတ်နေတဲ့ သူ့စိတ်တွေကို ဆုံးမနိုင်တယ်။ နောက်ပြီးတော့ ကိုမြင့်ဆွေဟာ ဒီလိုလဲ စဉ်းစားမိသေးတယ်။ အိုးချင်းထားရင်ထိ၊ ကြိုးချင်းထားရင်ငြိဆိုတဲ့စကားလိုပဲ။ သူနဲ့ အကြည်နဲ့ဟာ အခုလိုသာ ကြာရှည် နေသွားကြမယ်ဆိုရင် သံချောင်းတောင် မီးနဲ့အမြိုက်ခံရတာ ကြာရင် ပျော့ကျရသေးတယ်။ မိန်းမ မယူဘူး၊ ဘုန်းကြီးလုပ်မယ်ဆိုတဲ့ သူ့အဓိဋ္ဌာန်လိုဟာမျိုးတော့ ဘယ်ခံနိုင်မလဲ။ အခုဆိုရင် ကြည့်ပါလား။ သူ့ဒိုင်ယာရီအကြောင်းကို ဆရာဝန်ဆီက ကြားရရုံကလေးရှိသေးတယ် ငါ့စိတ်တွေ ဘယ်လိုဖြစ်နေတယ် မသိဘူး။ ဖောက်ပြန်ချင် သလိုလို ဖြစ်နေပြီ။ ဒါဟာ စလုံးရေစပဲ။ မကောင်းဘူး။ ငါဟာ သူ့အတွက် ကူးစက်တတ်တဲ့ ရောဂါပဲ။ သူဟာလဲ ငါ့အတွက် ကူးစက်တတ်တဲ့ ရောဂါပဲ။ ရောဂါမကူးစက်စေချင်ရင် ရောဂါနဲ့ဝေးအောင် ပြေးရမှာပဲ။ သူ့ကိုနေရာချပေးပြီးရင်တော့ သူ့အမေကို ငါပေးခဲ့တဲ့ ကတိဟာ ကျေသွားပါပြီ။ အဲဒီအခါကျရင်တော့ ငါသွားချင်တဲ့ဆီကို သွားနိုင်ပြီ။ ငါလွတ်ပြီလို့လဲ စဉ်းစားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၈

## အကြည်၏ အချစ်ဒီဂရီ

မမကြည် အလုပ်ပြန်ဆင်းနိုင်တဲ့နေ့မှာ ကိုမြင့်ဆွေက 'အကြည်ရေ ဒီကနေ့ည အကြည်ရဲ့ နောင်ရေးအတွက် အရေးကြီးတဲ့ ကိစ္စတစ်ခုကို အစ်ကိုကြီး ပြောချင်တယ်'လို့ ပြောတယ်။ အကြည်က 'ဟုတ်ကဲ့'လို့ ပြန်ဖြေတယ်။ ဒီစကားကိုကြားတဲ့အခါ အစ်ကိုကြီးကို ငါကစပြီး ပြောရလိမ့်မယ်လို့ ငါအောက်မေ့ခဲ့တယ်။ ခုတော့ အစ်ကိုကြီးကပဲ စပြီး ပြောတော့မှာပဲလို့ တွေးမိပြီး ဝမ်းသာနေတယ်။ အဲဒါကြောင့် ညနေ တိုက်ပြန်ရောက်တဲ့အခါ အကြည်ဟာ ရေမိုးချိုး၊ ဖြီးလိမ်းပြီး နေ့ထူးအဖြစ်နဲ့ စိန်နားကပ်၊ စိန်ဘီး၊ စိန်ကြယ်သီး၊ စိန်လက်ကောက်တွေကိုပါ ထုတ်ဝတ်တယ်။ အကြည်ဟာ သူ့အခန်းထဲက ကိုယ်လုံးပေါ် မှန်ကြီးထဲမှာ သူ့ကိုယ်သူ ရှေ့တည့်တည့်ကြည့်လိုက်၊ ဘေးစောင်းကြည့်လိုက်၊ နောက်လှည့်ကြည့်လိုက်နဲ့ အမျိုးမျိုးကြည့်ပြီး အင်္ကျီကို ညီအောင် သုံးလေးခါ ဆွဲချတယ်။ လုံချည်ကိုလဲ သုံးလေးခါ ပြင်ဝတ်တယ်။ ပြီးတော့မှ သူ့မျက်နှာကို မှန်နားမှာ သေသေချာချာ ကပ်ကြည့်ပြီး လိုနေသေးတယ်လို့ သူထင်တဲ့ နေရာတွေမှာ တို့ပတ်ပဝါနဲ့ ပေါင်ဒါကိုယူပြီး လိုက်တို့ပေးနေတယ်။



ပြီးတော့ မျက်ခုံးမွေးပေါ်မှာ ပေါင်ဒါမှုန့်တွေ မရှိရအောင် သွားပွတ်တံကလေးနဲ့ ထပ်ပြီးဆွဲတယ်။ ဆံပင်ကိုလဲ ပိုပြီး သပ်သပ်ရပ်ရပ်ရှိအောင် သုံးလေးကြိမ် သွားပွတ်တံနဲ့ အပေါ်ကို ဆွဲတင်ပေးတယ်။ ပြီးတော့မှ အစ်ကိုကြီးနဲ့ တွေ့တဲ့အခါ သူလုပ်မယ့် မျက်နှာထားတွေကို စမ်းတဲ့အနေနဲ့ မှန်ထဲကို ပြုံးပြီးကြည့်နေတယ်။ နောက်ပြီးတော့မှ သူ့မျက်လုံးတွေနဲ့ အစ်ကိုကြီးရဲ့ မျက်လုံးတွေကို ညှို့နေသလို မှန်ထဲစိုက်ကြည့်ပြန်တယ်။ အားရတော့မှ အခန်းဝက ကိုယ်တစ်ခြမ်းထွက်ပြီး ဆင်ဝင်မှာထိုင်စောင့်နေတဲ့ ကိုမြင့်ဆွေကို 'အစ်ကိုကြီး ခဏ'လို့ ခေါ်လိုက်တယ်။ ပြီးတော့မှ အခန်းအလယ်လောက်မှာ ပြန်ရပ်နေတယ်။

ကိုမြင့်ဆွေဟာ ဒီကနေ့မှာ အကြည်ရဲ့ ထူးထူးခြားခြားဖြစ်နေတဲ့ ရုပ်ကိုမြင်ရပြီး ရင်ထဲမှာ လှပ်လှပ်လှပ်လှပ်နဲ့ ဖြစ်သွားတယ်။ ကိုမြင့်ဆွေလဲ အခန်းထဲမဝင်ဘဲ အဝကနေ 'ဘာလဲအကြည်'လို့ မေးလိုက်တယ်။ 'လာပါဦး၊ ဒီအထဲကို'လို့ ရာဂနဲ့ ရောနေတဲ့အသံနဲ့ ခပ်ဆောင့်ဆောင့်ကလေး ခေါ်လိုက်တယ်။ ကိုမြင့်ဆွေလဲ အခန်းထဲကို ဝင်သွားတယ်။ အကြည်လဲ ကိုမြင့်ဆွေအနား တစ်လှမ်းနှစ်လှမ်းလောက် လျှောက်သွားတယ်။ အနားရောက်တဲ့အခါ အစ်ကိုကြီးရဲ့လက်နှစ်ဖက်ကို တစ်ဖက်စီကိုင်ပြီး 'အစ်ကိုကြီး အကြည်ချောရဲ့လား'လို့ ကိုယ်လုံးပေါ် မှန်ကြီးထဲမှာ ကြည့်ထားတဲ့ အပြုံးကလေးနဲ့ အစ်ကိုကြီးကို ကြည့်ရင်း မေးတယ်။ ကိုမြင့်ဆွေရဲ့ ရင်တွေလဲ တဒုန်းဒုန်းနဲ့ ခုန်နေတယ်။ ကိုမြင့်ဆွေလဲ အကြည့်မျက်နှာကို မကြည့်ဘဲ ဘေးကို မျက်နှာ အသာလွှဲပြီး အကြည်က ချောရဲ့လားလို့ မေးတာကို 'အင်း'လို့ တိုတိုပဲ ဖြေလိုက်တယ်။

အစ်ကိုကြီး သူ့ကိုကြည့်အောင် အကြည်ဟာ တစ်ညနေလုံး အတော်ကြီး ဖြီးလိမ်းပြင်ဆင်ထားရတာ၊ အဲဒီတော့ အစ်ကိုကြီးဟာ ခုလို မျက်နှာကြီး ရှစ်ခေါက်ချိုးနဲ့ ဘေးကိုကြည့်ပြီး 'အင်း'လို့ အောင့်သက်သက်ကြီး ဖြေတာကို အကြည် မကြိုက်ဘူး။ ဒါကြောင့် 'အစ်ကိုကြီးကလဲ' ဆိုပြီး ကိုမြင့်ဆွေရဲ့လက်တွေကို လွှတ်ချပစ်လိုက်တယ်။ အဲဒီလို လွှတ်ချ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကိုမြင့်ဆွေနဲ့ ဖြန်းခနဲ ရင်းချင်းထိနေအောင် ကပ်လိုက်တယ်။ အဲဒီ ကပ်ထားတာနဲ့ တစ်ပြိုင်နက် အကြည်ရဲ့ အင်မတန်လျှင်မြန်တဲ့ လက်ဝါးတွေဟာ အစ်ကိုကြီးရဲ့ ပါးနှစ်ဖက်စလုံးကို အုပ်မိလျက်သား ဖြစ်ပြီး အစ်ကိုကြီးရဲ့ မျက်နှာကို သူ့မျက်နှာနဲ့ တည့်နေအောင် လှည့်လိုက်တယ်။ ကိုမြင့်ဆွေလဲ နောက်ကို နည်းနည်းဆုတ်ပေးလိုက်တယ်။ အကြည်ကလဲ ရပ်မနေဘူး။ ကပ်မြဲတိုင်း လိုက်ကပ်ထားလိုက်တယ်။

ဒီလိုလှုပ်ရှားမှုတွေဟာ သိပ်မြန်တယ်။ အလွန်ဆုံး ဆယ်စက္ကန့်လောက်ပဲ ကြာမယ်။ အကြည်က သူ့လက်ဝါးနဲ့ ကိုမြင့်ဆွေရဲ့ ပါးနှစ်ဖက်ကိုအုပ်၊ ကိုမြင့်ဆွေရဲ့ရင်နဲ့ ထိနေအောင်ကပ်၊ မှန်ထဲမှာ သူကြည့်ထားတဲ့ အကြည့်မျိုးနဲ့ ကိုမြင့်ဆွေကိုညှို့ပြီးတော့မှ နှစ်ကိုယ်ကြား ရာဂသံ ကလေးနဲ့ 'အစ်ကိုကြီး အကြည်ချောလား'လို့ ထပ်မေးတယ်။ အကြည်ရဲ့ မျက်နှာနဲ့ ကိုယ်က ပေါင်ဒါနံ့တွေ ရေမွှေးနံ့တွေဟာ ကိုမြင့်ဆွေရဲ့ နှာခေါင်းထဲကို လုံးပြီးဝင်သွားတယ်။ နောက်ပြီးတော့ အကြည်နဲ့ ရင်ချင်းကလဲ အပ်နေပြန်တယ်ဆိုတော့ ကိုမြင့်ဆွေရဲ့ တစ်ကိုယ်လုံးဟာ ဖျင်းဖျင်းဖျင်းဖျင်း ဖြစ်လာတယ်။ ကိုမြင့်ဆွေလဲ ဒီအခန်းထဲက ခပ်မြန်မြန်ထွက်ရအောင်ဆိုတဲ့သဘောနဲ့ မရယ်မပြုံးဘဲ 'ချောပါတယ်'လို့ ပြောလိုက်တယ်။ အဲဒီလိုပြောပြီးမှ 'လာကွယ် အကြည်ရယ်၊ ဆင်ဝင်ကို ထွက်ရအောင်၊ ဒီအခန်းထဲမှာနေရတာ မူးနောက်နောက်ဖြစ်နေတယ်'လို့ ပြောရင်း အခန်းထဲက ထွက်သွားတယ်။ အကြည်လဲ ကိုမြင့်ဆွေရဲ့ ဘယ်ဘက်လက်ကိုဆွဲပြီး ထွက်လိုက်သွားတယ်။

ဒီလိုအခြေအနေမျိုးမှာ တခြား သာမန် ယောကျ်ားတစ်ယောက်သာဆိုရင် အင်မတန် ခက်မှာပေါ့။ ကိုမြင့်ဆွေကတော့ မိန်းကလေးတွေကို ဖျက်ဆီးတာ အင်မတန် စက်ဆုပ်တဲ့ သူ့နဂိုစိတ်ကြောင့်ရော၊ သူ့အဖေ အမေ နှစ်ဦးစလုံးက မိန်းကလေးတွေကို မဖျက်ဆီးအောင် တရားနဲ့ရော ရိုးရိုးစကားနဲ့ရော သူငယ်ငယ်ကလေးကတည်းက တတွတ်တွတ်နဲ့ ဆုံးမလာခဲ့ တာကြောင့်ရော သူ့မေမေရဲ့ ဆုံးမဩဝါဒအရ ဆင်ခြင်ဖွယ်တရားကြီးငါးပါးကို နေ့စဉ်နဲ့အမျှ တစ်သက်လုံး ပွားများလာခဲ့တာကြောင့်ရော



ဘာကိုပဲလုပ်လုပ် အခုလက်ငင်း ခံစားရမှာ တစ်ခုတည်းကိုသာ မကြည့်ဘဲ အခုဘဝမှာရော နောင်ဘဝတွေမှာရော ဖြစ်ပေါ်မယ့် အကျိုးအပြစ်တွေကိုပါ တွက်ကြည့်ရမယ်လို့ သူ့မိဘတွေက သူငယ်ငယ်ကတည်းက သင်လာတဲ့ အတိုင်း သူဟာ အမြဲ ဆင်ခြင်လေ့ရှိတဲ့ သူ့အလေ့အထကြောင့်ရော ကိုမြင့်ဆွေမှာ အခြားသာမန် ယောကျ်ားတွေထက် အတွေ့ကို ရှောင်နိုင်တဲ့ သတ္တိတွေ အများကြီးရှိပါတယ်။ အဲဒီအထဲမှာ ဉာဏ်စဉ်နာရတဲ့အထိ တရားအားထုတ်ပြီးပြီဆိုပြန်တော့ အတွေ့ရှောင်နိုင်တဲ့ ကိုမြင့်ဆွေရဲ့သတ္တိဟာ အင်မတန်ကြီး တောင့်တင်းခိုင်ခံ့နေတာပေါ့။ တရားတော်ဟာ အင်မတန်ကြီး ဆန်းကြယ်ပါပေတယ်။ အင်မတန်ကြီး အံ့ဩစရာကောင်းပါတယ်။ နောင်တမလွန်ဘဝမှာမှ မဟုတ်ဘဲ အခုဘဝမှာကို ဆန်းဆန်းကြယ်ကြယ် တအံ့တဩ ထင်ထင်ရှားရှားကြီး မြင်အောင်ပြနိုင်ပါပေတယ်။

သောတာပန်တစ်ဦးမှာ ကိလေသာတွေ လုံးဝမကုန်သေးတဲ့အတွက် မိန်းမတစ်ဦးကို မြင်ရ ထိရ တွေ့ရတဲ့အခါ ကာမရာဂစိတ်တော့ ဖြစ်တာပဲ။ ဒါပေမယ့် ဒီမိန်းမဟာ သူ့ကာမပိုင် မိန်းမ မဟုတ်ရင် ဒီမိန်းမဟာ ကပ်ရုံ ထိရုံသာမကဘူး၊ သူ့အပေါ်မှာ တက်ပြီး မှောက်နေသည့်တိုင်အောင် ဒီသောတာပန်ဟာ ဒီမိန်းမကို ကာယကံမြောက် ဘယ်နည်းနဲ့မှ မကျူးလွန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီသောတာပန်တွေမှာဖြစ်တဲ့ ကာမ ရာဂစိတ်ဟာ ပုထုဇဉ်မှာဖြစ်ပေါ်တဲ့ ကာမရာဂစိတ်လောက် မပြင်းထန်ဘူး။ တစ်နည်းနဲ့ ပြောဦးမယ်ဆိုရင် သောတာပန်မှာ ဖြစ်ပေါ်တဲ့ ကာမရာဂစိတ်ဟာ ဒီသောတာပန်ကို ကာမေသုမိစ္ဆာစာရကံ ကျူးလွန်လောက်အောင် ဆွပေးနိုင်တဲ့ အထိ မပြင်းထန်တော့ဘူး။

သကဒါဂါမ်မှာလဲ ကိလေသာတွေ မကုန်ခန်းသေးတဲ့အတွက် မိန်းမတစ်ဦးကို မြင်ရ ထိရ တွေ့ရတဲ့အခါ ကာမရာဂစိတ်တွေ ဖြစ်တာပဲ။ ဒါမေယ့် သကဒါဂါမ်တစ်ဦးမှာ ဖြစ်ပေါ်တဲ့ ကာမရာဂစိတ်ဟာ သောတာပန် တစ်ဦးမှာဖြစ်ပေါ်တဲ့ ကာမရာဂစိတ်လောက် မပြင်းထန်တော့ဘူး။ ထပ်ပြီး လျော့သွားပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အနာဂါမ်ကျတော့ ကာမရာဂစိတ်ဆိုတာ အလျဉ်းကို မရှိတော့ဘူး။ လူမိန်းမတွေကိုတော့ ထားလိုက်ဦး။ နတ်တွေထဲမှာ အချောတကာ့ အချောဆုံးဆိုတဲ့ နတ်သမီးလို အချောအလှမျိုးတွေကတောင် အနာဂါမ်မှာ ကာမရာဂစိတ်ပေါ်အောင် လုပ်ဖို့ မတတ်နိုင်တော့ဘူး။ အဲဒီလောက်အထိ တရားတော်ဟာ ထူးဆန်းပါတယ်။ အံ့သြဖွယ်ကောင်းပါတယ်။ လက်တွေ့ ထင်ထင် ရှားရှားဖြစ်နိုင်အောင် ပြနိုင်ပါတယ်။ အဲဒါကြောင့် ကိုမြင့်ဆွေဟာ အကြည်ရဲ့မျက်နှာနဲ့ ကိုယ်က အမွှေးအကြိုင်တွေကို ရှူရတဲ့အခါ၊ အကြည်နဲ့ ရင်ချင်းအပ်နေရတဲ့အခါ တစ်ကိုယ်လုံးတော့ ဖျင်းဖျင်းဖျင်းဖျင်း ဖြစ်နေတယ်။ ဒါပေမယ့် ကာယကံမြောက် ကျူးလွန်တဲ့အထိတော့ ရောက်မသွားခဲ့ဘူး။

ဆင်ဝင်ကို ရောက်တဲ့အခါ ကိုမြင့်ဆွေဟာ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ပြီး အကြည် ကော်ဖီဖျော်နေတာကို စောင့်ရင့် သူ့အမေကမင်းကိုပေးတုန်းက မွေးဖို့ပေးခဲ့တာ၊ သတ်စားဖို့ပေးခဲ့တာ မဟုတ်ဘူး။ ကိုယ်မွေးထားတဲ့ကြက် ကိုယ်ပြန်သတ်စားတာထက် ယုတ်မာတာ လောကမှာ ရှိနိုင်သေးသလား။ လူယုတ်မာဖြစ်ဖို့ဆိုတာ လွယ်တယ်။ လူကောင်းဖြစ်ဖို့ဆိုတာ ခက်တယ်။ ငါများ လူယုတ်မာဖြစ်သွားရင် မေမေဟာ ရောက်လေရာဘဝမှာ မျက်ရည်ကျရရှာမှာပဲ။ သေခါနီး သူငယ်ချင်းကို ပေးခဲ့တဲ့ ကတိကိုတောင် ဖျက်ရဲတဲ့လူကို ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာက ယုံဦးမှာလဲဆိုတာတွေကို လျှောက်စဉ်းစားရင်း ကိုမြင့်ဆွေရဲ့ စိတ်တွေဟာ သိပ်ပြီး လွင့်နေတယ်။

အကြည်ဟာ ကော်ဖီဖျော်ပြီး ကိုမြင့်ဆွေဆီကို ယူလာတယ်။ ကော်ဖီသောက်ပြီးကြတဲ့အခါ ကိုမြင့်ဆွေထိုင်နေတဲ့ ပက်လက်ကုလားထိုင်ဘေးမှာ ကုလားထိုင်တစ်လုံးပေါ်က ဖုံတစ်ခုကိုချပြီး အဲဒီအပေါ်မှာ အကြည် ထိုင်တယ်။ အကြည်ဟာ ပက်လက်ကုလားထိုင်ရဲ့ ညာလက်တန်းပေါ်မှာ လက်ပိုက်သလို လုပ်ထားတဲ့ လက်နှစ်ဖက်နဲ့ မေးစေ့ကိုတင်ထားပြီး သူ့မျက်လုံးကလေးနဲ့ အပေါ်ကိုလှမ်းကြည့်ရင်း 'ကဲ အစ်ကိုကြီး ပြောစရာ



ရှိတာ ပြောလေ'လို့ စလိုက်တယ်။ ကိုမြင့်ဆွေလဲ နိဒါန်းတွေ မလုပ်တော့ပါဘူး။ 'အကြည်ကို ယောကျ်ားပေးစားဖို့ အစ်ကိုကြီး စိတ်ကူးနေတယ်၊ အစ်ကိုကြီးမှာ မောင်ချစ်တင်ဆိုတဲ့ သူငယ်ကလေးတစ်ယောက် ရှိတယ်၊ အကြည်နဲ့ သိပ်ပြီး ရှေ့သွားနောက်လိုက်ညီမယ်'ဆိုတာလောက်ပဲ စရသေးတယ်။ အကြည်က 'တော်တော် အစ်ကိုကြီး ရှေ့မဆက်နဲ့တော့၊ ဒါတွေကို အကြည်မကြားချင်ဘူး'လို့ နှုတ်ခမ်းကလေးစူပြီး ပြောလိုက်တယ်။ 'မောင်ချစ်တင်ဟာ လူချောကလေးပါပဲ'လို့ ကိုမြင့်ဆွေက ဆက်ပြန်တယ်။ 'ငါးရှဥ့်က အစ်ကိုကြီးခေါ်ရတဲ့လူဖြစ်ပေစေ အကြည် မကြားချင်ဘူး'လို့ အကြည်က ပြန်ပြောတယ်။ 'သဘောလဲ ကောင်းပါတယ်ကွယ်' လို့ ကိုမြင့်ဆွေက ဆက်တဲ့အခါ 'ပါးစပ်ထဲ လက်ညှိုးထိုးလို့တောင် ပြန်မကိုက်တတ်တဲ့လူဖြစ်ပေစေ အကြည် မကြားချင်ဘူး'လို့ ထပ်ပြောတယ်။

အဲဒီလိုပြောပြီးတော့မှ အစ်ကိုကြီးရယ် လေကုန်ခံပြီး တခြားဟာတွေ လျှောက်ပြောမနေပါနဲ့၊ အခုလောက်ရှိမှဖြင့် အကြည်ဟာ အစ်ကိုကြီးအပေါ်မှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ အစ်ကိုကြီးသိဖို့ ကောင်းပါပြီ၊ အကြည်ဟာ အစ်ကိုကြီးကိုပဲ ချစ်တယ်၊ အစ်ကိုကြီးကလွဲရင် မောင်ချစ်တင်သော ဘယ်သူသော ပြောမနေပါနဲ့တော့၊ အကြည် ဘယ်သူ့မှ မချစ်ဘူး'လို့ ပြောတယ်။ ကိုမြင့်ဆွေက လက်နဲ့တားပြီး 'အကြည် တော်တော် ဒီစကားမျိုးတွေ အစ်ကိုကြီးကို မပြောကောင်းဘူး၊ အကြည်ရဲ့ မေမေဟာ ဆုံးခါနီးမှာ အကြည့်ကို စောင့်ရှောက်ကြည့်ရှုဖို့ အစ်ကိုကြီးကို အပ်ပစ်ခဲ့တယ်၊ အကြည့်မှာ အဖေရော အမေရော မရှိဘူး၊ အစ်ကိုကြီးဟာ အကြည်ရဲ့ အဖေပဲ၊ အဲဒီတော့ အစ်ကိုကြီးကို ဒီလိုစကားမျိုး မပြောကောင်းဘူး'လို့ ပြောတယ်။

'အကြည့်ကို မေမေက အစ်ကိုကြီးအပ်ပစ်ခဲ့တာ သမီးအဖြစ်နဲ့ မွေးဖို့ အပ်ပစ်ခဲ့တာမှ မဟုတ်ဘဲ၊ ဥပမာ အကြည်က လေးဖက်သွားနေတဲ့ ကလေးကလေး၊ မေမေက အစ်ကိုကြီးကိုအပ်လို့ အစ်ကိုကြီးကနို့ဘူးတိုက်ပြီး မွေးလာရတယ်ဆိုရင် ဒီစကားမျိုး အကြည်ဟာ မပြောကောင်း

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ခုတော့ မေမေက အစ်ကိုကြီးကိုအပ်တဲ့အခါမှာ အကြည်ဟာ ဆယ့်ရှစ်နှစ်တောင် ရှိနေပြီ၊ တချို့များ ဒီအရွယ်တွေမှာ လင်ယူသားမွေးလို့ ဘုစုတွေနဲ့တောင် ဖြစ်နေပြီ၊ မေမေက အစ်ကိုကြီးကို အပ်တယ်ဆိုတာက သူများတွေက အကြည်ကို မနှိပ်စက်အောင် မစော်ကားအောင် အကြည်ဟာ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိအောင် ကူညီဖို့ အပ်ပေးခဲ့တာပဲ၊ ဒီတော့ ဒီစကားမျိုးကို ဘာဖြစ်လို့ မပြောကောင်းရမှာလဲ၊ ဒီစကားဟာ အကြည် စိတ်ချမ်းသာ ကိုယ်ချမ်းသာအောင် ကူညီပါလို့ အစ်ကိုကြီးဆီမှာ အကြည်က အကူအညီတောင်းတဲ့စကားပဲ၊ မေမေ့ကို အစ်ကိုကြီး ကတိပေးလိုက်ပြီးပြီ၊ အစ်ကိုကြီးဟာ ကတိတည်တဲ့ ယောကျ်ားကောင်းတစ်ယောက် အနေနဲ့ အကြည်တောင်းတဲ့ အကူအညီကို ပေးရုံပဲ ရှိတော့တယ်’လို့ အကြည်က ပြောပြတယ်။

‘အစ်ကိုကြီးအကြောင်း အစ်ကိုကြီးပြောပြမယ်၊ အကြည် နားထောင်နော်၊ အစ်ကိုကြီးဟာ ဘုန်းကြီးလုပ်ဖို့အတွက် အစိုးရ အလုပ်ကတောင် ထွက်လာခဲ့တယ်၊ ဒီမှာ အလုပ် ဝင်လုပ်တယ်ဆိုတာ အလုပ် လုပ်ချင်လို့ မဟုတ်ဘူး၊ ဖေဖေက ဘုန်းကြီးသိပ်လုပ်ချင်နေတာနဲ့ ဖေဖေ့ကို ကူတဲ့အနေနဲ့ တစ်နှစ်ဝင်လုပ်ပေးတာ၊ အကြည်တို့ ဖေဖေကလဲ တစ်နှစ် လုပ်ပေးရင် တော်ပါပြီ၊ ဒီအတွင်း မန်နေဂျာတစ်ယောက်ရအောင် သူရှာမယ်လို့ အစ်ကိုကြီးကိုပြောထားတယ်၊ ဒီတော့ အစ်ကိုကြီးဟာ အိမ်ထောင်ပြုလို့ မဖြစ်နိုင်ပါဘူးကွယ်’လို့ ပြောတယ်။

ဒီလိုပြောနေတုန်း ကိုမြင့်ဆွေရဲ့ ဖေဖေနဲ့ မေမေအကြောင်းကို မေမေ မဆုံးခင်က ပြောပြဖူးတာ အကြည် သတိရတယ်။ အဲဒါကြောင့် ကိုမြင့်ဆွေကို ဒီလိုပြန်ပြောတယ်။ ‘အစ်ကိုကြီးမေမေလဲ အစက သီလရှင်ဝတ်ဖို့ဟာ အစ်ကိုကြီးဖေဖေကို သနားပြီး ယူလိုက်ရတာတဲ့၊ ယူပြီးတော့ အစ်ကိုကြီးဖေဖေကို တဖြည်းဖြည်း ပြုပြင်ပေးသွားတာ အစ်ကိုကြီးဖေဖေဟာ အကျွတ်တရားရပြီး နောက်ဆုံးကျတော့ ဘုန်းကြီးတောင် ဖြစ်သွားသေးတာပဲ၊ အစ်ကိုကြီးလဲ အကြည့်ကို မချစ်တောင် ဒီကောင်မကလေးဟာ



တစ်ကောင်ကြွက်ကလေးပဲ ငါပစ်ထားရင် ဒုက္ခရောက်တော့မှာပဲလို့ သနားပြီး ယူပေါ့၊ ယူပြီးတော့ အစ်ကိုကြီး မေမေက အစ်ကိုကြီးဖေဖေကို ပြုပြင်သလို ပြုပြင်ပေါ့၊ အကြည်လဲ အကျွတ်တရားရတဲ့အခါ အစ်ကိုကြီးက ဘုန်းကြီးလုပ်၊ အကြည်က သီလရှင်လုပ်မယ်’လို့ ပြန်ပြောတယ်။

‘အကြည်နဲ့ ရွယ်တူအချင်းချင်းတွေထဲမှာ အကြည်လို မိန်းကလေး တစ်ယောက်ဟာ ခေါင်းခေါက်ပြီး ရွေးယူနိုင်ပါတယ်၊ အစ်ကိုကြီး ရှာပေးပါ့မယ်’လို့ ကိုမြင့်ဆွေက ပြောတယ်။ အကြည်က ခေါင်းခါပြတယ်။ ပြီးတော့မှ ‘အစ်ကိုကြီး အကြည်ဟာ အစ်ကိုကြီးကို မတွေ့ရခင်တုန်းက ယောကျ်ားတွေကို ဘယ်လောက်မုန်းတယ်ဆိုတာ အကြည်ပြောပြမယ် ခဏနေဦးနော်’လို့ ပြောပြီး သူ့အခန်းထဲက ကြိုးခွေကို သွားယူတယ်။ ကိုမြင့်ဆွေကို ကြိုးခွေပြပြီး ‘ဒါဘာလုပ်ဖို့လဲ အစ်ကိုကြီး သိသလား’လို့ မေးတယ်။ ကိုမြင့်ဆွေက ‘မသိဘူး’လို့ ပြောတယ်။ ‘ဖေဖေက အကြည့်ကို ယောကျ်ားအတင်းပေးစားမယ်ဆိုရင် ဆွဲကြိုးချပြီး သေဖို့ ဝယ်ထားတဲ့ကြိုးခွေ’လို့ အကြည်က ပြောတယ်။ ကိုမြင့်ဆွေလဲ အကြည့်ကို မျက်လုံးပြူးပြီး ကြည့်နေတယ်။ ‘ဒီလောက်အထိ အကြည်ဟာ ယောကျ်ားတွေကို မုန်းခဲ့တယ်၊ ဒါပေမယ့် ပဋ္ဌာန်းခံမှာ အစ်ကိုကြီးကို တွေ့တွေ့ချင်းပဲ အကြည်ဟာ ဘယ်လိုဖြစ်သွားတယ် မသိဘူး၊ အစ်ကိုကြီး ငယ်ငယ်တုန်းက ဘုန်းကြီးပျံတွေ၊ ဘုရားပွဲတွေမှာ ပုခက်တွေလိုပဲ အပေါ်နဲ့အောက်နဲ့ လည်တဲ့ ရဟတ်တွေကို စီးဖူးတယ်မဟုတ်လား၊ အစ်ကိုကြီးကို ပဋ္ဌာန်းခံမှာတွေ့ပြီး အကြည်ဟာ လေးငါးရက် ဆက်ပြီး အစ်ကိုကြီး မျက်နှာကိုချည်းပဲ မြင်နေတယ်၊ အဲဒီလိုမြင်တိုင်း အဲဒီရဟတ်ကြီးတွေကို စီးရသလို ဖြစ်နေတယ်၊ အဲဒီတော့ အစ်ကိုကြီးရယ် အချိန်ကုန်ခံပြီး တခြားဟာတွေကို စိတ်ကူးမနေပါနဲ့တော့၊ အကြည်ရဲ့ စိတ်ကူးကို အစ်ကိုကြီး ပြောပြမယ်နော်၊ အခု မေမေဆုံးတာ နှစ်လကျော်ကျော်ပဲ ရှိသေးတယ်ဆိုတော့ ခုချက်ချင်း လက်ထပ်လို့မကောင်းသေးဘူး၊ အခု နယုန်လထဲမှာ၊ သီတင်းကျွတ်ဆိုရင်တော့ အတော်ပဲ၊ အဲဒီမှာ လက်ထပ်မယ်’လို့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ဆွေလဲ အကြည့်လက်ထဲက ကြိုးခွေကိုကြည့်ပြီး 'အကြည် ဒီကြိုးခွေပေး၊ ကိုင်မနေနဲ့၊ အစ်ကိုကြီး လွှတ်ပစ်လိုက်မယ်၊ အရင်ဘဝက အဆက်ပါလာရင် ဒီကြိုးမျိုးနဲ့ လည်ပင်းထိတာနဲ့ပဲ သေနိုင်တယ်'လို့ ကိုမြင့်ဆွေက ပြောပြီး 'ပေး ပေး'လို့ ကြိုးခွေကို တောင်းတယ်။ အကြည်က ခေါင်းခါပြပြီး 'မပေးသေးဘူး အစ်ကိုကြီး၊ အစ်ကိုကြီးက အကြည်ကို မသနားဘဲ ပစ်ထွက်သွားမယ်ဆိုရင် အကြည့်ကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတွေက ကယ်နိုင်တာ ဒီကြိုးတစ်ချောင်းပဲရှိတယ်၊ အဲဒီတော့ ဒီကြိုးကို သိမ်းထားရဦးမယ်၊ မပေးနိုင်သေးဘူး'ဆိုပြီး ကိုင်မြဲ ကိုင်ထားတယ်။ 'မိန်းကလေးတွေဟာ တဆိတ်ရှိ ဆွဲကြိုးချသေ၊ တဆိတ်ရှိ ဆွဲကြိုးချသေ၊ အစ်ကိုကြီးတော့ ဒီဟာကို နည်းနည်းမှ မကြိုက်ဘူးကွယ်၊ လူရယ်လို့ ဖြစ်လာတာ အချစ်တစ်ခုတည်းအတွက်မှ မဟုတ်ဘဲ၊ တခြား လုပ်စရာတွေ အများကြီးရှိတယ်၊ လူ့ဘဝဆိုတာ မအိုရ မနာရ မသေရတဲ့ နိဗ္ဗာန်ကို ရအောင်လုပ်ဖို့ အကောင်းဆုံးနေရာပဲ၊ အဲဒီလို အကောင်းဆုံး အခွင့်အလမ်းကြီး ရနေရဲ့သားနဲ့ ဒီအခွင့်အလမ်းကြီးကိုတော့ မယူဘဲ အချစ်အတွက် စိတ်တိုင်းကျမဖြစ်တာကလေးနဲ့ ဆွဲကြိုးချသေရင် ဒီမိန်းကလေးထက် မိုက်တဲ့ဟာ ဘယ်မှာ ရှိဦးမလဲ၊ အမွှေးအကြိုင်တွေနဲ့ ပက်ဖျန်းထားတဲ့ ရေစည်ပိုင်းထဲ ဆင်းချင် ဆင်းနိုင်လျက်သားနဲ့ စိတ်ကောက်ပြီး ပွက်ပွက်ဆူနေတဲ့ သံရည်အိုးထဲ ခုန်ဆင်းတာလို ဖြစ်နေတာပေါ့၊ နိဗ္ဗာန်ကို သွားနိုင်တဲ့ အခွင့်အရေးကြီး ရနေလျက်သားနဲ့ ငရဲကို ခုန်ဆင်းတယ် ဆိုတာ မိုက်တာတွေထဲမှာ ဖောက်အနက်ဆုံးပဲ၊ ပေးပါကွယ်၊ အကြည်က လိမ္မာပါတယ်၊ ဒီကြိုးကြီးကို တကိုင်ကိုင်နဲ့ လုပ်မနေပါနဲ့'လို့ တောင်းတယ်။ အကြည်က ခေါင်းခါပြပြီး 'အကြည် စိတ်တိုင်းကျဖြစ်ပြီးမှ ဒီကြိုးကို လွှင့်ပစ်မယ်၊ အခုတော့ ဘယ်သူ့ကိုမှ မပေးသေးဘူး'လို့ ပြန်ပြောတယ်။

ကိုမြင့်ဆွေလဲ သိပ်စိတ်ရှုပ်သွားတယ်။ သူထွက်မပြေးနိုင်အောင် အစတုန်းကတော့ မခင်လှကို ပေးခဲ့မိတဲ့ ကတိဆိုတဲ့ သံခြေချင်းကြီး တစ်ခုပဲသူ့မှာရှိတယ်။ အခုတော့ သူထွက်သွားရင် အကြည်တော့ ဆွဲကြိုးချပြီး သေတော့မှာပဲဆိုတဲ့ စိုးရိမ်မှုဟာ သံခြေချင်းကြီးအဖြစ်နဲ့ သူ့ကို ခတ်ထားလိုက်ပြန်ပြီဆိုတာ ကိုမြင့်ဆွေ စဉ်းစားမိတယ်။ ကိုမြင့်ဆွေလဲ သက်မကြီးချပြီး ပက်လက်ကုလားထိုင်ပေါ်မှာ လှဲနေရင်း သူ့လက်နှစ်ဖက်နဲ့ သူ့ခေါင်းကို အုပ်ထားတယ်။ 'အစ်ကိုကြီး ဘယ့်နှယ်လဲ၊ ခုနက အကြည် ပြောတာကို ဘယ်လိုသဘောရသလဲ၊ သိတင်းကျွတ်မှာ လက်ထပ်ဖို့ဟာလေ'လို့ မေးတယ်။ 'စဉ်းစားပါရစေဦး အကြည်ရယ်၊ လောကမှာ စဉ်းစားစရာဟာ အချစ်တစ်ခုတည်းရှိတာ မဟုတ်ပါဘူး၊ အချစ်အပြင် စဉ်းစားစရာတွေ အများကြီးရှိနေသေးတယ်၊ အဲဒီတော့ အကြည်ရေ ချစ်တာတစ်ခုတည်းနဲ့ တောင်လုပ် မြောက်လုပ် အရမ်းတွေကို လျှောက်လုပ်လို့ မဖြစ်ဘူးကွယ်'လို့ ပြောပြီး သက်မကြီးချလိုက်တယ်။



အကြည်ဟာ သူ့လက်နှစ်ဖက်ကို ပက်လက်ကုလားထိုင်လက်တန်းပေါ်မှာ တင်ထားမြဲ တင်ထားပြီး သူ့ရှေ့တည့်တည့်ကိုကြည့်ရင်း 'အကြည့်မှာတော့ တခြားမှာ ချစ်သူလဲ မရှိဘူး၊ မှီခိုရာလဲ မရှိဘူး၊ အားထားရာလဲ မရှိဘူး၊ ဆွေမျိုးလဲ မရှိဘူး၊ မိတ်ဆွေလဲ မရှိဘူး၊ သူငယ်ချင်းလဲ မရှိဘူး၊ အစ်ကိုကြီးဟာ အကြည့် ချစ်သူပဲ၊ အကြည့် မှီခိုရာပဲ၊ အကြည့် အားထားရာပဲ၊ အကြည့် ဆွေမျိုးပဲ၊ အကြည့် မိတ်ဆွေပဲ၊ အကြည့် သူငယ်ချင်းပဲ၊ အကြည်ကတော့ အစ်ကိုကြီးနဲ့ သေမှပဲ ခွဲမှာပဲ၊ အဲဒီလောက် ဖြစ်နေတာတောင် အစ်ကိုကြီးက အကြည့်ကို မသနားဘဲ ပစ်ပြီးထွက်သွားမယ် ဆိုရင်တော့ အကြည် သေမှာပဲ'လို့ ခပ်ဖြည်းဖြည်း ပြောနေတယ်။ ကိုမြင့်ဆွေလဲ သက်ပြင်းသာ ခဏခဏချနေတယ်။ ဘာမှ မပြောဘူး။ ဆယ့်ငါးမိနစ်လောက် ကြာတဲ့အခါ 'အကြည်ရေ အစ်ကိုကြီး အိမ်ပြန်တော့ မယ်ကွယ်'လို့ နှုတ်ဆက်တယ်။ 'အစ်ကိုကြီး အကြည်ပြောတာ ဘယ့်နှယ်လဲ'လို့ အကြည်က ထပ်မေးတယ်။ 'စဉ်းစားပါရစေဦးကွယ်'လို့ ကိုမြင့်ဆွေက ဖြေတယ်။ 'ဘယ်နှစ်ရက်လောက် စဉ်းစားမလဲ'လို့ အကြည်က ထပ်မေးတယ်။ 'ရက်တော့ မကန့်သတ်ပါရစေနဲ့ကွယ်'လို့ ကိုမြင့်ဆွေက ဖြေတယ်။ 'ရက်မကန့်သတ်ရင် အစ်ကိုကြီးက တစ်သက်လုံး စဉ်းစားနေမှာလား'လို့

www.burmeseclassic.com

www.burmeseclassic.com



အကြည်က ပြောတယ်။ 'စဉ်းစားဖို့ တစ်လလောက်ပေးပါ'လို့ ကိုမြင့်ဆွေက ပြောတယ်။ အကြည်က 'တစ်လဟာ များလွန်းတယ်'လို့ ပြောတယ်။ 'တနင်္ဂနွေနှစ်ပတ်'လို့ ကိုမြင့်ဆွေက ပြောတယ်။ 'ဒါလဲ များလွန်းတယ်'လို့ အကြည်က ပြောတယ်။ နောက်ဆုံးမှာ တနင်္ဂနွေတစ်ပတ်နဲ့ ဈေးတည့်သွားကြတယ်။ အဲဒီအခါ ကိုမြင့်ဆွေက 'အကြည်လဲ သေသေချာချာ စဉ်းစားနိုင်အောင် အစ်ကိုကြီးလဲ သေသေချာချာ စဉ်းစားနိုင်အောင် အဲဒီ ခုနစ်ရက်အတွင်း အစ်ကိုကြီး အလုပ်လဲ မဆင်းဘူး၊ ဒီကိုလဲ မလာဘူး'လို့ ပြောတယ်။ 'အလုပ်မဆင်းချင်နေ၊ ဒီကိုတော့ လာရမယ်'လို့ အကြည်က ပြောတယ်။ အပြန်အလှန်ဆွေးနွေးကြရင်း အစ်ကိုကြီးပြောတာကို အကြည် သဘောတူလိုက်တယ်။

အစ်ကိုကြီးဟာ ခုနစ်ရက် အလုပ်မဆင်းတဲ့အတွက် ရုံးမှာ သူနဲ့ အစ်ကိုကြီးတို့ စားနေကျ နေ့လယ်စာတွေကို အကြည်ဟာ ကိုမြင့်ဆွေဆီကို နေ့တိုင်းပို့ပေးနေတယ်။ ဒီနေ့လယ်စာနဲ့ အတူတူ

အချစ်ဆုံး အစ်ကိုကြီး

ကျန်းမာ ချမ်းသာ ရွှင်လန်းပါစေ။

အစဉ်သတိရလျက်

ကြည်

ဆိုတဲ့ စာကလေးတစ်စောင်လဲ အမြဲပါလာတယ်။ ခုနစ်ရက်စေ့တဲ့အခါ ကိုမြင့်ဆွေဟာ အဖြေ မရသေးဘူး။ အဲဒါကြောင့် နောက်ထပ် ခုနစ်ရက်ခွင့်ပေးဖို့ အကြည့်ဆီကို စာရေးတယ်။ အကြည့်ဆီက ခုနစ်ရက်ဟာ များလွန်းတယ်။ သုံးရက်တော်ပြီလို့ စာပြန်လာတယ်။

သုံးရက်ကုန်သွားတဲ့အခါလဲ ကိုမြင့်ဆွေဟာ အဖြေမရသေးဘူး။ အဲဒါနဲ့ နောက်ထပ် လေးရက် ခွင့်ပေးပါဦးလို့ စာထပ်ရေးရပြန်တယ်။ ဒီလေးရက်ကုန်ရင် အစ်ကိုကြီးအဖြေဆက်ဆက်ရလိမ့်မယ်လို့ မျှော်လင့်ယုံကြည်ပါတယ်ဆိုတဲ့ စာတစ်စောင် အကြည့်ဆီက ပြန်လာတယ်။



လေးရက်ကုန်တဲ့အခါလဲ ကိုမြင့်ဆွေမှာ အဖြေမရသေးဘူး။ သူ့မှာ အတွေးရခက်နေတဲ့အချက် နှစ်ချက်ရှိတယ်။ ပထမအချက်က သူ့ကို ယုံပြီး သူ့သူငယ်ချင်း မခင်လှက သမီးကို အပ်ပစ်ခဲ့တယ်။ အဲဒီသမီးကို သူကယူလိုက်ရင် သူ ယုတ်မာရာရောက်လိမ့်မယ်။ ကလေးမကလေးက တိုက်ပေတဲ့ သူမမိုက်ရဘူး။ အကြည်က မိုက်ပြီး သွေးဆောင် ဖြားယောင်းပေတဲ့ သူ့မှာ ငြင်းနိုင်လောက်အောင် သန္တာတဲ့စိတ် ရှိရမယ်။ ငြင်းနိုင်လောက်အောင် သီလရှိရမယ်။ ငြင်းနိုင်လောက်အောင် ဟိရိဩတ္တပ္ပဆိုတဲ့ အရှက်နဲ့ အကြောက်ရှိရမယ်ဆိုတဲ့ အချက်ပဲဖြစ်တယ်။

ဒုတိယအချက်ကတော့ ဘုန်းကြီးလုပ်ဖို့ သူ့မေမေကို သူကတိပေးလိုက်ပြီးပြီ။ အိမ်ထောင်ပြုလိုက်ရင်တော့ ဒီကတိကို ဖျက်ရတော့မှာပဲဆိုတဲ့ အချက်ပဲဖြစ်တယ်။ တခြားအချက်တွေကို ဖြေလို့ရတယ်။ ဒီနှစ်ချက်ကျရင် ဖြေလို့ မရတော့ဘူး။ လည်တွက်သွားတယ်။ တစ်ခါတစ်ခါ ခေါင်းဆိုကြီး ဖြစ်နေတယ်။ တစ်ခါတစ်ခါ ဒီနှစ်ချက်တည်းကိုပဲ စဉ်းစားနေတာ သန်းခေါင်ကျော် လင်းအားကြီးအထိ ရောက်သွားတယ်။

အဲဒါကြောင့် နောက်လေးရက် ကုန်သွားတဲ့အခါမှာလဲ အကြည့်ဆီကို စာတစ်စောင် ထပ်ရေးရတယ်။ ဒီစာထဲမှာတော့ တနင်္ဂနွေနှစ်ပတ် အချိန်တောင်းတယ်။ ဒီကိစ္စဟာ သူ့အတွက် သိပ်အရေးကြီးနေတယ်။ အချိန်ကောင်းကောင်းပေးပါလို့ အကြောင်းပြတယ်။ အကြည့်ဆီက စာပြန်မလာဘူး။ အကြည် စိတ်များကောက်သွားပြီလားလို့ တွေးမိပြီး ကိုမြင့်ဆွေ စိတ်မကောင်းဘူး။ နောက်ပြီးတော့ ကြိုးခွေကြီး မျက်စိထဲပေါ်လာပြီး ကိုယ်ိုးကားယားတွေများ လုပ်လိုက်မလား။ ဒီဟာကလေးဟာ ပေါ်မိုက်မိုက်ကလေးလို့ တွေးရင်း စိတ်ထဲမှာ တထိတ်ထိတ်ဖြစ်တာနဲ့ သူ့ဒေါ်လေးကို အကျိုးအကြောင်းပြောပြီး အကြည့်ဆီကို လွှတ်လိုက်တယ်။ ချော့ပြီးတောင်းလို့ရရင်လဲ အကြည့်ဆီက ကြိုးခွေကို တောင်းပြီး ဒေါ်လေးလို့လဲ မှာလိုက်တယ်။ ဒေါ်လေးဟာ အကြည့်ကို ရှင်ရှင်းပြီးဝဲ တွေ့ခဲ့ရတယ်။ ဒေါ်လေးတောင်းတဲ့အတွက် ကြိုးခွေလဲ ရှိလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုးခွေကိုကြည့်ပြီး ကိုမြင့်ဆွေဟာ အများကြီး စိတ်သက်သာရာရသွားတယ်။ ပြီးတော့ နောက်ဖေးကိုဝင်ပြီး သူကိုယ်တိုင် ကြိုးခွေကို ဓားနဲ့ နုတ်နုတ်စင်းပစ်လိုက်တယ်။

ညဘက်မှာ ခါတိုင်းလိုလဲ ဖြေလို့မရသေးတဲ့ ပြဿနာကို အပြန်အလှန် စဉ်းစားရင်း ဆယ့်တစ်နာရီထိုးသံ ကြားတယ်။ တအောင့်လောက်ကြာတဲ့အခါ အိမ်ရှေ့က တံခါးကိုပုတ်ပြီး နှိုးသံကြားရတယ်။ တံခါးဖွင့်ပေးတဲ့အခါ အကြည်နဲ့ အေးညိမ်းတို့ လင်မယား ဖြစ်နေတယ်။ အေးညိမ်းရဲ့ လက်ထဲမှာလဲ သားရေအိတ်တစ်လုံး ပါလာတယ်။ 'ဘယ်လိုဖြစ်လာကြတာလဲ'လို့ ကိုမြင့်ဆွေက မေးတယ်။ 'အစ်ကိုကြီး အဖြေရှာမတွေ့သေးပေမယ့် အကြည်ကတော့ ရှာတွေ့ပြီ၊ ဒီညကစပြီး အကြည်ဒီကိုပြောင်းလာတယ်၊ အိမ်မပြန်တော့ဘူး'လို့ ပြောလိုက်တယ်။ ကိုမြင့်ဆွေလဲ စကားမေးမရ အံ့အားသင့်ပြီး အကြည်ကို ကြည့်နေတယ်။ နောက်မှ သက်မကြီးချလိုက်ပြီး သူ့ဟာသူ ရယ်လိုက်တယ်။ အေးညိမ်းတို့လင်မယား ပြန်သွားပြီး ကိုမြင့်ဆွေဟာ တံခါး ထပိတ်တယ်။ ပြီးတော့မှ 'အကြည်ခဏနေဦးနော်၊ ဒေါ်လေးကို သွားနှိုးလိုက်ဦးမယ်'လို့ ပြောပြီး အိမ်ပေါ်တက်မလို့လုပ်တယ်။ 'ဒေါ်လေး အိပ်ပါစေ၊ ဘာလုပ်သွားနှိုးမလဲ အစ်ကိုကြီး'ဆိုပြီး ကိုမြင့်ဆွေရဲ့ လက်မောင်းကို ဆွဲထားတယ်။ 'ဒေါ်လေးက ဒီအိမ်မှာလူကြီးကွယ့်၊ အိမ်ကို အခုလို အကြည်ရောက်လာတာ ဒေါ်လေးကို အကြောင်းမကြားဘဲထားလို့ မကောင်းဘူး'လို့ ကိုမြင့်ဆွေက ရှင်းပြတာနဲ့ အကြည်က လွှတ်လိုက်တယ်။

ဒေါ်လေးလဲ အောက်ကို ဆင်းလာပြီး အကြည့်ကို သူနဲ့အတူ အိမ်ပေါ်မှာ လာအိပ်ဖို့ ခေါ်တယ်။ 'မလိုက်ချင်ဘူး ဒေါ်လေး၊ အကြည်ဒီမှာပဲ အစ်ကိုကြီးအနားမှာ နေမယ်'လို့ ပြန်ပြောတယ်။ ကိုမြင့်ဆွေလဲ 'အကြည်ရေ ဒေါ်လေးနဲ့ အပေါ်လိုက်သွားလေ'လို့ ဝင်ပြောတယ်။ 'မလိုက်ချင်ဘူး၊ အစ်ကိုကြီးအနားမှာပဲနေမယ်'လို့ အကြည်က ပြန်ပြောတယ်။ ဒေါ်လေးလဲ အကြည်အနားမှာ ထိုင်ပြီး စကားပြောနေတယ်။



နာရီပြန် နှစ်ချက်လောက်ရှိတော့ 'ကဲ ဒေါ်လေးလဲ အိပ်ချင်လှရော့မယ်၊ သွားအိပ်ချေပါတော့ ဒေါ်လေးရယ်'လို့ ကိုမြင့်ဆွေက ပြောတာနဲ့ ဒေါ်လေးလဲ အိမ်ပေါ်ကို တက်သွားတယ်။ ကိုမြင့်ဆွေလဲ သူ့အခန်းထဲက ဖျာနဲ့ ခေါင်းအုံးကို အပြင်ထုတ်ရအောင် အခန်းထဲသွားတယ်။ အကြည်လဲ ဝင်လိုက်လာတယ်။ 'အကြည် ခဏထိုင်ဦးလေ၊ အစ်ကိုကြီး ဖျာနဲ့ ခေါင်းအုံးကို သွားယူမလို့ပါ'လို့ ပြောတယ်။ 'အကြည်ယူပေးမယ်'လို့ အကြည်က ပြောပြီး ဝင်မြဲ ဝင်လိုက်လာတာပဲ။ ကိုမြင့်ဆွေလဲ သူ့ခုတင်ပေါ်က ခေါင်းအုံးနှစ်လုံးကို အကြည့်ပေးလိုက်တယ်။ ဖျာနဲ့ မွေ့ရာကို လိပ်ပြီး သူယူလာတယ်။ အခန်းပြင်ဘက် တစ်နေရာ သူ့ပက်လက်ကုလားထိုင်နဲ့ ခပ်ဝေးဝေးမှာ ဖျာနဲ့ မွေ့ရာခင်းပြီး 'ကဲ အကြည် ဒီမှာအိပ်'လို့ ပြောလိုက်တယ်။ သူကတော့ ပက်လက်ကုလားထိုင်ပေါ်မှာ ပြန်ပြီးထိုင်ရင်း သူ့လက်နှစ်ဖက်နဲ့ သူ့ခေါင်းကို အုပ်ထားတယ်။ အကြည်လဲ ခေါင်းအုံးနှစ်လုံးကို မွေ့ရာပေါ်မှာ တင်ထားလိုက်ပြီး မွေ့ရာပေါ်မှာ မအိပ်ဘဲ ကိုမြင့်ဆွေရဲ့ ကုလားထိုင်နားမှာ လာထိုင်တယ်။ ပြီးတော့မှ လက်ပိုက်သလို လုပ်ထားတဲ့ သူ့လက်နှစ်ဖက်ကို ကိုမြင့်ဆွေရဲ့ ပက်လက်ကုလားထိုင် လက်တန်းပေါ်ကို တင်လိုက်တယ်။ အဲဒီလက်ပေါ်မှာမှ သူ့ခေါင်းကလေးကို ညာဘက်စောင်းထားပြီး အိပ်နေတယ်။ ကိုမြင့်ဆွေလဲ ဒီဟာမကလေးဟာ ငါ့အပေါ်မှာ အရမ်းဖြစ်နေပြီလို့ တွေးပြီး အကြည်ကို တစိမ့်စိမ့် သနားနေတယ်။ ဒီသနားတဲ့စိတ်ဆိုတဲ့ မိခင်ကြီးက ထပ်ပြီးပေါက်ဖွားပေးပြန်တဲ့ အတွက် ဈွလမ်းတဲ့စိတ်ဆိုတဲ့ သားတွေ သမီးတွေဟာ တဖြည်းဖြည်း တိုးပွားမှန်းမသိ တိုးပွားလာပြန်တယ်။

ငါး နာရီခွဲလောက်မှာ အကြည့်ကိုနှိုးပြီး နှစ်ယောက်သား နောက်ဖေးမှာ မျက်နှာသစ်ကြတယ်။ ခြောက်နာရီလောက်ကျတော့ ဒေါ်လေး ဆင်းလာတယ်။ သုံးယောက်သား ကော်ဖီသောက်ရင်း နောက်ဖေးမှာ ဆွေးနွေးနေကြတယ်။ ကိုမြင့်ဆွေက သာသနာ့ရိပ်သာမှာ သူ့ဖေဖေနဲ့ သွားပြီး တိုင်ပင်ချင်တယ်လို့ ပြောတယ်။ ဒေါ်လေးကလဲ ထောက်ခံတယ်။

www.burmeseclassic.com

www.burmeseclassic.com



အကြည်က အိမ်ပေါ်တောင်ရောက်နေမှပဲ တိုင်ပင်ဖို့ မလိုတော့ဘူး ပြောတယ်။ ဒါပေမယ့် ဒီကိစ္စမျိုးဆိုတာ ဘုန်းကြီးဖြစ်နေပေတဲ့ အ ဆိုတော့ အသိပေးဖို့ကောင်းတယ်လို့ ကိုမြင့်ဆွေနဲ့ ဒေါ်လေးတို့ ရှင်းပြတဲ့အတွက် နောက်ဆုံးတော့ အကြည်က သဘောတူတယ်။ ဒါပေမ 'အကြည့်အိမ်ကို ပြန်ဖို့ဆိုတာတော့ မတိုင်ပင်ခဲ့နဲ့၊ မပြန်ဘူး၊ အစ်ကိုကြ နဲ့ပဲ ဒီမှာနေမယ်'လို့ အကြည်က ခပ်တင်းတင်းပဲ ပြောတယ်။ 'ဒီတစ်ရ တော့ အကြည်ဟာ အိမ်ရှေ့ကို မထွက်ပါနဲ့ဦးကွယ်၊ အကြည့်အတွ ပြောတာပါ'လို့ အတန်တန်မှာပြီး ကိုမြင့်ဆွေဟာ သာသနာ့ရိပ်သာ ထွက်လာခဲ့တယ်။ ။

## ၂၉

## ဦးသုန္ဒြနှင့် ကိုမြင့်ဆွေ

ဦးသုန္ဒြလဲ ဝိနည်းသင်နေတဲ့အတွက် ကိုမြင့်ဆွေ ခဏစောင့်နေရတယ်။ ဝိနည်းသင်ပြီးလို့ ဦးသုန္ဒြနဲ့ တွေ့တဲ့အခါ ကိုမြင့်ဆွေက အဖြစ်အပျက် တွေကို အကုန်လုံး လျှောက်တယ်။ အဲဒီအခါ ဦးသုန္ဒြက 'လူကလေးမှာလဲ ဖေဖေ့အတွက် ဒီဒုက္ခတွေနဲ့ တွေ့ရတာပဲ၊ ဖေဖေ စိတ်မကောင်းဘူးကွယ်' လို့ ပြောတယ်။ သားက 'ကံစီမံရာအတိုင်းပေါ့ ဘုရား'လို့ ပြန်ဖြေတယ်။ 'ဖေဖေ့အနေနဲ့က ဘုန်းကြီးဆိုတော့ ယူလိုက်ပါလို့လဲ မတိုက်တွန်းနိုင်ဘူး၊ မယူနဲ့လို့လဲ မတိုက်တွန်းနိုင်ဘူး၊ အဲဒီတော့ ယူဖို့ မယူဖို့ဆိုတာ လူကလေး ဟာ လူကလေး ဆုံးဖြတ်ပေတော့၊ ဒါပေမယ့် လူကလေးမှာ ရှိနေတဲ့ သံသယနဲ့ ပတ်သက်လို့တော့ ဖေဖေ မေးခွန်း နည်းနည်း မေးချင်တယ်၊ မခင်လှ မသေခင် သူ့သမီးကို အပ်ခဲ့တုန်းက သူ့သမီးကို ဘယ်သူဘယ်ဝါနဲ့ ပေးစားလိုက်ပါလို့ ပြောပြီးအပ်ခဲ့တာလား၊ ဒါမှမဟုတ်ရင်လဲ စောင့်ရှောက် လိုက်ပါလို့ သာမန်အပ်ခဲ့တာလား'လို့ မေးတယ်။ 'ဘယ်သူဘယ်ဝါနဲ့ ပေးစားလိုက်ပါလို့ မမှာခဲ့ပါဘူး၊ စောင့်ရှောက်လိုက်ပါလို့ သာမန်သာ အပ်ပစ်ခဲ့တာပါပဲ'လို့ ဖြေတယ်။ 'မင်းနဲ့ မတွေ့ခင်တုန်းက မကြည်မှာ ချစ်သူများ ရှိနေပြီလား၊ အဲဒီ ချစ်သူရဲ့လက်ထဲက မင်းက အတင်းလုယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာလား’လို့ မေးတယ်။ ‘တပည့်တော်နဲ့ မတွေ့ခင်တုန်းက မမေကြည်မှာ ချစ်သူတစ်ယောက်မှ မရှိဖူးပါဘူး၊ တပည့်တော်နဲ့ မတွေ့ခင်တုန်းက မမေကြည်ဟာ ယောကျ်ားဆိုရင် အင်မတန်မုန်းပြီး တကယ်လို့များ သူ့အဖေက ယောကျ်ား အတင်းပေးစားရင် ဆွဲကြိုးချသေဖို့တောင် ကြိုးတစ်ချောင်း ၁ယ်ထားပါတယ်၊ မနေ့ကမှ ဒေါ်လေးကို ဒီကြိုး ချော့အတောင်းနိုင်ပြီး တပည့်တော်ကိုယ်တိုင် ဓားနဲ့ ခုတ်ပစ်လိုက်ရပါတယ်’လို့ ဖြေတယ်။

‘ဒီလိုပဲ ပစ္စည်းချမ်းသာတဲ့ မိန်းကလေးတွေကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ လူတချို့ရှိတယ်၊ ဒီလူတွေမှာ ပစ္စည်းတွေကို မက်ပြီး မိန်းကလေးကို အရချုပ်မယ်ဆိုတဲ့ ယုတ်မာတဲ့ စိတ်တွေရှိတယ်၊ မိန်းကလေးဆိုတာ ကာယကံမြောက် တစ်ကြိမ် နှစ်ကြိမ်လောက် ကျူးလွန်ခံရပြီးရင် တန်းတန်းစွဲဖြစ်တယ်ဆိုတာ ဒီလူယုတ်မာတွေ သိတယ်၊ အဲဒါကြောင့် ဒီမိန်းကလေးတွေနဲ့ နှစ်ယောက်ချင်း မကြာခဏ တွေ့ရတဲ့ အခွင့်အလမ်းတွေကို အလွဲသုံးစားလုပ်ပြီး ဒီမိန်းကလေးတွေကို ဒီလူယုတ်မာတွေဟာ ကာယကံမြောက် လွန်ကျူးကြတယ်၊ ဒီမိန်းကလေးတွေဟာ တန်းတန်းစွဲ ဖြစ်လာပြီဆိုတော့မှ ဒီလူယုတ်မာတွေဟာ ဒီမိန်းကလေးတွေရော၊ ပစ္စည်းတွေရော သိမ်းပိုက်လိုက်တာပဲ၊ မင်းကော အဲဒီယုတ်မာတဲ့ ရည်ရွယ်ချက်မျိုးနဲ့ မမေကြည်ကို ကိုယ်ထိလက်ရောက် ကာယကံမြောက် လွန်ကျူးထားတာများ ရှိသလား၊ ရှိရင် ဖေဖေ့ကို မှန်မှန်ပြော’လို့ မေးတယ်။ ‘ဒီအချိန်အထိ တစ်ခါမှ မလွန်ကျူးဖူးဘူး၊ မမှန်တာပြောရင် မဟာအဝီစိငရဲမှာ အမြဲခံရပါစေ’လို့ကျိန်တယ်။ ‘မကျိန်ပါနဲ့ လူကလေးရယ်၊ ဖေဖေ ယုံပါတယ်၊ အဲဒီလို မလွန်ကျူးဖူးဘူးဆိုတာ ဟုတ်ပြီ၊ နှစ်ယောက်ချင်း မကြာခဏ တွေ့ရတဲ့ အခွင့်အလမ်းတွေကို အလွဲသုံးစားလုပ်ပြီး ဒီမိန်းကလေးဟာ ကိုယ့်ဘက် မပါပါအောင် တစ်ကြိမ်နှစ်ကြိမ်ဖြစ်စေ၊ အကြိမ်ပေါင်းများစွာဖြစ်စေ နှုတ်နဲ့ကော သွေးဆောင်ဖူးသလား’လို့ မေးတယ်။ ‘တပည့်တော်ကို ချစ်ပါဆိုတာ ဒီကနေ့အထိ ဒီသူငယ်မကလေးကို တပည့်တော် တစ်ခါမှ မပြောဖူးပါဘူး’လို့ ဖြေတယ်။



‘နှုတ်နဲ့ မပြောဖူးဘူး ဆိုတာတော့ ဟုတ်ပြီ၊ ကိုယ် အမူအရာ မျက်နှာထား အမူအရာနဲ့ကော သွေးဆောင်ဖူးသလား’လို့ မေးတယ်။ ‘ဒါတော့ တပည့်တော် အတိအကျ မလျှောက်ထားတတ်ဘူး ဘုရား၊ တပည့်တော် သတိရတိုင်းတော့ ဒါမျိုးတွေ နည်းနည်းကလေးမှ မဖြစ်ရအောင် ကြိုးစားပြီး ထိန်းတာပဲ၊ အဲဒီလို ထိန်းနေတဲ့အထဲက သတိလစ်ပြီး တစ်ခါတလေ သူ့ကို ကြည့်မိတာရှိချင် ရှိမယ်၊ ပြုံးမိတာ ရှိချင်ရှိမယ်၊ ကိုယ်နဲ့ နှုတ်နဲ့ မပြစ်မှားမိပေတဲ့ စိတ်နဲ့တော့ တစ်ခါတလေ ပြစ်မှားမိပါတယ်’လို့ ဖြေတယ်။ ‘စိတ်ကတော့ ထိန်းဖို့ခက်တယ်’လို့ ဦးသုန္ဒြက ပြောတယ်။ ‘ဒီသူငယ်မကလေး မင်းဘက်ပါလာအောင် လောကီဆရာတွေနဲ့ ပေါင်းပြီး ရတနာဒီပံ ဆေးဖယောင်းတိုင်ထွန်းတာတို့၊ အင်းချတာတို့၊ နတ်စင်သွားပြီး တစ်ခုခု လုပ်တာတို့၊ အောက်လမ်း ဆရာတွေနဲ့ပေါင်းပြီး မီးနေထဘီစတွေ၊ လူရိုးတွေ၊ တံစူးဝါးတွေကို တောင်လုပ်မြောက်လုပ် လုပ်တာတို့၊ ညစ်ညစ်ပတ်ပတ် အယုတ်တမာတွေ ရောနှောထားတဲ့ ခပ်ဆေး ဆိုတာတွေနဲ့ ဆေးခပ်တာတို့ကိုကော မင်း လုပ်ဖူးသလား၊ လုပ်ဖူးရင် ဖေဖေ့ကို မှန်မှန်ပြော’လို့ မေးတယ်။ သားက တခိခိနဲ့ရယ်ပြီး ‘ဒါတွေဟာ ငရဲကို မကြောက်တတ်တဲ့လူတွေမှ လုပ်တာ ပါ၊ တပည့်တော် ငရဲကို ကြောက်တတ်ပါတယ် ဘုရား၊ မလုပ်ဖူးပါဘူး’လို့ ဖြေတယ်။ ဒီလို ဖြေပြီး တော့မှ ‘ဒီဆရာတွေ တကယ်စွမ်းတယ်ဆိုရင် ဒီကောင်မကလေး တပည့်တော်ကို မုန်းသွားအောင် လုပ်ချင်ပါတယ် ဘုရား’လို့ ပြုံးပြီး ပြောတယ်။ ‘ဗေဒင်ဆရာတွေနဲ့ ပေါင်းပြီးတော့ရော ခါတ်ရိုက်တာတွေ ဘာတွေ လုပ်ဖူး သလား’လို့ မေးတယ်။ ‘မလုပ်ဖူးပါဘူး’လို့ ဖြေတယ်။ ‘မမေကြည်ဟာ အရွယ်ရောက်ပြီလား’လို့ မေးတယ်။ ‘အသက်ဘယ်လောက်ရှိမှ အရွယ်ရောက်တယ်လို့ အရှင်ဘုရား ယူဆတယ်တော့ မလျှောက်တတ်ဘူးဘုရား၊ ဥပဒေအရ ဆယ့်ခြောက်နှစ်ဆိုရင် အရွယ်ရောက်ပြီ၊ အကြည်ဟာ တပည့်တော်ကို သူ့အမေကအပ်တော့ ဆယ့်ရှစ်နှစ်ရှိနေပြီ’လို့ ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုရင်ဖြင့် လူကလေးဟာ အရှင်းကြီးပဲ၊ ဘာဖြစ်လို့ သံသယဖြစ်နေသလဲဆိုတာ ဖေဖေ မသိဘူး'လို့ ပြောတယ်။ 'တပည့်တော်နဲ့ တပည့်ကလေးလို ညီကလေးလိုဖြစ်နေတဲ့ ဝန်ထောက်ကလေး မောင်ချစ်တင်ဆိုတာ ရှိတယ်၊ ရုပ်ကလေးကလဲ သနားကမား၊ သဘောကလဲ သိပ်ကောင်းတယ်၊ ရတနာသုံးပါးလဲ သိပ်ကိုင်းရှိုင်းတယ်၊ အဲဒါကလေးနဲ့ ပေးစားဖို့ စပြောရုံရှိသေးတယ် တော် တော် ဆိုပြီး အကြည် ထအော်တာပဲ တပည့်တော် ဒီလောက်အထိ စေတနာထားခဲ့ပါတယ်'လို့ လျှောက်တယ်။ 'အေး ဒီတော့ လူကလေးဟာ သိပ်ရှင်းနေတယ်၊ ဒီလောက်ရှင်းရဲ့သားနဲ့ သံသယရှိနေတာ ဖေဖေ အံ့သြတယ်'လို့ ပြောတယ်။'ဒါတင်မကသေးပါဘူး ဘုရား၊ အရှင်ဘုရားကိုတော့ အကုန်လျှောက်ရမှာပဲ၊ ဒါကိုတော့ အရှင်ဘုရားရဲ့ ဝမ်းထဲမှာပဲထားပါ၊ သူ့အဖေရှိတုန်းက ယောကျ်ားအတင်းပေးစားရင် ဆွဲကြိုးချသေဖို့ဆိုပြီး ဝယ်ထားတဲ့ကြိုးကို သူ့အမေသေပြီးတဲ့အခါ လွှင့်မပစ်ဘူး၊ တပည့်တော် သူ့ကိုမယူဘဲ ထွက်သွားရင် ဆွဲကြိုးချဖို့ဆိုပြီး သိမ်းထားတယ်၊ မနေ့ကမှ ဒေါ်လေး ချော့တောင်းလို့ ရလာတယ်၊ ဒီလိုရတာလဲ တခြားကြောင့် မဟုတ်ပါဘူး၊ အခုတော့ ရှင်းပါပြီ၊ တပည့်တော်အိမ်ကို သူပြောင်းလာမယ်ဆိုတာ ဆုံးဖြတ်ပြီးတာကြောင့် ရတာပါပဲ'လို့ လျှောက်တယ်။ 'သိပ်ရှင်းနေပါပြီ သားရယ်၊ သံသယမရှိပါနဲ့တော့'လို့ ဦးသုန္ဒြက ပြောတယ်။

'တပည့်တော် မေးခွန်းတစ်ခု လျှောက်ချင်ပါသေးတယ် ဘုရား၊ တပည့်တော်ဟာ ခဏလောက် အစိုးရအမှုထမ်းပြီး ဘုန်းကြီးလုပ်ပါ့မယ်လို့ မေမေ့ကို ကတိပေးခဲ့တာရှိတယ်၊ အဲဒီကတိကို ဖျက်လို့ကောင်းပါ့မလား'လို့ လျှောက်တယ်။ ဒီမေးခွန်းကို ဘုန်းကြီးအနေနဲ့ မဖြေအပ်ဘူးထင်တယ်'လို့ ဦးသုန္ဒြက ပြောတယ်။ 'တပည့်တော်မှာ ဒီအချက်ကြောင့်လဲ အင်မတန် အကျဉ်းအကျပ် ဖြစ်နေတယ်၊ တစ်ဖက်ကလဲ မေမေ့ကို ပေးထားတဲ့ ကတိရှိနေတယ်၊ တစ်ဖက်ကို ကြည့်ပြန်တော့လဲ ဒီလိုထွက်သွားရင် ဆွဲကြိုးချသေမယ်ဆိုတာ ရှိနေတယ်၊ အကြည်ကတော့ ဒီအချက်နဲ့



ပတ်သက်ပြီး အကြံတစ်ခု ပေးထားတာရှိနေတယ်၊ သူ့အကြံကလဲ မဆိုးလှဘူး'လို့ ပြုံးပြီး ပြောတယ်။ 'ဘယ်လိုအကြံလဲ'လို့ ဦးသုန္ဒြက မေးတယ်။ ဖေဖေနဲ့ မေမေ့အကြောင်းကို သူက သိနေတယ်၊ အဲဒီတော့ မေမေလဲ အစက သီလရှင်လုပ်ဖို့ပဲ၊ ဖေဖေ့ကို သနားတာနဲ့ သီလရှင်မလုပ်ဘဲ ဖေဖေ့ကို ယူတယ်တဲ့၊ ဖေဖေဟာ အစက ဘုန်းကြီးလုပ်ဖို့ စိတ်ရှိတာ မဟုတ်ဘူး၊ မေမေနဲ့ရမှ မေမေက ဟောတာနဲ့ အကျွတ်တရားရပြီး ဘုန်းကြီးဖြစ်သွားတယ်တဲ့၊ အဲဒီတော့ တပည့်တော်လဲ အခု ဘုန်းကြီး မလုပ်ပါနဲ့ဦးတဲ့၊ သူ့ကို မချစ်တောင် သနားပြီး ယူပါတဲ့၊ ပြီးတော့ သူ့ကို အကျွတ်တရားရအောင် ချွတ်ပါတဲ့၊ သူအကျွတ်တရားရတော့ သူက သီလရှင်လုပ်၊ တပည့်တော်က ဘုန်းကြီးလုပ်ပါတဲ့၊ သူ့အကြံကလဲ မဆိုးလှဘူးဘုရား'လို့ ကိုမြင့်ဆွေက ပြုံးပြီး လျှောက်တယ်။ ဦးသုန္ဒြလဲ ပြုံးနေတယ်။ 'တပည့်တော်ကတော့ ဒီလို စိတ်ကူးထားပါတယ်၊ မေမေ့ကို ပေးထားတဲ့ ကတိကိုလဲ လေးစားရာရောက်အောင် အခုလာမယ့် ဝါတွင်းသုံးလအတွင်း စစ်ကိုင်းမှာ ဘုန်းကြီးသွားလုပ်မယ်၊ ဒီမှာဆိုတော့ သူတို့လာနေကြမှာနဲ့ တရားကောင်းကောင်း အားထုတ်လို့ရမှာ မဟုတ်ဘူး၊ သိတင်းကျွတ်တော့မှ လက်ထပ်၊ လက်ထပ်ပြီး မေမေ စိတ်ဝင်စားတဲ့ စာပြန်ပွဲတွေကို ဘိုးဘိုးလက်ထက်တုန်းကလို ပြန်ပြီး စည်ကားအောင်လုပ်၊ ဒီသာသနာ့ရိပ်သာကိုလဲ အစွမ်းကုန် အားပေး၊ အဲဒီလို စိတ်ကူးထားပါတယ်'လို့ ပြောတယ်။ 'ဒါကတော့ လူကလေးသဘောပဲ'လို့ ဦးသုန္ဒြက ပြောလိုက်တယ်။

ကိုမြင့်ဆွေ အိမ်ပြန်ရောက်ရောက်ချင်း လည်ပင်းညောင်ရေအိုး ဖြစ်နေရရှာတဲ့ အကြည်က 'ဘုန်းကြီးက ဘာပြောလိုက်သလဲ အစ်ကိုကြီး'လို့ မေးတယ်။ ကိုမြင့်ဆွေက အကြည်ပြောတဲ့အတိုင်း သိတင်းကျွတ်မှာ လက်ထပ်မယ်၊ အဲဒီ လက်မထပ်ခင် သူ့မေမေကို ကတိပေးထားတဲ့အတွက် သူ စစ်ကိုင်းသွားပြီး ဝါးတွင်းသုံးလ ဘုန်းကြီးဝတ်မယ်၊ မေမေ့ပေးထားတဲ့ ကတိကို လေးစားတဲ့အနေနဲ့ အနည်းတကာ့ အနည်းဆုံး ဒီလောက်တော့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမယ်လို့ ပြောတယ်။ အကြည်က လက်ထပ်ပြီးမှဝတ်ဖို့ ပြောတယ်။ လက်ထပ်ပြီးမှ ဝတ်မယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ ကိုမြင့်ဆွေက ပြောတယ်။ ဒါဖြင့် ဝါးခယ်မမှာ ဝတ်လို့ အကြည်က ပြောတယ်။ ဝါးခယ်မမှာဆိုရင် အကြည် ခဏခဏ လာနေတာနဲ့ တရားအားထုတ်နိုင်မှာ မဟုတ်ဘူးလို့ ကိုမြင့်ဆွေက ပြောတယ်။ အစ်ကိုကြီး စစ်ကိုင်းကိုသွားရင် ပြန်လာမှာ မဟုတ်ဘူး၊ အကြည်ကို ပစ်ပြေးတာပဲလို့ အကြည်က ပြောတယ်။ အကြည် စိတ်ချရအောင် ခုတစ်ရက်နှစ်ရက်အတွင်း မြို့ပေါ်က လူကြီးတွေကိုဖိတ်ပြီး စေ့စပ်ကြောင်းလမ်းပွဲတစ်ခု လုပ်မယ်။ အဲဒီပွဲမှာ သီတင်းကျွတ် လက်ထပ်မယ်ဆိုတာကိုပါ ကြေညာမယ်၊ ဒါထက်ပိုပြီး ခိုင်လုံတာ မရှိဘူးလို့ ကိုမြင့်ဆွေက ပြောတယ်။ အကြည်က ဒါကို သဘောကျတယ်။ ဒါပေမယ့် စစ်ကိုင်းကို သူလဲလိုက်မယ်လို့ ပြောတယ်။ စစ်ကိုင်းကို အကြည်လိုက်လာရင် သူ တရားအားထုတ်နိုင်မှာ မဟုတ်ဘူးလို့ ပြောတယ်။ အကြည်က သူလဲ တရားအားထုတ်မယ်လို့ ပြောတယ်။ ဒါပေမယ့် အလုပ်ကို ပိုင်ရှင်တစ်ယောက်မှမရှိဘဲ သုံးလကြာအောင် ပစ်ထားတာ မကောင်းဘူး၊ သူစစ်ကိုင်းမှာရှိတုန်း အကြည်က အလုပ်ကို ဂရုစိုက်ပြီး ကြည့်လို့ ကိုမြင့်ဆွေက ပြောတယ်။

မနက်စာ စားပြီးတဲ့အခါ ထမင်းစားပွဲခုံမှာပဲထိုင်ရင်း ကိုမြင့်ဆွေက ‘ကဲ မရွှေကြည်ရေ၊ ဒီလောက် ခိုင်လုံ ဒီလောက်စိတ်ချရရင် အိမ်ပြန်တော့ကွယ်’လို့ တစ်ခါမှ မခေါ်စဖူး၊ အကြည်ကို မရွှေကြည်လို့ ခေါ်ပြီး ပြောတယ်။ ‘အစ်ကိုကြီးကလဲ’ ဆိုပြီး ကိုမြင့်ဆွေကို ပြုံးစိစိလုပ်ရင်း ကြည့်နေတယ်။ ‘ဘယ့်နှယ်လဲ ပြန်မယ်မဟုတ်လား’လို့ ကိုမြင့်ဆွေက ထပ်ပြီးမေးတယ်။ ‘အစ်ကိုကြီးက ဘာဖြစ်လို့ ဒီလောက်တောင် လောနေတာလဲ၊ အကြည် မပြန်သေးဘူး၊ အစ်ကိုကြီး စစ်ကိုင်းကို သွားတော့မှ ပြန်မယ်’လို့ ပြောတယ်။ ‘အကြည်ဟာ အစ်ကိုကြီးစကားကို တစ်ခါမှ နားမထောင်သေးဘူး၊ ကိုယ်လုပ်ချင်တာတွေကိုပဲ ခွတ်တရွတ် လျှောက်လုပ်နေတယ်၊ ဒီလိုသာဆိုရင် အိမ်ထောင်ကျပြီးတဲ့အခါ အစ်ကိုကြီး သိပ်



စိတ်ညစ်ရမှာပဲ၊ အစ်ကိုကြီးကတော့ အကြည် စိတ်ချမ်းသာအောင် ဘာဖြစ်ဖြစ် အလိုလိုက်ရတယ်’ဆိုပြီး တစ်ဖက်ကို ငေးကြည့်နေတယ်။ အကြည်ဟာ ကိုမြင့်ဆွေကို ပြုံးစိစိကြည့်ရင်း ‘အစ်ကိုကြီးနဲ့ အိမ်ထောင်မကျခင် အစ်ကိုကြီး စကားနားထောင်နေရင် ဘယ်တော့မှ အစ်ကိုကြီးနဲ့ အကြည်နဲ့ အိမ်ထောင်ကျရမှာ မဟုတ်ဘူး၊ အိမ်ထောင်ကျပြီးတော့ အစ်ကိုကြီးစကားကို အကြည် ဘယ်လောက် နားထောင်တယ်ဆိုတာ ကြည့်ပေါ့’လို့ ပြန်ပြောတယ်။ ကိုမြင့်ဆွေလဲ တစ်ဖက်ကိုငေးပြီး ကြည့်မြဲကြည့်နေတယ်။ ဘာမှ မပြောဘူး။ အကြည်လဲ ကိုမြင့်ဆွေရဲ့ ကုလားထိုင် နောက်ဘက်ကို ရောက်သွားတယ်၊ နောက်မှီတန်းပေါ်မှာ သူ့လက်နှစ်ဖက်ကို တင်ပြီး ကိုမြင့်ဆွေရဲ့ ငယ်ထိပ်ကို သူ့မေးစေ့နဲ့ ပွတ်နေတယ်။ ပြီးတော့မှ ‘ကိုယ့်အိမ်ကို လာကဲ့ညည့်သည်ဆိုတာ စိတ်မဆိုးရဘူး အစ်ကိုကြီးရဲ့’လို့ ပြောပြီး မေးစေ့နဲ့ ကိုမြင့်ဆွေရဲ့ ငယ်ထိပ်ကို ပွတ်မြဲ ပွတ်နေတယ်။ ကိုမြင့်ဆွေလဲ ယားကျိကျိဖြစ်လာပြီး ရယ်ချင်တယ်။ ဒါပေမယ့် ဟန်လုပ်နေတယ်။

အဲဒီလိုပွတ်ရင်း ‘အိမ်မှာနေရတာ အကြည်တစ်ယောက်တည်း ပျင်းတယ်၊ ဒီမှာ အစ်ကိုကြီးနဲ့နေရတာ ပျော်တယ်’လို့ ပြောတယ်။ ‘ပျော်ရာမှာ နေရတာမဟုတ်ဘူး အကြည်၊ တော်ရာမှာ နေရတယ်၊ ဒီရှေ့လာဦး၊ အစ်ကိုကြီးပြောဦးမယ်’လို့ ခေါ်လိုက်တယ်။ အကြည်လဲ သူ့ကုလားထိုင်မှာ ပြန်ထိုင်နေတယ်။ ‘အစ်ကိုကြီးနဲ့ အကြည်နဲ့ဆိုတာ အိမ်ထောင်ကျသေးတာ မဟုတ်ဘူး၊ စေ့စပ်ကြောင်းလမ်းတာတောင် မလုပ်ရသေးဘူး၊ အဲဒီလိုအခါမျိုးမှာ မြန်မာ့ထုံးတမ်းစဉ်လာအရ ယောကျ်ားကလေးနဲ့ မိန်းကလေးဟာ အတူတူနေရတာမဟုတ်ဘူး၊ အကြည်ဟာ ဒါတွေ ဘာမှမသိဘူး၊ အကြည်က အခုလို ဘယ်သူ့မှ ဂရုမစိုက်၊ ဘယ်ထုံးတမ်းစဉ်လာကိုမှ အရေးမလုပ်ဘဲ နေချင်သလို နေသွားရင် အကြည့်ရဲ့သမီးကျတော့ အကြည် ဘယ်လိုဆုံးမ မလဲ၊ ဒါကြောင့်မို့ အစ်ကိုကြီး ပြောတာ နားထောင်ပါ၊ အစ်ကိုကြီးဟာ အကြည့်ကို မကောင်းတဲ့နည်းလမ်း ဘယ်တော့မှ မပြဘူး’လို့ ပြောတယ်။ အကြည်က ဘာမှ မပြော

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ နှားထောင်နေတယ်။ 'အဲဒီတော့ ကနေ့ညနေ ထမင်းစားပြီးရင် အကြည် အိမ်ပြန်၊ အစ်ကိုကြီး လိုက်ပို့မယ်၊ ဟုတ်လား'လို့ ပြောတယ်။ အကြည်လဲ ခေါင်းညိတ်တယ်။ ညဘက် ထမင်းစားပြီး အကြည်ကို ကိုမြင့်ဆွေ အိမ်လိုက်ပို့လိုက်တယ်။

အကြည်တို့တိုက်ကို ရောက်တဲ့အခါ ကြောင်ကို အစေခံတစ်ယောက်က လိုက်ရိုက်နေတာ တွေ့ရတယ်။ ကိုမြင့်ဆွေက 'ကြောင်ကို ဘာဖြစ်လို့ လိုက်ရိုက်နေရသလဲ'လို့ မေးတဲ့အခါ 'စားပွဲခုံပေါ်မှာ ဟင်းခွက်တွေ တက်နှိုက်တာကြောင့် လိုက်ရိုက်နေတယ်'လို့ ပြန်ပြောတယ်။ ကိုမြင့်ဆွေက 'မရိုက်ပါနဲ့ကွယ်၊ ကြောင် မစားစေချင်ရင် ဟင်းခွက်တွေကို အုပ်ဆောင်းကလေးနဲ့ အုပ်ထား'လို့ ပြောတယ်။ 'အစ်ကိုကြီးက ဒီလိုပြောတော့ ဖေဖေရှိတုန်းက အဖြစ်အပျက်တစ်ခုကို အကြည်သွားပြီး သတိရတယ်၊ တစ်နေ့မှာ ဖေဖေ ထမင်းစားမလို့လုပ်တုန်း ကြောင်က ဟင်းခွက် တက်နှိုက်တယ်၊ ဖေဖေက ကြောင်ကို အတင်းလိုက်အဖမ်းခိုင်းတယ်၊ ကြောင်က ထွက်ပြေးတော့ တုတ်ကြီးနဲ့ အကောင်တစ်ကောင်က ပစ်လိုက်တာ ခြေထောက်နဲ့ ခါးနဲ့ ကျိုးသွားတယ်ထင်တယ်၊ ဖေဖေ့ဆီကို ကြောင်ဖမ်းလာတော့ သူ့ရှေ့မှာပဲ ကြောင်ကို ထပ်ပြီး အရိုက်ခိုင်းတယ်၊ မသေမရှင်ဖြစ်နေတော့မှ ဂုန်အိတ်ထဲ ခဲတွေနဲ့ထည့်ပြီး မြစ်ထဲမှာ အပစ်ခိုင်းတယ်၊ ဖေဖေဟာ သိပ်ပြီး ရက်စက်တာပဲ၊ အစ်ကိုကြီးလို မဟုတ်ဘူး၊ ကြောင်ကလေးက အကြည့် ကြောင်ကလေး၊ မွေးစကတည်းက အကြည် နွားနို့တိုက်ပြီး မွေးလာတာ၊ အဲဒီတော့ ငါ့ကြောင်သေသလို ဖေဖေလဲ သေချင်းဆိုးနဲ့ သေပါစေလို့ အကြည်တော့ ဟိုတုန်းက ကျိန်ဆဲလိုက်တာပဲ'လို့ အကြည်က ပြန်ပြောတယ်။

'အောင်မယ်လေး အကြည်၊ ဒါကို နောက်ထပ် မပြောနဲ့တော့၊ အဖေအမေဆိုတဲ့ ဂုဏ်ကြီးဟာ ဘယ်လောက်အထိ ကြီးကျယ်သလဲဆိုတာ အစ်ကိုကြီး ပြောပြမယ်၊ ရှေးတုန်းက စစ်သူကြီးတစ်ယောက်ရဲ့ မိန်းမမှာ ကိုယ်ဝန်ရှိလာတယ်၊ ဗေဒင်မေးကြည့်တော့ သားကလေး မွေးမယ်၊ ဒီကလေးကြီးလာရင် အဖေကို သတ်မယ်လို့ ဟောတယ်၊ အဲဒါနဲ့ အဖေ



က ဒီကိုယ်ဝန် ဖျက်အချခိုင်းတယ်၊ ကိုယ်ဝန်ကရင့်နေတဲ့အတွက် ဖျက်လို့မရဘူး၊ မွေးလာတဲ့အခါ ဒီသားကလေးကို အဖေက လွှင့်ပစ်ခိုင်းတယ်၊ တောင်ပေါ်က လွှင့်ပစ်လိုက်တာ တောင်ဆောင်းက ချုံပေါ်မှာ တင်နေတယ်၊ အိမ်နီးချင်းနိုင်ငံက ဆိတ်ကျောင်းသားတစ်ယောက်က ကလေးကိုတွေ့ပြီး မွေးစားထားတယ်၊ ကြီးလာတဲ့အခါ အဲဒီသားဟာ ဘုရင့်ဆီမှာ စစ်မှုထမ်းတယ်၊ ကြာတော့ စစ်သူကြီးဖြစ်လာတယ်၊ သူ့အဖေ နိုင်ငံနဲ့ သူ့နိုင်ငံ စစ်ဖြစ်တဲ့အခါ သားအဖနှစ်ယောက် စစ်မြေပြင်မှာ တွေ့ကြတယ်၊ သားကလေးက အဖေမှန်း မသိဘူး၊ လှံနဲ့ထိုးလိုက်တာ အဖေသေသွားတယ်၊ အဲဒီသားဟာ ပိတုကာရက ကံထိုက်တယ်လို့ အစ်ကိုကြီးတို့ ငယ်ငယ်တုန်းက အဘိဓမ္မာ ဆရာကြီးတစ်ယောက် ဟောတာ ကြားဖူးတယ်၊ ပိတုကာရကကံဆိုတာ အဖေကိုသတ်တဲ့ ကံကို ခေါ်တယ်၊ အဲဒီကံဟာ လူရိုးရိုးတစ်ယောက်ကို သတ်တဲ့ ပါဏာတိပါတကံထက်ဆိုးတယ်၊ အဖေဟာ သားရဲ့ သေကြောင်းကို ကြံခဲ့ပေတဲ့ အဲဒီအဖေကို သားက သတ်ရင် ပိတုကာရကကံထိုက်တာပဲ၊ အမေကိုသတ်ရင် မာတုကာရကကံ ထိုက်တာပဲ၊ ဒီကံတွေထိုက်နေတဲ့လူတွေဟာ ဘယ်လောက်ကုသိုလ်တွေ လုပ်လုပ် သေရင်ငရဲကျတာပဲ၊ ဒီလိုလူမျိုးတွေဟာ အဲဒီဘဝမှာ ဘယ်လိုပဲ အားထုတ် အားထုတ် မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်တော့ဘူး၊ မိဘရဲ့ဂုဏ်ဟာ ဒီလောက်အထိ ကြီးတယ်။

'အဇာတသတ်ဟာ ဘုရားရဲ့ တရားတော်ကို တစ်ကြိမ်နာရပြီးရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တဲ့ ပါရမီရှိတယ်၊ ဒါပေမယ့် အဖေကို သတ်ထားတဲ့အတွက် ဘုရားရဲ့ တရားကို နာရပေမယ့် မဂ်ဉာဏ်ဖိုလ်ဉာဏ် မရဘူး၊ သေတဲ့အခါ ငရဲကျရတယ်။

'အင်္ဂုလိမာလဟာ လူတွေကို ထောင်နဲ့ချီပြီး သတ်ခဲ့ပေမယ့် ဘုရားနဲ့တွေ့ပြီး အကျွတ်တရားရတယ်၊ နောက်တော့ တရားအားထုတ်တဲ့အခါ ရဟန္တာဖြစ်သွားတယ်၊ ငရဲမခံရတော့ဘူး၊ နိဗ္ဗာန်စံဝင်ရတယ်၊ အဲဒီ အင်္ဂုလိမာလဟာ အဲဒီတုန်းက သူ့အမေကိုသာ သတ်မိရင် ရဟန္တာလဲမဖြစ်နိုင်တော့ဘူး၊ သေတာနဲ့ ငရဲကျပြီး တစ်ကမ္ဘာလုံးလုံး ခံရမယ်၊ အဲဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေကို မသတ်မိအောင် မဟာကရုဏာ ရှေ့ထားပြီး မြတ်စွာဘုရားဟာ အင်္ဂုလိမာလကိုသွားချွတ်ရတာပဲ'လို့ ကိုမြင့်ဆွေက ပြောပြတယ်။ 'ပြီးတော့ အကြည်ဟာ အကြည့် ဖေဖေအပေါ်မှာ ပစ်မှား မိတာတွေ ကျေပျောက်အောင် ညအိပ်ရာဝင်တိုင်း ကန်တော့ပြီးမှ အိပ်၊ ကန်တော့တဲ့အခါမှာလဲ ကိုယ်၊ စိတ်၊ နှုတ်နဲ့ ကျူးလွန် ပစ်မှားခဲ့သမျှတွေကို သည်းခံပါ ဖေဖေ လို့ ပါးစပ်ကလဲ ဆိုဦး'လို့ အကြည်ကို ဆုံးမတယ်။ အကြည်လဲ ခေါင်းညိတ်တယ်။

တနင်္ဂနွေကျတော့ အကြည်တို့တိုက်မှာ မြို့ပေါ်က လူကြီး လူကောင်းတွေဖိတ်ပြီး နံနက်စာကျွေးတယ်။ ထမင်းစားပြီးတဲ့အခါ ဆရာဝန်ဦးအုန်းဖေက ကိုမြင့်ဆွေနဲ့ အကြည်တို့ရဲ့ကိုယ်စား စေ့စပ်ကြောင်းလမ်း ပြီးစီးကြောင်းကို ကြေညာတယ်။ သီတင်းကျွတ်ရင် လက်ထပ်မယ်ဆိုတာကိုလဲ ကြေညာလိုက်တယ်။

ဧည့်သည်တွေအားလုံး ပြန်ကုန်ကြတဲ့အခါ 'အစ်ကိုကြီးရယ်၊ ကံအကျိုးပေးတာဟာ အင်မတန် ထူးဆန်းတယ်လို့ အစ်ကိုကြီး ပြောပြော နေတာဟာ သိပ်မှန်တာပဲ၊ မေမေဟာ အစ်ကိုကြီးကို သိပ်ပြီး မေတ္တာရှိတယ်၊ ဒါပေမယ့် အစ်ကိုကြီးနဲ့ နဖူးစာမပါဘူး၊ ဖေဖေနဲ့သာ နဖူးစာပါတယ်၊ အဲဒါကြောင့် ဖေဖေနဲ့ပဲ အိမ်ထောင်ကျရတယ်၊ အစ်ကိုကြီးဟာ အကြည်နဲ့မှ နဖူးစာပါတယ်၊ ဒါကြောင့် တစ်သက်လုံး လူပျိုကြီးလုပ်ပြီး အကြည် အရွယ်ရောက်အောင် စောင့်နေရတယ်'လို့ ရယ်ပြီး ပြောတယ်။ 'အကြည်ရယ် အကြည့်မေမေဟာ အစ်ကိုကြီးကို မေတ္တာရှိတယ်ဆိုတာဟာ အစ်ကိုကြီးလဲ မသိရပါလားကွယ်၊ ကျောင်းတုန်းကတော့ မခင်လှကို ညီမကလေးလို စောင့်ရှောက်ပါဆိုတာ မေမေက အစ်ကိုကြီးကို ခဏခဏမှာတယ်၊ ဒါကြောင့် အစ်ကိုကြီးကတော့ ညီမလေးလို စောင့်ရှောက်လာတာပဲ'လို့ ကိုမြင့်ဆွေက ပြောတယ်။ အကြည်က သူ့အမေ ပြောသွားသမျှတွေကို အကုန်ပြန်ပြောပြတယ်။ ကိုမြင့်ဆွေလဲ ခဏလောက်ငေးပြီး တွေးရင်ငယ်ငယ်က သူနဲ့ မခင်လှတို့ရဲ့ အဖြစ်အပျက်တွေကို ပြန်ပြီး မြင်နေတယ်။



တအောင့်လောက်ကြာတော့မှ 'ကံဆန်းကြယ်ပုံကတော့ မပြောနဲ့တော့ အကြည်ရေ၊ နန်းတော်ပေါ် စံနေတဲ့ မိဖုရားခေါင်ကြီးနဲ့ တောနက်မြက်မည်းကြီးထဲမှာ တရားကျင့်နေတဲ့ရသေ့ဟာ ညားရမယ်လို့ ဗေဒင်ဆရာ ဟောမိရင် လျှာအလိုးခံရမှာပဲနော်၊ ဒါပေတဲ့ တကယ်ဖြစ်ခဲ့တာ ရှိတယ်၊ ရှေးတုန်းက အလ္လကပ္ပမင်းနဲ့ ဝေဋ္ဌဒီပက မင်းနှစ်ပါးဟာ သံဝေဂရတဲ့အတွက် ထီးနန်းကိုစွန့်ပြီး တောထွက်ကြတယ်၊ အဲဒီ ရသေ့နှစ်ပါးအနက် ဝေဋ္ဌဒီပက ရသေ့ ကွယ်လွန်သွားတယ်၊ အလ္လကပ္ပ ရသေ့တစ်ပါးပဲ တောနက်ကြီးထဲမှာ တရားအားထုတ်နေတယ်၊ တစ်နေ့ကျတော့ ကောသမ္ဗီပြည်မှာ ပူရန္တပ္ပမင်းကြီးဟာ နေ့စေ့လစေ့ ကိုယ်ဝန်ရှိတဲ့ သူ့မိဖုရားကြီးနဲ့ နေပူစာလှုံနေတုန်း ငှက်ဆင်ကြီးတစ်ကောင်ဟာ ကမ္ဗလာနီခြုံထားတဲ့ မိဖုရားကြီးကို သားတစ်လို့ထင်ပြီး အတင်းသုတ်သွားတယ်၊ ဒီငှက်ဆင်ဟာ သူ့အစာစားနေကျ ပညောင်ပင်ကြီးကိုရောက်တော့ သူသုတ်လာတဲ့ မိဖုရားကြီးကို စားမလို့ သစ်ပင်ခွကြားမှာ နားတယ်၊ အဲဒီအခါ မိဖုရားကြီးက လက်ခုပ်တီး အော်ဟစ်ပြီး ခြောက်လိုက်တာ ငှက်ဆင်လဲပျံပြေးပြီး မကြာခင်ပဲ မိဖုရားကြီးဟာ သားကလေးတစ်ယောက်ကို သစ်ပင်ခွကြားမှာဖွားတယ်၊ ဒီသားကလေး ကြီးလာတဲ့အခါ ဥတေနမင်း ဖြစ်လာတယ်၊ စောင်းတီး အင်မတန်ကောင်းတယ်၊ သူတီးလိုက်ရင် ဆင်တွေ လာရတယ်၊ မြတ်စွာဘုရားကို စော်ကားတဲ့ မာဂဏ္ဍီဆိုတာ ဥတေနမင်းရဲ့ မိဖုရားတစ်ပါးပေါ့၊ အဲဒီ ဥတေနမင်းသားကလေးကို မွေးတဲ့ ပညောင်ပင်ကြီးနဲ့ မနီးမဝေးမှာ အလ္လကပ္ပ ရသေ့ရဲ့ ကျောင်းရှိတယ်၊ ရသေ့ဟာ ကလေးငိုသံကြားပြီး သားအမိ နှစ်ယောက်ကို ကယ်ထားရတယ်၊ အကြည်က အစ်ကိုကြီးကို ဘုန်းကြီးမလုပ်နိုင်အောင်လုပ်သလိုပဲ၊ မိဖုရားကြီးဟာ ရသေ့ကြီးကို ဟိုဟာလုပ် ဒီဟာလုပ်နဲ့ လုပ်လိုက်တာ ရသေ့ကြီးလဲ သီလတွေပျက်ပြီး မိဖုရားကြီးနဲ့ ညားရတာပါပဲ၊ ကံရဲ့အကျိုးပေးပုံဟာ ဘယ်လောက် ထူးဆန်းသလဲ အကြည်၊ နေပူစာလှုံနေတဲ့မိဖုရားကြီးဟာ တောထဲကရသေ့ကြီးနဲ့ ညားဖို့ကံပါလာတော့ ငှက်ဆင်ကြီးက ဝင်သုတ်ပေးရတယ်'လို့ ကိုမြင့်ဆွေက ပြောတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀

## ဝိညာဉ်ထင်လင်း သက်ရှင်ခြင်းကား

ကိုမြင့်ဆွေဟာ သူ့ကိုယ်သူ ချုပ်ခြယ်ထားတဲ့ အချုပ်အခြယ်တွေထဲက ကိုယ်ထိလက်ရောက် မကျူးလွန်ရဘူးဆိုတဲ့ အချုပ်အခြယ်တစ်ခုကလွဲလို့ တခြား အချုပ်အခြယ်တွေကို စေ့စပ်ကြောင်းလမ်းပြီးတဲ့ အချိန်ကစပြီး သူ့ဟာသူ ရုပ်သိမ်းလိုက်တယ်။ အဲဒီလိုရုပ်သိမ်းပြီး အကြည်ရဲ့ တိုက်ကို နေ့တိုင်းသွားတယ်။ အကြည်နဲ့ စကားပြောရင်လဲ အရင်ကလို ဣန္ဒြေကြီးနဲ့ မဟုတ်တော့ဘူး။ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာတယ်။ စကားပြောတဲ့အထဲမှာလဲ ရံဖန်ရံခါ ကြည်စယ်တာကလေးတွေ ကြားညှပ်ပြီး ပါလာတယ်။ ဒါတွေတင် မကသေးပါဘူး။ အရင်ကဆိုရင် အကြည့်ရဲ့ မျက်လုံးတွေကို ကိုမြင့်ဆွေဟာ ဘယ်တော့မှ စိုက်မကြည့်ဘူး။ ခုဆိုရင် တစ်ခါတစ်ခါ အကြည်နဲ့ မျက်လုံးချင်း တစိမ့်စိမ့်ကြည့်ပြီး တစ်ကိုယ်လုံး ဖြိုးဖြိုးဖျင်းဖျင်း ဖြစ်နေတဲ့ အရသာတွေကို ခံစားလာတယ်။

စေ့စပ်ကြောင်းလမ်းပြီးတဲ့နေ့မှာပဲ အကြည်ကိုယ်တိုင် ဈေးသွား၊ အစ်ကိုကြီးနဲ့ ကြည့်ကောင်းမယ့် လုံချည်တွေ ရှပ်အင်္ကျီစတွေ အပေါ်အင်္ကျီစတွေကို သေသေချာချာ ရွေးဝယ်၊ သေသေချာချာ အချုပ်ခိုင်း၊



ပြီးတော့ သူ့တိုက်မှာ ကောင်းကောင်း သိမ်းထားပြီး သူကိုယ်တိုင် တွဲပေးတဲ့ အပေါ်အင်္ကျီ၊ ရှပ်အင်္ကျီ၊ လုံချည်တွေကို အစ်ကိုကြီးက ဝတ်ရတယ်။ အစ်ကိုကြီးဟာ အပေါ်အင်္ကျီကို ကြယ်သီး အမြဲတတ်ထားတယ်ဆိုတာ အကြည်သိတယ်။ ဒါကြောင့် သူကိုယ်တိုင် အပေါ်အင်္ကျီကြယ်သီးတွေကို တပ်ပေးတယ်။ ပြီးတော့မှ သူခေါင်းဖြီး၊ သနပ်ခါးလူးနေကျ မှန်ကြီးရှေ့မှာ အစ်ကိုကြီးကို အထိုင်ခိုင်းတယ်။ ကန်တော့ဆိုပြီး အစ်ကိုကြီး ခေါင်းကို ကော့စမစ်တစ် တိုက်ပေးတယ်။ သေသေချာချာ ဟိုဘက်က လှည့်ကြည့် ဒီဘက်က လှည့်ကြည့်ပြီး ခေါင်းဖြီးပေးတယ်။ သူ မကျေနပ်မချင်း ဘီးတစ်ချောင်းနဲ့ ဟိုဆွဲ ဒီဆွဲ ဆွဲပြီး ဖြီးပေးနေတာပဲ။

နောက်ပြီးတော့ သူလိမ်းတဲ့ ပေါင်ဒါတွေ ယူလာပြီး တို့ပတ်ပဝါနဲ့ ရိုက်တယ်။ 'ယောကျ်ားဆိုတာ ပေါင်ဒါမလိမ်းရဘူး'လို့ ကိုမြင့်ဆွေက ပြောထားတာနဲ့ နောက်တော့ ပေါင်ဒါ လိမ်းမပေးတော့ဘူး။ အဲဒီလို သူကြိုက်သလို ခြယ်လှယ်ပြီးတော့မှ အစ်ကိုကြီးရဲ့ ပခုံးနှစ်ဖက်ပေါ် ရှေ့လက်နှစ်ဖက်တင်ပြီး မှန်ထဲက အစ်ကိုကြီးရဲ့ရုပ်ကို စိုက်ကြည့်နေတယ်။ ကိုမြင့်ဆွေက မှန်ထဲမှာ ပေါ်နေတဲ့ အကြည်ရဲ့ရုပ်ကို မော်ကြည့်တဲ့အခါ မျက်လုံးချင်းဆုံကြတယ်။ အကြည်က ပြုံးပြတယ်။ ကိုမြင့်ဆွေကလဲ ပြန်ပြုံးတယ်။ အဲဒီတော့မှ အကြည်က အစ်ကိုကြီးရဲ့ နားနားကပ်ပြီး 'အစ်ကိုကြီးက သိပ်ချောတယ်'လို့ ပြောတယ်။ ကိုမြင့်ဆွေက တစ်ခါတစ်ခါ ဘာမှ ပြန်မပြောဘူး။ ပြုံးရုံသာ ပြုံးနေတယ်။ တစ်ခါတစ်ခါတော့ သူ တစ်သက်လုံး ဆည်းပူးထားတဲ့ ပျက်လုံးကလေး သုံးလေးလုံးကို ဘာပဲဖြစ်ဖြစ် ဖြစ်ချင်ရာ ဖြစ်ပေစေ ထုတ်သုံးလိုက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ ထင်ပါရဲ့၊ အကြည်က အခုလို သူ့နားနားကပ်ပြီး အစ်ကိုကြီးက သိပ်ချောတာပဲလို့ ပြောတဲ့အခါ 'ငါးရှဉ့်နဲ့ ဘယ်သူက ပိုချောသလဲ'လို့ ပြက်လိုက်တယ်။ ပြီးတော့မှ သူ့ပြက်လုံးကို သူသဘောကျပြီး တခိခိနဲ့ ရယ်နေတယ်။ တစ်ခါတစ်ခါ ကျတော့လဲ 'အကြည့်လောက် မချောပါဘူး၊ အကြည်နဲ့ ယှဉ်လိုက်ရင် အစ်ကိုကြီးဟာ ရွှေလမင်းကြီးနားမှာ မှိတ်တုတ် မှိတ်တုတ် ဖြစ်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြယ်စုတ်လေးနဲ့ တူနေပါတယ် အကြည်’ လို့ ကျီစယ်လိုက်တယ်။ အကြည်က သိပ်ပြီး သဘောကျတယ်။

အကြည့်စိတ်ထဲမှာ အစ်ကိုကြီးဟာ သူ့မိတ်ဆွေ၊ သူ့သူငယ်ချင်း၊ သူ့မှီခိုရာ၊ သူ့အားထားရာ၊ သူ့အချစ်ရဲ့ တည်ရာသာမကသေးဘူး။ သူ့ကံစားစရာလေးလဲ ဖြစ်နေတယ်။ ဆိုးတဲ့၊ မူးတဲ့၊ ရိုက်တဲ့၊ ကန်တဲ့၊ ထိုးတဲ့၊ နှိပ်စက်တဲ့ ယောကျ်ားတွေကိုသာ တွေ့ပြီး၊ ယောကျ်ားတွေကို အမုန်းကြီးမုန်းနေရာက ရုပ်ကလဲချော၊ သဘောလဲကောင်းပြီး သူလုပ်တိုင်း ခံနေတဲ့ အစ်ကိုကြီးနဲ့ တွေ့တဲ့အခါ သူ့စိတ်တွေဟာ တစ်မျိုးပြောင်းသွားတယ်။ လောကကြီးဟာ သူထင်တဲ့အတိုင်း မဆိုးပါလားဆိုတဲ့ စိတ်ကူးတွေဟာ သူ့ခေါင်းထဲဝင်လာတယ်။ ယောကျ်ားမုန်ရင် မုန်းတဲ့ ကြောက်တဲ့ စိတ်တွေအောက်မှာ အနှစ်နှစ်အလလ လောင်းရိပ်တွေ အမိခံလာခဲ့ရတဲ့ သူ့ချစ်စိတ်တွေဟာ အဲဒီ လောင်းရိပ်တွေ မရှိတော့တဲ့အခါ သန်မာလာတယ်။ ထွားကြိုင်းလာတယ်။ အကိုင်းအခက်တွေ ဝေဝေဆာဆာ ဖြစ်လာတယ်။ အဖူး၊ အပွင့်၊ အသီးတွေ ဖူးပွင့်သီးလာကုန်ကြတယ်။ အဲဒီလို သန်မာထွားကျိုင်း၊ ဝေဆာဖူးပွင့် သီးလာကြတဲ့ အချစ်စိတ်တွေဟာ ငြိမ်မနေနိုင်ကြတော့ဘူး။ အကြည့်ငယ်ထိပ်က ခြေမအထိ အကြောကြီး၊ အကြောလတ်၊ အကြောသေး၊ အကြောသိမ်၊ အကြောပိစိညှောင့်ကလေးတွေပါမကျန် အကြောတွေမှန်သမျှထဲ အကုန်လုံး လျှောက်ပြီး တလှုပ်လှုပ်တရွရွ တွေ့သမျှတွေကို အကုန်လုံးဆွပေးနေတဲ့အတွက် အကြည်ကလေးဟာ သူ့အသည်းထဲမှာလဲ လှုပ်လှုပ်လှုပ်လှုပ်၊ ကျန်တဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေမှာလဲ ဖျဉ်းဖျဉ်းဖျဉ်းဖျဉ်းနဲ့ တစ်နေ့လုံး ဖြစ်နေတာပဲ။ ရေချိုးတုန်းလဲ ဖြစ်နေတာပဲ။ ထမင်းစားတုန်းလဲ ဖြစ်နေတာပဲ။ မော်တော်စီးနေတုန်းလဲ ဖြစ်နေတာပဲ။ စက်ဖက်မှာ စာရင်းစာအုပ်တွေ ကြည့်နေတုန်းလဲ ဖြစ်နေတာပဲ။ အစ်ကိုကြီးနဲ့ မျက်နှာချင်းဆိုင်ပြီး မျက်စိချင်း တစိမ့်စိမ့်ကြည့်နေတုန်းလဲ ဖြစ်နေတာပဲ။ အစ်ကိုကြီးရဲ့ လက်မောင်းကို သူ့လက်တစ်ဖက်နဲ့ ဖက်ထားပြီး လှေကားပေါ် အဆင်းအတက် သွားနေတုန်းလဲ ဖြစ်နေတာပဲ။ အစ်ကိုကြီးကို ခေါင်းဖြီး



ပေးနေတုန်းလဲ ဖြစ်နေတာပဲ။ အိပ်ရာပေါ်မှာ လှဲနေတုန်းလဲ ဖြစ်နေတာပဲ။ အိပ်နေတုန်းတောင် တစ်ခါတလေ အိပ်မက်သလိုလို ဘာလိုလိုနဲ့ အသည်းထဲမှာ အေးခနဲ တစ်ကိုယ်လုံးမှာ ဖျဉ်းခနဲဆိုတဲ့ အတွေ့ထူးတွေဟာ ဖြစ်နေတော့တာပဲ။

အဲဒီလိုအခါမျိုးမှာ အစ်ကိုကြီးကသာ စည်း မစောင့်ရင်တော့ ကျူးလွန်မှုတွေဖြစ်မှာ ဧကန်မလွဲတော့ဘူး။ အစ်ကိုကြီးလဲ သူ မယူမယ့် မိန်းကလေးတစ်ယောက်ကို သွားပြီး လွန်ကျူးရင် ကာမေသုမိစ္ဆာစာရက် ထိုက်တယ်လို့ ခေါင်းမှာ သံမှိုနှက်သလို ယုံကြည်နေတဲ့အတွက် ယူမယ်လို့ မဆုံးဖြတ်ခင်တုန်းကလဲ သူ့စိတ်နိုင်အောင် ကြိုးစားပြီး ထိန်းထားတာပဲ။ စေ့စပ်ကြောင်းလမ်းပြီးပြန်တော့လဲ အကြည်ဟာ သူ့ကာမပိုင်မယား မဖြစ်သေးဘူး။ ဒီလို ကာမပိုင်မယား မဖြစ်သေးဘဲနဲ့ ကိုယ်ထိလက်ရောက် ကျူးလွန်ပြန်ရင်လဲ ကာမေသုမိစ္ဆာစာရက် ထိုက်တာပဲလို့ ယုံကြည်နေတဲ့အတိုင်း နှုတ်ရဲ့ လိုက်လျောမှုကလေးလောက် ပြုံးရုံကလေးလောက် ချစ်တဲ့ မျက်လုံးတွေနဲ့ ကြည့်ရုံကလေးလောက်အထိသာ သူ့ကိုယ်သူ ခွင့်ပြုထားတယ်။ ကိုယ်ထိလက်ရောက် လွန်ကျူးမှု ဆိုတာကိုတော့ လက်ထပ်ပြီးတဲ့ ညအထိ ထိန်းသိမ်းထားဖို့ ပြင်းပြင်းထန်ထန် သန္နိဋ္ဌာန် ချထားတယ်။ သူ့ရဲ့ သန္နိဋ္ဌာန်ဟာ ဘယ်လောက်အထိ ကြီးကျယ်တယ် ဆိုတာတော့ သူ့ဟာသူ သိချင်မှသိမယ်။ အကယ်၍ သူ့မှာ ဒိဗ္ဗစက္ခုသာ ရှိမယ်ဆိုရင် တာဝတိံသာက သုဓမ္မာသဘင်မှာ သိကြားမင်းကြီးနဲ့ နတ်တွေဟာ သူ့ကိုယ်ကျင့်တရားကို ချီးကျူးပြီး သာဓုတွေ အကြိမ်ကြိမ် ခေါ်နေတာကို ဧကန်မုချ သူမြင်ရမှာပဲ။

အဲဒီလို ကိုမြင့်ဆွေနဲ့ အကြည်နဲ့ အချစ်ရေယာဉ်ကြောမှာ မျောနေလိုက်ကြတာ ကိုမြင့်ဆွေ စစ်ကိုင်းမသွားခင် တစ်နေ့ကို ရောက်လာတယ်။ အကြည်လဲ ခါတိုင်းလို အစ်ကိုကြီးကို ဆံပင်တွေ ဖြီးပေးနေတယ်။ အဲဒီလို ဖြီးပေးရင်း ‘အစ်ကိုကြီး၊ အကြည်လဲ စစ်ကိုင်းကို လိုက်ချင်တယ်’ လို့ ပြောတယ်။ ‘အို အကြည်ကလဲ အစ်ကိုကြီး ပြောထားသားပဲကွယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ နှစ်ယောက်မှာသည်၊ အလုပ်ဆိုးအကိုရှ ဒီလောက်ကြာကြာကြီး ပစ်သွားလို့ မကောင်းဘူး' လို့ ပြောတယ်။ 'အစ်ကိုကြီး သွားနေမှာက အကြာကြီး'လို့ အကြည်က ပြောတယ်။ 'ဒါကတော့ မသွားမဖြစ်လို့ သွားရတာပါ အကြည်ရယ်'လို့ ပြန်ပြောတယ်။ အကြည့်မျက်လုံးထဲက မျက်ရည်တွေ စီးကျလာတယ်။ ခေါင်းဖြီးနေတဲ့ လက်တွေကို အောက်ချ လိုက်ပြီး မျက်ရည်တွေတွေ တွေတွေ စီးကျရင်း အကြည်ဟာ ကြမ်းပြင်ကို စိုက်ကြည့်နေတယ်။ ကိုမြင့်ဆွေလဲ အကြည်ငိုနေတာကို မှန်ထဲမှာ မြင်ရ တယ်။ အဲဒါကြောင့် 'အကြည်ကလဲကွယ်'လို့ ပြောလိုက်တယ်။ အဲဒီ တော့မှပဲ အကြည်ဟာ မတ်တတ်ရပ်ရာက ထိုင်လိုက်ပြီး ကိုမြင့်ဆွေရဲ့ ပေါင်ပေါ်မှာ မျက်နှာမှောက်ထားရင်း ရှိုက်ရှက်ပြီး ငိုနေတော့တယ်။ ကိုမြင့်ဆွေလဲ အကြည်ရဲ့ ရှိုက်နေတဲ့ ကျောကိုကြည့်ရင်း 'အစ်ကိုကြီးလဲ အကြည်နဲ့ ခွဲပြီးသွားရမှာ မပျော်ပါဘူးကွယ်၊ မသွားမဖြစ်လို့သာ သွားရ မှာပဲ၊ အစ်ကိုကြီး စိတ်မချမ်းသာအောင် ဘာဖြစ်လို့ ငိုနေရသလဲအကြည်'လို့ ပြောရင်း ချစ်မိလို့ ဒီသောကတွေ ဖြစ်ရတော့တာပဲလို့ ကိုမြင့်ဆွေ သံဝေဂ ရလိုက်တယ်။ ချစ်မိလို့ ဒီလို ရှိုက်ကြီးတငင် ငိုပွဲဆင်ရတာပဲလို့များ သံဝေဂရလိုက်ရင် သူ့အတွက် သိပ်ပြီး အကျိုးရှိမှာပဲ။ ဒါပေမယ့် အကြည် ဟာ ကိုမြင့်ဆွေလောက် ပါရမီမရင့်သေးဘူး။ နုသေးတယ်။ ဒါကြောင့် ကိုမြင့်ဆွေလို သံဝေဂမရနိုင်သေးဘူး။ အကြည်ဟာ အငိုတိတ်ပြီး ခေါင်း ဆက်ဖြီး ပေးတယ်။

'အစ်ကိုကြီး၊ ဟိုက နေ့တိုင်းစာရေးရမယ်နော်'လို့ ပြောတယ်။ 'တရားအားထုတ်တယ်ဆိုတာ အကြည်က မထုတ်ဘူးသေးတော့ မသိဘူး။ စာရေးဖို့ဆိုတာတော့ ထားလိုက်ပါဦး၊ ကမ္မဋ္ဌာန်းထိုင်တဲ့လူတွေဟာ ဘုရား တောင် အရှည်ကြီး မရှိခိုးရဘူး၊ နိုးတဲ့တစ်ချိန်လုံးမှာ မှတ်နေရတယ်'လို့ ပြောတယ်။ 'အကြည်ကတော့ ရေးနေမှာပဲ'လို့ ပြောတယ်။ သူ့စာတွေကို တော့ ကမ္မဋ္ဌာန်းထိုင်တုန်း ဖတ်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် မရေးနဲ့ ဆိုရင် စိတ်မချမ်းမသာ ထပ်ဖြစ်နေဦးမယ်ဆိုပြီး ကိုမြင့်ဆွေက ဘာမှ



မပြောဘူး။ 'အစ်ကိုကြီး သီတင်းကျွတ်တာနဲ့ တစ်ခါတည်း ပြန်လာရမယ်'လို့ ပြောတယ်။ 'အေးပါကွယ်'လို့ ပြန်ဖြေတယ်။ 'မနက်ဖြန်ခါ အစ်ကိုကြီး ဒီကနေပြီး သင်္ဘောဆိပ် ဆင်းရမယ်၊ အကြည်လဲ လိုက်ပို့မယ်'လို့ ပြော တယ်။ 'သင်္ဘောဆိပ်ကျတော့ လူတွေတောထဲမှာ အခုလို ငိုနေမယ်ဆိုရင် မဖြစ်ဘူး၊ ဒီတော့ လိုက်မပို့ပါနဲ့လား အကြည်ရယ်၊ မနက်ဖြန်တစ်နေ့လုံး ကိုယ်ဒီမှာ လာနေမှာပဲ၊ ဒီကမှ သင်္ဘောဆိပ်ကို ဆင်းမယ်'လို့ ကိုမြင့်ဆွေက ပြောတယ်။ 'အကြည် မငိုပါဘူး'လို့ ပြန်ပြောတယ်။

အဲဒီလိုပြောပြီးတော့မှ အကြည်က 'ဒီကနေ့ အစ်ကိုကြီးကို အကြည် မေးခွန်းတစ်ခု မေးချင်တယ်၊ အစ်ကိုကြီး မှန်မှန်ပြောမလား'လို့ မေးတယ်။ 'အစ်ကိုကြီး အကြည့်ကို လိမ်ပြောဖူးသလား၊ သူများကို လိမ် ပြောတယ်ဆိုတာကော အကြည်ကြားဖူးသလား'လို့ ကိုမြင့်ဆွေက မေး တယ်။ အကြည်က ခေါင်းခါပြတယ်။ 'အစ်ကိုကြီး အကြည်ကို အဟုတ် ချစ်ရဲ့လား၊ ဒီလိုမှ မဟုတ်ရင်လဲ ဒီဟာမကလေးကတော့ တကမ်ထဲ ကပ်နေပြီ၊ ရှောင်လို့တော့ ရတော့မှာမဟုတ်ဘူးဆိုတဲ့ အနေနဲ့ အကြည့်ကို ယူရမှာလား'လို့ မေးတယ်။ 'မရွှေကြည်က ရှာရှာဖွေဖွေ မေးလဲမေးတတ် တယ်ကွယ်၊ အကြည့်စိတ်ထဲမှာ ဘယ်လိုထင်သလဲ'လို့ ကိုမြင့်ဆွေက ပြန်မေးတယ်။ 'မသိဘူးလေ၊ အစ်ကိုကြီးစိတ်ကို အစ်ကိုကြီးပဲ သိမှာပေါ့'လို့ ပြန်ပြောတယ်။ 'ချောတဲ့ မိန်းကလေးတစ်ယောက်ကိုမြင်ရင် မချစ်တဲ့ မကြိုက် တဲ့ သူဟာ ရဟန္တာသော်လည်းကောင်း၊ နွားသော်လည်းကောင်း ဖြစ်ရမယ် ဆိုတာ အကြည် ကျောင်းမှာနေတုန်းကကြားဖူးမှာပေါ့၊ ရဟန္တာကတော့ [illegible]။ ကိလေသာတွေကုန်ခန်းနေလို့ ဘယ်လောက်ချောတဲ့ လှတဲ့ဟာမကလေး တွေကို မြင်ရပေမယ့် ဘယ်လိုမှ မဖြစ်တော့ဘူး၊ မတုန်လှုပ်ဘူး၊ နွားက တော့ ချောတယ် လှတယ်ဆိုတာ သိနိုင်တဲ့ မျက်လုံးကို မရှိလို့ အပျိုချော ကလေးကို မြင်ရပေတဲ့ ဘာမှမဖြစ်ဘူး၊ အစ်ကိုကြီးဟာ ရဟန္တာလဲ မဟုတ် ဘူး၊ နွားလဲ မဟုတ်ဘူး၊ အဲဒီတော့ အကြည်လောက် ချောတဲ့လှတဲ့ [illegible]တယ်။ ကလေးကို တွေ့နေရရက်သားနဲ့ မချစ်ဘဲ ဘယ်နေနိုင်မလဲ [illegible]ပိုက်နဲ့'လို့

www.burmeseclassic.com

www.burmeseclassic.com



ပေါ့’လို့ ကိုမြင့်ဆွေက ပြောတယ်။ အကြည်လဲ အတော် သဘောကျသွားတဲ့အတွက် ပြုံးပြီး ကိုမြင့်ဆွေကို မျက်လုံးကလေး အပေါ်လှန်ကြည့်နေတယ်။

တအောင့်လောက်ကြာတော့မှ ‘ဒါပေမယ့် အစ်ကိုကြီးကိုကြည့်ရတာ အေးစက်စက်နဲ့၊ အကြည်ချစ်သလောက် မချစ်သလိုပဲ၊ အကြည်သာ အစ်ကိုကြီးရဲ့ အိမ်ပေါ်ကို ဖွတ်အတင်းတက်မလာရင် အစ်ကိုကြီးဟာ အခုထက်ထိ စဉ်းစားလို့ ပြီးဦးမှာ မဟုတ်ဘူး’လို့ ပြောတယ်။ ‘အကြည်ရေ လောကမှာ အချစ်တစ်ခုတည်းရှိတာ မဟုတ်ဘူး၊ စဉ်းစားစရာတွေ အများကြီးပဲ ရှိနေသေးတယ်၊ အချစ်တစ်ခုထဲကိုပဲ စဉ်းစားပြီး ဖြုန်းဒိုင်းနဲ့ လုပ်လိုက်လို့ မှားသွားရင် အိမ်ထောင်ပြုတာကို ပြင်လို့ မရတော့ဘူး’လို့ ကိုမြင့်ဆွေက ပြန်ပြောတယ်။

နောက်တစ်နေ့နံနက် ကိုးနာရီလောက်ကတည်းက ကိုမြင့်ဆွေလဲ အကြည်တို့တိုက်ကို ရောက်နေတယ်။ မနက်စာ စားပြီးတဲ့အခါ အကြည့် အခန်းထဲက ပက်လက်ကုလားထိုင်ပေါ်မှာ အစ်ကိုကြီးကို အထိုင်ခိုင်းတယ်။ ကုလားထိုင်အနားက ကြမ်းပြင်ပေါ်မှာ အကြည်ထိုင်ပြီး အစ်ကိုကြီးကို စိမ်းနေအောင်ကြည့်တယ်။ အစ်ကိုကြီးက ပြုံးပြတယ်။ အကြည်က မပြုံးဘူး။ တအောင့်လောက်ကြာတော့ မျက်ရည်တွေ ကျလာတယ်။ ‘မရွှေကြည်ခင်ဗျား ဒီလို မျက်ရည်တွေကျကျနေရင် ညနေ သဘော်ဆိပ် လိုက်ပို့လို့ ဖြစ်မလား၊ မဖြစ်ဘူးထင်တယ်’လို့ ကိုမြင့်ဆွေက ပြောတယ်။ အကြည်လဲ ာားရအောင်ငိုနေတယ်။ ကိုမြင့်ဆွေလဲ ရှေ့တည့်တည့်ကြည့်ရင်း အချစ်ဆိုတာ ချမ်းသာတစ်ပဲ ဆင်းရဲတစ်ပိသာ ပေါင်းထားတာပါပဲလို့ တွေးမိပြီး သံဝေဂ ရနေပါတယ်။ တအောင့်လောက်ကြာတဲ့အခါ အကြည်လဲ မျက်နှာ စ်ပစ်လိုက်တယ်။

ပြီးတော့မှ ‘အကြည်ရေ ချစ်တယ်ဆိုတာ စိတ်ရော ကိုယ်ရော တော့ ဆင်းရဲရတယ်၊ ပိယဇာတိကသုတ်မှာ ပူဆွေးခြင်း၊ ငိုကြွေးခြင်း ဆိုရင် စ ရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူပန်ခြင်း ဆိုတာတွေဟာ



ချစ်ခြင်းကြောင့်သာ ဖြစ်တာတွေပဲ၊ ချစ်ခြင်းဟာ အခုပြောခဲ့တဲ့ ဆင်းရဲဒုက္ခတွေရဲ့ အမွှန်အစပဲလို့ မြတ်စွာဘုရား ဟောတော်မူထားတယ်၊ အစ်ကိုကြီး ငယ်ငယ်တုန်းက မေမေဟာ ဒီသုတ်ကို ခဏခဏ ဟောဖူးတယ်၊ အစ်ကိုကြီး ပြန်ပြောပြမယ်နော်၊ အကြည် ကောင်းကောင်းနားထောင်’ ဆိုပြီး ပြောပြပါတယ်။ ဒီလိုပြောပြီး ကိုမြင့်ဆွေက ‘အချစ်ဟာ လူကို ဘယ်လောက် ဒုက္ခပေးတယ်ဆိုတာ အခု ကြားပြီ မဟုတ်ဘူးလား၊ အဲဒီတော့ ဒီအချစ်ကို သိပ်ပြီး မျက်နှာသာမပေးနဲ့၊ အလိုမလိုက်နဲ့၊ မျက်နှာသာ ပေးနေသရွေ့ အလိုလိုက်နေသရွေ့တော့ အခု အကြည်ငိုသလို အမြဲ ငိုနေရမှာပဲ၊ အဲဒီတော့ ရင်ထဲမှာ ဒီအချစ်ပေါ်လာပြီဆိုရင် ငါရော၊ ငါ့အစ်ကိုကြီးရော၊ လူတွေ နတ်တွေ ဗြဟ္မာတွေ အစရှိတဲ့ တစ်လောကလုံးရော အိုရဦးမယ်၊ နာရဦးမယ်၊ သေရဦးမယ်၊ သေကွဲသော်လည်းကောင်း၊ ရှင်ကွဲသော်လည်းကောင်း ကွဲကြရဦးမယ်၊ ဒီ အိုနာသေကွဲဆိုတဲ့ သဘောတရားကြီးတွေကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူး၊ ငါ့မှာ ကံသာလျှင် ကိုးကွယ်မှီခိုရာရှိတယ်၊ ငါဟာ ကံရဲ့ အမွေခံဖြစ်တယ်ဆိုတဲ့ အကြည်နေ့တိုင်း ဆင်ခြင်ဖို့ အစ်ကိုကြီးပေးထားတဲ့ ဆင်ခြင်ဖွယ်တရားငါးပါးကို ဆင်ခြင် ဆင်ခြင်ပေးရမယ်၊ အခုတော့ အကြည်က ဆင်ခြင်တာရယ်လို့ မရှိတော့ဘူး၊ အရမ်းချစ်နေတာပဲ ရှိတယ်၊ ဒီလိုဆိုတော့ သိပ်ပင်ပန်းတာပေါ့၊ သိပ်ဆင်းရဲတာပေါ့၊ အကြည် စဉ်းစားကြည့်စမ်း၊ အကြည့်ကို ဒုက္ခရောက်သွားအောင် အကြည့်အကျိုးတွေ ပျက်စီးသွားအောင်ဆိုတဲ့ စကားတွေကိုများ အစ်ကိုကြီး ပြောဖူးသလား’လို့ မေးတယ်။ အကြည်က ခေါင်းခါပြတယ်။ ‘အဲဒီတော့ အစ်ကိုကြီးပြောတာ နားထောင်ပါ၊ တစ်ခါတစ်ခါလဲ ဆင်ခြင်စရာတွေနဲ့ ဆင်ခြင်ပေးပါဦး မရွှေကြည်ရယ်၊ အစ်ကိုကြီး မေတ္တာရပ်ပါတယ်’လို့ ကိုမြင့်ဆွေက ပြောတယ်။

ကိုမြင့်ဆွေလဲ အလုပ်အကြောင်းတွေကို လျှောက်ပြောပြနေတယ်။ ညနေစောင်းလောက်ကျတော့ အမြန် သဘော်ဥဩဆွဲသံကြားရတယ်။ ‘ကဲ မရွှေကြည် ငိုဦးမယ်ဆိုရင်တော့ သဘော်ဆိပ်ကို မလိုက်နဲ့’လို့

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ဆွေက ပြောတယ်။ အကြည်က ပြုံးပြီး 'မငိုပါဘူး'လို့ ပြောတယ်။ ကိုမြင့်ဆွေဟာ ပထမတန်းအခန်းထဲမှာ နေရာယူထားတယ်။ အကြည်နဲ့ ဒေါ်လေးလဲ ပထမတန်းအခန်းထဲ ဝင်လိုက်ကြတယ်။ သင်္ဘောထွက်ခါနီး အချက်ပေးတဲ့အခါ ကိုမြင့်ဆွေက 'ကဲ သင်္ဘောထွက်တော့မယ်၊ ဆင်းကြတော့'လို့ ပြောတယ်။ အကြည်ဟာ အစ်ကိုကြီးကိုကြည့်ရင်း မျက်ရည်တွေ ကျလာတယ်။ လူတွေ တောထဲဖြစ်နေတာနဲ့ ကိုမြင့်ဆွေလဲ မသိချင်ယောင် ဆောင်နေတယ်။ ဘာမှ မပြောဘူး။ အကြည်လဲ ပတ်ဝန်းကျင်ကို မရှက်နိုင်ဘူး။ ဂရုမစိုက်နိုင်ဘူး။ တစ်လောကလုံးမှာမှ တစ်ယောက်တည်း ရှိတယ်လို့ သူထင်ထားတဲ့ သူ့မိတ်ဆွေ၊ သူ့သူငယ်ချင်း၊ သူ့မိနီရာ သူ့အားထားရာ၊ သူ့ကစားစရာ၊ သူ့အစ်ကိုကြီးနဲ့ ခွဲရခါနီးမှာ မထိန်းနိုင်ဘူး။ မျက်ရည်တွေ အများကြီး ကျလာတယ်။ အစ်ကိုကြီးလဲ စိတ်မချမ်းသာလှဘဲ နောက်က ရပ်ကြည့်နေတယ်။ အကြည်ဟာ ဆိပ်ခံတွဲပေါ်ရောက်တော့လဲ မသွားသေးဘူး။ သူ့မျက်လုံးနဲ့ သင်္ဘောပေါ်မှာ အစ်ကိုကြီးကို လိုက်ရှာနေတယ်။ တွေ့တဲ့အခါ စိုက်ပြီးကြည့်နေတယ်။ အစ်ကိုကြီးက သင်္ဘောပေါ်မှ လက်ပြတယ်။ သူကလဲ ပြန်ပြတယ်။ အစ်ကိုကြီးကို မမြင်ရတော့မှ မျက်ရည်သုတ်ပြီး ပြန်သွားတယ်။

ကိုမြင့်ဆွေလဲ စစ်ကိုင်းရောက်လို့ ဆရာတော် ဦးဣန္ဒြိယနဲ့ တွေ့တဲ့အခါ ဆရာတော်လဲ ကိုမြင့်ဆွေဟာ ဘုန်းကြီးလုပ်ဖို့ အလုပ်က ထွက်တယ်ဆိုတာ သိပြီးနေတဲ့အတွက် 'အခုတစ်ခါတည်း ဘုန်းကြီးအလုပ်ပဲ လား'လို့ ဆရာတော်က မေးတယ်။ ကိုမြင့်ဆွေက အကြောင်းစုံ လျှောက်ထားတယ်။ အဲဒီအခါ ဆရာတော်က 'အင်း သတ္တဝါတွေဟာ ကံစီမံတဲ့ အတိုင်း ဖြစ်ရတာပဲ'လို့ အမိန့်ရှိတယ်။ ဉာဏ်စဉ်နာရတဲ့အထိ အောင်အောင် မြင်မြင် တရားအားထုတ်ပြီးတဲ့သူဟာ မိန်းမတစ်ယောက်ကို စွဲစွဲလမ်းလမ်း ချစ်တာ ကြိုက်တာ မရှိတော့ဘူးလို့ ကိုမြင့်ဆွေ မြင်နေတယ်။ သူဟာ အရာရှိအဖြစ်နဲ့ ဆယ့်လေးနှစ်တိုင်တိုင် တစ်နိုင်ငံလုံး လှည့်လာခဲ့တုန်းက အများကြီး ချောတာတွေ၊ အများကြီး ယဉ်တာတွေ၊ အများကြီး မက်



စရာ ကောင်းတာတွေနဲ့ တွေ့ခဲ့ဖူးပေတဲ့ ဘယ်သူ့ကိုမှ စွဲစွဲလမ်းလမ်း မဖြစ်ခဲ့ဘူး၊ ဒါဟာ တရားအားထုတ်တာကြောင့်လို့ ထင်ခဲ့တယ်။

အခု အကြည်နဲ့ကျတော့ တွေ့ခါစလဲ ဘာမှ မဖြစ်သေးဘူး။ နောက်တော့ တဖြည်းဖြည်းနဲ့ အစွဲကြီးစွဲ အချစ်ကြီး ချစ်လာတဲ့အခါ တရားအားထုတ်ပြီးတဲ့ လူတွေထဲက သူတစ်ယောက်ပဲ ဒီလိုစွဲ၊ ဒီလို ချစ်နေတယ်လို့ သူထင်နေတယ်။ အဲဒါကြောင့် ကိုမြင့်ဆွေက 'ဆရာတော် သောတာပန် ဖြစ်ပြီးမှ ယောကျာ်းက မိန်းမကို၊ မိန်းမက ယောကျာ်းကို စွဲစွဲလမ်းလမ်း ချစ်နိုင် ကြိုက်နိုင်သေးသလား ဘုရား'လို့ လျှောက်တယ်။ ဆရာတော်ဘုရားက 'သောတာပန်မှာ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာသာ ပြုတ်သေးတာပဲ၊ ရာဂတွေမှ မကုန်သေးဘဲ၊ ချစ်နိုင်ကြိုက်နိုင်ကြသေးတာပေါ့၊ သောတာပန် ထားပါဦး၊ ဒကာမြင့်ရာ၊ သောတာပန်ထက်မြင့်တဲ့ သကဒါဂါမ်တောင် ချစ်နိုင်ကြိုက်နိုင်သေးတာပဲ၊ အနာဂါမ်ကျတော့မှ ကာမ ရာဂ စိတ်တွေဟာ အမြစ်ပါပြုတ်တယ်၊ အဲဒီတော့မှပဲ ချစ်တဲ့ ကြိုက်တဲ့ စိတ်တွေဟာ ကုန်တယ်။

'မြတ်စွာဘုရား လက်ထက်တော်တုန်းက ရာဇဂြိုဟ်ပြည်မှာ သူဌေးသမီးတစ်ယောက်ရှိတယ်၊ သူ့ကို မိဘတွေက ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်နဲ့ ထားတယ်၊ အဲဒီ သူဌေးသမီးဟာ သောတာပန်ဖြစ်ပြီးနေပြီ၊ တစ်နေ့ကျတော့ ကုက္ကုဋမိတ္တ ဆိုတဲ့ မုဆိုးတစ်ယောက်ဟာ သူအမဲလိုက်လို့ရတဲ့ သမင်သားတွေကို လှည်းထဲထည့်ပြီး ရောင်းရအောင် ရာဇဂြိုဟ်ပြည်ထဲ ဝင်လာတယ်။ ပြာသာဒ်ပေါ်က သောတာပန်သူဌေးသမီးဟာ ဒီမုဆိုးကို သိပ်ကြိုက်ပြီး ပြာသာဒ်ပေါ်က တိတ်တိတ် ထွက်ပြေးတယ်၊ မုဆိုးအိမ်ပြန်တဲ့အခါ လှည်းနောက်ကလိုက်သွားတယ်၊ မုဆိုးကို ဒီသူဌေးသမီးဟာ ဘယ်လောက်များ စွဲသလဲဆိုရင် မုဆိုးက 'ငါ့နောက်ကိုမလိုက်နဲ့'လို့ တားတောင် မရဘူး၊ သူဌေးသမီးက မုဆိုးကို 'အရှင့်သား မင်းဆိုတာ ကိုယ့်ဆီကိုရောက်လာရင် မပယ်သင့်ဘူး'လို့ ပြန်ပြောပြီး လိုက်သွားတယ်၊ မုဆိုးနဲ့ သူဌေးသမီးနဲ့ ညားပြီး သား ခုနစ်ယောက်ရမှ

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား ချွတ်တော်မူတဲ့အတွက် မုဆိုးကြီးနဲ့ သားခုနစ်ယောက်လဲ သောတာပန်တွေ ဖြစ်ကုန်ကြတယ်၊ သောတာပန်ဖြစ်တာနဲ့ မချစ်ရ မကြိုက်ရဘူးလို့မဆိုနိုင်ဘူး'လို့ ဆရာတော်ဦးဣန္ဒြိယက အမိန့်ရှိတယ်။

ဆရာတော်နဲ့တိုင်ပင်ပြီး နောက်တစ်နေ့ ကိုမြင့်ဆွေ ပဉ္စင်းတက်တယ်။ ဆရာတော်က ဩဝါဒပေးပြီး သိတင်းကျွတ်ရင် ဝါးခယ်မကို သူလဲ လိုက်မယ်၊ ဝါးခယ်မက သူ့ဆရာဘုန်းကြီးကိုလဲ မကန်တော့ရတာ ကြာပြီလို့ အမိန့်ရှိတယ်။ ကိုမြင့်ဆွေ ရဟန်းဖြစ်လာတဲ့အခါ ဦးပညာလို့ ဆရာတော်က ဘွဲ့ပေးတယ်။ ဦးပညာလဲ ရဟန်းဖြစ်ပြီးကတည်းက ဘယ်သူနဲ့မှ အတွေ့မခံဘူး။ တရားကိုသာ စွဲစွဲမြဲမြဲ အားထုတ်နေတယ်။ ဒါပေမယ့် တနင်္ဂနွေနှစ်ပတ်လောက်ဟာ ပိန်တယ်၊ ဖောင်းတယ်လို့ ပါးစပ်ကသာ ဆိုနေတယ်။ စိတ်ကတော့ ပိန်တဲ့ ဖောင်းတဲ့နေရာမှာ မရှိဘူး။ အကြည့်အနားမှာပဲ တဝဲလည်လည် ဖြစ်နေတယ်။ ထိုင်ရတာကြာလို့ ခြေကြွလျှောက်ပြန်ရင်လဲ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ ပါးစပ်ကသာ ဆိုနေတယ်၊ စိတ်ကတော့ အကြည့်အနားမှာပဲ တရစ်သီသီဖြစ်နေတာပဲ။ အဲဒီလို ဖြစ်နေတာတွေကို သတိရတဲ့အခါ အချစ်ဆိုတာ အရသာရှိသလိုလိုနဲ့ လူကို တယ်ဒုက္ခပေးတဲ့ဟာပါလား၊ ငါဟာ မေမေ့စကား နားမထောင်ခဲ့မိလို့ ဒီဒုက္ခတွေနဲ့ တွေ့ရတာပဲ၊ ဟိုတုန်းကသာ မေမေဆုံးမတဲ့အတိုင်း ငါ ဘုန်းကြီးလုပ်ခဲ့မိရင် အခုလောက်ရှိ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေတစ်ဆင့် နှစ်ဆင့်လောက် တိုးပြီးရနေပြီ၊ ငါ ဟောပြောပြသလို့ လူတွေ အတော် ခပ်များများတောင် အကျွတ်တရားတွေ ရနေကြပြီ။ ငါငယ်ငယ် ဒီအချစ်ဒုက္ခတွေနဲ့ မတွေ့ရသေးတဲ့အရွယ်က မေမေ့စကားကို နားထောင်ပြီး ကမ္မဋ္ဌာန်းထိုင်ခဲ့မိတာ ငါကုသိုလ်သိပ်ကောင်းတာပဲလို့ တွေးမိပြီး ဒီစိတ်တွေကို အသုဘကမ္မဋ္ဌာန်းနဲ့ အတော်ကြီး ဖျောက်ဖျက်ပစ်ရတယ်။

ဝါးခယ်မက အကြည်ရဲ့ ဒိုင်ယာရီထဲမှာလဲ အစ်ကိုကြီးကို အောက်မေ့တယ်။ အစ်ကိုကြီးကို လွမ်းတယ်။ အစ်ကိုကြီးကို လွမ်းလို့ ဒီနေ့ သုံးခါ ငိုရတယ်။ ညက တစ်ညလုံး အိပ်မပျော်ဘူး။ ဒီကနေ့



နှစ်ဆယ့်တစ်ရက်ရှိသွားပြီ။ အစ်ကိုကြီးပြန်လာဖို့ ခြောက်ဆယ့်ကိုးရက်သာ လိုတော့တယ်။ ခြောက်ဆယ့်ရှစ်ရက်သာ လိုတော့တယ်။ ခြောက်ဆယ့်ခုနစ်ရက်သာ လိုတော့တယ်။ မနေ့ညက အစ်ကိုကြီး ပြန်လာတယ်လို့ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ မရွှေကြည် အစ်ကိုကြီးကို ဘယ်လောက် အောက်မေ့သလဲလို့ မေးတယ်။ အကြည်က အများကြီး အောက်မေ့တယ်လို့ ပြောလိုက်တယ်ဆိုတဲ့ အရေးအသားတွေဟာ အဲဒီရက်တွေမှာ တထပ်တည်း ထပ်နေတာပဲ။

ကျောင်းက ကပ္ပိယကြီးလဲ ဦးပညာရဲ့ အမိန့်အရ အကြည့်ဆီက လာသမျှစာတွေကို သိမ်းထားတာ၊ သိတင်းကျွတ်တဲ့အခါ တစ်ပုံကြီး ဖြစ်နေတယ်။ ကိုမြင့်ဆွေလဲ လူဝတ်လဲပြီးတာနဲ့ အကြည့်ဆီကို ဒီလို သံကြိုးရိုက်လိုက်တယ်။ 'ဒီကနေ့ လူထွက်ပြီ၊ မနက်ဖြန် ပြန်လာမယ်၊ ဆရာတော်လဲပါလာမယ်'လို့ သံကြိုးတစ်စောင် ရိုက်လိုက်တယ်။ နောက် တစ်နေ့နံနက် အားလုံး အဆင်သင့်ဖြစ်ပြီး ဆရာတော်ကရှေ့က ကိုမြင့်ဆွေက နောက်က ကျောင်းပေါ်က ကျောင်းအောက်ကို ဆင်းလာကြတယ်။ လှေကားနှစ်ထစ်လောက် အဆင်းမိမှာ ဆရာတော် ခြေချော်ပြီး ကျသွားတယ်။ ခြေထောက်လဲ ခေါက်သွားတယ်။ ခေါင်းနဲ့ လှေကားနဲ့ ရိုက်မိတဲ့ အတွက်လဲ ဆရာတော် သတိမေ့နေတယ်။ အဲဒါနဲ့ အဲဒီနေ့ မပြန်ဖြစ်ဘူး။ ဆရာတော်ကို ကပ္ပာကယာ ဆေးရုံပို့ရတယ်။ ဆရာတော်ရဲ့ ဒဏ်ရာက စိုးရိမ်စရာတော့ မရှိပါဘူး။ တနင်္ဂနွေ တစ်ပတ်လောက်တော့ ဆေးရုံမှာ နေရလိမ့်မယ်လို့ ဆရာဝန်က ပြောတယ်။ ဆရာတော်လဲ ဆေးရုံရောက်ပြီး နှစ်နာရီလောက်ကြာမှ သတိရတယ်။

ကိုမြင့်ဆွေလဲ အကျိုးအကြောင်းဖော်ပြပြီး တနင်္ဂနွေ တစ်ပတ်လောက်ကြာမှ ပြန်လာနိုင်လိမ့်မယ်လို့ အကြည့်ဆီကို သံကြိုးရိုက်လိုက်တယ်။ အကြည်လဲ သံကြိုးရတဲ့အခါ အစ်ကိုကြီးကလဲ ပြန်လာခဲ့ပြီးရော ဘုန်းကြီးက ကလေးမှ မဟုတ်ဘဲ၊ သူ့ဟာသူလဲ လာနိုင်သားပဲလို့ သူ့ဟာ သူ ပြောနေတယ်။ နောက် ခုနစ်ရက်ကြာတဲ့အခါ ဘုန်းကြီးဟာ ခေါင်းအမူး

www.burmeseclassic.com

www.burmeseclassic.com



မပျောက်ချင်သေးဘူး။ နည်းနည်းမှုးနေသေးတယ်။ ဆရာဝန်က နောက်ထပ် ခုနစ်ရက်လောက် ဆေးရုံမှာ ဆက်နေပါဦးလို့ ပြောတယ်။ ဆရာတော် ဒုက္ခ ဖြစ်နေတဲ့အခါ ကိုယ်လွတ်ရုန်းပြီး ပြန်သွားရင် မကောင်းဘူး။ ဆရာတော် ကလဲ ကိုမြင့်ဆွေကို အားကိုးနေတယ်။ ဒါကြောင့် ဆရာတော် ကောင်း ကောင်း နေမကောင်းသေးဘူး။ နောက်တနင်္ဂနွေ တစ်ပတ်လောက် ကြာလိမ့် ဦးမယ်လို့ သံကြိုးတစ်စောင် အကြည့်ဆီကို ထပ်ရိုက်လိုက်ရတယ်။

အဲဒီသံကြိုးကိုရတဲ့အခါ အစ်ကိုကြီးကို အောက်မေ့ပြီး အကြည်ဟာ မျက်ရည်ကျတယ်။ နောက်တနင်္ဂနွေ တစ်ပတ်ကြာတဲ့အခါ ခေါင်းမူး သက်သာသွားပြီး ခြေထောက်နာ ဘယ်လိုလဲလို့ ဆရာဝန်ရှေ့မှာ လျှောက် အပြခိုင်းတဲ့အခါ နှစ်လှမ်းလောက်သာ လျှောက်ရသေးတယ်၊ မျက်ခနဲ ဖြစ်သွားပြီး မလျှောက်နိုင်ပြန်ဘူး။ အဲဒါနဲ့ ဆရာဝန်က တနင်္ဂနွေတစ်ပတ် လောက် နေပါဦးလို့ တားထားပြန်တယ်။ ဒီတစ်ခါတော့ သံကြိုးလဲ ရိုက် လိုက်တယ်။ ကျောင်းက ကပ္ပိယကြီးကိုပဲ အကျိုးအကြောင်း စုံစုံလင်လင် ရေးထားတဲ့ စာတစ်စောင်နဲ့ ဝါးခယ်မကို လွှတ်လိုက်တယ်။

အဲဒီ သံကြိုးကိုရတော့ အကြည်ဟာ စိတ်မရှည်တော့ဘူး။ စက်က စာရေးထွန်းတင်ဆိုတဲ့ သူငယ်ကလေးနဲ့ ထမင်းချက်သမား အေးညိမ်းရဲ့ မိန်းမ လှကြည်တို့ကိုခေါ်ပြီး စစ်ကိုင်းကိုလိုက်လာတယ်။ သူလာမယ့် အကြောင်း သံကြိုးရိုက်လိုက်ရင် မလာနဲ့လို့ သူ့အစ်ကိုကြီးဆီက သံကြိုး ပြန်လာမှာပဲ။ ဒီတော့ ဘယ်လိုမှ အကြောင်းမကြားဘဲ လိုက်မယ်ဆိုပြီး လိုက်သွားကြတယ်။ သူတို့စီးလာတဲ့ မီးရထားဟာ မန္တလေးကို မနက် ခြောက်နာရီရောက်တယ်။ မန္တလေးဘူတာကြီးမှာ အကြည်တို့သုံးယောက် ဟာ တက္ကစီကားတစ်စင်း ငှားပြီး စစ်ကိုင်းဘက်ကို ကူးဖို့ ထွက်လာကြ တယ်။ တက္ကစီကားကလေးဟာ စစ်ကိုင်း မန္တလေး လမ်းမကြီးအတိုင်း ခပ်မှန်မှန် မောင်းလာပြီး အမရပူရမြို့ကို ဖြတ်ကျော်လာတယ်။ တသွင်သွင် စီးနေတဲ့ ဧရာဝတီမြစ်ကြီးကို ဖြတ်ပြီး ဆောက်ထားတဲ့ စစ်ကိုင်းတံတား ကြီးထိပ် ရောက်လာတယ်။ တက္ကစီကားကိုရပ်ပြီး ဒရိုင်ဘာဟာ တံတား



'ဂိတ်' (Gate) စောင့်ကို ဂိတ်ကြေးပေးပါတယ်။ ဝင်ခွင့်ရတာနဲ့ ကား ကလေးဟာ တံတားကြီးရဲ့ ဘယ်ဘက်လမ်းပေါ်မှာ တရိပ်ရိပ်ပြေးနေတယ်။ မကြာခင် စစ်ကိုင်းဘက် တံတားကြီးထိပ်ရောက်တဲ့အခါ ဂိတ်အဖွင့် စောင့်နေပြီး ဂိတ်ဖွင့်တာနဲ့တစ်ပြိုင်နက် တက္ကစီကားကလေးဟာ ထွက် လာတယ်။ စစ်ကိုင်းမြို့တွင်းအဝင် ဘယ်ဘက်ဈေးလမ်းထဲ အချိုးလိုက်မှာ ဈေးလမ်းအတိုင်း အရှိန်ပြင်းစွာ မောင်းလာတဲ့ မုံရွာဘက်ကလာတဲ့ ဘတ်စ်ကားတစ်စီးဟာ အကြည်တို့စီးလာတဲ့ တက္ကစီကားကလေးကို အပြင်း တိုက်ပစ်လိုက်တယ်။ ကားကလေးလဲ လွင့်ပြီး မှောက်သွားတယ်။ မမကြည်ဟာ လက်မောင်းနဲ့ ခေါင်းမှာ ဒဏ်ရာအကြီးအကျယ်ရပြီး သတိမေ့နေတယ်။ လှကြည်ကတော့ ခေါင်းနဲ့ လက်မှာ ဒဏ်ရာရတယ်။ သတိမမေ့ဘူး။ စာရေးထွန်းတင်ကတော့ မျက်နှာနှင့် လက်မှာ ဒဏ်ရာ ရတယ်။ သူလဲ မမေ့ဘူး။ ဒရိုင်ဘာတော့ ပွဲချင်းပြီးသေတယ်။ လူနာတွေကို ချက်ချင်း ဆေးရုံကို ယူသွားရတယ်။

ကိုမြင့်ဆွေလဲ အဲဒီမနက်က ကောင်းမှုတော်စေတီကြီးမှာ အရုဏ် ဆွမ်းသွားကပ်ပြီးအပြန် မိတ်ဆွေတစ်ယောက်အိမ်ကိုအသွား လမ်းမှာ ကားတိုက်ပြီး လူတွေအုံနေတာကို မြင်ရတယ်။ ဒါပေမယ့် အကြည်တို့မှန်း မသိဘူး။ ဒါကြောင့် 'ကားတိုက်ပြန်ပြီဟေ့'လို့ သူ့ဒရိုင်ဘာကို ပြောပြီး မောင်းမြဲ မောင်းသွားတယ်။ စာရေးကလေး ထွန်းတင်ရဲ့ ပြောချက်အရ ပုလိပ်လဲ ကိုမြင့်ဆွေကို အကြောင်းကြားရအောင် ခေမာသီကျောင်းတိုက်ကို လိုက်သွားတယ်။ ကိုမြင့်ဆွေကို မတွေ့တာနဲ့ ထိုင်စောင့်နေကြတယ်။ အကြည်ဟာ သတိပြန်ရမလာတော့ဘဲ ကိုမြင့်ဆွေ ကျောင်းကိုပြန်ရောက်တဲ့ အချိန်လောက်မှာ ဆုံးသွားတယ်။

ကိုမြင့်ဆွေလဲ ပုလိပ်တွေဆီက သတင်းကြားကြားချင်း ဆေးရုံကို လိုက်သွားတယ်။ ဆေးရုံရောက်တဲ့အခါ အကြည်ရဲ့ အလောင်းကိုသာ တွေ့ရတော့တယ်။ ကိုမြင့်ဆွေလဲ သံခုတင်ခြေရင်းတန်းကို ကိုင်ရင်း အကြည်ရဲ့ မျက်နှာကို စိုက်ကြည့်နေတယ်။ မျက်ရည်လည်ချင်းသလိုလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတာနဲ့ မျက်တောင်ခတ်လိုက်တယ်။ ဝဲနေတဲ့မျက်ရည်တွေ ပျောက်သွားတယ်။ တအောင့်လောက်ကြာတဲ့အခါ မျက်ရည်တွေ ဝဲလာပြန်တယ်။ မျက်တောင်ခပ်မြန်မြန် ခတ်ထုတ်လိုက်တဲ့အတွက် ဒုတိယအကြိမ်ဝဲနေတဲ့ မျက်ရည်တွေ ပျောက်သွားကြပြန်တယ်။ တတိယအကြိမ်ဝဲလာတဲ့ မျက်ရည်တွေကို မျက်တောင်ခတ်ထုတ်ပစ်ရင်း မျက်ရည်တန်းတစ်တန်း ကျလာတယ်။ ဒီမျက်ရည်ကို လက်ကိုင်ပဝါနဲ့သုတ်ရင်း နောက်တစ်တန်း ကျလာတယ်။ အဲဒီလို မျက်ရည်တွေကိုသုတ်ရင်း သူ့မေမေသေတုန်းတောင် မျက်ရည်မကျအောင် တရားနဲ့ ဖြေနိုင်ခဲ့တဲ့ ကိုမြင့်ဆွေရဲ့ မျက်လုံးအိမ်တွေထဲက ချစ်ဒုက္ခလို့ခေါ်နိုင်တဲ့ မျက်ရည်တွေဟာ တသွင်သွင်စီးဆင်းပြီး ချစ်ဒုက္ခတွေ ပင်လယ်ဝေနေရှာတယ်။ သူ့နားထဲမှာတော့

၁။ နနယ်ရုပ်ဆင်း ပျိုမျစ်ခြင်းကား၊ အိုခြင်း နောက်ဆုံး ရှိချေ၏။

၂။ ဥစ္စာ ဆင်မြင်း ပေါများခြင်းကား၊ ယိုယွင်း နောက်ဆုံး ရှိချေ၏။

၃။ ဝိညာဉ်ထင်လင်း သက်ရှင်ခြင်းကား၊ သေခြင်း နောက်ဆုံး ရှိချေ၏။

၄။ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား၊ ကွေကွင်း နောက်ဆုံး ရှိချေ၏။

၅။ တက်ကြွားကြွကြွ၊ မြင့်လွန်းကြလည်း၊ လျှောကျ နောက်ဆုံး ရှိချေ၏။

၆။ ခုံမင်ခယ၊ ချစ်လွန်းကြလည်း၊ သောက နောက်ဆုံး ရှိချေ၏။

၇။ ပွဲလည်ပြင်ပ၊ ချီးမွမ်းကြလည်း၊ ရှုတ်ချ နောက်ဆုံး ရှိချေ၏။

၈။ ကြည်သာရွှင်ပျ၊ ချမ်းသာကြလည်း၊ ဒုက္ခ နောက်ဆုံး ရှိချေ၏။

လို့ သူငယ်ငယ်တုန်းက သူ့မေမေ တရားမဟောခင် သူတို့ သားအမိသားအဖ သုံးယောက် ညစဉ် သံပြိုင်ရွတ်ဆိုခဲ့ကြတဲ့ သံဝေဂ လင်္ကာသံကလေးကို တဖြည်းဖြည်း ပြန်ပြီး ကြားယောင်နေပါတော့တယ်။ ။

## စာရေးသူ၏
## ဘဝဖြစ်စဉ် မှတ်တမ်း

၁၉၀၇ ။မေလ ၂၅ ရက်၊ စနေနေ့၊ ၁၂၆၉ ခုနှစ်၊ နယုန်လပြည့်နေ့၊ နံနက် ၈ နာရီ၊ ၃၉ မိနစ်၊ ၁၂ စက္ကန့်တွင် ဝါးခယ်မမြို့၌ အဖဦးစံထွန်း၊ အမိ ဒေါ်စောခင်တို့မှ မွေးဖွားသည်။ မွေးချင်း နှစ်ယောက်တွင် အကြီးဆုံး၊ ညီငယ်အမည်မှာ မောင်ဥ။

၁၉၂၀ ။တက္ကသိုလ်ကျောင်းသားသပိတ်တွင် ဝါးခယ်မမြို့ အစိုးရကျောင်း၌ ပဉ္စမတန်းမှ ပါဝင်။ ၆ တန်း၌ ပညာသင်ကြားနေစဉ် ဝါးခယ်မ အမျိုးသားကျောင်းတွင် ဆရာ အခက်အခဲရှိနေ၍ ဆရာတစ်ဘက်၊ ကျောင်းသားတစ်ဘက် ဆောင်ရွက်ခဲ့။

၁၉၂၅ ။မြို့မ အထက်တန်းကျောင်းမှ ဆယ်တန်းအောင်။ ရန်ကုန်တက္ကသိုလ် ဆက်တက်။

၁၉၂၉ ။ဘီ အေ (ဝိဇ္ဇာ)ဘွဲ့ ရရှိ။

မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံးတည်ထောင်ရာတွင် ကမကထလုပ်၍ ပါဝင်။

ဦးသန့်၏ တိုက်တွန်းချက်အရ ပန်းတနော်မြို့ အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်း။

သုံးခွမြို့ အမျိုးသားကျောင်း၊ ကျောင်းအုပ်အဖြစ် ပြောင်းရွှေ့။

ပန်းတနော်မြို့ အမျိုးသားကျောင်းကော်မတီ ဥက္ကဋ္ဌ အမည်း 'ဒေါ်ဖြင့်'

www.burmeseclassic.com

နှင့် အိမ်ထောင်ကျ။ ပန်းတနော် အမျိုးသားကျောင်းသို့ ပြန်လည်၍ တာဝန်ထမ်း။

၁၉၃၄ ။ဘိ အယ်လ် (ဓါ) ဥပဒေတန်းတက်။
တက္ကသိုလ်သမဂ္ဂ အမှုဆောင်အဖြစ် ရွေးချယ်ခံရ။

၁၉၃၅ ။တက္ကသိုလ်သမဂ္ဂ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရ။
ဘိ အယ်လ် (ဥပဒေ၊ ဝိဇ္ဇာတွဲ) ရရှိ။

၁၉၃၆ ။တက္ကသိုလ်ကျောင်းသားသပိတ်ကို ခေါင်းဆောင်ခဲ့။ ကျွန်ပညာကို အလိုမရှိ ဟူသော သဘောဖြင့် ဘိ အောင်ကို ပြန်အပ်။

၁၉၃၇ ။သတင်းစာဆရာ ဦးဘခိုင်၊ ဒိုးဒုတ်ဦးဘချိုတို့ ဖွဲ့စည်းထားသော 'ဖေဘီယံ' နိုင်ငံရေးပါတီတွင် ဝင်ရောက်ကူညီ။ ဒိုးဒုတ်ဂျာနယ်တွင် ပြဇာတ်များ၊ ဆောင်းပါးများ အပတ်စဉ် မှန်မှန်ရေး၊ နဂါးနီစာအုပ် အသင်းကြီးကို တည်ထောင်။
'တို့ဗမာအစည်းအရုံး'သို့ ဝင်ရောက်၍ 'သခင်နု' ဖြစ်လာခဲ့။

၁၉၃၉ ။တရုတ်ပြည်သို့ချစ်ကြည်ရေးသွားသောအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်။

၁၉၄၁ ။အင်္ဂလိပ်အစိုးရ ဖမ်းဆီး၍ ရုံးတင်စစ်ဆေးပြီး ထောင်ဒဏ်နှစ်နှစ် အပြစ်ပေး။

၁၉၄၃ ။ဩဂုတ်လ ၁ ရက်နေ့တွင် ဒေါက်တာဘမော် အစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်။

၁၉၄၄ ။ပြန်ကြားရေးဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်။

၁၉၄၅ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဖ ဆ ပ လ လူထုညီလာခံမှရွေးချယ်သော ဗဟိုအမှုဆောင် ၁၀ ဦးတွင် ပါဝင်။ ဒုတိယဥက္ကဋ္ဌ ဖြစ်လာခဲ့။

၁၉၄၇ ။ဇွန် ၁၃ ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရ။

ဇွန် ၂၃ ရက်တွင် ဗြိတိန်နိုင်ငံသို့ထွက်ခွာ။ ဇူလိုင် ၁၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိ။
ဇူလိုင် ၁၈ ရက်တွင် ယာယီအစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်ဖြစ်လာ။
ဇူလိုင် ၂၆ ရက်တွင် တိုင်းပြုပြည်ပြု လွှတ်တော်ဥက္ကဋ္ဌရာထူးမှနုတ်ထွက်။
ဩဂုတ် ၂၆ ရက်တွင် 'ဘာသာပြန်စာပေအသင်းကြီး' တည်ထောင်ရန် ဆုံးဖြတ်။
အောက်တိုဘာ ၁၇ ရက်တွင် အင်္ဂလန်ပြည် လန်ဒန်မြို့၌ နန်းရင်းဝန် ရစ်ချတ် အက်တလီနှင့် မြန်မာနိုင်ငံ ယာယီအစိုးရဝန်ကြီးချုပ် သခင်နု (ဦးနု)တို့ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် 'နု အက်တလီ' စာချုပ် သဘောတူလက်မှတ်ရေးထိုး။

၁၉၄၈ ။ဇန်နဝါရီလ ၃ ရက်နေ့ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးမှ မြန်မာနိုင်ငံ၏ ပထမဝန်ကြီးချုပ်အဖြစ် အမည် တင်သွင်းခံရ။
၄ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရ။
ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဂျပ်ဆင် ကောလိပ်ကျောင်းဝင်းတွင်း ယာယီအသင်းတိုက်၌ ဘာသာပြန်စာပေအသင်းကိုဖွင့်လှစ်၊ ၎င်းမှ တစ်ဖန် အမှတ် ၃၆၁ ပြည်လမ်းပေါ်ရှိ 'ဆိုရန်တိုဗီလာ' အဆောက် အဦသို့ ပြောင်းရွှေ့ပြီးနောက် 'စာပေဗိမာန်'ဟု အမည်ပြောင်း။

၁၉၅၁ ။ဘာသာပြန်စာပေအသင်း အုပ်ချုပ်မှုကောင်စီဖွဲ့စည်း၊ ဥက္ကဋ္ဌ တာဝန်ယူ။

၁၉၅၃ ။ဇန်နဝါရီလ ၁၅ ရက်၊ ၁၃၁၄ တပို့တွဲလဆန်း တစ်ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော် အနီးတွင် လိုဏ်ဂူတော်ကြီးကို ပန္နက်ရိုက် အုတ်မြစ်ချ။

၁၉၅၄ ။မေလ ၁၇ ရက်၊ ၁၃၁၆ ကဆုန်လပြည့်နေ့တွင် ဆဋ္ဌသင်္ဂါယနာတင် ပွဲတော်ကို ရန်ကုန်မြို့ ရေကျော်ရပ် သိရိမင်္ဂလာကုန်းမြေရှိ လိုဏ်ဂူတော် ကြီးတွင် ကျင်းပ။

www.burmeseclassic.com

www.burmeseclassic.com

၁၉၅၆ ။ဇွန်လ ၁၂ ရက်တွင် ဝန်ကြီးချုပ်ရာထူးမှ ခဏနုတ်ထွက်။
ရန်ကုန်အရှေ့ပိုင်းခရိုင် ပါလီမန်အမတ်အဖြစ် ရွေးချယ်ခံရ။

၁၉၅၇ ။ကမ္ဘာတစ်ပတ် (ဒေါ်မြရီ၊ ဦးသန့်၊ ဗိုလ်မှူးလွင်၊ ဗိုလ်ကြီးပြည်

၁၉၅၈ ။ဇွန်လ ၉ ရက်နေ့ သန့်ရှင်း ဖ ဆ ပ လအဖွဲ့ကို တည်ထောင်
အောက်တိုဘာ ၂၈ ရက်နေ့တွင် အိမ်စောင့်အစိုးရသို့အာဏာလွှဲပြောင်း

၁၉၆၀ ။ရန်ကုန် အရှေ့ပိုင်းခရိုင် ပါလီမန်အမတ်အဖြစ် ထပ်မံရွေးချယ်ခံရ
မတ်လ ၁၈ ရက်တွင် သန့်ရှင်း ဖ ဆ ပ လ အဖွဲ့မှ ပြည်ထောင်စုပါတီ
အဖြစ် အမည်ပြောင်း၊ ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ယူ။
ဧပြီလ ၄ ရက်တွင် ကာကွယ်ရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီး
ပြည်ထဲရေးဝန်ကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး
ဝန်ကြီး တာဝန်များ စတင်ထမ်းဆောင်။
အောက်တိုဘာ ၁ ရက်တွင် တရုတ် မြန်မာ နယ်စပ်ကိစ္စ လက်မှတ်
ရေးထိုး။

၁၉၆၁ ။မတ် ၁၄ ရက်တွင် ပါတီဥက္ကဋ္ဌရာထူးမှ နုတ်ထွက်။

၁၉၉၅ ။ဖေဖော်ဝါရီလ ၁၄ ရက်တွင် ကွယ်လွန်ခဲ့သည်။

BURMESE CLASSIC .com

## စာရေးသူ
## ရေးသားထုတ်ဝေခဲ့သည့် စာအုပ်များ

၁၉၂၅ ။'အချစ်လော၊ အမုန်းလော' ပြဇာတ်ကို ရွှေဝံ မဂ္ဂဇင်းတွင် ပုံနှိပ်
ဖော်ပြခွင့်ရ။

၁၉၃၆ ။တက္ကသိုလ်ကျောင်းသားသပိတ်ကြီး ပြီးသည့်အခါ 'သပိတ်မှောက်
ကျောင်းသား' အမည်ဖြင့် ဇာတ်ညွှန်းရေး၍ ဗြိတိသျှဘားမား
ရုပ်ရှင်ကုမ္ပဏီမှ ရုပ်ရှင်ရိုက်။

၁၉၃၇ ။ပြဇာတ်တိုများထဲမှ ကောင်းနိုးရာရာများကို ရွေးချယ်၍ 'ခေတ်မီ
ပြဇာတ်တိုများ' အမည်ပေး၍ နဂါးနီ စာအုပ်အသင်းမှ ထုတ်ဝေ။

၁၉၃၈ ။ဗမာ့သတ္တိ။
။လူပေါ်လူဇော်လုပ်နည်း ပထမတွဲ။
။လူပေါ်လူဇော်လုပ်နည်း ဒုတိယတွဲ။
(နောင်အခါ ထိုစာအုပ်ကို 'မိတ္တဗလဋီကာ' အမည်သစ်သို့ပြောင်း၍
ကျောင်းသုံးစာအုပ်အဖြစ် အစိုးရ ပညာရေးဌာနမှ ကျောင်းများတွင်
သင်ကြားရန် ပြဋ္ဌာန်း)

၁၉၃၉ ။တရုတ်ပြည်သွားအဖြစ်အပျက်များကို 'ဂန္ဓာလရာဇ်' အမည်ဖြင့်
စာအုပ်ရေး၍ နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေ။

၁၉၄၀ ။နိုင်ငံရေးအဘိဓာန် (သခင်လှဖေနှင့် တွဲဖက်၍ရေး)

၁၉၄၁ ။ထောင်ထဲမှာရှိနေစဉ် အင်္ဂလိပ်ပြဇာတ် ၁၅ ပုဒ်ကို ဆီလျော်အောင်
ဘာသာပြန်ခဲ့ရာ ၎င်းတို့ထဲမှ 'နွားသိုးကြိုးပြတ်' နှင့် 'ပုံပုစနော

www.burmeseclassic.com

www.burmeseclassic.com

'ဥမ္မာဒန္တီ' ပြဇာတ် နှစ်ပုဒ်ကိုဂျပန်တို့ မြန်မာပြည်အုပ်စိုးနေချိန်က ထုတ်ဝေ။

။အင်းစိန်ထောင်တွင်ရှိနေစဉ် 'ရက်စက်ပါပေ့ကွယ်'ကို ရေးခဲ့သည့်ပြင် ။'ဦးသောင်းဒန်' ဝတ္ထုကိုလည်း ရေးခဲ့။

၁၉၄၃ ။ပုထုဇနော ဥမ္မတကော

၁၉၄၅ ။အာဏာနည်ဆိုတာ ဘာလဲ ပထမအကြိမ်။

။မာစ်ဆဲ့ဗ်ဆိုတာ ဘာလဲ (ဗမာတွေ ဘာလုပ်ရမလဲ)

။ငါးနှစ်ရာသီ ဗမာပြည် ပထမအကြိမ်။

။ငါးနှစ်ရာသီ ဗမာပြည် ဒုတိယအကြိမ်။(မြန်မာနိုင်ငံအစိုးရ အမျိုးသား စီမံကိန်းဌာန အတိုင်ပင်ခံအရာရှိကြီး မစ္စတာဂျေ အက်(ဖ်) ဟာနိဗဲလ်မှ အင်္ဂလိပ်ဘာသာသို့ပြန်)

။Towards Peace & Democracy

၁၉၄၉ ။မိတ္တဗလင်္ဂါ တတိယအကြိမ်။

။အာဏာနည် ဒုတိယအကြိမ်။

။လူမွဲတို့၏ ထွက်ရပ်လမ်း။

၁၉၅၀ ။မိတ္တဗလင်္ဂါ စတုတ္ထအကြိမ်။

၁၉၅၁ ။From Peace to Stability

၁၉၅၂ ။ဓာရိတ္တမဏ္ဍိုင်။

။The People win through

။လူထုအောင်သံ ပြဇာတ် (မြန်မာနိုင်ငံရှိ စာသင်ကျောင်းများ၌ သင်ကြားရန် ပညာရေးဌာနမှပြဋ္ဌာန်း၊ အမေရိကန်ရုပ်ရှင်ကုမ္ပဏီ တစ်ခုနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံ ဒီမိုကရေစီ ပညာပြန့်ပွားရေးအသင်းမှ ကြီးမှူး၍ ရုပ်ရှင်ရိုက်။ အမေရိကန်တွင် ပြဇာတ်အဖြစ် စင်တင်)

၁၉၅၃ ။ကမ္ဘာကျော် ရှိတ်စပီးယားပြဇာတ်များ။

။အာဏာနည် တတိယအကြိမ်။

။မိတ္တဗလင်္ဂါ ပဥ္စမအကြိမ်။

။နိုင်ငံတော်ပန်းတိုင်။

။Burma looks Head

၁၉၅၄ ။မိတ္တဗလင်္ဂါ ဆဋ္ဌမအကြိမ်။

။အာဏာနည် စတုတ္ထအကြိမ်။

။Burma under the Japan : Picture and Portraits

၁၉၅၅ ။အသားထဲကလောက်ထွက် ပြဇာတ်။

။ပြည်ထောင်စုပန်းတိုင် ပထမတွဲ။

။ပြည်ထောင်စုပန်းတိုင် ဒုတိယတွဲ။

။မိတ္တဗလင်္ဂါ သတ္တမအကြိမ်။

။မိတ္တဗလင်္ဂါ အဋ္ဌမအကြိမ်။

။ပြည်တော်သာ ပန်းတိုင်။

။Forward with the People

၁၉၅၆ ။မိတ္တဗလင်္ဂါ နဝမအကြိမ်။

၁၉၅၇ ။အာဏာနည် ပဥ္စမအကြိမ်။

။ပြည်တော်သာ ပန်းတိုင် ဒုတိယအကြိမ်။

၁၉၅၈ ။မဂ္ဂအကြောင်း။

။ငါးပါးသီလအကြောင်း။

။ငါးပါးသီလ၊ မြတ်စွာဘုရား၊ သံဃာတော်၊ မဂ္ဂအကြောင်း၊

။ဗုဒ္ဓသာသနာ့အရေးတော်ပုံ။

၁၉၅၉ ။ဖိနှိပ်မှု တိုက်ပွဲအဆင့်ဆင့် ပ ကြိမ်။

။ဖိနှိပ်မှု တိုက်ပွဲအဆင့်ဆင့် ဒု ကြိမ်။

။ဒီမိုကရေစီကာကွယ်ကြ (မြန်မာ အင်္ဂလိပ် နှစ်ဘာသာ)

။ရှေ့တန်းခေါင်းဆောင် ဖြစ်လိုသော်။

။We Must Defend Democracy

၁၉၆၀ ။ငါးပါးသီလ၊ မြတ်စွာဘုရား၊ သံဃာတော်၊ မဂ္ဂအကြောင်း၊ ဗုဒ္ဓ

။သာသနာ အရေးတော်ပုံ ဒုတိယအကြိမ်။

။သကအလ ပြဇာတ်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ။Wages of Sin
၁၉၆၂ ။အိန္ဒိယပြည်၌ ဟောပြောသော ဗုဒ္ဓတရားတော်များ။
၁၉၆၃ ။ပုထုဇနော ဉမ္မတကော ဒုတိယအကြိမ်။
၁၉၆၇ ။ကာမတဏှာ ဝတ္ထုကြီး ပထမအုပ် ပထမအကြိမ်။
။ကာမတဏှာ ဝတ္ထုကြီး ဒုတိယအုပ် ပထမအကြိမ်။
၁၉၆၈ ။ကာမတဏှာ ဝတ္ထုကြီး ပထမအုပ် ဒုတိယအကြိမ်။
။ကာမတဏှာ ဝတ္ထုကြီး ဒုတိယအုပ် ဒုတိယအကြိမ်။
။ရက်စက်ပါပေ့ကွယ် ဒုတိယအကြိမ်။
။ရုပ်ရုံအခြေခံသမိုင်း၊ အတွဲ ၁။
။(ကမ္ဘာ့နှင့် သတ္တဝါအစ၊ ယဉ်ကျေးမှုအစ)
၁၉၈၂ ။ကာမတဏှာ ဝတ္ထုကြီး ၂ အုပ်တွဲ ပထမအကြိမ်။
၁၉၈၃ ။ညောင်ကန်အေး ဝိပဿနာတရားတော်။
။ငရဲဆိုတာ ချိုနဲ့လားဗျို့ ပထမအကြိမ်။
။ရက်စက်ပါပေ့ကွယ် တတိယအကြိမ်။ (ပြန်ကြားရေးဝန်ဟောင်း ဦးခင်ဇော်မှ အင်္ဂလိပ်ဘာသာဖြင့် ဂါးဒီးယန်းသတင်းစာတွင် ရေးသားသည်ကို အစ္စရေးသံအမတ်က ဖတ်ရ၍ အစ္စရေးနိုင်ငံတွင် ဘာသာပြန်၍ ပုံနှိပ်ထုတ်ဝေခဲ့)
။ဗုဒ္ဓဘာသာ တရားတော် (မြန်မာ အင်္ဂလိပ် နှစ်ဘာသာ)
၁၉၈၄ ။ကျေးဇူးရှင်။
။ဓမ္မစကြာ တရားတော်။
၁၉၈၅ ။အနတ္တလက္ခဏသုတ် တရားတော်။
၁၉၈၆ ။ငရဲဆိုတာ ချိုနဲ့လားဗျို့ ဒုတိယအကြိမ်။
၁၉၈၈ ။တိရစ္ဆာနသင်္ခေယျ မင်္ဂလာဂါထာတော်များ။
၁၉၉၆ ။မိတ္တဗလဋီကာ ဒသမအကြိမ်။
၁၉၉၇ ။အာဇာနည် ဆဋ္ဌမအကြိမ်

## ကာမတဏှာ ဝတ္ထုကြီးကို စီစဉ်ရေးသားရာတွင် မှီငြမ်းပြုသော ကျမ်းစာအုပ်များ

၁။ မြန်မာနိုင်ငံတော်၊ ဗုဒ္ဓသာသနာ့အဖွဲ့ချုပ်မှ ပုံနှိပ်ထုတ်ဝေသော ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော် မြန်မာပြန်များ၊

၂။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော
(က) ဗောဓိပက္ခိယဒီပနီ
(ခ) အာဟာရဒီပနီ
(ဂ) မဂ္ဂင်ဒီပနီ
(ဃ) ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် ဘာသာပြန်များ၊

၃။ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသမထေရ် ရေးသားစီရင်တော်မူသော
(က) ရတနာ့ဂုဏ်ရည်
(ခ) အနာဂတ်သာသနာ
(ဂ) ကိုယ်ကျင့်အဘိဓမ္မာ

၄။ ကျေးဇူးရှင် မဟာစည်ဆရာတော် အရှင်သောဘနမထေရ် ရေးသားစီရင်တော်မူသော
(က) ဝိပဿနာရှုနည်းကျမ်း
(ခ) ဝိသုဒ္ဓိမဂ်မြန်မာပြန် (ဝိပဿနာပိုင်း)
(ဂ) ဝိပဿနာအခြေခံတရားတော်

www.burmeseclassic.com

www.burmeseclassic.com

၅။ ကျေးရွားရှင် အဂ္ဂမဟာပဏ္ဍိတ မဟာအောင်မြေဘုံစံ ဆရာတော် အရှင်စန္ဒိမာ ရေးသားစီရင်သော
**ဓမ္မပဒဝတ္ထုတော်ကြီး ၅ တွဲ**

၆။ ကျေးရွားရှင် အဂ္ဂမဟာပဏ္ဍိတ ညောင်လေးပင်တောရဆရာတော် မြန်မာပြန်ဆိုထားသော
**ဓမ္မပဒဝတ္ထုတော်ကြီး**

၇။ ကျေးရွားရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ မထေရ် ဦးစီးရေးသားအပ်သော
**မဟာဗုဒ္ဓဝင်ကျမ်းကြီး**

၈။ ကျိုက်ထိုမြို့ ဘုရားသုံးဆူဆရာတော် အရှင်နန္ဒမာလာ မြန်မာပြန်ဆိုသော
**ဝိသုဒ္ဓိမဂ် အဋ္ဌကထာ**

၉။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေးသားစီရင်သော
**ထေရီဘာသာပြန် ၅ တွဲ**

၁၀။ မဟာပညာဗလ ပါဠိ ပါမောက္ခဆရာညက် ရေးသားစီရင်သော
**မေတ္တသုတ် အဖွင့်ကျမ်း**

၁၁။ ဓမ္မာစရိယ ဦးတင်မြင့် ရေးသားစီရင်သော
**ပရိတ်ကြီးပါဠိ မြန်မာပြန်**

၁၂။ ဓမ္မာစရိယ ဦးစိုးဝင်း ရေးသားစီရင်သော
**ပရိတ်ကြီး မြန်မာပြန်ကျမ်း**

BURMESE CLASSIC .com

**စာပေလောကတိုက်တွင်**

**လက်တလောရရှိနိုင်သည့် စာအုပ်များ**

| | | | |
|---|---|---|---|
| ၁။ | အရစ္စတိုတယ် | ပါရဂူ | ၁၅၀ |
| ၂။ | ညီတော်အာနန္ဒာသုတ္တန်တရားတော် | ဝဏ္ဏသီရိ | ၃၀၀ |
| ၃။ | ညီတော်အာနန္ဒာတစ်သက်တာမှတ်တမ်း ပ | ဝဏ္ဏသီရိ | ၇၀၀ |
| ၄။ | ညီတော်အာနန္ဒာတစ်သက်တာမှတ်တမ်း ဒု | ဝဏ္ဏသီရိ | ၇၀၀ |
| ၅။ | မြတ်ပဋ္ဌာန်းဒေသနာတော်နိဒါန်း | ဒေါက်တာမင်းလှအောင်ကြီး | ၃၀၀ |
| ၆။ | ဗုဒ္ဓဘာသာဝင်လက်စွဲ | အရှင်သေန္ဒိလ | ၁၀၀ |
| ၇။ | ဓမ္မပဒ | အရှင်သေန္ဒိလ | ၈၀ |
| ၈။ | တိုးတက်ခြင်းဆုတ်ယုတ်ခြင်း | ချစ်ဦးညို | ၈၀ |
| ၉။ | သောကကင်းဝေးနေနိုင်ရေး | တက်တိုး | ၅၅၀ |
| ၁၀။ | လက်ရွေးစင်ပုံပြင်များ | တက်တိုး | ၂၀၀ |
| ၁၁။ | ဂီတဥလိ | မြင့်စိုးလှိုင် | ၁၀၀ |
| ၁၂။ | ချစ်သူကဗျာစု (၂) | မောင်မောက် | ၈၀ |
| ၁၃။ | ပန်းပွင့်ကောင်းကင်(အချစ်ကဗျာ၅၀) | မောင်မောက်စုစည်း | ၁၀၀ |

www.burmeseclassic.com